# ကြည်ကြည်မာ




# ဟယ်ရီပေါ်တာ

# နှင့်

# အက်ဇခါဘန်အကျဉ်းသား

## ၁။ ဇီးကွက်နဲ့ စာပို့ခြင်း

အကြောင်းကြောင်းအရ ပြောရရင် ဟယ်ရီပေါ်တာဟာ သာမန်ကောင်လေးတစ်ယောက် မဟုတ်ဘူး။ ဥပမာ– သူဟာ တစ်နှစ်အတွင်း နွေကျောင်းပိတ်ရက်ကို သိပ်မုန်းတာ။ နောက်ထပ် ဥပမာပြရရင်–သူဟာ မိမိအိမ်စာကို တကယ်လုပ်ချင်ပါတယ်။ ဒါပေမဲ့ သူဟာမတတ်သာဘဲ သန်းခေါင်ယံအချိန်ကျမှ တိတ်တိတ်ကလေး လုပ်ရတယ်။ ပြီးတော့ သူဟာ မှော်ဆရာတစ်ယောက် ဖြစ်နေလို့ပဲ။

အခု ညသန်းခေါင်ရောက်တော့မယ်။ သူဟာ ကုတင်ပေါ်ဝမ်းလျားမှောက်လျက် စောင်ကို ခေါင်းပေါ် ရွက်ထည်တဲလို လွှမ်းခြုံထားတယ်။ သူဟာ လက်တစ်ဖက်က လက်နှိပ်ဓာတ်မီးကိုကိုင်ပြီး ခေါင်းအုံးကို မှီကာ သားရေအဖုံးနဲ့ စာအုပ်တစ်အုပ်ကို ဖွင့်လိုက်တယ်–ဘာသီတာ–ဘဂ်ရှော့ရေးသားတဲ့ "မှော်သမိုင်း"။ ဟယ်ရီဟာ မျက်မှောင်ကြုတ်ပြီး စာမျက်နှာပေါ်မှာ ငှက်မွေးကလောင်ကို အထက်ကနေ အောက်သို့ ရွေ့လျားနေတယ်။ မိမိ စာတမ်းပြုစုရာမှာ အထောက်အကူရမယ့် အချက်အလက်ကို ရှာဖွေနေတယ်။ စာတမ်းခေါင်းစဉ်ကတော့ "ဆယ့်လေးရာစုနှစ်တွင် မှော်ဆရာမများကို မီးရှို့သတ်တဲ့ လုပ်ရပ်ဟာ လုံးဝ အဓိပ္ပာယ် ကင်းမဲ့တယ်–ဆွေးနွေးရန်စာမူ"

ငှက်မွေးကလောင်ဟာ အသုံးကျသလိုရှိတဲ့ စာပိုဒ်အစမှာ ရပ်သွားတယ်။ ဟယ်ရီဟာ နှာတံပေါ်က မျက်မှန်ဝိုင်းဝိုင်းကို အပေါ်သို့ တွန်းလိုက်တယ်။ လက်နှိပ်ဓာတ်မီး မီးရောင်ကို အဲဒီစာအုပ်နဲ့ ပိုနီးအောင် ကပ်လိုက်တယ်။ သူက ဖတ်တယ်။

အလယ်ရာစုနှစ်တုန်းက မှော်လောက,က မဟုတ်တဲ့ လူများ (ပိုပြီး အများခေါ်လေ့ရှိတာက မတ်ဂေါ်–တဲ့) ဟာ မှော်ပညာကို အထူးကြောက်ရွံ့ကြတယ်။ ဒါပေမဲ့ ၎င်းတို့ဟာ မှော်ပညာကို ကောင်းကောင်းသိမြင် နားလည်ခြင်း မရှိပါ။ သူတို့ဟာ ရံဖန်ရံခါ မှော်ဆရာ (သို့မဟုတ်) မှော်ဆရာမကို ဖမ်းမိတယ်။ ဒါပေမယ့် ဒီလို အခါမျိုးမှာ မီးတင်ရှို့ခြင်းဟာ မီးရှို့ခံရတဲ့အခါမှာ မီးကို ခဲစေတဲ့ အခြေခံမှော်ပညာကို သုံးကြတယ်။ သူတို့ဟာ မီးတောက်မှ ဖြစ်ပေါ်လာတဲ့ နွေးထွေးတဲ့ ယားကျိကျိအရသာကို ခံစားရင်း နာကျင်ယောင်ဆောင်ကာ စူးရှစွာ အော်ဟစ်ကြတယ်။ ဗေဒင်ဆရာ ဝင်းဒရင်းဟာ မီးရှို့ခံရမှုကို အထူးကြိုက်နှစ်သက်တယ်။ သူဟာ ရုပ်အမျိုးမျိုးဖျက်ပြီး အဖမ်းခံရအောင် လုပ်တယ်။ အကြိမ်ပေါင်း ၄၇–ကြိမ်တောင် ရှိတယ်။

ဟယ်ရီဟာ ကလောင်ကို သွားကြားထဲကိုက်ထားပြီး ခေါင်းအုံးအောက်လက်နှိုက်ကာ မင်အိုးနဲ့ သိုးရေစက္ကူတစ်လိပ်ကို ယူလိုက်တယ်။ သူဟာ မင်အိုးကို ဖြည်းဖြည်းချင်း သတိကြီးစွာ ဖွင့်လိုက်တယ်။ ငှက်မွေးကလောင်ကို မင်အိုးထဲ ဆွတ်လိုက်တယ်။ ဒီနောက် စတင်ရေးသားတယ်။ မကြာခဏလည်း ရပ်ရပ်ပြီး နားစွင့်နားထောင်တယ်။ တကယ်လို့များ ဒါစလီတို့ အိမ်သားတစ်ယောက်ယောက် ကိုယ်လက်သန့်စင်ခန်းကို သွားစဉ် သူ ငှက်မွေးကလောင်နဲ့ စာရေးတဲ့အသံ ကြားရင် ဒီတစ်နွေလုံး သူ့ကို လှေခါးအောက်က ပန်းကန်ဗီရိုခန်းထဲ ပိတ်ထားခံရနိုင်တယ်။

အမှတ် ၄–ရေဖယောင်းပင်လမ်းမှာနေတဲ့ ဒါစလီအိမ်သားတွေဟာ ဟယ်ရီနွေရာသီကျောင်းပိတ်ရက်မှာ ကောင်းကောင်းမနေရတဲ့ လက်သည်ပါပဲ။ ဦးလေးဗာနွံ၊ အဒေါ် ဖီချူနီယာနဲ့ ၎င်းတို့ရဲ့ သား ဒါလီဟာ ဟယ်ရီအဖို့ ဒီကမ္ဘာပေါ်ရှိ ဆွေမျိုးအားလုံးပဲ ဖြစ်တယ်။ သူတို့အားလုံး မတ်ဂေါ်တွေချည်းပဲ။ ဆိုလိုတာက မှော်ပညာအကြောင်း လုံးဝနားမလည်တဲ့ လူရိုးရိုးတွေ။ မှော်ပညာအပေါ် သူတို့ရဲ့အမြင်ဟာ အလယ်ခေတ်စုနှစ်မှာတွင် ကျန်ရစ်နေတုန်းပဲ။ ဟယ်ရီရဲ့ မိဘနှစ်ပါး ဆုံးပါးသွားပြီ။ ၎င်းတို့ဟာ မှော်ဆရာနဲ့ မှော်ဆရာမတို့ ဖြစ်တယ်။ ၎င်းတို့ရဲ့ နာမည်ကို ဒါစလီမိသားစုက လုံးဝထည့်မပြောဘူး။ ဒီနှစ်များအတွင်း အဒေါ်ဖီချူနီယာနဲ့ ဦးလေး ဗာနွံတို့ဟာ ဟယ်ရီကို အတတ်နိုင်ဆုံး နင်းချေဖျက်ဆီးလိုက်ရင် ဟယ်ရီ့ကိုယ်ပေါ်က မှော်ပညာကို ညှစ်ထုတ်ပစ်နိုင်မယ်လို့ ထင်ကြတယ်။ သူတို့ အလွန့်အလွန် ဒေါသဖြစ်ရတာကတော့ သူတို့ ဘယ်တုန်းကမှ မအောင်မြင်တာပဲ။ အခု သူတို့နေ့စဉ် စိုးရိမ်ထိတ်လန့်နေရတယ်။ ဒီနှစ်နှစ်အတွင်း ဟယ်ရီဟာ မှော်ဆရာများကို ပြုစုပျိုးထောင်ပေးတဲ့ ဟော့ဂ်ဝပ်ကျောင်းမှာ ပညာသင်နေတယ်ဆိုတာ လူသိမှာစိုးနေတယ်။ ခုတလော ဒါစလီ မိသားစု လုပ်လေ့လုပ်ထ ရှိတာကတော့ နွေရာသီ ကျောင်းပိတ်ရက်စတာနဲ့ ဟယ်ရီရဲ့ ဂါထာစာအုပ်၊ မှော်ကြိမ်လုံး၊ ဆေးကျိုအိုးနဲ့ မိုးပျံတံမြက်စည်းကို သော့ခတ်ထားတယ်။ ဒ့ပြင် အိမ်နီးနားချင်းတွေနဲ့ စကားပြောခွင့် မပေးဘူး။

ဟယ်ရီအဖို့မှာ ဂါထာစာအုပ်မရှိတာ အလွန်အဆင်မပြေဘူး။ အကြောင်းက ဟော့ဂ်ဝပ်ကျောင်းက ဆရာတွေဟာ သူ့ကို အိမ်စာတွေအများကြီး ပေးထားလို့ပဲ။ စာတမ်းတစ်ခုဟာ ကိုယ်ကျုံ့ဆေးအကြောင်း ဖြစ်တယ်။ သိပ်ကို စိတ်ရှုပ်စရာပဲ။ အဲဒါ ဟယ်ရီ မနှစ်သက်ဆုံး ဆရာဖြစ်တဲ့ ပါမောက္ခစနိတ်ပ်ကို ပေးအပ်ရမှာ။ စနိတ်ပ်ကလည်း အကြောင်းရှာပြီး သူ့ကို ကျောင်းမှာ တစ်လပိတ်ထားချင်တာ။ ဒါကြောင့် ဟယ်ရီဟာ နွေကျောင်းပိတ်ရက်ရဲ့ ပထမအပတ်မှာပဲ အခွင့်အရေးတစ်ခုကို အရယူလိုက်တယ်။ ဦးလေးဗာနွံ၊ အဒေါ်ဖီချူနီယာနဲ့ ဒါလီတို့ အိမ်ရှေ့ပန်းခြံထဲ ဆင်းပြီး ဦးလေး ဗာနွံတို့ ကုမ္ပဏီက လုပ်သားတွေအတွက် ဝယ်ပေးတဲ့ ကားသစ်ကို သွားကြည့်ရှုကျေနပ်နေစဉ် (သူတို့ စကား အကျယ်ကြီး ပြောကြတယ်။ အိမ်နီးနားချင်းတွေ အဲဒီ ကားသစ်ကို သတိပြုမိအောင်လို့)။ ဟယ်ရီက အောက်ထပ်ကို အသာလေးဆင်းပြီး လှေခါးအောက်က ပန်းကန် ဗီရိုသော့ကို ဖွင့်၊ သူ့ စာအုပ်တစ်ချို့ကို ဇွတ်ခနဲ ဆွဲယူပြီး မိမိအိပ်ခန်းထဲ ဝှက်ထားလိုက်တယ်။ စောင်ပေါ်မှာ မင်ရည်အစအန မရှိရင် ဒါစလီတို့ဟာ သူ ညအချိန်မှာ မှော်ပညာ လေ့လာတာ သိမှာမဟုတ်ဘူး။

အခု ဟယ်ရီဟာ သူ့အဒေါ်တို့ ဦးလေးတို့နဲ့ ပဋိပက္ခ မဖြစ်အောင်နေတယ်။ သူတို့ဟာ သူ့ကို မကျေနပ်ဖြစ်နေတယ်။ အကြောင်းက နွေကျောင်းပိတ်ရက် စစချင်း ပထမရက်သတ္တပတ်မှာပဲ မှော်ကျောင်းက သူငယ်ချင်းတစ်ယောက်ဆီက ဖုန်းရလို့ပဲ။

ရွန်–ဝယ်စလီဟာ ဟယ်ရီရဲ့ ဟောဂ်ဝပ်ကျောင်းနေဘက် ချစ်သူငယ်ချင်း။ သူ့ တစ်အိမ်သားလုံး မှော်ဆရာတွေချည်းပဲ။ ဟယ်ရီ နားမလည်တဲ့ အရာအများကြီးကို သူက နားလည်တယ်။ ဒါပေမယ့် တယ်လီဖုန်းတော့ တစ်ခါမှ မသုံးဖူးဘူး။ ကံဆိုးပုံက အဲဒီနေ့က ဖုန်းကိုင်သူဟာ ဦးလေး ဗာနွံ–ဒါစလီ ဖြစ်နေတယ်။

"ဗာနွံ–ဒါစလီပါ"

ဒီအချိန်မှာ ဟယ်ရီလည်း အိမ်ခန်းထဲမှာ ရှိနေတယ်၊ ရွန့်စကားပြောသံ ကြားရတော့ သူငိုင်သွားတယ်။

"ဟဲလို– ဟဲလို ကျွန်တော်ပြောတာ ကြားရပါသလား၊ ကျွန်တော် – ကျွန်တော် – ဟယ်ရီ–ပေါ်တာနဲ့ ပြောချင်ပါတယ်"

ရွန်က တအားအော်နေတယ်။ ဦးလေး ဗာနွံ လန့်တောင်သွားတယ်။ ဖုန်းခွက်ကို သူ့နားနဲ့ တစ်ပေလောက် ဝေးဝေးခွာကိုင်ပြီး စိုက်ကြည့်နေတယ်။ ဒေါသလည်းထွက်၊ ထိတ်လည်း ထိတ်လန့်တဲ့ အမူအရာနဲ့။

"မင်းက ဘယ်သူလဲ" သူဟာ ဖုန်းခွက်ဆီ လှမ်းအော်ပြောတယ်။

"မင်း ဘယ်သူလဲ"

"ရွန်–ဝယ်စလီ"

ရွန်က ပြန်အော်ပြောတယ်။ ကန်ဘောကွင်း တစ်ဖက်မှာရှိတဲ့ ဦးလေး ဗာနွံကို အော်ပြောနေသလိုပဲ။

"ကျွန်တော်က–ဟယ်ရီရဲ့–ကျောင်းနေဘက် – သူငယ်ချင်း –"

ဦးလေးဗာနွံရဲ့ မျက်စိလေးဟာ ဟယ်ရီဘက်လှည့်လာတယ်။ ဟယ်ရီကတော့ နေရာမှာ အမြစ်တွယ်နေသလို ရပ်နေတယ်။

"ဒီမှာ ဘာ ဟယ်ရီ–ပေါ်တာမှ မရှိဘူး" သူက အော်ဟောက်တယ်။ အခု သူ့လက်ထဲက စကားပြောခွက်ဟာ လက်တစ်ကမ်းလောက် ဝေးသွားပြီး စကားပြောခွက် ထပေါက်ကွဲမှာ စိုးရိမ်နေသလိုပဲ။

"မင်းပြောတာ ဘာကျောင်းမှန်း ငါမသိဘူး။ နောက်ထပ် ငါ့ဆီ ဖုန်းမဆက်နဲ့တော့။ မင်း ငါ့အိမ် လာရဲလာကြည့်စမ်း"

ဒီလိုနဲ့ သူဟာ စကားပြောခွက်ကို တယ်လီဖုန်းခုံပေါ် ပြန်ပစ်ချ လိုက်တယ်။ အဆိပ်ရှိတဲ့ ပင့်ကူတစ်ကောင်ကို ပစ်ချလိုက်သလိုပဲ။

ဒီနောက် တဆက်တည်း ဆူပူမှုကတော့ မကြုံဖူးအောင်ပဲ။

"မင်းက ဖုန်းနံပတ်ကို ဒါမျိုး – မင်းလို လူမျိုးကို ပေးတယ်ပေါ့လေ" ဦးလေးဗာနွံက အော်ဟောက်တယ်။ တံတွေးတွေ ဟယ်ရီ့ခေါင်းပေါ်၊ မျက်နှာပေါ် စင်ကျကုန်တယ်။

ရွန်ဟာ သူ ဟယ်ရီကို ဒုက္ခပေးမိပြီဆိုတာ သိလို့နဲ့တူတယ်။ နောက်ထပ် ဖုန်းမဆက်တော့ဘူး။ တခြား ဟောဂ်ဝပ် ကျောင်းနေဘက် ချစ်သူငယ်ချင်း တစ်ယောက်ဖြစ်တဲ့ ဟာမီး–ဂရန်ဂျာ ဟာလည်း ဟယ်ရီနဲ့ မဆက်သွယ်ဘူး။ ရွန်က ဟာမီးကို ဖုန်းမဆက်ဖို့ သတိပေးများ ထားသလားလို့ ဟယ်ရီက တွေးတယ်။ ရွန် ဒီလို လုပ်စရာတော့ မလိုပါဘူး။ အကြောင်းက ဟာမီးဟာ ဟယ်ရီတို့ အတန်းထဲက ဉာဏ်ပညာအရှိဆုံး မှော်ဆရာမ ဖြစ်လို့ပဲ။ သူမရဲ့ မိဘတွေဟာ မတ်ဂေါ်တွေချည်းပဲ။ သူမ ဖုန်းကောင်းကောင်း ဆက်တတ်တယ်။ ပြီးတော့ သူမဟာ စဉ်းစားဉာဏ်ရှိလို့ မိမိကိုယ်မိမိ ဟောဂ်ဝပ်ကျောင်းကလို့ ပြောမှာ မဟုတ်ဖူး။

ဒါကြောင့် ဟယ်ရီဟာ ရှည်ကြာလှတဲ့ ရက်သတ္တပါးပတ်အတွင်းမှာ မိမိရဲ့ မှော်လောက သူငယ်ချင်းများထံမှ ဘာသတင်းမှ မရခဲ့ဘူး။ ဒီနှစ်နွေ ကျောင်းပိတ်ရက်ဟာ မနှစ်က နွေကျောင်းပိတ်ရက်လိုပဲ အခြေအနေ ဆိုးတယ်။ အနည်းငယ် တိုးတက်တာကတော့ ဟယ်ရီက ဇီးကွက်နဲ့ ဘယ်သူငယ်ချင်းဆီမှ သတင်းမပို့ဘူးလို့ ကျိန်ဆိုတဲ့အတွက် ညအချိန်မှာ ဇီးကွက် ဟက်ဒဝစ်ကို လွှတ်ပေးခွင့် ရလာတယ်။ ဦးလေး ဗာနွံ လျှော့ပေးတဲ့ အကြောင်းကတော့ ဟက်ဒဝစ်ကို လှောင်အိမ်ထဲမှာချည်း ပိတ်ထားရင် ငှက်က မနားတမ်း ဆူနေလို့ပဲ။

ဟယ်ရီဟာ ဝင်းဒရင်းရဲ့ သဘောတရားနဲ့ ပတ်သက်တာကို ရေးပြီးနောက် စာရေးရပ်လိုက်တယ်။ တစ်ခါ နားစွင့်နေတယ်။ အခန်းထဲမှာ မှောင်မည်းနေတယ်။ ငြိမ်သက်နေတယ်။ အဝေးက ရောက်လာတဲ့ ဝတုတ်ပြဲ အစ်ကို ဝမ်းကွဲ ဒါလီရဲ့ ဟောက်သံပဲ ကြားရတယ်။ သိပ်ညဉ့်နက်နေပြီ ထင်တယ်။ ဟယ်ရီ့ မျက်စိလည်း ညောင်းညာနေပြီ။ မနက်ဖန် ဒီစာတမ်း ရေးပြီးရင် ဘယ်လို –

သူက မင်ပုလင်းကို ဖုံးလိုက်တယ်။ ကုတင်အောက်ကနေ ခေါင်းအုံးစွပ် အဟောင်းတစ်ခု ဆွဲထုတ်ပြီး လက်နှိပ်ဓာတ်မီး၊ "မှော်သမိုင်း" စာတမ်း၊ ငှက်မွေးကလောင်နဲ့ မင်အိုးတွေကို ထည့်လိုက်တယ်။ ဒီနောက် ကုတင်ပေါ်ကဆင်းပြီး ဒီပစ္စည်းတွေကို ကုတင်အောက်က ပြုတ်ထွက်နေတဲ့ ကြမ်းအောက်ထည့်ထားလိုက်တယ်။ နောက်ဆုံး သူ မတ်တတ်ရပ်လိုက်တယ်။ ခါးကို ဆန့်တယ်။ ကုတင်ဘေးက ညကြည့်နာရီက ဖော်ပြနေတဲ့ အချိန်ကို ကြည့်လိုက်တယ်။

ခုအချိန်ဟာ လင်းအားကြီး နာရီပြန်တစ်ချက်။ ဟယ်ရီ ဗိုက်ထဲ ပြောင်းဆန်သလို ခံစားရတယ်။ လွန်ခဲ့တဲ့ တစ်နာရီကတည်းက သူ ၁၃–နှစ် တင်းတင်း ပြည့်ခဲ့ပြီ။ သူ့မှာတော့ မသိလိုက်ဘူး။

ဟယ်ရီဟာ သူ့မွေးနေ့ ကျင်းပဖို့ မျှော်လင့်ခဲ့တယ်။ ဒါဟာလည်း သာမန်ကလေးတွေနဲ့ မတူတာပဲ။ သူ့မှာ မွေးနေ့ဂုဏ်ပြု ပို့စကဒ်ဆိုလို့ တစ်ခါဘူးမှ မရခဲ့ဘူး။ ဒါစလီ အိမ်သားတွေဟာ သူ့ရဲ့ ရှေ့နှစ်နှစ်က မွေးနေ့ကို လုံးဝ လျစ်လျူရှုထားတယ်။ ဒီနှစ် သူ့မွေးနေ့ကို သူတို့ အမှတ်ရဖို့ သူလုံးဝ မျှော်လင့်ဖို့ အကြောင်းမရှိဘူး။

ဟယ်ရီဟာ မှောင်မည်းတဲ့ အခန်းကို ဖြတ်ပြီး ဟက်ဒဝစ်ရဲ့ လှောင်အိမ် ဟောင်းလောင်းကြီး ဘေးကနေ ပြတင်းဆီလျှောက်သွားတယ်။ သူဟာ ပြတင်းဘောင်ကို မှီရပ်နေတယ်။ စောင်အောက်မှာ အကြာကြီးနေပြီးနောက် ညလေအေးလေး မျက်နှာပေါ် အတိုက်ခံရတာ သိပ်ကို ဇိမ်ရှိတယ်။ ဟက်ဒဝစ် ပြန်မလာတာ နှစ်ညရှိပြီ။ ဟယ်ရီက ၎င်းကို သိပ်မစိုးရိမ်ဘူး။ အရင်ကလည်း ဒီလိုပဲ အကြာကြီး ပြန်မလာတာ ရှိခဲ့ဖူးတယ်။ ၎င်းဟာ ဒီအခန်းထဲမှာ ဟယ်ရီကို တွန့်ဆုတ်မသွားသူ ဖြစ်တယ်။

၁၃–နှစ် အရွယ် ကလေးတစ်ယောက်အနေနဲ့ ဟယ်ရီဟာ သိပ်သေး သိပ်ပိန်လွန်းတယ်။ ဒါပေမယ့် မနှစ်က သူ လက်မအနည်းငယ် မြင့်လာတယ်။ သူ့ နက်မှောင်တဲ့ ဆံပင်ကတော့ အရင်က အတိုင်းပါပဲ။ သူ ဘယ်လိုလုပ်လုပ် ဆံပင်ကတော့ ရှုပ်ပွနေတာပါပဲ။ မျက်မှန်အောက်က သူ့ မျက်လုံးအစုံဟာ တောက်ပတဲ့ အစိမ်းရောင်လက်နေတယ်။ နဖူးပေါ်က ဆံပင်ကြားမှာ သေးသေးရှည်ရှည် အမာရွတ်တစ်ခုကို သေချာတွေ့နိုင်တယ်။ အမာရွတ်ရဲ့ ပုံသဏ္ဍာန်ဟာ.....

ဟယ်ရီရဲ့ အများနဲ့မတူတဲ့ ထူးခြားချက်ထဲမှာ ဒီအမာရွတ်ဟာ အထူးခြားဆုံးပါပဲ။ ဆယ်နှစ်လုံးလုံး၊ ဒါစလီတို့က ယာဉ်တိုက်မှုကြောင့် ရတဲ့အမှတ်အသား ဖြစ်ကြောင်း၊ ဟယ်ရီ့ မိဘနှစ်ပါးဟာလည်း အဲဒီ ယာဉ်တိုက်မှုမှာ ကွယ်လွန်သွားတာ ဖြစ်တယ်လို့ ဇွတ်ပြောနေတယ်။ ဒါပေမယ့် သူတို့ဟာ ယာဉ်တိုက်မှုကြောင့် သေတာမဟုတ်ဘဲ သူများ သတ်လို့သေရတာ။ နှစ်တစ်ရာအတွင်း ကြောက်စရာ အကောင်းဆုံး မှော်နက် ဆရာကြီး ဗိုလ်ဒီမွန့်က သတ်သွားတာ။ ဟယ်ရီကသာ ဒီကြမ္မာဆိုးက လွတ်ခဲ့ပြီး နဖူးပေါ်မှာ ဒီအမာရွတ် ကျန်ခဲ့တယ်။ ထိုစဉ်တွင် ဗိုလ်ဒီမွန့်ရဲ့ ကျိန်စာဟာ သူ့ကို မသတ်နိုင်ဘဲ မိမိကိုယ်ပေါ်ပြန်ရောက်သွားတယ်။ ဗိုလ်ဒီမွန့်ဟာ သေလုမြောပါးဖြစ်ပြီး လွတ်သွားတယ်....

ဒါပေမယ့် ဟယ်ရီ ဟော့ဂ်ဝပ်ကျောင်းမှာ ကျောင်းနေခဲ့ပြီးနောက်၊ အဲဒီ ဘီလူးကြီးနဲ့ မျက်နှာချင်းဆိုင် ကြုံတွေ့ခဲ့ရဖူးတယ်။ ဟယ်ရီဟာ မှောင်မည်းမည်း ပြတင်းပေါက်မှာ ရပ်နေရင်း ၎င်းနဲ့ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ကို တွေးမိတယ်။ သူ အသက် ၁၃–နှစ် အရွယ်ထိ အသက်ရှင် နေနိုင်တာဟာ တကယ်ကို ကံကြီးပေလို့ပဲ။

သူဟာ ကြယ်တွေဝေနေတဲ့ မိုးကောင်းကင်ကို ဝေ့ကြည့်ပြီး ဟက်ဒဝစ်ရဲ့ အရိပ်အရောင်ကို ရှာဖွေတယ်။ ၎င်းဟာ လှုပ်ခါနေတဲ့ ကြွက်သေတစ်ကောင်ကို ကိုက်ချီပြီး သူ့ဆီ ပျံသန်းလာလိမ့်မယ်။ သူ ချီးမွမ်းတာကို မျှော်လင့်နေလိမ့်မယ်။ ဟယ်ရီဟာ စိတ်မပါဘဲ မျက်နှာချင်းဆိုင်ရှိ အိမ်ခေါင်မိုးကို လှမ်းကြည့်လိုက်တယ်။ စက္ကန့်အနည်းငယ်ကြာတော့မှ သူ ဘာမြင်တယ်ဆိုတာကို အသိရလာတော့တယ်။

ငွေလမင်းရဲ့ အလင်းရောင်အောက်မှာ ထူးဆန်းတဲ့ သဏ္ဍာန်ရှိတဲ့ လိမ်ကောက်တဲ့ အရိပ်မည်းမည်းဟာ ဟယ်ရီ ရှိရာဆီသို့ ပျံသန်းလာတယ်။ ကြာလေကြီးလာလေပဲ။ ဟယ်ရီဟာ တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်နေတယ်။ ၎င်း ပျံလေ နိမ့်လေ ပျံလာတာကို ကြည့်နေတယ်။ သူဟာ ခဏ တွေဝေနေပြီး လက်နဲ့ ပြတင်းဂျက်ကို ကိုင်ကာ ပြတင်းပိတ်လိုက်ရ ကောင်းမလားလို့ တွေးနေတယ်။ ဒါပေမယ့် အဲ့ဒီ ထူးဆန်းတဲ့ အရာဟာ ရေဖယောင်းပင်လမ်းထဲက မီးတိုင်တစ်တိုင် အပေါ်ဘက်ကို ရောက်လာတယ်။ ဒီတော့မှ ဘာလဲဆိုတာ ဟယ်ရီ မြင်တွေ့ရလို့ တစ်ဖက်ကို ခုန်ပြီး ဖယ်ပေးလိုက်တယ်။

ဇီးကွက်သုံးကောင် ပြတင်းပေါက်ကနေ ပျံဝင်လာတယ်။ ၎င်းတို့ထဲက နှစ်ကောင်ဟာ ကျန်တစ်ကောင်ကို ဖေးမထားတယ်။ တတိယ အကောင်ဟာ သတိလစ်နေတယ်။ ၎င်းတို့ဟာ ဂူးခနဲ ဟယ်ရီ့ကုတင်ပေါ် ကျလာတယ်။ အလယ်က ပြာမွဲမွဲ ဇီးကွက်ကြီးဟာ ငိုက်ထိုးကျပြီး မလှုပ်တော့ဘူး။ ၎င်းရဲ့ ခြေထောက်မှာ အထုပ်ကြီး တစ်ထုပ် ချည်ထားတယ်။

အဲဒီ သတိလစ်နေတဲ့ ဇီးကွက်ကို ဟယ်ရီ ချက်ချင်း မှတ်မိသွားတယ်။ ၎င်းနာမည်က အဲရော်တဲ့။ ဝယ်စလီတို့အိမ်က။ ဟယ်ရီဟာ ကုတင်ဘေး ချက်ချင်းပြေးသွားတယ်။ အဲရော် ခြေထောက်က အထုပ်ကို ဖြေလိုက်တယ်။ ဒီနောက် အဲရောက်ကို ဟက်ဒဝစ် လှောင်အိမ်ထဲ ထည့်ထားလိုက်တယ်။ အဲရော်က မျက်စိတစ်ဖက်ဖွင့်ပြီး ကျေးဇူးတင်တဲ့ အသံတစ်သံ ထွက်လာတယ်။ ဒီနောက် ရေစသောက်တယ်။

ဟယ်ရီက ဟို–ဇီးကွက်နှစ်ကောင်ကို သွားကြည့်ပြန်တယ်။ ၎င်းတို့အနက် ကြီးတဲ့ ဖြူဖွေးဖွေး ဇီးကွက် အထီးဟာ မိမိရဲ့ ဟက်ဒဝစ်ပဲ။ ၎င်းမှာလည်း အထုပ်တစ်ထုပ်နဲ့။ ၎င်းဟာ အလွန်ကျေနပ်နေပုံ ပြနေတယ်။ သူက သယ်လာတဲ့ အထုပ်ကို ဖြေယူလိုက်တယ်။ ဒီအချိန်မှာ ၎င်းက ဟယ်ရီ့ကို ၎င်း နှုတ်သီးနဲ့ အသာဆိတ်လိုက်ပြီး

ရင်နီးမှုပြတယ်။ ဒီနောက် အခန်းကို ဖြတ်ပြီး အဲရော်နဲ့ အတူ သွားနားနေတယ်။ တတိယ ဇီးကွက်ကို ဟယ်ရီ မသိဘူး။ အဲဒီ ဇီးကွက်ဟာ ညိုဝါဝါ လုပတယ်။ ဒါပေမယ့် ၎င်း ဘယ်ကလာတယ်ဆိုတာ သူ ချက်ချင်း သိသွားတယ်။ အကြောင်းက ၎င်းဟာ အထုပ်ကလေး တစ်ထုပ်အပြင် စာတစ်စောင်လည်း သယ်လာလို့ပဲ။ စာအိပ်ပေါ်မှာ ဟော့ဂ်ဝပ်ကျောင်းတံဆိပ် ပါတယ်။ ဟယ်ရီက အဲဒီ ဇီးကွက်ယူလာတဲ့ စာကို ယူလိုက်တယ်။ ၎င်းဟာ ရိုရိုသေသေ အမွေးကို ခါလိုက်ပြီး တောင်ပံဖြန့်ကာ ပြတင်းပေါက်ကနေ မိုးယံဆီသို့ ပျံတက်သွားတယ်။

ဟယ်ရီဟာ ကုတင်ပေါ်ထိုင်ပြီး အဲရော် ယူလာတဲ့ အထုပ်ကို ဆွဲယူပြီး အပြင်က မြင်းချေးစက္ကူအဝါကို ဆွဲဆုတ်လိုက်တယ်။ ရွှေရောင်စက္ကူနဲ့ ထုပ်ထားတဲ့ လက်ဆောင်ကို မြင်ရတယ်။ အဲဒါဟာ မိမိဘဝမှာ ပထမဆုံးရတဲ့ မွေးနေ့ကဒ်။ ဟယ်ရီ့ လက်တွေ အနည်းငယ် တုန်ယင်နေတယ်။ သူက စာအိတ်ကို ဖောက်လိုက်တယ်။ စာရွက်နှစ်ရွက် ထွက်ကျလာတယ်။ တစ်ရွက်ကစာ၊ တစ်ရွက်က သတင်းစာညှပ်စ။

ဒီ သတင်းစာ ညှပ်စဟာ မှော်လောက သတင်းစာ "ကြိုပြောသူများ နေ့စဉ်" က ညှပ်ယူတာ ထင်ရှားတယ်။ အကြောင်းက အဖြူအမည်း ဓာတ်ပုံထဲက လူတွေဟာ လှုပ်ရှားနေလို့ပဲ။ ဟယ်ရီက အဲဒီ သတင်းစာညှပ်စကို ယူလိုက်တယ်။ ပြန့်အောင်ပွတ်သပ်ပြီး အောက်ပါစာများကို ဖတ်တယ်။

## မှော်ဝန်ကြီးဌာန လုပ်သားဆုကြီး ရခြင်း

မှော်ဌာနကြီးရဲ့ မတ်ဂေါ် အရာဝတ္ထုများ အလွဲသုံးစားပြုခြင်း တားဆီးရေးဌာနမှ အာသာ–ဝယ်စလီ ဟာ "ကြိုပြောဆရာများ နေ့စဉ်" ရဲ့ နှစ်ပတ်လည် ဆုကြီးဖြစ်တဲ့ ဂါလုံးဆုကြီး ရရှိသွားတယ်။ အားရပျော်ရွှင်နေတဲ့ မစ္စတာဝယ်စလီက "ကြိုပြောဆရာများနေ့စဉ်" သတင်းထောက်ကို ပြောတယ်။ "ဒီငွေကို နွေရာသီ အီဂျစ်သွားလည်ပတ်ရာမှာ အသုံးပြုမယ်။ ကျွန်တော်တို့ သားအကြီး ဘီးဟာ အီဂျစ်ဂရင်းဂေါ့စ် မှော်ဘဏ်မှာ ကျိန်စာဖြေတဲ့ အလုပ် လုပ်နေတယ်" ဝယ်စလီ မိသားစုဟာ အီဂျစ်မှာ တစ်လနေမယ်၊ ဟော့ဂ်ဝပ် ကျောင်းမဖွင့်ခင် ပြန်လာလိမ့်မယ်။ အခု ဝယ်စလီတို့အိမ်က ကလေးငါးယောက် ဒီကျောင်းမှာ ကျောင်းနေတယ်။

ဟယ်ရီက လှုပ်ရှားတဲ့ ဓာတ်ပုံကို ကြည့်လိုက်တယ်။ ဝယ်စလီတို့ အိမ်သားကိုးယောက်စလုံး ပိရမစ်ရှေ့မှာ ရပ်နေပြီး သူ့ကို တအားလက်ဝှေ့ပြနေတာ တွေ့ရလို့ ပြုံးမိတယ်။ ဝယ်စလီကတော်ဟာ ပုပုဝဝ။ ထိပ်ပြောင်တဲ့ မစ္စတာ ဝယ်စလီကတော့ ထောင်ထောင်မောင်းမောင်းကြီး။ သူတို့ရဲ့သား ခြောက်ယောက်၊ သမီးတစ်ယောက်မှာ မီးလို နီရဲတဲ့ ဆံပင်ရှိတယ်။ (ဒီ အဖြူအမည်း ဓာတ်ပုံပေါ်မှာ မတွေ့နိုင်ပေမယ့်)။ ရွန်က ဒီဓာတ်ပုံ အလယ်မှာ ရပ်နေတယ်။ ပိန်ပိန် ရှည်ရှည်။ သူ့အချစ်တော် ကြွက်ကလေး အစက်အပြောက်လေးဟာ သူ့ ပခုံးပေါ် ရပ်နေတယ်။ သူ့လက်မောင်းက ညီမလေး ဂျင်မီကို ဖက်ထားတယ်။

ဒီလို ငွေတွေ ဝယ်စလီတို့ မိသားစုထက် ရထိုက်တဲ့သူ မရှိဘူးလို့ ဟယ်ရီတွေးတယ်။ ဒီအိမ်သားတွေ သိပ်ကောင်းကြတယ်။ သိပ်လည်း ဆင်းရဲတယ်။ သူက ရွန့်စာကို ဖွင့်ဖတ်တယ်။

**ချစ်လှစွာသော ဟယ်ရီ။**

မွေးနေ့ပျော်ရွှင်ပါစေ။

ဖုန်းဆက်တဲ့ ကိစ္စကြောင့် တောင်းပန်ပါတယ်။ မတ်ဂေါ်တွေ မင်းကို ဒုက္ခမပေးပါစေနဲ့လို့ မျှော်လင့်တယ်။ ငါ ငါ့အဖေကို မေးကြည့်တယ်။ သူက ငါ ဒီလို လျှောက်မအော်သင့်ဘူးလို့ ပြောတယ်။

အီဂျစ်ဟာ သိပ်ကောင်းတယ်။ ဘီးက တို့ကို ပိရမစ်အားလုံး လိုက်ပြတယ်။ ရှေး အီဂျစ်မှော်ဆရာတွေဟာ ဒီ ပိရမစ်တွေကို ဂါထာ ဘယ်လောက် စီမံထားတယ် ဆိုတာ မင်း မသိသေးဘူး။ အမေက ဘီးကို နောက်ဆုံး

ပိရမစ်ထဲဝင်ခွင့် မပြုဘူး။ အဲဒီထဲမှာ ပုံသဏ္ဌာန်ထူးဆန်းတဲ့ အရိုးစုတွေ ရှိတယ်။ ပိရမစ်ထဲ အတင်းဝင်တဲ့ မတ်ဂေါ်တွေ ကျန်ရစ်တာ။ သူတို့မှာ ခေါင်းအပိုပေါက်လာတယ် စတဲ့အရာတွေဖြစ်တယ်။

ငါ့အဖေ "ကြိုဟောဆရာများ နေ့စဉ်" က ဆုကိုရတာ ငါယုံတောင် မယုံနိုင်ဘူး။ ဂါလီး ၇၀၀ တောင်ပဲ။ ဒီငွေ အများပိုင်းကို ဒီတစ်ကြိမ် ခရီးသွားတာမှာ အသုံးပြုတယ်။ ဒါပေမယ့် သူတို့က ငါ့ကို မှော်ကြိမ်လုံး အသစ် နောင်နှစ်သုံးဖို့ ဝယ်ပေးလိမ့်မယ်။

ထိုအကြိမ်က ရွန်ရဲ့ မှော်ကြိမ်လုံး အဟောင်း ရုတ်တရက် ကျိုးသွားတယ်။ ဒီအကြောင်းကို ဟယ်ရီ သေချာမှတ်မိတယ်။ ထိုစဉ်က သူတို့နှစ်ယောက် ကားနဲ့ ဟော့ဂ်ဝပ်ကို သွားတာ။ ကားက ကျောင်းတားမြစ်သစ်တောထဲက သစ်ပင်တစ်ပင်ကို ဝင်တိုက်မိတယ်။ ဒါနဲ့ မှော်ကြိမ်လုံး ကျိုးသွားတယ်။

ငါတို့ ကျောင်းပြန်မဖွင့်ခင် တစ်ပတ်မှာ ပြန်လာမယ်။ ငါတို့ လန်ဒန်ကို သွားပြီး ငါ့ မှော်ကြိမ်လုံးနဲ့ ငါတို့ရဲ့ စာအုပ်အသစ်တွေ ဝယ်ရဦးမယ်။ လန်ဒန်မှာ မင်းနဲ့ ဆုံနိုင်မလား"

မတ်ဂေါ်တွေ မင်းပျော်ရွှင်မှုကို မဖျက်ဆီးစေနဲ့။

လန်ဒန်ကို လာနိုင်အောင် ကြိုးစား။

**ရွန်**

ဒိပြင် ဖတ်စီ ကျောင်းသားအသင်း ဥက္ကဋ္ဌ ဖြစ်သွားပြီ။ အရင်အပတ်က အကြောင်းကြားစာ ရတယ်။

ဟယ်ရီက အဲဒီ ဓာတ်ပုံကို ပြန်ကြည့်သည်။ ဖတ်စီ သတ္တမနှစ် ရောက်ပြီ။ ဒါ သူ ဟော့ဂ်ဝပ်မှာ နေရမယ့် နောက်ဆုံးနှစ်ပဲ။ သူဟာ ဓာတ်ပုံထဲမှာ သူများထက်ထူးတဲ့ အမူအရာနဲ့။ ညီညာစွာ ဖြီးထားတဲ့ ဆံပင်ပေါ်မှာ တူရကီ ဦးထုပ်တစ်လုံး ဆောင်းထားတယ်။ သူဟာ ကျောင်းသားခေါင်းဆောင် တံဆိပ်ကို အဲဒီ ဦးထုပ်ပေါ် ကျေကျေနပ်နပ်ကြီး ချိတ်ထားပြီးပြီ။ သူ့ ကွဲကော်မျက်မှန်ဟာ နေရောင်အောက်မှာ လက်နေတယ်။

အခု ဟယ်ရီ မိမိရတဲ့ လက်ဆောင်ဘက် လှည့်လိုက်တယ်။ အထုပ် စဖြေတယ်။ အထုပ်ထဲက အရာဟာ ဂျင်အသေးစားလိုပဲ။ ဂျင်အောက်မှာ ရွန့်စာတိုလေးရှိသေးတယ်။

**ဟယ်ရီ**–ဒါက ခရီးဆောင် စောင့်ကြည့်မှန်လေး။ ပတ်ဝန်းကျင်မှာ မယုံရတဲ့ လူတစ်ဦးဦးရှိခဲ့ရင်၊ ၎င်းဟာ အလင်းရောင်ထွက်လာပြီး လည်ပတ်လိမ့်မယ်။ ဘီးကတော့ အဲဒါ အမှိုက်နဲ့ အတူတူပဲတဲ့။ အလည်လာတဲ့ မှော်ဆရာတွေကို ရောင်းဖို့သက်သက်တဲ့။ ပြီးတော့ အဲဒီ အရာဟာ မယုံရဘူး။ ညက ညစာစားစဉ် ၎င်းဟာ အလင်းရောင် တစ်ချိန်လုံး ထွက်နေတယ်။ ဒါပေမယ့် ၎င်းဟာ ဖရက်နဲ့ ဂျော့တို့ သူ့ ဟင်းရည်ထဲ ပိုးပိတုန်းကောင် ထည့်ထားတာကို မသိဘူး။

ဘိုင်းဘိုင်

**ရွန်**

ဟယ်ရီက အဲဒီ ခရီးဆောင် စောင့်ကြည့်မှန်ကို သူ့ ကုတင်ဘေးစားပွဲလေးပေါ် တင်ထားလိုက်တယ်။ ဂျင်ဟာ ၎င်းရဲ့ ချွန်တဲ့ ဘက်မှာ ဟန်ချက်ညီစွာ ရပ်နေတယ်။ ဟယ်ရီ့ စားပွဲတင်နာရီပေါ်က လက်နေတဲ့ လက်တံမှန်မှာပေါ်နေတယ်။ သူဟာ ဂျင်ကို ဝမ်းသာစွာ ကြည့်တယ်။ စက္ကန့် မနည်း ကြည့်တယ်။ ဒီနောက် ဟက်ဒဝစ်ယူလာတဲ့ အထုပ်ကို ကိုင်လိုက်တယ်။

အထုပ်ထဲမှာလည်း လက်ဆောင်ထုပ် တစ်ထုပ်ပါတယ်။ ပို့စကဒ် တစ်ခုနဲ့ စာတစ်စောင်။ ဒါက ဟာမီးပေးတာ။

**ချစ်လှစွာသော ဟယ်ရီ။**

ရွှန်က ငါ့ကို စာရေးတယ်။ သူက နင့်ဦးလေး ဗာနွံကို ဖုန်းဆက်တဲ့ အကြောင်း ပြောပြတယ်။ နင် ဘာမှ မဖြစ်ဖို့ မျှော်လင့်ပါတယ်။ အခု ငါ ပြင်သစ်မှာ အနားယူနေတယ်။ ဒီစာကို ဘယ်လို နင့်ဆီ ပို့ရမှန်း မသိဘူး... အကောက်ခွန်ရုံးက ဒီစာကို ဖွင့်ကြည့်ခဲ့ရင် ဘယ့်နှယ်လုပ်မလဲ–ဒါပေမယ့် ဟက်ဒဝစ် ပေါ်လာတယ်။ ၎င်းက နင် မွေးနေ့လက်ဆောင် ရရင် စိတ်သက်သာရာ ရလိမ့်မယ်လို့ ယုံကြည်နေတယ်လို့ ငါထင်တယ်။ ဇီးကွက် ကုန်မှာစာနဲ့ နင့်ကို ပေးဖို့ လက်ဆောင် ဝယ်လိုက်တယ်။ "ကြိုဟောဆရာများ နေ့စဉ်" မှာ ဒီကြော်ငြာပါတယ်။ (ငါက သူများတွေကို သတင်းစာ ငါ့ဆီ ပို့ခိုင်းထားတာ။ မှော်လောကရဲ့ လှုပ်ရှားမှုကို သိနေတာ သိပ်ကောင်းပါတယ်)။ လွန်ခဲ့တဲ့တစ်ပတ်က သတင်းစာမှာပါတဲ့ ရွှန်တို့ မိသားစု ဓာတ်ပုံကို နင်မြင်တွေ့ရလား။ သူအများကြီး ဗဟုသုတ တိုးမယ်လို့ ငါ ပြောရဲတယ်။ ငါသိပ်ကို မနာလိုတာပဲ။ ရှေးအီဂျစ်မှော်ဆရာတွေဟာ သိပ်ကို စွဲလမ်းစရာပဲနော်။

ပြင်သစ်မှာလည်း စိတ်ဝင်စားစရာ မှော်ပညာတွေ ရှိတယ်။ မှော်သမိုင်းနဲ့ ပတ်သက်တဲ့ ငါ့စာတမ်းကို အစအဆုံး ပြန်ရေးလိုက်တယ်။ ငါ ဒီမှာ တွေ့ရှိတဲ့ အကြောင်းအရာတွေကို ထည့်လိုက်ချင်လို့။ ရွှန်က သူ နွေကျောင်းပိတ်ရက် နောက်ဆုံးအပတ်မှာ လန်ဒန်ကို သွားမယ်–လို့ ပြောတယ်။ နင်ကော သွားဖြစ်မလား။ နင့်အဒေါ်နဲ့ ဦးလေးက နင့်ကို လွှတ်မလား။ ငါတော့ နင့်ကို လာစေ့ချင်တယ်။ မလာနိုင်ရင်ကော။ စက်တင်ဘာလ ၁–ရက်နေ့ ဟော့ဂ်ဝပ် အထူးအမြန် ရထားပေါ်မှာ တွေ့ကြမယ်။

**မင်းကို ချစ်တဲ့ဟာမီး**

ပြီးတော့ ဖတ်စီ ကျောင်းသားအသင်း ဥက္ကဋ္ဌ ဖြစ်သွားပြီ လို့ ရွှန်က ပြောတယ်။ ဖတ်စီဝမ်းသာလို့ သေတော့မယ်လို့ ငါ ပြောရဲတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရွှန်ကတော့ သိပ်ဝမ်းသာပုံ မပေါ်ဘူး။

ဟယ်ရီဟာ တဟားဟား ရယ်မိပြန်တယ်။ သူဟာ ဟာမီးစာကို ချထားပြီး သူမ ပေးတဲ့ လက်ဆောင်ကို ယူလိုက်တယ်။ ဒီလက်ဆောင်က သိပ်လေးတယ်။ သူ ဟာမီးအကြောင်း ကောင်းကောင်း သိတယ်။ ဒါ ခက်ခဲတဲ့ ဂါထာတွေနဲ့ ပြည့်နေတဲ့ စာအုပ်ကြီး ဖြစ်မှာ သေချာတယ်။ ဒါပေမယ့် သူ မှားသွားတယ်။ ထုပ်ပိုး စက္ကူကို ဆုတ်ဖြဲလိုက်တော့ တအား ရင်ခုန်သွားတယ်။ အနက်ရောင် သားရေ သေတ္တာရှည်ရှည်လေးတစ်လုံးကို တွေ့ရတယ်။ အပေါ်မှာ ငွေရောင်နဲ့ "မိုးပျံ တံမြက်စည်း ပြုပြင်တဲ့ ကိရိယာ သေတ္တာ" လို့ ရေးထားတယ်။

"တယ်ဟုတ်ပါလား ဟာမီး" ဟယ်ရီက တိုးတိုး ပြောတယ်။ ဒီသေတ္တာဇစ်ကို ဆွဲဖွင့်ပြီး အတွင်းက အရာတွေကို ကြည့်တယ်။

အတွင်းမှာ ဖရစ်ဝုဒ်တံဆိပ် အလွန် အဆင့်မြင့်တဲ့ မိုးပျံ တံမြက်စည်း အရောင်တင်ဆီဗူးကြီး တစ်ဗူး၊ ငွေရောင် လက်နေတဲ့ တံမြက်စည်းတံဖြတ်စက် တစ်စုံ၊ ခရီးဝေးသွားတဲ့အခါ တံမြက်စည်းပေါ် တပ်ဆင်တဲ့ ကြေးဝါ သံလိုက် အိမ်မြှောင်သေးသေး တစ်ခု၊ ပြီးတော့ "မိုးပျံ တံမြက်စည်း ပြုပြင်နည်း စာအုပ်" တစ်အုပ်။

ဟယ်ရီဟာ သူငယ်ချင်းတွေကို သတိရတာအပြင်၊ ဟော့ဂ်ဝပ်နဲ့ ပတ်သက်ပြီး အများဆုံး သတိရတာကတော့ ခွေဒစ်ပဲ။ ခွေဒစ်ဟာ မှော်လောကမှာ လူကြိုက်အများဆုံး အားကစား ဖြစ်တယ်၊ အန္တရာယ် အလွန်ကြီးတယ်။ သိပ်ကို စိတ်တက်ကြွစေတယ်။ ပြီးတော့ မိုးပျံ တံမြက်စည်းကို စီးပြီး ကစားတာ။ ဟယ်ရီဟာ ခွေဒစ်ကစားတဲ့ အကောင်းဆုံး ကစားသမား တစ်ယောက် ဖြစ်တယ်။ သူဟာ နှစ်တစ်ရာအတွင်း ဟော့ဂ်ဝပ် ကျောင်းအသင်းဝင်အဖြစ် အရွေးခံရတဲ့ အသက်အငယ်ဆုံး အားကစားသမား ဖြစ်တယ်။ ဟယ်ရီ အနှစ်သက်ဆုံး ရတနာ သုံးခုအနက် တစ်ခုကတော့ သူ့ရဲ့ အလင်းစကြာ ၂၀၀၀ မိုးပျံ တံမြက်စည်းပဲ ဖြစ်တယ်။

ဟယ်ရီက အဲဒီ သားရေသေတ္တာကို ဘေးချထားပြီး နောက်ဆုံးအထုပ်ကို ကိုင်လိုက်တယ်။ မြင်းချေးစက္ကူပေါ်က မညီညာတဲ့ လက်ရေးကို သူချက်ချင်း မှတ်မိလိုက်တယ်။ ဒီလက်ဆောင်ဟာ ဟက်ဂရစ်ဆီက လာတာ။ သူဟာ ဟော့ဂ်ဝပ်က တောလိုက်ကွင်း အစောင့် ဖြစ်တယ်။ သူ အပေါ်ဆုံးက စက္ကူကို ဖြဲလိုက်တယ်။ အစိမ်းရောင် သားရေသားအရာတစ်ခုကို မြင်ရတယ်။ ဒါပေမယ့် သူ့ အထုပ်ကို သေချာ မဖွင့်ရသေးခင်မှာပဲ

ဒီအထုပ်ဟာ ထူးဆန်းစွာ တုန်ခါသွားတယ်။ အတွင်းကဟာ ဘာလဲဆိုတာ မသိရခင်မှာ တအားထအော်ပါတော့တယ် –––– ၎င်းမှာ ပါးစပ်ပါသလိုပဲ။

ဟယ်ရီ ငိုင်သွားတယ်။ ဟက်ဂရစ်ဟာ သူ့ကို အန္တရာယ် ရှိတဲ့ အရာ တမင်သက်သက်ပို့မှာ မဟုတ်ဘူးဆိုတာ သူသိတယ်။ ဒါပေမယ့် ဘယ်ဟာက အန္တရာယ်ရှိတယ် ဆိုတာနဲ့ ပတ်သက်ပြီး ဟက်ဂရစ်ရဲ့ အမြင်ဟာ လူသာမန်တွေနဲ့ မတူဘူး။ ဟက်ဂရစ်ဟာ အဆိပ်ရှိတဲ့ ဧရာမ ပင့်ကူကြီးတွေနဲ့ ပေါင်းသင်းခဲ့တယ်။ အရက်ဆိုင်မှာတွေ့တဲ့ ညှော်သည်လက်ထဲကနေ ခေါင်းသုံးခေါင်းခွေးဆိုးကို ဝယ်ခဲ့တယ်။ ပြီးတော့ တရားမဝင် နဂါးဥကို သူ့အိမ်ကလေးထဲ ယူဆောင်ခဲ့တယ်ဆိုတာ အများသိကြတယ်။

ဟယ်ရီဟာ မရှုံ့မရဲနဲ့ ဒီအထုပ်ကို ထိကြည့်တယ်။ ၎င်းက တအား ထအော်ပြန်တယ်။ ဟယ်ရီက ကုတင်ဘေးက မီးကို လှမ်းယူတယ်။ လက်တစ်ဖက်နဲ့ မီးကို တင်းတင်းဆုပ်ကိုင်ပြီး မြင့်မြင့် မြှောက်လိုက်တယ်။ အချိန်မရွေး ရိုက်ချမယ့် အနေအထားမှာ ရှိတယ်။ ဒိနောက် ကျန်လက်တစ်ဖက်နဲ့ ကျန်အထုပ်အပိုး စက္ကူကို ဖမ်းဆွဲလိုက်တယ်။

လက်ထဲက အရာ ထွက်ကျလာတယ်––––– အဲဒါ စာအုပ်တစ်အုပ်။ ဒီစာအုပ်ဟာ လှပတဲ့ အစိမ်းရောင် မျက်နှာဖုံးနဲ့ စာအုပ်၊ အပေါ်မှာ ရွှေရောင်နဲ့ ပုံနှိပ်ထားတဲ့ "သရဲတွေရဲ့ သရဲစာအုပ်" လို့ ရေးထားတာ ဟယ်ရီ မြင်ရရုံရှိသေးတယ်။ ဒီစာအုပ်ဟာ ကုတင်ပေါ် ခုန်တက်သွားပြီး မတ်တတ်ရပ်လိုက်တယ်။ ကုတင်ဘေးတလျှောက် အလျင်အမြန် ပြေးနေတယ်။ ထူးဆန်း အံ့သြဖွယ် ဂဏန်းတစ်မျိုးလိုပဲ။

"အော–အော" ဟယ်ရီက တိုးတိုး ပြောတယ်။

ဖျပ်ကနဲ ဒီစာအုပ်ဟာ ကုတင်ပေါ်ကနေ ကြမ်းပေါ်ပြုတ်ကျသွားတယ်။ အခန်းထဲမှာ ဒရောသောပါး သွားနေတယ်။ ဟယ်ရီက တိတ်တိတ် နောက်ကလိုက်တယ်။ ဒီစာအုပ်ဟာ သူ့ စာကြည့်စားပွဲအောက် မှောင်မည်းတဲ့ နေရာမှာ ဝင်ပုန်းတယ်။ ဟယ်ရီဟာ ဒါစလီအိမ်သားတွေ ပြန်မလာပါစေနဲ့လို့ စိတ်ထဲက ဆုတောင်းရင်း၊ ကြမ်းပေါ်မှောက်ပြီး အဲဒီ စာအုပ်ကို လှမ်းယူတယ်။

"ဝိုး"

ဒီစာအုပ်ဟာ ဘတ်ခနဲ သူ့လက်ထဲမှာ ပိတ်သွားတယ်။ ဒီနောက် ဘတ်–ဘတ်နဲ့ သူ့ဆီက ထွက်ခွာသွားပြီး၊ ၎င်းရဲ့ စာအုပ်ဖုံးကို ထောက်ပြီး ကရောသောပါး ပြေးနေတယ်။ ဟယ်ရီဟာ နေရာတကာ လိုက်တွားသွားရင်း ခုန်အုပ်တယ်။ ဒီစာအုပ်ကို ကြမ်းပေါ်ဖိလှဲချင်တယ်။ ဦးလေးဗာနွံဟာ ဘေးခန်းကနေ အသံကျယ်ကျယ် ယောင်လိုက်တယ်။

ဟယ်ရီက ရုန်းကန်နေသေးတဲ့ စာအုပ်ကို တအား ပိုက်ထားလိုက်တယ်။ ဟက်ဒဝစ်နဲ့ အဲရော် ဇီးကွက် နှစ်ကောင်ဟာ စိတ်ဝင်စားစွာ ကြည့်နေကြတယ်။ ဟယ်ရီက ဗီရိုဆီသွားပြီး ခါးပတ်တစ်ချောင်းဆွဲယူပြီး ခါးပတ်နဲ့ ဒီစာအုပ်ကို တင်းတင်း ပတ်ချည်ထားလိုက်တယ်။ ဒီစာအုပ်ဟာ ဒေါသကြောင့် တုန်ခါနေတယ်။ ဒါပေမယ့် ၎င်းဟာ နောက်ထပ် ထွက်ပြေးတာ၊ ကုန်းအော်တာ မလုပ်နိုင်တော့ဘူး။ ဒါကြောင့် ဟယ်ရီက ၎င်းကို ကုတင်ပေါ် ပစ်ချလိုက်တယ်။ ဟက်ဂရစ်ပေးတဲ့ ကဒ်ကို ကောက်ယူလိုက်တယ်။

**ချစ်လှစွာသော ဟယ်ရီ။**

မွေးနေ့မှာ ပျော်ပါစေ။

ဒီဟာ လာမယ့်–နှစ် မင်းအတွက် အသုံးကျချင် ကျနိုင်တယ်။ ဒါပါပဲ။ တွေ့မှ ပြောကြစို့။ မတ်ဂေါ်တွေ မင်းအပေါ် ကောင်းစေချင်တယ်။

အဆင်ပြေပါစေ။

**ဟက်ဂရစ်**

ဟက်ဂရစ်ဟာ လူကိုက်တတ်တဲ့ စာအုပ်တစ်အုပ်ဟာ အသုံးကျမယ်လို့ ထင်တယ်။ ဟယ်ရီကတော့ ဒါမကောင်းတဲ့ နိမိတ်လို့ ထင်တယ်။ သူဟာ ဟက်ဂရစ်ပေးတဲ့ ကဒ်ကို ရွှန်နဲ့ဟာမီးတို့ ပေးတာနဲ့ အတူထားလိုက်တယ်။ သူ့ မျက်နှာပေါ်က ပီတိအပြုံးဟာ ဘယ်တုန်းကထက်မဆို ဝေဆာနေတယ်။ အခု ဟော့ဂ်ဝပ်က လာတဲ့စာပဲ ကျန်တော့တယ်။

ဒီစာဟာ အရင်ကထက်ထူတာ ဟယ်ရီ သတိပြုမိတယ်။ သူ စာကို ဖောက်လိုက်ပြီး အတွင်းက ပထမသိုးရေစက္ကူတစ်ရွက်ကို ဆွဲထုတ်ပြီးဖတ်တယ်။

**ချစ်လှစွာသော မစ္စတာပေါ်တာ။**

စာသင်နှစ်သစ်ဟာ စက်တင်ဘာလ ၁–ရက်နေ့မှာ စမယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဟော့ဂ်ဝပ် အထူးအမြန်ရထားဟာ ၁၁–နာရီ အချိန်မှာ မင်းကြက်ခြေဘူတာ ၉ လေးပိုင်းသုံးပိုင်း စင်္ကြံကနေ ထွက်ခွာပါလိမ့်မယ်။

ရက်သတ္တပတ်ကုန် နေ့အချို့မှာ တတိယနှစ် ကျောင်းသားများ ဟော့ဂ်မော့ဒ်ကို လည်ပတ်ကြည့်ရှုခွင့်ရမှာ ဖြစ်ပါတယ်။ စာနဲ့အတူ ပေးပို့လိုက်တဲ့ သဘောတူကြောင်း ဖယာ့းကို သင့်မိဘ (သို့မဟုတ်) အုပ်ထိန်းသူထံပေးပြီး လက်မှတ်ထိုးခိုင်းစေလိုပါတယ်။

စာနဲ့အတူ နှစ်သစ်အသုံးပြုမယ့် စာအုပ်စာရင်းလည်း ပေးပို့လိုက်ပါတယ်။

**သင့် သစ္စာရှိသော**

**တွဲဘက်ကျောင်းအုပ်ကြီး မက်ဂေါ်နာဂေါ်**

BURMESE CLASSIC .com

ဟယ်ရီဟာ ဟော့ဂ်ဝပ်ကျောင်းက သဘောတူကြောင်း ဖယားကို ဆွဲထုတ်ကြည့်တယ်။ မျက်နှာပေါ်က အပြုံးတွေ ပျောက်ကုန်တယ်။ ရက်သတ္တပတ်ကုန်မှာ ဟော့ဂ်မော့ဒ်ရွာကို လှည့်လည်ကြည့်ရှုရမယ်။ ဒါ သိပ်ကိုကောင်းတာပေါ့။ အဲဒါ မှော်ရွာ သက်သက်ဆိုတာ သူ သိတယ်။ သူ တစ်ခါမှ မရောက်ဖူးဘူး။ ဒါပေမယ့် … သူ ဘယ်လိုလုပ်ပြီး ဦးလေး ဗာနွံ ဒါမှမဟုတ် အဒေါ် ဗီချူနီယာကို လက်မှတ်ထိုးပေးဖို့ ပြောရမှာလဲ။

သူက နှိုးစက်နာရီကို ကြည့်လိုက်တယ်။ အခု လင်းအားကြီး နှစ်ချက်တီးသွားပြီ။

အိပ်ရာက နိုးမှ ဟော့ဂ်မော့ဒ်ရွာကိစ္စ စိတ်ညစ်တော့မယ်လို့ ဟယ်ရီ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ ကုတင်ပေါ် ပြန်တက်၊ သူ့ဘာသာ ပြုလုပ်ထားတဲ့ ပြက္ခဒိန်ကို လှမ်းယူပြီး တစ်ရက်ခြစ်ပစ်လိုက်တယ်။ သူက ဟော့ဂ်ဝပ်ကျောင်းကို ပြန်ရမယ့်ရက်ကို နောက်က ပြန်တွက်နေတာ။ ဒီနောက် မျက်မှန်ကို ချွတ်ပြီး လှဲချလိုက်တယ်။ မျက်စိကြီးဖွင့်ပြီး မိမိရတဲ့ မွေးနေ့ကဒ် သုံးခုကို ကြည့်နေတယ်။

ဟယ်ရီဟာ အများနဲ့မတူ တစ်မူထူးနေပေမယ့်၊ အခုအချိန်မှာတော့ သူဟာ သာမန်လူတွေလိုပဲ သူ့ ဘဝမှာ ပထမဆုံး မွေးနေ့ကျင်းပရတဲ့ အတွက် ဝမ်းသာနေမိတယ်။

• • •  • • •

## ၂။ အမှားကြီးမှားတဲ့ အရီးမာဂျီ

နောက်နေ့ နံနက် ဟယ်ရီ နံနက်စာစောစောစားဖို့ အိမ်အောက်ဆင်းခဲ့တယ်။ ဒါစလီ မိသားစုဟာ မီးဖိုချောင်ထဲက ထမင်းစားစားပွဲမှာ ထိုင်နှင့်နေတာ တွေ့ရတယ်။ သူတို့ဟာ တီဗွီစက် အသစ်စက်စက်ကို ကြည့်နေကြတယ်။ ဒါဟာ ဒါလီ နွေကျောင်းပိတ်ရက် အိမ်ပြန်လာတာကို ကြိုဆိုတဲ့အနေနဲ့ ဝယ်ပေးတဲ့ လက်ဆောင်။ ဒါလီက အကျယ်ကြီး အပြစ်တင်နေတယ်။ အခန်းထဲက ရေခဲသေတ္တာနဲ့ တီဗွီသိပ်ဝေးလို့တဲ့။ နွေရာသီ အချိန်အများပိုင်းမှာ ဒါလီဟာ မီးဖိုချောင်ထဲမှာပဲနေတယ်။ သူဟာ လောဘကြီးတဲ့ မျက်စိလေးနှစ်လုံးနဲ့ တီဗွီကို စိုက်ကြည့်ရင်း အဆက်မပြတ် စားနေတယ်။ ငါးဆင့်လောက်ရှိတဲ့ မေးစေ့ဟာ အဆက်မပြတ် လှုပ်ခါနေတယ်။

ဟယ်ရီဟာ ဒါလီနဲ့ ဦးလေးဗာနွံကြားမှာ ထိုင်လိုက်တယ်။ ဦးလေးဗာနွံဟာ ထွားကျိုင်းတဲ့ လူကြီး ဖြစ်တယ်။ လည်ပင်းတိုပြီး နှုတ်ခမ်းမွေးထူတယ်။ ဒါစလီ အိမ်သားတွေဟာ ဟယ်ရီ့ကို မွေးနေ့ ဂုဏ်မပြုတဲ့အပြင် ဟယ်ရီ မီးဖိုချောင်ထဲ ဝင်လာတာကို မြင်ပုံမပြဘူး။ ဒါပေမယ့် ဟယ်ရီဟာ ဒီလို အဖက်မလုပ်တာမျိုးကို ကျင့်သားရနေပါပြီ။ သူ့ဘာသာ ပေါင်မုန့်တစ်ချပ် ယူလိုက်တယ်။ ပြီးနောက် တီဗွီထဲက သတင်းကြေညာသူကို ကြည့်လိုက်တယ်။ အဲဒီ သတင်း ကြေညာသူဟာ ဝရမ်းပြေး တရားခံ တစ်ယောက်အကြောင်း ကြေညာနေတာ တစ်ဝက်ရောက်နေပြီ။

"..... လူအများ သတိပြုရမှာက ဘလက်မှာ လက်နက်ရှိလို့ အထူး အန္တရာယ် ရှိတယ်။ အထူး ဟော့လိုင်းတစ်ခု ထားပေးပါတယ်။ ဘလက်ရဲ့ သဲလွန်စကို သိရင် ချက်ချင်း အစီရင်ခံရမယ်"

"သူ့မှာ စိတ်ကောင်းမရှိဘူးဆိုတာ ပြောပြစရာတောင် မလိုဘူး" ဦးလေးဗာနွံက နှာခေါင်းမှ ဟင်းသံထွက်ပြီး ပြောတယ်။ မိမိဖတ်နေတဲ့ သတင်းစာပေါ်ကို ကျော်ပြီး ဟိုတရားခံကို စိုက်ကြည့်နေတယ်။ "သူ့ ရုပ်ကိုကြည့်၊ ညစ်တီးညစ်ပတ်နဲ့။ သူ့ ဆံပင်ကို ကြည့်စမ်း"

သူဟာ သဘောဆိုးနဲ့ ဟယ်ရီ့ကို စောင်းကြည့်လိုက်တယ်။ ဟယ်ရီရဲ့ ရှုပ်ပွပွ ဆံပင်တွေဟာ ဦးလေး ဗာနွံကို မြင်တာနဲ့ ဒေါသထွက်စေတယ်။ သို့ပေမယ့် ဖန်သားပေါ်က လူဟာ မျက်နှာပိန်ချုံးပြီး ဘေးမှာက ပျစ်ခဲနေတဲ့ တစ်ပေလောက် ရှည်တဲ့ ဆံပင်ထွေးတွေ။ သူနဲ့စာရင် ဟယ်ရီဟာ မိမိ တကယ့်ကို သန့်ရှင်းတယ်လို့ ထင်တယ်။

သတင်းကြေညာသူ ဖန်သားပေါ် ပေါ်လာပြန်တယ်။

"လယ်ယာနဲ့ ရေလုပ်ငန်းဝန်ကြီးဟာ ဒီနေ့ ကြေညာချက် ---"

"ဆက်ပြောလေ" ဦးလေး ဗာနွံက အော်ဟောက်တယ်။ ဒေါသတကြီးနဲ့ အဲဒီ သတင်းကြေညာသူကို စိုက်ကြည့်နေတယ် "ဒီ အရူး ဘယ်က ထွက်ပြေးလာတယ်ဆိုတာ မင်း ငါတို့ကို ပြောမပြသေးဘူး။ ဒါ ဘာ အသုံးကျမှာလဲ။ အရူးက ဒီလမ်းထဲ လာချင်မှတောင်လာတော့မှာ"

အဒေါ်ဗီချူနီယာဟာ ဝါးခြမ်းပြားလို ပိန်တယ်။ မြင်းမျက်နှာလို မျက်နှာရှည်ရှည်နဲ့။ သူမဟာ ရုတ်တရက် ကိုယ်ကို လှည့်ပြီး မီးဖိုချောင်ပြတင်းပေါက်ကနေ အပြင်ကို ဟိုကြည့်ဒီကြည့် လုပ်နေတယ်။ အဒေါ်ဗီချူနီယာဟာ ဟော့လိုင်းတယ်လီဖုန်းကို ခေါ်တဲ့လူ တအား ဖြစ်ချင်နေတယ်ဆိုတာ ဟယ်ရီက သိတယ်။ သူမဟာ ကမ္ဘာပေါ်မှာ ဆူဆူညံညံ အလုပ်နိုင်ဆုံးသူပဲ။ သူ့ ဘဝရဲ့ အချိန်အများပိုင်းကို သူမရဲ့ တရားဥပဒေ လိုက်နာပြီး ငြီးငွေ့စရာကောင်းတဲ့ အိမ်နီးနားချင်းတွေကို စောင့်ကြည့်တဲ့ နေရာမှာ သုံးပစ်တယ်။

"ကြိုးပေးတဲ့ နည်းနဲ့မှ ဒီလူတွေကို ခုခံနိုင်မယ်ဆိုတာ သူတို့ ဘယ်တော့မှ နားလည်မှာလဲ" ဦးလေး ဗာနွံဟာ မိမိရဲ့ ခရမ်းရောင် လက်သီးကြီးနဲ့ စားပွဲကို ထုရင်း ပြောတယ်။

"ရှင်ပြောတာ မှန်တယ်" အဒေါ် ဗီချူနီယာက ပြောတယ်။ သူမဟာ အိမ်ဘေးအိမ်က ပန်းနီပွင့်တဲ့ ပဲပင်ကို မျက်စောင်းထိုး ကြည့်နေတယ်။

ဦးလေး ဗာနွံဟာ မိမိရဲ့ လက်ဖက်ရည်ကို အကုန်သောက်လိုက်ပြီးနောက် လက်ပတ်နာရီကို ကြည့်ကာ ပြောပြန်တယ်။ "ကျုပ် ချက်ချင်း သွားမှပဲ၊ ဗီချူနီယာ၊ မာဂျီရဲ့ ရထားဟာ ဆယ်နာရီဆို ဆိုက်မှာ"

မူလကတော့ ဟယ်ရီဟာ အပေါ်ထပ်က မိုးပျံတံမြက်စည်း ပြုပြင်တဲ့ ကိရိယာ သေတ္တာကို တွေးနေတာ။ ဒီစကားကို ကြားတာနဲ့ လန့်သွားပြီး မပျော်ရွှင်တဲ့ လက်တွေ့ဘဝထဲ ပြန်ရောက်လာတယ်။

"အရီး မာဂျီလား" သူ့ ပါးစပ်က ထွက်သွားတယ်။ "သူမ–သူမ ဒီကို လာတာ မှတ်ဖူးထင်တယ်၊ ဟုတ်လား"

အရီး မာဂျီဟာ ဦးလေး ဗာနွံနဲ့ မောင်နှမ တော်တယ်။ သူမဟာ ဟယ်ရီနဲ့ သွေးတော်စပ်မှု မရှိပေမယ့် (ဟယ်ရီ့အမေနဲ့ အဒေါ် ဖီချူနီယာက ညီအစ်မ)၊ လူတွေက ဟယ်ရီ့ကို အဒေါ်ကြီးလို့ ခေါ်ခိုင်းတယ်။ အရီး မာဂျီဟာ တောမှာ နေတယ်။ အိမ်ဘေးပတ်ပတ်လည်မှာ ပန်းခြံအကြီးကြီး ရှိတယ်။ သူမဟာ အဲ့ဒီမှာ ဖီးခိုနိစ် ခွေးတွေ မွေးတယ်။ သူမဟာ ရေဖယောင်းပင်လမ်းကို သိပ်မလာဘူး။ အကြောင်းက သူမရဲ့ အဖိုးတန်ခွေးတွေကို မခွဲချင်လို့။ ဒါပေမယ့် သူမလာတိုင်း လာတိုင်း ဟယ်ရီ့အဖို့ ကြောက်မက်ဖွယ်၊ လောလောလတ်လတ် သတိရစေတဲ့ အဖြစ်တွေ ကျန်ရစ်ခဲ့တယ်။

ဒါလီ ငါးနှစ်ပြည့်မွေးနေ့ ထမင်းစားပွဲမှာ အရီးမာဂျီဟာ တောင်ဝှေးနဲ့ ဟယ်ရီ့ခြေသလုံးကို တအားရိုက်ခဲ့ဖူးတယ်။ ဂီတ ဟန်အမူအရာ ကစားနည်းထဲမှာ ဒါလီကို နိုင်သွားမှာစိုးလို့။ နှစ်အနည်းငယ် ကြာပြီးနောက် ခရစ်စမတ်ပွဲမှာ သူမ ရောက်လာတယ်။ ဒါလီကို ပေးတဲ့ လက်ဆောင်က ကွန်ပျူတာပါတဲ့ စက်ရုပ်။ ဟယ်ရီ့ကို ပေးတာက ခွေးဘီစကစ် တစ်ထုပ်။ သူမ အရင်တစ်ခါ လာတုန်းက ဟယ်ရီ ဟော့ဂ်ဝပ်မှာ ကျောင်းမနေခင်တစ်နှစ်။ ဟယ်ရီဟာ သူမ ခွေးရဲ့ လက်သည်းကို မတော်တဆ နင်းမိသွားတယ်။ အဲဒီခွေးဟာ ဟယ်ရီ့ကို ပန်းခြံထဲထိ လိုက်ကိုက်တယ်။ သူ သစ်ပင်ပေါ် တက်ပြေးရတယ်။ ဒါပေမယ့် အရီးမာဂျီဟာ သန်းခေါင်ကျော်မှ ခွေးကို အိမ်ထဲပြန်ခေါ်တယ်။ ဒါလီတို့ အိမ်သားတွေ ဒီအကြောင်းပြောမိတိုင်း အူနိုပ် ရယ်ကြတယ်။

"မာဂျီ ဒီမှာတစ်ပတ်နေမယ်" ဦးလေးဗာနွံက ဟောက်ပြောတယ်။ "ဒီအကြောင်း ပြောကြတယ်ဆိုတော့" သူ့ လက်ဝတုတ်ကြီးနဲ့ ဟယ်ရီ့ကို လက်ညှိုးထိုးထားတယ်။ "ငါ သူမကို သွားမကြိုခင်မှာ ရှင်းရှင်း ပြောထားဖို့ လိုတယ်"

ဒါလီဟာ အူကြောင်ကြောင် ရယ်တယ်။ အကြည့်ကို တီဗွီပေါ်က ခွာလိုက်တယ်။ ဒါလီက သူ့အဖေ အနိုင်ကျင့်တာ ခံနေရတဲ့ ဟယ်ရီကို ကြည့်နေတယ်။ ဒါ သူအကြိုက်ဆုံး ဖျော်ဖြေနည်း ဖြစ်လို့ပဲ။

"၁။" ဦးလေး ဗာနွံက အော်တယ်။ "မာဂျီကို စကားပြောရင် မရိုမသေ မလုပ်နဲ့"

"ကောင်းပြီ" ဟယ်ရီက နာကျင်စွာ ပြောတယ်။ "သူမ ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေး ပြောရင်ပေါ့"

"၂။" ဦးလေး ဗာနွံက ပြောတယ်။ ဟယ်ရီ ဖြေတာကို မကြားချင်ယောင်ဆောင်နေတယ်။ "မာဂျီဟာ မင်း ပုံမှန်မရှိတဲ့ ဟာတွေကို မသိသေးဘူး။ ဒါကြောင့် သူမ ဒီမှာ နေတဲ့ကာလမှာ ငါဘယ်လို ပုံမမှန်တဲ့ဟာကိုမှ မတွေ့… မတွေ့ချင်ဘူး။ မင်း ကောင်းကောင်းနေ။ နားလည်လား"

"သူမလည်း ကောင်းကောင်းနေတယ် ဆိုရင်" ဟယ်ရီက အံကြိတ်ပြောတယ်။

"ပြီးတော့ တတိယ အချက်" ဦးလေး ဗာနွံက ပြောတယ်။ အခု သူ့ယုတ်မာတဲ့ မျက်စိလေးဟာ သူ့ ခရမ်းရောင် မျက်နှာကြီးပေါ်မှာ အဟလေးနှစ်ခု ဖြစ်နေတယ်။ "ငါတို့ မာဂျီကို ပြောထားတယ်။ မင်း စိန့် ဘရုစ် လုံခြုံရေးစင်တာ လူငယ် ပြုပြင်ရေးကျောင်းမှာ နေတယ်လို့"

"ဘာ" ဟယ်ရီက အော်တယ်။

"မင်း ဒီတိုင်း ပြောမှ ဖြစ်မယ် ငနဲလေး။ နို့မို့ရင် ကိစ္စတွေ ရှုပ်ကုန်မယ်" ဦးလေး ဗာနွံက ဒေါသနဲ့ ပြောတယ်။

ဟယ်ရီဟာ နေရာတွင် ထိုင်နေရင်း ရင်ထဲ ဒေါသထွက်နေတယ်။ ဒေါသကြောင့် မျက်နှာ သွေးဆုတ်လာတယ်။ သူဟာ ဦးလေး ဗာနွံကို စိုက်ကြည့်နေတယ်။ ဒီလိုပြောတာ ယုံတောင် မယုံနိုင်ဘူး။ အရီး မာဂျီ ဒီမှာ တစ်ပတ်လာနေမယ်… ဒါစလီမိသားစု သူ့ကို ပေးတဲ့ မွေးနေ့လက်ဆောင်ထဲမှာ ဒါ အဆိုးဆုံးပဲ။ ဦးလေးဗာနွံ ပေးတဲ့ ခြေစွပ် အဟောင်းတစ်စုံလည်း ဒီတိုင်းပဲ။

"ကောင်းပြီ ဖီချူနီယာ" ဦးလေး ဗာနွံက ပြောတယ်။ လေးပင်စွာ ထရပ်လိုက်တယ်။ "ဒါဆို ငါ ဘူတာ သွားတော့မယ်။ ဒါလီ အဖေနဲ့ အတူ သွားမလား"

"မသွားဘူး" ဒါလီကပြောတယ်။ အဖေက ဟယ်ရီ့ကို ခြိမ်းခြောက်လို့ ပြီးသွားတော့မှ တီဗွီပေါ် အာရုံပြန်ရောက်သွားတယ်။

"ဒါလီ၊ အရီးကို ကြိုဆိုဖို့ လှလှပပလေး ဝတ်ဆင်ထား" အဒေါ် ဗီချူနီယာက ပြောရင်း ဒါလီရဲ့ ရွှေရောင် ဆံပင်ထူထူကို ပွတ်သပ်နေတယ်။ "အမေက မင်းကို ချစ်စရာကောင်းတဲ့ လိပ်ပြာ လည်စည်း ဝယ်ပေးထားတယ်"

ဦးလေး ဗားနွန်က ဒါလီရဲ့ ဝပြဲပြဲ ပခုံးကို ပုတ်လိုက်တယ်။

"ဒါဆို ပြန်မှ တွေ့ကြမယ်" ဦးလေး ဗားနွန်က ပြောပြီး မီးဖိုချောင်က ထွက်ခွာသွားတယ်။

ဟယ်ရီဟာ အစမှာ လန့်ပြီး ရီဝေစွာ ထိုင်နေတာ။ အခု သူ့မှာ အကြံ ရသွားပြီ။ သူက ပေါင်မုန့်ကို ချထားပြီး အလျင်အမြန် ထရပ်လိုက်တယ်။ ဦးလေး ဗားနွန် နောက်က လိုက်သွားတယ်။

ဦးလေး ဗားနွန်ဟာ အပေါ် အင်္ကျီဝတ်နေတယ်။

"ငါ မင်းကို ခေါ်မသွားဘူးနော်" သူက လှည့်ကြည့်တော့ ဟယ်ရီ သူ့ကို ကြည့်နေတာတွေ့တာနဲ့ ဒီလို အော်ပြောတယ်။

"ကျွန်တော် လိုက်ချင်တယ် ထင်လို့လား" ဟယ်ရီက အေးစက်စက် ပြောတယ်။ "ကျွန်တော် မေးစရာ ရှိလို့"

ဦးလေး ဗားနွန်က ဘာပါလိမ့်ဆိုတဲ့ အမူအရာနဲ့ သူ့ကို ကြည့်နေတယ်။

"ဟော့ဂ်... ကျွန်တော်တို့ကျောင်းက တတိယနှစ်ကျောင်းသားတွေ ဟိုရွာကို လှည့်လည်ကြည့်ရှုခွင့်ရတယ်" ဟယ်ရီက ပြောတယ်။

"ဒါ ဘာဖြစ်လဲ" ဦးလေး ဗားနွန်က ဟောက်တယ်။ တံခါးမကြီးဘေးရှိ ချိတ်ပေါ်က သော့ကို ယူလိုက်တယ်။

"ဦးလေး သဘောတူကြောင်း လက်မှတ်ထိုးပေးစေချင်တယ်" ဟယ်ရီက မနားတမ်း ပြောတယ်။

"ငါက ဘာလို့ သဘောတူရမှာလဲ" ဦးလေး ဗားနွန်က သရော်ပြောတယ်။

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ ပြောမယ့် စကားလုံးကို သတိနဲ့ ရွေးတယ်။ "အရီး မာဂျီရှေ့မှာ ကျွန်တော် ဟိုစိန့် ဘာဆိုတဲ့ နေရာမှာ ကျောင်းနေတယ်လို့ ပြောဖို့ အလွန်ခက်ပါတယ်...."

"စိန့် ဘရုစ် လုံခြုံရေး စင်တာ လူငယ် ပြုပြင်ရေးကျောင်း" ဦးလေး ဗားနွန်က အော်တယ်။ ဟယ်ရီဟာ သူ့ အသံထဲကနေ စိုးရိမ်မှု ပေါ်လွင်နေတာ သိရလို့ တအား ဝမ်းသာသွားတယ်။

"ဒါပဲ" ဟယ်ရီက ပြောတယ်။ ဦးလေး ဗားနွန်ရဲ့ ခရမ်းရောင် မျက်နှာကြီးကို ငြိမ်ငြိမ်လေး ကြည့်နေတယ်။ "သိပ်ရှည်တယ်၊ မမှတ်မိဘူး။ ကျွန်တော် ယုတ္တိရှိရှိ ပြောရမှာ။ ကျွန်တော် သတိလစ်ပြီး တစ်ခုခု ထွက်သွားရင် ဘယ်လို လုပ်မလဲ"

"မင်း နာချင်လို့လား၊ ဟုတ်လား" ဦးလေး ဗားနွန်က ဒေါသနဲ့ ဝေါက်တယ်။ လက်သီးမြှောက်ပြီး ဟယ်ရီ့ဆီ လျှောက်လာတယ်။ ဒါပေမယ့် ဟယ်ရီက နေရာတွင် မလှုပ်မယှက် ရပ်နေတယ်။

"ကျွန်တော်နာရင် အရီး မာဂျီကြီးဟာ ကျွန်တော် သူမကို ပြောပြမယ့် အကြောင်းတွေ မေ့တော့မှာ မဟုတ်ဘူး" ဟယ်ရီက မှုန်တေတေပြောတယ်။

ဦးလေး ဗားနွန် ရပ်သွားတယ်။ လက်သီးက မိုးပေါ်မှာ မြှောက်ထားဆဲ။ မျက်နှာကတော့ ဒေါသကြောင့် မည်းပုပ်နေတယ်။

“ဒါပေမယ့် ကျွန်တော့်ကို သဘောတူကြောင်း ဇယားမှာ လက်မှတ်ထိုးပေးမယ် ဆိုရင်တော့” ဟယ်ရီက ဆက်တိုက် ပြောတယ်။ “ကျွန်တော် ဘယ်ကျောင်းမှာ နေနေတယ်ဆိုတာ ကျွန်တော်မှတ်မိမယ်လို့ ကျိန်ပြောတယ်။ ပြီးတော့ ကျွန်တော် မတ် ... လူသာမန်တွေလို စကားပြော အလုပ်လုပ်ပါမယ်”

ဦးလေးဗားနွန် စဉ်းစားနေတာ ဟယ်ရီတွေ့ရတယ်။ သူ့သွားတွေပေါ်နေပြီး နားထင်မှာ သွေးကြောတစ်ခု ခုန်နေတယ်။

“ကောင်းပြီ” နောက်ဆုံးမှာ ငေါက်ပြောတယ်။ “မာဂျီရှိတဲ့ အချိန်အတွင်း မင်း အပြုအမူတွေကို ငါ သတိထားကြည့်မယ်။ တကယ်လို့ နောက်ဆုံးအချိန်ထိ မင်း စည်းကမ်းလိုက်နာပြီး ဒီအတိုင်း ပြောခဲ့ရင် ငါ မင်း ဇယားစုတ်ပေါ်မှာ လက်မှတ် ထိုးပေးမယ်”

သူ လှည့်ပြီး အိမ်ရှေ့တံခါးကို ဆွဲဖွင့်တယ်။ တစ်ခါ ဆောင့်ပိတ်လိုက်တယ်။ သူ ဆောင့်ပိတ်တာ အားကြီးလွန်းလို့ တံခါး အပေါ်ဘက်က မှန်တစ်ချပ်တောင် ပြုတ်ကျလာတယ်။

ဟယ်ရီ မီးဖိုထဲ ပြန်မသွားဘူး။ အပေါ်ထပ်က မိမိ အိပ်ခန်းထဲ ပြန်သွားတယ်။ လူသာမန်တွေလို လုပ်မယ်ဆိုရင် အခုကတည်းက စတာကောင်းမယ်။ သူဟာ နှေးကွေးပြီး ဝမ်းနည်းစွာနဲ့ မိမိရဲ့ လက်ဆောင်အားလုံးနဲ့ မွေးနေ့ကဒ် အားလုံးကို စုပြီး သူ့ အိမ်စာနဲ့အတူ လှုပ်နေတဲ့ ကြမ်းအောက်မှာ ဝှက်ထားလိုက်တယ်။ ဒီနောက် ဟက်ဒဝစ်လှောင်အိမ်ဆီ လျှောက်သွားတယ်။ အဲရော်ကြည့်ရတာ အားပြန်ပြည့်နေပြီ။ ၎င်းနဲ့ ဟက်ဒဝစ်တို့ အားလုံး အိပ်နေတယ်။ ခေါင်းကို တောင်ပံအောက် ဝှက်ထားတယ်။ ဟယ်ရီက သက်ပြင်းချလိုက်ပြီး သူတို့ကို လှုပ်နှိုးတယ်။

“ဟက်ဒဝစ်” သူက မပျော်မရွှင် ပြောတယ်။ “မင်း ဒီကနေ တစ်ပတ်လောက် ထွက်သွားမှ ဖြစ်မယ်။ အဲရော်နဲ့အတူ သွားကြ။ ရွန်က မင်းတို့ကို ပြုစုလိမ့်မယ်။ ငါ သူ့ကို စာတိုလေး ရေးပေးလိုက်မယ်။ သူ့ကို ရှင်းပြမယ်။ ငါ့ကို ဒီလိုကြီး ကြည့်မနေနဲ့” ဟက်ဒဝစ်ရဲ့ ပယင်းရောင် မျက်လုံးထဲမှာ အပြစ်တင်တဲ့ သဘောပေါ်လွင်နေတယ်။ “ဒါ ငါ့အမှား မဟုတ်ဘူး။ ဒီလိုလုပ်မှ ငါ့ကို ရွန်တို့ ဟာမီးတို့နဲ့အတူ ဟော့ဂ်မော့ဒ်ကို သွားခွင့်ပြုမှာ”

ဆယ်မိနစ်ကြာတော့ အဲရော်နဲ့ ဟက်ဒဝစ် (၎င်းခြေထောက်ပေါ်မှာ ရွန့်ကို ပေးတဲ့ စာတိုလေး ချည်ထားတယ်။) တို့ ပြတင်းပေါက်ကနေ ပျံထွက်သွားကြပြီ။ မမြင်ရတော့ဘူး။ အခု ဟယ်ရီဟာ လုံးဝ ဝမ်းနည်းကျန်ရစ်တယ်။ ဟက်ဒဝစ်ရဲ့ လှောင်အိမ်ကို ဗီရိုထဲ သိမ်းထားလိုက်တယ်။

ဒါပေမယ့် ဟယ်ရီ အတွေးထဲ နစ်မြုပ်နေဖို့ အချိန် သိပ်မရဘူး။ မကြာခင်မှာပဲ အဒေါ်ဖီချူနီယာဟာ လှေခါးဆီကနေ သူ့ကို အောက်ဆင်းပြီး ဧည့်သည်ကြိုဆိုဖို့ စူးရှစွာ အော်ခေါ်ပါတော့တယ်။

ဟယ်ရီက မိမိဆံပင်ကို သပ်ရပ်အောင် လုပ်တာ ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ထင်တယ်။ အရီးမာဂျီဟာ သူ့ကိုပဲ ဝေဖန်ချင်နေတာ။ ဒါကြောင့် ဟယ်ရီ မသပ်ရပ်လေ သူမက ဝမ်းသာလေပဲ။

ခဏလေးနေတော့ ကျောက်စလစ်ခဲလေးတွေ ကြွိကြွိသံ ပေါ်လာတယ်။ ဒါဟာ ဦးလေးဗားနွန်ကား အိမ်ရှေ့ ကားဝင်လမ်းထဲ ဝင်လာတာ။ ဒီနောက် ကားတံခါး ပိတ်သံ၊ ဒိပြင် ပန်းခြံလမ်းကလေးပေါ်က လမ်းလျှောက်သံ။

“အဝကို သွား” အဒေါ်ဖီချူနီယာက ဟယ်ရီ့ကို အော်ပြောတယ်။

ဟယ်ရီဟာ စိတ်ထဲ မကျေမနပ်နဲ့ တံခါးကို ဖွင့်လိုက်တယ်။

အရီးမာဂျီ တံခါးဝမှာ ရပ်နေတယ်။ သူမဟာ ဦးလေးဗားနွန်နဲ့ သိပ်တူတယ်။ ထောင်ထောင်မောင်းမောင်း၊ ခရမ်းရောင် မျက်နှာ၊ နှုတ်ခမ်းမွေးတောင် ရှိသေးတယ်။ ဦးလေးဗားနွန်လောက် မထူတာပဲ ရှိတယ်။ သူမဟာ လက်တစ်ဖက်က ဧရာမ လက်ဆွဲ သေတ္တာကြီးကို ကိုင်ပြီး ကျန်လက်တစ်ဖက်နဲ့ အလွန်ဆိုးတဲ့ ခွေးအိုကြီး ရစ်ဖီကို ချိုင်းအောက်မှာ ပိုက်ထားတယ်။

“ငါ့ ဒါလီလေး ဘယ်မှာလဲ” အရီး မာဂျီက အော်တယ်။ “ငါ့ တူအချစ်လေးရေ”

ဒါလီဟာ ယိမ်းယိမ်းယိုင်ယိုင်နဲ့ အထဲက ထွက်လာတယ်။ သူ့ ရွှေရောင် ဆံပင်ဟာ ပြားနေတဲ့ ဦးခေါင်းပေါ်ကပ်နေတယ်။ သူ့ရဲ့ အထပ်ထပ် မေးစေ့အောက်မှာ လိပ်ပြာလည်စည်းကို မမြင့်တမြင် တွေ့ရတယ်။ အရီးမာဂျီဟာ လက်ဆွဲသေတ္တာကို ဟယ်ရီ့ရင်ထဲ တွန်းထည့်လိုက်တယ်။ သူ့ကို ဖိမိလို့ အသက်တောင် မရှူနိုင်ဘူး။ သူမဟာ လက်တစ်ဖက်နဲ့ ဒါလီကို တအားဖက်ထားတယ်။ တစ်ချိန်တည်းမှာ ဒါလီ့ပါးကို တအား နမ်းလိုက်တယ်။

ဒါလီဟာ သူ့ အရီးမာဂျီ ပွေ့ဖက်တာခံနေတာဟာ သူ အဖိုးအခ ကောင်းကောင်း ရမှာမို့ဆိုတာ ဟယ်ရီ ကောင်းကောင်း သိတယ်။ အဖြစ်ကလည်း ဒီတိုင်းပါပဲ။ ဒီ လူနှစ်ယောက် ခွဲခွာလိုက်တော့ ဒါလီ့လက်ထဲမှာ ပေါင် ၂၀တန် ငွေစက္ကူအသစ် စက်စက် ဆုပ်ကိုင်မိလျက်သား ဖြစ်နေပြီ။

"ဗီချူနီယာ" အရီးမာဂျီက အော်တယ်။ ဟယ်ရီကို ခြေလှမ်းကျဲကျဲ ဖြတ်ကျော်သွားတယ်။ ဟယ်ရီ့ကို ဦးထုပ်ချိတ်တဲ့တိုင်လို့သာ သဘောထားသလိုပဲ။ အရီးမာဂျီနဲ့ အဒေါ်ဗီချူနီယာ နမ်းကြတယ်။ အရီးမာဂျီရဲ့ မေးစေ့ကြီးနဲ့ အဒေါ်ဗီချူနီယာရဲ့ ပိန်ကပ်တဲ့ပါးရိုးပေါ် တိုက်ခတ်လိုက်တယ်လို့ ပြောဖို့ကောင်းတယ်။

အခု ဦးလေးဗာနွန် ဝင်လာပြီး တံခါးပိတ်တဲ့အခါမှာ အလွန် ပျော်သလိုပဲ။

"လက်ဖက်ရည် သောက်မလား မာဂျီ" သူက မေးတယ်။ "ရစ်ဖီ ဘာသောက်မလဲ"

"ရစ်ဖီ ကျွန်မ လက်ဖက်ရည်ပန်းကန်ပြားထဲက လက်ဖက်ရည် တိုက်လိုက်မယ်" အရီးမာဂျီက ပြောတယ်။ ဒါနဲ့ သူတို့ မီးဖိုချောင်ထဲ အလျှိုလျှို ဝင်သွားတယ်။ ဟယ်ရီ တစ်ယောက်ထဲသာ လက်ဆွဲ သေတ္တာကိုင်ပြီး အပြင်ခန်းထဲမှာ ကျန်ရစ်ခဲ့တယ်။ ဒါပေမယ့် ဟယ်ရီက အပြစ်မတင်ဘူး။ သူ့အဖို့ ပြောရရင် အရီး မာဂျီနဲ့ အတူမနေရတဲ့ အကြောင်းပြချက်အားလုံး ကောင်းနေတာပဲ။ ဒါကြောင့် သူဟာ ဒီသေတ္တာကို အပေါ်ထပ်အခန်းလွတ်တွင်းသို့ ကြိုးစားတင်တယ်။ ဒီအလုပ် လုပ်တဲ့အချိန်ကို ကြာနိုင်သလောက် ကြာအောင် ဆွဲလုပ်တယ်။

သူ မီးဖိုချောင် ပြန်ရောက်လာတော့ အရီးမာဂျီဟာ လက်ဖက်ရည် သောက်နေပြီ။ သစ်သီးကိတ် စားနေပြီ။ ရစ်ဖီကတော့ အခန်းထောင့်မှာ ဆူညံစွာ ကျက်စားနေတယ်။ အဒေါ်ဗီချူနီယာဟာ သူမရဲ့ သန့်ရှင်းတဲ့ ကြမ်းပြင်ပေါ်မှာ လက်ဖက်ရည်တွေ၊ သွားရည်တွေ ပေကျံနေတာမြင်တော့ တွန့်သွားတယ်။ ဟယ်ရီက ဒါကို မြင်တယ်။ အဒေါ်ဗီချူနီယာဟာ တိရစ္ဆာန်ကို မုန်းတယ်။

"ကျန်ခွေးတွေကို ဘယ်သူ ပြုစုသလဲ မာဂျီ" ဦးလေးဗာနွန်က မေးတယ်။

"ဩော် ဗိုလ်မှူးကြီးဖိုစတာကို ကြည့်ရှုဖို့မှာခဲ့တယ်" အရီး မာဂျီဟာ ရွှန်းပစွာ ပြောတယ်။ "သူ အခု အလုပ်က နားပြီ။ တစ်ခုခု လုပ်နေတာ သူ့အတွက် အကျိုးရှိတယ်။ ကိုယ်ကတော့ သနားစရာ ရစ်ဖီနဲ့ မခွဲနိုင်ဘူး။ ရစ်ဖီ ကိုယ်နဲ့အတူ မရှိရင် ပိန်သွားမှာ"

ဟယ်ရီထိုင်လိုက်တဲ့ အချိန်မှာ ရစ်ဖီက စဟောင်တယ်။ အရီးမာဂျီဟာ ခုမှ ဟယ်ရီ့ကို သတိပြုမိတယ်။

"ဒီလိုဆိုတော့" အရီးမာဂျီက ဒေါသနဲ့ ပြောတယ် "မင်း ဒီမှာ ရှိနေသေးတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။

"ဒီလို ကြီးမှန်း ငယ်မှန်း မသိတဲ့ လေသံနဲ့ 'ဟုတ်တယ်'လို့ မပြောနဲ့" အရီးမာဂျီက ဟောက်တယ်။ "ဗာနွန်နဲ့ ဗီချူနီယာတို့ မင်းကို လက်ခံထားတာ သူတို့ သိပ်ကို ကောင်းလှပြီ။ ငါသာဆိုရင် လက်မခံပေါင်။ တစ်ယောက်ယောက်က မင်းကို ငါ့တံခါးမကြီးအဝ လာချထားရင် မင်း မိဘမဲ့ ကလေးထိန်းဌာနကို တန်းသွားရမှာ"

ဟယ်ရီဟာ ဒါစလီမိသားစုနဲ့ နေရမယ့်အစား သူ မိဘမဲ့ဌာနမှာ သွားနေချင်သေးတယ်လို့ ပြောလိုက်ချင်တယ်။ ဒါပေမယ့် ဟိုသဘောတူကြောင်း ဖယားကို သတိရတာနဲ့ မပြောဘဲ အောင့်နေလိုက်တယ်။ သူဟာ နာကျင်စွာ အပြုံးရိပ်ကလေး တစ်ခု ပြလိုက်တယ်။

"ငါ့ကို ဟန်ဆောင် ရယ်မပြနဲ့" အရီး မာဂျီ အသံ တအုန်းအုန်း ထွက်ပေါ်လာတယ်။ "ငါသိတယ်။ မင်းကို အရင် တစ်ခါတွေ့ကတည်းက ခုထိ မင်းဘာမှ တိုးတက်တာ မတွေ့ဘူး။ ကျောင်းက မင်းကို ယဉ်ကျေးအောင် အတင်း သင်ကြားစေချင်တယ်" သူမဟာ လက်ဖက်ရည်တစ်လုတ်ကြီး မျိုချတယ်။ သူမ နှုတ်ခမ်းမွေးကို သုတ်ပြီး ပြောပြန်တယ်။ "ဗာနွံ၊ ကိုယ် မေ့သွားပြီ၊ သူ့ကို ဘယ်ပို့ထားတယ်"

"စိန့် ဘရုစ်" ဦးလေးဗာနွံက ချက်ချင်းဖြေတယ်။ "ကယ်တင်လို့ မရတဲ့ သူတွေအဖို့ အဲဒါ ပထမတန်းစား ဌာနပဲ"

"နားလည်ပါပြီ" အရီးမာဂျီက ပြောတယ်။ "ဟဲ့ ကောင်လေး၊ စိန့် ဘရုစ်က လူတွေ ကြိမ်လုံး သုံးသလား" သူမဟာ စားပွဲ ဟိုဘက်ကနေ ဒေါသနဲ့ မေးတယ်။

"ဟင်---"

ဦးလေး ဗာနွံဟာ အရီး မာဂျီ ကျောဘက်ကနေ ခေါင်းညိတ်ပြလိုက်တယ်။

"ဟုတ်တယ်လေ" ဟယ်ရီက ပြောတယ်။ ဒီနောက် သူ့အနေနဲ့ ပိုတူအောင် လုပ်ရမယ် အထင်နဲ့ ပြောလိုက်တယ်။ "တစ်လျှောက်လုံး သုံးတယ်"

"သိပ်ကောင်းတယ်" အရီး မာဂျီက ပြောတယ်။ "ငါ ကွိကွိကွကွနဲ့ အဓိပ္ပာယ် မရှိတဲ့ စကားတွေကို မကြားချင်ဘူး။ သူတို့က ရိုက်သင့်တဲ့ သူတွေကို မရိုက်နဲ့တဲ့။ ဒီလို လူစားမျိုးတွေမှာ ဆယ်ယောက်ကို ကိုးယောက်က ရေရေလည်လည် ရိုက်ပစ်ရမှာ။ မင်း ခဏ ခဏ အရိုက်ခံရလား"

"အော-ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "အကြိမ် အများကြီးပဲ"

အရီး မာဂျီဟာ မျက်စိမှေးထားတယ်။

"မင်း စကားပြောတဲ့ လေသံကို ငါ ကြိုက်ကို မကြိုက်ဘူး ငနဲလေး" သူမက ပြောတယ်။ "မင်း ဒီလို အရေးမလုပ်တဲ့ လေသံနဲ့ အရိုက်ခံရတာကို ပြောတာထောက်ရင် သူတို့ မင်းကို ရိုက်တာ နည်းသေးလို့ပဲ။ ဗီချူနီယာ ငါသာ နင်ဆိုရင် ကျောင်းကို သေချာ စာရေးပြီး ဒီငနဲလေးကို အဆုံးစွန် အားသုံး ဆုံးမတာ သဘောတူတယ်လို့ ပြောမှာ"

ဦးလေးဗာနွံဟာ သူတို့ကြားက အပေးအယူ လုပ်ထားတာ ဟယ်ရီ မေ့သွားမှာ စိုးလို့ထင်တယ်။ ဘာပဲဖြစ်ဖြစ် သူ စကားကို တခြား လွှဲပြောလိုက်တယ်။

ဒါလီဟာ စတုတ္ထအစာသွတ်ပတ်ကို စားနေတယ်။ အဒေါ် ဗီချူနီယာဟာ လက်သန်းလေးကော့ကာ ကော်ဖီ သောက်နေတယ်။ ဟယ်ရီဟာ မိမိအခန်းကို ပြန်ချင်နေတယ်။ ဒါပေမယ့် သူ့ ဦးလေးဗာနွံရဲ့ ဒေါသမျက်လုံးနဲ့ သွားတိုးတယ်။ ဒါကြောင့် သူဒီမှာ အားလုံး စားပြီးတဲ့အထိ နေရမယ်လို့ သိလိုက်တယ်။

"အား" အရီးမာဂျီက ပြောတယ်။ ပါးစပ်ကို တဖျတ်ဖျတ်လုပ်လိုက်တယ်။ သောက်လို့ ကုန်သွားတဲ့ ခွက်ကို ချထားလိုက်တယ်။ "သရေစာက သိပ်ကောင်းတာပဲ ဗီချူနီယာ။ ခါတိုင်းဆိုရင် ညစာမှာ အကြော် တစ်မျိုးမျိုးသာစားတာ။ ခွေး ၁၂-ကောင်တောင် ပြုစုရမှာလေ..." သူမဟာ ကျယ်လောင်စွာ ကြို့ထိုးလိုက်တယ်။ သူမ ဗိုက်ကြီးကို ပုတ်လိုက်တယ်။ "ခွင့်လွှတ်ပါ။ ဒါပေမယ့် ကျွန်မက ကျန်းမာပြီး ပုံမှန်ရှိတဲ့ ကလေးကို မြင်ချင်တာ" သူမ ဆက်ပြောတယ်။ ဒါလီကို မျက်စိမှိတ်ပြတယ်။ "မင်း ကိုယ်ခန္ဓာ ပုံမှန်ရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်လာလိမ့်မယ်။ ဒါလီလေး မင်း အဖေလိုမျိုးပေါ့။ အော-ဗာနွံ ငါ ဘရန်ဒီ နည်းနည်း သောက်ချင်သေးတယ်..."

"အိုး ဒီတစ်ယောက်-----"

သူမက ခေါင်းကို ဟယ်ရီဘက် ခါပြလိုက်တယ်။ ဟယ်ရီဟာ ဗိုက်ထဲ တစ်ချက်တင်းသွားတယ်။ လမ်းညွှန်စာအုပ်။ သူက သူ့ကိုယ်သူ သတိပေးတယ်။

"ဒီ တစ်ယောက်ဟာ ယုတ်မာပြီး ကိုယ်ကျိုးကြည့်တတ်တယ်။ လူပုံမှန်တွေထက် သေးငယ်တယ်။ ခွေးမှာလဲ ဒီလိုမျိုးရှိတယ်။ မနှစ်က ငါ ဗိုလ်မှူးကြီး ဖိုစတာကို ခွေးတစ်ကောင် ရေနှစ် သတ်ခိုင်းလိုက်တယ်။ အဲဒီ ခွေးဟာ ကြွက်လို အကောင်သေးသေး။ အားနည်းတယ်။ မဖွံ့ဖြိုးဘူး"

ဟယ်ရီဟာ လမ်းညွှန်စာအုပ် စာမျက်နှာ ၁၂ကို ပြန်စဉ်းစားတယ်။ တွေးခေါ်ပုံ မပျော့ပျောင်းခြင်းကို ပြုပြင်တဲ့ ဂါထာ။

"ဒါဟာ မျိုးရိုး မကောင်းလို့ပေါ့။ ဟိုနေ့က ငါ ဒီလိုပဲ ပြောတယ်။ မကောင်းတဲ့ မျိုးရိုးဆိုတာ ပေါ်တာပါပဲ။ ငါ နင်တို့ အိမ်ကို မကောင်းပြောနေတာ မဟုတ်ဘူး၊ ဗီချူနီယာ..." သူမဟာ သူမရဲ့ ဂေါ်ပြားလေးနဲ့ တူတဲ့ လက်နဲ့ ဗီချူနီယာရဲ့ အရိုးပဒေသာလက်ကို ပုတ်လိုက်တယ်။ "ဒါပေမယ့် နင့်ညီမကတော့ မကောင်းတဲ့ကောင်မ။ သူမဟာ အကောင်းဆုံးအိမ်ထောင်မှာ မွေးဖွားတာ။ ဒီနောက် သူမဟာ အသုံးမကျတဲ့ကောင်နဲ့ လိုက်ပြေးတယ်။ အကျိုးဆက်ကတော့ ငါတို့ မျက်ဝါးထင်ထင် တွေ့မြင်ရပြီ"

ဟယ်ရီဟာ မိမိ ပန်းကန်ပြားကို စိုက်ကြည့်နေရင်း နားထဲမှာ ထူးဆန်းတဲ့ အသံတစ်မျိုး ရှိနေတယ်။ တံမြက်စည်း အမြီးပိုင်းကို မြဲမြဲကိုင်ထား။ သူဟာ စိတ်ထဲမှာ ရွတ်ဆိုနေတယ်။ ဒါပေမယ့် ဘာဆက်ရမယ်ဆိုတာ သူမမှတ်မိတော့ဘူး။ အရီး မာဂျီရဲ့ အသံဟာ သူ့နှလုံးသားထဲ အတင်းစူးဝင်နေတယ်။ ဦးလေး ဗာနွံရဲ့ ဖောက်စက်လိုပဲ။

"ဒီ ပေါ်တာဆိုတာ" အရီး မာဂျီက အကျယ်ကြီး ပြောတယ်။ ဘရန်ဒီ ပုလင်းကို ဆွဲယူပြီး သူမ အရက်ခွက်ထဲနဲ့ စားပွဲခင်းပေါ်ကို ဖိတ်ဖိတ်စဉ်စဉ် အရက်အနည်းငယ် သွန်ချလိုက်တယ်။ "မင်း ငါ့ကို သူ ဘာအလုပ်လုပ်တယ်ဆိုတာ တစ်ခါမှ မပြောဖူးပါလား"

ဦးလေးဗာနွံနဲ့ အဒေါ်ဗီချူနီယာဟာ အာရုံ စူးစိုက်နေပုံရတယ်။ ဒါလီတောင် သူ့မုန့်စားနေရာက ခေါင်းထောင်လာပြီး သူ့မိဘကို ငိုင်ကြည့်နေတယ်။

"သူ... အလုပ် မလုပ်ဘူး" ဦးလေးဗာနွံက ပြောတယ်။ ဟယ်ရီကို တစ်ချက် စောင်းငဲ့ကြည့်လိုက်တယ်။

"အလုပ် ပြုတ်သွားတာ"

"ငါ ခန့်မှန်းတာ မမှားပါဘူးနော်" အရီး မာဂျီက ပြောတယ်။ ဘရန်ဒီ တစ်လုတ်ကြီး ကျိုက်ချလိုက်ပြီး ပါးစပ်ကို အင်္ကျီလက်မောင်းနဲ့ သုတ်လိုက်တယ်။ "တန်ဖိုးမရှိ၊ ရစရာမရှိ၊ ပျင်းရိတဲ့သူတောင်းစား၊ ဒီ လူစားမျိုး..."

"သူ ဒီလူစားမျိုး မဟုတ်ဘူး" ဟယ်ရီက ရုတ်တရက် ပြောလိုက်တယ်။ ထမင်းစားပွဲမှာ ဘယ်သူမှ စကားမပြောဘူး။ ငြိမ်သက်နေတယ်။ ဟယ်ရီတစ်ကိုယ်လုံး တုန်နေတယ်။ သူ့ဘဝမှာ ဒီလို တစ်ခါမှ ဒေါသမထွက်ဖူးဘူး။

"ဘရန်ဒီ နည်းနည်း သောက်ဦး" ဦးလေးဗာနွံက အော်တယ်။ သူ့မျက်နှာဟာ ဖြူနေပြီ။ သူဟာ ပုလင်းထဲက အရက်အားလုံး အရီးမာဂျီ ခွက်ထဲ သွန်ထည့်လိုက်တယ်။ "မင်း၊ ငနဲလေး" သူက ဟယ်ရီ့ကို ရိုင်းပျစွာ ပြောတယ်။ "သွားအိပ်ချေ သွား..."

"ဟင့်အင်း ဗာနွံ" အရီးမာဂျီဟာ ကြို့ထိုးရင်း ပြောတယ်။ လက်တစ်ဖက်ကိုလည်း မြှောက်ထားတယ်။ သူမရဲ့ နီနေတဲ့ မျက်စိမှေးမှေးလေးနဲ့ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ "ဆက်ပြော၊ ငနဲလေး၊ မင်းမိဘအတွက် ဂုဏ်ယူတယ် ဟုတ်လား။ သူတို့ ခရီးသွားတာ ယာဉ်တိုက်တာနဲ့ တိုးတယ်၊ သေရော... ငါထင်တယ်၊ အရက် မူးနေလို့နဲ့ တူတယ်..."

"သူတို့ ယာဉ်တိုက်လို့ သေတာ မဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ မသိလိုက်ဘဲ ထရပ်မိနေပြီ။

"သူတို့ဟာ ယာဉ်တိုက်လို့ သေတာ၊ လိမ်ပြောတဲ့ အကောင်။ သူတို့က မင်းဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကို ပစ်ထားခဲ့တယ်။ ဂုဏ်သရေရှိတဲ့၊ အလုပ်ကြိုးစားတဲ့ ဆွေမျိုးတွေဆီ ပစ်ထားခဲ့တယ်" အရီးမာဂျီဟာ စူးရှစွာ အော်ပြောတယ်။ ဒေါသထွက်လို့ ဝက်ဝက်ကွဲနေတယ်။ "နင်ဟာ မောက်မာတယ်။ မယဉ်ကျေးတဲ့ ကျေးဇူးမတင်တတ်တဲ့ ကောင်..."

ဒါပေမယ့် အရီး မာဂျီဟာ ရုတ်တရက် စကား မပြောတော့ဘူး။ တော်တော်ကြာကြာ သူမ အ, သွားသလို စကားပြော မထွက်တော့ဘူး။ သူမဟာ ဒေါသ ပေါက်ကွဲခွင့် မရတဲ့အတွက် ဖောင်းပွလာသလိုပဲ… ဒါပေမယ့် ဒီလို ဖောင်းပွလာမှုဟာ ရပ်မသွားဘူး။ သူမရဲ့ နီရဲနေတဲ့ မျက်နှာကြီး ကားထွက်လာတယ်။ သူမရဲ့ မျက်စိမှေးမှေးဟာ ပြူးထွက်လာတယ်။ သူမ ပါးစပ်က အကျယ်ကြီး ဟနေတယ်။ စကားပြောလို့ မရဘူး။ တစ်စက္ကန့်ကြာတော့ သူမရဲ့ သက္ကလပ်အင်္ကျီပေါ်က ကြယ်သီးတွေ ပြုတ်ထွက်လာပြီး နံရံပေါ် တဒိုင်းဒိုင်း သွားမှန်တယ်… သူမဟာ ဖောင်းပွနေတယ်။ ကြောက်စရာ ဗူဖောင်းကြီးလိုပဲ။ သူမ ဗိုက်ကြီးဖောင်းပွလာလို့ သက္ကလပ်ခါးပတ်ကို ပြတ်ထွက်သွားစေတယ်။သူမရဲ့ လက်ချောင်းတိုင်းဟာ ဝက်အူချောင်းကြီးတွေလောက် ရှိတယ်။

"မာဂျီ"

ဦးလေးဗားနွန်နဲ့ အဒေါ်ဖီချူးနီးယားတို့ အတူတကွ အော်ကြတယ်။ ဒီအချိန်မှာ အရီး မာဂျီရဲ့ ကိုယ်ကြီးဟာ သူမ ထိုင်ခုံကိုခွာပြီး မျက်နှာကြက်ဆီ ပျံတက်သွားတယ်။ အခု သူမဟာ အလုံးကြီး ဖြစ်နေပြီ။ သူမဟာ မျက်လုံးလေးနှစ်ခုရှိတဲ့ အသက်ကယ်ကွင်းလိုပဲ။ သူမ မိုးပေါ်လွင့်ပျံနေတဲ့အခါမှာ လက်နှစ်ဖက်နဲ့ ခြေနှစ်ချောင်းဟာ ထူးဆန်းစွာ ဆန့်တန်းနေတယ်။ ပေါက်ကွဲသံ တစ်ချက်ပြီး တစ်ချက် ပေါ်လာတယ်။ ရစ်ဖီ အခန်းထဲ ဝင်လာပြီး အရူးအမူး ဟောင်နေတယ်။

"မလုပ်နဲ့…"

ဦးလေးဗားနွန်က အရီးမာဂျီရဲ့ ခြေတစ်ချောင်းကို ဆွဲတယ်။ သူမကို အောက်ဆွဲချချင်တယ်။ ဒါပေမယ့် သူကိုယ်နှိုက်တောင် ပြန်အဆွဲခံရလို့ ကြမ်းနဲ့ လွတ်သွားတော့မလို့။ နောက် တစ်စက္ကန့် ကြာတော့ ရစ်ဖီဟာ ရှေ့သို့ ခုန်ထွက်ပြီး ဦးလေး ဗားနွန် ခြေထောက်ကို ကိုက်ထားလိုက်တယ်။

ဟယ်ရီကို မတားရခင်မှာပဲ ဟယ်ရီ ဒီအခန်းထဲက ထွက်ခွာသွားပြီး လှေခါးအောက်က ဗီရိုဆီ ပြေးသွားတယ်။ သူ ဟိုအနားရောက်တော့ ပန်းကန်ဗီရိုဟာ ထူးဆန်းစွာ ပွင့်လာတယ်။ စက္ကန့် အနည်းငယ်အတွင်းမှာ သူဟာ သူ့အင်္ကျီသေတ္တာကို မပြီး တံခါးမကြီးမှာ ချထားလိုက်ပြီ။ သူဟာ အမြန်ဆုံး အပေါ်ထပ်ကို ပြေးတက်၊ ကုတင်အောက်ကို ထိုးဝင်၊ လှုပ်နေတဲ့ ပျဉ်ချပ်ကို လှန်ပြီး သူ့ စာအုပ်တွေနဲ့ မွေးနေ့လက်ဆောင်တွေ ထည့်ထားတဲ့ ခေါင်းအုံးစွပ် ကို ဆွဲထုတ်လိုက်တယ်။ သူဟာ ကိုယ်ကို တွန့်လိမ်ပြီး ကုတင်အောက်က ထွက်ခဲ့တယ်။ ဟက်ဒဝစ်ရဲ့ လှောင်အိမ်ကို ဖတ်ခနဲ ဆွဲယူပြီး လှေခါးကို ပြေးဆင်း… သူ့ သေတ္တာ ရှိရာ ပြေးခဲ့တယ်။ ဒီအချိန်မှာ ဦးလေးဗားနွန် ထမင်းစားခန်းက ထွက်လာနေတယ်။ သူ့ ဘောင်းဘီ ခြေထောက်တွေ အဝတ်စုတ်လို တစ်စစီ တွဲလောင်းကျနေတယ်။

"ဒီကို ပြန်လာခဲ့" သူက အော်ဟောက်တယ်။ "ပြန်လာခဲ့။ နဂိုအတိုင်း ဖြစ်အောင် ပြန်လုပ်ပေး"

ဒါပေမယ့် ဟယ်ရီဟာ ဘာမှ မမှုတော့တဲ့ ဒေါသပေါက်ကွဲနေတယ်။ သူဟာ အဝတ်သေတ္တာကို ခြေနဲ့ ကန်လိုက်ပြီး သူ့ မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ မှော်ကြိမ်လုံးနဲ့ ဦးလေး ဗားနွန်ကို ချိန်ထားတယ်။

ဟယ်ရီက ပြောတယ်။ အသက်ရှူ မမှန်ဘူး။ "သူမ ထိုက်နဲ့ သူမကံ ခင်ဗျား ဝေးဝေးမှာနေ"

သူဟာ ကျောဘက်က တံခါးဂျက်ကို စမ်းတယ်။

"ကျွန်တော် သွားပြီ" ဟယ်ရီက ပြောတယ်။ " ကျွန်တော် မခံနိုင်တော့ဘူး"

ခဏနေတော့ သူ မှောင်မည်း ငြိမ်သက်တဲ့ လမ်းပေါ် ရောက်လာပြီ။ သူ့နောက်မှာ လေးပင်တဲ့ သေတ္တာကြီးကို ဆွဲလာတယ်။ ချိုင်းအောက်မှာ ဟက်ဒဝစ် လှောင်အိမ် ညှပ်ထားတယ်။

• • • • • • •

## ၃။ မြင်းစီးသူရဲ ဘတ်စကား

ဟယ်ရီ အားပျော့စွာ တတိုင်းမွေးလသစ်လမ်းက ခြံစည်းရိုးနိမ့်ပေါ် ထိုင်မိတော့ သူ အိမ်နဲ့လမ်းအချို့က တစ်နေရာမှာ ရောက်နေပြီ။ သေတ္တာကို ဆွဲလာရလို့ တဟောဟောမောဟိုက်နေတယ်။ သူအလွန် ငြိမ်သက်စွာ ထိုင်နေတယ်။ ရင်ထဲက ဒေါသမီး မငြိမ်းသေးဘူး။ နှလုံးက တဒိုင်းဒိုင်းခုန်နေတယ်။

ဒါပေမယ့် ဒီလို မှောင်မည်းတဲ့ လမ်းထဲမှာ ဆယ်မိနစ်ခန့် ထိုင်နေပြီးနောက် ခံစားမှုအသစ်တစ်ခု သူ့ရင်ထဲ ထိုးဝင်လာတယ်။ အဲဒါကတော့ ထိတ်လန့်မှုပဲ။ ဘာပဲဖြစ်ဖြစ် သူဟာ ခုချိန်ထက်ဆိုးတဲ့ အခြေအနေ ကြုံဖူးခဲ့ပြီ။ သူဟာ မှောင်မည်းတဲ့ မတ်ဂေါ် ကမ္ဘာထဲမှာ သောင်တင်နေသလို သွားစရာနေရာ မရှိဖြစ်နေတယ်။ အဆိုးဆုံးကတော့ သူ ခုနကပဲ မှော်ပညာကို သေချာအသုံးပြုခဲ့တယ်။ ဒါက သူ့ကို ဟော့ဂ်ဝပ်ကျောင်းက ထုတ်ပစ်ခံရမှာ သေချာသလောက်ပဲ။ သူဟာ “အရွယ်မရောက်သေးသူ မှော်ပညာ မသုံးရ အမိန့်” ကို ပြင်းထန်စွာ ချိုးဖောက်ခဲ့ပြီ။ မှော်ဌာနကြီးက ကိုယ်စားလှယ်ဟာ သူအခု ထိုင်နေတဲ့ နေရာကိုလာပြီး ရုတ်တရက် ဝင်ဖမ်းတာမခံရတဲ့အတွက် သူ အံ့သြမိတယ်။

ဟယ်ရီဟာ တစ်ကိုယ်လုံး တုန်ယင်နေတယ်။ တတိုင်းမွေးလသစ်လမ်းရဲ့ ဝဲယာကို ကြည့်တယ်။ သူ ဘာများ ကြုံရမလဲ။ သူ အဖမ်းခံရမလား၊ မှော်လောက ကနေ နှင်ထုတ်ခံရမလား။ သူ ရွန်နဲ့ ဟာမီးကို သတိရတယ်။ ပိုပြီး စိတ်ဓာတ်ကျလာတယ်။ ဟယ်ရီ့အဖို့ သေချာတာက သူ တရားခံ ဟုတ်ဟုတ် မဟုတ်ဟုတ် ရွန်နဲ့ ဟာမီးကတော့ သူ့ကို ကြံဖန်ကူညီမှာပဲ။ ဒါပေမယ့် အခု သူတို့ နှစ်ယောက်စလုံး နိုင်ငံခြားမှာ၊ ပြီးတော့ ဟက်ဒဝစ်လည်း ပျံသွားပြီ။ သူတို့နဲ့ ဆက်သွယ်လို့ မရတော့ဘူး။

သူ့ ကိုယ်ပေါ်မှာလည်း မတ်ဂေါ်သုံးငွေ မရှိဘူး။ သူ့ အဝတ်သေတ္တာရဲ့ အောက်ခြေရှိ ပိုက်ဆံအိတ်ထဲမှာ မှော်လောကသုံး ရွှေ နည်းနည်း ရှိတယ်။ သူ့ မိဘ ထားရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာအားလုံး ဂရင်ဂေါ့စ် မှော်ဘဏ်ကြီးရဲ့ မြေအောက် ဘဏ်ခန်းထဲမှာ ရှိတယ်။ သူ ဒီ သေတ္တာကို တစ်လမ်းလုံးဆွဲပြီး လန်ဒန်သွားလို့ ဘယ်ဖြစ်မလဲ။ တစ်ခုခု....

သူ မှော်ကြိမ်လုံးကို ငုံ့ကြည့်တယ်။ မှော်ကြိမ်လုံးက သူ့လက်ထဲမှာပဲ ကိုင်ထားသေးတယ်။ တကယ်လို့ သူ ကျောင်းထုတ်ခံရပြီဆိုရင် (ဒီအချက်ကို စဉ်းစားမိတာနဲ့ သူ့ နှလုံးဟာ နာကျင်စွာ အလျင်အမြန် ခုန်လာတယ်။) နောက်ထပ် မှော်ပညာ နည်းနည်း သုံးတော့ကော ဘာဖြစ်သေးလဲ။ သူ့မှာ ဖခင် ထားရစ်တဲ့ ကိုယ်ပျောက်ဝတ်ရုံ ရှိတယ်--- တကယ်လို့ သူက သေတ္တာကို မှော်ပညာသုံးပြီး ငှက်မွေးလို ပေါ့အောင်လုပ်၊ သေတ္တာကို မိုးပျံတံမြက်စည်းမှာချည်၊ သူ ကိုယ်နှိုက်လည်း ကိုယ်ပျောက်ဝတ်ရုံကို ခြုံပြီး လန်ဒန်ကို ပျံသွားတော့ကော ဘာဖြစ်သေးလဲ။ ဒီနောက် မြေအောက်ဘဏ်ခန်းထဲ ကျန်ပိုက်ဆံတွေကို ထုတ်ယူ၊ ဒီနောက်.... သူ ခြေဦးတည့်ရာသွား။ ဒီလို ရှေ့ရေးဟာ အလွန် ကြောက်စရာကောင်းတယ်။ ဒါပေမယ့်လည်း သူ ဒီခြံစည်းရိုး နိမ့်နိမ့်ပေါ်မှာပဲ ထိုင်နေလို့တော့ မဖြစ်သေးဘူး။ နို့မို့ရင် သူဟာ မတ်ဂေါ်ပုလိပ်တွေကို ညဉ့်နက်သန်းခေါင် တိုင်အောင် သူ ဘာကြောင့် ဂါထာစာအုပ်တစ်သေတ္တာနဲ့ မိုးပျံတံမြက်စည်းကို ယူပြီး လမ်းပေါ်မှာ နေနေရတာလဲဆိုတာ ရှင်းပြရလိမ့်မယ်။

ဟယ်ရီက သေတ္တာကို ဖွင့်ပြန်တယ်။ အတွင်းက ပစ္စည်းတွေကို တစ်ဖက်ယက် ဖယ်တယ်။ သူ ကိုယ်ပျောက်ဝတ်ရုံကို ရှာတာ... ဒါပေမယ့် သူရှာလို့ မတွေ့ခင်မှာ ရုတ်တရက် ကိုယ်ကို မတ်လိုက်ပြီး အရပ်လေးမျက်နှာကို ကြည့်တယ်။

ဟယ်ရီ့ လည်ပင်းပေါ်မှာ ရုတ်တရက် အပ်စူးသလို ထူးဆန်းတဲ့ ခံစားချက် ဖြစ်လာတယ်။ တစ်ယောက်ယောက်က စောင့်ကြည့်နေသလိုပဲ။ ဒါပေမယ့် ဒီလမ်းထဲမှာ လူမရှိဘူး။ ဟို-လေးထောင့်ကျကျ အိမ်ကြီးတွေမှာလည်း ဘာမီးရောင်မှ မရှိဘူး။

ဟယ်ရီက သေတ္တာဆီ ကုန်းပြန်တယ်။ ဒါပေမယ့် သူဟာ ချက်ချင်းကိုယ်ကို မတ်လိုက်တယ်။ သူ့လက်က မှော်ကြိမ်လုံးကို တင်းတင်း ဆုပ်ထားတယ်။ သူ တစ်ခုခု ကြားတယ်လို့ ပြောရမယ့်အစား သူတစ်ခုခု ခံစားရတယ်လို့ ပြောရင် ပိုမှန်မယ်။ လူ (သို့မဟုတ်) အရာတစ်ခုခု သူ့ ကျောဘက်ရှိ ခြံစည်းရိုးနဲ့ ကားဂိုဒေါင် ကြားရှိ ကျဉ်းမြောင်းတဲ့နေရာမှာ ရပ်နေတယ်။ ဟယ်ရီဟာ မှောင်မည်းတဲ့ လမ်းကျဉ်းကို စောင်းငဲ့ကြည့်တယ်။ အဲဒီ အရာလှုပ်ရှားခဲ့ရင် ဟယ်ရီက ဒါလမ်းမှားနေတဲ့ ကြောင်တစ်ကောင် ဒါမှမဟုတ်ရင်... တခြား တစ်ခုခုလို့ သိမှာ။

“မီးရောင်ထွက်စေ” ဟယ်ရီက တိုးတိုး ပြောတယ်။ ဒါနဲ့ သူ့ မှော်ကြိမ်လုံး အဖျားကနေ အလင်းတန်းတစ်ခု ထွက်ပေါ်လာတယ်။ သူ မူးဝေသွားတော့မလိုဖြစ်တယ်။ သူက မှော်ကြိမ်လုံးကို ခေါင်းပေါ် မြှောက်ထားတယ်။ ကျောက်ခဲလေးတွေနဲ့ ပြည့်နေတဲ့ အမှတ် ၂နံရံဟာ ရုတ်တရက် အရောင်လက်နေတယ်။ ကားဂိုဒေါင်တံခါးလည်း အရောင်လေး ထွက်နေတယ်။ အဲဒီ နှစ်ခုကြားမှာ ဟယ်ရီ သေချာမြင်ရတာကတော့ အလွန်ကြီးတဲ့ အရောင်သေးသေးထွက်တဲ့ မျက်စိကြီးရှိတဲ့ အရာတစ်ခုခုရဲ့ ကြီးမားတဲ့ ပုံသဏ္ဍာန်ပဲ။

ဟယ်ရီ နောက်ကို ဆုတ်လိုက်တယ်။ သူ့ ခြေထောက်နဲ့ သေတ္တာသွားထိပြီး ခလုတ်တိုက်လိုက်တယ်။ သူ လက်တစ်ဖက်နဲ့ ဟန်ချက်ရအောင် လုပ်တယ်။ မှော်ကြိမ်လုံး သူ့လက်က လွင့်ထွက်သွားတယ်။ သူ လမ်းဘေးမြောင်းထဲ ကျသွားတယ်။

နားကွဲမတတ် ဘန်း-ဆိုတဲ့ အသံ ထွက်လာတယ်။ ဟယ်ရီက လက်နှစ်ဖက်နဲ့ မျက်စိကို အုပ်ပြီး ရုတ်တရက် ရောက်လာတဲ့ မျက်စိပြာစေတဲ့ အလင်းရောင်ကြီးကို ကာကွယ်လိုက်တယ်။

ဟယ်ရီဟာ အော်လိုက်ပြီး လူသွားလမ်းပေါ် ပြန်လိုမ့်တက်လိုက်တယ်။ အချိန်မီ သွားတယ်။ တစ်စက္ကန့်ကြာတော့ ကြီးမားတဲ့ ဘီးကြီးနှစ်ခုနဲ့ ကားမီးဟာ စူးရှစွာအော်ပြီး ခုနက ဟယ်ရီလဲနေတဲ့ နေရာမှာ ရပ်သွားတယ်။ ဟယ်ရီ မော့ကြည့်တယ်။ ဒီကားဘီးနဲ့ ကားမီးဟာ သုံးထပ်လိုင်းကား တစ်စီးဆီက ဖြစ်ပြီး ဒီကားဟာ ပါးလျားတဲ့ လေထုထဲက ထွက်ပေါ်လာတာ။ ကားရှေ့မှန်ပေါ်မှာ ရွှေရောင်နဲ့ ဒီလို ရေးထားတယ်… မြင်းစီးသူရဲ ဘတ်စကား။

"မြင်းစီးသူရဲ ဘတ်စကားကို ကြိုဆို။ ဒါဟာ အကြပ်အတည်းထဲ ကျရောက်နေတဲ့ မှော်ဆရာ၊ ဆရာမတွေအတွက် ဖွင့်လှစ်ထားတဲ့ အရေးပေါ် သယ်ယူပို့ဆောင်ရေးပါ။ သင့် မှော်ကြိမ်လုံးကို ကိုင်ပြီး ကားပေါ်တက်ခဲ့ရင် ကျွန်တော်တို့က သင့်ကို သင်သွားလိုရာသို့ ပို့ပေးမှာ ဖြစ်ပါတယ်။ ကျွန်တော့် နာမည်က စထန်း–ရှန်ဖိုက် ဖြစ်ပါတယ်။ ဒီညမှာ ကျွန်တော်ဟာ သင်တို့ရဲ့ လက်မှတ်ရောင်း ဖြစ်တယ်…"

ဒီ လက်မှတ်ရောင်းဟာ ရုတ်တရက် ရပ်သွားတယ်။ သူဟာ ဟယ်ရီကို ခုမှ မြင်တယ်။ အဲဒီ အချိန်မှာ ဟယ်ရီက မြေကြီးပေါ် ထိုင်နေတယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို ကိုင်လိုက်ပြန်တယ်။ ကြိုးစား ထရပ်တယ်။ အနီးရောက်တော့ ရှန်ဖိုက်ဟာ သူ့ထက် ဘယ်လောက်မှ မကြီးဘူး။ အသက် ၁၈နှစ်၊ အများဆုံး ၁၉နှစ် အရွယ်လောက် ရှိတာတွေ့ရတယ်။ သူ့မှာ နားရွက် ကားကားကြီးကြီးနဲ့ မျက်နှာပေါ်မှာ အဖုလေးတွေနဲ့။

"ခင်ဗျား အဲဒီမှာ ဘာလုပ်နေလဲ" ရှန်ဖိုက်က မေးတယ်။ သူ့ လုပ်ငန်းထဲက ဟန်ပန်ကို လျှော့ချလိုက်တယ်။

"ကျွန်တော် လိမ့်ကျတာ" ဟယ်ရီက ပြောတယ်။

"တမင် လိမ့်ကျတာလား" ရှန်ဖိုက်က ခိုးရယ်ရင်း ပြောတယ်။

"ကျွန်တော် တမင် လိမ့်ကျအောင် လုပ်တာ မဟုတ်ဖူး" ဟယ်ရီက ပြောရင်း စိတ်ဆိုးလာတယ်။ သူ့ ဂျင်းဘောင်းဘီ ခြေထောက်တစ်ဖက် ပြဲသွားတယ်။ သူလက်နဲ့ ထောက်လိုက်တဲ့လက်က သွေးထွက်နေတယ်။ သူ ဘာကြောင့် လိမ့်ကျတယ်ဆိုတာ သူ ရုတ်တရက် သတိရလာတယ်။ ဒါနဲ့ သူကိုယ်သူ လှည့်လိုက်ပြီး ကားဂိုဒေါင်နဲ့ ခြံစည်းရိုးကြားက လမ်းကျဉ်းကလေးကို စိုက်ကြည့်တယ်။ မြင်းစီးသူရဲ ဘတ်စကားရဲ့ ရှေ့မီးက အဲဒီနေရာကို လင်းနေစေတယ်။ အဲဒီမှာ ဘာမှ မရှိဘူး။

"ဟို နေရာကို ကြည့်ချင်လား" စထန်းက မေးတယ်။

"ခုနက အဲဒီမှာ မည်းမည်းကြီးတစ်ခု ရှိတယ်" ဟယ်ရီက ပြောတယ်။ အဲဒီ မြေလွတ်ကို သိပ်မသေချာစွာ လက်ညှိုးထိုးပြတယ်။ "ခွေးတစ်ကောင်လိုပဲ… ဒါပေမယ့် အများကြီး ကြီးတယ်…"

သူက စထန်းကို လှည့်ကြည့်တယ်။ စထန်း ပါးစပ် နည်းနည်းဟနေတယ်။ ဟယ်ရီက စိုးရိမ်စွာနဲ့ စထန်းအကြည့် ဟယ်ရီ့နဖူးပေါ်က အမာရွတ်ဆီ ရောက်သွားတာ မြင်ရတယ်။

"ခင်ဗျား ခေါင်းပေါ်ကဟာ ဘာလဲ" စထန်းက ရုတ်တရက် မေးတယ်။

"ဘာမှ မဟုတ်ဘူး" ဟယ်ရီက အမြန်ပြောလိုက်တယ်။ လက်တစ်ဖက်နဲ့ အမာရွတ်ကို ဆံပင်နဲ့ ဖုံးထားလိုက်တယ်။ တကယ်လို့ မှော်ဝန်ကြီးဌာနက သူ့ကို ရှာနေတယ် ဆိုရင်၊ သူတို့ လွယ်လွယ်နဲ့ တွေ့မသွားစေချင်ဘူး။

"ခင်ဗျား နာမည် ဘယ်လိုခေါ်လဲ" စထန်းက ဆက်မေးတယ်။

"နီဗီး–လွန်ဘော့တမ်" ဟယ်ရီက ပြောတယ်။ ဒါက သူ ဦးဆုံး တွေးမိတဲ့နာမည်တစ်ခု။ "ဒါ… ဒါဆို၊ ဒီ ဘတ်စကား" သူက အလျင်အမြန် ဆက်ပြောတယ်။ စထန်း အာရုံပြောင်းသွားအောင်လို့ "ခင်ဗျား ခုနက ဘယ်နေရာမဆို သွားနိုင်တယ်လို့ ပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ" စထန်းက ဂုဏ်ယူစွာ ပြောတယ်။ "ခင်ဗျား သွားလိုတဲ့နေရာမှန်သမျှ၊ မြေပေါ်မှာဆိုရင် အကုန်သွားလို့ ရတယ်။ ရေအောက်တော့ သွားလို့ မရဘူး–အင်း" သူက ပြောတယ်။ ကြည့်ရတာ သံသယ

ဖြစ်လာပြန်သလိုပဲ။ "ခင်ဗျား အချက်ပြပြီး ကျွန်တော်တို့ကို ရပ်ခိုင်းတယ် မဟုတ်လား။ ခင်ဗျား မှော်ကြိမ်လုံးကို ထုတ်တယ် မဟုတ်လား"

"ဟုတ်တယ်လေ" ဟယ်ရီက အမြန်ပြောတယ်။ "နားထောင်၊ လန်ဒန်ကို သွားရင် ဘယ်လောက် ပေးရမလဲ"

"ငွေစစ်ခို ၁၁ခု" စထန်းက ပြောတယ်။ "ဒါပေမယ့် ခင်ဗျား ၁၄ခု ပေးရင် ချော့ကလက်ရမယ်။ ၁၅ခု ပေးရင် ဓာတ်ဗူး တစ်ဗူးနဲ့ သွားပွတ်တံ တစ်ချောင်းရမယ်။ အရောင်ကို ကြိုက်တာယူ"

ဟယ်ရီဟာ သူ့သေတ္တာထဲမှာ သေချာ ရှာဖွေတယ်။ ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး ငွေစစ်ခိုတစ်ချို့ စထန်းလက်ထဲ ထည့်လိုက်တယ်။ ဒီနောက် သူနဲ့ စထန်းဟာ သူ့ သေတ္တာကို မတယ်။ သေတ္တာပေါ်မှာ ဟက်ဒဝစ် လှောင်အိမ်ကို တင်ပြီး ကားပေါ်တက်ခဲ့ကြတယ်။

ကားထဲမှာ ထိုင်ခုံ မရှိဘူး။ လိုက်ကာ ချထားတဲ့ ပြတင်းနောက်မှာ ကြေးခြေထောက်နဲ့ ကုတင်ခြောက်လုံး ရှိတယ်။ ကုတင် အသီးသီးဘေးရှိ နံရံကပ်စင်ပေါ်မှာ ဖယောင်းတိုင် ထွန်းထားတယ်။ အတွင်းကာရှိတဲ့ နံရံကို လင်းနေစေတယ်။ ပုပုမှော်ဆရာ တစ်ယောက် ညဆောင်း ဦးထုပ်ဆောင်းထားတယ်။ သူက ကားနောက်ဘက်ကနေ ဗလုံးဗထွေး ပြောတယ်။ "အခု မလိုချင်ဘူး။ ကျေးဇူးသိပ်တင်တယ်။ ကျွန်တော် ပက်ကျိ ဆားသိပ်နေတယ်" အိမ်မက် မက်ရင်း ကိုယ်ကို တစ်ဘက်လှည့်လိုက်တယ်။

"ခင်ဗျား ဒီကုတင်မှာအိပ်" စထန်းက နားနားကပ်ပြောတယ်။ ဟယ်ရီ သေတ္တာကို ယာဉ်မောင်း နောက်က ကုတင်အောက် ထိုးထည့်လိုက်တယ်။ ယာဉ်မောင်းဟာ စီရာရင်ရှေ့က လက်ရန်းပါတဲ့ ထိုင်ခုံပေါ် ထိုင်နေတယ်။ "ဒါ ကျွန်တော်တို့ ယာဉ်မောင်း အာနီ–ဖရန့်၊ ဒါက နီးဗီး–လွန်ဘော့တမ်"

အာနီ–ဖရန့်ဟာ အသက်ကြီးကြီး မှော်ဆရာ။ မျက်မှန်ထူထူ တပ်ထားတယ်။ သူက ဟယ်ရီ့ကို ခေါင်းညိတ်ပြတယ်။ ဟယ်ရီက သူ့ နဖူးပေါ်က ဆံပင်ကို ပျာယီးပျာယာ သပ်ချလိုက်ပြီး သူ့ ကုတင်ပေါ် ထိုင်ချလိုက်တယ်။

"မောင်းတော့ အာနီ" စထန်းက ပြောတယ်။ အာနီ ဘေးက လက်ရန်းပါတဲ့ ခုံပေါ် ထိုင်လိုက်တယ်။

ဒိုင်းဆိုတဲ့ အသံကြီးနဲ့ အတူ ဟယ်ရီ ကုတင်ပေါ် လဲကျသွားတယ်။ ဒါ မြင်းစီးသူရဲ ဘတ်စကားရဲ့ အရှိန်ကြောင့် သူ့ကို နောက်သို့ ပစ်လွှတ်လိုက်သလို ဖြစ်သွားစေတာ။ ဟယ်ရီဟာ ထပြီး မှောင်မည်းတဲ့ ကားပြတင်း အပြင်ကို ကြည့်တယ်။ သူတို့ဟာ လုံးဝမတူတဲ့ လမ်းတစ်လမ်းအတိုင်း တည်ငြိမ်ပြီး လျင်မြန်စွာနဲ့ မောင်းနှင်နေတယ်။ စထန်းဟာ စိတ်ဝင်စားစွာနဲ့ ဟယ်ရီရဲ့ အံ့သြနေတဲ့ မျက်နှာကို ကြည့်နေတယ်။

"ဒါ မင်း ငါတို့ကို ဆင်းဖို့ အချက်ပြတဲ့ နေရာ" သူက ပြောတယ်။ "ကျွန်တော်တို့ ဘယ်ရောက်နေလဲ အာနီ။ ဝေလရဲ့ တစ်နေရာရာ ထင်တယ်"

"အင်း" အာနီက ပြောတယ်။

"မတ်ဂေါ်တွေ ဒီကားသံ ဘာလို့ မကြားတာလဲ" ဟယ်ရီက မေးတယ်။

"သူတို့" စထန်းက အထင်သေးစွာ ပြောတယ်။ "ကောင်းကောင်းမှ နားမထောင်တာ၊ မဟုတ်ဘူးလား။ သေချာလဲ မကြည့်ဘူး။ သူတို့ ဘာကိုမှ သတိမပြုဘူး"

"အခု မဒမ်မားရှ်ကို နှိုးလိုက်ရင် ကောင်းမယ် စထန်း" အာနီက ပြောတယ်။ "တို့ အာဘာ ဂါဗင်နီကို ခုတွင် ရောက်တော့မှာ"

စထန်းက ဟယ်ရီဘေးက ဖြတ်ပြီး ကျဉ်းမြောင်းတဲ့ လှေခါးပေါ်မှာ ပျောက်ကွယ်သွားတယ်။ ဟယ်ရီဟာ ပြတင်းအပြင်ကိုပဲ ကြည့်နေတယ်။ ကြာလေ စိတ်ပူလေပဲ။ အာနီဟာ စီရာရင်ကို ကိုင်တာ သိပ်ကျွမ်းကျင်ပုံ မပေါ်ဘူး။ ဒီ မြင်းစီးသူရဲ ဘတ်စကားဟာ လူသွားလမ်းပေါ်ကိုချည်း ဝင်တိုက်နေတယ်။ ဒါပေမယ့် ဘာကိုမှ တိုက်တော့

မတိုက်မိဘူး။ မီးတိုင်တွေ အတန်းလိုက်၊ စာပုံးတွေ၊ အမှိုက်ပုံးတွေဟာ ဒီကား မောင်းလာတာနဲ့ ခုန်ပြီး ရှောင်သွားကြတယ်။ ကားလွန်သွားတာနဲ့ မူလနေရာ ပြန်သွားကြတယ်။

စထန်း အောက်ပြန်ဆင်းလာတယ်။ သူ့နောက်မှာ ခရီးသွား အပေါ်အင်္ကျီ အစိမ်းနုနု ဝတ်ဆင်ထားတဲ့ မှော်ဆရာမ တစ်ယောက်ပါလာတယ်။

"ဖြည်းဖြည်း သွားနော်၊ မဒမ်မားရှ်" စထန်းက ပျော်ရွှင်စွာ ပြောတယ်။ ဒီအချိန်မှာ အာနီက ဘရိတ်ကို နင်းလိုက်တယ်။ ကားပေါ်က ကုတင်တွေဟာ ကားရှေ့ဘက်ကို တစ်ပေလောက် လျှောသွားတယ်။ မဒမ် မားရှ်ဟာ လက်ကိုင်ပုဝါ တစ်ထည်နဲ့ ပါးစပ်ကို အုပ်ပြီး ယိမ်းယိုင်စွာ ဆင်းသွားတယ်။ စထန်းက သူမအိတ်ကို ပစ်ပေးလိုက်ပြီး ကားကို ဒိုင်းကနဲ ပိတ်လိုက်တယ်။ တစ်ခါ ဘန်းဆိုတဲ့ အသံကျယ်ကျယ် ထွက်လာပြီး ကားလည်း တဝုန်းဝုန်းနဲ့ ကျဉ်းမြောင်းတဲ့ ကျေးရွာလမ်းအတိုင်း မောင်းနှင်သွားတယ်။ ဘေးနှစ်ဘက်က သစ်ပင်တွေ ခုန်ဆွပြီး ရှောင်ပေးကြတယ်။

ဟယ်ရီ စီးရတာ တဒိုင်းဒိုင်းမြည်ပြီး လှစ်ခနဲ မိုင်တစ်ရာရှေ့ကို ခုန်သွားတဲ့ ဘတ်စကား မဟုတ်ပေမယ့်လည်း သူ အိပ်လို့ မပျော်ဘူး။ ရှေ့မှာ သူဘာတွေ ကြုံတွေ့ရမယ်ဆိုတာ ပြန်စဉ်းစားတယ်။ ဒါစလီတို့ဟာ အရီးမာဂျီကို မျက်နှာကြက်ကနေ အောက်ချလို့ ရမလား။ ဒါတွေ တွေးမိတာနဲ့ သူဗိုက်ထဲ ပြောင်းဆန်လာတယ်။

စထန်းက "ကြိုဟောဆရာများ နေ့စဉ်" ကို လှန်လိုက်တယ်။ သူ သတင်းစာ ဖတ်နေတယ်။ လျှာကို သွားနှစ်တန်းကြား ညှပ်ထားတယ်။ သတင်းစာ မျက်နှာဖုံးမှာ လူတစ်ယောက်ရဲ့ ဓာတ်ပုံကြီးပါတယ်။ မျက်နှာ ချိုင့်နေတယ်။ ဆံရှည်တွေ လုံးထွေးနေတယ်။ သူက ဟယ်ရီကို ဖြည်းဖြည်းလေး မျက်စိမှိတ်ပြတယ်။ သူ့ ကြည့်ရတာ မြင်ဖူးသလိုလို ထူးဆန်းနေတယ်။

"ဟိုလူ" ဟယ်ရီက ပြောတယ်။ မိမိ ဒုက္ခရောက်မှာကို ယာယီမေ့နေတယ်။ "မတ်ဂေါ် သတင်းစာမှာလဲ သူ့ကို ဖော်ပြတယ်" စထန်းက ပထမစာမျက်နှာကို ပြန်လှန်တယ်။ တခစ်ခစ် ရယ်နေတယ်။

"ဆီးရီးအက်စ်ကြယ် ဘလက်" သူက ပြောတယ်။ ခေါင်းတညိတ်ညိတ်နဲ့။ "သူ မတ်ဂေါ် သတင်းစာပေါ်မှာ ပါမှာပေါ့ နီဗီး။ မင်းအရင်က ဘယ်မှာ နေလဲ"

ဟယ်ရီ ဘာပြောရမှန်း မသိဖြစ်သွားတယ်။ စထန်းက မြင်တော့ တခစ်ခစ် ရယ်ပြန်တယ်။ တပန်းသာတဲ့ ပုံပေါ်နေတယ်။ သူက ပထမ စာမျက်နှာကို ဖြဲပြီး ဟယ်ရီ့ကို ကမ်းပေးလိုက်တယ်။

"မင်း သတင်းစာများများဖတ်သင့်တယ် နီဗီး" ဟယ်ရီက သတင်းစာကို ဖယောင်းတိုင်မီးနား ကပ်ဖတ်တယ်။

## ဘလက်ထွက်ပြေးနေတုန်းပဲ

မှော်ဝန်ကြီးဌာနကြီးက ဒီနေ့ အတည်ပြုသည်မှာ... အက်ဇခါဘန် ရဲတိုက်အတွင်း နေခဲ့ဖူးသော ထောင်သားထဲမှာ မကောင်းသတင်း အကျော်ကြားဆုံး ဆီးရီးအက်စ်ကြယ် ဘလက်ကို ခုချိန်ထိ ဖမ်းမမိသေးပါ။

"ကျွန်ုပ်တို့ ဘလက်ကို ပြန်ဖမ်းဖို့ ကြိုးစားနေတယ်" မှော်ဝန်ကြီးဌာနမှူး ကွန်နယ်လစ်-ဖဒ်ဂ်က ဒီနေ့ နံနက်မှာ ပြောတယ်။ "မှော်လောကကို တည်တည်ငြိမ်ငြိမ် ရှိဖို့ တောင်းဆိုပါတယ်"

အပြည်ပြည်ဆိုင်ရာ မှော်ဆရာ အသင်းကြီးက အဖွဲ့ဝင်တစ်ချို့ဟာ ဘလက်ထွက်ပြေးတဲ့ ကိစ္စကို မတ်ဂေါ် နန်းရင်းဝန်အား အကြောင်းကြားတဲ့အတွက် ဖဒ်ဂ်ကို ဝေဖန်တယ်။

ဒေါသထွက်လွယ်တဲ့ ဖဒ်ဂ်က ပြောတယ်။ "အား ကျုပ်ဒီလို မလုပ်လို့ မရဘူး။ ဒါ ခင်ဗျားတို့ မသိဘူးလား။ ဘလက် ရူးနေပြီ။ သူနဲ့ တွေ့တဲ့လူတိုင်း အန္တရာယ်ရှိတယ်။ မှော်လောက က လူဖြစ်ဖြစ်၊ မတ်ဂေါ် ဖြစ်ဖြစ်။ ကျုပ် နန်းရင်းဝန်ဆီက ကတိရတယ်။ သူက ဘလက် ဘယ်သူ–ဆိုတာ တစ်လုံးမှ ထုတ်မပြောဘူးလို့ ကတိပြုတယ်။ ဒီ ဖြစ်ရပ်ကို ရင်ဆိုင် ကြပါစို့… တကယ်လို့ သူ ထုတ်ပြောခဲ့ရင် ဘယ်သူမှ သူ့ကို ယုံတော့မှာ မဟုတ်ဘူး"

မတ်ဂေါ်တွေဟာ ဘလက်မှာ သေနတ်ပါတယ် (သတ္တု မှော်ကြိမ်လုံး တစ်မျိုး၊ မတ်ဂေါ်တွေ အပြန်အလှန် သတ်ရာမှာ အသုံးပြုတယ်)။ မှော်လောက က လူတွေကတော့ လွန်ခဲ့တဲ့ တစ်နှစ်က ဖြစ်ပွားခဲ့တဲ့ သတ်ပွဲကြီး ပြန်လည်ပေါ်ပေါက်မှာ စိုးရိမ်ကြတယ်။ ထိုနှစ်က ဘလက်ဟာ မှော်ကျိန်စာ တစ်ခွန်းထဲနဲ့ လူ ၁၃–ယောက်ကို သေစေလိုက်တယ်။

ဟယ်ရီဟာ ဘလက်ရဲ့ ဝေဝါးတဲ့ မျက်စိကို ကြည့်နေတယ်။ ချိုင့်နေတဲ့ မျက်နှာပေါ်မှာ ဒီမျက်လုံးကပဲ နည်းနည်း အသက်ပါတယ်။ ဟယ်ရီဟာ သွေးစုပ်ကောင်နဲ့ တစ်ခါမှ မကြုံဖူးဘူး။ ဒါပေမယ့် မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်တန်းမှာ သူတို့ ဓာတ်ပုံကို မြင်ဖူးတယ်။ ဘလက်ဟာ ဖယောင်းလို ဖြူတဲ့ အသားအရောင်ရှိတဲ့အတွက် သွေးစုပ်ကောင်နဲ့ တူနေတယ်။

"သူ့ ကြည့်ရတာ သိပ်ကြောက်ဖို့ ကောင်းတယ်။ မဟုတ်ဘူးလား" စထန်းက ပြောတယ်။ ဟယ်ရီ သတင်းစာဖတ်တဲ့ အခါမှာ သူက ဟယ်ရီ့ကို လေ့လာနေတယ်။

"သူ လူ ၁၃–ယောက် သတ်ပစ်ဖူးသလား" ဟယ်ရီကပြောတယ်။ သတင်းစာကို စထန်း ပြန်ပေးလိုက်တယ်။ "ကျိန်စာတစ်ခွန်းထဲနဲ့ ဟုတ်လား"

"ဟုတ်တယ်လေ" စထန်းက ပြောတယ်။ "မျက်မြင်တွေရဲ့ ရှေ့မှာ။ နေ့ခင်းကြောင်တောင်ကြီးမှာ။ အများကြီး ရှုပ်ထွေးသွားတယ် အာနီ၊ ဟုတ်လား"

"အင်း" အာနီက လေးပင်စွာ ပြောတယ်။

စထန်းဟာ လက်ရန်းပါတဲ့ ခုံထဲမှာ လှည့်ထိုင်လိုက်တယ်။ လက်ကို ကျောမှီပေါ်တင် ထားလိုက်တယ်။ ဟယ်ရီကို သေချာမြင်ရအောင် ထိုင်တယ်။

"ဘလက်ဟာ ဟိုလူကို အသေအလဲ ထောက်ခံတာ"

"ဘာ၊ ဗိုလ်ဒီမွန့်လား" ဟယ်ရီဟာ တွေးမနေပဲ ဒီလို ပြောလိုက်တယ်။

စထန်းရဲ့ အဖုတွေတောင် ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်။ အာနီဟာ စီရာရင်ကို အလျင်အမြန် လှည့်နေတယ်။ ရွာတစ်ရွာလုံး မတတ်သာတော့ဘဲ ဘေးသို့ ခုန်ထွက်ပြီး ကားကို ရှောင်ရတယ်။

"မင်း ရူးနေလား၊ သူ့နာမည်ကို တမင် ထုတ်ပြောရလား"

"ဝမ်းနည်းပါတယ်" ဟယ်ရီ ချက်ချင်း တောင်းပန်တယ်။

"ဝမ်းနည်းပါတယ်၊ ကျွန်တော်… ကျွန်တော် မေ့သွားလို့–"

"မေ့လို့" စထန်း အားနည်းစွာ ပြောတယ်။ "အမလေး၊ ကျုပ်ရင်တွေ ခုန်လိုက်တာ…"

"ဒါဆို… ဒါဆို ဘလက်ဟာ ဟိုလူ့ကို ထောက်ခံတဲ့ သူပေါ့" ဟယ်ရီက အလောတကော မေးတယ်။

"မှန်တယ်" စထန်းက ပြောတယ်။ သူ့ရင်ဝကို ပွတ်သပ်နေတုန်းပဲ။ "မှန်တယ်၊ မင်းပြောတာ မှန်တယ်။ ဟိုလူနဲ့ အလွန် ရင်းနှီးတယ်။ လူတွေက ဒီအတိုင်းပြောတယ်… ဘာပဲဖြစ်ဖြစ်၊ ထိုနှစ်က ဟယ်ရီ ပေါ်တာလေးဟာ ဟိုလူသတ်ခံရခါနီးမှာ… " ဟယ်ရီဟာ စိတ်မလုံဘဲ နဖူးပေါ်က ဆံပင်ကို ဆွဲချလိုက်ပြန်တယ်… "ဟိုလူရဲ့ ထောက်ခံသူ အားလုံးကို လိုက်ဖမ်းတယ်။ ဟုတ်တယ်နော်၊ အာနီ။ ဒီလူတွေ အများစုက ဟိုလူ ထွက်ပြေးပြီဆိုတော့ သူတို့လဲ ဒုက္ခရောက်ပြီဆိုတာ သိတယ်။ ဒါကြောင့် သူတို့ ငြိမ်ငြိမ်နေတယ်။ ဆီးရီးအက်စ်ကြယ် ဘလက်ကတော့ ဒီလို မဟုတ်ဘူး။ တစ်နေ့မှာ ဟိုလူ အာဏာရမယ်လို့ သူက ထင်တယ်။ ဒါဆို သူက ဒုတိယ အာဏာပိုင်ပဲ"

"ဘာပဲဖြစ်ဖြစ်၊ သူတို့ဟာ လမ်းထဲမှာ ဘလက်ကို ပြေးစရာ မရှိအောင် လုပ်တယ်။ လမ်းထဲမှာ မတ်ဂေါ်တွေချည်းပဲ၊ ဘလက်က သူ့ မှော်ကြိမ်လုံးကို ထုတ်ပြီး လမ်းတစ်ဝက်လောက် ဖောက်ခွဲပစ်တယ်။ မှော်ဆရာတစ်ယောက် သေတယ်။ မတ်ဂေါ် ၁၂ယောက်လဲ အသက်ပျောက်ကုန်တယ်။ ကြောက်စရာပဲ၊ ဟုတ်တယ်မှတ်လား။ ဆက်ပြီး ဘလက် ဘာလုပ်တယ်ဆိုတာ မင်း သိလား" စထန်းက ချဲ့ကားပြီး နှစ်ကိုယ်ကြား ပြောတယ်။

"ဘာ" ဟယ်ရီက ပြောတယ်။

"တဟားဟား ရယ်တယ်" စထန်းက ပြောတယ်။

"အဲဒီနေရာမှာ ရပ်ပြီး တအား ရယ်တာ။ မှော်ဝန်ကြီးဌာနက လူတွေ လိုက်လာတော့ သူဟာ သူတို့ နောက်ကို အေးအေးပဲ လိုက်သွားတယ်၊ တစ်လမ်းလုံးလဲ တအား ရယ်တယ်။ သူ ရူးသွားတာပေါ့။ အာနီ၊ ဟုတ်တယ် မှုတ်လား။ သူ ရူးသွားပြီနော်"

"သူ အက်ဇခါဘန်ရောက်လို့ မရူးသေးဘူးဆိုရင် သူ အခု ရူးနေပြီ" အာနီက ဖြည်းဖြည်းပြောတယ်။ "ကျုပ်သာဆိုရင် ဟိုနေရာ မရောက်ခင် ကိုယ့်ဘာသာ ဖောက်ခွဲပစ်မှာ။ သူ ဒါ ကိုယ့်ထိုက်နဲ့ကိုယ်ပဲ၊ စဉ်းစားကြည့်…. သူဘာတွေ လုပ်ခဲ့သလဲ…"

"သူတို့ဟာ ဒီ ကိစ္စကို ဖုံးဖို့ အတော်လုပ်ရတယ်။ ဟုတ်တယ်မှုတ်လား၊ အာနီ" စထန်းက မေးတယ်။

"တစ်လမ်းလုံး ဖောက်ခွဲခံရတာ။ မတ်ဂေါ်အားလုံး သေကုန်တာ။ အာနီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူတို့ ဘယ်လို ပြောလဲ"

"ဂက်စ် ပေါက်ကွဲတာတဲ့" အာနီက ပလုံးပထွေး ပြောတယ်။

"ဒါပေမယ့်၊ အခု သူထွက်လာပြီ" စထန်းက ပြောတယ်။ သတင်းစာ ဓာတ်ပုံထဲက ဘလက်ရဲ့ ညှိုးနွမ်းတဲ့ မျက်နှာကို ကြည့်လိုက်ပြန်တယ်။ "အက်ဇခါဘန်က အရင်က ဘယ်သူမှ ထွက်ပြေးလို့ မရခဲ့ဘူး။ ဟုတ်တယ် မဟုတ်လား၊ အာနီ။ သူ ဘယ်လို ထွက်ပြေးတယ်ဆိုတာ နားမလည်နိုင်ဘူး။ သိပ်ကြောက်စရာ ကောင်းတယ်။ မဟုတ်ဖူးလား။ အက်ဇခါဘန်က အစောင့်ကို ခုခံလို့ မရဘူးလို့ ကျွန်တော်ထင်တယ်။ မဟုတ်ဘူးလား၊ အာနီ"

အာနီဟာ ရုတ်တရက် တုန်ယင်လာတယ်။

"တခြားဟာ ပြောပါလား၊ စထန်း။ စကား နားထောင်။ အက်ဇခါဘန်က အစောင့်ကို ပြောရင် ကြက်သီးထတယ်"

BURMESE CLASSIC .com

စထန်းဟာ သတင်းစာကို မချချင်ဘဲ ချထားလိုက်တယ်။ ဟယ်ရီဟာ မြင်းစီးသူရဲ ဘတ်စကား ပြတင်းကို မှီပြီး စိတ်ထဲ ဘယ်တုန်းကထက်မဆို မသာမယာ ဖြစ်နေတယ်။ သူဟာ ရက်အနည်းငယ်ကြာရင် စထန်းက ယာဉ်စီးသူတွေကို ဘာပြောမလဲဆိုတာ တွေးနေမိတယ်။

ဟို ဟယ်ရီ–ပေါ်တာ ဆိုတာ ကြားဖူးလား။ သူက သူ့အရီးကို ဖောင်းပွအောင် လုပ်လိုက်တယ်။ သူ ကျွန်တော်တို့ ဘတ်စကား စီးသွားသေးတယ်။ ဟုတ်တယ်မှုတ်လား၊ အာနီ။ သူက ကျွန်တော်တို့ ကားကို ပြေးလိုက်တာ…”

သူ၊ ဟယ်ရီဟာ မှော်လောက တရားဥပဒေကို ချိုးဖောက်ခဲ့ပြီ။ ဆီးရီးအက်စ်ကြယ် ဘလက်နဲ့ အတူတူပဲ။ အရီးမာဂျီကို ဖောင်းပွအောင် လုပ်ခဲ့တယ်။ ဒီကိစ္စဟာ သူ့ကို အက်ဇ်ကာဘန် ပို့နိုင်သလား။ ဟယ်ရီဟာ မှော်လောက က ထောင်အကြောင်း ဘာမှ မသိဘူး။ ဒါပေမယ့် ဘယ်သူမဆို အဲဒီနေရာအကြောင်းပြောရင် ကြောက်ကြောက်ရွံ့ရွံ့ချည်းပဲ။ ဟော့ဂ်ဝပ် တောလိုက်ကွင်း အစောင့် ဟက်ဂရစ်ဟာ မနှစ်က အဲဒီမှာ နှစ်လ နေခဲ့တယ်။ ဟယ်ရီဟာ ဟက်ဂရစ်ကို အဲဒီနေရာသွားရမယ်လို့ အကြောင်းကြားတဲ့အခါမှာ ဟက်ဂရစ် မျက်နှာပေါ်က ကြောက်လန့်တဲ့ အမူအရာကို မမေ့သေးဘူး။ ဟက်ဂရစ်ဟာ ဟယ်ရီသိတဲ့ လူထဲက သတ္တိအရှိဆုံး လူတစ်ယောက်ပဲ။

မြင်းစီးသူရဲ ဘတ်စကားဟာ အမှောင်ထဲမှာ ချီတက်နေတယ်။ တစ်လမ်းလုံး ချုံပုပ်တွေ၊ လမ်းဖြတ်ကူးသူရပ်တဲ့ နေရာအပေါ်က အကာတိုင်တွေ၊ တယ်လီဖုန်းရုံနဲ့ သစ်ပင်တွေကို ဖရိုဖရဲ ဖြစ်သွားစေတယ်။ ဟယ်ရီဟာ မိမိရဲ့ ငှက်မွေးကုတင်ပေါ်လှဲရင်း မတည်မငြိမ်နဲ့ သနားစရာကောင်းနေတယ်။ ခဏနေတော့ စထန်းက ဟယ်ရီ ချော့ကလက်ဖိုး ပေးထားတာ သတိရတယ်။ ဒါပေမယ့် ဒီကား အင်ဂလိဆီးကနေ အာဘာဒင်းကို ရုတ်တရက် မောင်းထွက်တဲ့အခါမှာ ချော့ကလက်တွေ ဟယ်ရီ့ ခေါင်းအုံးပေါ် ဖိတ်ကျကုန်တယ်။ နံနက်ဝတ်အင်္ကျီနဲ့ ဂွင်းထိုးဖိနပ်တွေ ဝတ်ထားတဲ့ မှော်ဆရာ၊ မှော်ဆရာမတွေ ကားအပေါ်ထပ်ကနေ အောက်ထပ်ဆင်းလာပြီး ကားပေါ်က ဆင်းသွားတယ်။ သူတို့ ကြည့်ရတာ ကားပေါ်က ဆင်းသွားရတာ သိပ်ကျေနပ်နေသလိုပဲ။

နောက်ဆုံး၊ ကားစီးသူဆိုလို့ ဟယ်ရီ တစ်ယောက်ထဲ ကျန်တော့တယ်။

“ဒါဖြင့်ရင် ကောင်းပြီ၊ နီဗီး” စထန်းက ပြောတယ်။ လက်ခုပ်လည်း တီးလိုက်သေးတယ်။ “လန်ဒန်က ဘယ်နေရာသွားမှာလဲ”

“ဒေါင့်ဖြတ်လမ်း”

“ကောင်းပြီ” စထန်းက ပြောတယ်။ “ဒါဆို မြဲမြဲ ကိုင်ထား ……”

ဒိုင်း။

သူတို့ဟာ ချားရင်းကြက်ခြေလမ်းအတိုင်း တဝုန်းဝုန်း ချီတက်သွားတယ်။ ဟယ်ရီ ထိုင်လိုက်တယ်။ အိတ်တွေနဲ့ ခုံတန်းရှည်တွေ ဘေးသို့ တိုးကပ်ပြီး မြင်းစီးသူရဲ ဘတ်စကားကို လမ်းဖယ်ပေးတာ ကြည့်နေတယ်။ မိုးပိုလင်းလာပြီ။ သူ နှစ်နာရီလောက်တော့ ဟိုပုန်းဒီပုန်း လုပ်ရမယ်။ ဒီနောက် ခရီး စမယ် ဘယ်သွားရမလဲဆိုတာ သူ မသိဘူး။

“သိပ် ကျေးဇူးတင်တယ်” ဟယ်ရီက အာနီကို ပြောတယ်။ သူ ကားခြေနင်းက ခုန်ချတယ်။ စထန်းကို ကူပြီး သူ့သေတ္တာနဲ့ ဟက်ဒဝစ် လှောင်အိမ်ကို လူသွားလမ်းပေါ် ချလိုက်တယ်။

“ဒါဆို” ဟယ်ရီက ပြောတယ်။ “ဘိုင်းဘိုင်”

ဒါပေမယ့် စထန်းက သူ့ကို သတိမပြုဘူး။ သူဟာ ဘတ်စကား တံခါးဝမှာ ရပ်ပြီး ခွက်စုတ်ဘားဆီသွားတဲ့ မှောင်မည်းတဲ့ အဝင်ဝကို ကြောင်တောင်တောင် ရယ်ပြနေတယ်။

"မင်း ရောက်ပြီ၊ ဟယ်ရီ" အသံတစ်ခုက ပြောတယ်။ ဟယ်ရီ လှည့်မကြည့်ရသေးခင်မှာ လက်တစ်ဘက် ပခုံးပေါ်လာတင်တာ ခံစားရတယ်။ တစ်ချိန်တည်းမှာ စထန်းအော်သံ ကြားလိုက်ရတယ်။

"အမယ်လေး၊ အာနီ လာကြည့်ပါဦး၊ လာကြည့်ပါဦး"

ဟယ်ရီ မော့ကြည့်လိုက်တော့ လက်ပိုင်ရှင်ကို မြင်ရတယ်။ ချက်ချင်းပဲ ဗိုက်ထဲ ရေခဲရေတစ်ပုံးလောက် လောင်းထည့်လိုက်သလို ခံစားရတယ် --- သူ မော်ဝန်ကြီးဌာန ဝန်ကြီး ကွန်နလစ်-ဖဒ်ဂ် နဲ့မှ တည့်တည့် ဝင်တိုးမိနေတယ်။

စထန်းဟာ လူသွားလမ်းပေါ် ခုန်ဆင်းပြီး ဟယ်ရီဘေး ရပ်နေတယ်။

"ဝန်ကြီး၊ ခင်ဗျား နီးဗီးကို ဘာလို့ ခေါ်တယ်" သူက စိတ်လှုပ်ရှားစွာ မေးတယ်။

ဖဒ်ဂ်ဟာ ပုပုတုတ်တုတ်။ အစင်းလေးတွေနဲ့ ဝတ်ရုံရှည် ဝတ်ဆင်တယ်။ သူ့ပုံက အေးစက်စက်နဲ့ နွမ်းနယ်နေတယ်။

"နီဗီး" သူက ထပ်ပြောတယ်။ မျက်မှောင်လည်း ကြုတ်ထားတယ်။

"ဒါ ဟယ်ရီ-ပေါ်တာ"

"ကျွန်တော် အစောကြီးကတည်းက သိပြီးပြီ" စထန်းက ဝမ်းသာအားရ အော်ပြောတယ်။ "အာနီ၊ အာနီ၊ နီဗီးဆိုတာ ဘယ်သူလဲ သိလား၊ အာနီ။ သူက ဟယ်ရီ-ပေါ်တာလေ။ ကျွန်တော် သူ့ အမာရွတ်ကို တွေ့ရတယ်"

"ကောင်းပြီ" ဖဒ်ဂ်က စိတ်မရှည်စွာ ပြောတယ်။ "ကောင်းပြီ၊ မြင်းစီးသူရဲ ဘတ်စကား က ဟယ်ရီကို ဒီပို့ပေးတော့ ကျုပ် သိပ်ဝမ်းသာတယ်။ ဒါပေမယ့် ကျုပ်နဲ့သူ အခု ခွက်စုတ်ဘားထဲ သွားမှ ဖြစ်မယ် ....."

ဖဒ်ဂ်ဟာ ဟယ်ရီ့ ပခုံးဖိလိုက်တယ်။ ဟယ်ရီဟာ မိမိကို ဒီဘားလေးထဲ တွန်းပို့ခံရတာ သိလိုက်တယ်။ ခါးကုန်းကုန်း လက်မှာ မီးအိမ်ကိုင်ထားတဲ့ လူတစ်ယောက် ဘားကောင်တာနောက်က တံခါးဆီက ပေါ်လာတယ်။ ဒါက တွမ်၊ ပါးရည်တွေ တွန့်ပြီး သွားမရှိတဲ့ ဆိုင်ရှင်။

"သူ့ကို တွေ့ပြီလား၊ ဝန်ကြီး" တွမ်က ပြောတယ်။

"ခင်ဗျား ဘာသောက်မလဲ။ ဘီယာလား၊ ဘရန်ဒီလား"

"လက်ဖက်ရည် တစ်အိုးလောက် ကောင်းမယ်ထင်တယ်" ဖဒ်ဂ်က ပြောတယ်။ ဟယ်ရီကိုတော့ မလွှတ်ဖူး။

သူတို့ ကျောဘက်ကနေ ဆွဲငင်သံနဲ့ လေမှုတ်သံ ကြားရတယ်။ စထန်းနဲ့ အာနီ ထွက်ပေါ်လာတယ်။ဟယ်ရီရဲ့ သေတ္တာနဲ့ ဟက်ဒဝစ်ရဲ့ လှောင်အိမ် သယ်လာတယ်။ သူတို့ဟာ ဘေးပတ်လည်ကို စိတ်ဓာတ်တက်ကြွစွာ ကြည့်ရှုနေတယ်။

"မင်းက ဘာဖြစ်လို့ တို့ကို မင်းဟာ ဟယ်ရီ-ပေါ်တာလို့ မပြောတာလဲ၊ နီဗီး" စထန်းက ပြောတယ်။ အပြုံးများစွာနဲ့ ဟယ်ရီရှေ့ရပ်နေတယ်။ ဒီအချိန်မှာ ဖီးကွက်နဲ့ တူတဲ့ အာနီရဲ့ မျက်နှာဟာ စထန်း ပခုံးပေါ်ကနေ စိတ်ဝင်စားစွာ ငေးကြည့်နေတယ်။

"သီးသန့်ခန်း တစ်ခန်း ပေးပါ၊ တွမ်" ဖဒ်ဂ်က တိုတိုပဲ ပြောတယ်။

"ဘိုင်းဘိုင်" ဟယ်ရီက သနားစရာ စထန်းနဲ့ အာနီကို နှုတ်ဆက်တယ်။ ဒီအချိန်မှာ တွမ်က ဖဒ်ဂ်ကို ဘားကောင်တာကနေ ကြားလမ်းဆီ သွားဖို့ ညွှန်ပြတယ်။

"သွားမယ်၊ နီဗီး" စထန်းက အော်တယ်။

ဖဒ်ဂ်က ဟယ်ရီကို တွမ့်မီးအိမ်နောက်ကနေ ကျဉ်းမြောင်းတဲ့ ကြားလမ်းလေးအတိုင်း လိုက်ခိုင်းတယ်။ ဒီနောက် သူတို့ဟာ အထူးခန်းလေး တစ်ခန်းထဲ ရောက်လာတယ်။ တွမ်က လက်ဖျောက်တီးလိုက်တာနဲ့ မီးလင်းဖိုထဲက မီးတောက်လာတယ်။ သူ အလေးပြုပြီး ထွက်သွားတယ်။

"ထိုင်၊ ဟယ်ရီ" ဖဒ်ဂ်က ပြောတယ်။ မီးဖိုဘေးက ထိုင်ခုံကို လက်ညှိုးထိုးပြတယ်။

ဟယ်ရီ ထိုင်လိုက်တယ်။ မီးရှိနေပေမယ့် သူ့ လက်မောင်းပေါ်မှာ ကြက်သီးထနေတာ သူ ခံစားရတယ်။ ဖဒ်ဂ်ဟာ မိမိရဲ့ အစင်း ဝတ်ရုံရှည်ကို ချွတ်ပြီး ဘေးပစ်ထားလိုက်တယ်။ ဒီ့နောက် မိမိရဲ့ အစိမ်းပုပ်ရောင် ဘောင်းဘီကို မပြီး ဟယ်ရီရှေ့ ထိုင်လိုက်တယ်။

"ကျုပ်က ကွန်နလီ–ဖဒ်ဂ်၊ ဟယ်ရီ။ မှော်ဝန်ကြီးဌာန ဝန်ကြီး" ဟယ်ရီက အစောကြီး ကတည်းက သိပြီးသား။ အရင်ကလည်း ဖဒ်ဂ်ကို တစ်ကြိမ်တွေ့ဖူးတယ်။ ဒါပေမယ့် အဲဒီတုန်းက သူ သူ့အဖေရဲ့ ကိုယ်ပျောက်ဝတ်ရုံကို ခြုံထားတယ်။ ဖဒ်ဂ်ကို ဒီအကြောင်း အသိပေးလို့ မဖြစ်ဘူး။

ဘားဆိုင်ပိုင်ရှင် တွမ် ပေါ်လာပြန်တယ်။ ညဝတ်အင်္ကျီ အပေါ်မှာ ထမင်းချက် ခါးစည်း ထပ်ဝတ်ထားတယ်။ လင်ဗန်းနဲ့ လက်ဖက်ရည်၊ ပေါင်မုန့်ကင် ပါလာတယ်။ သူက လင်ဗန်းကို ဖဒ်ဂ်နဲ့ ဟယ်ရီကြားက စားပွဲပေါ်တင်လိုက်ပြီး အခန်းက ထွက်သွားရင်း တံခါးကို ဆွဲပိတ်သွားတယ်။

"ကောင်းပြီ၊ ဟယ်ရီ" ဖဒ်ဂ်က ပြောရင်း လက်ဖက်ရည် ငှဲ့တယ်။ "မင်း သိမှာ မစိုးရိမ်ဘူး၊ မင်းကြောင့် တို့တတွေ ပျာလောင်ခတ် သွားတာပဲ။ မင်း အဒေါ်နဲ့ ဦးလေး အိမ်ကနေ ဒီလို ထွက်ပြေးလာတာကိုး။ ကျုပ် မူလက ထင်တာ... ဒါပေမယ့်၊ မင်း ဘာမှ မဖြစ်ဖူး။ အရေးကြီးတာ ဒါပဲ"

ဖဒ်ဂ်ဟာ မိမိ ပေါင်မုန့်ပေါ်ကို ထောပတ် သုတ်တယ်။ ပြီးတော့ ပန်းကန်ကို ဟယ်ရီ့ဘက် တွန်းပေးလိုက်တယ်။

"စား၊ ဟယ်ရီ။ မင်းကြည့်ရတာ ငြိမ်လှချေလား။ အခု... ကျုပ်တို့ မစ်မာဂျီ ကံမကောင်းစွာ ဖောင်းပွသွားတာကို ဘယ်လို ဖြေရှင်းလိုက်တယ်ဆိုတာ မင်းဝမ်းသာစွာ ကြားချင်မှာပဲ။ လွန်ခဲ့တဲ့ နာရီ အနည်းငယ်က ရှောင်တခင်အရေးကိစ္စ လှည့်ပြောင်းတဲ့ဌာနက လုပ်သားနှစ်ယောက် အမိန့်အရ ရေဖယောင်းပင်လမ်းကို သွားတယ်။ မစ်မာဂျီ ပြန်ကောင်းသွားပြီ။ သူ့မမှတ်ဉာဏ်လဲ ညီညွတ်အောင် လုပ်ပေးလိုက်ပြီ။ သူမ ဒီကိစ္စကို မမှတ်မိတော့ဘူး၊ ကိစ္စကတော့ ဒီတိုင်းပဲ။ ဘယ်သူမှ မထိခိုက်ဘူး"

ဖဒ်ဂ်ဟာ သူ့လက်ဖက်ရည် ပန်းကန်ဘေးကနေ ဟယ်ရီကို ပြုံးပြနေတယ်။ ဦးလေး တစ်ယောက်က ချစ်တဲ့တူမောင်ကို ကြည့်နေသလိုပဲ။ ဟယ်ရီက မိမိနားကိုတောင် မယုံဘူး။ စကားပြောဖို့ ပါးစပ်ဟလိုက်ပြီး ဘာပြောရမှန်း မသိလို့ ပြန်ပိတ်ထားလိုက်ရတယ်။

"အား၊ မင်းက မင်းအဒေါ်နဲ့ ဦးလေး ဘယ်လို တုံ့ပြန်မလဲ ဆိုတာ စိုးရိမ်နေလား" ဖဒ်ဂ်က ပြောတယ်။

"ကောင်းပြီ၊ သူတို့ အလွန့်ကို စိတ်ဆိုးတာ ကျုပ် မငြင်းပါဘူး။ ဟယ်ရီ၊ ဒါပေမယ့် မင်း ခရစ္စမတ်စ်နဲ့ အီစတာပွဲတော်တွေမှာ ဟော့ဂ်ဝပ်မှာ နေမယ်ဆိုရင်၊ သူတို့ နောင်နှစ်နွေမှာ မင်းကို အိမ်ပြန်ခွင့် ပြုလိမ့်မယ်"

ဟယ်ရီ့ လည်ချောင်း မကြပ်တော့ဘူး။

"ကျွန်တော် ခရစ္စမတ်စ်နဲ့ အီစတာပွဲတော်တွေမှာ ဟော့ဂ်ဝပ်မှာ အမြဲနေမယ်" သူက ပြောတယ်။

"ရေဖယောင်းပင်လမ်းကို မပြန်တော့ဘူး"

"အွန်း၊ အွန်း၊ မင်း တည်ငြိမ်လာရင် ဒီလိုစဉ်းစားမှာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်" ဖဒ်ဂ်က ပြောတယ်။ စိုးရိမ်တဲ့ လေသံ ပါနေတယ်။ "သူတို့က မင်း အိမ်သားတွေပဲဟာ။ ကျုပ်ပြောရဲတယ်… အော… ရင်ထဲမှာတော့ အပြန်အလှန် ချစ်ခင်ကြမှာပါ"

ဟယ်ရီဟာ ဖဒ်ဂ်အမြင်ကို တည့်မတ်ပေးဖို့ စိတ်မရှိဘူး။ သူ့ကို ဘယ်လို အရေးယူမယ် ဆိုတာပဲ နားထောင်ဖို့ စောင့်နေတယ်။

"ဒါဆို အခု ကျန်တာကတော့" ဖဒ်ဂ်က ပြောတယ်။ မိမိရဲ့ ဒုတိယ ပေါင်မုန့်ကို ထောပတ်သုတ်နေပြန်တယ်။ "မင်း ကျန်တဲ့ နှစ်ပတ် ဘယ်မှာနေမလဲ။ မင်း ခွက်စုတ်ဘားမှာ အခန်းယူဖို့ ငါ အကြံပေးတယ်။ ပြီးတော့…"

"နေပါဦး" ဟယ်ရီက အလောတကော ပြောတယ်။ "ကျွန်တော့်ကို ဘယ်လို အရေးယူမှာလဲ"

ဖဒ်ဂ်က မျက်တောင် ခတ်လိုက်တယ်။

"အရေးယူရမယ်"

"ကျွန်တော် ဥပဒေချိုးဖောက်ခဲ့တယ်" ဟယ်ရီက ပြောတယ်။ "အရွယ်မရောက်သေးသူကို မှော်ပညာ သုံးရာမှာ ကန့်သတ်တဲ့ ဥပဒေ"

"အော၊ ချစ်လှစွာသော ကလေး။ ကျုပ်တို့က ဒါလေးတွေကြောင့် မင်းကို အရေးယူမှာ မဟုတ်ဖူး" ဖဒ်ဂ်က အော်ပြောတယ်။ မိမိ ပေါင်မုန့်မီးကင်ကို စိတ်မရှည်စွာ ယမ်းနေတယ်။

"အဲဒါ ရှောင်တခင် ကိစ္စ။ ကျုပ်တို့က လူတွေ သူတို့ အရီးကို ဖောင်းပွအောင် လုပ်တာနဲ့ အက်ဇခါဘန်ကို ပို့မှာမဟုတ်ဖူး"

ဒါပေမယ့်၊ ဒီစကားတွေဟာ ဟယ်ရီ အရင်က မှော်ဌာနကြီးနဲ့ ဆက်ဆံခဲ့တာနဲ့ လုံးဝ မအပ်စပ်ဘူး။

"မနှစ်တုန်းက၊ ကျွန်တော့် ဦးလေးတို့ အိမ်က မုင်စာလေးက ပူတင်းတစ်တုံးကို ဖျက်ဆီးမိတာနဲ့ ကျွန်တော့်မှာ တရားဝင် သတိပေးခံခဲ့ရတယ်" ဟယ်ရီက မျက်မှောင်ကြုတ်ပြီး ပြောတယ်။ "မှော်ဝန်ကြီးဌာနက ပြောတယ်။ တကယ်လို့ အဲဒီမှာ နောက်ထပ် မှော်ပညာ သုံးခဲ့ရင် ကျွန်တော့်ကို ဟော့ဂ်ဝပ်က ထုတ်ပစ်မယ်တဲ့"

ဟယ်ရီ့ မျက်စိက မိမိကို လိမ်ညာတာ ဖြစ်ကောင်း ဖြစ်မယ်။ ဖဒ်ဂ်ဟာ ရုတ်တရက် အနေရကြပ်သလို ဖြစ်လာတယ်။

"အခြေအနေက ခဏခဏ ပြောင်းတယ်၊ ဟယ်ရီ… လက်ရှိ အခြေအနေမှာ …. ကျုပ်တို့ စဉ်းစားရမှာက မင်းကျောင်းထုတ်မခံချင်ဘူး မဟုတ်လား"

"ဘယ်ခံချင်မလဲ" ဟယ်ရီက ပြောတယ်။

"ဒါဆို ကောင်းပြီ။ ဒါဆို မင်း ဘာလို့ ပျာနေတာလဲ" ဖဒ်ဂ်က ပေ့ါပါးစွာ အော်ရယ်တယ်။ "နော၊ ပေါင်မုန့်မီးကင် တစ်ချပ်စား၊ ဟယ်ရီ။ ကျုပ် တွမ့်ကို မင်းအတွက် အခန်း သွားတောင်းမယ်"

ဖဒ်ဂ် အခန်းလေးထဲက ထွက်သွားတယ်။ ဟယ်ရီက သူ့ကျောကို စိုက်ကြည့်တယ်။ သာမန်မဟုတ်တဲ့ ကိစ္စတစ်ခုခုတော့ ဖြစ်နေတာ သေချာတယ်။ သူ လုပ်ခဲ့တဲ့ ကိစ္စကြောင့် သူ့ကို အရေးယူဖို့ မဟုတ်ရင် ဖဒ်ဂ် ဘာကြောင့် ခွက်စုတ်ဘားမှာ သူ့ကို စောင့်နေတာလဲ။ ပြီးတော့ အခု ဟယ်ရီ တစ်ချက် စဉ်းစားမိတာက၊ ဝန်ကြီးကိုယ်တိုင် အရွယ်မရောက်သေးသူ မှော်ပညာသုံးတဲ့ ကိစ္စကို ဝင်ကိုင်တယ်ဆိုတာ သာမန် ကိစ္စတော့ မဟုတ်တာ သေချာတယ်။

ဖဒ်ဂ် ပြန်လာပြီ၊ အတူလာတာက ဘားလေးပိုင်ရှင် တွမ်။

"အခန်း ၁၁ အားနေတယ်၊ ဟယ်ရီ" ဖဒ်ဂ်က ပြောတယ်။ "မင်း အဲဒီမှာနေရတာ သက်သောင့်သက်သာ ရှိလိမ့်မယ်လို့ ထင်တယ်။ တစ်ခုပဲ ရှိတယ်။ ပြီးတော့ မင်း သဘောပေါက်ပါလိမ့်မယ်။ မင်း မတ်ဂေါ်တွေရဲ့ လန်ဒန် သွားလျှောက်မလည်နဲ့၊ ဖြစ်တယ် မဟုတ်လား။ ဒေါင့်ဖြတ်လမ်းမှာပဲနေ။ ပြီးတော့ နေ့စဉ် မိုးမချုပ်ခင် ပြန်လာရမယ်။ ဒါ ဘာကြောင့်ဆိုတာ မင်း နားလည်လိမ့်မယ်။ တွမ်က ကျုပ်အစား မင်းကို သတိပြုလိမ့်မယ်"

"ကောင်းပြီ" ဟယ်ရီက ဖြည်းဖြည်း ပြောတယ်။ "ဒါပေမယ့်၊ ဒါ ဘာကြောင့်လဲ"

"မင်းကို နောက်ထပ် ပျောက်ဆုံးမခံချင်လို့။ ကျုပ်တို့က ဖြစ်စေချင်လို့လား" ဖဒ်ဂ်က အားရပါးရ ရယ်တယ်။ "ဟင့်အင်း၊ ဟင့်အင်း ...ကျုပ်တို့ မင်းဘယ်မှာ ရှိတယ်ဆိုတာ သိချင်တယ် ... ကျုပ်ပြောလိုတာက...."

ဖဒ်ဂ်ဟာ အကျယ်ကြီး လည်ချောင်းရှင်းလိုက်ပြီး သူ့ အစင်းဝတ်ရုံရှည်ကို ကောက်ယူလိုက်တယ်။

"ကောင်းပြီ၊ ကျုပ်သွားတော့မယ်။ အလုပ် သိပ်များတယ်။ မင်း သိပါတယ်"

"ဆီးရီးအက်စ်ကြယ် ဘလက် သတင်း ရသေးလား"

ဖဒ်ဂ် လက်ဟာ ဝတ်ရုံရှည် ငွေကြယ်သီးပေါ်က တစ်ချက်လျှောကျသွားတယ်။

"ဘာ အဓိပ္ပာယ်လဲ။ အော၊ မင်းကြားပြီးပြီ ---- ကောင်းပြီ။ မရဘူး၊ မရသေးဘူး။ ဒါပေမယ့် ဒါအချိန်ပဲ လိုတော့တာ။ အက်ဇ်ခါဘန်က အစောင့်တွေဟာ တစ်ခါမှ မရှုံးနိမ့် သေးဘူး .... သူတို့ ဒီတစ်ခါသိပ်ကို ဒေါသထွက်နေတာ၊ ကျုပ်သိခဲ့တဲ့ ဘယ်အကြိမ်ထက် မဆို ဆိုးတယ်"

ဖဒ်ဂ် နည်းနည်း တုန်နေတယ်။

"ကဲ နှုတ်ဆက်လိုက်ပြီ"

သူ လက်ထုတ်ပေးတယ်။ ဟယ်ရီက လက်ဆွဲနှုတ်ဆက်စဉ် ရုတ်တရက် အကြံတစ်ခု ပေါ်လာတယ်။

"အား – ဝန်ကြီး .... မေးစရာ ရှိလို့ မေးခွင့် ပြုမလား"

"ရတာပေါ့" ဖဒ်ဂ်က ပြုံးပြီး ပြောတယ်။

“ကောင်းပြီ၊ တတိယနှစ် ကျောင်းသားတွေ ဟော့ဂ်မေ့ဒ်ကို လှည့်လည် ကြည့်ရှုခွင့် ရတယ်။ ဒါပေမယ့်၊ ကျွန်တော့် အဒေါ်နဲ့ ဦးလေးဟာ ကျွန်တော့် ခွင့်ပြုဖေယာမှာ လက်မှတ်ထိုးမပေးဘူး။ ခင်ဗျား ကျွန်တော့်ကို ထိုးပေးနိုင်မလား”

ဖဒ်ဂ် ကြည့်ရတာ တစ်မျိုးကြီးပဲ။

“အား” သူက ပြောတယ်။ “ဟင့်အင်း၊ ဟင့်အင်း၊ ကျုပ်ဝမ်းနည်းပါတယ်၊ ဟယ်ရီ။ ကျုပ် မင်းမိဘမှ မဟုတ်တာ။ အုပ်ထိန်းသူလဲ မဟုတ်ဘူး----”

“ဒါပေမယ့်၊ ခင်ဗျား မော်ဝန်ကြီးပဲ” ဟယ်ရီက လောလော ပြောတယ်။ “တကယ်လို့ ခင်ဗျား ခွင့်ပြုရင်---”

“ဟင့်အင်း၊ ဝမ်းနည်းပါတယ်၊ ဟယ်ရီ။ ဆုံးဖြတ်ချက်က ဆုံးဖြတ်ချက်ပဲ” ဖဒ်ဂ်က ပြတ်ပြတ်ပြောတယ်။ “နောင်နှစ်ကျရင် မင်း ဟော့ဂ်မေ့ဒ်ကို သွားချင်သွားရမှာပေါ့။ စင်စစ်၊ ကျုပ် အထင် မင်း အကောင်းဆုံးက ဒီလို ...... ကောင်းပြီ၊ ကျုပ် သွားတော့မယ်။ ဒီမှာ ကောင်းကောင်းနေ၊ ဟယ်ရီ”

ဖဒ်ဂ်ဟာ ဟယ်ရီ့ကို နောက်ဆုံး တစ်ကြိမ် ပြုံးပြတယ်။ လက်လည်း ဆွဲနှုတ်ဆက်တယ်။ ဒီနောက် အခန်းက ထွက်သွားတယ်။ ပြီးနောက် တွမ်ရှေ့တိုးလာပြီး ဟယ်ရီကို ပြုံးပြတယ်။

“မစ္စတာ ပေါ်တာ၊ ကျုပ်နဲ့ လိုက်ခဲ့ပါ” တွမ်က ပြောတယ်။ “ကျုပ် မင်းပစ္စည်းတွေကို အပေါ်တင်ထားပြီးပြီ”

ဟယ်ရီဟာ တွမ်နောက်က လိုက်သွားတယ်။ လှပတဲ့ သစ်သားလှေခါးပေါ် တက်ခဲ့ပြီး အဝမှာ ကြေးဝါပြားလေးနဲ့ အမှတ် ၁၁ လို့ ဖော်ပြတဲ့ အခန်းဝကို ရောက်လာတယ်။ တွမ်က ဟယ်ရီ့ကို တံခါးသော့ဖွင့်ပေးတယ်။ တံခါးဝ ပွင့်သွားတယ်။

အခန်းထဲမှာ ကြည့်ရတာ ဖိမ်ရှိမယ့် ကုတင်တစ်လုံး၊ အလွန်ပြောင်လက်တဲ့ ဝက်သစ်ချ ပရိဘောဂတစ်ချို့ ရှိတယ်။ မီးလင်းဖိုထဲက မီးက တဖျစ်ဖျစ် လောင်နေတယ်။ အဝတ်ဗီရိုထိပ်မှာ ရပ်နေတာက ----

“ဟက်ဒဝစ်” ဟယ်ရီ တအား ဝမ်းသာစွာ အော်တယ်။

အဲဒီ ဆီးနှင်းလို ဖြူဖွေးတဲ့ ဇီးကွက်ရဲ့ နှုတ်သီးက ဒတ်-ခနဲ မြည်လိုက်တယ်။ “မင်း ဒီရောက်ပြီး ငါးမိနစ်အတွင်း ၎င်း ပျံလာတယ်။ လိုတာရှိရင်၊ မစ္စတာ ပေါ်တာ ချက်ချင်းပြောနော်”

သူ အရိုအသေ ပေးလိုက်ပြန်ပြီး ထွက်သွားတယ်။

ဟယ်ရီဟာ ကုတင်ပေါ်မှာ အကြာကြီး ထိုင်နေတယ်။ ဟက်ဒဝစ်ကို စိတ်မပါ့တပါ ပွတ်သပ်နေတယ်။ ပြတင်းအပြင်က မိုးကောင်းကင်ဟာ ခရမ်းပြာရင့်ရင့်ကနေ အေးစက်စက် မွဲပြာပြာဖြစ်လာတယ်။ ဒီနောက် ပန်းရောင် အစင်းတွေနဲ့ ရွှေရောင်အဖြစ် တဖြည်းဖြည်း ပြောင်းသွားတယ်။ ဟယ်ရီဟာ မိမိကိုယ်မိမိ မယုံနိုင်အောင် ဖြစ်ရတာက ရေဖယောင်းပင်လမ်းက ထွက်လာတာ နာရီအနည်းငယ်သာ ရှိသေးတယ်။ သူ ကျောင်းထုတ်မခံရဘူး။ ပြီးတော့ သူ နှစ်ပတ်လုံးလုံး ဒါစလီ အိမ်သားတွေ ချုပ်ချယ်မှုက လွတ်တဲ့နေ့ရက်တွေ ရလာတာပဲ။

“ဒါဟာ အလွန် ထူးဆန်းတဲ့ည၊ ဟက်ဒဝစ်” သူက သမ်းဝေရင်း ပြောတယ်။

သူဟာ မျက်မှန်တောင် မချွတ်နိုင်ဘဲ ခေါင်းအုံးပေါ်လှဲပြီး အိပ်ပျော်သွားတယ်။

• • • • • • •

## ၄။ ခွက်စုတ်ဘား

ရက်အတော်ကြာတော့မှ ဟယ်ရီဟာ သူရရှိတဲ့ အံ့သြဖွယ် လွတ်လပ်မှုကို ကျင့်သားရသွားတယ်။ အရင်က သူဟာ အိပ်ချင်တဲ့အချိန် မအိပ်ရ၊ စားချင်တဲ့အချိန်မှာ မစားခဲ့ရဘူး။ အခုဆိုရင် သူသွားချင်တဲ့ နေရာတိုင်းကို သွားလို့ရတယ်။ အဲဒီနေရာဟာ ထောင့်ဖြတ်လမ်းထဲမှာဆိုရင် ပြီးတာပဲ။ အဲဒီကျောက်စလစ်ခဲလေးတွေ ခင်းထားတဲ့ လမ်းရှည်ရှည်ရဲ့ တစ်ဖက်တစ်ချက်မှာ ကမ္ဘာပေါ်မှာ လူတွေကို စွဲလမ်းစေတဲ့ မှော်ဈေးဆိုင်တွေချည်းပဲ။ ဒါကြောင့် ဟယ်ရီဟာ သူ ဖဒ်ဂ်ကို ပေးခဲ့တဲ့ ကတိကို မဖျက်ချင်ဘူး။ မူလလမ်းက ခွဲခွာပြီး မတ်ဂေါ်ကမ္ဘာကို ထပ်မသွားတော့ဘူး။

ဟယ်ရီဟာ နေ့စဉ် ခွက်စုတ်ဘားမှာ နံနက် စောစောစာ စားတယ်။ အဲဒီမှာ တခြား တည်းသူတွေကို လေ့လာချင်တယ်။ တောကလာတဲ့ စိတ်ဝင်စားစရာ မှော်ဆရာမလေးတွေဟာ ဒီမှာ တစ်နေကုန် ဈေးဝယ်ဖို့ ဖြစ်တယ်။ စိတ်ထိခိုက်လွယ်တဲ့ မှော်ဆရာတွေဟာ “ယနေ့ ရုပ်ပြောင်းပညာ” မှာ ပါတဲ့ နောက်ဆုံးပေါ် ဆောင်းပါးကို ငြင်းခုံနေကြတယ်။ ကြမ်းကြမ်းရမ်းရမ်း မှော်ဆရာတွေ၊ ဆူဆူညံညံ လူပုလေးတွေ။ ပြီးတော့ တစ်ကြိမ်မှာ ဘလာခလာဗာ သံခမောက် ထူထူကြီး ဆောင်းထားတဲ့ သရဲသဘက်လို့ ထင်ရတဲ့လူဟာ အသည်း အစိမ်း တစ်ပန်းကန် မှာတယ်။

နံနက် စောစောစာစားပြီးနောက် ဟယ်ရီဟာ နောက်ဖေးခြံထဲ သွားလေ့ရှိတယ်။ သူ့ မှော်ကြိမ်လုံးကို ထုတ်ပြီး အမှိုက်ပုံးအထက်နားက ဝဲဘက်က ရေတွက်ရင် တတိယအုတ်ခဲကို ခေါက်တယ်။ ဒီနောက်၊ နောက်တစ်လှမ်းဆုတ်ပြီး နံရံပေါ်က ပွင့်လာတဲ့ ထောင့်ဖြတ်လမ်းဆီသွားတဲ့ လိုဏ်ခေါင်းလမ်းကို စောင့်ကြည့်နေတယ်။

ဟယ်ရီဟာ နေ့တာရှည်တဲ့ နွေရက်တွေကို ဈေးဆိုင်တွေ လည်ပတ်တာနဲ့ ကော်ဖီဆိုင်ရှေ့က အရောင်တောက်တောက် ထီးကြီးတွေအောက်မှာ စားသောက်ခြင်းဖြင့် ကုန်ဆုံးစေတယ်။ သူနဲ့အတူ

စားသောက်သူတွေဟာ ဝယ်ခြမ်းလာတဲ့ ပစ္စည်းတွေကို အပြန်အလှန် ထုတ်ပြကြတယ်။ ("ဒါ အဝေးကြည့် မှန်ပြောင်း၊ မိတ်ဆွေ ---- လဇယားနဲ့ အလုပ်ရှုပ်စရာ မလိုတော့ဘူး၊ သိလား") ဒါမှ မဟုတ်ရင်လည်း ဆီးရီးအက်စ်ကြယ်ဘလက်အမှုကို ဆွေးနွေးကြတယ်။ ("ကျုပ်အမြင်ကတော့၊ သူ အက်ဇခါဘန်ကို ပြန်မရောက်ခင်၊ ကလေးအားလုံး တစ်ယောက်တည်း အပြင်မထွက်သင့်ဘူး") ဟယ်ရီဟာ စောင်အောက်ပုန်းပြီး လက်နှိပ်ဓာတ်မီးထိုးကာ အိမ်စာရေးစရာ မလိုတော့ဘူး။ အခု သူ ဖလောရင်း အအေးဆိုင် အပြင်ဘက် လင်းပတဲ့ နေရောင်အောက်မှာ မိမိရဲ့ စာတမ်းအားလုံးကို ပြီးမြောက်အောင် လုပ်နိုင်ခဲ့ပြီ။ တစ်ခါတစ်ရံမှာ ဖလောရင်းကိုယ်တိုင် လာပြပေးသေးတယ်။ ဖလောရင်းဟာ အလယ်ရာစုနှစ် မှော်ဆရာမများကို မီးရှို့သတ်တာနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတရှိတဲ့အပြင်၊ ဟယ်ရီ့ကို နာရီဝက်တစ်ခါ ရေခဲမုန့် တစ်ဖူး အလကား ပေးသေးတယ်။

ဟယ်ရီဟာ ပိုက်ဆံအိတ်ထဲ ရွှေဂါလုံး၊ ငွေစစ်ခိုနဲ့ ကြေးနတ်တွေပြည့်အောင် ထည့်ပြီးနောက် မိမိကိုယ်မိမိ ချုပ်ကိုင်ရတယ်။ ငွေတွေ တစ်ခါတည်း ကုန်သွားမှာ စိုးလို့။

သူဟာ မိမိကိုယ်မိမိ ဟော့ဂ်ဝပ်မှာ ငါးနှစ် နေရဦးမယ်။ ပြီးတော့ ဒါစလီအိမ်သားတွေဆီ မှော်စာအုပ်ဝယ်ဖို့ ငွေတောင်းရတဲ့ အရသာကို သတိရဖို့ သတိပေးနေရတယ်။ ဒီတော့မှ သူဟာ လှပတဲ့ ခိုင်ခံ့တဲ့ ရွှေဂေါဘ ကျောက်ခဲ (မှော်လောက က ကစားစရာတစ်မျိုး၊ ဂေါ်လီလုံး ကစားတာနဲ့ နည်းနည်းတူတယ်။ ဒီကစားနည်းထဲမှာ တစ်မှတ်ရှုံးတာနဲ့ အဲဒီ ကျောက်ခဲလေးတွေက နံစော်တဲ့ အရည်တွေကို ရှုံးသူ့ မျက်နှာပေါ် ပန်းကြတယ်။) ကို မဝယ်ဘဲ နေနိုင်တာ။ ဖန်ဘောလုံးကြီး တစ်မျိုး ရှိတယ်။ အထဲမှာက ထူးဆန်းလှပတဲ့ ကြယ်တာရာပုံပါတယ်။ အဲဒါရှိရင် နက္ခတ္တဗေဒသင်တန်း တက်စရာမလိုတော့ဘူး။ ဒါကိုလည်း ဟယ်ရီက သိပ်ဝယ်ချင်တယ်။ ဒါပေမယ့် ဟယ်ရီ့ကို စိတ်အလှုပ်ရှားစေဆုံးကတော့ သူ အနှစ်သက်ဆုံး ဆိုင်မှာ ရှိတယ်။ ခွဲဒစ်အကောင်းစား အထူး အရောင်းဆိုင်။ ဒါဟာ ခွက်စုတ်ဘား ရောက်ပြီး တစ်ပတ်ကြာတုန်းက ကိစ္စ။

ထိုစဉ်က လူတွေ အဲဒီမှာ တိုးဝှေ့ကြည့်နေတယ်။ ဟယ်ရီက အံ့ဩလို့ တိုးဝင်သွားတယ်။ သူဟာ စိတ်လှုပ်ရှားနေတဲ့ မှော်ဆရာ၊ ဆရာမတွေကြား တိုးတယ်။ နောက်ဆုံး မကြာခင်ကမှ ပြုလုပ်ထားတဲ့ အထိုင်ပေါ်မှာ တံမြက်စည်းတစ်ချောင်းကို မြင်ရတယ်။ ဒါဟာ သူ့ဘဝမှာ မြင်တွေ့ရတဲ့ အံ့ဩလောက်အောင် လှပတဲ့ တံမြက်စည်းပဲ။

"ခုမှ ထွက်တာ .... နမူနာ တံမြက်စည်း ..."

မေးရိုးထောင့်ကျကျ မှော်ဆရာတစ်ယောက်က သူ့အဖော်ကို ပြောပြတယ်။

"ဒါဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံး တံမြက်စည်း၊ ဟုတ်တယ် မဟုတ်လား၊ အဖေ" ဟယ်ရီထက် ငယ်တဲ့ကောင်လေးက သူ့အဖေကို အသံစူးစူးနဲ့ မေးတယ်။ အဲဒီကောင်လေးဟာ သူ့အဖေ လက်မောင်းပေါ် ချိတ်ပြီး ယီးလေးစီးနေတယ်။

"အိုက်ယာလန် နိုင်ငံတကာ အသင်းက ဒီလိုလှပတဲ့ တံမြက်စည်း ခုနစ်ချောင်း မကြာခင်ကမှ မှာထားတယ်" ဆိုင်ရှင်က အားလုံးကို ပြောပြတယ်။ "ဒီပစ္စည်းဟာ ကမ္ဘာ့ဖလားပွဲမှာ လူကြိုက်အများဆုံးပဲ"

ဟယ်ရီရှေ့က အကောင်ကြီးကြီး မှော်ဆရာမတစ်ယောက် ထွက်သွားတယ်။ ဒါကြောင့် သူ တံမြက်စည်းဘေးက အညွှန်းကို ဖတ်လို့ ရသွားတယ်။

## မီးသတ္တိ

ဤအမျိုးအစား မိုးပျံတံမြက်စည်းသည် လက်ရှိအချိန်တွင် အဆင့်အမြင့်ဆုံး အတတ်ပညာကို ကိုယ်စားပြုသည်။ ၎င်း၏ လက်ကိုင်ကို ဖယောင်းဖြူသားနဲ့ သေသပ်ကောင်းမွန်စွာ ပြုလုပ်ထားပြီး စင်းလုံးချော

အဆင့်မြင့် ကောင်းမွန်လှသည်။ စိန်ကဲ့သို့ မာကျောသော အရောင်တင်ဆေးနှင့် ပြုပြင်ထားသည်။ လက်ထွင်း မှတ်ပုံတင်နံပတ်လည်း ပါသေးသည်။ ဤအမျိုးအစား တံမြက်စည်း အဆုံးပိုင်းရှိ တံမြက်စည်းတံလေးတိုင်းသည် ဆန်ခါတင် ရွေးချယ်ထားပြီး စင်းလုံးချော အပြစ်အနာအဆာ ကင်းသည်။ သို့ပါ၍ ဤပစ္စည်းသည် ဟန်ချက်ညီခြင်းနှင့် တိကျမှုမှာ ပြိုင်ဘက်ကင်းသည်။ မီးသတ္တိသည် ဆယ်စက္ကန့်အတွင်း တစ်နာရီ မိုင် ၁၅၀ အရှိန်မြင့်နိုင်သည်။ ၎င်း၏ ချုပ်ကိုင်တပ်ဆင်မှုမှာလည်း ဆွဲဆောင်အားအပြည့် ရှိသည်။ ဈေးနှုန်းကို မျက်နှာချင်းဆိုင် ဆွေးနွေးမည်။

ဈေးနှုန်းကို မျက်နှာချင်းဆိုင် ဆွေးနွေးမည် ... ဒီ အမျိုးအစား မီးသတ္တိ ဘယ်လောက်တန်တယ်ဆိုတာ ဟယ်ရီသွားမတွေးချင်တော့ဘူး။ သူ့ဘဝတစ်ခုလုံးမှာ ခုလောက် ၎င်းကို လိုချင်စိတ် ဖြစ်ခဲ့တာ မရှိသေးဘူး ---- ဒါပေမယ့် သူ "အလင်းစကြာ ၂၀၀၀" ကို စီးပြီး ခွေဒစ် ပြိုင်ပွဲမှာ တစ်ခါမှ မရှုံးခဲ့ဘူး။ သူ့မှာ အလွန်ကောင်းတဲ့ တံမြက်စည်းတစ်လက် ရှိနေမှတော့ ရှိစုမဲ့စု အကုန်သုံးပြီး မီးသတ္တိကို ဝယ်တာ ဘာအဓိပ္ပာယ် ရှိမှာလဲ။ ဟယ်ရီက တန်ဖိုးကို မမေးဘူး။ ဒါပေမယ့် ဒိနောက်ပိုင်းမှာ သူ နေ့စဉ်လိုလို အဲဒီဆိုင်ကို သွားတယ်။ မီးသတ္တိကို ကြည့်ချင်လို့။

သို့ပေမယ့် ဟယ်ရီ မဝယ်လို့ မဖြစ်တဲ့ ပစ္စည်းတွေ ရှိတယ်။ သူ ဆေးဆိုင်သွားပြီး ဆေးစပ်ဖို့ လိုတာတွေ ဝယ်တယ်။ ပြီးတော့ သူ့ ကျောင်းဝတ်စုံ အင်္ကျီလက်၊ ဘောင်းဘီခြေထောက်တွေ လက်မအချို့ တိုသွားပြီမို့ သူ မဒမ်မော်ကင် သီးသန့်ဆိုင်မှာ ဝတ်ရုံရှည်အသစ် တစ်ချို့ချုပ်တယ်။ အရေးအကြီးဆုံးကတော့ ကျောင်းသုံးစာအုပ် အသစ်ဝယ်ဖို့ပဲ။ ဝယ်ရမှာက ဘာသာရပ်အသစ် နှစ်မျိုးအတွက် ဝယ်ရမယ်။ အဲဒါကတော့ ...... သက်ရှိများကို ကာကွယ်ခြင်းနဲ့ ဗေဒင်။

ဟယ်ရီက စာအုပ်ဆိုင် မှန်ပြတင်းထဲ ကြည့်လိုက်တယ်။ သူ လန့်သွားတယ်။ စာအုပ်ဆိုင် ပြတင်းထဲမှာ ခါတိုင်းအချိန်ဆိုရင် ကြမ်းခင်း ကျောက်ပြားကြီးတွေလောက်ကြီးတဲ့ ဖောင်းကြွရွှေစာလုံးပါတဲ့ ဂါထာစာအုပ်တွေ ထားတယ်။ အခု ဒီစာအုပ်တွေ မရှိတော့ဘူး။ အဲဒီနေရာမှာ သံလှောင်အိမ်ကြီး တစ်ခု၊ အထဲမှာ အုပ်တစ်ရာလောက်ရှိတဲ့ "သရဲသဘက်တွေရဲ့ သရဲသဘက်စာအုပ်" တွေ ဖြစ်နေတယ်။ ဒီစာအုပ်တွေကို အတူတကွ ပိတ်လှောင်ထားလို့ ဒေါသတကြီး နပမ်းလုံးနေကြတယ်။ တအား ကိုက်ကြဖဲ့ကြ၊ တိုက်ကြခိုက်ကြတဲ့အတွက် စုတ်ပြဲကုန်တဲ့စာရွက်တွေ လွင့်ပျံနေတယ်။

ဟယ်ရီဟာ အိတ်ကပ်ထဲကနေ စာအုပ်စာရင်းကို ဆွဲထုတ်လိုက်ပြီး ပထမဆုံးအကြိမ် ဖတ်ရှုစစ်ဆေးတယ်။ "သရဲသဘက်တွေရဲ့ သရဲသဘက်"စာအုပ်ဟာ သက်ရှိတွေကို ကာကွယ်ခြင်း ဘာသာရပ်အတွက် ရည်ညွှန်းစာအုပ်ဖြစ်တယ်။ အခုမှ ဟက်ဂရစ်က ဘာကြောင့် ဒီစာအုပ်အသုံးကျလိမ့်မယ်လို့ သူ့ကိုပြောတယ်ဆိုတာ နားလည်သွားတယ်။ သူ စိတ်သက်သာသွားတယ်။ အရင်က သဘောမပေါက်ဘူး။ ဟက်ဂရစ်မှာ ကြောက်စရာကောင်းတဲ့ အချစ်တော် သတ္တဝါတစ်ချို့ မွေးထားလို့ အကူအညီလိုတယ် ထင်နေတာ။

ဟယ်ရီ ဒီစာအုပ်ဆိုင်ထဲ ဝင်လိုက်တယ်။ မန်နေဂျာက ကမန်းကတန်း ထကြိုတယ်။

"ဟော့ဂ်ဝပ်ကလား" သူက မထင်မှတ်ဘဲ မေးတယ်။ "စာအုပ်သစ်တွေ လာဝယ်တာလား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ကျွန်တော်------"

"နည်းနည်း ဖယ်ပေးပါ ခင်ဗျား" မန်နေဂျာက စိတ်မရှည်ဘူး။ ဟယ်ရီ့ကို တစ်ဖက် တွန်းလိုက်တယ်။ သူဟာ အလွန်ထူတဲ့ လက်အိတ်ကြီးစွပ်ပြီး အလွန်တုတ်တဲ့ အဖုတွေနဲ့ တုတ်ကောက်တစ်ချောင်းကို ယူကာ "သရဲသဘက်တွေရဲ့ သရဲသဘက်" တွေ ထည့်ထားတဲ့ သံလှောင်အိမ်ဆီ သွားတယ်။

"ခဏနေပါဦး" ဟယ်ရီက အမြန်ပြောတယ်။ "ဒီစာအုပ် ကျွန်တော့်မှာ ရှိပြီးသား"

"ရှိပြီလား" မန်နေဂျာ မျက်နှာပေါ်မှာ အလွန်ကျေနပ်တဲ့ပုံ ပေါ်လာတယ်။ "ဘုရားသခင်ကို ကျေးဇူးတင်တယ်။ ဒီနေ့၊ နံနက် ကျုပ် ငါးကြိမ်တောင် အကိုက်ခံရပြီးပြီ"

ရုတ်တရက် စုတ်ဖြဲသံကျယ်ကျယ် ထွက်ပေါ်လာတယ်။ "သရဲသဘက်တွေရဲ့ သရဲသဘက်စာအုပ်" နှစ်အုပ်ဟာ တတိယစာအုပ်ကို ဆွဲထားပြီး တစ်ပြိုင်နက် ဆွဲဆုတ်နေတယ်။

"ရပ်ကြ၊ ရပ်ကြ" မန်နေဂျာက အော်တယ်။ အဲဒီ တုတ်ကောက်ကို သံတိုင်ကြားက အထဲထိုးပြီး ဒီစာအုပ်တွေကို ရိုက်ခွဲလိုက်တယ်။ "ကျုပ် ဒီစာအုပ်တွေ နောက်ထပ် မထားတော့ဘူး။ ဘယ်တော့မှ မထားဘူး။ ဘယ်လိုမှ လုပ်မရဘူး။ ကျုပ်တို့ အရင်က "ကိုယ်ပျောက်ပညာရဲ့ ကိုယ်ပျောက်စာအုပ်" အုပ်နှစ်ရာ ဝယ်ဖူးတယ်။ ကျုပ်က ၎င်းတို့ထက်ဆိုးတာ မရှိတော့ဘူးလို့ ထင်တာ–အဲဒီစာအုပ်တွေ သိပ် တန်ဖိုးကြီးတာ။ ပြီးတော့ ကျုပ်တို့ ဘယ်တော့မှ .... ကောင်းပြီ၊ ခင်ဗျား တခြား ဘာစာအုပ် လိုချင်သေးလဲ"

"လိုတယ်" ဟယ်ရီက ပြောတယ်။ သူ့ စာအုပ်စာရင်းကို ကြည့်လိုက်တယ်။ "ကျွန်တော် ခါဆန်ဒရာ–ဗက်လက်စကီး ရေးတဲ့ 'တိမ်တောင်တွေ ဖယ်ရှား အနာဂတ်ကို ကြည့်' စာအုပ် တစ်အုပ်လိုတယ်"

"အား၊ ကြိုဟောပညာ စသင်ရတော့မယ်ပေါ့ ဟုတ်လား" မန်နေဂျာက ပြောရင်း လက်အိတ်ချွတ်ပစ်လိုက်တယ်။ ဟယ်ရီ့ကို စာအုပ်ဆိုင်နောက်ဘက်ပိုင်းကို ခေါ်သွားတယ်။ အဲဒီက ထောင့်တစ်ထောင့်မှာ ဗေဒင်စာအုပ်တွေချည်းပဲ။ စားပွဲလေး တစ်ခုပေါ်မှာ စာအုပ်အများကြီး တင်ထားတယ်။ "ကြိုမမြင်ရတဲ့ ကိစ္စကို ကြိုဟောခြင်းဖြင့် မိမိ တိုက်ခိုက်ခံရခြင်းမှ ရှောင်ရှားနိုင်သည်" နဲ့ "ကွဲကြေတဲ့ ဘောလုံး၊ ကံကြမ္မာနိမ့်တဲ့ကာလ" စသဖြင့်။

"ဒီမှာပဲ" မန်နေဂျာက ပြောတယ်။ သူဟာ လှေခါးပေါ်တက်ပြီး အဖုံးအနက်ရောင် စာအုပ်ထူထူကြီးကို ယူချတယ်။ "တိမ်တောင်တွေ ဖယ်ရှား အနာဂတ်ကိုကြည့်ဟာ အခြေခံ ဗေဒင်ပညာ ဖြစ်တဲ့ လက္ခဏာ၊ ခရစ်ဆယ်ဘောလုံး၊ ငှက်များ ကလီဇာ ... စတာတွေ အတွက် လမ်းညွှန်သဘော ဆောင်တယ်"

ဒါပေမယ့် ဟယ်ရီဟာ သူပြောတာကို နားမထောင်ဘူး။ သူ့ အကြည့်ဟာ စာအုပ်တစ်အုပ်ပေါ် ရောက်သွားတယ်။ စားပွဲခုံလေးပေါ် တင်ထားတဲ့ စာအုပ်တစ်အုပ်။ "သေခြင်း၏ နိမိတ်။ အဆိုးဆုံး ကိစ္စ ရောက်ရှိလာတော့မှာကို သင်သိလျှင် သင် ဘယ်လို လုပ်မလဲ"

"အော၊ ကျုပ်သာဆိုရင် ဒီစာအုပ်မျိုး မဖတ်ဘူး" စာအုပ်ဆိုင် အရောင်းစာရေးဟာ ဟယ်ရီ အဲဒီစာအုပ်ကို ကြည့်နေတာတွေ့တော့ ပေါ့ပါးစွာ ပြောတယ်။ "ခင်ဗျား ဒီစာအုပ်ကို ကြည့်ပြီးရင် သေခြင်းရဲ့ နိမိတ် နေရာတိုင်းမှာ တွေ့နေလိမ့်မယ်။ ဒီစာအုပ်က လူကို ခြောက်လှန့်တယ်"

ဒါပေမယ့် ဟယ်ရီဟာ အဲဒီစာအုပ်ကိုပဲ ကြည့်နေတယ်။ မျက်နှာဖုံးပေါ်မှာ ခွေးတစ်ကောင် ရှိတယ်။ ဝက်ဝံကြီးလောက် ကြီးတယ်။ မျက်လုံးက အရောင်တောက်နေတယ်။ ဒီခွေးကို ကြည့်ရတာ မြင်ဖူးနေသလိုပဲ ....

ဆိုင်ဝန်ထမ်းက "တိမ်တောင်တွေ ဖယ်ရှား အနာဂတ်ကိုကြည့်" ကို ဟယ်ရီ့လက်ထဲ ထည့်လိုက်တယ်။

"ဘာလိုသေးလဲ" သူက ပြောတယ်။

"လိုတယ်" ဟယ်ရီက ပြောတယ်။ ဟိုခွေးဆီ အကြည့်ကို မနည်းခွာလိုက်ရပြီး သူ့ စာအုပ်စာရင်းကို ကြောင်တောင်တောင် ကြည့်လိုက်ရင်း "အော ––––ကျွန်တော် 'ရုပ်ပြောင်းပညာ အလယ်အဆင့်' နဲ့ 'စံဂါထာ တတိယအဆင့်' လိုပါတယ်"

ဆယ်မိနစ်ကြာတော့ ဟယ်ရီ စာအုပ်ဆိုင်ထဲက ထွက်လာတယ်။ ချိုင်းမှာ စာအုပ်သစ်တွေ ညှပ်ပြီး ခွက်စုတ်ဘားဆီ သွားတယ်။ မိမိသွားတဲ့ လမ်းကို ကောင်းကောင်း စိတ်မဝင်စားလို့ တစ်လမ်းလုံး လူတွေနဲ့ ဝင်ဝင်တိုက်မိသွားတယ်။

သူဟာ ခြေလှမ်းလေးပင်စွာ အပေါ်ထပ်က မိမိအခန်းကို ပြန်ခဲ့တယ်။ ဝယ်လာတဲ့ စာအုပ်တွေကို ကုတင်ပေါ် သွန်ချလိုက်တယ်။ သူ့ အခန်း လာလှဲကျင်းသွားပြီ။ ပြတင်းပွင့်နေတယ်။ နေရောင်ထိုးနေတယ်။ ဟယ်ရီဟာ သူ့ကျောဘက် မမြင်ရတဲ့ မတ်ဂေါ်လမ်းပေါ်က ကားသံကို ကြားရတယ်။ ထောင့်ဖြတ်လမ်းထဲက မမြင်ရတဲ့ လူအုပ်အသံလည်း ကြားရတယ်။ သူဟာ လက်ဆေးဇလုံ အပေါ်ဘက်က မှန်ထဲမှာ မိမိကိုယ် မိမိ မြင်ရတယ်။

"အဲဒါ သေခြင်းနိမိတ် မဖြစ်နိုင်ဘူး" သူက မှန်ထဲက မိမိကို ဘာမှ မမှုဘဲ ပြောတယ်။ "ငါ တတိုင်းမွေးလသစ်လမ်းထဲမှာ ၎င်းကို မြင်တုန်းက တည်ငြိမ်ပုံ မရဘူး။ အဲဒါ မျက်စိလည်လမ်းမှားတဲ့ ခွေးပဲ ဖြစ်မယ် ..."

သူဟာ လက်ကို တောင့်တောင့်ကြီး မြှောက်ပြီး ဆံပင်ကို သပ်ချချင်တယ်။

"မင်း ရှုံးနိမ့်မယ့် စစ်ပွဲကို တိုက်နေတာပဲ၊ အချစ်လေး" သူ့မှန်က မောဟိုက်စွာ ပြောတယ်။

နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားတယ်။ ဟယ်ရီဟာ ဘယ်သွားသွား ရွန်နဲ့ ဟာမီးကို ဆုံတွေ့ဖို့ မျှော်လင့်တယ်။ အခု၊ ဟော့ဂ်ဝပ်ကျောင်းက ကျောင်းသားတွေ ထောင့်ဖြတ်လမ်းကို လာကြပြီ။ မကြာခင် ကျောင်းဖွင့်တော့မှာကိုး။ ဟယ်ရီဟာ စီးမတ်စ်–ဖင်နစ်ဂင်နဲ့ ဒင်း–သောမတ်စ်တို့နဲ့ ဆုံတွေ့တယ်။ သူတို့ဟာ ဂရစ်ဖင်းဒေါက ကျောင်းသားတွေ။ သူတို့ဟာလည်း ခွေဒစ်ပစ္စည်း အရောင်းဆိုင်မှာ မီးသတ္တိကို အငမ်းမရ ကြည့်နေကြတယ်။ သူဟာ စာအုပ်ဆိုင်ရှေ့မှာ မျက်နှာဝိုင်းဝိုင်း၊ မေ့တတ်တဲ့ နီးဗီး–လွန်ဘော့တွမ် စစ်စစ်နဲ့ ဆုံမိတယ်။ ဟယ်ရီက သူနဲ့ ရပ်ပြီး စကားစမြည် မပြောဘူး။ နီဗီးဟာ မိမိစာအုပ်စာရင်းကို ဘယ်ထားမိမှန်းမသိ ဖြစ်နေသလိုပဲ။ ဒါကြောင့် သူ့ ကြောက်စရာကောင်းပုံရတဲ့ အဖွား အပြစ်တင်တာခံရတယ်။ ဟယ်ရီဟာ သူ ရေဖယောင်းပင်လမ်းက ထွက်ပြေးစဉ် နီဗီးနာမည်နဲ့ အတုလုပ်ခဲ့တာ သူ ဘယ်တော့မှ မသိပါစေနဲ့လို့ မျှော်လင့်တယ်။

ဟယ်ရီဟာ နွေကျောင်းပိတ်ရက် နောက်ဆုံးနေ့မှာ နိုးလာတယ်။ နောက်နေ့ ဟော့ဂ်ဝပ် အထူးအမြန်ပေါ်မှာ ရွန်နဲ့ ဟာမီးကိုတော့ တွေ့မှာပဲလို့ တွေးတယ်။ သူ အိပ်ရာထပြီးတော့ ဝတ်စားတယ်။ နောက်ဆုံးအကြိမ်အနေနဲ့ မီးသတ္တိကို သွားကြည့်တယ်။ ဘယ်သွား ထမင်းစားမလဲလို့ စဉ်းစားနေစဉ်၊ တစ်ယောက်က သူ့နာမည်ကို တအား အော်ခေါ်တယ်။ သူ လှည့်ကြည့်လိုက်တယ်။

"ဟယ်ရီ ဟယ်ရီ"

သူတို့ ဟိုမှာ၊ နှစ်ယောက်စလုံး ရှိတယ်။ ဖလောရင်း အအေးဆိုင်ရှေ့မှာ ထိုင်နေကြတယ်။ ရွန့်ကြည့်ရတာ မယုံနိုင်အောင် ထူးခြားနေတယ်။ ဟာမီးကတော့ နေပူစာခံလို့ ညိုမည်းနေတယ်။ နှစ်ယောက်စလုံး သူ့ကို တအား လက်ယမ်းပြနေတယ်။

"မင်းကို တွေ့ပြီ" ရွန်က ပြောတယ်။ ဟယ်ရီ ထိုင်လိုက်တော့ သွားဖြဲ ပြုံးပြနေတယ်။ "ငါတို့ ခွက်စုတ်ဘားကို သွားပြီးပြီ။ ဒါပေမယ့် သူတို့က မင်းသွားပြီတဲ့။ ဒါနဲ့ တို့ စာအုပ်ဆိုင် သွားတယ်။ မဒမ်မော်ကင်ဆီလဲ သွားတယ်။ ပြီးတော့ -----"

"လွန်ခဲ့တဲ့ အပတ်က ကျောင်းမှာလိုတဲ့ ပစ္စည်းတွေ အားလုံး ဝယ်ပြီးပြီ" ဟယ်ရီက ရှင်းပြတယ်။ "ငါ ခွက်စုတ်ဘားမှာ နေတာ မင်းတို့ ဘယ်လိုလုပ် သိတာလဲ"

"ငါ့အဖေက ပြောတာ" ရွန်က တိုတိုပဲ ပြောတယ်။

မစ္စတာ ဝယ်စလီဟာ မှော်ဝန်ကြီးဌာနမှာ လုပ်တယ်။ ဒီတော့ ပုံပြင်တစ်ခုလုံးကို ကြားမှာပေါ့၊ အရိုး မာဂျီ အဖြစ်အပျက်ကို သိမှာပေါ့။

"မင်း တကယ်ပဲ မင်းအရီးကို ဖောင်းပွအောင် လုပ်သလား၊ ဟယ်ရီ" ဟာမီးက မေးတယ်။ လေသံက အလွန်တည်ကြည်တယ်။

"ငါ တမင်လုပ်ချင်တာ မဟုတ်ပါဘူး" ဟယ်ရီက ပြောတယ်။ ရွန်ကတော့ အူတက်အောင် ရယ်နေတယ်။

"ငါက ရုတ်တရက် မချုပ်တည်းနိုင်လို့ပါ"

"ဒီကိစ္စ ဘာမှ ရယ်စရာ မရှိဘူး၊ ရွန်" ဟာမီး ဒဲ့ဒိုး ပြောလိုက်တယ်။ "အမှန်အတိုင်း ပြောရရင် ဟယ်ရီ့ကို ကျောင်းမထုတ်တာတောင် ငါ အံ့သြမိတယ်"

"ငါလဲ ဒီလိုပဲ" ဟယ်ရီက ဝန်ခံတယ်။ "ငါ ကျောင်းထုတ်မယ့် ကိစ္စ မေ့နေတယ်။ ငါ အစက ငါ့ကို ဖမ်းမယ်ထင်တာ" သူက ရွန့်ကို ကြည့်လိုက်တယ်။ "မင်း အဖေက ဖဒ်ဂ် ဘာကြောင့် ငါ့ကို လွှတ်လိုက်တယ်ဆိုတာ မသိဘူးလား၊ သူသိလား"

"မင်းမို့လို့ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား" ရွန်က ပခုံး တွန့်လိုက်တယ်။ တခစ်ခစ်လည်း ရယ်နေတယ်။ "နာမည်ကြီး ဟယ်ရီ–ပေါ်တာ ဘာညာပေါ့။ ငါသာ ငါ့အရီးကို ဖောင်းပွအောင် လုပ်ရင် မှော်ဝန်ကြီးဌာနက ငါ့ကို လွှတ်ထားမှာ မဟုတ်ဘူး။ နားထောင်၊ သူတို့က ငါ့ကို အရင်ဆွဲထုတ်မှာ။ ငါ့အမေက ငါ့ကို သတ်ပစ်မှာ။ ဘာပဲဖြစ်ဖြစ်၊ ဒီနေ့ည ငါ့အဖေကို မင်းဖာသာမေး။ ဒီည တို့လဲ ခွက်စုတ်ဘားမှာ တည်းမှာ။ ဒါကြောင့် မင်း မနက်ဖန်မှာ ငါတို့နဲ့အတူ မင်းကြက်ခြေဘူတာကို သွားလို့ရတယ်။ ဟာမီးလဲ အဲဒီမှာ တည်းမှာ"

ဟာမီးက ခေါင်းညိတ်ပြတယ်။ ပြုံးနေတာပဲ။ "ငါ့အဖေနဲ့ အမေက ဒီမနက်က ငါ ဟော့ဂ်ဝပ်မှာ သုံးဖို့ ပစ္စည်းတွေကို ဘားမှာ ထားခဲ့တယ်"

"သိပ်ကောင်းတာပဲ" ဟယ်ရီက ဝမ်းသာစွာ ပြောတယ်။ "ဒါဆို၊ နင် စာအုပ်သစ်တွေ ဘာတွေ ဝယ်ပြီးပြီလား"

"ကြည့်" ရွန်က ပြောတယ်။ လွယ်အိတ်ထဲက ဖူးရှည်တစ်ခု ထုတ်ဖွင့်လိုက်တယ်။ "မှော်ကြိမ်လုံး အသစ်စက်စက်။ ၁၄ လက်မ ရှည်တယ်။ မိုးမခနွယ်မှာ ဂျိုလတစ်ဂျို တိရစ္ဆာန် အမြီးမွေးတစ်ပင်ပါတယ်။ ပြီးတော့ တို့စာအုပ်တွေ စုံအောင် ဝယ်ပြီးပြီ ---" သူက မိမိထိုင်ခုံအောက်က စာအုပ်ထုပ်ကြီးကို ညွှန်ပြတယ်။ "ဟို သူရဲသဘက်စာအုပ်တွေ ဘယ်လိုလဲ၊ ဟင်၊ ငါတို့က နှစ်အုပ်ဝယ်လိုတော့ပြောတော့ ဆိုင်စာရေးက ငိုမဲ့မဲ့ ဖြစ်သွားတယ်"

"ဟိုဟာက ဘာတွေလဲ၊ ဟာမီး" ဟယ်ရီက မေးတယ်။ သူ့ ဘေးထိုင်ခုံပေါ်က ဖောင်းပွပွ အထုပ်သုံးထုပ်ကို လက်ညှိုးထိုးမေးတယ်။

"အော၊ ငါက နင်တို့ထက် ဘာသာရပ်ယူတာများတယ် မှတ်လား" ဟာမီးက ပြောတယ်။ "အဲဒါတွေက သင်္ချာဗေဒင်၊ ထူးဆန်းသက်ရှိ ကာကွယ်ခြင်း၊ ဗေဒင်၊ ရှေးမှော်စာပေ သုတေသနနဲ့ မတ်ဂေါ် သုတေသနဘက်က စာအုပ်တွေ---"

"နင် မတ်ဂေါ် သုတေသန ယူပြီး ဘာလုပ်မှာလဲ" ရွန်က ပြောတယ်။ ဟယ်ရီ့ကို မျက်လုံး လှည့်ပတ်ပြတယ်။

"နင် မတ်ဂေါ်အကြောင်း အတော်သိနေပြီပဲ"

"ဒါပေမယ့်၊ မှော်လောက ရှုထောင့်ကနေ သူတို့ကို သုတေသနပြုတာ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်" ဟာမီး ရိုးသားစွာ ပြောတယ်။

"နင် ဒီနှစ် ထမင်းစားဦး၊ အိပ်ဦးမှာလား၊ ဟာမီး" ဟယ်ရီက မေးတယ်။ ရွန်က တိတ်တခိုး ရယ်နေတယ်၊ ဟာမီးက သူတို့ကို အရေးမလုပ်ဘူး။

"ငါ့မှာ ရွှေဂါလုံး ဆယ်ခု ရှိပြီ" ဟာမီးက သူမ ပိုက်ဆံအိတ်ကို စစ်ကြည့်ပြီး ပြောတယ်။ "ငါ့ မွေးနေ့က စက်တင်ဘာလမှာ။ ငါ့အဖေနဲ့ အမေက ငါ့ကို ငွေနည်းနည်းပေးတယ်။ ငါ့ကို ငါ့မွေးနေ့လက်ဆောင် ကြိုဝယ်ခိုင်းတယ်"

"စာအုပ်ကောင်းကောင်း တစ်အုပ် ဝယ်ပါလား" ရွန်က အ ချင်ယောင်ဆောင်ပြောတယ်။

"ဟင့်အင်း၊ ငါ စာအုပ်မဝယ်ဘူး" ဟာမီးက တည်ငြိမ်စွာ ပြောတယ်။ "ငါ တကယ်ကို ဇီးကွက်တစ်ကောင် လိုချင်တယ်။ ငါ ပြောချင်တာက ဟယ်ရီ့မှာ ဟက်ဒဝစ် ရှိတယ်။ နင့်မှာ အဲရော် ရှိတယ် ----"

"ငါ့မှာ မရှိပါဘူး" ရွန်က ပြောတယ်။ "အဲရော်က တို့ မိသားစုပိုင်။ ငါ့မှာက အစက်အပြောက်လေးသာ ရှိတာ" သူက အိတ်ကပ်ထဲကနေ သူ့ အချစ်တော် ကြွက်ကလေးကို ထုတ်လိုက်တယ်။ "ငါ သူ့ကို သွားစစ်ဆေးချင်တယ်" သူက ပြောပြန်တယ်။ အစက်အပြောက်လေးကို သူတို့ ရှေ့က စားပွဲပေါ် တင်လိုက်တယ်။

"အီဂျစ်ဟာ ၎င်းအတွက် မသင့်တော်ဘူးလို့ ငါထင်တယ်"

အစက်ပြောက်လေးဟာ အရင်ကထက် ပိန်သွားတယ်။ ၎င်းရဲ့ နှုတ်ခမ်းမွေးဟာ အောက်ကို သိသိသာသာ တွဲကျနေတယ်။

"ဟိုဘက်မှာ ထူးဆန်းသက်ရှိ အရောင်းဆိုင် တစ်ဆိုင် ရှိတယ်" ဟယ်ရီက ပြောတယ်။ အခု သူ ထောင့်ဖြတ်လမ်းကို အတော်ကျွမ်းနေပြီ။ "မင်း အဲဒီမှာ အစက်အပြောက်လေးအတွက် တစ်ခုခုဝယ်ပေးလို့ ရမလား- ကြည့် ကြည့်။ ဟာမီးလဲ အဲဒီမှာ ဇီးကွက် ဝယ်နိုင်တယ်"

ဒါနဲ့ သူတို့ ရေခဲမုန့် သုံးခွက်ဖိုးပေးပြီး လမ်းမကြီးဖြတ်ကာ ထူးဆန်း တိရစ္ဆာန်ရုံလို့ ခေါ်တဲ့ ဆိုင်ကို ရောက်လာကြတယ်။

အတွင်းမှာက သိပ်မကျယ်ဘူး။ နံရံပေါ်ရှိနေရာ လက်မတိုင်းမှာ လှောင်အိမ်တွေ ချိတ်ထားတယ်။ ဆိုင်ထဲမှာ နံလည်းနံ၊ ဆူလည်းဆူညံတယ်။ လှောင်အိမ်ထဲက သတ္တဝါလေးတွေဟာ အသံအမျိုးမျိုး ထွက်နေကြတယ်။ ကောင်တာနောက်က မှော်ဆရာမက အမြီးနှစ်ချောင်းပါတဲ့ ကင်းလိတ်လျှောကို ဘယ်လို ပြုစုရမလဲ ဆိုတာကို မှော်ဆရာ တစ်ယောက်အား ပြောပြနေတယ်။ ဒါကြောင့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ လှောင်အိမ်တွေကို ကြည့်ရင်း ရပ်စောင့်နေတယ်။

မျက်လုံးကြီးနဲ့ ခရမ်းရောင် ပုတ်သင်ညိုနှစ်ကောင်ဟာ ထိုင်ပြီး အမြင်ကတ်စရာ ယင်ကောင်တစ်ကောင်ကို ကသောကမြော စားနေတယ်။ အခွံပေါ်မှာ ကျောက်မျက်ရတနာ အလှဆင်ထားတဲ့ လိပ်ကြီးဟာ ပြတင်းနားကပ်ပြီး ကြွားဝါနေတယ်။ အဆိပ်ရှိတဲ့ လိမ်မော်ရောင် ခရုဟာ မှန်သေတ္တာ နှုတ်ခမ်းက ဖြည်းဖြည်းချင်း တက်လာတယ်။ ဝတုတ်တုတ် ယုန်ဖြူကလေးတစ်ကောင်ဟာ ပိုးဦးထုပ်ချွန် မင်္ဂလာဦးထုပ်ဖြစ်လိုက၊ ယုန်ပြန်ဖြစ်လိုက် လုပ်နေတယ်။ ဖူးဖူးနဲ့ အသံလည်း ထွက်နေတယ်။ ပြီးတော့ အရောင်စုံကြောင်တွေ၊ ဆူညံတဲ့ ကျီးကန်းတွေ လှောင်အိမ်တစ်လုံးပြည့်၊ ရယ်စရာ ဝါတာတာ အမွေးပျော့ ဘောလုံးကောင်တွေ ခြင်းတောင်းထဲမှာ အကျယ်ကြီး ညည်းနေတယ်။

ကောင်တာပေါ်မှာ လှောင်အိမ်အကြီးကြီး ရှိတယ်။ လှောင်အိမ်ထဲမှာ ပျော့ချောချော ကြွက်မည်းတွေ။ သူတို့ရဲ့ အမြီးတုံးတုံးနဲ့ ခုန်ဆွတဲ့ ကစားနည်းတစ်မျိုး ကစားနေတယ်။

အမြီးနှစ်ခုပါ ကင်းလိတ်လျှောမွေးတဲ့ မှော်ဆရာ ထွက်သွားတယ်။ ရွန်က ကောင်တာနား ကပ်သွားတယ်။

"ဒါ ကျွန်တော့်ကြွက်ပါ" သူက အဲဒီ မှော်ဆရာမကို ပြောတယ်။ "ကျွန်တော် သူ့ကို အီဂျစ်က ပြန်ခေါ်လာကတည်းက သိပ်နေလို့မကောင်း ဖြစ်နေတယ်"

"ကောင်တာပေါ် တင်လိုက်" အဲဒီ မှော်ဆရာမက ပြောတယ်။ သူမ အိတ်ကပ်ထဲကနေ မျက်မှန် အမည်းလေးလေးကြီးကို ဆွဲထုတ်လိုက်တယ်။

ရွန်က အစက်အပြောက်လေးကို သူ့ အတွင်းအိတ်ကပ်ထဲကနေ ယူထုတ်လိုက်ပြီး သူတို့ အမျိုးချင်းတူတဲ့ ကြွက်တွေနဲ့ မလှမ်းမကမ်းမှာ ထားလိုက်တယ်။ လှောင်အိမ်ထဲက ကြွက်တွေ ခုန်ဆွကစားတာ မလုပ်တော့ဘူး။ အားလုံး လှောင်အိမ်ဘေးကပ်လာပြီး သေချာကြည့်ကြတယ်။

အစက်အပြောက်လေးဟာ ရွန့်မှာရှိတဲ့ ပစ္စည်းအားလုံးလိုပဲ ပစ္စည်းဟောင်း (အစက ရွန့်အစ်ကို ဖတ်စီပိုင်တာ)၊ ပြီးတော့ ဒဏ်ရာဒဏ်ချက်တွေနဲ့ လိုပဲ။ လှောင်အိမ်ထဲက ပြောင်ချောနေတဲ့ ကြွက်တွေနဲ့ စာရင် ၎င်းကို ကြည့်ရတာ အထူး စိတ်ဓာတ်ကျနေသလိုပဲ။

"ဟင်း" အဲဒီ မှော်ဆရာမက ပြောတယ်။ အစက်အပြောက်လေးကို ကောက်ယူလိုက်တယ်။ "ဒီကြွက် အသက် ဘယ်လောက်ရှိပြီလဲ"

"မသိဘူး" ရွန်က ပြောတယ်။ "သိပ်အိုနေပြီ။ အစက ကျွန်တော့်အစ်ကိုဟာ"

"သူ ဘာလုပ်တတ်လဲ" မှော်ဆရာမက ပြောရင်း အစက်အပြောက်လေးကို သေချာစစ်ဆေးတယ်။

"အော----" ရွန်က ပြောတယ်။ လက်တွေ့ အခြေအနေကတော့ အစက်အပြောက်လေးဟာ ဘယ်တုန်းကမှ စိတ်ဝင်စားစရာ အနည်းငယ်မှ လုပ်မပြခဲ့ဘူး။ အဲဒီ မှော်ဆရာမရဲ့ အကြည့်ဟာ အစက်ပြောက်လေးရဲ့ စုတ်ပြတ်နေတဲ့ နားရွက်ကနေ ရှေ့ခြေပေါ် ရောက်သွားတယ်။ အဲဒီ နေရာမှာ ခြေချောင်းတစ်ချောင်း လျော့နေတယ်။ မှော်ဆရာမ ပါးစပ်က တကျွတ်ကျွတ် အသံထွက်လာတယ်။

"၎င်းဒုက္ခရောက်ခဲ့တယ်၊ ဒီကြွက်" သူမက ပြောတယ်။

"ဖတ်စီ ငါ့ကို ပေးတုန်းကလည်း ဒီပုံပဲ" ရွန်က မိမိကိုယ်မိမိ ခုခံ ပြောတယ်။

"ဒီလို သာမန် အိမ်ကြွက်တို့ ခြံကြွက်တို့ဆိုတာ သုံးနှစ်ထက် အသက်ရှည်ဖို့ မမျှော်လင့်နဲ့" အဲဒီ မှော်ဆရာမက ပြောတယ်။

"နော။ နည်းနည်း ကြာရှည်ခံမယ့် အကောင်လိုချင်ရင်၊ ဒီထဲက တစ်ကောင်ကောင်ကို မင်း ကြိုက်လိမ့်မယ်....."

သူမဟာ ကြွက်မည်းတွေကို လက်ညှိုးထိုးပြတယ်။ ၎င်းတို့ဟာ ချက်ချင်း ခုန်ဆွနေပြန်တယ်။ ရွန်က "တယ်လဲ ကြွားချင်တဲ့ အကောင်တွေ" လို့ ပွစိပွစိ ပြောတယ်။

"ကောင်းပြီ၊ မင်း ၎င်းကိုလဲ မပစ်ချင်ဘူးဆိုရင် ဒီဆေးကို စမ်းသုံးကြည့်" အဲဒီ မှော်ဆရာမက ပြောတယ်။ ကောင်တာအောက်ကို လက်နှုက်ပြီး ပုလင်းနီလေးတစ်လုံး ယူလိုက်တယ်။

"ကောင်းပြီ" ရွန်က ပြောတယ်။ "ဘယ်လောက်လဲ – အမလေး"

ဝါတာတာ အရာကြီးတစ်ခုဟာ အပေါ်ဆုံး လှောင်အိမ်ထဲကနေ ရွန့်ခေါင်းပေါ် ခုန်ချပြီး အရှိန်နဲ့ ရှေ့တိုးရင်း အစက်အပြောက်လေးကို တဂီးဂီး ရန်စောင်နေတယ်။

"မလုပ်နဲ့၊ ခရွတ်ရှန်၊ မလုပ်နဲ့" မှော်ဆရာမကလန့်အော်နေတယ်။ ဒါပေမယ့် အစက်အပြောက်လေးဟာ သူမ လက်ထဲကနေ ဆပ်ပြာလို ချောထွက်ပြီး ခြေလေးချောင်းနဲ့ ကြမ်းပေါ်ပြုတ်ကျကာ တံခါးဆီ ထွက်ပြေးသွားတယ်။

"အစက်အပြောက်လေး" ရွန်က တအားအော်ပြီး ၎င်းနောက်က လိုက်သွားတယ်။ ဟယ်ရီက နောက်က လိုက်လာတယ်။

သူတို့ဟာ ဆယ်မိနစ်လောက် ရှာမှ အစက်အပြောက်လေးကို တွေ့တယ်။ ၎င်းဟာ ခွေဒစ်သီးသန့် အရောင်းဆိုင် အပြင်ဘက်က စက္ကူစုတ်ခြင်းအောက်မှာ ပုန်းနေတယ်။ ရွန်ဟာ တုန်နေသေးတဲ့ ကြွက်ကလေးကို သူ့ အိတ်ကပ်ထဲ ပြန်ထည့်လိုက်တယ်။ ပြီးနောက် ခါးမတ်လိုက်ပြီး မိမိခေါင်းကို ပွတ်သပ်တယ်။

"အဲဒါ ဘာလဲ"

"ဧရာမ ကြောင်ကြီး မဟုတ်ရင် ကျားသေးသေးလေးပဲ ဖြစ်မယ်" ဟယ်ရီက ပြောတယ်။

"ဟာမီ ဘယ်မှာလဲ"

"ဇီးကွက် ဝယ်နေတာ ဖြစ်မှာပေါ့"

သူတို့ဟာ လူစည်တဲ့လမ်းကနေ ထူးဆန်း တိရစ္ဆာန်ရုံဆီ ပြန်လှည့်သွားတယ်။ သူတို့ အဲဒီ ရောက်တော့၊ ဟာမီး အထဲက ထွက်လာတာနဲ့ တိုးတယ်။ ဒါပေမယ့် သူမ ယူလာတာ ဇီးကွက်မဟုတ်ဘဲ သူမလက်ထဲ ပွေ့ပိုက်ထားတာက အဲဟို ဧရာမ ဝါတာတာ ကြောင်ကြီး။

"နင် ဒီအကောင်ကြီး ဝယ်လိုက်သလား" ရွန်က မေးတယ်။ အံ့သြလွန်းလို့ ပါးစပ်ကြီး ဟနေတယ်။

"၎င်းအမွေးက သိပ်တောက်ပတာပဲနော်" ဟာမီး ရယ်ကျဲကျဲ ပြောတယ်။

ဒါအမြင်တစ်မျိုးပဲလို့ ဟယ်ရီက တွေးတယ်။ အဲဒီကြောင်ရဲ့ ဝါတာတာအမွေးဟာ ထူပြီးပွနေတယ်။ ဒါပေမယ့် ၎င်းခြေထောက်ကတော့ အနည်းငယ် ကွေးကောက်နေတာ သိသာတယ်။ ၎င်းမျက်နှာဟာ ဒေါသကြီးပုံရတယ်။ ပြီးတော့ အဖိခံရလို့ ပြားနေတဲ့ပုံပေါက်နေတယ်။ တစ်ခါက နံရံနဲ့ ဝင်ဆောင့်ခဲ့ဖူးသလိုပဲ။ အစက်အပြောက်လေးကို မတွေ့ရတော့ဘူး။ ဒီတော့ အဲဒီကြောင်ဟာလည်း ဟာမီး ရင်ခွင်ထဲမှာ ကျေကျေနပ်နပ် ဟောက်နေတယ်။

"ဟာမီး၊ ဒီအကောင်က ငါ့ ဦးရေကို ဆုတ်ဖြုပစ်ဖို့ နည်းနည်း လိုတယ်" ရွန်က ပြောတယ်။

"တမင်လုပ်တာ မဟုတ်ပါဘူး၊ တမင်လုပ်တာ မဟုတ်ဘူးနော်၊ ခရွတ်ရှန်"

"ဒါဖြင့်ရင် အစက်အပြောက်လေး ဘယ်လိုလုပ်မလဲ" ရွန်က ပြောတယ်။ မိမိရင်ဘတ်ပေါ် အိတ်ကပ်မှာ ဖုနေတဲ့ နေရာကို လက်ညှိုးထိုးပြတယ်။ "ငင်းနားဖို့ ပေါ့ပေါ့ပါးပါးနေဖို့ လိုတယ်။ ဒီအကောင် အနာမှာရှိနေရင် ငင်း ဘယ်လိုနားရမလဲ၊ ပေါ့ပေါ့ပါးပါး နေရမလဲ"

"ဒီလိုပြောမှ ငါ သတိရတော့တယ်။ နင် နင့်ကြွက်အတွက် အားဆေး မေ့နေတယ်" ဟာမီး ပြောရင်း ပုလင်းနီလေးကို ရွန့်လက်ထဲ ထိုးထည့်လိုက်တယ်။ "မစိုးရိမ်ပါနဲ့၊ ခရွတ်ရှန်က ငါ့အိပ်ဆောင်မှာ နေမှာ။ အစက်အပြောက်လေးက နင့်ဆီမှာနေမှာ။ ဒါ ဘာပြဿနာ ရှိလို့လဲ။ သနားစရာ ခရွတ်ရှန်၊ မော်ဆရာမက ပြောတယ်။ သူ အဲဒီမှာ ကြာလှပြီတဲ့။ ဘယ်သူကမှ မဝယ်ဘူးတဲ့"

"ဒါ ဘာကြောင့်လဲဆိုတာ ငါ မသိဘူး" ရွန်က သရော်ပြောတယ်။ သူတို့ဟာ ခွက်စုတ်ဘားဆီ သွားနေကြပြီ။

မစ္စတာ ဝယ်စလီ ဘားထဲမှာ ထိုင်ပြီး "ကြိုဟောဆရာများ နေ့စဉ်" ဖတ်နေတာ သူတို့ တွေ့ရတယ်။

"ဟယ်ရီ" သူက ခေါ်တယ်။ သတင်းစာဖတ်ရာက ခေါင်းမော့ပြီး ပြုံးကြည့်နေတယ်။ "မင်း နေကောင်းလား"

"ကောင်းတယ်၊ ကျေးဇူးတင်ပါတယ်" ဟယ်ရီက ပြောတယ်။ သူ ရွန်နဲ့ ဟာမီးတို့ သုံးယောက်ဟာ ဝယ်လာတဲ့ ပစ္စည်းတွေကို ယူပြီး မစ္စတာ ဝယ်စလီနဲ့ အတူ ဝင်ထိုင်တယ်။

မစ္စတာ ဝယ်စလီက သတင်းစာ ချထားလိုက်တယ်။ ဟယ်ရီဟာ ဆီးရီးအက်စ်ကြယ် ဘလက်ရဲ့ ရင်းနှီးပြီးသား ဓာတ်ပုံက သူ့ကို စိုက်ကြည့်နေတာ တွေ့ရတယ်။

"သူတို့ သူ့ကို မဖမ်းမိသေးဘူးလား" သူက မေးတယ်။

"မမိသေးဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ သူ့ အမူအရာက အလွန် တည်ကြည်တယ်။ "ဌာနကြီးမှာ သူတို့က ကျုပ်တို့ကို လက်ထဲက အလုပ်တွေ ပစ်ထားပြီး သူ့ကို လိုက်ရှာခိုင်းတယ်။ ဒါပေမယ့် အခုထိ တို့ ကံမကောင်းသေးဘူး"

"တကယ်လို့ ကျွန်တော်တို့ သူ့ကို ဖမ်းမိရင် ဆုချမှာလား" ဟယ်ရီက မေးတယ်။ "ငွေနည်းနည်း ထပ်ရရင် သိပ်ကောင်းမှာ --------"

"လျှောက်ပြောမနေနဲ့၊ ဟယ်ရီ" မစ္စတာ ဝယ်စလီက ပြောတယ်။ သူ့ကို သေချာကြည့်ရင် စိတ်လှုပ်ရှားနေမှန်း သိနိုင်တယ်။ "ဘလက်ကို ၁၃နှစ်အရွယ် မှော်ဆရာလေးက ဖမ်းလို့ ရမှာ မဟုတ်ဘူး။ သူ့ကို ဖမ်းသွားမှာက အက်ဇ်ကာဘန်က အစောင့်တွေ။ မင်း ငါ့စကားကို မှတ်ထား"

ဒီအချိန်မှာ မစ္စစ် ဝယ်စလီ ဘားထဲ ဝင်လာတယ်။ လက်ထဲမှာလည်း ဝယ်လာတဲ့ ပစ္စည်းအများကြီးနဲ့။ သူ့နောက်မှာက အမြွှာညီနောင် ဖရက်နဲ့ ဂျော့။ သူတို့ဟာ ဟော့ဂ်ဝပ်မှာ ပဉ္စမနှစ် စ တက်ရတော့မယ်။ နောက်မှာ ကျောင်းသားအသင်း ဥက္ကဌ အရွေးခံရတဲ့ ဖတ်စီနဲ့ ဝယ်စလီ မိသားစုရဲ့ အငယ်ဆုံးကလေးလည်းဖြစ်၊ သူတို့ အိမ်က တစ်ဦးတည်းသော သမီးလည်းဖြစ်တဲ့ ဂျင်နီလည်း ပါလာကြသေးတယ်။

ဂျင်နီဟာ ဟယ်ရီ့ကို သိပ်နှစ်သက်နေတာ။ သူမ ဟယ်ရီကို မြင်တော့ ခါတိုင်းထက် မနေတတ် မထိုင်တတ် ဖြစ်နေတယ်။ ဒါဟာလည်း ဟယ်ရီက ဟော့ဂ်ဝပ်မှာ သူမအသက်ကို ကယ်ခဲ့ဖူးလို့နဲ့ တူတယ်။ သူမဟာ မျက်နှာကြီး နီရဲပြီ "မင်္ဂလာပါ" လို့ မပွင့်တပွင့် ပြောတယ်။ သူ့ကို ကြည့်တောင် မကြည့်ဘူး။ ဒါပေမယ့် ဖတ်စီကတော့ တည်ကြည်လေးနက်စွာ လက်ကမ်းပေးတယ်။ သူနဲ့ ဟယ်ရီ တစ်ခါမှ မတွေ့ဖူးသလိုပဲ။ သူက "ဟယ်ရီ၊ မင်းကို တွေ့ရတာ သိပ်ဝမ်းသာတာပဲ" လို့ ပြောတယ်။

"မင်္ဂလာပါ၊ ဖတ်စီ" ဟယ်ရီက ပြောတယ်။ မရယ်မိအောင် အောင့်ထားရတယ်။

"မင်း ကြည့်ရတာ မဆိုးဘူးနော်" ဖတ်စီက ဟန်ပန်လုပ်ပြောရင်း လက်ဆွဲ နှုတ်ဆက်တယ်။ မြို့ဝန်နဲ့ မိတ်ဆက်ပေးတာ ခံရတဲ့ပုံမျိုး ဖြစ်နေတယ်။

"သိပ်ကောင်းတယ်၊ ကျေးဇူးပဲ----"

"ဟယ်ရီ" ဖရက်က ပြောတယ်။ တံတောင်နဲ့ ဖတ်စီကို တွန်းဖယ်လိုက်ပြီး ကွေးနေအောင် ခါးကုန်းလိုက်တယ်။ "ခင်ဗျားကို တွေ့ရတာ သိပ်ကို ဂုဏ်ယူပါတယ်၊ ဘော်ဒါကြီး ----"

"ဟန်ကျတယ်ဟေ့" ဂျော့က ပြောတယ်။ ဖရက်ကို တွန်းပစ်တယ်။ အခု သူ ဟယ်ရီ့လက်ကို ကိုင်ရပြီ။ "သိပ်သိပ်ကို ဟန်ကျတယ်"

ဖတ်စီက တစ်ချက်ဟောက်လိုက်တယ်။

"တော်ပြီနော်" မစ္စတာ ဝယ်ဝလီက ပြောတယ်။

"အမေ" ဖရက်က ပြောတယ်။ ခုမှ သူမကို မြင်သလိုပဲ။ သူမလက်ကိုလည်း ဆွဲထားတယ်။ "သင့်ကို တွေ့ရတာ သိပ်ကို ကောင်းတယ်---"

"တော်ပြီလို့ ငါပြောနေတယ်" မစ္စစ်ဝယ်စလီက ပြောရင်း၊ ဝယ်လာတဲ့ ပစ္စည်းတွေကို ကုလားထိုင်အလွတ်တစ်လုံးပေါ် တင်လိုက်တယ်။ "မင်္ဂလာပါ၊ ဟယ်ရီ၊ အချစ်လေး။ မင်းတက်ကြွစရာ သတင်းကို ကြားပြီးပြီ ထင်တယ်" သူမဟာ ဖတ်စီရင်ဘတ်ပေါ် ချိတ်ထားတဲ့ ငွေရောင် တံဆိပ်အသစ်စက်စက်ကို လက်ညှိုးထိုးပြတယ်။ "ဒီအိမ်ထောင်က ဒုတိယ ယောကျ်ားလေး ခေါင်းဆောင်လေ" သူမက ပြောတယ်။ သိပ်ကို ဂုဏ်ယူနေတယ်

"သိပ်ကို မလွယ်တာ" ဖရက်က တိုးတိုးပြောတယ်။

"ဒါကိုတော့၊ ငါ သံသယမရှိဘူး" မစ္စစ်ဝယ်စလီက ပြောရင်း ရုတ်တရက် မျက်မှောင်ကြုတ်သွားတယ်။ "မင်းတို့ နှစ်ယောက်ကို အတန်း ခေါင်းဆောင်ခန့်တာ ငါသတိပြုမိတယ်"

"ကျွန်တော်တို့က ဘာဖြစ်လို့ အတန်းခေါင်းဆောင် လုပ်ရမှာလဲ" ဂျော့က ပြောတယ်။ ဒီလိုပြောတာကို ဆန့်ကျင်တဲ့ သဘောထား ဖော်ပြတယ်။ "အဲဒီလို ဆိုရင်၊ နေထိုင်ရတာ ဘာမှ ပျော်စရာ ကောင်းမှာ မဟုတ်ဘူး"

ဂျင်နီက ကြောင်တောင်တောင် ရယ်တယ်။

"မင်းညီမလေးကို ကောင်းတဲ့ စံနမူနာပြပါဦး" မစ္စစ်ဝယ်စလီက အကျယ်ကြီး ပြောတယ်။

"ဂျင်နီမှာ တခြား စံနမူနာပြတဲ့ အစ်ကို ရှိပါတယ်။ အမေ" ဖတ်စီက မာနနဲ့ ပြောတယ်။ "ကျွန်တော် ညစာစားဖို့ အဝတ်လဲလိုက်ဦးမယ်---"

သူကွယ်ပျောက်သွားတယ်။ ဂျော့က သက်ပြင်းတစ်ချက် ချလိုက်တယ်။

"ငါတို့က သူ့ကို ပိရမစ်ထဲ ပိတ်ထားမလို့" သူက ဟယ်ရီကို ပြောတယ်။ "အမေ တွေ့သွားလို့ မလုပ်လိုက်ရဘူး"

အဲဒီနေ့ ညစာစားရတာ အားလုံး ကျေနပ်တယ်။ ဘားလေးပိုင်ရှင်တွမ်ဟာ ထမင်းစားခန်းထဲမှာ စားပွဲခုံသုံးလုံးကို ပူးကပ်ပေးတယ်။ ဒီဟော့၊ ဝယ်စလီမိသားစု ၇ယောက်၊ ဟယ်ရီနဲ့ ဟာမီးတို့ အားလုံးဟာ ဟင်းကောင်း ငါးမျိုးကို တစ်ခါတည်း အဝစားပစ်လိုက်တယ်။

"မနက်ဖန် ကျွန်တော်တို့ မင်းကြက်ခြေဘူတာကို ဘယ်လို သွားကြမလဲ ဖေဖေ" ဖရက်ကမေးတယ်။ ဒီအချိန်မှာ အားလုံး ထည်ဝါတဲ့ ချော့ကလက်ပူတင်းကို အားရပါးရ စားနေကြတယ်။

"မှော်ဝန်ကြီးဌာနဟာ မနက်ဖန် ကားနှစ်စီး လွှတ်ပေးမှာ"

အားလုံး မစ္စတာ ဝယ်စလီကို မော့ကြည့်ကြတယ်။

"ဘာဖြစ်လို့လဲ" ဖတ်စီက အံ့သြစွာမေးတယ်။

"အဲဒါ မင်းအတွက်ပေါ့။ ဖတ်စီ" ဂျော့က ခပ်တည်တည်ပြောတယ်။ "ဦးထုပ်ပေါ်မှာ အလံလေးစိုက်၊ အလံလေးပေါ်မှာ HB (Head boyရဲ့ အတိုကောက်) ပါမယ် .........."

"--------အဲဒါ ဇရာမ ခေါင်းကြီး Humungous bighead ပေါ့" ဖရက်က ပြောတယ်။

ဖတ်စီနဲ့ မဒမ် ဝယ်စလီကလွဲရင် အားလုံး ရှေ့က ပူတင်းကြည့်ပြီး ခိုးရယ်နေကြတယ်။

"မှော်ဝန်ကြီးဌာနက ဘာကြောင့် မော်တော်ကားလွှတ်တာလဲ" ဖတ်စီက ထပ်မေးတယ်။ အသံက လေးနက်နေတယ်။

"ဟင်၊ တို့ဌာနမှာ ကားနှစ်စီးရှိလို့" မစ္စတာ ဝယ်စလီက ပြောတယ်။ "ပြီးတော့ ကျုပ်က ဌာနမှာ အလုပ်လုပ်တာ။ သူတို့က ကျုပ်ကို ပြုစုတာ -------"

"သူတို့ မဆိုးပါဘူး" မဒမ် ဝယ်စလီဟာ သွက်လက်စွာ ပြောတယ်။ " အားလုံး အထုပ်အပိုးတွေ ဘယ်လောက်ရှိတယ်ဆိုတာ သိကြလား။ မတ်ဂေါ်ဘူတာရောက်ရင်၊ အဲဒီ အထုပ်တစ်ပုံကြီးနဲ့တော့ ကြည့်ကောင်းဦးမှာ .... မင်းတို့ အထုပ်အပိုးတွေ ပြင်ဆင်ပြီးပလား"

"ရွန်နောက်ဆုံးဝယ်တဲ့ ပစ္စည်းတွေ သေတ္တာထဲ မထည့်ရသေးဘူး" ဖတ်စီက ပြောတယ်။ သူ့လေသံက ဒုက္ခခံရတာ ကြာလှပြီဆိုတဲ့ပုံ။ "သူက ပစ္စည်းတွေကို ကျွန်တော့်ကုတင်ပေါ် သွန်ချထားတယ်"

"မင်းမြန်မြန် သွားသိမ်းဆည်းပါလား၊ ရွန်။ မနက်ဖန်နံနက် အချိန်သိပ်ရှိမှာ မဟုတ်ဘူး" မဒမ်ဝယ်စလီက ထမင်းစားပွဲ ဟိုဘက်စွန်းကနေ ရွန့်ကို ပြောတယ်။ ရွန်က ဖတ်စီကို ဒေါသနဲ့ ကြည့်တယ်။

ညစာစားပြီးနောက် အားလုံး ဝလည်းဝ၊ အိပ်လည်းအိပ်ချင်လာတယ်။ သူတို့အားလုံး အပေါ်ထပ် အခန်းပြန်ပြီး မနက်ဖန်ယူမယ့် ပစ္စည်းတွေကို စစ်ကြည့်ကြတယ်။ ရွန်နဲ့ ဖတ်စီက ဟယ်ရီ့ဘေးခန်းမှာ တည်းတယ်။ ဟယ်ရီ မိမိသေတ္တာကို သော့ခတ်ပြီးရုံရှိသေးတယ်။ ဘေးခန်းက ဆူသံကြားလို့ ဘာများလဲလို့ သွားကြည့်တယ်။

အခန်း ၁၂ တံခါး ဟနေတယ်။ ဖတ်စီ တအား အော်နေတယ်။

"အစ ကတည်းက ဒီမှာ၊ ကုတင်ဘေးစားပွဲပေါ်မှာ၊ ငါ ယူပြီး သုတ်ပေးတာ ..."

"ငါ ထိတောင် မထိဘူး၊ နားလည်လား" ရွန်ကလည်း ဖတ်စီကို ပြန်အော်တယ်။

"ဘာဖြစ်တာလဲ" ဟယ်ရီက မေးတယ်။

"ငါ့ ကျောင်းသားအသင်း ဥက္ကဋ္ဌတံဆိပ် ပျောက်သွားတယ်" ဖတ်စီက ဟယ်ရီ့ကို လှည့်ပြောတယ်။

"အစက်အပြောက်လေးရဲ့ ဆေးလဲ ပျောက်သွားတယ်" ရွန်က ပြောတယ်။ ပစ္စည်းတွေကို သေတ္တာထဲကနေ တစ်ခုပြီးတစ်ခု ဆွဲထုတ်ကြည့်တယ်။ "ငါ ဘားထဲကျကျန်ခဲ့လား မသိဘူး ----"

"ငါ့ တံဆိပ် မတွေ့မချင်း မင်း ဘယ်မှ မသွားရဘူး" ဖတ်စီက အော်ပြောတယ်။

"ငါ အစက်အပြောက်လေး ဆေး သွားရှာမယ်။ ငါ သေတ္တာပြင်ဆင်ပြီးပြီ" ဟယ်ရီက ရွန့်ကို ပြောပြီး၊ အောက်ဆင်းသွားတယ်။

ဟယ်ရီဟာ ဘားဆီသွားတဲ့ လမ်းကျဉ်းကျဉ်းမှောင်မှောင်ထဲမှာ တစ်ဝက်လောက် သွားရသေးတယ်။ ဧည့်ခန်းလေးထဲက လူနှစ်ယောက် ဒေါသနဲ့ အသံ ကြားရပြန်တယ်။ ဒါ ဝယ်စလီ ဇနီးမောင်နှံ စကားပြောနေတယ်ဆိုတာ ချက်ချင်း သိလိုက်တယ်။ သူဟာ ခဏ တုံ့ဆိုင်းနေတယ်။ သူတို့ ရန်ဖြစ်တာ သူ ကြားတယ်ဆိုတာ မသိစေချင်ဘူး။ ဒါပေမယ့် သူ့ နာမည်ပြောတာ ကြားရတယ်။ ဒါနဲ့ ဧည့်ခန်းလေးဆီ နည်းနည်း ကပ်သွားတယ်။

"…. သူ့ကို ပြောမပြတာ ဘာအဓိပ္ပာယ်မှ မရှိဘူး" မစ္စတာ ဝယ်စလီက စိတ်လှုပ်ရှားစွာ ပြောတယ်။ "ဟယ်ရီ သိခွင့်ရှိတယ်။ ငါ ဖဒ်ဂ်ကို တမင်ပြောပြတယ်။ ဒါပေမယ့် သူက ဟယ်ရီကို ကလေးလိုပဲ သဘောထားတယ်။ ဟယ်ရီ ၁၃ နှစ်ရှိပြီ။ ပြီးတော့-------"

"အာသာ၊ အဖြစ်မှန်က သူ့ကို ထိတ်လန့်သွားစေလိမ့်မယ်" မဒမ် ဝယ်စလီက စူးရှစွာ ပြောတယ်။ "ရှင်က ဟယ်ရီ့ကို ဒီလို စိတ်ဝန်ထုပ်ဝန်ပိုးနဲ့ ကျောင်းပြန်စေချင်တာလား။ ဘုရားသခင် မစလို့ မသိသေးခင် သူပျော်နေမှာပါ"

"ငါက သူ့ကို ဒုက္ခရောက်စေချင်တာ မဟုတ်ဘူး။ သူ့ကို သတိရှိစေချင်တာ" မစ္စတာ ဝယ်စလီက ပြန်ချေပတယ်။ "ဟယ်ရီနဲ့ ရွန်ဟာ ဘယ်လိုကလေးမျိုးလဲ ဆိုတာ မင်းသိတယ်။ သူတို့ဟာ သူတို့ဘာသာ သွားကစားတတ်တယ် ------ သူတို့ တားမြစ်သစ်တောထဲ နှစ်ကြိမ်တောင် သွားခဲ့ပြီ။ ဒါပေမယ့် ဟယ်ရီ ဒီနှစ်တော့ ဒီလို လုပ်လို့ မရတော့ဘူး။ ဟိုညက သူ့အိမ်က ထွက်ပြေးလာတာ လမ်းမှာ ဘာမဆို ဖြစ်နိုင်တယ်။ ဒါကို တွေးမိရင် ကြက်သီးတောင်ထတယ်။ တကယ်လို့ မြင်းစီးသူရဲ ဘတ်စကားက သူ့ကို တင်မလာဘူးဆိုရင်၊ ကျုပ် လောင်းဝံ့တယ်။ မှော်ဝန်ကြီးဌာနက သူ့ကို ရှာမတွေ့ခင် သူ အသက်ပျောက်နှင့်ပြီ"

"ဒါပေမယ့် သူ မသေဘူးလေ။ ကောင်းကောင်းမွန်မွန်ပဲဟာ။ ဒါကြောင့် သူ့ကို ပြောပြစရာ ဘာ-------"

"မော်လီ၊ သူတို့က ဆီးရီးအက်စ်ကြယ် ဘလက် ရူးသွားပြီလို့ ပြောတယ်။ သူ ရူးသွားတာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် သူဟာ ဥာဏ်ကောင်းလိုက်တာမှ အက်ဇခါဘန်က ထွက်ပြေးနိုင်တယ်။ ဒါ လူသာမန်တွေ ဘယ်လလုပ်လို့ရမလဲ။ ဖဒ်ဂ်က "ကြိုဟောဆရာများနေ့စဉ်" ကို ဘာပြောပြော၊ ဘလက်ကို ဖမ်းတဲ့ နေရာမှာ၊ မိမိဘာသာ ဂါထာရွတ်တတ်တဲ့ မှော်ကြိမ်လုံး တီထွင်တာလို သိပ်တိုးတက်မှု မရှိဘူး။ ငါတို့ သေချာသိတာတစ်ခုက ဘလက်ဟာ တစ်ခုခုကို လိုက်နေတာပဲ-------"

"ဒါပေမယ့် ဟယ်ရီ ဟော့ဂ်ဝပ်မှာနေတာ လုံးဝ လုံခြုံတယ်"

"ငါတို့ဟာ အက်ဇခါဘန်မှာ လုံးဝ လုံခြုံတယ်လို့ ထင်တယ်။ တကယ်လို့ ဘလက် အက်ဇခါဘန်က ထွက်ပြေးနိုင်တယ်ဆိုရင်၊ သူ ဟော့ဂ်ဝပ်ကို ဝင်လာနိုင်မှာ"

"ဒါပေမယ့် ဘယ်သူကမှ ဘလက် ဟယ်ရီကို လိုက်နေတယ်လို့ မပြောနိုင်ဘူး -------"

ဒုန်းဆိုတဲ့ အသံ ထွက်လာတယ်။ ဟယ်ရီက မစ္စတာ ဝယ်စလီ လက်သီးနဲ့ စားပွဲထုတယ်လို့ ပြောနိုင်တယ်။

"မော်လီ၊ ငါ မင်းကို ဘယ်နှစ်ကြိမ်ပြောရမလဲ။ သတင်းစာမှာ ဒါကို မထည့်ဘူးဆိုတာ ဖဒ်ဂ်က မထည့်စေချင်လို့။ ဒါပေမယ့် ဘလက်ထွက်ပြေးတဲ့ညက ဖဒ်ဂ် အက်ဇ်ကာဘန်ကို သွားတယ်။ အစောင့်က ဖဒ်ဂ်ကို ပြောတယ်။ ဘလက် အိပ်မက် ကယောင်ကတန်းပြောတာ တော်တော်ကြာပြီတဲ့။ အမြဲတမ်းလို ပြောနေတာက "သူ ဟော့ဂ်ဝပ်မှာ .... သူ ဟော့ဂ်ဝပ်မှာ ..... " ဘလက် ခေါင်းမမှန်တော့ဘူး မော်လီ။ ပြီးတော့ သူ ဟယ်ရီ့ကို သေစေချင်တာ။ မင်း ငါ့ကိုမေးရင်၊ သူဟာ ဟယ်ရီ့ကို သတ်ပစ်နိုင်ရင် ဟိုလူ အာဏာပြန်ရမယ်လို့ ထင်တယ်။ ဟယ်ရီ ဟိုလူ့ကို တားဆီးလိုက်တဲ့ညမှာ ဘလက် အားလုံး ဆုံးရှုံးသွားတယ်။ ပြီးတော့ သူဟာ အက်ဇ်ကာဘန်မှာ တစ်ယောက်ထဲ ၁၂ နှစ်တောင် နေခဲ့ရပြီ။ ဒါကို တွေးဖို့ အချိန် လုံလောက်တယ်....."

ငြိမ်သက်သွားတယ်။ ဟယ်ရီဟာ တံခါးဆီ ထပ်တိုးသွားတယ်။ ပိုများများ နားထောင်ချင်နေတယ်။

"ကောင်းပြီ၊ အာသာ။ ရှင် မှန်တယ်ထင်တာကို လုပ်သာ လုပ်ပေတော့။ ဒါပေမယ့် ရှင် အောဘတ်စ်-ဒမ်ဘလီဒိုးကို မေ့နေပြီ။ ဒမ်ဘလီဒိုးသာ ဟော့ဂ်ဝပ် ကျောင်းအုပ်လုပ်နေရင် ဘာကမှ ဟယ်ရီကို ဒုက္ခပေးလို့ မရဘူးလို့ ကျွန်မ ထင်တယ်။ ဒါတွေ အားလုံးကို သူ သိတယ်လို့ ကျွန်မ ထင်တယ်"

"သူ သိတာပေါ့။ ကျုပ်တို့က သူ့ကို မေးရတာက ---- အက်ဇ်ကာဘန်က အစောင့်တွေကို ကျောင်းရဲ့ အဝင်ဝအားလုံးမှာ အစောင့်ချထားတာ ကျေနပ်သလား။ သူ ဒါကို သိပ်မကြိုက်ဘူး။ ဒါပေမယ့် သူ သဘောတူလိုက်တယ်"

"မကြိုက်ဘူးလား။ သူတို့က အဲဒီမှာ ဘလက်ကို ဖမ်းမိရင် သူမကြိုက်ဘဲ ဘယ်နေမလဲ"

"ဒမ်ဘလီဒိုးက အက်ဇ်ကာဘန်က အစောင့်တွေကို မကြိုက်ဘူး" မစ္စတာ ဝယ်စလီက လေးပင်စွာပြောတယ်။

"ငါလဲ မကြိုက်ဘူး။ ဒီအခြေအနေရောက် ... ဒါပေမယ့် ဘလက်လို မှော်ဆရာနဲ့ ဆက်ဆံရတဲ့အခါမှာ တစ်ခါတလေ မူလက ရှောင်နေချင်တာတွေနဲ့ မပူးပေါင်းလို့မဖြစ်၊ ပူးပေါင်းရတာပဲ"

"တကယ်လို့ သူတို့ ဟယ်ရီကို ကယ်ခဲ့ရင် ---"

"-----ဒါဆို သူတို့ကို ဆန့်ကျင်တဲ့ စကား ငါ မပြောတော့ဘူး" မစ္စတာ ဝယ်စလီက စိတ်မရှည်ဘဲ ပြောတယ်။ "မစောတော့ဘူး၊ မော်လီ။ တို့ အပေါ်တက်ကြရအောင်...."

ဟယ်ရီ ခုံရွှေ့သံ ကြားတယ်။ သူက ဘားဆီသွားတဲ့လမ်းကလေးကို ခြေဖော့ပြီး လျှောက်သွားတယ်။ သူတို့ အမြင်မခံဘူး။ ဧည့်ခန်းလေး တံခါးပွင့်လာတယ်။ စက္ကန့်အနည်းငယ်ကြာတော့၊ ဝယ်စလီ ဇနီးမောင်နှံ အပေါ်ထပ်တက်သွားကြောင်း ခြေသံက သူ့ကို ပြောပြတယ်။

ကြွက်အားဆေးထည့်တဲ့ ပုလင်းဟာ သူတို့ စောစောက ထိုင်တဲ့ စားပွဲခုံအောက်မှာ ကျနေတယ်။ ဟယ်ရီက ဝယ်စလီ ဇနီးမောင်နှံ တံခါးပိတ်သံ ကြားတော့မှ ပုလင်းကို ယူပြီး၊ အပေါ်တက်လာတယ်။

ဖရက်နဲ့ ဂျော့ဟာ လှေခါးခြေရင်း အမှောင်ထဲ ဆောင့်ကြောင့်ထိုင်ပြီး ဖတ်စီ သူ့ တံဆိပ်ပျောက်လို့ မိမိနဲ့ ရွန့်အိပ်ခန်းကို ဖြောင်းဆန်အောင် ဖြစ်ပျက်တာကို နားထောင်ရင်း အသက်မရှူနိုင်အောင် ရယ်နေကြတယ်။

"ငါတို့ တံဆိပ်ရှာတွေ့ပြီ" ဖရက်က ဟယ်ရီနားနား ကပ်ပြောတယ်။ "ငါတို့ ၎င်းကို ပြုပြင်လိုက်ပြီ"

အခု တံဆိပ်ပေါ်မှာ "ခေါင်းကြီးကောင်လေး" လို့ ရေးထားတယ်။

ဟယ်ရီက မနည်း ရယ်ချလိုက်ပြီး ကြွက်အားဆေးကို ရွှန့်သွားပေးတယ်။ ဒီနောက် မိမိကိုယ်မိမိ အခန်းထဲ ပိတ်ပြီး ကုတင်ပေါ်လှဲနေတယ်။

ဒီလိုဆိုတော့ ဆီးရီးအက်စ်ကြယ် ဘလက်ဟာ သူ့ကို ရှာနေတာပေါ့။ ဒါက အားလုံး ရှင်းသွားစေပြီ။ ဖဒ်ဂ်က သူ့ကို ဒီလောက် လျှော့ပေါ့တာဟာ သူ အသက်ရှင်နေသေးတာ တွေ့လို့။ သူ အများကြီး ပေါ့သွားတယ်။ သူက ဟယ်ရီ့ကို ထောင့်ဖြတ်လမ်းက တခြားမသွားဖို့ ကတိတောင်းထားပြီးပြီ။ ထောင့်ဖြတ်လမ်းမှာ မှော်ဆရာ အများကြီး ရှိတယ်။ သူ့ကို နီးနီးကပ်ကပ် ဂရုစိုက် ကြည့်နေနိုင်တယ်။ မနက်ဖန် သူက မှော်ဌာနကြီးပိုင် ကားနှစ်စီးလွှတ်ပြီး သူတို့ကို ဘူတာပို့ပေးမယ်။ ဒါကြောင့် ဝယ်စလီ မိသားစုဟာ ဟယ်ရီ ရထားပေါ် မရောက်ခင် သူ့ကို စောင့်ရှောက်နိုင်မယ်။

ဟယ်ရီဟာ လှဲအိပ်နေရင်း ဘေးခန်းက အော်ကြီးဟစ်ကျယ် ဖြစ်နေတာ နားထောင်ရင်း မိမိကိုယ်မိမိ ဘာကြောင့် ကြောက်စိတ်ပိုမလာတာလဲ ဆိုတာ နားမလည် ဖြစ်နေတယ်။ ဆီးရီးအက်စ်ကြယ် ဘလက်က ကျိန်စာတစ်ခွန်းတည်းနဲ့ လူ ၁၃ ယောက်ကို သတ်ပစ်ခဲ့တယ်။ ဝယ်စလီ ဇနီးမောင်နှံဟာ ဟယ်ရီသာ အဖြစ်မှန်ကို သိရင်၊ သေအောင်ကြောက်လိမ့်မယ်လို့ ထင်တယ်။ ဒါပေမယ့် ဟယ်ရီက မဒမ် ဝယ်စလီ့ စကားကို သဘောတူတယ်။ အဲဒါကတော့ မစ္စတာ ဒမ်ဘလီဒိုး ရှိတဲ့နေရာက ကမ္ဘာပေါ်မှာ အလုံခြုံဆုံးနေရာပဲ။ လူတွေက မစ္စတာ ဒမ်ဘလီဒိုးဟာ ဗိုလ်ဒီမွန့် ကြောက်ဖူးတဲ့ တစ်ဦးတည်းသော သူလို့ ပြောတယ် မဟုတ်လား။ ဘလက်ဟာ ဗိုလ်ဒီမွန့်ရဲ့ လက်ရုံးပဲ။ ဒါဆို သူလဲ မစ္စတာ ဒမ်ဘလီဒိုးကို ကြောက်မှာ သေချာတာပေါ့။

ပြီးတော့ လူတွေ ပြောနေကြတဲ့ အက်ဇခါဘန်က အစောင့်တွေ။ သူတို့ကို ကြောက်လို့ လူအားလုံး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေတယ်။ တကယ်လို့ သူတို့ကို ကျောင်းပတ်လည်မှာ ချထားရင် ဘလက် ကျောင်းတွင်းခိုးဝင်နိုင်ဖို့က သိပ်ကို ဖြစ်နိုင်ချေ နည်းသွားမယ်။

ဘာပဲဖြစ်ဖြစ်။ ဟယ်ရီ စိတ်အရှုပ်ဆုံးကတော့ သူ ဟော့ဂ်မော့ဒ်ကို လှည့်လည်ကြည့်ရှုဖို့ အခွင့်အရေးဟာ အခု သုည ဖြစ်သွားပြီ။ ဘလက်က အဖမ်းမခံရခင်မှာ ဘယ်သူကမှ ဟယ်ရီ့ကို အဲဟိုလုံခြုံတဲ့ ရဲတိုက်ကြီးက ထွက်ခွာခွင့်ပေးမှာ မဟုတ်ဘူး။ စင်စစ်မှာ ဟယ်ရီက တွက်တယ်။ အန္တရာယ်မကျော်လွန်ခင်မှာ မိမိရဲ့ လှုပ်ရှားမှုအားလုံးကို တင်းတင်းကြပ်ကြပ် စောင့်ကြည့်ခံရမှာပဲ။

သူဟာ မှောင်နေတဲ့ မျက်နှာကြက်ကို ဒေါသနဲ့ ကြည့်နေတယ်။ လူတွေက သူ့ကို ကိုယ့်ကိုကိုယ် မစောင့်ရှောက်တတ်ဘူးလို့ ထင်နေလား။ သူဟာ ဗိုလ်ဒီမွန့် လက်ထဲက သုံးကြိမ်လုံးလုံး လွတ်လာခဲ့ပြီ။ သူဟာ လုံးဝ အသုံးမကျတာမှ မဟုတ်တာ..."

တတိုင်းမွေးလသစ်လမ်း အမှောင်ရိပ်ထဲက ဟို တိရစ္ဆာန်ဟာ ရုတ်တရက် သူ့ခေါင်းထဲပေါ်လာတယ်။ အဆိုးဆုံးကိစ္စ ရောက်လာတော့မယ်လို့ သင်သိခဲ့ရင်၊ သင် ဘယ်လိုလုပ်မလဲ။

"ငါ သူများ အသတ်ခံရမှာ မဟုတ်ဘူး" ဟယ်ရီက အကျယ်ကြီး ပြောတယ်။

"လူဆိုတာ ဒီလို စိတ်ဓာတ်ရှိရမယ်၊ အချစ်လေး" သူ့မှန်က အိပ်ချင်မူးတူးနဲ့ ပြောတယ်။

• • • • • •

## ၅။ ဝိညာဥ်စုပ်ကောင်

နောက်နေ့နံနက်မှာ တွမ်ဟာ ခါတိုင်းလိုပဲ မိမိရဲ့ သွားမရှိတဲ့ အပြုံးရယ်၊ လက်ဖက်ရည်တစ်ခွက်ရယ်နဲ့ ဟယ်ရီ့ကို နှိုးလိုက်တယ်။ ဟယ်ရီက ထပြီး အဝတ်အစားဝတ်တယ်။ မပျော်မရွှင် ဖြစ်နေတဲ့ ဟက်ဒဝစ်ကို လှောင်အိမ်ထဲဝင်ဖို့ ပြောနေတုန်းမှာ ရွှန် အခန်းထဲပြေးဝင်လာတယ်။ စွပ်ကျယ်တစ်ထည်ကို ခေါင်းပေါ်စွပ်နေတုန်းပဲ။ သူ့ ကြည့်ရတာ အလွန် ဒေါပွနေသလိုပဲ။

"ငါတို့ ရထားပေါ် မြန်မြန်ရောက်လေ ကောင်းလေပဲ" ရွှန်က ပြောတယ်။ "အနည်းဆုံး ဟော့ဂ်ဝပ်မှာ ငါ ဖတ်စီနဲ့ အတူမနေရရင် ပြီးရော။ အခု သူ ငါ့ကို အပြစ်တင်နေတယ်။ ငါ့ကို သူ့ရဲ့ ဖန်နလော့ဓာတ်ပုံပေါ် လက်ဖက်ရည်စက်ကျအောင် လုပ်တယ်တဲ့။ မင်းသိပါတယ်" သူက ပြောင်ပြတယ်။ "သူ့ရည်းစား။ သူမဟာ မျက်နှာကို ဓာတ်ပုံဘောင်နောက် ဝှက်ထားတယ်။ သူ့နှာခေါင်းပေါ်မှာ ပေကျံကုန်လို့...."

"ငါ မင်းကို ပြောပြစရာ ရှိတယ်" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် ဖရက်နဲ့ ဂျော့ ဝင်လာလို့ ပျက်သွားတယ်။ သူတို့က လာကြည့်ရှုတာ။ ရွှန်က ဖတ်စီကို ဒေါသထွက်အောင်လုပ်လို့ အောင်ပွဲလာခံတာ။

သူတို့ အောက်ထပ်ဆင်း နံနက်စာစားစာ စားကြတယ်။ မစ္စတာ ဝယ်စလီ "ကြိုဟောဆရာများ နေ့စဉ်" ခေါင်းကြီး ဖတ်နေတယ်။ မျက်မှောင်ကြီး ကုပ်ထားတယ်။ မဒမ် ဝယ်စလီက ဟာမီးနဲ့ ဂျင်မီကို သူမငယ်စဉ်က ပြုလုပ်ခဲ့ဖူးတဲ့ ဆေးရည်တစ်မျိုးအကြောင်း ပြောပြနေတယ်။ သူတို့ သုံးယောက်စလုံး ကြောင်တောင်တောင် ရယ်နေတယ်။

"မင်း ခုနက ဘာပြောတာလဲ" သူတို့ ထိုင်မိတော့ ရွှန်က ဟယ်ရီ့ကို မေးတယ်။

"ခဏနေမှ မင်းကို ပြောပြမယ်" ဟယ်ရီက ပလုံးပထွေးပြောတယ်။ ဒီအချိန်မှာ ဖတ်စီ ဒေါသနဲ့ ဝင်လာတယ်။

ထွက်ခွာခါနီး ရှုပ်ယှက်ခတ်နေလို့ ဟယ်ရီဟာ ရွှန်တို့ ဟာမီးတို့နဲ့ စကားပြောခွင့် မရဘူး။ သူတို့ဟာ သူတို့ သေတ္တာအားလုံးကို ခွက်စုတ်ဘားရဲ့ ကျဉ်းမြောင်းတဲ့ လှေခါးကနေ အောက်သယ်ချနေရတယ်။ ဒီနောက် တံခါးမဘေး သွားချထားရတယ်။ ဟက်ဒဝစ်နဲ့ ဖတ်စီရဲ့ ဖူးဖူးရှုရှု အော်တတ်တဲ့ ဇီးကွက် ဟားမက်စ်တို့ဟာ သူတို့ရဲ့ လှောင်အိမ်အသီးသီးမှာ ထည့်ထားပြီး အထုပ်အပိုးတွေထိပ်မှာ တင်ထားတယ်။ မိုးမခအကိုင်းနဲ့ ရက်တဲ့ ခြင်းလေးတစ်လုံးဟာ အဲဒီ သေတ္တာပုံဘေးမှာ ချထားတယ်။ အထဲက တဂူးဂူး ဆူညံစွာ အော်နေတယ်။

"ဘာမှ မဖြစ်ဖူး၊ ခရွတ်ရှန်" ဟာမီးက အပြင်ကနေ အဲဒီကြောင်ကို ချော့နေတယ်။ "ရထားပေါ် ရောက်တာနဲ့ အပြင်ထုတ်ပေးမှာပါ"

"နင် မလွှတ်နဲ့" ရွှန်က မာမာပြောတယ်။ "သနားစရာ အစက်အပြောက်လေး ဘယ်လိုလုပ်မလဲ၊ ဟင်"

သူက သူ့ရင်ဘတ်ကို လက်ညှိုးထိုးပြတယ်။ အဲဒီနေရာ ဖုထနေတယ်။ အစက်အပြောက်လေးဟာ ရွှန့် အိတ်ကပ်ထဲ ပုန်းနေမှန်း သိရတယ်။

မစ္စတာ ဝယ်စလီဟာ အပြင်ဘက်မှာ မှော်ဝန်ကြီးဌာနက ကားကို စောင့်နေတယ်။ အခု ခေါင်းပြူလာတယ်။

"ကားလာပြီ" သူက ပြောတယ်။ "ဟယ်ရီ၊ လာဟေ့"

မစ္စတာ ဝယ်စလီက ဟယ်ရီ့ကို လူသွားလမ်း တိုတိုလေးကို အတင်းဖြတ်ခိုင်းပြီး ပထမကားဆီ ခေါ်သွားတယ်။ ဒီကားနှစ်စီးစလုံး ပုံစံဟောင်း အစိမ်းပုပ်ရောင်ကား။ ပထမကားကို မောင်းသူက အစိမ်းတောက်တောက် စိန်ကတ္တီပါ အနောက်တိုင်း ဝတ်စုံ ဝတ်ထားတဲ့၊ ကျောက်ကျစ်ပုံရတဲ့ မှော်ဆရာ။

“တက်၊ ဟယ်ရီ” မစ္စတာ ဝယ်စလီက ပြောတယ်။ ပြောရင်း လမ်းဘေးဝဲယာကို ကြည့်တယ်။

ဟယ်ရီက ကားနောက်ဘက်သွားတယ်။ ဟာမီးနဲ့ ရွန်လည်း လိုက်တက်လာတယ်။ ရွန် ရှုံ့မှုန်းတာက ဖတ်စီလည်း တက်လာတယ်။

ဟယ်ရီ မြင်းစီးသူရဲ ဘတ်စကားပေါ်က အတွေ့အကြုံနဲ့ စာရင် မင်းကြက်ခြေဘူတာကို သွားတဲ့ခရီးစဉ်ဟာ ဘေးမသီ၊ ရန်မခပါပဲ။ မှော်ဝန်ကြီးဌာနက ကားကိုကြည့်ရတာ ရိုးရိုးပါပဲ။ ဒါပေမယ့် ဟယ်ရီဟာ ဒီကားဟာ မြေပြင်ပေါ်ရှိ အက်ကြောင်းကို လျှောဖြတ်သွားနိုင်တာ တွေ့ရတယ်။ ဦးလေး ဗာနွံတို့ ကုမ္ပဏီက ကားသစ်ဆိုရင် ဘယ်ရမလဲ။ သူတို့ မင်းကြက်ခြေဘူတာ ရောက်ပြီ။ ရထားလာဖို့ မိနစ် ၂၀ လောက် လိုသေးတယ်။ မှော်ဝန်ကြီးဌာနက ယာဉ်မောင်းဟာ သူတို့ကို ပစ္စည်းတင်တွန်းတဲ့ လှည်းလေးတွေ ရှာပေးတယ်။ သူတို့ သေတ္တာကို ချပေးပြီး မစ္စတာ ဝယ်စလီကို ဦးထုပ်လျှာနား လက်ကပ်ပြကာ ကားမောင်းထွက်သွားတယ်။ ဘယ်လို ဘယ်လို လုပ်လိုက်မှန်း မသိဘူး။ မီးနီပြလို့ ရပ်စောင့်နေတဲ့ ကားတန်းရဲ့ ရှေ့ဆုံးရောက်သွားတယ်။

မစ္စတာ ဝယ်စလီဟာ ဘူတာထဲ မဝင်ခင်မှာ ဟယ်ရီနောက် ထက်ကြပ်မကွာ လိုက်နေတယ်။

“အခု” သူက ဒီကျောင်းသားတွေကို ဝေ့ကြည့်လိုက်တယ်။ “တို့ လူတွေများတယ်။ ဒါကြောင့် နှစ်ယောက်တစ်ဖွဲ့ ရပ်ကြ။ ကျုပ်က ပထမ၊ ဟယ်ရီ ကျုပ်နဲ့ အတူနေ...”

မစ္စတာ ဝယ်စလီဟာ ဟယ်ရီရဲ့ တွန်းလှည်းကို တွန်းပြီး အမှတ် ၉ နဲ့ အမှတ် ၁၀ စင်္ကြံကို ခြားထားတဲ့ သံစည်းရိုးဆီ သွားတယ်။ ခုမှ ဝင်လာတဲ့ အမှတ် ၉ စင်္ကြံက မြို့ပတ်အမှတ် ၁၂၅ ရထားကို သိပ်စိတ်ဝင်စားနေသလိုပဲ။ သူက အဓိပ္ပာယ်ပါပါနဲ့ ဟယ်ရီ့ကို ကြည့်လိုက်တယ်။ ဘာမှ မဖြစ်သလို သံစည်းရိုး အကာကို သွားမှီလိုက်တယ်။ ဟယ်ရီကလည်း သူ့အတိုင်း လိုက်လုပ်တယ်။

ခဏနေတော့ သူတို့ဟာ သံစည်းရိုးကို ဖြတ်ပြီး ဘေးဘက်ကနေ ကိုးလေးပိုင်းသုံးပိုင်း စင်္ကြံပေါ် ကျရောက်သွားတယ်။ သူတို့ဟာ ဟော့ဂ်ဝပ် အထူးအမြန် ရထားကို မြင်ရတယ်။ ကြက်သွေးရောင် ဗိုင်လာရထားစက်ခေါင်းဟာ စင်္ကြံအထက်ဘက်ကို အခိုးအငွေ့တွေ ပန်းထုတ်နေတယ်။ စင်္ကြံပေါ်မှာ သားသမီးတွေကို လိုက်ပို့တဲ့ မှော်ဆရာ၊ မှော်ဆရာမတွေနဲ့ ပြည့်နေတယ်။

ဖတ်စီနဲ့ ဂျင်နီဟာ ဟယ်ရီ့နောက်ဘက်မှာ ရုတ်တရက် ပေါ်လာတယ်။ သူတို့ ဟောဟဲ ဟောဟဲ ဖြစ်နေတယ်။ သံစည်းရိုးကို ပြေးဖြတ်ခဲ့ရတယ်နဲ့ တူတယ်။

“အား၊ ဖန်နလော့၊ လာပြီ” ဖတ်စီကပြောရင်း သူ့ဆံပင်ကို သပ်ရပ်အောင် လက်နဲ့ သပ်လိုက်တယ်။ မျက်နှာလည်း နီလာတယ်။ ဂျင်နီနဲ့ ဟယ်ရီ အကြည့်ချင်း ဆုံသွားတယ်။ နှစ်ယောက်စလုံး ဟိုဘက်လှည့်ပြီး ဖတ်စီ မမြင်အောင် ပြုံးနေကြတယ်။ ဒီအချိန်မှာ ဖတ်စီဟာ ဆံပင်ရှည်ရှည် ကောက်ကောက်ရှိတဲ့ မိန်းကလေးတစ်ယောက်ဆီ ခြေလှမ်းကျဲကျဲ လျှောက်သွားတယ်။ ဖတ်စီဟာ သူမ သူ့ ရင်ဘတ်ပေါ်က တံဆိပ်ကို ချက်ချင်း မြင်နိုင်အောင် ရင်ကော့ထားတယ်။

ဝယ်စလီမိသားစုက ကျန်သူများနဲ့ ဟာမီးဟာလည်း သူတို့ရှိရာ ရောက်လာတယ်။ ဒီအချိန်မှာ ဟယ်ရီနဲ့ မစ္စတာ ဝယ်စလီဟာ ရထားနောက်ဘက်ပိုင်းဆီ ဦးဆောင် လျှောက်သွားတယ်။ လူပြည့်နေတဲ့ တွဲတွေဖြတ်ပြီး

တော်တော်လွတ်နေသေးတဲ့ တွဲတစ်တွဲရှေ့ ရောက်လာတယ်။ သူတို့ဟာ သေတ္တာတွေ ရထားပေါ် တင်လိုက်ကြတယ်။ ဟက်ဒဝစ်နဲ့ ခရွတ်ရှန်ကို ပစ္စည်းတင်တဲ့ စင်ပေါ် တင်ထားလိုက်တယ်။ ပြီးနောက် ရထားပေါ်က ဆင်းလာကြပြီး ဝယ်စလီ ဇနီးမောင်နှံကို နှုတ်ဆက်ကြတယ်။

မဒမ် ဝယ်စလီဟာ သူမရဲ့ ကလေးအားလုံးကို ဖက်နမ်း နှုတ်ဆက်တယ်။ ဒီနောက် ဟာမီး၊ နောက်ဆုံးမှာ ဟယ်ရီ။ သူမဟာ ဟယ်ရီ့ကို အထူး ပွေ့ဖက်လိုက်သေးတယ်။ ဟယ်ရီက မနေတတ်သလို ဖြစ်သွားတယ်။ ဒါပေမယ့် စိတ်ထဲမှာ အလွန့်ကို ဝမ်းသာတယ်။

"သတိရှိနော်၊ ဟယ်ရီ" သူမကိုယ်ကို မတ်လိုက်တဲ့အချိန်မှာ ပြောတယ်။ သူမမျက်လုံးဟာ ထူးခြားစွာ တောက်ပနေတယ်။ ဒီနောက် သူမဟာ သူမရဲ့ ကြီးမားတဲ့ လက်ကိုင်အိတ်ကြီးကို ဖွင့်ပြီး ပြောတယ်။ "မင်းတို့ အားလုံး အတွက် ဆင်းဒဝပ်မုန့် လုပ်လာတယ်။ ဒါက မင်းဖို့၊ ရွန်... ဒါ အမဲဆားနယ်ကြော်ညှပ်တာ မဟုတ်ဘူး ... ဖရက်ကော။ ဖရက် ဘယ်ရောက်နေလဲ။ ဒီမှာ အချစ်လေး..."

"ဟယ်ရီ" မစ္စတာ ဝယ်စလီက အေးဆေးစွာ ပြောတယ်။

"ဒီကို ခဏလာပါ"

သူဟာ ခေါင်းကို တိုင်တစ်တိုင်ဆီ ညိတ်ပြတယ်။ ဟယ်ရီလည်း သူနဲ့ အတူ အဲဒီတိုင်နောက် သွားလိုက်တယ်။ မဒမ် ဝယ်စလီကို ဝိုင်းအုံနေသူတွေကို ထားပစ်ခဲ့တယ်။

"မင်း မသွားခင် ပြောပြစရာ ရှိတယ် ----" မစ္စတာ ဝယ်စလီဟာ စိတ်လှုပ်ရှားစွာ ပြောတယ်။

"ရပါပြီ၊ မစ္စတာ ဝယ်စလီ" ဟယ်ရီက ပြောတယ်။ "ကျွန်တော် သိပြီးပါပြီ"

"မင်း သိပြီးပြီလား၊ မင်း ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်------ အော------ မနေ့ညက ကျွန်တော် သင်နဲ့ မဒမ် ဝယ်စလီ စကားပြောတာ ကြားရတယ်။ ကျွန်တော် မအောင့်နိုင်လို့ နားထောင်လိုက်တယ်" ဟယ်ရီက အမြန်ထပ်ပြောတယ်။

"ဝမ်းနည်းပါတယ်----"

"မင်းကို ဒီနည်းနဲ့ သိစေချင်တာ မဟုတ်ဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ စိတ်ပူနေသလိုပဲ။

"မဟုတ်ပါဘူး--------အမှန်အတိုင်း ပြောရရင် ဘာမှ မဖြစ်ပါဘူး။ ဒီလိုဆိုတော့။ သင် ဖဒ်ဂ်ကို ကတိပေးတာလဲ မပျက်တော့ဘူးပေါ့။ ကျွန်တော်ကလဲ ဘာတွေ ဖြစ်နေတယ်ဆိုတာ သိထားရတာပေါ့"

"ဟယ်ရီ၊ မင်း တအား လန့်နေမှာပဲ-----"

"ဟင့်အင်း" ဟယ်ရီက ရိုးသားစွာ ပြောတယ်။ "တကယ်ပါ" သူက ထပ်ပြောတယ်။ မစ္စတာ ဝယ်စလီ့ ကြည့်ရတာ မယုံသလို ဖြစ်နေလို့။ "ကျွန်တော် သူရဲကောင်း ဖြစ်အောင် လုပ်နေတာ မဟုတ်ဘူး။ ဒါပေမယ့် အမှန်အတိုင်း ပြောရရင် ဆီးရီးအက်စ်ကြယ် ဘလက်ဟာ ဗိုလဒီမွန့်ထက်တော့ ဆိုးရွားမယ် မထင်ဘူး။ ဆိုးမလား"

ဒီနာမည်ကို ကြားတာနဲ့ မစ္စတာ ဝယ်စလီ ကြို့သွားတယ်။ ချက်ချင်းပဲ ဒီခံစားချက်ကို ဖျောက်ပစ်လိုက်တယ်။

"ဟယ်ရီ၊ ကျုပ် မင်းကို သိတယ်။ အင်း၊ ဖဒ်ဂ် တွေးထင်ထားတာထက် ကြံ့ခိုင်တယ်။ မင်း မကြောက်ဘူးဆိုတော့ ကျုပ် ဝမ်းသာတယ်။ ဒါပေမယ့် ---------"

"အာသာ" မဒမ် ဝယ်စလီ အော်ခေါ်တယ်။ အခု သူမဟာ ကလေးတွေ ရထားပေါ်တက်တာ ကြီးကြပ်နေတယ်။ "အာသာ၊ ရှင် ဘာလုပ်နေလဲ။ တက်တော့"

"သူ လာပါလိမ့်မယ်၊ မော်လီ" မစ္စတာ ဝယ်စလီက ပြောတယ်။ ဒါပေမယ့် သူ ဟယ်ရီဘက် လှည့်လိုက်ပြီး ပိုပြီးလောတဲ့ အသံနိမ့်နဲ့ ပြောတယ်။ "နားထောင်၊ မင်း ငါ့ကို ကတိပေး------"

"-----စကား နားထောင်ပြီး ရဲတိုက်ထဲမှာပဲနေဖို့ ကတိပေးရမှာလား" ဟယ်ရီ စိတ်ဓာတ်ကျစွာ ပြောတယ်။

"ဒါချည်း မဟုတ်ဘူး" မစ္စတာ ဝယ်စလီက ပြောတယ်။ ဟယ်ရီအရင်က တွေ့ခဲ့တဲ့ အကြိမ်တိုင်းထက် တည်ကြည်လေးနက်နေတယ်။ "ဟယ်ရီ၊ မင်း ဘလက်ကို သွားမရှာဘူးလို့ ငါ့ကို ကတိပြု"

ဟယ်ရီ မျက်လုံးကြီး ပြူးသွားတယ်။ "ဘာ"

ဝီစီသံ စူးစူး ပေါ်ထွက်လာတယ်။ မီးရထား လုပ်သားဟာ ရထားတစ်လျှောက် လိုက်ပြီး ရထားတံခါးအားလုံးကို ပိတ်လိုက်တယ်။

"ကျုပ်ကို ကတိပေး၊ ဟယ်ရီ" မစ္စတာ ဝယ်စလီက ပြောတယ်။ စကားပြောရတာ ပိုမြန်လာတယ်။ "ဘာပဲဖြစ်ဖြစ်-----"

"ကျွန်တော့်ကို သတ်မယ့်သူမှန်း သိရက်နဲ့ ကျွန်တော်က သူ့ကို ဘာဖြစ်လို့ သွားရှာရမှာလဲ" ဟယ်ရီဟာ နားမလည်နိုင်ဘဲ မေးတယ်။

"ကျုပ်ကို ကတိပေး၊ မင်း ဘာပဲ ကြားကြား-------"

"အာသာ၊ မြန်မြန်" မဒမ် ဝယ်စလီက ခေါ်တယ်။

မီးရထားဟာ ရေငွေ့တွေ ပန်းထုတ်ပြီး စ ရွေ့လျားတယ်။ ဟယ်ရီဟာ တွဲတံခါးဆီ ပြေးသွားတယ်။ ရွန်က တံခါးဖွင့်ပေးပြီး ဟယ်ရီ တွဲပေါ်တက်ဖို့ ဘေးကပ်ပေးတယ်။ သူတို့ဟာ ပြတင်းအပြင် ခေါင်းထုတ်ပြီး ဝယ်စလီ ဇနီးမောင်နှံကို လက်ယမ်းနှုတ်ဆက်တယ်။ ရထားကွေ့ချိုးပြီး မမြင်ရတော့မှ ပြန်ဝင်ကြတယ်။

"ငါ နင်တို့နဲ့ ပြောစရာ ရှိတယ်" ဟယ်ရီက ရွန်နဲ့ ဟာမီးကို မပွင့်တပွင့် ပြောတယ်။ ရထားဟာ အရှိန်မြင့် ခုတ်မောင်းနေပြီ။

"ဟိုဘက်သွား၊ ဂျင်နီ" ရွန်က ပြောတယ်။

"အေး၊ ကောင်းတာပေါ့" ဂျင်နီက မာနနဲ့ ပြောပြီး ထွက်သွားတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ စင်္ကြံတစ်လျှောက် လွတ်နေတဲ့ တွဲကို ရှာတယ်။ ဒါပေမယ့် တွဲအားလုံး ပြည့်နေတယ်။ နောက်ဆုံးတွဲ တစ်တွဲပဲ လွတ်တယ်။

ဒီတွဲထဲမှာ လူတစ်ယောက်ပဲ ရှိတယ်။ အဲဒီလူဟာ ပြတင်းဘေးထိုင်ပြီး အိပ်ပျော်နေတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ တံခါးဝမှာ ရပ်လိုက်တယ်။ ဟော့ဂ်ဝပ် အထူးအမြန် ရထားဟာ ကျောင်းသားတွေစီးတာ။ သူတို့ ရထားပေါ်မှာ လူကြီးတစ်ခါမှ မတွေ့ဘူး။ သူတို့ကို တွန်းလှည်းနဲ့ အစားအစာလာရောင်းတဲ့ မော်ဆရာမက လွဲရင်ပေါ့။

အဲဒီ လူစိမ်းဟာ အလွန်ဟောင်းနွမ်းတဲ့ မှော်ဆရာဝတ်ရုံရှည် ဝတ်ဆင်ထားတယ်။ အဖာအထေး မနည်းဘူး။ သူ့ ကြည့်ရတာ ဖျားနေပုံပေါ်ပြီး ပင်ပန်းနွမ်းနယ်နေသလိုပဲ။ သူဟာ အလွန် ငယ်ရွယ်သေးတယ်။ ဒါပေမယ့် ဆံပင်ညိုညိုထဲမှာ ဆံပင်ဖြူတစ်ချို့ တွေ့ရပြီ။

“သူ ဘယ်သူလို့ ထင်သလဲ” ရွန်က စူးစူးရှရှ မေးတယ်။ သူတို့ ထိုင်ကြတယ်။ တံခါးပိတ်လိုက်တယ်။ သူတို့ဟာ ရထား ပြတင်းပေါက်နဲ့ ဝေးဝေးထိုင်တယ်။

“ပါမောက္ခ R.J လူပင်” ဟာမီးက ချက်ချင်း တိုးတိုး ပြောတယ်။

“နင် ဘယ်လိုလုပ် သိသလဲ”

“သူ့ သေတ္တာပေါ်မှာ ရေးထားတာပဲဟာ” ဟာမီ ပြန်ဖြေတယ်။ အဲဒီလူ ခေါင်းပေါ်က ပစ္စည်းတင်စင်ကိုလည်း လက်ညှိုးထိုးပြတယ်။ အဲဒီမှာ ဟောင်းနွမ်းတဲ့ သေတ္တာလေး တစ်လုံးရှိတယ်။ ကြိုးတွေ အများကြီးနဲ့ ချည်ထားတယ်။ ဘုထုံး ညီညီညာညာ ထုံးထားတယ်။ “ပါမောက္ခ R.J. လူပင်” ဆိုတဲ့ စာလုံးတွေကို သေတ္တာထောင့် တစ်နေရာမှာ ထိုးထားတယ်။ ဆေးတောင် ကျွတ်နေပြီ။

“သူ ဘာသင်လဲ မသိဘူး” ရွန်က ပြောရင်း မလှုပ်မယှက် ငြိမ်နေတဲ့ ပါမောက္ခလူပင်ကို ကြည့်ပြီး မျက်မှောင်ကြုတ်တယ်။

“ရှင်းပါတယ်” ဟာမီး တိုးတိုးပြောတယ်။ “နေရာလွတ် တစ်ခုပဲ ရှိတာ၊ ဟုတ်တယ် မဟုတ်လား။ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်”

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့မှာ ဒီသင်ခန်းစာသင်တဲ့ ဆရာနှစ်ယောက် ရှိခဲ့တယ်။ နှစ်ယောက်စလုံး တစ်နှစ်စီပဲ သင်ခဲ့တယ်။ ဒီအလုပ်ဟာ ရှုံးနိမ့်ဖို့ သေချာတယ်လို့ ကောလာဟလ သတင်းထွက်တယ်။

“အင်း၊ သူ ဒီအလုပ်ကို ပိုင်နိုင်စေချင်တယ်” ရွန်က သံသယနဲ့ ပြောတယ်။ “မှော်ပညာ သုံးလိုက်တာနဲ့ သူ့ကို အဆုံးစီရင်နိုင်လိုက်သလိုပဲ။ သူ့ ကြည့်ရတာ ဒီလိုပဲလား။ ဘာပဲဖြစ်ဖြစ်.....” သူ ဟယ်ရီ့ဘက်လှည့်လိုက်ပြီး “မင်းတို့ကို ဘာပြောမလို့လဲ”

ဟယ်ရီက ဝယ်စလီ ဇနီးမောင်နှံ ငြင်းခုံတဲ့ ကိစ္စ မစ္စတာ ဝယ်စလီ ခုနက သူ့ကို သတိပေးတာ သူတို့ကို ပြောပြတယ်။ သူ ပြောပြပြီးနောက် ရွန်ဟာ မိုးကြိုးပစ်ခံရသလို ဖြစ်သွားတယ်။ ဟာမီးကတော့ လက်နှစ်ဖက်နဲ့ ပါးစပ်ကို အုပ်ထားတယ်။ နောက်ဆုံးမှာ သူမ လက်ချပြီး ပြောတယ်။ “ဆီးရီးအက်စ်ကြယ် ဘလက် ထွက်ပြေးတာဟာ နင့်ကို လိုက်ဖို့ ဟုတ်လား။ အော၊ ဟယ်ရီ ... နင် သတိတော့ထားနော်။ အလွန့်ကို သတိရှိမှ။ ကိုယ့်ကိုယ်ကို ဒုက္ခမရှာနဲ့ ဟယ်ရီ...”

“ငါ့ဟာငါ ဒုက္ခမရှာပါဘူး” ဟယ်ရီ စိတ်ဆိုးစွာ ပြောတယ်။ “အမြဲတမ်းပဲ ဒုက္ခက ငါ့ဆီလာတာ”

“ဟယ်ရီဟာ သူ့ကို သတ်ချင်တဲ့ အရူးကို သွားရှာရအောင် မအသေးပါဘူး” ရွန်က တုန်ယင်စွာ ပြောတယ်။

သူတို့ ဒီသတင်းနဲ့ ပတ်သက်ပြီး ဟယ်ရီ ခန့်မှန်းထားတာထက် အမြင်ဆိုးတယ်။ ရွန်နဲ့ ဟာမီးဟာ သူ့ထက် ဘလက်ကို ကြောက်ပုံရတယ်။

“သူ အက်ဇ်ခါဘန်က ဘယ်လို ထွက်ပြေးတယ်ဆိုတာ ဘယ်သူမှ မသိဘူး” ရွန်က ပြောတယ်။ “အရင်က ဘယ်သူမှ ထွက်ပြေးလို့ မရခဲ့ဘူး။ ပြီးတော့ သူဟာ ထိပ်တန်းတရားခံ”

"ဒါပေမယ့် သူတို့ သူ့ကို ဖမ်းမိမှာပါ၊ ဟုတ်တယ် မဟုတ်လား" ရွန်က ရိုးသားစွာ ပြောတယ်။ "ငါ ပြောလိုတာက သူတို့ မတ်ဂေါ် အားလုံးကို လိုက်ရှာခိုင်းထားတယ်....."

"ဘယ်က ဆူသံလဲ" ရွန်က ရုတ်တရက် ပြောတယ်။

ဘယ်ကမှန်းမသိ ဝီစီသံ သေးသေးလေး ကြားရတယ်။ သူတို့ဟာ တွဲထဲကို လိုက်ရှာတယ်။

"နင့် သေတ္တာထဲက၊ ဟယ်ရီ..." ရွန်က ပြောတယ်။ မတ်တတ်ရပ်ပြီး ပစ္စည်းတင် စင်ပေါ်က သေတ္တာကို ယူလိုက်တယ်။ မကြာခင်မှာပဲ ခရီးဆောင် စောင့်ကြည့်မှန်ကလေးကို ဟယ်ရီ့ ဝတ်ရုံရှည်ကြားက ယူထုတ်လိုက်တယ်။ ၄င်းဟာ ရွန့်လက်ဝါးထဲမှာ အလျင်အမြန် လည်နေတယ်။ အရောင်တွေ တောက်နေတယ်။

"ဒါ စောင့်ကြည့်မှန်လား" ဟာမီးက စိတ်ဝင်စားစွာ မေးတယ်။ ထပြီး သေချာကြည့်တယ်။

"ဟုတ်တယ် ... သိထားရမှာက ဒါ သိပ်ဈေးချိုတယ်" ရွန်က ပြောတယ်။ "ငါ ၄င်းကို အဲရော်ခြေထောက်မှာ ချည်ပြီး ဟယ်ရီ့ကို ပို့မယ့်အခါ ၄င်းဟာ ရူးသွပ်နေသလိုပဲ"

"နင် အဲဒီ အချိန်မှာ ဘာလုပ်နေလဲ" ဟာမီးက မေးလိုက်တယ်။

"မလုပ်ဘူး။ အင်း .... ငါ အဲရော်ကို မသုံးသင့်ဘူး။ သူ ခရီးဝေးသွားတာ သိပ် စိတ်မချရဘူးဆိုတာ နင်သိတယ် ... ဒါပေမယ့် ဒီလိုမလုပ်ရင် ဟယ်ရီ့ဆီ ဘယ်လိုလုပ် လက်ဆောင် ပို့လို့ရမှာလဲ"

"၄င်းကို သေတ္တာထဲ ပြန်ထည့်လိုက်" ဟယ်ရီကပြောတယ်။ အဲဒီအရာက ဆူလွန်းနေလို့။ "နို့မို့ရင် သူ နိုးသွားလိမ့်မယ်"

သူဟာ ပါမောက္ခလူပင်ဘက် ခေါင်းညိတ်ပြတယ်။ ရွန်က ၄င်းကို ဦးလေး ဗာနွံပေးတဲ့ ခြေအိတ်ဟောင်းထဲ သွပ်ထည့်လိုက်တယ်။ ဒီတော့ အသံပျောက်သွားတယ်။ ဒီနောက် ရွန်က သေတ္တာကို ပိတ်လိုက်တယ်။

"ငါတို့ ဟော့ဂ်ဝပ် ရောက်ရင် ၄င်းကို စစ်ဆေးဦးမှ" ရွန်က ပြောတယ်။ ပြန်ထိုင်လိုက်တယ်။ "ဒါးဗစ်နဲ့ ဘန်းစ်မှာ ဒါမျိုးတွေ ရောင်းတယ်။ ဖရက်နဲ့ ဂျော့ ငါ့ကို ပြောပြတာ"

"နင် ဟော့ဂ်မော့ဒ်ကို တော်တော်သိလား" ဟာမီးက ဖျတ်လတ်စွာ မေးတယ်။ "ငါ စာထဲမှာ ဖတ်ရတာကတော့ ဒီနေရာဟာ အင်္ဂလန်မှာ တစ်ခုတည်းသော မတ်ဂေါ်မရှိတဲ့ နေရာတဲ့ -----"

"ဟုတ်တယ်လေ၊ ငါထင်တာ ဟုတ်တယ်" ရွန်က ဘာမှ မဖြစ်သလို ပြောတယ်။ "ဒါပေမယ့် ဒါ ငါသွားချင်တဲ့ အကြောင်းရင်း မဟုတ်ဘူး။ ငါက ပျားရည်အမတ်ကြီးကို သွားချင်တာ"

"အဲဒါ ဘာလဲ" ဟာမီးက မေးတယ်။

"အဲဒါ သကြားလုံးဆိုင်" ရွန်က ပြောတယ်။ မျက်နှာပေါ်မှာ အိပ်မက်ဆန်တဲ့ အမူအရာ ပေါ်လာတယ်။ "အဲဒီမှာ ဘာမဆိုရှိတယ်.... ငရုတ်ကောင်း ကလေးဆိုးလေးတို့ -------- ၄င်းကို စားရင် ပါးစပ်ထဲက မီးခိုးထွက်တယ် -------- ပြီးတော့ ဆီများတဲ့ ချော့ကလက်လုံး။ အထဲမှာ ပါတာက စတော်ဘယ်ရီ ခရင်ခဲနဲ့ ရိုးရိုးခရင်။ သိပ်ထူးဆန်းတဲ့ သကြားနဲ့ လုပ်ထားတဲ့ ငှက်မွေးကလောင်။ မင်း ကျောင်းတက်နေတုန်းမှာတောင် စုပ်နိုင်တယ်။ မင်း စဉ်းစားနေတာနဲ့ တူတယ် -----"

"ဒါပေမယ့် ဟော့ဂ်မော့ဒ်ဟာ စိတ်ဝင်စားစရာနေရာ၊ ဟုတ်တယ် မဟုတ်လား" ဟာမီးက ခပ်လောလော ဆက်မေးတယ်။ "မော်ဆရာ ရှေးဟောင်း အဆောက်အဦ" စာအုပ်ထဲမှာ ဟို ဟိုတယ်လေးဟာ ၁၆၁၂–ခုနှစ် သရဲသဘက် ပုန်ကန်တဲ့ ဌာနချုပ်တဲ့။ စူးရှအော်ဟစ်တဲ့ အိမ်ကတော့ အင်္ဂလန်တစ်နိုင်ငံလုံး သရဲတစ္ဆေ အခြောက်ဆုံးအိမ် ဖြစ်လိမ့်မယ်"

"-------ဇရာမ ရေခဲမုန့်လုံးကြီးဟာ သင် စုပ်စားတဲ့အခါမှာ သင့်ကို မြေပြင်က လက်မ အချို့တောင် လွင့်ပျံတက်စေတယ်" ရွန်က ပြောတယ်။ ဟာမီးပြောတဲ့စကားကို တစ်လုံးမှ နားထဲမဝင်တာ သေချာတယ်။

ဟာမီးက ဟယ်ရီ့ ပတ်လည်ကို ကြည့်တယ်။

"ကျောင်းက ခဏထွက်ပြီး ဟော့ဂ်မော့ဒ် သွားလေ့လာတာ သိပ်ကောင်းမှာပဲ။ မဟုတ်ဘူးလား"

"ငါလဲ ဒီလို ထင်တယ်" ဟယ်ရီက လေးပင်စွာ ပြောတယ်။ "နင်တို့ ဒီခံစားချက်ရှိတဲ့အခါမှာ ငါ့ကို ပြောပြရမယ်နော်"

"မင်းစကားက ဘာအဓိပ္ပာယ်လဲ" ရွန်က ပြောတယ်။

"ငါ မသွားရဘူး။ ဒါစလီတို့က သဘောတူဇယားကို လက်မှတ်မထိုးဘူး။ ဖဒ်ဂ်လဲ ထိုးမပေးဘူး"

ရွန်ဟာ ထိတ်လန့်နေသလိုပဲ။

"မင်းကို မလွှတ်ဘူး ဟုတ်လား။ ဒါပေမယ့် ------ ပြောမရဘူး ------- ပါမောက္ခမက်ဂေါ်နာဂေါ်ဖြစ်ဖြစ် တခြားတစ်ယောက်ယောက်က မင်းကို ခွင့်ပေးမှာပါ -------"

ဟယ်ရီက ခပ်ခြောက်ခြောက် ရယ်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်၊ ဂရစ်ဖင်းဒေါ် ကျောင်းအုပ်ဟာ အလွန် စည်းကမ်းကြီးတဲ့သူ။

"---- နို့မို့ရင် ငါတို့ ဖရက်နဲ့ ဂျော့ကို မေးကြည့်လို့ရတယ်။ သူတို့က ရဲတိုက်ကြီးက အပြင်ကို ပေါက်တဲ့ လျှို့ဝှက်လမ်းကြောင်းအားလုံး သိတယ် -----"

"ရွန်" ဟာမီးက စူးရှစွာ ပြောတယ်။ "ဘလက် တရားဥပဒေ ပြင်ပရောက်နေစဉ် ဟယ်ရီ တိတ်တိတ် ကျောင်းက မထွက်ခွာသင့်ဘူးလို့ ငါ ထင်တယ် ---"

"ဟုတ်တယ်လေ၊ ငါထင်တယ်၊ ငါခွင့်သွားတောင်းရင် ပါမောက္ခ မက်ဂေါ်နာဂေါ်က ဒီလိုပဲ ပြောမှာ" ဟယ်ရီက နာကျင်စွာ ပြောတယ်။

"ဒါပေမယ့် ငါတို့ သူနဲ့ အတူရှိနေရင်" ရွန်က လှိုက်လှဲစွာ ဟာမီးကို ပြောတယ်။ "ဘလက်က လုပ်ရဲမှာ ------"

"အော၊ ရွန် ... အပိုတွေ ပြောမနေနဲ့တော့" ဟာမီးက မာမာပြောတယ်။ "ဘလက်ဟာ လူရှုပ်တဲ့ လမ်းပေါ်မှာတောင် လူတွေ အများကြီးသတ်ခဲ့တာ။ နင်က ငါတို့ရှိနေတာနဲ့ ဘလက်က ဟယ်ရီ့ကို မလုပ်ဘူးလို့ ထင်သလား"

သူမဟာ ပြောရင်း ခရွတ်ရှန်ကြောင်ခြင်းကို ချည်ထားတဲ့ ကြိုးကို ဖြေဖို့ စမ်းတယ်။

"ဒီအကောင်ကို မလွှတ်နဲ့" ရွန်က ပြောတယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ ခရွတ်ရှန်ဟာ ခြင်းထဲကနေ ပေါ့ပါးစွာ ခုန်ထွက်လာတယ်။ ရွန်က ဒေါသနဲ့ ခရွတ်ရှန်ကို မောင်းပစ်တယ်။

"သွား"

"ရွန်၊ ဒီလို မလုပ်နဲ့" ဟာမီးက ဒေါသနဲ့ ပြောတယ်။

ရွန်က ပြန်ပြောမယ်လုပ်တုန်းမှာ ပါမောက္ခလူပင် လှုပ်လာတယ်။ သူတို့ဟာ သူ့ကို ကြောက်ရွံ့စွာ ကြည့်နေတယ်။ ဒါပေမယ့် သူဟာ ခေါင်းကို တစ်ဖက် လှည့်ရုံလှည့်ပြီး ပါးစပ်နည်းနည်း ဟတာပဲ ရှိတယ်။ ဆက်အိပ်နေပြန်တယ်။

ဟော့ဂ်ဝပ် အထူးအမြန် ရထားဟာ တည်တည်ငြိမ်ငြိမ်နဲ့ မြောက်ဘက်သို့ ခုတ်မောင်းသွားတယ်။ ပြတင်းအပြင်က ရှုခင်းဟာ ကျေးတောဆန်လာတယ်။ ပိုပိုပြီးလည်း မှောင်မည်းလာတယ်။ တစ်ချိန်တည်းမှာ မိုးပေါ်က တိမ်တွေဟာလည်း ပိုမိုထူထဲလာတယ်။ သူတို့တွဲအပြင်ဘက်မှာ မပြတ်တမ်း သွားလာနေသူရှိတယ်။ အခု ခရွတ်ရှန်ဟာ နေရာလွတ်တစ်ခုမှာ သေချာထိုင်နေတယ်။ ၎င်းရဲ့ ပြားနေတဲ့ မျက်နှာဟာ ရွန့်ဘက် လှည့်ထားတယ်။ ၎င်းရဲ့ မျက်လုံးဝါဝါဟာ ရွန့်အိတ်ကပ်ကို ကြည့်နေတယ်။

တစ်ချက်တီးတော့ အစားအစာလည်း ဒုတ်ဒုတ်နဲ့ သူတို့တွဲဝ ရောက်လာတယ်။

"သူ့ကို နှိုးရမလားဟေ့" ရွန်က ဘာလုပ်ရမှန်းမသိ မေးတယ်။ ပါမောက္ခလူပင်ဘက် ခေါင်းညိတ်ပြတယ်။

"သူ့ ကြည့်ရတာ အစာစားဖို့ လိုသလိုပဲ"

ဟာမီးဟာ ပါမောက္ခလူပင်နား အသာလေး ကပ်သွားတယ်။

"အော--- ပါမောက္ခ" သူမက ပြောတယ်။ "ခွင့်လွှတ်ပါ ---- ပါမောက္ခ"

သူက မလှုပ်ဘူး။

"မစိုးရိမ်ပါနဲ့။ အချစ်လေး" အဲဒီ မှော်ဆရာမက ပြောရင်း ပူပူနွေးနွေး မုန့်အိုးကပ် အပြားကြီးကို ဟယ်ရီ့ ကမ်းပေးတယ်။ "သူနိုးလာလို့ ဆာရင် ရှေ့ဘက် စက်ဗိုလ်ဆီမှာ ကျွန်မကို လာရှာပါ"

"သူ အိပ်နေတာလား" ရွန်က ငြိမ်ငြိမ်လေးပြောတယ်။ ဒီအချိန်မှာ မှော်ဆရာမက တွဲတံခါးကို ပိတ်လိုက်တယ်။ "ငါပြောချင်တာက --- သူ မသေပါဘူးနော်"

"မသေဘူး၊ မသေဘူး။ သူ အသက်ရှူနေတယ်" ဟာမီးက တိုးတိုးပြောတယ်။ ဟယ်ရီ သူမကို ကမ်းပေးတဲ့ မုန့်အိုးကပ်ကို ယူလိုက်တယ်။

ပါမောက္ခလူပင်ဟာ အဖော်ကောင်းတော့ ဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမယ့် သူ ဒီတွဲထဲမှာ ရှိတာ သူတို့အဖို့ အသုံးကျတယ်။ ညနေပိုင်းမှာ မိုးစရွာတယ်။ ပြတင်းအပြင်က အဆက်မပြတ် မြင်ရတဲ့ တောင်ကုန်းတွေဟာ ဝေဝါးလာတယ်။ ဒီအချိန်မှာ သူတို့ဟာ စင်္ကြံဘက်ဆီက ခြေသံကြားရပြန်တယ်။ ဒီနောက် သူတို့မနှစ်သက်ဆုံး လူသုံးယောက် ရောက်လာတယ်။ ဒရာခို-မော်ဖိုင်။ နောက်က ၎င်းရဲ့ ဘော်ဒါ ဗင်ဆင့်-ခရပ်နဲ့ ဂရီဂိုရီ-ဂိုး။

ဒရာခို-မော်ဖိုင်နဲ့ ဟယ်ရီဟာ သူတို့ ပထမအကြိမ် ဟော့ဂ်ဝပ် အထူးအမြန်ရထားပေါ်မှာ ဆုံတွေ့ခဲ့ကြကတည်းက စပြီး ရန်သူ ဖြစ်ခဲ့တယ်။ မော်ဖိုင်ဟာ မျက်နှာ ဖြူဖပ်ဖြူရော် ပိန်ပိန်၊ သရော်တဲ့ အမူအရာနဲ့။

သူဟာ စလေးသရင်းက ကျောင်းသား။ စလေးသရင်း ခွေဒစ်အသင်းက ရှာဖမ်းသမား။ ဟယ်ရီကတော့ ဂရစ်ဖင်းဒေါအသင်းက ရှာဖမ်းသမား။ ခရပ်က အရပ်နည်းနည်းမြင့်တယ်။ ဆံပင်ကို ပူတင်းဇလုံလို ညှပ်ထားတယ်။ လည်ပင်း အလွန်တုတ်တယ်။ ဂိုးက ပုပု၊ ဆံပင်ထူထူ။ လက်က လူဝံကြီးလို ရှည်တယ်။

"အင်း၊ ဒါ ဘယ်သူပါလိမ့်" မော်ဖိုင်ဟာ ပြောနေကျ ပျင်းရိရိ ဆွဲငင်သံနဲ့ ပြောတယ်။ တွဲတံခါးကို ဆွဲဖွင့်တယ်။

"ပေါ်တာနဲ့ ဝယ်စလီ"

ဂိုးနဲ့ ခရပ်ဟာ တအုန်းအုန်း ရယ်တယ်။

"မင်းအဖေ ဒီနွေမှာ ထောသွားတယ်ကြားတယ်၊ ဝယ်စလီ" မော်ဖိုင်က ပြောတယ်။ "မင်းအမေ အသက်ရှူကြပ် မသေသေးဘူး မဟုတ်လား"

ရွန် ထရပ်လိုက်တယ်။ မြန်လွန်းလို့ ခရွတ်ရှန်ရဲ့ ခြင်းကို ကန်မိသွားတယ်။ ပါမောက္ခလူပင် ဟင်းသံ ထွက်လာတယ်။

"အဲဒါ ဘယ်သူလဲ" မော်ဖိုင်က မေးတယ်။ သူဟာ လူပင်ကို မြင်ပြီး မထိန်းနိုင်ဘဲ နောက်ကို တစ်လှမ်းဆုတ်လိုက်တယ်။

"ဆရာ အသစ်" ဟယ်ရီကပြောတယ်။ သူလည်း မတ်တတ်ရပ်လိုက်တယ်။ လိုအပ်တဲ့ အချိန်မှာ ရွန့်ကို ဆွဲခေါ်ဖို့။ "မင်း ခုနက ဘာပြောတာလဲ၊ မော်ဖိုင်"

မော်ဖိုင်ရဲ့ အရောင်ဖျော့ဖျော့ မျက်စိလေး မှေးသွားတယ်။ သူဟာ ဆရာတစ်ယောက်ရှေ့မှာ ရန်စတဲ့အထိတော့ မအသေးဘူး။

"သွားစို့" သူက ဒေါသနဲ့ ခရပ်နဲ့ ဂိုးကို ပြောတယ်။ ဒါနဲ့ သူတို့ ထွက်သွားကြတယ်။

ဟယ်ရီနဲ့ ရွန် ထိုင်ကြပြန်တယ်။ ရွန်က လက်ခေါက်တွေ ပွတ်သပ်နေတယ်။

"ဒီနှစ် ငါ မော်ဖိုင် တွေ့ကရာပြောတာ မကြားချင်ဘူး" သူ ဒေါသနဲ့ ပြောတယ်။ "ငါ တကယ်ပြောတာ။ သူ နောက်ထပ် ငါ့ မိသားစုကို စော်ကားရင် ငါ သူ့ခေါင်းကို ဆွဲ ----"

ရွန်က ပြင်းထန်တဲ့ပုံ လုပ်ပြတယ်။

"ရွန်" ဟာမီးက စူးရှစွာ ပြောတယ်။ ပါမောက္ခ လူပင်ကို ညွှန်ပြတယ်။ "သတိထား ..."

ဒါပေမယ့် ပါမောက္ခလူပင်ဟာ အိပ်မောကျနေဆဲပဲ။

ရထားဟာ မြောက်ဘက်သို့ ဆက်ခုတ်မောင်းနေတယ်။ မိုးလည်း ကြာလေ သည်းလေပဲ။ ရထားပြတင်းမှာ မှုန်မွှားတဲ့ မီးခိုးရောင် ဖြစ်လာတယ်။ အရောင် ပိုပိုရင့်လာတယ်။ စင်္ကြံနဲ့ ပစ္စည်းတင်စင်ပေါ်က မီးလင်းလာမှ တော်သွားတယ်။ ရထားဟာ လှုပ်ယိုင်နေတယ်၊ မိုးစက်တွေ ပြတင်းကို ရိုက်ခတ်နေတယ်။ လေတိုက်သံ ကျယ်လောင်စွာ ပေါ်ထွက်လာတယ်။ ဒါပေမယ့် ပါမောက္ခလူပင်ဟာ အိပ်နေဆဲပါပဲ။

"ငါတို့ ရောက်တော့မယ်နဲ့ တူတယ်" ရွန်က ပြောရင်း အခု လုံးဝ မှောင်မည်းသွားပြီဖြစ်တဲ့ ပြတင်းကို မှီအိပ်နေတဲ့ ပါမောက္ခလူပင်ကို ငုံ့ကြည့်တယ်။

သူ ဒီစကား ပြောပြီးရှုံရှိုသေးတယ်။ ရထား ရပ်သွားတယ်။

"သိပ်ကောင်းတာပဲ" ရွန်ကပြောရင်း မတ်တတ်ရပ်လိုက်တယ်။ ပါမောက္ခလူပင်ကို အသာလေးကွေ့သွားပြီး အပြင်က အခြေအနေကြည့်တယ်။ "ငါ ဆာလှပြီ၊ ငါ တအား စားပစ်ချင်တယ် …"

"ငါတို့ မရောက်နိုင်သေးဘူး" ဟာမီးက သူမ လက်ပတ်နာရီကို ကြည့်ပြီး ပြောတယ်။

"ဒါဆို ဘာဖြစ်လို့ ရပ်တာလဲ"

ရထားဟာ လာလေ နှေးလေပဲ။ ဘီးသံသေးသွားပြီး ပြတင်းအပြင်က မိုးလေသံ ပိုကြီးလာတယ်။

ဟယ်ရီဟာ တံခါးနဲ့ အနီးဆုံးပဲ။ ထပြီး စင်္ကြံထဲက အခြေအနေကို ကြည့်တယ်။ စင်္ကြံတစ်လျှောက်ရှိ တွဲတိုင်းမှာ လူတွေ ခေါင်းပြူ ကြည့်နေကြတယ်။

ရထားဟာ တုန်ခါလိုက်ပြီး ရပ်သွားတယ်။ အဝေးမှ ဒုန်းဒုန်းဒိုင်းဒိုင်းသံ ပေါ်လာတယ်။ သေတ္တာတွေ စင်ပေါ်က ပြုတ်ကျမှန်းသိရတယ်။ ဒီနောက် ရုတ်တရက် မီးအားလုံး ငြိမ်းသွားတယ်။ သူတို့ဟာ လုံးဝ အမှောင်ထဲ ကျရောက်သွားတယ်။

"ဘာဖြစ်လဲ" ဟယ်ရီ့ကျောဘက်က ရွန့်အသံ ပေါ်ထွက်လာတယ်။

"အမလေး" ဟာမီးက အသက်ပြင်းစွာ ရှူရှိုက်ရင်း ပြောတယ်။ "ရွန်၊ အဲဒါ ငါ့ ခြေထောက်"

ဟယ်ရီဟာ စမ်းပြီး နေရာတွင် ပြန်ထိုင်တယ်။

"မင်း ပြောစမ်း၊ ရထားပျက်လို့လား"

"မသိဘူး…"

တကြွိကြွိ ပြတ်တောင်းပြတ်တောင်း နားစူးတဲ့အသံ ကြားရတယ်။ ဟယ်ရီဟာ ရွန့်ကိုယ်ရောင်မည်းမည်းကို မြင်ရတယ်။ ရွန်ဟာ ရထားပြတင်းမှန် တစ်နေရာကို သုတ်လိုက်ပြီး အပြင်ကို ကြည့်နေတယ်။

"ဟိုမှာ တစ်ခုခု လှုပ်နေတယ်" ရွန်ကပြောတယ်။ "လူတွေ အပြင်ကို သွားနေတယ်နဲ့ တူတယ်…"

တွဲတံခါး ရုတ်တရက် ပွင့်သွားတယ်။ ဟယ်ရီ့ခြေထောက်ပေါ်ကို လူတစ်ယောက် နာကျင်စွာ လဲကျလာတယ်။

"မတော်လို့၊ ဘာဖြစ်တယ်ဆိုတာ သိလား။ အမလေး မတော်လို့ ----"

"မင်္ဂလာပါ၊ နီဗီး" ဟယ်ရီက ပြောတယ်။ အမှောင်တဲမှာ နီဗီးအပေါ် အင်္ကျီကို စမ်းမိပြီး ဆွဲထူလိုက်တယ်။

"ဟယ်ရီ၊ မင်းလား။ ဘာတွေ ဖြစ်နေသလဲ"

"မသိဘူး၊ ထိုင် ----"

ဖြဲအော်သံနဲ့အတူ နာကျင်လို့ အော်သံကြီး ထွက်လာတယ်။ နီဗီးက ခရွတ်ရှန်ရဲ့ အပေါ်ထိုင်ချမိနေတာကိုး။

"ငါ စက်ဗိုလ်ကို ဘာဖြစ်တာလဲလို့ သွားမေးမလို့"

ဒါက ဟာမီးအသံ။ ဟယ်ရီဟာ သူမ သူ့အနားက ဖြတ်သွားတာ သိလိုက်တယ်။ တွဲတံခါးပွင့်သွားသံ ကြားရတယ်။ ဒီနောက် အသံတစ်သံ မြည်တယ်။ တစ်ခါ တကြွိကြွိ အော်သံနှစ်ခါ။

"အဲဒါ ဘယ်သူလဲ"

"အဲဒါ ဘယ်သူလဲ"

"ဂျင်နီလား"

"ဟာမီးလား"

"နင် ဘာလုပ်နေလဲ"

"ငါ ရွန့်ကို ရှာတာ ----"

"ဝင်ခဲ့၊ ထိုင် ---"

"ဒီမှာ မရှိဘူး" ဟယ်ရီက လောလောပြောတယ်။ "ငါ ဒီမှာ ..."

"အမလေး" နီဗီးက အော်တယ်။

"တိတ်တိတ်နေ" ရုတ်တရက် အသံသြသြကြီး တစ်သံ ထွက်လာတယ်။

ပါမောက္ခလူပင်ဟာ ခုမှ နိုးလာတယ်နဲ့ တူတယ်။ ပါမောက္ခလူပင်ဘက်ဆီမှာ လူ လှုပ်ရှားနေတာ ဟယ်ရီ ကြားရတယ်။ သူတို့ ဘယ်သူမှ စကားမပြောဘူး။

တွဲထဲမှာ သေးငယ်တဲ့ ပေါက်ကွဲသံ ကြားရတယ်။ တုန်ခါနေတဲ့ အလင်းရောင် ပေါ်လာတယ်။ ပါမောက္ခလူပင်ဟာ မီးတုတ်ကိုင်ထားသလိုပဲ။ မီးရောင်အောက်မှာ သူ့ရဲ့ နွမ်းနယ်နေတဲ့ မီးခိုးရောင် မျက်နှာကို မြင်ရတယ်။ ဒါပေမယ့် သူ့မျက်လုံးကတော့ သတိနဲ့ ချင့်ချိန်ပုံ ပေါ်နေတယ်။

"နေရာမှာပဲနေ၊ မလှုပ်နဲ့" သူက ပြောတယ်။ ခုနက အသံသြသြကြီးပဲ။ သူဟာ ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်တယ်။ လက်ထဲက မီးကို သူ့ရှေ့ဆန့်ထုတ်ထားတယ်။

ဒါပေမယ့် သူ တံခါးဝမရောက်ခင် တံခါးပွင့်သွားတယ်။

စကြီထဲရပ်နေရင်း လူပင်ရဲ့ လက်ထဲက လှုပ်ယိုင်နေတဲ့ မီးရောင်အောက်မှာ ခြုံထည်ခြုံထားတဲ့၊ မျက်နှာကြက်ထိ အရပ်ရှည်တဲ့ အကောင်ကြီး။ ၎င်းရဲ့ မျက်နှာကို ခေါင်းပေါင်းအောက် အကုန်ဝှက်ထားတယ်။ ဟယ်ရီဟာ အောက်ဘက်ကို ကြည့်လိုက်တယ်။ သူမြင်ရတာကြောင့် သူ့အစာအိမ် ဆွဲညှစ်လိုက်သလို ဖြစ်သွားတယ်။ လက်တစ်ချောင်း ခြုံထည်ထဲက ထွက်လာတယ်။ အဲဒီလက်ဟာ အရောင်အနည်းငယ် တောက်နေတယ်။ မီးခိုးရောင်ဖြစ်တဲ့ ပိန်လှီပြီး အမာရွတ်တွေနဲ့ တစ်ခုခု သေသွားပြီးနောက် ရေထဲစိမ်ထားလို့ ပုပ်နေသလိုပဲ ...

အဲဒီလက် ပေါ်လာတာ တစ်စက္ကန့်တောင် မကြာဘူး၊ ခြုံထည်အောက်က အကောင်ကြီးဟာ ဟယ်ရီ သူ့ကို ကြည့်နေတာ ခံစားရလို့ထင်တယ်၊ အဲဒီလက်ဟာ ရုတ်တရက် အမည်းရောင် ခြုံထည်ရဲ့ အခေါက်ကြားထဲ ပြန်ဝင်သွားတယ်။

ဒီနောက် ခေါင်းပေါင်းအောက်က အရာဟာ၊ ၎င်းဟာ ဘာပဲဖြစ်ဖြစ် လေရှိုက်သွင်းလိုက်တယ်။ အရှည်ကြီး၊ အကြာကြီး၊ တောင့်တောင့်ကြီး။ ပတ်ဝန်းကျင်ရှိ လေကလွဲပြီး တစ်ခုခုကို စုပ်ယူနေသလိုပဲ။

သူတို့အားလုံး ကိုယ်ပေါ် အအေးဓာတ်ဖြန်းသွားသလို ခံစားရတယ်။ ဟယ်ရီဟာ မိမိ အသက်ရှူရတာ ရင်ထဲခဲနေသလို ခံစားရတယ်။ အဲဒီ အအေးဓာတ်ဟာ အရည်ပြားကိုဖောက်ပြီး သူ့ရင်ခေါင်းထဲထိ အေးစက်တယ်။ သူ့နှလုံးသားထဲထိ အေးစက်သွားတယ် ...

ဟယ်ရီ မျက်ဖြူလန်သွားပြီး ဘာမှ မမြင်ရတော့ဘူး။ သူဟာ အအေးဓာတ်ထဲ တိမ်မြုပ်သွားတယ်။ နားထဲမှာ ရေစီးတိုက်ခတ်နေတာ ကြားရတယ်။ သူ အောက်ကို ဆွဲချခံရတယ်။ နားထဲက အသံ ပိုမြည်လာတယ်...

ဒီနောက် အဝေးဆီက စူးရှစွာ အော်သံကြားရတယ်။ ကြောက်မက်ဖွယ်ရာ ခြောက်လှန့်ခံရတဲ့ တောင်းပန်သံစူးစူး။ အော်နေတဲ့လူကို သူ ကူညီချင်တယ်။ ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့။ ဒါပေမယ့် သူလုပ်လို့မရဘူး ... အဖြူရောင် တိမ်ထူထူ သူ့ကို ပတ်ဝိုင်းနေတယ်။ သူ့ ကိုယ်ထဲထိပဲ ...

"ဟယ်ရီ၊ ဟယ်ရီ၊ နင် ဘာဖြစ်သလဲ"

တစ်ယောက်ယောက် သူ့မျက်နှာကို ရိုက်ပုတ်နေတယ်။

"ဘယ် --- ဘယ်လိုလဲ"

ဟယ်ရီ မျက်လုံးဖွင့်လိုက်တယ်။ သူ့အပေါ်ဘက်မှာ မီးရှိတယ်။ ကြမ်းက တုန်ခါနေတယ် ---- ဟော့ဂ်ဝပ် အထူးအမြန်ရထား ရှေ့သို့ ခုတ်မောင်းနေတယ်။ မီးပြန်လင်းလာပြီ။ သူ ထိုင်ခုံပေါ်ကနေ ကြမ်းပြင်ပေါ် လျှောကျခဲ့သလိုပဲ။ ရွန်နဲ့ ဟာမီးဟာ သူ့ဘေး ဒူးထောက်ထိုင်နေတယ်။ ပါမောက္ခလူပင်နဲ့ နီဗီးတို့ သူ့ကို ငုံ့ကြည့်နေတာ မြင်ရတယ်။ သူနေရ မသက်သာဘူး။ သူက မျက်မှန်ကို အပေါ်သို့ တွန်းလိုက်တယ်၊ သူ့မျက်နှာပေါ်က ချွေးစေးတွေနဲ့ သွားထိတယ်။ ရွန်နဲ့ ဟာမီးဟာ သူ့ကို ထိုင်ခုံပေါ် တွဲတင်တယ်။

"မင်း ဘာမှ မဖြစ်ပါဘူးနော်" ရွန်က စိုးရိမ်စွာမေးတယ်။

"ဘာမှ မဖြစ်ဘူး" ဟယ်ရီက ပြောတယ်။ တံခါးဆီ အမြန်ကြည့်လိုက်တယ်။ ခေါင်းပေါင်းနဲ့ အကောင်ကြီး မရှိတော့ဘူး။ "ခုနက ဘာဖြစ်တာလဲ။ ဟို --- ဟိုအကောင်ကြီး ဘယ်ရောက်သွားလဲ။ ခုနက ဘယ်သူအော်နေတာလဲ"

"ဘယ်သူမှ မအော်ပါဘူး" ရွန်ကပြောတယ်။ သိပ်စိုးရိမ်နေပုံ ပေါ်နေတုန်းပဲ။

ဟယ်ရီဟာ လင်းနေတဲ့တွဲကို ဝေ့ကြည့်တယ်။ ဂျင်နီနဲ့ နီဗီးလည်း သူ့ကို ကြည့်နေတယ်။ သူတို့နှစ်ယောက်စလုံး မျက်နှာမကောင်းဘူး။

"ဒါပေမယ့် ငါ စူးရှစွာ အော်သံကြားရတယ် ..."

ဘတ်ဆိုတဲ့ အသံကြောင့် သူတို့ လန့်သွားကြတယ်။ ပါမောက္ခလူပင်ဟာ ချော့ကလက်အချပ်ကြီးကို အချပ်လေးတွေဖြစ်အောင် ချိုးနေတယ်။

"ရော့" သူက ဟယ်ရီ့ကို ပြောတယ်။ သူ့ကို အချပ်ကြီးကြီးတစ်ချပ် ပေးလိုက်တယ်။ "စားလိုက်၊ မင်းအဖို့ အကျိုးရှိတယ်"

ဟယ်ရီက ချော့ကလက်ကို ယူတယ်။ ဒါပေမယ့် မစားဘူး။

"ခုနကဟာ ဘာလဲ" သူက လူပင်ကို မေးတယ်။

"ဝိညာဉ်စုပ်ကောင်" သူက ပြောရင်း ကျန်သူအားလုံးကို ချော့ကလက် ဝေပေးတယ်။

"အက်ဇ်ခါဘန်ကလာတဲ့ ဝိညာဉ်စုပ်ကောင်"

အားလုံး မျက်လုံးပြူးပြီး သူ့ကို ကြည့်နေကြတယ်။ ပါမောက္ခလူပင်ဟာ ချော့ကလက်ထုပ်စက္ကူကို လုံးချေလိုက်ပြီး အိတ်ကပ်ထဲ ထည့်လိုက်တယ်။

"စား" သူက ပြောတယ်။

"စားလိုက်ရင် အကျိုးရှိတယ်။ ကျုပ် စက်ဗိုလ်နဲ့ စကားပြောလိုက်ဦးမယ်။ ခွင့်ပြုပါ ..." သူဟာ ဟယ်ရီ ရှေ့က ဖြတ်သွားပြီး စင်္ကြံထဲမှာ ပျောက်သွားတယ်။

"နင် တကယ် ဘာမှ မဖြစ်ဘူးနော်၊ ဟယ်ရီ" ဟာမီးဟာ ပြောရင်း စိုးရိမ်စွာ ဟယ်ရီ့ကို ကြည့်နေတယ်။

"ငါ နားမလည်ဘူး ... ခုနက ဘာဖြစ်သလဲ" ဟယ်ရီက ပြောရင်း မျက်နှာပေါ်က ချွေးတွေ သုတ်ပစ်လိုက်တယ်။

"ဟင် --- ဟိုအကောင် --- ဝိညာဉ်စုပ်ကောင် ---- ဟိုနေရာမှာ ရပ်ပြီး ဘေးဘီကို ကြည့်တယ်။ ငါပြောချင်တာက သူ အဲဒီလို လုပ်နေတယ်။ ငါ သူ့မျက်နှာကို မမြင်ရဘူး ---နင်ကတော့ ----နင် ----"

"မင်း လန့်သွားတာ ဒါမှမဟုတ်ရင် တစ်ခုခု ဖြစ်သွားတာလို့ ငါ ထင်တယ်" ရွန်က ပြောတယ်။ ကြောက်နေတုန်းပဲ။ "မင်း တစ်ကိုယ်လုံး မာတောင့်နေပြီး ထိုင်ခုံပေါ်က လဲကျလာတယ်။ အကြောလဲ ဆွဲတယ် ---"

"ပါမောက္ခလူပင်ဟာ နင့်ကိုယ်ပေါ်ကကျော်ပြီး အဲဒီ ဝိညာဉ်စုပ်ကောင်ဆီသွားတယ်။ သူ့ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်" ဟာမီး ပြောတယ်။ "သူက-ငါတို့ ဆီးရီးအက်စ်ကြယ် ဘလက်ကို ဘယ်သူမှ ခြုံထည်အောက် ဝှက်မထားဘူး၊ သွားကြတဲ့။ ဒါပေမယ့် အဲဒီ ဝိညာဉ်စုပ်ကောင်က မလှုပ်ဘူး။ ပါမောက္ခလူပင်ဟာ စကားတစ်ခွန်း ပြောလိုက်တယ်။ သူ့ မှော်ကြိမ်လုံးက ငွေရောင်အလင်းတန်း ထွက်လာတယ်။ အဲဒီအကောင်ဟာ လှည့်ပြီး လျှောပြေးသွားတယ် ..."

"သိပ်ကြောက်စရာ ကောင်းတာပဲ" နီဗီးက ပြောတယ်။ အသံက ခါတိုင်းထက် ကျယ်တယ်။ "အဲဒီ အကောင် ဝင်လာတုန်းက မင်းတို့ အေးတယ်လို့ ခံစားရလား"

"ငါက တစ်မျိုးကြီးလို့ ထင်တယ်" ရွန်က ပြောတယ်။ တစ်မျိုးဖြစ်ပြီး ပခုံးကို လှုပ်လိုက်တယ်။ "ငါ နောင်ကို မပျော်ရွှင်တော့ဘူးလို့ ထင်တယ် ..."

ဂျင်နီဟာ ဒေါင့်မှာ ခွေနေတယ်။ သူမ ပုံစံဟာ ဟယ်ရီ ပုံစံနဲ့ သိပ်မကွာဘူး။ အသားလေး ရှိုက်ငိုနေတယ်။ ဟာမီးက အနားသွားပြီး သူမကို ပွေ့ဖက်ထားတယ်။

"နင်တို့ထဲမှာ --- ခုံပေါ်က ပြုတ်ကျတဲ့ လူရှိသေးလား" ဟယ်ရီက မေးတယ်။

"မရှိဘူး" ရွန်က ပြောရင်း ဟယ်ရီ့ကို စိုးရိမ်စွာ ကြည့်တယ်။ "ဂျင်နီဟာ တအားတုန်နေတယ်။ ဒါပေမယ့် ...."

ဟယ်ရီဟာ သူ အားအင်ကုန်ခန်းပြီး တုန်ယင်နေတယ်။ တုပ်ကွေးပြင်းထန်စွာ ဖြစ်ပြီး အဖျားကျသွားသလို ဖြစ်နေတာ နားမလည်နိုင် ဖြစ်နေတယ်။ သူ နေရတာ ရှက်သလို ဖြစ်လာတယ်။ သူများတွေ ဘာမှ မဖြစ်ဘဲ သူက ဘာကြောင့် ဒီလောက် ကြောက်ဒူးတုန်နေရတာလဲ။

ပါမောက္ခလူပင် ပြန်ရောက်လာပြီ။ သူ ဝင်လာတဲ့အခါမှာ ခဏရပ်လိုက်ပြီး ဝေ့ကြည့်တယ်။ ပြုံးပြောတယ်။ "ကျုပ် ချော့ကလက်ထဲမှာ အဆိပ်မခပ်ပါဘူး။ မင်းတို့ သိပါတယ် ... "

ဟယ်ရီ တစ်ကိုက် ကိုက်လိုက်တယ်။ သူ အံ့ဩသွားရတာက အနွေးစီးကြောင်း တစ်ခု သူ့ ခြေဖျားလက်ဖျားထိ စီးဆင်းသွားတာပဲ။

"ဆယ်မိနစ်ကြာရင် တို့ ဟော့ဂ်ဝပ် ရောက်တော့မယ်" ပါမောက္ခ လူပင်က ပြောတယ်။ "မင်း ကောင်းသွားပြီလား။ ဟယ်ရီ"

ဟယ်ရီဟာ ပါမောက္ခလူပင်ကို သူ့ နာမည် ဘယ်လိုသိတယ်ဆိုတာ မမေးဘူး။

"ကောင်းသွားပြီ" သူက တိုးတိုးပြောတယ်။ အားနာသလို ဖြစ်နေတယ်။

ကျန်ခရီးစဉ်မှာ သူတို့ ဘာမှ ထပ်မပြောကြတော့ဘူး။ နောက်ဆုံး မီးရထားကြီး ဟော့ဂ်ဝပ်မှာ ရပ်သွားတယ်။ ရထားက ဆင်းတော့ အလုပ်ရှုပ်နေကြတယ်။ ဇီးကွက်ကအော်၊ ကြောင်ကဆူ၊ နီဗီးရဲ့ အချစ်တော်ဖားဟာ သူ့ ဦးထုပ်ထဲကနေ တအုန်းအုန်း အော်နေတယ်။ ဘူတာ သေးသေးလေးဟာ ရေခဲနေပြီ။ မိုးအေးတွေ တဝေါဝေါ ရွာချနေတယ်။

"ပထမနှစ်တွေ ဒီဘက်ကိုလာ" ရင်းနှီးတဲ့ အသံတစ်သံက အော်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ လှည့်ကြည့်ကြတယ်။ ပလက်ဖောင်း ဟိုဘက်စွန်းရှိ ဟက်ဂရစ်ရဲ့ ထွားကျိုင်းတဲ့ ကိုယ်ခန္ဓာကြီးကို မြင်ရတယ်။ သူဟာ ဘာလုပ်ရမှန်းမသိ ပျာလောင်နေတဲ့ ကျောင်းသားသစ်တွေကို လက်ယပ်ခေါ်နေတယ်။ သူတို့ကို အစဉ်အလာအရ ကန်ရေပြင်ဖြတ်တဲ့ ခရီးဆီ ခေါ်သွားဖို့ ဖြစ်တယ်။

"နေကောင်းကြတယ်နော်၊ မင်းတို့သုံးယောက်" ဟက်ဂရစ်က ဦးခေါင်းတွေကို ကျော်ပြီး သူတို့ဆီ အော်ပြောတယ်။ သူတို့က သူ့ကို လက်ပြကြတယ်။ စကားပြောဖို့ အခွင့်မရဘူး။ သူတို့အေးက လူတွေဟာ သူတို့ကို ရှေ့သို့ တွန်းသွားနေလို့။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ တခြားကျောင်းသားတွေနဲ့အတူ ကြမ်းတမ်းတဲ့ ရွံ့ဗွက်လမ်းပေါ် ရောက်လာတယ်။ အဲဒီမှာ မြင်းလှည်းအစီးတစ်ရာ သူတို့ကို စောင့်နေတယ်. လှည်းတိုင်းကို ကိုယ်ပျောက် မြင်းတစ်ကောင်စီ ဆွဲတယ်။ ဟယ်ရီဟာ ဒီလိုပဲ မှတ်ယူထားတယ်။ အကြောင်းက သူတို့ မြင်းလှည်းထဲဝင်ပြီး လှည်းတံခါး ပိတ်လိုက်တာနဲ့ မြင်းလှည်းက အလိုအလျောက် မောင်းသွားတယ်။ တစ်လမ်းလုံး ယိမ်းခါယမ်းခါနဲ့ သွားတယ်။

မြင်းလှည်းထဲမှာ မှိုနံ့၊ ကောက်ရိုးနံ့ အနည်းငယ် ရှိတယ်။ ဟယ်ရီဟာ ချော့ကလက် စားပြီးကတည်းက နည်းနည်း သက်သာသွားပြီလို့ ခံစားရတယ်။ ဒါပေမယ့် သူ အားပျော့နေတုန်းပဲ။ ရွန်နဲ့ ဟာမီးဟာ သူ့ကို တိတ်တိတ် အကဲခတ်နေတယ်။ သူ နောက်ထပ်ပြိုလဲသွားမှာ စိုးနေကြတယ်။

မြင်းလှည်းတွေ တလိမ့်လိမ့် ချီတက်သွားတယ်။ ရှေ့ဘက်မှာ ခမ်းနားထည်ဝါတဲ့ သံတံခါးကြီးရှိတယ်။ ဘေးနှစ်ဖက်မှာ ကျောက်တိုင်ကြီးတွေ အများကြီး ရှိတယ်။ ၎င်းတို့ ထိပ်မှာ အတောင်ပါတဲ့ တောဝက်ရှိတယ်။ တံခါးမကြီး တစ်ဘက်တစ်ချက်မှာ ထွားကျိုင်းပြီး ခေါင်းပေါင်းထားတဲ့ ဝိညာဉ်စုပ်ကောင် နှစ်ကောင် ကင်းစောင့်နေတာ ဟယ်ရီ မြင်ရတယ်။ အလေးလှိုင်းတစ်ခု သူ့ကို တိုက်ခတ်လာသလိုပဲ။ သူဟာ မညီညာတဲ့ ထိုင်ခုံထဲ ကြုံ့ဝင်ပြီး

သူတို့အတွင်းဝင်တဲ့အထိ မျက်စိမှိတ်ထားတယ်။ မြင်းလှည်းဟာ စင်လျှောလမ်းပေါ်မှာ အရှိန်မြင့်လာပြီး ရဲတိုက်ရှေ့ထိ မောင်းသွားတယ်။ ဟာမီးဟာ ကိုယ်ကို လှည်းအပြင် ထုတ်လိုက်ပြီး အိမ်ရှုန်အသီးသီး သူတို့ဆီ နီးကပ်လာတာကို ကြည့်နေတယ်။ နောက်ဆုံးမှာ မြင်းလှည်းဟာ ကယိမ်းကယိုင်နဲ့ ရပ်သွားတယ်။ ဟာမီးနဲ့ ရွန် မြင်းလှည်းပေါ်က ဆင်းတယ်။

ဟယ်ရီ မြင်းလှည်းကဆင်းတော့ သူ့ နားနားမှာ အသံဆွဲပြီး ဖြည်းဖြည်းပြောသံ တစ်သံ ကြားရတယ်။

"မင်း မေ့သွားသလား၊ ပေါ်တာ။ လွန်ဘော့တမ် ပြောတာ တကယ်။ မင်းတကယ် မေ့လဲသွားလား"

မော်ဖိုင်ဟာ ဟာမီးရှေ့ကတိုးဝင်ပြီး ဟယ်ရီ ကျောက်လှေခါးကနေ ရဲတိုက်ထဲဝင်မယ့်လမ်းကို ကာဆီးထားတယ်။ သူ သိပ်ကျေနပ်နေသလိုပဲ။ အရောင်ဖျော့ဖျော့ မျက်စိဟာ စိတ်ယုတ်နဲ့ လက်နေတယ်။

"ဖယ်စမ်း၊ မော်ဖိုင်" ရွန်က အံကြိတ်ပြီးပြောတယ်။

"မင်းလဲ မေ့လဲသွားသေးလား၊ ဝယ်စလီ" မော်ဖိုင်က အကျယ်ကြီး ပြောတယ်။ "ဟို ကြောက်စရာ အကောင်ကြီးဟာလဲ မင်းကို လန့်သွားစေတယ် မဟုတ်လား၊ ဝယ်စလီ"

"ဘာဖြစ်နေသလဲ" ညင်သာတဲ့ အသံတစ်သံက မေးတယ်။ ပါမောက္ခလူပင်ဟာ နောက်က မြင်းလှည်းပေါ်က ဆင်းလာတယ်။

မော်ဖိုင်ဟာ ပါမောက္ခလူပင်ကို မောက်မာစွာ ကြည့်လိုက်တယ်။ ပါမောက္ခလူပင် အင်္ကျီပေါ်က အဖာအထေးနဲ့ ၎င်းရဲ့ သေတ္တာစုတ်ကိုပါ ကြည့်လိုက်တယ်။ သူ့ အသံဟာ သရော်သလိုလိုနဲ့ ပြောတယ်။ "အော၊ ဘာမှ မဖြစ်ပါဘူး ---အော --- ပါမောက္ခ" ဒီနောက် သူဟာ ခရပ်နဲ့ ဂိုးကို ကြောင်တောင်တောင် ရယ်ပြနေပြီး သူတို့ကို ခေါ်ဆောင်ကာ ကျောက်လှေခါးကနေ ရဲတိုက်ထဲ ဝင်သွားတယ်။

ဟာမီးဟာ ဟယ်ရီ့နောက်ကနေ သူ့ကို မြန်မြန်သွားဖို့ တွန်းလိုက်တယ်။ သုံးယောက်သား ကျောက်လှေခါးပေါ်တက်တဲ့ လူအုပ်နဲ့ လိုက်ပါသွားပြီး ဝက်သစ်ချတံခါးကြီးကနေ နက်ရှိုင်းတဲ့ တံခါးအဝင်ခန်းထဲ ဝင်ခဲ့ကြတယ်။ ရှေ့ခန်းထဲမှာ မီးတုတ်တွေနဲ့ ထိန်ထိန်လင်းနေတယ်။ အပေါ်ထပ်သို့ တက်ရန် မာဘယ်လှေခါးတစ်စင်း ရှိတယ်။

ခန်းမဆောင်ဆီသွားတဲ့ ယာဘက်က တံခါးပွင့်နေတယ်။ ဟယ်ရီဟာ လူအုပ်နဲ့ ခန်းမကြီးထဲ လိုက်သွားတယ်။ သူဟာ မှော်ပညာနဲ့ စီရင်ထားတဲ့ မျက်နှာကြက်ကို ကြည့်ချိန်မရသေးဘူး --- ဒီည ဒီမျက်နှာကြက်ဟာ မည်းပြီးမှောင်နေတယ် --- စကားသံ တစ်သံက အော်တယ်။ "ပေါ်တာ၊ ဂရန်ဂျာ၊ ငါ မင်းတို့ နှစ်ယောက်ကို တွေ့ချင်တယ်"

ဟယ်ရီနဲ့ ဟာမီး ကိုယ်ကို လှည့်လိုက်တယ်။ အလွန်အံ့အားသင့်သွားတယ်။ ဂရစ်ဖင်းဒေါဟောက်ကျောင်း ကျောင်းအုပ် ပါမောက္ခ မက်ဂေါ်နာဂေါဟာ လူအုပ်ကို ကျော်ပြီး သူတို့ကို ခေါ်နေတယ်။ သူမဟာ အလွန်တင်းကြပ်တဲ့ မှော်ဆရာမကြီး။ ဆံပင်ကို ဆံထုံးတင်းတင်း ထုံးထားတယ်။ စူးရှတဲ့ မျက်လုံးပေါ်မှာ လေးထောင့်ကိုင်း မျက်မှန် တပ်ဆင်ထားတယ်။ ဟယ်ရီဟာ သူမရှေ့သို့ တိုးသွားတယ်။ တစ်ခုခု ဖြစ်တော့မယ်လို့ သူထင်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါဟာ သူ့ကို တစ်ခုခု မှားမိပြီလို့ချည်း ထင်စေတယ်။

"ဒီလောက်တောင် မျက်မှောင်ကြုတ်မနေနဲ့ --- မင်းတို့နဲ့ ရုံးခန်းထဲမှာ စကားနည်းနည်း ပြောချင်တာပါ" သူမက သူတို့ကို ပြောတယ်။ "ဝယ်စလီ၊ ဟိုဘက်ကိုသွား"

ရွန်ဟာ ပါမောက္ခ မက်ဂေါ်နာဂေါဟာ ဟယ်ရီနဲ့ ဟာမီးကို ခေါ်ပြီး စကားစမြည်ပြောနေတဲ့ လူအုပ်က ခွဲခွာသွားတာကို ကြည့်နေတယ်။ သူတို့နှစ်ယောက်ဟာ ရှေ့ခန်းကို ဖြတ်ပြီး သူ့နောက်လိုက်ကာ မာဘယ်ကျောက်လှေခါးပေါ်တက်ပြီး စင်္ကြံအတိုင်း သွားကြတယ်။

သူတို့ဟာ သူမ ရုံးခန်းထဲ ဝင်ကြတယ်။ ရုံးခန်းဟာ အခန်းသေးသေးလေး။ မီးလင်းဖိုထဲမှာ ကြိုဆိုတဲ့ မီးတောက်တွေ တက်နေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက ဟယ်ရီနဲ့ ဟာမီးကို ထိုင်ကြဖို့ ချက်ချင်းညွှန်ပြတယ်။ သူမက မိမိ စားပွဲနောက် ဝင်ထိုင်တယ်။ ရုတ်တရက် "ပါမောက္ခလူပင် ဇီးကွက်တစ်ကောင် လွှတ်ပြီး မင်း ရထားပေါ်မှာ နေမကောင်းဖြစ်တယ်လို့ ပြောတယ်၊ ပေါ်တာ"

ဟယ်ရီပြန်မဖြေခင်မှာ တံခါးသာသာခေါက်သံ ပေါ်လာတယ်။ သူနာပြုချုပ် မဒမ် ဖွမ်ဖရေ လောလော ဝင်လာတယ်။

ဟယ်ရီဟာ မိမိမျက်နှာနီလာတယ်လို့ ခံစားရတယ်။ သူ မေ့လဲသွားတယ်။ သူဘာပဲလုပ်လုပ် လူတွေ ခုလို ရေးကြီးခွင်ကျယ် ရှိရှိမရှိရှိ။ ဒါ လုံလောက်ပါပြီ။

"ကျွန်တော် ကောင်းပါတယ်" သူက ပြောတယ်။ "ကျွန်တော် ဘာမှ မလို ----"

"အော၊ မင်းလား" မဒမ် ဖွမ်ဖရေက ပြောတယ်။ သူ့စကားကို အရေး မလုပ်ဘူး။ ကိုယ်ကို ကိုင်းပြီး ပိုရှင်းအောင် ကြည့်တယ်။ "မင်းက အန္တရာယ်ရှိတဲ့ ဥစ္စာ လုပ်ပြန်ပြီထင်တယ်"

"ဝိညာဥ်စုပ်ကောင် တစ်ကောင်၊ ဖွမ်ဖရေ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

သူတို့နှစ်ဦး မသိမသာ အကြည့်ချင်း ဖလှယ်လိုက်တယ်။ မဒမ် ဖွမ်ဖရေဟာ သဘောမတူတဲ့ အသံတစ်သံ ထွက်လာတယ်။

"ဝိညာဥ်စုပ်ကောင်ကို ကျောင်းပတ်လည်မှာ ချထားတာ" သူမဟာ ပွစိပွစိပြောရင်း ဟယ်ရီ့ ဆံပင်ကိုပင့်ပြီး နဖူးကို စမ်းတယ်။ "သူဟာ ပထမဆုံး ပြိုလဲမယ့်သူ မဟုတ်ဘူး။ ဟုတ်တယ်။ သူ့တစ်ကိုယ်လုံး အေးစက်စိုရွှဲနေတာပဲ။ အဲဒါ ကြောက်စရာပဲ။ ခံနိုင်ရည်မရှိတဲ့ လူတွေအဖို့ ---"

"ကျွန်တော် ခံနိုင်ရည်မရှိတာမှ မဟုတ်တာ" ဟယ်ရီက စိတ်ဆိုးတယ်။

"မင်းကတော့ ဘယ်ဟုတ်မလဲ" မဒမ်ဖွမ်ဖရေဟာ ဟယ်ရီ့သွေးခုန်နှုန်းစမ်းရင်း ပြောလိုက်တယ်။

"သူ ဘာလိုအပ်သလဲ" မဒမ်ဖွမ်ဖရေက ပေါ့ပါးစွာ ပြောတယ်။ "ကုတင်ပေါ်မှာ နားနေရမယ်နော်။ သူ ဒီည ဆေးရုံမှာ နေမှာလား"

"ကျွန်တော် ဘာမှ မဖြစ်ဘူး" ဟယ်ရီကပြောရင်း ခုန်ထတယ်။ သူ ဆေးရုံတက်ရမယ်ဆိုရင် ဂျာခို-မော်ဖိုင် ဘာပြောမလဲ မသိဘူး။ ဒါကို တွေးမိတာနဲ့ နှိပ်စက်ခံရသလိုပဲ။

"ကောင်းပြီ၊ သူ ချော့ကလက်တော့ နည်းနည်း စားသင့်တယ်" မဒမ် ဖွမ်ဖရေက ပြောရင်း ဟယ်ရီ့မျက်စိကို စိုက်ကြည့်တယ်။

"ကျွန်တော် နည်းနည်း စားပြီးပါပြီ" ဟယ်ရီက ပြောတယ်။ "ပါမောက္ခလူပင်က ကျွန်တော့်ကို နည်းနည်းပေးတယ်။ အားလုံးကိုလဲ ပေးပါတယ်"

"ဟုတ်လား" မဒမ် ဖွမ်ဖရေက ချီးမွမ်းစွာ ပြောတယ်။ "ဒါဆို၊ ကျွန်မတို့ဆီမှာ မှော်နက်ပညာကို ကုစားတဲ့နည်း တတ်မြောက်ထားတဲ့ မှော်နက်ပညာ ခုခံကာကွယ်ရေး ဆရာတစ်ယောက် ရပြီပေါ့"

"မင်းဟာမင်း ဘာမှမဖြစ်ဘူးဆိုတာ သေချာလို့လား၊ ပေါ်တာ" ပါမောက္ခ မက်ဂေါ်နာဂေါက တင်းကြပ်စွာ မေးတယ်။

"သေချာတယ်" ဟယ်ရီကပြောတယ်။

"သိပ်ကောင်းတယ်။ အပြင်မှာ ခဏစောင့်ပါ။ မစ်ဂရန်ဂျာနဲ့ သူမရဲ့ အချိန်ဇယားအကြောင်း ပြောလိုက်ဦးမယ်။ ဒီနောက် တို့ အတူတကွ ညစာသွားစားကြမယ်"

ဟယ်ရီနဲ့ မဒမ်ဖွမ်ဖရေတို့ စင်္ကြံထဲ အတူရောက်လာကြတယ်။ မဒမ်ဖွမ်ဖရေဟာ သူ့ကို ခွဲခွာပြီး ဘေးခန်းမထဲ ဝင်သွားတယ်။ တစ်လမ်းလုံး တစ်ယောက်ထဲ ပွစိပွစိ လုပ်သွားတယ်။ သူ မိနစ်အနည်းငယ်စောင့်နေတာနဲ့ ဟာမီးထွက်လာတယ်။ တစ်ခုခုကြောင့် အလွန်ပျော်နေသလိုပဲ။ သူမနောက်က ပါမောက္ခ မက်ဂေါ်နာဂေါ်။ သူတို့သုံးယောက် လှေခါးကဆင်းပြီး ခန်းမကိုသွားတယ်။

ခန်းမထဲမှာက ဦးထုပ်အနက်ချွန် ပင်လယ်ကြီး။ စားပွဲအရှည်ကြီးတွေဘေးမှာ ကျောင်းသားတွေ အပြည့်ထိုင်နေတယ်။ ဖယောင်းတိုင် အထောင်အရာဟာ သူတို့ မျက်နှာတွေကို လင်းနေစေတယ်။ အဲဒီ ဖယောင်းတိုင်တွေဟာ သူတို့အထက် လေထဲမှာ လွင့်တင်ထားတာ။ ပါမောက္ခဖလစ်ဝစ်ဟာ ဆံဖြူမှော်ဆရာပုပု။ သူဟာ ရှေးဦးထုပ်တစ်လုံးနဲ့ ခြေသုံးချောင်းထောက် ထိုင်ခုံတစ်လုံးကိုယူပြီး ခန်းမထဲက ထွက်လာတယ်။

"အော" ဟာမီးက ညင်သာစွာ ပြောတယ်။ "တို့ အမျိုးအစားခွဲ အခမ်းအနားနဲ့ လွဲသွားပြီ"

ဟော့ဂ်ဝပ်ကျောင်းက ကျောင်းသားသစ်တွေဟာ အမျိုးအစားခွဲ ဦးထုပ်ဆောင်းပြီး သူတို့ ဘယ်ဟောက်စ်ကျောင်းမှာ နေရမယ်ဆိုတာ ဆုံးဖြတ်တယ်။ အဲဒီ ဦးထုပ်ဟာ သူတို့နဲ့ အသင့်တော်ဆုံး ဟောက်စ်ကျောင်း (ဂရစ်ဖင်းဒေါ၊ ရေဗင်ခလော၊ ဟာ့ဖ်ဖက်၊ စလေးသရင်း) အမည်ကို အကျယ်ကြီး အော်ပြောတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဆရာများစားပွဲရှိ မိမိရဲ့ နေရာလွတ်ဆီ ဖြည်းဖြည်းသွားတယ်။ သူတို့ ခန်းမနောက်က ဖြတ်သွားတဲ့အခါမှာ လူတွေ သူတို့ကို လှည့်ကြည့်တယ်။ လူတစ်ချို့ ဟယ်ရီ့ကို လက်ညှိုးထိုးပြောဆိုကြတယ်။ သူ ဝိညာဉ်စုပ်ကောင်ရှေ့မှာ မေ့လဲသွားတယ်ဆိုတဲ့ အကြောင်း အလျင်အမြန် ပျံ့နှံ့သွားသလား။

သူနဲ့ ဟာမီးတို့ ရွန့် ဘေးတစ်ဖက်တစ်ချက်ရှိ ရွန် ဦးထားတဲ့ နေရာမှာ ထိုင်ကြတယ်။

"ခုနက မင်းတို့ကို ဘာကိစ္စနဲ့ ခေါ်တာလဲ" သူက ဟယ်ရီ့ကို တိုးတိုး မေးတယ်။

ဟယ်ရီက သူ့ကို တိုးတိုး ရှင်းပြတယ်။ ဒါပေမယ့် ဒီအချိန်မှာ ကျောင်းအုပ်ကြီး မတ်တတ်ရပ် စကားပြောမယ်လုပ်လို့ သူ ပါးစပ် ပိတ်ထားလိုက်တယ်။

ပါမောက္ခ ဒမ်ဘလီဒိုးဟာ အလွန်အိုမင်းနေပြီ ဖြစ်ပေမယ့် အားအင်ပြည့်ဝတဲ့ပုံ ပေါ်နေတယ်။ သူ့ ဆံပင်နဲ့ မုတ်ဆိတ်တွေဟာ ပေတစ်ချို့ ရှည်နေပြီ။ လခြမ်းသဏ္ဍာန် မျက်မှန်တပ်ဆင်ထားပြီး နှာတံကောက်တယ်။ လူတို့က သူ့ကို မျက်မှောက်အကြီးမြတ်ဆုံး မှော်ဆရာကြီးလို့ ပြောကြတယ်။ ဒါပေမယ့် ဟယ်ရီက သူ့ကို ရိုသေတာ ဒီအတွက်ကြောင့် မဟုတ်ဘူး။ သင်ဟာ ပါမောက္ခ ဒမ်ဘလီဒိုးကို မရိုသေဘဲ မနေနိုင်ဘူး။ ဟယ်ရီဟာ ဒမ်ဘလီဒိုး ကျောင်းသားအားလုံးကို ပြုံးပြတာမြင်တော့ ဒီလို ခံစားလိုက်ရတယ်။ ဝိညာဉ်စုပ်ကောင် ရထားထဲ ဝင်လာပြီးကတည်းက သူဟာ ပထမဆုံးအကြိမ်အဖြစ် တည်ငြိမ်သွားတယ်။

"ကြိုဆိုပါတယ်" ပါမောက္ခ ဒမ်ဘလီဒိုးက ပြောတယ်။ ဖယောင်းတိုင်မီးက သူ့မုတ်ဆိတ်ကို လက်နေစေတယ်။ "ကျောင်းနှစ်သစ်မှာ ဟော့ဂ်ဝပ်က ကြိုဆိုပါတယ်။ ကျုပ်ပြောစရာ နည်းနည်းရှိပါတယ်။ ၎င်းအနက် တစ်ခုက အထူး တည်ကြည်တဲ့ကိစ္စ။ သင်တို့ ဒီထမင်းစားလို့ အီဒိုင်မသွားခင် ဒီကိစ္စကို ရှင်းအောင် ..."

ဒမ်ဘလီဒိုးဟာ လည်ချောင်းရှင်းလိုက်တယ်။ "၎င်းတို့ဟာ ဟော့ဂ်ဝပ် အထူးအမြန်ရထားကို ရှာဖွေပြီးနောက် မင်းတို့ သိပြီးရော့မယ်။ အခု တို့ကျောင်းမှာ အက်ဇခါဘန်ကလာတဲ့ ဝိညာဉ်စုပ်ကောင် တစ်ချို့ကို လက်ခံရမယ်။ သူတို့ ဒီကိုလာတာဟာ မှော်ဝန်ကြီးဌာနက တာဝန်ကို ထမ်းဆောင်ဖို့ ဖြစ်တယ်"

သူ ခဏရပ်လိုက်တယ်။ ဟယ်ရီဟာ မစ္စတာ ဝယ်စလီက ဒမ်ဘလီဒိုးဟာ ဝိညာဉ်စုပ်ကောင်တွေ ကျောင်းကိုလာစောင့်တာ မကြိုက်ဘူးလို့ ပြောပြတာ သတိရမိတယ်။

"၎င်းတို့ဟာ ကျောင်းပရဝဏ်ဝင်ပေါက်အားလုံးမှာ ချထားတယ်" ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "၎င်းတို့ ဒီမှာ ရှိနေစဉ်အတွင်း။ ကျုပ်တို့ ရှင်းရှင်း ပြောထားရမှာကတော့ ဘယ်သူမဆို ခွင့်ပြုချက်မရဘဲ ကျောင်းက မထွက်ခွာရဘူး။ ဝိညာဉ်စုပ်ကောင်ဟာ မျက်လှည့်တို့ ဟန်ဆောင်တာတို့ရဲ့ လိမ်ညာခြင်းကို မခံရသင့်ဘူး --- ကိုယ်ပျောက်အင်္ကျီ လဲ မရဘူး" သူဟာ အမူအရာ မဲ့စွာ ဒီစကားတစ်ခွန်း ထပ်ထည့်ပြောတယ်။ ဟယ်ရီနဲ့ ရွန်တို့ အပြန်အလှန် ကြည့်လိုက်တယ်။ "ဝိညာဉ်စုပ်ကောင်ဟာ တောင်းပန်ခြင်းနဲ့ အကြောင်းပြခြင်းကို မွေးကတည်းက နားမလည်ဘူး။ ဒါကြောင့် ကျုပ် သင်တို့ လူတိုင်းကို သတိပေးချင်တာကတော့ --- ၎င်းတို့ သင်တို့အား ဒုက္ခပေးဖို့ အကြောင်းပြချက် မပေးပါနဲ့။ အတန်းခေါင်းဆောင်တွေ။ ပြီးတော့ အသစ်ရွေးချယ်ခံရတဲ့ ကျောင်းသားအသင်းနဲ့ ကျောင်းသူ အသင်းခေါင်းဆောင်တွေ။ သင်တို့ဟာ ဘယ်ကျောင်းသားမဆို ဝိညာဉ်စုပ်ကောင်နဲ့ အတိုက်အခံ မဖြစ်ဖို့ တာဝန်ယူရမယ်"

ဖတ်စီထိုင်တဲ့နေရာဟာ ဟယ်ရီနဲ့ ထိုင်ခုံ ၄-၅ ခုသာဝေးတယ်။ ဒီအချိန်မှာ သူဟာ ရင်ကော့ထားလိုက်တယ်။ လူတွေကို သိသာအောင် ဘေးသို့လှည့်ကြည့်လိုက်တယ်။ ဒမ်ဘလီဒိုး ရပ်သွားပြန်တယ်။ သူဟာ အလွန် တည်ကြည်စွာနဲ့ ခန်းမကြီးကို ဝေ့ကြည့်လိုက်တယ်။ ဘယ်သူမှ မလှုပ်ဘူး။ ဘယ်သူမှလည်း အသံမထွက်ဘူး။

"နည်းနည်း ဝမ်းသာစရာကတော့" သူက ဆက်ပြောတယ်။ "ဒီနှစ်မှာ ကျုပ်အလွန် ဝမ်းသာစွာနဲ့ ဆရာသစ်နှစ်ယောက် ကျုပ်တို့အဖွဲ့ထဲ ပါဝင်လာတဲ့ ကိစ္စပဲ။

"ပထမတစ်ယောက်က ပါမောက္ခလူပင်၊ သူဟာ မှော်နက်ပညာခုခံကာကွယ်ရေး ဘာသာရပ်နေရာ လွတ်နေတာကို ဝင်ယူပေးတယ်"

ကျဲကျဲပြီး သိပ်မလှိုက်လှဲတဲ့ လက်ခုပ်သံ ပေါ်ထွက်လာတယ်။ ရထားပေါ်မှာ သူနဲ့အတူ တွဲထဲလိုက်လာခဲ့တဲ့ ကျောင်းသားတွေက တအားသြဘာပေးကြတယ်။ ဟယ်ရီဟာ ဒီထဲက တစ်ယောက်ပဲ။ ပါမောက္ခလူပင်ဟာ သားသားနားနား ဝတ်ဆင်ထားတဲ့ ပါမောက္ခတွေကြားမှာ ထိုင်နေတယ်။ အလွန်နွမ်းပါးပုံ ပေါက်နေတယ်။

"စနိတ်ပ်ကို ကြည့်" ရွန်က ဟယ်ရီ့နားနား ကပ်ပြောတယ်။

မှော်ဆေးပညာဆရာ စနိတ်ပ်ဟာ ဆရာများစားပွဲရှည်ကြီးအတိုင်း ပါမောက္ခလူပင်ကို စိုက်ကြည့်နေတယ်။ ပါမောက္ခစနိတ်ပ်ဟာ မှော်နက်ပညာ ခုခံကာကွယ်ရေး ဘာသာရပ်ဆရာ လုပ်ချင်နေတာ အားလုံးသိတယ်။ ဒါပေမယ့် စနိတ်ပ်ကို မုန်းတဲ့ ဟယ်ရီကတောင် စနိတ်ပ်ရဲ့ ပိန်ချုန်းပြီး ပြာမွဲတဲ့ သူ့ မျက်နှာပေါ်က မဲ့ရွဲ့တဲ့အမူအရာကြောင့် အလွန့်ကို အံ့သြမိတယ်။ အဲဒီ အမူအရာဟာ ဒေါသအဆင့်ကို ကျော်လွန်သွားပြီ။ အဲဒါ ရွံမုန်းခြင်း။ ဟယ်ရီဟာ အဲဒီအမူအရာမျိုးကို သိပ်နားလည်နေပြီ။ စနိတ်ပ်အကြည့် ဟယ်ရီပေါ်ကျရောက်တိုင်း ဒီအမူအရာမျိုးချည်းပဲ။

"ခန့်ထားတဲ့ ဆရာကတော့" ပါမောက္ခလူပင်ကိုပေးတဲ့ သိပ်မလိုက်လှဲတဲ့ လက်ခုပ်သံရပ်သွားပြီးနောက် ဒမ်ဘလီဒိုးက ဆက်ပြောတယ်။ "ဟင်၊ ကျုပ်ဝမ်းနည်းစွာနဲ့ ပြောရမှာကတော့ ထူးဆန်းသတ္တဝါဘာသာဆရာ ပါမောက္ခ ခက်ထော်ဘန်း မနှစ်က အနားယူသွားပြီး သူ့ကလေးဆိုးလေးနဲ့ ပိုမိုအချိန်ယူ အဖော်ပြုသွားတယ်။ သို့ပေမယ့် ကျုပ်ဝမ်းသာစွာ ပြောရမှာကတော့၊ တခြား မဟုတ်ဘူး။ ရူးဘတ်–ဟက်ဂရစ်က သူ့နေရာမှာ ဝင်ပါလိမ့်မယ်။ ဟက်ဂရစ်ကလဲ တောလိုက်ကွင်း အစောင့်တာဝန်နဲ့အတူ ဆရာအလုပ်ပါ တွဲလုပ်ဖို့ သဘောတူထားပါပြီ"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ အပြန်အလှန်ကြည့်ရင်း ငိုင်သွားကြတယ်။ ဒီနောက် သူတို့လည်း လက်ခုပ်ဝင်တီးကြတယ်။ ဂရစ်ဖင်းဒေါ စားပွဲပေါ်က လက်ခုပ်သံ အထူးလိုက်လှဲတယ်။ ဟယ်ရီက ရှေ့ကို ကုန်းပြီး ဟက်ဂရစ်ကို ကြည့်တယ်။ ဟက်ဂရစ်မျက်နှာကြီးနီပြီး မိမိလက်ကြီးနှစ်ချောင်းကို ငုံ့ကြည့်နေတယ်။ ၎င်းရဲ့ အပြုံးကို မုတ်ဆိတ်မည်းမည်းရှုပ်ရှုပ်တွေထဲ ဝှက်ထားတယ်။

"ငါတို့ အစောကြီးကတည်းက သိသင့်တယ်" ရွန်က ဆက်ပြောတယ်။ စားပွဲခုံကို ထုလို့။ "တခြားလူဆိုရင် တို့ကို လူကိုက်တတ်တဲ့ စာအုပ် ဘယ်ဝယ်ခိုင်းမှာလဲ"

"ကောင်းပြီ၊ အရေးကြီးတဲ့ ကိစ္စ ပြောပြီးပြီ" ဒမ်ဘလီဒိုးက ပြောတယ်။ "စတင် စားသောက်ကြပါတော့"

သူတို့ရှေ့က ရွှေပန်းကန်ပြားနဲ့ ခြေတံရှည်ဖန်ခွက်ထဲမှာ ရုတ်တရက် အစားအသောက်တွေ ပြည့်လာတယ်။ ဟယ်ရီဟာ ရုတ်တရက် သိပ်ဆာလာတယ်။ ဒါနဲ့ လက်လှမ်းမီတဲ့ အစားအစာအားလုံး နည်းနည်းစီယူပြီး စ စားတယ်။

ဒါဟာ အလွန်ကြွယ်ဝတဲ့ စားသောက်ပွဲကြီး။ ခန်းမထဲမှာ ပျော်ရွှင်တဲ့ ရယ်သံ၊ စကားသံနဲ့ ဒါး၊ ခက်ရင်း တိုက်ခတ်သံတွေ လွှင်နေတယ်။ ဒါပေမယ့်လည်း ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ထမင်း မြန်မြန်စားပြီး ဟက်ဂရစ်နဲ့ စကား ပြောချင်နေကြတယ်။ ဟက်ဂရစ်အဖို့ ဆရာ အလုပ်လုပ်ရတာဟာ ဘယ်လို အဓိပ္ပာယ်ရှိတယ်ဆိုတာ သူတို့သိကြတယ်။ ဟက်ဂရစ်ဟာ လုံးဝ အရည်အချင်းမီတဲ့ မှော်ဆရာ မဟုတ်ဘူး။ တတိယနှစ်ရောက်စဉ်၊ မိမိအမှားကြောင့် မဟုတ်ဘဲ ဟော့ဂ်ဝပ်ကျောင်းမှ မှားယွင်းစွာ အထုတ်ခံရတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ မနှစ်က သူ့နာမည်ကို ပြန်အဖတ်ဆည်ပေးနိုင်လိုက်တာ။

နောက်ဆုံး ရွှေဖရုံသီး အဆာသွတ်မုန့်လေး ပန်းကန်ပြားထဲက ပျောက်သွားပြီ။ ဒမ်ဘလီဒိုးက အားလုံး သွားအိပ်သင့်ပြီလို့ပြောမှ သူတို့သုံးယောက် အခွင့်အရေး ရတော့တယ်။

"ဂုဏ်ယူပါတယ်၊ ဟက်ဂရစ်" သူတို့ ဆရာများစားပွဲ သွားကြတယ်။ ဟာမီးက အော်ပြောတယ်။

"မင်းတို့သုံးယောက် အကျိုးကျေးဇူးပဲ" ဟက်ဂရစ်ကပြောရင်း သူတို့ကို ခေါင်းမော့ကြည့်ပြီး လက်သုတ်ပုဝါနဲ့ အဆီပြန်နေတဲ့ သူ့မျက်နှာကို သုတ်တယ်။ "မယုံနိုင်စရာပါပဲ ... သိပ်တော်တဲ့လူ၊ ဒမ်ဘလီဒိုး... ပါမောက္ခခက်ထော်ဘန်းက ပြောတယ်။ သူ မခံနိုင်တော့ဘူးတဲ့။ ဒါနဲ့ ကျုပ်ကို တန်းလာခေါ်တယ်... ဒါ ကျုပ် သိပ်ကို လိုချင်နေတာ ..."

သူဟာ စိတ်လှုပ်ရှားနေတယ်။ လက်သုတ်ပုဝါနဲ့ မျက်နှာကို အုပ်ထားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက သူတို့ကို သွားဖို့ အမူအရာပြတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ဂရစ်ဖင်းဒေါကျောင်းသားတွေနဲ့ အတူ မာဘယ်လ်ကျောက်လှေခါးကြီးပေါ် တက်သွားကြတယ်။ သူတို့အခု အတော်ပင်ပန်းနေကြပြီ။ ပို၍ များပြားတဲ့ စင်္ကြံတွေ၊ လှေခါးတွေကိုဖြတ်ပြီး ဂရစ်ဖင်းဒေါအိမ်ချွန်က လျှို့ဝှက်ထားတဲ့ဝင်ပေါက်ရှိ ပန်းရောင်အင်္ကျီ ဝတ်ဆင်ထားတဲ့ မိန်းမဝဝ အရုပ်ကားကြီးဆီရောက်တော့ သူတို့ကို အရုပ်ကားက မေးတယ် "စကားဝှက်"

“အောင်မြင်ပြီ၊ အောင်မြင်ပြီ” ဖတ်စီက လူအုပ်နောက်က အော်ပြောတယ်။ “စကားဝှက်အသစ်က ကြယ်ရောင်ထွန်းတောက်”

“ဟော၊ ဟင့်အင်း” နီဗီး–လွန်ဘော့တမ်က ဝမ်းနည်းစွာ ပြောတယ်။ သူဟာ စကားဝှက်ကို ဘယ်တော့မှ မမှတ်မိဘူး။

မိန်းကလေးနဲ့ ယောကျ်ားလေးတွေ အရုပ်ကားအပေါက်ဝကို ဖြတ်ပြီး အများနားနေခန်းကို ဖြတ်သွားကြတယ်။ မိမိတို့ရဲ့ လှေခါးတွေဆီ အသီးသီးသွားကြတယ်။ ဟယ်ရီဟာ ကြောင်လိမ်လှေခါးကိုတက်၊ စိတ်ထဲမှာ ဘာမှမတွေးဘူး။ ကျောင်းပြန်လာရတာ ဘယ်လိုဝမ်းသာမှန်းမသိတာပဲ တွေးတယ်။ သူတို့ဟာ ရင်းနှီးနေတဲ့ ကုတင်ငါးလုံးဆံ့ အဆောင်ခန်း ရောက်လာတယ်။ ဟယ်ရီက ဘေးဘီကို ကြည့်လိုက်တယ်။ ခုမှ အိမ်ပြန်ရောက်တော့တယ်။

## ၆။ တောလိုက်သိန်းငှက်နဲ့ လက်ဖက်ခြောက်

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ နောက်နေ့နံနက် ခန်းမကြီးထဲသို့ နံနက် စောစောစားဖို့ သွားကြတဲ့ အခါမှာ သူတို့ အရင်ဆုံး တွေ့ရတာက ဂျာခို–မော်ဖိုင်။ သူဟာ စလေးသရင်းဟောက်စ်ကျောင်းက လူအုပ်ကို စိတ်ဝင်စားစရာ ပုံပြင် ပြောပြနေသလိုပဲ။ သူတို့ ဖြတ်သွားတဲ့အခါမှာ မော်ဖိုင်က ရယ်စရာ ကောင်းတဲ့ မေ့လဲဟန်လုပ်ပြလို့ လူတွေ ဝေါခနဲ ထရယ်ကြတယ်။

“ဂရုမစိုက်နဲ့” ဟာမီးက ပြောတယ်။ သူမဟာ ဟယ်ရီ့နောက်က လျှောက်လာတယ်။ “ဂရုမစိုက်နဲ့။ မတန်ဘူး….”

“ဟေး၊ ပေါ်တာ” စလေးသရင်းက မိန်းကလေးတစ်ယောက်ဖြစ်တဲ့ ခွေးခြင်္သေ့လို မျက်နှာရှည်ရှည် ဖန်စီ–ဖတ်ကင်ဆန်က အော်တယ်။ “ပေါ်တာ၊ ဝိညာဉ်စုပ်ကောင်လာပြီ။ ပေါ်တာ၊ ဟိုးဟိုး၊ ဟိုးဟိုးဟိုး ..”

ဟယ်ရီဟာ ဂရစ်ဖင်းဒေါ စားပွဲခုံဘေးက တစ်နေရာမှာ ဝင်ထိုင်တယ်။ ဂျော့–ဝယ်စလီ့ဘေးမှာ။

“တတိယနှစ် အချိန်ဇယားအသစ်” ဂျော့ကပြောရင်း အားလုံးကို ဝေပေးတယ်။ “ဘယ်လိုလဲ၊ ဟယ်ရီ”

“မော်ဖိုင်” ရွန်က ပြောတယ်။ ဂျော့ရဲ့ တစ်ဖက်ကို ဝင်ထိုင်တယ်။ စလေးသရင်း စားပွဲဆီ လှည့်ကြည့်တယ်။

ဂျော့ ခေါင်းမော့ကြည့်လိုက်တာနဲ့ အတော်ပဲ၊ မော်ဖိုင်ဟာ မေ့လဲဟန်ဆောင်ပြနေပြန်တယ်။

“အဲဒီ ငတုံး” သူက တည်ငြိမ်စွာပြောတယ်။ “ညက ဝိညာဉ်စုပ်ကောင် တွဲထဲဝင်တုန်းက သူ ဒီလို ထောင်ထောင် ထောင်ထောင် မရှိပါဘူး။ လန့်ပြီး ငါတို့တွဲထဲ ပြေးဝင်လာတယ်။ မဟုတ်ဘူးလား၊ ဖရက်”

“ကြောက်သေးပါဖို့ နည်းနည်းလိုတော့တာ” ဖရက်ကပြောရင်း မော်ဖိုင်ကို အထင်သေးစွာ ကြည့်တယ်။

“ငါ ကိုယ်နှိုက်လဲ သိပ်မပျော်ဘူး” ဂျော့ကပြောတယ်။ “အဲဒီ ဝိညာဉ်စုပ်ကောင်တွေဟာ ကြောက်စရာအကောင်တွေ ....”

“ကလီစာတွေ အေးခဲကုန်သလိုပဲ၊ မဟုတ်လား” ဖရက်ကပြောတယ်။

“ဒါပေမယ့် မင်း မေ့လဲမသွားဘူး မဟုတ်လား” ဟယ်ရီက တိုးတိုး ပြောတယ်။

“မေ့ပစ်လိုက်၊ ဟယ်ရီ” ဂျော့ဟာ စိတ်ဓာတ်တင်ပြီး ပြောတယ်။ “ငါ့ အဖေ အက်ဇခါဘန်ကို တစ်ခါ သွားဖူးတယ်။ မှတ်မိလား၊ ဖရက်။ အဲဒါ သူရောက်ဖူးတဲ့ အဆိုးဆုံးနေရာလို့ သူက ပြောတယ်။ သူ ပြန်လာတဲ့အခါမှာ တစ်ကိုယ်လုံး ပျော့ခွေပြီး တုန်နေတယ် ... ၎င်းတို့ဟာ နေရာတစ်ခုမှာရှိတဲ့ ပျော်ရွှင်မှုအားလုံးကို စုပ်ယူသွားတယ်။ ဝိညာဉ်စုပ်တဲ့ အကောင်တွေ။ အကျဉ်းသား အများစုဟာ အဲဒီမှာ ရူးကုန်ကြတယ်”

“ဘာပဲဖြစ်ဖြစ်၊ ပထမအကြိမ် ခွေဒစ် ပြိုင်ပွဲပြီးနောက် မော်ဖိုင် ဘယ်လိုရှိမယ်ဆိုတာ တို့တွေ့ရမှာပါ” ဖရက်က ပြောတယ်။ “ဂရစ်ဖင်းဒေါနဲ့ စလေးသရင်း။ ပြိုင်ပွဲရာသီ ပထမပြိုင်ပွဲ၊ မှတ်မိလား”

ဟယ်ရီနဲ့ မော်ဖိုင်ဟာ ခွေဒစ်ပြိုင်ပွဲထဲမှာ တစ်ကြိမ်ပဲ မျက်နှာချင်းဆိုင်တိုးတယ်။ ဒီပြိုင်ပွဲမှာ မော်ဖိုင်ဟာ ဟယ်ရီထက် ပိုအခြေအနေဆိုးမှာ သေချာတယ်။ ဟယ်ရီဟာ အနည်းငယ်ပျော်လာပြီး ဝက်အူချောင်းနဲ့ ခရမ်းချဉ်သီးကြော် နည်းနည်း ယူလိုက်တယ်။

ဟာမီးဟာ မိမိရဲ့ အချိန်ဇယားသစ်ကို ကြည့်နေတယ်။

“အေး၊ ကောင်းတယ်။ ဒီနေ့ ဘာသာရပ် အသစ်တစ်ချို့ တက်ရမှာ” သူမက ပျော်ရွှင်စွာ ပြောတယ်။

“ဟာမီး” ရွန်က ပြောတယ်။ သူမ ပခုံးပေါ်ကျော်ပြီး အချိန်ဇယားကို ကြည့်တယ်။ မျက်မှောင်ကြုတ်လိုက်တယ်။

“သူတို့က နင့်အချိန်ဇယားကို ရှုပ်ထွေးအောင် လုပ်ထားတယ်။ နင်ကြည့် --- သူတို့ နင့်ကို တစ်နေ့ထဲ ဆယ်ဘာသာတောင်တက်ဖို့ စီစဉ်ထားတယ်။ အချိန် ဘယ်လောက်မလဲ”

“ငါ ကြံဖန်မှာပါ။ ငါ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ပြောထားပြီးပြီ” နံနက်ပိုင်းကို ကြည့်။ ၉ နာရီ၊ ဗေဒင်။ အောက်မှာက ၉ နာရီ၊ မတ်ဂေါ်သုတေသန။ ပြီးတော့ ---” ရွန်ဟာ အဲဒီ အချိန်ဇယားနား ကပ်သွားတယ်။ မယုံနိုင်ဖြစ်နေတယ်။

“ကြည့်ကြစမ်း --- ဒီအောက်မှာက ဂဏန်းဗေဒင်၊ ၉ နာရီ။ ငါ ပြောချင်တာက၊ နင် သိပ်တော်တယ်ဆိုတာ ငါ သိတယ်၊ ဟာမီး။ ဒါပေမယ့်၊ ဘယ်သူမှ ဒီထိတော့ မတော်နိုင်ဘူး။ နင် တစ်ချိန်တည်း ဘာသာရပ် သုံးမျိုး ဘယ်လိုလုပ် တက်နိုင်မှာလဲ”

"မအစမ်းပါနဲ့" ဟာမီး စိတ်မရှည်ဘဲ ပြောတယ်။

"ငါ ဘယ်တစ်ချိန်တည်း ဘာသာသုံးမျိုး တက်လို့ရမှာလဲ"

"ဟင်၊ ဒါဆို---"

"ယို လှမ်းပေးစမ်းပါ" ဟာမီးက ပြောတယ်။

"ဒါပေမယ့် ----"

"အော ရွှန်။ ငါ့ အချိန်ဇယား နည်းနည်း ကြပ်နေတယ်။ ဒါ နင်နဲ့ ဘာဆိုင်လဲ" ဟာမီးက မာမာပြောတယ်။ "ငါ ပြောပြမယ်။ ငါ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ အကုန် ပြောပြီးပြီ"

ဒီအချိန်မှာပဲ ဟက်ဂရစ် ခန်းမကြီးထဲ ဝင်လာတယ်။ သူဟာ ပွေးရေ အကျႌကြီး ဝတ်ဆင်ထားတယ်။ လက်ကြီး တစ်ဖက်က ကြက်မင်းသေတစ်ကောင်ကို စိတ်မပါ့တပါ လှုပ်ယမ်းနေတယ်။

"အားလုံး နေကောင်းကြတယ်နော်" သူက လောလောပြောရင်း ဆရာများစားပွဲဆီသွားရာ လမ်းခွတ်လတ်မှာ ရပ်လိုက်တယ်။ "မင်းတို့ ကျုပ်ရဲ့ ပထမဆုံးသင်တန်း တက်ရမယ်။ နေ့လယ်စာ စားပြီးတက်ကြ။ ငါးနာရီ အိပ်ရာထ၊ အားလုံး အဆင်သင့်ဖြစ်ပြီး…အားလုံး ငြိမ်းငြိမ်းချမ်းချမ်း ရှိစေချင်တယ်…ကျုပ်… ဆရာဖြစ်ပြီ … အမှန်ပြောရရင် …."

သူဟာ သူတို့ကို သွားဖြဲ ရယ်ပြတယ်။ ဒီနောက် ဆရာများစားပွဲကို သွားတယ်။ ကြက်မင်းသေကို လှုပ်ယမ်းမြဲ လှုပ်ယမ်းနေတယ်။

"သူ ဘာတွေ ပြင်ဆင်ထားလဲ မသိဘူး" ရွှန်က ပြောတယ်။ စိုးရိမ်သံ ပါနေတယ်။

အားလုံး ပထမသင်ခန်းစာ သွားတက်ကြပြီ။ ခန်းမကြီး အားသွားပြီ။ ရွှန်က မိမိ အချိန်ဇယားကို စတင် စစ်ဆေးတယ်။

"ငါတို့ မြန်မြန် သွားရအောင်။ ကြည့်၊ ဗေဒင်က မြောက်ဘက်အိမ်ချွန်မှာ။ တို့ ဆယ်မိနစ်သွားမှ ရောက်မှာ…"

သူတို့ဟာ နံနက်စာကို ကမန်းကတန်းစားပြီး ဖရက်နဲ့ ဂျော့ကို နှုတ်ဆက်ကာ ခန်းမကြီးကနေ ပြန်သွားကြတယ်။ သူတို့ စလေးသရင်းစားပွဲကို ဖြတ်သွားတဲ့အခါမှာ မော်ဖိုင်ဟာ မေ့လဲဟန် တစ်ခါဆောင်ပြပြန်တယ်။ ဝိုင်းရယ်သံတွေဟာ ဟယ်ရီနဲ့အတူ ရှေ့ခန်းမဆီ ပါလာတယ်။

ရဲတိုက်ကနေ မြောက်ဘက်အိမ်ချွန်ကို အဝေးကြီး သွားရတယ်။ သူတို့ဟာ ဟော့ဂ်ဝပ်မှာ နှစ်နှစ်နေခဲ့ပြီးပေမယ့် ရဲတိုက် တစ်ခုလုံးကို မကျွမ်းကျင်သေးဘူး။ အရင်က သူတို့ မြောက်ဘက်အိမ်ချွန်ဆီ မသွားဖူးဘူး။

"ဖြတ်လမ်း ---ရှိမှာ ----သေချာတယ်" ရွှန်က မောဟိုက်စွာ ပြောတယ်။ သူတို့ဟာ ဆဋ္ဌမလှေခါးကို တင်ပြီး ပြန်တဲ့နေရာစိမ်းတစ်ခုကို ရောက်လာတယ်။ အဲဒီမှာ ဘာမှမရှိဘူး။ ကျောက်နံရံမှာ ပန်းချီကားကြီး တစ်ချပ်သာ ချိတ်ထားတယ်။ ပန်းချီကားက မြက်ခင်းပြင်ကြီး ဖြစ်တယ်။

"ဒီဘက်သွားရမယ်နဲ့ တူတယ်" ဟာမီးဟာ ပြောရင်း ယာဘက်က လမ်းကြားကို ကြည့်နေတယ်။

"မဖြစ်နိုင်ဘူး" ရွန်က ပြောတယ်။ "ဒါကတောင်ဘက်။ ကြည့်။ ပြတင်းအပြင်ကို ကြည့်ရင် ရေကန်ရဲ့ တစ်ထောင့်ကို မြင်ရတယ် ....."

ဟယ်ရီက ဟိုပန်းချီကားကို ကြည့်နေတယ်။ ဝဝတုတ်တုတ် မီးခိုးရင့်ရင့် အစင်းပါတဲ့ မြင်းပုလေးဟာ လွယ်ကူပေါ့ပါးစွာ မြက်ခင်းပေါ် ခုန်ချလိုက်တယ်။ အေးအေးဆေးဆေး မြက်စားနေတယ်။ ဟယ်ရီဟာ ဟော့ဂ်ဝပ် ပန်းချီကားထဲက အရာတွေ လျှောက်သွားတာ၊ ပြီးတော့ ပန်းချီဘောင်ထဲက ထွက်ပြီး အပြန်အလှန် လည်ပတ်ကြတာကို ရိုးနေပြီ။ ဒါပေမယ့် သူဟာ ၎င်းတို့ကို လေ့လာ ကြည့်ရှုချင်တယ်။ ခဏနေတော့၊ ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားတဲ့ ပုပုဝဝ မြင်းစီးသူရဲဟာ ဂလိုင်ဂလင်သံနဲ့အတူ ပန်းချီကားထဲဝင်လာပြီး ၎င်းရဲ့ မြင်းပုလေးကို ရှာဖွေတယ်။ ၎င်းရဲ့ သတ္တုဒူးပေါ် ပေနေတဲ့ မြက်စတွေကို ကြည့်ခြင်းအားဖြင့် သူ ခုတွင်ပဲ မြင်းပေါ်က လိမ့်ကျမှန်း သိရတယ်။

"အားဟား" သူက အော်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို မြင်သွားတယ်။ "ငါ့ ပုဂ္ဂလိကပိုင်နက်ထဲ ဝင်ရောက်လာတဲ့ လူဆိုးတွေဟာ ဘယ်သူလဲ။ မတော်လို့ ငါ လိမ့်ကျတာကို ပြက်ရယ်ပြုတယ်ပေါ့လေ။ ဓား ထုတ်။ လူယုတ်မာတွေ၊ ခွေးတွေ"

သူတို့ဟာ အဲဒီ မြင်းစီးသူရဲလေး ဓားအိမ်ထဲက ဓားဆွဲထုတ်ပြီး အပြင်းအထန် လှုပ်ယမ်း၊ အရူးအမူး အထက်အောက် ခုန်ပေါက်နေတာကို အံ့သြစွာ မြင်တွေ့ရတယ်။ ဒါပေမယ့် အဲဒီဓားဟာ သူ့အဖို့ သိပ်ရှည်လွန်းနေတယ်။ တအားယမ်းလိုက်လို့ ဟန်ချက်မဲ့ပြီး မြက်ခင်းပေါ် မှောက်လျက် လဲကျသွားတယ်။

"ခင်ဗျား ဘာမှ မဖြစ်ပါဘူးနော်" ဟယ်ရီက မေးတယ်။ အဲဒီ ပန်းချီကားနား နည်းနည်း ကပ်သွားတယ်။

"ပြန်သွား။ အောက်တန်းစား အကြွားသမား။ သွား၊ ဂျပိုး"

အဲဒီ မြင်းစီးသူရဲဟာ ဓားကို ဆွဲယူပြီး ထောက်ထားတယ်။ ဒါပေမယ့် ဓားက မြက်ထဲ နက်နက် မြုပ်ဝင်သွားတယ်။ အားနဲ့ ဆွဲပေမယ့် ဆွဲလို့မရဘူး။ နောက်ဆုံး ဘတ်-ခနဲ မြက်ခင်းပေါ် ပြန်ထိုင်ကျသွားတယ်။ မျက်နှာဖုံးကို တွန်းတင်ပြီး ချွေးသုတ်နေတယ်။

"နားထောင်ပါ" ဟယ်ရီက အဲဒီမြင်းစီးသူရဲ အလွန် မောပန်းနေစဉ် ပြောတယ်။ "ကျွန်တော်တို့ မြောက်ဘက်အိမ်ချွန်ကို ရှာနေတယ်။ ခင်ဗျား သွားတတ်တယ်၊ မဟုတ်လား"

"ရှာတယ်" မြင်းစီးသူရဲရဲ့ ဒေါသတွေ ဘယ်ရောက်ကုန်မှန်း မသိဘူး။ သူဟာ ဂလိုင်ဂလင်နဲ့ ထရပ်ပြီး အော်ပြောတယ်။ "လာကြ၊ ငါ့နောက်ကလိုက်။ ချစ်လှစွာသော မိတ်ဆွေများ။ ငါတို့ဟာ ငါတို့ ရည်မှန်းချက်ကို တွေ့မှာ။ ဒါမှမဟုတ်ရင် ကျားထိုးရင်း သတ္တိပြောင်မြောက်စွာ သေပွဲဝင်မယ်"

သူဟာ ဓားကို ဆွဲပြန်တယ်။ မရဘူး။ မြင်းပုလေးပေါ် တက်တယ်။ ဒါလဲ မရဘူး။ ဒါနဲ့ အော်တယ်။

"ဒါဆိုလဲ ခြေလျင်ချီတက်။ မစ္စတာနှစ်ယောက်နဲ့ ဒီမစ် ချီတက်။ ချီတက်"

ဒီလိုနဲ့ ဂလိုင်ဂလင်သံမြည်ပြီး ဝဲဘက် ဘောင်ထဲ ဝင်သွားလို့ မတွေ့ရတော့ဘူး။

သူတို့ဟာ စင်္ကြံတစ်လျှောက် သူ့ ဂလိုင်ဂလင်သံနောက် အမြန်လိုက်ကြတယ်။ မကြာခဏ ရှေ့က ဘောင်တွေထဲ ဖြတ်သွားတာ တွေ့ရတယ်။

"ရဲရင့်ကြဟေ့၊ ရှေ့မှာ ပိုဆိုးတာရှိသေးတယ်" မြင်းစီးသူရဲက အော်ပြောတယ်။ ဂါဝန်ဖောင်းဖောင်းကြီးတွေ ဝတ်ဆင်ထားတဲ့ သူ့ကို လန့်နေတဲ့ အမျိုးသမီးတွေ ရှေ့မှာပေါ်လာတာ သူတို့ မြင်ရတယ်။ အမျိုးသမီးတွေရဲ့ ကားချပ်က ကျဉ်းမြောင်းတဲ့ ကြောင်လိမ်လှေခါး နံရံပေါ် ချိတ်ထားတာ။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ဟောဟဲ ဟောဟဲနဲ့ အဲဒီ သိပ်လိမ်တဲ့ ကြောင်လိမ်လှေခါးကို တက်ရင်း ကြာလေ မူးဝေလေ ဖြစ်လာတယ်။ နောက်ဆုံးမှာ ခေါင်းပေါ်က စကားသံ တဝုန်းဝုန်း ကြားရတယ်။ သူတို့ ကျောင်းခန်းရောက်ပြီလို့ သိလိုက်တယ်။

"နှုတ်ဆက်ပါတယ်" မြင်းစီးသူရဲက အော်တယ်။ ခေါင်းကို ပန်းချီကားတစ်ကားထဲ ခေါင်းလျှိုနေတယ်။ အဲဒီကားထဲမှာ ဆိုးရွားပုံရတဲ့ ပုတ်ရဟန်းလေး ငါးယောက်ရှိတယ်။ "နှုတ်ဆက်လိုက်တယ်။ ငါ့ တိုက်ဖော်တိုက်ဖက်တွေ။ သင်တို့ မြင့်မြတ်တဲ့ နှလုံးသားနဲ့ သံမဏိပမာ ကြွက်သားများလိုအပ်ရင်၊ ကျုပ်ကို ဆာခါဒိုဂင်လို့ ခေါ်ဖို့ မမေ့နဲ့"

"ဟုတ်တယ်၊ ကျွန်တော်တို့ ခေါ်မှာပါ" ရွန်က ပလုံးပထွေးပြောတယ်။ ဒီအချိန်မှာ မြင်းစီးသူရဲ ကွယ်ပျောက်သွားပြီ။

"ငါတို့ အရူးတစ်ယောက်ယောက်လိုချင်ရင်တော့"

နောက်ဆုံးလှေခါးထစ်တစ်ချို့ကို တက်ခဲ့ကြပြီး မျက်နှာပြင်တစ်ခုပေါ် ရောက်လာတယ်။ ဒီအတန်းက လူအားလုံး ရောက်နေကြပြီ။ လှေခါးထိပ်မှာ တံခါးမရှိဘူး။ ရွန်က ဟယ်ရီ့ကို တွန်းလိုက်ပြီး မျက်နှာကြက်ကို လက်ညှိုးထိုးပြတယ်။ အဲဒီနေရာမှာ တံခါးရွက်ရှင် အဝိုင်းတစ်ခု ရှိတယ်။ အပေါ်မှာ ကြေးတံဆိပ်ပြားတစ်ပြား ရှိတယ်။

"စီဘီး–ထရီလောနီ၊ ဗေဒင်ဘာသာဆရာ" ဟယ်ရီက ဖတ်တယ်။ "ငါတို့ ဘယ်လိုလုပ်တက်မလဲ"

သူ့ကို အဖြေပေးသလိုပဲ တံခါးရွက်ရှင် ရုတ်တရက် ပွင့်သွားပြီး ငွေရောင်လှေခါးကို ဟယ်ရီ့ခြေထောက်ရှေ့ ချထားပေးတယ်။ အားလုံး ငြိမ်သက်သွားတယ်။

"မင်း အရင်တက်" ရွန်က ပြောရင်း သွားပေါ်အောင် ရယ်တယ်။ ဒါနဲ့ ဟယ်ရီ အရင်ဆုံး တက်သွားတယ်။

သူဟာ ဘယ်တုန်းကမှ မမြင်ဖူးတဲ့ ရှေးအကျဆုံး ကျောင်းခန်းထဲ ရောက်လာတယ်။ စင်စစ်မှာ ဒါ ကျောင်းခန်းကို မဟုတ်ဘူး။ ထပ်ခိုးနဲ့ ရှေးပုံစံ လက်ဖက်ရည်ဆိုင် ပေါင်းစပ်ထားပုံ ပေါက်နေတယ်။ အနည်းဆုံး စားပွဲခုံလေး အလုံးနှစ်ဆယ်လောက် ဒီကျောင်းခန်းထဲမှာ ရှိနေတယ်။ အဲဒီ စားပွဲ ပတ်လည်မှာ အိန္ဒိယရက်ထည်နဲ့ ပြုလုပ်ထားတဲ့ လက်ရန်းထိုင်ခုံနဲ့ ထိုင်ဖုံဖောင်ဖောင်းတွေ ရှိတယ်။ အရာတိုင်းကို ကြက်သွေးရောင် အလင်းတန်းတစ်ခုစီ ထိုးထားတယ်။ လိုက်ကာတွေလဲ ချထားတယ်။ မီးတွေကို ကြက်သွေးရောင် အုပ်ဆောင်း ဆောင်းထားတယ်။ ကျောင်းခန်းဟာ နွေးထွေးလွန်းလို့ စိတ်အိုက်စေတယ်။ မီးလင်းဖိုထဲမှာ အရာဝတ္ထုတွေနဲ့ ပြည့်နေတယ်။ မီးပေါ်မှာ ကြေးခရားအိုးတစ်လုံး တည်ထားတယ်။ ဒီတော့ မီးတောက်ဟာ အုပ်ပြီး ခပ်ငြီးငြီးအမွှေးနံ့ ထွက်နေတယ်။ နံရံဝိုင်းဝိုင်း တစ်လျှောက် စင်တွေချည်းပဲ။ စင်တွေပေါ်မှာ ဖုံတွေ ပေနေတဲ့ ငှက်မွေးတန်ဆာတွေ၊ ဖယောင်းတိုင်အတိုတွေ၊ ဖဲချပ်အစုတ်တွေ၊ ငွေရောင်ခရစ်ဆယ်ဘောလုံး အမြောက်အမြားနဲ့ လက်ဖက်ရည်ပန်းကန် တစ်ပုံကြီး။

ရွန်ဟာ ဟယ်ရီနောက် လပ်လိုက်ခဲ့တယ်။ ကျောင်းသားအားလုံး သူတို့ကို ဝိုင်းပြီး ရပ်နေတယ်။ တိတ်တဆိတ် စကားပြောနေတယ်။

"သူ ဘယ်မှာလဲ" ရွန်က ပြောတယ်။

အမှောင်ရိပ်ထဲကနေ အသံတစ်သံ ပေါ်ထွက်လာတယ်။ ပေါ့ပါး သိမ်မွေ့ ဝေဝါးတဲ့အသံ။

"ကြိုဆိုတယ်" အဲဒီအသံက ပြောတယ်။ "နောက်ဆုံး သဏ္ဌာန်ရှိ ကမ္ဘာမှာ သင်တို့ကို မြင်ရတာ သိပ်ကောင်းတယ်"

ဟယ်ရီရှိတဲ့ ပထမဆုံး ထင်ဟပ်ချက်ကတော့ အလင်းရောင် ထွက်တဲ့ ပိုးကောင်ကြီးတစ်ကောင် လာနေတာပဲ။ ပါမောက္ခ ထရီလောနီ မီးရောင်ရှိတဲ့ နေရာကို ဝင်လာတယ်။ သူမ အလွန်ပိန်တယ်။ သူမ မျက်မှန်ကြီးက သူမ မျက်စိကို အဆများစွာ ချဲ့ထားတယ်။ သူမဟာ ပေါ့ပါးတဲ့ ထိုးဖောက်မြင်ရတဲ့၊ လက်နေတဲ့ ခြုံထည်ခြုံထားတယ်။ သွယ်လျတဲ့ လည်တိုင်ပေါ်မှာ လည်ဆွဲနဲ့ ပုလဲပေါင်းများစွာ ချိတ်ဆွဲထားတယ်။ လက်မောင်းနှစ်ဖက်၊ လက်နှစ်ဖက်စလုံး လက်ကောက်တွေ လက်စွပ်တွေ ဝတ်ဆင်ထားတယ်။

"ထိုင်၊ ကလေးတို့၊ ထိုင်" သူမက ပြောတယ်။ ဒါနဲ့ သူတို့အားလုံး လက်ရန်းပါထိုင်ခုံတွေ၊ ထိုင်ဖုံဖောင်းဖောင်းတွေဆီသို့ ဝင်ထိုင်ကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ စားပွဲတစ်လုံးဘေးမှာ ထိုင်ကြတယ်။

"ဗေဒင်ဘာသာ လာတက်တာ ကြိုဆိုတယ်" ပါမောက္ခ ထရီလောနီက ပြောတယ်။ မိမိဖာသာ မီးလင်းဖိုရှေ့က တောင်ပံပါတဲ့ လက်ရန်းထိုင်ခုံမှာ ထိုင်လိုက်တယ်။ "ကိုယ်က ပါမောက္ခ ထရီလောနီ။ မင်းတို့ အရင်က တွေ့ဖူးမှာ မဟုတ်ဘူး။ ဆူညံအလုပ်ရှုပ်တဲ့ ကျောင်းသားဘဝထဲကို သိပ်များများ ဆင်းလာတာဟာ ကိုယ့်နတ်မျက်စိကို ဝေဝါးစေတယ်ဆိုတာ တွေ့ရှိရတယ်"

ဒီလို သာမန် မဟုတ်တဲ့ ကြေညာချက်ကို ဘယ်သူမှ ဘာမှ မပြောကြဘူး။ ပါမောက္ခထရီလောနီဟာ သူမခြုံထည်ကို သေချာစွာ ပြန်ခြုံလိုက်တယ်။ ဆက်ပြောပြန်တယ်။ "မင်းတို့ ဗေဒင်ဘာသာရပ်ကို ရွေးချယ်ကြတယ်။ ဒါဟာ မှော်အနုပညာအားလုံးအနက် အခက်ခဲဆုံးဘာသာရပ်။ စလျှင်စချင်း သင်တို့ကို သတိပေးချင်တာကတော့၊ သင်တို့မှာ "အမြင်နယ်ပယ်" မပြည့်စုံဘူးဆိုရင် ကိုယ် မင်းတို့ကို သင်ပေးနိုင်တာ သိပ်နည်းပါတယ်။ ဒီဘက်မှာ၊ စာအုပ်က သင်တို့ကို ဒီခရီးလောက်ပဲ ခေါ်ဆောင်နိုင်မယ် ..."

ဒီစကားကြားရပြီး ဟယ်ရီနဲ့ ရွန်ဟာ ရယ်ပြီး ဟာမီးကို ကြည့်တယ်။ ဒီဘာသာရပ်ဆိုင်ရာ စာအုပ်တွေ သိပ်အသုံးမကျဘူးလို့ ကြားရတော့ ဟာမီး အလွန်အံ့သြသွားတယ်။

"မှော်ဆရာမနဲ့ မှော်ဆရာ အများအပြားဟာ ပြင်းထန်တဲ့ တိုက်ခိုက်သံ၊ အနံ့နဲ့ ရုတ်တရက် ကိုယ်ပျောက်တဲ့ဘက်တွေမှာ အလွန်ပါရမီရှိကြပေမယ့် တိမ်တောင်တွေဖယ်ပြီး အနာဂတ်ကို မကြည့်နိုင်ကြဘူး" ပါမောက္ခ ထရီလောနီ ဆက်ပြောသွားတယ်။ သူမရဲ့ ကြီးမားလင်းလက်နေတဲ့ မျက်လုံးဟာ မျက်နှာတစ်ခုပြီးတစ်ခု ပြောင်းကြည့်နေတယ်။ "ဒီလို ပါရမီဟာ လူအနည်းစုမှာပဲ ရှိတယ်။ မင်း၊ ကောင်လေး" သူမဟာ ရုတ်တရက် နီဗီးကို ပြောတယ်။ နီဗီးဟာ ထိုင်ဖုံပေါ်က ပြုတ်ကျဖို့ နည်းနည်းလိုတယ်။ "မင်း အဖွား နေကောင်းလား"

"ကောင်းတယ်ထင်တယ်" နီဗီးက တုန်ယင်စွာ ပြောတယ်။

"ကိုယ်သာ မင်းဆိုရင်၊ ဒီလိုမပြောဘူး၊ အချစ်လေး" ပါမောက္ခထရီလောနီက ပြောတယ်။ မီးရောင်ဟာ သူမရဲ့ ပဲရင့်ရောင် နားဆွဲပေါ်မှာ လက်နေတယ်။ နီဗီး အသက်ရှူကြပ်လာတယ်။ ပါမောက္ခ ထရီလောနီဟာ အေးဆေးစွာ ဆက်ပြောတယ်။ "ဒီနှစ် အခြေခံဗေဒင်တွက်နည်း သင်ကြားမယ်။ ပထမကျောင်းပတ်မှာ လက်ဖက်ခြောက်ဖတ်နည်း သင်မယ်။ လာမယ့် ကျောင်းပတ်မှာ လက္ခဏာ ပညာ သင်သင့်ပြီ။ ကြုံတုန်းပြောချင်တာက၊ အချစ်ကလေး" သူမဟာ ရုတ်တရက် ပါဗာထီ-ပါထီးကို ပြောလိုက်တယ်။ "ဆံပင်နီနီ ကောင်လေးကို သတိထား"

ပါဗာထီဟာ ကြောက်ပြီး ရွန့်ကို ကြည့်တယ်။ ရွန်က သူမ နောက်ဘက်မှာ ထိုင်နေတယ်။ ပါဗာထီက ရွန်နဲ့ နည်းနည်းဝေးအောင် ထိုင်ခုံကို ရွှေ့လိုက်တယ်။

"နွေရာသီကျောင်းချိန်မှာ" ပါမောက္ခ ထရီလောနီက ဆက်ပြောတယ်။ "ဖန်လုံးကို ဖတ်နည်းသင်ရမယ် ---- မီးနိမိတ်ကို သင်လို့ ပြီးရင်ပေါ့လေ။ ကံဆိုးမှာက ဖေဖော်ဝါရီလမှာ တုပ်ကွေးဆိုးကြောင့် ကျောင်းပိတ်ထားရလိမ့်မယ်။ ကိုယ်လဲ အသံဝင်နေလိမ့်မယ်။ အီစတာပွဲတော် အချိန်တစ်ဝိုက်မှာ တို့ထဲက တစ်ယောက် ထာဝရ ခွဲခွာသွားလိမ့်မယ်"

သူမ ဒီစကားတွေပြောပြီးတာနဲ့ စာသင်ခန်းထဲမှာ စိုးရိမ်စွာ ငြိမ်သက်နေတယ်။ ဒါပေမယ့် ပါမောက္ခ ထရီလောနီက ဘာမှ မခံစားရသလိုပဲ။

"ငါ ထင်တယ်၊ အချစ်လေး" သူမက လာဗင်ဒါဘရောင်းကို ပြောတယ်။ လာဗင်ဒါဟာ အနီးဆုံးမှာ ထိုင်နေတာမို့ ကြောက်လို့ ထိုင်ခုံထဲ ပုဝင်နေတယ်။ "ဟို အကြီးဆုံး ခရားအိုးကို ကမ်းပေးနိုင်မလား"

လာဗင်ဒါဟာ သက်သာရာရသွားသလို မတ်တတ်ရပ်လိုက်တယ်။ စင်ပေါ်ကနေ ခရားအိုးအကြီးကြီးကိုယူပြီး ပါမောက္ခ ထရီလောနီရဲ့ စားပွဲပေါ် ချပေးလိုက်တယ်။

"ကျေးဇူးပဲ၊ အချစ်လေး။ ကြုံတုန်း ပြောရဦးမယ်။ မင်း ကြောက်လန့်တဲ့ ကိစ္စဟာ --- အောက်တိုဘာ ၁၆ ရက်၊ သောကြာနေ့မှာ ဖြစ်ပွားလိမ့်မယ်"

လာဗင်ဒါ တုန်ယင်လာတယ်။

"အခု၊ မင်းတို့ အုပ်စု နှစ်စုခွဲ။ စင်ပေါ်ကနေ လက်ဖက်ရည် ပန်းကန်လုံး တစ်လုံးစီယူပြီး ငါ့ဆီလာကြ။ မင်းတို့ ပန်းကန်လုံးထဲ လက်ဖက်ရည် ထည့်ပေးမယ်။ ပြီးတော့ ထိုင်ပြီးတော့ လက်ဖက်ရည်သောက်။ ပန်းကန်လုံးထဲ လက်ဖက်ခြောက်ဖတ်သာ ကျန်တဲ့ထိသောက်ပစ်။ ဘယ်လက်နဲ့ လက်ဖက်ခြောက်ဖတ်ကို သုံးကြိမ်လှုပ်ပေး။ ဒီနောက် လက်ဖက်ရည်ပန်းကန်လုံးကို လက်ဖက်ရည်ပန်းကန်ပြားပေါ် မှောက်အုပ်ထား။ နောက်ဆုံး လက်ဖက်ရည် အနည်းငယ် စီးကျသွားအောင်စောင့်။ ဒီနောက် မင်းတို့ရဲ့ လက်ဖက်ရည်ပန်းကန်လုံးကို မင်းတို့အဖော်ကို ဖတ်ခိုင်း။ မင်းတို့ "တိမ်တောင်ကို ဖယ်ရှားပြီး အနာဂတ်ကိုကြည့်" ရဲ့ စာမျက်နှာ ၅ နှင့် ၆ ပါ အတွင်းသဘောအရ လက်ဖက်ခြောက်ဖတ်ရဲ့ သင်္ကေတကို နားလည်အောင်ဖတ်။ ငါက မင်းတို့ကြားမှာ သွားလာပြီး အကူအညီပေးမယ်။ ညွှန်ကြားမယ်။ အော၊ ရှိသေးတယ်၊ အချစ်ကလေးတို့ ----" သူမဟာ နီဗီးကို လက်မောင်းက ဆွဲထူလိုက်တယ်။ "မင်း ပထမဆုံး လက်ဖက်ရည်ပန်းကန်ကို ခွဲပစ်ပြီးနောက်၊ အပြာရောင်ဒီဇိုင်းပါတဲ့ လက်ဖက်ရည် ပန်းကန်လုံးထဲက တစ်လုံး ရွေးနိုင်မလား။ ငါက ပန်းရောင် ကြိုက်တယ်"

ပြောတဲ့အတိုင်းပါပဲ၊ နီဗီး လက်ဖက်ရည်ပန်းကန်စင်ရှေ့ ရောက်ရုံရှိသေးတယ်၊ ကြွေထည်ကွဲကျတဲ့အသံ ထွက်လာပါလေရော။ ပါမောက္ခ ထရီလောနီဟာ တံမြက်စည်းနဲ့ အမှိုက်ကျုံးခွက် ကိုင်သွားပြီး ပြောတယ်။ "ဒါဖြင့် မင်း ကျေနပ်မယ်ဆိုရင် အပြာရောင်တစ်လုံးယူ ... ကျေးဇူးတင်ပါတယ် ..."

ဟယ်ရီနဲ့ ရွန်တို့ဟာ သူတို့ လက်ဖက်ရည်ပန်းကန်လုံးထဲ လက်ဖက်ရည်အပြည့် ထည့်ပြီးနောက် မိမိတို့ စားပွဲဆီ ပြန်ခဲ့တယ်။ ဆူပွက်တဲ့ လက်ဖက်ရည်ကို အလျင်အမြန် သောက်လို့ မရဘူး။ သူတို့ဟာ ပါမောက္ခ ထရီလောနီ သင်ကြားသလို လက်ဖက်ခြောက်ဖတ်ကို လှုပ်တယ်။ ဒီနောက် လက်ဖက်ရည် ပန်းကန်လုံးကို ခြောက်အောင်လုပ်တယ်။ ဒီနောက် အပြန်အလှန် ခွက်လဲကြတယ်။

"ရပြီ" ရွန်က ပြောတယ်။ နှစ်ယောက်သား စာအုပ်ကို စာမျက်နှာ ငါးနှင့်ခြောက်သို့ အတူလှန်လိုက်ကြတယ်။

"မင်း ငါ့လက်ဖက်ရည် ပန်းကန်ထဲမှာ ဘာတွေ့သလဲ"

"ရေပွနေတဲ့ အညိုရောင်အရာတွေ" ဟယ်ရီက ပြောတယ်။ ကျောင်းခန်းထဲရှိ မွှေးနံ့ပြင်းပြင်း အခိုးအငွေ့တွေကြောင့် သူ အူတူတူ အိပ်ချင်လာတယ်။

"အတွေးနယ်ချဲ့ကြ အချစ်ကလေးတွေ။ မင်းတို့ မျက်လုံးကို အညတြအရာတွေပေါ် ကျော်ဖြတ်သွားပါစေ"

ပါမောက္ခ ထရီလောနီဟာ အမှောင်ထဲက အော်ပြောနေတယ်။ ဟယ်ရီဟာ ကြိုးစားပြီး အာရုံစိုက်အောင် လုပ်တယ်။

"ကောင်းပြီ။ အခု မင်းမှာ လှုပ်ယိုင်နေတဲ့ လက်ဝါးကပ်တိုင် တစ်မျိုးရှိနေပြီ .... " သူက ပြောရင်း "တိမ်တောင်ကို ဖယ်ရှားပြီး အနာဂတ်ကိုကြည့်" စာအုပ်ကို ဖတ်တယ်။ "ဒါက မင်းဟာ စမ်းသပ်ခံရမယ်၊ ဒုက္ခခံရတော့မယ်ဆိုတာပြတယ် ----- ဒီအတွက် ဝမ်းနည်းပါတယ်-----ဒါပေမယ့်၊ ဒီမှာ အရာတစ်ခု ရှိတယ်။ နေနဲ့တူတယ်။ ခဏနေဦး.... ဒါက အပျော်ကြီး ပျော်ရမယ်လို့ အဓိပ္ပာယ်ရတယ် ....ဒါကြောင့် မင်း ဒုက္ခရောက်မယ်။ ဒါပေမယ့် ပျော်လဲ အလွန်ပျော်မယ်..."

"မင်းက ငါ့ကို မေးခဲ့ရင်တော့ မင်းရဲ့ နတ်မျက်စိကို ချိန်တိုင်းဖို့ လိုမယ်လို့ ငါပြောချင်တယ်" ရွန်က ပြောတယ်။ နှစ်ယောက်သား မရယ်မိအောင် အောင့်ထားရတယ်။ အကြောင်းက ပါမောက္ခ ထရီလောနီဟာ သူတို့ဆီ လှမ်းကြည့်နေတယ်။

"ငါ့အလှည့်နော် ..." ရွန်က ဟယ်ရီ့ လက်ဖက်ရည်ပန်းကန်ထဲကို ကြည့်တယ်။ သူ့နဖူးက ကြိုးစားလွန်းလို့ တွန့်နေတယ်။ ဒီမှာ အတွေးတစ်ခုရှိတယ်။ "ထိပ်ဝိုင်း၊ မင်္လာဦးထုပ် အမာလိုပဲ" သူက ပြောတယ်။ "မင်း မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ်ရမယ် ထင်တယ် ...."

သူက ပန်းကန်လုံးကို တခြားတစ်ဖက်သို့ စောင်းလိုက်တယ်။

"ဒါပေမယ့်၊ ဒီလိုကြည့်တော့ ဝက်သစ်ချစေ့နဲ့ ပိုတူတယ် ...ဟိုဟာ ဘာလဲ" သူက မိမိရဲ့ "တိမ်တောင်ကို ဖယ်ရှားပြီး အနာဂတ်ကိုကြည့်" စာအုပ်ကို တအားလှန်နေတယ်။ "မမျှော်လင့်တဲ့ ဥစ္စာရတနာ၊ မမျှော်လင့်တဲ့ရွှေ။ နိပ်လိုက်တာ။ မင်း ငါ့ကို နည်းနည်းချေးပါလား။ ဒီမှာ အရာတစ်ခု ရှိသေးတယ်" သူက လက်ဖက်ရည်ပန်းကန်လုံးကို လှည့်လိုက်တယ်။ "ဒါက အကောင်တစ်ကောင်နဲ့ တူတယ်။ ဟုတ်တယ်။ တကယ်လို့ အဲဒါ ဦးခေါင်းဖြစ်တယ် ဆိုရင် ... ကြံ့နဲ့တူတယ်... မဟုတ်ဘူး၊ ဆိတ်နဲ့တူတယ်..."

ဟယ်ရီက တအားရယ်တယ်။ ပါမောက္ခ ထရီလောနီက အလျင်အမြန် သူတို့ဘက် လှည့်လိုက်တယ်။

"ငါပြစမ်း၊ အချစ်လေး" သူမက ရွန့်ကို မကြည်မသာ ပြောတယ်။ အလျင်အမြန် လျှောက်လာပြီး ရွန့်လက်ထဲက လက်ဖက်ရည်ပန်းကန်လုံးကို လုယူတယ်။ အားလုံး ငြိမ်သွားပြီး ကြည့်နေကြတယ်။

ပါမောက္ခ ထရီလောနီဟာ အဲဒီ လက်ဖက်ရည် ပန်းကန်လုံးကို စိုက်ကြည့်နေပြီး ပန်းကန်လုံးကို နာရီလက်တံနဲ့ ဆန့်ကျင်တဲ့ဘက်ကို လှည့်တယ်။

"အမဲလိုက် သိမ်းငှက်... အချစ်လေး၊ မင်းမှာ အသေတိုက်မယ့် ရန်သူရှိတယ်"

"ဒါပေမယ့်၊ ဒီအကြောင်းကို လူတိုင်းသိနေတာပဲ" ဟာမီးက အကျယ်ကြီး ပြောတယ်။ ပါမောက္ခ ထရီလောနီက သူမကို စိုက်ကြည့်နေတယ်။

"အင်း၊ ဒီလိုပါ" ဟာမီးက ပြောတယ်။ "အားလုံး ဟယ်ရီနဲ့ ဟိုလူ့အကြောင်း သိနေတာပဲ"

ဟယ်ရီနဲ့ ရွန်ဟာ သူမကို စိုက်ကြည့်နေတယ်။ အံ့လည်း အံ့သြ၊ ချီးကျူးလည်း ချီးကျူးမိကြတယ်။ ဟာမီးက ဆရာကို ဒီလိုပြောတာ သူတို့ တစ်ခါမှ မကြားခဲ့ဖူးဘူး။ ပါမောက္ခ ထရီလောနီက တမင်မဖြေဘဲ နေတယ်။ သူမရဲ့ မျက်လုံးပြူးပြူးဟာ ဟယ်ရီ့ပန်းကန်လုံးထဲ စိုက်ကြည့်ရင်း ပန်းကန်လုံးကို ဆက်လှည့်ပေးနေတယ်။

"တင်းပုတ်ကြီး ... တိုက်ခိုက်မှုတစ်ကြိမ်။ အချစ်လေး၊ အချစ်လေး။ ဒါဟာ ကံကောင်းတဲ့ လက်ဖက်ရည်ပန်းကန်လုံးတော့ မဟုတ်ဘူး ...."

"ကျွန်တော်က အဲဒါ ထိပ်ဝိုင်း မင်္ဂလာဦးထုပ် အမာလို့ ထင်နေတာ" ဟယ်ရီက မနေတတ်သလို ပြောတယ်။

"ဦးခေါင်းအုပ်ဆက်ရိုး ... ရှေ့မှာ အန္တရာယ်ရှိတယ်။ အချစ်လေး...."

အားလုံး ငိုင်ပြီး ပါမောက္ခ ထရီလောနီကို ကြည့်နေကြတယ်။ သူမဟာ နောက်ဆုံး ပန်းကန်လုံးကို လှည့်လိုက်တယ်။ အသက် ရှိုက်ရှူလိုက်ပြီး စူးရှစွာ အော်တယ်။

ကြွေထည်ကွဲသံတစ်သံ ပေါ်လာပြန်တယ်။ နီဗီးဟာ ဒုတိယပန်းကန်လုံးကို ကွဲသွားစေတယ်။ ပါမောက္ခ ထရီလောနီဟာ လက်ရန်းပါ ကုလားထိုင်တစ်လုံးထဲ ထိုင်ချလိုက်တယ်။ သူမရဲ့ ပြောင်လက်နေတဲ့ လက်ဟာ ရင်ဘတ်ကို ပွတ်သပ်ပြီး မျက်လုံး တအားမှိတ်ထားတယ်။

"ငါ့ အချစ်ကလေး ---- သနားစရာ။ အချစ်ကလေး ---- ဟင့်အင်း ---- မပြောဘဲနေတာ ကောင်းမယ် ----ဟင့်အင်း--- ငါ့ကို မမေးနဲ့...."

"ဘယ်လိုဖြစ်တာလဲ၊ ပါမောက္ခ" ဒင်း-သောမတ်စ်က ချက်ချင်းပြောတယ်။ အားလုံး မတ်တတ်ထရပ်ကြတယ်။ ဟယ်ရီနဲ့ ရွန်တို့ စားပွဲနား ဝိုင်းအုံလာကြတယ်။ ပါမောက္ခ ထရီလောနီရဲ့ ကုလားထိုင်ဘေး တိုးကပ်ကြတယ်။ ဒါမှ ဟယ်ရီ့ လက်ဖက်ရည်ပန်းကန်လုံးကို ပိုရှင်းရှင်း မြင်ရမှာ။

"ငါ့အချစ်လေး" ပါမောက္ခ ထရီလောနီရဲ့ မျက်လုံးဟာ ပြဇာတ်ဆန်ဆန် ပွင့်လာတယ်။ "မင်းမှာ နိမိတ်မကောင်းဘူး"

"ကျွန်တော့်မှာ ဘာ" ဟယ်ရီက ပြောတယ်။

သူဟာ ဒီဝေါဟာရကို နားမလည်တဲ့ တစ်ဦးတည်းသော သူမဟုတ်ဘူးဆိုတာ သူသိတယ်။ ဒင်း-သောမတ်စ်က သူ့ကို ပခုံးတွန့်ပြတယ်။ လာဗင်ဒါ-ဘရောင်း မျက်နှာမှာလည်း ဘာမှန်းမသိပုံ။ ဒါပေမယ့်၊ ကျန်လူများဟာ လက်နဲ့ ပါးစပ်ကို အုပ်ထားကြတယ်။ သူတို့ ကြောက်ကြလို့။

"နိမိတ်မကောင်းဘူး၊ အချစ်လေး။ နိမိတ်မကောင်းဘူး" ပါမောက္ခ ထရီလောနီက ဆက်အော်ပြောတယ်။ ဟယ်ရီ ဒါတောင် နားမလည်တဲ့အတွက် သူမ တုန်လှုပ်မိတယ်။ "သင်္ချိုင်းမှာ လည်ပတ်သွားလာနေတဲ့ သရဲတစ္ဆေလို ခွေးကြီး။ ငါ့ အချစ်ကလေး။ ဒါက မကောင်းတဲ့ နိမိတ်ပဲ ---- အဆိုးဆုံး အန္တရာယ် နိမိတ် --- သေခြင်းရဲ့ နိမိတ်"

ဟယ်ရီ့ အစာအိမ် ကြွက်တက်လာတယ်။ စာအုပ်ဆိုင်က "သေခြင်းနိမိတ်" ဆိုတဲ့ စာအုပ်မျက်နှာဖုံးက ခွေး ---- တတိုင်းမွေးလသစ်လမ်း အမှောင်ထဲက ဟိုခွေး .... လာဗင်ဒါ-ဘရောင်းဟာလည်း လက်နဲ့ ပါးစပ်ကို အုပ်ထားလိုက်တယ်။ ဟာမီးကလွဲပြီး အားလုံး ဟယ်ရီကို ကြည့်နေကြတယ်။ သူမ မတ်တတ်ရပ်လိုက်ပြီး ပါမောက္ခ ထရီလောနီ ထိုင်ခုံကျောဘက်သို့ သွားတယ်။

"ဒါ နိမိတ်မကောင်းတာနဲ့ မတူဘူး" သူမက ဒဲ့ဒိုးပဲ ပြောချလိုက်တယ်။

ပါမောက္ခ ထရီလောနီက ဟာမီးကို ကြည့်နေတယ်။ သူမကို ပိုပြီး မနှစ်သက်တော့ဘူး။

"ငါ ဒီလိုပြောတာ ခွင့်လွှတ်၊ အချစ်လေး။ မင်းကို ဝန်းပတ်တဲ့ အလင်းစက်ဝန်းက သိပ်သေးငယ်တာ တွေ့ရတယ်။ အနာဂတ် ပဲ့တင်ထပ်တဲ့ ခံနိုင်ရည် သိပ်နိမ့်တယ်"

စီးမတ်စ်–ဖင်နစ်ဂင် အဆက်မပြတ် ခေါင်းခါနေတယ်။

"တကယ်လို့ ဒီလိုဆိုရင် နိမိတ်မကောင်းတာနဲ့ မတူတော့ဘူး" သူက ပြောတယ်၊ သူ့မျက်စိမှိတ်ထားသလို မှေးနေတယ်။ "ဒါပေမယ့် ဒီဘက်က ကြည့်ရင် လားတစ်ကောင်နဲ့ တူနေပြန်တယ်" သူက ပြောရင်း ဝဲဘက်ကို ကပ်သွားတယ်။

"ခင်ဗျားတို့ ဘယ်တော့မှ ကျွန်တော် သေမလား၊ မသေဘူးလား ဆိုတာ ဆုံးဖြတ်နိုင်ကြမှာလဲ" ဟယ်ရီက ပြောတယ်။ မိမိကိုယ်မိမိ အံ့ဩသွားတယ်။ အခု ဘယ်သူမှ သူ့ကို ကြည့်မနေချင်ကြတော့ဘူး။

"ဒီနေ့ ဒီလောက်ပဲ သင်တော့မယ်" ပါမောက္ခ ထရီလောနီက သူမရဲ့ မသဲမကွဲဆုံးအသံနဲ့ ပြောတယ်။

"မင်းတို့ ပစ္စည်းတွေကို သေချာသိမ်းကြ..."

တစ်တန်းလုံး လက်ဖက်ရည် ပန်းကန်လုံးတွေကို ပါမောက္ခ ထရီလောနီထံ တိတ်ဆိတ်စွာ ပြန်ပေးလိုက်ကြတယ်။ စာအုပ်ကိုပိတ်ပြီး လွယ်အိတ်တွေ သိမ်းဆည်းတယ်။ ရွန်ကတောင် ဟယ်ရီ့ကို ရဲရဲမကြည့်ဝံ့ဘူး။

"ငါတို့ နောက်ထပ် မတွေ့ဆုံခင်မှာ" ပါမောက္ခ ထရီလောနီက အားပျော့တဲ့အသံနဲ့ ပြောတယ်။ "အားလုံး ကံကောင်းပါစေလို့ ဆုတောင်းပါတယ်။ အော၊ အချစ်ကလေး–––" သူမဟာ နီဗီးကို လက်ညှိုးထိုးလိုက်တယ်။

"နောက်လာမယ့် ကျောင်းချိန်မှာ မင်း နောက်ကျလိမ့်မယ်။ ဒါကြောင့် အထူးကြိုးစားမှ အများကို မီမယ်ဆိုတာ မှတ်ထားပါ"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီတို့ဟာ စကားတစ်ခွန်းမှ မပြောဘဲ ပါမောက္ခ ထရီလောနီရဲ့ လှေခါးနဲ့ ကြောင်လိမ်လှေခါးက ဆင်းလာကြတယ်။ ဒီနောက် ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ ရုပ်ပြောင်းသင်တန်းကို သွားတက်ကြတယ်။ သူတို့ဟာ အကြာကြီးလိုက်ရှာမှ ကျောင်းခန်းကို တွေ့တယ်။ ဒါကြောင့် ဗေဒင်သင်ကျောင်းခန်းက အစောကြီးထွက်လာပေမယ့် ကျောင်းချိန်မီရုံလေး ရှိတယ်။

ဟယ်ရီက နောက်ဘက်နေရာ တစ်နေရာ ရွေးထိုင်တယ်။ မိမိကိုယ်မိမိ ပေါ်လွင်တဲ့နေရာမှာ ထိုင်မိနေသလို ခံစားရတယ်။ အတန်းထဲက တခြားသူတွေဟာ သူ့ဆီကို အဆက်မပြတ် ခိုးကြောင်ခိုးဝှက် လှမ်းလှမ်းကြည့်နေတယ်။ အချိန်မရွေး သေတော့မှာမို့လို့ပဲ။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူတို့ကို အာနီမာဂီ (စိတ်ကြိုက်သတ္တဝါ မျိုးစုံဖြစ်အောင် ရုပ်ပြောင်းနိုင်တဲ့ မှော်ပညာ) နဲ့ ပတ်သက်တဲ့ ဗဟုသုတ ပြောပြနေတယ်။ သူဟာ လုံးဝ နားမဝင်သလောက်ပဲ။ သူမဟာ လူအားလုံး မျက်စိအောက်မှာ ကြောင်အကျားတစ်ကောင် ဖြစ်သွားတယ်။ မျက်စိပတ်လည်မှာ မျက်မှန်အစွန်းအစ တွေ့ရတယ်။ ဒါတောင် ဟယ်ရီက ကြည့်တောင်မကြည့်ဘူး။

"ပြောကြစမ်း၊ မင်းတို့ ဒီနေ့ ဘယ်လို ဖြစ်နေကြတာလဲ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ ဒီအချိန်မှာ ဖောက်ဆိုတဲ့အသံနဲ့ အတူ သူမဟာ မူလအတိုင်း ပြန်ဖြစ်လာတယ်။ ကျောင်းသားအားလုံးကိုလည်း ဝေ့ကြည့်နေတယ်။ "အရေးတော့မကြီးပါဘူး။ ဒါပေမယ့် ငါ့ ရုပ်ပြောင်းပညာကို လက်ခုပ်ဩဘာပေးမခံရတာ ဒါ ပထမအကြိမ်ပဲ"

အားလုံး ဟယ်ရီ့ဘက် ခေါင်းလှည့်လိုက်ကြပြန်တယ်။ ဒါပေမယ့် ဘယ်သူမှ စကားမပြောဘူး။ ဒီအချိန်မှာ ဟာမီး လက်ထောင်လိုက်တယ်။

"ပါမောက္ခ၊ ကျွန်မတို့ ခုနတင်ပဲ ဗေဒင်ပညာ သင်တန်းတက်ခဲ့တယ်။ ကျွန်မတို့ လက်ဖက်ခြောက်ဖတ်ကို ဖတ်ရတယ်။ ပြီးတော့ ––––"

"အား၊ သေချာတာပေါ့" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ ရုတ်တရက် မျက်မှောင်ကြုတ်သွားတယ်။ "ဆက်ပြောဖို့ မလိုတော့ဘူး မစ်ဂရန်ဂျာ။ ကိုယ့်ကို ပြောပြစမ်း။ ဒီနှစ် မင်းတို့ထဲက ဘယ်သူသေမယ်တဲ့လဲ"

အားလုံး သူမကို မျက်လုံးပြူး စိုက်ကြည့်နေကြတယ်။

"ကျွန်တော်" နောက်ဆုံးမှာ ဟယ်ရီက ပြောတယ်။

"ဒီလိုကိုး" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ သူမရဲ့ မျက်လုံးဝိုင်းဝိုင်းလေးက ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ "ဒါဆိုရင်၊ ပေါ်တာ၊ စီဘီး–ထရီလောနီ ဒီကျောင်းကို ရောက်လာကတည်းက နှစ်စဉ် ကျောင်းသားတစ်ယောက် သေမယ်လို့ ဟောကိန်းထုတ်ခဲ့တယ်ဆိုတာ မင်းသိသင့်တယ်။ ခုချိန်ထိ အဲဒီသူတွေ တစ်ယောက်မှ သေမသွားကြဘူး။ သေခြင်းနိမိတ်ကို ကြိုမြင်ခြင်းဟာ သူမကြိုက်နှစ်သက်တဲ့ အတန်းသားသစ်တွေကို ကြိုဆိုတဲ့သဏ္ဍာန်ပဲ။ တကယ်လို့ ငါတို့ဟာ လုပ်ဖော်ကိုင်ဖက် မကောင်းကြောင်းကို ဘယ်တော့မှ မပြောတတ်တဲ့သူတွေသာ မဟုတ်ခဲ့ရင် ----" ပါမောက္ခ မက်ဂေါ်နာဂေါ ရပ်လိုက်တယ်။ သူမရဲ့နှာခေါင်း ဖြူဖပ်ဖြူရော် ဖြစ်နေတာ သူတို့ တွေ့ရတယ်။ သူမက ဆက်ပြောတယ်။ နည်းနည်း တည်ငြိမ်သွားတယ်။

"ဗေဒင်ပညာဟာ မှော်ပညာထဲက မတိကျဆုံး ဘာသာရပ်တစ်ခု ဖြစ်တယ်။ အမှန်အတိုင်း ပြောရရင်၊ ငါဟာ ဗေဒင်ကို စိတ်မရှည်ဆုံးပဲ။ အနာဂတ်ကို တကယ်ကြိုမြင်နိုင်သူ အင်မတန် နည်းတယ်။ ပြီးတော့ ပါမောက္ခ ထရီလောနီဟာ ...."

သူမ စကား ရပ်နေပြန်တယ်။ ဒိနောက် ပြောတယ်။ သူမလေသံဟာ အမှန်ကို အမှန်တိုင်းပြောတဲ့ လေသံ။ "ငါ့အမြင်တော့ မင်းကျန်းမာရေး အလွန်ကောင်းတယ်၊ ပေါ်တာ။ ဒါကြောင့် ဒီနေ့ အိမ်စာပေးတဲ့အခါ မင်းကို လွယ်လွယ်နဲ့ မလွှတ်ရင်တော့၊ မင်း ငါ့ကို အပြစ်မတင်နဲ့။ မင်း သေသွားရင်တော့ ဒီအိမ်စာ လုပ်ဖို့မလိုဘူးဆိုတာ ငါ အာမခံတယ်"

ဟာမီးက တအားရယ်တယ်။ ဟယ်ရီဟာ နည်းနည်းတော်သွားတယ်လို့ ခံစားရတယ်။ အခု ပါမောက္ခ ထရီလောနီ ကျောင်းခန်းထဲလူကို ဇဝေဇဝါဖြစ်စေတဲ့ အမွှေးနံ့၊ ဝေဝါးတဲ့ အလင်းရောင်နီနီ၊ ပြီးတော့ လက်ဖက်ခြောက်ဖတ်ထွေးကြောင့် လန့်ဖျပ်သွားဖို့ဆိုတာ နည်းနည်းတော့ ခက်သွားပြီ။ သို့ပေမယ့် လူအားလုံး ဒီစကားကို ယုံကြည်ကျေနပ်ကြတာတော့ မဟုတ်ဘူး။ ရွန်က စိုးရိမ်နေသေးသလိုပဲ။ လာဗင်ဒါက တိုးတိုးပြောတယ်။

"ဒါဆို နီဗီးရဲ့ လက်ဖက်ရည် ပန်းကန်လုံးကကော ဘယ်လိုလဲ"

ရုပ်ပြောင်းသင်တန်းချိန်ဆင်းတော့ သူတို့ဟာ အများနဲ့အတူ ဆူဆူညံညံနဲ့ ခန်းမကြီးထဲ နေ့လယ်စာ သွားစားကြတယ်။

"ရွန်၊ ပျော်ပျော်နေ" ဟာမီးကပြောရင်း ဟင်းခပ်ပန်းကန်ကို သူ့ဘက်တွန်းပေးတယ်။

"ပါမောက္ခ မက်ဂေါ်နာဂေါပြောတာ နင်ကြားတယ် မဟုတ်လား"

ရွန်ဟာ မိမိပန်းကန်ထဲကို ဟင်းခပ်တစ်ဇွန်း ခပ်ထည့်လိုက်တယ်။ ခက်ရင်းကိုင်ပြီး မစားသေးဘူး။

"ဟယ်ရီ" သူက ပြောတယ်။ အသံက နိမ့်ပြီး လေးနက်တယ်။ "မင်း အနက်ရောင် ခွေးကြီးတစ်ကောင်ကို ဘယ်မှာမှ မမြင်ဖူးဘူး မဟုတ်လား"

"ဟင့်အင်း၊ ငါ မြင်ဖူးတယ်" ဟယ်ရီက ပြောတယ်။ "ငါ ဒါ့စလီတို့ အိမ်က ထွက်လာတဲ့ ညမှာ"

ရွှန့်ခက်ရင်းဟာ ဂရန်ဆို စားပွဲပေါ် ပြုတ်ကျသွားတယ်။

"အိမ်မပြန်တတ်တဲ့ ခွေးတစ်ကောင် ဖြစ်မှာပေါ့" ဟာမီးက တည်ငြိမ်စွာပြောတယ်။

ရွှန်က ဟာမီးကို ကြည့်တယ်။ သူမ ရူးနေတယ်လို့ ထင်နေတဲ့ ပုံစံနဲ့။

"ဟာမီး၊ တကယ်လို့ ဟယ်ရီ နိမိတ်ဆိုးကို မြင်တွေ့ရရင်၊ ဒါဆို––– ဒါဆို ဂွကျပြီ" သူက ပြောတယ်။

"ငါ့ ––– ငါ့ဦးလေး ဘီလီအတ်စ်ဟာ တစ်ကောင် မြင်ဖူးတယ်။ ဒီနောက် ––– ဒီနောက်၊ ၂၄ နာရီကြာတော့ သူသေသွားတယ်"

"တိုက်ဆိုင်လို့ပါ" ဟာမီးက ပေါ့ပေါ့ပဲ ပြောလိုက်တယ်။ မိမိအတွက် ဖရုံသီးရည် ငှဲ့ထည့်တယ်။

"နင် ဘာပြောနေတယ်ဆိုတာ သိကော သိရဲ့လား" ရွှန်က ပြောတယ်။ စတင်လည်း စိတ်ဆိုးလာတယ်။ "နိမိတ်ဆိုးကို မှော်ဆရာ အများစုဟာ ဝိညာဉ်လွင့်မတတ် ကြောက်ကြတယ်"

"ဒါဆိုရင် နင် ပြောတာမှန်ပြီ" ဟာမီးဟာ သူများထက်သာတဲ့ ခံစားချက်နဲ့ ပြောတယ်။ "သူတို့ဟာ နိမိတ်ဆိုးကို မြင်ရတယ်။ ဒီနောက် လန့်ပြီးသေတာ။ နိမိတ်ဆိုးဆိုတာ အန္တရာယ်အချက်ပြ မဟုတ်ဘူး။ သေခြင်းရဲ့ အကြောင်းရင်း။ ဟယ်ရီဟာ ငါတို့နဲ့ အတူရှိနေတာပဲ။ အကြောင်းက ၎င်းကို မြင်တာနဲ့ 'ကောင်းပြီ၊ ငါ ရုတ်တရက် သေသွားတာပဲ ကောင်းပါတယ်'လို့ တွေးလောက်အောင် မအသေးလို့ပဲ"

ရွှန်ဟာ ဟာမီးကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေတယ်။ ဟာမီးဟာ လွယ်အိတ်ဖွင့်ပြီး သူမရဲ့ ဂဏန်းဗေဒင် စာအုပ်သစ်ကို ယူလိုက်တယ်။ စာအုပ်ကို ဖွင့်တယ်။ ပြီးတော့ သစ်သီးရည်ခွက်မှာ မှီထောင်ထားလိုက်တယ်။

"ဗေဒင်သင်တန်းဟာ ဇဝေဇဝါပဲလို့ ငါထင်တယ်" သူမကပြောရင်း စာမျက်နှာတွေ လှန်တယ်။

"နေရာအတော်များများမှာ ခန့်မှန်းတာ၊ နင် ငါ့ကို မေးမယ်ဆိုရင်"

"ဟို လက်ဖက်ရည်ခွက်ထဲက နိမိတ်ဆိုးဟာ ရှင်းနေတာပဲဟာ" ရွှန်က ပြင်းထန်စွာ ပြောတယ်။ "ပါမောက္ခ ထရီလောနီက ပြောတယ်၊ နင့် အလင်းစက်ဝန်းမမှန်ဘူးတဲ့။ နင်ဟာ မိမိ တစ်ခုခုမှာ ညံ့တာကို မနှစ်သက်တာ"

သူက အနာပေါ်တုတ်ချလိုက်တဲ့အတွက်၊ ဟာမီးဟာ ဂဏန်းဗေဒင် စာအုပ်ကို စားပွဲပေါ် ဘတ်ခနဲ ပစ်ချလိုက်တယ်။ ပြင်းထန်လွန်းလို့ အသားမှုန့်နဲ့ ခါကြက်ဥမုန်လာမှုန့်တွေ အနှံ့ဖိတ်ကုန်တယ်။

"တကယ်လို့ ဗေဒင်ပညာမှာ အမှတ်ကောင်းရတယ်ဆိုတာ လက်ဖက်ခြောက်ဖတ်ထွေးထဲမှာ သေခြင်းနိမိတ်ဆိုး မြင်တွေ့ပါတယ်လို့ ဟန်ဆောင်ရမယ်ဆိုရင်၊ ငါ ဒီဘာသာရပ်ကို မလေ့လာဘဲ နေချင်နေမှာ။ ငါ့ရဲ့ ဂဏန်းဗေဒင် သင်တန်းနဲ့ စာရင် ဒီဘာသာရပ်ဟာ အမှိုက်သရိုက်ပဲ"

သူမဟာ လွယ်အိတ်ကို ဇတ်ခနဲ ဆွဲယူပြီး ထွက်သွားတယ်။

ရွှန်ဟာ မျက်မှောင်ကြုတ်ပြီး သူမသွားတာကို ကြည့်နေတယ်။

"သူမ ဘာပြောနေတာလဲ" သူက ဟယ်ရီကို ပြောတယ်။

"သူမရဲ့ ဂဏန်းဗေဒင်သင်တန်း စမှ မစသေးတာ"

နေ့လယ်စာ စားပြီး ရဲတိုက်က ထွက်ခွာလာတဲ့အခါမှာ ဟယ်ရီ အလွန် ဝမ်းသာတယ်။ မနေ့က မိုးလည်း တိတ်သွားပြီ။ မိုးကောင်းကင်လည်း သာယာနေတယ်။ မီးခိုးရောင် ထနေတယ်။ ခြေထောက်အောက်က မြက်ခင်းဟာလည်း ပျော့ပျောင်းပြီး စိုစွတ်တယ်။ ဒီအချိန်မှာ သူတို့ဟာ ထူးဆန်းသတ္တဝါ ကာကွယ်တဲ့ သင်တန်း ပထမသင်တန်းချိန် တက်ဖို့ သွားနေကြတယ်။

ရွန်နဲ့ ဟာမီးတို့ အချင်းချင်း စကားမပြောကြဘူး။ ဟယ်ရီဟာ သူတို့ဘေးက တိတ်တိတ်လိုက်လာတယ်။ သူတို့ဟာ ကုန်းစောင်းကို ဆင်းလာပြီး တားမြစ် သစ်တောအစပ်ရှိ ဟက်ဂရစ်ရဲ့ အိမ်ကလေးဆီ သွားကြတယ်။ သူတို့ရှေ့မှာ အလွန်ရင်းနှီးတဲ့ လူသုံးယောက်ရဲ့ ကျောဘက်ကို မြင်ရတယ်။ ဒီတော့မှ သူတို့ဟာ စလေးသရင်း ကျောင်းသားတွေနဲ့အတူ ဒီသင်ခန်းစာကို သင်ကြားရမယ်ဆိုတာ သိကြတယ်။ မော်ဖိုင်ဟာ ခရပ်နဲ့ ဂိုးတို့ကို မြူးထူးစွာ စကားပြောနေတယ်။ အဲဒီနှစ်ယောက်က တခစ်ခစ် ရယ်နေတယ်။ သူတို့ ဘာရယ်နေတယ်ဆိုတာ ဟယ်ရီ သိတယ်။

ဟက်ဂရစ်ဟာ အိမ်လေးတံခါးဝမှာ သူ့တပည့်တွေကို စောင့်နေတယ်။ သူဟာ မွေးရေကုတ်အင်္ကျီကြီးကို ဝတ်ထားတယ်။ တောလိုက်ခွေးအစွယ်ကြီးက သူ့ခြေထောက်နားမှာ ထွက်ခွာဖို့ လောဆော်နေသလိုပဲ။

"လာကြ၊ မြန်မြန်၊ မြန်မြန်" သူက အော်ပြောတယ်။ ဒီအချိန်မှာ ကျောင်းသားတွေ နီးလာပြီ။ "ဒီနေ့ မင်းတို့ကို ကောင်းကောင်း သင်ကြားမယ်။ သိပ်ကောင်းတဲ့ သင်တန်းတက်ကြရတော့မယ်။ အားလုံး ရောက်ကြပြီလား။ ကောင်းပြီ၊ ကျုပ်နဲ့လိုက်ခဲ့ကြ"

စိတ်ရှုပ်စရာ အချိန်ကလေးတစ်ချိန် ရှိတယ်။ ဟယ်ရီက ဟက်ဂရစ် သူတို့ကို သစ်တောထဲ ခေါ်သွားမယ် ထင်နေတာ။ ဟယ်ရီဟာ သစ်တောထဲမှာ စိတ်ပျက်စရာ အတွေ့အကြုံ ရှိခဲ့ဖူးတယ်။ သူ့ တစ်သက် မေ့မရဘူး။ ဒါပေမယ့် ဟက်ဂရစ်ဟာ သစ်တောအစပ် တစ်လျှောက်သာ ခေါ်သွားတယ်။ ငါးမိနစ်ကြာတော့ သူတို့ဟာ ဝိုင်းလေး တစ်ခုဆီ ရောက်လာတယ်။ အဲဒီမှာ ဘာမှ မရှိဘူး။

"အားလုံး ဒီခြံစည်းရိုးအနား လာကြ" သူက အော်ပြောတယ်။ "ဒါဆို ဟုတ်ပြီ ---- မင်း မြင်နိုင်တဲ့ နေရာမှာ ရပ်ပါ။ အခု မင်းတို့ ပထမဆုံး လုပ်ရမှာက စာအုပ်ကို ဖွင့်ကြ ----"

"ဘယ်လို ဖွင့်ရမှာလဲ" ဂျာခို-မော်ဖိုင်ဟာ အေးစက်စက် ဆွဲငင်ပြောတဲ့ လေသံနဲ့ မေးတယ်။

"ဟင်" ဟက်ဂရစ်က ပြောတယ်။

"ကျွန်တော်တို့ စာအုပ်ကို ဘယ်လို ဖွင့်ရမှာလဲ" မော်ဖိုင်က တစ်ကြိမ် ပြောပြန်တယ်။ သူဟာ သူ့ "သရဲသဘက်တွေရဲ့ သရဲသဘက်" စာအုပ်ကို ယူထုတ်လိုက်တယ်။ စာအုပ်ကို ကြိုးနဲ့ တုပ်တားတယ်။ တခြားလူတွေလည်း ယူထုတ်ကြတယ်။ လူတစ်ချို့လည်း ဟယ်ရီလိုပဲ သူတို့စာအုပ်ကို ကြိုးနဲ့ တုပ်ချည်ထားတယ်။ ကျန်လူတွေဟာ ဒီစာအုပ်ကို ခိုင်ခံ့တဲ့ အိတ်ထဲထည့် ဒါမှမဟုတ်ရင် ညှပ်ကြီးနဲ့ ညှပ်ထားကြတယ်။

"ဘယ်သူမှ ဒီစာအုပ်ကို မဖွင့် --- မဖွင့်နိုင်ကြဘူးလား" ဟက်ဂရစ်က ပြောတယ်၊ သူ့ပုံပန်းက စိတ်ပျက်လက်မှိုင် ချနေသလိုပဲ။

ကျောင်းသား အားလုံး ခေါင်းခါကြတယ်။

"ဒီစာအုပ်တွေကို ပွတ်သပ်ပေးမှ ဖြစ်မယ်" ဟက်ဂရစ်က ပြောတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ရှင်းနေပြီးသား ကိစ္စလိုပဲ။ "ကြည့်ကြ..."

သူဟာ ဟာမီး စာအုပ်ကို ယူလိုက်ပြီး စာအုပ်ကို ကပ်ထားတဲ့ တိတ်ကို ဖြုတ်လိုက်တယ်။ ဒီစာအုပ်က လူကို ကိုက်ချင်တယ်။ ဒါပေမယ့် ဟက်ဂရစ်လက်မကြီးဟာ စာအုပ်အနှောင့်ပေါ် အထက်ကနေ အောက်ထိ သပ်ချလိုက်တာနဲ့ အဲဒီစာအုပ်ဟာ တုန်လာတယ်။ ဒိနောက် ပွင့်သွားတယ်။ သူ့လက်ထဲမှာ ငြိမ်ငြိမ်လေး ပွင့်နေတယ်။

"အော၊ ငါတို့ တယ်အ,ပါလား" မော်ဖိုင်က သရော်တော်တော် ပြောတယ်။ "ငါတို့ ဒီစာအုပ်တွေကို ပွတ်သပ်ရမှာ။ ငါတို့ ဘာဖြစ်လို့ မတွေးမိတာလဲ"

"ကျုပ်... ကျုပ် ဒီစာအုပ်တွေ ရယ်စရာ ကောင်းတယ်လို့ ထင်တယ်" ဟက်ဂရစ်က ဟာမီးကို မရေမရာ ပြောတယ်။

"အော၊ ရယ်စရာ သိပ်ကို ကောင်းတာ" မော်ဖိုင်ကပြောတယ်။ "သိပ် ဉာဏ်ကောင်းတာပဲ၊ ငါတို့ကို လက်တွေဖြဲဆုတ်ပစ်မယ့် စာအုပ်တွေ ပေးတယ်"

"ပါးစပ်ပိတ်ထား၊ မော်ဖိုင်" ဟယ်ရီက ငြိမ်သက်စွာ ပြောတယ်။ ဟက်ဂရစ်မှာ စိတ်ပျက်လက်ပျက် ဖြစ်နေတယ်။ ဟယ်ရီကတော့ ဟက်ဂရစ်ရဲ့ ပထမကျောင်းချိန် အောင်မြင်စေချင်တယ်။

"ပြောတာ မှန်တယ်" ဟက်ဂရစ်ကပြောတယ်။ သူဟာ ခေါင်းရှုပ်ပြီး စကားလုံး ရှာမရသလိုပဲ။ "ဒါဆို .... ဒါဆို မင်းတို့မှာ စာအုပ်တွေ ရှိကြပြီ ...။ .... အော .... အခု မင်းတို့ လိုအပ်တာက ထူးဆန်းတဲ့ သတ္တဝါပဲပေါ့။ မှန်တယ်။ ငါတို့ ခု ၎င်းတို့ကလို သွားရှာမယ်။ ခဏလောက်"

သူဟာ ကျောင်းသားတွေကို ထားပြီး သစ်တောထဲ ဝင်သွားတယ်။ ခဏနေတော့ သူ့ကို မတွေ့ရတော့ဘူး။

"ဘုရားသခင်၊ ဒီနေရာတော့ သွားပါပြီ" မော်ဖိုင်က အကျယ်ကြီး အော်ပြောတယ်။ "ဒီလို လူနကြီးကို ဆရာခန့်တယ်။ ငါ့အဖေကို ပြောပြလိုက်ရင်၊ ဒေါသမထွက်ပဲ နေမှာ မဟုတ်ဘူး ----"

"ပါးစပ်ပိတ်ထား၊ မော်ဖိုင်" ဟယ်ရီက ပြောပြန်တယ်။

"သတိထား၊ ပေါ်တာ၊ မင်းနောက်မှာ ဝိညာဉ်စုပ်ကောင်----"

"အား အား အား----" လာဗင်ဒါ-ဘရောင်း စူးရှစွာ အော်ရင်း ကွင်းရှေ့ဘက်ကို လက်ညှိုးထိုးပြတယ်။

ဟယ်ရီ့ဘဝမှာ မမြင်ဖူးတဲ့ ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ အကောင် ၁၂ကောင် သူတို့ရှိရာသို့ အမြန်လျှောက်လာနေတယ်။ ၎င်းတို့မှာ မြင်းရဲ့ ကိုယ်ခန္ဓာ၊ နောက်ခြေနဲ့ အမြီးရှိပြီး၊ ၎င်းတို့ရဲ့ ရှေ့ခြေ၊ တောင်ပံနှစ်ဖက်နဲ့ ဦးခေါင်းကတော့ သိမ်းငှက်နဲ့ တူတယ်။ ၎င်းတို့မှာ သံမဏိအရောင်လို နှုတ်သီးချွန်နဲ့ လင်းလက်တဲ့ လိမ္မော်ရောင်မျက်လုံးကြီးတွေ ရှိတယ်။ ၎င်းတို့ ရှေ့ခြေပေါ်က လက်သည်းတွေဟာ ပေဝက်လောက် ရှည်တယ်။ လူကို အသေသတ်နိုင်ပုံ ရတယ်။ အကောင်းတိုင်းရဲ့ လည်ပင်းမှာ သားရေလည်ပတ် ထူထူရှိတယ်။ ချိန်းကြိုးကြီးတွေ တပ်ထားတယ်။ ချိန်းကြိုးရဲ့ တစ်စဟာ ဟက်ဂရစ်လက်ထဲမှာ ကိုင်ထားတယ်။ သူဟာ ဒီသတ္တဝါတွေ နောက်ကနေ ဝိုင်းထဲကို အပြေးလေး လိုက်လာတယ်။

"ဟိုဘက်သွား" သူက ချိန်းကြိုးကို ခါယမ်းပြီး ဟောက်တယ်။ ဒီအကောင်တွေကို ကျောင်းသားတွေ ရပ်နေတဲ့ ခြံစည်းရိုးရှေ့ မောင်းလာတယ်။ ဟက်ဂရစ် ရောက်လာပြီး ဒီအကောင်တွေကို ခြံစည်းရိုးမှာ ချည်လိုက်တဲ့အခါ အားလုံး နောက် နည်းနည်း ဆုတ်သွားကြတယ်။

"ဟစ်ပိုဂရစ်ဖ်" ဟက်ဂရစ်ဟာ ပျော်ရွှင်စွာ အော်ပြောတယ်။ သူတို့ကို လက်တစ်ဖက် ယမ်းပြတယ်။ "၎င်းတို့ သိပ်ကို လှတယ်၊ မဟုတ်ဘူးလား"

ဟယ်ရီဟာ ဟက်ဂရစ်သဘောကို အနည်းနဲ့အများ နားလည်တယ်။ ဒီလို မြင်းတစ်ဝက်၊ သိမ်းငှက်တစ်ဝက် အကောင်ကို ရုတ်တရက်မြင်ရရင် လန့်ကြမှာ။ ဒါပေမယ့် တုန်လှုပ်ပြီးတာနဲ့ သင်ဟာ ၎င်းရဲ့ လက်နေတဲ့ အမွေးအရေကို ကြိုက်နှစ်သက်မှာ။ ဒီလို အရေပြားဟာ အမွေးကနေ အဆင်ပြေစွာ သားရေသို့ ကူးပြောင်းသွားပြီး၊ မတူတဲ့ အရောင်အဆင်း ရှိကြတယ်။ မီးခိုးရင့်၊ ကြေးဝါရောင်၊ ပန်းရောင်ပါတဲ့ ဖြူနီကြားအရောင်၊ အရောင်တောက်တဲ့ သစ်အယ်သီးအရောင်၊ နောက်ဆုံးက ပိတုန်းနက်ရောင်။

"ဒါဖြင့်ရင်" ဟက်ဂရစ်ကပြောတယ်။ သူဟာ လက်နှစ်ဖက် အပြန်အလှန် ပွတ်နေရင်း ကျောင်းသားတွေကို ပြုံးပြလိုက်တယ်။ "မင်းတို့ နည်းနည်း အနီးကပ်ချင်ရင်..."

ဘယ်သူမှ ဒီလို လုပ်ချင်ပုံ မပေါ်ဘူး။ သို့ပေမယ့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ သတိရှိရှိနဲ့ ခြံစည်းရိုးဆီ လျှောက်သွားတယ်။

"ကောင်းပြီ၊ ဟစ်ပိုဂရစ်ဖ်နဲ့ ပတ်သက်ပြီး မင်းတို့ သိသင့်တဲ့ ပထမဆုံးအကြောင်းကတော့၊ ၎င်း ဟာ မာနကြီးတယ် ဆိုတာပဲ" ဟက်ဂရစ်က ပြောတယ်။ "သူတို့ကို လွယ်လွယ်နဲ့ စိတ်ဆိုးသွားစေနိုင်တယ်။ ဟစ်ပိုဂရစ်ဖ်ကို ဘယ်တော့မှ စိတ်ဆိုးအောင် မလုပ်ပါနဲ့၊ အကြောင်းက ဒါဟာ မင်းတို့ မလုပ်ချင်ဆုံး ကိစ္စဖြစ်မှာမို့ပဲ"

မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ဟာ နားမထောင်ကြဘူး။ သူတို့ဟာ တိုးတိုး စကားပြောနေတယ်။ ဟယ်ရီ့မှာ အလွန် မပျော်ရွှင်တဲ့ ခံစားမှု ရှိတယ်။ အဲဒါက တော့ ၎င်းတို့ဟာ ဒီသင်တန်းကို ကြံဖန်ပြီး ဖျက်ဆီးနေလို့ပဲ။

"သင်တို့ဟာ ဟစ်ပိုဂရစ်ဖ် အရင်ဆုံး လှုပ်ရှားတာကို စောင့်စားရမယ်" ဟက်ဂရစ် ဆက်ပြောတယ်။ "ဒါဟာ ယဉ်ကျေးမှုပဲ၊ နားလည်ကြလား။ သင် ၎င်းတို့ဆီ လျှောက်သွားရင် ဦးညွတ်အလေးပြုပြီး စောင့်နေပါ။ တကယ်လို့ ၎င်းက သင့်ကို ပြန်ဦးညွတ်ပြရင်၊ ၎င်းကို ထိတွေ့လို့ရပြီ။ တကယ်လို့ ၎င်းက ပြန်ဦးညွတ်မပြဘူးဆိုရင်၊ ၎င်းကို အမြန်ခွဲခွာသွားပါ။ အကြောင်းက ဒီလက်သည်းတွေက ဒုက္ခပေးမှာမို့ပဲ။

"ကောင်းပြီ ---- ဘယ်သူ ပထမဦးဆုံး လာမလဲ"

အဖြေအနေနဲ့၊ ကျောင်းသားအများစုဟာ နောက်ဆုတ်သွားကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့တောင် ကြောက်နေကြတယ်။ သတ္တဝါဆန်းတွေဟာ ဒေါသနဲ့ ဦးခေါင်းကို လှုပ်ခါနေတယ်။ အားရှိတောင့်တင်းတဲ့ တောင်ပံနှစ်ခုကို ဖြန့်ကြက်ထားတယ်။ ၎င်းတို့ ဒီလို ချုပ်နှောင်ခံထားရတာကို မကြိုက်တဲ့ပုံပဲ။

"တစ်ယောက်မှ မရှိဘူးလား" ဟက်ဂရစ်က မေးတယ်။ တောင်းပန်တဲ့ အရိပ်အယောင် ပေါ်နေတယ်။

"ကျွန်တော်လာမယ်" ဟယ်ရီကပြောတယ်။

သူ့ ကျောဘက်မှာ တစ်ယောက်က သက်ပြင်းရှိုက်လိုက်တယ်။ လာဗင်ဒါနဲ့ ပါဗာထီတို့က တိုးတိုးပြောတယ်။

"အော၊ ဟင့်အင်း၊ ဟယ်ရီ။ နင့်လက်ဖက်ခြောက်ဖတ်ကို သတိရပါ"

ဟယ်ရီက သူတို့ကို ဂရုမစိုက်ဘူး။ ဝိုင်းရဲ့ ခြံစည်းရိုးကို ကျော်ဝင်သွားတယ်။

"ဟယ်ရီ၊ လူတော်" ဟက်ဂရစ်က အော်ပြောတယ်။

"ကောင်းပြီ --- မင်းနဲ့ ဘတ်ခ်ဘိခ်လို့ ခေါ်တဲ့ ထူးဆန်းသတ္တဝါ ဘယ်လို ဆက်ဆံတယ်ဆိုတာ ကြည့်ကြရအောင်"

သူက ချိန်းကြိုးတစ်ချောင်းကို ဖြုတ်ပေးလိုက်တယ်။ ဘတ်ခ်ဘိခ်ကို ၎င်းအဖော်တွေအနားက ဆွဲခေါ်ပြီး ၎င်းရဲ့ သားရေလည်ပတ်ကို ဖြုတ်ပစ်လိုက်တယ်။ ခြံစည်းရိုး ဟိုဘက်ရှိ ကျောင်းသားအားလုံးဟာ အသက်အောင့်ထားကြတယ်။ မော်ဖိုင်ရဲ့ မျက်စိဟာ စိတ်ယုတ်နဲ့ မှေးကြည့်နေတယ်။

"စိတ်လျှော့ထား၊ ကောင်းပြီ၊ ဟယ်ရီ" ဟက်ဂရစ်က အေးဆေးစွာ ပြောတယ်။ "မင်းနဲ့ သူ အပြန်အလှန် စိုက်ကြည့်ရမယ်၊ မျက်တောင်မခတ်အောင် ကြိုးစား --- မင်းမျက်တောင် သိပ်ခတ်ရင်၊ အကောင်ဆန်းက မင်းကို ယုံကြည်မှာ မဟုတ်ဘူး..."

ဟယ်ရီ့မျက်လုံးတွေ မျက်ရည်ကျတော့မယ်။ ဒါပေမယ့် သူ မျက်စိမမှိတ်ဘူး။ ဘတ်ခ်ဘိခ်ဟာ ၎င်းရဲ့ ခေါင်းကြီးကြီး ချွန်ချွန်ကို လှည့်လာတယ်။ ဒေါထနေတဲ့ လိမ်မော်ရောင် မျက်လုံးကြီးနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။

"ဟုတ်ပြီ" ဟက်ဂရစ်က ပြောတယ်။ "ဒီလို ဟုတ်ပြီ။ ဟယ်ရီ.... အခု၊ ဦးညွှတ် အလေးပြု..."

ဟယ်ရီဟာ မိမိရဲ့ ဂုတ်ကို ဘတ်ခ်ဘိခ်ရှေ့မှာ ဖော်မပြချင်ဘူး။ ဒါပေမယ့် သူပြောတဲ့အတိုင်း လုပ်လိုက်တယ်။ သူဟာ အသာလေးဦးညွှတ်ပြီး ကိုယ်ကို မတ်လိုက်တယ်။

အဲဒီအကောင်ဆန်းဟာ ရန်လိုစွာ ကြည့်မြဲ ကြည့်နေတယ်။ ၎င်းမလှုပ်ဘဲ နေတယ်။

"အား" ဟက်ဂရစ်က ပြောတယ်။ သူ့အသံဟာ ပူပင်တဲ့သဘော ပါနေတယ်။ "ကောင်းပြီ--- နောက်ဆုတ်လိုက်၊ အခုဆုတ်။ ဟယ်ရီ၊ စိတ်လျှော့ပြီး နောက်ဆုတ်---"

ဒါပေမယ့် အဲဒီအချိန်မှာပဲ ဟယ်ရီ အံ့သြသွားရတာက အဲဟို အကောင်ဆန်းဟာ ၎င်းရဲ့ အကြေးခွံရှိတဲ့ ရှေ့ခြေကို ကွေးပြီး ကိုယ်ကို နှိမ့်ချလိုက်တယ်။ ဦးညွှတ်လိုက်တယ်ဆိုတာ ရှင်းနေပါတယ်။

"ကောင်းပြီ၊ ဟယ်ရီ"ဟက်ဂရစ်ဟာ ဝမ်းသာအားရနဲ့ ပြောတယ်။ "ဟုတ်ပြီ----မင်းအခု သူ့ကို သွားထိလို့ရပြီ။ သူ့နှုတ်သီးကိုပုတ်၊ ပုတ်လေ"

ဟယ်ရီဟာ သူ သွားမပုတ်ဘဲနေရင် ပိုပြီး ကောင်းမွန်တဲ့ လက်ဆောင် တစ်ခု ပျောက်ဆုံးသွားတော့မယ်လို့ ခံစားရတယ်။ သူဟာ အဲဒီ အကောင်ဆန်းဆီ ဖြည်းဖြည်း လျှောက်သွားတယ်။ လက်ကိုလည်း ဆန့်ထုတ်ပြီး ၎င်းရဲ့ နှုတ်သီးကို လေးငါးချက် ပုတ်လိုက်တယ်။ အဲဒီ အကောင်ဆန်းဟာ ပျင်းရိစွာ မျက်စိမှိတ်ထားတယ်။ သူ ဒီလို ပုတ်တာ သိပ်နှစ်သက်သလိုပဲ။

ကျောင်းသားအားလုံး လက်ခုပ်တီးကြတယ်။ ဒါပေမယ့် မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့တော့ မပါဘူး။ သူတို့ဟာ သိပ် စိတ်ပျက်နေသလိုပဲ။

"ကောင်းတယ်၊ ဟယ်ရီ" ဟက်ဂရစ်က ပြောတယ်။ "၎င်းက မင်းတက်စီးတာ လက်ခံမယ်လို့ ကျုပ်ထင်တယ်"

ဒါဟာ ဟယ်ရီ့ မျှော်လင့်တာထက် ကျော်နေပြီ။ သူဟာ မိုးပျံတံမြက်စည်းကို စီးကျင့်ရှိတယ်။ ဒါပေမယ့် အကောင်ဆန်းကိုစီးတာ တံမြက်စည်းစီးတာနဲ့ တူသလားဆိုတာ မခန့်မှန်းနိုင်ဘူး။

"မင်း ဒီကနေ တက် တောင်ပံအဆစ်နေရာ" ဟက်ဂရစ်က ပြောတယ်။ "သူ့ အမွေးတွေ မကျွတ်စေနဲ့။ မင်း ဒီလိုလုပ်ရင် သူမကြိုက်ဘူး..."

ဟယ်ရီဟာ ခြေတစ်ဖက်ကို ဘတ်ခ်ဘိခ်ရဲ့ တောင်ပံပေါ်နင်းပြီး ၎င်းရဲ့ ကျောပေါ်တက်လိုက်တယ်။ ဘတ်ခ်ဘိခ်ဟာ မတ်တတ်ရပ်လိုက်တယ်။ ဟယ်ရီဟာ ဘယ်နား ဖမ်းကိုင်ထားရမှန်း မသိဘူး။ သူ့ရှေ့က နေရာတိုင်းမှာ အမွေးတွေချည်း ဖုံးနေတယ်။

"ဆက်လုပ်" ဟက်ဂရစ်က အော်ပြောရင်း ဒီအကောင်ဆန်းရဲ့ တင်ပါးကို ပုတ်လိုက်တယ်။

ကြိုတင်မှာကြားခြင်းမရှိ။ ၁၂ပေရှည်တဲ့ တောင်ပံနှစ်ခုဟာ ဟယ်ရီ့ဘေးနှစ်ဖက်မှာ ပြန့်ကားနေတယ်။ အထက်သို့ ပျံတက်တဲ့အခါမှာ ဟယ်ရီက အကောင်ဆန်းရဲ့ လည်ပင်းကို ဖက်ထားတယ်။ ဒါဟာ တံမြက်စည်း စီးတာနဲ့ နည်းနည်းမှ မတူဘူး။ မိမိဟာ ဟိုဥစ္စာကိုပဲ စီးချင်တယ်လို့ ဟယ်ရီသိတယ်။ အကောင်ဆန်းရဲ့ တောင်ပံနှစ်ဖက်ဟာ အဆက်မပြတ် ရိုက်ခတ်နေတယ်။ သူ့ခြေထောက်ကို မပြတ်တမ်း လာထိနေလို့ နေလို့မကောင်းဘူး။ အောက်ပြုတ်ကျတော့မလို ခံစားရတယ်။ ချောပြီးလက်နေတဲ့ အမွေးတွေဟာ သူ့လက်ချောင်းတွေအောက်မှာ လှုပ်လှဲနေတယ်။ သူက တအား ဖမ်းဆွဲမထားဝံ့ဘူး။ အကောင်ဆန်းရဲ့ တင်ပါးဟာလည်း တောင်ပံနဲ့အတူ တက်ချည်ကျချည် ဖြစ်နေတယ်။ မိမိ ရှေ့နောက် ယိမ်းယိုင်နေတယ်လို့ ခံစားရတယ်။ အလင်းစကြာနှစ်ထောင်လို ပြေပြစ်တဲ့ ခံစားမှုနဲ့ ဘာမှ မဆိုင်ဘူး။

ဘတ်ခ်ဘိခ်ဟာ သူ့ကိုတင်ပြီး ဝိုင်းအပေါ်မှာ တစ်ပတ်ပျံသန်းပြီး မြေပြင်ကို ပြန်လာတယ်။ ဒါကတော့ ဟယ်ရီ အကြောက်ဆုံးပဲ။ ချောမွတ်တဲ့ လည်ပင်း နိမ့်ဆင်းသွားတယ်။ ဟယ်ရီက နောက်သို့ဆုတ်တယ်။ ၎င်းရဲ့ နှုတ်သီးပေါ်ကနေ ချောကျသွားတော့မလို ဖြစ်နေတယ်။ ဒီနောက်၊ အကောင်ဆန်းရဲ့ မညီညာတဲ့ ခြေထောက်လေးချောင်း မြေနဲ့ ထိသွားတယ်။ ပြင်းထန်စွာ တိုက်ခတ်တာ ဟယ်ရီ ခံစားရတယ်။ မနည်းဖမ်းထားလို့ ချောမကျတယ်။ သူဟာ မိမိကိုယ်ကို နောက်ထပ် မတ်လိုက်တယ်။

"သိပ်တော်တယ်၊ ဟယ်ရီ" ဟက်ဂရစ်က အော်ပြောတယ်။ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးမှအပ အားလုံး သြဘာပေးကြတယ်။ "ကောင်းပြီ၊ ဘယ်သူစမ်းကြည့်ချင်သေးလဲ"

ကျောင်းသားအားလုံးဟာ ဟယ်ရီကြောင့် အားတက်ကြပြီး သတိနဲ့ ဝိုင်းထဲဝင်ခဲ့ကြတယ်။ ဟက်ဂရစ်ဟာ ချိန်းကြိုးတစ်ခုပြီးတစ်ခု ဖြုတ်ပေးတယ်။ မကြာခင်မှာဘဲ ဝိုင်းထဲမှာ စိတ်လှုပ်ရှားစွာ ဦးညွှတ်အလေးပြုနေသူတွေကို နေရာတကာမှာ တွေ့ရတယ်။ နီဗီးဟာ မိမိရဲ့ အကောင်ဆန်း ရှေ့ကနေ အကြိမ်တစ်ချို့ ထွက်ပြေးခဲ့ရတယ်။ အဲဒီ အကောင်ဆန်းဟာ မိမိဒူးကို ကွေးချင်ပုံမရဘူး။ ရွန်နဲ့ ဟာမီးဟာ သစ်အယ်သီးရောင် အကောင်ဆန်းကို ဦးညွှတ်အလေးပြုနေတယ်။ ဟယ်ရီက ဘေးက ကြည့်နေတယ်။

မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့က ဘတ်ခ်ဘိခ်ကို ယူကြတယ်။ ၎င်းက မော်ဖိုင်ကို ဦးညွှတ်အလေးပြုတယ်။ မော်ဖိုင်ဟာ ၎င်းရဲ့ နှုတ်သီးကို ပုတ်နေတယ်။ ရွံ့ရှာတဲ့ အမူအရာ ပေါ်နေတယ်။

"ဒါလွယ်လွယ်လေးပါ" မော်ဖိုင်က ဆွဲဆွဲငင်ငင် ပြောတယ်။ အသံက ဟယ်ရီကြားလောက်အောင် ကျယ်တယ်။ "ပေါ်တာလုပ်နိုင်ရင်တော့ အဲဒါ အထူးလွယ်တာပဲ ဖြစ်မယ် .... မင်းဟာ နည်းနည်းမှ အန္တရာယ်မရှိဘူး ဆိုတာ ငါလောင်းဝံ့တယ်။ မဟုတ်ဘူးလား" သူက အကောင်ဆန်းကို ပြောတယ်။ "မင်း အန္တရာယ် မရှိပါဘူးနော်၊ အကျည်းတန်တဲ့ တိရစ္ဆာန်ကြီး"

သံမဏိရောင်လက်သည်းကြီးယမ်းလိုက်တာနဲ့ မော်ဖိုင် ခြစ်အော်သံ ထွက်လာတယ်။ ဟက်ဂရစ်ဟာ မော်ဖိုင်ကို ဝင်အုပ်ဖို့ ရုန်းကန်နေတဲ့ ဘတ်ခ်ဘိခ်ကို လည်ပတ်အတင်းပြန်စွပ်ပေးလိုက်တယ်။ မော်ဖိုင်ဟာ မြက်ခင်းပေါ်မှာ ကွေးနေတယ်။ ဝတ်ရုံရှည်ပေါ်မှာ သွေးကွက်တွေ ပေါ်နေတယ်။

"ငါ သေတော့မယ်" မော်ဖိုင်က အော်တယ်။ အားလုံး ပျာနေကြတယ်။

"ငါ သေတော့မယ်၊ ကြည့်ပါဦး၊ ၎င်းက ငါ့ကို သတ်တယ်"

"မင်းမသေနိုင်ပါဘူး" ဟက်ဂရစ်က ပြောတယ်။ မျက်နှာဖြူဖပ်နေတာပဲ။ "ဘယ်သူ ကျုပ်ကို ကူညီမလဲ --- သူ့ကို ဒီကသယ်သွားမှ ဖြစ်မယ် ----"

ဟာမီးဟာ ပြေးပြီး တံခါးမကြီးကို ဖွင့်လိုက်တယ်။ ဟက်ဂရစ်ကတော့ မော်ဖိုင်ကို အလွယ်တကူ မယူလိုက်တယ်။ သူတို့ ဖြတ်သွားတဲ့အခါမှာ မော်ဖိုင့်လက်မောင်းမှာ ဟက်တက်ကွဲရာ နက်နက်ရှည်ရှည်ကြီးကို ဟယ်ရီမြင်ရတယ်။ သွေးတွေ မြက်ပေါ်စီးကျတယ်။ ဟက်ဂရစ်ဟာ သူ့ကို သယ်ပြီး ကုန်းလျှောကို တက်ကာ ရဲတိုက်ဆီ ပြေးသွားတယ်။

ထူးဆန်းသတ္တဝါ ကာကွယ်တဲ့ သင်ခန်းစာတက်တဲ့ ကျောင်းသားတွေ အလွန်တုန်လှုပ်ကြတယ်။ အားလုံး နောက်က လိုက်သွားကြတယ်။ စလေးသရင်းက ကျောင်းသားတွေ ဟက်ဂရစ်နဲ့ ပတ်သက်တဲ့ စကားတွေ အော်ဟစ်နေတယ်။

"သူ့ကို ချက်ချင်းထုတ်ပစ်သင့်တယ်" ဖန်ဇီ ဖတ်ကင်ဆန်က မျက်ရည်နဲ့ ပြောတယ်။

"ဒါ မော်ဖိုင့်အမှား" ဒင်း-သောမတ်စ်က တင်းတင်းပြောတယ်။ ခရပ်နဲ့ ဂိုးဟာ ခြိမ်းခြောက်တဲ့အနေနဲ့ သူတို့ ကြွက်သားတွေ ညှစ်ပြတယ်။

အားလုံး ကျောက်လှေခါးထစ်ကို တက်ခဲ့ပြီး လူတစ်ယောက်မှ မရှိတဲ့ ရှေ့ခန်းထဲ ရောက်လာတယ်။

"သူ ဘာမှ မဖြစ်တော့ဘူးလားဆိုတာ ငါ သွားကြည့်လိုက်ဦးမယ်" ဖန်စီက ပြောတယ်။ အားလုံး သူမ မာဘယ်ကျောက်လှေခါးကို ပြေးတက်သွားတာ ကြည့်နေကြတယ်။ စလေးသရင်းက ကျောင်းသားတွေဟာ ဟက်ဂရစ်ကို ပြောနေကြတုန်းပဲ။ ရဲတိုက်ပင်မ အဆောက်အဦရှိ မိမိတို့ရဲ့ အများနားနေခန်းဆီ လျှောက်သွားကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ဂရစ်ဖင်းဒေါ အိမ်ချွန်ဆီ တက်သွားကြတယ်။

"သူ ဘာမှ မဖြစ်ပါဘူးနော်" ဟာမီးက စိုးရိမ်စွာ ပြောတယ်။

"ဘာမှ မဖြစ်နိုင်ပါဘူး။ မဒမ် ဖွမ်ဖရေဟာ တစ်မိနစ်ထဲနဲ့ သူ့ဒဏ်ရာကို ချုပ်ပြီးသွားမှာ" ဟယ်ရီက ပြောတယ်။ ဆရာမကြီးဟာ မိမိရဲ့ ဒီထက်များစွာဆိုးတဲ့ ဒဏ်ရာကို ထူးဆန်းစွာ ကုသပေးခဲ့ဖူးတယ်။

"ဒါပေမယ့် ဟက်ဂရစ်ရဲ့ ပထမသင်ခန်းစာမှာ ဒီလို ဖြစ်ရတာ ဆိုးတာပဲ၊ မဟုတ်ဘူးလား" ရွန်က ပြောတယ်။ စိုးရိမ်တကြီးနဲ့ "မော်ဖိုင်ကတော့ ဒီကိစ္စကို ပိုဆိုးအောင် လုပ်လိမ့်မယ် ...."

ညစာစားချိန်မှာ သူတို့ဟာ ခန်းမထဲ ပထမဆုံးအသုတ် ရောက်လာကြတယ်။ အဲဒီမှာ ဟက်ဂရစ်ကို မြင်တွေ့ရချင်တယ်။ ဒါပေမယ့် သူ အဲဒီမှာ မရှိဘူး။

"သူတို့ သူ့ကို ထုတ်မပစ်ပါဘူးနော်၊ ထုတ်မလား" ဟာမီးက ပူပင်စွာ မေးတယ်။ သူ့ရှေ့မှာရှိတဲ့ အမဲသား၊ ကျောက်ကပ်ပူတင်းကို ထိတောင်မထိဘူး။

"သူ့ကို မထုတ်ရင် အကောင်းဆုံးပဲ" ရွန်က ပြောတယ်။ သူလည်း မစားဘူး။

ဟယ်ရီက စလေးသရင်းစားပွဲကို ကြည့်နေတယ်။ ခရပ်တို့ ဂိုးတို့ အပါအဝင် လူတစ်အုပ်ကြီး ပူးကပ်ပြီး အသားကုန် ပြောဆိုနေကြတယ်။ မော်ဖိုင်ဘယ်လို ဒဏ်ရာရခဲ့တယ်ဆိုတာကို လုပ်ကြံပြောနေကြတယ်လို့ ဟယ်ရီယုံကြည်တယ်။

“ကဲ၊ ဒီပထမနေ့ ဘာစိတ်ဝင်စားစရာမှ မရှိဘူးလို့ ပြောလို့မရဘူး မဟုတ်လား” ရွန်က မှုန်ကုပ်စွာ ပြောတယ်။

ညစာစားပြီးနောက် သူတို့ ဂရစ်ဖင်းဒေါ အများနားနေခန်းဆီ တက်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါပေးထားတဲ့ အိမ်စာလုပ်ဖို့ ဖြစ်တယ်။ ဒါပေမယ့် သုံးယောက်စလုံး မကြာခဏ ရပ်ရပ်ပြီး အိမ်ချွန်ပြတင်းအပြင်ဘက်ကို ကြည့်ကြတယ်။

“ဟက်ဂရစ် ပြတင်းပေါက်မှာ မီးရောင်ရှိတယ်” ဟယ်ရီက ရုတ်တရက် ပြောတယ်။

ရွန်က သူ့နာရီကို ကြည့်လိုက်တယ်။

“ငါတို့ မြန်မြန်လုပ်ရင် အောက်ဆင်းပြီး သူ့ကို သွားကြည့်နိုင်တယ်။ အချိန်စောသေးတယ်......”

“ငါ မသိဘူး” ဟာမီးက ဖြည်းဖြည်းပြောတယ်။ သူမ သူ့ကို တစ်ချက်လှမ်းကြည့်တာ ဟယ်ရီ မြင်လိုက်တယ်။

“ငါ မြက်ခင်းကို ဖြတ်သွားလို့ ရတယ်” သူက ဒဲ့ဒိုးပဲ ပြောလိုက်တယ်။ “ဆီးရီးအက်စ်ကြယ် ဘလက်ဟာ ဝိညာဉ်စုပ်ကောင်ကို ကျော်မသွားသေးဘူးနော်၊ ဟုတ်လား”

ဒီလိုနဲ့ သူတို့ဟာ ပစ္စည်းတွေ သိမ်းဆည်းပြီး အရုပ်ကားအပေါက်က ထွက်ခဲ့တယ်။ ဝမ်းသာစရာကောင်းတာက လမ်းမှာ ဘယ်သူနဲ့မှမတိုးဘဲ တံခါးမကြီးဆီ ရောက်လာတယ်။ သူတို့ ထွက်ခွင့်ရမရ မသေချာဘူး။

မြက်ခင်းဟာ စိုနေဆဲ။ ညရောင်မှာ မည်းနေတယ်။ သူတို့ ဟက်ဂရစ် အိမ်လေးရောက်တော့ တံခါးခေါက်လိုက်တယ်။ အသံတစ်သံက အော်ပြောတယ်။ “ဝင်ခဲ့”

ဟက်ဂရစ်ဟာ ရုပ်အင်္ကျီသာဝတ်ပြီး သန့်သန့်ရှင်းရှင်း သုတ်သင်ထားတဲ့ သစ်သားစားပွဲဘေး ထိုင်နေတယ်။ သူ့တောလိုက် ခွေးအစွယ်ကြီးဟာ ခေါင်းကို ဟက်ဂရစ်ပေါင်ပေါ် တင်ထားတယ်။ ကြည့်လိုက်ရုံနဲ့ ဟက်ဂရစ်ဟာ အရက်အများကြီး သောက်ထားမှန်း သိသာတယ်။ သူ့ရှေ့မှာ ရေပုံးလောက်ကြီးတဲ့ မတ်ခွက်ကြီးရှိတယ်။ သူတို့ကိုလည်း ရှင်းရှင်း မမြင်သလိုပဲ။

“ဒါ စံချိန်သစ်တင်တာပဲ ဖြစ်မယ်” သူဟာ သူတို့မှန်း သိပြီးနောက် အာလေးလျှာလေးနဲ့ ပြောတယ်။ “သူတို့မှာ တစ်ရက်ထဲလုပ်တဲ့ဆရာ အရင်က မရှိသေးဘူးနဲ့ တူတယ်”

“အလုပ်မဖြုတ်သေးဘူး မှုတ်လား၊ ဟက်ဂရစ်”ဟာမီးက မောမောနဲ့ ပြောတယ်။

“မဖြုတ်သေးဘူး” ဟက်ဂရစ်က ဝမ်းနည်းစွာ ပြောတယ်။ မတ်ခွက်ထဲက ဘာမှန်းမသိတာ တစ်လုတ် သောက်လိုက်ပြန်တယ်။ “ဒါပေမယ့်၊ ဒါအချိန် ပြဿနာပါပဲ။ မဟုတ်ဘူးလား။ မော်ဖိုင်က ....”

“သူ အခု ဘယ်လိုလဲ” ရွန်က ပြောတယ်။ အခု သူတို့ အားလုံး ထိုင်ကြပြီ။

“ဒဏ်ရာမပြင်းဘူး မဟုတ်လား ....”

“မဒမ် ဖွမ်ဖရေက အတတ်နိုင်ဆုံး ကုပေးနေတယ်” ဟက်ဂရစ်က ဆုတ်ဆိုင်းဆိုင်း ပြောတယ်။ “ဒါပေမယ့် သူကတော့ သိပ်နာတယ်လို့ပဲ ပြောနေတယ်.... ပတ်တီးနဲ့ ထုပ်ပြီးတာတောင် .... ညည်းညူနေတုန်းပဲ ...”

“သူ ဟန်ဆောင်နေတာ” ဟယ်ရီက ချက်ချင်းပြောတယ်။ “မဒမ် ဖွမ်ဖရေ ဘာမဆို ကုနိုင်တယ်။ မနှစ်က သူမဟာ ကျွန်တော့်အရိုး တစ်ဝက်ကို ပြန်ပေါက်အောင် ကုခဲ့တယ်။ မော်ဖိုင်ဟာ ဒီကိစ္စကို သူ့အတွက် အတတ်နိုင်ဆုံး အသုံးချမှာ”

“ကျောင်းက တာဝန်ရှိသူတွေ ဒီကိစ္စကို သိမှာအမှန်ပဲ” ဟက်ဂရစ် ဝမ်းနည်းစွာ ပြောတယ်။ “သူတို့က ကျုပ်သိပ်အတင့်ရဲတယ်လို့ ထင်တယ်။ နောက်မှ ဟစ်ပိုဂရစ်ဖ်ကို သင်ရမှာ .... ဖလိုဘာခူကောင် ဒါမှမဟုတ် တစ်ခုခုပြီးမှ .... အစက ပထမသင်ခန်းစာ ကောင်းကောင်း သင်နိုင်မယ်ထင်တာ .... ခု ကျုပ်အပြစ်ပဲ....”

“ဒါ မော်ဖိုင့်အပြစ်၊ ဟက်ဂရစ်” ဟာမီးက စိတ်ရင်းနဲ့ ပြောတယ်။

“ကျွန်တော်တို့ အားလုံး မျက်မြင်သက်သေတွေပဲ” ဟယ်ရီက ပြောတယ်။ “ခင်ဗျား ပြောထားတယ်၊ အကောင်ဆန်းကို စော်ကားရင် ၎င်းက တိုက်ခိုက်လိမ့်မယ်ဆိုတာလေ။ မော်ဖိုင်က နားမထောင်ဘူး။ ဒါ သူ့အပြစ်ပဲ။ ကျွန်တော်တို့ အဖြစ်မှန်ကို ဒမ်ဘာလီဒိုး ပြောပြမယ်”

“ဟုတ်တယ်၊ မစိုးရိမ်ပါနဲ့၊ ဟက်ဂရစ်။ ကျွန်တော်တို့ ခင်ဗျားကို ထောက်ခံမှာပါ” ရွန်က ပြောတယ်။

မျက်ရည်တွေဟာ ဟက်ဂရစ်ရဲ့ မည်းညစ်တဲ့ မျက်စိဘေးက အရေးကြောင်းတွေကြားက စီးကျလာတယ်။ သူက ဟယ်ရီနဲ့ ရွန်ကို သူ့ဘက် ဆွဲယူလိုက်တယ်။ သူတို့ကို အရိုးကျိုးမတတ် ဖက်ထားတယ်။

“ရှင်သောက်တာ သိပ်များနေပြီ ထင်တယ်။ ဟက်ဂရစ်” ဟာမီးက ပြတ်ပြတ်သားသား ပြောတယ်။ သူမဟာ မတ်ခွက်ကြီးကို စားပွဲပေါ်က ယူသွားပြီး အပြင်ဘက်မှာ သွန်ပစ်လိုက်တယ်။

“အား၊ သူမပြောတာ မှန်တယ်ထင်တယ်” ဟက်ဂရစ်က ပြောရင်း ဟယ်ရီနဲ့ ရွန်ကို လွှတ်လိုက်တယ်။ သူတို့နှစ်ယောက် နောက်သို့ ကယိမ်းကယိုင် ဆုတ်သွားတယ်။ မိမိတို့နံရိုးကိုလည်း ပွတ်သပ်နေကြတယ်။ ဟက်ဂရစ်ဟာ ထိုင်ခုံပေါ်က ခက်ခဲစွာ မတ်တတ်ရပ်လိုက်တယ်။ ဟိုတစ်လှမ်း ဒီတစ်လှမ်းနဲ့ ဟာမီးနောက်ကလိုက်ပြီး အပြင်ထွက်သွားတယ်။ သူတို့ဟာ ရေပက်သံကျယ်ကျယ် ကြားရတယ်။

“သူ ဘာလုပ်သလဲ” ဟယ်ရီက စိုးရိမ်စွာ ပြောတယ်။ ဒီအချိန်မှာ ဟာမီး ဝင်လာတယ်။ လက်ထဲမှာ ဟိုအရက်ခွက်ကြီးနဲ့။

“သူ ခေါင်းကို ရေပုံးကြီးထဲ နှစ်လိုက်တယ်” ဟာမီးကပြောရင်း မတ်ခွက်ကြီးကို တစ်နေရာမှာ ထားလိုက်တယ်။

ဟက်ဂရစ် ပြန်ဝင်လာတယ်။ ဆံပင်ရှည်နဲ့ မုတ်ဆိတ်တွေ စိုရွှဲနေတယ်။ မျက်စိကရေကို သုတ်ပစ်လိုက်တယ်။

“ဒါဆို အများကြီး သက်သာသွားပြီ” သူက ပြောရင်း ခွေးလို ခေါင်းကို ခါလိုက်တယ်။ ရေပေါက်တွေ သူတို့ကိုယ်ပေါ် ကျလာတယ်။ “နားထောင်၊ မင်းတို့ ဒီကို ကျုပ်လာတွေ့တာ၊ ဒါ မင်းတို့ ငါ့ပေါ်မှာ ကောင်းတာ၊ ကျုပ်တကယ့်ကို----”

ဟက်ဂရစ် ရုတ်တရက် အသံတိတ်သွားတယ်။ ဟယ်ရီ့ကို ပြူးကြည့်နေတယ်။ အခုမှ သူ့ကို ဒီမှာ ရှိတာ တွေ့ရသလိုပဲ။

“မင်း ဘာများလုပ်နေတယ် ထင်နေသလဲ၊ ဟင်” သူက ဟောက်တယ်။ ရုတ်တရက်ကြီးမို့ သူတို့ လန့်ပြီး အမြင့်ကြီး ခုန်လိုက်ကြတယ်။ “မိုးချုပ်ပြီးနောက် မင်း လျှောက်မသွားသင့်ဘူး၊ ဟယ်ရီ။ ပြီးတော့ မင်းတို့ နှစ်ယောက်။ သူ့ကို ဒီလာခိုင်းတယ်တဲ့”

ဟက်ဂရစ်ဟာ ဟယ်ရီနားသွားပြီး သူ့လက်မောင်းကို ဖမ်းကိုင်ကာ တံခါးဆီ ဆွဲခေါ်သွားတယ်။

“သွားတော့” ဟက်ဂရစ် စိတ်ဆိုးစွာ ပြောတယ်။ “ကျုပ် မင်းတို့ သုံးယောက်ကို ကျောင်းလိုက်ပို့မယ်။ နောက်ထပ် မိုးချုပ်ကြီး ကျုပ်ကို လာတွေ့တာ မမြင်ရစေနဲ့။ ကျုပ် ဒီလောက် မထိုက်တန်ဘူး”

• • • • • •

## ၇။ အဝတ်ဗီရိုထဲက ဘော့ဂတ်

မော်ဖိုင်ဟာ ကြာသပတေးနေ့ နံနက်ကျမှ ကျောင်းပြန်လာတက်တယ်။ ထိုစဉ်တွင် စလေးသရင်းနဲ့ ဂရစ်ဖင်းဒေါဟောက်စ်ကျောင်းက ကျောင်းသားတွေ မှော်ဆေးရည် နှစ်မျိုးစပ်နည်းသင်တာ တစ်ဝက်ရောက်နေပြီ။ သူဟာ ယိမ်းယိမ်းယိုင်ယိုင်နဲ့ ရဲတိုင်ပင်မအဆောင်ကို ဝင်လာတယ်။ ယာလက်မောင်းမှာ ပတ်တီးစည်းထားတယ်။ လက်ကို လည်ပင်းမှာ ကြိုးနဲ့ ချိတ်ဆွဲထားတယ်။ ဟယ်ရီကတော့၊ သူဟာ ကြောက်စရာတိုက်ပွဲတစ်ပွဲက မသေလို့ ပြန်ရောက်လာတဲ့ ဂိုက်ဖမ်းနေတယ်လို့ မြင်တယ်။

"ဘယ်လိုလဲ၊ ဂျာခို" ဖန်စီ–ဖတ်ကင်ဆန်က ကြောင်တောင်တောင် ရယ်ပြီး မေးတယ်။ "သိပ်နာသလား"

"နာတာပေါ့" မော်ဖိုင်က ပြောတယ်။ အလွန်ရဲရင့်ဟန် လုပ်ပြတယ်။ ဒါပေမယ့် ဖန်စီ တခြားဘက်လှည့်ကြည့်တဲ့အခါမှာတော့ သူက ခရပ်နဲ့ ဂိုးကို မျက်စိမှိတ်ပြတာ ဟယ်ရီမြင်ရတယ်။

"ထိုင်ကြ၊ ထိုင်ကြ" ပါမောက္ခ စနိတ်ပ်က ပျင်းရိစွာ ပြောတယ်။

ဟယ်ရီနဲ့ ရွန်ဟာ မျက်နှာပျက်ပျက်နဲ့ အပြန်အလှန် ကြည့်လိုက်ကြတယ်။ တကယ်လို့ သူတို့သာ နောက်ကျတယ်ဆိုရင် စနိတ်ပ်က "ထိုင်ကြ"လို့ ပြောမှာ မဟုတ်ဘူး။ သူက သူတို့ကို ညနေကျောင်းပိတ်ထားမှာ။ ဒါပေမယ့် မော်ဖိုင်ဟာ စနိတ်ပ် စာသင်ချိန်မှာ ဘာပဲဖြစ်ဖြစ်၊ အန္တရာယ်ကင်းကင်း နေနိုင်တယ်။ စနိတ်ပ်ဟာ စလေးသရင်းဟောက်စ်ကျောင်းက ကျောင်းအုပ်။ ယေဘုယျအားဖြင့် မိမိ ဟောက်စ်က ကျောင်းသားကို ဦးစားပေး စဉ်းစားတယ်။

ဒီနေ့ သူတို့ ဆေးရည်သစ်တစ်မျိုး ဖော်စပ်ကြတယ်။ အဲဒါက ကိုယ်ကျုံ့ဆေးရည်။ မော်ဖိုင်ဟာ မိမိ ဆေးကျိုအိုးကို ဟယ်ရီနဲ့ ရွန့်ဘေးမှာ ချထားတယ်။ ဒီလိုဆိုတော့ သူတို့ဟာ စားပွဲတစ်လုံးတည်းပေါ်မှာ ဆေးရည်ဖော်ဖို့ အရာအားလုံးကို ပြင်ဆင်ကြရတာပေါ့။

"ဆရာ" မော်ဖိုင်က အော်တယ်။ "ဆရာ၊ ကျွန်တော့်ကို ဒီဒေဇီပန်း အမြစ်တွေလှီးဖို့ အကူလိုတယ်။ ကျွန်တော့် လက်မောင်း ––––"

"ဝယ်စလီ၊ မော်ဖိုင့်ကို ဆေးမြစ်လှီးပေးလိုက်" စနိတ်ပ် ခေါင်းတောင်မမော့ဘဲ ပြောတယ်။

ရွန်ဟာ ဒေါသကြောင့် မျက်နှာ အုတ်နီခဲလို နီရဲနေတယ်။

"မင်းလက်မောင်း ဘာပြဿနာမှ မရှိဘူး" သူက ဒေါသနဲ့ မော်ဖိုင်ကို ပြောတယ်။ မော်ဖိုင်ဟာ စားပွဲတစ်ဖက်ကနေ ဟန်လုပ်ရယ်တယ်။

"ဝယ်စလီ၊ မင်း ပါမောက္ခ စနိတ်ပ် ပြောတာကြားတယ်နော်။ ဒီဆေးမြစ်တွေ လှီးပေး"

ရွန်က ဒါးကလေးကို ကိုင်လိုက်တယ်။ မော်ဖိုင့်ဆေးမြစ်တွေကို မိမိရှေ့ဆွဲယူပြီး ခပ်ကြမ်းကြမ်း လှီးချလိုက်တယ်။ ကြီး သေး မညီမညာ ဖြစ်ကုန်တယ်။

"ပါမောက္ခ" မော်ဖိုင်က အသံကို ဆွဲငင်စွာ ပြောတယ်။ "ဝယ်စလီက ကျွန်တော့် ဆေးမြစ်တွေကို အရွယ်အစား အမျိုးမျိုး လှီးထားတယ်၊ ဆရာ"

စနိတ်ပ် သူတို့ စားပွဲနား လျှောက်လာတယ်။ ၎င်းရဲ့ သိမ်းငှက် နှာခေါင်းပေါ်ကနေ စားပွဲကို ကြည့်တယ်။ ဒိနောက် ၎င်းရဲ့ ရှည်ပြီး အဆီပြန်နေတဲ့ ဆံပင်နက်အောက်ကနေ ရွန့်ကို ပျော်ရွှင်မှု ပျောက်ဆုံးစေတဲ့ အပြုံးတစ်ခု ပေးလိုက်တယ်။

"မော်ဖိုင်နဲ့ ဆေးမြစ် လဲလိုက်၊ ဝယ်စလီ"

"ဒါပေမယ့်၊ ဆရာ"

ရွန်ဟာ ၁၅မိနစ် အချိန်ယူပြီး မိမိဆေးမြစ်ကို သေချာလှီးထားတာ၊ ကြီးသေး ညီညာနေတာပဲ။

"ချက်ချင်းလဲ" စနိတ်ပ်ဟာ အန္တရာယ်အရှိဆုံး လေသံနဲ့ ပြောတယ်။

ရွန်ဟာ မိမိ အလွန် လှလှပပ လှီးထားတဲ့ ဆေးမြစ်ကို စားပွဲဟိုဘက် မော်ဖိုင့်ဆီ တွန်းပေးလိုက်တယ်။ ဒိနောက် ဒါးကလေးကို ကောက်ကိုင်တယ်။

"ပြီးတော့၊ ဆရာ၊ ကျွန်တော့်ကို ရှရိုင်းဗောဖစ်သီး အခွံခွာပေးဖို့ အကူအညီလိုပါတယ်" မော်ဖိုင်က ပြောတယ်။ သူ့အသံထဲမှာ စိတ်ယုတ်နဲ့ ရယ်သံ အပြည့်ပါတယ်။

"ပေါ်တာ၊ မင်း မော်ဖိုင်ကို ရှရိုင်းဗောဖစ်သီး အခွံချွတ်ပေးနိုင်တယ်" စနိတ်ပ်ပ ပြောတယ်။ ဟယ်ရီ့ကို ရွံမုန်းစွာ ကြည့်လိုက်တယ်။ ဒီလို အကြည့်မျိုးကို သူက ဟယ်ရီ့အတွက် အမြဲထားတယ်။

ဟယ်ရီက မော်ဖိုင်ရဲ့ ရှရိုင်းဗောဖစ်သီးကို ယူလိုက်တယ်။ ဒီအချိန်မှာ ရွန်ဟာ သူအသုံးပြုရမယ့် ဆေးမြစ်ကို အတတ်နိုင်ဆုံး အဖတ်ဆည်နေတယ်။ ဟယ်ရီဟာ ရှရိုင်းဗောဖစ်သီးကို အမြန်ဆုံး အခွံချွတ်လိုက်တယ်။ စားပွဲဟိုဘက်က မော်ဖိုင့်ဆီကို ပစ်ပေးလိုက်တယ်။ စကားတစ်ခွန်းမှ မပြောဘူး။ မော်ဖိုင်ဟာ ပိုပြီး စိတ်ယုတ်ပါပါ ရယ်နေတယ်။

"ခုတလော မင်းတို့ ဘော်ဒါ ဟက်ဂရစ်ကို တွေ့သေးလား" သူက အေးအေးပဲ မေးတယ်။

"ဒါ မင်းအလုပ် မဟုတ်ဘူး" ရွန်က လောလောပြောတယ်။ ခေါင်းတောင် မဖော်ဘူး။

"သူ ကျောင်းဆရာ ဆက်လုပ်ရမှာ မဟုတ်ဘူးထင်တယ်" မော်ဖိုင်က စိတ်မကောင်းဟန်ဆောင်ပြီး ပြောတယ်။ "ငါ့အဖေက ငါ ဒဏ်ရာရလို့ အလွန် စိတ်ဆိုးနေတယ် ----"

"ဆက်ပြော၊ မော်ဖိုင်၊ မင်း ကောင်းကောင်း နာမယ်" ရွန်က ဟောက်တယ်။

"---- သူက ကျောင်းတာဝန်ခံကို တိုင်ထားတယ်။ မှော်ဝန်ကြီးဌာနကိုလဲ တိုင်တယ်။ ငါ့အဖေဟာ သြဇာရှိတဲ့လူနော်၊ မင်းတို့ သိပါတယ်။ ပြီးတော့ ခုလို မပျောက်နိုင်တဲ့ ဒဏ်ရာ----" သူက ဟန်ပန်လုပ်ပြီး သက်ပြင်းကြီးချလိုက်တယ်။ "ငါ့လက်မောင်း မူလအတိုင်း ပြန်မဖြစ်ခဲ့ရင်၊ ဘယ်လို ဖြစ်မယ်ဆိုတာ မသိတော့ဘူး"

"ဒါကြောင့် မင်းက ခုလို ဟန်ဆောင်နေတာပေါ့" ဟယ်ရီက ပြောတယ်။ ရုတ်တရက် သေသွားတဲ့ ခူကောင်တစ်ကောင့်ခေါင်းကို ဖြတ်ပစ်လိုက်တယ်။ သူ ဒေါသကြောင့် လက်တွေ တုန်နေလို့။ "ဒါမှ ဟက်ဂရစ် အထုတ်ခံရအောင် မင်းကြံစည်လို့ ကောင်းမှာ'

"ဟင်" မော်ဖိုင်က ပြောတယ်။ နားနားကပ်ပြောသလို အသံတိုးတိုးနဲ့။ "တစ်စိတ်တစ်ဒေသကတော့ ဒီလိုမှန်တယ်၊ ပေါ်တာ။ ပြီးတော့ တခြားကောင်းကျိုးလဲ ရှိသေးတယ်။ ဝယ်စလီ၊ ငါ့ကို ခူကောင်လှီးပေး"

သူတို့နဲ့ ၄-၅ယောက်ခြားမှာ နီဗီး အခက်ကြုံနေတယ်။ မှော်ဆေးပညာသင်ခန်းစာမှာ နီဗီးဟာ အမြဲလို စိတ်ဓာတ်ပြိုလဲသလို ဖြစ်တယ်။ မှော်ဆေးပညာဟာ သူအညံ့ဆုံးဘာသာရပ်။ ပြီးတော့ စနိတ်ပ်ကို အလွန်အမင်း ကြောက်ရွံ့တဲ့အတွက် အခြေအနေက ဆယ်ဆဆိုးသွားတယ်။ သူ့ဆေးရည်ဟာ အစိမ်းတောက်တောက် အချဉ်ဓာတ်တစ်မျိုးဖြစ်ရမှာ။ ခုတော့----

"လိမ္မော်ရောင်၊ လွန်ဘော့တမ်" စနိတ်ပ်ကပြောရင်း ဇွန်းနဲ့ နည်းနည်း ခပ်ယူလိုက်တယ်။ ပြီးတော့ ဆေးအိုးထဲ ပြန်သွန်ချလိုက်တယ်။ ဒါမှ အားလုံး မြင်ရမှာ။ "လိမ္မော်ရောင်ကလေး၊ မင်း ဒီ ခေါင်းခွံထူထူထဲကို ဘာများစိမ့်ဝင်သွားလဲဆိုတာ ပြောပြစမ်းပါ။ ကျုပ်ပြောတာ မင်းမကြားဘူးလား။ ရှင်းရှင်းလေး ပြောပြတာ။ ကြွက်သည်းခြေ အရည်တစ်စက်ပဲ လိုတယ်လို့ ပြောတာလေ။ ကျွတ်အရည် အနည်းငယ်ပဲထည့်ရင် လုံလောက်ပြီလို့ ကျုပ်က ရှင်းအောင် မပြောလို့လား။ ကျုပ် ဘယ်လို ပြောမှ မင်း နားလည်မှာလဲ၊ လွန်ဘော့တမ်"

နီဗီးမျက်နှာဟာ ပန်းရောင် ဖြစ်နေတယ်။ လူလည်း တုန်နေတယ်။ သူ ငိုတော့မလိုပဲ။

"ဆရာ" ဟာမီးက ပြောတယ်။ "ဆရာ ခွင့်ပြုရင် ကျွန်မ သူ့ကို ပြင်ပေးလိုက်မယ်"

"ကျုပ်က မင်းကို ကြွားဝါပါလို့ မပြောဘူး၊ မစ်ဂရန်ဂျာ" စနိတ်ပ်က အေးစက်စက်ပြောတယ်။ ခု ဟာမီးမျက်နှာဟာ နီဗီးလို နီလာတယ်။ "လွန်ဘော့တမ်၊ ဒီနေ့ ကျောင်းမဆင်းခင် ကျုပ်တို့ မင်း ဖားပြုပ်ကို ဒီဆေးမျိုး ၄-၅စက်တိုက်မယ်။ ဘာများဖြစ်လာမလဲ ဆိုတာ ကြည့်ရအောင်။ ဒီလိုလုပ်မှ မင်းကို ဒီဆေးမျိုး ကောင်းကောင်း ဖော်စပ်နိုင်ဖို့ တွန်းအားဖြစ်လိမ့်မယ် ထင်တယ်"

စနိတ်ပ် ထွက်သွားပြီ။ နီဗီးတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကျန်ရစ်တယ်။

"ငါ့ကို ကူပါဦး" သူက ဟာမီးကို ညည်းပြတယ်။

"ဟေး၊ ဟယ်ရီ" စီးမတ်စ်-ဖင်နစ်ဂင်က ပြောရင်း ကိုယ်ကိုကိုင်းပြီး ဟယ်ရီ့ကြေးချိန်ခွင် လာငှားတယ်။ "ကြားပြီးပြီလား။ ဒီနေ့ မနက်ထုတ် "ကြိုဟောသူများနေ့စဉ်"မှာ ----ဆီးရီးအက်စ်ကြယ် ဘလက်ကို တွေ့နေပြီလို့ ခန့်မှန်းတယ်"

"ဘယ်မှာလဲ" ဟယ်ရီနဲ့ ရွန်က အလျင်အမြန် မေးတယ်။ စားပွဲတစ်ဖက်မှာ မော်ဖိုင်က ခေါင်းမော်ကြည့်နေတယ်။ သေချာ နားထောင်နေတယ်။

"ဒီကနဲ့ မဝေးတဲ့နေရာမှာ" စီးမတ်စ်က ပြောတယ်။ စိတ်လှုပ်ရှားနေပုံ ပေါ်တယ်။ "သူ့ကို မြင်တာက မတ်ဂေါ်။ သူမ တကယ်သိတာတော့ မဟုတ်ဘူးဆိုတာ သေချာတယ်။ မတ်ဂေါ်တွေက သူ့ကို ရိုးရိုးအကျဉ်းသားမှတ်လို့၊ မဟုတ်ဘူးလား။ ဒါကြောင့် သူမက အရေးပေါ် ဖုန်းဆက်တယ်။ မှော်ဝန်ကြီးဌာနက လူတွေ ရောက်သွားတော့ သူ မရှိတော့ဘူး"

"ဒီကနဲ့ သိပ်မဝေးဘူး ...." ရွန်က ထပ်ပြောတယ်။ အဓိပ္ပာယ်ပါပါနဲ့ ဟယ်ရီ့ကို ကြည့်နေတယ်။ သူလှည့်လိုက်တော့ မော်ဖိုင် သေချာလေ့လာနေတာ မြင်ရတယ်။ "ဘာလဲ၊ မော်ဖိုင်၊ တစ်ခုခုကို အခွံနွှာပေးဖို့ လိုသလား"

ဒါပေမယ့် မော်ဖိုင့်မျက်စိဟာ အကောက်ကြံစွာ လက်နေတယ်။ ဟယ်ရီ့ကို သေချာစိုက်ကြည့်နေတယ်။ သူက စားပွဲပေါ် ကိုယ်ကိုင်းလာတယ်။

"မင်းတစ်ယောက်ထဲ ဘလက်ကို ရအောင် ဖမ်းပါလား၊ ပေါ်တာ"

"ဟုတ်တယ်၊ ဒီတိုင်းပဲ" ဟယ်ရီ ပါးစပ်ထဲ တွေ့သလို ပြောလိုက်တယ်။

မော်ဖိုင်ရဲ့ နှုတ်ခမ်းပါးပါးမှာ ယုတ်မာတဲ့ အပြုံးတစ်ခု ပေါ်လာတယ်။

"ဒါပေါ့၊ ငါသာဆိုရင်" သူက အေးဆေးစွာ ပြောတယ်။ "ငါ အစောကြီးကတည်းက တစ်ခုခုလုပ်မှာ။ ကျောင်းမှာ ကလေးလိမ်မာလေး လုပ်နေမှာ မဟုတ်ဘူး။ ငါ သူ့ကို လိုက်ရှာမှာ"

"မင်း ဘာပြောနေတာလဲ၊ မော်ဖိုင်" ရွန်က ကြမ်းတမ်းစွာ ပြောတယ်။

"မင်း မသိဘူးလား၊ ပေါ်တာ" မော်ဖိုင်က တိုးတိုးပြောတယ်။ သူ့အရောင်ဖျော့ဖျော့ မျက်လုံး မှေးသွားတယ်။

"ဘာသိတာလဲ"

မော်ဖိုင်ဟာ တိုးတိုးလေး သရော်ရယ် ရယ်လိုက်တယ်။

"မင်း အသက်အန္တရာယ်ရှိတာ မလုပ်ချင်တာလဲ ဖြစ်မယ်" သူက ပြောတယ်။ "ဟို ဝိညာဉ်စုပ်ကောင်တွေ သူ့ကို လိုက်ဖမ်းစေချင်တယ်၊ မဟုတ်ဘူးလား။ ဒါပေမယ့် ငါသာဆိုရင် ကလဲ့စားချေမှာ။ ငါ ကိုယ်တိုင် သူ့ကို ရအောင်ရှာမှာ'

"မင်း ဘာတွေပြောနေတာလဲ" ဟယ်ရီ စိတ်ဆိုးပြီး ပြောတယ်။ ဒါပေမယ့် ဒီအချိန်မှာပဲ စနိတ်ပ်က အော်တယ်။ "အခု မင်းတို့ ထည့်ရမယ့်ဆေးတွေ အားလုံး ထည့်ပြီးရောမယ်။ ဒီဆေးဟာ ကျိုပြီးမှ သောက်လို့ရမယ်။ ဆေးရည်ဆူတဲ့အခါမှာ ပစ္စည်းတွေ သိမ်းဆည်းထားကြ။ ပြီးတော့ လွန်ဘော့တမ်ရဲ့ ...."

ခရပ်နဲ့ ဂိုးဟာ တအားကြီး ထရယ်တယ်။ နီဗီးခမျာ ချွေးတွေ စီးကျတဲ့အထဲက ဆေးအိုးကို တအားမွှေပေးနေတာ ကြည့်နေကြတယ်။ ဟာမီးဟာ စနိတ်ပ်မမြင်အောင် ပါးစပ်ထောင့်ကပ်ပြီး သူ့ကို ညွှန်ကြားနေတယ်။ ဟယ်ရီနဲ့ ရွန်ဟာ သူတို့ မသုံးဖြစ်တဲ့ ဆေးအမျိုးမျိုးကို သိမ်းဆည်းကြတယ်။ ဒီနောက်၊ ကျောင်းခန်းထောင့်ရှိ ကျောက်ရေဇလုံဆီ လက်ဆေး၊ ဇွန်းဆေးကြတယ်။

"မော်ဖိုင် ဟိုစကားပြောတာ ဘာအဓိပ္ပာယ်လဲ" ဟယ်ရီက ရွန့်ကို မပွင့်တပွင့် ပြောတယ်။ သူဟာ လက်ကို ရေကျတိရစ္ဆာန်ခေါင်းအောက်က အေးစက်တဲ့ရေထဲ နှစ်လိုက်တယ်။ "ငါ ဘာဖြစ်လို့ ဘလက်ကို လိုက်ရှာပြီး ကလဲ့စားချေရမှာလဲ။ သူငါ့ကို ဘာမှမလုပ်တာ ---- ဒီနေ့အထိ မလုပ်ဘူး"

"သူ လုပ်ကြံပြောနေတာ" ရွန်က ဒေါသထလာတယ်။ "သူက မင်းကို လျှောက်လုပ်စေချင်တာ ...."

ကျောင်းဆင်းတော့မယ်။ စနိတ်ပ်ဟာ နီဗီးအနား လျှောက်သွားတယ်။ နီဗီးဟာ သူ့ ဆေးကျိုအိုးဘေးမှာ ကပ်နေတယ်။

"အားလုံး ဝိုင်းကပ်ကြ" စနိတ်ပ်က ပြောတယ်။

သူ့ မျက်လုံးနက်နက် လက်နေတယ်။ လွန်ဘော့တမ်ရဲ့ ဖားပြုပ် ဘယ်လိုဖြစ်မယ်ဆိုတာ လာကြည့်ကြ။ သူ ကိုယ်ကျို့ဆေး ဖော်စပ်ထားတယ်ဆိုရင် ဖားပြုပ်က ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း ဖြစ်သွားမယ်။ သ

ဖော်စပ်မှားခဲ့ရင်၊ ကျုပ် ဒါကိုတော့ သံသယမရှိဘူး။ ဖားပြုပ်ဟာ အဆိပ်မိပြီး သေလိမ့်မယ်"

ဂရစ်ဖင်းဒေါက ကျောင်းသားတွေ ကြောက်ရွံ့စွာ ကြည့်နေကြတယ်။ စလေးသရင်းက ကျောင်းသားတွေ အားရစွာ ကြည့်နေကြတယ်။ စနိတ်ပ်ဟာ ဘယ်လက်နဲ့ ဖားပြုပ်ချွဲဗာကို ကိုင်ထားတယ်။ ဇွန်းကလေးတစ်ချောင်းကို

နီဗီးရဲ့ ဆေးထဲနှစ်လိုက်တယ်။ ဒီဆေးရည်ဟာ အခု အစိမ်းရောက်ဖြစ်နေပြီ။ သူဟာ ချီဗာပါးစပ်ထဲ အစက် အနည်းငယ် ချလိုက်တယ်။

ခဏ ငြိမ်သက်နေတယ်။ ဒီအချိန်မှာ ဖားပြုပ်ချီဗာဟာ ဟောဟဲ ဟောဟဲ ဖြစ်လာတယ်။ ဒ်နောက် ဖောက်ဆိုတဲ့ အသံသေးသေးလေးနဲ့အတူ ဖားတစ်ပိုင်း ငါးတစ်ပိုင်း ချီဗာဟာ စနိတ်ပ်လက်ဝါးထဲမှာ တွန့်လိမ်နေတယ်။

ဂရစ်ဖင်းဒေါကျောင်းသားတွေ လက်ခုပ်တီးကြတယ်။ စနိတ်ပ် မျက်နှာမှာ မချိုမချဉ် ဖြစ်နေတယ်။ ဝတ်ရုံရှည်ကြီး အိတ်ကပ်ထဲက ပုလင်းလေးတစ်လုံး ယူထုတ်ပြီး ချီဗာကိုယ်ပေါ်ကို အစက် အနည်းငယ် ချလိုက်တယ်။ ၎င်းဟာ အရွယ်ရောက်တဲ့ ဖားပြုပ်တစ်ကောင်အဖြစ် ပြန်လည် ဖြစ်ပေါ်လာတယ်။

"ဂရစ်ဖင်းဒေါကို ငါးမှတ်လျှော့တယ်" စနိတ်ပ်က ပြောတယ်။ ဒီစကားကြောင့် အားလုံး အပြုံးတွေ ပျောက်ကုန်တယ်။ "ကျုပ် မင်းကို မကူညီရဘူးလို့ ပြောထားတယ်၊ မစ်ဂရန်ဂျာ။ ကျောင်းဆင်း"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ လှေခါးတက်ပြီး ရှေ့ခန်းထဲ ရောက်လာတယ်။ ဟယ်ရီဟာ မော်ဖိုင့်စကားကို စဉ်းစားနေတုန်းပဲ။ ရွန်ကတော့ စနိတ်ပ်ကြောင့် မကျေမနပ် ဖြစ်နေတုန်းပဲ။

"ဂရစ်ဖင်းဒေါကို ငါးမှတ်လျှော့တယ်။ အဲဒါ ဟိုဆေးရည် ဖော်စပ်တာ မှန်လို့တဲ့။ နင် ဘာဖြစ်လို့ လိမ်မပြောတာလဲ၊ ဟာမီး။ နင်က နီဗီးဖာသာ ဖော်စပ်တာလို့ ပြောသင့်တယ်"

ဟာမီးက မဖြေဘူး။ ရွန်က အရပ်လေးမျက်နှာကို ကြည့်တယ်။

"သူမ ဘယ်ရောက်သွားလဲ"

ဟယ်ရီလည်း လှည့်ကြည့်တယ်။ အခု သူတို့ဟာ လှေခါးထိပ်မှာ ရပ်နေတယ်။ ကျန်ကျောင်းသားတွေ သူတို့ဘေးက ဖြတ်သွားပြီး ခန်းမကြီးထဲ ထမင်းသွားစားတာ ကြည့်နေကြတယ်။

"သူမ ခုတင်ပဲ တို့ နောက်မှာ" ရွန်က မျက်မှောင်ကြုတ်ပြီး ပြောတယ်။

မော်ဖိုင်ဟာ သူတို့ဘေးက ဖြတ်သွားတယ်။ ခရပ်နဲ့ ဂိုးတို့ ကြားမှာ။ သူက ဟယ်ရီ့ကို လုပ်ရယ် ရယ်ပြပြီး ပျောက်ကွယ်သွားတယ်။

"သူမ ဘယ်မှာလဲ" ဟယ်ရီက ပြောတယ်။

ဟာမီး နည်းနည်း မောရှိုက်နေတယ်။ အလောတကောနဲ့ လှေခါးကို တက်ခဲ့တယ်။ လက်တစ်ဖက်က လွယ်အိတ်ကိုင်ပြီး ကျန်လက်တစ်ဖက်က တစ်ခုခုကို သူ့ ဝတ်ရုံရှည် ရင်ဘတ်ထဲ ထိုးထည့်နေသလိုပဲ။

"နင် ဘယ့်နှယ် ဒီလို လုပ်နိုင်တာလဲ" ရွန်က မေးတယ်။

"ဘာလဲ" ဟာမီးက ပြောရင်း သူတို့နဲ့ အတူသွားတယ်။

"လွန်ခဲ့တဲ့ တစ်မိနစ်က နင် ငါတို့ နောက်မှာ၊ အခု နင် လှေခါးအောက် ရောက်နေတယ်"

"ဘာလဲ" ဟာမီးဟာ မရှင်းသလိုပဲ။ "အော–––– ငါ ပြန်ပြီး ယူစရာရှိတယ်။ အော ..... မဟုတ်ဘူး......"

ဟာမီးလွယ်အိတ်မှာ တစ်နေရာ ကွဲနေတယ်။ ဟယ်ရီကတော့ မအံ့ဩဘူး။ သူမ လွယ်အိတ်ထဲမှာ ကြီးပြီးလေးတဲ့ စာအုပ် အနည်းဆုံး ၁၂အုပ် ရှိတာ သူ မြင်ရတယ်။

"နင် ဘာဖြစ်လို့ စာအုပ်တွေ ဒီလောက်များများ ယူလာတာလဲ" ရွန်က သူမကို မေးတယ်။

"ငါ ကျောင်း ဘယ်လောက်များများ တက်ရမလဲဆိုတာ နင်သိလား" ဟာမီးဟာ အသက်ရှူမမှန်ဘဲ ပြောတယ်။ "ငါ့ကို နည်းနည်း ယူပေးလို့ ရမလား"

"ဒါပေမယ့်----" ရွန်က သူမ ကမ်းပေးတဲ့ စာအုပ်တွေကို လှန်လှောကြည့်နေတယ်။ မျက်နှာဖုံးကို ကြည့်တယ် -----"ဒီနေ့ နင် ဒီဘာသာရပ်တွေ တက်ဖို့မလိုဘူးလေ။ ဒီနေ့ညနေပိုင်း မှော်နက်ပညာ ကာကွယ်တဲ့ အတတ် သင်ခန်းစာပဲ တက်ရမှာ"

"အော၊ ဟုတ်တယ်" ဟာမီးက မရေမရာ ပြောတယ်။ ဒါပေမယ့် သူမဟာ စာအုပ်အားလုံးကို သူမ လွယ်အိတ်ထဲ ပြန်ထည့်လိုက်တယ်။ "နေ့လယ်စာကို အစားကောင်းကောင်း စားချင်တယ်။ ငါဆာလို့ သေတော့မယ်" သူက တစ်ခွန်းထပ်ပြောပြီး ခန်းမကြီးထဲ ခပ်သွက်သွက် ဝင်သွားတယ်။

"ဟာမီး တို့ကို ပြောမပြဘဲထားတာ ရှိတယ်လို့ မင်း မထင်ဘူးလား" ရွန်က ဟယ်ရီ့ကို မေးတယ်။

သူတို့ ပါမောက္ခလူပင်ရဲ့ မှော်နက်ပညာကာကွယ်တဲ့အတတ် သင်တဲ့ ပထမဦးဆုံး အချိန် တက်တဲ့အခါမှာ၊ ပါမောက္ခလူပင် အဲဒီမှာ မရှိဘူး။ သူတို့ အားလုံး ထိုင်ကြပြီး စာအုပ်၊ ငှက်မွေးကလောင်နဲ့ သိုးရေစက္ကူတွေ ထုတ်ကြတယ်။ နောက်ဆုံး လူပင် ကျောင်းခန်းထဲ ဝင်လာတော့ သူတို့ စကားပြောနေကြတယ်။ လူပင်ဟာ အနည်းငယ်ပြုံးလိုက်ပြီး မိမိရဲ့ စုတ်စုတ်ပြတ်ပြတ် လက်ကိုင်အိတ်ကို စားပွဲပေါ်တင်လိုက်တယ်။ သူဟာ လာစဉ်တုန်းကလို စုတ်ပြတ်နေဆဲပဲ။ ဒါပေမယ့် ရထားပေါ်တုန်းကထက် ကျန်းမာလာသလိုပဲ။ သူ ထမင်း ၄-၅နပ် ဝဝလင်လင် စားရလို့နဲ့ တူတယ်။

"မင်္ဂလာနေ့လယ်ခင်းပါ" သူက ပြောတယ်။ "စာအုပ်တွေကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်ကြပါ။ ဒီနေ့သင်မှာက လက်တွေ့ သင်ခန်းစာ။ မင်းတို့ မှော်ကြိမ်လုံးပဲ လိုအပ်တယ်"

အားလုံး စာအုပ်တွေ လွယ်အိတ်ထဲ ပြန်ထည့်လိုက်ကြတယ်။ ကျောင်းသားတစ်ချို့ အံ့သြစွာ အကြည့်ချင်း ဖလှယ်လိုက်ကြတယ်။ သူတို့ဟာ မှော်နက်ပညာ ကာကွယ်တဲ့အတတ်ရဲ့ လက်တွေ့သင်ခန်းစာကို ဘယ်တုန်းကမှ မတက်ဖူးဘူး။ မနှစ်က အထိမ်းအမှတ်ပြုရမယ့် သင်ခန်းစာကို ထည့်တွက်ရမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ အဲဒီ သင်ခန်းစာမှာ မူလက ဆရာဟာ မှင်စာလှောင်အိမ် တစ်လုံးယူလာပြီး ၎င်းတို့ကို လွှတ်ပေးလိုက်တယ်။

"ဒါဆိုရင်" ပါမောက္ခဟာ အားလုံး ပြင်ဆင်ပြီးတာတွေ့တော့ ပြောတယ်။ "မင်းတို့ ကျုပ်နောက်က လိုက်ခဲ့နော်"

အားလုံး ဘာမှန်းမသိ ဖြစ်နေကြတယ်။ ဒါပေမယ့်လည်း စိတ်တော့ဝင်စားတယ်။ အားလုံး မတ်တတ်ရပ်ကြပြီး ပါမောက္ခလူပင်နဲ့ ကျောင်းခန်းထဲက ထွက်ခဲ့တယ်။ သူဟာ သူတို့ကို ဦးဆောင်ပြီး လူမရှိတဲ့ စင်္ကြံကနေ လျှောက်သွားပြီး ကွေ့ချိုးတစ်ခု ကွေ့လိုက်တယ်။ အဲဒီနေရာမှာ သူတို့ အရင်ဆုံး မြင်တွေ့ရတာကတော့ သရဲ ဖီးဗိစ်၊ ခေါင်းဇောက်ထိုးချပြီး မိုးပေါ်မှာ ဝဲနေတယ်။ ပြီးတော့ ပီကေကို သူနဲ့ အနီးဆုံး သော့ပေါက်ထဲ သိပ်ထည့်နေတယ်။

ပါမောက္ခလူပင် သရဲဖီးဗိစ်နဲ့ နှစ်ပေအကွာရောက်မှ ခေါင်းမော်ကြည့်တယ်။ ဒီနောက် သူဟာ ကွေးကောက်တဲ့ ခြေချောင်းတွေကို လှုပ်ပြီး သီချင်း စဆိုတယ်။

"အလဲအ၊ တုံးလဲတုံးတဲ့ လူပင်" သရဲဖီးဗိစ်က ဆိုတယ်။ "အလဲအ တုံးလဲတုံးတဲ့ လူပင်၊ အလဲအ တုံးလဲတုံးတဲ့ လူပင်----"

သရဲဖီးဗိစ်ဟာ တလျှောက်လုံး မိုက်ရိုင်းပြီး ထိန်းချုပ်ရလည်း ခက်တယ်။ ဒါပေမယ့် သူဟာ ကျောင်းဆရာပေါ်မှာ နည်းနည်းတော့ ရှိသေတတ်တယ်။ အားလုံး ပါမောက္ခကို ဝိုင်းကြည့်ကြတယ်။ သူ ဘယ်လို တုံ့ပြန်မလဲဆိုတာ ကြည့်ချင်တယ်။ သူတို့ အံ့သြသွားတာက သူက ပြုံးမြဲ ပြုံးပြနေတယ်။

"ကျုပ်သာဆိုရင်၊ သရဲဖီးဗိစ်၊ ပီကေကို သော့ပေါက်ထဲက ထုတ်ပစ်မှာ" လူပင်က ပျော်ရွှင်စွာ ပြောတယ်။ "မစ္စတာ ဖစ်ချ် အထဲဝင်ပြီး တံမြက်စည်း ယူလို့မရတော့ဘူး"

ဖစ်ချ်ဟာ ဟော့ဂ်ဝပ် ကျောင်းစောင့်။ ဒေါသကြီးပြီး မှော်ပညာ မတတ်မြောက်တဲ့ မှော်ဆရာ။ အမြဲတမ်း ကျောင်းသားတွေကို ရန်လုပ်တယ်။ သရဲ ဖီးဗိစ်ကိုလည်း ရန်လုပ်တယ်။ ဒါပေမယ့် သရဲဖီးဗိစ်ဟာ ပါမောက္ခလူပင် စကားကို မကြားချင်ယောင်ဆောင်နေပြီး ရတ်စ်ဘာရီသီးကို မှုတ်နေတယ်။

ပါမောက္ခလူပင်ဟာ အသာလေး သက်ပြင်းချလိုက်ပြီး မိမိမှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

"ဒါဟာ အသုံးကျတဲ့ ဂါထာလေး" သူက လှည့်ကြည့်ပြီး ကျောင်းသားအားလုံးကို ပြောတယ်။ "သေချာကြည့်ထားပါ"

သူဟာ မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ပခုံးလောက်ထိ မြှောက်တယ်။ ပါးစပ်က "ဝက်ဒီဝါစီ"လို့ပြောရင်း သရဲဖီးဗိစ်ကို ချိန်လိုက်တယ်။

ဟို ပီကေလေးဟာ ကျည်ဆံလိုပဲ သော့ပေါက်ထဲကနေ ခုန်ထွက်လာပြီး သရဲဖီးဗိစ်ရဲ့ ဝဲဘက်နှာခေါင်းပေါက်ထဲ ပစ်ဝင်သွားတယ်။ သရဲဖီးဗိစ်ဟာ ကသုတ်ကရုတ် လှည့်ထွက်၊ အပေါ်သို့ အလျင်အမြန် မြင့်တက်သွားတယ်။ တစ်လမ်းလုံး ကျိန်ဆဲသွားတယ်။

"သိပ်မိုက်တာပဲ၊ ဆရာ" ဒင်း–သောမတ်စ်က အံ့သြစွာ ပြောတယ်။

"ကျေးဇူးတင်ပါတယ်၊ ဒင်း" ပါမောက္ခလူပင်က ပြောတယ်။ မှော်ကြိမ်လုံးကို သိမ်းလိုက်တယ်။ "တို့ ဆက်သွားရအောင်"

သူတို့ ဆက်လျှောက်သွားတယ်။ ကျောင်းသားအားလုံး ဒီအကျီစုတ်ပြတ်တဲ့ ပါမောက္ခကို ကြည့်ရင်း ရှိသေစိတ် တိုးပွားလာတယ်။ သူဟာ သူတို့ကို ဒုတိယစင်္ကြံတစ်ခုထဲ ဦးဆောင်ခေါ်လာပြီး ရပ်လိုက်တယ်။ ဆရာများ နားနေခန်းဘေးမှာ။

"ဝင်ကြပါ" ပါမောက္ခလူပင်က ပြောတယ်။ တံခါးဖွင့်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်တယ်။

ဆရာများ နားနေခန်းဟာ အခန်းရှည်ရှည်။ အစုံလိုက်မရှိတဲ့ ထိုင်ခုံဟောင်းတွေ အပြည့်ရှိတဲ့နေရာ။ ဆရာတစ်ယောက်တည်း အဲဒီနေရာမှာ ရှိနေတယ်။ ပါမောက္ခ စနိတ်ပ်ဟာ လက်ရန်းပါ ထိုင်ခုံပုပုမှာ ထိုင်နေတယ်။ ဒီအတန်းက ကျောင်းသားတွေ ဝင်လာတဲ့အခါမှာ သူဟာ အရပ်လေးမျက်နှာကို ကြည့်နေတယ်။ သူ့မျက်လုံး အရောင်တောက်နေပြီး နှုတ်ခမ်းပေါ်မှာ သရော်တဲ့အပြုံးနဲ့။ ပါမောက္ခ လူပင် ဝင်လာပြီးနောက်၊ တံခါးပြန်ပိတ်လိုက်တယ်။ ဒီအချိန်မှာ စနိတ်ပ်က ပြောတယ်။ "မပိတ်နဲ့၊ လူပင်၊ ကျုပ် မကြည့်တာ ကောင်းပါတယ်" သူ မတ်တတ်ရပ်လိုက်ပြီး ကျောင်းသားအားလုံးရှေ့က လျှောက်သွားတယ်။ ဝတ်ရုံနက်ဟာ သူ့ကိုယ်နောက်မှာ လွင့်နေတယ်။ တံခါးဝရောက်တော့ သူ လှည့်ပြောတယ်။ "လူပင်၊ ခင်ဗျားကို ဘယ်သူမှ သတိမပေးဘူး ထင်တယ်။ ဒါပေမယ့်၊ နီဗီး–လွန်ဘော့တမ် ဒီအတန်းမှာ ပါတယ်။ သူ့ကို ခက်ခဲတဲ့ဟာမှန်သမျှ မလုပ်ခိုင်းဖို့ ကျုပ် တိုက်တွန်းပါတယ်။ မစ်ဂရန်ဂျာ သူ့နားနားကပ်ပြီး ညွှန်ကြားနေရင်တော့ တစ်မျိုးပေါ့"

နီဗီးမျက်နှာကြီး နီနေတယ်။ ဟယ်ရီက စနိတ်ပ်ကို စိုက်ကြည့်နေတယ်။ သူဟာ မိမိသင်ခန်းစာသင်ချိန်မှာ နီဗီးကို အနိုင်ကျင့်တယ်။ ဒါ သိပ်ဆိုးလှပြီ။ တခြားဆရာရှေ့မှာ ဒီလို လုပ်တာတော့ မပြောနဲ့တော့။

ပါမောက္ခလူပင်ဟာ မျက်ခုံးအပေါ် ပင့်လိုက်တယ်။

"ကျွန်တော်က နီဗီးကို ပထမပိုင်း လုပ်ဆောင်ရာမှာ လက်ထောက်အဖြစ် လျာထားတယ်" သူက ပြောတယ်။ "သူ ကောင်းကောင်း လုပ်နိုင်မယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်"

ဖြစ်နိုင်သေးရင်၊ နီဗီးမျက်နှာ အခု ပိုနီလာတယ်။ စနိတ်ပ် ပါးစပ်တွန့်လာတယ်။ ဒါပေမယ့် သူ ထွက်သွားတယ်။ တံခါးကို တအား တွန်းပိတ်သွားတယ်

"အခု၊ ဒီလို" ပါမောက္ခလူပင်က ပြောတယ်။ ကျောင်းသားအားလုံးကို နားနေခန်းအဆုံးကို သွားဖို့ လက်ယမ်းပြတယ်။ အဲဒီမှာ ဘာမှမရှိဘူး။ အဝတ်ဗီရိုဟောင်း တစ်လုံးပဲ ရှိတယ်။ အဲဒါဟာ ဆရာတွေ ဝတ်ရုံအပိုတွေ ထားတဲ့နေရာ။ ပါမောက္ခလူပင်ဟာ ဒီအဝတ်ဗီရိုဘေးသွားပြီး ရပ်နေတယ်။ အဝတ်ဗီရိုဟာ ရုတ်တရက် လှုပ်ယိုင်လာတယ်။ နံရံကို တဒိုင်းဒိုင်း တိုက်နေတယ်။

"မစိုးရိမ်ကြနဲ့" ပါမောက္ခလူပင်ဟာ တည်ငြိမ်စွာ ပြောတယ်။ အကြောင်းက ကျောင်းသားတစ်ချို့ ဒီအချိန်မှာ ကြောက်ပြီး ခုန်ပြေးသွားလို့။ "အထဲမှာ ဘော့ဂတ်တစ်ကောင် ရှိတယ်"

လူအများစုက စိုးရိမ်စရာလိုတယ်လို့ ထင်တယ်။ နီဗီးဟာ ပါမောက္ခ လူပင်ကို ကြည့်လိုက်တယ်။ သူ့မျက်လုံးထဲမှာ ထိတ်လန့်မှုအပြည့်နဲ့။ စီးမတ်စ်–ဖင်နစ်ဂင်ဟာ ကြောက်ကြောက်နဲ့ လှုပ်ခါနေတဲ့ ဗီရိုလက်ကိုင်ကို ခိုးကြည့်နေတယ်။

"ဘော့ဂတ်ဟာ မှောင်ပြီး ပိတ်ဆို့တဲ့နေရာကို ကြိုက်နှစ်သက်တယ်" ပါမောက္ခလူပင်က ပြောတယ်။ "အဝတ်ဗီရို၊ ကုတင်အောက်နေရာ၊ ရေဇလုံအောက်က ပန်းကန်ဗီရို––– တစ်ခါက ဘိုးဘွားထားရစ်တဲ့ နာရီဟောင်းကြီးထဲ ပုန်းနေတာ ကျုပ်နဲ့ တိုးမိတယ်။ ဒီတစ်ကောင်က မနေ့ညနေကမှ ပြောင်းလာတာ။ ကျုပ်က ကျောင်းအုပ်ဆရာကြီးကို ဆရာတွေ ၎င်းကို ဘာမှမလုပ်ဖို့ အစီရင်ခံတယ်။ ကျုပ် တတိယနှစ်ကျောင်းသားတွေကို လက်တွေ့သိဖို့ အခွင့်အရေးပေးပါလို့ အစီရင်ခံခဲ့တယ်။

"ဒါကြောင့်၊ ကျုပ်တို့ ကိုယ့်ကိုယ်ကို မေးရမယ့် ပထမမေးခွန်းကတော့၊ ဘော့ဂတ်ဆိုတာ ဘာလဲ"

ဟာမီ လက်ထောင်တယ်။

"၎င်းဟာ ရုပ်ပြောင်းနေတဲ့ အရာ" သူမက ပြောတယ်။ "၎င်းဟာ ကျွန်မတို့ကို ခြောက်လှန့်နိုင်မယ်ထင်တဲ့ ရုပ်သဏ္ဌာန်အမျိုးမျိုးကို ပြောင်းပစ်နိုင်တယ်"

"ကျုပ်တောင် ဒါထက်ကောင်းအောင် မပြောနိုင်ပါဘူး" ပါမောက္ခ လူပင်က ပြောတယ်။ ဟာမီး သိပ်ကျေနပ်သွားတယ်။ "ဒါကြောင့်၊ အဝတ်ဗီရိုအမှောင်ထဲက ဘော့ဂတ်ဟာ ဘာသဏ္ဌာန်မှမပေါ်သေးဘူး။ ၎င်းဟာ တံခါးအပြင်ဘက်က လူတွေကို ဘာနဲ့ခြောက်မှ ကြောက်မယ်ဆိုတာ မသိသေးဘူး။ ဘော့ဂတ်တစ်ကောင်တည်း နေတဲ့အခါမှာ ဘယ်လို ပုံသဏ္ဌာန်ရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး။ ဒါပေမယ့် ကျုပ် ၎င်းကို ထုတ်ပေးလိုက်တဲ့အခါမှာ ၎င်းဟာ တို့တတွေ ကြောက်မယ့်အရာ ချက်ချင်း ဖြစ်သွားမှာ။

"ဒါက ဘာဖော်ပြသလဲ ဆိုတော့" ပါမောက္ခလူပင်က ပြောတယ်။ နီဗီးဆီကထွက်လာတဲ့ ထိတ်လန့်သံသဲ့သဲ့ကို တမင် ဂရုမစိုက်ဘဲ၊ "ကျုပ်တို့ မစခင်မှာ၊ ကျုပ်တို့ဟာ ဘော့ဂတ်အပေါ်မှာ အလွန်

သာလွန်မှုရှိတယ်။ ဒီလို သာလွန်ချက်ကို မင်းရှာတွေ့ပြီလား၊ ဟယ်ရီ”

ဟာမီးဟာ ဟယ်ရီ့ဘေးမှာ ထိုင်နေတယ်။ ခြေဖျားထောက်၊ လက်ထောင်ပြီး ခုန်ခုန်နေတယ်။ ဒီအခြေအနေမှာ ဖြေဖို့ဆိုတာ တစ်မျိုးကြီးပဲ။ ဒါပေမယ့် ဟယ်ရီ ပြန်မဖြေလို့ မဖြစ်ဘူး။

“အော--- ကျွန်တော်တို့က လူများတော့၊ ၎င်းဟာ ဘာသဏ္ဌာန်ဆောင်ရမှန်း မသိဘူး။ ဒီလို ဖြစ်မလား”

“လုံးဝ မှန်တယ်” ပါမောက္ခလူပင်က ပြောတယ်။ ဟာမီး လက်ချလိုက်တယ်။ နည်းနည်းစိတ်ပျက်သလိုပဲ။ “ဘော့ဂတ်နဲ့ ဆက်ဆံတဲ့အခါမှာ အကောင်းဆုံးနည်းနာကတော့ လူများရမယ်။ ဒါဆို ၎င်း ဘာလုပ်ရမှန်း မသိတော့ဘူး။ ၎င်း ဘာပုံဖြစ်သင့်သလဲ။ ဦးခေါင်းမပါတဲ့ အလောင်းကောင်လား။ အသားစား ပက်ကျိလား။ တစ်ကြိမ်မှာ ဘော့ဂတ်တစ်ကောင် ဒီလိုအမှား မှားတာ ကျုပ်မြင်တွေ့ခဲ့ရတယ်--- တစ်ချိန်တည်း နှစ်ယောက်စလုံးကို ခြောက်ချင်တယ်။ ဒါနဲ့ မိမိကိုယ်မိမိ ပက်ကျိတစ်ခြမ်းဖြစ်အောင် လုပ်မိသွားတယ်။ နည်းနည်းမှ ကြောက်စရာ မကောင်းတော့ဘူး။

“ဘော့ဂတ်ကို တိုက်နိုင်တဲ့ ဂါထာက လွယ်လွယ်လေးရယ်။ ဒါပေမယ့်၊ ကြံ့ခိုင်မှုရှိရမယ်။ မင်းတို့ သိရမှာက တကယ်တမ်း ဘော့ဂတ်ကို အနိုင်တိုက်နိုင်တာက တအား ရယ်တာပဲ။ မင်းတို့ လုပ်ရမှာက ၎င်းကို မင်းတို့ ရယ်ချင်တဲ့ ပုံသဏ္ဌာန်ဖြစ်အောင် လုပ်ခိုင်းဖို့ပဲ။

“မှော်ကြိမ်လုံး မသုံးဘဲ ဒီဂါထာ အရင်ဆိုကြည့်ရအောင်။ ကျုပ်နောက်က လိုက်ဆို.... ရစ်ဒစ်ခူးလပ်စ်”

“ရစ်ဒစ်ခူးလပ်စ်” အားလုံး ပြိုင်တူဆိုတယ်။

“ကောင်းပြီ” ပါမောက္ခလူပင်က ပြောတယ်။ “သိပ်ကောင်းတယ်။ ဒါပေမယ့်၊ ဒါဟာ လွယ်ကူတဲ့အပိုင်းပဲ ဖြစ်မယ်။ မင်းသိပါတယ်။ ဒီဂါထာရွတ်ရုံနဲ့ မလုံလောက်သေးဘူး၊ ဒါဆို မင်းဘယ်လို လုပ်သလဲဆိုတာ ကြည့်ရအောင်၊ နီဗီး”

ဟို အဝတ်ဗီရိုဟာ လှုပ်ခါလာပြန်ပြီ။ ဒါပေမယ့် နီဗီးလောက်တော့ မတုန်သေးဘူး။ နီဗီးရှေ့တက်လာတဲ့အခါမှာ၊ ကြိုးစင်တက်ဖို့ သွားရသလိုပဲ။

“ကောင်းပြီ၊ နီဗီး” ပါမောက္ခလူပင်က ပြောတယ်။ “ပထမ လုပ်ရမှာက။ မင်းပြောစမ်း၊ ကမ္ဘာပေါ်မှာ မင်း ဘာအကြောက်ဆုံးလဲ”

နီဗီးရဲ့ ပါးစပ်လှုပ်နေတယ်။ အသံတော့ ထွက်မလာဘူး။

“မကြားရဘူး၊ နီဗီး၊ ဆောရီး” ပါမောက္ခလူပင်ဟာ ပျော်ရွှင်စွာ ပြောတယ်။

နီဗီးဟာ အလောတကော ဘေးပတ်လည်ကို ကြည့်တယ်။ သူ့ကို ကူညီမယ့်သူကို လိုက်ရှာနေသလိုပဲ။ ဒိနောက် နားနားကပ်ပြောသလို အသံသေးသေးနဲ့ ပြောတယ်။ “ပါမောက္ခ စနိတ်ပ်”

လူအားလုံးလောက် တအား ရယ်ကြတယ်။ နီဗီး ကိုယ်နှိုက်လည်း အားနာစွာ ပြုံးနေတယ်။ ဒါပေမယ့် ပါမောက္ခ လူပင်ကတော့ လေးလေးနက်နက် တွေးတောနေတယ်။

“ပါမောက္ခစနိတ်ပ်... ဟင်... နီဗီး။ မင်းက မင်း အဖွားနဲ့ အတူနေတယ် ထင်တယ်”

"အော–––ဟုတ်တယ်" နီဗီးက စိတ်လှုပ်ရှားစွာ ပြောတယ်။ "ဒါပေမယ့် –––ကျွန်တော် ဘော့ဂတ်ကို သူမအသွင် မဖြစ်စေချင်ဘူး"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ မင်း ကျုပ်စကားကို နားမလည်ဘူး" ပါမောက္ခလူပင်က ပြောတယ်။ အခု သူ ပြုံးနေတယ်။ "ကျုပ် မသိလို့၊ မင်းပြောပြနိုင်မလား။ မင်းအဖွား ခါတိုင်း ဘာအင်္ကျီဝတ်သလဲဆိုတာ'

နီဗီးဟာ လန့်သွားသလိုပဲ။ ဒါပေမယ့် သူက ပြောတယ်။ "အင်း... ဦးထုပ်တစ်မျိုးတည်း ဆောင်းတယ်။ မြင့်မြင့်ကြီး။ ထိပ်မှာ စွန်ရုပ်ပါတယ်။ မိန်းမအင်္ကျီ ရှည်ရှည်ကြီးလဲ ဝတ်သေးတယ်.... အစိမ်းရောင်၊ အမြဲလို .... တစ်ခါတစ်လေ မြေခွေးရေ လည်စည်း စည်းတတ်တယ်"

"လက်ကိုင်အိတ် ပါသေးတယ် မဟုတ်လား" ပါမောက္ခ လူပင်ဟာ အားပေးသလို ပြောကြားသွားတယ်။

"အနီရောင် လက်ကိုင်အိတ်ကြီး" နီဗီးက ပြောတယ်။

"ကောင်းပြီ" ပါမောက္ခ လူပင်က ပြောတယ်။ "မင်း ဒီအင်္ကျီတွေ ဘယ်လိုဆိုတာ သေချာ ပြောပြနိုင်မလား၊ နီဗီး။ မင်းခေါင်းထဲမှာ အဲဒီ အဝတ်အစားတွေကို မြင်ရလား"

"မြင်တယ်" နီဗီးဟာ အူကြောင်ကြောင် ပြန်ဖြေတယ်။ နောက်ဆက်ပြီး ဘာဖြစ်မယ်ဆိုတာ မသိတာ သေချာတယ်။

"ဘော့ဂတ် အဝတ်ဗီရိုထဲက ပြေးထွက်လာတဲ့အခါမှာ၊ နီဗီး။ ပြီးတော့ မင်းကို မြင်တွေ့သွားတဲ့အခါမှာ၊ ၎င်းဟာ ပါမောက္ခစနိတ်ပ်ရုပ်ပုံ ပေါ်လာလိမ့်မယ်" လူပင်က ပြောတယ်။ "မင်းကတော့ မှော်ကြိမ်လုံးကိုကိုင် –––– ဒီလိုကိုင်––––ပြီးတော့ 'ရစ်ဒစ်ကူးလပ်စ်'လို့ တအားအော်––– ပြီးတော့ အာရုံသေချာစူးစိုက်ပြီး မင်းအဖွား အဝတ်အစားကို တွေးနေ။ အရာရာ အဆင်ပြေရင် ဘော့ဂတ်ပါမောက္ခ စနိတ်ပ်ဟာ မင်းကြောင့် ဦးခေါင်းပေါ်မှာ စွန်ရုပ်ပါတဲ့ ဦးထုပ်ဆောင်းထားပြီး၊ ကိုယ်ပေါ်မှာ အင်္ကျီအစိမ်း၊ လက်မှာ အနီရောင်အိတ်ကြီး ကိုင်ထားတဲ့လူ ဖြစ်သွားမယ်"

တစ်တန်းလုံး အားရပါးရ ရယ်ကြတယ်။ ဟို အဝတ်ဗီရိုဟာ ပိုပြီး လှုပ်ခါလာတယ်။

"တကယ်လို့ နီဗီး အောင်မြင်သွားရင်၊ အဲဒီ ဘော့ဂတ်ဟာ မင်းတို့ လူတိုင်းအပေါ် တစ်လှည့်စီ သတိပြုလာလိမ့်မယ်" ပါမောက္ခ လူပင်က ပြောတယ်။ "အခု၊ မင်းတို့ လူတိုင်း အချိန်နည်းနည်းပေးပြီး ဘာအကြောက်ဆုံးလဲဆိုတာ တွေးထား။ ပြီးတော့၊ ၎င်းကို ရယ်စရာဖြစ်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ တွေးတောထား ...."

အခန်းထဲမှာ ငြိမ်သက်နေတယ်။ ဟယ်ရီက တွေးနေတယ်.... ကမ္ဘာပေါ်မှာ သူ အကြောက်ရဆုံးဟာ ဘာလဲ။

သူအရင်ဆုံး သတိရတာက ဗိုလဒီမွန့် ––––မျက်စိရှေ့မှာ တကယ့်လူအရွယ် ဗိုလဒီမွန့် ပေါ်လာတယ်။ ဒါပေမယ့် ဘော့ဂတ် ဗိုလဒီမွန့်ကို ပြန်တိုက်ဖို့ စတင် စီမံတာတောင် လုပ်ချိန်မရသေးခင်၊ သူ့ခေါင်းထဲမှာ ကြောက်စရာ ရုပ်သဏ္ဍာန်တစ်ခု ပေါ်ထွက်လာနေပြီ––––

ခြုံထည်မည်းမည်းကြီးအောက်မှာ ပုပ်ပြိနေတဲ့၊ အရောင်လက်တဲ့ လက်တစ်ချောင်း လှုပ်ယမ်းနေတယ် ... မမြင်ရတဲ့ ပါးစပ်ထဲကနေ မှုတ်ထုတ်လိုက်တဲ့ ထွက်သက်ရှည်ရှည်၊ တုန်တုန်ခါခါ .... ဒိနောက် လေအေးတိုက်လာတယ်။ ၎င်း ထိုးဖောက်နိုင်မှုဟာ အားကောင်းတာမှ လူတစ်ကိုယ်လုံး ရေခဲရေထဲ ကျရောက်သွားသလိုပဲ.....

ဟယ်ရီ တုန်ခိုက်လာတယ်။ ဒိနောက် ဘေးဘီကို ကြည့်တယ်။ သူ့ကို သတိပြုမိသူ မရှိစေချင်ဘူး။ ကျောင်းသားအများစုဟာ မျက်စိတင်းတင်း မှိတ်ထားကြတယ်။ ရွန်က သူ့ဖာသာ ပြောနေတယ်။ "ငှင်းခြေထောက်ကို ဆွဲဖြုတ်" ရွန် ဘာကို ပြောနေတယ်ဆိုတာ ဟယ်ရီသိတယ်။ ရွန် အကြောက်ဆုံးအရာက ပင့်ကူ။

"အားလုံး ပြင်ဆင်ပြီးပြီလား" ပါမောက္ခ လူပင်က မေးတယ်။

ဟယ်ရီ တုန်လှုပ်သွားတယ်။ သူ ပြင်ဆင်လို့ မပြီးသေးဘူး။ ဝိညာဉ်စုပ်ကောင်ကို ဒီလောက် ကြောက်ဖို့ မကောင်းအောင် ဘယ်လုပ်လို့ ရမှာလဲ။ ဒါပေမယ့်.... သူ့ကို အချိန်နည်းနည်း ပိုပေးပါလို့လဲ မတောင်းဆိုချင်ဘူး။ ကျန်သူအားလုံးဟာ ခေါင်းညိတ်ပြပြီး အင်္ကျီလက်မောင်း ပင့်နေကြပြီ။

"နီဗီး၊ တို့ နောက်ဆုတ်ရတော့မယ်" ပါမောက္ခ လူပင်က ပြောတယ်။ "မင်းအတွက်၊ နေရာလွတ်တစ်ခု ရှိမှ၊ မကောင်းဘူးလား။ ကျုပ် နောက်တစ်ယောက်ကို ရှေ့တက်ခိုင်းမှာပါ.... အခု၊ အားလုံး နောက်ဆုတ်။ နီဗီးအတွက် နေရာကျယ်ကျယ် ရှိပစေ----"

အားလုံး နောက်ဆုတ်ကြတယ်။ နံရံဘေးထိ ဆုတ်သွားတယ်။ နီဗီးတစ်ယောက် အဝတ်ဗီရိုဘေးမှာ ရပ်နေတယ်။ နီဗီးမျက်နှာ သွေးဆုတ်နေတယ်၊ သိပ်ကြောက်နေတဲ့ပုံပဲ။ ဒါပေမယ့် သူဟာ ဝတ်ရုံရှည်လက်မောင်းကို ပင့်ထားပြီးပြီ။ မှော်ကြိမ်လုံးကိုလည်း ဆုပ်ကိုင်ထားတယ်။

"ကျုပ် သုံးထိ ရေတွက်မယ်၊ နီဗီး" ပါမောက္ခလူပင်က ပြောတယ်။ သူဟာ မိမိမှော်ကြိမ်လုံးကိုလည်း အဲဒီ အဝတ်ဗီရိုကို ချိန်ထားတယ်။ "တစ်---နှစ်---သုံး----စတော့"

ပါမောက္ခရဲ့ မှော်ကြိမ်လုံးဖျားကနေ မီးပွားတွေ ပန်းထွက်လာတယ်။ မီးပွားက အဝတ်ဗီရိုလက်ကိုင်ကို သွားထိတယ်။ အဝတ်ဗီရို တံခါးပွင့်ထွက်သွားတယ်။ သိန်းငှက် နှာခေါင်း၊ ခြိမ်းခြောက်မယ့် အမူအရာရှိတဲ့ စနိတ်ပ် ထွက်ချလာတယ်။ မျက်ထောင့်နီကြီးနဲ့ နီဗီးကို ကြည့်နေတယ်။

နီဗီးက နောက်သို့ ဆုတ်တယ်။ သူ့ မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ပါးစပ်အဟောင်းသားနဲ့ စကားတစ်လုံးမှ ထွက်မလာဘူး။ စနိတ်ပ်ဟာ ဒေါသတကြီးနဲ့ သူ့ရှေ့တိုးလာတယ်။ လက်ကို ဝတ်ရုံရှည်ထဲ နှိုက်တယ်။

"ရစ်-ရစ်ဒစ်ခူးလပ်စ်" နီဗီးက အသံစူးစူးနဲ့ အော်တယ်။

ဆူညံသံတွေ ပေါ်လာတယ်။ ကြာပွတ်ကို ဝှေ့ယမ်းတဲ့အသံမျိုး။ စနိတ်ပ် ခလုတ်တိုက်သွားတယ်။ သူဟာ ဇာအနားကွပ်ထားတဲ့ မိန်းမအင်္ကျီ ရှည်ရှည်ကို ဝတ်ပြီး ဦးထုပ်မြင့်မြင့် ဆောင်းထားတယ်။ ဦးထုပ်ထိပ်ပေါ် ပိုးထိုးထားတဲ့ စွန်ရုပ်ကြီးပါတယ်။ လက်ထဲမှာ ကြက်သွေးရောင် လက်ကိုင်အိတ်ကြီးကို လှုပ်ယမ်းနေတယ်။

တစ်တန်းလုံး ဝါးခနဲ ရယ်ချလိုက်တယ်။ အဲဒီ ဘော့ဂတ်ဟာ ခဏရပ်နေပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ပါမောက္ခ လူပင်က အကျယ်ကြီး အော်ပြောတယ်။ "ပါဗာထီ၊ ရှေ့တက်'

ပါဗာထီ ရှေ့တက်သွားတယ်၊ မျက်နှာတင်းထားတယ်။ စနိတ်ပ်က သူမကို တစ်ပတ် ပတ်လျှောက်လိုက်တယ်။ နောက်ထပ်ပေါက်ကွဲသံ တစ်သံ ထွက်လာတယ်။ စနိတ်ပ်ရပ်နေတဲ့ နေရာမှာ အခု ပတ်တီးနဲ့ ပတ်စည်းထားတဲ့ သွေးသံရဲရဲနဲ့ မံမီအလောင်းကောင် ဖြစ်နေတယ်။ ၎င်းရဲ့ မြင်နိုင်စွမ်း မရှိတဲ့ မျက်စိဟာ ပါဗာထီဘက် လှည့်လိုက်ပြီး သူမဆီ လျှောက်လာတယ်။ အလွန်ဖြည်းနှေးစွာ၊ ခြေထောက်ကို ဒရွတ်ဆွဲလာတယ်။ လက်တောင့်တောင့်ကြီးတွေကို မြှောက်ထားတယ်---

"ရစ်ဒစ်ခူးလပ်စ်" ပါဗာထီက အော်တယ်။

မံမီ ခြေနှစ်ဖက်ပေါ်က ပတ်တီးတွေ ပြုတ်ကုန်ပြီ။ ပြေထွက်လာတဲ့ ပတ်တီးတွေကြောင့် ခလုတ်တိုက်ပြီး မြေကြီးပေါ် အားလျားမှောက် လဲကျသွားတယ်။ ၎င်းရဲ့ ဦးခေါင်း လိမ့်ထွက်လာတယ်။

"စီးမတ်စ်" ပါမောက္ခ လူပင်က အော်ခေါ်တယ်။

စီးမတ်စ် ပါဗာထီကိုကျော်ပြီး ကမန်းကတန်း ရှေ့တက်လာတယ်။

ဘတ်။ မံမီနေရာမှာ အခု အမျိုးသမီးတစ်ယောက် ဖြစ်နေတယ်။ ဆံပင်နက်နက်ဟာ မြေကြီးထိ ရောက်တယ်။ မျက်နှာဟာ အရိုးချည်းပဲ။ စိမ်းပုပ်ပုပ်အရောင်နဲ့ ----သရဲမတစ်ကောင်။ ၎င်းဟာ ပါးစပ်ကြီးဟပြီး၊ လူ့လောက အသံမဟုတ်တဲ့အသံတွေ အခန်းထဲ ပြည့်နေတယ်။ ဆွဲငင်ကြေကွဲတဲ့ အသံကြောင့် ဟယ်ရီ ကြက်သီးထလာတယ်----

"ရစ်ဒစ်ခူးလပ်စ်" စီးမတ်စ်က အော်တယ်။

သရဲမဟာ အာပြဲအော်ရင်း မိမိလည်မျိုကို ဖမ်းကိုင်ထားတယ်။ သူမအသံ မရှိတော့ဘူး။

ဘတ်။ သရဲမဟာ ကြွက်တစ်ကောင် ဖြစ်သွားတယ်။ စက်ဝန်းပတ်ပတ်ပြီး မိမိအမြီးကို ရှာနေတယ်။ ဒီနောက် ---- ဘတ်ဆိုတဲ့ အသံနဲ့အတူ အမြီးက အသံထွက်တဲ့ မြွေဆိုးဖြစ်လာတယ်။ ကွေ့ကောက်လျှောသွားပြီး တွန့်လိမ်နေတယ် --- ဒီနောက် --- ဘတ်ကနဲ သွေးသံရဲရဲ မျက်လုံးတစ်လုံး ဖြစ်သွားတယ်။

"၎င်း ဘာလုပ်ရမှန်းမသိ ဖြစ်နေပြီ" ပါမောက္ခ လူပင်က ပြောတယ်။ "ကျုပ်တို့ ရှေ့တစ်လှမ်း တိုးတက်သွားပြီ။ ဒင်း"

ဒင်းက အမြန် ရှေ့တက်လိုက်တယ်။

ဘတ်။ မျက်လုံးဟာ ခုတ်ဖြတ်ထားတဲ့ လက် ဖြစ်သွားတယ်။ အဲဒီလက်ဟာ ခုန်ဆွ ခုန်ဆွ ဖြစ်နေတယ်။ ကြမ်းတစ်လျှောက် တွားသွားနေသေးတယ်။ ဂဏန်းတစ်ကောင်လိုပဲ။

"ရစ်ဒစ်ခူးလပ်စ်" ဒင်းက တအားအော်တယ်။

အသံလွင်လွင်ထွက်လာပြီး အဲဒီလက်ဟာ ကြွက်ထောင်ညှပ် ညှပ်မိသွားတယ်။

"တယ်ဟုတ်ပါလား။ ရွန်၊ မင်းအလှည့်"

ရွန်ဟာ ရှေ့ခုန်တက်လိုက်တယ်။

ဘတ်။

လူအတော်များများ စူးရှစွာ ထအော်တယ်။ ဧရာမပင့်ကူကြီး။ ခြောက်ပေမြင့်တယ်။ တစ်ကိုယ်လုံး အမွေးတွေနဲ့။ ရွန့်ဆီကို တွားသွားလာနေတယ်။ တစ်လမ်းလုံး ချိတ်ပါတဲ့ လက်သည်းတွေကိုယမ်းပြီး ခြိမ်းခြောက်လာတယ်။ တစ်ချိန်လေးမှာ ရွန်ဟာ ကြောက်လို့ မလှုပ်နိုင် ဖြစ်နေတယ်လို့ ဟယ်ရီထင်တယ်။ ဒီနောက်---

"ရစ်ဒစ်ခူးလပ်စ်" ရွန်က အော်ပြောတယ်။ ဒီတော့ ပင့်ကူရဲ့ ခြေထောက်တွေ ပျောက်ကုန်တယ်။ ပင့်ကူဟာ မနားတမ်း လူးလိမ့်နေတယ်။ လာဗင်ဒါ-ဘရောင်း အော်ပြီး ရှောင်ပြေးတယ်။ ပင့်ကူဟာ လိမ့်ရင်း ဟယ်ရီ့ခြေထောက်နား ရောက်တော့ ရပ်သွားတယ်။ သူက မှော်ကြိမ်လုံးကို မြှောက်ပြီး အသင့်ပြင်ထားတယ်။ ဒါပေမယ့်---

"ရပ်" ပါမောက္ခ လူပင်ဟာ ရုတ်တရက် တအား အော်လိုက်တယ်။ ရှေ့ကိုလည်း ပြေးတက်သွားတယ်။

ဘတ်။

ခြေမရှိတဲ့ ပင့်ကူ ပျောက်သွားတယ်။ ခဏတာအတွင်းမှာ ၎င်းဘယ်ရောက်သွားသလဲဆိုတာ သိချင်ကြလို့ အားလုံး ဟိုဟိုဒီဒီ လိုက်ကြည့်တယ်။ လူပင်ရှေ့က မိုးပေါ်မှာ ငွေရောင်အလုံးတစ်လုံး ချိတ်ဆွဲထားတာ တွေ့ကြရတယ်။ လူပင်ဟာ ပျင်းရိရိ အသံလိုလိုနဲ့ ပြောလိုက်တယ်။

"ရစ်ဒစ်ခူးလပ်စ်"

ဘတ်။

"ရှေ့ကိုတိုးခဲ့၊ နီဗီး။ ၎င်းကို အဆုံးစီရင်လိုက်" လူပင်က ပြောတယ်။ ဒီအချိန်မှာ ဟို ဘော့ဂတ်ဟာ မြေပေါ်ကျလာပြီး ပိုးဟတ်တစ်ကောင် ဖြစ်သွားတယ်။ ဘတ်။ စနိတ်ပ် ပြန်ဖြစ်လာတယ်။ ဒီတစ်ကြိမ်မှာတော့ နီဗီးဟာ စိတ်ဆုံးဖြတ်ချက်နဲ့ ရှေ့တက်သွားတယ်။

"ရစ်ဒစ်ခူးလပ်စ်" သူက အော်ပြောတယ်။ တစ်စက္ကန့်အတွင်းမှာပဲ၊ ဇာကွပ်မိန်းမအင်္ကျီ ဝတ်ထားတဲ့ စနိတ်ပ် နီဗီးရှေ့ ပေါ်လာတယ်။ နီဗီးက အော်ရယ်တယ်။ "ဟာ" ဒီတော့ အဲဒီ ဘော့ဂတ် ပေါက်ကွဲသွားတယ်။ မီးခိုးတွေဖြစ်ပြီး ပျောက်ပြယ်သွားတယ်။

"ပြောင်မြောက်တယ်ဟေ့" ပါမောက္ခ လူပင်က အော်ပြောတယ်။ ဒီအချိန်မှာ တစ်တန်းလုံး လက်ခုပ်တီးကြတယ်။ "တယ်ဟုတ်ပါလား၊ နီဗီး။ အားလုံးလဲ သိပ်တော်တယ်။ မှန်းစမ်း.... ဂရစ်ဖင်းဒေါ်ကို ငါးမှတ်ပေးတယ်။ လူတိုင်း ဘော့ဂတ်ကို တိုက်နိုင်လို့ပဲ--- နီဗီးကို ဆယ်မှတ်ပေးတယ်။ သူ နှစ်ကြိမ် အောင်မြင်လို့--- ဟယ်ရီနဲ့ ဟာမီးကို တစ်ယောက် ငါးမှတ်ပေးတယ်"

"ကျွန်တော် ဘာမှ မလုပ်တာ" ဟယ်ရီက ပြောတယ်။

"မင်းနဲ့ ဟာမီးဟာ ဒီသင်ခန်းစာ မစခင်ကတည်းက ကျုပ်မေးခွန်းကို မှန်ကန်စွာ ဖြေကြားနိုင်တယ်၊ ဟယ်ရီ" လူပင်က ပေါ့ပါးစွာ ပြောတယ်။ "သိပ်ကောင်းတယ်။ အားလုံးကောင်းတယ်။ သိပ်ကောင်းတဲ့ သင်တန်း။ အိမ်စာအနေနဲ့ ဘော့ဂတ်နဲ့ ပတ်သက်တဲ့ အခန်းကို ဖတ်ကြပါ။ မှတ်စုလဲ ရေးပါ.... တနင်္လာနေ့ တင်ပေးကြ။ ပြောစရာ မရှိတော့ဘူး"

တစ်တန်းလုံး ဝမ်းသာအားရ ပြောကြ ဆိုကြရင်း ဆရာများ နားနေခန်းက ထွက်ခဲ့ကြတယ်။ ဒါပေမယ့် ဟယ်ရီကတော့ မပျော်ဘူး။ ပါမောက္ခ လူပင်ဟာ သူ့ကို ဘော့ဂတ်မတိုက်ဖို့ တမင်စီစဉ်တယ်။ ဘာကြောင့်လဲ။ သူ မီးရထားပေါ်မှာ ဟယ်ရီမေ့လဲသွားတာ မြင်ခဲ့ရပြီး ဟယ်ရီ့ကို ကြောက်လန့်မှုတွေ မခံနိုင်ဘူးလို့များ ထင်နေသလား မသိဘူး။ ဟယ်ရီ မေ့လဲသွားလိမ့်အုံးမယ်လို့များ ထင်နေသလား မသိဘူး။

ဒါပေမယ့် ဘယ်သူကမှ ဘာမှ သတိထားမိပုံ မပေါ်ဘူး။

"ငါ သရဲမကို တိုက်တာ နင် မြင်သလား" စီးမတ်စ်က အော်ပြောနေတယ်။

"ပြီးတော့ ဟိုလက်" ဒင်းက ပြောတယ်။ မိမိလက်ကိုလည်း ယမ်းပြတယ်။

"ဟို ဦးထုပ်ကြီး ဆောင်းထားတဲ့ စနိတ်ပ် ရှိသေးတယ်"

"ငါ့ မံမီလဲ ရှိသေးတယ်"

“ပါမောက္ခ လူပင် ခရစ်ဆယ်ဘောလုံးကို ဘာကြောင့်ကြောက်သလဲဆိုတာ ငါ မသိဘူး” လာဗင်ဒါက တွေးရင်း ပြောတယ်။

“ဒီတစ်ကြိမ်ဟာ ငါတို့ တက်ခဲ့ရတဲ့ အကောင်းမွန်ဆုံး မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်ခန်းစာပဲ။ မဟုတ်ဘူးလား” ရွန်က ဝမ်းသာအားရ ပြောတယ်။ သူတို့ဟာ ကျောင်းခန်းကို လွယ်အိတ်တွေ ယူဖို့ သွားနေကြတယ်။

“သူဟာ အလွန်ကောင်းတဲ့ ဆရာ ဖြစ်လိမ့်မယ်” ဟာမီးက ချီးမွမ်းပြောတယ်။ “ဒါပေမယ့်၊ ငါက ဘော့ဂတ်နဲ့ တိုက်ချင်တာ−−−”

“နင် ဘာကို ကြောက်သလဲ” ရွန်က ခိုးရယ်ရင်း ပြောတယ်။ “သိပ် လွယ်ကူတဲ့ အိမ်စာလား”

• • • • • • •

## ၈။ မိန်းမဝဝကြီး ထွက်ပြေးခြင်း

မကြာဘူး။ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်ခန်းစာဟာ လူအများ ကြိုက်နှစ်သက်တဲ့ ဘာသာရပ် ဖြစ်သွားတယ်။ ဂျာခို−မော်ဖိုင်နဲ့ ၄င်းရဲ့ စလေးသရင်းက လူတွေကသာ ပါမောက္ခလူပင် မကောင်းကြောင်း ပြောကြတယ်။

“သူ့ ဝတ်ရုံရှည်ကို ကြည့်စမ်း” ပါမောက္ခလူပင် ဖြတ်သွားတဲ့အခါမှာ မော်ဖိုင်က အကျယ်ကြီး ပြောတတ်တယ်။ “ သူ ဝတ်ထားတာ ငါတို့ အိမ်က မှင်စာလေးနဲ့ တူတယ်”

ဒါပေမယ့် သူတို့အပြင် ဘယ်သူမှ ပါမောက္ခလူပင် ဝတ်ရုံရှည်မှာ အဖာအထေးရှိတာ၊ အနားဖွာနေတာကို အရေးမလုပ်ကြဘူး။ သူ ဆက်ပြီး သင်ကြားတဲ့ သင်ခန်းစာတွေဟာ ပထမသင်ခန်းစာလိုပဲ သရုပ်ပီပြင်တယ်။ စိတ်ဝင်စားစရာ ကောင်းတယ်။ ဘော့ဂတ် ပြီးတော့၊ သူတို့ ဦးထုပ်နီကို လေ့လာကြတယ်။ အဲဒီအရာဟာ သရဲတစ္ဆေလို စိတ်ပျက်စရာအကောင်။ တစ်ယောက်ယောက် တစ်နေရာရာမှာ သွေးထွက်ရင် သူတို့ အဲဒီနေရာမှာ ပုန်းဝပ်နေတယ်။ ရဲတိုက်ပင်မ အဆောင်ထဲမှာ၊ လူရိပ်မမြင်ရတဲ့ စစ်မြေပြင်ကျင်းတွေ ချိုင့်တွေထဲမှာ သူတို့ဟာ မျက်စိလည် လမ်းမှားနေတဲ့လူတွေကို တိုက်ခိုက်ဖို့ စောင့်နေတယ်။ သူတို့ဟာ ဦးထုပ်နီလေးကနေ ခက်ဖတ်စ် ရောက်လာတယ်။

အဲဒါက ရေထဲနေ သတ္တဝါတစ်မျိုး။ ပုံပန်းက အကြေးခွံပါတဲ့ မျောက်နဲ့တူတယ်။ လက်နှစ်ဖက်မှာ ဘဲလို အရေပြား တွဲဆက်နေတယ်။ အတိမ်အနက်မသိဘဲ သူတို့ ရေကန်ထဲ ဆင်းလာတဲ့သူတွေကို ညှစ်သတ်ဖို့ အလုပ်ရှုပ်နေတယ်။

ဟယ်ရီဟာ တခြားဘာသာရပ်တွေကိုလည်း ဒီဘာသာရပ်လို စိတ်ဝင်စားဖို့ မျှော်လင့်တယ်။ အဆိုးဆုံးက မှော်ဆေးပညာ။ ဒီရက်တွေ အတွင်းမှာ စနိတ်ပ်ဟာ သိပ်ကို ကလဲ့စားချေချင်နေတယ်။ ဘာကြောင့်လဲဆိုတော့ အားလုံးသိနေတယ်။ ဘော့ဂတ်ကို စနိတ်ပ်အသွင် ပေါ်လာစေပြီး နီဗီးက ၎င်းကို အဖွားရဲ့ အင်္ကျီတွေ ဝတ်ပေးတဲ့အကြောင်းဟာ ကျောင်းထဲမှာ အလျင်အမြန် ပျံ့နှံ့သွားတယ်။ စနိတ်ပ်ကတော့ ရယ်စရာကောင်းတယ် မထင်ဘူး။ ပါမောက္ခ လူပင် နာမည်ကြားတာနဲ့ သူ့ မျက်လုံးထဲမှာ ခြိမ်းခြောက်တဲ့ အရောင် တောက်လာတယ်။ သူဟာ အရင်ကထက် ပိုပြီး နီဗီးကို အနိုင်ကျင့်တယ်။

ဟယ်ရီဟာလည်း ပါမောက္ခ ထရီလောနီရဲ့ အသက်ရှုကြပ်စရာ ကျောင်းခန်းထဲမှာ စာသင်ရတာကို ကြာလေ ကြောက်လေ ဖြစ်လာတယ်။ အဲဒီနေရာမှာ သူတို့ဟာ စောင်းနေတဲ့အရာများရဲ့ ပုံသဏ္ဌာန်နဲ့ နိမိတ်ကို ဖတ်ရတယ်။ ပါမောက္ခ ထရီလောနီရဲ့ မျက်ရည်တွေ လည်နေတဲ့ မျက်လုံးကြီး သူ့ကို စိုက်ကြည့်တိုင်းမှာ သူဘာမှ မဖြစ်ချင်ယောင် ဆောင်နေရတယ်။ အတန်းထဲက ကျောင်းသားအများစုက ပါမောက္ခ ထရီလောနီကို ရိုသေကြတယ်။ ကြောက်ချစ်ရိုသေတာတောင် ရှိပေမယ့် ဟယ်ရီကတော့ သူမကို မနှစ်သက်ဘူး။ ပါဗာထီ-ပါထီနဲ့ လာဗင်ဒါ-ဘရောင်းဟာ နေ့လယ်အချိန်ဆိုရင် ပါမောက္ခ ထရီလောနီရဲ့ ကျောင်းခန်းကို သွားကြတယ်။ ပြန်လာတဲ့အခါမှာ စိတ်ပျက်စရာ သူများထက်သာတဲ့ ခံစားချက်ကို ဖော်ပြကြတယ်။ သူများမသိတဲ့ ကိစ္စတွေကို သူတို့ သိနေတဲ့ပုံပဲ။ ဘယ်တော့မဆို၊ သူမတို့ ဟယ်ရီနဲ့ စကားပြောတိုင်း အသံက သေးသေးလေးရယ်။ ဟယ်ရီ အလောင်း ကုတင်ပေါ် ရောက်နေတဲ့ပုံပဲ။

ထူးဆန်းသတ္တဝါ ကာကွယ်ခြင်း သင်ခန်းစာကို ဘယ်သူမှ မကြိုက်ဘူး။ ဒီဘာသာရပ်ဟာ လှုပ်ရှားမှုအပြည့်ပါတဲ့ ပထမသင်ခန်းစာပြီးနောက် အလွန် လေးပင်သွားတယ်။ ဟက်ဂရစ်ဟာ ယုံကြည်ချက် ကင်းမဲ့သွားသလိုပဲ။ အခု၊ သူတို့ ဖလိုဘာခူကောင်ကို ဘယ်လို ပြုစုမလဲဆိုတဲ့ သင်ခန်းစာကို တစ်ချိန်ပြီးတစ်ချိန် တက်ကြရတယ်။ အဲဒီအကောင်တွေဟာ လက်ရှိမှာ ငြီးငွေ့စရာ အကောင်းဆုံး သတ္တဝါ ဖြစ်တယ်။

"ဘာဖြစ်လို့ ခေါင်းစားခံပြီး ၎င်းတို့ကို ပြုစုရတာလဲ" ရွန်ဟာ နောက်ထပ် တစ်နာရီ အချိန်ကုန်ခံပြီး မွတ်ဆွန်းကို ပါးပါးလှီးပြီး ဖလိုဘာခူကောင်တွေရဲ့ အာခေါင်ထဲ သွတ်ထည့်ရတဲ့အခါမှာ ဒီလို ပြောတယ်။

သို့ပေမယ့် အောက်တိုဘာလဆန်းမှာ ဟယ်ရီအဖို့ စိတ်ဝင်စားရမယ့် အလုပ်ရှိလာတယ်။ ဒီကိစ္စမျိုးဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်။ သူ ကောင်းကောင်း မသင်ကြားရတဲ့ သင်ခန်းစာတွေကြောင့် စိတ်ဆင်းရဲရတာကို ထေမိစေတယ်။ ခွေဒစ်ရာသီ နီးလာပြီ။ အင်္ဂါနေ့တစ်နေ့ရဲ့ ညမှာ ဂရစ်ဖင်းဒေါအသင်းရဲ့ အသင်းခေါင်းဆောင် အော်လီဗာ-ဝုဒ်က အစည်းအဝေးတစ်ခု ခေါ်တယ်။ ရာသီသစ်အတွက် နည်းဗျူဟာ ဆွေးနွေးကြတယ်။

ခွေဒစ် အသင်းတစ်သင်းမှာ ဘောလုံးသမား ခုနစ်ယောက်ပါတယ်။ သုံးယောက်က ဘောလိုက်သမား။ ၎င်းတို့ရဲ့ တာဝန်ကတော့ ခွပ်ဖော်ဘောလုံး (ကန်ဘောလောက်ကြီးတဲ့ အနီရောင်ဘောလုံး)ကို ဘောကွင်းနှစ်ဖက်မှာရှိတဲ့ ပေ-၅၀မြင့်တဲ့ ဂွင်းထဲ ပစ်ထည့်ပြီး အမှတ်ရအောင်လုပ်ဖို့ပဲ။ ဘောရိုက်သမား နှစ်ယောက်။ ၎င်းတို့မှာ ထုထုလေးလေး ဘောရိုက်တံနှစ်ခု တပ်ဆင်ထားတယ်။ ဘလဒ်ဂါ (တအုန်းအုန်းမြည်ပြီး ဘောသမားကို အခွင့်ရှာပြီး တိုက်ခိုက်မယ့် လေးပင်တဲ့ အနက်ရောင်ဘောလုံး) ခုခံဖို့ ဖြစ်တယ်။ ဂတ်တစ်ယောက်။ ၎င်းက ဂိုးတိုင်ကို စောင့်ရတယ်။ ရှာဖမ်းသမားတစ်ယောက် ရှိသေးတယ်။ ၎င်းရဲ့ တာဝန်က အခက်ခဲဆုံးပဲ။ သူဟာ ရွှေရောင်ဘောလုံးပျံလေးကို ရှာဖွေ ဖမ်းယူရတယ်။ အဲဒီ ဘောလုံးလေးဟာ တောင်ပံရှိတယ်။ မက်မုံသီး ငယ်ငယ်အရွယ် ရှိတယ်။ ၎င်းကို ဖမ်းမိရင် ပြိုင်ပွဲပြီးဆုံးသွားတယ်။ ဒီဘောလုံးကလေးကို ရတဲ့ အသင်းဟာ အမှတ်တစ်ရာ့ငါးဆယ် ထပ်ရတယ်။

အော်လီဗာ–ဝုဒ်ဟာ ထွားကျိုင်းတုတ်ခိုင်တဲ့ အသက် ၁၇–နှစ်အရွယ် လူငယ်။ အခု သတ္တမနှစ် ရောက်ပြီ။ ဒီနှစ်ဟာ သူ ဟော့ဂ်ဝပ်မှာ နေရမယ့် နောက်ဆုံးနှစ် ဖြစ်တယ်။ မှောင်မှောင်လာနေတဲ့ ခွေဒစ်ဘောကွင်းဘေးရှိ အေးစက်တဲ့ အဝတ်လဲခန်းထဲမှာ၊ သူဟာ မိမိရဲ့ အသင်းသား ၆ယောက်ကို စကားပြောနေတယ်။ သူ့အသံဟာ တိတ်တိတ်လေး မျှော်လင့်ချက်မဲ့တဲ့အသံ ပါနေတယ်။

“ဒီတစ်ကြိမ်ဟာ တို့တစ်တွေ ခွေဒစ်ဖလား ဆွတ်ခူးဖို့ နောက်ဆုံး အခွင့်အရေးပဲ––– ငါ့အဖို့ နောက်ဆုံး အခွင့်အရေးပဲ” သူက အသင်းကစားဖက်တွေကို ပြောတယ်။ ၎င်းတို့ ရှေ့မှာလည်း ခြေလှမ်းကျဲကျဲနဲ့ ဟိုဟိုဒီဒီ လျှောက်နေတယ်။ “ဒီနှစ် နှစ်ကုန်ပိုင်းမှာ ငါ ကျောင်းက ခွဲခွာရတော့မယ်။ ငါ ဒီမှာ ပြိုင်ပွဲပါဝင်လို့ မရတော့ဘူး။

“ခုချိန်ထိ၊ ဂရစ်ဖင်းဒေါဟာ အနိုင်မရတာ ခုနစ်နှစ်ရှိပြီ။ ကောင်းပြီ။ တို့အရင်က ကံမကောင်းဘူး––– ဒဏ်ရာရတယ်––– ပြီးတော့ မနှစ်ကလဲ ဒိုင်းဆုပြိုင်ပွဲကြီး ပယ်ဖျက်လိုက်တယ်….” ဝုဒ်က တံတွေးမျိုချလိုက်တယ်။ ဒီလို ပြန်လည်သတိရမှုဟာ မိမိလည်ချောင်းကို တစ်ဆို့စေသလိုပဲ။ “ဒါပေမယ့် ငါတို့ သိထားတဲ့အတိုင်း၊ ငါတို့မှာ ––– ငါတို့ ဟောက်စ်ကျောင်းရဲ့ –––အကောင်းဆုံး––– ဘောသင်းဆိုတဲ့ ဂုဏ်ပုဒ်ရှိတယ်” သူက ပြောရင်း လက်တစ်ဖက်က လက်သီးကိုဆုပ်ပြီး ကျန်လက်တစ်ဖက်ပေါ် ထုချလိုက်တယ်။ သူ့မျက်လုံးထဲမှာလည်း ယခင်ကာလကလို လှိုက်လှဲတက်ကြွတဲ့အရောင် တောက်နေတယ်။

“ငါတို့မှာ အကောင်းဆုံး ဘောလိုက်သမား သုံးယောက်ရှိတယ်”

ဝုဒ်က အလစ်စီယာ–စပင်နက်၊ အင်ဂလီယာ–ဂျွန်ဆင်နဲ့ ခက်တီ–ဘဲကို ညွှန်ပြတယ်။

“ငါတို့မှာ ပွဲတိုင်းကျော်တဲ့ ဘောရိုက်သမား နှစ်ယောက်ရှိတယ်”

“မပြောပါနဲ့တော့၊ အော်လီဗာ။ ငါတို့ မနေတတ်တော့ဘူး” ဖရက်နဲ့ ဂျော့–ဝယ်စလီညီနောင်ဟာ မျက်နှာနီလာကာ ဟန်ဆောင်ပြီး ပြိုင်တူပြောတယ်။

“ငါတို့မှာ ရှာဖမ်းသမားတစ်ယောက် ရှိသေးတယ်။ ၎င်းက ပြိုင်ပွဲကို အောင်နိုင်တာချည်းပဲ” ဝုဒ်က အသံလေးလေးနဲ့ ပြောတယ်။ အလွန်ဒေါသထွက်ပြီး ဂုဏ်ယူတဲ့ပုံနဲ့ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ “ပြီးတော့ ငါပဲ” ပြောပြီးမှ သတိရတဲ့အနေနဲ့ သူက ဖြည့်ပြောတယ်။

“မင်းလဲ သိပ်တော်တယ်လို့ တို့ထင်တယ်။ အော်လီဗာ” ဂျော့က ပြောတယ်။

“အလွန်တော်တဲ့ ဂိုးစောင့်” ဖရက်က ပြောတယ်။

“အဓိကအချက်က” ဝုဒ်က ဆက်ပြောတယ်။ တစ်ခါ ဟိုဒီ လျှောက်နေပြန်တယ်။ “လွန်ခဲ့တဲ့ နှစ်နှစ်က ခွေဒစ်ဒိုင်းပေါ်မှာ ငါတို့အသင်းရဲ့ နာမည် ထိုးသင့်တယ်။ ဟယ်ရီ ငါတို့အသင်းထဲ ပါဝင်လာကတည်းက ဒိုင်းဆုဟာ တို့လက်လှမ်းယူရုံပဲရှိတယ်လို့ ငါထင်ခဲ့တယ်။ ဒါပေမယ့် တို့ ဒီဒိုင်းကို မရခဲ့ဘူး။ ဒီနှစ်ဟာ ဒိုင်းပေါ်မှာ တို့အသင်းနာမည်မြင်ရဖို့ နောက်ဆုံးအခွင့်အရေးပဲ……”

ဝုဒ်စကားမှာ စိတ်ဓာတ်ကျမှုတွေပါနေလို့ ဖရက်နဲ့ ဂျော့တောင် သူ့ကို စာနာလာတယ်။

“အော်လီဗာ၊ ဒီနှစ်က တို့နှစ်ကွ” ဖရက်ကပြောတယ်။

“ငါတို့နိုင်မှာ၊ အော်လီဗာ” အင်ဂလီယာက ပြောတယ်။

“သေချာပါတယ်” ဟယ်ရီကပြောတယ်။

ဒီအသင်းဟာ ယုံကြည်ချက်အပြည့်နဲ့ စတင်လေ့ကျင့်ကြတယ်။ တစ်ပတ်ကို သုံးကြိမ်။

ရာသီဥတုဟာ ကြာလေ အေးလေးပဲ။ ကြာလေ စွတ်စိုလေပဲ။ ညအချိန်လည်း ပိုပြီး မည်းမှောင်နေတယ်။ ဒါပေမယ့် ရွှံ့တွေ ဘယ်လိုများများ၊ မိုးလာလာ၊ လေလာလာ ဟယ်ရီရဲ့ လှပကောင်းမွန်တဲ့ ကြိုမြင်ထားမှုကို မယိမ်းယိုင်စေနိုင်ဘူး။ သူတို့အသင်းဟာ နောက်ဆုံးမှာ အဲဒီ ဇရာမဆုဒိုင်းကြီးကို ရမှာ သေချာတယ်။

တစ်ညမှာ ဟယ်ရီဟာ လေ့ကျင့်ပြီးနောက် ဂရစ်ဖင်းဒေါ အများနားနေခန်းကို ပြန်လာတယ်။ အေးစက်တာ ခဲနေတယ်လို့ ခံစားရတယ်။ ဒါပေမယ့် လေ့ကျင့်ရတာ သိပ်ကျေနပ်တယ်။ နားနေခန်းထဲက လူတွေ တအုန်းအုန်းနဲ့ အလွန်တက်ကြွစွာ ဘာတွေ ပြောနေမှန်းမသိဘူး။

“ဘာဖြစ်သလဲ” သူက ရွန်နဲ့ ဟာမီးကို မေးတယ်။ ဒီနှစ်ယောက်ဟာ မီးလင်းဖိုဘေး အကောင်းဆုံးနေရာမှာ ထိုင်နေကြတယ်။ နက္ခတ္တဗေဒဘာသာမှာ သင်တဲ့ ကြယ်တာရာပုံတွေကို ယှဉ်ကြည့်နေကြတယ်။

“ပထမဆုံး ဟော့ဂ်မေ့ဒ် ရက်သတ္တပတ်ကုန်ရက်” ရွန်က ကြော်ငြာသင်ပုန်းဟောင်းပေါ်က သတင်းကို ညွှန်ပြတယ်။ “အောက်တိုဘာလကုန်မှာ၊ ဟောဝင်း မတိုင်မီ”

“သိပ်ကောင်းတာပဲ” ဖရက်က ပြောတယ်။ သူဟာ ဟယ်ရီနဲ့ အတူ အရုပ်ကားအပေါက်ကို ရောက်လာတာ။

“ငါ ဇန်ခိုကို သွားမှဖြစ်မယ်။ ငါ့နံလုံးတွေ ကုန်တော့မယ်”

ဟယ်ရီဟာ ရွန့်ဘေးက ထိုင်ခုံထဲ ပစ်ထိုင်ချလိုက်တယ်။ သူ တက်ကြွနေတဲ့ စိတ်ဓာတ်ဟာ တဖြည်းဖြည်း ကျဆင်းလာတယ်။ ဟာမီးဟာ သူ့အခြေအနေကို သိနေသလိုပဲ။

“ဟယ်ရီ၊ နင် နောက်တစ်ကြိမ်ဆိုရင် သွားရမှာပါ” သူမက ပြောတယ်။ “သူတို့ မကြာခင် ဘလက်ကို မိတော့မှာ။ သူ့ကို တစ်နေရာမှာ တွေ့လိုက်တယ်”

“ဘလက်ဟာ ဒီလောက် အ,မှာမဟုတ်ဘူး၊ ဟော့ဂ်မေ့ဒ်မှာ တစ်ခုခုလုပ်ဖို့ ကြိုးစားမှာ မဟုတ်ဘူး” ရွန်က ပြောတယ်။ “မက်ဂေါ်နာဂေါကို မင်းသွားလို့ ရမလား မေးကြည့်၊ ဟယ်ရီ။ နောက်တစ်ကြိမ်ဆိုရင် ဘယ်ထိစောင့်ရမလဲ မသိဘူး–––”

“ရွန်” ဟာမီးက ပြောတယ်။ “ဟယ်ရီဟာ ကျောင်းမှာ နေသင့်တယ်–––”

“သူဟာ ကျောင်းမှာ နေရစ်တဲ့ တစ်ဦးတည်းသော တတိယနှစ် ကျောင်းသား မဖြစ်နိုင်ဘူး” ရွန်က ပြောတယ်။ “မက်ဂေါ်နာဂေါကို သွားမေး။ သွားလေ၊ ဟယ်ရီ–––”

“မှန်တယ်၊ ငါ သွားမေးမယ်” ဟယ်ရီက စိတ်ဆုံးဖြတ်ချက် ချလိုက်တယ်။

ဟာမီးက တစ်ခုခု ပြောမယ်လုပ်တယ်။ ဒါပေမယ့် ခရွတ်ရှန်ဟာ သူမ ခြေသလုံးပေါ် အသာ ခုန်တက်လာတယ်။ ပင့်ကူသေ အကြီးကြီး ကိုက်ထားတယ်။

“ငင်းက တို့ရှေ့မှာ အစာစားမှ ဖြစ်မှာလား” ရွန်က ဟောက်တယ်။

“ဉာဏ်ကောင်းတဲ့ ခရွတ်ရှန်၊ မင်းဖာသာ ဖမ်းတာလား” ဟာမီးက ပြောတယ်။

ခရွတ်ရှန်ဟာ ပင့်ကူကို ဖြည်းဖြည်းဝါးနေတယ်။ ငင်းရဲ့ မျက်လုံးဝါကြီးနဲ့ ရွန့်ကို ကြည့်နေတယ်။

"သူ့ကို ဟိုဘက်မှာထား။ ဒါပဲ" ရွန်က ဒေါသနဲ့ ပြောပြီး ကြယ်တာရာပုံကားကို ကိုင်ပြန်တယ်။ "အစက်အပြောက်လေး ငါ့လွယ်အိတ်ထဲမှာ အိပ်နေတယ်"

ဟယ်ရီက သန်းဝေနေတယ်။ သူ သိပ်ကို သွားအိပ်ချင်နေပြီ။ ဒါပေမယ့် သူ့ ကြယ်တာရာပုံ ရေးဆွဲလို့ မပြီးသေးဘူး။ သူက လွယ်အိတ်ကို ဆွဲယူတယ်။ သိုးရေစက္ကူ၊ မင်နဲ့ ငှက်မွေးကလောင်ကို ယူထုတ်လိုက်ပြီး အိမ်စာ စ,လုပ်တယ်။

"မင်း ကူးချင်ရင် ငါ့ဟာ ကူးလို့ရတယ်" ရွန်က ပြောတယ်။ ၎င်းရဲ့ ကြယ်တာရာပုံပေါ်က နောက်ဆုံးကြယ်တစ်လုံးကို တစ်ချက်တည်းနဲ့ ဆွဲချလိုက်တယ်။ ဒီနောက် ပုံကို ဟယ်ရီဆီ တွန်းပေးလိုက်တယ်။

ဟာမီးဟာ ကူးချတာ မကြိုက်ဘူး။ ဒါကြောင့် သူမ နှုတ်ခမ်းစူထားတယ်။ ဒါပေမယ့် ဘာမှတော့ မပြောဘူး။ ခရွတ်ရှန်ဟာ မျက်တောင်မခတ်ဘဲ ရွန့်ကို ကြည့်မြဲကြည့်နေတယ်။ ၎င်းရဲ့ အမွေးထူထူ အမြီးချွန်ချွန်ကို အသာလှုပ်နေတယ်။ ဒီနောက် အသံမထွက်ဘဲ ရုတ်တရက် ဝင်ကိုက်တယ်။

"အော" ရွန်က အော်ဟောက်တယ်။ မိမိလွယ်အိတ်ကို လှမ်းဆွဲယူလိုက်တယ်။ ဒီအချိန်မှာ ခရွတ်ရှန်ရဲ့ ခြေလေးချောင်းဟာ လွယ်အိတ်ကို တင်းတင်း ဆွဲထားပြီ။ ပြီးတော့ တအား ကိုက်ဖြဲနေတယ်။ "လွှတ်စမ်း၊ အသုံးမကျတဲ့ သတ္တဝါ"

ရွန်ဟာ ခရွတ်ရှန်ရဲ့ လက်ထဲက လွယ်အိတ်ကို ကြိုးစားလုယူတယ်။ ဒါပေမယ့် ၎င်းက မလွှတ်ဘူး။ ပါးစပ်မှာ အမြှုပ်တွေနဲ့။

"ရွန်၊ ၎င်းကို မလုပ်နဲ့" ဟာမီးက စူးရှစွာ အော်တယ်။ နားနေခန်းတစ်ခုလုံး ဝိုင်းပြီး ပွဲကြည့်နေကြတယ်။ ရွန်ဟာ လွယ်အိတ်ကိုယူပြီး အလျင်အမြန် လှည့်ပတ်လိုက်တယ်။ ခရွတ်ရှန်က မလွှတ်ဘူး။ အစက်အပြောက်လေးဟာ လွယ်အိတ်အပေါ်ပေါက်က ခုန်ထွက်လာတယ်။

"ဟို ကြောင်ကို ဖမ်းထား" ရွန်က တအား အော်တယ်။ ဒီအချိန်မှာ ခရွတ်ရှန်ဟာ လွယ်အိတ်ကို လွှတ်လိုက်ပြီး စားပွဲခုံပေါ် ခုန်တက်ကာ ကြောက်လို့ သေတော့မယ့် အစက်အပြောက်လေးကို လိုက်ဖမ်းတယ်။

ဂျော့ဝယ်စလီဟာ ခရွတ်ရှန်ကို တအားပြေးဖမ်းတယ်။ ဒါပေမယ့် မမိဘူး။ အစက်အပြောက်လေးဟာ ခြေထောက်အစုံ နှစ်ဘက်ကြားမှာ တအား ပြေးနေတယ်။ ခဏနေတော့ အံဆွဲဗီရိုကြီးအောက် ဝင်ပြေးတယ်။ ခရွတ်ရှန်ဟာ ရုတ်တရက် ရပ်သွားတယ်။ နိမ့်နိမ့်လေးထိုင်ပြီး ရှေ့ခြေနဲ့ အံဆွဲဗီရိုအောက် လှမ်းနှိုက်နေတယ်။

ရွန်နဲ့ ဟာမီးဟာ ကမန်းကတန်း ပြေးသွားတယ်။ ဟာမီးက ခရွတ်ရှန်ရဲ့ ခါးကိုကိုင်ပြီး တခြားတစ်နေရာကို မနည်း မ ပို့လိုက်တယ်။ ရွန်က ကြမ်းပေါ်ကုန်းပြီး မနည်းလုပ်မှ အစက်အပြောက်လေးရဲ့ အမြီးကို ဆွဲမိတယ်။ ၎င်းကို ဆွဲထုတ်လိုက်တယ်။

"ကြည့်စမ်း" သူက တအားဒေါသထွက်ပြီး ဟာမီးကို ပြောတယ်။ အစက်အပြောက်လေးကိုကိုင်ပြီး သူမရှေ့မှာ လှုပ်ပြတယ်။ "၎င်းမှာ အရိုးပေါ်အရေတင် ဖြစ်နေပြီ။ ဟိုကြောင်ကို သူ့နားမကပ်စေနဲ့"

"ခရွတ်ရှန်ဟာ ၎င်းမှားတယ်ဆိုတာ မသိမှ မသိတာ" ဟာမီးက ပြောတယ်။ အသံက တုန်နေတယ်။

"ရှိရှိသမျှ ကြောင်တွေဟာ ကြွက်ဖမ်းတာချည်းပဲ၊ ရွန်"

"ဒီတိရစ္ဆာန်ဟာ တကယ့်ကို နည်းနည်းထူးတယ်" ရွန်ကပြောတယ်။ တစ်ဖက်မှာလည်း အသားကုန် ရုန်းကန်နေတဲ့ အစက်အပြောက်လေးကို လွယ်အိတ်ထဲ ပြန်ဝင်ဖို့ တအား နားချနေရတယ်။ "ငါ့ အစက်အပြောက်လေး လွယ်အိတ်ထဲမှာ ရှိတယ်လို့ ပြောတာ ၎င်းကြားသွားတယ်"

"အော၊ ဒါကတော့ အဓိပ္ပာယ်မရှိ ပြောတာ" ဟာမီးက စိတ်မရှည်ဘဲ ပြောတယ်။ "ခရွတ်ရှန်ဟာ ၎င်းအနံ့ကို ရနိုင်တယ်။ ရွန်၊ နင်က ၎င်းက---"

"အဲဒီ ကြောင်ဟာ အစက်အပြောက်လေးကိုပဲ စောင့်ကြည့်နေတာ" ရွန်က ပြောတယ်။ ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး။ ဘေးကလူတွေ ရယ်ကြတယ်။ "အစက်အပြောက်လေးဟာ ဒီမှာ အရင်ရှိနေတာ။ ပြီးတော့ ၎င်းဖျားနေတယ်"

ရွန်ဟာ အများနားနေခန်းကို ခြေလှမ်းကျဲကျဲ ဖြတ်လျှောက်ပြီး လှေခါးကနေ ကျောင်းသားအိပ်ဆောင်ကို တက်သွားတယ်။

နောက်နေ့အထိ ရွန်ဟာ ဟာမီးကို စိတ်ဆိုးနေတယ်။ မှော်ဆေးပညာ သင်ခန်းစာတက်ချိန်မှာ သူ၊ ဟယ်ရီ၊ ဟာမီးတို့ဟာ သုံးယောက်တစ်စုအနေနဲ့ စမ်းသပ်မှုပြုလုပ်ရပေမယ့် သူဟာ ဟာမီးနဲ့ စကားမပြောသလောက်ပဲ။

"အစက်အပြောက်လေး ဘယ့်နှယ်နေလဲ" ဟာမီးက လန့်လန့်နဲ့ မေးတယ်။ သူတို့ ပဲတောင့်နွှာနေကြတယ်။ ပြောင်လက်တဲ့ ပဲစေ့ကို စည်ပိုင်းထဲ ထည့်နေကြတယ်။

"သူ ငါ့ကုတင်အောက် ပုန်းနေတယ်။ တုန်နေတာပဲ" ရွန်က စိတ်ဆိုးစွာ ပြောတယ်။ လက်တုန်သွားလို့ ပဲစေ့ စည်ပိုင်းထဲမဝင်ဘဲ အနွေးခန်း ကြမ်းပြင်ပေါ် ကျသွားတယ်။

"သတိထား၊ ဝယ်စလီ၊ သတိထားလုပ်" ပါမောက္ခ စပရောက်က အော်တယ်။ ဒီအချိန်မှာ ပဲစေ့ဟာ သူတို့ မျက်စိရှေ့မှာတင် ပန်းပွင့်လာတယ်။

နောက်တက်မယ့် သင်ခန်းစာက ရုပ်ပြောင်းပညာ။ ဟယ်ရီဟာ ကျောင်းဆင်းတာနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါကို အများနဲ့အတူ ဟော့ဂ်မေ့ဒ် သွားလို့ ရမလားလို့ မေးဖို့ ဆုံးဖြတ်ထားတယ်။ ဒါနဲ့ သူဟာ ကျောင်းခန်းထဲမှာ အတန်းဝင်စီတယ်။ သူ ဘယ်လိုပြောရမလဲ ဆိုတာ တွေးနေတယ်။ ဒါပေမယ့် အတန်းရှေ့ဘက်မှာ ရှုတ်ရှုတ်သဲသဲ ဖြစ်လို့ သူ အာရုံပြားသွားတယ်။

လာဗင်ဒါ–ဘရောင်း ငိုနေသလိုပဲ။ ပါဗာထီ သူမကို ဖက်ထားပြီး စီးမတ်–ဖင်နစ်ဂင်နဲ့ ဒင်း–သောမတ်စ်ကို ဘာရှင်းပြနေသလဲ မသိဘူး။ အဲဒီသူ နှစ်ယောက်ဟာ ခပ်တည်တည်နဲ့။

"ဘာဖြစ်သလဲ၊ လာဗင်ဒါ" ဟာမီးက စိုးရိမ်စွာ မေးတယ်။ ဒီအချိန်မှာ သူမရယ်၊ ဟယ်ရီနဲ့ ရွန်တို့ဟာ လူအုပ်ထဲ ရောက်လာတယ်။

"ဒီနေ့မနက် သူမ အိမ်စာတစ်စောင် ရတယ်" ပါဗာထီက တိုးတိုးပြောတယ်။ "သူမရဲ့ ယုန်လေး ဘင်ကီကို မြေခွေး ကိုက်သတ်လိုက်လို့"

"အော" ဟာမီးက ပြောတယ်။ "ဝမ်းနည်းပါတယ်၊ လာဗင်ဒါ"

"ငါ အစောကြီးကတည်းက သိထားသင့်တယ်" လာဗင်ဒါက ဝမ်းနည်းစွာ ပြောတယ်။ "ဒီနေ့ ဘာနေ့လဲဆိုတာ နင်တို့ သိလား"

“အော---”

“အောက်တိုဘာ ၁၆ရက်နေ့လေ။ ‘မင်းဖြစ်မှာ ကြောက်တဲ့ ကိစ္စ၊ အောက်တိုဘာ ၁၆ရက်မှာ ဖြစ်လိမ့်မယ်’ မှတ်မိလား။ သူမ ပြောတာ မှန်တယ်။ သူမ ပြောတာ မှန်တယ်”

အခု၊ တစ်တန်းလုံး လာဗင်ဒါဘေးမှာ စုရုံးနေတယ်။ စီးမတ်က တည်ကြည်စွာ ခေါင်းခါတယ်။ ဟာမီး တွေဝေနေတယ်။ ဒီနောက် သူမက ပြောတယ်။ “နင်--- ဘင်ကီကို မြေခွေးစားမှာ ကြောက်လို့လား”

“အင်း၊ မြေခွေးစားမှတော့ မဟုတ်ဘူး” လာဗင်ဒါက ပြောတယ်။ မျက်ရည်စက်လက်နဲ့ ဟာမီးကို မော့ကြည့်တယ်။ “ဒါပေမယ့် ငါ သူသေသွားမှာ ပူပင်တာ အမှန်ပဲ။ မဟုတ်ဘူးလား”

“အော” ဟာမီးက ပြောတယ်။ သူမ ခဏရပ်လိုက်တယ်။ ဒီနောက် ---

“ဘင်ကီက ယုန်အိုကြီးပဲ မဟုတ်လား”

“ဟင့်အင်း---- ဟင့်အင်း” လာဗင်ဒါက ရှိုက်ရင်းပြောတယ်။ “ယုန်ကလေးပဲ ရှိသေးတယ်”

ပါဗာထီရဲ့ လက်ဟာ လာဗင်ဒါကို ပိုတင်းတင်း ဖက်ထားလိုက်တယ်။

“ဒါဆို နင် ဘာကြောင့် ၎င်းသေမှာ စိုးရိမ်တာလဲ” ဟာမီးက ပြောတယ်။ ပါဗာထီက သူမကို စိုက်ကြည့်နေတယ်။

“ကောင်းပြီ၊ ဒီကိစ္စကို ငါတို့ လောဂျစ်ကျကျ ကြည့်ရအောင်” ဟာမီးက အများဘက် လှည့်လိုက်တယ်။

“ငါဆိုလိုတာက ဘင်ကီဟာ ဒီနေ့သေတာမှ မဟုတ်တာ။ ဟုတ်တယ် မဟုတ်လား။ လာဗင်ဒါ ဒီနေ့မှ သတင်းရတာ ----” လာဗင်ဒါ အကျယ်ကြီး ပူဆွေးစွာ ငိုတယ်။ “---- ပြီးတော့ သူမဟာ ဒီကိစ္စကိုပဲ တစ်ချိန်လုံး စိုးရိမ်နေတာ မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒီကိစ္စ သူမကို တုန်လှုပ်စေတာက ----”

“ဟာမီးကို ဂရုမစိုက်နဲ့၊ လာဗင်ဒါ” ရွန်က အော်ပြောတယ်။ “သူမက သူများ အချစ်တော်လေးတွေ အရေးမကြီးဘူးလို့ ထင်တာ”

ဒီအချိန်မှာ၊ ပါမောက္ခ မက်ဂေါ်နာဂေါ် ကျောင်းခန်းတံခါး ဖွင့်လိုက်တယ်။ ဒီအချိန်မှာ ဖွင့်လိုက်လို့ တော်ပါသေးတယ်။ ဟာမီးနဲ့ ရွန်တို့နှစ်ယောက် အချင်းချင်း ရန်ငြိုးနဲ့ ကြည့်နေကြတယ်။ ကျောင်းခန်းထဲ ဝင်လာကြပြီးနောက် သူတို့နှစ်ယောက်ဟာ ဟယ်ရီ့ဘေး တစ်ဖက်တစ်ချက်စီမှာ ဝင်ထိုင်ကြတယ်။ ကျောင်းချိန်အတွင်း အပြန်အလှန် စကားမပြောကြဘူး။

ကျောင်းဆင်းခေါင်းလောင်းထိုးပြီ။ ဟယ်ရီဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်ကို မေးကြည့်ဖို့ စိတ်ဆုံးဖြတ်ချက် မချရသေးဘူး။ ပါမောက္ခ မက်ဂေါ်နာဂေါ်ကသာ ဟော့ဂ်မော့ဒ်အကြောင်း စပြောတာ။

“ခဏနေကြဦး” သူမက အော်တယ်။ တစ်တန်းလုံး ကျောင်းခန်းထဲက ထွက်သွားနေကြတယ်။ “မင်းတို့အားလုံး ကိုယ့်ဟောက်စ်ကျောင်းကပဲ။ ဟောဝင်း ပွဲတော်မတိုင်မီ လျှောက်လွှာကို အပ်ကြပါ။ မအပ်ရင် ဟော့ဂ်မော့ဒ်ကို မသွားရဘူး။ ဒါကြောင့် မင်းတို့အားလုံး မမေ့ကြနဲ့”

နီဗီးက လက်မြှောက်တယ်။

“ပါမောက္ခ၊ ကျွန်တော်---- ကျွန်တော့်လျှောက်လွှာ ပျောက်သွားပြီလို့ ကျွန်တော် ထင်တယ်----”

“မင်းအဖွားက လျှောက်လွှာကို တိုက်ရိုက်ပို့လာတယ်။ လွန်ခဲ့တဲ့ ဘောဇ်တမ်” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ “သူမက ဒီလိုလုပ်မှ စိတ်ချရတယ်။ ကောင်းပြီ။ မရှိတော့ဘူး။ မင်းတို့ သွားလို့ရပြီ”

“သွားမေးလေ” ရွန်က ဟယ်ရီကို အသံအောက်အောက်နဲ့ ပြောတယ်။

“အင်း၊ ဒါပေမယ့် ----- ” ဟာမီး စကားပြောတယ်။

“သွားလေ၊ ဟယ်ရီ” ရွန်က ခေါင်းမာမာ ပြောပြန်တယ်။

အားလုံးထွက်သွားပြီးမှ ဟယ်ရီဟာ စိတ်လှုပ်ရှားစွာ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ စားပွဲရှေ့လျှောက်သွားတယ်။

“ဟင်၊ ပေါ်တာလား”

ဟယ်ရီ အသက်ပြင်းပြင်း ရှုလိုက်တယ်။

“ပါမောက္ခ၊ ကျွန်တော့်အဒေါ်နဲ့ ဦးလေးက ---- အော----- ကျွန်တော့် လျှောက်လွှာမှာ လက်မှတ်ထိုးဖို့ မေ့နေတယ်” သူက ပြောတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူမရဲ့ လေးထောင့်မျက်မှန် အပေါ်ဘက်ကနေ သူ့ကို ကြည့်နေတယ်။ ဒါပေမယ့်၊ ဘာမှ မပြောဘူး။

“ဒါဆို ---- အော ----- ဖြစ်မလားမသိဘူး---- ကျွန်တော် ပြောချင်တာက ---- ကျွန်တော်သွားလို့ရမလား----- ကျွန်တော် ဟော့ဂ်မော့ဒ်ကို သွားမယ်ဆိုရင်၊ ရမလား”

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူ့အကြည့်ကို ပြန်သိမ်းလိုက်ပြီး စားပွဲပေါ်က စာရွက်တွေကို လှန်လှောနေတယ်။

“မဖြစ်ဘူးထင်တယ်၊ ဟယ်ရီ” သူမက ပြောတယ်။ “ငါ ခုနက ဘာပြောတယ်ဆိုတာ ကြားတယ် မဟုတ်လား။ လျှောက်လွှာမတင်ရင် မသွားရဘူး။ ဒါ သတ်မှတ်ချက်ပဲ”

“ဒါပေမယ့် ---- ပါမောက္ခ၊ ကျွန်တော့်အဒေါ်နဲ့ ဦးလေး----- ပါမောက္ခ သိပါတယ်။ သူတို့အားလုံး မဂ်ဂေါ်တွေ။ သူတို့ဟာ ဟော့ဂ်မော့ဒ်ရဲ့---- လျှောက်လွှာပါ အကြွက်တွေနဲ့ လူတွေကို ---- သေချာ နားမလည်ကြဘူး” ဟယ်ရီက ပြောတယ်။ ရွန်က ဘေးကနေ တအားခေါင်းညိတ်ပြပြီး အားပေးနေတယ်။ “တကယ်လို့ သင်က ကျွန်တော် သွားနိုင်တယ်လို့ ပြောရင် ----”

“ဒါပေမယ့် ကိုယ်က ဒီလိုပြောမှာ မဟုတ်ဘူး” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ သူမ မတ်တတ်ရပ်လိုက်တယ်။ သူမ စာရွက်တွေကို သေသပ်စွာ အံဆွဲထဲ ထည့်လိုက်တယ်။ “လျှောက်လွှာထဲမှာ မိဘ သို့မဟုတ် အုပ်ထိန်းသူ ခွင့်ပြုချက် ပါရမယ်လို့ ရှင်းလင်းစွာ ပြောထားတယ်” သူမဟာ သူ့ကို လှည့်ကြည့်တယ်။ မျက်နှာပေါ် အမူအရာက တစ်မျိုးကြီးပဲ။ “ဝမ်းနည်းပါတယ်၊ ပေါ်တာ။ ဒါပေမယ့် ဒါက နောက်ဆုံး ဆုံးဖြတ်ချက်ပဲ။ မင်း မြန်မြန်သွားတော့။ တော်ကြာ နောက်ကျောင်းချိန် မမီဘဲ နေမယ်”

ကယ်လို့ မရတော့ဘူး။ ရွန်က ပါမောက္ခ မက်ဂေါ်နာဂေါကို အပြစ်တင်တဲ့ စကားတွေ အများကြီး ပြောတယ်။ ဒါကြောင့် ဟာမီး ဒေါသထွက်နေတယ်။ ဟာမီး မျက်နှာပေါ်မှာ "အားလုံး အဆင်ပြေပြေ ပြီးဆုံးသွားပြီ" ဆိုတဲ့ အမူအရာ ဖော်ပြနေတယ်။ ဒါကြောင့် ရွန်က ပိုပြီး ဒေါသထွက်နေတယ်။ အတန်းထဲက သူငယ်ချင်းတွေဟာ ဝမ်းသာအားရနဲ့ သူတို့ ဟော့ဂ်မော့ဒ်ရောက်ရင် အရင်ဆုံး ဘာလုပ်မယ်ဆိုတာ ပြောဆိုနေကြတယ်။ ဒါကို ဟယ်ရီ တိတ်တိတ်လေး ခံစားနေရတယ်။

"ပွဲကြီး တစ်ပွဲတော့ ရှိဦးမှာပါ" ရွန်က ပြောတယ်။ ဟယ်ရီ ဝမ်းသာစေချင်တယ်။ "မင်း သိပါတယ်၊ ဟောဝင်း မတိုင်မီ ညစာစားပွဲကြီးလေ"

"ဟုတ်တယ်" ဟယ်ရီ အားနည်းစွာ ပြောတယ်။ "သိပ်ကောင်းတဲ့ပွဲ"

ဟောဝင်း ညစာစားပွဲကြီးဟာ သိပ်ကို ခမ်းနားပါတယ်။ ဒါပေမယ့် ဟယ်ရီသာ အများနဲ့အတူ ဟော့ဂ်မော့ဒ်မှာ တစ်နေကုန်နေပြီးမှ ဒီပွဲကြီးကို နွှဲရမယ်ဆိုရင် ဒီပွဲမှာ ပိုပြီး အရသာရှိလိမ့်မယ်။ ဘယ်သူ ဘာလာပြောပြော၊ ဟယ်ရီ့အဖို့ စိတ်ချမ်းသာမလာဘူး။ ဒင်း–သောမတ်စ်ဟာ ငှက်မွေးကလောင် သုံးတဲ့ဘက်မှာ အလွန်တော်တယ်။ သူက ဟယ်ရီ့ကို လျှောက်လွှာပေါ်မှာ ဦးလေးဗားနွန် လက်မှတ်တု ထိုးပေးမယ်ပြောတယ်။ ဒါပေမယ့် ဟယ်ရီက ပါမောက္ခ မက်ဂေါ်နာဂေါကို မိမိလျှောက်လွှာမှာ လက်မှတ်မထိုးရသေးဘူးလို့ ပြောထားနှင့်ပြီ။ ဒီလိုလုပ်ရင် အကျိုးရှိမှာ မဟုတ်ဘူး။ ရွန်ဟာ စိတ်မပါ့တပါနဲ့ သူ့ကို ကိုယ်ပျောက်အင်္ကျီဝတ်ဖို့ အကြံပေးတယ်။ ဒါပေမယ့် ဟာမီးက ဒီအကြံကို ပိတ်ပြောတယ်။ ဒမ်ဘလီဒိုးက ပြောဖူးတယ်။ ဝိညာဉ်စုပ်ကောင်ဟာ ကိုယ်ပျောက်အင်္ကျီကို ထိုးဖောက်မြင်နိုင်တယ်တဲ့။ ဖတ်စီစကားကတော့ ဟယ်ရီ့ကို မနှစ်သိမ့်နိုင်ဆုံးပဲ။

"လူတွေဟာ ဟော့ဂ်မော့ဒ်လို့ ကြားတာနဲ့ သိပ်ထူးဆန်း အံ့သြကြတယ်။ ဒါပေမယ့် ငါ ပြောပြမယ်၊ ဟယ်ရီ။ အဲဒီနေရာဟာ လူတွေပြောကြသလောက် မကောင်းပါဘူး" သူက သေချာပြောနေတယ် "သကြားလုံးဆိုင်ကတော့ မဆိုးပါဘူး။ ဒါပေမယ့် ဇန်ကို ဟာသဆိုင်ကတော့ အန္တရာယ်နေရာပဲ။ ပြီးတော့ ဟို အော်တတ်တဲ့ တဲအိမ်ကတော့ သွားကိုကြည့်သင့်တယ်။ ဒါပေမယ့် အမှန်အတိုင်း ပြောရရင် ဟယ်ရီ။ ဒီနေရာတွေက လွဲပြီးရင် မင်း ဘာမှ မရောက်ဖူး၊ မမြင်ဖူးတာ မရှိပါဘူး"

ဟောဝင်း ရှေ့တစ်ရက် နံနက်မှာ ဟယ်ရီဟာ အများနဲ့အတူ အိပ်ရာထပြီး နံနက်စောစောစာ ဆင်းစားတယ်။ သူ စိတ်နည်းနည်းမှ မကောင်းဘူး။ ဒါပေမယ့် ခါတိုင်းနဲ့ တူအောင် ဟန်ဆောင်နေတယ်။

"ငါတို့ ပျားရည်အမတ်ကြီးဆိုင်ကနေ သကြားလုံးတွေ မင်းဖို့ အများကြီး ဝယ်ခဲ့မယ်" ဟာမီးက ပြောတယ်။ သူ့အတွက် အလွန် ဝမ်းနည်းနေတယ်။

"ဟုတ်တယ်၊ အများကြီး ယူခဲ့မယ်" ရွန်က ပြောတယ်။ ဟယ်ရီ စိတ်မကောင်း ဖြစ်နေလို့၊ သူနဲ့ ဟာမီးဟာ ခရွတ်ရှန်နဲ့ ပတ်သက်ပြီး ရန်ဖြစ်တာကို မေ့နေတယ်။

"ငါ့ကို မစိုးရိမ်ပါနဲ့" ဟယ်ရီက ပြောတယ်။ သူက မိမိပြောတာ ဘာမှ မဖြစ်သလို ဖြစ်စေချင်တယ်။ "ညစာစားပွဲကြီးမှာ တွေ့ကြမယ်၊ တအား ပျော်ကြမယ်"

သူဟာ သူတို့ကို ရှေ့ခန်းထိ လိုက်ပို့တယ်။ ကျောင်းစောင့် ဖစ်ချ်ဟာ တံခါးမကြီးနောက် ရပ်နေတယ်။ နာမည်စာရင်း စာရွက်ကိုင်ပြီး တစ်ယောက်ချင်း စစ်ဆေးနေတယ်။ လူတိုင်း မျက်နှာကို သံသယနဲ့ ကြည့်နေတယ်။ မသွားသင့်တဲ့သူ လစ်ထွက်သွားမှာကို သတိရှိနေတယ်။

"နေခဲ့၊ ပေါ်တာ" မော်ဖိုင်က တအား အော်တယ်။ သူ၊ ခရပ်နဲ့ ဂိုးတို့ဟာ တန်းစီတဲ့အထဲမှာ ရှိတယ်။

"ဝိညာဉ်စုပ်ကောင်နဲ့ တွေ့မှာ စိုးလို့လား"

ဟယ်ရီက ဂရုမစိုက်ဘဲ တစ်ယောက်တည်း မာဘယ်ကျောက်လှေခါးပေါ် တက်သွားတယ်။ လူမရှိတဲ့ စင်္ကြံကဖြတ်ပြီး ဂရစ်ဖင်းဒေါ် အိမ်ချွန် ပြန်လာတယ်။

"ဝှက်စကား" မိန်းမဝဝကြီးက မေးတယ်။ သူမဟာ အိပ်ရာက တစ်ရေး နိုးလာရုံ ရှိသေးတယ်။

"ကံကောင်းပါစေ" ဟယ်ရီက စိတ်မပါ့တပါ ပြောတယ်။

အရုပ်ကား ပွင့်သွားတယ်။ သူဟာ အပေါက်ဝက တွားသွားဝင်ပြီး အများနားနေခန်းထဲ ဝင်ခဲ့တယ်။ အဲဒီမှာ ပထမနှစ်၊ ဒုတိယနှစ် ကျောင်းသားချည်းပဲ။ အားလုံး ရယ်မောပြောဆိုနေကြတယ်။ နည်းနည်းကြီးတဲ့ ကျောင်းသားအချို့ဟာ ဟော့ဂ်မော့ဒ်ကို အကြိမ်အချို့ သွားဖူးလို့ အဲဒီနေရာကို သိပ်စိတ်မဝင်စားတော့ဘူး။

"ဟယ်ရီ၊ ဟယ်ရီ၊ မင်္ဂလာပါ၊ ဟယ်ရီ"

ဒါက ခိုလင်−ခရီဗီး၊ ဒုတိယနှစ်ကျောင်းသား။ ဟယ်ရီ့ကို အလွန် ကြည်ညိုတယ်။ ဟယ်ရီနဲ့ စကားပြောခွင့်ရရင် ဘယ်တော့မှ လက်လွှတ်မခံဘူး။

"ခင်ဗျား ဟော့ဂ်မော့ဒ်ကို မသွားဘူး၊ ဟုတ်လား၊ ဟယ်ရီ။ ဘာဖြစ်လို့ မသွားတာလဲ။ ဟေး−−−−" ခိုလင်ဟာ ဘေးဘီက ကျောင်းသားတွေကို အလောတကော ကြည့်လိုက်တယ်။ "ခင်ဗျား ကျွန်တော်တို့နဲ့ လာထိုင်ချင်ရင် အတူထိုင်ပါ၊ ကောင်းလား"

"အော−−−ဟင့်အင်း၊ ကျေးဇူးတင်တယ်၊ ခိုလင်" ဟယ်ရီက ပြောတယ်။ သူဟာ လူတွေအများကြီး သူ့နဖူးပေါ်က အမာရွတ်ကို ဝိုင်းကြည့်မှာ စိုးရိမ်တယ်။ "ငါ −−− ငါ စာကြည့်တိုက်သွားမှ။ အဲဒီမှာ အိမ်စာ ပြီးအောင် လုပ်ရမယ်"

ဒီလို ပြောပြီးနောက်၊ နောက်လှည့်ထွက်ဖို့ပဲ ရှိတော့တယ်။ တစ်ခါ အရုပ်ကား အပေါက်ဝက ထွက်လာခဲ့ရတယ်။

"ဘာဖြစ်လို့ ငါ့ကို ခဏခဏ နှိုးနေရတာလဲ" သူ ထွက်သွားပြီးနောက် မိန်းမဝဝကြီးက သူ့ကျောဘက်က အော်ပြောတယ်။

ဟယ်ရီဟာ စိတ်ပျက်လက်ပျက်နဲ့ စာကြည့်တိုက်ဆီ သွားတယ်။ ဒါပေမယ့်၊ လမ်းခုလတ်မှာ အတွေးပြောင်းသွားတယ်။ သူ တည်ကြည်တဲ့ အလုပ်တွေ မလုပ်ချင်ဘူး။ သူ ပြန်လှည့်လိုက်တယ်။ သူ့ရှေ့မှာ ဖစ်ချ်ရောက်နေတယ်။ သူ့ကြည့်ရတာ ဟော့ဂ်မော့ဒ်သွားတဲ့လူတွေ ပို့ပြီး ပြန်လာသလိုပဲ။

"မင်း ဘာလုပ်နေလဲ" ဖစ်ချ်က သံသယနဲ့ မေးတယ်။

"ဘာမှ မလုပ်ဘူး" ဟယ်ရီက အမှန်အတိုင်းပြောတယ်။

"ဘာမှ မလုပ်ဘူး" ဖစ်ချ်က တံတွေးတစ်ချက် ထွေးချလိုက်တယ်။ သူ့မေးစေ့ဟာ စိတ်ပျက်စရာ တုန်နေတယ်။ "ပြောပုံက အမှန်အတိုင်း ပြောတဲ့ပုံပဲ။ မင်း တစ်ယောက်ထဲ ဒီမှာ ခိုးကြောင်ခိုးဝှက် သွားနေတာ၊ မင်းက ဘာကြောင့် မင်းရဲ့ အမြင်ကတ်စရာ သူငယ်ချင်းတွေနဲ့အတူ ဟော့ဂ်မော့ဒ်မှာ၊ အခုဆိုရင် နံလုံးနဲ့ ကြို့ထိုးမှုန့်တွေ၊ အော်ပုံ့တဲ့ပိုးတွေ ဝယ်မနေတာလဲ"

ဟယ်ရီက ပခုံးတွန့်ပြတယ်။

“ကောင်းပြီ၊ မင်းသွားသင့်တဲ့ အများနားနေခန်းကို ပြန်” ဖစ်ချ်က မာမာပြောတယ်။ သူက ရပ်ပြီး ဟယ်ရီ့ကို ကြည့်နေတယ်။ ဟယ်ရီသွားလို့ မမြင်ရတော့တဲ့အထိ ကြည့်နေတယ်။

ဒါပေမယ့် ဟယ်ရီဟာ အများနားနေခန်းကို မပြန်ဘူး။ သူ လှေခါးတစ်ခုကို တက်တယ်။ ဇီးကွက်တွေ နားနေတဲ့နေရာကို သွားပြီး ဟက်ဒဝစ်ကို ကြည့်ရရင် ကောင်းမလားလို့ ဇဝေဇဝါနဲ့ တွေးတယ်။ ဒါနဲ့ တခြား စင်္ကြံတစ်ခုက လျှောက်သွားတယ်။ ဒီအချိန်မှာ၊ အခန်းတစ်ခန်းက သူ့ကို လှမ်းခေါ်တယ်။

“ဟယ်ရီ”

ဟယ်ရီက ဘယ်သူလဲလို့ လှည့်ကြည့်တယ်။ ပါမောက္ခလူပင် ဖြစ်နေတယ်။ သူ့ရုံးခန်းရှေ့မှာ ဟိုဟိုဒီဒီ ကြည့်နေတယ်။

“မင်း ဘာလုပ်နေလဲ” လူပင်က မေးတယ်။ လေသံဟာ ဖစ်ချ်နဲ့ လုံးဝမတူဘူး။ “ရွန်နဲ့ ဟာမီးရော”

“ဟော့ဂ်မော့ဒ်” ဟယ်ရီက အတတ်နိုင်ဆုံး ဘာမှ မဖြစ်သလို ပြောလိုက်တယ်။

“အား” လူပင်က ပြောတယ်။ သူ ဟယ်ရီ့ကို ခဏကြည့်နေတယ်။ “မင်း ဘာဖြစ်လို့ ဝင်မလာတာလဲ။ ကျုပ်တို့ နောက်တစ်ကြိမ် သင်ကြားဖို့ အတွက် ဂရင်းဒီကို ခုတင်ပဲ ရတယ်”

“ဘာပစ္စည်းလဲ” ဟယ်ရီက မေးတယ်။

သူဟာ လူပင်နောက်လိုက်ပြီး ရုံးခန်းထဲ ဝင်ခဲ့တယ်။ ရုံးခန်းထောင့်မှာ လေးထောင့်ရေကန်အကြီးကြီး ရှိတယ်။ ဂျိုချွန်ချွန်ကလေးရှိပြီး၊ ဖျားနာနေပုံပေါ်တဲ့ အစိမ်းရောင်အကောင်ဟာ မျက်နှာကို မှန်ပေါ်ကပ်ထားတယ်။ ၎င်းက ပြောင်ပြပြီး လက်သည်းသေးသေး ရှည်ရှည်တွေကို အဆက်မပြတ် ဖြန့်ပြနေတယ်။

“ရေသရဲ” လူပင်က ပြောတယ်။ အတွေးနဲ့ ဂရင်းဒီကို ကြည့်နေတယ်။ “ကျုပ်တို့ ၎င်းကို အနိုင်ရဖို့ သိပ်တော့ မခက်ဘူး။ ကျုပ်တို့မှာ ခပ်ပါစ် ရှိခဲ့ပြီပဲ။ လျှို့ဝှက်ချက်ကတော့ ၎င်းရဲ့ တင်းတင်းဆုပ်ကိုင်မှုကို ဖျက်ဆီးဖို့ပဲ။ ဟိုပုံမှန်မရှိ ရှည်နေတဲ့ လက်သည်းကို မင်းသတိပြုမိလား။ တောင့်တင်းတယ်။ ဒါပေမယ့် ပျော့ညံ့တယ်”

အဲဒီ ဂရင်းဒီဟာ အစိမ်းရောင် သွားတွေ ဖြဲပြတယ်။ ဒီနောက် မိမိကိုယ်မိမိ ရေကန်ပုံးထောင့်က ရှုပ်ထွေးတဲ့ ရေမှော်တွေထဲ သွားပုန်းနေတယ်။

“လက်ဖက်ရည် သောက်မလား” လူပင်က ပြောရင်း နေရာအနှံ့ ခရားအိုး လိုက်ရှာတယ်။ “ကျုပ်ခုတင်ပဲ တစ်ခွက်ဖျော်ဖို့ လုပ်သေးတယ်”

“ဟုတ်ကဲ့” ဟယ်ရီက မနေတတ် မထိုင်တတ်နဲ့ ပြောတယ်။

လူပင်က မှော်ကြိမ်လုံးနဲ့ ခရားအိုးကို အသာခေါက်တယ်။ ခရားနှုတ်သီးကနေ ရေနွေးငွေ့တွေ ရုတ်တရက် ထွက်လာတယ်။

“ထိုင်” လူပင်က ပြောတယ်။ အမှိုက်ပုံးအဖုံးကို ဖွင့်လိုက်တယ်။ “ကျုပ်မှာ လက်ဖက်ခြောက်အထုပ်နဲ့ စိမ်တဲ့ဟာပဲ ရှိတယ်။ သိပ်ပြီး––– ဒါပေမယ့် မင်း လက်ဖက်ခြောက်ဖတ်ကို သိပ်ငြီးငွေ့နေပြီလို့ ကျုပ် ပြောရဲတယ်”

ဟယ်ရီက သူ့ကို ကြည့်နေတယ်။ လူပင့် မျက်လုံးဟာ အရောင်လက်နေတယ်။

"သင် ဒီကိစ္စကို ဘယ်လိုလုပ် သိတာလဲ" ဟယ်ရီက မေးတယ်။

"ပါမောက္ခ မက်ဂေါ်နာဂေါ် ပြောပြတာ" လူပင်က ပြောရင်း ဟယ်ရီ့ကို လက်ဖက်ရည်တစ်ခွက် ကမ်းပေးတယ်။ လက်ဖက်ရည်ပန်းကန်လုံးမှာ နူတ်ခမ်းကွဲနေတယ်။ "မင်း မကြောက်ပါဘူးနော်။ ကြောက်သလား"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။

သူဟာ တတိုင်းမွှေး လသစ်လမ်းမှာ မြင်တွေ့ရတဲ့ ခွေးအကြောင်း လူပင်ကို ပြောပြဖို့ ခဏစဉ်းစားသေးတယ်။ နောက်တော့ မပြောဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့ကို လူပင်က လူညံ့လို့ ထင်သွားမှာ စိုးရိမ်တယ်။ အထူးသဖြင့် လူပင်က သူ့ကို ဘော့ဂတ်နဲ့ မတိုက်နိုင်ဘူး ထင်ထားတဲ့အတွက်ကြောင့်ပဲ။

ဟယ်ရီ စိတ်ထဲက အတွေးဟာ မျက်နှာပေါ်မှာ တစ်ချို့ ဖော်ပြတယ် ထင်တယ်။ လူပင်က ဒီလိုပြောတယ်။

"မင်း ဘာများ စိုးရိမ်ပူပန်နေသလဲ၊ ဟယ်ရီ"

"ဟင့်အင်း" ဟယ်ရီက လိမ်ပြောတယ်။ သူ လက်ဖက်ရည်သောက်တယ်။ ဟို ဂရင်းဒီက သူ့ကို လက်သီးမြှောက်ပြတာ ကြည့်နေတယ်။ "ရှိတယ်" သူ ရုတ်တရက် ပြောချလိုက်တယ်။ "ကျွန်တော်တို့ ဘော့ဂတ်ကို တိုက်တဲ့နေ့က ကိစ္စကို မှတ်မိသေးလား"

"မှတ်မိတယ်" လူပင်က ဖြည်းဖြည်းပြောတယ်။

"ဆရာ ဘာဖြစ်လို့ ကျွန်တော့်ကို ဘော့ဂတ်နဲ့ မတိုက်ခိုင်းတာလဲ"

လူပင်က မျက်ခုံး ပင့်လိုက်တယ်။

"ကျုပ်က အစကတော့ ဒါ ရှင်းနေတဲ့ကိစ္စလို့ ထင်တာ၊ ဟယ်ရီ" သူက ပြောတယ်။ သူ့အသံက အံ့သြတဲ့အသံ။ အစက လူပင် ဒီကိစ္စကို ဝန်ခံမှာ မဟုတ်ဘူးလို့ ဟယ်ရီထင်တာ။ ဒါကြောင့် လန့်သွားတယ်။

"ဘာဖြစ်လို့လဲ" သူက မေးပြန်တယ်။

"ကောင်းပြီ" လူပင်က ပြောတယ်။ မျက်မှောင်နည်းနည်း ကြုတ်နေတယ်။ "တကယ်လို့ ဘော့ဂတ်နဲ့ မင်းရင်ဆိုင်တွေ့ရင်၊ ဗိုလ်ဒီမွန့် သဏ္ဌာန်ပေါ်လာလိမ့်မယ်လို့ ကျုပ်ကထင်လို့"

ဟယ်ရီ မျက်လုံးပြူးသွားတယ်။ ဒီအဖြေမျိုးကို သူ ကြိုတင်ခန့်မှန်းခဲ့တာ မဟုတ်တဲ့အပြင် လူပင်က ဗိုလ်ဒီမွန့် နာမည်ကိုပါ ပြောထုတ်တယ်။ ဟယ်ရီသိတာက ဒီနာမည်ကို အကျယ်ကြီး ပြောထုတ်တဲ့ တစ်ဦးတည်းသော သူဟာ (ဟယ်ရီကိုယ်နှိုက်အပြင်) ပါမောက္ခ ဒမ်ဘလီဒိုးသာ ဖြစ်တယ်။

"ရှင်းတာကတော့ ကျုပ်မှားသွားတယ်" လူပင်က ပြောတယ်။ ဟယ်ရီ့ကို မျက်မှောင်ကြုတ်ကြည့်နေတုန်းပဲ။ "ဒါပေမယ့် ကျုပ်က ဆရာများ အခန်းထဲမှာ ဗိုလ်ဒီမွန့်ပုံပေါ်လာတာ မကောင်းဘူးလို့ ထင်တယ်။ အားလုံး သိပ်ကြောက်ကုန်လိမ့်မယ်"

"အမှန်ပဲ၊ ကျွန်တော် ပထမဦးဆုံး တွေးမိတာ ဗိုလ်ဒီမွန့်ပဲ" ဟယ်ရီက ရိုးသားစွာ ပြောတယ်။ "ဒါပေမယ့် နောက်တော့ ---- ကျွန်တော် ဟို ဝိညာဉ်စုပ်ကောင်တွေကို သတိရတယ်"

“သိပြီ” လူပင်က တွေးရင်းပြောတယ်။ “အင်း၊ အင်း …… ကျုပ်မှတ်မိပြီ” ဟယ်ရီ့မျက်နှာပေါ်မှာ အံ့သြတဲ့အမူအရာ ပေါ်လာတယ်။ လူပင်က ပြုံးပြတယ်။ “ဒါဆို မင်းအကြောက်ဆုံးအရာဟာ ---- ကြောက်ရွံ့စိုးရိမ်ခြင်းပဲ။ သိပ်ညာဏ်ကောင်းတာပဲ၊ ဟယ်ရီ”

ဒီစကားနဲ့ ပတ်သက်ပြီး ဟယ်ရီ ဘာပြန်ပြောရမှန်း မသိဘူး။ ဒါကြောင့် လက်ဖက်ရည်ပဲ သောက်နေတယ်။

“ဒါဆို မင်းက မင်း ဘော့ဂတ်ကို တိုက်နိုင်မယ် မထင်ဘူးလို့ ကျုပ်ထင်နေတယ်လို့ တွေးနေတာပေါ့” လူပင်က ပါးနပ်စွာ မေးတယ်။

“အင်း ……….ဟုတ်တယ်” ဟယ်ရီက ပြောတယ်။ သူဟာ ရုတ်တရက် တော်တော်ပျော်သွားတယ်။

“ပါမောက္ခလူပင်၊ ဆရာသိပါတယ်၊ ဟိုဝိဉာဉ်စုပ်ကောင်----”

တံခါးခေါက်သံ ပေါ်လာတယ်။ ဟယ်ရီ စကားပြတ်သွားတယ်။

“ဝင်ခဲ့ပါ” လူပင်က အကျယ်ကြီး ပြောတယ်။

တံခါးပွင့်သွားတယ်။ စနိတ်ပ် ဝင်လာတယ်။ သူ့လက်ထဲမှာ ခြေတံရှည် ဖန်ခွက်တစ်လုံး ကိုင်ထားတယ်။ အငွေ့နည်းနည်း ထွက်နေတယ်။ ဟယ်ရီ့ကိုတွေ့တော့ သူက ရပ်လိုက်တယ်။ မျက်လုံးနက်နက် မှေးသွားတယ်။

“အား၊ ဆီးဗရတ်စ်” လူပင်က ပြုံးပြီး ပြောတယ်။ “သိပ်ကျေးဇူးတင်တယ်။ စားပွဲပေါ်တင်ထားပေးနော်”

စနိတ်ပ်ဟာ အငွေ့ထွက်နေတဲ့ ဖန်ခွက်ကို စားပွဲပေါ် တင်ထားလိုက်တယ်။ သူ့အကြည့်ဟာ ဟယ်ရီနဲ့ လူပင်ကြားမှာ အပြန်အလှန် ကြည့်နေတယ်။

“ကျုပ် ဟယ်ရီ့ကို ဂရင်းဒီ ပြနေတာ” လူပင်က ရေကန်ကို ညွှန်ပြပြီး ဝမ်းသာစွာ ပြောတယ်။

“စိတ်ဝင်စားစရာပဲ” စနိတ်ပ်က ပြောတယ်။ ဒါပေမယ့် အဲဒီနေရာကို မကြည့်ဘူး။ “ခင်ဗျား ချက်ချင်းသောက်မှ ကောင်းမယ်၊ လူပင်”

“ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်တော် သောက်မှာပါ” လူပင်က ပြောတယ်။

“ကျွန်တော် တစ်အိုးကြီး ကျိုထားတယ်” စနိတ်ပ်က ပြောတယ်။ “ခင်ဗျား သောက်ဦးမယ် ဆိုရင်”

“မနက်ဖြန် နည်းနည်း ထပ်သောက်ရမယ် ထင်တယ်။ ကျေးဇူးပဲ၊ ဆီးဗရတ်စ်”

“အားမနာပါနဲ့” စနိတ်ပ်က ပြောတယ်။ ဒါပေမယ့် သူ့မျက်စိထဲက အရိပ်အယောင်တစ်မျိုးဟာ ဟယ်ရီ မတွေ့လိုတဲ့ အရောင်။ စနိတ်ပ် အခန်းထဲက ထွက်သွားတဲ့အခါမှာ မပြုံးဘူး။ သတိရှိနေတဲ့ ပုံစံမျိုး။

ဟယ်ရီက အံ့သြစွာ ခြေတံရှည် ဖန်ခွက်ကို ကြည့်နေတယ်။ လူပင်က ပြုံးနေတယ်။

“ပါမောက္ခစနိတ်ပ်ဟာ ကျုပ်အတွက် ဆေးတစ်မျိုး စေတနာနဲ့ ဖော်စပ်ပေးတယ်” သူက ပြောတယ်။ “ကျုပ် ဆေးဖော်စပ်တဲ့ ဘက်မှာ သိပ်နားမလည်ဘူး။ ဒီဆေးကလဲ အထူး ရှုပ်ထွေးစွာ ဖော်စပ်ရတယ်” သူဟာ ခြေတံရှည် အရက်ခွက်ကို ကိုင်ပြီး နမ်းကြည့်တယ်။ “သကြားထည့်လို့ မရတာ ခက်တယ်” သူက ထပ်ပြောတယ်။ တစ်ငုံ သောက်လိုက်တယ်။ တုန်ယင်လာတယ်။

“ဘာဖြစ်လို့” ဟယ်ရီက မေးတယ်။ လူပင်က သူ့ကို ကြည့်တယ်။ မဆုံးသေးတဲ့ မေးခွန်းကို ဖြေလိုက်တယ်။

"ကျုပ် တစ်လျှောက်လုံး သိပ်နေမကောင်းဘူး" သူက ပြောတယ်။ "ဒီဆေးနဲ့မှ တည့်တယ်။ ပါမောက္ခ စနိတ်ပ်နဲ့ အတူ အလုပ်လုပ်ရတာ ကျုပ် သိပ်ကံကောင်းတယ်။ ဒီလိုဆေးမျိုး ဖော်စပ်တတ်တဲ့ မှော်ဆရာ သိပ်မရှိဘူး"

ပါမောက္ခလူပင်ဟာ တစ်ငုံ သောက်လိုက်ပြန်တယ်။ ဟယ်ရီဟာ သူ့လက်ထဲကနေ အဲဒီ ခွက်ကိုရှည်ဖန်ခွက်ကို လုယူချင်စိတ် ပေါ်နေတယ်။

"ပါမောက္ခ စနိတ်ပ်ဟာ မှော်နက်ပညာကို သိပ် စိတ်ဝင်စားတာ" သူ့ပါးစပ်က လွှတ်ထွက်သွားတယ်။

"ဟုတ်လား" လူပင်က ပြောတယ်။ ဒီစကားကို သိပ်စိတ်ဝင်စားပုံ မပေါ်ဘူး။ ဒိနောက် တစ်လုတ်ကြီး သောက်လိုက်တယ်။

"တစ်ချို့ကထင်တယ်---" ဟယ်ရီ တွေဝေသွားတယ်။ ဒိနောက် ဘာမှ မမှုဘဲ ဆက်ပြောလိုက်တယ်။ "တစ်ချို့က ထင်တယ်။ သူဟာ မှော်နက်ပညာ ကာကွယ်တဲ့အတတ် သင်ကြားတဲ့ဆရာ သိပ်ဖြစ်ချင်တာတဲ့။ ဒီနေရာရဖို့ဆိုရင် ဘာတန်ဖိုးမဆို ပေးမှာတဲ့"

လူပင်က ဆေးကို အကုန် သောက်လိုက်တယ်။ မဲ့ရွဲ့ပြလိုက်တယ်။

"အဝင်ဆိုးလိုက်တာ" သူက ပြောတယ်။ "ကောင်းပြီ၊ ဟယ်ရီ။ ကျုပ် အလုပ်သွားလုပ်ဦးမှ။ ည ထမင်းစားပွဲကြီးမှာ တွေ့မယ်"

"ကောင်းပြီ" ဟယ်ရီက ပြောရင်း သောက်ပြီးတဲ့ လက်ဖက်ရည် ပန်းကန် အလွတ်ကို ချထားလိုက်တယ်။ ဟို ဘာမှ မရှိတော့တဲ့ ခွေတံရှည်ရှည် ဖန်ခွက်ဟာ အငွေ့တွေ ထွက်နေတုန်းပဲ။

❖ ❖ ❖

"ကြည့်" ရွန်က ပြောတယ်။ "ငါတို့ မင်းဖို့ သကြားလုံးတွေ အများကြီး ယူလာတယ်။ ဒီထက်များရင် သယ်နိုင်မှာ မဟုတ်ဘူး"

သကြားလုံး တစ်ပွေ့ကြီး ဟယ်ရီ့ပေါင်ပေါ် ကျလာတယ်။ ညနေစောင်းခါစ အချိန်မှာ၊ ရွန်နဲ့ ဟာမီး အများနားနေခန်းကို ရောက်လာတယ်။ သူတို့ မျက်နှာတွေဟာ လေအေးတိုက်လို့ ပန်းရောင်ထနေသလိုပဲ။ ပျော်ပျော်ပါးပါးကြီး ကစားခဲ့ရသလိုပဲ။

"သိပ်ကျေးဇူးတင်တယ်" ဟယ်ရီက ပြောတယ်။ ချစ်စရာ ငရုတ်ကောင်းလူရုပ်ကလေး တစ်အိတ် ကောက်ယူတယ်။ "ဟော့ဂ်မော့ဒ် ဘယ်လိုလဲ။ မင်းတို့ ဘယ်တွေ ရောက်ခဲ့လဲ"

ကြားရတာနဲ့ သိတယ်---- နေရာတကာ ရောက်ခဲ့တယ်။ ဒါးဗစ်ရှ်နဲ့ ဘန်းစ်၊ မှော်အသုံးအဆောင် ပစ္စည်းဆိုင်၊ ဇန်ကို ဟာသဆိုင်၊ အမြှုပ်ထထောပတ် ဘီယာရောင်းတဲ့ တံမြက်စည်းသုံးလက်ဆိုင်နဲ့ တခြားနေရာ အများကြီး။

"ဟိုက စာတိုက်၊ ဟယ်ရီ။ ဇီးကွက် အကောင် နှစ်ရာခန့် ရှိတယ်။ အားလုံး စင်ပေါ်ထိုင်နေတယ်။ အားလုံးမှာ အရောင်ကုဒ် နံပတ် ရှိတယ်။ ပို့မယ့်စာ ဘယ်လောက် မြန်မြန် ပို့ချင်သလဲ ဆိုတာပေါ် မူတည်တယ်"

"ပျားရည် အမတ်ကြီးမှာ နို့သကြားလုံးအပျော့ အသစ်တစ်မျိုး ရှိတယ်။ အခမဲ့ နမူနာ ဝေငှတယ်။ ဒီမှာ နည်းနည်း ရှိတယ်၊ ကြည့် ----"

"ငါတို့ လူစားဘီလူးတစ်ကောင် မြင်ရတယ်လို့ ထင်တယ်။ တကယ်၊ တံမြက်စည်းသုံးလက်မှာ အမျိုးမျိုး ရှိတယ်---"

"မင်းကို ထောပတ်ဘီယာ နည်းနည်း ယူလာပေးချင်တယ်။ လူကို ပူနွေးသွားစေတာပဲ ----"

"နင် ကျောင်းမှာ ဘာလုပ်နေလဲ" ဟာမီးက မေးတယ်။ သိပ် စိတ်ပူတဲ့ ပုံပဲ။ "ဘာအိမ်စာလုပ်ပြီးပြီလဲ"

"မပြီးဘူး" ဟယ်ရီက ပြောတယ်။ "လူပင်က သူ့ရုံးခန်းထဲမှာ ငါ့ကို လက်ဖက်ရည် ဖျော်တိုက်တယ်။ ဒီနောက်၊ စနိတ်ပ် ဝင်လာတယ် ......"

သူဟာ ခြေတံရှည် ဖန်ခွက်ကိစ္စကို သူတို့ အကုန် ပြောပြလိုက်တယ်။ ရွန် ပါးစပ်ကြီး ပြဲနေတယ်။

"လူပင် သောက်လား" သူ အသက်ရှုကြပ်သလို ဖြစ်နေတယ်။ "သူ ရူးနေပြီ"

ဟာမီးက နာရီ ကြည့်လိုက်တယ်။

"ငါတို့ အောက်ထပ် ဆင်းကြည့်ရင် ကောင်းမယ်။ နောက်ထပ် ငါးမိနစ်ဆိုရင် ညစာစားပွဲကြီး စတော့မှာ ....." သူတို့ဟာ အရုပ်ကား အပေါက်ဝကနေ ကမန်းကတန်း ထွက်ပြီး လူအုပ်ထဲ ဝင်လိုက်တယ်။ တစ်လမ်းလုံး စနိတ်ပ် အကြောင်း ပြောသွားကြတယ်။

"ဒါပေမယ့် သူ ---- နင်တို့သိတယ်----" ဟာမီးက အသံနိမ့်ပြောတယ်။ ဘေးဘီကိုလည်း ပျာယီပျာယာ ကြည့်လိုက်သေးတယ်။ "သူက လူပင်ကို ---- အဆိပ်ခတ်ဖို့ လုပ်ရင် ---- သူ ဟယ်ရီ့ ရှေ့မှာ လုပ်မယ်မထင်ဘူး"

"ဟုတ်တယ်။ ဒီလို ဖြစ်နိုင်တယ်" ဟယ်ရီက ပြောတယ်။ ဒီအချိန်မှာ သူတို့ ရှေ့ခန်းထဲ ရောက်လာပြီး၊ ခန်းမကြီးထဲ ဝင်နေကြပြီ။ ခန်းမကြီးထဲမှာ ဖရုံသီးမီးအိမ်တွေ ရာနဲ့ထောင်နဲ့ချီ ချိတ်ဆွဲထားတယ်။ တောင်ပံဖြန့် ပျံသန်းနေတဲ့ လင်းနို့တစ်အုပ်နဲ့ မီးပန်းထွက်နေတဲ့ လိမ်မော်ရောင်စီးကြောင်း။ ၎င်းတို့ဟာ မျက်နှာကြက်အောက်မှာ လှုပ်လီလှုပ်လဲ့ လွင့်ပျံနေတယ်။ တောက်ပတဲ့ ရေမြွေလိုပဲ။

အစားအသောက်တွေဟာ ကောင်းမွန်အရသာ ရှိတယ်။ ဟာမီးနှင့် ရွန်တို့လို ပျားရည်အမတ်ကြီးက သကြားလုံးတွေကို ဗိုက်ပေါက်မတတ် စားထားတဲ့ သူတောင် တစ်မျိုးကို နှစ်ကြိမ် ထပ်စားတယ်။ ဟယ်ရီဟာ ဆရာများ စားပွဲကို ခိုး ခိုး ကြည့်နေတယ်။ ပါမောက္ခလူပင်ဟာ သိပ်ဝမ်းသာပုံရတယ်။ ပြီးတော့ ခါတိုင်းလို ပုံမှန်ပဲ။ သူဟာ အရုပ်ပုပု မှော်ဂါထာ ဆရာ ပါမောက္ခ ဖလစ်ဝစ်နဲ့ သွက်လက်လန်းဆန်းစွာ စကားပြောနေတယ်။ ဟယ်ရီဟာ စားပွဲကို အစဉ်လိုက် ကြည့်သွားတယ်။ စနိတ်ပ်ထိုင်နေတဲ့ နေရာထိပဲ။ သူပဲ တွေးထင်လို့လား၊ စနိတ်ပ်က လူပင်ကို ကြည့်ပုံဟာ ခါတိုင်းနဲ့ မတူလို့လားတော့ မသိဘူး။

ညစာစားပွဲကြီးဟာ ဝိညာဉ်များရဲ့ ဖျော်ဖြေပွဲနဲ့ အပြီးသတ်လိုက်တယ်။ ဝိညာဉ်တွေဟာ နံရံပေါ်၊ စားပွဲပေါ်ကနေ ရုတ်တရက် ပေါ်ထွက်လာပြီး အတန်းလိုက် လျှောစီးသွားတာ တစ်မျိုးလုပ်ပြတယ်။ ဂရစ်ဖင်းဒေါ်ဟောက်စ်က ခေါင်းပျောက်ဖို့ နည်းနည်းသာ လိုတော့တဲ့ နစ်ခ်ဟာ ထိုစဉ်က ၎င်း အသတ်ခံရပုံကို အောင်မြင်စွာ ပြန်လုပ်ပြနိုင်တယ်။

ဒီည သိပ်ပျော်တယ်။ ဟယ်ရီ စိတ်အခြေအနေလည်း ကောင်းတယ်။ မော်ဖိုင်ဟာ အားလုံး ခန်းမကြီးထဲက ထွက်ခွာကြစဉ် လူအုပ်ထဲက ထအော်တယ်။ "ဝိညာဉ်စုပ်ကောင်က မင်းကို အလေးပြုတယ်တဲ့၊ ဟယ်ရီ" ဒါတောင်၊ သူ့ကို စိတ်မလှုပ်ရှားစေဘူး။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ဂရစ်ဖင်းဒေါက တခြားလူတွေနဲ့အတူ ခါတိုင်းသွားနေကျ လမ်းကြောင်းအတိုင်း ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်ခဲ့တယ်။ ဒါပေမယ့် သူတို့ မိန်းမဝဝအရုပ်ကားရှေ့ရောက်တော့ စင်္ကြံထဲမှာ လူတွေပြည့်ကြပ်နေတာ တွေ့ရတယ်။

"အားလုံး ဘာကြောင့် ဝင်မသွားကြတာလဲ" ရွန်က အံ့သြစွာ မေးတယ်။

ဟယ်ရီက လူတွေ ခေါင်းပေါ်ကျော်ပြီး ရှေ့ကို ကြည့်တယ်။ ဟို အရုပ်ကားဟာ ပိတ်နေသလိုပဲ။

"နည်းနည်းလောက်" ဖတ်စီ အသံ။ သူဟာ လူအုပ်ထဲကနေ ဟန်ပန်နဲ့ ထွက်လာတယ်။ "ဘာဖြစ်လို့ ဒီမှာ ပိတ်ဆို့နေတာလဲ။ မင်းတို့အားလုံးပဲ ဝှက်စကား မေ့နေကြတာတော့ မဖြစ်နိုင်ဘူး---- ခွင့်ပြုပါ----ကျွန်တော်က ကျောင်းသားအသင်း ဥက္ကဌပါ----"

လူအုပ် ငြိမ်ကျသွားတယ်။ ရှေ့ဆုံးက စ ငြိမ်ကျသွားတာ။ ဒါကြောင့် အအေးစီးကြောင်းတစ်ခု စင်္ကြံထဲမှာ ပြန့်ဆင်းလာသလိုပဲ။ သူတို့ဟာ ဖတ်စီ စကားပြောသံ ကြားရတယ်။ အသံက ရုတ်တရက် စူးထွက်လာတယ်။

"ပါမောက္ခ ဒမ်ဘလီဒိုးကို တစ်ယောက်ယောက် သွားခေါ်ပါလား။ မြန်မြန်"

လူတွေ လှည့်ကြည့်ကြတယ်။ နောက်ဆုံးမှာ ရပ်နေတဲ့လူတွေ ခြေဖျားထောက် ကြည့်တယ်။

"ဘာဖြစ်လို့လဲ" ဂျင်နီက ပြောတယ်။ သူ ခုတွင် ရောက်လာတယ်။

ခဏနေတော့၊ ပါမောက္ခ ဒမ်ဘလီဒိုး ရောက်လာတယ်။ သူဟာ ဟိုအရုပ်ကားဆီ အမြန်သွားတယ်။ ဂရစ်ဖင်းဒေါက ကျောင်းသားတွေ သူ့ကို လမ်းဖယ်ပေးတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ပိုပြီးတိုးကပ်ကာ ဘာများဖြစ်သလဲဆိုတာ ကြည့်ချင်ကြတယ်။

"အော၊ ဘုရား၊ ဘုရား----" ဟာမီးက လန့်အော်ရင်း ဟယ်ရီ့လက်မောင်းကို ဆွဲထားတယ်။

ဟို မိန်းမဝဝကြီး အရုပ်ကားပေါ်က ပျောက်သွားပြီ။ အရုပ်ကားဟာ တမင် ဖျက်ဆီးတာ ခံထားရတယ်။ ကင်းဗတ်စလေးတွေဟာ ကြမ်းပေါ် နေရာတကာ ကျနေတယ်။ ကင်းဗတ်စကြီးကိုတော့ ဘောင်ထဲကနေ ဆွဲဆုပ်ယူသွားပြီ။

ဒမ်ဘလီဒိုးဟာ ဖျက်ဆီးခံရတဲ့ အရုပ်ကားကို အလျင်အမြန် ကြည့်လိုက်တယ်။ "ပါမောက္ခ မက်ဂေါ်နာဂေါ်၊ ဖစ်ချ်ဆီ ချက်ချင်းသွားပါ။ ရဲတိုက်ထဲရှိ အရုပ်ကားတွေထဲမှာ မိန်းမဝဝကို လိုက်ရှာဖို့ ပြောပေးပါ"

"ခင်ဗျား ကံကောင်းမှာပါ" အသံအက်အက်တစ်သံက ပြောတယ်။

အဲဒါက လူကို နောက်တတ်တဲ့ သရဲ ဖီးဗိစ်။ သူဟာ လူအုပ် ခေါင်းပေါ်မှာ ခုန်နေတယ်။ သိပ်ပျော်နေပုံပဲ။ ဖျက်ဆီးခံရတာနဲ့ ဝမ်းနည်းပူပန်တာ မြင်ရတိုင်း ဒီပုံစံပဲ။

"မင်း ဒါ ဘာသဘောလဲ။ ဖီးဗိစ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ မေးတယ်။ ဖီးဗိစ်အပြုံးတွေ ပျောက်သွားတယ်။ သူဟာ ဒမ်ဘလီဒိုးကို မနောက်ဝံ့ဘူး။ သူဟာ ခွဲခွဲနွဲ့နွဲ့ အသံပြောင်း ပြောတယ်။ ကြားရတာ အသံအက်အက်ထက် ဘာမှ မသာဘူး။

"အားနာပါတယ်။ ကျောင်းအုပ်ဆရာကြီး။ လူတွေ အတွေ့မခံချင်ဘူး။ သူမမှာ စုတ်ပြတ်သွားပြီ။ သူမ ငါးလွှာက ရှုခင်းပန်းချီကားကို ဖြတ်ပြေးသွားတာ တွေ့ရတယ်။ ဆရာကြီး။ သစ်တောထဲမှာ ပုန်းပြီး ငိုရင်း ကြောက်စရာ ကိစ္စကို ပြောနေတယ်" သူက ဝမ်းသာစွာ ပြောတယ်။ "သနားစရာပဲ" သူက ထပ်ဖြည့်တယ်။ ဒါပေမယ့် သူများကို သနားတဲ့ အသံ မပါဘူး။

"သူမဟာ ဘယ်သူလုပ်တယ်ဆိုတာ ပြောလား" ဒမ်ဘလီဒိုးက အေးဆေးစွာ မေးတယ်။

"အော၊ ပြောတယ်၊ ပါမောက္ခခေါင်း" သရဲဖီးဗိစ်က ပြောတယ်။ ပုံစံက ရင်ခွင်မှာ ဖုံးကြီးတစ်လုံး ပိုက်ထားသလိုပဲ။ "သူမက ၎င်းကို ဝင်ခွင့်မပြုလို့ ၎င်းက တအား စိတ်ဆိုးတယ်။ ခင်ဗျား သိပါတယ်" သရဲဖီးဗိစ်ဟာ မိုးပေါ်မှာ ကျွမ်းထိုးတယ်။ မိမိခြေနှစ်ဖက်ကြားက ဒမ်ဘလီဒိုးကို သွားဖြဲရယ်ပြတယ်။ "သူ သိပ်ကို ဒေါသကြီးတာ။ အဲဒီ ဆီးရီးအက်စ်ကြယ် ဘလက်လေ"

• •• ● •• •

## ၉။ မင်္ဂလာမရှိစွာ ရှုံးနိမ့်ခြင်း

ပါမောက္ခ ဒမ်ဘလီဒိုးဟာ ဂရစ်ဖင်းဒေါ ကျောင်းသားအားလုံး ခန်းမကြီးထဲ ပြန်သွားခိုင်းတယ်။ ဆယ်မိနစ်ကြာတော့ ဟပ်ဖတ်၊ ရေဗင်ခလော၊ စလေးသရင်း စတဲ့ ဟောက်စ်ကျောင်းက ကျောင်းသားတွေလည်း ရောက်လာတယ်။ ဒီကျောင်းသားအားလုံးဟာ ဘာမှန်းမသိတဲ့ အမူအရာနဲ့။

"ဆရာတွေနဲ့ ကျုပ်ကိုယ်တိုင် ရဲတိုက်ကို အကုန်အစင် ရှာဖွေ စစ်ဆေးမယ်" ပါမောက္ခ ဒမ်ဘလီဒိုးက ကျောင်းသားတွေကို ပြောတယ်။ ဒီအချိန်မှာ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ဖလစ်ဝစ်တို့ဟာ ခန်းမကြီးရဲ့ တံခါးအားလုံးကို ပိတ်လိုက်တယ်။ "မင်းတို့ရဲ့ လုံခြုံရေးအတွက်၊ ဒီမှာ အိပ်ရမယ်လို့ ကျုပ်ထင်တယ်။ အတန်းခေါင်းဆောင်တွေ ခန်းမအဝင်ဝမှာ ကင်းစောင့်ဖို့ ကျုပ် တောင်းဆိုတယ်။ ကျောင်းသားနဲ့ ကျောင်းသူ အသင်းဥက္ကဋ္ဌတွေ ခန်းမထဲမှာနေပြီး စီမံထိန်းသိမ်းတာ လုပ်ပါ။ တစ်ခုခုဖြစ်ရင် ကျုပ်ကို ချက်ချင်း အစီရင်ခံပါ"

ပါမောက္ခ ဒမ်ဘလီဒိုး ခဏရပ်လိုက်တယ်။ ခန်းမက ထွက်ခွာဖို့ လုပ်တယ်။ တစ်ခါ ပြောပြန်တယ်။ "အော၊ ဟုတ်ပြီ။ မင်းတို့ လိုအပ်လိမ့်မယ် ...."

သူဟာ မှော်ကြိမ်လုံးကို လွတ်လပ်စွာ ယမ်းလိုက်တာနဲ့ စားပွဲရှည်တွေဟာ ခန်းမဘေးကို ကပ်သွားတယ်။ နံရံကပ် စီတန်းသွားတယ်။ နောက်ထပ် ယမ်းလိုက်တော့ ကြမ်းပြင်ပေါ်မှာ ခရမ်းရောင် အိပ်ရာအိတ်တွေ ရာနဲ့ချီ ခင်းပြီးသား ဖြစ်နေတယ်။

"ကောင်းကောင်း အိပ်ကြ" ပါမောက္ခ ဒမ်ဘလီဒိုးက ပြောတယ်။ သူထွက်သွားတဲ့အခါမှာ တစ်ခါတည်း တံခါးပိတ်သွားတယ်။

ခန်းမထဲမှာ တက်ကြွတဲ့ တအုန်းအုန်း စကားသံတွေ ချက်ချင်းပေါ်လာတယ်။ ဂရစ်ဖင်းဒေါဟောက်စ်ကျောင်းက ကျောင်းသားတွေဟာ တခြားဟောက်စ်ကျောင်းက ကျောင်းသားတွေကို ခုနက ဘာဖြစ်တယ်ဆိုတာ ပြောပြနေကြတယ်။

"အားလုံး အိပ်ရာအိတ်ထဲ ဝင်ကြ" ဖတ်စီက အကျယ်ကြီး အော်ပြောတယ်။ "မြန်မြန်။ ဘယ်သူမှ စကားမပြောနဲ့။ ဆယ်မိနစ်ကြာရင် မီးမှိတ်မယ်"

"လာကြ" ရွန်က ဟယ်ရီနဲ့ ဟာမီးကို ပြောတယ်။ သူတို့ဟာ အိပ်ရာအိတ်သုံးလုံး ဆွဲပြီး ထောင့်တစ်ထောင့်ကို သွားတယ်။

"ဘလက် ရဲတိုက်ထဲမှာ ရှိသေးလား၊ ပြောကြစမ်း" ဟာမီး ပူပင်စွာ မေးတယ်။

"ဒမ်ဘလီဒိုး ဒီလိုတွေးတာ ထင်ရှားတယ်" ရွန်က ပြောတယ်။

"သူ ဒီည ရွေးလာတာ၊ တို့ ကံကောင်းတာပဲ။ နင်တို့ သိလား" ဟာမီးက ပြောတယ်။ ပြောရင်း သူတို့ သုံးယောက် အဝတ်အစားမချွတ်ဘဲ အိပ်ရာအိတ်ထဲ ဝင်သွားကြတယ်။ ဒီနောက် ကိုယ်ကို လက်ထောက်ပြီး စကားပြောကြတယ်။ "ဒီည တို့အားလုံး အိမ်ချွန်မှာ မရှိတာ ....."

"ငါထင်တယ်။ သူ ကြောင်နေပြီ ထင်တယ်။ သူ တစ်ချိန်လုံး ထွက်ပြေးနေရတာကိုး" ရွန်က ပြောတယ်။

"ဒီနေ့ဟာ ဟောဝင်း ရှေ့ရက်ဆိုတာ မတွေးမိလို့နေမှာ။ နို့မို့ရင် သူ ဘယ်ဝင်လာမှာလဲ"

ဟာမီး တုန်လာတယ်။

သူတို့အနားက လူတွေဟာ မေးခွန်းတစ်ခုတည်းကိုပဲ မေးနေတယ်။ "သူ ဘယ်လို ဝင်လာတာလဲ"

"သူ ဘယ်လို ငုပ်လျှိုးရမယ်ဆိုတာ တတ်ချင်တတ်မှာပေါ့" ပေအနည်းငယ်အကွာက ရေဗင်ခလော ကျောင်းသားက ပြောတယ်။ "အဲဒါ ပါးလွှာတဲ့ လေထုထဲကနေ ပေါ်လာတာ။ မင်းတို့ သိလား"

"ရုပ်ဖျက်ပြီး ဝင်လာတာလဲ ဖြစ်နိုင်တယ်" ဟာ့ဖတ်ပေါက်စ်က ပဉ္စမနှစ်ကျောင်းသားက ပြောတယ်။

"ပျံဝင်လာတာလဲ ဖြစ်မယ်" ဒင်း-သောမတ်စ်က ပြောတယ်။

"အမှန်အတိုင်း ပြောရရင်၊ ငါဟာ တစ်ဦးတည်းသော ဒုက္ခခံပြီး "ဟော့ဂ်ဝပ်၊ ကျောင်းသမိုင်းတစ်ခု" ဆိုတဲ့ စာအုပ်ကို ဖတ်ထားတဲ့ လူများလား" ဟာမီးက ဟယ်ရီနဲ့ ရွန်ကို မကျေမနပ် ပြောတယ်။

"သိပ်ဖြစ်နိုင်တာပေါ့" ရွန်က ပြောတယ်။ "ဘာဖြစ်လို့လဲ"

"အကြောင်းက ဒီရဲတိုက်ကြီးဟာ နံရံနဲ့ ကာကွယ်ထားတာ နင်တို့သိပါတယ်" ဟာမီးက ပြောတယ်။ "ရဲတိုက်ကို အပြင်လူတွေ ခိုးမဝင်နိုင်အောင် မှော်ပညာအမျိုးမျိုးနဲ့ စီရင်ထားတယ်။ ငုပ်လျှိုးတတ်တာနဲ့ ဝင်လို့မရဘူး။ ဘယ်လို ရုပ်ဖျက်ထားတာက အဲဒီ ဝိညာဉ်စုပ်ကောင်တွေကို လိမ်နိုင်မှာလဲဆိုတာ ငါ ကြည့်ချင်တယ်။ ဒီအကောင်တွေဟာ အဝင်ဝအားလုံးမှာ စောင့်နေတယ်။ ၎င်းပျံဝင်လာရင်လဲ၊ ၎င်းတို့မြင်မှာပါပဲ။ ပြီးတော့၊ ဖစ်ချ်ဟာ လျှို့ဝှက်လမ်းတွေ အကုန်သိတယ်။ ၎င်းတို့ဟာ အဲဒီလမ်း အားလုံးကို ပိတ်ဆို့ထားမှာ ...."

"အခု မီးမှိတ်ပြီ" ဖတ်စီက အော်ပြောတယ်။ "လူတိုင်း အိပ်ရာအိတ်ထဲ ဝင်ကြ။ စကားပြောတာ ရပ်ကြ"

ရှိသမျှ ဖယောင်းတိုင်တွေ ငြိမ်းသွားတယ်။ အခု တစ်ခုတည်းသော အလင်းရောင်ဟာ ငွေရောင်ဝိညာဉ်က လာတယ်။ ၎င်းတို့ဟာ နေရာအနှံ့လွင့်ပျံသွားနေတယ်။ အတန်းခေါင်းဆောင်တွေနဲ့ တည်ကြည်လေးနက်စွာ စကားပြောတယ်။ မှော်ပညာနဲ့ စီရင်ထားတဲ့ မျက်နှာကြက်ဟာ အပြင်က မိုးကောင်းကင်လိုပဲ၊ ကြယ်တွေ ပြည့်နေတယ်။ ဒီလို အခြေအနေမှာ၊ ခန်းမထဲမှာလည်း တိုးတိုး စကားပြောသံတွေ ရှိနေတော့၊ ဟယ်ရီဟာ မိမိ လေပြည်လေး တိုက်နေတဲ့ အိမ်အပြင်ဘက်မှာ အိပ်ရသလို ခံစားရတယ်။

တစ်နာရီကြာတိုင်း ဆရာတစ်ယောက် ခန်းမထဲ ရောက်လာတယ်။ အားလုံး အန္တရာယ်ကင်းကင်း ရှိမရှိ လာကြည့်ကြတယ်။ လင်းအားကြီး သုံးနာရီခန့်မှာ၊ ကျောင်းသားအများစု အိပ်ပျော်သွားကြတယ်။ ဒီအချိန်မှာ၊ ပါမောက္ခ ဒမ်ဘလီဒိုး ဝင်လာတယ်။ သူ နေရာတကာမှာ ဖတ်စီကို ရှာနေတာ ဟယ်ရီမြင်ရတယ်။ ဖတ်စီဟာ အိပ်ရာအိတ်တွေကြားမှာ ခြေဖော့ပြီး သွားနေတယ်။ စကားပြောတာ တွေ့ရင် တိုင်မယ်။ ဖတ်စီဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့နဲ့ မဝေးဘူး။ သူတို့ဟာ ချက်ချင်းပဲ အိပ်ချင်ယောင်ဆောင်ကြတယ်။ ဒီအချိန်မှာ ဒမ်ဘလီဒိုးခြေသံ နီး နီးလာတယ်။

“သူ့ အရိပ်အယောင် တွေ့သလား၊ ပါမောက္ခ” ဖတ်စီက တိုးတိုးမေးတယ်။

“မရှိဘူး။ ဒီမှာ ဘယ်လိုလဲ”

BURMESE CLASSIC .com

“အားလုံး ချုပ်ထိန်းမှုအောက်မှာပါ၊ ဆရာ”

“ကောင်းပြီ။ အခုသူတို့ကို နေရာပြောင်းခိုင်းဖို့ မလိုဘူး။ ကျုပ် ဂရစ်ဖင်းဒေါ်ဟောက်စ်ကျောင်းက အရုပ်ကားအပေါက်အတွက် ယာယီအစောင့် ရှာထားတယ်။ မနက်ဖြန်ဆိုရင် မင်း အားလုံးကို ပြန်ခိုင်းလို့ရပြီ”

“ဟို မိန်းမဝဝကြီးကော၊ ဆရာ”

“သုံးလွှာက အာဂျီ အော်ရှိုင်းယား မြေပုံထဲမှာ ပုန်းနေတယ်။ သူမဟာ ဝှက်စကားမဖြေတတ်လို့ကို ဝင်ခွင့်မပေးတာ။ ၎င်းက တိုက်ခိုက်လာတာ။ သူမဟာ စိတ်မပြေသေးဘူး။ သူမ တည်ငြိမ်လာခဲ့ရင် ဖစ်ချ်ကို သူမကို ပြန်ဖာထေးဖို့ ကျုပ်ခိုင်းလိုက်မယ်”

တံခါးမကြီး အသံမြည်ပြီး ဖွင့်ခံလိုက်ရတာ ဟယ်ရီ ကြားရတယ်။ ပိုများတဲ့ ခြေသံတွေလည်း ကြားရတယ်။

“ကျောင်းအုပ်ကြီး” ဒါ စနိတ်ပ် အသံ။ ဟယ်ရီဟာ ငြိမ်ငြိမ်လေး လှဲမြဲလှဲနေတယ်။ ကြိုးစား နားထောင်တယ်။

“လေးလွှာတစ်ခုလုံး စစ်ဆေးပြီးပြီ။ သူ ဟိုမှာ မရှိဘူး။ ဖစ်ချ်က ရဲတိုက်ပင်မအဆောင်ကို စစ်ဆေးတယ်။ အဲဒီမှာလဲ မရှိဘူး”

“နက္ခတ္တ မျှော်စင်ကော။ ပါမောက္ခ ထရီလောနီရဲ့ အခန်းကော။ ဇီးကွက် နားနေ သွားလာတဲ့ နေရာတွေကော”

“အားလုံး စစ်ဆေးပြီးပြီ.....”

“သိပ်ကောင်းတယ်၊ ဆီးဗရတ်စ်။ ဘလက်ဟာ မသွားဘဲ ဒီမှာနေမယ်လို့ ကျုပ် သိပ်မထင်ဘူး”

“သူ ဘယ်လိုလုပ် ဝင်လာသလဲ။ ဒါနဲ့ ပတ်သက်ပြီး၊ သင် ဘယ်လိုမြင်သလဲ။ ကျောင်းအုပ်ကြီး” စနိတ်ပ်က မေးတယ်။

ဟယ်ရီဟာ ခေါင်းကို နည်းနည်း မြှောက်လိုက်တယ်။ ဒါမှ ကျန်နားတစ်ဖက် ကြားမှာ။

“အများကြီးပဲ။ ဆီးဗရတ်စ်။ အမြင်တိုင်း အမြင်တိုင်းဟာ တခြားတစ်ခုနဲ့ မတူကြဘူး”

ဟယ်ရီဟာ မျက်စိကို မှေးမှေး ဖွင့်ကြည့်လိုက်တယ်။ သူတို့ ရပ်နေတဲ့ နေရာကို ခိုးကြည့်တယ်။ ဒမ်ဘလီဒိုးဟာ သူ့ကို ကျောခိုင်းထားတယ်။ ဒါပေမယ့်၊ ဖတ်စီမျက်နှာကို မြင်ရတယ်။ သူဟာ လုံးဝ အာရုံစိုက်ထားတယ်။ စနိတ်ပ်ရဲ့ ဘေးဘက်ကိုလည်း မြင်ရသေးတယ်။ စနိတ်ပ် ကြည့်ရတာ စိတ်ဆိုးနေသလိုပဲ။

"ကျွန်တော်တို့ ပြောဆိုခဲ့တာ မှတ်မိတယ်နော်၊ ကျောင်းအုပ်ကြီး။ အင်း ---- ကျောင်းပတ်မစခင် ----- မှာပဲနော်" စနိတ်ပ်က ပြောတယ်။ စကားပြောတဲ့အခါမှာ ပါးစပ်မဟသလောက်ပဲ။ ဖတ်စီကို သူတို့ စကားဝိုင်းထဲ မဝင်စေချင်သလိုပဲ။

"မှတ်မိတယ်၊ ဆီးဗရတ်စ်" ဒမ်ဘလီဒိုးက ပြောတယ်။ စကားသံထဲမှာ သတိပေးတဲ့ သဘောပါတယ်။

"ထင်တယ် ----မဖြစ်နိုင်သလောက်ပဲ ----ဘလက်ဟာ အတွင်းက အကူအညီမရှိရင် ဒီကျောင်းကို ဝင်လို့မရဘူး။ ကျွန်တော် ဒါကို သတိပြုမိကြောင်း ဖော်ပြခဲ့တယ်။ သင် ခန့်အပ် ----"

"ဒီရဲတိုက်ထဲမှာ ဘလက်ကို ဝင်နိုင်အောင် ကူညီတဲ့လူရှိမယ် ဆိုတာ ကျုပ် မယုံကြည်ဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ ၎င်းရဲ့ အသံဟာ ဒီကိစ္စ ဒီတွင်ရပ်တော့ ဆိုတဲ့ သဘောပါနေတဲ့အတွက် စနိတ်ပ်က ပြန်မပြောတော့ဘူး။ "ကျုပ် ဟို ဝိညာဉ်စုပ်ကောင်တွေဆီ သွားရဦးမယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ်တို့ ရှာဖွေပြီးရင် ၎င်းတို့ကို အကြောင်းကြားမယ်လို့ ကျုပ် ပြောထားတယ်"

"သူတို့က ကူညီမယ်တဲ့လား၊ ဆရာ" စနိတ်ပ်က ပြောတယ်။

"အော၊ ဟုတ်တယ်" ဒမ်ဘလီဒိုးက အေးစက်စွာ ပြောတယ်။ "ဒါပေမယ့်၊ ကျုပ် ကျောင်းအုပ်ဖြစ်နေသမျှ ဘယ်ဝိညာဉ်စုပ်ကောင်မှ ကျောင်းထဲဝင်ခွင့်ရလိမ့် မထင်ဘူး"

ဖတ်စီဟာ နည်းနည်း အားနာသလို ဖြစ်နေတယ်။ ဒမ်ဘလီဒိုး ခန်းမက ထွက်သွားတယ်။ မြန်ပြီး ပေ့ါပါးစွာ လျှောက်သွားတယ်။ စနိတ်ပ်ဟာ ခဏရပ်နေပြီး ကျောင်းအုပ်ထွက်သွားတာ ကြည့်နေတယ်။ သူ့မျက်နှာမှာ အလွန် ဒေါသထွက်နေတာ ပေါ်နေတယ်။ ဒီနောက် သူလည်း ထွက်သွားတယ်။

ဟယ်ရီက ရွန်နဲ့ ဟာမီးကို လှည့်ကြည့်တယ်။ နှစ်ယောက်စလုံး မျက်လုံးပွင့်နေတယ်။ ကြယ်တွေဝေနေတဲ့ မျက်နှာကြက်ကို ကြည့်နေကြတယ်။

"ဒီစကားတွေက ဘာတွေကို ပြောနေတာလဲ" ရွန့် ပါးစပ်ပုံစံက ဒီအဓိပ္ပာယ်ကို ဖော်ပြနေတယ်။

နောက်ရက်အချို့မှာ ကျောင်းက လူတွေ ပြောဆိုနေကြတာ ဘလက်အကြောင်းချည်းပဲ။ သူ ရဲတိုက်ထဲကို ဘယ်လိုဝင်လာတယ်ဆိုတဲ့ ပြောဆိုမှုဟာ ကြာလေ ထူးဆန်းလေပဲ။ ဟာ့ဖတ်က ဟန်နာ–အက်ဘော့ လို့ခေါ်တဲ့ ကျောင်းသူဟာ ဘလက်ဟာ ပန်းပွင့်တဲ့ အပင်ပုတစ်မျိုးအဖြစ် ရုပ်ပြောင်းတတ်တယ်လို့ ကြားလို့ နောက်တစ်ကြိမ် မှော်ဆေးပညာ အတန်းတက်စဉ် အချိန်အများကြီး အကုန်ခံပြီး ဒီအကြောင်းကို သူမပြောတာ နားထောင်ချင်တဲ့သူ အားလုံးကို ပြောပြတယ်။

အဖျက်ဆီးခံရတဲ့ မိန်းမဝဝကြီး အရုပ်ကားကို နံရံပေါ်က ဖြုတ်ချလိုက်တယ်။ ၎င်းကို အစားထိုးတာက ဆာခါဒိုဂင်နဲ့ ၎င်းရဲ့ ဝဝတုတ်တုတ် မီးခိုးရောင် မြင်းပုမျိုး အရုပ်ကားဖြစ်တယ်။ ဘယ်သူမှ ဒါအတွက် ဝမ်းမသာဘူး။ ဆာခါဒိုဂင်ဟာ ၎င်းရဲ့ အချိန်တစ်ဝက်ကို လူတွေကို စိန်ခေါ်တာ၊ လူတွေကို သူနဲ့ တစ်ယောက်ချင်း အပြတ်တိုက်ဖို့

တောင်းဆိုတာ လုပ်နေတယ်။ ကျန်အချိန်တွေကိုတော့ ရှုပ်ထွေးလွန်းလို့ ရယ်စရာဖြစ်နေတဲ့ ဗုက်စကားကို ရှာဖွေတဲ့နေရာမှာ သုံးတယ်။ တစ်နေ့တည်းနဲ့ ဗုက်စကား နှစ်ကြိမ် ပြောင်းတယ်။

"သူ ရူးနေပြီ" စီးမတ်စ်–ဖင်နစ်ဂင်က ဖတ်စီကို ပြောတယ်။ "တို့ တစ်ယောက်လဲလို့ မရဘူးလား"

"တခြား အရုပ်ကားတွေဟာ ဒီအလုပ် မလုပ်ချင်ကြဘူး" ဖတ်စီက ပြောတယ်။ "မိန်းမဝဝကြီး ကြုံတွေ့ရတာကြောင့် ကြောက်နေကြတယ်။ ဆာခါဒိုဂင် တစ်ယောက်တည်းသာ ရဲရဲရင့်ရင့် ထွက်လာတာ"

သို့ပေမယ့် ဟယ်ရီ စိုးရိမ်တာ ဆာခါဒိုဂင် မဟုတ်ဘူး။ အခု သူ့ကို တိတ်တိတ် စောင့်ကြည့်တာ ခံနေရတယ်။ ဆရာတွေဟာ အကြောင်းပြချက် ရှာပြီး စင်္ကြံထဲမှာ သူနဲ့အတူ သွားလာတယ်။ ဖတ်စီ–ဝယ်စလီ (ဟယ်ရီက ဒါ ၎င်းမိခင်ရဲ့ ညွှန်ကြားချက်လို့ ထင်တယ်) ဟာ နေရာတကာ သူ့နောက် လိုက်နေတယ်။ အလွန့်အလွန် ဟန်ပန်ကျတဲ့ အစောင့်ခွေးလိုပဲ။ အဆိုးဆုံးက ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူ့ကို သူမရုံးခန်း ခေါ်သွားတယ်။ မျက်နှာပေါ်က အမူအရာဟာ တစ်ယောက်ယောက်သေသွားလို့–လို့ ဟယ်ရီ ထင်တယ်။

"မင်းကို ဖုံးထားဖို့ မလိုတော့ဘူး၊ ပေါ်တာ" သူမက အထူး တည်ကြည်လေးနက်စွာ ပြောတယ်။ "မင်းအဖို့ တုန်လှုပ်လိမ့်မယ်ဆိုတာ ကိုယ်သိတယ်။ ဒါပေမယ့်၊ ဘလက်----"

"သူ ကျွန်တော့် လိုက်နေတာ သိပါတယ်" ဟယ်ရီက နွမ်းနယ်စွာ ပြောတယ်။ "ရွန့်အဖေက သူ့အမေကို ပြောပြတာ ကျွန်တော် ကြားတယ်။ မစ္စတာ ဝယ်စလီက မှော်ဝန်ကြီးဌာနမှာ လုပ်တယ်"

မက်ဂေါ်နာဂေါ် အလွန်အံ့သြ ထိတ်လန့်သွားတယ်။ သူမဟာ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။ ခဏကြည့်နေပြီး ပြောတယ်။ "ကိုယ်နားလည်ပြီ။ ကောင်းပြီ။ ဒါဆို၊ ပေါ်တာ။ မင်း ညနေစောင်း ခွေဒစ်လေ့ကျင့်တာ သိပ်မကောင်းဘူးလို့ ထင်တာ မင်း နားလည်ရော့မယ်။ ဘောကွင်းထဲမှာ မင်းကစားဖော်တွေပဲ အနားမှာ ရှိတာ။ မင်း သိပ်ပေါ်လွင်နေပြီ၊ ပေါ်တာ----"

"စနေနေ့ဆိုရင် ကျွန်တော်တို့ ပထမဆုံးပြိုင်ပွဲ ဝင်ရတော့မယ်" ဟယ်ရီက ပြောတယ်။ စိတ်ထဲမှာ တအား ဒေါသထွက်နေတယ်။ "ကျွန်တော် လေ့ကျင့်မှ ဖြစ်မယ်၊ ပါမောက္ခ"

ပါမောက္ခ မက်ဂေါ်နာဂေါ် စိတ်ဝင်တစား နားထောင်နေတယ်။ သူမဟာ ဂရစ်ဖင်းဒေါ် ဘောသင်းရဲ့ ရှေ့ရေးကို သူမ အလွန် ဂရုစိုက်တာ ဟယ်ရီ သိတယ်။ သူမကပဲ ဟယ်ရီ့ကို ရှာဖမ်းသမားလုပ်ဖို့ အရင်ဆုံး အကြံပြုတာပဲ။ သူ စောင့်နေတယ်။ စိတ်လှုပ်ရှားလွန်းလို့ အသက်တောင် အောင့်ထားတယ်။

"ဟင် ....." ပါမောက္ခ မက်ဂေါ်နာဂေါ် မတ်တတ်ရပ်လိုက်တယ်။ ပြတင်းအပြင်ဘက်က ခွေဒစ်ဘောသင်းကို စိုက်ကြည့်နေတယ်။ ဘောကွင်းဟာ မိုးရေထဲမှာ သဲ့သဲ့မြင်ရတယ်။ "ကောင်းပြီ... ဘယ်သူသိမှာလဲ။ ကိုယ်ကတော့ တို့အသင်းနောက်ဆုံးမှာ ဒိုင်းပိုက်ပြန်လာတာ တွေ့ချင်တာပဲ... ဒါပေမယ့်၊ ဘာပဲဖြစ်ဖြစ် ပေါ်တာ..... ဆရာတစ်ယောက် အနားမှာ ရှိနေရင် ကိုယ် နည်းနည်း ဝမ်းသာမှာ။ မဒမ် ဟူးချ်ကို မင်းတို့ လေ့ကျင့်ရာမှာ ကြီးကြပ်ခိုင်းမယ်"

ပထမဆုံး ခွေဒစ်ပြိုင်ပွဲ နီးလာပြီ။ ဒါပေမယ့် ရာသီဥတုက ကြာလေ ဆိုးလေပဲ။ မဒမ်ဟူးချ်ရဲ့ ကြီးကြပ်မှုအောက်မှာ ဂရစ်ဖင်းဒေါ်အသင်းဟာ ရဲရင့်စွာ လေ့ကျင့်တယ်။ အရင်ကထက် ပိုပင်ပန်းကြတယ်။ ဒီနောက် စနေနေ့ ပြိုင်ပွဲမတိုင်မီ နောက်ဆုံးအကြိမ် လေ့ကျင့်တဲ့အခါမှာ အော်လီဗာဟာ သူတို့အသင်းအတွက် မကြိုဆိုနိုင်တဲ့ သတင်းကို ယူဆောင်လာတယ်။

"ငါတို့ စလေးသရင်းနဲ့ မပြိုင်ရတော့ဘူး" သူက ဒေါသနဲ့ သူတို့ကို ပြောပြတယ်။ "ခုနတင်ပဲ ဖလင့် လာသွားတယ်။ ငါတို့ ဟာ့ဖ်ဖတ်နဲ့ ပြိုင်ရမယ်"

"ဘာဖြစ်လို့လဲ" ကျန်အသင်းသားတွေ ပြိုင်တူမေးတယ်။

"ဖလင့် အကြောင်းပြချက်က သူတို့ရှာဖမ်းသမား လက် မပျောက်သေးလို့တဲ့" ဝုဒ်က ပြောတယ်။ ဒေါသတအားထွက်လို့ သွားတွေပေါ်နေတယ်။ "ဒါပေမယ့် သူတို့ ဒီလိုလုပ်တဲ့ ရည်ရွယ်ချက်က ရှင်းပါတယ်။ ဒီလို ရာသီဥတုမှာ မကစားချင်တာ၊ သူတို့ အခွင့်အရေး ပျက်စီးလိမ့်မယ် ထင်တာ........"

အဲဒီနေ့ တစ်နေကုန် မိုးမုန်တိုင်း ကျနေတယ်။ ဝုဒ် စကားပြောနေတဲ့ အချိန်မှာပဲ အဝေးက မိုးချုန်းသံတွေကို သူတို့ ကြားရတယ်။

"မော်ဖိုင့်လက် ဘာမှ ပြဿနာ မရှိဘူး" ဟယ်ရီ ဒေါသထွက်ပြီး ပြောတယ်။ "သူ ဟန်ဆောင်နေတာ"

"ငါ သိတယ်။ ဒါပေမယ့် တို့ ဒါကို သက်သေမပြနိုင်ဘူး" ဝုဒ်က စိတ်ဆင်းရဲစွာ ပြောတယ်။ "ငါတို့ဟာ စလေးသရင်းနဲ့ ပြိုင်ဖို့ ရည်ရွယ်ပြီး လေ့ကျင့်ခဲ့တာ အခုကျတော့ ပြိုင်ရမှာက ဟာ့ဖ်ဖတ်။ ဒီနှစ်သင်းရဲ့ ကစားဟန်က မတူကြဘူး။ သူတို့မှာ အသင်းခေါင်းဆောင် အသစ်နဲ့ ရှာဖမ်းသမား စက်ဒရစ်–ဒစ်ဂရီ ရှိပြီ––––"

အင်ဂလီယာ၊ အလစ်စီယာနဲ့ ခက်ထီတို့ အူကြောင်ကြောင် ရယ်နေကြတယ်။

"ဘာလဲ" ဝုဒ်က ပြောတယ်။ ဒီလို အပူအပင်မရှိ နေတာကို ကောင်းတယ် မထင်ဘူး။

"သူဟာ ဟိုအရပ်မြင့်မြင့်၊ ရုပ်ချောတဲ့ ကျောင်းသား မဟုတ်လား" အင်ဂလီယာက ပြောတယ်။

"တောင့်တင်းသန်မာပြီး စကားနည်းတဲ့ဟာ" ခက်ထီက ပြောတယ်။ သူတို့တတွေ အူကြောင်ကြောင် ရယ်ကြပြန်တယ်။

"သူ စကားနည်းတာက လေးလုံးကွဲအောင် မပြောတတ်လို့ဟ" ဖရက်က စိတ်မရှည်ဘဲ ပြောတယ်။ "မင်းဘာဖြစ်လို့ ပူပင်တာလဲဆိုတာ ငါ နားမလည်ဘူး။ အော်လီဗာ၊ ဟာ့ဖ်ဖတ်အသင်းဟာ လွယ်လွယ်နဲ့ အနိုင်ရနိုင်တဲ့ အသင်း။ အရင်တစ်ခါ တို့ သူတို့နဲ့ ပြိုင်တဲ့အခါမှာ၊ ဟယ်ရီ ငါးမိနစ်ထဲနဲ့ ရွှေဘောလုံးပျံလေးကို ဖမ်းမိတယ်။ မှတ်မိလား"

"ငါတို့က လုံးဝမတူတဲ့ အခြေအနေမှာ ပြိုင်ရတာ" ဝုဒ်က တအားအော်တယ်။ သူ့မျက်လုံး အနည်းငယ် ပြူးထွက်နေတယ်။ "ဒစ်ဂရီဟာ အားကောင်းတဲ့ အသင်း ဖွဲ့စည်းထားတယ်။ သူဟာ ထူးချွန်တဲ့ ရှာဖမ်းသမား။ ငါက မင်းတို့ ဒီလိုတွေးမှာ ကြောက်နေတာ။ ငါတို့ လျှော့တွက်လို့ကို မရတာ။ ငါတို့ အဓိကပြဿနာကို ကိုင်မှ ဖြစ်မယ်။ စလေးသရင်းက ငါတို့ ခြေလှမ်းမှားတာ စောင့်နေတာ။ ငါတို့ နိုင်မှ ဖြစ်မယ်"

"အော်လီဗာ၊ စိတ်ပူပြီး ဒေါသထွက်မနေနဲ့" ဖရက်က ပြောတယ်။ နည်းနည်းတော့ ပျာနေတယ်။ "ငါတို့ ဟာ့ဖ်ဖတ်အသင်းကို သေချာရင်ဆိုင်မှာပါ။ ငါတို့ တကယ်ပြောတာ"

ပြိုင်ပွဲမတိုင်မီမှာ မိုးလေပြင်းထန်နေတယ်။ အရင်ကထက် ပိုဆိုးနေတယ်။ စကြီနဲ့ ကျောင်းခန်းထဲမှာ မှောင်မည်းနေတယ်။ မီးတုတ်နဲ့ မီးအိမ် ပိုများများ ထွန်းထားရတယ်။ စလေးသရင်းအသင်းဟာ ကိုယ့်ကိုယ်ကို ဟုတ်လှပြီဆိုပြီး ပျော်နေတယ်။ ဒီဘက်မှာ မော်ဖိုင်က အကဲဆုံး။

"အား၊ ငါ့လက်မောင်း နည်းနည်းကောင်းလာရင် ကောင်းမယ်" သူက ညည်းတယ်။ အပြင်ဘက်က လေရိုင်းဟာ ပြတင်းပေါက်ကို တွန်းတိုက်နေတယ်။

ဟယ်ရီ ခေါင်းထဲမှာ နောက်နေ့ ပြိုင်ပွဲကလွဲပြီး တခြားတွေးဖို့ အချိန်မရဘူး။ အော်လီဗာ-ဝုဒ်က ကျောင်းတက်နေစဉ် သူ့ကို မပြတ် လာရှာတယ်။ အဆက်မပြတ် ညွှန်ကြားချက်ပေးတယ်။ ဝုဒ် တတိယအကြိမ် ဒီလိုလုပ်တဲ့အခါမှာ အများကြီး ပြောတယ်။ ဟယ်ရီဟာ မိမိတက်ရမယ့် မှော်နက်ပညာ ကာကွယ်တဲ့အတတ် အတန်းစတာ ဆယ်မိနစ်တောင် ရှိသွားတာ တွေ့တာနဲ့ တန်းပြေးသွားတယ်။ ဒါပေမယ့် ဝုဒ်က နောက်ကနေ အော်ပြောနေသေးတယ်။ "ဒစ်ဂရီ ရုတ်တရက် လှည့်တာ သိပ်မြန်တယ်။ ဟယ်ရီ၊ ဒါကြောင့် မင်း သူ့ကို ကြံဖန်ပြီး ကပ်ထား ----"

ဟယ်ရီဟာ မှော်နက်ပညာ ကာကွယ်တဲ့အတတ် ကျောင်းခန်းအပြင်ဘက်မှာ ရပ်လိုက်တယ်။ တံခါးတွန်းဖွင့်ပြီး ပြေးဝင်သွားတယ်။

"ဝမ်းနည်းပါတယ်။ ကျွန်တော် နောက်ကျသွားတယ်။ ပါမောက္ခ လူပင်၊ ကျွန်တော် ---"

ဒါပေမယ့် စင်ပေါ်ကနေ သူ့ကို ကြည့်နေတာ ပါမောက္ခလူပင် မဟုတ်ဘဲ စနိတ်ပ် ဖြစ်နေတယ်။

"ဒီကျောင်းချိန် လွန်ခဲ့တဲ့ ဆယ်မိနစ်ကတဲက စတာ၊ ပေါ်တာ။ ဂရစ်ဖင်းဒေါ်ကို ဆယ်မှတ်နုတ်ရမယ် ထင်တယ်။ ထိုင်"

ဒါပေမယ့် ဟယ်ရီက မလှုပ်ဘူး။

"ပါမောက္ခ လူပင် ဘယ်ရောက်သွားလဲ"

"သူ ဒီနေ့ နေမကောင်းလို့ လာမသင်နိုင်ဘူးလို့ ပြောတယ်" စနိတ်ပ်က ပြောရင်း သွားဖြဲရယ်နေတယ်။ "ကျုပ် မင်းကို ထိုင်ခိုင်းတယ် မဟုတ်လား"

ဒါပေမယ့်၊ ဟယ်ရီဟာ နေရာတွင် မလှုပ်မယှက် ရပ်နေတယ်။

"သူ ဘာဖြစ်လို့လဲ"

စနိတ်ပ်ရဲ့ အနက်ရောင်မျက်လုံး အရောင်တောက်လာတယ်။

"အသက် အန္တရာယ်မရှိဘူး" သူက ပြောတယ်။ ပုံပန်းကတော့ ဖြစ်ပါစေ ဆုတောင်းနေသလိုပဲ။ "ဂရစ်ဖင်းဒေါ်ကို ငါးမှတ် ထပ်လျှော့တယ်။ နောက်တစ်ကြိမ် ထိုင်လို့ပြောလို့ မင်းမထိုင်ရင် အမှတ် ငါးဆယ် လျှော့မယ်"

ဟယ်ရီဟာ မိမိနေရာဆီ ဖြည်းဖြည်းသွားပြီး ထိုင်လိုက်တယ်။ စနိတ်ပ်က တစ်တန်းလုံးကို ကြည့်တယ်။

“ပေါ်တာကြောင့် ပြတ်မသွားခင်မှာ ပါမောက္ခလူပင်ဟာ မင်းတို့အတန်းရဲ့ တိုးတက်မှုကိုပြတဲ့ မှတ်တမ်း မထားရစ်ဘူးလို့ ကျုပ် ပြောတယ်----”

“ဆရာ။ ကျွန်မတို့ ဘော့ဂတ်၊ ဦးထုပ်နီ။ ခပ်ဖတ်စ်နဲ့ ဂရင်းဒီ သင်ပြီးပါပြီ” ဟာမီးက အလျင်အမြန် ပြောတယ်။ “ကျွန်မတို့ အခု----”

“တိတ်တိတ်နေ” စနိတ်ပ်က အေးစက်စက်ပြောတယ်။ “ကျုပ် မင်းတို့ကို မမေးဘူး။ ကျုပ်က ပါမောက္ခလူပင်ရဲ့ စည်းစနစ်မရှိတဲ့ သင်ကြားမှုကို ဝေဖန်တာ”

“သူက ကျွန်တော်တို့ကို သင်ကြားတဲ့ ဆရာထဲက အကောင်းဆုံး မှော်နက်ပညာ ကာကွယ်တဲ့ အတတ်ဆရာပါ” ဒင်း–သောမတ်စ်က ရဲရင့်စွာ ပြောတယ်။ အတန်းထဲက ကျန်ကျောင်းသားတွေဟာ သဘောတူကြောင်း မပွင့်တပွင့် ပြောကြတယ်။ စနိတ်ပ်ဟာ ခါတိုင်းထက်ပိုပြီး ခြိမ်းခြောက်ပုံ ပေါ်နေတယ်။

“မင်းတို့ဟာ ကျေနပ်လွယ်တယ်။ လူပင်ဟာ မင်းတို့ကို ဘာမှ အဆင့်မြင့် တောင်းဆိုတာ မရှိဘူး ---- ငါထင်တယ်။ ပထမနှစ်ကတည်းက ဦးထုပ်နီနဲ့ ဂရင်းဒီကို တိုက်နိုင်ရမယ်။ ဒီနေ့ ဆွေးနွေးမှာက ---”

ဟယ်ရီဟာ ၎င်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို အလျင်အမြန် လှန်နေတာ ကြည့်နေတယ်။ နောက်ဆုံးအခန်းထိ လှန်တယ်။ ဒါ သူတို့ မသင်ရသေးဘူးဆိုတာ သူသိမှာ သေချာတယ်။

“---- ဝံပုလွေ လူသား” စနိတ်ပ်က ပြောတယ်။

“ဒါပေမယ့် ဆရာ” ဟာမီးက ပြောတယ်။ မိမိကိုယ်မိမိ ချုပ်ထိန်းမရသလိုပဲ။ “ကျွန်မတို့ ဝံပုလွေ လူသားကို မသင်သင့်သေးဘူး။ ကျွန်မတို့ ဟင်စီဖန့်စ်ကို သင်ရမှာ---”

“မစ်ဂရန်ဂျာ” စနိတ်ပ်က ပြောတယ်။ လေသံဟာ သေနေသလို ငြိမ်တယ်။ “ကျုပ် စာသင်နေတယ်လို့ ထင်တာ၊ မင်း မဟုတ်ဘူး။ ကျုပ် အားလုံးကို ပြောမယ်၊ စာမျက်နှာ ၃၉၄ကို လှန်” သူဟာ နောက်တစ်ကြိမ် ဟိုဟိုဒီဒီ ကြည့်တယ်။ “မင်းတို့ အားလုံး။ အခု လှန်ကြ”

အတန်းထဲက လူအများဟာ စိတ်ဆင်းရဲစွာ မျက်ရိပ်မျက်ချည် ပြနေကြတယ်။ တစ်ချို့က စိတ်ညစ်စွာ ပွစိပွစိ လုပ်နေတယ်။ အားလုံး စာအုပ်ကို ဖွင့်လိုက်တယ်။

“မင်းတို့ ဘယ်သူ ကျုပ်ကို ပြောပြမလဲ။ ဝံပုလွေလူသားနဲ့၊ ဝံပုလွေအစစ်ကို ဘယ်လို ခွဲခြားမလဲ”

ဟာမီက လွဲပြီး အားလုံး တိတ်တိတ် ထိုင်နေကြတယ်။ နည်းနည်းမှ မလှုပ်ဘူး။ သူမ လက်ဟာ ခါတိုင်းလိုပဲ မတ်နေအောင် ထောင်ထားတယ်။

“ဘယ်သူ ဖြေနိုင်သလဲ” စနိတ်ပ်က ပြောတယ်။ ဟာမီးကို ဂရုမစိုက်ဘူး။ ၎င်းဟာ သွားဖြဲပြီး ရယ်ပြန်တယ်။

“မင်းတို့ဟာ ငါ့ကို ပါမောက္ခလူပင်ဟာ ဒီနှစ်ခုရဲ့ ကွားခြားမှုကို သင်မပေးဘူးလို့ ပြောနေတာလား---”

“ကျွန်မတို့ ပြောပြမယ်” ပါဗာထီက ရုတ်တရက် ပြောတယ်။ “ကျွန်မတို့ ဝံပုလွေလူသား သင်ခန်းစာထိ မရောက်သေးဘူး။ ကျွန်မတို့ သင်နေတာက ----”

“တိတ်တိတ်နေ” စနိတ်ပ်က ဟောက်တယ်။ “ကောင်းပြီ၊ ကောင်းပြီ၊ ကောင်းပြီ။ တတိယနှစ်ကျောင်းသားဟာ ဝံပုလွေလူသားကို သိမြင်နိုင်စွမ်း မရှိတာနဲ့ တိုးလိမ့်မယ်လို့ ကျုပ် ဘယ်တုန်းကမှ မထင်မှတ်ခဲ့ဘူး။ ကျုပ် မှတ်တမ်းတင်ထားမယ်။ ပါမောက္ခ ဒမ်ဘလီဒိုးကို မင်းတို့ ဘယ်လောက် နောက်ကျနေတယ်ဆိုတာ ပြောပြမယ် ––––”

“ဆရာ” ဟာမီးက ပြောတယ်။ သူမ လက်မြှောက်ထားတုန်းပဲ။ “ဝံပုလွေလူသားနဲ့ ဝံပုလွေအစစ်ဟာ နေရာတော်တော်များများ မတူကြဘူး။ ဝံပုလွေလူသားရဲ့ ပါးစပ်၊ နှာခေါင်းပိုင်း––––”

“ဒါဟာ မင်း ဒုတိယအကြိမ် လုပြောတာ၊ ဂရန်ဂျာ” စနိတ်ပ်က အေးစက်စက် ပြောတယ်။ “သည်းမခံနိုင်တဲ့ အရာရာသိကြောင့်၊ ဂရစ်ဖင်းဒေါကို နောက်ထပ် ငါးမှတ်လျှော့တယ်”

ဟာမီး မျက်နှာကြီးနီပြီး လက်ချလိုက်တယ်။ သူ့ကို စိုက်ကြည့်နေတယ်။ မျက်စိထဲမှာ မျက်ရည်တွေနဲ့။ တစ်တန်းလုံး စနိတ်ပ်ကို ဒေါသနဲ့ ကြည့်နေတယ်။ ဒါက အားလုံး စနိတ်ပ်ကို ဘယ်လောက် ရွံမုန်းတယ်ဆိုတာ ပြတယ်။ အတန်းထဲက လူအားလုံး ဟာမီးကို အနည်းဆုံးတစ်ကြိမ်တော့ အရာရာသိလို့ ပြောတယ်။ ရွန်ဟာ တစ်ပတ်ကို နှစ်ကြိမ် ဟာမီးကို အရာရာသိလို့ ပြောတယ်။ ရွန်က အကျယ်ကြီး ပြောတယ်။ “သင်က ကျွန်တော်တို့ကို မေးခွန်းထုတ်တယ်။ သူမက အဖြေသိတယ်။ သင် အဖြေမလိုချင်ဘူးဆိုရင်၊ ဘာဖြစ်လို့ မေးတာလဲ”

တစ်တန်းလုံး ရွန် သိပ်လွန်သွားပြီလို့ သိတယ်။ စနိတ်ပ်ဟာ ရွန့်ဆီ ဖြည်းဖြည်း လျှောက်သွားတယ်။ တစ်တန်းလုံး ရင်တမမ ဖြစ်သွားတယ်။

“ကျောင်းဆင်းရင် နေခဲ့၊ ဝယ်စလီ” စနိတ်ပ်က မျက်နှာလို မျက်နှာရတဲ့ ပုံစံနဲ့ ပြောတယ်။ သူ့မျက်နှာဟာ ရွန်နဲ့ အလွန် နီးနီးကပ်ကပ် နေတယ်။ “မင်း ငါ့သင်ကြားမှုကို ဝေဖန်တာ နောက်ထပ်ကြားရရင်၊ မင်း အလွန် နောင်တရလိမ့်မယ်”

ဒီနောက် ဘယ်သူမှ ဘာသံမှ မထွက်တော့ဘူး။ အားလုံး ထိုင်ကြပြီး၊ သင်တန်းမှာပါတဲ့အတိုင်း ဝံပုလွေလူသားနဲ့ ပတ်သက်တဲ့ မှတ်စု ရေးကြတယ်။ စနိတ်ပ်ကတော့ စားပွဲကြားမှာ အသွားအပြန် လျှောက်သွားရင်း ပါမောက္ခလူပင် သင်ကြားစဉ်အတွင်း သူတို့ လုပ်ထားတဲ့ အိမ်စာတွေကို စစ်ဆေးတယ်။

“ရှင်းပြတာ သိပ်ညံ့တာပဲ... ဒါ မှားနေတယ်၊ ခပ်ပါဟာ မွန်ဂိုယားမှာ ပိုများတယ်....ပါမောက္ခလူပင်က ဆယ်ပုံရှစ်ပုံလို့ ပြောတယ်။ ကျုပ်က ဆယ်ပုံသုံးပုံတောင် မရှိဘူးလို့ ပြောတယ် ....”

ကျောင်းဆင်းခေါင်းလောင်း ထိုးပါပြီ။ စနိတ်ပ်က သူတို့ကို ဆင်းမပေးဘူး။

“မင်းတို့ လူတိုင်း စာတမ်းတစ်ခုစီ ရေး။ ကျုပ်ကိုပေး။ အတွင်းသဘောက ဝံပုလွေလူသားကို ခွဲခြားခြင်းနဲ့ သတ်ပစ်ခြင်း။ ဒီခေါင်းစီးနဲ့ သိုးရေစက္ကူနှစ်ရွက် ရေးရမယ်။ တနင်္လာနေ့ နံနက်အပ်ကြ။ ဒီအတန်းကို ကိုင်ဖို့ လိုပြီ။ ဝယ်စလီ နေခဲ့။ မင်းကို ညဘက် ကျောင်းပိတ်ဖို့ ကိစ္စ စီစဉ်ရမယ်”

ဟယ်ရီ၊ ဟာမီးဟာ အတန်းထဲက ကျန်ကျောင်းသားများနဲ့အတူ ထွက်ခွာသွားကြတယ်။ အားလုံးမကြားလောက်တဲ့ နေရာရောက်မှ ဟာမီးက စနိတ်ပ်ကို အကျယ်ကြီး အပြစ်တင်ပါတော့တယ်။

“စနိတ်ပ်ဟာ အရင်က တို့ကို မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်တဲ့ ဆရာတွေကို ဒီလို မဆက်ဆံဘူး။ သူ ငါတို့ကို တကယ် လာသင်ချင်လို့ပဲ ထားပါဦး” ဟယ်ရီက ဟာမီးကို ပြောတယ်။ “သူ ဘာဖြစ်လို့ လူပင်ကို ဒီလိုလုပ်တာလဲ။ ဟိုတစ်ခါ ဘော့ဂတ်ကိစ္စကြောင့်လား”

"ငါ မသိဘူး" ဟာမီးက စိတ်ပျက်ပျက် ပြောတယ်။ "ဒါပေမယ့် ငါကတော့ ပါမောက္ခလူပင် အမြန်နေကောင်းစေချင်တယ် ...."

ငါးမိနစ်ကြာတော့ ရွန် မီလာတယ်။ ဒေါသတွေ ပေါက်ကွဲနေတယ်။

"မင်းတို့ ဟို ---- (သူ စနိုတ်ပ်ကို တစ်ခု ဆဲလိုက်တယ်။ ဒါကြောင့် ဟာမီးက "ရွန်"လို့ အော်လိုက်တယ်။) သိပါတယ်။ ငါ့ကို ဘာလုပ်ခိုင်းတယ် မှတ်လဲ။ ငါ့ကို ဆေးရုံက သေးအိုး ဆေးခိုင်းတယ်။ မှော်ပညာ မသုံးရဘူးတဲ့" သူဟာ ဒေါသကြောင့် ရှိုက်နေတယ်။ လက်သီးကိုလည်း တင်းနေအောင် ဆုပ်ထားတယ်။ "ဘလက်ဟာ စနိုတ်ပ် ရုံးခန်းထဲ ဘာလို့ ပုန်းမနေရမှာလဲ၊ ဟင်။ သူ ငါတို့အစား ၎င်းကို အဆုံးစီရင်လို့ ရတာပဲ"

နောက်နေ့မနက်မှာ ဟယ်ရီ စောစောကြီး နိုးလာတယ်။ သိပ်စောလွန်းလို့ အပြင်မှာ မှောင်မည်းနေတယ်။ အစက ဒေါထနေတဲ့ လေပြင်းက သူ့ကို နှိုးလိုက်တာလို့ ထင်တယ်။ ဒီနောက် သူ့ဇက်ပေါ်မှာ လေအေးတိုက်နေတာ ခံစားရလို့ ချက်ချင်း ထထိုင်လိုက်တယ် ---- သိပ်နောက်တဲ့ သရဲ ဖီးဗိစ် သူ့အနားမှာ လွင့်ပျံနေတယ်။ သူ့နားထဲ လေမှုတ်ထည့်နေတယ်။

"မင်း ဘာလို့ ဒီလို မှုတ်နေတာလဲ" ဟယ်ရီက စိတ်ဆိုးစွာ မေးတယ်။

သရဲ ဖီးဗိစ်ဟာ ပါးကြီးဖောင်းပြီး ပိုတိုးမှုတ်နေတယ်။ ဒီနောက် လည်ပတ်ပြီး အခန်းထဲက ထွက်သွားတယ်။ တခစ်ခစ် ရယ်သွားတယ်။

ဟယ်ရီဟာ မိမိစားပွဲတင်နာရီကို စမ်းပြီး ကြည့်လိုက်တယ်။ လေးနာရီခွဲ။ ဟယ်ရီက သရဲဖီးဗိစ်ကို ဆဲရင်း တစ်ဖက်လှည့်လိုက်တယ်။ ထပ်အိပ်ဖို့ လုပ်တယ်။ ဒါပေမယ့် နိုးလာပြီးမှ ပြန်အိပ်ဖို့ သိပ်ခက်တယ်။ သူဟာ မိုးပေါ်က တဒုန်းဒုန်းမြည်နေတဲ့ မိုးချုန်းသံ၊ လေပြင်း ရဲတိုက်နံရံကို တိုက်ခတ်တဲ့ အသံနဲ့ အဝေးက သစ်တောထဲက သစ်ကိုင်းကျိုးသံတွေကို မသိချင်ယောင်ဆောင်နေလို့ မရဘူး။ နာရီ အနည်းငယ်ကြာရင် သူ အပြင်ဘက် ခွေဒစ်ကွင်းထဲ သွားရတော့မယ်။ လေပြင်းမုန်တိုင်းထဲမှာ တိုက်ခိုက်ရမယ်။ နောက်ဆုံးမှာ ထပ်အိပ်ဖို့ အတွေးကို စွန့်လွှတ်လိုက်တယ်။ အိပ်ရာကထ၊ အင်္ကျီဝတ်တယ်။ မိမိရဲ့ အလင်းစကြာ ၂၀၀၀ကို ယူပြီး အိပ်ဆောင်က တိတ်တိတ်ကလေး ထွက်လာတယ်။

ဟယ်ရီ တံခါးဖွင့်လိုက်တယ်။ သူ့ခြေထောက်နားက ဘာဖြတ်သွားမှန်း မသိဘူး။ သူ ကုန်းပြီး အချိန်မီ ခရွတ်ရှန်နဲ့ အမွေးထူထူ အမြီးဖျားကို ဖမ်းမိတယ်။ ၎င်းကို ဆွဲထုတ်လိုက်တယ်။

"မင်း သိပါတယ်။ ရွန် မင်းကို သတိထားတာ မှန်တယ်" ဟယ်ရီက သံသယနဲ့ ခရွတ်ရှန်ကို ပြောတယ်။ "ဒီမှာ ကြွက်သေတွေ အများကြီးပဲ။ သူတို့ကို သွားဖမ်းပါလား။ သွားလေ" သူ ထပ်ပြောပြီး ခြေထောက်နဲ့ ခရွတ်ရှန်ကို ကြောင်လိမ်လှေခါးက တွန်းချလိုက်တယ်။ "အစက်အပြောက်လေးကို ဒုက္ခမပေးနဲ့"

အများနားနေခန်းမှာ လေမုန်တိုင်းသံ ပိုကဲလာတယ်။ ဟယ်ရီဟာ ပြိုင်ပွဲပယ်ဖျက်မှာ မဟုတ်ဘူးဆိုတာ သိတယ်။ ခွေဒစ်ပြိုင်ပွဲဟာ မိုးလေမုန်တိုင်းလို ကိစ္စလေးကြောင့် ပယ်ဖျက်မှာ မဟုတ်ဘူး။ သို့ပေမယ့် သူ အတော်ကြောက်လာတယ်။ ဝုဒ်ဟာ စင်္ကြံထဲမှာ စက်ဒရစ်-ဒစ်ဂရီကို ညွှန်ပြဖူးတယ်။ ဒါပေမယ့် ဒစ်ဂရီရဲ့ ကိုယ်အလေးချိန်ဟာ ဒီလိုရာသီမှာ သာလွန်ချက်ရှိတယ်။ အကြောင်းက သူ့ကို မရပ်နိုင်အောင် လေတိုက်ပစ်ဖို့ မလွယ်လို့။

ဟယ်ရီဟာ မီးလင်းဖိုရှေ့မှာ ဒီနာရီအချို့ကို ကုန်လွန်စေတယ်။ မကြာခဏ ထ,ထပြီး ခရွတ်ရှန် ကျောင်းသားဆောင်ကို ခိုးမတက်ရအောင် တားတယ်။ နောက်ဆုံး နံနက်စောစောစာ စားချိန်ရောက်ပြီလို့ ဟယ်ရီတွေးပြီး အရုပ်ကား အပေါက်ဝဆီ လျှောက်သွားတယ်။

"ရပ်စမ်း၊ တိုက်ပွဲစရအောင်၊ ခွေးစုတ်" ခါဒိုဂင်က အော်တယ်။

"အော၊ ပါးစပ်ပိတ်ထား" ဟယ်ရီက သမ်းဝေရင်း ပြောတယ်။

ဆန်ပြုတ်တစ်ပန်းကန်ကြီး သောက်ပြီးနောက် သူ နည်းနည်း အားတက်လာတယ်။ ပေါင်မုန့်ကင် စ စားတဲ့အချိန်မှာ၊ ဘောသင်းက တခြားအသင်းသားတွေလည်း လာကြပြီ။

"ဒီ ပြိုင်ပွဲ ပြင်းထန်လိမ့်မယ်" ဝုဒ်ကပြောတယ်။ ဘာမှ မစားဘူး။

"စိတ်မပူပါနဲ့၊ အော်လီဗာ" အလစ်စီယာက သူ့ကို နှစ်သိမ့်တယ်။ "မိုး နည်းနည်းရွာတာ မမှုပါဘူး"ဒါပေမယ့်၊ နည်းနည်းရွာတာတော့ မဟုတ်ဘူး။

ခွေဒစ်ကို သိပ်ကြိုက်ကြတဲ့အတွက် ကျောင်းရှိ ကျောင်းသားအားလုံး ခါတိုင်းလိုပဲ အကုန် ထွက်လာကြပြီး ဒီပြိုင်ပွဲကို ကြည့်ကြတယ်။ သူတို့ဟာ မြက်ခင်းကိုဖြတ်ပြီး ခွေဒစ်ကွင်းဆီ သွားကြတယ်။ ခေါင်းတွေငုံ့ပြီး လေဒဏ်ကို ခုခံတယ်။ သူတို့ ထီးတွေဟာ လမ်းခွတ်လတ်မှာ လေထဲ ပါသွားကြပြီ။ ဟယ်ရီဟာ အဝတ်လဲခန်းမဝင်ခင် မော်ဖိုင်၊ ခရပ်၊ ဂိုးတို့နဲ့ တွေ့တယ်။ သူတို့ဟာ အားကစားကွင်းကို သွားနေတယ်။ သုံးယောက်သား ထီးကြီးတစ်လက်အောက်ကနေ သူ့ကို လက်ညှိုးထိုး ရယ်နေကြတယ်။

ဘောသင်းဝင် အားလုံး ကြက်သွေးရောင် ဝတ်ရုံတွေ ဝတ်ဆင်ထားကြပြီ။ အစဉ်အလာအရ ပြိုင်ပွဲမစမီ ဝုဒ် အားပေးစကားပြောမှာကို စောင့်နေတယ်။ ဒါပေမယ့် ဝုဒ်ဟာ စကားပြောမယ်လုပ်တိုင်း ထူးဆန်းတဲ့ မောဟိုက်သံပဲ ထွက်လာတယ်။ ဒီနောက် သူဟာ မတတ်သာဘဲ ခေါင်းခါပြတယ်။ အားလုံးသူနဲ့ လိုက်ခဲ့ဖို့ လက်ပြတယ်။

လေက ပြင်းထန်စွာ တိုက်နေတယ်။ သူတို့ ဘောကွင်းရောက်တော့ အားလုံး ယိမ်းယိုင်ပြိုလဲနေတယ်။ မိုးချုန်းသံ တဒုန်းဒုန်းကြားမှာ ပရိသတ်က သူတို့ကို သြဘာပေးသည့်တိုင် သူတို့ မကြားရဘူး။ မိုးပေါက်များ ဟယ်ရီ့ မျက်မှန်ပေါ် ကျလာတယ်။ ဘုရား၊ ဘုရား။ လေပြင်းမုန်တိုင်းကြားမှာ သူ ရွှေဘောလုံးပျံလေးကို ဘယ်လို မြင်နိုင်မှာလဲ။

ဟာ့ဖ်ဖတ်အသင်းဟာ ဘောကွင်းတစ်ဖက်ကနေ သူတို့ဆီ လျှောက်လာတယ်။ သူတို့ ဝတ်တာက သဘော်ာစာဝါငှက် အဝါရောင် ဝတ်ရုံ။ နှစ်သင်းစလုံးက အသင်းခေါင်းဆောင် ရှေ့ထွက်ပြီး လက်ဆွဲ နှုတ်ဆက်ကြတယ်။ ဒစ်ဂရီက ဝုဒ်ကို ပြုံးပြတယ်။ ဒါပေမယ့် အခု ဝုဒ်ကို ကြည့်ရတာ မေးခိုင်ရောဂါ ရနေသလိုပဲ။ သူက ခေါင်းညိတ်ပြတယ်။ ဟယ်ရီက မဒမ်ဟူးချ်နဲ့ ပါးစပ်လှုပ်ပုံကို မြင်ရတယ်။ "မိုးပျံတံမြက်စည်းပေါ်တက်" သူဟာ ရွှံ့ထဲက ယာခြေထောက်ကို ဆွဲထုတ်ပြီး အလင်းစကြာ နှစ်ထောင်ပေါ် တက်လိုက်တယ်။ မဒမ်ဟူးချ်ဟာ ဝီစီကို ပါးစပ်ပေါ် တင်ထားတယ်။ တအားမှုတ်လိုက်တာနဲ့ စူးရှတဲ့ အသံထွက်ပေါ်လာတယ်။ အဝေးကရောက်လာတဲ့ အသံလိုပဲ---- ပြိုင်ပွဲစပြီ။

ဟယ်ရီဟာ အလျင်အမြန် စီးတယ်။ ဒါပေမယ့် သူ့အလင်းစကြာ ၂၀၀၀ဟာ လေထဲမှာ အနည်းငယ် ခါနေတယ်။ သူက အတတ်နိုင်ဆုံး ဆုပ်ကိုင်ထားပြီး မိုးလေထဲ လှည့်ဝင်သွားတယ်။

ငါးမိနစ်ကြာတော့ ဟယ်ရီ တစ်ကိုယ်လုံး စိုရွှဲနေပြီ။ အေးလို့ တောင့်နေပြီ။ ဟိုရွှေဘောလုံးပျံ သေးသေးလေးကို လွတ်ထားရတယ်။ သူဟာ ဘောကွင်းထဲမှာ ဟိုဟိုဒီဒီ ပျံသန်းတယ်။ မသဲမကွဲ အနီရောင်နဲ့

အဝါရောင် လူရိပ်ကို ဖြတ်ပျံတယ်။ ပြိုင်ပွဲအခြေအနေကို နည်းနည်းမှ မသိဘူး။ လေပြင်းမုန်တိုင်းကျနေတဲ့ အခြေအနေမှာ ဝေဖန်ပြောဆိုတာလဲ မကြားရဘူး။ ပွဲကြည့်ပရိသတ်ဟာ ခြုံထည်နဲ့ လေတိုက်လို့ ပုံပျက်နေတဲ့ ထီးပင်လယ်အောက်မှာ ဝပ်နေတယ်။ ဟယ်ရီဟာ နှစ်ကြိမ်တိုင်တိုင် ဘလဒ်ဂါက သူ့ကို တံမြက်စည်းပေါ်က တိုက်ချဖို့ နည်းနည်းလိုတယ်။ မိုးသည်းသည်းအောက်မှာ ဘာမှမမြင်ရဘူး။ ဘလဒ်ဂါရှေ့က ဝင်တိုက်တာကို သူ လုံးဝမမြင်ရဘူး။

ပြိုင်ပွဲစတာ ဘယ်လောက်ကြာသွားမှန်းလဲ သူ မသိဘူး။ မိုးပျံ တံမြက်စည်းကို မျဉ်းဖြောင့်သွားခိုင်းဖို့ ကြာလေ ခက်လေ ဖြစ်လာတယ်။ မိုးကောင်းကင် ပိုပို မည်းမှောင်လာတယ်။ ညအမှောင်ဟာ ကြိုတင် ရောက်လာသလိုပဲ။ ဟယ်ရီဟာ တခြားဘောသမားကို ဝင်တိုက်ဖို့ နည်းနည်းလိုတာ နှစ်ကြိမ်ဖြစ်ခဲ့တယ်။ ပြီးတော့ အဲဒါ မိမိဘက်ကလား၊ တစ်ဖက်က ဘောသမားလား ဆိုတာ မသိလိုက်ဘူး။ အခု လူတိုင်း ရွှဲရွှဲစိုနေတယ်။ မိုးကလည်း သည်းမည်းနေတဲ့အတွက် သူ မမြင်ရသလောက် ဖြစ်နေတယ်......

မဒမ်ဟူးချ်ရဲ့ ဝီစီသံဟာ လျှပ်စီးလက်လိုက်တာနဲ့ အတူ ပေါ်ထွက်လာတယ်။ ဟယ်ရီဟာ မိုးသည်းသည်းထဲမှာ ဝုဒ်ရဲ့ အရိပ်ကို မြင်ရတယ်။ ဝုဒ်က ဟယ်ရီ့ကို မြေပြင်ဆင်းလာဖို့ အမူအရာ ပြတယ်။ တစ်သင်းလုံး ရေစက်တွေနဲ့ ရွှံ့တွေထဲ ဆင်းခဲ့ကြတယ်။

"ငါ တိုင်းမ်အောက် ခေါ်ထားတယ်" ဝုဒ်က အားလုံးကို အော်ပြောတယ်။ "လာ၊ ဒီဘက်ကိုလာ---"

သူတို့ဟာ ဘောကွင်းဘေးရှိ ထီးအကြီးကြီးအောက် ဝင်ကြတယ်။ ဟယ်ရီ မျက်မှန်ချွတ်ပြီး ဝတ်ရုံပေါ် အမြန်သုတ်လိုက်တယ်။

"အမှတ် ဘယ်လိုရှိလဲ"

"ငါတို့ အမှတ် ၅၀ သာနေတယ်" ဝုဒ်က ပြောတယ်။ "ဒါပေမယ့် ငါတို့ ရွှေဘောလုံးပျံကို အမြန်ဆုံး ရမှ။ နို့မို့ရင် ညထိ ဆက်ကစားရမှာ"

"ငါ မျက်မှန်နဲ့ဆိုတော့ မတတ်နိုင်သလောက်ပဲ" ဟယ်ရီက မျက်မှန်ကို ယမ်းပြရင်း စိတ်ပျက်စွာ ပြောတယ်။

ဒီအချိန်မှာပဲ ဟယ်ရီ့အနားကို ဟာမီး ရောက်လာတယ်။ သူမဟာ ခြုံထည်ဆောင်းပြီးလာတာ။ ပြုံးရယ်နေသေးတယ်။

"ငါ့မှာ အကြံတစ်ခု ရှိတယ်၊ ဟယ်ရီ။ နင့်မျက်မှန်ကို ငါ့ပေး။ မြန်မြန်"

သူက မျက်မှန်ကို ပေးတယ်။ အသင်းသားအားလုံး အံ့သြစွာ ကြည့်နေတယ်။ ဟာမီးဟာ မိမိမှော်ကြိမ်လုံးနဲ့ ဟယ်ရီ့ မျက်မှန်ကို အသာ ခေါက်တယ်။ "ရေစိုခံ" လို့ ပြောတယ်။

"ရပြီ" သူမက ပြောတယ်။ မျက်မှန်ကို ဟယ်ရီ့ ပြန်ပေးလိုက်တယ်။ "ရေက နင့်မျက်မှန်ကို ဒုက္ခ မပေးနိုင်တော့ဘူး"

ဝုဒ်က ဘေးက ကြည့်နေတယ်။ သူမကို သွားတောင် နမ်းလိုက်ချင်တယ်။

"သိပ်တော်တာပဲ" သူက အသံ အက်အက်နဲ့ သူမနောက်က အော်ပြောတယ်။ သူမဟာ လူအုပ်ထဲ ပျောက်သွားပြီ။ "ကောင်းပြီ၊ အားလုံးပဲ ကောင်းကောင်း ကြိုးစားကြ"

ဟာမီ ဂါထာအစွမ်းကြောင့် ဟယ်ရီ မြင်ရပြီ။ ဒါပေမယ့် အေးလို့ ခြေတွေ လက်တွေ ထုံနေတယ်။ မကြံဖူးအောင် စိုရွှဲနေဆဲ။ သူဟာ ပြန်ပြီး သန္နိဋ္ဌာန်ချတယ်။ မိမိတံမြက်စည်းကို ရှုပ်ပွေတဲ့ လေစီးကြောင်းကို ဖြတ်စေပြီး ရွှေဘောလုံးပျံလေးကို နေရာအနှံ့ လိုက်ရှာတယ်။ ဒီဖြစ်စဉ်အတွင်းမှာ သူဟာ ဘလဒ်ဂါတစ်လုံးကို ရှောင်လိုက်ပြီး ဒစ်ဂရီကိုယ်အောက်က ငုံ့ဖြတ်သွားတယ်။ အဲဒီအချိန်မှာ ဒစ်ဂရီဟာ ဆန့်ကျင်ဘက်သို့ ဦးတည်ပျံပြေးနေတယ် ..........

မိုးချုန်းသံ တစ်သံ ထွက်ပေါ်လာပြန်တယ်။ ဒီနောက် လျှပ်စီး ထပ်လက်လာတယ်။ ကြာလေ အန္တရာယ် ရှိလေပဲ။ ရွှေဘောလုံးပျံလေးကို ဟယ်ရီ ချက်ချင်း ဖမ်းနိုင်မှ ဖြစ်မယ် ------

သူ ကိုယ်ကို လှည့်လိုက်တယ်။ ဘောကွင်းအလယ်ကို ပြန်သွားချင်တယ်။ ဒါပေမယ့် ဒီအချိန်မှာ လျှပ်စီး လက်လိုက်ပြန်တယ်။ လျှပ်စီးက ပွဲကြည့်စင်ကို လင်းသွားစေတယ်။ ဟယ်ရီဟာ မိမိကို စိတ်ထွေပြားမယ့် အရာကို မြင်သွားတယ်။ တစ်ကိုယ်လုံး အမွေးကြမ်းတွေရှိတဲ့ ဧရာမ ခွေးနက်ကြီးရဲ့ ဘေးဘက်အရိပ်။ အဲဒီ ဘေးဘက်အရိပ်ဟာ မိုးစွန်မှာ ရှင်းလင်းစွာ ပေါ်နေတယ်။ ၎င်းဟာ ပွဲကြည့်စင်အမြင့်ဆုံးက လူမရှိတဲ့ နေရာလွတ်မှာ ရှိနေတယ်။

ဟယ်ရီ့ရဲ့ ထုံနေတဲ့ လက်နှစ်ဖက်ဟာ တံမြက်စည်းပေါ်က ချော်သွားတယ်။ အလင်းစကြာ ၂၀၀၀ဟာ အောက်သို့ လေး ငါးပေ နိမ့်ဆင်းသွားတယ်။ သူဟာ စိုရွှဲနေတဲ့ ဆံပင်ကို မျက်စိပေါ်က ဖယ်ပစ်လိုက်တယ်။ ဟိုပွဲကြည့်စင်ကို မျက်စိ ထောင့်ကပ်ကြည့်တယ်။ အဲဒီ ခွေးကြီး မရှိတော့ဘူး။

"ဟယ်ရီ" ဝုဒ်ရဲ့ စိတ်ပျက်တဲ့ အော်သံဟာ ဂရစ်ဖင်ဒေါ် ဂိုးတိုင်ဆီက ရောက်လာတယ်။ "ဟယ်ရီ၊ မင်းနောက်မှာ"

ဟယ်ရီဟာ ကပျာကရာ ကြည့်တယ်။ ဒစ်ဂရီဟာ ဘောကွင်းဆီ အဆက်မပြတ် နိမ့်ဆင်းနေတယ်။ သေးငယ်တဲ့ ရွှေရောင် အစက်ကလေးဟာ မိုးပေါက်များကြား လေထဲမှာ၊ သူတို့နှစ်ယောက်ကြားမှာ လက်နေတယ် .....

ဟယ်ရီ ထိတ်လန့်သွားပြီး ကိုယ်ကို တံမြက်စည်းပေါ် ဝပ်ထားတယ်။ လည်ပတ်ရင်း ရွှေဘောလုံးပျံလေးဆီ ထိုးဝင်သွားတယ်။

"လိုက်ထား" သူက သူ့အလင်းစကြာကို ဟောက်ပြောတယ်။ မိုးပေါက်တွေ သူ့မျက်နှာကို ရိုက်နေတယ်။ "မြန်မြန်"

ဒါပေမယ့် ထူးဆန်းတဲ့ကိစ္စ ပေါ်လာတယ်။ ပြေးလမ်းပတ်လည် လှေခါးထစ်ပုံစံ ပွဲကြည့်စင်ပေါ်မှာ ကြောက်လန့်လို့ ဖြစ်ပေါ်လာတဲ့ ငြိမ်သက်မှု ဖြစ်ပေါ်နေတယ်။ လေဟာ အရင်ကအတိုင်း အားကောင်းနေပေမယ့် သိပ်တော့ မအော်တော့ဘူး။ တစ်ယောက်ယောက်က လေသံကို ပိတ်ပစ်လိုက်သလိုပဲ။ ဟယ်ရီ ရုတ်တရက် နားလေးသွားသလိုပဲ ------- ဘာများဖြစ်ပါလိမ့်။

ဒီနောက် ရင်းနှီးပြီးသား ကြောက်စရာ အအေးစီးကြောင်း သူ့ကို တိုက်ခတ်လာတယ်၊ သူ့ကိုယ်ထဲထိပဲ။ ဒီအချိန်မှာ အောက်ဘက် ဘောကွင်းထဲမှာ တစ်ခုခု လှုပ်နေတာ သူသိလိုက်သလိုပဲ........

ဟယ်ရီ တွေးနေဖို့ အချိန်မရဘဲ အကြည့်ကို ရွှေဘောလုံးပျံလေးဆီကနေ ဖယ်ပြီး အောက်ကို ကြည့်တယ်။

အနည်းဆုံး ဝိညာဉ်စုပ်ကောင် တစ်ရာလောက် အောက်မှာ ရပ်နေတယ်။ ခေါင်းပေါင်းအောက်မှာ ဖုံးကွက်ထားတဲ့ ၎င်းတို့မျက်နှာကို သူ့ဆီ လှည့်ထားတယ်။ ရေခဲရေ သူ့ရင်ထဲမှာ တက်လာသလိုပဲ။ သူ့ ကလီစာတွေကို ခွဲဖြတ်နေတယ်။

ဒီနောက် သူဟာ ဟိုအသံကို ကြားရတယ်……… တစ်ယောက်ယောက် ညည်းညူနေတယ်။ သူ့ခေါင်းထဲမှာ ညည်းညူနေတယ်……… အမျိုးသမီးတစ်ယောက်……..

“ဟယ်ရီ့ကို မထိနဲ့။ ဟယ်ရီ့ကို မထိနဲ့။ ဟယ်ရီ့ ကို မထိပါနဲ့”

“သွားစမ်း၊ အသုံးမကျတဲ့ မိန်းမ…….ဖယ်စမ်း။ အခု……….”

“ဟယ်ရီ့ကို မထိပါနဲ့။ ကျေးဇူးပြုပါ။ ကျွန်မကို ခေါ်သွားပါ။ ကျွန်မကို သတ်လိုက်ပါ-----”

ဟယ်ရီ ခေါင်းတွေ ထုံနေပြီ။ ခေါင်းထဲမှာ အဖြူရောင် နှင်းတွေဝေနေတယ်……… သူ ဘာလုပ်နေလဲ။ သူ ဘာဖြစ်လို့ ပျံနေတာလဲ။ သူ သူမကို ကူညီမှ ဖြစ်မယ် ……… သူမ သေတော့မယ်……. သူမ အသတ်ခံရတော့မယ်….. သူဟာ အောက်သို့ ပြုတ်ကျနေတယ်။ ရေခဲလိုအေးတဲ့ နှင်းတွေကြားမှာ ပြုတ်ကျနေတယ်။

“ဟယ်ရီ့ကို မထိနဲ့။ မထိပါနဲ့…..သနားညှာတာပါ……သနားညှာတာပါ…………”

စူးရှတဲ့ အသံတစ်သံ အော်ရယ်နေတယ်။ အဲဒီ အမျိုးသမီးက အော်နေတယ်။ ဟယ်ရီ ဘာမှ မသိတော့ဘူး။

“မြေပြင်က ပျော့နေလို့ တော်ပါသေးတယ်”

“ငါက သူသေပြီထင်တာ”

“ဒါပေမယ့် သူမျက်မှန်တောင် မကွဲဘူး”

အဲဒီလူတွေ အသံနိမ့်ပြောတာ ဟယ်ရီ ကြားရတယ်။ ဒါပေမယ့် သူတို့ ဘာပြောနေမှန်း မသိဘူး။ သူဟာ မိမိ ဘယ်ရောက်နေမှန်း မသိဘူး။ မိမိ ဘယ်လိုလုပ်ပြီး ဒီရောက်နေမှန်းလည်း မသိဘူး။ ဒီမရောက်ခင် ဘာလုပ်နေမှန်းလဲ မသိဘူး။ တစ်ကိုယ်လုံး နာနေပြီး လူရိုက်ခံထားရသလိုသာ ခံစားရမှန်း သိတယ်။

“ဒါဟာ ငါ့ဘဝမှာ မြင်ခဲ့ရတဲ့ ကြောက်စရာ အကောင်းဆုံးကိစ္စ”

ကြောက်စရာ အကောင်းဆုံး… ကြောက်စရာ အကောင်းဆုံး အရာ… ခေါင်းပေါင်း ပေါင်းတဲ့ အမည်းရောင် အရိပ်…. အေးစက်…. စူးရှစွာ အော်သံ……

ဟယ်ရီဟာ ရုတ်တရက် မျက်စိ ဖွင့်လိုက်တယ်။ သူ ဆေးရုံမှာ အိပ်နေတယ်။ ဂရစ်ဖင်းဒေါဟောက်စ် ကျောင်းက ခွေဒစ်အသင်းသားတွေဟာ တစ်ကိုယ်လုံး ရွှံ့တွေ ပေကျံနေကြတယ်။ သူ့ ကုတင်ဘေး ဝိုင်းအုံနေကြတယ်။ ရွန်နဲ့ ဟာမီးလည်း ရှိတယ်။ သူတို့ပုံစံက ရေကူးကန်ထဲက တက်လာတဲ့ပုံပဲ။

“ဟယ်ရီ” ဖရက်က ပြောတယ်။ သူဟာ ရွှံ့တွေ ပေနေလို့ အထူး ဖြူဖွေးနေသလိုပဲ။

“မင်း ဘယ့်နှယ်နေသေးလဲ”

ဟယ်ရီ့ မှတ်ဉာဏ်ဟာ အလျင်အမြန် ပြန်ရောက်လာတယ်။ ဟို လျှပ်စီး …….. အကြင်နာမဲ့ခြင်း……….. ရွှေဘောလုံးပျံလေး ………… ပြီးတော့ ဝိညာဉ်စုပ်ကောင်……….

“ဘာတွေ ဖြစ်သလဲ” သူက ပြောပြီး ရုတ်တရက် ထထိုင်တယ်။ သူတို့ လန့်သွားကြတယ်။

“မင်း လိမ့်ကျလာတယ်” ဖရက်က ပြောတယ်။

“ပေ ၅၀ ----------လောက်တော့-----ရှိမှာ”

“ငါတို့က နင်သေပြီ ထင်နေတာ” အလစ်စီရာက ပြောတယ်။ သူမ တုန်နေတယ်။

ဟာမီးဟာ တိုတိုစူးစူး အသံတစ်သံ ထွက်လာတယ်။ သူမ မျက်စိသွေးခြည်ဥလို့ နီနေတာပဲ။

“ဒါပေမယ့် ပြိုင်ပွဲကတော့” ဟယ်ရီက ပြောတယ်။ “ဘာတွေ ဖြစ်သလဲ။ ငါတို့ နောက်ထပ် ပြိုင်လို့ ရဦးမလား”

ဘယ်သူမှ စကား မပြောဘူး။ ကြောက်စရာ အဖြစ်ဟာ ကျောက်ခဲတုံးလို ဟယ်ရီ့စိတ်ထဲ နစ်မြုပ်သွားတယ်။

“ငါတို့ မရှုံး---ပါဘူးနော်”

“ဒစ်ဂရီ ရွှေဘောလုံးပျံလေးကို ဖမ်းမိသွားတယ်” ဂျော့က ပြောတယ်။ “မင်း ပြုတ်ကျလာပြီး နောက်မှာပဲ။ သူလဲ ဘာဖြစ်မှန်း မသိဘူး။ သူပြန်လှည့်ကြည့်လိုက်တော့ မင်း မြေပြင်ပေါ် လိမ့်ကျတာ မြင်ရတယ်။ ဒါနဲ့ ဒီပြိုင်ပွဲကို ရပ်လိုက်ပြီး နောက်ထပ်ပြိုင်မယ်လို့ တွေးတယ်။ ဒါပေမယ့် သူတို့ နိုင်တာ တရားမျှတတယ်။ ရှင်းရှင်းလင်းလင်း နိုင်တာ ........ ဝုဒ်ကတောင် ဒါကို ဝန်ခံတယ်”

“ဝုဒ် ဘယ်မှာလဲ” ဟယ်ရီက ပြောတယ်။ ဝုဒ် ရှိမနေတာ တွေ့ရှိသွားတယ်။

“မိုးထဲမှာ ရပ်နေတယ်” ဖရက်က ပြောတယ်။ “သူ ရေနစ်သေချင်တယ် ထင်တယ်”

ဟယ်ရီဟာ မျက်နှာကို ဒူးနဲ့ အပ်ထားတယ်။ လက်နှစ်ဖက်က ဆံပင်ကို ဆွဲထားတယ်။ ဖရက်က ဟယ်ရီ့ပခုံးကို ကိုင်ပြီး ခပ်ကြမ်းကြမ်း လှုပ်နေတယ်။

“တော်ပြီ၊ ဟယ်ရီ။ မင်း အရင်က ရွှေဘောလုံးပျံလေးကို ဖမ်းမိတာချည်းပဲ”

“တစ်ခါတစ်လေလဲ လွဲတာ ရှိမှာပေါ့” ဂျော့က ပြောတယ်။

“ပြိုင်ပွဲမပြီးသေးဘူး” ဖရက်က ပြောတယ်။ “ငါတို့ အမှတ် ၁၀၀ ရှုံးတယ်။ ဟုတ်လား။ ဒါကြောင့်၊ တကယ်လို့ ဟာ့ဖ်ဖတ်က ရေဗင်ခလောကို ရှုံးမယ်။ ငါတို့ကလဲ ရေဗင်ခလောနဲ့ စလေးသရင်းကို နိုင်မယ်ဆိုရင် .....”

“ဟာ့ဖ်ဖတ် အနည်းဆုံး အမှတ် ၂၀၀ ရှုံးမှာ” ဂျော့က ပြောတယ်။

“ဒါပေမယ့် သူတို့ ရေဗင်ခလောကို နိုင်သွားရင် .....”

“မဖြစ်နိုင်တာ။ ရေဗင်ခလောက သိပ်တော်တာ။ ဒါပေမယ့် စလေးသရင်းက ဟာ့ဖ်ဖတ်ကို ရှုံးခဲ့ရင်....”

“ဒါကတော့ အမှတ်ကြည့်ရမယ်------ ဘယ်သူနိုင်နိုင်၊ ဘယ်သူရှုံးရှုံး အမှတ်တစ်ရာပါပဲ---------”

ဟယ်ရီဟာ ကုတင်ပေါ်လှဲနေပြီး စကားတစ်ခွန်းမှ မပြောဘူး။ သူတို့ ရှုံးသွားပြီ.......... သူဟာ ခွေဒစ်ပြိုင်ပွဲမှာ ပထမဆုံး ရှုံးတာ။ ဆယ်မိနစ်ကြာတော့၊ မဒမ်ဖွမ်ဖရေက ဘောသင်းကလူတွေ ဟယ်ရီ့ကို အနားပေးဖို့ လာပြောတယ်။

"ငါတို့ နောက်မှ လာခဲ့မယ်" ဖရက်က ဟယ်ရီ့ကို ပြောပြတယ်။ "ကိုယ့်ကိုယ်ကို အပြစ်မတင်နဲ့၊ ဟယ်ရီ။ မင်းဟာ တို့ရဲ့ အကောင်းဆုံး ရှာဖမ်းသမားပါပဲ"

ဘောသင်းသားတွေ သွားကြပြီ။ ရွှံ့ရာတွေ ကျန်နေရစ်တယ်။ မဒမ်ဖွမ်ဖရေဟာ တံခါးကို ပိတ်လိုက်တယ်။ မကြည်မသာနဲ့။ ရွန်နဲ့ ဟာမီး ကုတင်ဘေး တိုးသွားတယ်။

"ဒမ်ဘလီဒိုး တကယ် စိတ်ဆိုးသွားပြီ" ပြောရင်း ဟာမီးက တုန်နေတယ်။ "သူ ဒီလို စိတ်ဆိုးတာ ငါ တစ်ခါမှ မတွေ့ဖူးဘူး။ နင် ပြုတ်ကျတော့ သူ ဘောကွင်းထဲ ပြေးသွားတယ်။ သူ မှော်ကြိမ်လုံးကို မြှောက်ယမ်းတယ်။ နင် မြေပြင်ပေါ်ကျခါနီးမှာ အရှိန်နှေးသွားတယ်။ ဒီနောက် သူက ဝိညာဉ်စုပ်ကောင်တွေကို မှော်ကြိမ်လုံးနဲ့ချိန်ပြီး ငွေရောင်အရာတစ်မျိုး ပစ်လွှတ်လိုက်တယ်။ ၎င်းတို့ဟာ ပွဲကြည့်စင်က တိုက်ရိုက် ထွက်ခွာသွားတယ်.........၎င်းတို့ ဘောကွင်းထဲလာတာ။ သူက ဒီကိစ္စကို သိပ်စိတ်ဆိုးတာ။ သူပြောတာ တို့------"

"ဒီနောက် သူက မှော်ပညာနဲ့ မင်းကို ထမ်းစင်ပေါ် တင်လိုက်တယ်" ရွန်က ပြောတယ်။ "မင်း ထမ်းစင်ပေါ်မှာ လွင့်ပျံနေတယ်။ သူက မင်းဘေးက ခြေလျင်လိုက်ပြီး ကျောင်းကို သွားတယ်။ အားလုံးက နင့်ကို .........."

သူ့အသံ တိုးသွားတယ်။ ဒါပေမယ့် ဟယ်ရီက သတိမပြုမိသလိုပဲ။ သူက ဝိညာဉ်စုပ်ကောင် သူ့ကို ဘာလုပ်လိုက်သလဲဆိုတာ တွေးနေတယ်.......... စူးရှစွာ အော်တဲ့အသံကို တွေးနေတယ်။ သူ ခေါင်းမော့ကြည့်လိုက်တော့ ရွန်နဲ့ ဟာမီးဟာ သူ့ကို ပူပန်စွာ ကြည့်နေတာ တွေ့ရတယ်။ ဒါနဲ့ သူ တခြားလက်တွေ့ကျတဲ့ စကားကို အလျင်အမြန် တွေးလိုက်တယ်။

"ငါ့ အလင်းစကြာ ၂၀၀၀ကို ယူထားကြလား"

ရွန်နဲ့ ဟာမီးတို့ အပြန်အလှန် အမြန် ကြည့််လိုက်တယ်။

"အော-----"

"ဘာလဲ" ဟယ်ရီက ပြောတယ်။ သူတို့ နှစ်ယောက်ကို တစ်ယောက်ပြီး တစ်ယောက် ကြည့်တယ်။

"ဟင်း......... မင်း ပြုတ်ကျတဲ့အချိန်မှာ၊ ၎င်းလဲ လေနဲ့ ပါသွားတယ်" ဟာမီးက တွန့်ဆိုင်းဆိုင်း ပြောတယ်။

"ပြီးတော့ကော"

"ပြီးတော့ ဟို တိုက်မိတယ်။ ဟယ်ရီ----- ၎င်း လူရိုက် မိုးမခပင်နဲ့ တိုက်မိတယ်"

ဟယ်ရီ့ ရင်ထဲမှာ နာကျင်သွားတယ်။ အဲဒီ လူရိုက် မိုးမခပင်ဟာ သိပ်ကြမ်းကြုတ်တဲ့ သစ်ပင်။ တားမြစ်သစ်တော ဇဟိုမှာ ပေါက်နေတာ။

"ဒီနောက်ကော" ဟယ်ရီက မေးတယ်။ စိတ်ထဲမှာ အဖြေကို ကြောက်နေတယ်။

"အင်း၊ ဟို လူရိုက် မိုးမခပင်အကြောင်း နင်သိပါတယ်" ရွန်က ပြောတယ်။ "၎င်း---၎င်းက သူများသွားထိတာ မကြိုက်ဘူး"

"နင် မနိုးခင်မှာ ပါမောက္ခဖလစ်ဝစ် ၎င်းကို သွားယူလာတယ်" ဟာမီးက တိုးတိုးလေး ပြောတယ်။

သူမဟာ သူမ ခြေထောက်နားက လွယ်အိတ်ကို ဖြည်းဖြည်း ယူလိုက်တယ်။ လွယ်အိတ်ကို မှောက်သွန်ချလိုက်တယ်။ သစ်စနဲ့ တံမြက်စည်းတံအကျိုး ဆယ်ခုကျော် ကုတင်ပေါ်ကျလာတယ်။ အဲဒါကတော့ ဟယ်ရီ နောက်ဆုံး ရှုံးနိမ့်ရတဲ့ သစ္စာရှိတဲ့ မိုးပျံတံမြက်စည်းပါပဲ။

## ၁၀။ စားပြဲ မြေပုံ

မဒမ်ဖွမ်ဖရေက ဟယ်ရီ့ကို ဆေးရုံမှာ ဒီအပတ် ကုန်ဆုံးရက်များထိ နေခိုင်းတယ်။ သူဟာ ခုခံပြောဆိုခြင်းမရှိ၊ ညည်းညူပြစ်တင်ခြင်းလည်း မရှိဘူး။ အလင်းစကြာ ၂၀၀၀ရဲ့ အစတွေကိုတော့ လွှင့်မပစ်ဖို့ ပြောတယ်။ ဒါ ရူးတာပဲ။ အလင်းစကြာက ပြန်ပြင်လို့ မရမှန်း သူသိတယ်။ ဒါပေမယ့် သူဟာ ဒီအတိုင်း လုပ်လိုစိတ်ကို တားမရဘူး။ အကောင်းဆုံး မိတ်ဆွေတစ်ယောက် ဆုံးရှုံးရသလို ခံစားနေရတယ်။

လူအများက သူ့ကို လာမေးမြန်းကြတယ်။ သူ့ကို စိတ်ရင်းစေတနာနဲ့ ပျော်စေချင်တယ်။ ဟက်ဂရစ်က သူ့ကို မြီးညှပ်ပိုး ပန်းတစ်စည်း လာပေးတယ်။ အဝါရောင် မုံညင်းဖြူထုပ်ကြီးနဲ့ တူတယ်။ ဂျင်နီ-ဝယ်စလီဟာ မျက်နှာကြီးနီပြီးလာတယ်။ မိမိကိုယ်တိုင် ပြုလုပ်တဲ့ ကျန်းမာရေး ဆုတောင်းကဒ် လာပေးတယ်။ တကယ်လို့ ဟယ်ရီက အဲဒီကဒ်ကို ပိတ်ပြီး ပန်းကန်တို့ သစ်သီးတို့အောက်မှာ ဖိမထားရင်၊ ၎င်းက စူးစူးဝါးဝါး သီချင်းထဆိုတယ်။ ဂရစ်ဖင်းဒေါ်ဘောသင်း အသင်းသားတွေဟာ တနင်္ဂနွေနေ့မှာ သူ့ကို မေးမြန်းကြပြန်တယ်။ ဒီတစ်ခါ ဝုဒ်လဲပါလာတယ်။ ဝုဒ်အသံက အနှစ်မဲ့ပြီး လုံးဝတက်ကြွမှုမရှိ။ သူက ဟယ်ရီ့ကို နည်းနည်းမှ အပြစ်မတင်ဘူး။ ရွန်နဲ့ ဟာမီးတို့ဟာ ညကျမှ ဟယ်ရီဆီက ပြန်သွားကြတယ်။

သူဟာ သူမြင်တွေ့ရတဲ့ မင်္ဂလာမရှိတဲ့ ကိစ္စကို ဘယ်သူ့မှ ပြောမပြဘူး။ ရွန်နဲ့ ဟာမီးကိုတောင် မပြောဘူး။ ရွန် တုန်လှုပ်သွားပြီး ဟာမီးက ကဲ့ရဲ့မှာ သူသိတယ်။ ဒါပေမယ့် အဖြစ်မှန်က ၎င်း ထွက်ပေါ်တာ နှစ်ကြိမ်တောင် ရှိပြီ။ နှစ်ကြိမ်ထွက်ပေါ်လာပြီးနောက် လူကို သေစေလောက်တဲ့ ကိစ္စဖြစ်လာတယ်။ ပထမတစ်ကြိမ်မှာ သူ မြင်းစီးသူရဲ ဘတ်စကားတိုက်မိဖို့ နည်းနည်းလိုတယ်။ ဒုတိယအကြိမ်မှာ သူဟာ မြေပြင်နဲ့ ပေ ၅၀ အကွာကနေ ပြုတ်ကျလာတယ်။ နိမိတ်ဆိုးဟာ သူ့ကို လိုက်နေတော့မှာလား။ သူ သေတဲ့အထိ လိုက်နေမှာလား။ သူ့ဘဝတစ်လျှောက်လုံး ဒီတိရစ္ဆာန်ကို သတိထားနေရမှာလား။

ပြီးတော့ ဟိုဝိညာဉ်စုပ်ကောင်တွေ။ ၎င်းတို့ကို တွေးမိတိုင်း ဟယ်ရီဟာ ပျို့အန်ချင်လာတယ်။ ရှက်လည်း ရှက်မိတယ်။ အားလုံးက ၎င်းတို့ကို ကြောက်တယ်လို့ ပြောတယ်။ ဒါပေမယ့် သူများတွေဟာ သူ့လို ၎င်းတို့ အနီးကပ်လာတာနဲ့ မေ့လဲတာ ဘယ်သူမှ မဖြစ်ကြဘူး....... သူများတွေဟာ သေတော့မယ့် မိဘရဲ့ စကားသံကို ဘယ်သူမှ မကြားရဘူးလေ။

အခု ဟယ်ရီဟာ အဲဒါ ဘယ်သူ့အသံဆိုတာ သိနေပြီ။

ညစဉ် ဆေးရုံကုတင်ပေါ် လှဲနေပြီး နိုးနေတယ်။ မျက်နှာကြက်ပေါ် ကျရောက်နေတဲ့ လရောင်ကို ကြည့်နေမိတယ်။ ဒီအချိန်မှာ သူဟာ သူမအသံကို ကြားရတယ်။ ဒီစကားသံတွေဟာ တစ်ကြိမ်ပြီးတစ်ကြိမ် ထပ်ကာထပ်ကာ ကြားနေရတယ်။ ဟိုဝိညာဉ်စုပ်ကောင်တွေ သူ့အနား ကပ်လာတဲ့အခါမှာ သူ့အမေ သေဆုံးခါနီး ပြောတဲ့အသံကို သူ ကြားရတယ်။ သူမဟာ သူ့ကို ကြိုးစား ကာကွယ်တယ်။ ဗိုလ်ဒီမွန့် ထိပါးမခံဘူး။ ဗိုလ်ဒီမွန့်က အမေကို သတ်ခါနီး ရယ်တဲ့အသံကိုလည်း သူ ကြားရတယ်......... ဟယ်ရီဟာ အိပ်ပျော်သွားလိုက်၊ အိပ်မက်မက်လိုက် ဖြစ်နေတယ်။ နေရာတကာမှာ စွတ်စိုချွဲကျိနေတယ်။ ပုပ်ပွနေတဲ့ လက်နဲ့ ကြက်သီးထစရာ တောင်းပန်သံ။ သူ လန့်နိုးသွားတယ်။ တစ်ခါ အမေ့အသံ ကြားရပြန်တယ်။

တနင်္လာနေ့မှာ ဟယ်ရီဟာ ကျောင်းပင်မအဆောင်ရဲ့ ဆူညံအလုပ်ရှုပ်တဲ့ဆီ ပြန်ရောက်သွားတယ်။ ဒါကြောင့် သူ သက်ပြင်းချနိုင်သွားတယ်။ မော်ဖိုင် ကဲ့ရဲ့တာခံရပေမယ့် ကျောင်းရောက်တော့ တခြားကိစ္စတွေပဲ သူ စဉ်းစားရတယ်။

မော်ဖိုင်ဟာ ဂရစ်ဖင်းဒေါပြိုင်ပွဲမှာ ရှုံးတာတွေ့ရတော့ ရှုးမတတ် ဝမ်းသာနေတယ်။ သူဟာ ခုတော့ ပတ်တီးဖြေပစ်လိုက်ပြီ။ ခွန်အားအပြည့်နဲ့ ဟယ်ရီ မိုးပေါ်က ပြုတ်ကျပုံ လုပ်ပြနေတယ်။ ဒီနည်းနဲ့ သူဟာ လက်မောင်းနှစ်ဖက်စလုံး အသုံးချနိုင်ပြီဆိုတာကို အထိမ်းအမှတ် ပြုတယ်။ နောက်တက်ရတဲ့ မှော်ဆေးပညာ သင်ခန်းစာမှာ မော်ဖိုင်ဟာ ရဲတိုက်ပင်မအဆောင်ကို ဖြတ်သွားတဲ့အခါမှာတောင် ဟိုဝိညာဉ်စုပ်ကောင်တွေကို အတုခိုးပြတယ်။ နောက်ဆုံး ရွန် ဒေါသထွက်လာတယ်။ မိချောင်းနှလုံး ကြီးကြီးချောချောကြီးကို မော်ဖိုင်ဆီ ပစ်ပေါက်လိုက်တယ်။ မော်ဖိုင့်မျက်နှာကို သွားထိမှန်တယ်။ ဒါကြောင့် စနိတ်ပ်ဟာ ဒေါသထွက်ပြီး ဂရစ်ဖင်းဒေါကို အမှတ် ၅၀ လျှော့တယ်။

“စနိတ်ပ် နောက်ထပ် မှော်နက်ပညာ ကာကွယ်တဲ့အတတ် လာသင်ရင်၊ ငါ ဖျားနာခွင့် တောင်းမယ်” ရွန်က ပြောတယ်။ ဒီအချိန်မှာ သူတို့ နေ့လယ်စာ စားပြီး ပါမောက္ခလူပင့်အတန်း တက်ဖို့ သွားကြတယ်။ “ဟာမီး ဘယ်သူ လာတက်လဲဆိုတာ သွားကြည့်လိုက်စမ်း”

ဟာမီးဟာ ကျောင်းခန်းတံခါးနား သွားကြည့်လိုက်တယ်။

“ကိစ္စ မရှိဘူး”

ပါမောက္ခလူပင် ပြန်လာသင်တယ်။ သူ့ပုံက တကယ့်ကို ဖျားနာခဲ့သလိုပဲ။ သူ့ဝတ်ရုံရှည်အဟောင်းကြီးကို ဝတ်ထားတာ ပိုပြီး ချောင်ပွနေသလိုပဲ။ မျက်စိအောက်မှာ မည်းနေတယ်။ ဒီလို ဖြစ်နေပေမယ့် ကျောင်းသားအားလုံး ထိုင်ကြတဲ့အခါမှာ သူက ပြုံးပြတယ်။ သူတို့ဟာ ချက်ချင်းပဲ လူပင် ဖျားနာနေစဉ် စနိတ်ပ်ရဲ့ အပြုအမူတွေကို ရေရေလည်လည် အပြစ်တင်ပါတော့တယ်။

“မတရားဘူး။ သူ အစားထိုး သင်တာပဲဟာ။ ဘာဖြစ်လို့ ငါတို့ကို အိမ်စာပေးရတာလဲ”

“ဝံပုလွေလူသားဆိုတာ ဘာလဲ ငါတို့ မသိဘူး -----”

“----- သိုးရေ စက္ကူ နှစ်လိပ်”

“ပါမောက္ခ စနိတ်ပ်ကို ကျွန်တော်တို့ အဲဒါထိ မသင်ရသေးဘူးလို့ မင်းတို့ မပြောဘူးလား” လူပင်က မေးတယ်။ မျက်မှောင် အနည်းငယ် ကြုံ့တယ်။

အားလုံး ဝိုင်းပြောဆိုကြတယ်။

“ပြောတယ်။ ဒါပေမယ့် သူက ကျွန်တော်တို့ သိပ်နောက်ကျနေတယ်လို့ ပြောတယ်-------”

“-------- သူက နားမထောင်ဘူး-------”

“------ သိုးရေ စက္ကူ နှစ်လိပ်”

အားလုံး မကျေမချမ်းတဲ့ပုံ။ ပါမောက္ခလူပင်ကတော့ အသာလေးပဲ ပြုံးလိုက်တယ်။

“မစိုးရိမ်ပါနဲ့။ ကျုပ် ပါမောက္ခ စနိတ်ပ်ကို ပြောလိုက်ပါမယ်။ မင်းတို့ အဲဒီ စာတမ်းမရေးနဲ့တော့”

“အော၊ ဟင့်အင်း” ဟာမီးက ပြောတယ်။ သိပ်စိတ်ပျက်တဲ့ အမူအရာနဲ့။ “ကျွန်မ ရေးပြီးပြီ”

ဒီ သင်ခန်းစာမှာ ပျော်ပျော်ပဲ တက်ရတယ်။ ပါမောက္ခလူပင်ဟာ သေတ္တာတစ်ခု ယူလာတယ်။ အထဲမှာက ဟင်ခီဖန့်စ်။ ခြေတစ်ချောင်း သတ္တဝါ။ မီးခိုးလုံးတွေနဲ့ ဖွဲ့စည်းထားတာနဲ့ တူတယ်။ အလွန်ချည့်နဲ့တယ်။ ပြီးတော့ လူကို ဒုက္ခပေးမယ့်ပုံလဲ မပေါ်ဘူး။

"ခရီးသွားသူတွေကို ရွှံ့နွံထဲ နစ်အောင် ဆွဲဆောင်တယ်" ပါမောက္ခလူပင်က ပြောတယ်။ ကျောင်းသားတွေ မှတ်စု လိုက်နေတယ်။ "ခြေထောက်ပေါ်က တွဲကျနေတဲ့ မီးကို မြင်ကြလား။ ရှေ့မှာ ခုန်သွားတယ်---- လူတွေက အလင်းရောင်နောက်လိုက်တယ်----- ဒီတော့ -------" ဟင်ခီဖန့်စ်ဟာ ခေါင်းနဲ့မှန်ကို ဆောင့်တယ်။ ကြောက်စရာ ဒင်းဒိုင်းသံထွက်လာတယ်။

ကျောင်းဆင်းခေါင်းလောင်း ထိုးပြီ။ အားလုံး ပစ္စည်းပစ္စယတွေ သိမ်းပြီး တံခါးဝဆီ သွားကြတယ်။ ဟယ်ရီလည်း ပါတယ်။ ဒါပေမယ့်-----

"ခဏနေဦး။ ဟယ်ရီ" လူပင်က လှမ်းခေါ်တယ်။ "မင်းကို ပြောစရာ ရှိတယ်"

ဟယ်ရီ ပြန်လှည့်လာတယ်။ ပါမောက္ခလူပင် ဟင်ခီဖန့်စ် သေတ္တာကို အဝတ်နဲ့ အုပ်နေတာ ကြည့်နေတယ်။

"ဟိုပြိုင်ပွဲအကြောင်း ကျုပ်ကြားတယ်" လူပင်က ပြောရင်း လှည့်ပြီး စာအုပ်တွေကို မိမိရဲ့ လက်ဆွဲအိတ်ထဲ ထည့်တယ်။ "မင်း မိုးပျံ တံမြက်စည်းအတွက်လည်း ကျုပ် စိတ်မကောင်းဘူး။ ပြင်လို့ ရဦးမလား"

"မရတော့ဘူး" ဟယ်ရီက ပြောတယ်။ "ဟို သစ်ပင်က သူ့ကို ကြေမွအောင် ရိုက်လိုက်တယ်"

လူပင်က သက်ပြင်းချလိုက်တယ်။

"ကျုပ် ဟော့ဂ်ဝပ်ရောက်တဲ့နှစ်မှာ သူတို့ ဒီသစ်ပင်ကို စိုက်တာ။ လူတွေ အရင်က ကစားနည်းတစ်မျိုး ကစားတယ်။ အဲဒါ အဲဒီ သစ်ပင်ကို သွားထိစမ်းကြည့်တာပဲ။ နောက်ဆုံးမှာ ဒေးဗီ-ဂုဒ်ဂျင်း လို့ခေါ်တဲ့ ကောင်လေး မျက်စိတစ်လုံး ကန်းမတတ် ဖြစ်သွားတာနဲ့ တို့ကို အဲဒီ သစ်ပင်နား အကပ်မခံတော့ဘူး။ မိုးပျံ တံမြက်စည်းလဲ ဘယ်လွတ်မှာလဲ"

"သင်လဲ ဟို ဝိညာဉ်စုပ်ကောင်တွေ အကြောင်း ကြားသလား"

လူပင်က သူ့ကို အလျင်အမြန် တစ်ချက်ကြည့်လိုက်တယ်။

"ဟုတ်တယ်၊ ကြားတယ်။ ကျုပ် ထင်တယ်၊ ဘယ်သူမှ ပါမောက္ခ ဒမ်ဘလီဒိုး ဒီလောက် ဒေါသထွက်တာ မကြုံဖူးဘူး။ ဒီနေ့တွေအတွင်းမှာ၊ အဲဒီ အကောင်တွေ ကြာလေ လှုပ်လှုပ်ရွရွ ဖြစ်လေပဲ.......... ကျောင်းပရဝုဏ်ထဲ မဝင်ရလို့ ဒေါသထွက်နေတယ်........... သူတို့ကြောင့် မင်း ပြုတ်ကျလာတာ ထင်တယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ သူ တွေဝေနေတယ်။ ဒိနောက် မမေးဘဲမနေနိုင်တဲ့ မေးခွန်းဟာ ပါးစပ်က လွတ်ထွက်သွားတယ်။ ပါးစပ်ပိတ်ထားချင်ပေမယ့် မရတော့ဘူး။ "ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ သူတို့က ကျွန်တော့်ကို ဒီလို လုပ်ချင်တာလဲ။ ကျွန်တော်က------"

"ဒါ ပျော့ညံ့တာနဲ့ မဆိုင်ဘူး" လူပင်က ထက်မြက်စွာ ပြောတယ်။ ဟယ်ရီ့အတွေးကို ချက်ချင်း မြင်သလိုပဲ။ "အဲဒီ ဝိညာဉ်စုပ်ကောင်တွေ မင်းပေါ် သက်ရောက်မှုဟာ အခြားသူတွေထက် ဆိုးတယ်။ အဲဒါက တခြားလူတွေဟာ မင်းအရင်က ရှိခဲ့ဖူးတဲ့ ထိတ်လန့်ကြောက်ရွံ့မှုမျိုး မရှိခဲ့လို့ပဲ"

ဆောင်းနေခြည် တစ်စ ကျောင်ခန်းထဲ ဝင်လာတယ်။ လူပင်ရဲ့ မီးခိုးရောင်ဆံပင်နဲ့ ၎င်းရဲ့ ငယ်ရွယ်တဲ့ မျက်နှာပေါ်က အရေးအကြောင်းတွေကို အလင်းရောင် ရစေတယ်။

"ဝိညာဉ်စုပ်ကောင်ဆိုတာ ကမ္ဘာမြေပေါ်မှာရှိတဲ့ ရွံမုန်းဖို့ အကောင်းဆုံး သတ္တဝါတစ်မျိုးပဲ။ ၎င်းတို့ဟာ အုပ်စုဖွဲ့ပြီး အမှောင်မည်းဆုံး၊ အညစ်ပတ်ဆုံး နေရာမှာ သွားလာနေတယ်။ ပုပ်ဆွေးခြင်းနဲ့ မျှော်လင့်ချက် ကုန်ဆုံးခြင်းကို သြဘာပေးတယ်။ ၎င်းတို့ ပတ်ဝန်းကျင်ရှိ လေထုထဲက ငြိမ်းချမ်းမှု၊ မျှော်လင့်ချက်နဲ့ ပျော်ရွှင်မှုတွေ အားလုံး စုပ်ယူတယ်။ မတ်ဂေါ်တွေကတောင် ၎င်းတို့ တည်ရှိနေတာ ခံစားရတယ်။ သူတို့ ဒီအကောင်တွေကိုတော့ မမြင်ရဘူးပေါ့။ ဝိညာဉ်စုပ်ကောင်တစ်ကောင်နဲ့ သိပ် နီးနီးကပ်ကပ် ရှိရင်၊ သင့်မှာရှိတဲ့ ကောင်းမွန်တဲ့ ခံစားမှု၊ ပျော်ရွှင်တဲ့ မှတ်ဉာဏ် အားလုံးကို စုပ်ယူသွားတာ ခံရမယ်။ ဖြစ်နိုင်ရင် ၎င်းတို့ဟာ သင့်ကို မှီပြီး ရေရှည် အသက်ရှင်မယ်။ နောက်ဆုံးမှာ သင့်ကိုလဲ ၎င်းတို့လို ဖြစ်အောင် ---- ဝိညာဉ်မရှိ၊ ပြီးတော့ ယုတ်မာ ရိုင်းစိုင်းစေတယ်။ သင့်ကို ဘဝတစ်ခုလုံးရဲ့ အဆိုးဆုံး သတိရချက်တွေပဲ ပေးတယ်။ မင်း ကိုယ်ပေါ်မှာ ဖြစ်ပွားခဲ့တဲ့ အဆိုးဆုံး ကိစ္စတွေဟာ၊ ဟယ်ရီ၊ မင်းကို မိုးပျံတံမြက်စည်းပေါ်က ပြုတ်ကျလောက်ပါတယ်။ မင်း ဘာမှ ရှက်စရာ မလိုဘူး"

"၎င်းတို့ ကျွန်တော့်နား ကပ်လာတဲ့အခါမှာ ----" ဟယ်ရီက လူပင်ရဲ့ စားပွဲကို စိုက်ကြည့်ရင်း ပြောတယ်။ လည်ချောင်းဆို့နေတယ်။ "ကျွန်တော် ဗိုလ်ဒီမွန့် ကျွန်တော့် အမေကို သတ်နေတာ ကြားရတယ်"

လူပင့် လက်မောင်း လှုပ်သွားတယ်။ ဟယ်ရီ့လက်မောင်းကို ဖမ်းကိုင်မလိုပဲ။ ဒါပေမယ့် စိတ်ပြောင်းသွားတယ်။ ခဏ ငြိမ်သက်နေတယ်။ ဒီနောက်-------

"၎င်းတို့ ဘာဖြစ်လို့ ပြိုင်ပွဲကွင်းထဲ လာတာလဲ" ဟယ်ရီ နာကျင်စွာ မေးတယ်။

"၎င်းတို့ ဆာနေလို့" လူပင်က အေးစက်စက် ပြောတယ်။ ဘတ်ခနဲ ရုံးအိတ်ကို ပိတ်လိုက်တယ်။ "ဒမ်ဘလီဒိုးက ၎င်းတို့ကို ကျောင်းထဲ ဝင်ခွင့်မပေးဘူး။ ဒါကြောင့် သူတို့ကို ထောက်ပံ့မယ့် လူသား အစတေးခံတွေ ကုန်ကုန်ပြီ......... ခွေဒစ်ပြိုင်ပွဲ ကွင်းပတ်လည်က လူအုပ်ကြီးဟာ ၎င်းတို့ကို အလွန် ဆွဲဆောင်မှုပေးတယ်လို့ ကျုပ်ထင်တယ်။ ဒါကြောင့် စိတ်တက်ကြွနေတဲ့....... လှိုက်လှဲနေတဲ့....... ၎င်းတို့အဖို့ ပြောရရင် စားပွဲကြီးပဲပေါ့"

"အက်ဇခါဘန် သိပ်ကြောက်ဖို့ ကောင်းမှာပဲနော်" ဟယ်ရီက မပွင့်တပွင့် ပြောတယ်။ လူပင်က မှုန်ကုပ်ကုပ် ခေါင်းညိတ်ပြတယ်။

"ရဲတိုက်ဟာ ကျွန်းလေး တစ်ကျွန်းပေါ်မှာ ရှိတယ်။ ပင်လယ်ကို ထွက်တဲ့ လမ်းပေါ်မှာ။ ဒါပေမယ့် အဲဒီမှာ ခြံစည်းရိုးတို့၊ ရေတို့နဲ့ အကျဉ်းသားကို ပိတ်ထားဖို့ မလိုဘူး။ အကျဉ်းသားတွေဟာ ၎င်းတို့ရဲ့ လက်ထဲမှာပဲ ရှိတယ်။ အကျဉ်းသားကိုယ်နှိုက်မှာ အလွယ်ကူဆုံး တွေးခေါ်မှုတောင် မရှိကြဘူး။ အကျဉ်းသား အများစုဟာ ရက်သတ္တပတ် အချို့ ကြာတာနဲ့ ရူးကုန်တယ်"

"ဒါပေမယ့် ဘလက်ကတော့ ......... ၎င်းတို့လက်က လွတ်လာတယ်" ဟယ်ရီ ဖြည်းဖြည်း ပြောတယ်။ "သူ ထွက်ပြေးပြီ ..........."

လူပင်ရဲ့ လက်ဆွဲအိတ် စားပွဲပေါ်က လျှောကျသွားတယ်။ သူဟာ အလျင်အမြန် ကုန်းကောက်ရတယ်။

"ဟုတ်တယ်" သူ ကိုယ်ကို မတ်လိုက်ပြီး ပြောတယ်။ "ဘလက်ဟာ ၎င်းတို့နဲ့ တိုက်တဲ့နည်း တွေ့ထားလို့ ဖြစ်မယ်။ ကျုပ်ကတော့ သူလုပ်နိုင်လိမ့်မယ်လို့ မထင်ဘူး......... မှော်ဆရာနဲ့ ဝိညာဉ်စုပ်ကောင် အတူနေတဲ့အချိန် သိပ်ကြာသွားရင်၊ ၎င်းတို့က မှော်ဆရာကို ပညာအစွမ်းတွေ ပျောက်သွားစေတယ်........"

“သင် မီးရထားပေါ်က ဟို ဝိညာဉ်စုပ်ကောင်ကို နောက်ဆုတ်စေတယ်” ဟယ်ရီက ရုတ်တရက် ပြောတယ်။

“တစ်ချို့ ---- ကာကွယ်တဲ့ နည်းတွေဟာ လူတွေ အသုံးပြုလို့ ရတယ်” လူပင်က ပြောတယ်။ “ဒါပေမယ့် ထိုစဉ်က ရထားပေါ်မှာ အဲဒီ အကောင် တစ်ကောင်သာ ရှိတယ်။ ၎င်းတို့ အရေအတွက်များလေ၊ ကာကွယ်ဖို့ ခက်လေပဲ”

“ဘယ်လို ကာကွယ်တဲ့ နည်းလဲ” ဟယ်ရီ ချက်ချင်း မေးတယ်။ “ကျွန်တော့်ကို သင်ပေးနိုင်မလား”

“ကျုပ် ဝိညာဉ်စုပ်ကောင်ကို ကာကွယ်တဲ့ ပါရဂူလို့ ဟန်မဆောင်ချင်ဘူး။ ဟယ်ရီ-------- အဖြစ်က ဆန့်ကျင်ဘက်ပဲ........”

“ဒါပေမယ့် ခွေဒစ်ပြိုင်ပွဲ နောက်ထပ်လုပ်လို့ ၎င်းတို့လာပြန်ရင် ကျွန်တော် ၎င်းတို့ကို တိုက်နိုင်တာပေါ့---’

လူပင်ဟာ ဟယ်ရီရဲ့ စိတ်လှုပ်ရှားတဲ့ မျက်နှာကို ကြည့်ပြီး တွေဝေသွားတယ်။ ဒီနောက် ပြောတယ်။ “အင်း ........ ကောင်းပြီလေ။ ကျုပ် မင်းကို ကူညီဖို့ ကြိုးစားမယ်။ ဒါပေမယ့် ဒီကိစ္စဟာ လာမယ့် ကျောင်းပတ်ကျမှ ဖြစ်လိမ့်မယ်။ ကျောင်းမပိတ်ခင်မှာ ကျုပ် လုပ်စရာ အလုပ် အများကြီး ရှိတယ်။ ကျုပ် ဖျားနာတာ တကယ့်ကို အချိန်မဟုတ်ဘူး”

လူပင်က ဟယ်ရီ့ကို ဝိညာဉ်စုပ်ကောင် ကာကွယ်တဲ့နည်း သင်ပေးမယ်ပြောတော့ ဟယ်ရီက သူ့မေမေ့အသံ နောက်ထပ် ကြားရတော့မှာ မဟုတ်ဘူးလို့ ထင်တယ်။ အောက်တိုဘာလကုန်မှာ ရေဗင်ခလောအသင်းက ဟာ့ဖ်ဖတ်အသင်းကို နိုင်သွားတယ်။ ဒီကိစ္စတွေ အားလုံးပေါင်းလိုက်တော့ ဟယ်ရီအတော် ထင်ရှားစွာ စိတ်ဓာတ်တက်ကြွသွားတယ်။ ဂရစ်ဖင်းဒေါ် အသင်းဟာ ပြိုင်ပွဲဝင်နိုင်သေးတာ သေချာပြီ။ သူတို့ နောက်ထပ် တစ်ပွဲမှာတော့ ရှုံးလို့ မဖြစ်တော့ဘူး။ ဝုဒ်ဟာလည်း အားတက်လာတယ်။ ဒီဇင်ဘာလထိ ဆက်တိုက် ရိုးတွင်းခြင်ဆီထိအောင် ခိုက်ခိုက်တုန် ချမ်းအေးတဲ့ မိုးလေထဲမှာ မိမိအသင်းကို နည်းနည်းမှ မပေါ့လျော့ဘဲ ဖိလေ့ကျင့်နေတယ်။ ဟယ်ရီဟာ ကျောင်းပရဝုဏ်အတွင်း ဘယ်ဝိညာဉ်စုပ်ကောင်မှ မတွေ့ရဘူး။ ဒမ်ဘလီဒိုးရဲ့ ဒေါသမီးဟာ ၎င်းတို့ကို ကျောင်းအဝင်ဝက ကင်းစောင့်တဲ့နေရာမှာ ကန့်သတ်ထားသလိုပဲ။

ကျောင်းပတ်ကုန်ဆုံးခါနီး တနင်္ဂနွေ နှစ်ပတ်အလိုမှာ ကောင်းကင်ဟာ ရုတ်တရက် ပွင့်လင်းလာတယ်။ တောက်ပတဲ့ ကြက်ဥအကာရောင် ထွက်နေတယ်။ ရွှံ့တွေနဲ့ ကွင်းဟာလည်း တစ်မနက်မှာ နှင်းဥတွေနဲ့ အရောင်တောက်နေတယ်။ ရဲတိုက်ထဲက နေရာတကာ ခရစ္စမတ်စ်ပွဲ လေထု ဖုံးလွှမ်းနေတယ်။ မှော်ဂါထာဆရာ ပါမောက္ခ ဖလစ်ဝစ်ဟာ အလင်းတစ်မျိုးနဲ့ မိမိကျောင်းခန်းကို ဆင်မြန်းနေတယ်။ ဒီအလင်းရောင်တွေကတော့ အဆက်မပြတ် တောင်ပံရိုက်ခတ်နေတဲ့ နတ်သမီးလေးတွေ။ ကျောင်းသားတွေဟာ ကျောင်းပိတ်ရက် စီမံကိန်းတွေ ပျော်ရွှင်စွာ ဆွေးနွေးနေတယ်။ ရွန်နဲ့ ဟာမီးဟာ ဟော့ဂ်ဝပ်မှာ နေခဲ့ဖို့ ဆုံးဖြတ်တယ်။ ရွန်က နှစ်ပတ်လုံးလုံး ဖတ်စီနဲ့ အတူနေရမှာ မနေနိုင်ဘူးလို့ ပြောတယ်။ ဟာမီးကတော့ သူမ စာကြည့်တိုက် သွားမယ်လို့ချည်း ပြောနေတယ်။ ဒါပေမယ့် ဟယ်ရီက သိတယ်။ သူတို့ ဒီလိုလုပ်တာဟာ သူ့ကို အဖော်ပြုဖို့ ဖြစ်တယ်။ သူတို့ကို အလွန် ကျေးဇူးတင်တယ်။

ကျောင်းပိတ်ရက်ရဲ့ နောက်ဆုံး ရက်သတ္တပတ်မှာ ဟော့ဂ်မော့ဒ်ကို တစ်ကြိမ် သွားခွင့်ရပြန်တယ်။ ဟယ်ရီကလွဲပြီး အားလုံး သိပ်ဝမ်းသာကြတယ်။

“ငါတို့ ဝယ်ချင်တဲ့ ခရစ္စမတ်စ် ပစ္စည်းတွေ အဲဒီမှာ ဝယ်လို့ရတယ်” ဟာမီးက ပြောတယ်။ “မေမေနဲ့ဖေဖေဟာ ပျားရည်အမတ်ကြီးဆိုင်က ပုရုပ် ၄က်သိုက်မုန့်ကို တကယ် ကြိုက်တာ”

ဟယ်ရီဟာ ကျောင်းမှာ နေရစ်ရတဲ့ တစ်ဦးတည်းသော တတိယနှစ် ကျောင်းသား ဖြစ်တယ်။ ဒီအတွက် သူ သိပ်ဒေါသဖြစ်တယ်။ ဝုဒ်ဆီကနေ "မိုးပျံ တံမြက်စည်း အမျိုးအစားများ" စာအုပ်ကို ငှားပြီး ဒီတစ်နေ့ကို မိုးပျံ တံမြက်စည်း အမျိုးမျိုးကို နားလည်အောင်လုပ်ခြင်းဖြင့် အချိန်ကုန်စေမယ်လို့ ဆုံးဖြတ်လိုက်တယ်။ အသင်း လေ့ကျင့်တုန်းက သူ ကျောင်းပိုင် တံမြက်စည်း တစ်လက် စီးဖူးတယ်။ အဲဒါက ရှေးကျတဲ့ ကြယ်ကြွေလို့ ခေါ်တဲ့ တံမြက်စည်း။ နှေးပြီး လှုပ်ခါတယ်။ သူ့အဖို့ ကိုယ်ပိုင် တံမြက်စည်းအသစ် ရှိဖို့လိုတာ အမှန်ပဲ။

အားလုံး ဟော့ဂ်မော့ဒ်ကို သွားတဲ့ စနေနေ့ နံနက်မှာ၊ ဟယ်ရီဟာ ခြုံထည်ခြုံ လည်စည်းစည်းထားတဲ့ ရွန်နဲ့ ဟာမီးတို့ကို နှုတ်ဆက်ပြီး တစ်ယောက်ထဲ မာဘယ်ကျောက်လှေခါးကို တက်ပြီး ဂရစ်ဖင်းဒေါ အိမ်ချွန်ကို ပြန်ခဲ့တယ်။ ပြတင်းအပြင်ဘက်မှာ ဆီးနှင်းကျနေတယ်။ ရဲတိုက်မှာ အလွန် ငြိမ်သက်တယ်။

"ဟေ----- ဟယ်ရီ"

ဟယ်ရီဟာ စတုတ္ထထပ်အလွှာရှိ စင်္ကြံအလယ်မှာ ပြန်လှည့်ကြည့်တယ်။ ဖရက်နဲ့ ဂျော့တို့ဟာ မျက်လုံးတစ်လုံးနဲ့ ခါးကုန်း မှော်ဆရာမ ရုပ်ထုနောက်က ချောင်းကြည့်နေတာ တွေ့ရတယ်။

"မင်းတို့ ဘာလုပ်နေလဲ" ဟယ်ရီက အံ့သြစွာ မေးတယ်။ "မင်းတို့ ဘာဖြစ်လို့ ဟော့ဂ်မော့ဒ်ကို မသွားတာလဲ"

"ငါတို့ မသွားခင် မင်းကို ပွဲတော်နေ့ လေထုလေး လာပေးတာ" ဖရက်က ပြောပြီး လျှို့ဝှက်စွာ မျက်စိမှိတ်ပြတယ်။ "ဒီကိုလာ........."

သူဟာ မျက်လုံးတစ်လုံး ရုပ်ထု ဝဲဘက်က ကျောင်းခန်း အလွတ်ကို ခေါင်းညိတ်ပြတယ်။ ဟယ်ရီဟာ ဖရက်နဲ့ ဂျော့နောက် လိုက်ဝင်သွားတယ်။ ဂျော့က တံခါးကို အသာပိတ်လိုက်တယ်။ ဒိနောက် ကိုယ်ကိုလှည့်ပြီး ဟယ်ရီ့ကို ပြုံးပြုံးကြီး ကြည့်နေတယ်။

"မင်းကို ခရစ္စမတ်စ်လက်ဆောင် ကြိုပေးတာ၊ ဟယ်ရီ" သူက ပြောတယ်။

ဖရက်ဟာ လက်မြှောက်လိုက်ပြီး ခြုံထည်ထဲကနေ အရာတစ်ခု ဆွဲထုတ်တယ်။ ၎င်းကို စားပွဲခုံပေါ် တင်လိုက်တယ်။ အဲဒါကတော့ ကြီးကြီး၊ လေးထောင့်ကျကျ သိုးရေစက္ကူအဟောင်း။ ဘာမှလဲ ရေးမထားဘူး။ ဟယ်ရီက ဒါ ဖရက်နဲ့ ဂျော့ စ ပြန်ပြီလို့ ထင်တယ်၊ ၎င်းကို စိုက်ကြည့်နေတယ်။

"မင်းတို့က ဒါကို ဘာလို့ ပြောတာလဲ"

"ဒါလား၊ ဟယ်ရီ။ ဒါ တို့ အောင်မြင်တဲ့ လျှို့ဝှက်ချက်" ဂျော့က ပြောတယ်။ ဖွဲလမ်းစွာနဲ့ အဲဒီ သိုးရေစက္ကူကို ပုတ်လိုက်တယ်။

မင်းကို ပေးရတာ နှမြောတော့ နှမြောတယ်" ဖရက်က ပြောတယ်။ "ဒါပေမယ့် မနေ့ညက မင်း ငါတို့ထက် ပိုလိုအပ်မယ်လို့ တို့ထင်တယ်"

"ဘာပဲဖြစ်ဖြစ် တို့ ၎င်းရဲ့ အတွင်းသဘောကို မှတ်မိနေပြီ" ဂျော့က ပြောတယ်။ "ငါတို့က မင်းကို လက်ဆောင် ပေးလိုက်မယ်။ တို့ မလိုအပ်တော့ဘူး"

"ဒီလို သိုးရေစက္ကူစုတ်လေး တစ်ချပ်ကို ငါက ဘာလုပ်ရမှာလဲ" ဟယ်ရီက မေးတယ်။

"သိုးရေစက္ကူစုတ်လေး" ဖရက်က ပြောတယ်။ မျက်စိမှိတ် ပြောင်ပြတယ်။ ဟယ်ရီက သူ့ကို အထင်သေးသလိုပဲ။ "ရှင်းပြ၊ ဂျော့"

"ကောင်းပြီ ........ ငါတို့ ပထမနှစ်တုန်းက၊ ဟယ်ရီ ------ ငယ်ရွယ်တယ်။ ဘာမှ မကြောင့်ကြဘူး။ ကလေးလဲ ဆန်တယ်--------"

ဟယ်ရီ နှာခေါင်းက ဟင်းသံ ထွက်လာတယ်။ သူက ဖရက်နဲ့ ဂျော့ ကလေးဆန်ဖူးတယ် ဆိုတာ သံသယ ရှိတယ်။

"-------အင်း၊ ငါတို့ ခုထက် ပိုကလေးဆန်တယ်----- ငါတို့နဲ့ ဖစ်ချ်ကြားမှာ အဆင်မပြေမှုလေး ဖြစ်တယ်"

"ငါတို့က စင်္ကြံထဲမှာ ချေးဗုံးကြီးတစ်လုံး ထားတယ်။ အကြောင်းတစ်ခုခုကြောင့် အဲဒီဗုံးကြောင့် သူ သိပ် စိတ်ဆင်းရဲသွားတယ်"

"ဒါကြောင့် သူက ငါတို့ကို သူ့ရုံးခန်း ဆွဲခေါ်သွားတယ်။ ခါတိုင်းလို စပြီး---"

"------ ကျောင်းပိတ်တယ်------"

"-----ငါတို့ အူကို ဆွဲထုတ်တယ်--------"

"ငါတို့ကလဲ ၎င်းရဲ့ မှတ်တမ်းအံဆွဲကို သတိပြုမိတယ်။ အံဆွဲတစ်ခုပေါ်မှာ ------သိမ်းယူထားတဲ့ ပစ္စည်း၊ အလွန် အန္တရာယ်ရှိတယ်လို့ ရေးထားတယ်"

"ငါ့ကို ပြောမပြနဲ့-----" ဟယ်ရီက ပြောရင်း စ ရယ်တယ်။

"ဟင်၊ မင်း ဘယ်လိုလုပ်မလဲ" ဖရက်က ပြောတယ်။ "ဂျော့က ချေးဗုံးတစ်လုံး ထပ်ပစ်လိုက်တယ်။ သူ စိတ်ထွေပြားသွားတယ်။ ငါက အံဆွဲကို အလျင်အမြန် ဆွဲထုတ်ပြီး၊ ဘတ်ခနဲ နှိုက်ယူလိုက်တာ ------- ဒါ"

"ဒီကိစ္စဟာ ကြားရသလောက် မဆိုးပါဘူး။ မင်း သိပါတယ်" ဂျော့က ပြောတယ်။ "ဖစ်ချ်ဟာ ဒီသိုးရေစက္ကူကို ဘယ်လို သုံးရသလဲဆိုတာ ဘယ်တုန်းကမှ သိပုံမပေါ်ဘူး။ ဒါပေမယ့် ဒါဘာလဲဆိုတာ သူ ခန့်မှန်းမိတယ်နဲ့ တူတယ်။ နို့မို့ရင် ဘယ်သိမ်းမှာလဲ"

"ဘယ်လို သုံးရသလဲ ဆိုတာ မင်းတို့ သိလား"

"အော၊ ဟုတ်တယ်" ဖရက်က အတီးအတ ရယ်ပြတယ်။ "ဒီသေးသေးလုလု အရာလေး ငါတို့ကို သင်ပေးတာ တစ်ကျောင်းလုံးရှိ ဆရာတွေ သင်ပေးတာထက် များတယ်။

"မင်းတို့ ငါ့ကို စ နေတာလား" ဟယ်ရီက ပြောတယ်။ သိုးရေစက္ကူစုတ်ကိုလည်း ကြည့်လိုက်တယ်။

"အော၊ ငါတို့ မင်းကို လိမ်တယ်လား" ဂျော့က ပြောတယ်။

သူက မှော်ကြိမ်လုံးကို ထုတ်ပြီး အဲဒီ သိုးရေစက္ကူကို အသာလေးထိပြီး ပြောတယ်။ "ကျွန်တော် ကောင်းတာ မလုပ်ဘူးဆိုတာ တည်ကြည်စွာ ကတိပြုပါတယ်"

ပင့်အူအိမ်လို မင်ကြောင်း သေးသေးလေး တွေဟာ မှော်ကြိမ်လုံးထိတဲ့ နေရာကနေ စပေါ်ထွက်လာတယ်။ ဒီအကြောင်းလေးတွေဟာ အချင်းချင်း စုပေါင်းယှက်နွယ်ပြီး ဒီ သိုးရေစက္ကူရဲ့ နေရာအနှံ့ ပျံ့နှံ့သွားတယ်။ ဒိနောက် သိုးရေစက္ကူ အထက်မှာ စာလုံးတွေ ပေါ်လာတယ်။ ကွေးကောက်တဲ့ အစိမ်းရောင် စာလုံးကြီးတွေ၊ အဲဒီ စာတွေကတော့----

**လမျက်နှာ၊ ပိုးကောင်အမြီး၊ ခြေပြားကြီးနဲ့ ခက်ရင်းခွချွန်–စသူတို့အတွက် မှော်ပညာနဲ့ နောက်ပြောင်ခြင်း ပြုလုပ်သူတို့အတွက် အထောက်အကူပစ္စည်း ဖြန့်ဖြူးသူတို့မှ စားပြမြေပုံအား မေတ္တာလက်ဆောင်အဖြစ် ဂုဏ်ယူစွာ ပေးအပ်လိုက်ပါတယ်........**

ဒီမြေပုံဟာ ဟော့ဂ်ဝပ်ရဲတိုက်နဲ့ နေရာများကို အသေးစိတ် စေ့စပ်စွာ ရေးဆွဲထားတယ်။ ဒါပေမယ့် တကယ် သတိထားသင့်တာကတော့ မြေပုံတလျှောက် ရွေ့လျားနေတဲ့ မင်စက်သေးသေးလေးပဲ။ မင်စက်လေးတိုင်းမှာ စာလုံးသေးသေးလေးတွေနဲ့ နာမည်တစ်ခု ဖော်ပြထားတယ်။ ဟယ်ရီ အထူး အံ့သြသွားတယ်။ သူက ကုန်းပြီး သေချာကြည့်တယ်။ ဝဲဘက် အထက်နားက မင်စက်တစ်စက်က ပါမောက္ခ ဒမ်ဘလီဒိုးဟာ ရုံးခန်းထဲမှာ အသွားအပြန် လမ်းလျှောက်နေတာ ဖော်ပြတယ်။ ဖစ်ချ်ရဲ့ ကြောင် မစ္စစ်နော်ရီးစ်ဟာ သုံးလွှာမှာ လှည့်လည်နေတယ်။ နောက်တတ်တဲ့ သရဲ ဖီးဗိစ်ကတော့ ဆုဖလားခန်းထဲမှာ ခုန်ပေါက်နေတယ်။ ဟယ်ရီရဲ့ အကြည့်ဟာ သူ ရင်းနှီးပြီးသား စင်္ကြံထဲမှာ အသွားအပြန် ပြေးနေတယ်။ ဒီအချိန်မှာ သူ တစ်ခုခုကို သတိထားမိတယ်။

ဒီမြေပုံဟာ သူအရင်က မရောက်ဖူးတဲ့ ဖြတ်လမ်းတစ်စုံလုံးကို ဖော်ပြတယ်။ ဒီဖြတ်လမ်းတွေကြားထဲမှာ အတော်များများက––––––

"ဟော့ဂ်မော့ဒ်ကို ပေါက်တယ်" ဖရက် လက်ချောင်းနဲ့ လမ်းတစ်လမ်းအတိုင်း ပြပြီး ပြောတယ်။ "အားလုံး ခုနစ်လမ်းတောင် ရှိတာ။ နော၊ ဖစ်ချ်က ဒီလေးကြောင်းကို သိတယ်–––" သူက အဲဒီလေးကြောင်းကို တစ်ခုပြီးတစ်ခု ညွှန်ပြတယ်။ "––––– ဒါပေမယ့်၊ ဒီလမ်းတွေကိုတော့၊ တို့ပဲသိတယ်လို့ ပြောနိုင်တယ်။ ငါးလွှာက မှန်နောက်က လမ်းအတွက် အချိန်ကုန်မခံနဲ့။ မနှစ်က ဆောင်းတွင်းမတိုင်မီ ငါတို့ ၎င်းကို သုံးနေတာ၊ အခုတော့ ပြိုသွားပြီ––– လုံးဝ ပိတ်ဆို့သွားပြီ။ ဒီလမ်းကတော့ ဘယ်သူမှ မသွားဖူးဘူးလို့ တို့ ထင်တယ်။ အကြောင်းက ဟို လူရိုက်မိုးမခပင်ဟာ ၎င်းရဲ့ အပေါက်ဝမှာ စိုက်ထားလို့။ ဒါပေမယ့် ဒီလမ်းကတော့ ပျားရည်အမတ်ကြီးဆိုင်ရဲ့ မြေအောက် သိုလှောင်ခန်းထိ ပေါက်တယ်။ ငါတို့ အကြိမ် မနည်း သွားခဲ့ပြီးပြီ။ မင်းလဲ သတိပြုမိမယ် ထင်တယ်။ ဝင်ပေါက်က ဒီအိမ်ရဲ့ အောက်ဖက်မှာ။ ဒီ မျက်လုံးတစ်လုံး အဖွားကြီးရဲ့ ကျောကုန်းဘုကြီးက ဝင်ရတယ်"

"လမျက်နှာ၊ ပိုးကောင်အမြီး၊ ခြေပြားကြီး၊ ခက်ရင်းခွချွန်" ဂျော့က သက်ပြင်းချရင်း ဒီမြေပုံရဲ့ ခေါင်းစီးကို ပုတ်လိုက်တယ်။ "ငါတို့ သူတို့ အကြွေးတွေ အများကြီး တင်နေတယ်"

"မြင့်မြတ်သူတို့၊ မမောမပန်း အလုပ်လုပ်။ တရားဥပဒေ ချိုးဖောက်သူ မျိုးဆက်သစ်ကို ကူညီဖို့ ဖြစ်တယ်" ဖရက်က လေးနက်စွာ ပြောတယ်။

"ဟုတ်ပြီ" ဂျော့က ပေါ့ပါးစွာ ပြောတယ်။ "သုံးပြီးတာနဲ့ ဖျက်ပစ်ဖို့ မမေ့နဲ့–––"

"နို့မို့ရင် သူများ တွေ့သွားလိမ့်မယ်" ဖရက်က သတိပေးတယ်။

"အသာလေး ထပ်ခေါက်လိုက်ပြီး 'နောက်ပြောင်ခြင်း ပြီးဆုံးပြီ'–လို့ ပြောလိုက်ရင် ၎င်းဟာ ဘာမှမရှိတဲ့ သိုးရေစက္ကူ ပြန်ဖြစ်သွားမယ်"

"ဒါဖြစ်ရင်၊ ငယ်ရွယ်တဲ့ ဟယ်ရီ" ဖရက်က မဲ့ကာ ရွဲ့ကာနဲ့ ဖတ်စီကို အတုခိုးပြောတယ်။ "မင်း အပြုအမူကို သတိထား"

"ပျားရည် အမတ်ကြီးမှာ တွေ့မယ်" ဂျော့က မျက်စိမှိတ်ပြရင်း ပြောတယ်။

သူတို့ ထွက်ခွာသွားတယ်။ နှစ်ယောက်စလုံး ကျေကျေနပ်နပ်ကြီး ရယ်သွားကြတယ်။

ဟယ်ရီဟာ ရပ်ပြီး အဲဒီထူးဆန်းအံ့သြဖွယ် မြေပုံကို ကြည့်နေတယ်။ မစ္စစ်နော်ရီးစ်ကို ကိုယ်စားပြုတဲ့ မင်ရေစက်လေးဟာ ဝဲဘက်ကို ကွေ့ချိုးသွားပြီးရပ်ကာ ကြမ်းပေါ်က အရာတစ်ခုကို နမ်းကြည့်နေတာ တွေ့ရတယ်။ ဖစ်ချ်သာ တကယ်ပဲ မသိဘူးဆိုရင် သူ ဝိညာဉ်စုပ်ကောင်တွေရှေ့က ဖြတ်သွားစရာ မလိုတော့ဘူး.........

ဒါပေမယ့်၊ သူ စိတ်တက်ကြွစွာ ရပ်နေစဉ်။ သူ့ခေါင်းထဲမှာ တစ်ခါက မစ္စတာ ဝယ်စလီ ပြောဖူးတဲ့စကား ပေါ်ထွက်လာတယ်။

မင်း ၎င်းရဲ့ ဦးနှောက် ဘယ်မှာရှိတယ်ဆိုတာ မမြင်ရရင်၊ မိမိဘာသာ တွေးတောနိုင်တဲ့ အရာဟူသမျှကို ဘယ်တော့မှ မယုံနဲ့။

ဒီမြေပုံဟာ မစ္စတာ ဝယ်စလီ သတိပေးခဲ့ဖူးတဲ့ အန္တရာယ်ရှိတဲ့ အရာမျိုး......မှော်ပညာနဲ့ နောက်ပြောင်ခြင်း ပြုလုပ်သူတို့ရဲ့ အထောက်အကူပစ္စည်း ..... ဒါပေမယ့်။ ဟယ်ရီက ကျိုးကြောင်း ဆက်စပ်တွေးတယ်။ သူဟာ ဒီမြေပုံကို အသုံးပြုပြီး ဟော့ဂ်မော့ဒ်ကို သွားချင်တာ။ ဒါဟာ သူ တစ်ခုခု ခိုးချင်တာ၊ တစ်ယောက်ယောက်ကို တိုက်ချင်တာ မဟုတ်ဘူး .......... ဖရက်နဲ့ ဂျော့ဟာ ဒီမြေပုံကို သုံးတာ နှစ်မနည်းတော့ဘူး။ ဘယ်လို ကြောက်စရာကိစ္စမှ မဖြစ်ပါဘူး.....

ဟယ်ရီဟာ လက်ချောင်းနဲ့ ဟော့ဂ်မော့ဒ်ရွာကို ပေါက်တဲ့ လမ်းကြောင်းအတိုင်း ပြသွားတယ်။

ဒီနောက် ရုတ်တရက် အမိန့်တစ်ခု ကြားရသလို မြေပုံကို လိပ်လိုက်တယ်။ မိမိဝတ်ရုံရှည်ထဲ ထိုးထည့်လိုက်ပြီး ကျောင်းခန်းအဝသို့ ကမန်းကတန်း လျှောက်သွားတယ်။ သူက တံခါးကို နှစ်လက်မလောက် ဖွင့်လိုက်တယ်။ အပြင်မှာ လူမရှိဘူး။ သူဟာ သတိထားပြီး ဒီကျောင်းခန်းထဲက ထွက်လာတယ်။ မျက်လုံးတစ်လုံးရုပ်ထုနောက်သို့ လစ်ဝင်လိုက်တယ်။

သူ ဘာလုပ်သင့်သလဲ။ မြေပုံကို ထုတ်ပြီး ကြည့်ပြန်တယ်။ အံ့သြစွာနဲ့ မြေပုံပေါ်မှာ အစက်သစ်တစ်စက်ကို တွေ့ရတယ်။ ၎င်းမှာ “ဟယ်ရီ–ပေါ်တာ”လို့ ရေးထားတယ်။ ဒီလူကလေးဟာ တကယ့်ဟယ်ရီရှိနေတဲ့ နေရာမှာ ရှိတယ်။ လေးလွှာစင်္ကြံရဲ့ တဝက်လောက်မှာ။ ဟယ်ရီဟာ သေချာကြည့်တယ်။ မင်နဲ့ ရေးဆွဲထားတဲ့ လူသေးသေးလေး ဟယ်ရီဟာ မှော်ကြိမ်လုံးလေးနဲ့ မှော်ဆရာမကို အသာခေါက်နေတယ်။ ဘာမှ လှုပ်မလာဘူး။ သူ ဟို မြေပုံကို ကြည့်ပြန်တယ်။ မြေပုံပေါ်က ဟယ်ရီ့ဘေးမှာ အငယ်ဆုံးအမြှုပ်နဲ့ ဖွဲ့စည်းထားတဲ့ ဂါထာပေါ်လာတယ်။ “ဝဲယာ ခွဲသွား”

“ဝဲယာ ခွဲသွား” ဟယ်ရီက သာသာပြောနေတယ်။ တစ်ခါ ဟိုကျောက်သား မှော်ဆရာမကို ခေါက်ပြန်တယ်။

ရုပ်ထုရဲ့ ကျောဘုကြီး ကွဲသွားတယ်။ လူပိန်ပိန်တစ်ယောက် ဝင်နိုင်လောက်အောင် ကျယ်တယ်။ ဟယ်ရီဟာ စင်္ကြံရှေ့နောက်ကို အလျင်အမြန် ကြည့်လိုက်တယ်။ မြေပုံကို ဝတ်ရုံထဲ သိမ်းလိုက်ပြီး ခေါင်းရှေ့ထားကာ အပေါက်ထဲ တွားဝင်လိုက်တယ်။ ဒီနောက် အပေါက်ထဲမှာ ရှေ့ဆက်သွားတယ်။

သူဟာ တော်တော်ဝေးတဲ့ လမ်းခရီးကို လျှောဆင်းသွားတယ်။ အဲဒီ လမ်းပိုင်း ဟာ ကျောက်လျှောလိုပဲ။ ဒီနောက် အေးစက်စွတ်စိုတဲ့ မြေကြီးကို ထိတွေ့လာတယ်။ သူ မတ်တတ်ရပ်လိုက်တယ်။ ဘေးဘီကို ကြည့်လိုက်တယ်။ မှောင်မည်းနေတာပဲ။ သူဟာ မှော်ကြိမ်လုံးကို မြှောက်ပြီး ရွတ်လိုက်တယ်။ “မီးရောင်ထွက်စေ” ဒါနဲ့ မိမိဟာ အလွန်ကျဉ်းမြောင်းပြီး ပုတဲ့လမ်းထဲ ရောက်နေတာ တွေ့ရတယ်။ သူဟာ မြေပုံကို မြှောက်ပြီး မှော်ကြိမ်လုံးနဲ့ အသာခေါက်ပြီး ရွတ်တယ်။ “နောက်ပြောင်ခြင်း ပြီးဆုံးပြီ” မြေပုံဟာ ချက်ချင်း စက္ကူ ဖြစ်သွားတယ်။ သူဟာ မြေပုံကို သေချာလိပ်ပြီး ဝတ်ရုံထဲ ထည့်လိုက်တယ်။ ဒီနောက် စိတ်တက်ကြွတာနဲ့ ကြောက်တာကြောင့် နှလုံး တအားခုန်နေတယ်။ သူဟာ ဒီလိုနဲ့ ဆက်ထွက်ခဲ့တယ်။ ဒီလမ်းဟာ ကွေ့ကောက်နေတယ်။ ယုန်တွေရဲ့

မြေလိုဏ်ခေါင်းလမ်းနဲ့ ဘာမှ မကွာဘူး။ ဟယ်ရီဟာ လောလော သွားနေတယ်။ မြေပြင်က မညီညာတဲ့အတွက် မကြာခဏ ခလုတ်တိုက်လိုက်၊ လဲလိုက် ဖြစ်နေတယ်။ တစ်လမ်းလုံး သူဟာ မှော်ကြိမ်လုံးကို ရှေ့မှာ မြှောက်ထားတယ်။

အကြာကြီးသွားခဲ့ရတယ်။ ဒါပေမယ့် ဟယ်ရီ့မှာ ပျားရည်အမတ်ဆီ ရောက်မယ့် အလားအလာက သူ့ကို အားပေးနေတယ်။ တစ်နာရီလောက် ကြာသွားတော့ လိုဏ်ခေါင်းလမ်းဟာ အပေါ်သို့ တက်သွားတယ်။ ဟယ်ရီဟာ မောရှိုက်ရင်း ခြေလှမ်း ပိုမြန်လာတယ်။ သူ့မျက်နှာက နီနေပြီး ခြေနှစ်ဖက်က အေးစက်နေတယ်။

ဆယ်မိနစ်ကြာတော့ ပဲ့နေတဲ့ ကျောက်လှေခါးအောက် ရောက်လာတယ်။ ကျောက်လှေခါးဟာ အပေါ်ဘက်က သူ မမြင်ရတဲ့နေရာထိ ရှိနေတယ်။ ဟယ်ရီဟာ အသံမထွက်အောင် သတိနဲ့ အပေါ်ကို တက်တယ်။ အထစ် တစ်ရာ၊ နှစ်ရာ။ သူဟာ တက်ရင်း ရေတွက်သွားတယ်။ နောက်တော့ ရှုပ်ကုန်ရော။ သူ တက် တက်သွားတယ်။ မိမိ ခြေနှစ်ဖက်ကိုပဲ သတိထားနေတယ်…… ဒီနောက် မထင်မှတ်ပဲ မာမာအရာ တစ်ခုနဲ့ ဝင်ဆောင့်မိတယ်။

အဲဒါဟာ ကြမ်းဖုံးတံခါးလိုပဲ။ ဟယ်ရီဟာ နေရာတွင် ရပ်နေပြီး ဆောင့်မိလို့ နာနေတဲ့ ခေါင်းကို ပွတ်ရင်း နားထောင်နေတယ်။ အပေါ်က ဘာသံမှ မကြားဘူး။ သူဟာ အလွန် ဖြည်းနှေးစွာ အဲဒီတံခါးကို တွန်းဖွင့်တယ်။ တိတ်တိတ်လေး အပြင်ကို ကြည့်တယ်။

သူဟာ မြေအောက် သိုလှောင်ခန်းတစ်ခုထဲ ရောက်နေတယ်။ ဘေးပတ်လည်မှာ သစ်သားထိုင်ခုံနဲ့ သစ်သားသေတ္တာတွေချည်းပဲ။ ဟယ်ရီက ကြမ်းဖုံးတံခါးက ထွက်ခဲ့ပြီး ပြန်ပိတ်ထားခဲ့တယ် ---- ဒီတံခါးနဲ့ ဖုံးထူတဲ့ ကြမ်းပြင်ဟာ တစ်ဆက်တစ်စပ်တည်းရယ်။ ကြမ်းပေါ်မှာ ဒီလို တံခါးရွက်ရှိမယ်လို့ မထင်ရဘူး။ ဟယ်ရီဟာ အပေါ်ထပ်ကိုသွားတဲ့ သစ်သားလှေခါးပေါ် ဖြည်းဖြည်း တက်လာတယ်။ အခု သူ လူတွေ စကားပြောသံ ကြားရပြီ ဆိုတာ ယုံကြည်တယ်။ ကလိုင်ခေါက်သံနဲ့ တံခါးပိတ်သံတွေကတော့ ပြောစရာတောင် မလိုဘူး။

ဟယ်ရီဟာ မိမိ ဘာလုပ်သင့်မှန်း မသိဘူး။ အဲဒီ အချိန်မှာပဲ၊ အလွန်နီးတဲ့နေရာက တံခါးရွက်တစ်ချပ် ပွင့်သွားတယ်။ လူ အောက်ဆင်းလာမယ့်ပုံပဲ။

“နောက်ထပ် ပက်ကျို ဂျယ်ရီ တစ်သေတ္တာယူခဲ့၊ အချစ်။ ငါတို့ လက်ကျန်ကုန်တွေ ရောင်းလို့ ကုန်တော့မယ်………” မိန်းမတစ်ယောက် အသံ။

ခြေနှစ်ဖက် ဆင်းလာတယ်။ ဟယ်ရီဟာ ကြီးမားတဲ့ သေတ္တာကြီးနောက် ခုန်ဝင်လိုက်တယ်။ အသံဝေးသွားတဲ့အထိ စောင့်နေတယ်။ အဲဒီ အမျိုးသားဟာ နံရံဘက်ဆီမှာ သေတ္တာသယ်ရွှေ့နေတာ ဟယ်ရီ ကြားရတယ်။ သူ့မှာ နောက်ထပ် အခွင့်အရေး ရချင်မှရတော့မှာ------

ဟယ်ရီဟာ အလျင်အမြန် အသံမထွက်ဘဲ ပုန်းနေတဲ့နေရာက ထွက်လာတယ်။ လှေခါးပေါ် တက်လိုက်တယ်။ သူ ပြန်လှည့်ကြည့်တော့ ကျယ်ပြောတဲ့ ကျောပြင်နဲ့ ပြောင်နေတဲ့ ခေါင်းတစ်လုံး သေတ္တာတစ်လုံးအောက် မြုပ်နေတာ တွေ့ရတယ်။ ဟယ်ရီဟာ လှေခါးထိပ်ရှိ တံခါးဘေး ရောက်လာတယ်။ လစ်ထွက်လာခဲ့တယ်။ မိမိ ပျားရည်အမတ်ကြီးရဲ့ ကောင်တာနောက် ရောက်နေတာ တွေ့ရတယ်-------- သူဟာ ခါးကုန်းပြီး ဘေးဘက်သို့ တွားသွားတယ်။ ဒီနောက် ကိုယ်ကို မတ်လိုက်တယ်။

ပျားရည် အမတ်ကြီးထဲမှာ ဟော့ဂ်ဝပ်ကျောင်းသားတွေနဲ့ ပြည့်နေတယ်။ ဒါကြောင့် ဟယ်ရီ့ကို ဘယ်သူမှ သတိမထားမိဘူး။ ဟယ်ရီဟာ ၎င်းတို့ထဲကနေ ဘေးကပ်သွားနေတယ်။ ဘေးဘီကို လိုက်ကြည့်တယ်။ တကယ်လို့ ခုချိန်မှာ ဟယ်ရီရောက်နေတဲ့ နေရာကို ဒါလီမြင်နိုင်ခဲ့ရင် အဲဒီ ညစ်ပတ်တဲ့ မျက်နှာပေါ်မှာ ဘယ်လို အမူအရာ ဖော်ပြမလဲ။ ဟယ်ရီဟာ ဒီလို တွေးမိတော့ အသံထွက် ရယ်မိသွားတယ်။

ဆိုင်ထဲမှာ ကုန်တွေ စင်တွေစင်တွေနဲ့ ရှိတယ်။ စင်ပေါ်မှာ လူတွေ တွေးကြည့်လို့ ရနိုင်တဲ့ စိတ်ဝင်စားစရာ အကောင်းဆုံး သကြားလုံးတွေ ရှိတယ်။ နို့ခရင် မြေပဲသကြားလုံး၊ အလင်းရောင် အနည်းငယ်ထွက်နေတဲ့ အုန်းသီးရေခဲထုပ် ပန်းရောင်တွေ၊ ညီညီညာညာ စီထားတဲ့ အမျိုးပေါင်းရာချီရှိတဲ့ ချော့ကလက်မျိုးစုံ၊ ရသာစုံ ပဲပုံးကြီးတွေ၊ တရှီရှီမြည်တဲ့ ပျားရည်သကြားလုံး ပုံးကြီးတွေ၊ ရွန် ပြောပြဖူးတဲ့ မိုးပေါ်လွင့်နေတဲ့ သစ်သီးဖျော်ရည် ဘောလုံးတွေ။ တခြား နံရံတစ်ဖက်မှာက “ထူးခြားသက်ရောက်မှု” ရှိတဲ့ သကြားလုံး အမျိုးမျိုး၊ အရောင်မှုတ် ပီကေတွေ (၎င်းတို့ဟာ အခန်းတစ်ခန်းလုံးကို အပြာရောင် ခေါင်းလောင်းပန်းအရောင် ပူဖောင်းတွေနဲ့ ပြည့်နေစေတယ်။ ရက်အချို့တောင် မပေါက်ဘူး။) ထူးဆန်းတဲ့ ပရုပ်ငှက်သိုက်မုန့်အကြေတွေ၊ ချစ်စရာ ငရုတ်ကောင်းအနက် အရုပ်သကြားလုံးတွေ (“သင့်သူငယ်ချင်းကို နှာခေါင်းကနေ မီးတောက် ထွက်လာစေတယ်”)၊ ရေခဲကြွက် (“သင့်သွားချင်းရိုက်ပြီး ကြိုကြိုသံ ကြားရတယ်”)၊ ဖားပြုပ်နဲ့ သဏ္ဍာန်တူတဲ့ ခရင်ပရုပ် သကြားလုံး (“အူထဲမှာ တကယ့်ကို ခုန်နေတာ”)၊ ကြွပ်ကြွပ်ရွရွ ငှက်မွေးကလောင်နဲ့ ပေါက်ကွဲတတ်တဲ့ အစာညှပ် သကြားလုံး။

ဟယ်ရီဟာ ဆဋ္ဌမတန်းကျောင်းသားတွေကြားက တိုးသွားတယ်။ ဒီဆိုင်ရဲ့ အဝေးဆုံး ထောင့်တစ်ထောင့်မှာ ဆိုင်းဘုတ်တစ်ခု ချိတ်ထားတာ မြင်ရတယ် (စားနေကျမဟုတ်တဲ့ အရသာ)။ ရွန်နဲ့ ဟာမီးဟာ အဲဒီ ဆိုင်းဘုတ်အောက် ရပ်နေတယ်။ သွေးညှီနံ့ရှိတဲ့ ပလုတ်တုတ် သကြားလုံးတစ်ပန်းကန်ကို သေချာကြည့်နေတယ်။ ဟယ်ရီက သူတို့နောက်ကို တိတ်တိတ် သွားလိုက်တယ်။

“အင်း၊ ဟင့်အင်း။ ဟယ်ရီ လိုချင်မှာ မဟုတ်ဘူး။ ဒါက သွေးစုပ်ကောင်အတွက်လို့ ငါ ထင်တယ်” ဟာမီးက ပြောတယ်။

“ဒါဆို ဒီဟာကော ဘယ့်နှယ့်နေလဲ” ရွန်က မေးတယ်။ ပွတ်ကြပ်နေတဲ့ ပိုးဟပ်တစ်ဖူးကို ဟာမီး နှာခေါင်းအောက် ထိုးပေးတယ်။

“မလိုချင်မှာ သေချာတယ်” ဟယ်ရီက ပြောတယ်။

ရွန် ဗူးကျကွဲဖို့ နည်းနည်းလိုတယ်။

“ဟယ်ရီ” ဟာမီးက အော်တယ်။ “နင် ဒီမှာ ဘာလုပ်နေလဲ။ နင် ဘယ်လို ---- ဘယ်လိုလာတာလဲ”

“ဝိုး” ရွန်က ပြောတယ်။ မှတ်မိသွားတဲ့ပုံနဲ့ ကြည့်နေတယ်။ “မင်း ရုပ်ရွှေ့တတ်နေပလား”

“ဘယ်ကလာ တတ်မှာလဲ” ဟယ်ရီက ပြောတယ်။ ဆဋ္ဌမတန်း ကျောင်းသားတွေ ကြားမှာစိုးလို့ သူက အသံနိမ့်ပြီး ပြောတယ်။ ဒီနောက် ဓားပြမြေပုံအကြောင်း သေချာပြောပြလိုက်တယ်။

“ဖရက်နဲ့ ဂျော့က ဘာဖြစ်လို့ ငါ့ကျတော့ မပေးတာလဲ” ရွန်က ပြောတယ်။ အရမ်း စိတ်ဆိုးနေတယ်။ “ငါက သူတို့ ညီအရင်းပဲဟာ”

“ဟယ်ရီက ရေရှည်ယူထားမှာ မဟုတ်ပါဘူး” ဟာမီးက ပြောတယ်။ ဒီလိုတွေးတာ အဓိပ္ပာယ်မရှိရယ်စရာလိုပဲ။ “သူက ဒီမြေပုံကို ပါမောက္ခ မက်ဂေါ်နာဂေါကို အပ်မှာ။ ဟုတ်လား၊ ဟယ်ရီ”

“ဟင့်အင်း၊ ငါ မအပ်ဘူး” ဟယ်ရီက ပြောတယ်။

“နင် ရူးနေလား” ရွန်က ပြောရင်း ဟာမီးကို ပြူးကြည့်တယ်။ “ဒီလောက်ကောင်းတဲ့ဟာကို အပ်မယ်တဲ့”

“ငါ အပ်လိုက်ရင်၊ ဘယ်ကရတယ်ဆိုတာ ပြောရတော့မယ်။ ဖစ်ချ်ကလဲ ဖရက်နဲ့ ဂျော့ဆီက ရတယ်ဆိုတာ သိသွားမှာ”

"ဒါပေမယ့် ဘလက်ကော" ဟာမီးက အံကြိတ်ပြီး ပြောတယ်။ "သူ ဒီမြေပုံပေါ်က လမ်းတစ်လမ်းကို သုံးပြီး ရဲတိုက်ထဲ ဝင်နိုင်တယ်။ ဆရာတွေသိမှာပါ"

"သူ ဒီလမ်းကြောင်းက ဝင်မလာနိုင်ဘူး" ဟယ်ရီက အမြန်ပြောတယ်။ "မြေပုံပေါ်မှာ ရဲတိုက်ကို ရောက်တဲ့လမ်း ခုနစ်လမ်း ရှိတယ်။ ဟုတ်တယ် မဟုတ်လား။ ဖရက်နဲ့ ဂျော့က ဖစ်ချ် လေးလမ်းသိမယ်လို့ ခန့်မှန်းတယ်။ ကျန်သုံးကြောင်းထဲက ---- တစ်ကြောင်းဟာ ပြိုသွားပြီ။ ဘယ်သူမှ အဲဒီလမ်းက ဝင်လို့မရဘူး။ တစ်လမ်းက အဝင်ဝမှာ လူရိုက်မိုးမခပင် စိုက်ထားတယ်။ ဝင်သွားတာနဲ့ ထွက်လို့မရတော့ဘူး။ ငါ ခုနက လာတဲ့လမ်းက --- အင်း ---မြေအောက်သိုလှောင်ခန်းထဲမှာ လူမြင်ဖို့ ခက်ခဲတဲ့ဝင်ပေါက် --- ဒါကြောင့်၊ ဒီလျှို့ဝှက်လမ်းကြောင်းရှိတာ သူသိနေမှ"

ဟယ်ရီ တွေဝေသွားတယ်။ တကယ်လို့ ဘလက်ဟာ ဒီလမ်းကြောင်းကို သိခဲ့ရင်ကော။ ဒါပေမယ့် ရွန်က ခပ်တည်တည် လည်ချောင်းရှင်းလိုက်ပြီး သကြားလုံးဆိုင်ထဲမှာ ကပ်ထားတဲ့ ကြေညာစာကို ညွှန်ပြတယ်။

<u>**မှော်ဝန်ကြီးဌာန အမိန့်အရ**</u>

ဈေးဝယ်သူများ သတိပြုရန်။ နောက်ထပ်အကြောင်း မကြားခင်မှာ၊ ဝိညာဉ်စုပ်ကောင်တွေဟာ နေ့စဉ် နေဝင်ပြီးနောက် ဟော့ဂ်မော့ဒ်ရွာလမ်းပေါ်မှာ ကင်းလှည့်မယ်။ ဒီလိုလုပ်ရတာက ဟော့ဂ်မော့ဒ်ရွာသားတွေရဲ့ လုံခြုံရေးအတွက် ဖြစ်တယ်။ ဆီးရီးအက်စ်ကြယ် ဘလက် နောက်ထပ် ဖမ်းမိပြီးတာနဲ့ ရုပ်သိမ်းမယ်။ ဈေးဝယ်သူများ ညနေစောင်းမတိုင်မီ အပြီး ဝယ်ကြစေလိုပါတယ်။

ခရစ္စမတ်စ် ပျော်ရွှင်ပါစေ။

"မြင်ပြီလား" ရွန်က တည်ငြိမ်စွာ ပြောတယ်။ "ဒီမှာ နေရာတကာ ဝိညာဉ်စုပ်ကောင် ရှိတယ်။ ဒီလို အခြေအနေမျိုးမှာ သကြားလုံးဆိုင်ထဲကို ဘလက် ဘယ်လိုဝင်နိုင်မလဲဆိုတာ ငါတော့ ကြည့်ချင်သေးတယ်။ ဘာပဲဖြစ်ဖြစ်၊ ဟာမီး။ ဆိုင်ရှင်ကတော့ လူဝင်လာတာ သိမှာပါ။ မဟုတ်ဘူးလား။ သူတို့ ဆိုင်အပေါ်ထပ်မှာ နေတာပဲဟာ"

"ဟုတ်တယ်။ ဒါပေမယ့် ---- ဒါပေမယ့် ---" ဟာမီးဟာ အမှားရှာနေသလိုပဲ။ "ကြည့်၊ ဟယ်ရီ ဟော့ဂ်မော့ဒ်ကို မလာသင့်ဘူး။ သူ ဆိုင်းထိုးထားတဲ့ လျှောက်လွှာမှ မအပ်တာ။ ဟယ်ရီ ဒီလာတာ တစ်ယောက်ယောက် တွေ့သွားရင် ဟယ်ရီ ဒုက္ခရောက်လိမ့်မယ်။ ပြီးတော့ အခု မိုးလင်းနေသေးတယ် --- တကယ်လို့ ဆီးရီးအက်စ်ကြယ် ဘလက် ဒီနေ့၊ အခုပဲ ရောက်လာရင်ကော"

"ဟယ်ရီ ဒီမှာ ရှိတာ သူ တွေ့ဖို့ မလွယ်ပါဘူး" ရွန်က ပြောတယ်။ ပြတင်းတိုင်ရှိတဲ့ ပြတင်းကနေ အပြင်က တဖွဲဖွဲကျနေတဲ့ ဆီးနှင်းဆီ ခေါင်းညိတ်ပြတယ်။ "တော်ပြီ၊ ဟာမီး။ ဒါ ခရစ္စမတ်စ်၊ ဟယ်ရီလဲ ပေါ့ပေါ့ပါးပါး နေသင့်တယ်"

ဟာမီးက နှုတ်ခမ်းကို ကိုက်ထားတယ်။ အလွန် စိတ်ပူတဲ့ပုံပဲ။

"နင် ငါ့ကို တိုင်မလို့လား" ဟယ်ရီက ရယ်ကျဲကျဲ မေးတယ်။

"အော --- မတိုင်ပါဘူး---- ဒါပေမယ့် အမှန်အတိုင်း ပြောရရင်၊ ဟယ်ရီ---"

"ဟို တရှိုရှိုမြည်တဲ့ ပျားရည်သကြားလုံးကို မြင်သလား၊ ဟယ်ရီ" ရွန်က ပြောရင်း ဟယ်ရီကို ဆွဲပြီး အဲဒီပုံးကြီးဘေး ခေါ်သွားတယ်။ "ပြီးတော့ ပက်ကျိဂျယ်ရီ၊ ပြီးတော့ ပလုတ်တုတ် သကြားလုံး အချဉ်။ ငါ ခုနစ်နှစ်တုန်းက၊ ဖရက်က ငါ့ကို တစ်ချောင်း ပေးဖူးတယ်--- ၎င်းက ငါ့လျှာကို ပေါက်သွားစေတယ်။ အမေက တံမြက်စည်းနဲ့ ဖရက်ကို တအားရိုက်တာ ငါ မှတ်မိသေးတယ်" ရွန်က အတွေးနဲ့ အဲဒီ ပလုတ်တုတ် ချိုချဉ်အချဉ်ထည့်တဲ့ စက္ကူပုံးကို ကြည့်နေတယ်။ "တကယ်လို့ ငါက ဖရက်ကို ဒါ မြေပဲလို့ ပြောရင်၊ ပိုးဟပ်အခဲကို သူ တစ်ကိုက်ကိုက်မယ်လို့ မင်း ထင်သလား"

ရွန်နဲ့ ဟာမီးဟာ သူတို့ ဝယ်ထားတဲ့ သကြားလုံးဖိုး ပေးချေလိုက်တယ်။ သုံးယောက်သား သကြားလုံးဆိုင်က ထွက်ပြီး အပြင်ဘက် နှင်းမုန်တိုင်းထဲ ထွက်ခဲ့တယ်။

ဟော့ဂ်မေ့ဒ်ရွာဟာ ခရစ္စမတ်စ်ကဒ်နဲ့ တူနေတယ်။ သက်ကယ်အိမ်လေးတွေနဲ့ ဆိုင်တွေကို ဆီးနှင်းတွေ ရွရွလေး ဖုံးနေတယ်။ အိမ်တိုင်း အိမ်တိုင်းရဲ့ တံခါးပေါ်မှာ ဆောက်ကုလားပင်နဲ့ ပြုလုပ်ထားတဲ့ ပန်းခွေတွေ ချိတ်ဆွဲထားတယ်။ မှော်ပညာနဲ့ စီရင်ထားတဲ့ ဖယောင်းတိုင်တွေဟာ အတွဲလိုက် အတွဲလိုက် သစ်ပင်ပေါ် ချိတ်ဆွဲထားတယ်။

ဟယ်ရီ အေးလို့ ခိုက်ခိုက်တုန်နေတယ်။ သူ ကျန်နှစ်ယောက်နဲ့ မတူဘူး။ ခြုံထည် ဝတ်မလာဘူး။ သူတို့ဟာ လမ်းပေါ်လျှောက်လာတယ်။ လေဒဏ်ကို ခေါင်းငုံ့ခံနေရတယ်။ ရွန်နဲ့ ဟာမီးဟာ လည်စီးအောက်ကနေ တအားအော်တယ်။

"အဲဒါ စာတိုက်ပဲ ----"

"ဇွန်ခို အဆာပလာဆိုင်က ဟိုမှာ ----"

"ငါတို့ ဟို စူးရှအော်ဟစ်တဲ့ အိမ်ကို သွားလို့ရတယ် ----"

"ဘယ်လိုလုပ်ရမယ်ဆိုတာ ငါ ပြောပြမယ်" ရွန်က ပြောတယ်။ မေးတုန်နေတယ်။ "ငါတို့ တံမြက်စည်းသုံးလက်ကို သွားပြီး ထောပတ်သီးဘီယာ သောက်ရင် ကောင်းမလား"

ဟယ်ရီ သိပ်သွားချင်တာပေါ့။ လေပြင်း နှင်းမုန်တိုင်း။ သူ့လက်တွေ ခဲတောင့်တော့မယ်။ ဒါနဲ့ သူတို့ဟာ လမ်းကို ဖြတ်ပြီး မိနစ်အနည်းငယ်ကြာတော့ အဲဒီ ဟိုတယ်လေးထဲ ဝင်ခဲ့ကြတယ်။

အဲဒီနေရာမှာ တိုးကြပ်ဆူညံနေတယ်။ နွေးထွေးပြီး အခိုးအငွေ့တွေ ထနေတယ်။ ကိုယ်ဟန်နွဲ့နှောင်းပြီး ရုပ်ရည်ပြေပြစ်တဲ့ မိန်းမတစ်ယောက်ဟာ ဘားစားပွဲမှာ ဆူညံတဲ့ မှော်ဆရာတွေကို ဧည့်ခံနေတယ်။

"အဲဒါ မဒမ် ရို့စ်မာထာ" ရွန်က ပြောတယ်။ "ငါ အရက် သွားမှာမယ်။ ကောင်းလား" သူ တစ်ခွန်းဖြည့်ပြောပြီး မျက်နှာ နည်းနည်းနီသွားတယ်။

ဟယ်ရီနဲ့ ဟာမီးဟာ အခန်းနောက်ပိုင်းကို သွားတယ်။ အဲဒီမှာရှိတဲ့ ပြတင်းနဲ့ ခရစ္စမတ်စ် သစ်ပင်ကြားမှာ စားပွဲအလွတ်လေးတစ်လုံး ရှိတယ်။ မီးလင်းဖိုနဲ့လည်း နီးတယ်။ ငါးမိနစ်ကြာတော့ ရွန် ပြန်လာတယ်။ အမြှုပ်ထနေတဲ့ ထောပတ်ဘီယာခွက်ကြီး သုံးခွက်ကိုင်လာတယ်။

"ခရစ္စမတ်စ် ပျော်ရွှင်ပါစေ" သူက ဝမ်းသာစွာပြောရင်း ခွက်ကြီးကို မြှောက်လိုက်တယ်။

ဟယ်ရီဟာ တကျိုက်ကြီး ကျိုက်ချလိုက်တယ်။ ဒါဟာ သူ သောက်ဖူးတဲ့ အရသာအကောင်းဆုံး ဘီယာ။ ပြီးတော့ ဒီဘီယာဟာ သူ့ကို အတွင်းကနေ အပြင်ဘက်ထိ နွေးထွေးလာစေတယ်။

ရုတ်တရက်၊ လေပြေလေး သူ့ဆံပင်ကို တိုက်သွားတယ်။ တံမြက်စည်း သုံးလက် တံခါးပွင့်သွားပြန်တယ်။ ဟယ်ရီဟာ ခွက်ကြီး နှုတ်ခမ်းနားက လှမ်းကြည့်လိုက်တယ်။ သူ နင်သွားတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ဖလစ်ဝစ်ဟာ ဆီးနှင်းတွေ ပျံ့သန်းနေတဲ့ထဲက ဆိုင်ထဲကို ဝင်လာတယ်။ နောက်မှာ ကပ်ပါလာသူက ဟက်ဂရစ်။ သူဟာ အုန်းနွဲ့ရောင် ထိပ်ဝိုင်းမင်္ဂလာဦးထုပ် ဆောင်းပြီး ခြုံထည်အစင်းစိပ်စိပ် ခြုံထားတဲ့၊ အမူအရာ တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်နဲ့ စကားလက်ဆုံ ကျနေတယ်။ အဲဒီလူကတော့ မှော်ဝန်ကြီးဌာနနဲ့ ဝန်ကြီး ကွန်နယ်လစ်–ဖဒ်ဂ်။

ရွန်နဲ့ ဟာမီးဟာ ချက်ချင်းပဲ လက်ကို ဟယ်ရီ့ခေါင်းပေါ် တင်လိုက်ကြတယ်။ သူ့ကို စားပွဲအောက် အတင်း ဖိချကြတယ်။ ဟယ်ရီဟာ ပါးစပ်က ထောပတ်ဘီယာစက်တွေ ကျနေရင်း လူတွေ သူ့ကို မမြင်ရတဲ့နေရာမှာ ဆောင့်ကြောင့်ထိုင်နေတယ်။ လက်ထဲမှာက ခွက်လွတ်ကြီး။ မျက်စိက ဆရာတွေနဲ့ ဖဒ်ဂ်ရဲ့ ခြေထောက်တွေ ဘားစားပွဲခုံဆီသွားတာ၊ ရပ်လိုက်တာ၊ ဒီနောက် ပြန်လှည့်ပြီး သူတို့ရှိရာ တိုက်ရိုက်လျှောက်လာတာ ကြည့်နေတယ်။

သူ့ခေါင်းပေါ်က တစ်နေရာမှာ ဟာမီး တိတ်တဆိတ် ပြောသံ ကြားရတယ်။

"မိုဘီလီအာဘတ်စ်"

သူတို့ စားပွဲဘေးက ခရစ္စမတ်စ် သစ်ပင်ဟာ မြေပြင်မှ လက်မအနည်းငယ် မြင့်တက်သွားပြီး ဘေးသို့ ရွေ့လျားလာတယ်။ အသံသေးသေး ဆတ်ဆတ်လေး မြည်သွားပြီး သူတို့ စားပွဲရှေ့မှာ လာကျတယ်။ သူတို့ကို ကွယ်သွားတယ်။ ဟယ်ရီဟာ ခရစ္စမတ်စ် သစ်ပင်ရဲ့ အောက်ခြေက ထူထဲတဲ့ အရွက်များကြားက ကြည့်တယ်။ ဘေးစားပွဲက ကုလားထိုင်လေးလုံးရဲ့ ခြေထောက်တွေ နောက်သို့ ဆုတ်သွားတာ တွေ့ရတယ်။ ဒီနောက် ဆရာတွေနဲ့ ဖဒ်ဂ်တို့ ထိုင်လိုက်ကြတယ်။ ပါးစပ်က ရွတ်ဆိုနေပြီး သက်ပြင်းလည်း ချကြတယ်။

ဒီနောက် ခြေထောက်တစ်စုံ တွေ့ပြန်တယ်။ စိမ်းဖန့်ဖန့် ဒေါက်မြင့်ဖိနပ် အကောင်းစား စီးထားတယ်။ မိန်းမတစ်ယောက် စကားပြောသံလည်း ကြားရတယ်။

"––– တောင်ကြားရေ ခွက်သေးတစ်ခွက် ––––"

"ကျွန်မဟာ" ပါမောက္ခ မက်ဂေါ်နာဂေါ်အသံ။

"ပျားအရက်လေးပိုင့်–––"

"ကျေးဇူးပဲ ရို့စ်မာထာ" ဟက်ဂရစ်က ပြောတယ်။

"ချယ်ရီသီးဖျော်ရည်နဲ့ ဆိုဒါရေခဲ ထည့်ပြီးတော့ ထီးခရူ–––"

"အင်း" ပါမောက္ခ ဖလစ်ဝစ်က ပြောတယ်။ တကျွတ်ကျွတ်လည်း လုပ်နေတယ်။

"ဒါဆို ခင်ဗျားက စဗျစ်နီ ရမ်ပဲပေါ့၊ ဝန်ကြီး"

"ကျေးဇူးတင်ပါတယ်၊ ရို့စ်မာထာ၊ အချစ်" ဖဒ်ဂ်အသံ။ "ကျုပ် ပြောကို ပြောရဦးမယ်။ မင်းကို တွေ့ရတာ သိပ်ဝမ်းသာတယ်။ မင်းလဲ တစ်ခွက်လုပ်ပါ။ မကောင်းဘူးလား။ တို့နဲ့ လာထိုင်ပါ...."

"ကောင်းပြီ။ သိပ်ကျေးဇူးတင်တယ်။ ဝန်ကြီး"

ဟယ်ရီဟာ အဲဒီလက်နေတဲ့ ဒေါက်မြင့်ဖိနပ် ထွက်သွားပြီး ပြန်လာတာ မြင်ရတယ်။ သူ့နှလုံးတွေ တုန်နေတယ်။ လည်မျိုတောင် ဆို့နေတယ်။ နေလို့မကောင်းဘူး။ ဆရာတွေအဖို့ ပြောရရင် ဒါဟာ နောက်ဆုံး အပတ်ပဲဆိုတာ သူ ဘာကြောင့် မတွေးမိတာလဲ။ သူတို့ ဒီမှာ ဘယ်လောက်ကြာကြာ ထိုင်မှာလဲ။ ဒီည ကျောင်းပြန်မယ်လို့ သူ ဆုံးဖြတ်ရင်၊ သူ့မှာ ပျားရည်အမတ်ကြီးဆိုင်ထဲကို ပြန်သွားဖို့ အချိန်လိုတယ် .... ဟာမီး ခြေထောက်ဟာ သူ့ဒူးမှာ စိတ်လှုပ်ရှားစွာ တွန့်လိမ်လိုက်တယ်။

"မျက်စိလည် လမ်းမှားပြီး ရောက်လာတာလား၊ ဝန်ကြီး" ဒါက ရို့စ်မာထာရဲ့ အသံ။

ဖဒ်ဂ်ရဲ့ တုတ်ခိုင်တဲ့ ကိုယ်အောက်ပိုင်း ထိုင်ခုံပေါ်မှာ တွန့်သွားတာ ဟယ်ရီ မြင်ရတယ်။ ဘေးမှ ခိုးနားထောင်သူ ရှိမရှိ ကြည့်လိုက်သလိုပဲ။ ဒီနောက် သူက အေးဆေးစွာ ပြောတယ်။ "ဆီးရီးအက်စ်ကြယ် ဘလက်အပြင် တခြား ဘာကိစ္စများ ရှိမှာမို့လဲ။ အချစ်လေး။ ဟောဝင်းရှေ့ရက်က ကျောင်းမှာ ဖြစ်တဲ့ကိစ္စကို မင်းကြားပြီးပြီလို့ ကျုပ် ပြောရဲတယ်"

"ပြောသံ ကြားရပါတယ်" မဒမ် ရို့စ်မာထာက ဝန်ခံ ပြောဆိုတယ်။

"ခင်ဗျား အရက်ဆိုင်က လူအားလုံးကို ပြောပြသလား၊ ဟက်ဂရစ်" ပါမောက္ခ မက်ဂေါ်နာဂေါက ဒေါသထွက်ပြီး ပြောတယ်။

"ဘလက် ဒီတဝိုက်မှာ ရှိသေးတယ်လို့ ထင်သလား။ ဝန်ကြီး" မဒမ် ရို့စ်မာထာက တိုးတိုး မေးတယ်။

"သေချာတာပေါ့" ဖဒ်ဂ် တိုတိုပဲ ဖြေတယ်။

"ဝိညာဉ်စုပ်ကောင်ဟာ ကျွန်မ အရက်ဆိုင်ကလေးကို နှစ်ကြိမ်တောင် ရှာဖွေပြီးပြီဆိုတာ သိလား" မဒမ် ရို့စ်မာထာက ပြောတယ်။ စကားသံက နည်းနည်း စူးရှနေတယ်။

"ကျွန်မ ဧည့်သည်တွေ လန့်ပြေးကုန်ပြီ... ဒါအရောင်းအဝယ် လုပ်တဲ့နေရာမှာ သိပ်ကို မကောင်းဘူး၊ ဝန်ကြီး"

"ရို့စ်မာထာ၊ အချစ်။ ကျုပ်လဲ မင်းလိုပါပဲ။ ကျုပ်လဲ ၎င်းတို့ကို မနှစ်သက်ဘူး" ဖဒ်ဂ်က မနေတတ်သလို ပြောတယ်။ "လိုအပ်တဲ့ ကာကွယ်မှု .... ဒါပေမယ့် မင်း ပြောတာမှန်တယ် .... ကျုပ် ခုနကပဲ ၄–၅ ကောင်တွေ့တယ်။ ၎င်းတို့ဟာ ဒမ်ဘလီဒိုးကို သိပ်စိတ်ဆိုးနေတယ် ---- သူက ၎င်းတို့ကို ရဲတိုက် ပရဝုဏ်ထဲ ဝင်ခွင့်မပေးဘူး"

"၎င်းတို့ကို ဝင်ခွင့်မပေးသင့်ဘူး" ပါမောက္ခ မက်ဂေါ်နာဂေါက စူးရှစွာ ပြောတယ်။ "အဲဒီ ကြောက်စရာကောင်တွေ နေရာတကာ လျှောက်သွားနေရင် ဘယ်လို စာသင်ကြားရမလဲ"

"နားထောင်၊ နားထောင်" အရပ်ပုပု ပါမောက္ခ ဖလစ်ဝစ်က အော်ပြောတယ်။ သူ့ခြေထောက်ဟာ မြေပြင်နဲ့ တစ်ပေလောက်မှာ တွဲလောင်းချထားတယ်။

"ဘယ်လိုပဲ ပြောပြော" ဖဒ်ဂ်က မတူတဲ့ သဘောထား ဖော်ပြထား။ "၎င်းတို့ ကျောင်းကိုလာတာ၊ အားလုံးကို ကာကွယ်ဖို့ .... ကျုပ်တို့ ဘလက် ဘာလုပ်နိုင် ...."

"လူကြီးမင်း သိလား။ ဒီအချက်ကို ကျွန်မ ခုထိ မယုံနိုင်ဘူး။" မဒမ် ရို့စ်မာထာက တွေးရင်း ပြောတယ်။ "လူဆိုးတွေကြားထဲ ကျရောက်အောင် ပျက်စီးသွားတဲ့လူထဲမှာ ဆီးရီးအက်စ်ကြယ် ဘလက်ဟာ ဒီလို လုပ်မယ့်လူလို့ ကျွန်မ မထင်ဆုံးပဲ .... ကျွန်မ ဆိုလိုတာက သူ ဟော့ဂ်ဝပ်မှာ ကလေးအရွယ် ငယ်စဉ်ကို ကျွန်မ မှတ်မိတယ်။ အဲဒီ

အချိန်ကတဲက ကျွန်မကို သူတစ်နေ့ ဘယ်လို ဖြစ်သွားလိမ့်မယ်လို့ ရှင်ပြောခဲ့ရင်၊ ကျွန်မက ရှင် အရက်များနေပြီလို့ ပြောမှာ”

“မင်း အဖြစ်အပျက်မှန်ကို သိတာ တစ်ဝက်တောင် မရှိပါဘူး၊ ရို့စ်မာထာ” ဖဒ်ဂ်က မာကျောကျော ပြောတယ်။ “သူ လုပ်ခဲ့တဲ့ အဆိုးဆုံးအမှုကို သိသူ သိပ်နည်းပါတယ်”

“အဆိုးဆုံး” မဒမ် ရို့စ်မာထာက ပြောတယ်။ အသံက အလွန် အံ့သြပုံပေါ်နေတယ်။ “ရှင့်အဓိပ္ပာယ်က သနားစရာလူတွေ အများကြီး သတ်ပစ်တာထက် ဆိုးသလား”

“ဒါပေါ့” ဖဒ်ဂ်က ပြောတယ်။

“ကျွန်မ မယုံနိုင်ဘူး။ ဒီထက်ဆိုးတာ ဘာရှိမှာလဲ”

“မင်းက သူဟော့ဂ်ဝပ်မှာ နေစဉ်က အခြေအနေကို မှတ်မိတယ် ပြောတယ်၊ ရို့စ်မာထာ” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ “သူ့ အကောင်းဆုံး မိတ်ဆွေက ဘယ်သူလဲဆိုတာ မင်း မှတ်မိသေးလား”

“မှတ်မိတာပေါ့” မဒမ် ရို့စ်မာထာက ပြောပြီး သဲ့သဲ့လေး ပြုံးလိုက်တယ်။ “နှစ်ယောက်သား မခဲမခွာ အရိပ်လိုပဲ မဟုတ်လား။ ကျွန်မ သူတို့ကို ဒီနေရာမှာ မြင်ရတာ အကြိမ်ပေါင်း ––––အော၊ သူတို့ဟာ ကျွန်မကို တအား ရယ်အောင်လုပ်တယ်။ ဘော်ဒါကောင်း နှစ်ယောက်။ ဆီးရီးအက်စ်ကြယ် ဘလက်နဲ့ ဂျိမ်း–ပေါ်တာ”

ဟယ်ရီ့လက်ထဲက ခွက်ကြီး ဒိုင်းကနဲ ပြုတ်ကျသွားတယ်။ ရွန်က သူ့ကို တစ်ချက်ကန်လိုက်တယ်။

“သိပ်မှန်တယ်”ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ “ဘလက်နဲ့ ပေါ်တာ။ သူတို့ အုပ်စုလေးက ခေါင်းဆောင်။ နှစ်ယောက်စလုံး သိပ်ဉာဏ်ကောင်းတယ်။ တကယ် ––– အမှန်အတိုင်း ပြောရရင်၊ အထူးကို ဉာဏ်ကောင်းတယ် –––– ဒါပေမယ့် ဒီလို ပြဿနာ ရှာနိုင်တဲ့ လူနှစ်ယောက်ကို ဘယ်တုန်းကမှ မတွေ့ဖူးဘူး–––”

“ကျုပ် မသိဘူး” ဟက်ဂရစ်က ရယ်ပြောတယ်။ “ဖရက်နဲ့ ဂျော့ဝယ်စလီဟာ သူတို့နဲ့ ပြင်းပြင်းထန်ထန် ပြိုင်ဆိုင်လို့ ရမလား”

“ဘလက်နဲ့ ပေါ်တာကို ညီအစ်ကိုလို့တောင် ထင်နိုင်တယ်” ပါမောက္ခ ဖလစ်ဝစ်က သဘောတူတဲ့အနေနဲ့ ဝင်ပြောတယ်။ “မခွဲခွာဘူး”

“သူတို့က မခွဲမခွာ အတူ ရှိနေတာပေါ့” ဖဒ်ဂ်က ပြောတယ်။ “ပေါ်တာက ဘလက်ကို ယုံတယ်။ ဒီလို ယုံကြည်တာ ကျန်မိတ်ဆွေ အားလုံးကို ယုံကြည်တာထက် ပိုတယ်။ သူတို့ ကျောင်းအောင်လို့ ထွက်သွားတဲ့အထိ ဒီတိုင်းပဲ။ ဂျိမ်းစ်နဲ့ လီလီ မင်္ဂလာဆောင်တုန်းက ဘလက်က သတို့သားအရံ။ ဒိနောက် သူတို့က ဘလက်ကို ဟယ်ရီရဲ့ ဂေါ်ဖားသား လုပ်ခိုင်းတယ်။ ဟယ်ရီကတော့ ဘယ်သိမလဲ။ ဒီအချက်ကိုသာ သူသိသွားရင် သူ့ကို ဘယ်ထိ စိတ်ဒုက္ခရောက်စေမယ်ဆိုတာ မင်းတို့ တွေးကြည့်လို့ ရတယ်”

“ဒါပေမယ့် နောင်မှာ ဘလက်က ဟိုလူနဲ့ ပေါင်းသွားလို့လား” ရို့စ်မာထာက တိုးတိုးမေးတယ်။

“ဒါ့ထက် ဆိုးတာပေါ့၊ အချစ်....” ဖဒ်ဂ်က အသံကို နှိမ့်ပြီး အသံသေးသေးလေးနဲ့ ဆက်ပြောတယ်။ “လူအများဟာ ဟိုလူက လိုက်နေတာကို ပေါ်တာလင်မယား သိတယ်ဆိုတာ မသိကြဘူး။ ဒမ်ဘလီဒိုးကတော့ တစ်လျှောက်လုံး မမောတမ်း ဟိုလူကို ဆန့်ကျင်တယ်။ သူ့မှာ ထောက်လှမ်းပေးသူ လူတော် အများကြီး ရှိတယ်။ အဲဒီထဲက တစ်ယောက်ဟာ ဒီကိစ္စကို ဒမ်ဘလီဒိုး ပြောပြလိုက်တယ်။ ဒမ်ဘလီဒိုးက ဂျိမ်းစ်နဲ့ လီလီကို ချက်ချင်း

ပြောပြလိုက်တယ်။ သူက သူတို့ကို ပုန်းနေဖို့ ပြောတယ်။ ဒမ်ဘလီဒိုးက သူတို့ကို ပြောတယ် ---- မင်းတို့အတွက် အကောင်းဆုံး အခွင့်အရေးကတော့ ဖစ်ဒလီယက်စ် ဂါထာပဲလို့ ပြောတယ်"

"အဲဒါ ဘယ်လို အကျိုးရှိလဲ" မဒမ် ရို့စ်မာထာက မေးတယ်။ စိတ်ဝင်စားလို့ အသက်ရှူမှားနေတယ်။ ပါမောက္ခ ဖလစ်ဝစ်က အာခေါင်ရှင်းလိုက်တယ်။

"အလွန် ရှုပ်ထွေးတဲ့ ဂါထာ" သူက တကြွီကြွီသံနဲ့ ပြောတယ်။ "မှော်ပညာနဲ့ လျှို့ဝှက်ချက်တစ်ခုကို လူရှင်တစ်ယောက်ရဲ့ ဝိညာဉ်ထဲ ဝှက်ထားတာနဲ့ ပတ်သက်တယ်။ အဲဒီ လျှို့ဝှက်ချက်ကို ရွေးချယ်ထားတဲ့သူ သို့မဟုတ် လျှို့ဝှက်ချက် ထိန်းသိမ်းမယ့်သူရဲ့ စိတ်ထဲမှာ တိတ်တိတ် မြှုပ်ထားရတယ်။ အဲဒီက စပြီး လျှို့ဝှက်ချက်ကို မတွေ့နိုင်တော့ဘူး --- ဒီလျှို့ဝှက်ချက်ကို ထိန်းသိမ်းသူက ပေါက်ကြားချင်ရင်တော့ တစ်မျိုးပေါ့။ လျှို့ဝှက်ချက် ထိန်းသိမ်းသူက စကားပြောဖို့ ငြင်းဆန်ရင် ဟိုလူဟာ ပေါ်တာဇနီးမောင်နဲ့ နှစ်ပေါင်းများစွာ နေထိုင်တဲ့ ရွာကို ရှာဖွေလဲ ဘယ်တော့မှ သူတို့ကို မတွေ့နိုင်ဘူး။ သူတို့ ဇနီးမောင်နှံနေတဲ့ ဧည့်ခန်းမှန်ပြတင်းကနေ နှာခေါင်းပြားအောင် ကပ်ကြည့်လဲ ရှာလို့ မတွေ့နိုင်ဘူး"

"ဒါဆို ဘလက်ဟာ ပေါ်တာဇနီးမောင်နှံရဲ့ လျှို့ဝှက်ရေး ထိန်းသိမ်းသူပဲပေါ့"

"ဒါပေါ့" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဂျိမ်းစ်-ပေါ်တာက ဒမ်ဘလီဒိုးကို ပြောတယ်။ ဘလက်ဟာ မိမိသာ အသေခံမယ်၊ သူတို့ ဘယ်မှာ ရှိတယ်ဆိုတာ ပြောမှာမဟုတ်ဘူးတဲ့။ ပြီးတော့ ဘလက်ကိုယ်နှိုက်လဲ ပုန်းနေမယ်လို့ ပြောသေးတယ် .... ဒါတောင် ဒမ်ဘလီဒိုးက စိတ်မချသေးဘူး။ သူက ပေါ်တာဇနီးမောင်နှံရဲ့ လျှို့ဝှက်ရေးထိန်းသိမ်းသူ လုပ်မယ်လို့ ပြောဖူးတာ ကျွန်မ မှတ်မိတယ်"

"သူက ဘလက်ကို စိတ်မချဘူးလား" မဒမ် ရို့စ်မာထာက မောသံနဲ့ မေးတယ်။

"ပေါ်တာဇနီးမောင်နှံနဲ့ နီးစပ်တဲ့လူထဲမှာ ဟိုလူကို သူတို့ လှုပ်ရှားမှုကို ပြောပြတဲ့လူ ရှိတယ်လို့ သူ သေချာထင်တယ်" ပါမောက္ခ မက်ဂေါ်နာဂေါက သုန်မှုန်စွာ ပြောတယ်။ "တကယ်ပဲ၊ သူဟာ အချိန် တော်တော်ကြာတဲ့အထိ ကျွန်မတို့ဘက်က သစ္စာဖောက်သူ ရှိတယ်။ သတင်းတွေကို ဟိုလူ့ပြောပြတယ်လို့ ထင်တယ်"

"ဒါပေမယ့်၊ ဂျိမ်းစ်က ဘလက်ကိုပဲ သုံးမယ်ပြောတယ် မဟုတ်လား"

"ဟုတ်တယ်" ဖဒ်ဂ်က လေးပင်စွာ ပြောတယ်။ "ဒါပေမယ့်၊ ကတိ သစ္စာဂါထာသုံးပြီးလို့ တစ်ပတ်တောင် မကြာလိုက်ဘူး---"

"ဘလက်က သူတို့ကို သစ္စာဖောက်သလား" ရို့စ်မာထာက မေးတယ်။

"သူ တကယ်ပဲ သူတို့ကို သစ္စာဖောက်သွားတယ်။ ဘလက်ဟာ နှစ်ဖက်ချွန်ဘဝကို ငြီးငွေ့သွားပြီး ဟိုလူကို တောက်ခံကြောင်း ဖြောင်ကြေညာဖို့ လုပ်တယ်။ ပေါ်တာ သေသွားတဲ့အခါမှာ ဒီလို လုပ်ဖို့ ထင်တယ်။ ဒါပေမယ့် တို့အားလုံး သိထားတဲ့အတိုင်း ဟိုလူဟာ ဟယ်ရီပေါ်တာလေးဆီမှာ အရေးနိမ့်သွားတယ်။ ၄င်းမှာ တန်ခိုးပျောက်သွားတယ်။ အလွန့်အလွန် ချည့်နဲ့သွားတယ်။ ထွက်ပြေးရတော့တယ်။ ဒီတော့၊ ဘလက်အဖို့ ဆုပ်လဲစူး၊ စားလဲရူး ဖြစ်သွားတယ်။ ဘလက်ဟာ မိမိရဲ့ သစ္စာဖောက်ရုပ်ကို ဖော်ပြရုံရှိသေးတယ်။ သူ့သခင်လဲ ကျဆုံးသွားတာပဲ။ သူ့မှာ ရွေးချယ်စရာ မရှိတော့ဘူး။ အသက်ဘေးက ထွက်ပြေးရတော့တယ် ----"

"ညစ်ပတ်၊ စုတ်ပဲ့တဲ့ သစ္စာဖောက်" ဟက်ဂရစ်က ပြောတယ်။ အသံ အကျယ်ကြီးပဲ။ ဒါကြောင့် ဘားတစ်ခုလုံး ငြိမ်သွားတယ်။

"ရှူး" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

"ကျုပ် သူနဲ့ တိုးဖူးတယ်" ဟက်ဂရစ်က ဟောက်ပြောတယ်။ "သူ လူတွေအများကြီး သတ်ပြီးနောက် ကျုပ်က သူ့ကို နောက်ဆုံးတွေ့သူ ဖြစ်မယ်။ အဲဒီလူတွေ အသတ်ခံရပြီးနောက်၊ ကျုပ်က ဂျိမ်းစ်နဲ့ လီလီတို့အိမ်ကနေ ဟယ်ရီကို ကယ်ထုတ်ခဲ့တာ။ ကျုပ်က သူ့ကို ပြာပုံထဲက ကယ်ခဲ့တာ။ သနားစရာ ကလေး။ နဖူးပေါ်မှာ ဒဏ်ရာရှည်ရှည်ကြီး ရှိသေးတယ်။ ပြီးတော့ သူ့ မိဘတွေလဲ ဆုံးကုန်ပြီ ... ဒီအချိန်မှာ ဆီးရီးအက်စ်ကြယ် ဘလက် ပေါ်လာတယ်။ သူ အမြဲတမ်းစီးတဲ့ မော်တော်ဆိုင်ကယ်ပျံကို စီးလာတယ်။ သူ အဲဒီမှာ ဘာလုပ်နေမှန်း ကျုပ် မသိဘူး။ သူဟာ ဂျိမ်းစ်နဲ့ လီလီတို့ရဲ့ လျှို့ဝှက်ချက် ထိန်းသိမ်းသူ ဆိုတာလဲ မသိဘူး။ ထိုစဉ်က သူ ဟိုလူ လာတိုက်တဲ့သတင်း ကြားလို့ အဲဒီကို ကူညီဖို့လာတာ ထင်တာ။ အဲဒီတုန်းက သူ့မျက်နှာ သွေးမရှိဘူး၊ တစ်ကိုယ်လုံး တုန်နေတယ်။ ကျုပ် ဘာလုပ်တယ် ထင်လဲ။ ကျုပ်က အဲဒီ လူသတ်သမား သစ္စာဖောက်ကို နှစ်သိမ့်ခဲ့တယ်" ဟက်ဂရစ်က ဟိန်းဟောက်တယ်။

"ဟက်ဂရစ်၊ ဒီလို မလုပ်နဲ့" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "အသံနည်းနည်း နှိမ့်ပြောပါ"

"သူ ဂျိမ်းစ်နဲ့ လီလီအတွက် ဝမ်းနည်းနေတာ မဟုတ်ဘူးဆိုတာ ကျုပ် ဘာလို့ မသိတာလဲ။ သူ စိုးရိမ်တာက ဟိုလူ။ ဒီနောက် သူက ပြောတယ်။ 'ဟယ်ရီ့ကို ငါ့ပေး၊ ဟက်ဂရစ်။ ငါက သူ့ဂေါ့ဖားသား၊ ငါ သူ့ကို စောင့်ရှောက်မယ်---' ဟား၊ ဒါပေမယ့်၊ ဒမ်ဘလီဒိုး မှာထားတာ ရှိတယ်။ ဒီတော့ ကျုပ်က ဘလက်ကို "မရဘူး၊ ဒမ်ဘလီဒိုးက ဟယ်ရီ သူ့အဒေါ်နဲ့ ဦးလေးဆီ သွားနေရမယ်" လို့ ပြောပြတယ်။ ဘလက်က သဘောမတူဘူး။ ဒါပေမယ့် နောက်ဆုံး လက်လျှော့လိုက်တယ်။ ကျုပ်ကို သူ့မော်တော်ဆိုင်ကယ်စီးပြီး ဟယ်ရီကို သွားပို့တဲ့။ 'ငါ ဒီဆိုင်ကယ်ကို မလိုတော့ဘူး'တဲ့။ ဒါ သူ ပြောတာ-----။

"အဲဒီတုန်းက ဒီထဲမှာ သံသယရှိသင့်တာကို သိသင့်တယ်။ သူ အဲဒီ မော်တော်ဆိုင်ကယ်ကို ကြိုက်နှစ်သက်တယ်။ ကျုပ်ကို ဘာဖြစ်လို့ ပေးရတာလဲ။ သူ ဘာဖြစ်လို့ အဲဒီဆိုင်ကယ်ကို မလိုအပ်တော့တာလဲ။ စင်စစ် ဒါဟာ နားလည်ဖို့ လွယ်လွယ်လေးရယ်။ သူဟာ ပေါ်တာမောင်နှံရဲ့ လျှို့ဝှက်ချက် ထိန်းသိမ်းသူဆိုတာ ဒမ်ဘလီဒိုး သိတယ်။ နာရီအနည်းငယ်အတွင်းမှာ မှော်ဝန်ကြီးဌာနက သူ့ကို လာဖမ်းမယ်ဆိုတာ သိတယ်။

"ဒါပေမယ့်၊ ကျုပ် ဟယ်ရီကို သူ့ ပေးလိုက်ရင်ကော ဘယ်လိုဖြစ်မလဲ။ လမ်းခုလတ်မှာတင် ဟယ်ရီကို မော်တော်ဆိုင်ကယ်ပေါ်ကနေ ပင်လယ်ထဲ ပစ်ချမှာ။ သူ့ အခင်ဆုံး သူငယ်ချင်းရဲ့ ကလေးလေ။ ဒါပေမယ့် မှော်ဆရာတစ်ယောက်ဟာ ပျက်စီးသွားပြီဆိုရင် ဘယ်ကိစ္စ၊ ဘယ်သူကိုမဆို အရေးမထားတော့ဘူး...."

ဟက်ဂရစ် ပြောပြီးသွားပြီ။ အားလုံး အချိန်ကြာမြင့်စွာ ငြိမ်သက်နေတယ်။ ဒီနောက် မဒမ်ရို့စ်မာထာဟာ တစ်စုံတစ်ရာ ကျေနပ်မှုနဲ့ စကားပြောလိုက်တယ်။ "ဒါပေမယ့် သူ ပုန်းနေဖို့ မကြိုးစားဘူး၊ မဟုတ်လား။ နောက်နေ့မှာပဲ မှော်ဝန်ကြီးဌာနက သူ့ကို ဖမ်းမိသွားတာပဲ"

"အမလေး၊ ကျုပ်တို့ သူ့ကို မိရင် ကောင်းတာပေါ့" ဖဒ်ဂ်က ရင်နာနာ ပြောတယ်။ "သူ့ကို တွေ့အောင်ရှာတာ ကျုပ်တို့ မဟုတ်ဘူး။ ကြွက်ပုလေး ပီတာ --- ပေါ်တာရဲ့ တခြားမိတ်ဆွေတစ်ယောက်။ သူဟာ သိပ်ကို ပူဆွေးလို့ထင်တယ်၊ အရူးအမူးပဲ။ သူက ဘလက်ဟာ ပေါ်တာဇနီးမောင်နှံရဲ့ လျှို့ဝှက်ချက် ထိန်းသိမ်းသူဆိုတာ သိတယ်။ ဒါကြောင့် သူကိုယ်တိုင် ဘလက်ကို လိုက်ရှာတယ်"

"ကြွက်ပုလေး ပီတာ... ဝတုတ်တုတ်ကောင်လေး။ ဟော့ဂ်ဝပ်မှာတုန်းက သူတို့နောက် အမြဲလိုက်နေတဲ့ဟာလား" ရို့စ်မာထာက မေးတယ်။

"ပေါ်တာနဲ့ ဘလက်ကို သူရဲကောင်းလို ကြည်ညိုတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဉာဏ်ရည်အရ ပြောရရင် သူတို့ အုပ်စုထဲကတော့ မဟုတ်ဘူး။ ကျွန်မက သူ့ကို အမြဲတင်းတင်း ဆက်ဆံတယ်။ အခု

ကျွန်မ ဘယ်လောက် နှောင်တရတယ်ဆိုတာ --- ရှင်တို့ တွေးကြည့်လို့ရပါတယ်...." သူ့အသံ ပြာသွားတယ်။ အအေးမိနေသလိုပဲ။

"ဟုတ်ပြီ၊ မီနာဗာ"ဖဒ်ဂ်က ဖြေသိမ့်တယ်။ "ကြယ်ပုလေး ပီတာ သူ့ရဲကောင်းလို သေဆုံးတာ။ မျက်မြင်သူ-- မတ်ဂေါ်တွေ၊ နောင်မှာ ကျုပ်တို့ သူတို့ မှတ်သားမှုတွေကို ဖျက်ပစ်တယ်---တွေက ကျုပ်တို့ကို ပြောပြတယ်။ ကြယ်ပုလေး ပီတာဟာ ဘလက်ကို ဘယ်လို ချောင်ပိတ်ထားလိုက်တယ်။ သူတို့က ပြောတယ်။ သူ ရှိုက်ငိုရင်း 'လီလီနဲ့ ဂျိမ်းစ်၊ ဆီးရီးအက်စ်ကြယ်၊ မင်း ဘယ့်နှယ် ဒီလိုလုပ်တာလဲ' ဒိနောက် သူက မှော်ကြိမ်လုံးကို ယူလိုက်တယ်။ ဘလက်က သူ့ထက်မြန်တာ သေချာတယ်။ ကြယ်ပုလေး ပီတာဟာ ဒီလိုနဲ့ ကြေမွသွားတယ်"

ပါမောက္ခ မက်ဂေါ်နာဂေါ် နှာခေါင်းရှုံ့လိုက်ပြီး စိတ်လှုပ်ရှားစွာ ပြောတယ်။ "အ လွန်းတဲ့ကလေး... ထိုင်းလိုက်တဲ့ကလေး... သူဟာ နှစ်ဦးချင်း အပြတ်တိုက်တဲ့ အခါတိုင်း သိပ်ညံ့တာ.... မှော်ဝန်ကြီးဌာနကို ဖမ်းခိုင်းသင့်တယ်......"

"ကျုပ်ပြောမယ်၊ ကျုပ်သာ ကြယ်ပုလေး ပီတာရှေ့မှာ ဘလက်ကို မိခဲ့ရင်၊ ဘာမှော်ကြိမ်လုံးမှ မသုံးဘူး --- - ကျုပ်က သူ့ခြေလက်တွေကို --- တစ်ချောင်းချင်း ချိုးပစ်မှာ" ဟက်ဂရစ်က အော်ဟောက်တယ်။

"မင်း ဘာတွေ ပြောနေတယ်ဆိုတာ သိလား" ဖဒ်ဂ်က တဲ့တိုး ပြောတယ်။ "မှော်ပညာတရားဥပဒေတပ်ဖွဲ့က လေ့ကျင့်ပေးထားတဲ့ တိုက်ခိုက်သမားကမှ ဘလက် လမ်းဆုံးမရောက်ခင် သူ့ကို အနိုင်တိုက်နိုင်ချင် တိုက်နိုင်မှာ။ ထိုစဉ်က ကျုပ်က မှော်ဘေးဒုက္ခဌာနကြီးက ဒုတိယဌာနကြီးမှူး၊ ကျုပ်ဟာလဲ ဘလက် လူတွေ အများကြီးသတ်ပြီးမှ အခင်းဖြစ်ပွားတဲ့ နေရာကို ရောက်သွားတာ။ ကျုပ် ---- ကျုပ် အဲဒီ မြင်ကွင်းကို ဘယ်တော့မှ မမေ့ဘူး။ တစ်ခါတစ်လေ အိပ်မက်တောင် မက်သေးတယ်။ လမ်းအလယ်မှာ ကျင်းကြီးတစ်ကျင်း၊ နက်တာမှ လမ်းအောက်က ရေနုတ်ပိုက်လိုင်းကိုတောင် ပျက်စီးသွားစေတယ်။ အလောင်းတွေ နေရာတကာမှာ ရှိတယ်။ မတ်ဂေါ်တွေ အော်နေကြတယ်။ ဘလက်ကတော့ ရပ်ပြီး တဟားဟား ရယ်နေတယ်။ ကြယ်ပုလေးပီတာ့ အလောင်းဟာ သူ့ရှေ့မှာတင် ရှိတယ် ... သွေးစွန်းနေတဲ့ ဝတ်ရုံနဲ့ အစအန ---- အစအန တစ်ချို့-------"

ဖဒ်ဂ် ရုတ်တရက် ရပ်သွားတယ်။ လူငါးယောက် နှာခေါင်း ရှုပ်တဲ့အသံ ရောက်လာတယ်။

"ကောင်းပြီ၊ အကြောင်းစုံကို မင်းသိသွားပြီ၊ ရို့စ်မာထာ" ဖဒ်ဂ်က အသံပြာပြာနဲ့ ပြောတယ်။ "ဘလက်ကို မှော်တရားဥပဒေ အကောင်အထည်ဖော်ရေးအဖွဲ့က အဖွဲ့ဝင် ၂၀က ခေါ်သွားတယ်။ ကြယ်ပုလေး ပီတာကတော့ မာလင်ပထမအဆင့် ဆုတံဆိပ်ရတယ်။ ဒါက သူ့ သနားစရာ မိခင်ကို နှစ်သိမ့်မှု အနည်းနဲ့အများ ရစေမှာလို့ ကျုပ်ထင်တယ်။ အဲဒီ အချိန်ကစပြီး ဘလက်ကို အက်ဇခါဘန်မှာ ချုပ်ထားတာ"

မဒမ် ရို့စ်မာထာဟာ သက်ပြင်းရှည်ရှည်ကြီး ချလိုက်တယ်။

"သူ ရူးသွားပြီဆို၊ တကယ်လား၊ ဝန်ကြီး"

"သူ ရူးသွားစေချင်ပါတယ်" ဖဒ်ဂ်က ဖြည်းဖြည်း ပြောတယ်။

"သူ့သခင် ရှုံးနိမ့်တဲ့ အဖြစ်ကြောင့် အချိန်ကာလတစ်ခုမှာ သူ သိပ်မမှန်တော့ဘူးဆိုတာ ကျုပ်ယုံတယ်။ ကြယ်ပုလေး ပီတာနဲ့ မတ်ဂေါ် အများအပြားကို သတ်တာဟာ လမ်းဆုံးရောက်နေတဲ့၊ မျှော်လင့်ချက် ကုန်ဆုံးနေတဲ့ လူမှ လုပ်တာ--- ရက်စက်တယ်....။ ရည်ရွယ်ချက် မရှိဘူး။ ဒါပေမယ့် အရင်တစ်ခါ ကျုပ် အက်ဇခါဘန်ကို သွားကြည့်တုန်းက ဘလက်နဲ့ တွေ့တယ်။ ခင်ဗျားတို့ သိပါတယ်။ အဲဒီက အကျဉ်းသားတွေဟာ အများအားဖြင့် ထိုင်နေကြပြီး အမှောင်ထဲမှာ မိမိဘာသာ တဖွဖွ ပြောနေတယ်။ သူတို့မှာ အာရုံခံစားမှု မရှိတော့ဘူး... ဒါပေမယ့်၊ ကျုပ်

တုန်လှုပ်သွားတာက၊ ဘလက်ကတော့ ပုံမှန်ရှိနေတယ်။ သူ ကျုပ်ကို ပြောတာ အစီအစဉ်ရှိရှိ ပြောနိုင်တယ်။ ကျုပ် သိပ်စိတ်ပူသွားတယ်။ ခင်ဗျားတို့က သူ ငြီးငွေ့တာပဲလို့ ထင်မယ် --- ကျုပ်ကို သတင်းစာ ဖတ်ပြီးပြီလားလို့ မေးတယ်။ သိပ်တည်ငြိမ်တာပဲ။ သူ သတင်းစာပေါ်က ကွက်လပ်ဖြည့် ကစားနည်းကို ကစားချင်တယ်တဲ့။ ဟို ဝိညာဉ်စုပ်ကောင်တွေကတောင် သူ့ကို ဘာမှ မဖြစ်စေနိုင်ဘူး။ ဒါက ကျုပ်ကို တုန်လှုပ်စေတယ်--- ပြီးတော့ သူက အဲဒီမှာရှိတဲ့ အရေးကြီးအကျဉ်းသား။ သူ့ကို စောင့်ကြပ်သူတွေ အထူးများတယ်။ ထောင်စောင့်က သူ့တံခါးဝမှာပဲ ရှိနေတာ။ နေ့ရောညပါ ရှိတယ်"

"ဒါပေမယ့် သူ ထွက်ပြေးတာ ဘာလုပ်မယ်ထင်သလဲ" မဒမ် ရို့စ်မာထာက မေးတယ်။

"ဘုရား ဘုရား၊ ဝန်ကြီး၊ သူ ဟိုလူကို သွားမရှာပါဘူးနော်။ ရှာမလား"

"ဒါ သူ့ ---အော---နောက်ဆုံးစီမံကိန်းလို့ ကျုပ်ပြောဝံ့တယ်" ဖဒ်ဂ်က မရေမရာ ပြောတယ်။

"ဒါပေမယ့် ဒါ့ထက် စောစောကတဲက ဘလက်ကို ဖမ်းမိချင်တာ။ ကျုပ်ပြောရမှာက၊ တကယ်လို့ ဟိုလူဟာ အထီးကျန် ဖြစ်နေမယ်၊ မိတ်ဆွေလဲ မရှိဘူးဆိုရင်၊ ဒါက အခြေအနေတစ်မျိုး... ဒါပေမယ့်၊ ၎င်းကို သစ္စာအရှိဆုံး ကျွန်ကို ပေးမယ်ဆိုရင်၊ ၎င်း မကြာခင် ပြန်ထူထောင်လာမှာကို တွေးမိတာနဲ့ ကျုပ် ကြက်သီးထမိတယ် ...."

ဖန်နဲ့ သစ်သားထိသံ။ သေးသေးလေး။ တစ်ယောက်က ဖန်ခွက်ကို စားပွဲပေါ်ချလိုက်တယ်။

"ရှင် သိပါတယ်၊ ကွန်နယ်လစ်။ ရှင် ကျောင်းအုပ်ကြီးနဲ့အတူ ထမင်းစားမယ်ဆိုရင်၊ ကျွန်မတို့ ရဲတိုက်ကို ခုပြန်ရင် ကောင်းမယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

ဟယ်ရီ့ရှေ့က ခြေထောက်တွေဟာ ၎င်းတို့သခင်ရဲ့ ကိုယ်ခန္ဓာကို တင်ဆောင်ပြီး ရွှေ့လျားသွားပြီ။ ခြုံထည်ရဲ့အနား မျက်စိထဲ မြင်ရတယ်။ မဒမ် ရို့စ်မာထာရဲ့ လက်နေတဲ့ ဖိနပ်ဖနောင့်ဟာ ဘားခုံနောက်မှာ ပျောက်သွားတယ်။ တံမြက်စည်းသုံးလက် တံခါးပွင့်သွားပြန်တယ်။ ဆီးနှင်းတွေ တိုးဝင်လာတယ်။ ဆရာတွေ သွားကြပြီ။

"ဟယ်ရီ"

ရွန်နဲ့ ဟာမီးရဲ့ မျက်နှာ စားပွဲခုံအောက်မှာ ပေါ်လာတယ်။ သူတို့က သူ့ကို ကြည့်နေတယ်။ စကားတစ်ခွန်းမှ မပြောဘူး။

• •• 🍎 •• •

## ၁၁။ မီးသတ္တဲ

ဟယ်ရီဟာ သူ ဘယ်လို ပျားရည်အမတ်ကြီးရဲ့ မြေအောင်သိုလှောင်ခန်း ပြန်လာတာ၊ မြေအောင်လမ်းထဲ ဘယ်လိုဝင်ခဲ့ပြီး ရဲတိုက်ကို ပြန်ဝင်ခဲ့တဲ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး သိပ်မရှင်းဘူး။ သူရှင်းတာက အပြန်လမ်းမှာ သိပ်အချိန်မကုန်တာပဲ။ ပြီးတော့ သူ ဘာလုပ်နေတယ် ဆိုတာတောင် သတိမထားမိသလောက်ပဲ။ သူ့ ခေါင်းထဲမှာ ခုနက ကြားခဲ့တဲ့ ကိစ္စတွေနဲ့ ပြည့်နေလို့။

ဘာဖြစ်လို့ သူ့ကို ဘယ်သူကမှ ပြောမပြတာလဲ။ ဒမ်ဘလီဒိုး၊ ဟက်ဂရစ်၊ မစ္စတာ ဝယ်စလီ၊ ကွန်နယ်လစ်–ဖဒ်ဂ်........... သူ့မိဘဟာ အချစ်ဆုံး သူငယ်ချင်းက ရောင်းစားလို့ သေရတာ။ ဒီကိစ္စကို ဘာဖြစ်လို့ သူ့ကို ဘယ်သူကမှ ဘာမှ ပြောမပြတာလဲ။

ညစာစားတဲ့အချိန်မှာ၊ ရွန်နဲ့ ဟာမီးဟာ စိတ်ပူစွာ ဟယ်ရီ့ကို အကဲခတ်နေတယ်။ သူတို့ ခိုးနားထောင်ခဲ့တဲ့ ကိစ္စကို မပြောဝံ့ဘူး၊ ဖတ်စီ အနားမှာ ထိုင်နေလို့။ သူတို့ဟာ အပေါ်ထပ်ရှိ လူများတဲ့ အများနားနေခန်းကို ရောက်လာတယ်။ ဖရက်နဲ့ ဂျော့တို့ဟာ ကျောင်းပိတ်ခါနီးမို့ အပျော်ကြီးပျော်နေတာနဲ့ သွားတိုးတယ်။ ချေးဖုံးအကြီးကြီး ဖြခု ထောင်ထားပြီးပြီ။ ဟယ်ရီဟာ ဖရက်နဲ့ ဂျော့တို့ သူ့ကို ဟော့ဂ်မော့ဒ်သွားလားလို့ မမေးစေချင်တာနဲ့ ဘယ်သူမှမရှိတဲ့ အိပ်ခန်းကို ပြန်ခဲ့တယ်။ မိမိရဲ့ ကုတင်ဘေးစားပွဲလေးဆီ လျှောက်သွားတယ်။ သူက စာအုပ်တွေကို တစ်ဖက် တွန်းပစ်တယ်။ ချက်ချင်းပဲ သူလိုချင်တဲ့အရာကို ရှာတွေ့သွားတယ်--- သားရေအဖုံးနဲ့ ဓာတ်ပုံစာအုပ်။ လွန်ခဲ့တဲ့ နှစ်နှစ်က ဟက်ဂရစ် သူ့ကို ပေးတယ်။ အထဲမှာ သူ့မိဘတွေရဲ့ မှော်ပညာနဲ့ စီရင်ထားတဲ့ ဓာတ်ပုံတွေ။ သူ ကုတင်ပေါ် ထိုင်လိုက်တယ်။ ကုတင်ပတ်လည်က လိုက်ကာကို ဆွဲပိတ်လိုက်တယ်။ ဓာတ်ပုံစာအုပ်ကို စ လှန်တယ်.........

သူ့မိဘ လက်ထပ်တုန်းက ရိုက်တဲ့ဓာတ်ပုံ ရောက်တော့ ရပ်လိုက်တယ်။ သူ့အဖေက သူ့ကို လက်ပြနေတယ်။ ပြုံးနေတာပဲ။ ၎င်းရဲ့ ဟယ်ရီက ဆက်ခံထားတဲ့ ခပ်ရှုပ်ရှုပ် ဆံပင်နက်ဟာ ဟိုဟိုဒီဒီ ထိုးထောင်နေတယ်။ ဓာတ်ပုံထဲမှာ အမေလည်း ရှိတယ်။ ပျော်ရွှင်တဲ့ အရောင် တောက်နေတယ်။ သူ့အဖေနဲ့ လက်ချင်းချိတ်ပြီး တွဲရပ်နေတယ်။ ပြီးတော့ .......... အဲဒါ သူပဲ ဖြစ်ရမယ်။ သူတို့ရဲ့ သတိုးသားအရံ ........ဟယ်ရီဟာ အရင်က သူ့ကို တစ်ခါမှ မတွေးမိဘူး။

တကယ်လို့ ဒါ တစ်ယောက်ထဲပဲလို့ မသိခဲ့ရင်၊ ဒီဓာတ်ပုံဟောင်းထဲက လူဟာ ဘလက်ဆိုတာ သူ ဘယ်တော့မှ ခန်းမှန်းမိမှာ မဟုတ်ဘူး။ သူ့ မျက်နှာဟာ ချိုင့်ဝင်ပြီး လူနာရောင် ပေါက်မနေဘူး။ ရုပ်ရည်ချောမောပြီး တပြုံးပြုံးနဲ့။ ဒီဓာတ်ပုံရိုက်တဲ့အချိန်မှာ သူ ဗိုလ်ဒီမွန့်ကို အလုပ်အကျွေးပြုနေပြီလား။ သူဟာ သူ့ဘေးက လူနှစ်ယောက်ကို သတ်ပစ်ဖို့ စီစဉ်နေပြီလား။ သူဟာ အက်ဇ်ကာဘန်မှာ ၁၂ နှစ် နေရမယ်ဆိုတာ သိသလား။ သူ့ကို မမှတ်မိလောက်အောင် ဖြစ်စေတဲ့ ၁၂နှစ်ကို ရင်ဆိုင်ရမှာ သိရဲ့လား။

ဒါပေမယ့် အဲဒီ ဝိညာဉ်စုပ်ကောင်တွေက သူ့ကို ဘာမှ ဂယက်မရိုက်နိုင်ဘူး။ ဟယ်ရီက တွေးတယ်။ ချောမောတဲ့ သူ့ အပြုံးမျက်နှာကို စိုက်ကြည့်နေတယ်။ ၎င်းတို့ သိပ်နီးနေရင်၊ သူဟာ ကျွန်တော့်အမေရဲ့ အော်သံကို ကြားဖို့ လိုချင်မှလိုမှာ ---------”

ဟယ်ရီဟာ ဓာတ်ပုံစာအုပ်ကို ဘတ်ခနဲ ပိတ်လိုက်ပြီး ကုတင်ဘေး ခုံအံဆွဲထဲ ထည့်လိုက်တယ်။ ဝတ်ရုံရှည်ကို ချွတ်၊ မျက်မှန်ကို ဖြုတ်ပြီး ကုတင်ပေါ်လှဲလိုက်တယ်။ လိုက်ကာတွေ လုံရဲ့လားဆိုတာ ကြည့်လိုက်သေးတယ်။

အိပ်ခန်းတံခါး ပွင့်သွားတယ်။

“ဟယ်ရီ’ ရွန့်အသံ။ မရဲတရဲနဲ့။

ဟယ်ရီ မလှုပ်ဘူး။ အိပ်ချင်ယောင် ဆောင်နေတယ်။ ရွန်ထွက်သွားတာ ကြားတာနဲ့ တစ်ဖက် လှည့်လိုက်တယ်။ မျက်လုံးကြီး ဖွင့်ထားတယ်။

ဟယ်ရီ့ တစ်ကိုယ်လုံး သူအရင်က မသိခဲ့တဲ့ ရန်ငြိုးစိတ်တွေ စီးဆင်းနေတယ်။ ဒီလို ရန်ငြိုးစိတ်ဟာ အဆိပ်လိုပဲ။ ဘလက်ဟာ အမှောင်ထဲကနေ သူ့ကို တဟားဟား ရယ်ပြတာ သူ မြင်ရတယ်။ တစ်ယောက်ယောက်က ဓာတ်ပုံကို စာအုပ်ထဲကဖြုတ်ပြီး သူ့ မျက်စိရှေ့ ကပ်ထားသလိုပဲ။ သူ ကြည့်နေတယ်။ သူ့ကို ရုပ်ရှင်ပြနေသလိုပဲ။ ဆီးရီးအက်စကြယ် ဘလက်ဟာ ကြယ်ပုလေး ပီတာ (၎င်းက နီးဗီး-လွန်ဘော့တမ်နဲ့ တူတယ်) ကို အစိတ်စိတ်ကြေအောင် ဖောက်ခွဲ ပစ်လိုက်တယ်။ တစ်ယောက်ယောက်က (ဘလက်အသံကို သူ မသိပေမယ့်) စိတ်တက်ကြွစွာ တိုးတိုးရေရွတ်နေတာ သူ ကြားရတယ်။ “ကိစ္စ အောင်မြင်ပြီ။ သခင်........ ၊ ပေါ်တာဇနီးမောင်နှံက

ကျွန်တော့်ကို သူတို့ လျှို့ဝှက်ချက် စောင့်ထိန်းသူအဖြစ် ထားလိုက်ပြီ .........” ဒီနောက် တခြားအသံတစ်သံ။ အဲဒီလူက စူးရှစွာ အော်ရယ်တယ်။ အဲဒါ ဝိညာဉ်စုပ်ကောင် အနီးကပ်လာတဲ့အခါမှာ သူ ကြားရတဲ့အသံ........

“ဟယ်ရီ၊ မင်း -------- မင်း မျက်နှာမကောင်းဘူး”

ဟယ်ရီဟာ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်။ သူ နိုးလာတော့၊ အိပ်ခန်းထဲမှာ လူတစ်ယောက်မှ မရှိဘူး။ သူ အင်္ကျီလဲပြီး ကြောင်လိမ်လှေခါးကနေ အများနားနေခန်းကို ဆင်းလာတယ်။ အဲဒီမှာလည်း လူမရှိဘူး။ ရွန်တစ်ယောက်ပဲ ရှိတယ်။ သူဟာ ဖားပြုပ်ပရုပ်လုံးကို စားနေတယ်။ သူ့ဗိုက်ကိုလည်း ပွတ်သပ်နေတယ်။ ဟာမီးလည်း ရှိတယ်။ အိမ်စာတွေကို စားပွဲသုံးလုံး အပြည့် ဖြန့်ထားတယ်။

“လူတွေ ဘယ်ရောက်ကုန်လဲ” ဟယ်ရီက မေးတယ်။

“ပြန်ကြပြီ၊ ဒါ ကျောင်းပိတ်တဲ့ ပထမနေ့၊ မှတ်မိလား” ရွန်က ပြောရင်း ဟယ်ရီကို သေချာလေ့လာနေတယ်။ “နေ့လယ်စာစားချိန် ရောက်တော့မယ်။ ငါ အစက မင်းကို သွားနှိုးတော့မလို့”

ဟယ်ရီဟာ မီးလင်းဖိုဘေးက ထိုင်ခုံထဲ ဝင်ထိုင်လိုက်တယ်။ ပြတင်း အပြင်ဘက်မှာ ဆီးနှင်းတွေ ပုံကျလာတယ်။ ခရွတ်ရှန်ဟာ မီးလင်းဖိုဘေးမှာ ခြေလေးချောင်းဆန့်ပြီး လှဲနေတယ်။ သစ်ခြောက်ရောင် သင်္ကေလပ်စောင်တစ်ထည်နဲ့ တူနေတယ်။

“နင် တကယ့်ကို မျက်နှာမကောင်းဘူး။ နင် သိပါတယ်” ဟာမီးက ပြောရင်း ပူပင်စွာ သူ့မျက်နှာကို ကြည့်တယ်။

“ငါ ဘာမှ မဖြစ်ပါဘူး” ဟယ်ရီက ပြောတယ်။

“ဟယ်ရီ၊ နားထောင်” ဟာမီးက ပြောတယ်။ ရွန်နဲ့ အကြည့်ချင်း မလှယ်လိုက်တယ်။ “မနေ့က ငါတို့ကြားရတာတွေနဲ့ ပတ်သက်ပြီး နင့်စိတ်ထဲ ရှုပ်ထွေးနေလိမ့်မယ်။ ဒါပေမယ့်၊ အရေးကြီးတာက နင် မလုပ်သင့်တာတွေ မလုပ်ဖို့ပဲ”

“ဥပမာ ပြော” ဟယ်ရီက ပြောတယ်။

“ဥပမာ ဘလက်ကို လိုက်ဖမ်းတာ” ရွန်က တဲ့တိုးပြောတယ်။

သူအိပ်နေချိန်မှာ သူတို့နှစ်ယောက် ဒီလိုစကားပြောဖို့ ဇာတ်တိုက်ထားပြီးပြီ ဆိုတာ ဟယ်ရီ သိတယ်။ သူ ဘာမှမပြောဘူး။

“နင် ဒီလို မလုပ်ပါဘူးနော်၊ ဟယ်ရီ” ဟာမီးက ပြောတယ်။

“ဘလက်အတွက် သေတာ မတန်ဘူး” ရွန်က ပြောတယ်။

“ဝိညာဉ်စုပ်ကောင် ငါ့နားရောက်လာတာနဲ့ ငါ ဘာတွေကြားတယ်၊ ဘာတွေဖြစ်ရတယ်ဆိုတာ နင်တို့ သိလား” ရွန်နဲ့ ဟာမီး ခေါင်းခါတယ်။ ပူပင်တဲ့ ပုံနဲ့။ “ငါ့အမေ စူးစူးဝါးဝါးအော်တာ ငါ ကြားရတယ်။ သူ့မ ဗိုလ်ဒီမွန့်ကို တောင်းပန်တာ ကြားရတယ်။ နင်တို့အမေ စူးရှစွာ အော်တာ၊ အသတ်ခံရခါနီး စူးစူးဝါးဝါးအော်သံကို ကြားရရင်၊ နင်တို့ မေ့နိုင်မှာမဟုတ်ဘူး။ တကယ်လို့ လူတစ်ယောက်ဟာ အစက သူ့ကို သူမ မိတ်ဆွေလို့

ထင်ထားတာ။ ဒါပေမယ့် သူဟာ သူမကို သစ္စာဖောက်တယ်၊ ဗိုလ်ဒီမွန့်ကို သူမကို လိုက်ခိုင်းတယ်ဆိုတာ တွေ့ရှိရင်...................”

“နင် ဘာမှ လုပ်လို့မရဘူး” ဟာမီးက ပူပင်သောကနဲ့ ပြောတယ်။ “ဝိဉာဉ်စုပ်ကောင်က ဘလက်ကို ဖမ်းမိမှာပါ။ ဘလက် အက်ဇ်ခါဘန်ကို ပြန်ရောက်မှာပါ။ ပြီးတော့----- ပြီးတော့ သူ့အပြစ်နဲ့ သူပဲ”

“ဖဒ်ဂ်ပြောတာ နင် ကြားတာပဲ။ ဘလက်ဟာ လူသာမန်တွေလို အက်ဇ်ခါဘန်က သူ့ကို ဂယက်မရိုက်နိုင်ဘူး။ ဒီလို ဒဏ်ခတ်တာ သူ့အဖို့ တခြားလူတွေနဲ့ မတူဘူး”

“မင်း ဘာတွေ ပြောနေတာလဲ” ရွန်က ပြောတယ်။ သိပ်စိတ်ပူနေတယ်။ “မင်းက --- ဘလက်ကို သတ်ချင်တာလား၊ ဒါမှမဟုတ် တခြားအကြံရှိလား”

“မရူးစမ်းပါနဲ့” ဟာမီးက ပြောတယ်။ အသံက ထိတ်လန့်တဲ့အသံ။ “ဟယ်ရီ ဘယ်သူ့မှ မသတ်ချင်ဘူး မဟုတ်လား၊ ဟယ်ရီ”

ဟယ်ရီက မဖြေဘူး။ မိမိ ဘာလုပ်ချင်မှန်း မသိဘူး။ ဘလက် တရား ဥပဒေပြင်ပ ရောက်နေတဲ့အခါမှာ သူ ဘာမှမလုပ်ဘူးဆိုတာပဲ သိတယ်။ အဲဒါက သူ မခံနိုင်တာပဲ။

“မော်ဖိုင် သိတယ်” သူက ရုတ်တရက် ပြောလိုက်တယ်။ “သူ မှော်ဆေးပညာ အတန်းထဲမှာ ပြောတာ မှတ်မိလား။ “ငါသာဆိုရင်၊ ကိုယ်တိုင်လိုက်ဖမ်းမှာ....... ငါ ကလဲ့စားချေမှာ”

“နင် မော်ဖိုင်ပြောတာ နားထောင်ပြီး တို့ပြောတာ နားမထောင်ဘူးလား” ရွန်က ဒေါသနဲ့ ပြောတယ်။ “နားထောင် ......ဘလက်ဟာ ကြယ်ပုလေး ပီတာကို သတ်ပြီး ကြယ်ပုလေးပီတာ့အမေ ဘာရတယ်ဆိုတာ သိလား။ အဖေက ငါ့ ပြောပြတယ် --- မာလင်ပထမအဆင့် ဆုတံဆိပ်၊ ပြီးတော့ ဖူးထဲထည့်ထားတဲ့ ကြယ်ပုလေးပီတာရဲ့ လက်ချောင်း။ ဒါဟာ လူတွေရှာလို့တွေ့တဲ့ သူ့ရဲ့ အကြီးဆုံး ရုပ်ကြွင်းပဲ။ ဘလက် ရူးနေပြီ၊ ဟယ်ရီ။ ပြီးတော့ သူဟာ အန္တရာယ်ရှိတယ်------”

“မော်ဖိုင့်အဖေက သူ့ကို ပြောပြမှာ သေချာတယ်” ဟယ်ရီက ပြောတယ်။ ရွန် ခုနက ပြောတာကို ဂရုမစိုက်ဘူး။ “သူဟာ ဗိုလ်ဒီမွန့်ရဲ့ အမြဲတေလူ ------”

“ဟိုလူလို့ ပြောလို့ရမလား” ရွန်က စိတ်ဆိုးဆိုးနဲ့ ဖြတ်ပြောတယ်။

“ဒါကြောင့်၊ မော်ဖိုင်တို့ မိသားစုဟာ ဘလက် ဗိုလ်ဒီမွန့်အတွက် အလုပ်လုပ်နေတယ်ဆိုတာ သိနေတာ ---”

“---- မော်ဖိုင်ကတော့ နင် အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲသွားတာ မြင်ချင်တယ်။ ကြယ်ပုလေး ပီတာလိုပေါ့။ ရှင်းအောင်လဲ လုပ်ပါဦး။ မော်ဖိုင်က မင်းကို ခွေဒစ်ပြိုင်ပွဲ မတိုင်မီ မင်းဘာသာ သွားသေစေချင်တာ”

“ဟယ်ရီ၊ မေတ္တာရပ်ခံပါတယ်” ဟာမီးက ပြောတယ်။ အခု သူမ မျက်ရည်လည်နေတယ်။ “နင် ခေါင်းအေးအေး စဉ်းစားစေချင်တယ်။ ဘလက်ဟာ အလွန့်အလွန် ကြောက်စရာ ကိစ္စ လုပ်ခဲ့တယ်။ ဒါပေမယ့် နင့်ကိုယ်နင် အန္တရာယ်ထဲ မပို့ပါနဲ့။ အဲဒါမှ ဘလက် သိပ်မြင်တွေ့ချင်နေတာ ....... အော၊ ဟယ်ရီ၊ နင် ဘလက်ကို သွားရှာရင်၊ နင့်ကိုယ်နင် သူ့လက်အပ်တာနဲ့ တူနေမှာ။ နင့်အဖေနဲ့ အမေဟာ နင့်ကို ဒုက္ခမရောက်စေချင်ဘူး။ ဟုတ်တယ် မဟုတ်လား။ သူတို့က နင့်ကို ဘယ်တော့မှ ဘလက်ကို သွားမရှာစေချင်ဘူး”

“သူတို့ ဘယ်လိုတွေးတယ်ဆိုတာ ငါ ဘယ်တော့မှ မသိနိုင်ဘူး။ အကြောင်းက၊ ဘလက်ကို သိပ်ကျေးဇူးတင်တယ်။ ငါ အစကတည်းက သူတို့နဲ့ စကားမှ မပြောဖူးတာ” ဟယ်ရီက စိတ်မရှည်ဘဲ ပြောတယ်။

ဘယ်သူမှ စကားမပြောတာ အတန်ကြာသွားတယ်။ ဒီအချိန်မှာ ခရွတ်ရှန်ဟာ အပျင်းဆန့်လိုက်တယ်။ ခြေသည်းလေးခုကို ကုတ်လိုက်တယ်။ ရွန့်အင်္ကျီအိတ် လှုပ်သွားတယ်။

"ကြည့်" ရွန်က ပြောတယ်။ စကား ပြောင်းပြောဖို့ ဆိုတာ ထင်ရှားတယ်။ "ဒါ ကျောင်းပိတ်ရက်၊ ခရစ္စမတ်စ် ရောက်တော့မယ်။ ငါတို့ --- ငါတို့ ဟက်ဂရစ်ကို သွားတွေ့ရအောင်။ သူ့ကို သွားမတွေ့တာ ကြာလှပြီ"

"ဟင့်အင်း" ဟာမီးက ချက်ချင်း ပြောတယ်။ "ဟယ်ရီ ရဲတိုက်က ထွက်လို့ မရဘူး၊ ရွန်-----"

"အား၊ တို့ သွားကြစို့" ဟယ်ရီက ပြောတယ်။ ကိုယ်ကို မတ်မတ်ထိုင်လိုက်တယ်။ "ငါက သူ့ကို မေးရဦးမယ်။ ငါ့ မိဘအကြောင်း ပြောပြတဲ့အထဲမှာ ဘာဖြစ်လို့ ဘလက်အကြောင်းကို တစ်ခါမှ မပြောတာလဲ"

ဘလက်အကြောင်း ဆက်ဆွေးနွေးတာဟာ ရွန်နဲ့ ဟာမီးတို့ နှစ်သက်တဲ့ ကိစ္စ မဟုတ်ဘူး။

"တို့ ကျားထိုးရင် ကောင်းမလား" ရွန်က ကမန်းကတန်း တစ်ခုပြောင်းပြောတယ်။ "ဒါမှမဟုတ်ရင် ဇယ်တောက်မယ်။ ဖတ်စီ တစ်စုံ ထားခဲ့တယ်......."

"ဟင့်အင်း၊ ဟက်ဂရစ်ဆီ သွားမယ်" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။

ဒါနဲ့ သူတို့ဟာ အိမ်ခန်းကို သွားပြီး ခြုံထည်ယူတယ်။ အရုပ်ကား အပေါက်ကို ဖြတ်တယ်။ ("ရပ်။ တစ်ချီလောက် ချကြရအောင်။ ဗိုက်ဝါခွေးလေ ခွေးလွင့်တွေ") လူမရှိတဲ့ ရဲတိုက်ကြီးကို ဖြတ်ပြီး၊ ဝက်သစ်ချတံခါးကြီးက ထွက်ခဲ့တယ်။

သူတို့ဟာ မြက်ခင်းပေါ်မှာ ဖြည်းဖြည်း လျှောက်နေတယ်။ မျက်စိစူးတဲ့ နှင်းဖွေးဖွေးတွေပေါ်မှာ ချိုင့်လေးတွေ တန်းစီ ကျန်ရစ်တယ်။ ခြေအိတ်နဲ့ ခြုံထည် အနားတွေ စိုကုန်တယ်။ ရေတောင် ခဲနေတယ်။ တားမြစ်သစ်တောဟာ မှော်စီရင်ခံရတာနဲ့ တူနေတယ်။ သစ်ပင်တိုင်း ငွေရောင်လွှမ်းနေတယ်။ ဟက်ဂရစ်ရဲ့ အိမ်ကလေးကတော့ ရေခဲမုန့်ကြီးလိုပဲ။

ရွန် တံခါးခေါက်တယ်။ ထူးတဲ့လူ မရှိဘူး။

"သူ အပြင်မသွားပါဘူးနော်၊ ဟုတ်လား" ဟာမီးက ပြောတယ်။ ခြုံထည်အောက်မှာ တုန်နေတယ်။

ရွန်က နားနဲ့ တံခါးကို ကပ်နားထောင်တယ်။

"ထူးဆန်းတဲ့ အသံတစ်မျိုး ရှိတယ်" သူက ပြောတယ်။ "နားထောင် --- အစွယ်ကြီးလား"

ဟယ်ရီနဲ့ ဟာမီးလည်း နားရွက်ကို တံခါးပေါ် အပ်လိုက်ကြတယ်။ အိမ်ကလေးထဲမှာ တိုးတိုးနဲ့ အချက်ကျကျ ညည်းညူသံ ထွက်ပေါ်လာတယ်။

"ငါတို့ လူသွားခေါ်ရင် ကောင်းမလား" ရွန်က စိုးရိမ်စွာ ပြောတယ်။

"ဟက်ဂရစ်" ဟယ်ရီက ခေါ်တယ်။ တံခါးကို တအားထုတယ်။ "ဟက်ဂရစ်၊ အထဲမှာ ရှိလား"

လေးပင်တဲ့ ခြေသံ ကြားရတယ်။ ဒီနောက် တံခါး ကျွီ-ခနဲ ပွင့်သွားတယ်။ ဟက်ဂရစ်ဟာ မျက်စိကြီးနီပြီး မျက်ရည်တွေ သူ့သားရေ လက်ပြတ်ခေါင်းစွပ်အင်္ကျီ ရင်ဘတ်ပေါ် ကျနေတယ်။

"မင်းတို့ ကြားသွားပြီ" သူက အော်တယ်။ ဒီနောက် ဟယ်ရီ့ကို ပြေးဖက်တယ်။ လက်နှစ်ဖက်နဲ့ ဟယ်ရီ့လည်ပင်းကို ဖက်ထားတယ်။

ဟက်ဂရစ်ဟာ လူသာမန်တွေထက် အနည်းဆုံး နှစ်ဆလောက် ရှိတယ်။ ဒါ နောက်လို့ရတဲ့ ကိစ္စမဟုတ်ဘူး။ ဟယ်ရီဟာ ဟက်ဂရစ် အဖိခံရလို့ ပြိုလဲတော့မယ်။ ရွန်နဲ့ ဟာမီးတို့ ကယ်လို့ တော်ပါသေးတယ်။ သူတို့ဟာ ဟက်ဂရစ်ရဲ့ ချိုင်းအောက် တစ်ဘက်စီဝင်ပြီး ထမ်းထားလိုက်တယ်။ ဟယ်ရီကလည်း ကူညီတယ်။ ဒီလိုနဲ့ သုံးယောက်သား ဟက်ဂရစ်ကို အိမ်ထဲ ပြန်ခေါ်သွားတယ်။ ဟက်ဂရစ်ဟာ မိမိကို ထိုင်ခုံပေါ်ချထားတာ ခံနေတယ်။ ဒီနောက် စားပွဲအစွန်ပေါ်မှောက်ပြီး၊ မထိန်းနိုင်ဘဲ ငိုပါတော့တယ်။ မျက်ရည်တွေချည်းပဲ။ မျက်ရည်စက်တွေဟာ သူ့ရှုပ်ပွေတဲ့ မုတ်ဆိတ်ပေါ်ကျလာတယ်။

"ဟက်ဂရစ်၊ ဘယ်လို ဖြစ်တာလဲ" ဟာမီးက ပြောတယ်။ လန့်ပြီး ငိုင်နေတယ်။

ဟယ်ရီဟာ စားပွဲပေါ်မှာ ရုံးစာအိတ်လို စာအိတ်တစ်လုံး တွေ့တယ်။ ဖွင့်ထားပြီးပြီ။

"အဲဒါ ဘာလဲ၊ ဟက်ဂရစ်"

ဟက်ဂရစ် ပို ငိုလာတယ်။ သူက စာကို ဟယ်ရီ့ဆီ တွန်းပေးတယ်။ ဟယ်ရီက စာယူဖတ်တယ်။

**ချစ်လှစွာသော မစ္စတာ ဟက်ဂရစ်**

ကျွန်တော်တို့ဟာ သင့်သင်တန်းမှာ ဖြစ်ပွားတဲ့ ဟစ်ပိုဂရစ်ဖ် ကျောင်းသားကို တိုက်ခိုက်တဲ့ ကိစ္စကို တစ်ဆင့်တိုး စုံးစမ်းပြီး ပါမောက္ခ ဒမ်ဘလီဒိုး အာမခံတာကို လက်ခံလိုက်တယ်။ သင်ဟာ ဒီတစ်ကြိမ် ဖြစ်ပွားတဲ့ ဝမ်းနည်းစရာ အဖြစ်အပျက်မှာ တာဝန်မရှိဘူး–လို့ မှတ်ယူတယ်။

"ဒါဆို သိပ်ကောင်းတာပေါ့၊ ဟက်ဂရစ်" ရွန်က ပြောရင်း ဟက်ဂရစ် ပခုံးကို ပုတ်လိုက်တယ်။ ဒါပေမယ့်၊ ဟက်ဂရစ်က ဆက်ငိုနေတယ်။ သူ့လက်ကြီးကို လှုပ်ပြပြီး ဟယ်ရီ့ကို ဆက်ဖတ်ခိုင်းတယ်။

သို့ပေမယ့်၊ ကျွန်ုပ်တို့ဟာ အဲဒီ ပြဿနာ ရှိတဲ့ ဟစ်ပိုဂရစ်ဖ်ကို သတိပြုမိကြောင်း ဖော်ပြအပ်ပါတယ်။ လူးရှပ်စ်–မော်ဖိုင်ရဲ့ တရားဝင်တိုင်ကြားမှုကို ထောက်ခံဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့်၊ ဒီကိစ္စကို အန္တရာယ်ရှိ သတ္တဝါများ အရေးယူစီရင်တဲ့ ကော်မတီသို့ အပ်ရမယ်။ ဧပြီလ ၂၀–ရက်နေ့မှာ ၎င်း ကော်မတီ လန်ဒန်ရုံးခန်းတွင် ကြားနာမည်ဖြစ်သဖြင့် သင်နှင့် သင့်ဟစ်ပိုဂရစ်ဖ်တို့ ထိုနေ့တွင် လာရောက်ပါရန် တောင်းဆိုပါတယ်။ ဒီကာလအတွင်း ဟစ်ပိုဂရစ်ဖ်ကို ကြိုးတုပ်ပြီး ခွဲခြားထားရပါမယ်။

သင့် လုပ်ဖော်ကိုင်ဘက် ..................

အောက်မှာက ကျောင်းလူကြီး အဖွဲ့နာမည် တစ်သီကြီး။"အော" ရွန်က ပြောတယ်။

"ဘတ်ခ်ဘိခ်ဟာ ဒုက္ခပေးတဲ့ ဟစ်ပိုဂရစ်ဖ် မဟုတ်ဘူးလို့ ခင်ဗျားပြောဖူးတယ်လေ၊ ဟက်ဂရစ်။ သူ ဘာမှ မဖြစ်ဘူး။ လောင်းဝံ့တယ်––"

"အန္တရာယ်ရှိ သတ္တဝါများ အရေးယူစီရင်တဲ့ ကော်မတီက လူတွေအကြောင်း မင်း မသိဘူး" ဟက်ဂရစ်က ရှိုက်ရင်း ပြောတယ်။ အင်္ကျီလက်မောင်းနဲ့ မျက်ရည် သုတ်လိုက်တယ်။ "သူတို့ဟာ ဒီလို စိတ်ဝင်စားစရာ သတ္တဝါတွေကို တိုက်နေတာ"

ဟက်ဂရစ် အိမ်လေး ထောင့်တစ်ထောင့်က ရုတ်တရက် အသံတစ်မျိုး ထွက်လာတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အလျင်အမြန် လှည့်ကြည့်တယ်။ အဲဒီ ဟစ်ပိုဂရစ်ဖ် ဘတ်ခ်ဘိခ် ထောင့်မှာ ဝပ်နေတယ်။ တစ်ခုခု ဝါးနေတယ်။ ကြမ်းပြင်ပေါ်မှာ သွေးတွေ စီးကျနေတယ်။

"ကျုပ် သူ့ကို ဆီးနှင်းထဲမှာ ကြိုးတုပ်ထားလို့ ဘယ်ဖြစ်မလဲ" ဟက်ဂရစ်က ရှိုက်ရင်း ပြောတယ်။ "အထီးကျန်၊ ခရစ္စမတ်စ်နေ့ကြီးမှာ"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အပြန်အလှန် ငိုင်ကြည့်နေတယ်။ သူတို့ဟာ ဟက်ဂရစ်က "စိတ်ဝင်စားစရာ သတ္တဝါ"လို့ ခေါ်ပြီး၊ ကျန်လူတွေက "ကြောက်စရာ သတ္တဝါ" လို့ ခေါ်တဲ့အရာကို ဟက်ဂရစ်နဲ့အတူ တစ်ခါမှ မျက်နှာချင်းဆိုင် မကြည့်ဖူးဘူး။ ပြီးတော့လည်း၊ ဘတ်ခ်ဘိခ်ဟာ လူကို ဒုက္ခပေးမယ့်ပုံလည်း နည်းနည်းမှ မရှိဘူး။ စင်စစ်၊ ဟက်ဂရစ် နားလည်နေကျ စံအရ–ဆိုရင်၊ ၎င်းဟာ လူတွေ ချစ်ကြမှာလို့ နားလည်တယ်။

"ခိုင်မာတဲ့ ချေပချက် ပြင်ဆင်ထား၊ ဟက်ဂရစ်" ဟာမီးက ပြောတယ်။ သူမ ထိုင်လိုက်တယ်။ လက်ကို ဟက်ဂရစ်ရဲ့ ကြီးမားတဲ့ လက်ဖျံပေါ် တင်ထားတယ်။ "ဘတ်ခ်ဘိခ် လူကို ဒုက္ခမပေးဘူးဆိုတာ ရှင် သက်သေပြနိုင်လိမ့်မယ်လို့ ကျွန်မ ပြောနိုင်တယ်"

"ဒါလဲ အသုံးမကျဘူး" ဟက်ဂရစ်က ငိုရှိုက်နေတယ်။ "အဲဒီ အရေးယူ စီရင်တဲ့ ကော်မတီက ဘီလူးဆိုးတွေဟာ လူးရှပ်စ်–မော်ဖိုင့် လက်ထဲမှာချည်းပဲ။ သူ့ကို ကြောက်ကြတယ်။ ကျုပ် ရှုံးခဲ့ရင်၊ ဘတ်ခ်ဘိခ်----"

ဟက်ဂရစ်ဟာ လက်ချောင်းနဲ့ လည်ပင်းကို လှီးပြလိုက်တယ်။ ဒီနောက် ဝမ်းနည်းစွာ အော်ပြီး ဘေးသို့ လက်မောင်းနှစ်ခုကြား လှဲချလိုက်တယ်။

"ဒမ်ဘလီဒိုးက ဘယ်လိုပြောလဲ၊ ဟက်ဂရစ်" ဟယ်ရီက မေးတယ်။

"သူ ကျုပ်အတွက် ကူညီတာ များလှပြီ" ဟက်ဂရစ်က ညည်းတယ်။ "ဟို ဝိညာဉ်စုပ်ကောင်တွေ ရဲတိုက်ထဲ မဝင်ရအောင်လုပ်တာတင် သူ အတော် ဒုက္ခရောက်နေပြီ။ ပြီးတော့ ဆီးရီးအက်စ်ကြယ် ဘလက် နေရာတကာ လျှောက်သွားနေတယ် ......"

ရွန်နဲ့ ဟာမီးဟာ ဟယ်ရီ့ကို အလျင်အမြန် ကြည့်လိုက်တယ်။ သူက ဟက်ဂရစ်ကို ဘလက်နဲ့ ပတ်သက်တဲ့ အဖြစ်မှန် မပြောပြရကောင်းလားလို့ အပြစ်တင်မှာကို မျှော်လင့်နေသလိုပဲ။ ဒါပေမယ့် ဟယ်ရီဟာ ဒီလိုမလုပ်နိုင်ဘူး။ ဟက်ဂရစ် သိပ် ဒုက္ခရောက်နေပြီး ကြောက်နေတာမြင်လို့။

"နားထောင်၊ ဟက်ဂရစ်" သူက ပြောတယ်။ "ခင်ဗျား လက်မလျှော့နဲ့။ ဟာမီး ပြောတာ မှန်တယ်။ ခင်ဗျား ချေပဖို့ ပြင်ထား။ ကျွန်တော်တို့ကို သက်သေလုပ်ခိုင်းလို့ ရတယ်"

"ဟစ်ပိုဂရစ်ဖ် ထောင်ချောက် စာချုပ်တဲ့ အမှုတစ်မှုအကြောင်း ကျွန်မ ဖတ်ဖူးတယ်" ဟာမီးက တွေးရင်း ပြောတယ်။ "အဲဒီအမှုထဲမှာ၊ ဟစ်ပိုဂရစ်ဖ် ဘာမှမဖြစ်ဘူး။ ကျွန်မ ရှာပေးမယ်၊ ဟက်ဂရစ်။ တွေ့ရင် ဘယ်လိုဆိုတာ သေချာလေ့လာ"

ဟက်ဂရစ်ဟာ ပို ကျယ်ကျယ် ငိုလာတယ်။ ဟယ်ရီနဲ့ ဟာမီးတို့ ရွန့်ကို ကြည့်နေတယ်။ သူတို့ကို လာကူစေချင်ကြတယ်။

"အော------ ကျွန်တော် လက်ဖက်ရည်ဖျော်မယ်၊ ကောင်းလား"

ဟယ်ရီက သူ့ကို ပြုံးကြည့်တယ်။

"စိတ်မကောင်း ဖြစ်တဲ့လူရှိရင်၊ ကျွန်တော့်အမေ ဒီလိုပဲ လုပ်တယ်" ရွန်က ရေရွတ်ရင်း ပခုံးတွန့်လိုက်တယ်။

နောက်ဆုံး သူတို့ အကြိမ်ကြိမ် ကူညီဖို့ အာမခံပြီး၊ ရှေ့မှာလည်း ဆူပွက်နေတဲ့ လက်ဖက်ရည်ချထားတော့မှ၊ ဟက်ဂရစ်ဟာ စားပွဲခင်းလောက်ကြီးတဲ့ လက်ကိုင်ပဝါနဲ့ နှာခေါင်းကို သုတ်လိုက်ပြီး ပြောတယ်။ "မင်းတို့ပြောတာ မှန်တယ်။ ကျုပ် ပြိုသွားလို့ မဖြစ်ဘူး။ အားတင်းထားမှ ......"

အစွယ်ကြီးဟာ စားပွဲအောက်ကနေ ကြောက်ကြောက်နဲ့ ထွက်လာတယ်။ ခေါင်းကို ဟက်ဂရစ် ဒူးပေါ် တင်ထားတယ်။

"ခုတလော ကျုပ် ဟုတ်ကို မဟုတ်ဘူး" ဟက်ဂရစ်က ပြောတယ်။ လက်တစ်ဖက်က အစွယ်ကြီးကို ပွတ်ပြီး ကျန်တစ်ဖက်က မိမိမျက်နှာကို ပွတ်တယ်။ ဘတ်ခ်ဘိခ်အတွက် စိုးရိမ်တယ်။ ပြီးတော့၊ ကျုပ်သင်တာ ဘယ်သူမှ မကြိုက်ဘူး ....."

"ကျွန်မတို့ ကြိုက်တယ်" ဟာမီးက ချက်ချင်း လိမ်ပြောတယ်။

"ဟုတ်တယ်၊ ခင်ဗျား သိပ်တော်တယ်" ရွန်က ပြောတယ်။ လက်ကို စားပွဲအောက်မှာ ကြက်ခြေခတ်ပြီး ဘုရားသခင်ကို မိမိ လိမ်ပြောနေတယ်လို့ တိုင်တည်တယ်။ "အော---- ဖလိုဘာခူကောင်တွေ ဘယ့်နှယ်လဲ"

"သေကုန်ပြီ" ဟက်ဂရစ်က သုန်မှုန်စွာ ပြောတယ်။ "မွတ်စွန်းတွေ စားတာ သိပ်များလို့"

"အော၊ ဟင့်အင်း" ရွန်က ပြောရင်း နှုတ်ခမ်းတုန်နေတယ်။

"အဲဟို ဝိညာဉ်စုပ်ကောင်တွေဟာလဲ ကျုပ်ကို စိတ်ဂယောက်ယက် ဖြစ်စေတယ်" ဟက်ဂရစ်က ပြောတယ်။ ကိုယ်ကြီး တုန်သွားတယ်။ "ကျုပ် တံမြက်စည်းသုံးလက်ကို အရက်သွားသောက်တိုင်း သူတို့ ရှေ့က ဖြတ်ရတယ်။ ကျုပ် အက်ဇခါဘန်ကို ပြန်ရောက်နေသလိုပဲ......."

သူ အသံ မထွက်ဘူး။ လက်ဖက်ရည်ကို တအားသောက်တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ သူ့ကို အသက်အောင့် ကြည့်နေတယ်။ သူတို့ဟာ ဟက်ဂရစ် အရင်က အက်ဇခါဘန်မှာ ခဏနေခဲ့ရတဲ့အကြောင်း ပြောပြတာ တစ်ခါမှ မကြားဖူးဘူး။ ခဏတိတ်နေပြီးနောက် ဟာမီးက သတိထားမေးတယ်။ "အဲဒီမှာ သိပ်ကြောက်စရာ ကောင်းလား၊ ဟက်ဂရစ်"

"မင်းတို့ တွေးကြည့်လို့ မရဘူး" ဟက်ဂရစ်က ပြောတယ်။ "ဘယ်နေရာကမှ အဲဒီနေရာနဲ့ မတူဘူး။ ကျုပ်ကိုယ်ကျုပ် ရူးတော့မယ်ထင်တာ။ ခေါင်းထဲမှာ ကြောက်စရာတွေချည်း တွေးတာ..... ကျုပ် ဟော့ဂ်ဝပ်က ထုတ်ပစ်ခံရတဲ့နေ့ .... ကျုပ်အဖေသေတဲ့နေ့ .... နော်ဘတ်ကို လွှတ်လိုက်ရတဲ့နေ့......."

သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်နေတယ်။ နော်ဘတ်ဟာ ဟက်ဂရစ် တစ်ခါက ဖဲရိုက်လို့ နိုင်လာတဲ့ နဂါးလေးတစ်ကောင်။

"နည်းနည်းကြာသွားတာနဲ့ မိမိကိုယ်မိမိ ဘယ်သူမှန်း မသိတော့ဘူး။ ပြီးတော့ အသက်ရှင်နေတာ ဘာအဓိပ္ပာယ်ရှိမှန်း မသိတော့ဘူး။ ကျုပ် ခဏ ခဏအိပ်ရင်း သေသွားချင်တယ် .... သူတို့ ကျုပ်ကို လွှတ်လိုက်တော့ အသက်ပြန်ရှင်လာသလိုပဲ။ ဘာမဆို ပြန်သတိရလာတယ်။ အဲဒါ ကမ္ဘာပေါ်မှာ အလှပဆုံးခံစားချက်ပဲ။ မှတ်ထား။ ဝိညာဉ်စုပ်ကောင်က ကျုပ်ကို မလွှတ်ချင်ဘူး"

"ဒါပေမယ့်၊ ရှင့်မှာ အပြစ်မရှိဘူးလေ" ဟာမီးက ပြောတယ်။

ဟက်ဂရစ်က ဒေါသထွက်တဲ့အနေနဲ့ "ဟင်း" လို့ လုပ်လိုက်တယ်။

"ငင်းတို့က ဒါကို အလေးထားတယ် မှတ်လို့လား။ ငင်းတို့က ဒါကို အရေးမထားဘူး။ ငင်းတို့က လူနှစ်ရာလောက် ရထားပြီးပြီ။ ငင်းတို့ဟာ ဒီလူအားလုံးရဲ့ ပျော်ရွှင်မှုကို အကုန် စုပ်ယူတယ်။ ငင်းတို့က ဘယ်သူအပြစ်ရှိတယ်၊ ဘယ်သူအပြစ်မရှိဘူး ဆိုတာ ဂရုဘယ်စိုက်မှာလဲ"

ဟက်ဂရစ် ခဏငြိမ်နေတယ်။ သူ့ လက်ဖက်ရည်ခွက်ကို စိုက်ကြည့်နေတယ်။ ဒီနောက် သူ အေးဆေးစွာ ပြောတယ်။ "ကျုပ် ဘတ်ခ်ဘိခ်ကို လွှတ်ပေးဖို့ စဉ်းစားဖူးတယ် ......... သူ့ကို ပျံသွားစေချင်တယ်..........ဒါပေမယ့် ဟစ်ပိုဂရစ်ဖ်ကို ပုန်းနေသင့်တယ်လို့ ဘယ်လို ရှင်းပြရမလဲ။ ပြီးတော့ -----ပြီးတော့ ကျုပ် တရားဥပဒေ ချိုးဖောက်ရမှာ ကြောက်တယ် ........." သူက ခေါင်းမော့ပြီး သူတို့ကို ကြည့်နေတယ်။ မျက်ရည်တွေ ပါးပေါ်က စီးကျလာတယ်။ "ကျုပ် အက်ဇ်ခါဘန်ကို ပြန်မသွားချင်ဘူး"

ဟက်ဂရစ် အိမ်လေးဆီ သွားရတာ ပျော်စရာမဟုတ်ပေမယ့် ရွန်နဲ့ ဟာမီးတို့ လိုချင်တဲ့ အကျိုးသက်ရောက်မှုတော့ ရလိုက်တယ်။ ဟယ်ရီဟာ ဘလက်ကို လုံးဝမေ့မပစ်ပေမယ့် တကယ်လို့ သူ ဟက်ဂရစ်ကို အန္တရာယ်ရှိ သတ္တဝါ အရေးယူစီရင်ရေး ကော်မတီနဲ့ တရားရင်ဆိုင်ရာမှာ အနိုင်ရအောင် ကူညီမယ်ဆိုရင်၊ သူ ကလဲ့စားချေဖို့ ကိစ္စကိုချည်း တွေးနေလို့ မဖြစ်တော့ဘူး။ သူ၊ ရွန်နဲ့ ဟာမီးဟာ နောက်နေ့မှာ စာကြည့်တိုက် သွားကြတယ်။ လူမရှိတဲ့ အများနားနေခန်း ပြန်ရောက်တော့ လက်ထဲ စာအုပ် တစ်ပွေ့ကြီးနဲ့။ ဒီစာအုပ်တွေဟာ ဘတ်ခ်ဘိခ်အတွက် ချေပပြောဆိုဖို့ အကူအညီ ရကောင်းရလိမ့်မယ်။ သုံးယောက်သား တအားအော်မြည်နေတဲ့ မီးဖိုရှေ့ထိုင်ပြီး ဖုံတက်နေတဲ့ ဖိုင်တွေကို ဖြည်းဖြည်း လှန်နေကြတယ်။ အဲဒါအားလုံးဟာ အစာဖမ်းစားရတဲ့ အကောင်တွေနဲ့ ပတ်သက်တဲ့ နာမည်ကြီး အမှုတွေချည်းပဲ။ ပတ်သက်မှုရှိတဲ့ အခြေအနေ ဖတ်မိရင်း အပြန်အလှန် စကားနည်းနည်း ပြောကြတယ်။

"ဒီမှာ နည်းနည်း ရှိတယ်..... ဒါက ၁၇၇၂ ခုနှစ်က အမှု............ ဒါပေမယ့် ဒီဟစ်ပိုဂရစ်ဖ်ကို အပြစ်ပေးလိုက်တယ်-------- အင်း၊ လူတွေ ငင်းကို ဘာလုပ်သလဲဆိုတာ ကြည့်ရအောင်။ ရွံစရာ ........."

"ဒါက အကူအညီ ရနိုင်တယ်၊ ကြည့်----- ၁၂၉၆ခုနှစ်က လူခေါင်းနဂါးကိုယ် ခြင်္သေ့အမြီး အကောင်ဆန်းက လူတစ်ယောက်ကို ကိုက်တယ်။ လူတွေက ဒီအကောင်ဆန်းကို လွှတ်လိုက်ကြတယ် ---- အော၊ ဟင့်အင်း။ ဒါက အားလုံးက ငင်းကို ကြောက်လို့၊ အနီးမကပ်ဝံ့လို့ .........."

ဒီအချိန်မှာ ကျောင်းမှာနေရစ်တဲ့ ကျောင်းသားသိပ်နည်းပေမယ့် ရဲတိုက်ရဲ့ တခြားနေရာတွေမှာ ခရစ္စမတ်စ် အစဉ်အလာအတိုင်း ခမ်းနားလှပစွာ ပြင်ဆင်ထားပြီးပြီ။ စင်္ကြံတစ်လျှောက် ဆောက်ကုလားပင်၊ မစ်ဆိုထိုတို့နဲ့ လုပ်ထားတဲ့ တံခွန်ကုက္ကားကြီးတွေ ချိတ်ဆွဲထားတယ်။ ချပ်ဝတ်တန်ဆာတိုင်းမှာ အထဲကနေ လျှို့ဝှက်စွာ အလင်းရောင် ထွက်နေတယ်။ ခန်းမထဲမှာ ခါတိုင်းလိုပဲ ခရစ္စမတ်စ် သစ်ပင် ၁၂-ပင် ချထားတယ်။ သစ်ပင်ပေါ်မှာ ရွှေရောင်ကြယ်ပွင့်လေးတွေ လင်းလက်နေတယ်။ စင်္ကြံထဲမှာ စားချင်စိတ်ပေါ်စေတဲ့ ချက်ပြုတ်တဲ့အနံ့တွေ ပျံ့နေတယ်။ ခရစ္စမတ်စ်ရှေ့ရက်ရောက်တော့ ဒီအနံ့တွေ မွှေးလွန်းလို့ အစက်အပြောက်ကလေးကတောင် ရွန့်အိတ်ကပ်၊ ငင်းရဲ့ ကတုတ်ထဲက ခေါင်းပြူလာတယ်။ ဒီအနံ့တွေကို မျှော်လင့်ပြီး နမ်းရှူ့နေတယ်။

ခရစ္စမတ်စ်နံနက်မှာ၊ ဟယ်ရီဟာ ရွန်က ခေါင်းအုံးနဲ့ ပစ်လိုက်လို့ နိုးလာတယ်။

"ဟေ့၊ လက်ဆောင်"

ဟယ်ရီက မျက်မှန်လှမ်းယူပြီး တပ်လိုက်တယ်။ မလင်းတလင်း အလင်းရောင်ထဲမှာ မျက်စိမှေးပြီး ကုတင်ခြေရင်းကို ကြည့်တယ်။ အဲဒီမှာ အထုပ်ပုံလေး တစ်ပုံ ရှိနေပြီ။ ရွန်ဟာ မိမိရတဲ့ လက်ဆောင်ထုပ်ကို ဖြေနေပြီ။

"အမေက ငါ့ကို ဦးထုပ်ပါတဲ့ သားရေအပေါ် အင်္ကျီတစ်ထည် ပေးပြန်ပြီ....... ကြက်သွေးပုပ်ရောင်ပဲ ......... မင်းကော တစ်ထည်ရသလား၊ ကြည့်စမ်း"

ဟယ်ရီလည်း ရတယ်။ မစ္စစ်ဝယ်စလီက သူ့ကို ရဲတွတ်တွတ် ဦးထုပ်ပါ အပေါ်အင်္ကျီတစ်ထည် ပေးတယ်။ ရင်ဘတ်ပေါ်မှာ ဂရစ်ဖင်းဒေါ ခြင်္သေ့တစ်ကောင် ထိုးထားတယ်။ ပြီးတော့ အိမ်မှာဖုတ်တဲ့ အသားဥဒ္ဒပနာမုန့် ၁၂ခု၊ ခရစ္စမတ်စ်ကိတ်နဲ့ မြေပဲလိပ်တွေပါတယ်။ သူက ဒီပစ္စည်းတွေ ဘေးဖယ်ပြီး နောက် အောက်မှာ သေးသေးရှည်ရှည် အထုပ်တစ်ထုပ် တွေ့တယ်။

"အဲဒါ ဘာလဲ" ရွန်က မြင်တော့ မေးတယ်။ သူ့လက်ထဲမှာ ခုမှဖြေတဲ့ ကြက်သွေးပုပ်ရောင် ခြေစွပ်ကို ကိုင်ထားတယ်။

"မသိဘူး..............."

ဟယ်ရီက အဲဒီအထုပ်ကို ဖြေတယ်။ လှပတဲ့၊ အရောင်လက်နေတဲ့ မိုးပျံတံမြက်စည်းတစ်လက် သူ့ကုတင်ပေါ် လိမ့်ဆင်းလာတယ်။ သူ အံ့သြလွန်းလို့ အသက်ရှူတောင် ရပ်တယ်။ ရွန်က ခြေအိတ်ကို ပစ်ချကာ ကုတင်ပေါ်က ဆင်းလာပြီး သေချာကြည့်တယ်။

"မယုံနိုင်စရာပဲ" သူက အသံ အအနဲ့ ပြောတယ်။

အဲဒါ မီးသတ္တိ။ ဟယ်ရီ ထောင့်ဖြတ်လမ်းမှာတုန်းက နေ့တိုင်းသွားကြည့်တဲ့၊ အိပ်မက်ထဲမှာတောင် တမ်းတနေခဲ့တဲ့ တံမြက်စည်းနဲ့ တစ်ပုံစံထဲရယ်။ ဟယ်ရီက တံမြက်စည်းကို ယူလိုက်တယ်။ ၎င်းက တလက်လက်နဲ့။ ၎င်း တုန်ခါနေတာ သူ ခံစားလို့ ရတယ်။ ဒါနဲ့ လက်လွှတ်လိုက်တယ်။ ၎င်းဟာ လေထဲမှာ အမှီသဟဲမရှိဘဲ ပေါ်နေတယ်။ မြေပြင်နဲ့ အကွာအဝေးဟာ သူတက်စီးနိုင်တဲ့ အကွာအဝေး။ သူ့မျက်စိဟာ မိုးပျံတံမြက်စည်းရဲ့ လက်ကိုင်ထိပ်ဖျားရှိ ရွှေရောင်နံပတ်ကနေ လုံးဝ ညီညာဖြောင့်တန်းတဲ့ တံမြက်စည်းအဖျားထိ ကြည့်သွားတယ်။

"ဘယ်သူ မင်းကို ပေးတာလဲ" ရွန်က တိုးတိုးမေးတယ်။

"------ကဒ်ပါလား၊ ကြည့်၊ ကြည့်ရအောင်" ဟယ်ရီက ပြောတယ်။

ရွန်ဟာ မီးသတ္တိရဲ့ အထုပ်အပိုးစက္ကူကို ဖြဲကြည့်တယ်။

"ဘာမှ မပါဘူး။ အမလေး၊ ဘယ်သူကများ မင်းအတွက် ဒီလောက် ငွေကုန်ခံတာလဲ"

"ဟင်" ဟယ်ရီက ပြောတယ်။ သိပ်ကို အံ့သြနေတယ်။ "ဒါစလီတို့အိမ်က ပေးတာ မဟုတ်ဘူး။ ငါ လောင်းဝံ့တယ်"

"ငါက ဒမ်ဘလီဒိုး ပေးတာလို့ လောင်းမယ်" ရွန်က ပြောရင်း၊ ထွန်းပြောင်တဲ့ မီးသတ္တိကို ပတ်ကာသွားနေတယ်။ ခြေဆုံး ခေါင်းဆုံး သေချာကြည့်တယ်။ "သူက မင်းကို နာမည်မဖော်ဘဲ ကိုယ်ပျောက်ဝတ်ရုံ ပေးဖူးတယ် မဟုတ်လား"

"ဒါပေမယ့်၊ အဲဒါ ငါ့အဖေဟာလေ" ဟယ်ရီက ပြောတယ်။ "ဒမ်ဘလီဒိုးက ၎င်းကို ငါ့ပေးအပ်တာပဲ ဖြစ်တယ်။ သူ ငါ့အတွက် ဒီလောက် ငွေကုန်မခံပါဘူး။ သူ ကျောင်းသားကို ဒီလောက် တန်ဖိုးရှိတဲ့ ပစ္စည်း ပေးလို့ မဖြစ်ဘူး"

"ဒါကြောင့် ဒါ သူပေးတာလို့ မပြောတာပေါ့" ရွန်က ပြောတယ်။ "နို့မို့ရင် မော်ဖိုင်လိုကောင်မျိုးက မျက်နှာလိုက်တယ် ပြောမှာ။ ဟေး၊ ဟယ်ရီ -------" ရွန် တအား ရယ်လိုက်တယ်။ "မော်ဖိုင်လေ၊ မင်း တံမြက်စည်းကိုစီးတာ သူ မြင်ရင် စိတ်ညစ်လို့ သေလိမ့်မယ်။ ဒါက နိုင်ငံတကာ အရည်အသွေးရှိတဲ့ တံမြက်စည်း။ တကယ်ပါ"

"ငါ တကယ့်ကို မယုံနိုင်ဘူး" ဟယ်ရီက ရေရွတ်သလို ပြောတယ်။ လက်တစ်ဖက်က တံမြက်စည်းကို ပွတ်သပ်နေတယ်။ "ဘယ်သူလဲ ----" ရွန်က ဟယ်ရီ့ ကုတင်ပေါ်လှဲပြီး မော်ဖိုင် ဘယ်ပုံပေါက်မယ်ဆိုတာ တွေးပြီး ဆို့အောင် ရယ်နေတယ်။

"ငါ သိပြီ" ရွန်က ပြောတယ်။ တတ်နိုင်သလောက် အသံနှိမ့် ပြောတယ်။ "ဘယ်သူပေးတယ်ဆိုတာ ငါ သိပြီ--- လူပင်"

"ဘာ" ဟယ်ရီက ပြောတယ်။ အခု သူ စ ရယ်ပြီ။ "လူပင်လား၊ နားထောင်။ သူ့မှာ ငွေ ဒီလောက်များများရှိရင် ဝတ်ရုံ လေးငါးထည် ဝယ်နိုင်မှာပေါ့"

"ဟုတ်တယ်လေ။ ဒါပေမယ့် သူက မင်းကို ချစ်တယ်" ရွန်က ပြောတယ်။ "မင်းရဲ့ အလင်းစကြာ ကြေမွကုန်တုန်းက မင်းအနားမှာ သူမရှိဘူး။ သူ ဒီအကြောင်း ကြားချင်ကြားမှာ။ ဒါနဲ့ ထောင့်ဖြတ်လမ်းကို သွားပြီး မင်းကို တစ်လက် ဝယ်ပေးတာ----"

"မင်းက သူ မရှိဘူးလို့ ပြောတာ ဘာအဓိပ္ပာယ်လဲ" ဟယ်ရီက ပြောတယ်။ "ငါ ပြိုင်ပွဲဝင်နေတဲ့အခါမှာ သူ ဖျားနေတယ်"

"ဟင်၊ သူ ကျောင်းကဆေးရုံမှာ မရှိဘူး" ရွန်က ပြောတယ်။ "ထိုစဉ်က ငါ ဆေးရုံမှာ ရှိတယ်။ စနိတ်ပ်က ငါ့ကို သေးအိုးဆေးခိုင်းတယ်လေ၊ မင်း မှတ်မိလား"

ဟယ်ရီက ရွန်ကို မျက်မှောင်ကြုတ် ကြည့်တယ်။

"လူပင် ဒီပစ္စည်းမျိုး မဝယ်နိုင်ပါဘူး"

"နင်တို့နှစ်ယောက် ဘာရယ်နေတာလဲ"

ဟာမီး ဝင်လာတယ်။ နံနက်ဝတ်အင်္ကျီ ဝတ်ထားတယ်။ ခရွတ်ရှန် ပါလာတယ်။ ခရွတ်ရှန် ကြည့်ရတာ သိပ်ဆိုးပုံရတယ်။ လည်ပင်းမှာ သတ္တုကြိုးမျှင် တစ်ကွင်းပတ်ထားတယ်။

"သူ့ကို ဒီခေါ်မလာနဲ့" ရွန်ပြောရင်း အစက်အပြောက်ကလေးကို ကုတင်ပေါ်ကနေ ဖမ်းယူလိုက်တယ်။ သူ့ အင်္ကျီအိတ်ကပ်ထဲ ထည့်ထားလိုက်တယ်။ ဒါပေမယ့် ဟာမီးက နားမထောင်ဘူး။ သူမဟာ ခရွတ်ရှန်ကို စီးမတ်စ်ရဲ့ ကုတင်လွတ်ပေါ် တင်လိုက်တယ်။ ပါးစပ်ကြီး ဟပြီး မီးသတ္တိကို ကြည့်နေတယ်။

"အော၊ ဟယ်ရီ။ ဒါ ဘယ်သူ နင့်ပေးတာလဲ"

"မသိဘူး" ဟယ်ရီက ပြောတယ်။ "ဒီလက်ဆောင်မှာ ကဒ်တို့ဘာတို့ မပါဘူး"

ဟယ်ရီ သိပ်အံ့ဩသွားတာက ဒီစကားကို ကြားရပြီး သူမဟာ စိတ်လှုပ်ရှားတာ၊ သိလိုတာမရှိဘဲ သူမ မျက်နှာကြီးမည်းပြီး နှုတ်ခမ်းကို ကိုက်ထားတယ်။

“နင် ဒါ ဘာဖြစ်တာလဲ” ရွန်က မေးတယ်။

“ငါ မသိဘူး” ဟာမီးက ဖြည်းဖြည်းပြောတယ်။ “ဒါပေမယ့် ဒီကိစ္စ တစ်မျိုးကြီးပဲ၊ ဟုတ်လား။ ငါ ပြောချင်တာက၊ ဒါဟာ အလွန်မဆိုးတဲ့ တံမြက်စည်း ဟုတ်တယ် မဟုတ်လား”

ရွန်က ဒေါသနဲ့ သက်ပြင်းချလိုက်တယ်။

“ဒါ အကောင်းဆုံး မိုးပျံ တံမြက်စည်း၊ ဟာမီး” သူက ပြောတယ်။

“ဒါဆို သိပ်ဈေးကြီးမှာပဲ ....”

“စလေးသရင်းက တံမြက်စည်း အားလုံးပေါင်းထက်တောင် ဈေးကြီးနိုင်သေးတယ်” ရွန်က ဝမ်းသာစွာ ပြောတယ်။

“အင်း ..... ဘယ်သူက ဟယ်ရီ့ကို ဒီလောက် တန်ဖိုးကြီးတဲ့ ပစ္စည်း လက်ဆောင် ပေးမှာလဲ။ ပြီးတော့ ဘယ်သူ ဘယ်ဝါဆိုတာလဲ မပြောဘူး” ဟာမီးက မေးတယ်။

“ဘယ်သူ ဒါ သွားစဉ်းစားမှာလဲ” ရွန်က စိတ်မရှည်ဘဲ ပြောတယ်။ “နားထောင်၊ ဟယ်ရီ။ ငါ ခဏ စီးလို့ရမလား။ ရလား၊ မရဘူးလား”

“အခု ဘယ်သူမှ မစီးတာ ကောင်းမယ်လို့ ငါ ထင်တယ်” ဟာမီးက ပြောတယ်။

ဟယ်ရီနဲ့ ရွန်က သူမကို ကြည့်နေတယ်။

“နင်က ဒါကိုယူပြီး ဟယ်ရီ ဘာလုပ်မယ် ထင်လို့လဲ ----တံမြက်စည်း လှည်းဖို့လား” ရွန်က ပြောတယ်။

ဒါပေမယ့်၊ ဟာမီး ဘာမှ မဖြေရခင်မှာ ခရွတ်ရှန်ဟာ စီးမတ်စ် ကုတင်ပေါ်ကနေ ခုန်ချပြီး ရွန့်ရင်ညွှန့်ဆီ တန်းလာတယ်။

“သူ့----ကို ------ဒီ-----ကနေ------မောင်းပစ်” ရွန်က ဟောက်တယ်။ ဒီအချိန်မှာ ခရွတ်ရှန်ရဲ့ လက်သည်းဟာ ရွန့် နံနက်ဝတ်အင်္ကျီကို ဆွဲဆုတ်လိုက်ပြီ။ အစက်အပြောက်လေးဟာ ရွန့်ပခုံးပေါ်ကနေ ကြံဖန် ထွက်ပြေးတယ်။ ရွန်က အစက်အပြောက်လေး အမြီးကို ဖမ်းပြီး ခရွတ်ရှန်ကို တစ်ချက် ကန်လိုက်တယ်။ မထိဘဲ ဟယ်ရီ့ ကုတင်ခြေရင်းက သေတ္တာကို ကန်မိပြီး သေတ္တာ မှောက်သွားတယ်။ ရွန်ကတော့ နေရာတွင် ခြေတစ်ချောင်းနဲ့ ခုန်နေတယ်။ နာလို့ တအား အော်တယ်။

ခရွတ်ရှန်ရဲ့ အမွေးတွေ ရုတ်တရက် ထောင်လာတယ်။ အခန်းထဲမှာ စူးစူးရှရှ၊ သေးငယ်တဲ့ အော်သံ ထွက်လာတယ်။ ဟို ခရီးဆောင် စောင့်ကြည့်မှန်ဟာ ဦးလေးဗာနွဲရဲ့ ခြေစွပ်ဟောင်းထဲက ထွက်ကျလာတယ်။ ကြမ်းပေါ်မှာ လည်ပတ်ရင်း အရောင် လက်နေတယ်။

“ဒီဟာကို ငါ မေ့နေတယ်” ဟယ်ရီက ပြောတယ်။ ကုန်းပြီး ကောက်ယူလိုက်တယ်။ “တတ်နိုင်ရင်၊ ငါ ဒီခြေစွပ်ကို မစွပ်ဘူး....”

စောင့်ကြည့် မှန်ပြောင်းဟာ သူ့ လက်ဝါးထဲမှာ လည်ပြီး ဝီစီသံ ထွက်နေတယ်။ ခရွတ်ရှန်ဟာ တရှီရှီ အော်နေပြီး ၎င်းကို လေမှုတ်လိုက်တယ်။

"နင် ဒီကြောင်ကို ယူသွားရင် ကောင်းမယ်၊ ဟာမီး" ရွန်က ဒေါသနဲ့ ပြောတယ်။ ဟယ်ရီ့ ကုတင်ပေါ် ထိုင်ပြီး ခြေချောင်းတွေကို ပွတ်သပ်ပေးနေတယ်။ "မင်း ဒါကြီးကို လှောင်မထားနိုင်ဘူးလား" သူက ဟယ်ရီကို ပြောပြန်တယ်။ ဒီအချိန်မှာ ဟာမီးဟာ အခန်းက ဖြည်းဖြည်း လျှောက်ထွက်သွားတယ်။ ခရွတ်ရှန်ရဲ့ မျက်စိဝါဝါကြီးဟာ ရွန့်ကို စိုက်ကြည့်တုန်းပဲ။

ဟယ်ရီဟာ စောင့်ကြည့်မှန်ပြောင်းကို ခြေအိတ်ထဲ ပြန်ထည့်တယ်။ အခု ရွန် ခပ်အုပ်အုပ် ထွက်နေတဲ့ နာလို့ အော်သံနဲ့ ဒေါသသံပဲ ရှိတော့တယ်။ အစက်အပြောက်လေးဟာ ရွန့် လက်ဖဝါးထဲမှာ ခွေနေတယ်။ ဟယ်ရီ ၎င်းကို ရွန့်အိတ်ကပ်ထဲက ထွက်လာပြီး ခုထိ မြင်ရတာ အချိန် နည်းနည်းကြာသွားပြီ။ အရင်က သိပ်ဝတဲ့ အစက်အပြောက်လေးဟာ အခု ပိန်လိုက်တာ အရိုးပေါ်အရေတင် ဖြစ်နေပြီ။ သူ အုံ့လည်း အုံ့သြတယ်။ မကျေလည်း မကျေနပ်ဘူး။ အစက်အပြောက်လေးရဲ့ အမွေးတွေဟာ အချပ်လိုက် ကွာကျနေတယ်။

"သူ့ ကြည့်ရတာ သိပ်မဟန်ဘူး၊ ဟုတ်လား" ဟယ်ရီက ပြောတယ်။

"သိပ်ကြောက်လွန်းလို့" ရွန်က ပြောတယ်။ "ဟို ထိုင်းအတဲ့ အမွေးလုံးကြီး သူ့ကို လာမလုပ်ရင် သူ ဘာမှ မဖြစ်ဘူး"

ဒါပေမယ့် ဟယ်ရီဟာ ထူးဆန်းသတ္တဝါ ဥယျာဉ်က အမျိုးသမီး ပြောဖူးတာ သတိရလိုက်တယ်။ ကြွက်ဟာ သုံးနှစ်ပဲ သက်တမ်းရှိတယ်တဲ့။ ဒါကြောင့်၊ အစက်အပြောက်ကလေးမှာ သူ ဘယ်တုန်းကမှ မဖော်ပြတဲ့ တန်ခိုးရှိမှသာ။ နို့မို့ရင် သူဟာ ဘဝရဲ့ နေဝင်ချိန် နီးနေပြီလို့ ဟယ်ရီ တွေးမိတယ်။ ရွန်ဟာ အစက်အပြောက်လေးကို အမြင်ကတ်စရာ ကောင်းတယ်၊ အသုံးမကျဘူးလို့ ပြောနေပေမယ့်၊ အစက်အပြောက်လေး သေသွားရင် ရွန် သိပ် ဝမ်းနည်းလိမ့်မယ်ဆိုတာ ဟယ်ရီ ပြောနိုင်တယ်။

အဲဒီနေ့ နံနက်က အများနားနေခန်းထဲမှာ ခရစ္စမတ်စ် လေထုကတော့ ပါးပါးလေးရယ်။ ဟာမီးဟာ ခရွတ်ရှန်ကို အိပ်ခန်းထဲ ပိတ်ထားခဲ့တယ်။ ဒါပေမယ့် ရွန်က ကန်မယ်လုပ်တာကို သိပ် စိတ်ဆိုးနေတုန်းပဲ။ ရွန်ကလည်း ခရွတ်ရှန် အစက်အပြောက်လေးကို စားမယ် လုပ်ပြန်တာကို အသေ ဒေါသထွက်နေတယ်။ ဟယ်ရီဟာ သူတို့ နှစ်ယောက်ကို သင့်မြတ်အောင်လုပ်တဲ့ ကြိုးစားမှုကို စွန့်လွှတ်လိုက်တယ်။ သူ့ မီးသတ္တိကို စိတ်ဝင်တစား ကြည့်နေတယ်။ သူဟာ မီးသတ္တိကို အများနားနေခန်းထဲ ယူလာတယ်။ အကြောင်းက တစ်ခုခုကြောင့် ထင်တယ်၊ ဒါကို ဟာမီးက မကြိုက်ဘူး။ သူမ ဘာမှ မပြောဘူး။ ဒါပေမယ့် သူမဟာ မျက်နှာကြီး တင်းပြီး အဲဒီ မီးသတ္တိကို ကြည့်နေတယ်။ ၎င်းဟာလည်း သူမကို ဒုက္ခပေးဖူးသလိုပဲ။

နေ့လယ်စာ စားချိန်မှာ သူတို့ ခန်းမကြီးထဲ သွားကြတယ်။ အဲဒီက စားပွဲတွေဟာ နံရံကပ်ရွှေ့ထားတာ တွေ့ရတယ်။ အခန်းအလယ်မှာ လူ ၁၂ ယောက် ထိုင်နိုင်တဲ့ စားပွဲတစ်လုံးပဲ ရှိတယ်။ ပါမောက္ခ ဒမ်ဘလီဒိုး၊ မက်ဂေါ်နာဂေါ်၊ စနိတ်ပ်၊ စပရောက်နဲ့ ဖလစ်ဝစ်တို့ ရောက်နေပြီ။ ကျောင်းစောင့် ဖစ်ချ်လည်း ရှိတယ်။ ဖစ်ချ်ဟာ အမြဲတမ်း ဝတ်နေကျ အညိုရောင် အပေါ်အင်္ကျီအစား အလွန်ဟောင်းပြီး အတော် ခေတ်ကုန်တဲ့ အမြီးရှည် ကုတ်အင်္ကျီကို ဝတ်ထားတယ်။ သူတို့အပြင် ကျောင်းသားသုံးယောက်ပဲ ရှိတယ်။ အလွန် စိတ်လှုပ်ရှားနေတဲ့ ပထမနှစ် ကျောင်းသားနှစ်ယောက်နဲ့ မျက်နှာကြီး သုန်မှုန်နေတဲ့ စလေးသရင်း ဆဋ္ဌမနှစ်ကျောင်းသား တစ်ယောက်။

"ခရစ္စမတ်စ် ပျော်ရွှင်ပါစေ" ဒမ်ဘလီဒိုးက ပြောတယ်။ ဒီအချိန်မှာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ စားပွဲနား ရောက်လာတယ်။ "ကျုပ်တို့ လူမများဘူး၊ ဟောက်စ် အသီးသီး စားပွဲသုံးရင် အ လွန်းတယ် … ထိုင်ကြ၊ ထိုင်ကြ"

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ စားပွဲခုံအစွန်မှာ တွဲထိုင်လိုက်ကြတယ်။

"မီးပန်း" ဒမ်ဘလီဒိုးက လိုက်လဲစွာပြောတယ်။ ငွေရောင် မီးပန်းကြီးရဲ့ အစွန်ကို စနိတ်ပ်ကို ကမ်းပေးတယ်။ စနိတ်ပ် မယူချင့် ယူချင်နဲ့ ယူလိုက်ပြီး ဆွဲလိုက်တယ်။ အဲဒီ ဖျောက်အိုးဟာ ဒိုင်း–ခနဲ သေနတ်ပစ်သလို အသံထွက်ပြီး ပွင့်ထွက်သွားတယ်။ မှော်ဆရာမ ဦးထုပ်ချွန်ကြီးတစ်လုံး ပေါ်လာတယ်။ ဦးထုပ်ထိပ်မှာ စွန်ရုပ်ကြီးလည်း ရှိတယ်။

ဟယ်ရီဟာ ဘော့ဂတ်အကြောင်း တွေးမိတယ်။ ရွှန်နဲ့ မျက်စိချင်းဆုံပြီး ပြုံးဖြီးဖြီး ရယ်ကြတယ်။ စနိတ်ပ် ပါးစပ်စေ့ထားတယ်။ သူက ဦးထုပ်ကို ဒမ်ဘလီဒိုးဆီ တွန်းပေးတယ်။ ဒမ်ဘလီဒိုးက ချက်ချင်းယူပြီး မိမိရဲ့ မှော်ဆရာဦးထုပ်နဲ့ လဲဆောင်းလိုက်တယ်။

"စားကြ" သူက စားပွဲမှာ ထိုင်နေတဲ့ လူအားလုံးကို ပြောတယ်။

ဟယ်ရီဟာ မိမိအတွက် အာလူးဖုတ်ယူနေစဉ် ခန်းမကြီး တံခါးပွင့်သွားတယ်။ ဝင်လာသူဟာ ပါမောက္ခ ထရီလောနီ။ သူမဟာ အများဆီသို့ လျှောစီးလာတယ်။ ဘီးတပ်ခုံပေါ် ရပ်လာသလိုပဲ။ ခရစ္စမတ်စ်ပွဲအတွက် သူမဟာ သတ္တုပြားဝိုင်းလေးတွေ ကွပ်ထားတဲ့ အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားတယ်။ သူမကို ကြည့်ရတာ လက်နေတဲ့ အထူးကြီးတဲ့ ပုဇဉ်းကြီးနဲ့ တူနေတယ်။

"ဆီဘီး၊ ခင်ဗျား လာတဲ့အတွက် သိပ် ဝမ်းသာတယ်" ဒမ်ဘလီဒိုးက ပြောရင်း မတ်တတ် ရပ်လိုက်တယ်။

"ကျောင်းအုပ်ကြီး၊ ကျွန်မ ခရစ်ဆယ်ဘောလုံးကို ကြည့်နေတာ" ပါမောက္ခ ထရီလောနီက ပြောတယ်။ အသံက မသဲမကွဲဆုံး၊ ဟိုးဝေးလံတဲ့ နေရာက ပြောတဲ့ အသံမျိုး။ "ကျွန်မ အံ့သြရတာက၊ ကျွန်မဟာ မိမိဘာသာ သုံးဆောင်နေတဲ့ နေ့လယ်စာကို စွန့်ပြီး ရှင်တို့ရဲ့ စုပေါင်းစားပွဲကို ပါဝင်ဖို့လာတာ ကျွန်မ မြင်ရတာပဲ။ ကျွန်မက ဘာမို့လို့လဲ။ ကံကြမ္မာရဲ့ ဆော်သြချက်ကို ဘယ်လိုလုပ် ငြင်းဆန်နိုင်မှာလဲ။ ကျွန်မဟာ ချက်ချင်း အဆောင်က ထွက်ခဲ့တယ်။ ကျွန်မ နောက်ကျတဲ့အတွက် ခွင့်လွှတ်ပါရန် စိတ်ရင်းနဲ့ တောင်းပန်ပါတယ်.........."

"ဒါပေါ့၊ ဒါပေါ့" ဒမ်ဘလီဒိုးက ပြောတယ်။ မျက်စိအရောင် တောက်နေတယ်။ "ခင်ဗျားအတွက် ခုံတစ်လုံး ယူပေးမယ် -----"

သူဟာ တကယ်ပဲ မှော်ကြိမ်လုံးနဲ့ မိုးပေါ်ကနေ ထိုင်ခုံတစ်လုံး ဆွဲယူလိုက်တယ်။ အဲဒီခုံဟာ လေထဲမှာ စက္ကန့်အနည်းငယ် လည်နေပြီးမှ၊ ဒတ်ခနဲ အသံမြည်ပြီး ပါမောက္ခ စနိတ်ပ်နဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်ကြား ကျသွားတယ်။ ဒါပေမယ့် ပါမောက္ခ ထရီလောနီ ဝင်မထိုင်ဘူး။ သူမ မျက်လုံးကြီးတွေဟာ စားပွဲတစ်ခုလုံး လိုက်ကြည့်တယ်။ ရုတ်တရက် တိုးတိုးလေး စူးရှစွာ အော်လိုက်တယ်။

"ကျွန်မ မထိုင်ဝံ့ဘူး၊ ကျောင်းအုပ်ကြီး။ ကျွန်မ ထိုင်လိုက်ရင်၊ စားပွဲမှာ လူ ၁၃ ယောက် ဖြစ်သွားမယ်။ ဆယ့်သုံးထက် နိမိတ်မကောင်းတာ မရှိတော့ဘူး။ ဘယ်တော့မှ မမေ့ပါနဲ့။ လူဆယ့်သုံးယောက် အတူ ထမင်းစားရင်၊ ထမင်းစားပြီးနောက် ပထမဆုံး မတ်တတ်ရပ်တဲ့လူဟာ ပထမဆုံး သေမယ်"

"ကျွန်မတို့ ဒီအန္တရာယ်ကို ရင်ဆိုင်ချင်ပါတယ်၊ ဆီဘီး" ပါမောက္ခ မက်ဂေါ်နာဂေါက စိတ်မရှည်ဘဲ ပြောတယ်။ "ထိုင်၊ ကြက်ဆင်ကအေးပြီး ကျောက်ခဲလို မာသွားတော့မယ်"

ပါမောက္ခ ထရီလောနီ တွေဝေနေတယ်။ ဒိနောက် အဲဒီထိုင်ခုံလွတ်မှာ ထိုင်လိုက်တယ်။ မျက်စိမှိတ်၊ ပါးစပ်တင်းတင်းစေ့ထားတယ်။ ခုချက်ချင်း ဒီစားပွဲကို မိုးကြိုးပစ်တော့မလိုပဲ။ ပါမောက္ခ မက်ဂေါ်နာဂေါက ဟင်းရည်ဇွန်းကြီးကို အနီးဆုံး အဖုံးပါတဲ့ ပန်းကန်လုံးကြီးထဲ နှစ်လိုက်တယ်။

"အမဲ ဝမ်းတွင်းသား၊ စားမလား"

ပါမောက္ခ ထရီလောနီဟာ သူမကို ဂရုမစိုက်နိုင်ဘူး။ သူမဟာ မျက်လုံးဖွင့်လိုက်ပြီး ဘေးဘီကို ကြည့်တယ်။ "ချစ်လှစွာသော ပါမောက္ခ လူပင် ဘယ်ရောက်သွားလဲ" လို့ မေးတယ်။

"ဒီသနားစရာလူ ဖျားပြန်ပြီ ထင်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ အားလုံးကို စ စားကြဖို့ အမူအရာပြတယ်။ "သူ ခရစ္စမတ်စ်မှာ ဖျားသွားတာ၊ သိပ်ကို ကံဆိုးတာပဲ"

"ဒါပေမယ့် ရှင် သိပြီးရောပေါ့၊ ဟုတ်လား ဆီဘီး" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ မျက်ခုံး ပင့်ထားတယ်။ပါမောက္ခထရီလောနီက ပါမောက္ခ မက်ဂေါ်နာဂေါကို အေးစက်စက် ကြည့်လိုက်တယ်။

"ကျွန်မ သိတာပေါ့၊ မီနာဗာ" သူမဟာ အေးဆေးစွာ ပြောတယ်။ "ဒါပေမယ့် လူတွေဟာ မိမိမသိတာ မရှိဘူးလို့ မကြွားချင်တာပါ။ ကျွန်မ နေထိုင်ပြောဆိုပုံဟာ ကျွန်မမှာ နတ်မျက်စိ မရှိသလိုပဲ။ ဒါမှ တခြားလူတွေ စိတ်မလှုပ်ရှားမှာ"

"ဒါက ပြဿနာ အများအပြားကို အဖြေရစေတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ခနဲ့တယ်။

ပါမောက္ခ ထရီလောနီရဲ့ အသံဟာ ရုတ်တရက်ကြီး သိပ်မဝေဝါးတော့ဘူး။

"ရှင် သိကို သိချင်တယ်ဆိုရင်၊ မီနာဗာ။ သနားစရာ ပါမောက္ခလူပင်ဟာ ကျွန်မတို့နဲ့ ရေရှည်မနေရတော့ဘူးဆိုတာ ကျွန်မ မြင်တယ်။ သူကိုယ်နှိုက်လဲ သိပ်မနေရတော့ဘူးဆိုတာ သိတယ်။ ကျွန်မက သူ့ကို ခရစ်ဆယ် ဘောလုံး ကြည့်ပေးမယ် ပြောတိုင်း၊ သူက ရှောင်တယ် ----"

"ကြည့်သေးတာပေါ့" ပါမောက္ခ မက်ဂေါ်နာဂေါက ခြောက်သွေ့စွာ ပြောတယ်။

"ကျုပ်ထင်တယ်" ဒမ်ဘလီဒိုးက ပြောတယ်။ အသံက ဝမ်းသာတဲ့ အသံ။ နည်းနည်း မြှင့်ပြောတယ်။ ဒါနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါနဲ့ ပါမောက္ခ ထရီလောနီကြားက အပြန်အလှန် ပြောကြတာ ပြီးဆုံးသွားတယ်။ "ပါမောက္ခ လူပင် ခုချက်ချင်း ဘာအန္တရာယ်မှ မရှိနိုင်ဘူး။ ဆီးဗရတ်စ်၊ ခင်ဗျား သူ့ အတွက် ဆေးဖော်ပေးသေးလား"

"ဟုတ်ကဲ့၊ ကျောင်းအုပ်ကြီး" စနိတ်ပ်က ပြောတယ်။

"ကောင်းတယ်" ဒမ်ဘလီဒိုးက ပြောတယ်။ "ဒါဆို သူ မကြာခင် လမ်းဆင်းလျှောက်နိုင်တော့မယ် ..... ဒီရက်၊ မင်း ဒီ ဝက်အူချောင်း စားဖူးလား၊ အရသာ သိပ်ကောင်းတာပဲ"

အဲဒီ ပထမနှစ် ကျောင်းသားဟာ ကျောင်းအုပ်ကြီးက သူနဲ့ စကားပြောတာကြောင့် မျက်နှာကြီး နီသွားတယ်။ ဒါနဲ့ လက်နှစ်ဖက် တုန်တုန်နဲ့ ဝက်အူချောင်း ပန်းကန်ပြားကို ယူလိုက်တယ်။

နှစ်နာရီကြာတော့ ခရစ္စမတ်စ်စားပွဲကြီး ပြီးဆုံးသွားပြီ။ ဒီမတိုင်မီမှာ ပါမောက္ခ ထရီလောနီရဲ့ အပြုအမူဟာ ပုံမှန်ပါပဲ။ ဟယ်ရီနဲ့ ရွန်ဟာ ခရစ္စမတ်စ် စားပွဲကြီးက စားကောင်းသောက်ဖွယ်တွေ စားတာ ဗိုက်ကြီးတောင် ကွဲတော့မယ်။ ခေါင်းပေါ်မှာလည်း မီးပန်း ဦးထုပ်တွေ ကိုယ်စီနဲ့။ သူတို့ ထမင်းစားပွဲက အရင်ဆုံး ထွက်ခွာကြတယ်။ ပါမောက္ခ ထရီလောနီဟာ အကျယ်ကြီး ထအော်တယ်။

"ဘုရား၊ ဘုရား။ မင်းတို့နှစ်ယောက် ဘယ်သူ ပထမဦးဆုံး စားပွဲက ထွက်သွားတာလဲ။ ဘယ်သူလဲ"

"မသိဘူး" ရွန်က ပြောတယ်။ ဟယ်ရီ့ကို စိုးရိမ်စွာ ကြည့်နေတယ်။

“ဒါ ဘာမှ မကွာပါဘူး ထင်တယ်” ပါမောက္ခ မက်ဂေါ်နာဂေါ်က အေးစက်စက် ပြောတယ်။ “ရူးနေတဲ့ ဓားသမားတစ်ယောက် တံခါးအပြင်မှာ စောင့်နေပြီး ပထမဦးဆုံး တံခါးအဝင်ခန်းကို ထွက်လာတဲ့သူကို ခုတ်မှပဲ”

ရွန်ကတောင် ရယ်လာတယ်။ ပါမောက္ခ ထရီလောနီဟာ အများကြီး ထိပါးခံရသလိုပဲ။

“လာမလား” ဟယ်ရီက ဟာမီးကို ပြောတယ်။

“ဟင့်အင်း” ဟာမီးက ရေရွတ်သလို ပြောတယ်။ “ငါ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ စကားတစ်ခွန်းလောက် ပြောမလို့”

“သူမ တခြားဘာသာရပ်တစ်ချို့ ပိုယူလို့ ရမလားဆိုတာ မေးဖို့ ဖြစ်မှာပေါ့” ရွန်က သမ်းဝေရင်း ပြောတယ်။ သူတို့ဟာ တံခါးအဝင်ခန်းဆီ သွားနေတယ်။ အဲဒီမှာ ဘယ်အရူး ဓားသမားမှ မရှိဘူး။

သူတို့ဟာ အရုပ်ကား အပေါက်ဝ ရောက်လာတယ်။ ဆာခါဒိုဂင်ဟာ ဘုန်းကြီးနှစ်ပါး၊ ဟော့ဂ်ဝပ်ကျောင်းရဲ့ ယခင်ကျောင်းအုပ်တချို့၊ ပြီးတော့ ၎င်းရဲ့ ဝတုတ်တုတ် မြင်းပုမျိုးလေးနဲ့အတူ ခရစ္စမတ်စ်ပွဲ ကျင်းပနေတယ်။ သူက ခေါင်းပေါ်က သံခမောက်ကို အထက်သို့ တွန်းတင်လိုက်ပြီး၊ ပျားရည် အရက် တစ်ခရားနဲ့ သူတို့ကို ဂုဏ်ပြုနေတယ်။

“ခရစ္စမတ်စ် ---- အော--- ပျော်ရွှင်ပါစေ။ စကားဝှက်”

“စက်ဆုပ်ဖွယ်ကောင်းတဲ့ ခွေးမျိုး” ရွန်က ပြောတယ်။

“ခင်ဗျားလည်း အတူတူပဲ၊ မစ္စတာ” ခါဒိုဂင်က အော်ဟောက်တယ်။ ဒီအချိန်မှာ အရုပ်ကားဟာ စောင်းပေးပြီး သူတို့ကို ဝင်ခွင့်ပေးလိုက်တယ်။

ဟယ်ရီဟာ အိပ်ဆောင်ကို တိုက်ရိုက် ပြန်သွားတယ်။ မိမိရဲ့ မီးသတ္တိနဲ့ ဟာမီး လက်ဆောင်ပေးတဲ့ “မိုးပျံတံမြက်စည်း ထိန်းသိမ်းရေး လက်စွဲ” စာအုပ်ကို စုယူပြီး အောက်ထပ်ကို ဆင်းလာတယ်။ မီးသတ္တိကို တစ်ခုခု လုပ်ပေးချင်တယ်။ ဒါပေမယ့် ကွေးကောက်တဲ့ တံမြက်စည်းတံတွေ မရှိဘူး။ မိုးပျံတံမြက်စည်းဟာ ချောမွတ်ပြီး ဘာအနာအဆာမှ မရှိဘူး။ ပွတ်တိုက်ပေးဖို့လည်း မလိုဘူး။ သူနဲ့ ရွန်တို့ ထိုင်နေကြပြီး ထောင့်အသီးသီးကနေ မီးသတ္တိကို ကြည့်ရှု ခံစားကြတယ်။ အရုပ်ကားအပေါက်ဝ ပွင့်သွားပြီး ဟာမီး ဝင်လာတယ်။ သူမနဲ့ အတူ လိုက်ပါလာသူက ပါမောက္ခ မက်ဂေါ်နာဂေါ်။

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဂရစ်ဖင်းဒေါ်ဟောက်စ်က ကျောင်းအုပ် ဖြစ်ပေမယ့်၊ ဟယ်ရီဟာ သူမ အများနားနေခန်းကိုလာတာ တစ်ကြိမ်ပဲ မြင်ဖူးတယ်။ ပြီးတော့၊ အဲဒီအကြိမ်ဟာ အလွန်အရေးကြီးတဲ့ ကိစ္စကို ကြေညာဖို့လာတာ။ သူနဲ့ ရွန်တို့ သူမကို စိုက်ကြည့်နေကြတယ်။ နှစ်ယောက်စလုံး အဲဒီ မီးသတ္တိကို ကိုင်ထားတယ်။ ဟာမီးဟာ သူတို့အနားမှာ တစ်ပတ်လျှောက်လိုက်ပြီး ထိုင်လိုက်တယ်။ စာအုပ်တစ်အုပ် ကောက်ယူပြီး မျက်နှာနဲ့ အပ်ထားတယ်။

“ဒါပဲ ဖြစ်မယ် ထင်တယ်၊ မဟုတ်လား” ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်။ သူမမျက်စိ အရောင်တောက်နေတယ်။ သူမဟာ မီးလင်းဖိုဘေး သွားပြီး အဲဒီ မီးသတ္တိကို ကြည့်နေတယ်။ “မစ်ဂရန်ဂျာက ခုနက ငါ့ကို ပြောတယ်၊ မင်းကို တစ်ယောက်က မိုးပျံတံမြက်စည်း လက်ဆောင်ပေးတယ်ဆို၊ ပေါ်တာ”

ဟယ်ရီနဲ့ ရွန်က ဟာမီးကို လှည့်ကြည့်ကြတယ်။ စာအုပ်အပေါ်ဘက်မှာ ပေါ်နေတဲ့ သူမရဲ့ နဖူး နီလာတာ သူတို့ တွေ့ရတယ်။ ပြီးတော့ စာအုပ်က ပြောင်းပြန်ကြီး။

“ငါ့ပြလို့ ရမလား” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ ဒါပေမယ့် သူမဟာ အဖြေကိုမစောင့်ဘဲ သူတို့လက်ထဲကနေ မီးသတ္တိကို ယူလိုက်တယ်။ သူမဟာ အစ အဆုံး စစ်ဆေးလိုက်တယ်။ “ဟင်း၊ ဘာရှင်းပြချက်မှ မပါဘူး မဟုတ်လား၊ ပေါ်တာ။ ကဒ်လဲ မပါဘူး။ ဘာအချက်အလက်မှ မပါဘူး မဟုတ်လား”

“မရှိဘူး” ဟယ်ရီက အမူအရာမပါဘဲ ပြောတယ်။

“နားလည်ပြီ .........” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ “အင်း၊ မတတ်သာလို့ ၎င်းကို ယူသွားရလိမ့်မယ်၊ ပေါ်တာ”

“ဘာ ---- ဘာလဲ” ဟယ်ရီက ကပျာကရာ မတ်တတ် ထရပ်လိုက်တယ်။ “ဘာဖြစ်လို့လဲ”

“မင်္ဂလာမရှိတာတွေ ပါမလားလို့ စစ်ဆေးမှ ဖြစ်မယ်” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ “ငါကတော့ ပါရဂူ မဟုတ်တာ သေချာတယ်။ ဒါပေမယ့်၊ မဒမ်ဟူးချ်နဲ့ ပါမောက္ခ ဖလစ်ဝစ်က ၎င်းကို ဖြုတ်မှာ....”

“ဖြုတ်မယ်” ရွန်က လိုက်ပြောတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ ရူးနေပြီလို့ ထင်သလိုပဲ။

“ဒါ ဘယ်နှစ်ပတ်မှ မကြာပါဘူး” ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ “တကယ်လို့ ၎င်းမှာ ဘာမကောင်းတဲ့ အရာမှ မပါဘူးဆိုတာ သေချာရင် မင်းကို ပြန်ပေးမယ်”

“၎င်းမှာ ဘာအနာအဆာမှ မရှိပါဘူး” ဟယ်ရီက ပြောတယ်။ အသံက နည်းနည်း တုန်နေတယ်။

“အမှန်ပြောရရင်၊ ပါမောက္ခ မက်ဂေါ်နာဂေါ .........”

“မင်း မသိနိုင်ပါဘူး၊ ပေါ်တာ” ပါမောက္ခ မက်ဂေါ်နာဂေါက စိတ်ကောင်းစေတနာနဲ့ ပြောတယ်။ “ဘာပဲဖြစ်ဖြစ်၊ ပျံသန်းကြည့်မှ သိမှာ။ ၎င်းကို တစ်ခုခု လုပ်ထားတာ မရှိဘူး ဆိုတာ မသေချာသေးခင်မှာ မင်းကို စီးခိုင်းတာ မဖြစ်နိုင်ဘူး ထင်တယ်။ ဘယ်လို အခြေအနေ ရှိတယ်ဆိုတာ မင်းကို အကြောင်းကြားမယ်”

ပါမောက္ခ မက်ဂေါ်နာဂေါဟာ မီးသတ္တိကိုယူပြီး အရုပ်ကား အပေါက်ကနေ ထွက်သွားတယ်။ အပေါက်ဟာ သူမနောက်မှ ပိတ်သွားတယ်။ ဟယ်ရီဟာ သူမ ဝေးသွားတဲ့အထိ လိုက်ကြည့်နေတယ်။ လက်ထဲမှာ အဆင့်မြင့် သန့်စင်တဲ့ အရောင်တင်ဆီဗူးကို ကိုင်ထားတုန်းပဲ။ ဒါပေမယ့် ရွန်ကတော့ ဟာမီးဘက် လှည့်စကားပြောတယ် -----

“နင် ပါမောက္ခ မက်ဂေါ်နာဂေါကို သွားရှာပြီး ဘာလုပ်တာလဲ”

ဟာမီးက စာအုပ်ကို ပစ်ချလိုက်တယ်။ သူမမျက်နှာဟာ ပန်းရောင်သန်းနေတုန်းပဲ။ ဒါပေမယ့် သူမဟာ ဘာမှမမှုဘဲ မတ်တတ်ရပ်ပြီး ရွန့်ကို ရင်ဆိုင်တယ်။

“ငါက ဒီလို ထင်လို့ ---ပါမောက္ခ မက်ဂေါ်နာဂေါကလဲ ငါ့အမြင်ကို သဘောတူတယ် ---- ဒီ တံမြက်စည်းဟာ ဆီးရီးအက်စ်ကြယ် ဘလက်က နင့်ကို ပေးတာ ဖြစ်ချင်ဖြစ်နေမှာ”

• • • • • • •

## ၁၂။ အစောင့်အရှောက်

ဟာမီးက စေတနာနဲ့ လုပ်တယ်ဆိုတာ ဟယ်ရီသိတယ်။ ဒါပေမယ့် သူမကို စိတ်မဆိုးပဲ မနေနိုင်ဘူး။ သူဟာ နာရီပိုင်းကလေး အတွင်းမှာ ကမ္ဘာပေါ်က အကောင်းဆုံး မိုးပျံတံမြက်စည်းကို ပိုင်ဆိုင်ခဲ့တယ်။ အခုတော့ သူမဝင်ပါလို့ ဒီတံမြက်စည်းကို နောက်ထပ် မြင်တွေ့ရဦးမလားဆိုတာ မသိတော့ဘူး။ ဒီမီးသတ္တိဟာ ဘာမှ မကောင်းတဲ့နေရာ မရှိဘူးဆိုတာ သူ သေချာပြောနိုင်တယ်။ ဒါပေမယ့် ၎င်းကို မကောင်းဆိုးဝါး ခုခံမှု စမ်းသပ် တိုင်းထွာတာတွေ အမျိုးမျိုး လုပ်ပြီးရင်၊ ၎င်း ဘယ်ပုံ ဖြစ်လာမလဲ မသိဘူး။

ရွန်ကလည်း ဟာမီးကို အရမ်း စိတ်ဆိုးတယ်။ သူ့ ယူဆချက်က၊ မီးသတ္တိ အသစ်စက်စက်ကြီးကို ဖြုတ်ပစ်တာဟာ ပြစ်မှုကျူးလွန်တဲ့ ဖျက်ဆီးမှုပဲ။ ဟာမီးကတော့ သူမ ဒီလို လုပ်တာဟာ အကောင်းဆုံး အကျိုးသက်ရောက်မှု ရဖို့လို့ ယုံကြည်တုန်းပဲ။ ဒါပေမယ့် သူမဟာ တတ်နိုင်သလောက် အများနားနေခန်းကို မသွားတော့ဘူး။ဟယ်ရီနဲ့ ရွန်က သူမဟာ စာကြည့်တိုက် သွားရှောင်နေတယ်လို့ ထင်တယ်။ ဒါကြောင့် သူမကို ပြန်လာဖို့ ကြိုးစား မပြောတော့ဘူး။ ချုပ်ပြောရရင် ခရစ်သက္ကရာဇ် နှစ်ဆန်းတစ်ရက်နေ့ နောက်ပိုင်း မကြာဘူး ကျောင်းသားတွေ ကျောင်းပြန်လာကြပြီ။ ဂရစ်ဖင်းဒေါအိမ်ချွန်ဟာ အစကလို စည်ကား ဆူညံလာပြန်တယ်။ ဟယ်ရီနဲ့ ရွန်က ဒါကို ဝမ်းသာတယ်။

ကျောင်းဖွင့်ခါနီးမှာ၊ ဝုဒ်က ဟယ်ရီ့ကို အပြင် ခေါ်ထုတ်သွားတယ်။

“ခရစ္စမတ်စ် ပျော်ရဲ့လား” သူက ပြောတယ်။ ပြီးနောက် အဖြေမစောင့်ဘဲ ထိုင်လိုက်တယ်။ အသံက နှိမ့်ပြီး ပြောတယ်။ “အရင်တစ်ခါ ပြိုင်ပွဲ ပြီးနောက်၊ မင်း သိလား၊ ဟယ်ရီ၊ ငါ တစ်ချိန်လုံး စဉ်းစားနေတယ်။ ခရစ္စမတ်စ်မှာလဲ အနားမနေဘူး။ တကယ်လို့ နောက်တစ်ကြိမ် ပြိုင်ပွဲမှာ ဝိညာဉ်စုပ်ကောင်တွေ လာရင်.......... ငါ့ အဓိပ္ပာယ်က .............တို့ မင်းကို ........... အင်း..........”

ဝုဒ်က ရပ်ပြီး မပြောတော့ဘူး။ အားနာနေတဲ့ ပုံစံ။

"ကျွန်တော် ကြိုးစား ပြင်ဆင်နေတယ်" ဟယ်ရီက အမြန်ပြောတယ်။ "ပါမောက္ခ လူပင်က သူ ကျွန်တော့်ကို အဲဒီ ဝိညာဉ်စုပ်ကောင်တွေကို ခုခံ ကာကွယ်တဲ့နည်း သင်ပေးမယ်တဲ့။ ကျွန်တော်တို့ ဒီအပတ်မှာ စတော့မှာ။ သူက ခရစ္စမတ်စ်ပြီးရင် အချိန်ရတယ်လို့ ပြောတယ်"

"အား" ဝုဒ်က ပြောတယ်။ အမူအရာက ပွင့်လင်းလာတယ်။ "ကောင်းပြီ၊ ဒီလိုဆိုရင် ---- ငါက မင်းလို ရှာဖမ်းသမားကို မဆုံးရှုံးချင်ဘူး။ ဟယ်ရီ၊ မင်း မိုးပျံတံမြက်စည်း အသစ် မှာထားပြီလား"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။

"ဘာ။ မင်း မြန်မြန်လုပ်မှ၊ မင်း သိလား --- မင်း ဟိုကြယ်ကြွေကိုစီးပြီး ရေဗင်ခလောနဲ့ ပြိုင်လို့ မဖြစ်ဘူးလေ"

"သူ ခရစ္စမတ်စ် လက်ဆောင် မီးသတ္တိတစ်လက် ရထားတယ်" ရွန်က ပြောတယ်။

"မီးသတ္တိ၊ ဟင့်အင်း။ တကယ်လား။ မီးသတ္တိ စစ်စစ် ------- တစ်လက်လား"

"သိပ်ပျော်မနေနဲ့၊ အော်လီဗာ" ဟယ်ရီက ခပ်မှိုင်မှိုင် ပြောတယ်။ "အခု မရှိတော့ဘူး။ အသိမ်းခံရတယ်" ဒါနဲ့ သူက မီးသတ္တိ အခု အစစ်ဆေးခံနေရတယ်။ မကောင်းဆိုးဝါး စီရင်ထားမှာစိုးလို့ ဆိုတာ ရှင်းပြတယ်။

"မကောင်းဆိုးဝါးပါမယ်လား။ ဘယ်လိုလုပ်ပြီး မကောင်းဆိုးဝါး ပါမှာလဲ"

"ဆီးရီးအက်စ်ကြယ် ဘလက်" ဟယ်ရီက စိတ်ဓာတ်ကျစွာ ပြောတယ်။ "လူတွေက သူ ကျွန်တော့်ကို လိုက်ဖမ်းနေတယ် လို့ ထင်တယ်။ ဒါနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါက သူ ကျွန်တော့်ကိုပေးတာ ဖြစ်နိုင်တယ်လို့ ယူဆတယ်"

ဝုဒ်က လက်ယမ်းလိုက်တယ်။ နာမည်ကြီး လူသတ်သမား တစ်ယောက် မိမိ ရှာဖမ်းသမားကို လိုက်သတ်နေတာကို အရေးမထားဘူး။ "ဒါပေမယ့် ဘလက်ဟာ မီးသတ္တိ တစ်လက် ဝယ်လို့ရမှာ မဟုတ်ဘူး။ သူထွက်ပြေးနေရတာ။ တစ်နိုင်ငံလုံး အထက်၊ အောက် အကုန် သူ့ကို လိုက်ရှာနေတာ။ သူ ဘယ်လိုလုပ်ပြီး ခွေဒစ် အထူး အရောင်းဆိုင်ကို ဝင်ပြီး မိုးပျံတံမြက်စည်း ဝယ်လို့ရမှာလဲ" လို့ ပြောတယ်။

"ကျွန်တော် သိတယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့်၊ ပါမောက္ခ မက်ဂေါ်နာဂေါက ၎င်းကို ဖြုတ်မှာပဲ -----"

ဝုဒ် မျက်နှာ သွေးဆုတ်လာတယ်။

"ငါ သူမကို သွားပြောမယ်၊ ဟယ်ရီ" သူက ကတိပေးတယ်။ "ငါ သူမကို အကျိုးအကြောင်း ပြောခိုင်းမယ် ......... မီးသတ္တိ တစ်စင်း၊ တို့အသင်း ဥစ္စာ.......သူမလဲ တို့လိုပဲ ဂရစ်ဖင်းဒေါအသင်း နိုင်စေချင်တာ ......... ငါ သူမကို နည်းနည်း အသိရှိအောင် လုပ်မယ် ......... မီးသတ္တိ တစ်စင်း........."

နောက်နေ့မှာ ကျောင်းစတက်ကြရတယ်။ အေးချမ်းတဲ့ ဇန်နဝါရီလရဲ့ နံနက်ခင်းမှာ ကစားကွင်းထဲ နှစ်နာရီလောက်နေရတာဟာ၊ အားလုံး မလုပ်ချင်တဲ့ ကိစ္စ။ ဒါပေမယ့်၊ ဟက်ဂရစ်ဟာ မီးပုံကြီးတစ်ပုံ ဖိုထားတယ်။ အထဲမှာက မီးသရဲတွေချည်းပဲ။ အားလုံး ပျော်ကြတယ်။ ပြီးတော့၊ ကျောင်းသားတွေဟာ ခါတိုင်းနဲ့မတူတဲ့၊ အထူးကောင်းတဲ့ သင်ခန်းစာ တက်ရတယ်။ သစ်ကိုင်းခြောက် သစ်ရွက်ခြောက်တွေ စုစည်းပြီး မီးအားမလျော့အောင် လုပ်ရတယ်။ မီးတောက်ကို ကြိုက်နှစ်သက်တဲ့ တီကောင်တွေဟာ တဖျစ်ဖျစ်တောက်နေတဲ့ သစ်တုံးတွေပေါ် ခုန်ဆွခုန်ဆွ သွားနေတယ်။ ကျောင်းပတ်အသစ်ရဲ့ ပထမဆုံး ဗေဒင်ပညာ အတန်းကတော့၊ ဒါထက် အများကြီး ချာတယ်။ ပါမောက္ခ

ထရီလောနီဟာ အခု သူတို့ကို လက္ခဏာပညာ သင်ပေးတယ်။ သူမက ဟယ်ရီ့ကို အလစ်မပေးဘဲ၊ သူ့လက်ပေါ်က အသက်လမ်းကြောင်းဟာ သူမ မြင်ဖူးတဲ့အထဲက အတိုဆုံးပဲ လို့ ပြောပြတယ်။

ဟယ်ရီ နှစ်သက်တာကတော့ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်။ သူ ဝုဒ်နဲ့ စကားပြောပြီးနောက်၊ ဝိညာဉ်စုပ်ကောင်ကို ခုခံကာကွယ်တဲ့ အတတ် တအား သင်ချင်နေတယ်။

ကျောင်းဆင်းပြီးနောက် ဟယ်ရီက လူပင်ကို ဝိညာဉ်စုပ်ကောင် ကာကွယ်တဲ့ အတတ် သင်ပေးမယ် ပြောထားတာကို သတိပေးတယ်။ "အား၊ ဟုတ်တယ်" လူပင်က ပြောတယ်။ "ကျုပ် ကြည့်ရအောင် .........ကြာသပတေးနေ့ည ရှစ်နာရီ ဘယ့်နှယ်လဲ။ မှော်သမိုင်း ကျောင်းခန်းမှာဆို အကျယ်လုံလောက်ပါတယ်နော် ...... ကျုပ် သေချာ စဉ်းစားရမယ်။ ဘယ်လိုလုပ်မလဲဆိုတာ .... တကယ့် ဝိညာဉ်စုပ်ကောင်ကို ခေါ်လာ လေ့ကျင့်လို့ မဖြစ်သေးဘူး....."

"သူ ဖျားနာပုံ ပေါက်နေသေးတယ် မဟုတ်လား" ရွန်က ပြောတယ်။ သူတို့ စင်္ကြံထဲ လျှောက်ပြီး ထမင်းစားဖို့ သွားတယ်။ "မင်း သူ ဘယ်လိုနေတယ် ထင်လဲ"

သူတို့ နောက်ဖက်က အသံကျယ်ကျယ် စိတ်မရှည်စွာ ကျွတ်ခနဲ ပါးစပ်စုပ်သံ ကြားရတယ်။ အဲဒါ ဟာမီး။ သူမဟာ ချပ်ဝတ်တန်ဆာတစ်ခု အောက်မှာ ထိုင်နေပြီး သူမရဲ့ လွယ်အိတ်ကို ပြင်ဆင်နေတယ်။ စာအုပ်က သိပ်များတော့ လွယ်အိတ် ပိတ်လို့မရဘူး။

"နင် ငါတို့ကို ဘာ ကျွတ် လို့ လုပ်တာလဲ" ရွန်က စိတ်မရှည်ဘဲ မေးတယ်။

"ဘာမှ မဖြစ်ဘူး" ဟာမီးက မာနနဲ့ ပြောပြီး လွယ်အိတ်ကို လွယ်လိုက်တယ်။

"မဟုတ်သေးဘူး။ တစ်ခုခုတော့ ဖြစ်မယ်။ ငါ ခုနက လူပင် တစ်ခုခုတော့ ဖြစ်မယ်လို့ ပြောတော့၊ နင်က -------"

"အား၊ အဲဒါ ရှင်းမနေဘူးလား" ဟာမီးက ပြောတယ်။ တစ်ဖက်သားကို ရူးမတတ် ဒေါသထွက်စေတဲ့ တစ်ပန်းသာတဲ့ ပုံစံနဲ့။

"နင် ငါတို့ကို ပြောမပြချင်ဘူးဆိုရင်၊ မပြောနဲ့" ရွန်က ပြန်ပြောတယ်။

BURMESE CLASSIC .com

"ကောင်းပြီ" ဟာမီးက မာနနဲ့ ပြောပြီး ထွက်သွားရော။

"သူမလဲ မသိဘူး" ရွန်က ပြောတယ်။ ဒေါသနဲ့ ဟာမီးကို ကြည့်နေတယ်။ "သူမက တို့ သူမကို စကားပြောစေချင်လို့"

ကြာသပတေးနေ့ည ရှစ်နာရီမှာ၊ ဟယ်ရီဟာ ဂရစ်ဖင်းဒေါ အိမ်ခွဲန်က ထွက်ခွာပြီး မှော်သိုင်းပညာသင်တဲ့ ကျောင်းခန်းကို သွားတယ်။ သူ ရောက်သွားတော့ ကျောင်းခန်းထဲမှာ မှောင်လည်းမှောင်၊ လူလည်း မရှိဘူး။ သူက မှော်ကြိမ်လုံးနဲ့ မီးထွန်းလိုက်တယ်။ ငါးမိနစ်ပဲ စောင့်ရတယ်။ ပါမောက္ခ လူပင် ရောက်လာတယ်။ အထုပ်ကြီးကြီး တစ်ထုပ် ယူလာတယ်။ ၎င်းကို ပါမောက္ခ ဘင်းစ်ရဲ့ ဟောပြောစင်ပေါ် တင်ထားလိုက်တယ်။

"အဲဒါ ဘာလဲ" ဟယ်ရီက မေးတယ်။

"တခြား ဘော့ဂတ်" လူပင်ကပြောရင်း ခြုံထည်ကို ချွတ်လိုက်တယ်။ "အင်္ဂါနေ့ကတည်းက၊ ကျုပ် ရဲတိုက်ကြီး တစ်ခုလုံး သေသေချာချာ လိုက်ရှာနေတာ။ ကျုပ် ကံကောင်းတယ်။ မစ္စတာ ဖစ်ချ်ရဲ့ ဗိုင်ဗီရိုထဲ ပုန်းနေတဲ့ ဘော့ဂတ်ကို

သွားတွေ့တယ်။ ဒါကတော့ တို့လက်ထဲရောက်လာတဲ့ ဝိညာဉ်စုပ်ကောင်နဲ့ အနီးစပ်ဆုံးအရာပဲ။ အဲဒီဘော့ဂတ်ဟာ မင်းကိုမြင်တာနဲ့ ဝိညာဉ်စုပ်ကောင် ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် ၎င်းကို လေ့ကျင့်ရာမှာ အသုံးပြုလို့ရတယ်။ ကျုပ်တို့ ၎င်းကို အသုံးမပြုတဲ့အခါမှာ ကျုပ် ရုံးခန်းထဲမှာ ဝှက်ထားလို့ ရတယ်။ ကျုပ် စားပွဲအောက်မှာ ပန်းကန်ဗီရို တစ်ခု ရှိတယ်။ ၎င်း ကြိုက်နှစ်သက်မှာပါ"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ သူ နည်းနည်းမှ မကြောက်တဲ့ပုံ ဖြစ်အောင် ကြိုးစားပြောတယ်။ လူပင် ဒီလို အစားထိုးစရာ ကောင်းကောင်း တွေ့လာလို့ သူ ဝမ်းသာနေတယ်။

"ဒါဆို..." ပါမောက္ခ လူပင်က မိမိမှော်ကြိမ်လုံးကို ထုတ်လိုက်တယ်။ ဟယ်ရီ့ကို သူ့အတိုင်း လိုက်လုပ်ဖို့ အမူအရာပြတယ်။ "ကျုပ် အခု နမူနာပြမှာရယ်၊ မင်းကို သင်ပေးမယ့် ဂါထာရယ်ဟာ အလွန်အဆင့်မြင့်တဲ့ မှော်ပညာပဲ။ ဟယ်ရီ---- သာမန်မှော်ဆရာရဲ့ ရေချိန်ထက် အများကြီးကို မြင့်တယ်။ ၎င်းကို အစောင့်အရှောက် မှော်ဂါထာလို့ ခေါ်တယ်"

"၎င်းက ဘယ်လို အကျိုးသက်ရောက်မှု ရှိလဲ" ဟယ်ရီက စိတ်လှုပ်ရှားစွာ မေးတယ်။

"အင်း၊ ၎င်း မှန်ကန်စွာ အကျိုးသက်ရောက်တဲ့အခါမှာ၊ ၎င်းက အစောင့်အရှောက်ကို ခေါ်လိုက်တယ်" လူပင်က ပြောတယ်။ "အစောင့်အရှောက်ဟာ ဝိညာဉ်စုပ်ကောင်ကို ခုခံကာကွယ်တဲ့ အရာ----- ကိုယ်ရံတစ်မျိုးပဲ။ မင်းနဲ့ ဝိညာဉ်စုပ်ကောင်ကြားမှာ ဒိုင်းအရာ ဝင်တယ်"

ဟယ်ရီဟာ ရုတ်တရက် မိမိဟာ ဟက်ဂရစ်လို ဧရာမလူကြီးနောက်မှာထိုင်ပြီး လက်ထဲမှာ တုတ်ကြီးတစ်ချောင်း ကိုင်ထားပုံကို တွေးမိတယ်။ ပါမောက္ခလူပင်က ဆက်ပြောတယ်။ "အစောင့်အရှောက်ဟာ အပြုသဘောဆောင်တဲ့ အင်အားတစ်မျိုး ဖြစ်တယ်။ ၎င်း ဖော်ဆောင်တဲ့အရာဟာ ဝိညာဉ်စုပ်ကောင်ရဲ့ ရိက္ခာ ဖြစ်နေတယ် --- မျှော်လင့်ချက်၊ ပျော်ရွှင်မှုနဲ့ အသက်ရှင်နေလိုတဲ့ မျှော်လင့်ချက် ---- ဒါပေမယ့် ၎င်းဟာ တကယ့်လူတွေလို မျှော်လင့်ချက် ကင်းမဲ့ခြင်း မရှိဘူး။ ဒါကြောင့် ဝိညာဉ်စုပ်ကောင်က ၎င်းကို ဒုက္ခပေးလို့ မရဘူး။ ဒါပေမယ့် ကျုပ် မင်းကို သတိပေးရမယ်၊ ဟယ်ရီ။ ဒီဂါထာမျိုးဟာ မင်းအဖို့သိပ်ကို နက်ရှိုင်းလွန်းလိမ့်မယ်။ ဝါရင့်မှော်ဆရာ အများအပြားတောင် ဒီဂါထာကို အသုံးပြုတဲ့နေရာမှာ ခက်ခဲတယ်လို့ ခံစားရတယ်"

"အစောင့်အရှောက်က ဘယ်လို ပုံပန်းလဲ" ဟယ်ရီက အံ့သြစွာ မေးတယ်။

"တစ်ဦးနဲ့ တစ်ဦး ပုံပန်း မတူကြဘူး။ ၎င်းကို ခေါ်ယူတဲ့ မှော်ဆရာနဲ့ ဆိုင်တယ်"

"သင် ၎င်းကို ဘယ်လို ခေါ်ယူလဲ"

"ဂါထာတစ်မျိုးနဲ့။ ဒီဂါထာဟာ သင် အာရုံစူးစိုက်တဲ့အခါကျမှ အကျိုးသက်ရောက်မှု ရှိတယ်။ မင်းဟာ ပျော်ရွှင်စရာ အကြောင်းတစ်ခုကို အသားကုန် ပြန်လည် စဉ်းစားနေရမယ်"

ဟယ်ရီဟာ ပျော်ရွှင်တဲ့ သတိရချက်ကို လိုက်ရှာတယ်။ ဒါစလီတို့အိမ်မှာ ကြုံခဲ့ရတာဟာ ပျော်ရွှင်တဲ့ သတိရချက်နဲ့ ဘာမှမဆိုင်တာ သေချာတယ်။ နောက်ဆုံးမှာ သူဟာ မိုးပျံတံမြက်စည်းကို ပထမဆုံးစီးရတဲ့ အခြေအနေကို ပြန်စဉ်းစားတယ်။

"ဟုတ်တယ်" သူက ပြောတယ်။ ထိုစဉ်တွင် အထက်သို့ ပျံတက်စဉ် ခံစားရတဲ့ ထူးခြားတဲ့ ပျော်ရွှင်မှုကို အတတ်နိုင်ဆုံး တိကျအောင် ပြန်စဉ်းစားတယ်။

"ဂါထာက ဒီလို -----" လူပင်က လည်ချောင်း ရှင်းလိုက်ပြီး ပြောတယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" ဟယ်ရီက တိုးတိုးလိုက်ပြောတယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

"မင်း ပျော်ရွှင်ခဲ့တဲ့ အကြောင်းကိုပဲ ကြိုးစား သတိရကြည့်လား"

"အော --- ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ ပထမဆုံးမိုးပျံတံမြက်စည်း စီးတဲ့ ကိစ္စကို ပြန်တွေးဖို့ အလျင်အမြန် ကြိုးစားတယ်။ "အစောင့်အရှောက်ကို --- မဟုတ်သေးဘူး။ ---- ဝမ်းနည်းပါတယ် --- အစောင့်အရှောက်ကို တိုင်တည်ပါတယ်။ အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

သူ့ မှော်ကြိမ်လုံး အဖျားကနေ ရုတ်တရက် အရာတစ်မျိုး အလျင်အမြန် ပန်းထွက်လာတယ်။ ငွေရောင်အငွေ့နဲ့ တူတယ်။

"အဲဒါကို မြင်လား" ဟယ်ရီက ဝမ်းသာအားရ ပြောတယ်။ "တစ်ခုခု ဖြစ်ပေါ်ပြီ"

"သိပ်ကောင်းတယ်" လူပင်က ပြုံးပြီး ပြောတယ်။ "ဒါဆို --- ဒါဆို ဝိညာဉ်စုပ်ကောင် တစ်ကောင်နဲ့ စမ်းရအောင်။ ပြင်ဆင်ပြီးပြီလား"

"ပြီးပြီ" ဟယ်ရီက ပြောတယ်။ မှော်ကြိမ်လုံးကို တအား ဆုပ်ထားတယ်။ လူမရှိတဲ့ ကျောင်းခန်းအလယ်ကို ဖြည်းဖြည်း လျှောက်သွားတယ်။ သူဟာ ဟိုတစ်ကြိမ်က ပျံသန်းတာကို ကြိုးစားတွေးနေတယ်။ ဒါပေမယ့် တခြားပြန်လည် သတိရချက် တစ်ခုခုက လာနှောင့်ယှက်နေတယ် ..... အခု၊ အချိန်တိုင်းမှာ သူ့အမေ အော်သံကို ပြန်ကြားနိုင်တယ် ...... ဒါပေမယ့် သူ ဒါကို မတွေးသင့်ဘူး၊ နို့မို့ရင် သူမ အသံကြားရလိမ့်ဦးမယ်။ သူကတော့ ဒါကို မကြားချင်ဘူး..... ကြားချင်သလား။

လူပင်ဟာ ဟိုအထုပ်အပိုး သေတ္တာရဲ့ အဖုံးကို ဆွဲလိုက်တယ်။

ဝိညာဉ်စုပ်ကောင် တစ်ကောင် သေတ္တာထဲက ထွက်လာတယ်။ ခေါင်းပေါင်းပေါင်းထားတဲ့ မျက်နှာဟာ ဟယ်ရီ့ဘက် လှည့်ထားတယ်။ အရောင်ထွက်နေတဲ့၊ အမာရွတ်တွေနဲ့ ပုပ်အယ်နေတဲ့ လက်ဟာ ၎င်းရဲ့ ခြုံထည်ကို ကိုင်ထားတယ်။ ကျောင်းခန်းပတ်ဝန်းကျင်က မီးရောင်ဟာ လှုပ်ယမ်းပြီး ငြိမ်းသွားတယ်။ အဲဒီ ဝိညာဉ်စုပ်ကောင်ဟာ သေတ္တာထဲက ထွက်လာပြီး အလျင်အမြန် အသံမထွက်ဘဲ ဟယ်ရီ့ဆီ လျှောက်သွားတယ်။ တစ်ဖက်ကလည်း အသက်ပြင်းပြင်း တစ်ချက် ရှိုက်လိုက်တယ်။ ရိုးတွင်းခြင်ဆီခိုက်အောင် ချမ်းတဲ့ အအေးဟာ ဟယ်ရီ့ကို တိုက်ခတ်လာတယ်—

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" ဟယ်ရီက တအား အော်တယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်။ အစောင့်အရှောက်ကို တိုင်တည်ပါတယ် ----"

ဒီကျောင်းခန်းနဲ့ အဲဒီ ဝိညာဉ်စုပ်ကောင် အရည်ပျော်နေတယ် ......ဟယ်ရီဟာ ထူထဲတဲ့ နှင်းဖြူဖြူကြားထဲက အောက်ကို ကျဆင်းနေပြန်တယ်။ အမေ့အသံဟာ ဘယ်တုန်းကထက်မဆို ကျယ်လောင်နေတယ်။ ဒီအသံဟာ သူ့ခေါင်းထဲ ပဲ့တင်ထပ်နေတယ်---"မလုပ်နဲ့ ဟယ်ရီ၊ မလုပ်နဲ့ ဟယ်ရီ။ တောင်းပန်ပါတယ် ---ကျွန်မ ဘာမဆို လုပ်ပါမယ်-----"

"ဖယ်စမ်း ------ ဖယ်စမ်း၊ ကောင်မ ----"

"ဟယ်ရီ"

ဟယ်ရီဟာ လက်တွေ့ဘဝထဲ ပြန်ရောက်လာတယ်။ သူဟာ ကြမ်းပေါ် ပက်လက်လန်ကျနေတယ်။ ကျောင်းခန်းထဲက မီးတွေ ပြန်လင်းလာပြီ။ ခုနက ဘာဖြစ်လဲဆိုတာ သူ မေးစရာ မလိုဘူး။

"ဝမ်းနည်းပါတယ်" သူက ရေရွတ်သလို ပြောရင်း ထထိုင်တယ်။ မျက်မှန်နောက်မှာ ချွေးစီးတွေ စီးကျနေတာ ခံစားရတယ်။

"ဘာမှ မဖြစ်ပါဘူးနော်" လူပင်က မေးတယ်။

"မဖြစ်ဘူး ....." ဟယ်ရီက စားပွဲခုံတစ်ခုံပေါ် မနည်း တက်ထိုင်ပြီး မှီထားတယ်။

"ရော့ စား ---" လူပင်က သူ့ကို ဖားသဏ္ဍာန် ချော့ကလက်တစ်ခဲ ပေးတယ်။ "ကျုပ်တို့ နောက်ထပ် အစမ်းမလေ့ကျင့်ခင် စားပစ်လိုက်။ မင်း ပထမ အကြိမ်မှာပဲ အောင်မြင်လိမ့်မယ်လို့ ကျုပ် မမျှော်လင့်ဘူး။ အမှန်ပြောရရင်၊ မင်းသာ အောင်မြင်သွားခဲ့ရင်၊ ကျုပ်က သိပ်အံ့သြသွားမှာ"

"ပိုဆိုးတာပေါ့" ဟယ်ရီ ဖလုံးဖထွေး ပြောရင်း ဖားခေါင်းကို ကိုက်ချလိုက်တယ်။ "ဒီတစ်ကြိမ်မှာ သူ့မအသံ ပိုကျယ်ကျယ် ကြားရတယ် --- ပြီးတော့ သူ့ရဲ့ --- ဗိုလဒီမွန့် ---"

"ဟယ်ရီ၊ မင်း ဆက်မလုပ်ချင်ဘူး ဆိုရင်၊ ကျုပ် နားလည်နိုင်ပါတယ် --"

"ကျွန်တော် ဆက်လုပ်မယ်" ဟယ်ရီက ဒေါသထွက်စွာ ပြောတယ်။ ကျန်တဲ့ ဖားရုပ် ချော့ကလက်ကို အားလုံး ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ "ကျွန်တော် ဒီလို လုပ်မှ ဖြစ်မယ်။ ကျွန်တော်တို့နဲ့ ရေဗင်ခလောအသင်း ပြိုင်ကြတဲ့အခါမှာ၊ ဝိညာဉ်စုပ်ကောင် ပေါ်လာပြန်ရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော် နောက်ထပ် ပြုတ်ကျလို့ မဖြစ်ဘူး။ ကျွန်တော်တို့ ရှုံးသွားရင် ခွေဒစ်ဒိုင်းနဲ့ လွဲရတော့မှာ"

"ဒါဆို ကောင်းပြီ ...." လူပင်က ပြောတယ်။ "မင်း တခြား သတိရချက်တစ်မျိုး ရွေးရမယ် ထင်တယ်။ ပျော်ရွှင်တဲ့ သတိရချက်။ ကျုပ် ပြောလိုတာက တစ်မျိုးပြောင်းပြီး အဲဒီကိုပဲ စွဲစွဲလမ်းလမ်းတွေး .... မင်း ခုနက ပြန်လည် သတိရချက်ဟာ သိပ် မပြင်းထန်ဘူး ...."

ဟယ်ရီက သေချာ စဉ်းစားတယ်။ ဒီနောက် ဆုံးဖြတ်တယ်။ မနှစ်က ဂရစ်ဖင်းဒေါ်ဟောက်စ်ကျောင်း ဒိုင်းဆုပွဲမှာ ဗိုလ်စွဲခဲ့တာ ပျော်ရွှင်တဲ့ ပြန်လည် သတိရချက် မဟုတ်လား။ သူက မော်ကြိမ်လုံးကို တင်းတင်း ဆုပ်ကိုင်ပြီး ကျောင်းခန်းဗဟိုမှာ ရပ်လိုက်တယ်။

"ပြင်ဆင်ပြီးပြီလား" လူပင်က မေးတယ်။ သေတ္တာအဖုံးကို ဆုပ်ကိုင်ထားတယ်။

"ပြင်ဆင်ပြီးပြီ" ဟယ်ရီက ပြောတယ်။ တစ်ဖက်ကလည်း ဂရစ်ဖင်းဒေါ် အောင်ပွဲရတဲ့ ပျော်ရွှင်စရာ ပြန်လည် သတိရချက်တွေ ခေါင်းထဲ ပြည့်နေစေတယ်။ သေတ္တာအဖုံးဖွင့်လိုက်ပြီးနောက် ဘယ်လို ဒုက္ခရောက်မယ်ဆိုတာ မတွေးဘူး။

"စပြီ" လူပင်က ပြောပြီး သေတ္တာအဖုံးကို ဖွင့်လိုက်တယ်။ ဒီကျောင်းခန်းဟာ ချက်ချင်း အေးစက် မှောင်မည်းသွားတယ်။ ဝိညာဉ်စုပ်ကောင်ဟာ ရှေ့သို့ လျှောထိုးလာတယ်။ တစ်ဂတ်ဂတ်နဲ့ ရှိုက်သွင်းနေတယ်။ ပုပ်ပြုန်းစော်တဲ့ လက်တစ်ချောင်း ဟယ်ရီ့ဆီ လှမ်းနေတယ် ----

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" ဟယ်ရီက တအား အော်တယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်။ အစောင့်အရှောက်ကို တိုင်တည်ပါတယ် ----"

အဖြူရောင် နှင်းတွေဟာ သူ့ကို အသိဉာဏ် ဝေဝါးသွားစေတယ် .... သူ့ဘေးမှာ မသဲမကွဲ ကိုယ်ခန္ဓာကြီးတွေ ရွေ့လျားနေတယ် ............ ဒီနောက် အသံတစ်ခု ပေါ်လာတယ်။ ယောကျ်ားအော်သံ။ တုန်လှုပ် ချောက်ချားလျက် ---

"လီလီ၊ ဟယ်ရီ့ကို ခေါ်ပြီး ထွက်ပြေး။ သူပဲ။ ပြေး၊ မြန်မြန်ပြေး။ ငါ ခုခံထားမယ် -----"

အခန်းထဲက လူတစ်ယောက် ကယိမ်းကယိုင် ထွက်သွားတယ် --- တံခါး တစ်ချပ် ပေါက်ကွဲသွားတယ် -- စူးရှစွာ အော်ရယ်သံ -------

"ဟယ်ရီ၊ ဟယ်ရီ........ သတိရလား ........"

လူပင်က ဟယ်ရီ့မျက်နှာကို တအား ပုတ်တယ်။ ဒီတစ်ကြိမ်မှာ ဟယ်ရီဟာ တစ်မိနစ်ကြာမှ မိမိ ဘာကြောင့် ဖုန်တက်နေတဲ့ ကျောင်းခန်းကြမ်းပြင်ပေါ် လဲနေသလဲဆိုတာ သတိရတော့တယ်။

"ကျွန်တော်၊ ကျွန်တော့် အဖေ့အသံ ကြားရတယ်" ဟယ်ရီက တိုးတိုးပြောနေတယ်။ "ဒါ ကျွန်တော် ပထမဦးဆုံး သူ့ --- သူက ဗိုလ်ဒီမွန့်ကို ခုခံထားတယ်။ ကျွန်တော့်အမေကို ထွက်ပြေးဖို့ အချိန်ရအောင် လုပ်တယ် ...."

ဟယ်ရီဟာ မိမိမျက်နှာပေါ်မှာ မျက်ရည်နဲ့ ချွေးတွေ ရောနေတာ သိလာတယ်။ သူ ခေါင်းငုံ့ပြီး ဝတ်ရုံရှည်ပေါ်မှာ မျက်ရည်တွေ ချွေးတွေကို သုတ်ပစ်တယ်။ ဖိနပ်ကြိုးချည်နေ ဟန်ဆောင်ပြီး လူပင် မမြင်ရအောင် လုပ်တယ်။

"မင်း ဂျိမ်း အသံကြားတယ်လား" လူပင်က မေးတယ်။ အသံက တစ်မျိုးကြီး။

"ဟုတ်တယ် ...." မျက်နှာသုတ်ပြီးပြီ။ ဟယ်ရီ ခေါင်းမော့လိုက်တယ်။ "အား --- သင် ကျွန်တော့်အဖေကို မသိဘူး မဟုတ်လား"

"ကျုပ်-- အမှန်ပြောရရင်၊ ကျုပ် သိတယ်" လူပင်က ပြောတယ်။ "ဟော့ဂ်ဝပ်မှာ ကျုပ်တို့က သူငယ်ချင်းတွေ။ နားထောင်၊ ဟယ်ရီ --- ဒီနေ့ ဒီမှာတင် ရပ်သင့်ပြီ ထင်တယ်။ ဒီဂါထာမျိုးက သိပ်နက်နဲတယ် .... ကျုပ် မင်းကို ဒီကိစ္စမျိုး မတွေ့ကြုံစေသင့်ဘူး......"

"ဟင့်အင်း" ဟယ်ရီက ပြောတယ်။ သူ ထရပ်လိုက်တယ်။ "ကျွန်တော် ထပ်စမ်းဦးမယ်။ ကျွန်တော်တွေးတာ သိပ်ပျော်စရာ မကောင်းသေးလို့၊ ဒါကြောင့် ဒီလိုဖြစ်တာ ... တောင့်ခံမယ်......"

သူဟာ စေ့စေ့စပ်စပ် စဉ်းစားပြန်တယ်။ တကယ့် ပျော်ရွှင်တဲ့ ပြန်လည် သတိရချက်... ၎င်းကို ကောင်းမွန်တဲ့၊ အားကောင်းတဲ့ အစောင့်အရှောက် ဖြစ်လာစေတဲ့ ပြန်လည် သတိရချက်...

သူ ပထမဦးဆုံး မိမိကိုယ်မိမိ မှော်ဆရာမှန်း သိပြီး ဒါစလီတို့ အိမ်ကို ခွဲခွာကာ ဟော့ဂ်ဝပ်မှာ လာကျောင်းနေရတဲ့ ကိစ္စ။ ဒါကို ပျော်ရွှင်တဲ့ ပြန်လည် သတိရချက်လို့ မပြောရင် ဘာကမှ ပျော်ရွှင်တဲ့ ပြန်လည် သတိရချက်လဲ ဆိုတာ သူ မသိတော့ဘူး ..... သူဟာ ဒါစလီတို့ အိမ်က ခွဲခွာရတော့မယ်ဆိုတာ သိရတဲ့ ခံစားချက်ကို ကြိုးစား သတိရကြည့်တယ်။ ဟယ်ရီ မတ်တတ်ရပ်လိုက်ပြီး သေတ္တာကြီးကို နောက်ထပ် ရင်ဆိုင်လိုက်တယ်။

"ပြင်ဆင်ပြီးပြီလား" လူပင်က ပြောတယ်။ သူ့ကြည့်ရတာ သူ ဒီလို လုပ်ခြင်းဟာ မိမိရဲ့ မှန်ကန်တဲ့ ကောက်ချက်ကို ဆန့်ကျင်ပြီး လုပ်ရသလိုပဲ။ "ကြိုးစားပြီး စုစည်း တွေးထားပြီလား။ ကောင်းပြီ --- စ"

သူဟာ သေတ္တာအဖုံးကို တတိယအကြိမ် ဖွင့်လိုက်တယ်။ ဝိညာဉ်စုပ်ကောင် သေတ္တာထဲက တက်လာတယ်။ အေးစက်ခြင်းနဲ့ မှောင်မည်းခြင်းတွေ ကျောင်းခန်းထဲ ပြည့်လာတယ် ---

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" ဟယ်ရီက တအား အော်တယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်။ အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

ဟယ်ရီ့ခေါင်းထဲက စူးရှစွာ အော်သံစပြန်ပြီ --- ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ကြားရတဲ့အသံဟာ သေချာ လိုင်းညှိမထားတဲ့ ရေဒီယိုက လာတဲ့ အသံလိုပဲ။ အသံက နည်းနည်းပျော့လိုက်၊ ကျယ်လိုက်၊ တိုးသွားလိုက်နဲ့ ....သူ ဝိညာဉ်စုပ်ကောင်ကို မြင်နေရသေးတယ် ..... ၎င်းဟာ ရပ်သွားတယ် .... ဒိနောက် ကြီးမားတဲ့ ငွေရောင်အရိပ်ကြီးဟာ ဟယ်ရီ့ရဲ့ မှော်ကြိမ်လုံးအဖျားက ပန်းထွက်သွားတယ်။ ဟယ်ရီနဲ့ ဝိညာဉ်စုပ်ကောင်ကြားမှာ ဝဲနေတယ်။ ဟယ်ရီဟာ ခြေထောက်တွေ ပျော့နေပေမယ့်၊ သူ့ခြေထောက်ပေါ် သူ ရပ်နေတုန်းပဲ .... ဘယ်လောက်ကြာကြာ ရပ်နိုင်မလဲဆိုတာ မသိပေမယ့် ....

"ရစ်ဒစ်ခူးလပ်စ်" လူပင်ကအော်ပြီး ရှေ့သို့ ခုန်တက်သွားတယ်။

ခရပ်ဆိုတဲ့ အသံနဲ့အတူ ဟယ်ရီရဲ့ တိမ်သဖွယ် အစောင့်အရှောက်နဲ့ ဝိညာဉ်စုပ်ကောင်ဟာ အတူတကွ ကွယ်ပျောက်သွားတယ်။ သူဟာ ချက်ချင်း ကုလားထိုင်ပေါ် ထိုင်ချလိုက်တယ်။ ခုတွင် တစ်မိုင်ခရီးကို ပြေးပြီးသလိုပဲ။ ခြေနှစ်ချောင်း တုန်နေတယ်။ သူဟာ မျက်စိထောင့်ကနေ ပါမောက္ခ လူပင်က မှော်ကြိမ်လုံးနဲ့ ဟို ဘော့ဂတ်ကို သေတ္တာထဲ ပြန်သွင်းနေတာ မြင်ရတယ်။ အဲဒီ ဘော့ဂတ်ဟာ ငွေရောင်အလုံးကြီး ပြန်ဖြစ်သွားတယ်။

"သိပ်ကောင်းတာပဲ" လူပင်က ပြောရင်း၊ ဟယ်ရီ ထိုင်တဲ့နေရာကို ခြေလှမ်းကျဲကျဲ ရောက်လာတယ်။ "သိပ်တော်တယ်၊ ဟယ်ရီ။ ဒါ ကောင်းတဲ့ စတင်ခြင်းပဲ"

"ကျွန်တော်တို့ နောက်တစ်ကြိမ် စမ်းလို့ ရမလား၊ တစ်ကြိမ်ထဲပါ"

"အခု မဖြစ်ဘူး" လူပင်က ပြတ်သားစွာ ပြောတယ်။ "ဒီည မင်း အတော် ပင်ပန်းနေပြီ။ နော ---"

သူက ဟယ်ရီ့ကို ပျားရည်အမတ်ကြီးဆိုင်က အကောင်းဆုံး ချော့ကလက် တစ်ချပ် ပေးတယ်။

"အားလုံး စားပစ်လိုက်။ နို့မို့ရင် မဒမ် ဖွမ်ဖရေက ကျုပ်ကို ကောလိမ့်မယ်။ လာမယ့်အပတ် ဒီအချိန် ဘယ့်နှယ်လဲ"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ သူ ချော့ကလက် တစ်ကိုက် ကိုက်လိုက်တယ်။ ဝိညာဉ်စုပ်ကောင်တွေ ပျောက်ကွယ်သွားတာနဲ့ ပြန်လင်းလာတဲ့ မီးတွေကို လူပင် လိုက်ငြိမ်းသတ်နေတာကို ကြည့်နေတယ်။ သူ ရုတ်တရက် အတွေးတစ်ခု ပေါ်လာတယ်။

"ပါမောက္ခ လူပင်" သူက ပြောတယ်။ "တကယ်လို့ သင် ကျွန်တော့်အဖေကိုသိရင်၊ ဆီးရီးအက်စ်ကြယ် ဘလက်ကိုလဲ သိမှာပေါ့နော်"

လူပင်ဟာ အလျင်အမြန် ကိုယ်ကို လှည့်လိုက်တယ်။

"မင်း ဘယ့်နှယ် ဒါကို တွေးမိတာလဲ" သူက စူးရှစွာ ပြောတယ်။

"ဘာမှ မဟုတ်ပါဘူး --- ကျွန်တော် ပြောချင်တာက၊ သူတို့ ဟော့ဂ်ဝပ်မှာတုန်းက မိတ်ဆွေတွေဆိုတာ မကြာခင်ကမှ ကျွန်တော် သိရတယ် ...."

လူပင့် မျက်နှာပေါ်မှာ စိုးရိမ်ပုံ မပေါ်တော့ဘူး။

"ဟုတ်တယ်၊ ကျုပ် သူ့ကို သိတယ်" သူက တိုတိုပဲပြောတယ်။ "ဒါမှမဟုတ်ရင် ကျုပ်သိတယ်လို့ ကျုပ်ထင်တယ်။ မင်းသွားတာ ကောင်းမယ်၊ ဟယ်ရီ၊ အချိန် မစောတော့ဘူး"

ဟယ်ရီဟာ အဲဒီ ကျောင်းခန်းက ထွက်ပြီး စင်္ကြံအတိုင်း လျှောက်သွားတယ်။ ထောင့်ချိုးပြီး ချပ်ဝတ်တန်းဆာ နောက်ကပတ်ပြီး ၎င်းရဲ့ အောက်ခံပေါ်မှာ ထိုင်ကာ မိမိ ချော့ကလက်ကို ကုန်အောင်စားတယ်။ သူ ခုနက ဘလက်အကြောင်း မပြောရင် ကောင်းမယ်လို့ တွေးတယ်။ အကြောင်းက လူပင်ဟာ ဒီအကြောင်း ကိစ္စကို စိတ်ဝင်စားပုံ မပေါ်ဘူး။ ဒီနောက် ဟယ်ရီ့အတွေးဟာ မိမိ မိဘပေါ် ရောက်သွားပြန်တယ်။

သူ သိပ်မောတယ်လို့ ခံစားရတယ်။ သူ ချော့ကလက် စားထားပေမယ့် ထူးဆန်းတဲ့ ဟာတာတာ ခံစားချက်လည်း ရှိတယ်။ မိဘသေခါနီး အသံခေါင်းထဲကြားရတာ ကြောက်စရာကောင်းပေမယ့် ဟယ်ရီအဖို့ ဒါဟာ ပထမဆုံးအကြိမ် သူ့အဖေရဲ့ အသံကို ကြားရတာပဲ။ ဒါပေမယ့် သူ အာရုံတစ်ဝက်ခွဲပြီး သူ့အဖေရဲ့ အသံကို နားထောင်ချင်သေးရင်၊ သူဟာ သင့်တော်တဲ့ အစောင့်အရှောက်ကို ဘယ်တော့မှ ဖြစ်ပေါ်စေနိုင်တော့မှာ မဟုတ်ဘူး........

"သူတို့ သေသွားပြီ" သူက မိမိကိုယ်မိမိ ပြင်းထန်စွာ သတိပေးတယ်။ "သူတို့ သေသွားပြီ၊ သူတို့ ပဲ့တင်သံကို နားထောင်တာနဲ့ သူတို့ ပြန်လာမှာ မဟုတ်ဘူး။ မင်း ခွေဒစ်ဒိုင်းကို လိုချင်ရင်၊ မင်းကိုယ်မင်း ချုပ်ကိုင်နိုင်မှ"

သူ မတ်တတ် ရပ်လိုက်တယ်။ နောက်ဆုံး ချော့ကလက်ခဲလေးကို ပါးစပ်ထဲ ထိုးထည့်ပြီး ဂရစ်ဖင်းဒေါအိမ်ချွန်ကို ပြန်ခဲ့တယ်။

ကျောင်းပြန်ဖွင့်လို့ တစ်ပတ်ကြာတော့ ရေဗင်ခလောနဲ့ စလေးသရင်း တစ်ပွဲပြိုင်တယ်။ စလေးသရင်း နိုင်တယ်။ ဒါပေမယ့် အမှတ်က ကပ်နေတယ်။ ဂရစ်ဖင်းဒေါ အသင်းအဖို့ ဒါက သတင်းကောင်းပဲ။ တကယ်လို့ ဂရစ်ဖင်းဒေါက ရေဗင်ခလောကို နိုင်ခဲ့ရင်၊ ဒုတိယနေရာ ရဦးမယ်။ ဒါကြောင့် သူဟာ လေ့ကျင့်ချိန်ကို တစ်ပတ် ငါးကြိမ်အထိ တိုးမြှင့်လိုက်တယ်။ လူပင်ရဲ့ အချိန်ပိုသင်တန်းပါတွက်ရင်၊ ဟယ်ရီ တစ်ပတ်မှာ တစ်ညပဲ အိမ်စာတွေ လုပ်ချိန်ရတယ်။ လူပင်ရဲ့ အချိန်ပိုသင်တန်းဟာလည်း ခွေဒစ် ခြောက်ကြိမ် လေ့ကျင့်တာထက် ပိုပင်ပန်းသေးတယ်။ ဒီလို ဖြစ်ပေမယ့် ဟယ်ရီဟာ ဟာမီးလောက် ပင်ပန်းပုံ မပေါ်ဘူး။ ဟာမီးဟာ ဘာသာရပ်ယူတာ သိပ်များလို့ ဝန်ပိနေတာ ခုပေါ်လာပြီ။ ညစဉ် ညတိုင်း ဟာမီးဟာ အများနားနေခန်းရဲ့ ထောင့်တစ်ထောင့်မှာ နေရာယူပြီး သူ့ရှေ့စားပွဲပေါ်မှာ စာအုပ်အမျိုးမျိုး ဖွင့်ချထားတယ်။ သင်္ချာဗေဒယားတွေ၊ မှော်အဘိဓာန်မျိုးစုံ၊ မတ်ဂေါ် အလေးမြှောက်ကိုင်ထားတဲ့ ပုံပြရှင်းလင်းချက်။ ပြီးတော့၊ ကျယ်ပြန့်တဲ့ မှတ်စုများ။ သူမဟာ သူများနဲ့ စကားသိပ်မပြောဘူး။ သူ့ကို နှောင့်ယှက်တဲ့လူရှိရင်၊ သူမစကားက မချေမငံနဲ့။

"သူမ ဘယ်လိုများ လုပ်လဲ မသိဘူး" တစ်ညပိုင်းမှာ ရွန်က ဟယ်ရီ့ကို ပြောတယ်။ ဒီအချိန်မှာ ဟယ်ရီဟာ စနိတ်ပ်ရေးခိုင်းတဲ့ စမ်းစစ်လို့မရတဲ့ အဆိပ်ဆေးအမျိုးမျိုးနဲ့ ပတ်သက်တဲ့ စာတမ်းကို ရေးလို့ ပြီးခါနီးပြီ။ ဟယ်ရီမော့ကြည့်လိုက်တော့ ဟာမီးဟာ ပြိုလဲတော့မယ့် စာအုပ်ပုံကြီးနောက်မှာ ထိုင်နေတာ လူတောင် မြုပ်နေပြီ

"ဘာ ဘယ်လိုလုပ်တာလဲ"

"သူမ ဘာသာရပ်တွေ အများကြီး တက်ရမှာ" ရွန်က ပြောတယ်။ "ဒီနေ့နံနက် သူမ ပါမောက္ခဗက်ခတာနဲ့ ပြောနေတာ ငါ ကြားတယ်။ ဗက်ခတာဆိုတာ သချ်ာဗေဒင် သင်တဲ့ မော်ဆရာမ။ သူမတို့ဟာ မနေ့က သင်ခန်းစာအကြောင်း ပြောနေတာ။ ဒါပေမယ့် ဟာမီး မနေ့တုန်းက သချ်ာဗေဒင် သွားတက်တာ မဖြစ်နိုင်ဘူး။ သူမဟာ ငါတို့နဲ့အတူ ထူးဆန်းသတ္တဝါ ထိန်းသိမ်းတဲ့အတန်း တက်ခဲ့လို့ပဲ။ ပြီးတော့ အာနီ–မက်မီလန် ငါ့ကို ပြောပြတယ်။ ဟာမီးဟာ မတ်ဂေါ်သုတေသန အတန်းတက်တာ တစ်ကြိမ်မှ မလျော့ဘူးတဲ့။ ဒါပေမယ့် ဒီဘာသာရပ်အတန်းရဲ့ အချိန်တစ်ဝက်ဟာ ဗေဒင်သင်တန်းနဲ့ တိုက်နေတယ်။ ပြီးတော့ သူမဟာ တစ်ခါမှ ဗေဒင်သင်တန်း မတတ်တာ မရှိဘူး"

ဟယ်ရီဟာ ခုချိန်မှာ ဟာမီးရဲ့ မဖြစ်နိုင်တဲ့ ကျောင်းအချိန်ဇယားကို ဆွေးနွေးဖို့ အချိန်မရှိဘူး။ သူဟာ စနိတ်ပ်ပေးတဲ့ စာတမ်းကို ရေးပြီးမှ ဖြစ်မယ်။ ဒါပေမယ့် နှစ်စက္ကန့်ကြာတော့ သူ့ကို လာနှောင့်ယှက်ပြန်တယ်။ အဲဒီလူက ဝုဒ်။

"သတင်းဆိုး၊ ဟယ်ရီ" ငါ ခုနက ပါမောက္ခ မက်ဂေါ်နာဂေါ်ကို သွားတွေ့တယ်။ မီးသတ္တဲ ကိစ္စပြောတယ်။ သူမ ---အော --- ငါ့ကို နည်းနည်း စိတ်ဆိုးသလိုပဲ။ ငါ့ကို သံသယရှင်းအောင် လုပ်ရတာရဲ့ အရေးကြီးမှုကို ပြောတယ်။ ငါ့ကို ဒိုင်းရဖို့က မင်း အသက်ရှင်ဖို့ထက် ပိုအရေးကြီးတယ်လို့ ထင်ပုံရတယ်။ ငါက သူမကို မိုးပျံတံမြက်စည်းက မင်းကို မြေပေါ်ပစ်ချလဲ အရေးမကြီးဘူး၊ မင်း ၎င်းကို စီးပြီး ရွှေဘောလုံးပျံလေးကို အရင်ဆုံး ဖမ်းမိဖို့ပဲ လို့ပြောမိလို့" ဝုဒ်က ခေါင်းခါတယ်။ မယုံနိုင်စရာပဲဆိုတဲ့ ပုံစံနဲ့။ "တကယ်ပါပဲ။ သူမက ငါ့ကို အော်ဆူတဲ့ပုံ ---- မင်းက ငါ ဘာများပြောလဲလို့ ထင်မယ်။ ဒီနောက် ငါ သူမကို မေးတယ်။ ဒီပစ္စည်း သူမဆီမှာ ဘယ်လောက်ကြာဦးမလဲ........." သူက မျက်မှောင်ကြုတ်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ တင်းမာတဲ့ အသံကိုတုပြီး " 'လိုအပ်လို့ရှိရင်၊ ဝုဒ်....' မင်း တံမြက်စည်းအသစ်မှာဝယ်ဖို့ လိုမယ်ထင်တယ်၊ ဟယ်ရီ။ 'မိုးပျံတံမြက်စည်းအမျိုးအစား ခွဲခြားချက်' နောက်ဘက်မှာ အမှာဇယား တစ်ခုပါတယ် .... မင်း အလင်းစကြာ ၂၀၀၁ ကို မှာပါလား၊ မော်ဖိုင့်ဟာမျိုး"

"မော်ဖိုင်က ကောင်းတယ်လို့ ထင်တဲ့ဟာ ငါ မဝယ်ဘူး" ဟယ်ရီက ပြတ်ပြတ်ပြောတယ်။

ဇန်နဝါရီလဟာ မသိလိုက်ဘဲ ဖေဖော်ဝါရီလ ဖြစ်သွားပြီ။ အေးချမ်းတဲ့ ရာသီဥတုကတော့ မပြောင်းလဲဘူး။ ရေဇင်ခလော အသင်းနဲ့ ပြိုင်ပွဲဟာ ကြာလေ နီးလေပဲ။ ဒါပေမယ့် ဟယ်ရီကတော့ တံမြက်စည်းအသစ် မှာမဝယ်သေးဘူး။ သူဟာ အခုဆိုရင် ရုပ်ပြောင်းအတန်း တက်ပြီးတိုင်း ပါမောက္ခ မက်ဂေါ်နာဂေါ်ကို မီးသတ္တဲအကြောင်း မေးတယ်။ ရွန်ကတော့ မျှော်လင့်ချက်နဲ့ ဟယ်ရီ့ကျောဘက်မှာ အမြဲ ရပ်နေတယ်။ ဟာမီးကတော့ မျက်နှာကို တစ်ဖက်လှည့်ပြီး သူတို့ဘေးက အလျင်အမြန် ဖြတ်ပြေးသွားတယ်။

"မဖြစ်ဘူး၊ ပေါ်တာ။ မင်း အခု ပြန်ယူသွားလို့ မရသေးဘူး" ဟယ်ရီ ပါးစပ် မဟရသေးခင်မှာပဲ ပါမောက္ခ မက်ဂေါ်နာဂေါက ၁၂–ကြိမ် အနေဖြင့် သူ့ကို ပြောလိုက်တယ်။ "အမြဲသုံး ကျိန်စာ အများစုကို စစ်ဆေးပြီးပြီ။ ဒါပေမယ့် ပါမောက္ခ ဖလစ်ဝစ်က ဒီတံမြက်စည်းမှာ လွှင့်ပစ်ကျိန်စာ ပါနေနိုင်တယ်လို့ ထင်တယ်။ စစ်ဆေးပြီးတာနဲ့ မင်းကို အကြောင်းကြားမယ်။ အခု မနှောင့်ယှက်နဲ့တော့"

ပိုဆိုးတာက၊ ဟယ်ရီရဲ့ ဝိညာဉ်စုပ်ကောင် ကာကွယ်တဲ့ သင်တန်းဟာ သူ မျှော်လင့်တာလောက် အဆင်မပြေဘူး။ ဟိုဘော့ဂတ် ဝိညာဉ်စုပ်ကောင် နီးကပ်လာတဲ့အခါမှာ၊ သူဟာ အကြိမ်အချို့ ဝေဝါးတဲ့ ငွေရောင်အရိပ် ပေါ်လာစေနိုင်တယ်။ ဒါပေမယ့် သူ့အစောင့်အရှောက်က သိပ်ပျော့တယ်။ ဝိညာဉ်စုပ်ကောင်ကို မောင်းမပစ်နိုင်ဘူး။ အဲဒီအရိပ်ဟာ ဝဲပဲ ဝဲနေနိုင်တယ်။ မကြည့်တကြည် တိမ်ထွေးနဲ့တူတယ်။ ဟယ်ရီက ၎င်းကို အဲဒီမှာ ရှိနေအောင် ကြိုးစားတယ်။ ဒါကြောင့် အားအင် ကုန်ခန်းသွားတယ်။ ဟယ်ရီက မိမိကိုယ်မိမိ စိတ်ဆိုးတယ်။ မိဘအသံ ထပ်ကြားချင်တဲ့အတွက် အမှားပြုမိတဲ့ ခံစားချက် ဖြစ်နေတယ်။

"မင်း ကိုယ့်ကိုကိုယ် သိပ်မျှော်လင့်ထားနေတယ်" ပါမောက္ခ လူပင်က တည်ကြည်စွာ ပြောတယ်။ သူတို့ လေးပတ်သင်တန်း တက်ခဲ့ပြီးပြီ။ "အသက် ၁၃နှစ်အရွယ် မှော်ဆရာအဖို့၊ မသဲမကွဲ အစောင့်အရှောက် ရတာဟာ ဧရာမ အောင်မြင်မှုပဲ။ မင်း အခု မေ့မသွားတော့ဘူး မဟုတ်လား"

"ကျွန်တော်က အစောင့်အရှောက် --- ဝိညာဉ်စုပ်ကောင်ကို အနိုင်တိုက်ပစ်မယ်၊ ဒါမှမဟုတ်ရင် ---" ဟယ်ရီက အားနည်းစွာ ပြောတယ်။ "၎င်းတို့ကို ပျောက်ဆုံးစေမယ် ---"

"အစောင့်အရှောက် အစစ်ဟာ ဒီလို လုပ်နိုင်တယ်" လူပင်က ပြောတယ်။ "ဒါပေမယ့် မင်းဟာ အချိန်တိုအတွင်းမှာ အောင်မြင်မှု အများကြီး ရနေပြီ။ တကယ်လို့ နောက်တစ်ကြိမ် ပြိုင်ပွဲမှာ ဝိညာဉ်စုပ်ကောင် မင်း ရှေ့ ပေါ်လာရင်၊ မင်းဟာ ၎င်းတို့ကို အနီးမကပ်နိုင်အောင် လုပ်နိုင်ပြီး မြေပြင်ပေါ် ပြန်ဆင်းဖို့ အချိန်ရနိုင်တယ်"

"၎င်းတို့ အရေအတွက် များရင် ပိုခုခံရခက်တယ်လို့ သင် ပြောဖူးတယ်" ဟယ်ရီက ပြောတယ်။

"မင်းကို ကျုပ်လုံးဝ ယုံကြည်တယ်" လူပင်က ပြုံးပြီး ပြောတယ်။ "အော --- မင်းကို သောက်ဖို့ တစ်ခွက် ဆုချမယ်။ တံမြက်စည်း သုံးလက်က ဝယ်ခဲ့တာ။ မင်း အရင်က သောက်ဖူးမှာ မ---"

သူက စာရွက်စာတမ်း အိတ်ထဲက ပုလင်းနှစ်လုံး ယူထုတ်လိုက်တယ်။

"ထောပတ် ဘီယာ" ဟယ်ရီက လွတ်ထွက်သွားတယ်။ "ဟုတ်တယ်။ ကျွန်တော် ဒါကို ကြိုက်တယ်"

လူပင်က မျက်ခုံး တစ်ဖက် ပင့်လိုက်တယ်။

"အော-- ရွန်နဲ့ ဟာမီးက ကျွန်တော့်အတွက် ဟော့ဂ်မော့ဒ်က ယူခဲ့ပေးတာ" ဟယ်ရီက ချက်ချင်း လိမ်ပြောတယ်။

"ကျုပ် သိပြီ" လူပင်က ပြောတယ်။ ဒါပေမယ့် သူ နည်းနည်းတော့ သံသယ ဖြစ်နေသေးတယ်။ "အင်း ဂရစ်ဖင်းဒေါက ရေဗင်ခလောကို နိုင်ပါစေလို့ ဆုတောင်းရအောင် .... ဆရာတစ်ယောက်အနေနဲ့ ကျုပ်တစ်ဖက်ဖက်ကို မလိုက်သင့်ဘူး..." သူက ကမန်းကတန်း တစ်ခွန်း ဖြည့်ပြောတယ်။

သူတို့ဟာ ထောပတ်ဘီယာကို တိတ်ဆိတ်စွာ သောက်နေကြတယ်။ ဟယ်ရီက သူ့စိတ်ထဲမှာ မေးချင်တာ ကြာလှပြီဖြစ်တဲ့ မေးခွန်း မေးတဲ့အထိ တိတ်ဆိတ်နေတယ်။

"ဝိညာဉ်စုပ်ကောင် ခေါင်းပေါင်းအောက်မှာ ဘာရှိလဲ"

ပါမောက္ခလူပင်ဟာ တွေးရင်း အရက်ပုလင်းကို ချလိုက်တယ်။

"ဟင်း ... အင်း၊ တကယ်သိတဲ့ လူဟာ တို့ကို ပြေပြလို့ မရဘူး။ မင်းသိရမှာက၊ ဝိညာဉ်စုပ်ကောင်ဟာ နောက်ဆုံး၊ အဆိုးဆုံး လက်နက်ကို သုံးတော့မှ ခေါင်းပေါင်းကို ဖြေတာ"

"အဲဒါ ဘာလဲ"

"လူတွေက ၎င်းကို ဝိညာဉ်စုပ်ကောင်ရဲ့ အနမ်းလို့ ခေါ်တယ်" လူပင်က ပြောတယ်။ သရော်သလိုလို အပြုံးနဲ့။ "ဒါက ဝိညာဉ်စုပ်ကောင်တွေဟာ ၎င်းတို့ လုံးဝ သုတ်သင်ပစ်ချင်တဲ့ လူတွေကို လုပ်တာ။ ခေါင်းပေါင်းအောက်မှာ ပါးစပ်နဲ့ တူတဲ့အရာ ရှိမယ်လို့ ကျုပ်ထင်တယ်။ သူတို့ဟာ မေးစေ့ကို အစတေးခံရဲ့ ပါးစပ်ပေါ် ဖိထားပြီး ---- အစတေးခံရဲ့ ဝိညာဉ်ကို စုပ်ထုတ်တယ်"

ဟယ်ရီဟာ မသိလိုက်ဘဲ ထောပတ်ဘီယာ နည်းနည်း ထွေးထုတ်လိုက်တယ်။

"ဘာ ---- ၎င်းတို့ သတ် ---"

"အော၊ မဟုတ်ဘူး" လူပင်က ပြောတယ်။ "သတ်တာထက် ပိုဆိုးတယ်။ မင်း သိပါတယ်၊ သင့် ဦးနှောက်နဲ့ နှလုံး အလုပ်လုပ်နေသေးရင် သင်ဟာ ဝိညာဉ်မရှိဘဲ အသက်ရှင်နေနိုင်တယ်။ ဒါပေမယ့် သင့်မှာ ကိုယ့်သဘောဆိုတဲ့ အာရုံခံစားချက် မရှိတော့ဘူး။ မှတ်ဉာဏ်လဲ မရှိတော့ဘူး။ မရှိတော့ဘူး..... ဘာမှ မရှိတော့ဘူး။ အစကလို ပြန်ဖြစ်ဖို့ အခွင့်အရေးကို မရှိတော့ဘူး။ သင်ဟာ ----- အသက်ရှင်နေသေးတာသာ ဖြစ်တယ်။ အခွံပဲ ကျန်တယ်။ သင့်ဝိညာဉ်ကတော့ ---- ထာဝရ ပျောက်ဆုံးသွားပြီ"

လူပင်က ထောပတ်ဘီယာ အနည်းငယ် သောက်လိုက်ပြန်တယ်။ ဒီနောက် ပြောတယ်။ "အဲဒါကတော့ ဆီးရီးအက်စ် ကြယ်ဘလက်ရဲ့ အနာဂတ် ကံကြမ္မာပဲ။ ဒီနေ့နံနက်ထုတ် "ကြိုဟောဆရာများ နေ့စဉ်"မှာ ဒီလို ရေးထားတယ်။ မော်ဝန်ကြီးဌာနက ဝိညာဉ်စုပ်ကောင်တွေ ဘလက်ကို ဖမ်းမိရင် ဒီလိုလုပ်ဖို့ သဘောတူထားပြီ"

ဟယ်ရီဟာ ပါးစပ်ထဲက လူ့ဝိညာဉ်ကို စုပ်ယူတဲ့အကြောင်း တွေးနေရင်း နေရာတွင် ခဏ ငိုင်နေတယ်။ ဒါပေမယ့် သူ ဘလက်ကို တွေးမိတယ်။

"သူ့ထိုက်နဲ့ သူ့ကံ" သူက ရုတ်တရက်ပြောတယ်။"

"မင်း ဒီလိုတွေးလား" လူပင်က အသာလေး မေးတယ်။ "သူ့ထိုက်နဲ့ သူ့ကံ ဖြစ်သင့်တယ်လို့ မင်း တကယ် ထင်သလား"

"ဟုတ်တယ်" ဟယ်ရီက ဘာမှ ဂရုမစိုက်ဘဲ ပြောတယ်။ " ..... ကို..... တစ်ခုခု လုပ်တဲ့ ......"

သူဟာ မူလက တံမြက်စည်း သုံးလက်မှာ ဘလက်နဲ့ ပတ်သက်တဲ့ ခိုးနားထောင်ခဲ့တာ၊ ဘလက်က သူ့အဖေနဲ့ အမေကို သစ္စာဖောက်တဲ့ အကြောင်း လူပင်ကို ပြောပြမလို့။ ဒါပေမယ့် ဒီလိုလုပ်ရင် သူ ခွင့်ပြုချက်မရဘဲ မိမိဖာသာ ဟော့ဂ်မော့ဒ်ကို သွားတာ ပေါ်သွားမယ်။ ပြီးတော့၊ လူပင်က ဒါကို အလေးထားချင်မှ ထားမှာ။ ဒါကြောင့် သူဟာ ထောပတ်ဘီယာ သောက်ပြီးတာနဲ့ လူပင်ကို ကျေးဇူးတင်ကြောင်း ပြောပြီး မော်သမိုင်း ကျောင်းခန်းက ထွက်လာတယ်။

ဟယ်ရီဟာ ဝိညာဉ်စုပ်ကောင် ခေါင်းပေါင်းအောက်မှာ ဘာရှိလဲ ဆိုတဲ့ မေးခွန်းကို မမေးခဲ့ဖို့ သူ မျှော်လင့်သလိုလိုပဲ။ ဒီအဖြေဟာ သိပ်ကို ကြောက်ဖို့ ကောင်းတဲ့အတွက်၊ သူဟာ ဝိညာဉ်စုပ်ယူတာ ခံရရင် ဘယ်လို ခံစားရမလဲဆိုတဲ့ အတွေးထဲ နစ်မြုပ်နေတယ်။ ဒါကြောင့် လှေခါးပေါ်မှာ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ တည့်တည့် ဝင်တိုးမိတယ်။

"လမ်းကို သေချာကြည့်လျှောက်၊ ပေါ်တာ"

"ဝမ်းနည်းပါတယ်။ ပါမောက္ခ -----"

"ငါ ခုနက ဂရစ်ဖင်းဒေါ် အများနားနေခန်းကို မင်း သွားရှာတယ်။ အင်း၊ ရော့။ ငါတို့ တွေးလို့ရသမျှ လုပ်ပြီးပြီ။ ဒီတံမြက်စည်းမှာ ပုံမှန်မရှိတာ တစ်ခုမှ မရှိဘူးနဲ့ တူတယ် ---- မင်း တစ်နေရာရာမှာ သိပ်ခင်တဲ့ မိတ်ဆွေရှိမယ် ထင်တယ်၊ ပေါ်တာ ....."

ဟယ်ရီ ပါးစပ်အဟောင်းသားနဲ့။ သူမဟာ မိမိရဲ့ မီးသတ္တိကို ထုတ်ပေးတယ်။ မီးသတ္တိဟာ အရင်ကလိုပဲ လှပတယ်။

"ကျွန်တော် ယူသွားလို့ ရပြီလား" ဟယ်ရီက တိုးတိုးမေးတယ်။ "တကယ် ယူလို့ ရပြီလား"

"တကယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ သူမဟာ တကယ်ပဲ ပြုံးနေတယ်။ "စနေနေ့ ပြိုင်ပွဲမတိုင်မီ မင်း ၄င်းကို စမ်းစီးကြည့်ချင်နေပြီလို့ ငါ ပြောရဲတယ်။ ပေါ်တာ ---- ကြိုးစားလိုက် နိုင်အောင်လုပ်။ ကောင်းလား။ နို့မို့ရင် ရှစ်နှစ်ဆက်တိုက် ဒိုင်းမရဘဲ နေမှာ။ ဒါက မနေ့ညက ပါမောက္ခစနိတ်ပ် စိတ်ကောင်းစေတနာနဲ့ ငါ့ကို သတိပေးတာ ...."

ဟယ်ရီ စကား တစ်ခွန်းမှ ပြောမထွက်ဘူး။ သူဟာ မီးသတ္တိကိုယူပြီး ဂရစ်ဖင်းဒေါ အိမ်ချွန်ပေါ် တက်ခဲ့တယ်။ သူ ကွေ့ချိုးချိုးလိုက်တဲ့အခါမှာ ရွန်က မြားတစ်စင်းလို ပြေးလာတယ်။ ပါးစပ်ဖြဲပြီး ရယ်နေတယ်။

"သူမ မင်းကို ပေးလား၊ သိပ်ကောင်းတာပဲ။ နားထောင်၊ ငါ စီးကြည့်လို့ ရမလား၊ မနက်ဖြန်"

"ရတယ်။ ..... ဘာလုပ်လုပ် ရတယ် ...." ဟယ်ရီက ပြောတယ်။ တစ်လလုံးလုံး သူ့စိတ် ဒီလောက် ပေါ့ပါးတာ မရှိသေးဘူး။ "မင်း သိလား၊ တို့ ဟာမီးနဲ့ ပြန်ခေါ်ရင် ကောင်းမယ်။ သူမက ကူညီချင်တာပါပဲ ...."

"ကောင်းပြီ။ ဟုတ်ပြီ" ရွန်က ပြောတယ်။ "သူမ အခု အများနားနေခန်းထဲမှာ ---- အလုပ်လုပ်နေတယ်။ တစ်မျိုးပြောင်းလုပ်တာ"

သူတို့ဟာ ဂရစ်ဖင်းဒေါ အိမ်ချွန်ဆီသွားတဲ့ စင်္ကြံကို ရောက်တော့ နီဗီး-လွန်ဘော့တမ်က ဆာခါဒိုဂင်ကို တောင်းပန်နေတာ တွေ့ရတယ်။ ဆာခါဒိုဂင်က ဝင်ခွင့်မပေးဘူး။

"ကျွန်တော် ရေးမှတ်ထားတာ" နီဗီးက မျက်ရည်လည်လည်နဲ့ ပြောတယ်။ "ဒါပေမယ့် ကျွန်တော် ဟိုစာရွက် ဘယ်ရောက်သွားမှန်း မသိဘူး"

"ယုံတမ်းစကား" ဆာခါဒိုဂင်က အော်တယ်။ ဒီနောက် ဟယ်ရီနဲ့ ရွန်ကို တွေ့သွားတယ်။ "မင်္ဂလာညချမ်းပါ၊ ထူးချွန်တဲ့ လူငယ် မြင်းတပ်သား၊ ဒီငအကို သံကြိုးနဲ့ ခတ်ထား။ သူက အထဲခန်းကို အဓမ္မ ဝင်မလို့"

"အော၊ ပါးစပ်ပိတ်ထား" ရွန်က ပြောတယ်။ သူ၊ ဟယ်ရီနဲ့ နီဗီးတို့ အတူ ရပ်နေလိုက်တယ်။

"ငါ စကားဝှက် မေ့နေတယ်" နီဗီးက သူတို့ကို ဒုက္ခရောက်စွာ ပြောပြတယ်။ "ငါက သူ့ကို ဒီတစ်ပတ် စကားဝှက် ပြောပြဖို့ တောင်းဆိုနေတာ။ သူက စကားဝှက် ခဏခဏ ပြောင်းနေတော့၊ ငါ ရှုပ်ကုန်ပြီ"

"အော့စ်ဘော်ဒီကင်းစ်" ဟယ်ရီက ဆာခါဒိုဂင်ကို ပြောလိုက်တယ်။ ဆာခါဒိုဂင် သိပ်စိတ်ပျက်သွားသလိုပဲ။ သူတို့ကို မဖွင့်ချင်ဘဲနဲ့ ဖွင့်ပေးလိုက်တယ်။ ရုတ်တရက် စိတ်လှုပ်ရှားတဲ့အသံတွေ ပေါ်လာပြီး ဟယ်ရီကို မီးသတ္တိကို အလုအယက် ကြည့်ချင်တဲ့လူတွေက ဝိုင်းအုံထားလိုက်တယ်။

"မင်း ဘယ်ကရတာလဲ၊ ဟယ်ရီ"

"ငါ ခဏ စီးလို့ရမလား"

"မင်း စီးပြီးပြီလား၊ ဟယ်ရီ"

"ရေဗင်ခလော ရှုံးမှာ သေချာတယ်။ သူတို့ သုံးတာက ခုနစ်ဦးစလုံးက လှည်းပစ်"

"ငါ ခဏ ကိုင်မယ်၊ ရလား၊ ဟယ်ရီ"

အားလုံး တစ်လှည့်စီ မီးသတ္တဲကို ကြည့်ကြတယ်။ ထောင့်အသီးသီးက ၎င်းကို ခံစားကြည့်တယ်။ ဒီလိုနဲ့ ဆယ်မိနစ်လောက်ကြာတော့ လူအုပ် ကွဲသွားတယ်။ ဟယ်ရီနဲ့ ရွန် ဟာမီးကို ရှင်းရှင်း မြင်ရပြီ။ သူမဟာ သူတို့ ဆီပြေးမလာတဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ်။ သူမဟာ အိမ်စာ ကုန်းလုပ်နေတယ်။ သူတို့ နှစ်ယောက်အကြည့်ကို သတိနဲ့ ရှောင်တယ်။ ဟယ်ရီနဲ့ ရွန်ဟာ သူမစားပွဲနား ကပ်သွားတယ်။ နောက်ဆုံး၊ သူမ ခေါင်းမော့လိုက်ပါပြီ။

"ငါ ပြန်ရပြီ" ဟယ်ရီက ပြောတယ်။ သူမကို ပြုံးရယ်ပြတယ်။ မီးသတ္တဲကို မြှောက်ထားတယ်။

"တွေ့ပြီလား၊ ဟာမီး။ ဒီတံမြက်စည်းမှာ ဘာအပြစ်အနာအဆာမှ မရှိဘူး" ရွန်က ပြောတယ်။

"အင်း ---- အစက ရှိချင်ရှိမှာပေါ့" ဟာမီးက ပြောတယ်။ "ငါ ပြောချင်တာက။ အနည်းဆုံး အခု ၎င်း လုံခြုံတယ်ဆိုတာ သိရပြီ"

"ဟုတ်တယ်၊ ငါလဲ ဒီလိုပဲ ထင်တယ်" ဟယ်ရီက ပြောတယ်။ "ငါ ၎င်းကို အပေါ်ထပ်သွားထားတာ ကောင်းမယ် ထင်တယ် ----"

"ငါ ကိုင်ပေးမယ်" ရွန်က အမြန်ပြောတယ်။ "ငါ အစက်အပြောက်လေးကို ကြွက်အားဆေး ကျွေးရဦးမယ်"

သူဟာ မီးသတ္တဲကို ယူလိုက်တယ်။ ဖန်သားနဲ့ ပြုလုပ်ထားတာကို ကိုင်ရသလို အသာမြှောက်ပြီး ယောကျ်ားလေး အိပ်ဆောင်ကို တက်သွားတယ်။

"ဒါဆို ငါ ထိုင်လို့ ရမလား" ဟယ်ရီက ဟာမီးကို မေးတယ်။

"ရမယ် ထင်တယ်" ဟာမီးက ပြောပြီး ခုံတစ်လုံးပေါ်က သိုးရေစက္ကူချပ်ကြီးကို ဖယ်လိုက်တယ်။

ဟယ်ရီက ရှုပ်ပွေတဲ့ စားပွဲကို ကြည့်လိုက်တယ်။ ရှည်ပြီး၊ မင်းမခြောက်သေးတဲ့ သင်္ချာဗေဒင်စာတမ်းကို ကြည့်လိုက်တယ်။ တစ်ခါ၊ ပိုပြီးရှည်တဲ့ မတ်ဂေါ် သုတေသန စာတမ်း ("မတ်ဂေါ်တွေ ဘာကြောင့် လျှပ်စစ်အား လိုအပ်ကြောင်း ရှင်းပြခြင်း") နဲ့ ဟာမီး စဉ်းစားချင့်ချိန်နေတဲ့ မော်ဘာသာ ဘာသာပြန်ကို ကြည့်လိုက်တယ်။

"ဒီလောက် များတာတွေကို နင် ဘယ်လိုလုပ် ယူနိုင်တာလဲ" ဟယ်ရီက မေးတယ်။

"အော၊ အင်း ---- နင်သိပါတယ် ---- ကြိုးစားပေါ့" ဟာမီးက ပြောတယ်။ ဟယ်ရီဟာ အနားကပ်ကြည့်မှ သူမဟာ လူပင်လို အားနည်း နွမ်းနယ်မှန်း သိတော့တယ်။

"နင် ဘာကြောင့် နှစ်ဘာသာလောက် လျှော့မယူတာလဲ" ဟယ်ရီက မေးတယ်။ သူမ စာအုပ် တစ်အုပ်ပြီးတစ်အုပ် ကိုင်ကာ ရှေးအက္ခရာကို ရှာနေတာ ကြည့်နေတယ်။

"မရဘူး" ဟာမီးက ပြောတယ်။ သိပ်အံ့သြသလိုပဲ။

"သင်္ချာဗေဒင်က သိပ်ကြောက်ဖို့ ကောင်းသလိုပဲ" ဟယ်ရီက ပြောတယ်။ အလွန် ရှုပ်ထွေးပုံရတဲ့ ကိန်းဂဏန်း ဇယားတစ်ခုကို ကောက်ကိုင်တယ်။

"အော၊ မဟုတ်ဘူး၊ သင်္ချာဗေဒင်က သိပ်ထူးဆန်း အံ့သြစရာကောင်းတယ်" ဟာမီးက ရိုးသားစွာ ပြောတယ်။ "သင်္ချာဗေဒင်ဟာ ငါ နှစ်သက်တဲ့ ဘာသာရပ်။ ၎င်းရဲ့ ...."

ဒါပေမယ့်၊ ဟယ်ရီဟာ ဘယ်တုန်းကမှ သင်္ချာဗေဒင် ဘယ်နေရာမှာ ထူးဆန်းအံ့သြဖွယ် ကောင်းတယ်ဆိုတာ နားမလည်ဘူး။ ဒီအချိန်မှာပဲ ကျောင်းသား အိပ်ဆောင်ဆီက နှာခေါင်းပိတ်ခံရတဲ့ အော်သံမျိုး ပေါ်လာတယ်။

အများနားနေခန်း တစ်ခုလုံး ဘယ်သူမှ စကားမပြောတော့ဘူး။ အားလုံး ထိတ်လန့်စွာ တံခါးဝဆီ ကြည့်နေတယ်။ လောလော နင်းလာတဲ့ ခြေသံဟာ ကြာလေ နီးလာလေပဲ ---- ဒီနောက် ရွန် အများမြင်ကွင်းထဲ ခုန်ဝင်လာတယ်။ သူနဲ့အတူ အိပ်ရာခင်းတစ်ထည်လည်း ပါလာသေးတယ်။

"ကြည့်" သူက အော်ဟောက်တယ်။ ဟာမီး စားပွဲနား ခြေလှမ်းကျဲကျဲ သွားလိုက်တယ်။ "ကြည့်" သူက တအား အော်တယ်။ သူမရှေ့မှာ အိပ်ရာခင်းကို လှုပ်ပြတယ်။

"ရွန်၊ ဘာလဲ---"

"အစက်အပြောက်လေး။ ကြည့်၊ အစက်အပြောက်လေး"

ဟာမီးက ရွန့်ကို ရှောင်တယ်။ ဘာလုပ်ရမှန်း မသိ ဖြစ်နေတယ်။ ဟယ်ရီက ရွန်ကိုင်ထားတဲ့ အိပ်ရာခင်းကို ကြည့်လိုက်တယ်။ အိပ်ရာခင်းပေါ်မှာ အနီရောင် အရာတချို့ မြင်တွေ့ရတယ်။ ကြောက်စရာကြီး၊ ---- တူတယ်။

"သွေး" ရွန်က အားလုံး လန့်ပြီး ငြိမ်သက်နေတဲ့ အထဲက အော်တယ်။ "ငင်းသေပြီ။ ကြမ်းပြင်ပေါ်မှာ ဘာရှိသေးတယ်ဆိုတာ သိလား"

"ဟင့်အင်း၊ မသိဘူး" ဟာမီးက ပြောတယ်။ အသံတွေ တုန်နေတယ်။

ရွန်ဟာ တစ်ခုခုကို ဟာမီး စာတမ်းပေါ် ပစ်ချလိုက်တယ်။ ဟာမီးနဲ့ ဟယ်ရီက ကုန်းကြည့်တယ်။ ထူးခြားတဲ့ လက်ရေးရှည်ရှည် ချွန်ချွန်တွေပေါ်မှာ အဝါခြောက်ရောင် ကြောင်မွေးတချို့။

• •• • •• •

## ၁၃။ ဂရစ်ဖင်းဒေါ်နဲ့ ရေဗင်ခလောပြိုင်ပွဲ

ရွန်နဲ့ ဟာမီးတို့ ခင်မင်မှု ဒီမှာတင် ကုန်ဆုံးသွားသလိုပဲ။ နှစ်ယောက်စလုံး သိပ်ကို စိတ်ဆိုးနေတယ်။ သူတို့ဆက်ဆံရေးကို ဘယ်လို ကယ်တင်ရမယ်ဆိုတာ ဟယ်ရီ မသိဘူး။

ရွန် စိတ်ဆိုးတာက ဟာမီးဟာ ခရွတ်ရှန် အစက်အပြောက်လေးကို စားမယ်ဆိုတာ ဘယ်တော့မှ အရေးမလုပ်တာပဲ။ ခရွတ်ရှန်ကို အချိန်ကုန်ခံပြီး မလေ့လာဘူး။ ပြီးတော့ အခုလည်း ခရွတ်ရှန်မှာ အပြစ်မရှိဘူး လို့ ဟန်ဆောင်နေတယ်။ ရွန့်ကို ယောကျ်ားလေး အားလုံးရဲ့ ကုတင်အောက်မှာ အစက်အပြောက်လေးကို လိုက်ရှာဖို့ အကြံပေးနေတယ်။ ဟာမီးဟာ ရွန့်မှာ ခရွတ်ရှန်က အစက်အပြောက်လေးကို စားတယ်လို့ ပြောဖို့ သက်သေမရှိဘူးလို့လည်း ပြောနေတယ်။ အဲဒီ အမွေးဝါဝါတွေဟာ ခရစ္စမတ်စ်ကတည်းက ရှိနေတာဖြစ်မယ်။ ပြီးတော့ ထူးဆန်းတိရစ္ဆာန်ရုံမှာ ခရွတ်ရှန်က ရွန့်ခေါင်းပေါ် ခုန်ချကတည်းက ရွန်ဟာ ကြောင်ကို အမြင်တိမ်းစောင်းနေတာလို့ ပြောတယ်။

ဟယ်ရီကတော့ ခရွတ်ရှန် အစက်အပြောက်လေးကို စားပစ်တယ်လို့ ထင်တယ်။ ဟာမီးကိုလည်း အချက်အားလုံးဟာလည်း ဒီအချက်ကို ညွှန်နေတယ်လို့ ထောက်ပြတယ်။ ဒီတော့ သူမဟာ သူ့ကိုလည်း စိတ်ဆိုးလာတယ်။

"ကောင်းပြီ။ ရွန့်ဘက် ရပ်လိုက်၊ နင် ဒါပဲ ဖြစ်မယ်ဆိုတာ ငါ သိတယ်" သူက စူစူစွာ ပြောတယ်။ "မီးသတ္တိကအရင်၊ အခုလဲ အစက်အပြောက်လေး။ ဘာမဆို ငါ့အမှားချည်းပဲ။ မဟုတ်ဘူးလား။ ငါ့ကို ဂရုမစိုက်နဲ့၊ ဟယ်ရီ။ ငါ့မှာ လုပ်စရာ အများကြီးပဲ"

ရွန်ဟာ ကြွက်ပျောက်သွားတဲ့အတွက်၊ အလွန်ဝမ်းနည်းတယ်။

"ကောင်းပြီ။ ရွန်၊ မင်း အစက်အပြောက်လေး သိပ်မုန်းစရာ ကောင်းတယ်ဆို" ဖရက်က ပျော်ပျော်ပဲ ပြောတယ်။ "ပြီးတော့ ၎င်းမလန်းဆန်းတာလဲ ကြာလှပြီ။ ၎င်း နည်းနည်းချင်း ပြိုနေတာ။ မြန်မြန်သေတာ ၎င်းအဖို့ ပိုကောင်းနိုင်တယ်။ တစ်ကိုက် --- ၎င်း ဘာမှတောင် ခံစားရမှာ မဟုတ်ဘူး"

"ဖရက်" ဂျင်နီက မခံနိုင်ဘဲ ပြောတယ်။

"အစက်အပြောက်လေးဟာ တစ်နေကုန် စားပြီးအိပ်၊ အိပ်ပြီးစားတာပဲ ရှိတယ်။ ရွန်၊ အဲဒါ မင်းဘာသာပြောတာ" ဂျော့က ပြောတယ်။

"တစ်ကြိမ်က ၎င်းက တို့အစား ဂိုးကို ကိုက်လိုက်သေးတယ်" ရွန်က ဝမ်းနည်းစွာ ပြောတယ်။ "မှတ်မိလား၊ ဟယ်ရီ"

"ဟုတ်တယ်၊ ကိုက်ဖူးတယ်" ဟယ်ရီက ပြောတယ်။

"အဲဒါ ၎င်းရဲ့ အထွန်းပြောင်ဆုံး အချိန်ပဲ" ဖရက်က ပြောတယ်။ မအောင့်နိုင်ဘဲ ရယ်တော့မယ်။ "ဂိုးလက်ချောင်းပေါ်က အမာရွတ်နဲ့ ၎င်းကို ထာဝရ သတိရချက် လုပ်လိုက်။ အော၊ ဟုတ်ပြီ၊ ရွန်။ ဟာမီးနဲ့ ကျေလိုက်ကြ။ ကြွက်တစ်ကောင် ထပ်ဝယ်။ ညည်းညူတာဟာ ဘာအသုံးကျလို့လဲ"

ဟယ်ရီက ရွန်ကို သူနဲ့အတူ ကွင်းထဲလိုက်ပြီး ဂရစ်ဖင်းဒေါအသင်း ပွဲမဝင်ခင် နောက်ဆုံးလေ့ကျင့်တာ လိုက်ကြည့်ဖို့ နားချတယ်။ ဒါမှ လေ့ကျင့်ပြီးတာနဲ့ ရွန် မီးသတ္တဲကို စီးကြည့်လို့ ရမယ်။ ဒါနဲ့ ရွန်ပျော်လာဖို့ နောက်ဆုံး ကြိုးစားတာပဲ။ ဒါကြောင့် ရွန့်ကို ယာယီအားဖြင့် အစက်အပြောက်လေးကို မေ့ပျောက်သွားစေတယ် ("အကြံကောင်း။ ငါလဲ ဘောခဏ ဝင်ကစားလို့ ရမလား") ဒါကြောင့် သူတို့ဟာ ခွေဒစ်ကွင်းဆီ အတူ သွားကြတယ်။

မဒမ်ဟူးချ်ဟာ ဂရစ်ဖင်းဒေါအသင်း လေ့ကျင့်တာကို ကြီးကြပ်နေတုန်းပဲ။ ဒါမှ ဟယ်ရီ့ကိုလည်း စောင့်ရှောက်နိုင်မယ်။ သူမဟာလည်း ကျန်လူတွေလိုပဲ မီးသတ္တဲကို ချီးမွမ်းလို့ မဆုံးဘူး။ လေ့ကျင့်တာ မစခင်မှာ သူမဟာ မီးသတ္တဲကို လက်ထဲ ကိုင်ထားပြီး အများကို ပညာပိုင်းဆိုင်ရာ အမြင်တွေ ပြောတယ်။

"၎င်းရဲ့ ဟန်ချက်ကိုကြည့်။ အလင်းစကြာ အတွဲတွေမှာ ချို့ယွင်းချက် ရှိတယ်ဆိုရင် အဲဒါ အဖျားပိုင်းက နည်းနည်းလေး စောင်းတယ် ––– နှစ်အနည်းငယ် သုံးပြီးတော့၊ ဒီလို စောင်းတာဟာ အတားအဆီးဖြစ်လာတာ တွေ့ရလိမ့်မယ်။ သူတို့ လက်တံကိုလဲ ပြုပြင်ထားတယ်။ "ခုနစ်ဦးစလုံး လှည်းပစ်" အတွဲထက် အနည်းငယ် သေးတယ်။ ဒါက ငါ့ကို အရင်က ငွေမြှားကို သတိရစေတယ် –––– သူတို့ ငွေမြှား ထပ်မထုတ်တာ နှမြောတယ်။ ငါက ငွေမြှားကို စီးရင်း ပျံသန်းတတ်တာ။ အဲဒါက အလွန်ကောင်းတဲ့ တံမြက်စည်း လက်ဟောင်း ....."

သူမဟာ ဆက်ပြောတယ်။ နောက်ထပ် အချိန် တစ်ခု ပြောတယ်။ ဝုဒ်က "အော ––– မဒမ်ဟူးချ်။ ဟယ်ရီ သူ့မီးသတ္တဲကို ပြန်ယူလို့ရတယ် မဟုတ်လား။ တခြား ဘာမှမရှိရင် ကျွန်တော်တို့ လေ့ကျင့်တော့မယ် ...." လို့ ပြောမှ ပြီးတော့တယ်။

"အော ––– မှန်တယ် ... ဒါဖြင့်၊ ရော့ ဟယ်ရီ" မဒမ်ဟူးချ်က ပြောတယ်။ "ငါနဲ့ ဝယ်စလီ ဒီမှာ အတူ ထိုင်နေမယ် ...."

သူမဟာ ရွန်နဲ့အတူ ကွင်းထဲကနေ ကွင်းပတ်လည်ရှိ ပွဲကြည့်စင်မှာ ထိုင်နေတယ်။ ဂရစ်ဖင်းဒေါအသင်းဟာ ဝုဒ်ဘေးမှာ ဝန်းရံနေကြတယ်။ မနက်ဖြန် ပြိုင်ပွဲနဲ့ ပတ်သက်တဲ့ ညွှန်ကြားချက်ကို နားထောင်နေကြတယ်။

"ဟယ်ရီ၊ ငါ ခုနက ရေဗင်ခလောအသင်းက ရှာဖမ်းသမားကို တွေ့တယ်။ အဲဒါ ချို–ချမ်း။ သူမဟာ စတုတ္ထနှစ်ကျောင်းသူ၊ အတော် တော်တယ် ....... ငါ သူမ အခြေအနေ မကောင်းပါစေနဲ့လို့ မျှော်လင့်တယ်။ သူမ ဒဏ်ရာရထားတာ ပြဿနာ နည်းနည်း ရှိတယ် ......" ဝုဒ်က မျက်မှောင်ကြုတ်ပြီး ပြောတယ်။ ခက်တာက ချို–ချမ်းက လုံးဝ ပြန်ကောင်းသွားပြီ။ ဒီနောက် ပြောပြန်သေးတယ်။ "နောက်တစ်ခုက၊ သူမ စီးတာက ကောမက် ၂၆၀။ မီးသတ္တဲနဲ့ စာရင်၊ ရယ်စရာတောင် ဖြစ်နေတယ်" သူဟာ ဟယ်ရီ့တံမြက်စည်းကို လှိုက်လှဲစွာ ချီးကျူးတဲ့ အကြည့်လေး ပေးလိုက်တယ်။ ဒီနောက် ပြောတယ်။ "ကောင်းပြီ။ အားလုံး၊ စ"

ဟယ်ရီဟာ မိမိ မီးသတ္တဲကို စီးရပါပြီ။ ပြီးတော့ မြေပြင်ကနေ ပျံသန်းသွားတယ်။

မီးသတ္တဝါဟာ သူ ထင်ထားတာထက် ကောင်းတယ်။ သာသာလေး ထိလိုက်တာနဲ့ ၎င်းက ကွေ့ချိုးသွားတယ်။ မိမိရဲ့ ဆုပ်ကိုင်မှုကို နာခံတာထက် မိမိအတွေးကို နာခံသလို ရှိတယ်။ ၎င်းဘောကွင်းကို ဖြတ်သွားတဲ့ နှုန်းက အလွန်မြန်တဲ့အတွက်၊ ပွဲကြည့်စင်ဟာ ဝေဝါးတဲ့ အစိမ်းရောင်နဲ့ မီးခိုးရောင် ဖြစ်သွားတယ်။ ဟယ်ရီကွေ့တာ သိပ်မြန်လို့ အလစ်စီယာက စူးရှစွာ အော်တယ်။ ဒီနောက် သူဟာ လုံးဝ ချုပ်ထိန်းနိုင်တဲ့ မောင်းနှင်မှု ရလာတယ်။ သူ့ခြေဖျားက ဘောကွင်းမြက်ခင်းကို ခတ်သွားပြီး တစ်ခါ ပေ၃၀၊ ပေ၄၀၊ ပေ၅၀ အမြင့် မိုးပေါ် တက်သွားတယ်။

"ဟယ်ရီ၊ ငါ ရွှေဘောလုံးပျံလေးကို လွှတ်လိုက်တော့မယ်" ဝုဒ်က လှမ်းပြောတယ်။

ဟယ်ရီ လှည့်လာပြီး ဘလဒ်ဂါ တစ်လုံးနောက်က လိုက်ပြီး ဂိုးတိုင်ဆီ ထိုးဝင်သွားတယ်။ သူဟာ ဘလဒ်ဂါကို အသာလေး ကျော်လွန်သွားတယ်။ ရွှေဘောလုံးပျံလေး ဝုဒ် ကျောဘက်က ထွက်လာတာ မြင်ရတယ်။ ဆယ်စက္ကန့်တောင် မရှိသေးဘူး။ ဟယ်ရီက ၎င်းကို လက်ရ ဖမ်းထားနိုင်ပြီ။

တစ်သင်းလုံး အော်ပြီး ဩဘာပေးကြတယ်။ ဟယ်ရီက ရွှေဘောလုံးပျံလေးကို မြေပေါ် လိမ့်လိုက်တယ်။ ၎င်းကို တစ်မိနစ် လိမ့်နေစေတယ်။ ဒီနောက် တအား ထိုးဝင်သွားတယ်။ ဘောသမားတွေကြားက ဖြတ်ပြီး ရှေ့ချီတက်တယ်။ ရွှေဘောလုံးပျံလေးဟာ ခက်ထီ–ဘဲ ဒူးနားမှာ ရှိတာ တွေ့တာနဲ့ ဖျတ်လတ်စွာ သူမကို ပတ်ပြီး ရွှေဘောလုံးပျံလေးကို ဖမ်းယူလိုက်တယ်။

ဒါဟာ အကောင်းဆုံး လေ့ကျင့်ရေး တစ်ခုပဲ။ အသင်းသားတွေဟာ မီးသတ္တဝါ သူတို့ဆီ ရောက်လာလို့ တအား စိတ်ဓာတ် တက်ကြွနေတယ်။ ဒါကြောင့် ပိုပြီး အစွမ်းကုန် ကြိုးစားတာ ပြောစရာ မရှိဘူး။ အားလုံး မြေပြင်ပြန်ရောက်လာတော့၊ ဝုဒ်ဆီက ဘာဝေဖန်စကားမှ ထွက်မလာဘူး။ ဂျော့–ဝယ်စလီက ဒါ ဘယ်တုန်းကမှ မရှိဖူးတဲ့ အခြေအနေလို့ ထောက်ပြတယ်။

"မနက်ဖြန် ဘာကမှ တို့ကို ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး" ဝုဒ်က ပြောတယ်။ "တစ်ခုပဲ ရှိတယ် ––– ဟယ်ရီ၊ မင်း ဝိညာဉ်စုပ်ကောင် အနှောင့်အယှက် ပြဿနာ ဖြေရှင်းပြီးပြီ မဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ မိမိရဲ့ အားပျော့တဲ့ အစောင့်အရှောက်ကို စိတ်ထဲက တောင့်တင်းစေချင်နေတယ်။

"ဝိညာဉ်စုပ်ကောင် မလာတော့ဘူး။ ဒမ်ဘလီဒိုးက ဒီခက်ခဲတဲ့ ပြဿနာကို ဖြေရှင်းလိုက်ပြီ" ဖရက်က ယုံကြည်စိတ်နဲ့ ပြောတယ်။

"ကောင်းပြီ၊ ၎င်းတို့ ပေါ်မလာပါစေနဲ့လို့ ဆုတောင်းတယ်" ဝုဒ်က ပြောတယ်။ "ဘာပဲဖြစ်ဖြစ် –––– အားလုံး ကောင်းကောင်း ကြိုးစား၊ အားဖြည့်ထား။ ငါတို့ ကျောင်းဆောင် ပြန်ရအောင် ––– စောစောပြန်တာ ....."

"ကျွန်တော် ခဏနေမှ ပြန်မယ်။ ရွှန် မီးသတ္တဝါ စီးကြည့်ချင်လို့" ဟယ်ရီက ဝုဒ်ကို ပြောတယ်။ တခြားသူတွေ အဝတ်လဲခန်းဆီ သွားကြတဲ့ အခါမှာ ဟယ်ရီက ရွှန့်ဆီ ပြေးသွားတယ်။ ရွှန်က ခြံစည်းရိုးကို ကျော်ပြီး ပြေးလာတယ်။ မဒမ်ဟူးချ်ဟာ ထိုင်နေတဲ့ နေရာမှာ အိပ်ပျော်နေပြီ။

"လာ" ဟယ်ရီက ပြောတယ်။ မီးသတ္တဝါကို ရွှန့်ကို ပေးတယ်။

ရွှန်ဟာ အသားကုန် ဝမ်းသာသွားပြီး တက်စီးတယ်။ မှောင်စ ပျိုးလာတဲ့ ညနေမှာ အထက်သို့ တည့်တည့် တက်သွားတယ်။ ဟယ်ရီကတော့ ဘောကွင်းအစပ်က လျှောက်သွားရင်း သူ့ကို ကြည့်နေတယ်။ မဒမ်ဟူးချ်

လန့်နိုးလာတဲ့အခါမှာ မိုးချုပ်သွားပြီ။ သူမက ဟယ်ရီနဲ့ ရွန် သူမကို မနှိုးရ ကောင်းလားလို့ အပြစ်တင်တယ်။ သူတို့ကို ရဲတိုက်ပြန်ဖို့ အတင်းခေါ်တယ်။

ဟယ်ရီက မီးသတ္တကို ထမ်းပြီး ရွန်နဲ့အတူ အမှောင်ဖုံးနေတဲ့ ပွဲကြည့်စင်က ထွက်လာတယ်။ တစ်ကွင်းလုံး မီးသတ္တ အလွန့်အလွန် ချောမွေ့လှုပ်ရှားမှုအကြောင်း၊ သူမတူတဲ့ အရှိန်တိုးမြင့်ခြင်းနဲ့ ကွေ့ချိုးခြင်း တိကျမှုတို့ကို ပြောလာ ကြတယ်။ သူတို့ ရဲတိုက်ကို သွားတဲ့ လမ်းတစ်ဝက် ရောက်တော့ ဟယ်ရီ ဝဲဘက် ကြည့်လိုက်တယ်။ မိမိ ရင်ထိတ်စရာ အရာကို တွေ့လိုက်ရတယ် ---မျက်လုံးတစ်စုံ။ အမှောင်ထဲမှာ အရောင်လက်နေတယ်။

ဟယ်ရီ ရပ်နေလိုက်တယ်။ နည်းနည်းမှ မလှုပ်ဘူး။ ရင်တွေ တအား ခုန်လာတယ်။

"ဘာဖြစ်လဲ" ရွန်က မေးတယ်။

ဟယ်ရီက လက်ညှိုးထိုးပြတယ်။ ရွန်က မှော်ကြိမ်လုံးကို ကိုင်ပြီး ရေရွတ်တယ်။ "မီးရောင် ထွက်စေ"

အလင်းတစ်ခု မြက်ခင်းပေါ် ကျရောက်သွားတယ်။ သစ်ပင်တစ်ပင်ရဲ့ အမြစ်ကို လင်းသွားစေတယ်။ သစ်ကိုင်းကို လင်းသွားစေတယ်။ အညှောက်ထွက်တော့မယ့် သစ်ရွက်တွေ ကြားမှာ ဝပ်နေတာက ခရွတ်ရှန်။

"သွားစမ်း" ရွန်က ဟောက်တယ်။ ကုန်းပြီး မြက်ခင်းပေါ်က ကျောက်ခဲ ကောက်ယူတယ်။ ဒါပေမယ့် သူ ဘာမှ မလုပ်ရသေးခင်မှာ ခရွတ်ရှန်နဲ့ အမြီး လှစ်ခနဲ မြင်ရပြီး ပျောက်သွားတယ်။

"မြင်လား" ရွန်က တအား စိတ်ဆိုးတယ်။ ကျောက်ခဲကို ပစ်ချလိုက်တယ်။ "သူမဟာ ငှင်းကို နေရာတကာ လျှောက်သွားဖို့ လွှတ်ထားတယ်----- အခု သူ ငှက်နှစ်ကောင် ထပ်စားပြီး အစက်အပြောက်လေး ဗိုက်ထဲကျသွားအောင် ဖိချနေမှာ ....."

ဟယ်ရီက ဘာမှ မပြောဘူး။ သူ အသက်ပြင်းပြင်း ရှူလိုက်တယ်။ တစ်ကိုယ်လုံး ပေါ့ပါးသွားတယ်။ ခုနက သူ ဒါ နိမိတ်ဆိုးတဲ့ မျက်စိလို့ ထင်လိုက်သေးတယ်။ သူတို့ဟာ ရဲတိုက်ဆီ လျှောက်သွားတယ်။ ဟယ်ရီဟာ ခုနက သူ ထိတ်လန့်ခဲ့တဲ့အတွက် တစ်မျိုးကြီး အားနာနေတယ်။ ဒါပေမယ့် ရွန့်ကို ဘာမှ ပြောမပြဘူး ---- သူတို့ မီးရောင်လင်းလက်နေတဲ့ ရဲတိုက်ကို မရောက်ခင် လမ်းမှာ ဟယ်ရီဟာလည်း ဝဲယာကို မကြည့်တော့ဘူး။

နောက်နေ့မနက်မှာ၊ ဟယ်ရီဟာ အိပ်ခန်းတွင်း တခြား သူငယ်ချင်းတွေနဲ့အတူ အောက်ဆင်း နံနက်စာ စားတယ်။ အားလုံးက မီးသတ္တကို ဂုဏ်ပြုဖို့ သင့်တယ်လို့ ထင်ကြတယ်။ ဟယ်ရီ ခန်းမကြီးထဲ ဝင်သွားတဲ့အခါမှာ အားလုံး မီးသတ္တကို ကြည့်ကြတယ်။ လူအများက တက်ကြွ လှိုက်လှဲစွာ တိုးတိုးပြောနေကြတယ်။ စလေးသရင်း အသင်း မိုးကြိုးပစ်ခံရသလို ဖြစ်သွားတာ မြင်ရလို့ ဟယ်ရီ တကယ့်ကို ကျေနပ်သွားတယ်။

"သူ့မျက်နှာကို မြင်လား" ရွန်က ဝမ်းသာစွာ ပြောတယ်။ မော်ဖိုင်ကို လှည့်ကြည့်လိုက်သေးတယ်။ "သူ မယုံနိုင်အောင် ဖြစ်နေတယ်။ ဒါ သိပ်ဟန်ကျတာပဲ"

ဝုဒ်ကလည်း မီးသတ္တက ရတဲ့ ဂုဏ်ကြောင့် ကျေနပ်နေတယ်။

"ငှင်းကို ဒီမှာထား၊ ဟယ်ရီ" သူက ပြောတယ်။ တံမြက်စည်းကို စားပွဲအလယ်မှာ ထားလိုက်တယ်။ ပြီးတော့ ငှင်းရဲ့ အမှတ်တံဆိပ်ကို အပြင်ဘက် သေချာ လှည့်ထားတယ်။ ရေဗင်ခလောနဲ့ ဟာ့ဖ်ဖတ်ဟောက်စ်က ကျောင်းသားတွေ အလျင်အမြန် ဝိုင်းအုံပြီး လာကြည့််ကြတယ်။ ခက်ဒရစ်-ဒစ်ဂိုရီက ဟယ်ရီ့ကို အလင်းစကြာအစား ဒီလို ကောင်းမွန်တဲ့ တံမြက်စည်း ရတဲ့အတွက် လာဂုဏ်ပြုတယ်။ ရေဗင်ခလောဟောက်စ်က ဖတ်စီရဲ့ ရည်းစား ဖန်နလော့က သူ့ကို မီးသတ္တကို တကယ်ပဲ ခဏကိုင်လို့ ရမလားလို့ မေးတယ်။

"တော်ပြီ၊ တော်ပြီ၊ ဖန်နလော့။ မဖျက်ဆီးနဲ့" ဖတ်စီက ဝမ်းသာစွာ ပြောတယ်။ ဒီအချိန်မှာ သူမဟာ မီးသတ္တဲကို သေချာ စစ်ဆေး ကြည့်ရှုနေတယ်။ "ငါ ဖန်နလော့နဲ့ လောင်းထားတယ်" သူက ဘောသင်းကို ပြောပြတယ်။ "ပြိုင်ပွဲရလဒ်ကို ကြည့်မယ်။ ဆယ်ဂါလုံးတောင်နော်"

ဖန်နလော့က မီးသတ္တဲကို အောက်ချလိုက်တယ်။ ဟယ်ရီကို ကျေးဇူးတင်ကြောင်း ပြောပြီး သူမရဲ့ စားပွဲဆီ ပြန်သွားတယ်။

"ဟယ်ရီ၊ နိုင်ရမယ်နော်" ဖတ်စီက စိတ်လှုပ်ရှားစွာ ပြောတယ်။ "ငါ့မှာ ဂါလုံးဆယ်ခု မရှိဘူး။ အမလေး၊ ငါ ခုပဲ လာပါ့မယ်၊ ဖန်နလော့" သူက အမြန်ပြေးသွားပြီး သူမနဲ့အတူ အရက်သွားသောက်တယ်။

"မင်း အဲဒီ တံမြက်စည်းကို ထိန်းနိုင်မယ်ပေါ့လေ၊ ပေါ်တာ" အေးစက်စက်၊ ဆွဲဆွဲငင်ငင်အသံက ပြောတယ်။

ဂျာခို–မော်ဖိုင် သေချာကြည့်ချင်လို့ လျှောက်လာတယ်။ ခရပ်နဲ့ ဂိုးက သူ့နောက်မှာ။

"ဟုတ်တယ် ထင်တယ်" ဟယ်ရီက အရေးမလုပ်ဘဲ ပြောလိုက်တယ်။

"ထူးခြားချက်က အများကြီးပဲ။ ဒီတံမြက်စည်းလား" မော်ဖိုင်က ပြောတယ်။ မျက်စိထဲမှာ စိတ်ယုတ်အရောင် တောက်နေတယ်။ "ဒင်းမှာ လေထီးမပါတာ ဆိုးတယ် ---- မင်း ဝိညာဉ်စုပ်ကောင်နဲ့ သိပ်နီးလာရင် ကာကွယ်ဖို့"

ခရပ်နဲ့ ဂိုး ရယ်ကြတယ်။

"မင်းမှာ လက်တစ်ချောင်းအပို မရှိတာ ဆိုးတယ်၊ မော်ဖိုင်" ဟယ်ရီက ပြောတယ်။ "နို့မို့ရင် ဒင်းက မင်းအတွက် ရွှေဘောလုံးပျံလေးကို ဖမ်းပေးမှာ"

ဂရစ်ဖင်းဒေါ်အသင်းဟာ အကျယ်ကြီး အော်ရယ်တယ်။ မော်ဖိုင်ရဲ့ အရောင်ဖျော့ဖျော့ မျက်စိ မှေးသွားတယ်။ ဖြည်းဖြည်းချင်း ထွက်သွားတယ်။ သူတို့ဟာ မော်ဖိုင် စလေးသရင်းအသင်းက တခြား အသင်းသားတွေထဲ ပြန်သွားတာ ကြည့်နေတယ်။ အဲဒီလူတွေဟာ ခေါင်းချင်းဆိုင် နေကြတယ်။ မော်ဖိုင့်ကို ဟယ်ရီ့တံမြက်စည်းက မီးသတ္တဲ ဟုတ် မဟုတ် မေးနေတာ ဖြစ်ရမယ်။

ဆယ်နာရီ ၄၅ မိနစ် အချိန်မှာ၊ ဂရစ်ဖင်းဒေါ် အသင်း အဝတ်လဲခန်းဆီ ချီတက်ကြတယ်။ သူတို့ ဟာ့ဖ်ဖတ် အသင်းနဲ့ ပြိုင်တုန်းကနဲ့ စာရင်၊ ရာသီဥတု အများကြီး ကွာခြားသွားပြီ။ ဒီနေ့ဟာ အေးမြ သာယာတဲ့နေ့။ လေလည်း သိပ်မတိုက်ဘူး။ ဒီတစ်ခါ မြင်နိုင်အား ပြဿနာ မရှိသင့်ဘူး။ ပြီးတော့ ဟယ်ရီဟာ စိတ်လှုပ်ရှားနေပေမယ့်၊ ခွဲဒစ်ပြိုင်ပွဲကသာ ရရှိမယ့် စိတ်တက်ကြွ ပျော်ရွှင်မှုကို စတင် ခံစားရပြီ။ ကျောင်းက တခြားလူတွေ အဆက်မပြတ် ကွင်းပတ်လည်က ပွဲကြည့်စင်ပေါ် ရောက်လာတဲ့ အသံတွေကို သူတို့ ကြားရတယ်။ ဟယ်ရီဟာ ကျောင်းဝတ်ရုံရှည်ကို ချွတ်ပစ်ပြီး အင်္ကျီအိတ်ထဲက မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ ဒင်းကို မိမိဝတ်မယ့် ခွဲဒစ် ဝတ်ရုံရှည် အောက်က တီရှပ်ထဲ ထိုးထည့်လိုက်တယ်။ ဒီမှော်ကြိမ်လုံး မသုံးရပါစေနဲ့လို့ ဆုတောင်းတယ်။ ပါမောက္ခလူပင် လူအုပ်ထဲမှာ ရှိမရှိ၊ ပြိုင်ပွဲလာနေသလားလို့ သူ ရုတ်တရက် တွေးမိတယ်။

"ငါတို့ ဘာလုပ်ရမယ်ဆိုတာ မင်းသိလား" ဝုဒ်က ပြောတယ်။ ဒီအချိန်မှာ သူတို့ အဝတ်လဲခန်းက ထွက်ခွာတော့မယ်။ "ငါတို့ ဒီပြိုင်ပွဲရှုံးခဲ့ရင်၊ ငါတို့ နိုင်ဖို့ အခွင့်အရေး မရှိတော့ဘူး။ မနေ့က ---- မနေ့ကလို လေ့ကျင့်တဲ့အတိုင်း ဖြစ်ရင် ပြီးတာပဲ"

သူတို့ ကွင်းထဲ ဆင်းလာကြတယ်။ သူတို့ကို ကြိုဆိုနေတာက မိုးခြိမ်းသံလို လက်ခုပ်သံတွေ။ ရေဗင်ခလောအသင်းဟာ အသင်းဝတ်စုံ အပြာဝတ်ဆင်ပြီး ကွင်းအလယ်မှာ ရပ်နေပြီ။ သတို့ရဲ့ ရှာဖမ်းသမား ချို–

ချမ်းဟာ သူတို့ အသင်းထဲက တစ်ဦးတည်းသော ကျောင်းသူ ဖြစ်တယ်။ သူမဟာ ဟယ်ရီထက် ခေါင်းတစ်လုံးလောက် ပုတယ်။ ဟယ်ရီဟာ သိပ်စိတ်လှုပ်ရှားနေပေမယ့်၊ သူမ ချစ်စရာ ကောင်းတာကို သတိပြုမိတယ်။ အသင်းနှစ်သင်းစလုံး အသင်းခေါင်းဆောင်နောက် မျက်နှာချင်းဆိုင် စီရပ်နေတဲ့အခါမှာသူမက ဟယ်ရီ့ကို အသာလေး ပြုံးပြတယ်။ ဟယ်ရီ့ ရင်တွေ ခုန်သွားတယ်။ သူက ဒါအာရုံကြောနဲ့ မပတ်သက်ဘူးလို့ ယူဆတယ်။

ဝုဒ်၊ ဒေးဗစ်၊ လက်ဆွဲနှုတ်ဆက် မဒမ်ဟူးချ်က ပေါ့ပါးစွာ ပြောတယ်။ ဝုဒ်က ရေဗင်ခလောအသင်းခေါင်းဆောင်နဲ လက်ဆွဲနှုတ်ဆက်တယ်'

"တံမြက်စည်း စီးဖို့ အသင့်ပြင် ..... ငါ့ ဝီစီသံ နားထောင် ..... သုံး---နှစ်---တစ်----"

ဟယ်ရီ မိုးပေါ်ရောက်သွားတယ်။ မီးသတ္တိဟာ တည့်တည့် ထိုးတက်သွားတယ်။ တခြား တံမြက်စည်းတွေထက် တက်တာ မြန်တယ်။ ပျံတာ မြင့်တယ်။ သူဟာ ပွဲကြည့်စင် အထက် အမြင့်မှာ ပျံနေတယ်။ ရွှေဘောလုံးပျံလေး ဘယ်မှာရှိလဲလို့ စောင်းငဲ့ကြည့်တယ်။ တစ်ချိန်တည်းမှာ ကြေညာ ပြောဆိုတာကိုလည်း နားထောင်တယ်။ ကြေညာသူကတော့ ဝယ်စလီ အမြွှာ ညီနောင်ရဲ့ သူငယ်ချင်း လီ-ဂျော်ဒန်။

"ပွဲ စပါပြီ။ ဒီ ပြိုင်ပွဲမှာ လူတွေ စိတ်လှုပ်ရှားသွားရတာက ဂရစ်ဖင်းဒေါအသင်းက ဟယ်ရီစီးတဲ့ မီးသတ္တိပါပဲ။ "မိုးပျံ တံမြက်စည်း အမျိုးအစား ခွဲခြားခြင်း" စာအုပ် အဆိုအရ၊ မီးသတ္တိဟာ ခုနှစ် ကမ္ဘာ့ပွဲအတွက် နိုင်ငံ့လက်ရွေးစင်အသင်းက ဦးစားပေး ရွေးချယ်မယ့်ဟာ ဖြစ်တယ် ----"

"ဂျော်ဒန်၊ မင်း ငါတို့ကို ပြိုင်ပွဲ ဘယ်အခြေအနေ ရောက်နေပြီလဲဆိုတာ ပြောပြလို့ ရမလား" ပါမောက္ခ မက်ဂေါ်နာဂေါ အသံ ဖြတ်ဝင်လာတယ်။

"ခု ချက်ချင်း ပြောပါ့မယ်၊ ပါမောက္ခ ---- နောက်ခံ အကြောင်းလေး ပြောပြတာပါ။ ကြုံတုန်းပြောရမှာက မီးသတ္တိမှာ အတွင်းတွင် ထည့်ထားတဲ့ အော်တိုဘရိတ်နဲ့ ---"

"ဂျော်ဒန်"

"ကောင်းပြီ၊ ကောင်းပြီ။ ဘောလုံးက ဂရစ်ဖင်းဒေါအသင်းလက်ထဲမှာ။ ဂရစ်ဖင်းဒေါ အသင်းက ခက်ထီ-ဘဲ ဂိုးတိုင်ဆီ ပြေးဝင်သွားတယ်....."

ဟယ်ရီဟာ ခက်ထီ မျက်နှာချင်းဆိုင်ဘက်ကနေ လှစ်ကနဲ ဖြတ်သွားတယ်။ အရပ်လေးမျက်နှာမှာ ရွှေရောင်လက်တာ လိုက်ရှာတယ်။ ချို-ချမ်းဟာ သူ့နောက်က ထက်ကြပ်မကွာ လိုက်နေတာ သတိပြုမိတယ်။ သူမဟာ အလွန်တော်တဲ့ ပျံသန်းသူဆိုတာ သံသယရှိစရာ မလိုဘူး --- သူမဟာ သူ့ရှေ့က အဆက်မပြတ် ဖြတ်သွားတယ်။ သူ့ကို ဦးတည်ချက် ပြောင်းအောင် လုပ်တယ်။

"သူမကို မင်း အရှိန်နှုန်း ပြလိုက်စမ်း၊ ဟယ်ရီ" ဖရက်က အော်တယ်။ ဒီအချိန်မှာ ဖရက်ဟာ အလစ်စီယာဆီ ဦးတည်သွားနေတဲ့ ဘလဒ်ဂါကို တအား လိုက်နေတယ်။

ဟယ်ရီဟာ မီးသတ္တိကို အရှိန်မြှင့် ချီတက်တယ်။ ဒီအချိန်မှာ သူတို့ဟာ ရေဗင်ခလောအသင်း ဂိုးတိုင်ကို ဝိုင်းထားတယ်။ ချို နောက်ကျနေပြီ။ ခက်ထီဟာ ပြိုင်ပွဲရဲ့ ပထမတစ်မှတ်ရသွားတယ်။ ဂရစ်ဖင်းဒေါဟောက်စ်ရှိတဲ့ ဘောကွင်းဘက်ဆီက ဆူပွက်သွားတယ်။ ဒီအချိန်မှာပဲ၊ ဟယ်ရီ မြင်တွေ့ရပါပြီ --- ရွှေဘောလုံးပျံလေးဟာ မြေပြင်နဲ့ ကပ်နေပြီ။ ဘောကွင်းအကာပြားရှေ့က အလျင်အမြန် ဖြတ်သွားတယ်။

ဟယ်ရီ ထိုးဆင်းသွားတယ်။ ချိုဟာ သူ ဘာလုပ်တာ မြင်မြင် လိုက်လုပ်တာပဲ။ ဟယ်ရီ အရှိန်မြှင့်လိုက်တယ်။ တစ်ကိုယ်လုံး တက်ကြွ လန်းဆန်းသွားတယ်။ အောက်ကို ထိုးဆင်းတာဟာ သူ ပိုင်တဲ့ကိစ္စ။ သူနဲ့ ဆယ်ပေသာ လိုတော့တယ် ---

ရေဗင်ခလောအသင်း ဘောရိုက်သမား တစ်ယောက်က ဘလဒ်ဂါကို ရိုက်ထည့်လိုက်လို့ သူ့ဆီ ရောက်လာတယ်။ ဟယ်ရီဟာ ဦးတည်ချက် ပြောင်းလိုက်လို့ သီသီလေး လွတ်သွားတယ်။ အဲဒီ အရေးကြီးတဲ့ စက္ကန့်အနည်းငယ်အတွင်းမှာ ရွှေဘောလုံးပျံလေးကို မတွေ့ရတော့ဘူး။

ဂရစ်ဖင်းဒေါ်ကို ထောက်ခံသူတွေဟာ "ဟော ဟော ------" နဲ့ စိတ်ပျက်သံတွေ ထွက်လာတယ်။ ဒါပေမယ့်၊ ရေဗင်ခလော အသင်းကတော့ သူတို့ရဲ့ ဘောရိုက်သမားကို အော်ဟစ် ဂုဏ်ပြုကြတယ်။ ဂျော့-ဝယ်စလီဟာ သူ့စိတ်ခံစားချက် ဖွင့်ထုတ်တဲ့ အနေနဲ့ ဒုတိယ ဘလဒ်ဂါကို တစ်ဖက်အသင်းက ထိုးစစ်ဆင်နေတဲ့ ဘောရိုက်သမားဆီ ရိုက်လွှတ်လိုက်တယ်။ ၎င်းဟာ မတတ်သာဘဲ လေထဲမှာ ကျွမ်းပစ်ပြီး ရှောင်လိုက်ရတယ်။

"ဂရစ်ဖင်းဒေါ်ဟာ အခု ရှစ်ဆယ်သုညနဲ့ ရှေ့က ပြေးနေတယ်။ မီးသတ္တိ ဘယ်လိုသွားလာတယ်ဆိုတာ ကြည့်ရအောင်။ ပေါ်တာဟာ အခုဆိုရင် မိမိအရှိန်နှုန်းကို ဖော်ပြနေပါပြီ။ ၎င်း ကွေ့ချိုးတာကြည့် ---- ချို-ချမ်းရဲ့ ကောမတ်ဟာ ၎င်းကို ဘယ်ပြိုင်နိုင်မလဲ။ ဒီလို အချိန်ကြာမြင့်စွာ ပြိုင်ဆိုင်ကြရာမှာ၊ မီးသတ္တိရဲ့ တိကျတဲ့ ဟန်ချက်ပြုနိုင်အားဟာ ------"

"ဂျော်ဒန်၊ မီးသတ္တိကမင်းကို အခပေးပြီး ကြော်ငြာခိုင်းလို့လား။ ဆက်ကြေညာ"

ရေဗင်ခလောက အမှတ် ပြန်လိုက်လာပြီ။ အခု သူတို့ ဘော သုံးလုံး ဝင်သွားပြီ။ ဂရစ်ဖင်းဒေါ်ဟာ အခု အမှတ် ငါးဆယ်သာ သာတော့တယ် ----တကယ်လို့ ချိုဟာ ဟယ်ရီရှေ့မှာ ရွှေဘောလုံးပျံလေးကို ဖမ်းမိရင် ရေဗင်ခလော နိုင်မယ်။ ဟယ်ရီက နည်းနည်း နိမ့်ဆင်းလိုက်တယ်။ ရေဗင်ခလောက ဘောလိုက်သမား တစ်ယောက်နဲ့ တိုက်မိတော့မလို့။ ဟယ်ရီ့ မျက်စိဟာ ကွင်းထဲမှာ အရှူးအမူး လိုက်ရှာတယ်။ ရွှေရောင်လေး လက်လိုက်တယ်။ တောင်ပံသေးသေးလေး ဖြန့်လိုက်တယ် --- ရွှေဘောလုံးပျံလေးဟာ ဂရစ်ဖင်းဒေါ် ဂိုးတိုင်နားမှာ လည်ပတ်နေတယ် ........

ဟယ်ရီ အရှိန် မြှင့်လိုက်တယ်။ မျက်စိက ရှေ့ဘက် ဟိုရွှေရောင်အရာလေးကို စိုက်ကြည့်နေတယ် --- ဒါပေမယ့်၊ ချိုဟာ ချက်ချင်း မိုးပေါ်က ဆင်းလာပြီး သူ့သွားလမ်းကို ကာဆီးထားတယ်-------

"ဟယ်ရီ၊ အခုအချိန်ဟာ လူကြီးလူကောင်း လုပ်ရမယ့် အချိန် မဟုတ်ဘူး" ဝုဒ်က အော်တယ်။ ဟယ်ရီက ရှောင်ပြေးလို့။ "မတတ်သာရင် သူမကို တံမြက်စည်းပေါ်က တိုက်ချလိုက်"

ဟယ်ရီ ပြန်လှည့်လိုက်တော့ ချို ရယ်နေတာ တွေ့ရတယ်။ ရွှေဘောလုံးပျံလေး ပျောက်သွားပြန်ပြီ။ ဟယ်ရီက မီးသတ္တိကို အထက်သို့ လှည့်တက်တယ်။ မကြာခင်မှာပဲ သူဟာ ပြိုင်ကွင်းအထက် ပေ၂၀ ရောက်သွားတယ်။ ချို သူ့လိုက်နေတာ စောင်းငဲ့မြင်ရတယ် ........ သူမဟာ ရွှေဘောလုံးပျံလေးကို သွားမရှာဘဲ သူ့ကို လိုက်ကပ်ထားဖို့ ဆုံးဖြတ်ထားတယ်။ ဒါဆို ကောင်းပြီ ........ သူမ သူ့နောက်က လိုက်ချင်နေတယ်ဆိုရင်၊ သူမဟာ ဒီလိုလုပ်တဲ့အတွက် တန်ဖိုးပေးရလိမ့်မယ်။ ..........

သူဟာ နောက်ထပ် အောက်ကို ထိုးဆင်းတယ်။ ချိုက သူ ရွှေဘောလုံးပျံလေးကို မြင်တယ်ထင်ပြီး သူ့နောက် လိုက်ချင်တယ်။ ဟယ်ရီက ရုတ်တရက် အောင်ဆင်းတာ တန့်လိုက်တယ်။ သူမဟာ အရှိန် မသတ်နိုင်တော့ဘူး။ သူဟာ ကျည်ဆံလို အလျင်အမြန် အထက် တက်သွားတယ်။ ဒီနောက် တတိယအကြိမ် ရွှေဘောလုံးပျံလေးကို မြင်ရတယ်။ ၎င်းဟာ ရေဗင်ခလောကွင်းဘက်နဲ့ ဝေးဝေး မိုးပေါ်မှာ လက်နေတယ် .......

သူ အရှိန်မြှင့်တယ်။ သူ့အောက် ပေ အတော်များများမှာ ချိုကလည်း အရှိန်မြှင့်လာတယ်။ သူနိုင်ပြီ။ သူက တစ်စက္ကန့်မှ လက်လွတ်မခံဘဲ ရွှေဘောလုံးပျံလေးကို ဖမ်းမိတော့မယ် -------- ဒီနောက် ----

"အော" ချိုက အော်တယ်။ လက်ညှိုးထိုးပြတယ်။

ဟယ်ရီ စိတ်ပျံ့သွားတယ်။ အောက်ကို ကြည့်လိုက်တော့။

ဝိညာဉ်စုပ်ကောင် သုံးကောင်။ ထွားကျိုင်းတဲ့ ခေါင်းပေါင်းပေါင်းထားတဲ့ အနက်ရောင် ဝိညာဉ်စုပ်ကောင် သုံးကောင်ဟာ သူ့ကို မော့်ကြည့်နေတယ်။

ဟယ်ရီက ရပ်ပြီးစဉ်းစားမနေဘူး။ သူက လက်တစ်ဖက်ကို လည်ပင်းဆီကနေ ဝတ်ရုံရှည်အောက် နှိုက်ပြီး မှော်ကြိမ်လုံးကို အလျင်အမြန် ဆွဲထုတ်ကာ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

သူ့မှော်ကြိမ်လုံး အဖျားကနေ ငွေရောင်အရာ အကြီးကြီး ပန်းထွက်လာတယ်။ ဒီအရာဟာ ဝိညာဉ်စုပ်ကောင်ကို တိုက်ရိုက် သွားမှန်တယ်ဆိုတာ သူ သိတယ်။ ဒါပေမယ့် သူ ရပ်ပြီး ကြည့်ရှုမနေဘူး။ သူ့ အသိဉာဏ်ဟာ ထူးဆန်း အံ့သြဖွယ် ရှင်းလင်းနေတယ်။ သူ ရှေ့ကို ကြည့်လိုက်တယ် ---- သူ မီတော့မယ်။ သူဟာ မှော်ကြိမ်လုံး ကိုင်ထားတဲ့ လက်ကို ပိုရှည်ရှည် ဆန့်ထုတ်လိုက်တယ်။ လက်ချောင်းတွေဟာ ခုန်နေတဲ့ ဘောလုံးလေး အပေါ်မှာ အုပ်ဖမ်းမိသွားတယ်။

မဒမ်ဟူးချ်ရဲ့ ဝီစီသံ ပေါ်ထွက်လာတယ်။ ဟယ်ရီဟာ မိုးပေါ်မှာ ကိုယ်ကို လှည့်လိုက်တယ်။ မသဲမကွဲ ကြက်သွေးရောင် အရာခြောက်ခု သူ့ဆီ တိုးဝင်လာတာ တွေ့ရတယ်။ ဒီနောက် ဘောသင်းဟာ အားလုံး သူ့ကို တအား ဖက်ထားလိုက်ကြတယ်။ ဒါကြောင့် သူ တံမြက်စည်းပေါ်ကတောင် ပြုတ်ကျလုနီးနီး ဖြစ်သွားတယ်။ အောက်ဘက် ဂရစ်ဖင်းဒေါ် ကျောင်းသားတွေရဲ့ ဝမ်းသာအားရ အော်သံကို သူ ကြားတယ်။

"သိပ်ကောင်းတဲ့ ကလေး" ဝုဒ်က မနားတမ်း အော်ပြောနေတယ်။ အလစ်စီယာ၊ အင်ဂလီယာနဲ့ ခက်ထီတို့ဟာ ဟယ်ရီကို နမ်းကြတယ်။ ဖရက်က သူ့ကို တအား ဖမ်းဆွဲထားလို့ ဟယ်ရီဟာ မိမိခေါင်း ပြုတ်ကျတော့မယ်တောင် ထင်မိတယ်။ တစ်သင်းလုံး တန်းမစီဘဲ ဖြစ်သလို မြေပြင်ဆင်းလာတယ်။ ဟယ်ရီ တံမြက်စည်းပေါ်က ဆင်းလိုက်တယ်။ ဂရစ်ဖင်းဒေါ် ထောက်ခံသူတွေ ဘောကွင်းထဲ အသားကုန် ပြေးလာတာ မြင်ရတယ်။ ရှေ့ဆုံးက ရွန်။ သူ ဘာမှန်း မသိခင်မှာပဲ ဝမ်းသာအားရ အော်နေတဲ့ လူအုပ်ကြီးက ဝန်းပတ်ထားလိုက်ပြီ။

"နိုင်ပြီ" ရွန်က အော်တယ်။ ဟယ်ရီ့လက်ကို ဇွတ်ခနဲ မိုးပေါ် မြှောက်လိုက်တယ်။ "နိုင်ပြီ၊ နိုင်ပြီ"

"သိပ်တော်တယ်၊ ဟယ်ရီ" ဖတ်စီက ပြောတယ်။ အလွန် ဝမ်းသာတဲ့ ပုံပဲ။ "ဆယ်ဂါလုံး ငါ ပိုင်ပြီ။ အားနာတယ်။ ငါ အခု ဖန်နလော့ လိုက်ရှာမှ ဖြစ်မယ် ----"

"သိပ်တော်တယ်၊ ဟယ်ရီ" စီးမတ်စ်- ဖင်နစ်ဂင်က ပြောတယ်။

"သိပ်တော်တာပဲ" ဟက်ဂရစ်အသံဟာ ဂရစ်ဖင်းဒေါ်တွေရဲ့ လှုပ်ယမ်းနေတဲ့ ခေါင်းပေါ်က ထွက်လာတယ်။

"အဲဒါ တကယ့်ကို မဆိုးတဲ့ အစောင့်အရှောက်" အသံတစ်သံ ဟယ်ရီ နား နားက ပေါ်လာတယ်။

ဟယ်ရီ လှည့်ကြည့်လိုက်တော့ ပါမောက္ခလူပင်ကို မြင်ရတယ်။ သူ့ကြည့်ရတာ တုန်လည်း တုန်လှုပ်၊ ဝမ်းလည်း သာပုံ ပေါ်နေတယ်။

"ဝိညာဉ်စုပ်ကောင်က ကျွန်တော့်ကို ဘာဂယက်မှ မရိုက်နိုင်ဘူး" ဟယ်ရီက တက်ကြွစွာ ပြောတယ်။ "ကျွန်တော် ဘာမှ မခံစားရတော့ဘူး"

"အဲဒါဟာ ၎င်းတို့ကြောင့် ---- အော ---- ဝိညာဉ်စုပ်ကောင် မဟုတ်ဘူး" ပါမောက္ခလူပင်က ပြောတယ်။ "စောင့်ကြည့်သေးတာပေါ့ ----"

သူဟာ ဟယ်ရီကို ခေါ်ပြီး ဘောကွင်းက ထွက်ခဲ့တယ်။ သူတို့ ဘောကွင်းအစပ်ကို မြင်ရတဲ့အထိ သွားတယ်။

"မင်းက မော်ဖိုင်ကို သိပ်ကြောက်လန့် သွားစေတာ" လူပင်က ပြောတယ်။

ဟယ်ရီ ငိုင်သွားတယ်။ မော်ဖိုင်၊ ခရပ်နဲ့ဂိုး၊ ပြီးတော့ စလေးသရင်း အသင်းခေါင်းဆောင် မာကူးစ်-ဖလင့်တို့ဟာ မြေပေါ်မှာ အတုံးအရုံး လဲနေကြတယ်။ အားလုံး ခေါင်းပေါင်းနဲ့ ဝတ်ရုံရှည် အနက်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေကြတယ်။ မော်ဖိုင်ဟာ ဂိုးပခုံးပေါ် တက်ရပ်ခဲ့သေးတယ် ထင်တယ်။ အလွန့်အလွန် စိတ်ဆိုးစွာ ငုံ့ကြည့်သူကတော့ ပါမောက္ခ မက်ဂေါ်နာဂေါ်။

"ယုတ်မာတဲ့ နည်း" သူမက အော်တယ်။ "ဂရစ်ဖင်းဒေါ ရှာဖမ်းသမားကို ချောက်ချဖို့ အကြံယုတ်။ အောက်တန်းကျတဲ့ သတ္တိမရှိ လုပ်ရပ်။ မင်းတို့ အားလုံး အပြစ်ပေးခံရမယ်။ စလေးသရင်းဟောက်စ်ကို အမှတ် ၅၀ လျှော့မယ်။ ငါ ဒီကိစ္စကို ပါမောက္ခ ဒမ်ဘယ်လီဒိုးကို ပြောပြမယ်။ ဟုတ်ပြီ၊ အား၊ သူလာပြီ"

ဂရစ်ဖင်းဒေါအသင်း အနိုင်ရမှုကို အမှတ်တံဆိပ် ထိုးပေးနိုင်မယ်ဆိုရင်၊ အဲဒါ ခု မျက်စိရှေ့ ဖြစ်နေတဲ့ အခြေအနေပဲ။ ရွန်က ဟယ်ရီ့အနား တိုးဝင်လာတယ်။ မော်ဖိုင် ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဝတ်ရုံထဲက ရုန်းထွက်နေတာ၊ ဂိုးစောင့်ဝတ်ရုံထဲ ထုပ်မိနေတာကို ကြည့်ပြီး ဗိုက်နှိပ် ရယ်ကြပါတော့တယ်။

"လာ၊ ဟယ်ရီ" ဂျော့က ပြောတယ်။ ကြိုးစား တိုးဝင်လာတယ်။ "စုပေါင်းပျော်ရွှင်ပွဲ။ ဂရစ်ဖင်းဒေါ အများနားနေခန်းမှာ။ အခု"

"လာပြီ" ဟယ်ရီက ပြောတယ်။ ဒီလို မပျော်ရတာ ကြာလှပြီ လို့ ထင်မိတယ်။ သူနဲ့ တခြား ဘောသမားတွေ ဦးဆောင်ပြီး၊ ကြက်သွေးရောင် ဝတ်ရုံကိုပဲ ဝတ်ဆင်ထားပြီး ပွဲကြည့်စင်ကထွက်ကာ ရဲတိုက်ကို ပြန်ခဲ့တယ်။

အားလုံးဟာ ခွေဒစ်ပြိုင်ပွဲ ဒိုင်းဆုရသလို ဖြစ်နေတယ်။ ဒီအကြိမ် စုပေါင်း ပျော်ရွှင်ပွဲကို တစ်ရက် ကျင်းပတယ်။ ညထိ ကျင်းပတယ်။ ဖရက်နဲ့ ဂျော့-ဝယ်စလီ နှစ်နာရီလောက် ပျောက်သွားတယ်။ ပြန်လာတော့ ထောပတ်ဘီယာ ပုလင်းတွေ၊ တရှီရှီ မြည်တဲ့ ဖရုံသီးရည်နဲ့ ပျားရည်အမတ်ကြီးဆိုင်က သကြားလုံး အိတ်ကြီးတွေ ပိုက်လာတယ်။

"နင်တို့ ဘယ်လို ရလာတာလဲ" အင်ဂလီယာ-ဂျွန်ဆင်က မေးတယ်။ ဒီအချိန်မှာ ဂျော့ဟာ လူအုပ်ကို ဖားပြုပ် ပရုပ်သကြားလုံး စတင် ဝေငှနေပြီ။

"ငါတို့ လမျက်နှာ၊ ပိုးကောင် အမြီး၊ ခြေပြားကြီးနဲ့ ခက်ရင်းခွချွန်တို့ အကူအညီ နည်းနည်းရတယ်" ဖရက်က ဟယ်ရီ့နားနား ကပ်ပြောတယ်။

လူတစ်ယောက်ထဲ ပျော်ရွှင်ပွဲကို မပါဝင်ဘူး။ ဟာမီးဟာ မယုံနိုင်စရာ ထောင့်ကပ်ထိုင်နေပြီး "ဗြိတိန်မတ်ဂေါ် အိမ်ထောင်ဘဝနဲ့ လူမှုအလေ့အကျင့်" ဆိုတဲ့ စာအုပ်ကြီးကို ဖတ်ဖို့ လုပ်နေတယ်။ ဟယ်ရီက ဖရက်နဲ့ ဂျော့တို့ ထောပတ်ဘီယာနဲ့ မျက်လှည့်ပြဖို့ စနေတဲ့ စားပွဲက ထွက်ခဲ့ပြီး ဟာမီးအနား သွားတယ်။

"နင် ပြိုင်ပွဲ သွားမကြည့်ဘဲ နေသလား" သူက မေးတယ်။

"ငါ သွားကြည့်တာပေါ့" ဟာမီးက ပြောတယ်။ အသံက အံ့သြစရာ ကျယ်တယ်။ ဟယ်ရီ့ကို ခေါင်းတောင် မော်မကြည့်ဘူး။ "ငါတို့ နိုင်လို့ ငါ သိပ် ဝမ်းသာတယ်။ နင် မဆိုးဘူး။ ဒါပေမယ့် တနင်္လာနေ့မတိုင်မီ ငါ ဒီစာအုပ်ကို ပြီးအောင် ဖတ်ရမယ်"

"လာ၊ ဟာမီး၊ မုန့် နည်းနည်းလာစား" ဟယ်ရီက ပြောရင်း ရွန့်ဆီကို ကြည့်တယ်။ စိတ်ထဲမှာ ရွန် ဟာမီးနဲ့ ပြန်တည့်ဖို့ အခြေအနေ ကောင်း၊ မကောင်း တွေးတယ်။

"မဖြစ်ဘူး၊ ဟယ်ရီ။ ငါ့မှာ စာမျက်နှာ ၄၂၂–မျက်နှာ ဖတ်ဖို့ ရှိသေးတယ်" ဟာမီးက ပြောတယ်။ သူမအသံဟာ အရူးအမူး နည်းနည်း ဖြစ်နေတယ်။

"ပြီးတော့လဲ ..........." သူမက ရွန့်ဆီလည်း ကြည့်တယ်။ "သူက ငါ့ကို မပါစေချင်ဘူး"

ဒါကတော့ ရှင်းနေပါတယ်။ ရွန်က ဒီလို အချိန်ကောင်းယူပြီး "တကယ်လို့ အစက်အပြောက်လေးသာ အစားမခံရဘူး ဆိုရင်၊ ၎င်း ဒီလို ဖတ်ဂျီ ယင်ကောင်တချို့စားမှာ။ ၎င်းက သိပ်ကြိုက်တာ–––" လို့ ပြောနေလို့။

ဟာမီး ငိုတယ်။ ဟယ်ရီ ဘာမှ မပြောရ၊ မလုပ်ရသေးခင်မှာ၊ သူမဟာ ဟိုစာအုပ်ကြီးကို ချိုင်းညှပ်ကာ ကျောင်းသူအဆောင်ဆီ သွားတဲ့ လှေခါးပေါ် တက်သွားပြီး မမြင်ရတော့ဘူး။

"သူမကို ခဏလောက် အနားပေးလို့ မရဘူးလား" ဟယ်ရီက ရွန့်ကို အေးဆေးစွာ ပြောတယ်။

"မရဘူး" ရွန်က ပြတ်ပြတ်ပဲ ပြောတယ်။ "သူမ တောင်းပန်ပုံပေါ်ရင် ––– ဒါပေမယ့်၊ သူမဟာ ဘယ်တော့မှ မိမိအမှားကို ဝန်မခံဘူး။ ဟာမီးဟာ ဒီအတိုင်းပဲ။ သူ့ပုံစံက အစက်အပြောက်လေး အနားသွားယူနေသလိုလို ဘာလိုလိုနဲ့"

လင်းအားကြီး တစ်နာရီမှာ သက္ကလပ်အကွက် နံနက်အင်္ကျီ ဝတ်ဆင်ပြီး၊ ဆံပင်ပိုက်စွပ်ထားတဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ ရောက်လာတယ်။ အားလုံးကို သွားအိပ်ခိုင်းတယ်။ ဒီတော့မှ ဂရစ်ဖင်းဒေါ်ဟောက်စ်က ပျော်ရွှင်ပွဲ ပြီးဆုံးသွားတယ်။ ဟယ်ရီနဲ့ ရွန် လှေခါးကတက်ပြီး အိပ်ဆောင်ပြန်ခဲ့တယ်။ ပြိုင်ပွဲအကြောင်းပဲ ပြောနေကြတယ်။ နောက်ဆုံးမှာ ဟယ်ရီ သိပ် ပင်ပန်းနေပြီ။ ကုတင်ပေါ်တက်ပြီး လရောင်ကို ကုတင်လိုက်ကာ ဆွဲကာထားလိုက်တယ်။ လှဲချပြီး ချက်ချင်း အိပ်ပျော်သလို ဖြစ်သွားတယ် ............

သူဟာ ထူးဆန်းတဲ့ အိပ်မက် မက်တယ်။ သူ သစ်တောထဲ လျှောက်သွားနေတယ်။ ပခုံးပေါ်မှာ မီးသတ္တိကို ထမ်းထားတယ်။ သူဟာ ငွေရောင် အရာတစ်ခုနောက် လိုက်နေတယ်။ ဒီအရာဟာ သစ်တောထဲမှာ ကွေ့ကောက်စွာ ချီတက်နေတယ်။ သူဟာ သစ်ရွက်ကြားကနေ ၎င်းရဲ့ အရိပ်အယောင်ကို မြင်ရတယ်။ သူက မီးအောင် အမြန်လိုက်ချင်တယ်။ ဒါကြောင့် ခြေလှမ်းကို မြန်အောင်သွားတယ်။ သူ မြန်ရင် သူလိုက်နေတဲ့ အရာကလည်း မြန်လာတယ်။ ဟယ်ရီက ပြေးတယ်။ ရှေ့ဆီက ခွာသံကလည်း မြန်တာ ကြားရတယ်။ အခု သူဟာ မြေပြင်မှာ အပြေးပြိုင်နေတယ်။ သူ့ရှေ့က ပြေးလွှားတဲ့အသံကို သူ ကြားရတယ်။ ဒီနောက်၊ သူ ကွေ့ချိုး ချိုးလိုက်တယ်။ ကျယ်ပြောတဲ့ နေရာတစ်ခုကို ရောက်လာတယ်၊ ဒါနဲ့ –––-

"အား၊ အား၊ အား၊ အား၊ အား၊ –––ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း––––"

ဟယ်ရီ ရုတ်တရက် လန့်နိုးသွားတယ်။ မျက်နှာပေါ် အရိုက်ခံလိုက်ရသလိုပဲ။ သူဟာ အမှောင်ထဲမှာ ဦးတည်ချက် လုံးဝ ပျောက်သွားတယ်။ ကုတင်လေးဘက် လေးတန် ကာထားတဲ့ လိုက်ကာကို စမ်းတယ် –––– သူဟာ ပတ်ဝန်းကျင်က အသံကို ကြားရတယ်။ စီးမတ်စ်–ဖင်နစ်ဂင် အသံဟာ အခန်းတစ်ဖက်က ပေါ်လာတယ်။

"ဘာဖြစ်လဲ"

ဟယ်ရီဟာ အိပ်ခန်းတံခါး ပိတ်သံ ကြားလိုက်ရသလိုပဲ။ နောက်ဆုံးမှာ လိုက်ကာအဟနေရာကို ရှာတွေ့သွားပြီး ဆွဲဖွင့်လိုက်တယ်။ တစ်ချိန်ထဲမှာ ဒင်း–သောမတ်စ်က မီးထွန်းလိုက်တယ်။

ရွန်ဟာ ကုတင်ပေါ်မှာ ထထိုင်လိုက်တယ်။ လိုက်ကာတစ်ဖက်ကို ဆွဲထားပြီး မျက်နှာဟာ သိပ် ထိတ်လန့်နေပုံ ရတယ်။

"ဘလက်၊ ဆီးရီးအက်စ် ကြယ်ဘလက်။ ဒါးတစ်လက် ကိုင်ထားတယ်"

"ဘာ"

"ဒီနေရာမှာ။ ခုနက ဖြစ်တာ။ လိုက်ကာကို ခွဲထားတယ်။ ဒါကြောင့် ငါ နိုးလာတာ"

"မင်း အိပ်မက် မက်နေတာ မဟုတ်ဘူးဆိုတာ သေချာလား၊ ရွန်" ဒင်းက မေးတယ်။

"အဲဒီ လိုက်ကာကို ကြည့်။ ငါ မင်းတို့ကို ပြောပြမယ်။ သူ ခုနက ဒီမှာ"

သူတို့ အားလုံး ကုတင်ပေါ်က ဆင်းကြတယ်။ ဟယ်ရီဟာ ပထမဦးဆုံး တံခါးနား ရောက်လာတယ်။ သူတို့အားလုံး လှေခါးကနေ တအားပြေးဆင်းကြတယ်။ သူတို့ နောက်ဖက်မှာ တံခါးတွေ တစ်ရွက်ပြီး တစ်ရွက် ပွင့်သွားတယ်။ အိပ်ချင်မူးတူးအသံတွေ သူတို့ကို မေးခွန်း ထုတ်နေတယ်။

"ခုနက ဘယ်သူ အော်နေတာလဲ"

"မင်းတို့ ဘာလုပ်နေတာလဲ"

မီးလင်းဖိုထဲက မီးကျန်ဟာ အများနားနေခန်းကို လင်းစေတယ်။ အခန်းထဲမှာ ပျော်ရွှင်ပွဲက ကျန်ရစ်တဲ့ အမှိုက်တွေချည်းပဲ။ အခန်းထဲမှာ လူ မရှိဘူး။

"မင်း အိပ်မက် မက်တာ မဟုတ်ပါဘူးနော်၊ ရွန်"

"ငါ မင်းတို့ကို ပြောပြမယ်။ ငါ သူ့ကို မြင်တယ်"

"အသံတွေ ဒီလောက်တောင် များတာ ဘာလုပ်တာလဲ"

"ပါမောက္ခ မက်ဂေါ်နာဂေါက တို့ကို အိပ်ရာဝင်ခိုင်းတယ်"

ကျောင်းသူအချို့ လှေခါးက ဆင်းလာတယ်။ နံနက်အင်္ကျီ ခြုံထားပြီး သမ်းဝေနေတယ်။ ကျောင်းသားတွေလည်း ဆက်တိုက် ရောက်လာတယ်။

"သိပ်ကောင်းတာပဲ။ ပျော်ရွှင်ပွဲ ဆက်ကျင်းပရ ကောင်းမလား" ဖရက်–ဝယ်စလီက ပျော်ရွှင်စွာ ပြောတယ်။

"အားလုံး အပေါ်ထပ် တက်ကြ" ဖတ်စီက ပြောတယ်။ သူဟာ အများနားနေခန်းဆီ ပြေးလာတယ်။ စကားပြောရင်း မိမိရဲ့ ကျောင်းသားအသင်း ဥက္ကဋ္ဌ တံဆိပ်ကို ညဝတ်အင်္ကျီပေါ် ချိတ်နေတယ်။

"ဖတ်စီ –––– ဆီးရီးအက်စ် ကြယ်ဘလက်" ရွန်က အားပျော့စွာ ပြောတယ်။ "ငါတို့ အိပ်ခန်းထဲမှာ။ ဒါးနဲ့။ ငါ ဒါကြောင့် နိုးသွားတာ"

အများနားနေခန်းထဲမှာ တိတ်ဆိတ်သွားတယ်။

"လျှောက်ပြောတာ" ဖတ်စီက ပြောတယ်။ သူ့ကြည့်ရတာ လန့်သွားသလိုပဲ။ "မင်းစားတာများလို့၊ ရွန် ---- အိပ်မက်ဆိုး မက်တာ -------"

"ငါ မင်းကို ပြောပြမယ် ------"

"တော်ပြီ၊ တော်လောက်ပြီ။ မပြောနဲ့တော့"

ပါမောက္ခ မက်ဂေါ်နာဂေါ် ပြန်ရောက်လာတယ်။ သူမဟာ အများနားနေခန်းထဲ ဝင်လာပြီး အရုပ်ကား အပေါက်ကို ဒိုင်းခနဲ ပိတ်လိုက်တယ်။ ဒေါသနဲ့ ပတ်ဝန်းကျင်ကို ကြည့်တယ်။

"ဂရစ်ဖင်းဒေါ် နိုင်တာ ငါ သိပ် ဝမ်းသာတယ်။ ဒါပေမယ့် မင်းတို့ အခုလိုက သိပ်ရယ်စရာ ကောင်းနေတယ်၊ ဖတ်စီ။ ငါ အစက မင်းကို ပိုမို ကောင်းမွန်စွာ ဖော်ပြဖို့ မျှော်လင့်တာ"

"ကျွန်တော် သူတို့ကို ဒီလို မလုပ်ခိုင်းဘူး ဆိုတာ သေချာတယ်၊ ပါမောက္ခ" ဖတ်စီက ပြောတယ်။ သိက္ခာကျတယ်ဆိုပြီး လေမှုတ်ထုတ်ကာ "ကျွန်တော် သူတို့ကို ကုတင်ပေါ် ပြန်သွားခိုင်းနေတာ။ ကျွန်တော့် ညီလေး ရွန် အိပ်မက်ဆိုး မက်တယ် ----"

"အိပ်မက်ဆိုး မဟုတ်ဘူး" ရွန်က တအား အော်တယ်။ "ပါမောက္ခ၊ ကျွန်တော် နိုးလာတော့၊ ဆီးရီးအက်စ် ကြယ်ဘလက် ကျွန်တော့်ရှေ့မှာ ရပ်နေတယ်။ ဒါးကိုင်ထားတယ်"

ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့ကို စိုက်ကြည့်နေတယ်။

"သူများ ကဲ့ရဲ့အောင် မလုပ်နဲ့၊ ဝယ်စလီ။ သူ အရုပ်ကား အဝကို ဘယ်လို ဖြတ်မလဲ"

"သူ့ကို မေး" ရွန်က ပြောတယ်။ တုန်နေတဲ့ လက်နဲ့ ဆာခါဒိုဂင် အရုပ်ကားကို ညွှန်ပြနေတယ်။ "သူ့ကို မြင်လားလို့ မေးကြည့် ---"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သံသယနဲ့ ရွန့်ကို ကြည့်လိုက်ပြီး အဲဒီ အရုပ်ကားကို တွန်းဖွင့်ပြီး ထွက်သွားတယ်။ အများနားနေခန်း တစ်ခုလုံး အသက်တောင် ရဲရဲ မရှူဝံ့ဘူး။

"ဆာခါဒိုဂင်၊ ရှင် ခုနက ယောကျာ်းတစ်ယောက်ကို ဂရစ်ဖင်းဒေါ် အိမ်ချွန်ထဲ ဝင်ခွင့်ပေးလား"

"ဒါပေါ့၊ ကောင်းမွန်တဲ့ အမျိုးသမီး" ဆာခါဒိုဂင်က အော်ပြောတယ်။

အားလုံး အံ့ဩလို့ စကားတောင် မပြောနိုင်ဘူး။ အများနားနေခန်း အတွင်းအပြင် တစ်ခုလုံး ဒီအတိုင်းပဲ။

"ရှင် --- ရှင် ဒီလို လုပ်သလား" ပါမောက္ခ မက်ဂေါ်နာဂေါ်က မေးတယ်။ "ဒါပေမယ့် --- ဒါပေမယ့် စကားဝှက်ကကော"

"သူ့မှာ စကားဝှက် ရှိတယ်" ဆာခါဒိုဂင်က မာနနဲ့ ပြောတယ်။ "တစ်ပတ်စလုံးရဲ့ စကားဝှက်လေ။ အမျိုးသမီး။ စာရွက်ကလေး သေးသေးလေးပေါ်က ဖတ်ပြတာ"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ အရုပ်ကား အပေါက်ကနေ ပြန်ဝင်လာတယ်။ အံ့ဩလွန်းလို့ ငြိမ်နေတဲ့ ကျောင်းသားတွေကို ကြည့်ပြီး သူမ မျက်နှာ သွေးဆုတ်နေတာ မြေဖြူလိုပဲ။

"ဘယ်သူလဲ" သူမက ပြောတယ်။ အသံက တုန်နေတယ်။ "ဘယ်အသိမရှိတဲ့ ငအက၊ ဒီအပတ် စကားဝှက်အားလုံးကို ရေးချထားပြီး လျှောက်ပစ်ထားတာလဲ"

ငြိမ်သက်နေတယ်။ ဒိနောက် အလွန်သေးတဲ့ အကြောက်လွန်တဲ့ အသံတစ်သံ ငြိမ်သက်မှုကို ဖြိုခွဲလိုက်တယ်။ နီဗီး–လွန်ဘော့တမ်ဟာ ခေါင်းကနေ အမွေးပါ ဖိနပ် ဝတ်ထားတဲ့ ခြေထောက်အထိ တုန်နေရင်း၊ လက်ကို ဖြည်းဖြည်း မြှောက်လိုက်တယ်။

• •• • ••• •

## ၁၄။ စနိတ်ပ်ရဲ့ မနာလိုမှု

အဲဒီနေ့ညမှ ဂရစ်ဖင်းဒေါဟောက်စ်က လူအားလုံး မအိပ်ကြဘူး။ ရဲတိုက်ဟာ နောက်ထပ် ရှာဖွေခံရပြန်ပြီ ဆိုတာ သူတို့ သိတယ်။ ဂရစ်ဖင်းဒေါက လူအားလုံး အများနားနေခန်းထဲမှာ ရှိနေတယ်။ ဘလက်ကို မိသလား၊ မမိဘူးလား ဆိုတဲ့ သတင်းကို စောင့်နေကြတယ်။ လင်းအားကြီးအချိန်မှာ ပါမောက္ခ မက်ဂေါ်နာဂေါ် ပြန်လာတယ်။ ဘလက် လွတ်သွားပြန်ပြီလို့ အများကို ပြောပြတယ်။

နောက်နေ့မှာ သူတို့ ဘယ်သွားသွား လုံခြုံရေး ပိုလုပ်ထားတာ တွေ့ရတယ်။ ပါမောက္ခ ဖလစ်ဝစ်ဟာ ဘလက်ရဲ့ ဓာတ်ပုံကြီးကို ကိုင်ပြီး ရှေ့တံခါး အစောင့်တိုင်းကို သိအောင် ပြတယ်။ ဖစ်ချ်ဟာ ရုတ်တရက် စင်္ကြံထဲမှာ ပြေးလွှားအလုပ်များနေတယ်။ နံရံပေါ်က အပေါက်လေးကစ ကြွက်တွင်းအပါအဝင် ပျဥ်ပြားနဲ့ လိုက်ပိတ် ရိုက်ထားတယ်။ ဆာခါဒိုဂင် အလုပ်ဖြုတ်ခံရတယ်။ သူ့အရုပ်ကားကို ရှစ်လွှာရှိ လှေခါးခြေရင်းကပြင်မှာ ပြန်ချိတ်ထားတယ်။ မိန်းမဝဝကြီး ပြန်လာပြီ။ မိန်းမဝဝကြီးကို ပညာပိုင်းဆိုင်ရာ ပြုပြင်လိုက်တယ်။ ဒါပေမယ့် သူမဟာ သိပ်ကို စိတ်လှုပ်ရှားနေတယ်။ သူမ အလုပ်ပြန်ဝင်တယ် ဆိုတာ အာမခံချက်နဲ့။ အဲဒါကတော့ ၎င်းကို အထူး အကာအကွယ် ပေးဖို့ပဲ။ ရိုင်းပျတဲ့ လူပုလေးတွေ ငှားပြီး သူမကို ကာကွယ်တယ်။ ၎င်းတို့ဟာ ခြိမ်းခြောက်တဲ့ ခြေလှမ်းနဲ့ စင်္ကြံထဲမှာ လျှောက်နေတယ်။ အချင်းချင်း ဘယ်သူ့တုတ် ကြီးတယ်ဆိုတာ ပြိုင်နေကြတယ်။

ဟယ်ရီဟာ အမှတ်မထင်ဘဲ လေးလွှာရှိ မျက်လုံး တစ်လုံး မှော်ဆရာမ ရုပ်ထုကို ခုထိ ဘယ်သူမှ မစောင့်ရှောက်သေးတာ၊ ပိတ်ဆို့ ကာဆီးတာ မလုပ်သေးတာ တွေ့ရှိတယ်။ ဖရက်နဲ့ ဂျော့ ------ အခု ဟယ်ရီ၊ ရွှန်နဲ့ ဟာမီး----တို့က သူတို့သာ ရုပ်ထုထဲက လျှို့ဝှက်လမ်းကို သိတယ်လို့ ထင်တယ်။ ကြည့်ရတာ အမှန်ပဲ ထင်တယ်။

"မင်း ပြောစမ်း၊ ငါတို့ ဘယ်သူ့ကို ပြောပြရမလဲ" ဟယ်ရီက ရွှန့်ကို မေးတယ်။

"သူ ပျားရည်အမတ်ကြီးက လာတာ မဟုတ်ဘူးဆိုတာ တို့သိတယ်" ရွှန်က မစဉ်းစားဘဲ ပြောတယ်။ "အဲဒီဆိုင်ထဲကို ဝင်တဲ့လူရှိရင်၊ ငါတို့ ကြားမှာပါ"

ရွှန့်မှာ ဒီလို အတွေးမျိုး ရှိတဲ့အတွက် ဟယ်ရီ ဝမ်းသာတယ်။ သစ်သားနဲ့ မျက်လုံးတစ်လုံးမှော်ဆရာမကို ပိတ်ထားရင် သူ ဟော့ဂ်မော့ဒ်ကို နောက်ထပ် သွားရမှာ မဟုတ်တော့ဘူး။

ရွှန်ဟာ ချက်ချင်းဆိုသလို နာမည်ကြီးသွားတယ်။ လူတွေဟာ အခုဆိုရင် သူ့ကို ဟယ်ရီထက် ပိုပြီး စိတ်ဝင်စားတယ်။ ရွှန့်ဘဝမှာ ဒီလို ဆက်ဆံခံရတာ ပထမဆုံး အကြိမ်ပဲ။ ဒီလို တွေ့ကြုံရတာကို သိပ်နှစ်သက်ပုံ ပေါ်တယ်။ ရွှန်ဟာ အဲဒီနေ့က ဖြစ်ပွားတဲ့ ကိစ္စကြောင့် တုန်လှုပ်နေသေးပေမယ့် မေးလာသူရှိရင် ပြောပြဖို့ ဝန်မလေးဘူး။ တခြား အသေးစိတ်တွေလည်း အများကြီး ထည့်ပြောတယ်။

"......... ငါ အိပ်ပျော်နေတာ။ ငါ တစ်ခုခုကို ဆုတ်ဖြဲသံ ကြားရတယ်။ ငါက အိပ်မက်မက်နေတယ် ထင်တာ။ နင် သိလား။ ဒါပေမယ့် လေဖြတ်တိုက်လာတယ် ......... ငါ နိုးသွားတယ်။ ကုတင်လိုက်ကာ တစ်ဖက် ဆွဲဆုတ်ထားတယ်........ ငါ ကိုယ်ကို တစ်ဖက် လှည့်လိုက်တယ် ......... သူ ငါ့ရှေ့မှာ ရပ်နေတာ ငါတွေ့တယ် ......... အရိုးခြောက်လိုပဲ။ ညစ်ပတ်တဲ့ ဆံပင်ထွေးကြီး ......... ဒါးရှည်ကြီးတစ်လက် ကိုင်ထားတယ်။ ၁၂ လက်မရှိမှာ သေချာတယ်.......... သူက ငါ့ကို ကြည့်တယ်။ ငါက သူ့ကို ကြည့်တယ်။ ဒီနောက် ငါ တအား ထအော်တယ်။ သူက ထွက်ပြေးရော"

"ဒါပေမယ့်၊ ဘာဖြစ်လို့လဲ" ရွှန်က ဟယ်ရီ့ကို ပြောတယ်။ ဒီအချိန်မှာ သူပြောပြတဲ့ ကြက်သီးထစရာ ပုံပြင်ကို နားထောင်နေတဲ့ ဒုတိယနှစ်ကျောင်းသူတွေ ထွက်သွားပြီ။ "သူ ဘာဖြစ်လို့ ထွက်ပြေးတာလဲ"

ဒီကိစ္စကို ဟယ်ရီကလည်း ဘာလို့မှန်း မသိဘူး။ ဘလက် ကုတင်မှားသွားတယ်။ ဘာဖြစ်လို့ ရွှန့်ကို ပါးစပ်ပိတ်အောင် သတ်ပစ်ပြီး ဟယ်ရီ့ကို ဆက်မရှာတာလဲ။ လွန်ခဲ့တဲ့ ၁၂-နှစ်က ဘလက်ဟာ အပြစ်မရှိသူကို သတ်တာ အရေးမကြီးဘူးလို့ ဖော်ပြခဲ့တယ်။ ဒီတစ်ချီ သူ ရင်ဆိုင်ရတာက လက်နက်မဲ့ ကျောင်းသား ငါးယောက်။ ၎င်းအနက် လေးယောက်က အိပ်မောကျနေတယ်။

“မင်း အော်လို့ အားလုံး နိုးသွားရင်၊ ရဲတိုက်က ထွက်ဖို့ ခက်မယ်ဆိုတာ သူ သိမှာ သေချာတယ်” ဟယ်ရီက လေးလေးနက်နက် တွေးပြီး ပြောတယ်။ “အရုပ်ကားအပေါက်က ပြန်မယ်ဆိုရင်၊ သူ ဟောက်စ်တစ်ခုလုံးက လူတွေကို သတ်ပစ်ရမယ် .......... ပြီးတော့ ဆရာတွေနဲ့လည်း တိုးနိုင်သေးတယ်...........”

နီဗီး အရှက်ကြီး ကွဲတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါဟာ သူ့ကြောင့် အသေ စိတ်ဆိုးတယ်။ သူ့ကို ဟော့ဂ်မော့ဒ် သွားခွင့် မပေးတော့ဘူး။ သူ့ကို ကျောင်းပိတ်တယ်။ ဘယ်သူမဆို သူ့ကို အိမ်ချွန်ထဲ ဝင်တဲ့ စကားဝှက်မပေးရဘူး။ သနားစရာ နီဗီးဟာ ညစဉ် အများနားနေခန်းမှာ စောင့်ပြီး သူ့ကို ခေါ်သွားနိုင်မယ့်လူ ရှာတယ်။ ဟိုလူပုလေးတွေဟာလည်း သူ့ကို ပိုကဲပြီးသရော်တယ်။ ဒါပေမယ့် အဲဒီ အပြစ်ပေးခြင်းအားလုံးဟာ သူ့အဖွား သူ့ကို ပေးဖို့ စောင့်နေတာလောက် မဆိုးသေးဘူး။ ဘလက် အိမ်ချွန်ထဲဝင်ပြီး နှစ်ရက်အကြာမှာ သူမဟာ နီဗီးကို စာတစ်စောင် ပို့လိုက်တယ်။ ဒါဟာ ဟော့ဂ်ဝပ်ကျောင်းသားတွေ နံနက်စောစောစာ စားချိန်မှာ ရနိုင်တဲ့ အဆိုးဆုံးအရာပဲ ----- အော်ဆူတဲ့ စာတစ်စောင်။

ကျောင်းက ဇီးကွက်တွေ ခန်းမကြီးထဲ ပျံဝင်လာပြီး ခါတိုင်းလိုပဲ စာတွေ အထုပ်တွေပို့တယ်။ စပါးကျီ ဇီးကွက် အကြီးကြီးတစ်ကောင် သူ့ရှေ့မှာ လာရပ်တယ်။ ကြက်သွေးရောင် စာအိတ်ကြီးကို ချီလာတယ်။ မနှစ်က ရွန်ဟာလည်း သူ့အမေဆီက စာတစ်စောင် ရခဲ့သေးတယ်။

“မြန်မြန်ပြေး၊ နီဗီး” ရွန်က တိုက်တွန်းတယ်။

နီဗီးဟာ နောက်တစ်ကြိမ် မပြောရဘဲ၊ စာကို ဇတ်ခနဲ ကောက်ယူပြီး ဗုံးကိုင်ထားသလို ခန်းမကြီးက ပြေးထွက်သွားတယ်။ စလေးသရင်းဟောက်စ်က ကျောင်းသားတွေ သူ့ပုံပန်းကို ကြည့်ပြီး ဝေါခနဲ ရယ်ကြတယ်။ ဒီအော်ဟစ်တတ်တဲ့ စာဟာ ရှေ့ခန်းထဲမှာ စကားပြောတာ သူတို့ ကြားရတယ် ----- နီဗီးအဖွား အသံ။ သာမန်အသံထက် အဆတစ်ရာ ချဲ့ထားတယ်။ သူမက သူ့ကို မိသားစုတစ်ခုလုံး အရှက်ကွဲရတယ်လို့ ဆူတယ်။

ဟယ်ရီဟာ နီဗီးအတွက် စိတ်မကောင်းဖြစ်နေရပြီး မိမိအတွက် စာတစ်စောင် ရောက်နေတာ သတိမပြုမိဘူး။ ဟက်ဒဝစ်ဟာ ဟယ်ရီ့လက်ကို နာနာလေး ဆိတ်လိုက်မှ သူ သတိပြုမိတော့တယ်။

“အမလေး။ အော ----- ကျေးဇူးပဲ၊ ဟက်ဒဝစ်”

ဟယ်ရီက စာအိတ်ကို ဖောက်လိုက်တယ်။ ဒီအချိန်မှာ ဟက်ဒဝစ်ဟာ နီဗီးရဲ့ ပြောင်းဖူးမုန့်ကို သူ့ဘာသာ စားတယ်။ စာအိတ်ထဲက စာရွက်လေးမှာ ရေးထားတာက ..............

**ချစ်လှစွာသော ဟယ်ရီနှင့်ရွန်**

ဒီည ၆နာရီ လောက်မှာ ကျုပ်နဲ့အတူ လက်ဖက်ရည် လာသောက်ပါလား။ ကျုပ် ရဲတိုက်မှာ လာကြိုမယ်။ ခန်းမကြီးမှာ စောင့်နေပါ။ မင်းတို့ဘာသာ ရဲတိုက်က မထွက်ရဘူး။

**ဟက်ဂရစ်**

“သူက ဘလက်အကြောင်း အားလုံး သိချင်လို့ ထင်တယ်” ရွန်က ပြောတယ်

အဲဒီနေ့ည ၆–နာရီမှာ၊ ဟယ်ရီနဲ့ ရွန်တို့ ဂရစ်ဖင်းဒေါ အိမ်ချွန်က ထွက်ခဲ့တယ်။ လူပုရေးလုံခြုံရေးတွေကို ပြေးပြီး ဖြတ်ကျော်ကာ ရှေ့ခန်းဆီ လာခဲ့တယ်။

ဟက်ဂရစ်ဟာ အဲဒီနေရာမှာ သူတို့ကို စောင့်နေပြီ။

"ကောင်းတယ်နော်၊ ဟက်ဂရစ်"ရွန်က ပြောတယ်။ "စနေနေ့က အကြောင်းကို ခင်ဗျား သိချင်လို့နဲ့ တူတယ်။ ဟုတ်လား"

"ကျုပ် ကြားပြီးပြီ" ဟက်ဂရစ်က ပြောရင်း တံခါးမကြီးကို ဖွင့်လိုက်တယ်။ သူတို့ကို ခေါ်ပြီး ရဲတိုက်ကြီးက ထွက်ခဲ့တယ်။

"အော" ရွန်က ပြောတယ်။ စိတ်ဓာတ်ကျတဲ့ပုံနဲ့။

သူတို့ ဟက်ဂရစ်အိမ်လေးထဲ ဝင်ခဲ့ပြီး အရင်ဆုံး မြင်ရတာက ဘတ်ခ်ဘိခ်။ ၎င်းဟာ ဟက်ဂရစ်ရဲ့ အဖာအထေး အိပ်ရာခင်းပေါ် လှဲနေတယ်။ ကြီးမားတဲ့ တောင်ပံနှစ်ခုဟာ ကိုယ်ဘေးမှာ ကပ်ထားတယ်။ မြွေပါ ဂတိုးဖြူ အသေတစ်ကောင်ကို စားနေတယ်။ ဟယ်ရီဟာ စိတ်မကောင်းစရာ မြင်ကွင်းကို တမင်မကြည့်ဘဲ နေတယ်။ ဟက်ဂရစ်ရဲ့ အဝတ်ဗီရိုပေါ်မှာ မတရားကြီးတဲ့ အမွေးထူ ကုတ်အင်္ကျီအညိုတစ်စုံနဲ့ အဝါ-လိမ်မော်ကျား အရုပ်ဆိုးတဲ့ လည်စည်းတစ်ထည်ကို သူ မြင်ရတယ်။

"ဒါတွေက ဘာလုပ်ဖို့လဲ၊ ဟက်ဂရစ်" ဟယ်ရီက မေးတယ်။

"ဘတ်ခ်ဘိခ်နဲ့ အရေးယူ စီရင်ရေး ကော်မတီအမှု" ဟက်ဂရစ်က ပြောတယ်။ "ဒီအပတ် သောကြာနေ့။ ကျုပ်နဲ့ ၎င်း အတူလန်ဒန်သွားရမယ်။ မြင်းစီးသူရဲ ဘတ်စကားမှာ နေရာနှစ်ခု ကြိုမှာထားပြီးပြီ ....."

ဟယ်ရီ ရင်ထဲမှာ အပြစ်ရှိတဲ့ ခံစားချက်ကြောင့် နေလို့ မကောင်းဘူး။ ဘတ်ခ်ဘိခ်ကို စီရင်မယ့်ရက် သိပ်ကပ်နေပြီ။ သူကတော့ ဒီအကြောင်းကို လုံးဝမေ့ထားတယ်။ ရွန့်မျက်နှာပေါ်က အမူအရာကို ကြည့်ရင်၊ သူလည်း မေ့နေပြီ။ သူတို့ဟာ ဘတ်ခ်ဘိခ်အတွက် လျှောက်လဲဖို့ အကူအညီပေးမယ်ဆိုတာလည်း မေ့နေပြီ။ မီးသတ္တိ ရောက်လာတဲ့အတွက် ဒီကိစ္စတွေအားလုံး မေ့သွားတာ။

ဟက်ဂရစ်က သူတို့ကို လက်ဖက်ရည် ငှဲ့ပေးတယ်။ ပတ်ပေါင်မုန့် တစ်ပန်းကန်လည်း ချကျွေးတယ်။ ဒါပေမယ့် သူတို့ မစားတာ ကောင်းမယ်လို့ သိတယ်။ ဟက်ဂရစ်ရဲ့ အချက်အပြုတ်ပညာကို သူတို့ အတော်များများ ပညာ ရထားပြီးပြီ။

"ကျုပ် မင်းတို့ နှစ်ယောက်နဲ့ တိုင်ပင်စရာ ရှိတယ်" ဟက်ဂရစ်က ပြောပြီး သူတို့ နှစ်ယောက်ကြားမှာ ထိုင်လိုက်တယ်။ အလွန် တည်ကြည်နေတယ်။ ခါတိုင်းနဲ့ မတူဘူး။

"ဘာကိစ္စလဲ" ဟယ်ရီက မေးတယ်။

"ဟာမီး" ဟက်ဂရစ်က ပြောတယ်။

"သူမ ဘာဖြစ်လို့လဲ" ရွန်က မေးတယ်။

"သူမ ပုံမှန်ပါပဲ။ ပြဿနာက အဲဒီမှာပဲ။ ခရစ္စမတ်စ်ပြီးနောက် သူမ ကျုပ်ဆီ အကြိမ် မနည်းလာတယ်။ သူမ သိပ် အထီးကျန်တယ်လို့ ပြောတယ်။ မင်းတို့ဟာ မီးသတ္တိကြောင့် သူမကို အဖက်မလုပ်ဘူး။ အခုလဲ သူမနဲ့ စကား မပြောဘူး။ သူမကြောင့်အတွက် ----"

"---- အစက်အပြောက်လေးကို စားတယ်" ရွန်က ဒေါသနဲ့ ဟက်ဂရစ်စကားကို ဖြတ်ပြောတယ်။

"သူ့ကြောင်က ကြောင်အားလုံး လုပ်တတ်တဲ့ အတိုင်း လုပ်လို့လား" ဟက်ဂရစ် ခေါင်းမာမာ ဆက်ပြောတယ်။ "မင်းတို့ သိဖို့က သူမ လေးငါးကြိမ် ငိုပြီးပြီ။ အခု သူမ အဆင်မပြေဘူး။ လောဘကြီးတော့ အစာမကြေ ဖြစ်နေတာ။ ငါ့ကို မေးမယ်ဆိုရင်၊ သူမ လုပ်ချင်တာ သိပ်များနေတယ်။ ဒါတောင် အချိန်လုပြီး ဘတ်ခ်ဘိခ် အမှုကိစ္စမှာ လာကူညီတယ်။ သူမဟာ ကျုပ်ကို တကယ့် အသုံးကျမယ့် အချက်အလက် ရှာပေးတယ် .......... ကျုပ် ထင်တယ်၊ ဘတ်ခ်ဘိခ် အခု နိုင်နိုင်တယ် .........."

"ဟက်ဂရစ်... ကျွန်တော်တို့လဲ ခင်ဗျားကို ကူညီရမှာ ------ ဝမ်းနည်းပါတယ် ------- " ဟယ်ရီက အားနာစွာ ပြောတယ်။

"ကျုပ်က မင်းတို့ကို အပြစ်တင်တာ မဟုတ်ဘူး" ဟက်ဂရစ်က ပြောတယ်။ ဟယ်ရီ အားနာတာ အရေးမလုပ်ဘူး။ "မင်းတို့ ကိုယ်နိုက် အလုပ်တွေ သိပ်များနေပြီ။ မင်းတို့ နေ့ရောညပါ ခွေဒစ် လေ့ကျင့်နေတာ ကျုပ် မြင်တယ် ---- ဒါပေမယ့်၊ ကျုပ် မင်းတို့ကို ပြောရမှာက၊ မင်းတို့နှစ်ယောက်ဟာ မိတ်ဆွေကို မိုးပျံ တံမြက်စည်းနဲ့ ကြွက်ထက် တန်ဖိုးထားသင့်တယ်။ ကျုပ် ပြောချင်တာ ဒါပဲ"

ဟယ်ရီနဲ့ ရွန်ဟာ မနေတတ် မထိုင်တတ် ဖြစ်ပြီး အပြန်အလှန် ကြည့်လိုက်တယ်။

"ဘလက်ဟာ မင်းကို ဒါးနဲ့ထိုးဖို့ နည်းနည်း လိုတော့တယ်။ သူမ သိပ်စိတ်ပူတာ၊ ဒီအတိုင်းပဲ၊ ရွန်။ သူမဟာ စိတ်ကောင်း စေတနာ ရှိတယ်။ ဟာမီးက ဒီအတိုင်းပဲ။ မင်းတို့ နှစ်ယောက်ကတော့ သူမနဲ့ စကားမပြောဘူး -----"

"သူမ ဟိုကြောင်ကို လွှင့်ပစ်ရင်၊ ကျွန်တော် သူမနဲ့ စကားပြောမယ်" ရွန်က မကျေမနပ် ပြောတယ်။ "ဒါပေမယ့် သူမဟာ ၎င်းကို ဘက်လိုက်တုန်းပဲ။ အဲဒီကြောင်က ကြောင်ရူး။ ဒါတောင် ၎င်းကို မကောင်းပြောတာ တစ်ခွန်းမှ ပြောလို့ မရဘူး"

"အား၊ တော်ပြီ။ လူတွေဟာ အချစ်တော် အကောင်တွေနဲ့ ပတ်သက်ရင် နည်းနည်းတော့ ရူးကြတာပဲ" ဟက်ဂရစ်က အသိဉာဏ်ရှိရှိ ပြောတယ်။ သူ့ကျောဘက်မှာ ဘတ်ခ်ဘိခ်ဟာ မြွေပါကတိုးဖြူ အရိုးတချို့ သူ့ခေါင်းအုံးပေါ် ထွေးချလိုက်တယ်။

သူတို့ဟာ ကျန်အလည်လာတဲ့ အချိန်ကို ဂရစ်ဖင်းဒေါ် အသင်း ခွေဒစ် ဒိုင်းဆု ရနိုင်ခြေအကြောင်း ဆွေးနွေးကြတယ်။ ကိုးနာရီ ထိုးတော့ ဟက်ဂရစ်က သူတို့ကို ရဲတိုက် ပြန်ပို့လိုက်တယ်။

သူတို့ အများနားနေခန်းကို ပြန်လာတော့ လူတွေ ကြော်ငြာသင်ပုန်းရှေ့ ဝိုင်းနေတာ တွေ့ရတယ်။

"ဟော့ဂ်မော့ဒ်ရွာ၊ နောက်အပတ်ကုန်" ရွန်က ပြောတယ်။ လူအုပ် ခေါင်းပေါ်ကို လည်ဆန့်ပြီး ကြေညာချက် အသစ်ကို ဖတ်တယ်။ "မင်း ဘယ်လိုလုပ်ဖို့ တွေးလဲ" သူက ဟယ်ရီ့ကို အေးဆေးစွာ မေးတယ်။ ဒီအချိန်မှာ သူတို့ ထိုင်ခုံကို ဝင်ထိုင်ကြတယ်။

"ဟင်၊ ပျားရည်အမတ်ကြီးဆီ ပေါက်တဲ့လမ်းကို ဖစ်ချ် ဘာမှမလုပ်ဘူးထင်တယ် ......" ဟယ်ရီ့ အဖြေက ပိုပြီး အေးဆေးတယ်။

"ဟယ်ရီ" သူ့ယာဘက်က ခေါ်တယ်။ ဟယ်ရီ လန့်သွားတယ်။ ဘေးဆီကို ကြည့်တော့ ဟာမီး ဖြစ်နေတယ်။ သူမဟာ သူတို့နောက်က စားပွဲတစ်လုံးမှာ ထိုင်နေပြီး သူမကို ကွယ်ထားတဲ့ စာအုပ်ပုံကို ရှင်းနေတယ်။

"ဟယ်ရီ၊ နင် ဟော့ဂ်မော့ဒ်ကို နောက်ထပ်သွားရင် ......... မြေပုံကိစ္စကို ပါမောက္ခ မက်ဂေါ်နာဂေါကို ပြောပြမယ်" ဟာမီးက ပြောတယ်။

"မင်းကို ပြောနေတာ ကြားလား၊ ဟယ်ရီ" ရွန်က ဟောက်တယ်။ ဟာမီးကိုတော့ မကြည့်ဘူး။

"ရွန်၊ နင် သူ့ကို နင်နဲ့အတူ သွားဖို့ ခေါ်လို့ ဘယ်ဖြစ်မလဲ။ ပြီးတော့ ဆီးရီးအက်စ် ကြယ်ဘလက်က နင့်ကို အကျိုးမရှိတာ ဖြစ်တာမှ မကြာသေးတာ။ ငါ တကယ်ပြောတာ။ ငါ တိုင်ပြော ......"

"ကောင်းတယ်လေ၊ ဒါဆို နင်က ဟယ်ရီ့ကို ကျောင်းထုတ်ခံရစေချင်လို့ပေါ့" ရွန်က တအား စိတ်ဆိုးစွာ ပြောတယ်။ "ဒီနှစ် နင် ဒုက္ခပေးတာ မလုံလောက်သေးဘူးလား"

ဟာမီးက ပြန်ပြောဖို့ ပါးစပ်ဟရုံ ရှိသေးတယ်။ ခရွတ်ရှန်က တိုးတိုးအော်ပြီး သူမပေါင်ပေါ် တက်လာတယ်။ ဟာမီးဟာ ရွန့်အမူအရာကို ကြောက်ကြောက်နဲ့ ကြည့်လိုက်ပြီး ခရွတ်ရှန်ကို ချီကာ ကျောင်းသူအိပ်ဆောင်သို့ အမြန်ပြန်ပြေးသွားတယ်။

"ဒါဆို ဘယ်ကိုလဲ" ရွန်က ဟယ်ရီ့ကို ပြောတယ်။ သူတို့ကို ကြားဖြတ်ပြောခဲ့တာ မရှိသလိုပဲ။ "လာ၊ အရင်တစ်ခါ တို့သွားတုန်းက မင်း မကြည့်ရသေးတာ အများကြီး ရှိသေးတယ်။ မင်း အဆာပလာဆိုင်ကို မသွားရသေးဘူး"

ဟယ်ရီ ဘေးဘီကို ကြည့်တယ်။ ဟာမီး သူတို့ ပြောတာ မကြားရမှန်း သေချာအောင် ကြည့်တယ်။

"ကောင်းပြီ" သူက ပြောတယ်။ "ဒါပေမယ့် ဒီတစ်ခါ ငါ ကိုယ်ပျောက် ဝတ်ရုံ ယူသွားမယ်"

စနေနေ့ နံနက်မှာ ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံကို ခေါက်ပြီး လွယ်အိတ်ထဲ ထည့်တယ်။ စားပြမြေပုံကိုလည်း အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်တယ်။ ဒီနောက် အများနဲ့အတူ နံနက်စောစောစာ စားဖို့ အောက်ထပ်ဆင်းလာတယ်။ ထမင်းစားပွဲမှာ ဟာမီးက သူ့ကို သံသယမျက်စိနဲ့ ကြည့် ကြည့်နေတယ်။ ဒါပေမယ့် သူက သူမအကြည့်ကို ရှောင်တယ်။ ပြီးတော့ အများ ရှေ့တံခါးဆီ သွားတဲ့အခါမှာ သူက ရှေ့ခန်းက မာဘယ် ကျောက်လှေခါးအတိုင်း အပေါ်တက်သွားတာ သူမကို မြင်စေတယ်။

"တာ့တာ" ဟယ်ရီက ရွန့်ကို နှုတ်ဆက်တယ်။ "မင်း ပြန်လာတော့ တွေ့မယ်"

ရွန်က ရယ်တယ်။ သူ့ကို မျက်စိမှိတ်ပြတယ်။

ဟယ်ရီက လေးလွှာကို အမြန် တက်ခဲ့တယ်။ သွားရင်း ဟိုမြေပုံကို ဆွဲထုတ်တယ်။ သူဟာ မျက်လုံးတစ်လုံးနဲ့ မှော်ဆရာမ ရုပ်ထုနောက်မှာ ဆောင့်ကြောင့်ထိုင်ပြီး မြေပုံကို ဖြန့်ကြည့်တယ်။ အစက်သေးသေးလေး တစ်စက် သူရှိရာသို့ ရွေ့လျားလာနေတယ်။ ဟယ်ရီက မျက်စိမှေးကြည့်တယ်။ အစက်ကလေးအောက်က စာက "နီဗီး- လွန်ဘော့တမ်"

ဟယ်ရီ့ မှော်ကြိမ်လုံးကို အမြန် ဆွဲထုတ်လိုက်တယ်။ တိုးတိုး ရွတ်ဆိုလိုက်တယ်။ "ဝဲယာခွဲသွား" ဒီနောက် လွယ်အိတ်ကို ရုပ်ထုထဲ ထိုးထည့်လိုက်တယ်။ ဒါပေမယ့် သူ ကိုယ်တိုင် ဝင်မသွားရခင်မှာ နီဗီး ကွေ့ချိုးက ပေါ်လာပြီ။

"ဟယ်ရီ၊ မင်းလဲ ဟော့ဂ်မော့ဒ်ကို မသွားတာ ငါ မေ့နေတယ်"

"ဟေး၊ နီဗီး" ဟယ်ရီက ပြောတယ်။ ဟိုရုပ်ထုက အမြန်နွာလိုက်တယ်။ ပြီးတော့ မြေပုံကို အင်္ကျီအိတ်ကပ်ထဲ ထိုးထည့်လိုက်တယ်။ "မင်း ဘာလုပ်မယ် စဉ်းစားလဲ"

"ဘာမှ မစဉ်းစားဘူး" နီဗီးက ပခုံးတွန့်ပြတယ်။ "ဖိလစ်ဘတ်စတာ ကစားချင်လား"

"အော ---- အခု မကစားဘူး ---- ဟုတ်ပြီ၊ ငါ မေ့နေတယ်။ ငါ စာကြည့်တိုက်သွားဦးမယ်။ လူပင် ခိုင်းထားတဲ့ သွေးစုပ်ကောင် စာတမ်း ပြုစုရမယ် ----"

"ငါ မင်းနဲ့အတူ သွားမယ်" နီဗီးက ပေါ့ပါးစွာ ပြောတယ်။ "ငါလဲ မရေးရသေးဘူး"

"အော .............. ခဏလောက်......... ဟုတ်ပြီ၊ ငါ သတိရပြီ။ မနေ့ညကတည်းက ငါ ရေးပြီးပြီ"

သိပ်ကောင်းတယ်။ မင်း ငါ့ကို ကူညီနိုင်တာပေါ့" နီဗီးက ဝမ်းသာစွာ ပြောတယ်။ မျက်နှာဝိုင်းဝိုင်းပေါ်မှာ မျှော်လင့်တကြီး အမူအရာ ပေါ်လာတယ်။ "ငါ ကြက်သွန်ဖြူဆိုတဲ့ အရာကို နည်းနည်းမှ နားမလည်ဘူး ---- လူတွေက ၎င်းကို စားပစ်မှာလား၊ ဒါမှမဟုတ်ရင် ---------"

နီဗီးက နည်းနည်း နားလိုက်တယ်။ မပြောဘဲ ရပ်နေတယ်။ မျက်စိက ဟယ်ရီ့ ပခုံးပေါ်ကနေ ကျော်ကြည့်နေတယ်။

အဲဒါ စနိတ်ပ်။ နီဗီးဟာ တစ်လှမ်းတည်းနဲ့ ဟယ်ရီ့ကျောဘက် ရောက်သွားတယ်။

"မင်းတို့ နှစ်ယောက် ဒီမှာ ဘာလုပ်နေလဲ" စနိတ်ပ်က ပြောရင်း ရပ်ပြီး သူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေတယ်။ "ဒီမှာ ဆုံကြတာ တော်တော် ဆန်းတယ် ----"

ဟယ်ရီ တအား လန့်သွားတာက၊ စနိတ်ပ်ရဲ့ မျက်လုံးမည်းမည်းတစ်စုံဟာ စင်္ကြံဝဲယာကို ကြည့်လိုက်တယ်။ ဒီနောက် အကြည့်ဟာ မျက်လုံးတစ်လုံး မှော်ဆရာမပေါ် ကျသွားတယ်။

"ကျွန်တော်တို့ ဒီမှာ --- ချိန်းတွေ့တာ မဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ "ကျွန်တော်တို့ ဒီမှာ ---- လာဆုံမိတာ"

"ဟုတ်လား" စနိတ်ပ်က ပြောတယ်။ "မင်းဟာ လူတွေ မထင်မှတ်တဲ့ နေရာမှာ ပေါ်လာတတ်တယ်၊ ပေါ်တာ။ ဘာအကြောင်းမှ မရှိရင် မင်းတို့ ဒီကို လာခဲ့တယ် .... မင်းတို့ ဂရစ်ဖင်းဒေါ အိမ်ရှုန်ပြန်ဖို့ ကျုပ် အကြံပေးတယ်။ မင်းတို့ အဲဒီမှာ ရှိသင့်တယ်"

ဟယ်ရီနဲ့ နီဗီးဟာ ဘာမှမပြောတော့ဘဲ ထွက်သွားတယ်။ သူတို့ ကွေ့မှာ ချိုးပြီးသွားတာနဲ့ ဟယ်ရီက နောက်ကို ကြည့်တယ်။ စနိတ်ပ်ဟာ လက်တစ်ဖက်နဲ့ မျက်လုံးတစ်လုံး မှော်ဆရာမခေါင်းကို ပွတ်နေတယ်။ သေချာ စစ်ဆေးနေတယ်။

ဟယ်ရီဟာ မိန်းမဝဝကြီးဆီမှာ စကားဝှက်ကို နီဗီးပြောပြလို့ မရဘူး။ အဲဒီမှာပဲ နီဗီးလိုက်နေတာက လွတ်သွားပြီး သွေးစုပ်ကောင် စာတမ်း စာကြည့်တိုက်မှာ ကျန်ခဲ့တယ်ဆိုကာ ပြန်လှည့်သွားလိုက်တယ်။ လူပုလေး လုံခြုံရေးတွေ မြင်နိုင်တဲ့နေရာက ကျော်သွားတာနဲ့ သူဟာ မြေပုံကို ဆွဲထုတ်ပြီး ကပ်ကြည့်တယ်။

လေးလွှာက စင်္ကြံမှာ လူမရှိသလိုပဲ။ ဟယ်ရီဟာ မြေပုံကို သေချာ အပြန်အလှန် ကြည့်တယ်။ နောက်ဆုံးမှာ ဆီးဗရတ်စ်–စနိတ်ပ်ဆိုတဲ့ စာလုံးလေး သူ့ရုံးခန်း ပြန်ရောက်သွားတာ တွေ့ရတယ်။ ဒီတော့မှ သက်ပြင်းချနိုင်တော့တယ်။

သူဟာ မျက်လုံးတစ်လုံး မှော်ဆရာမဆီ ပြန်ပြေးသွားတယ်။ သူမ ကျောဘုကို ဖွင့်ပြီး တွားဝင်သွားတယ်။ အောက်ထိ လျှောဆင်းသွားပြီး ကျောက်လမ်းလျှောဆီမှာ သူ့လွယ်အိတ်ကို ပြန်တွေ့တယ်။ သူဟာ ဓားပြမြေပုံကို မူလအတိုင်း ဗလာဖြစ်အောင် ပြန်လုပ်လိုက်ပြီး အပြေးလေး ဆက်သွားတယ်။

ဟယ်ရီဟာကိုယ်ပျောက် ဝတ်ရုံအောက် လုံးဝ ပုန်းလျှိုးနေတယ်။ ပျားရည်အမတ်ကြီး ဆိုင်ရှေ့က နေရောင်အောက်မှာ ရွန့်ကျောကို သွားတို့လိုက်တယ်။

“ငါပါ” သူက တိုးတိုး ပြောတယ်

“ဘယ့်နှယ် နောက်ကျလှချည်လား” ရွန်က တိုးတိုး မေးတယ်။

“စနိတ်ပ်က ဟိုမှာ လှည့်ပတ်ကြည့်နေလို့ ......”

သူတို့ လမ်းမကြီးဆီ ရောက်လာတယ်။

“မင်း ဘယ်မှာလဲ” ရွန်က ပါးစပ်ကြားက အသံညှစ်ပြီး မေးတယ်။ “မင်း ရှိသေးလား။ ဒီလို ခံစားရတာ တစ်မျိုးကြီးပဲ .........”

သူတို့ စာတိုက်သွားတယ်။ ရွန်က ဇီးကွက်တစ်ကောင်ကို အီဂျစ်လွှတ်ရင် ဘယ်လောက်ကျမယ်ဆိုတာ ကြည့်နေဟန်ဆောင်ခြင်းအားဖြင့် ဟယ်ရီ့ကို နေရာတကာ လှည့်ကြည့်ချိန် ရစေတယ်။ ဇီးကွက်တွေဟာ နေရာတွင် ထိုင်နေကြပြီး သူ့ကို တိုးတိုးအော်နေတယ်။ အဲဒီမှာ အနည်းဆုံး ဇီးကွက်အကောင် သုံးရာတော့ ရှိမယ်။ မီးခိုးရောင် ဇီးကွက်ကြီးကနေ သေးငယ်တဲ့ စကော့ပ်ဇီးကွက် (“ဒီဒေသ စာပို့ရန် သက်သက်ပဲ”) အထိ ဘာမဆို ရှိတယ်။ အဲဒီ စကော့ပ် ဇီးကွက်ကလေးတွေဟာ သေးငယ်တာမှ ဟယ်ရီ့လက်ဝါးပေါ် ထိုင်နေနိုင်တယ်။

ဒီနောက် သူတို့ဟာ ဇန်ကို အဆာပလာဆိုင်သွားတယ်။ အဲဒီမှာ ကျောင်းသားတွေ ပြည့်နေတယ်။ ဟယ်ရီဟာ သူများနင်းမိလို့ လန့်မကုန်အောင် အထူး သတိပြုရတယ်။ အဲဒီမှာက သူများကို စ,ဖို့နဲ့ မျက်လှည့်ပြဖို့ ပစ္စည်းတွေ ရှိတယ်။ ဖရက်နဲ့ ဂျော့တို့ရဲ့ အရူးဆုံး အိပ်မက်တောင် ဒီမှာ ဖြည့်ဆည်းပေးနိုင်တယ်။ ဟယ်ရီက ရွန့်ကို တိတ်တိတ်ညွှန်ကြားတယ်။ ကိုယ်ပျောက်ဝတ်ရုံအောက်ကနေ ရွှေ နည်းနည်း ထုတ်ပေးတယ်။ သူတို့ ဇန်ခိုက ထွက်လာတော့ ပိုက်ဆံအိတ်ဟာ ဆိုင်ထဲ ဝင်စဉ်ကထက် အများကြီး ပေါ့သွားတယ်။ ဒါပေမယ့် သူတို့ အိတ်ကပ်ထဲမှာ ချေးဗုံး၊ ကြို့ထိုးဗုံး၊ ဖားပြုပ်ဥ ဆပ်ပြာတွေနဲ့ ပြည့်နေတယ်။ နှာခေါင်းကိုက်တဲ့ခွက်လည်း တစ်ယောက်တစ်လုံးစီ ပါသေးတယ်။

ရာသီဥတု သာယာ ကောင်းမွန်တယ်။ လေပြည်လေး တိုက်နေတယ်။ နှစ်ယောက်စလုံး အခန်းထဲ မနေချင်ကြဘူး။ ဒါနဲ့ သူတို့ တံမြက်စည်းသုံးလက်ကို ဖြတ်ပြီး ကုန်းလျှောကို တက်ကာ အော်ဟစ်တဲ့အိမ်ကို

ရောက်လာတယ်။ ဒါဟာ အင်္ဂလန်မှာ သရဲအခြောက်ဆုံးအိမ်။ ၎င်းတည်ရှိတဲ့နေရာဟာ ရွာထဲက တခြားအိမ်တွေထက် နည်းနည်း မြင့်တယ်။ ပြတင်းပေါက်အားလုံး သစ်သားနဲ့ ပိတ်ရိုက်ထားတယ်။ ပန်းခြံက အုပ်ဆိုင်းပြီး စိုထိုင်းနေတယ်။ မြက်တွေဖုံးနေတယ်။ နေ့ခင်းကြောင်တောင်မှာတောင် လူကို ကြက်သီးထစေတယ်။

"ဟော့ဂ်ဝပ်က သရဲတောင် ဒီကို မလာဘူး" ရွန်က ပြောတယ်။ သူတို့ဟာ ခြံစည်းရိုးကို မှီပြီး အဲဒီ သရဲအိမ်ကို မော့ကြည့်နေတယ်။ "ငါ ခေါင်းပျောက်ဖို့ နည်းနည်းသာလိုတဲ့ နစ်ခ်ကို မေးဖူးတယ်။ အလွန်ကြမ်းတမ်းတဲ့ လူတစ်အုပ် ဒီမှာ နေတယ်။ ဘယ်သူမှ ဝင်လို့ မရဘူးလို့ ကြားဖူးတယ်လို့ ပြောပြတယ်။ ဖရက်နဲ့ ဂျော့တို့ ကြိုးစားကြည့်ဖူးတယ်။ ဒါပေမယ့် အပေါက်အားလုံး ပျဉ်ပြားနဲ့ ပိတ်ထားတယ်………"

ဟယ်ရီဟာ ကုန်းတက်ခဲ့ရလို့ အိုက်လာတာနဲ့ ကိုယ်ပျောက်ဝတ်ရုံကို ခဏချွတ်ပစ်မယ် လုပ်တုန်းမှာ လူသံ ကြားလိုက်တယ်။ ကုန်းလေးရဲ့ ဟိုဘက်မှာ အဲဒီ လူတချို့ သရဲအိမ်ဆီ တက်လာနေတာ ကြားရတယ်။ မကြာဘူး မော်ဖိုင် ပေါ်လာတယ်။ နောက်က ခရပ်နဲ့ ဂိုး ကပ်ပါလာတယ်။ မော်ဖိုင်က စကားပြောနေတယ်။

"………. အခု ငါ့အဖေ ဇီးကွက် အချိန်မရွေး ပျံလာနိုင်တယ်။ သူ ကြားနာပွဲကို သွားမှ ဖြစ်မယ်။ သူတို့ကို ငါ့လက်အကြောင်း ပြောပြရမယ် ……… ငါ့လက် သုံးလလုံးလုံး မလှုပ်နိုင်တဲ့ အကြောင်း ………"

ခရပ်နဲ့ ဂိုးတို့ တိုးတိုး ရယ်ကြတယ်။

"ဟို အမွေးထူထူ တော့ုံးကြီး မိမိအတွက် ကြိုးစားထုချေတာကို ငါ တကယ် ကြားချင်တယ် ………. '၎င်းက လူကို ဒုက္ခမပေးပါဘူး။ တကယ်ပါ -----' အဲဒီ ဟစ်ပိုဂရစ်ဖ် သေဖို့ ပြေးမလွတ်ဘူး -------"

မော်ဖိုင်ဟာ ရုတ်တရက် ရွန့်ကို မြင်သွားတယ်။ ဖြူဖပ်ဖြူရော် မျက်နှာပေါ်မှာ စိတ်ယုတ်အပြုံး ပေါ်လာတယ်။

"မင်း ဘာလုပ်နေလဲ၊ ဝယ်စလီ"

မော်ဖိုင်က ရွန့်ကျောဘက်ရှိ ပြိုလုဆဲဆဲ အိမ်ကို မော့ကြည့်တယ်။

"မင်း ဒီမှာ နေချင်တယ် ထင်တယ်။ ဟုတ်လား၊ ဝယ်စလီ။ ကိုယ်ပိုင်အိပ်ခန်း ရှိဖို့ အိပ်မက် မက်နေတယ်ပေါ့လေ။ မင်းတို့ တစ်အိမ်သားလုံး အခန်းတစ်ခန်းထဲမှာ နေတယ်လို့ ငါ ကြားတယ် -- အဲဒါ တကယ်လား "

ဟယ်ရီက ရွန် မော်ဖိုင့်ကို ခုန်မအုပ်အောင် ဝတ်ရုံရှည် ကျောဘက်ကို ဆွဲထားတယ်။

"ငါ သူ့ကို အကြောင်း ပြမယ်" ဟယ်ရီက ရွန့်ကို တိုးတိုးပြောတယ်။

ဒီအခွင့်အရေးက သိပ်ကို ကောင်းတယ်။ လုံးဝ လက်လွှတ်မခံနိုင်ဘူး။ ဟယ်ရီဟာ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ ကျောဘက်ကို တိတ်တိတ်သွားပြီး လမ်းကလေးပေါ်က ရွှံ့ဗွက်ထဲက ရွှံ့တစ်ဆုပ် ကောက်ယူလိုက်တယ်။

"ငါတို့ မင်းမိတ်ဆွေ ဟက်ဂရစ်အကြောင်း ပြောနေတာ" မော်ဖိုင်က ရွန့်ကို ပြောတယ်။ "သူ အန္တရာယ်ရှိ သတ္တဝါများ အရေးယူစီရင်တဲ့ ကော်မတီကို ဘာပြောမလဲဆိုတာ ကြိုးစားတွေးကြည့်နေတယ်။ သူ့ဟစ်ပိုဂရစ်ဖ် ခေါင်းကို ဖြတ်ပစ်ခံရတဲ့အခါမှာ၊ သူ ငိုမယ်လို့ မင်းထင်------"

ဘတ်။

ရွံ့တုံးကြီး မော်ဖိုင်ကို ထိမှန်သွားလို့ သူ့ခေါင်းရှေ့ကို ငိုက်သွားတယ်။ ၎င်းရဲ့ ရွှေရောင်ဖျော့ဖျော့ ဆံပင်ဟာ ရုတ်တရက် ရွံ့ရည်တွေ စီးကျလာတယ်။

"ဘယ် ငါ ---"

ရွန်ဟာ ရယ်ရလွန်းလို့ ခြံစည်းရိုးကို ဆွဲထားမှ ရပ်နေနိုင်တော့တယ်။ မော်ဖိုင်၊ ခရပ်နဲ့ ဂိုးဟာ နေရာတွင် ထိုင်းအစွာ လည်ပတ်နေတယ်။ အရူးအမူး ဘေးပတ်လည်ကို လှည့်ပတ် ကြည့်နေတယ်။ မော်ဖိုင်က ဆံပင်ကို သုတ်သင်နေတယ်။

"ဘာကြီးလဲ။ ဘယ်သူ လုပ်တာလဲ"

"ဒီမှာက သရဲ သိပ်သောင်းကျန်းတာ၊ မဟုတ်ဘူးလား" ရွန်က ပြောတယ်။ သူ့ပုံစံက ရာသီဥတု အကြောင်း ပြောနေသလိုပဲ။

ခရပ်နဲ့ ဂိုးတို့ မျက်နှာမှာ သိပ်ကြောက်တဲ့ အမူအရာနဲ့။ သူတို့ရဲ့ ဖုထစ်တဲ့ ကြွက်သားတွေဟာ သရဲကိုတော့ ယှဉ်လို့ မရဘူး။ မော်ဖိုင်ကတော့ လူမရှိတဲ့ ရှုခင်းကို အရူးအမူး လျှောက်ကြည့်နေတယ်။

ဟယ်ရီဟာ လမ်းကလေးအတိုင်း ခြေဖွပြီး လျှောက်နေတယ်။ လမ်းကလေး တစ်နေရာမှာ ဗွက်အိုင်တစ်ခု ရှိတယ်။ ရွံ့တွေ ပုပ်ပြီး အစိမ်းရောင် ထနေတယ်။

ဗျတ်ဘတ်။

ခရပ်နဲ့ ဂိုးလည်း ဒီတစ်ချီ ဝေစုရသွားတယ်။ ဂိုးဟာ ချက်ချင်း ဒေါသထွက်ပြီး ခြေတစ်ချောင်းနဲ့ ခုန်နေတယ်။ ရွံ့တွေကို မိမိရဲ့ သေးငယ်ပြီး ထုံထိုင်းတဲ့ မျက်စိနားက သုတ်ပစ်နေတယ်။

"ဟိုဘက်က လာတာ" မော်ဖိုင်က မျက်နှာသုတ်ရင်း ပြောတယ်။ ဒါနဲ့ သူဟာ ဟယ်ရီ ဝဲဘက် ခြောက်ပေလောက် ဝေးတဲ့နေရာကို စိုက်ကြည့်နေတယ်။

ခရပ်ဟာ ပျာပြီး ရှေ့သို့ လျှောက်သွားတယ်။ လက်ကြီး ဆန့်တန်းထားတယ်၊ အရူးလိုပဲ။ ဟယ်ရီက သူ့ဘေးမှာ ရှောင်ပုန်းပြီး သစ်ကိုင်းတစ်ခု ကောက်လိုက်တယ်။ ခရပ် ကျောပေါ်ကို တအား ပစ်လိုက်တယ်။ ခရပ်ဟာ ခုန်ရင်း ဇတ်ခနဲ လှည့်လိုက်တယ်။ ဘယ်သူ ပစ်တာလဲ ဆိုတာ ကြည့်ချင်လို့။ ဟယ်ရီက အသံမထွက်ဘဲ ရယ်နေတယ်။ အူနှိပ်ထားရတယ်။ ရွန်ဟာ ခရပ် မြင်နိုင်တဲ့ တစ်ယောက်တည်းသောသူ။ ဒါကြောင့် သူက ရွန့်ဆီကို ပြေးဝင်သွားတယ်။ ဟယ်ရီက ခြေဆန့်ထုတ်ပြီး ခရပ်ကို လိမ်ချလိုက်တယ်။ ခရပ်ရဲ့ ခြေပြားကြီးဟာ ဟယ်ရီရဲ့ ကိုယ်ပျောက်ဝတ်ရုံအစကို နင်းမိသွားတယ်။ ဟယ်ရီဟာ လှမ်းဆွဲလိုက်သလို ခံစားရပြီး ကိုယ်ပျောက်ဝတ်ရုံဟာ သူ့မျက်နှာပေါ်က လျှောကျသွားတယ်။

မော်ဖိုင်က သူ့ကို ကြည့်တယ်။ အချိန် တစ်မိနစ် မရှိဘူး။

"အား -------" သူက တအား အော်တယ်။ ဟယ်ရီ့ခေါင်းကို လက်ညှိုးထိုးပြတယ်။ ဒီနောက် လှည့်ပြီး ကုန်းအောက်ကို အသေအလဲ ထွက်ပြေးပါတော့တယ်။ ခရပ်နဲ့ ဂိုးက သူ့နောက်က လိုက်သွားတယ်။

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ပြန်ဆွဲတင်တယ်။ ဒါပေမယ့် ပြဿနာကတော့ ပေါ်ခဲ့ပြီ။

"ဟယ်ရီ" ရွှန်က ပြောရင်း ကယိမ်းကယိုင်နဲ့ ရှေ့သို့ သွားတယ်။ မျှော်လင့်ချက် ကင်းမဲ့စွာ ခနက ဟယ်ရီပေါ်ထွက်ခဲ့တဲ့နေရာကို ကြည့်နေတယ်။ "မင်း မြန်မြန် ပြေးပေတော့။ မော်ဖိုင် တစ်ယောက်ယောက်ကို ပြောပြရင်လား ..... မင်း ရဲတိုက်ကို မြန်မြန်ပြန်၊ မြန်မြန်"

"တော်ကြာတွေ့မယ်" ဟယ်ရီက ပြောတယ်။ သူ ဘာမှ မပြောတော့ပဲ ဟော့ဂ်မော့ဒ်ရွာဘက် ပြေးသွားတယ်။

မော်ဖိုင်ဟာ သူ ဟယ်ရီကို တကယ်မြင်တယ်လို့ ယုံကြည်မလား။ မော်ဖိုင်ကို ယုံမယ့်လူ ရှိမလား။ ဘယ်သူမှ ကိုယ်ပျောက်ဝတ်ရုံအကြောင်း မသိဘူး -------ဒမ်ဘလီဒိုးက လွဲလို့။ ဟယ်ရီ့ အစာအိမ် နာလာတယ် ----- ဒမ်ဘလီဒိုးကတော့ ဘာဖြစ်တယ်ဆိုတာ ရှင်းရှင်း သိမှာ။ မော်ဖိုင်သာ ထုတ်ပြောမယ် ဆိုရင်.....

ပျားရည်အမတ်ကြီးဆိုင် ပြန်ရောက်တော့ မြေအောက် သိုလှောင်ခန်းက လှေခါးထစ်ကို သွားတယ်။ ကျောက်ခင်းကြမ်းကို ကျော်၊ ကြမ်းတံခါးကို ဖြတ် .... ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်လိုက်တယ်။ ၎င်းကို ချိုင်းမှာ ညှပ်ပြီး လိုဏ်ခေါင်းလမ်းအတိုင်း တအား ပြေးတယ်.... မော်ဖိုင် အရင် ပြန်သွားမှာ .......... သူ ဆရာတစ်ယောက်နဲ့ တွေ့ဖို့အချိန် ဘယ်လောက်လိုသလဲ။ ဟယ်ရီ မောဟိုက်နေတယ်။ ဘေးနှစ်ဖက် နာလာတယ်။ ဒါပေမယ့် သူ ခြေလှမ်းကို မလျှော့ဘူး။ ကျောက်လမ်းလျှောထိ ပြေးသွားတယ်။ သူဟာ ကိုယ်ပျောက်ဝတ်ရုံကို အဲဒီမှာ ထားခဲ့ချင်တယ်။ မော်ဖိုင်က ဆရာတစ်ယောက်ကို သတင်းပေးလိုက်ရင် ကိုယ်ပျောက်ဝတ်ရုံ အသိမ်းခံရမယ်။ ဒါဆို သိပ်နစ်နာမယ်။ ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံကို မှောင်တဲ့ ထောင့်တစ်ခုမှာ ဝှက်ထားပြီး အမြန်ဆုံး အပေါ်သို့ တွားတက်တယ်။ ချွေးစို့နေတဲ့ သူ့လက်တွေဟာ ကျောက်လမ်းဘေးစွန်းမှာ လျှောလျှောကျတယ်။ သူဟာ မှော်ဆရာမရဲ့ ကျောဘုထဲ ရောက်လာတယ်။ မှော်ကြိမ်လုံးနဲ့ အသာ ခေါက်လိုက်ပြီး ခေါင်းပြူကြည့်တယ်။ ဒီနောက် လူတစ်ကိုယ်လုံး ထွက်လာခဲ့တယ်။ ကျောဘုကြီး ပြန်ပိတ်သွားတယ်။ ဟယ်ရီဟာ ရုပ်ထုနောက်က ခုန်ထွက်လိုက်ရုံ ရှိသေးတယ်၊ အလျင်အမြန် နီးကပ်လာတဲ့ ခြေသံကို ကြားရတယ်။

အဲဒါ စနိတ်ပ်။ သူက ဟယ်ရီ့ဆီ အလျင်အမြန် လျှောက်လာတယ်။ ဝတ်ရုံအနက်က လန်လန်သွားတယ်။ ဒီနောက် သူ့ရှေ့မှာ ရပ်လိုက်တယ်။

"ဒီကို ...." သူက ပြောတယ်။

သူ့မျက်နှာပေါ်မှာ ဖုံးမရတဲ့ အောင်ပွဲရတဲ့ အမူအရာ ရှိတယ်။ ဟယ်ရီက အပြစ်မဲ့တဲ့ပုံ ကြိုးစားလုပ်ပြတယ်။ ဒါပေမယ့် စိတ်ထဲမှာ ရှင်းနေတာက မိမိမျက်နှာပေါ်မှာ ချွေးတွေ၊ လက်နှစ်ဖက်မှာ ရွှံ့တွေနဲ့ ဆိုတာ သိတယ်။ သူက လက်ကို အိတ်ကပ်ထဲ အမြန်ဝှက်လိုက်တယ်။

"ငါနဲ့ လိုက်ခဲ့။ ပေါ်တာ" စနိတ်ပ်က ပြောတယ်။

ဟယ်ရီဟာ သူနဲ့အတူ လှေခါးက ဆင်းတယ်။ စနိတ်ပ် သတိမထားမိတဲ့ အခြေအနေမှာ ဝတ်ရုံထဲမှာ လက်နှစ်ဖက်ကို စင်အောင်ကို သုတ်တယ်။ သူတို့ ရဲတိုက် အဓိက အဆောင်ကို ရောက်လာတယ်။ ဒီနောက် စနိတ်ပ် ရုံးခန်းထဲ ဝင်ခဲ့တယ်။

"ထိုင်" စနိတ်ပ်က ပြောတယ်။

ဟယ်ရီ ထိုင်တယ်။ ဒါပေမယ့်၊ စနိတ်ပ်က ရပ်နေတယ်။

"မစ္စတာ မော်ဖိုင် ခုနက ကျုပ်ဆီလာတယ်။ ထူးဆန်းတဲ့ ပုံပြင်ပြောပြတယ်၊ ပေါ်တာ" စနိတ်ပ်က ပြောတယ်။

ဟယ်ရီက ဘာမှ မပြောဘူး။

"သူက ကျုပ်ကို ပြောပြတယ်။ ခုနက သူ ရပ်ပြီး ဝယ်စလီနဲ့ စကားပြောနေတုန်းမှာ ရွှံ့ပုပ်နဲ့ နောက်စေ့ကို ပစ်ခံရတယ်တဲ့။ ဒီကိစ္စ ဘယ်လို ဖြစ်တယ်လို့ မင်း ထင်သလဲ" ဟယ်ရီဟာ နည်းနည်း အံ့သြသွားတဲ့ အမူအရာ ဖြစ်အောင် ကြိုးစားနေတယ်။

"ကျွန်တော် မသိဘူး၊ ပါမောက္ခ"

စနိတ်ပ်က ဟယ်ရီ့မျက်စိကို စူးစိုက် ကြည့်နေတယ်။ အဲဒါ ဟစ်ပိုဂရစ်ဖ် တစ်ကောင်ကို နောက်ဆုတ်သွားအောင် စိုက်ကြည့်နေသလိုပဲ။ ဟယ်ရီက မျက်တောင်မခတ်မိအောင် ကြိုးစားတယ်။

"မစ္စတာ မော်ဖိုင်ဟာ ဒီနောက်မှာ ထူးခြားတဲ့ သရဲတစ္ဆေ ပေါ်ထွက်လာတာ မြင်ရတယ်။ အဲဒါ ဘာလဲဆိုတာ မင်း တွေးလို့ ရလား၊ ပေါ်တာ"

"မရဘူး" ဟယ်ရီက ပြောတယ်။ ကြားရသူအဖို့ ဘာမှမသိဘဲ အံ့သြတဲ့ ခံစားချက်ဖြစ်အောင် ကြိုးစားပြောတယ်။

"အဲဒါ မင်းဦးခေါင်း၊ ပေါ်တာ။ မိုးပေါ်မှာ ဝဲနေတယ်"

အတော်ကြာကြာ ငြိမ်သက်နေတယ်။

"သူ မဒမ်ဖွမ်ဖရေ ဆီသွားရင် ကောင်းမယ် ထင်တယ်" ဟယ်ရီက ပြောတယ်။ "သူ ဒီလို ထင်ယောင်ထင်မှား ရှိတယ်ဆိုရင် ..........."

"မင်း ခေါင်းက ဟော့ဂ်မော့ဒ်မှာ ဘာလုပ်နေတာလဲ" စနိတ်ပ်က အသံနိမ့်ပြောတယ်။ "မင်း ခေါင်းဟာ ဟော့ဂ်မော့ဒ်ကို သွားခွင့်မရှိဘူး။ မင်းကိုယ်ခန္ဓာရဲ့ ဘယ်အစိတ်အပိုင်းဖြစ်ဖြစ် ဟော့ဂ်မော့ဒ်ကို သွားခွင့်မရှိဘူး"

"ကျွန်တော်သိတယ်" ဟယ်ရီက ပြောတယ်။ မျက်နှာပေါ်မှာ အပြစ်ရှိတဲ့ သို့မဟုတ် ကြောက်တဲ့ အရိပ်အယောင် မပေါ်အောင် ကြိုးစားတယ်။

"ကြားရတာ မော်ဖိုင် ထင်ယောင်ထင်မှား မြင်တွေ့ ........."

"မော်ဖိုင် ထင်ယောင်ထင်မှား မြင်တွေ့တာ မဟုတ်ဘူး"

စနိတ်ပ်က ဟောက်တယ်။ သူဟာ ခါးကို ကုန်းလိုက်ပြီး လက်နှစ်ဖက်ကို ဟယ်ရီထိုင်တဲ့ ခုံရဲ့လက်တင်ပေါ် ထောက်လိုက်တယ်။ ဒီလိုဆိုတော့ သူတို့နှစ်ယောက်မျက်နှာဟာ တစ်ပေလောက်ပဲ ကွာတော့တယ်။ "တကယ်လို့ မင်းခေါင်း ဟော့ဂ်မော့ဒ်ရွာမှာဆိုရင် မင်းကိုယ်ခန္ဓာ ကျန်အစိတ်အပိုင်းတွေလဲ ဟော့ဂ်မော့ဒ်မှာ ရှိရမယ်"

"ကျွန်တော် ဂရစ်ဖင်းဒေါ အိမ်ချွန်မှာ ရှိနေတာပဲ" ဟယ်ရီက ပြောတယ်။ "ခေါင်းရော ကိုယ်ပါ ရှိနေတယ် ---------"

"သက်သေခံမယ့်လူ ရှိလား"

ဟယ်ရီက ဘာမှ မပြောဘူး။ စနိတ်ပ်ရဲ့ နှုတ်ခမ်းပါးပါးလေးဟာ ကြောက်စရာအပြုံးအဖြစ် လိမ်တွန့်သွားတယ်။

"ဒီလိုပါ" သူက ပြောတယ်။ ကိုယ်ကို မတ်လိုက်တယ်။ "မှော်ဝန်ကြီးဌာန ဝန်ကြီးကအစ အောက်ရှိလူတိုင်းဟာ နာမည်ကြီး ဟယ်ရီပေါ်တာကို ဆီးရီးအက်စ်ကြယ်ဘလက် ဒုက္ခမပေးနိုင်အောင် ကြိုးစားနေကြတယ်။ ဒါပေမယ့် နာမည်ကြီး ဟယ်ရီပေါ်တာ ကိုယ်နှိုက်က တရားဥပဒေ ဖြစ်နေတယ်။ လူသာမန်တွေ သူ့အန္တရာယ်ကို စိတ်ပူကြပါစေ။ နာမည်ကြီး ဟယ်ရီ–ပေါ်တာကတော့ သွားချင်တဲ့နေရာ သွားမယ်၊ အကျိုးဆက်ကို လုံးဝ ထည့်မတွက်ဘူး"

ဟယ်ရီက ငြိမ်နေတယ်။ စနိတ်ပ်က သူ့ကို အဖြစ်မှန် ပြောအောင် ဆွပေးနေတယ်။ သူကတော့ မပြောချင်ဘူး။ စနိတ်ပ်မှာ သက်သေပြစရာ မရှိဘူး ---- အခု မရှိသေးဘူး။

"မင်း ဘယ့်နှယ် မင်းအဖေနဲ့ တူလှချည်လား၊ ပေါ်တာ" စနိတ်ပ်က ရုတ်တရက် ပြောတယ်။ မျက်လုံးက တောက်နေတယ်။ "သူကလဲ သိပ်ကို မာနထောင်လွှားတာ။ ခွေဒစ်ကွင်းထဲမှာ အရည်အချင်း နည်းနည်းလေး ရှိတာနဲ့ သူများထက် တစ်ပန်းသာတယ် ထင်နေတာ။ သူ့မိတ်ဆွေတွေ၊ ကြည်ညိုသူတွေနဲ့ နေရာတကာမှာ မော်မော်ကြွားကြွား ......... မင်းတို့ နှစ်ယောက် ကြောက်စရာ ကောင်းအောင် တူတယ်"

"ကျွန်တော့်အဖေ မော်မော်ကြွားကြွား မလုပ်ဘူး" ဟယ်ရီက ပြောတယ်။ ပါးစပ်ပိတ်ထားချင်ပေမယ့် မမီတော့ဘူး။ "ကျွန်တော်လဲ မလုပ်ဘူး"

"မင်း အဖေလဲ သတ်မှတ်ချက်ကို သိပ်မလိုက်နာဘူး" စနိတ်ပ်က ဆက်ပြောတယ်။ ကိုယ်က ရှေ့ကိုင်းထားတယ်။ သူ့မျက်နှာ ပိန်ပိန်ပေါ်မှာ စိတ်ယုတ်တွေ ပေါ်နေတယ်။ "သတ်မှတ်ချက်ဆိုတာ နည်းနည်း အဆင့်နိမ့်တဲ့လူတွေ လိုက်နာဖို့။ ခွေဒစ်နိုင်တဲ့လူတွေဖို့ မဟုတ်ဘူး။ သူ့ခေါင်းက လွတ်နေပြီ ........."

"ပါးစပ်ပိတ်ထား"

ဟယ်ရီဟာ ရုတ်တရက် မတ်တတ်ရပ်လိုက်တယ်။ ဦးလေးဗာနွံတို့အိမ်က နောက်ဆုံးတစ်ညပြီး နောက် သူ ဒီလောက် ဒေါသမထွက်ခဲ့သေးဘူး။ စနိတ်ပ် မျက်နှာတင်းသွားတာ၊ မျက်လုံးမည်းမည်း အန္တရာယ်ရှိစွာ လက်နေတာကို လုံးဝမမှုဘူး။

"မင်း ခုနက ငါ့ကို ဘာပြောတယ်၊ ပေါ်တာ"

"ကျွန်တော်က သင့်ကို ကျွန်တော့်အဖေအကြောင်း မပြောနဲ့။ ပါးစပ် ပိတ်ထားလို့ ပြောတာ" ဟယ်ရီက တအား အော်တယ်။ "ကျွန်တော် အဖြစ်မှန် သိတယ်။ မဟုတ်ဘူးလား။ သူ သင့်အသက်ကို ကယ်ခဲ့ဖူးတယ်။ ဒမ်ဘလီဒိုးက ကျွန်တော့်ကို ပြောပြတာ။ ကျွန်တော့်အဖေ ကယ်လို့၊ နို့မို့ရင် သင် အခု ဒီမှာတောင် မရှိနိုင်ဘူး"

စနိတ်ပ်ရဲ့ အသားဝါဝါဟာ နွားနို့ပျက်တဲ့ အရောင် ဖြစ်သွားတယ်။

"ကျောင်းအုပ်ကြီးက မင်းအဖေ ငါ့ကို ကယ်တဲ့ နောက်ခံအကြောင်းကို ပြောပြသလား" သူက တိုးတိုးပြောတယ်။ "ဒါမှမဟုတ်ရင်၊ သူက အသေးစိတ်ပြောရင် တန်ဖိုးရှိတဲ့ ပေါ်တာရဲ့ နားအဖို့ မပျော်မရွှင် ဖြစ်မှာလို့ ထင်လို့လား"

ဟယ်ရီက နှုတ်ခမ်းကို ကိုက်ထားတယ်။ ဘာတွေဖြစ်ခဲ့တယ် ဆိုတာ သူမသိဘူး။ ဒါကို ဝန်မခံချင်ဘူး။ ဒါပေမယ့် စနိတ်ပ်က သူ့အတွေးကို သိနေသလိုပဲ။

"မင်းအဖေနဲ့ ပတ်သက်တဲ့ နားလည်မှု အမှားကို ပိုက်ပြီး မင်း ထွက်ခွာသွားတာ ငါ မလိုလားဘူး၊ ပေါ်တာ" သူက ပြောတယ်။ ကြောက်စရာ အပြုံးက သူ့မျက်နှာကို တွန့်လိမ်နေစေတယ်။ "မင်း သူရဲကောင်း လုပ်ဆောင်ချက်ရဲ့ လှုပ်ရှားမှု တချို့ကို တွေးကြည့်လား။ ငါ မင်းကို တည့်မတ်ပေးမယ် ---- မင်းရဲ့ သူတော်စင်နဲ့တူတဲ့ အဖေနဲ့ သူ့မိတ်ဆွေတွေဟာ ငါ့ကို အလွန်ပျော်ရွှင်တဲ့ နောက်ပြောင်မှုတစ်ခု လုပ်တယ်။ မင်းအဖေဟာ နောက်ဆုံးအချိန်မှာ တွန့်ဆုတ်မသွားရင် ငါ သေမှာ။ သူ လုပ်တာဟာ ရဲဝံ့တယ်လို့ ပြောစရာ ဘာမျှ မရှိဘူး။ သူ မိမိကိုယ်မိမိ ကယ်ခဲ့တယ်။ ငါ့ကိုလဲ ကယ်လိုက်တယ်။ တကယ်လို့ သူတို့ နောက်ပြောင်တာ အောင်မြင်ရင် ဟော့ဂ်ဝပ်က သူတို့ကို ကျောင်းထုတ်မှာ"

စနိတ်ပ်ရဲ့ မညီညာတဲ့ သွားတွေတောင် ပေါ်လာတယ်။

"အင်္ကျီအိတ်ကပ်ကို လှန်ပြ၊ ပေါ်တာ" သူက ရုတ်တရက် ငေါက်လိုက်တယ်။

ဟယ်ရီက မလှုပ်ဘူး။ သူ့နားထဲမှာ လိုဏ်သံထွက်နေတယ်။

"အိတ်ကပ်ကို လှန်ပြ၊ နို့မို့ရင် ကျောင်းအုပ်ကြီးကို တိုက်ရိုက်သွားတွေ့မယ်။ လှန်လိုက်၊ ပေါ်တာ"

ဟယ်ရီဟာ ကြောက်လို့ အေးစက်လာတယ်။ ဇွန်ခိုဆိုင်က ဝယ်ခဲ့တဲ့ ကစားစရာ အမျိုးမျိုးပါတဲ့ အိတ်နဲ့ ဓားပြမြေပုံကို ထုတ်ပေးတယ်။

စနိတ်ပ်က ဇွန်ခိုအိတ်ကို ကိုင်တယ်။

"ရွန် ကျွန်တော့်ကို ပေးတာ" ဟယ်ရီက ပြောတယ်။ စိတ်ထဲမှာ ရွန့်ကို စနိတ်ပ် မတွေ့ခင်မှာ အကြောင်းကြားနိုင်ရင် ကောင်းမယ်လို့ တွေးတယ်။ "သူ --- အရင်တစ်ခါ ဟော့ဂ်မေ့ဒ်က ဝယ်ပေးတာ ..........."

"ဟုတ်လား။ မင်း အဲဒီတုန်းကတည်းက အိတ်ထဲ ထည့်ထားတာလား။ စိတ်လှုပ်ရှားစရာပဲ.... အဲဒါ ဘာလဲ"

စနိတ်ပ်က ဟိုမြေပုံကို ကိုင်လိုက်တယ်။ ဟယ်ရီဟာ မိမိ ဘာမှ မဖော်ပြအောင် တအား ကြိုးစားတယ်။

"သိုးရေ စက္ကူ ဗလာလေးပါ" သူက ပခုံးတွန့်ပြတယ်။

စနိတ်ပ်က သိုးရေစက္ကူကို လှန်ကြည့်တယ်။ မျက်စိနဲ့ ဟယ်ရီ့ကို စူးစိုက်ကြည့်နေတယ်။

"ဒီလို သိပ်ဟောင်းတဲ့ သိုးရေစက္ကူကို မင်း ဘယ်လိုအပ်မှာလဲ" သူက ပြောတယ်။ "ငါ ဘာဖြစ်လို့ ------- ၎င်းကို လွှင့်မပစ်တာလဲ"

သူ့လက်ဟာ မီးလင်းဖိုဆီ ရွေ့လျားသွားတယ်။

"မလုပ်နဲ့" ဟယ်ရီက အမြန်ပြောတယ်။

“ဒီလိုလား” စနိတ်ပ်က ပြောတယ်။ ၎င်းရဲ့ နှာတံရှည်ရှည်က လှုပ်နေတယ်။ “ဒါလဲ မစ္စတာ ဝယ်စလီက မင်းကိုပေးတဲ့ အဖိုးတန် လက်ဆောင်ပဲလား။ ဒါမှမဟုတ်ရင် ဝိညာဉ်စုပ်ကောင်ကို မဖြတ်ပဲ ဟော့ဂ်မော့ဒ်ကို ဝင်နိုင်တဲ့ ညွှန်ကြားချက်လား”

ဟယ်ရီက မျက်တောင်ခတ်လိုက်တယ်။ စနိတ်ပ် မျက်စိလင်းသွားတယ်။

“ကျုပ် ကြည့်ဦးမယ်၊ ကျုပ် ကြည့်ဦးမယ် .......” သူက ရေရွတ်ပြီး မှော်ကြိမ်လုံးကို ထုတ်လိုက်တယ်။ စားပွဲပေါ်မှာ မြေပုံကို ဖြန့်ခင်းလိုက်တယ်။ “သင့် လျှို့ဝှက်ချက်ကို ဖော်ပြ” သူက ပြောရင်း မှော်ကြိမ်လုံးနဲ့ မြေပုံကို အသာတို့လိုက်တယ်။

ဘာမှ ဖြစ်မလာဘူး။ ဟယ်ရီက လက်တုန်မှာစိုးလို့ လက်သီးမြဲမြဲ ဆုပ်ထားတယ်။

“ပေါ်စေ” စနိတ်ပ်က ပြောတယ်။ မှော်ကြိမ်လုံးနဲ့ မြေပုံကို ဆက်ကာ ခေါက်တယ်။

မြေပုံကတော့ ဗလာအတိုင်းပဲ။ ဟယ်ရီဟာ သက်ပြင်းရှည်ကြီး ချလိုက်ပြီး စိတ်ပေါ့သွားတယ်။

“ကျွန်ုပ် ကျောင်းအုပ် ပါမောက္ခ ဆီးဗရတ်စ်–စနိတ်ပ်က သင့်ကို လျှို့ဝှက်ထားတဲ့ သတင်းအချက်အလက် ပေါ်ထွက်လာဖို့ အမိန့်ပေးတယ်” စနိတ်ပ်က ပြောရင်း မှော်ကြိမ်လုံးနဲ့ အဲဒီ မြေပုံကို ရိုက်နေတယ်။

မမြင်ရတဲ့ လက်က အဲဒီ သိုးရေစက္ကူပေါ်မှာ စာရေးနေတဲ့အလား၊ မြေပုံရဲ့ ချောတဲ့ မျက်နှာပေါ်မှာ စာလုံးတွေ ပေါ်လာတယ်။

*မစ္စတာ လမျက်နှာက ပါမောက္ခစနိတ်ပ်ကို နှုတ်ဆက်တယ်။ ဒိပြင် ၎င်းရဲ့ ပုံမှန်မရှိ ကြီးမားတဲ့ နှာခေါင်းကို သူများဆီ လှမ်းပြီး မဆိုင်တာ ဝင်မပါဖို့ တောင်းပန်ပါတယ်။*

စနိတ်ပ် ငိုင်သွားတယ်။ ဟယ်ရီ ပါးစပ် အဟောင်းသား ဖြစ်နေတယ်။ ဒါကို ကြည့်ပြီး ဘာမှ ပြောမထွက်တော့ဘူး။ ဒါပေမယ့် အဲဒီမြေပုံက မပြီးသေးဘူး။ ပထမ စာကြောင်းအောက်မှာ စာတစ်ချို့ ပေါ်ထွက်လာပြန်တယ်။

*မစ္စတာ ခက်ရင်းခွချွန်က မစ္စတာ လမျက်နှာပြောတာ သဘောတူတယ်။ တစ်ခွန်း ထပ်ဖြည့်ချင်တာက၊ ပါမောက္ခ စနိတ်ပ်ဟာ အရုပ်ဆိုးတဲ့ ငတုံးကြီး။*

အခြေအနေက သိပ်တင်းမာနေတာ မဟုတ်ရင်၊ ဒီလို ပြောတာဟာ သိပ်ပျော်စရာ ကောင်းမှာ။ ဒါပေမယ့် အောက်မှာ ရှိသေးတယ် .........

*မစ္စတာ ခြေပြားကြီးက အံ့သြကြောင်း ဖော်ပြချင်တယ်။ စနိတ်ပ်လို ငတုံးကြီးက ဘယ်လိုလုပ်ပြီး ပါမောက္ခ ဖြစ်နေရတာလဲ။*

ဟယ်ရီက ကြောက်လို့ မျက်စိမှိတ်ထားတယ်။ သူ့မျက်စိ ပြန်ဖွင့်လိုက်တော့၊ မြေပုံပေါ်မှာ ပေါ်လာတဲ့ စာလုံးတွေ ကုန်တော့မယ်။

*မစ္စတာ ပိုးကောင်အမြီးက ပါမောက္ခ စနိတ်ပ်ကို နှုတ်ခွန်းဆက်သပါတယ်။ ၎င်းကို အပျစ်ခဲလုံးခေါင်းကြီးကို လျှော့ဖို့ သတိပေးပါတယ်။*

ဟယ်ရီက စနိတ်ပ် ဒေါသအိုး ပေါက်ကွဲမှာကို စောင့်နေတယ်။

"ဒီလို ......... " စနိတ်ပ်က အားပျော့စွာ ပြောတယ်။ "ဒီကိစ္စကို တို့ရှင်းမှာပါ ........."

သူဟာ မီးလင်းဖိုရှေ့မှာ အသွားအပြန် လျှောက်နေတယ်။ မီးဖိုစင်ပေါ်ရှိ ခွက်ထဲကနေ လက်နေတဲ့အမှုန့် တစ်ဆုပ်ကို ယူပြီး မီးပေါ် ကြဲချလိုက်တယ်။

"လူပင်" စနိတ်ပ်က မီးတောက်ကို အော်ပြောတယ်။ "ကျုပ် စကား ပြောချင်တယ်"

ဟယ်ရီက ဘာလုပ်ရမှန်း မသိဖြစ်ပြီး မီးတောက်ကို ကြည့်နေတယ်။ မီးထဲကနေ အရိပ်ကြီး ထွက်လာတယ်။ အလျင်အမြန် လည်ပတ်နေတယ်။ စက္ကန့်အချို့ကြာတော့ ပါမောက္ခလူပင် မီးထဲက တွားထွက်လာတယ်။ ဝတ်ရုံအစုတ်ပေါ်က ပြာတွေကို ပုတ်ချနေတယ်။

"ခင်ဗျား ကျုပ်ကို ခေါ်သလား၊ ဆီးဗရတ်စ်" လူပင်က သိမ်မွေ့စွာ မေးတယ်။

"ကျုပ် ခေါ်တာပေါ့" စနိတ်ပ်က ပြောတယ်။ သူဟာ စားပွဲဆီ ပြန်လျှောက်သွားတယ်။ စိတ်ဆိုးလို့ မျက်နှာပျက်နေတယ်။ "ကျုပ် ခုနက ပေါ်တာကို အိတ်ကပ်လှန်ခိုင်းတာ၊ သူ့ကိုယ်ပေါ်မှာ ဒါ တွေ့တယ်"

စနိတ်ပ်က ဟို သိုးရေစက္ကူကို ညွှန်ပြတယ်။ သိုးရေစက္ကူပေါ်က လမျက်နှာ၊ ပိုးကောင်အမြီး၊ ခြေပြားကြီးနဲ့ ခက်ရင်းခွချွန်တို့ရဲ့ လက်ရေးတွေ အရောင် တောက်နေတုန်းပဲ။ လူပင် မျက်နှာပေါ်မှာ ထူးဆန်းတဲ့၊ လျှို့ဝှက်တဲ့ အမူအရာ ပေါ်လာတယ်။

"ဟင်" စနိတ်ပ်က ပြောတယ်။

လူပင်ဟာ အဲဒီမြေပုံကို ဆက်ကြည့်နေတယ်။ လူပင် တစ်ခုခုကို အလျင်အမြန် စဉ်းစားနေတယ်လို့ ဟယ်ရီ ထင်တယ်။

"ဟင်" စနိတ်ပ်က ပြောပြန်တယ်။ "ဒီသိုးရေစက္ကူပေါ်မှာ မကောင်းဆိုးဝါး စီရင်ထားမှာ သေချာတယ်။ ဒါဟာ ခင်ဗျား ကျွမ်းကျင်တဲ့ အဝန်းအဝိုင်းထဲ ပါတယ်။ လူပင်။ ဟယ်ရီ ဒါမျိုးကို ဘယ်ကရတယ်လို့ ခင်ဗျား ထင်သလဲ"

လူပင်က ခေါင်းမော့ကြည့်တယ်။ ဟယ်ရီ့ဘက်ကို လှစ်ခနဲ ကြည့်လိုက်ရုံနဲ့ သူ့ကို ဝင်မပြောဖို့ သတိပေးလိုက်တယ်။

"မကောင်းဆိုးဝါး စီရင်ထားသလား" သူက သိမ်မွေ့စွာ လိုက်ပြောတယ်။ "ခင်ဗျား တကယ်ပဲ ဒီလို တွေးလား၊ ဆီးဗရတ်စ်။ ကျွန်တော်ကတော့ ဒါဟာ သိုးရေစက္ကူတစ်ချပ်လို့ပဲ ထင်တယ်။ ၎င်းကို ဖတ်ချင်တဲ့လူကို ၎င်းက စော်ကားမယ်။ ကလေးဆန်တာပေါ့။ ဒါပေမယ့် အန္တရာယ်မရှိတာ သေချာတယ်။ ဟယ်ရီက နောက်ပြောင်တဲ့ အရာများ ရောင်းတဲ့ဆိုင်က ရတာလို့ ကျွန်တော် ထင်တယ်......"

"ဟုတ်လား" စနိတ်ပ်က မေးတယ်။ သူ့မေးစေ့ဟာ ဒေါသကြောင့် တင်းမာနေတယ်။ "ဆိုင်က သူ့ကို ဒါမျိုး ရောင်းနိုင်တယ်လို့ ခင်ဗျား ထင်သလား။ သူဟာ ပြုလုပ်သူဆီက တိုက်ရိုက်ရတာလို့ မထင်ဘူးလား"

ဟယ်ရီဟာ စနိတ်ပ် ဘာပြောနေမှန်း မသိဘူး။ လူပင်လည်း ဒီတိုင်းလိုပဲ။

"ခင်ဗျား အဓိပ္ပာယ်က၊ မစ္စတာပိုးကောင်အမြီး သို့မဟုတ် အဲဒီလူတွေထဲက တစ်ယောက်ဆီကလား" သူက မေးတယ်။ "ဟယ်ရီ၊ မင်း ဒီလူတွေနဲ့ သိလား"

"မသိဘူး" ဟယ်ရီက အမြန်ပြောတယ်။

"ကြည့်လေ၊ ဆီးဗရတ်စ်" လူပင်က ပြောတယ်။ စနိတ်ပ်ဖက်လှည့်လိုက်တယ်။ "ကျုပ် ကြည့်ရတာ ဒါ ဇုန်ခိုက ထွက်တာ ------"

ရွန်ဟာ ဒီအချိန်မှာပဲ ရုံးခန်းထဲ ပြေးဝင်လာတယ်။ သူ အသက်ရှူတောင် ဆို့နေတယ်။ စနိတ်ပ် စားပွဲဘေးရောက်သွားပြီး လက်က ရင်ဘတ်ကို ဖိကာ စကားပြောဖို့ ကြိုးစားနေတယ်။

"အဲဒီ ---- ဟာကို ------ ကျွန်တော် -------- ဟယ်ရီ့ ပေးတာ" သူ အသက်ရှူ ကြပ်နေတယ်။ "ဇုန်ခိုက ------ ဝယ်တာ ---- ကြာလှပြီ........."

"ကောင်းပြီ" လူပင်က ပြောတယ်။ လက်ခုပ်တစ်ချက် တီးလိုက်ပြီး အားလုံးကို ဝမ်းသာစွာ ကြည့်လိုက်တယ်။ "ဒါ ရှင်းမနေဘူးလား၊ ဆီးဗရတ်စ်။ ကျုပ် ဒါ ယူသွားမယ်နော်" သူဟာ မြေပုံကို ခေါက်ပြီး ဝတ်ရုံထဲ ထည့်လိုက်တယ်။ "ဟယ်ရီ၊ ရွန်၊ ကျုပ်နဲ့ လိုက်ခဲ့။ ကျုပ်ပေးထားတဲ့ သွေးစုပ်ကောင်စာတမ်းနဲ့ ပတ်သက်ပြီး ပြောစရာ ရှိတယ်။ ကျုပ်တို့ သွားပြီ။ ဝမ်းနည်းပါတယ်။ ဆီးဗီးရတ်စ်"

သူတို့ ရုံးခန်းက ထွက်ခဲ့တယ်။ ဟယ်ရီက စနိတ်ပ်ကို ကြည့်တောင် မကြည့်ဝံ့ဘူး။ သူ၊ ရွန်နဲ့ လူပင်တို့ဟာ ရှေ့ခန်းရောက်တဲ့ထိ စကားမပြောဘူး။ ဒီနောက် ဟယ်ရီက လူပင်ဘက် လှည့်လိုက်တယ်။

"ပါမောက္ခ။ ကျွန်တော် -----"

"ကျုပ် ရှင်းပြတာ နားမထောင်ဘူး" လူပင်က တိုတိုပဲ ပြောတယ်။ သူက လူမရှိတဲ့ ရှေ့ခန်းကို တစ်ချက်ကြည့်လိုက်ပြီး အသံနိမ့်ပြောတယ်။ "ကျုပ် ဒီမြေပုံဟာ လွန်ခဲ့တဲ့ နှစ်များကတည်းက ဖစ်ချ် သိမ်းယူထားတာဆိုတာ သိခွင့်ရတယ်။ ဟုတ်ပြီ။ ဒါမြေပုံဆိုတာ ကျုပ် သိတယ်" ဟယ်ရီနဲ့ ရွန်က အံ့သြတဲ့ အမူအရာ ဖော်ပြလို့ သူက ပြောတယ်။ "ဒီမြေပုံ မင်းတို့လက်ထဲ ဘယ်လိုရောက်လာတယ်ဆိုတာ ကျုပ် မသိချင်ဘူး။ သို့ပေမယ့် ကျုပ် အံ့သြတာက မင်းတို့ မအပ်တာပဲ။ အထူးသဖြင့် အရင်တစ်ခါ ကျောင်းသားတစ်ယောက် ရဲတိုက်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်ကို လျှောက်ပစ်ထားခဲ့ပြီး နောက်မှာ။ ကျုပ် မင်းကို ဒါ ထပ်ယူထားခွင့် မပေးနိုင်တော့ဘူး၊ ဟယ်ရီ"

ဟယ်ရီက ဒီလို ဖြစ်မယ်ဆိုတာကို တွေးထင်ထားပြီးပြီ။ ရှင်းပြချင်နေလို့၊ ဆန့်ကျင်ကြောင်း ဖော်ပြချိန် မရဘူး။

"စနိတ်ပ်က ဘာကြောင့် ကျွန်တော် ပြုလုပ်သူဆီက တိုက်ရိုက်ရတယ်လို့ ပြောတာလဲ"

"အကြောင်းက...." လူပင်တွေဝေသွားတယ်။ "အကြောင်းက မြေပုံကို ပြုလုပ်သူဟာ မင်းတို့ကို ကျောင်းက ထွက်ခွာဖို့ ဆွဲဆောင်ချင်လို့ ဖြစ်မယ်။ ၎င်းတို့က ဒီမြေပုံ သိပ်ပျော်စရာ ကောင်းတယ်လို့ ထင်တာ"

"သင် သူတို့ကို သိလား" ဟယ်ရီက မေးတယ်။ အလွန်သိလိုတဲ့ အမူအရာ ဖော်ပြနေတယ်။

"ကျုပ်တို့ တွေ့ဖူးတယ်" သူက တိုတိုပဲ ပြောတယ်။ သူ ဟယ်ရီ့ကို ကြည့်တဲ့ အမူအရာဟာ ဘယ်တုန်းကထက်မဆို တည်ကြည်တယ်။

"ကျုပ် မင်းအတွက် နောက်ထပ် ဖုံးပေးမယ်လို့ မမျှော်လင့်နဲ့တော့၊ ဟယ်ရီ။ ကျုပ် မင်းကို ဆီးရီးအက်စ် ကြယ်ဘလက်ကို လေးလေးနက်နက် သဘောထားခိုင်းလို့ မရပေမယ့် ကျုပ် အစကတော့ ဝိညာဉ်စုပ်ကောင် မင်းအနား ကပ်လာတဲ့အခါမှာ မင်းကြားရတဲ့ အကြောင်းအရာတွေဟာ မင်းကို ပိုပြီး ဂယက်ရိုက်မယ် ထင်တာ။ မင်းမိဘဟာ မိမိကိုယ်မိမိ အသေခံပြီး မင်းကို အသက်ရှင်နေစေတာ၊ ဟယ်ရီ။ ဒီလို ကျေးဇူးဆပ်တာ သိပ်မကောင်းဘူး။ သူတို့အသက် စွန့်လွှတ်မှုနဲ့ မှော်မျက်လှည့်တစ်အိတ်နဲ့ လဲတာ"

သူ ထွက်သွားတယ်။ ဟယ်ရီကို ထားပစ်ခဲ့တယ်။ ဟယ်ရီ ရင်ထဲက တစ်မျိုးကြီးပဲ။ သူ စနိတ်ပ် ရုံးခန်းမှာတုန်းကထက် ပိုဆိုးတယ်။ သူဟာ ရွန်နဲ့အတူ မာဘယ်ကျောက်လှေခါးကို ဖြည်းဖြည်း တက်လာတယ်။ ဟယ်ရီဟာ မျက်လုံးတစ်လုံး မှော်ဆရာမ ရုပ်ထုက ဖြတ်သွားတော့ ကိုယ်ပျောက်ဝတ်ရုံကို သတိရလာတယ် ---- ဝတ်ရုံက အဲဒီမှာပဲ ရှိနေတယ်။ သူ သွားမယူဝံ့ဘူး။

"ဒါ ငါ့အမှား" ရွန်က ရုတ်တရက် ပြောတယ်။ "ငါ မင်းကို ခေါ်လို့။ လူပင်ပြောတာ မှန်တယ်။ ဒီလိုလုပ်တာ သိပ်အတယ်။ ငါတို့ ဒီလို မလုပ်သင့်----" သူ မပြောတော့ဘူး။ သူတို့ဟာ လုံခြုံရေး ကင်းလှည့်နေတဲ့ စင်္ကြံကို ရောက်လာတယ်။ ဟာမီးက သူတို့ဆီ လျှောက်လာတယ်။ ဟယ်ရီက သူမကို ကြည့်လိုက်တာနဲ့ ဖြစ်သမျှ သူမ ကြားပြီးပြီဆိုတာ သိတယ်။ သူ့ရင် တအား ခုန်နေတယ် ----- သူမ ပါမောက္ခ မက်ဂေါ်နာဂေါကို ပြောပြီးပြီလား။

"ပျော်နေသလား" ရွန်က ဒေါသတကြီး ပြောတယ်။ သူမဟာ သူတို့ရှေ့မှာ ရပ်နေပြီ။ "ဒါမှမဟုတ်ရင် နင် ခုနက တို့ကို တိုင်တာလား"

"မတိုင်ဘူး" ဟာမီးက ပြောတယ်။ သူမလက်ထဲမှာ စာ တစ်စောင် ကိုင်ထားတယ်။ သူမ နှုတ်ခမ်းတွေ တုန်နေတယ်။ "ငါက နင်တို့ သိပြီးပြီ ထင်တာ .... ဟက်ဂရစ် တရား ရှုံးသွားပြီ။ ဘတ်ခ်ဘိခ် သေဒဏ်ပေးခံရတော့မယ်"

• •• ✦ •• •

## ၁၅။ ခွေဒစ် ဖိုင်နယ်ပွဲ

"သူ ---- သူ ငါ့ကို ဒါ ပို့လာတယ်" ဟာမီးက ပြောရင်း အဲဒီစာအိတ်ကို သူတို့ ပေးလိုက်တယ်။

ဟယ်ရီက ယူလိုက်တယ်။ အဲဒီ သိုးရေစက္ကူဟာ စိုနေတယ်။ မျက်ရည်ပေါက်ကြီးတွေကြောင့် မင်တွေ ပြန့်နေတယ်။ တချို့ သိပ်တောင် ဖတ်လို့ မရဘူး။

**ချစ်လှစွာသော ဟာမီး**

ကျုပ်တို့ ရှုံးသွားပြီ။ ကျုပ်ကို ၎င်းအား ဟော့ဂ်ဝပ် ပြန်ခေါ်လာဖို့ ခွင့်ပြုတယ်။ သေဒဏ်ပေးမယ့်နေ့ကို ဆုံးဖြတ်ဖို့ စောင့်ရဦးမယ်။

ဘတ်ခ်ဘိခ်ဟာ လန်ဒန်ကို ကြိုက်တယ်။

မင်း ကျုပ်တို့ကို ကူညီတာ အားလုံး မမေ့ပါဘူး။

**ဟက်ဂရစ်**

"သူတို့ ဒီလို လုပ်လို့ မဖြစ်ဘူး" ဟယ်ရီက ပြောတယ်။ "သူတို့ မလုပ်ရဘူး။ ဘတ်ခ်ဘိခ် အန္တရာယ် မပေးဘူး"

"မော်ဖိုင်ရဲ့ အဖေက ကော်မတီကို ဒီလိုလုပ်ဖို့ ကြိမ်းတယ်" ဟာမီးက ပြောတယ်။ မျက်စိကိုလည်း သုတ်နေတယ်။ "နင်တို့ သူ့ကို သိပါတယ်။ ကော်မတီက တုန်ယင်နေပြီဖြစ်တဲ့ ငတုံး အဖိုးကြီးတွေ၊ သူ့ကို လန့်နေတာ။ အထက်တက်လို့ ရသေးပေမယ့်၊ ဒါကတော့ ရတာပေါ့။ ငါကတော့ ဘာမျှော်လင့်ချက်မှ မမြင်ဘူး ......... ဘာကမှ ပြုပြင်လို့ မရဘူး"

"ဟင့်အင်း၊ ပြုပြင်လို့ ရမှာပါ" ရွန်က ဒေါသနဲ့ ပြောတယ်။ "ဒီတစ်ခါ နင်တစ်ယောက်တည်းနဲ့ အားလုံး မလုပ်နဲ့တော့၊ ဟာမီး။ ငါ ကူညီမှာ"

"အော၊ ရွန်"

ဟာမီးက ရွန့်လည်ပင်းကို ဖက်တယ်။ လုံးဝ ပြိုကျသွားပြီ။ ရွန် သိပ် လန့်သွားတယ်။ သူမခေါင်းကို အားနာနာနဲ့ ပုတ်ပြီး အားပေးတယ်။ နောက်ဆုံးမှာ ဟာမီး ခွာလိုက်တယ်။

"ရွန်၊ အစက်အပြောက်လေးကိစ္စ ငါ တကယ်၊ တကယ် ဝမ်းနည်းပါတယ် ....... " သူမ ရှိုက်နေတယ်။

"အော အော ၎င်း အိုသွားပြီ" ရွန်က ပြောတယ်။ ဟာမီးက လွှတ်လိုက်လို့ အသက်ရှူ ချောင်သွားသလိုပဲ။ "ပြီးတော့ သူ သိပ်တော့ အသုံးမကျဘူး။ နင် မသိသေးဘူး။ အခု အဖေတို့ အမေတို့က ငါ့ကို ဇီးကွက်တစ်ကောင် ပေးရင် ပေးမှာ"

ဘလက် နောက်တစ်ကြိမ် ဝင်လာပြီးကတည်းက ကျောင်းလုံခြုံရေး တိုးမြှင့်လာတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ညအချိန်မှာ ဟက်ဂရစ်ဆီ သွားလို့ မရတော့ဘူး။ သူတို့ဟာ သူနဲ့ စကားပြောဖို့ အခွင့်အရေးကတော့ ထူးဆန်း သတ္တဝါ ထိန်းသိမ်းတဲ့ အတတ်သင်ခန်းစာ တက်ချိန်တစ်ခုတည်း ရှိတယ်။

ဟက်ဂရစ်ဟာ တရားစီရင် ဆုံးဖြတ်ချက်ကြောင့် ထုံထိုင်းသွားသလိုပဲ။

"ကျုပ် အမှား၊ အ ထစ်ပြီး စကားမပြောတတ်ဘူး။ သူတို့ အားလုံး ဝတ်ရုံနက်ဝတ်ပြီး ထိုင်နေတာ။ ကျုပ်က မှတ်စုလဲ ပျောက်ပျောက်နေတယ်။ မင်း ငါ့အစား ရှာပေးထားတဲ့ နေ့စွဲတွေကိုလဲ မေ့ကုန်တယ်၊ ဟာမီး။ နောက်တော့ လူးရှပ်စ်–မော်ဖိုင် မတ်တတ်ရပ်ပြီး စကားပြောတယ်။ ကော်မတီက သူ ပြောသလို အားလုံး လိုက်လုပ်တယ် ..........."

"အထက်တက်လို့ ရသေးတယ်" ရွန်က ဒေါသနဲ့ ပြောတယ်။ "အရှုံးမပေးနဲ့။ ကျွန်တော်တို့ လေ့လာနေတယ်"

သူတို့ဟာ အခန်းထဲက ကျောင်းသားအားလုံးနဲ့ ရဲတိုက်ဆီ ပြန်ကြတယ်။ မော်ဖိုင်နဲ့ ခရပ်၊ ဂိုးတို့အတူ သွားနေတာ သူတို့ တွေ့တယ်။ အဆက်မပြတ် လှည့်ကြည့်ပြီး ပြက်ရယ်ပြုတယ်။

"အသုံးမကျပါဘူး၊ ရွန်" ဟက်ဂရစ်က ဝမ်းနည်းစွာ ပြောတယ်။ ဒီအချိန်မှာ သူတို့ဟာ ရဲတိုက်ရှေ့က လှေခါးထစ်ဆီ ရောက်လာပြီ။

"အဲဒီ ကော်မတီကို လူးရှပ်စ်-မော်ဖိုင်က အိတ်ကပ်ထဲ ထည့်ထားတာ။ ကျုပ် အခု ဘိခ်ကို မသေခင်မှာ အပျော်ဆုံး နေထိုင်သွားဖို့ပဲ အာမခံနိုင်တော့တယ်။ ငါ့ကြောင့်ပဲ ..........

ဟက်ဂရစ်ဟာ သူ့အိမ်လေးဆီ လှည့်ထွက်သွားတယ်။ မျက်နှာကို လက်ကိုင်ပဝါနဲ့ အုပ်ထားတယ်။

"သူ ငိုငိုယိုယို လုပ်နေတာ ကြည့်စမ်း"

မော်ဖိုင်၊ ခရပ်နဲ့ ဂိုးတို့ဟာ ရဲတိုက် တံခါးမကြီးအတွင်းမှာ ပုန်းပြီး နားထောင်နေတယ်။

"ဒီလောက် သနားစရာလူကို မင်းတို့ မြင်ဖူးလား" မော်ဖိုင်က ပြောတယ်။ "သူက ငါတို့ဆရာ တဲ့လေ"

ဟယ်ရီနဲ့ ရွန်တို့ နှစ်ယောက်စလုံး မော်ဖိုင်ကို ဒေါသဖြစ်တဲ့ အမူအရာပြတယ်။ ဒါပေမယ့် ဟာမီးက သူတို့ထက် ပိုမြန်တယ် -----ဖျတ်။

သူမဟာ အားရှိသမျှနဲ့ မော်ဖိုင်ကို ပါးတစ်ချက် ရိုက်လိုက်တယ်။ မော်ဖိုင် ယိုင်သွားတယ်။ ဟယ်ရီ၊ ရွန်၊ ခရပ်နဲ့ ဂိုးတို့ အားလုံး ငိုင်သွားတယ်။ ဒီအချိန်မှာ ဟာမီးက လက်မြှောက်လိုက်ပြန်တယ်။

"နင် ဟက်ဂရစ်ကို သနားစရာ ကောင်းတယ် ပြောဝံ့ထပ်ပြောကြည့်စမ်း။ ယုတ်မာတဲ့ကောင် ------- မကောင်းဆိုးဝါးကောင်-------"

သူမဟာ အရှိန်နဲ့ မော်ဖိုင်ကို ဆက်ရိုက်မယ် လုပ်တယ်။ "ဟာမီး" ရွန်က ပျော့ညံ့စွာ ပြောတယ်။ သူမလက်ကို ဆွဲဖို့ လုပ်တယ်။

"ငါ့ကို လွှတ်၊ ရွန်"

ဟာမီးက မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ မော်ဖိုင် နောက်ဆုတ်တယ်။ ခရပ်နဲ့ ဂိုးက မော်ဖိုင်ကို ကြည့်နေတယ်။ သူ့အမိန့်ကို စောင့်နေတယ်။ ဒီနှစ်ယောက်စလုံး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

"ဆုတ်" မော်ဖိုင်က ရေရွတ်လိုက်တယ်။ ဒီသုံးယောက်စလုံး ရဲတိုက်အဓိက အဆောင်ဆီ ပေါက်တဲ့လမ်းထဲမှာ ချက်ချင်း ပျောက်သွားတယ်။

"ဟာမီး" ရွန်က အံ့လည်းအံ့သြ၊ စိတ်လည်းလှုပ်ရှားစွာ ခေါ်တယ်။

"ဟယ်ရီ၊ နင် ခွေဒစ်ဖိုင်နယ်မှာ နိုင်အောင် ကစား" ဟာမီးက စူးရှစွာ အော်ပြောတယ်။ "နင် ဖြစ်အောင်လုပ်။ စလေးသရင်းသာ နိုင်သွားရင်၊ ငါ ခံနိုင်မှာ မဟုတ်ဘူး"

"ငါတို့ မှော်ဂါထာ အတန်း သွားတက်ရတော့မယ်" ရွန်က ပြောတယ်။ ဟာမီးကို ကြည့်နေတုန်းပဲ။ "ငါတို့ သွားကြစို့"

သူတို့ဟာ မာဘယ်ကျောက်လှေခါးကို လောလော တက်ပြီး ပါမောက္ခ ဖလစ်ဝစ် ကျောင်းခန်းကို သွားတယ်။

"နောက်ကျနေပြီ၊ ကလေးတို့" ဟယ်ရီက ကျောင်းခန်းတံခါးကို တွန်းဖွင့်လိုက်တယ်။ ပါမောက္ခ ဖလစ်ဝစ်က အပြစ်တင်သလို ပြောတယ်။ "မြန်မြန်လာ။ မှော်ကြိမ်လုံးထုတ်။ တို့ ဒီနေ့ ပျော်ရွှင်ခြင်းဂါထာရဲ့ ခွန်အားကို ခံစားကြည့်ကြမယ်။ တို့ နှစ်ယောက်တစ်စုစီ ခွဲထားပြီ ---"

ဟယ်ရီနဲ့ ရွန်ဟာ နောက်ဖက်က စားပွဲတစ်လုံးဆီ အမြန်သွားပြီး လွယ်အိတ်ကို ဖွင့်လိုက်တယ်။ ရွန်က ပြန်လှည့် ကြည့်လိုက်တယ်။

"ဟာမီး ဘယ်ရောက်သွားလဲ"

ဟယ်ရီကလည်း ဟိုဟိုဒီဒီ ရှာတယ်။ ဟာမီး ကျောင်းခန်းထဲ မဝင်ဘူး။ ဒါပေမယ့် သူ တံခါးဖွင့်တဲ့အခါမှာ ဟာမီး သူ့နောက်မှာရှိတာ ဟယ်ရီ သိတယ်။

"ထူးဆန်းတယ်ဟေ့" ဟယ်ရီက ပြောတယ်။ ရွန့်ကို ကြည့်နေတယ်။ "သူမ ----- သူမ ကိုယ်လက်သန့်စင်ခန်း သွားသလား၊ တခြား တစ်ခုခု သွားလုပ်နေသလား မသိဘူး"

ဒါပေမယ့် အတန်းချိန်ပြီးဆုံးတဲ့အထိ ဟာမီး ပေါ်မလာဘူး။

"သူမဟာလဲ ပျော်ရွှင်ခြင်းဂါထာ သူမကိုယ်ပေါ်မှာ အကျိုးသက်ရောက်ဖို့ လိုတယ်" ရွန်က ပြောတယ်။ ဒီအချိန်မှာ တစ်တန်းလုံး နေ့လယ်စာ သွားစားကြတော့မယ်။ အားလုံး အပြုံးကိုယ်စီနဲ့ --- ပျော်ရွှင်ခြင်းဂါထာက သူတို့ကို ကျေနပ်မှု ပေးတယ်။

နေ့လယ်စာ စားတော့လဲ ဟာမီး မရှိဘူး။ ပန်းသီးအဆာသွတ် စားလို့ ပြီးခါနီးမှာ၊ ပျော်ရွှင်ခြင်းဂါထာရဲ့ သက်ရောက်မှု အားလျော့လာတယ်။ ဟယ်ရီနဲ့ ရွန်ဟာ နည်းနည်း စိတ်ပူလာတယ်။

"မော်ဖိုင် သူမကို တစ်ခုခု လုပ်မလား" ရွန်က ပူပန်စွာ ပြောတယ်။ သူတို့ဟာ ဂရစ်ဖင်းဒေါအိမ်ချွန်ကို သွားနေတယ်။

သူတို့ဟာ လူပုလေး လုံခြုံရေးတွေကို ဖြတ်ပြီး မိန်းမဝဝကြီးကို စကားဝှက် "ဖလစ်ဘတ်တ်စဂစ်ဘက်" ပြောပြီး၊ အရုပ်ကားအဝက အမျှားနားနေခန်းထဲ ဝင်ခဲ့တယ်။

ဟာမီးဟာ စားပွဲရှေ့မှာ ထိုင်ပြီး အိပ်မောကျနေတယ်။ သူမခေါင်းဟာ ဖွင့်ထားတဲ့ သချင်္ာဗေဒင် ကျောင်းသုံးစာအုပ်ပေါ်မှာ မှောက်နေတယ်။ သူတို့ ကပ်သွားပြီး သူမ ဘေးတစ်ဖက်တစ်ချက်မှာ ထိုင်တယ်။ ဟယ်ရီက သူမကို လှုပ်နှိုးလိုက်တယ်။

"ဘာ--- ဘာလဲ" ဟာမီးက ပြောတယ်။ သူမ လန့်ပြီး နိုးလာတယ်။ ပျာယိပျာယာ ဟိုဒီ ကြည့်နေတယ်။ "သွားရတော့မှာလား။ ငါတို့ အခု ဘာ ဘာသာတက်ရမှာလဲ"

"ဗေဒင်၊ မိနစ်နှစ်ဆယ် လိုပါသေးတယ်" ဟယ်ရီက ပြောတယ်။ "ဟာမီး၊ နင် ဘာဖြစ်လို့ မှော်ဂါထာ အတန်း မတက်တာလဲ"

"ဘာလဲ၊ အော၊ မဟုတ်ဘူး" ဟာမီးက တအား အော်တယ်။ "ငါ မှော်ဂါထာ အတန်း တက်ဖို့ မေ့နေတာ"

"ဒါပေမယ့် ဘာဖြစ်လို့ မေ့ရတာလဲ" ဟယ်ရီက ပြောတယ်။ "ငါတို့ ကျောင်းခန်းရှေ့ မရောက်ခင်မှာ နင် ငါတို့နဲ့အတူ ရှိနေတာပဲ"

"ငါ တကယ်မယုံနိုင်ဘူး" ဟာမီး ဝမ်းနည်းစွာ ပြောတယ်။ "ပါမောက္ခ ဖလစ်ဝစ် စိတ်ဆိုးသွားလား။ အော၊ ဒါ မော်ဖိုင့်ကြောင့်။ ငါ သူ့အကြောင်း တွေးနေတာနဲ့ ကျန်တာတွေ မေ့သွားတယ်"

"ဘာလဲဆိုတာ နင် သိလား၊ ဟာမီး" ရွန်က ပြောတယ်။ မျက်လုံးက ဟာမီး ခေါင်းအုံးလုပ်ထားတဲ့ စာအုပ်ကြီးကို ကြည့်နေတယ်။ "နင် ပြိုလဲတော့မယ်လို့ ငါ ထင်တယ်။ နင် လုပ်ချင်တာတွေ သိပ်များနေတယ်"

"ဟင့်အင်း၊ မဟုတ်ပါဘူး" ဟာမီးက ပြောတယ်။ မျက်နှာပေါ်က ဆံပင်တွေကို ယက်ပစ်တယ်။ သူ့လွယ်အိတ်ကို အားကိုးမဲ့စွာ ရှာနေတယ်။

"ငါ ခုတင် အမှားပြုမိပြီ။ မဟုတ်ဘူးလား။ ငါ ပါမောက္ခဖလစ်ဝစ်ကို သွားတောင်းပန်ရင် ကောင်းမယ် .......... ဗေဒင်သင်တန်းမှာ တွေ့မယ်"

မိနစ် ၂၀ ကြာတော့ ဟာမီးဟာ ပါမောက္ခ ထရီလောနီ ကျောင်းခန်းဆီ ပေါက်တဲ့ လှေခါးအောက်မှာ သူတို့နဲ့ ဆုံတယ်။ သူမကြည့်ရတာ အလွန် စိတ်ရှုပ်နေသလိုပဲ။

"ငါ ပျော်ရွှင်ခြင်းဂါထာအတန်းကို လွတ်သွားတာ မယုံနိုင်စရာပဲ။ စာမေးပွဲထဲ ပါမယ်ဆိုတာ လောင်းဝံ့တယ်။ ပါမောက္ခဖလစ်ဝစ် ခုနက ပါနိုင်တယ်လို့ အရိပ်အခြည်ပြတယ်"

သူတို့ဟာ အတူတကွ လှေခါးကို တက်ပြီး အလင်းရောင်မှိန်မှိန်၊ အသက်ရှူကြပ်စေတဲ့ အိမ်ချွန် ကျောင်းခန်းထဲ ဝင်ခဲ့တယ်။ စားပွဲခုံလေးတိုင်းပေါ်မှာ ခရစ်ဆယ်ဘောလုံးလေး တစ်လုံးစီ အရောင်လက်နေတယ်။ ခရစ်ဆယ်ဘောလုံးတွေထဲမှာ ပုလဲလို အဖြူရောင် နှင်းသဏ္ဍာန်အရာ ရှိကြတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ လှုပ်ယိုင်နေတဲ့ စားပွဲတစ်လုံးဘေး အတူ ဝင်ထိုင်ကြတယ်။

"ငါက နောက်ကျောင်းပတ်ကျမှ ခရစ်ဆယ်ဘောလုံးကို စ,သင်ရမယ် မှတ်တာ" ရွန်က ရွတ်နေတယ်။ မျက်စိနဲ့လည်း ပါမောက္ခ ထရီလောနီရဲ့ ကိုယ်ရောင်ကို လိုက်ရှာနေတယ်။ သူ အနားရောက်ပြီး ကြားသွားမှာကိုလည်း စိုးတယ်။

"မငြီးနဲ့၊ ဒါက တို့ လက္ခဏာဗေဒင် သင်ပြီးပြီဆိုတဲ့ အဓိပ္ပာယ်ရတယ်" ဟယ်ရီကလည်း ပလုံးပထွေးနဲ့ ဖြေတယ်။ "သူ ငါ့လက္ခဏာကြည့်တိုင်း ကြုံ့ကြုံ့သွားတယ်။ ငါ သိပ်ငြီးငွေ့လှပြီ"

"အားလုံး မင်္ဂလာပါ" ရင်းနှီးပြီးသား မသဲမကွဲ အသံက ပြောတယ်။ ပါမောက္ခ ထရီလောနီဟာ ခါတိုင်းလိုပဲ အမှောင်ရိပ်ထဲက ထွက်လာတယ်။ ပါဗာထီနဲ့ လာဗင်ဒါတို့ ဝမ်းသာလို့ တုန်နေတယ်။ ခရစ်ဆယ်ဘောလုံးရဲ့ နို့ရောင် အလင်းရောင်က သူမတို့ မျက်နှာကို လင်းနေစေတယ်။

"မူလက စီမံထားတာထက် နည်းနည်းစောပြီး ခရစ်ဆယ်ဘောလုံးကို သင်ဖို့ ကိုယ် ဆုံးဖြတ်လိုက်တယ်" ပါမောက္ခ ထရီလောနီက ပြောပြီး ထိုင်လိုက်တယ်။ မီးလင်းဖိုထဲက မီးကို ကျောပေးထားတယ်။ ထိုင်ပြီးနောက် ဟိုဟိုဒီဒီ ကြည့်တယ်။ "ကံကြမ္မာက ကိုယ့်ကို အကြောင်းကြားတယ်၊ မင်းတို့ ဇွန်လစာမေးပွဲမှာ ဘောလုံးနဲ့ ပတ်သက်မယ်။ ဒါကြောင့် မင်းတို့ကို လုံလောက်စွာ လေ့ကျင့်ပေးဖို့ ကိုယ် စိတ်လောလာတယ်"

ဟာမီးက အလကားပါ ဆိုတဲ့သဘောနဲ့ ဟင်း လုပ်လိုက်တယ်။

"အင်း၊ အမှန်အတိုင်း ပြောရရင် ..........'ကံကြမ္မာက သူမကို အကြောင်းကြားထားပြီ' ........ ဘယ်သူ မေးခွန်းထုတ်မှာလဲ။ သူမ။ ဒီလို ကြိုဟောတာ သိပ်တုန်လှုပ်စရာပဲ" ဟာမီးက ပြောတယ်။ တမင် အသံမနှိမ့်ဘူး။

ပါမောက္ခ ထရီလောနီ သူမစကား ကြားသလားဆိုတာ ပြောဖို့ ခက်တယ်။ အကြောင်းက သူမဟာ မျက်နှာကို အမှောင်ရိပ်ထဲမှာ ဝှက်ထားလို့။ သို့ပေမယ့် သူမဟာ ရှေ့ဆက်ပြောသွားတယ်။ မကြားသလိုပဲ။

"ခရစ်ဆယ် ဘောလုံး ကြည့်တာဟာ အလွန် အသေးစိတ်ကျတဲ့ အနုပညာ" သူမဟာ အိပ်မက်ထဲမှာလို ပြောတယ်။ "မင်းတို့ဟာ ဒီလို နက်နဲမှုကို ခန့်မှန်းလို့ မရတဲ့ ဘောလုံးကို ပထမဆုံးအကြိမ် ကြည့်ရှု ရှာဖွေတာဖြစ်လို့၊ မင်းတို့ထဲမှာ တစ်ခုခုမြင်မယ့်လူ ရှိလိမ့်မယ်လို့ ကိုယ် မမျှော်လင့်ဘူး။ ကိုယ်တို့ဟာ အတ္တသဘောနဲ့ အပြင်ပိုင်းမျက်စိကို လျှော့ထားတာကို လေ့ကျင့်တာက စ သင့်တယ် (ရွှန်က မအောင့်နိုင်ဘဲ စတင် ခိုးရယ်နေတယ်) တကယ်လို့ တို့ ကံကောင်းရင်၊ မင်းတို့ထဲက တစ်ယောက်ယောက်ဟာ ကျောင်းမဆင်းခင်မှာ မြင်တွေ့တာ ရှိချင်ရှိမယ်"

ဒီလိုနဲ့ သူတို့ဟာ စ လုပ်ကြတယ်။ ဟယ်ရီဟာ ဒါ အနည်းဆုံးတော့ သိပ်ကို ညံ့ဖျင်းတဲ့ ကိစ္စလို့ ထင်တယ်။ ဒါကြောင့် သူက ခရစ်ဆယ်ဘောလုံးကို ကြောင်ကြည့်နေတယ်။ မိမိကိုယ်မိမိ ဘာမှ မတွေးဘဲ နေစေချင်တယ်။ ဟာမီးဟာ စိတ်မရှည်မှုကို တစ်လျှောက်လုံး ပြနေတယ်။ ဒါဟာ ဟယ်ရီက ဗာဟီရအတွေးတွေကို ဖယ်ရှားချင်ပေမယ့် ဘာမှ အကူအညီမရဘူး။

"ဘာများတွေ့လဲ" ငြိမ်ငြိမ်လေး ခရစ်ဆယ်ဘောလုံးကို ဆယ့်ငါးမိနစ်လောက် ကြည့်ပြီးနောက်၊ ဟယ်ရီက သူတို့ကို မေးတယ်။

"တွေ့တယ်၊ စားပွဲပေါ်မှာ မီးကျွမ်းတဲ့ အရာတစ်ခု တွေ့တယ်" ရွှန်က ညွှန်ပြပြီး ပြောတယ်။ "ဖယောင်းတိုင် မှောက်ကျဖူးတယ်"

"အလကား အချိန်ကုန်တယ်" ဟာမီးက တိုးတိုးပြောတယ်။ "ငါ အစက အသုံးကျတဲ့ ဟာတွေကို သွားလေ့ကျင့်လို့ ရသားနဲ့။ ပျော်ရွှင်ခြင်းဂါထာကို ငါ ပြန်လိုက်လို့တောင် ရတယ် ..........."

ပါမောက္ခ ထရီလောနီရဲ့ ဂါဝန်တရှပ်ရှပ်သံ ရောက်လာတယ်။

"ငင်းတို့ ခရစ်ဆယ်ဘောလုံးထဲမှာ လှုပ်လီလှုပ်လဲ့ ပေါ်လာတဲ့အရာကို ရှင်းပြဖို့ ကိုယ့်အကူအညီ လိုတဲ့လူ ရှိလား" သူမဟာ လမ်းလျှောက်နေတယ်။ လက်ကောက်သံ လွင်လွင်လေး မြည်နေတယ်။

"ငါ အကူအညီ မလိုဘူး" ရွှန်က နားနားကပ်ပြောတယ်။ "ဒါ ရှင်းနေတာပဲ။ ဒီည နှင်း တအား ကျမယ်"

ဟယ်ရီနဲ့ ဟာမီးတို့ ဝါးခနဲ ထရယ်တယ်။

"အခု၊ တကယ်" ပါမောက္ခ ထရီလောနီက ပြောတယ်။ အခု အားလုံး သူတို့ဘက်ဆီ လှည့်ကြည့်တယ်။ ပါဗာထီနဲ့ လာဗင်ဒါဟာ တုန်လှုပ် မကျေနပ်တဲ့ပုံ ပေါ်နေတယ်။ "မင်းတို့ဟာ ထိုးထွင်းမြင်နိုင်သူတွေရဲ့ အပြန်အလှန် ခံစားမှုကို ပျက်စီးစေတယ်" သူမဟာ သူတို့ စားပွဲနားကပ်သွားပြီး သူတို့ ခရစ်ဆယ်ဘောလုံးကို ကြည့်တယ်။ ဟယ်ရီ ရင်လေးနေတယ်။ ဘာဖြစ်မယ် ဆိုတာ သူ သေချာသိတယ် ..................

"ဒီမှာ ဘာပါလိမ့်" ပါမောက္ခ ထရီလောနီက တိုးတိုးပြောတယ်။ ခရစ်ဆယ်ဘောလုံးနား မျက်နှာကပ်သွားတယ်။ ဒီတော့ သူ့မျက်မှန်ကြီးထဲမှာ ခရစ်ဆယ်ဘောလုံး နှစ်လုံး အရိပ်ထင်နေတယ်။ "ဘာများ လှုပ်နေလဲ ......... အဲဒါ ဘာပါလိမ့်"

ဟယ်ရီဟာ သူပိုင် ပစ္စည်းအားလုံးနဲ့ လောင်းချင်တယ်။ မီးသတ္တဲ့ အပါအဝင်။ သူမပြောမှာက ကောင်းတဲ့သတင်း မဖြစ်နိုင်ဘူး။ သူမဘာပြောပြော ဒီတိုင်းပဲလို့ သူထင်တယ်။ ထင်တဲ့အတိုင်းပဲ ........

"ကိုယ့်အချစ်လေး........." ပါမောက္ခ ထရီလောနီ အသက်တစ်ချက် ရှူလိုက်တယ်။ ဟယ်ရီ့ကို ကြည့်နေတယ်။ "ဒီကနေကြည့်ရင် အရင်တုန်းကထက် ရှင်းတယ် ......... ကိုယ့်အချစ်လေး၊ မင်းဆီကို ခြေလှမ်းကျဲကျဲ လာနေပြီ။ ကြာလေ နီးလေပဲ ......... အဲဒီ နိမိတ်ဆိုး ..........."

"အော၊ ဘုရားသခင်ကို ထောက်ရှု၍" ဟာမီးက အကျယ်ကြီး ပြောတယ်။ "ရယ်စရာ နိမိတ်ဆိုး မလုပ်ပါနဲ့တော့"

ပါမောက္ခ ထရီလောနီဟာ သူမရဲ့ မျက်လုံးအကြီးကြီးကို ပင့်ပြီး ဟာမီးကို ကြည့်နေတယ်။ ပါဗာထီက လာဗင်ဒါကို နားနားကပ် ပြောနေတယ်။ သူမတို့ဟာလဲ ဟာမီးကို စိုက်ကြည့်နေတယ်။ ပါမောက္ခ ထရီလောနီ မတ်တတ်ရပ်လိုက်တယ်။ ဒေါသဖြစ်တာ ပေါ်လွင်စွာ ဟာမီးကို အကဲခတ် ကြည့်နေတယ်။

"ကိုယ် ဝမ်းနည်းစွာ ပြောရမှာက၊ မင်း ဒီအတန်းကို ရောက်လာကတည်းက၊ ကိုယ့်အချစ်လေး၊ ဗေဒင်ဆိုတဲ့ မြင့်မြတ်တဲ့ အနုပညာက တောင်းဆိုတဲ့ အရည်အသွေးနဲ့ မပြည့်စုံဘူး ဆိုတာ ထင်ရှားတယ်။ အမှန်ပဲ၊ ဒီလောက် မျှော်လင့်ချက် ကင်းမဲ့အောင် သာမန်ကျလွန်းတဲ့ တပည့်မျိုး ကြုံတွေ့ခဲ့ဖူးသလား ဆိုတာ မမှတ်မိတော့ဘူး"

ခဏ တိတ်ဆိတ်နေတယ်။ ဒီနောက် -----

"ကောင်းတယ်" ဟာမီးက ရုတ်တရက် ပြောရင်း မတ်တတ် ရပ်လိုက်တယ်။ "တိမ်တောင်တွေ ဖယ်ရှား အနာဂတ်ကိုကြည့်" စာအုပ်ကို လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။ "ကောင်းတယ်" သူမက နောက်ထပ်ပြောတယ်။ လွယ်အိတ်ကို ပခုံးပေါ် လွှဲတင်လိုက်တယ်။ ရွှန်ကို ခုံပေါ်က တိုက်ချဖို့ နည်းနည်းလိုတယ်။ "မတတ်တော့ဘူး။ သွားမယ်" တစ်တန်းလုံး အံ့သြမဆုံးတာက၊ ဟာမီးဟာ ကြမ်းဖုံးတံခါးဆီ ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားပြီး ခြေထောက်နဲ့ တံခါးကို ကန်ဖွင့်ကာ လှေခါးက ဆင်းသွားပြီး ပျောက်သွားတယ်။

မိနစ် အနည်းငယ်ကြာမှ အတန်းတစ်တန်းလုံး ပြန်ငြိမ်သက်သွားတယ်။ ပါမောက္ခ ထရီလောနီဟာ နိမိတ်ဆိုးကိစ္စကို မေ့သွားသလိုပဲ။ သူမဟာ ဟယ်ရီနဲ့ ရွှန့်စားပွဲက ထထွက်သွားပြီး မိမိရဲ့ ဇာတဘက်ကို တင်းတင်းဆွဲလိုက်တယ်။ အသက်ရှူ ပြင်းနေတယ်။

"အိုး အိုး အိုး -------" လာဗင်ဒါက ရုတ်တရက် ပြောတယ်။ အားလုံး လန့်သွားတယ်။ "အိုး အိုး အိုး ----- ပါမောက္ခ ထရီလောနီ။ ကျွန်မ ခုတင်ပဲ သတိရတယ်။ သင် အစောကြီးကတည်းက သူမ ထွက်ခွာမယ်ဆိုတာ မြင်ထားပြီ၊ မဟုတ်ဘူးလား၊ ပါမောက္ခ။ 'အီစတာပွဲတော်တဝိုက်မှာ ကိုယ်တို့ထဲက တစ်ယောက် ထာဝရ ခွဲခွာသွားလိမ့်မယ်' လို့ သင် အစောကြီးကတည်းက ပြောခဲ့တာပဲ၊ ပါမောက္ခ"

ပါမောက္ခ ထရီလောနီဟာ သူမကို လတ်ဆတ်တဲ့ အပြုံး ဖော်ပြလိုက်တယ်။

"မှန်တယ်၊ ကိုယ့်အချစ်လေး။ မစ်ဂရန်ဂျာ ကိုယ်တို့ကို ခွဲခွာသွားမယ်ဆိုတာ ကိုယ်အစောကြီးကတည်းက သိတယ်။ သို့ပေမယ့်၊ လူတို့ဟာ အနာဂတ်နိမိတ်ကို လွဲမှားစွာ မြင်ချင်ကြတယ် .........နတ်မျက်စိကို ဝန်ပိစေတယ်။ သိရဲ့လား........."

ဒီစကားတွေဟာ လာဗင်ဒါနဲ့ ပါဗာထီတို့ကို နက်ရှိုင်းစွာ စွဲမှတ်မိစေတယ်။ သူမတို့ဟာ ကိုယ်ကိုရွှေ့စေပြီး ပါမောက္ခ ထရီလောနီ သူမတို့ စားပွဲကို လာနိုင်အောင် လမ်းဖွင့်ပေးတယ်။

"ဟာမီး တစ်နေ့နေ့မှာ ခွဲခွာသွားမယ်။ ဟင်" ရွန်က ဟယ်ရီကို တိုးတိုး ပြောတယ်။ ကြောက်ပုံ ပေါ်နေတယ်။

"မှန်တယ် ………"

ဟယ်ရီက ခရစ်ဆယ်ဘောလုံးကို ကြည့်တယ်။ ဒါပေမယ့် လည်နေတဲ့ နှင်းဖြူဖြူကလွဲပြီး ဘာမှ မမြင်ရဘူး။ ပါမောက္ခ ထရီလောနီ တကယ်ပဲ နိမိတ်ဆိုးကို မြင်ရသလား။ သူ မလိုချင်ဆုံးကတော့ သေစေနိုင်တဲ့ ရောင်တခင် အရေးကိစ္စနဲ့ နီးကပ်လာခြင်းပဲ။

အီစတာပွဲတော် ကျောင်းပိတ်ရက်ဟာ လူကို တကယ် ပေါ့ပါးခွင့်မရစေဘူး။ တတိယတန်း ကျောင်းသားတွေရဲ့ အိမ်စာဟာ တစ်ခါမှ ဒီလောက်မများခဲ့ဘူး။ နီဗီး–လွန်ဘော့တမ်ဟာ အာရုံမခံနိုင်တော့သလို ဖြစ်နေတယ်။ ဒါ့အပြင် သူတစ်ယောက်တည်း ဒီလိုဖြစ်တာ မဟုတ်ဘူး။

"ဒါကို ကျောင်းပိတ်ရက်လို့ ခေါ်တယ်တဲ့" တစ်ညနေမှာ စီးမတ်စ်–ဖင်နစ်ဂင်ဟာ အများနားနေခန်းမှာ အော်တယ်။ "စာမေးပွဲက အဝေးကြီး လိုသေးတယ်။ သူတို့ ဘာတွေများ လုပ်နေတာလဲ"

ဒါပေမယ့် ဘယ်သူကမှ ဟာမီးလောက် အလုပ်မများဘူး။ ဗေဒင် အတန်းမတတ်တော့ပေမယ့်၊ သူ တက်ရတဲ့ ဘာသာတွေက သူများထက် များတယ်။ ညဆိုရင် သူမဟာ အများနားနေခန်းက နောက်ဆုံး ထွက်ခွာတဲ့သူပဲ။ နောက်နေ့မနက်ဆိုရင် သူမဟာ စာကြည့်တိုက်ကို ပထမဦးဆုံး ရောက်တယ်။ သူမဟာ လူပင်လိုပဲ မျက်စိအောက်မှာ အမည်းကွက်ရှိနေပြီ။ ပြီးတော့ သူမဟာ အချိန်မရွေး မျက်ရည်ကျတော့မလိုပဲ။

ရွန်ဟာ ဘတ်ခ်ဘိခ်နဲ့ ပတ်သက်တဲ့အမှု ကိစ္စကို လွှဲယူလိုက်တယ်။ သူ အိမ်စာမလုပ်တဲ့အခါမှာ ဖိုင်ထူထူကြီးတွေကို စိတ်ဝင်တစား ဖတ်ရှုနေတယ်။ အဲဒီဖိုင်တွေရဲ့ ခေါင်းစီးကတော့ "ဟစ်ပိုဂရစ်ဖ် လက်စွဲ"၊ "အိမ်မွေး ကြက်ဘဲလား၊ ဆိုးဝါးတဲ့ တိရစ္ဆာန်လား"၊ "ဟစ်ပိုဂရစ်ဖ်ရဲ့ အရိုင်းစိတ် သုတေသန" စသည်တို့ ဖြစ်တယ်။

တစ်ချိန်တည်းမှာ ဟယ်ရီဟာ နေ့စဉ် ခွေဒစ်လေ့ကျင့်ပြီးတာနဲ့ အချိန်လုပြီး အိမ်စာလုပ်ရတယ်။ ဝုဒ်နဲ့ မဆုံးနိုင်အောင် ခွေဒစ်ကစားနည်းနာ ဆွေးနွေးရတာ ထည့်မပြောရသေးဘူး။ ဂရစ်ဖင်းဒေါ ––– – စလေးသရင်း ပြိုင်ပွဲကို အီစတာပွဲတော်ပြီးနောက် ပထမအပတ်ရဲ့ စနေနေ့မှာ ကျင်းပမယ်။ စလေးသရင်းဟာ ခုချိန်ထိ အမှတ်နှစ်ရာတိတိ သာနေတယ်။ ဒါက ဘာကို ဖော်ပြသလဲဆိုတော့၊ သူတို့ ဒိုင်းဆုရဖို့ဆိုရင် ဒီထက်ပိုပြီး အမှတ်များများရမှ (ဝုဒ်က သူ့ဘောသမားတွေကို တစ်လျှောက်လုံး သတိပေးနေတယ်။) ဖြစ်မယ်။ တစ်နည်းအားဖြင့်၊ အမှတ်ရဖို့ တာဝန်ဟာ ဟယ်ရီ့ပေါ် ကျလာတယ်။ ရွှေဘောလုံးပျံလေး ဖမ်းမိရင် အမှတ် ၁၅၀ ရမှာမို့ပဲ။

"ဒါကြောင့် မင်းဟာ ငါတို့ အမှတ်–၅၀ထက် ပိုတဲ့အမှတ် ရတော့မှ ၎င်းကိုဖမ်း" ဝုဒ်က ဟယ်ရီ့ကို မပြတ်ပြောနေတယ်။ "ငါတို့ အမှတ် ငါးဆယ်အထက် သူတို့ထက်သာမှ ဖမ်း၊ ဟယ်ရီ။ နို့မို့ရင် တို့ ပြိုင်ပွဲမှာ နိုင်ပေမယ့် ဒိုင်းမရနိုင်ဘူး။ မင်း ဒါကို ရအောင်လုပ်၊ ဟုတ်လား။ ငါတို့မှာ အမှတ်ငါးဆယ်ကျော် ရရင်၊ မင်း ဖမ်းရ––"

"ကျွန်တော် သိပြီ၊ အော်လီဗာ" ဟယ်ရီက တအား အော်တယ်။

ဂရစ်ဖင်းဒေါဟောက်စ်ကျောင်း တစ်ကျောင်းလုံးဟာ လာမယ့်ပြိုင်ပွဲအတွက် ရူးနေကြတယ်။ ဒဏ္ဍာရီဆန်တဲ့ ချာလီ–ဝယ်စလီ (ရွန်ရဲ့ ဒုတိယအစ်ကို)ဟာ ရှာဖမ်းသမား လုပ်ခဲ့ဖူးတယ်။ သူ့နောက်ပိုင်းမှာ ဂရစ်ဖင်းဒေါဟောက်စ်ဟာ ဒိုင်းဆုမရသေးဘူး။ ဒါပေမယ့်၊ သူတို့ထဲမှာ ဝုဒ်အပါအဝင် သူ့လောက်နိုင်ချင်တဲ့လူ မရှိဘူးလို့ ဟယ်ရီ ထင်တယ်။ မော်ဖိုင်ဟာ ဟော့ဂ်မော့ဒ်ရွာမှာဖြစ်ပွားတဲ့ ရွှံ့ပေါက်ခံရတဲ့ ကိစ္စကို မကျေသေးဘူး။ ဟယ်ရီ အပြစ်ပေးမခံရဘဲ လွတ်သွားတာကိုလည်း ပိုပြီး ဒေါသထွက်နေတယ်။ ဟယ်ရီကတော့ သူတို့ ရေဗင်ခလောနဲ့ ပြိုင်ပွဲထဲမှာ မော်ဖိုင်က သူ့ကို တမင် လာဖျက်ဆီးတဲ့ကိစ္စကို မမေ့သေးဘူး။ ဒါပေမယ့် ဘိတ်ခ်ဘိခ်ကိစ္စက သူ့ကို ပိုပြီး မော်ဖိုင်ကို တစ်ကျောင်းလုံး ရှေ့မှာ အနိုင်တိုက်ပစ်ဖို့ စိတ်ဆုံးဖြတ်ချက် ချစေတယ်။

လူအားလုံးဟာ ဘယ်ပြိုင်ပွဲမှ ဒီတစ်ကြိမ် ပြိုင်ပွဲနီးလာချိန်လောက် ယမ်းငွေ့ မများခဲ့ဘူးလို့ မှတ်မိနေတယ်။ အီစတာကျောင်းပိတ်ရက် လွန်သွားပြီးနောက် အသင်းနှစ်သင်းနဲ့ ဟောက်စ်ကျောင်း နှစ်ကျောင်း အကြား လေထုဟာ ထိတာနဲ့ ပေါက်ကွဲတော့မယ့် အခြေအနေ ရောက်နေပြီ။ စင်္ကြံထဲမှာ အချင်းဖြစ်ပွားမှုလေးတွေ ဖြစ်တယ်။ နောက်တော့ အခြေအနေ ဆိုးလာတယ်။ ဂရစ်ဖင်းဒေါ စတုတ္ထနှစ်ကျောင်းသား တစ်ယောက်နဲ့ စလေးသရင်း ဆဋ္ဌမတန်းကျောင်းသား တစ်ယောက် ကျောင်းဆေးရုံ ရောက်သွားတယ်။ ၎င်းတို့ နားရွက်ထဲကနေ အပြင်ကို တရုတ်ကြက်သွန်မိတ်တွေ ထွက်နေတယ်။

ဟယ်ရီ့အဖို့ နေရတာ ပိုခက်တယ်။ သူ ကျောင်းတက်သွားတိုင်း စလေးသရင်းက လူတွေဟာ သူလိမ့်ကျအောင် ခြေထိုးပေးကြတယ်။ ခရပ်နဲ့ ဂိုးဟာ ဟယ်ရီ ဘယ်သွားသွား လိုက်နေတယ်။ ဟယ်ရီဘေးမှာ လူတွေဝိုင်းနေတာတွေ့ရင် စိတ်ပျက်လက်ပျက်နဲ့ ထွက်သွားကြတယ်။ ဝုဒ်က အမိန့်ညွှန်ကြားချက် ချထားတယ်။ ဟယ်ရီ ဘယ်သွားသွား ဘေးမှာ လူပါရမယ်။ စလေးသရင်းတွေ ဟယ်ရီ ဝင်မပြိုင်နိုင်အောင် လုပ်မှာစိုးလို့။ ဂရစ်ဖင်းဒေါဟောက်စ် တစ်ခုလုံး စိမ်ခေါ်မှုကို လိုက်လှဲစွာ တုံ့ပြန်တယ်။ ဒါကြောင့် ဟယ်ရီ ကျောင်းအမြဲ နောက်ကျတယ်။ အကြောင်းက သူ့နားမှာ စကားစမြည် ပြောတဲ့လူတစ်ပုံကြီး အမြဲရှိနေလို့။ ဟယ်ရီဟာ မီးသတ္တိရဲ့ လုံခြုံရေးကို မိမိထက် ပိုအလေးထားတယ်။ သူ မီးသတ္တိကို မသုံးတဲ့အခါမှာ ၎င်းကို သေတ္တာထဲ သေချာ သော့ခတ်ထားတယ်။ ကျောင်းဆင်းချိန် အနားရတာနဲ့ ချက်ချင်း အိပ်ခန်းပြန်ပြီး ရှိသေးလားဆိုတာ စစ်ကြည့်တယ်။

ပြိုင်ပွဲရှေ့နေ့မှာ ဂရစ်ဖင်းဒေါ အများနားနေခန်းရဲ့ နေ့စဉ်လှုပ်ရှားမှု အားလုံး ရပ်ဆိုင်းသွားတယ်။ ဟာမီးတောင် စာအုပ်ကို ချထားပြီ။

"ငါ စာဖတ်လို့ မရဘူး၊ အာရုံစုစည်းလို့ မရဘူး" သူမဟာ စိတ်လှုပ်ရှားစွာ ပြောတယ်။

သိပ်ဆူတာပဲ။ ဖရက်နဲ့ ဂျော့ စကားပြောတဲ့အသံဟာ ခါတိုင်းထက် ဆူတယ်။ ခါတိုင်းထက် ချဲ့ကားတယ်။ ဒီနည်းနဲ့ ဖိအားလျော့စေတယ်။ အော်လီဗာ–ဝုဒ်ဟာ ထောင့်ကပ်ပြီး ဆောင့်ကြောင့်ထိုင်ကာ ခွေဒစ်ကွင်း နမူနာရှေ့မှာ မှော်ကြိမ်လုံးနဲ့ ကွင်းထဲက လူကလေးတွေကို တက်ဖို့ ဆုတ်ဖို့ ညွှန်ကြားနေတယ်။ အင်ဂလီယာ၊ အလစ်စီယာနဲ့ ခက်ထီတို့ဟာ ဂျော့ပြောတဲ့ ဟာသကြောင့် တအား ရယ်နေတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အတူတကွ ထိုင်နေကြတယ်။ ဒါပေမယ့် သူက သူတို့ ပြောတဲ့အကြောင်းကို ရှောင်တယ်။ မနက်ဖြန် ပြိုင်ပွဲအကြောင်း မတွေးမိဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဟယ်ရီ ဒီလိုလုပ်တိုင်း၊ ကြောက်စရာ ခံစားချက်တစ်မျိုး ပေါ်လာတယ်။ အရာကြီးကြီးတစ်ခု အစာအိမ်ထဲက ရုန်းထွက်လာတော့မလို ခံစားရတယ်။

"နင် ကောင်းကောင်း ကစားနိုင်မှာပါ" ဟာမီးက သူ့ကို ပြောတယ်။ ဒါပေမယ့် သူမဟာလည်း အလွန် စိတ်လှုပ်ရှားနေတယ်။

"မင်းမှာ မီးသတ္တိ ရှိတာပဲ" ရွန်က ပြောတယ်။

"ဟုတ်တယ်.........." ဟယ်ရီက ပြောတယ်။ အစာအိမ်က ကြွက်တက်နေတယ်။

ဝုဒ်က ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး အော်တယ်။ "ဘောသင်း။ အိပ်တော့" အားလုံး သက်သာရာ ရသွားသလိုပဲ။

ဟယ်ရီ ကောင်းကောင်း မအိပ်နိုင်ဘူး။ စ စချင်း မိမိအိပ်တာ အချိန်လွန်သွားတယ်လို့ အိပ်မက်မက်တယ်။ ဝုဒ်က တအား အော်နေတယ်။ "မင်း ဘယ်သွားနေတာလဲ။ ငါတို့ နီဗီးနဲ့ အစားထိုးလိုက်ရတယ်" ဒီနောက် မော်ဖိုင်နဲ့ စလေးသရင်း တခြား ဘောသမားတွေ နဂါးစီးပြီး ပြိုင်ပွဲဝင်တာ အိပ်မက်မက်တယ်။ သူဟာ မော်ဖိုင့်နဂါးပါးစပ်ထဲက မီးတောက်ကို ရှောင်ဖို့ အသေအလဲ ထွက်ပြေးတယ်။ မိမိရဲ့ မီးသတ္တဲကို မေ့ကျန်ရစ်တယ်လို့ သတိရပြီး မိုးပေါ်ကနေ ပြုတ်ကျလာတယ်။ သူ နိုးသွားတယ်။

စက္ကန့် အနည်းငယ်ကြာမှ၊ ပြိုင်ပွဲ မစရသေးဘူး၊ မိမိလည်း ကုတင်ပေါ် ကောင်းကောင်း အိပ်နေတုန်းပဲ ဆိုတာ သိရတယ်။ လူတွေဟာ စလေးသရင်း အသင်းကို နဂါးစီးပြီး ပြိုင်ပွဲဝင်ခံမှာ မဟုတ်ဘူး။ သူဟာ တတ်နိုင်သလောက် တိတ်တိတ်လေး ကုတင်ပေါ်က ဆင်းတယ်။ ပြတင်းအောက်ရှိ ငွေအိုးထဲက ရေငှဲ့သောက်တယ်။

ကွင်းထဲမှာ လူတစ်ယောက်မှ မရှိဘူး။ တားမြစ်သစ်တောက သစ်ပင်ထိပ်ဖျား လေတိုက်လို့ လှုပ်တာတောင် မရှိဘူး။ လရိုက် မိုးမခလည်း မလှုပ်ဘူး။ သနားစရာနဲ့ တူနေတယ်။ ပြိုင်ပွဲအတွက် အခြေအနေကတော့ လုံးဝ အဆင်ပြေသလိုပဲ။

ဟယ်ရီက ရေခွက်ကို ချလိုက်တယ်။ ကုတင်ပေါ် ပြန်တက်မယ် လုပ်တုန်းမှာ တစ်ခုခုက သူ့ကို သတိပြုမိစေတယ်။ အကောင်တစ်ကောင် ငွေရောင်မြက်ခင်းပေါ်မှာ သွားလာနေတယ်။

ဟယ်ရီဟာ ကုတင်ဘေး ဗီရိုပုဆီ ပြေးသွားပြီး မျက်မှန်ကို ကောက်ယူ တပ်လိုက်တယ်။ တစ်ခါ ပြတင်းရှေ့ ပြေးသွားတယ်။ နိမိတ်ဆိုး မဖြစ်နိုင်ဘူး.....အခု မဖြစ်ပါစေနဲ့ ...... ပြိုင်ပွဲစခါနီးမှာ မဖြစ်ပါစေနဲ့ ...

သူဟာ ပြတင်းအပြင်က အားကစားကွင်းဆီ ကြည့်တယ်။ ပျာယီးပျာယာ တစ်မိနစ်လောက် ရှာဖွေတယ်။ တွေ့ပြီ။ အခု ၎င်းဟာ တာမြစ်သစ်တောဘေးမှာ ငုပ်လျှိုးသွားနေတယ် .........ဟို နိမိတ်ဆိုး လုံးဝ မဟုတ်ဘူး .............. ကြောင်တစ်ကောင် ....... ဟယ်ရီက ပြတင်းကို ဆုပ်ကိုင်ပြီး သက်သာရာ ရသွားတယ်။ သူ ပုလင်းဆေးတံနဲ့ တူတဲ့ အမြီးကို မှတ်မိတယ်။ အဲဒါ ခရွတ်ရှန်မျှသာ ဖြစ်တယ် .........

ခရွတ်ရှန် တင်ပဲလား။ ဟယ်ရီက မျက်စိမှေးပြီး ကြည့်တယ်။ နှာခေါင်းက ပြတင်းမှန်ပေါ် ဖိကပ်ထားတယ်။ ခရွတ်ရှန်ဟာ ရပ်နေသလိုပဲ။ ၎င်း သစ်ရိပ်ထဲမှာ တစ်ခုခု တွေ့တယ်လို့ ဟယ်ရီ ပြောနိုင်တယ်။

ခဏနေတော့၊ ၎င်း ထွက်ပေါ်လာပြီ။ ဧရာမ ခွေးနက်ကြီး၊ မြက်ခင်းပေါ်မှာ တိတ်တိတ်လေး သွားနေတယ်။ ခရွတ်ရှန်ဟာ ၎င်းဘေးက အပြေးလေး လိုက်နေတယ်။ ဟယ်ရီ မျက်လုံးကြီး ပြူးထားတယ်။ ဒါ ဘာအဓိပ္ပာယ်လဲ။ တကယ်လို့ ခရွတ်ရှန်လည်း ဟိုခွေးကို မြင်နိုင်တယ်ဆိုရင် ဟယ်ရီ သေခြင်းရဲ့ နိမိတ်ဆိုး ဘယ်ဖြစ်နိုင်တော့မလဲ။

"ရွန်" ဟယ်ရီက တိုးတိုး ခေါ်တယ်။ "ရွန်၊ ထဦး"

"ဟင်"

"ကူပါဦး၊ လာပြောစမ်းပါ။ မင်းကော ဘာမြင်ရသလဲဆိုတာ"

"အပြင်မှာ မှောင်နေတာပဲ၊ ဟယ်ရီ" ရွန်က မရှင်းမလင်း ရေရွတ်တယ်။ "မင်း ဘာလုပ်နေလဲ"

"ဒီကိုလာ ------"

ဟယ်ရီက ပြတင်းအပြင်ဘက်ကို အမြန် လှည့်ကြည့်တယ်။

ခရွတ်ရှန်နဲ့ ခွေး အားလုံး မတွေ့ရတော့ဘူး။ ဟယ်ရီဟာ ပြတင်းခုံပေါ် တက်ပြီး ရဲတိုက်ရဲ့ အရိပ်ထိ ကြည့်တယ်။ ဒါပေမယ့် ၎င်းတို့ အဲဒီမှာ မရှိဘူး။ ၎င်းတို့ ဘယ်ရောက်ကုန်လဲ။

ဟောက်သံက ဟယ်ရီ့ကို ရွန်ပြန်အိပ်သွားပြီဆိုတာ ပြောပြတယ်။

နောက်နေ့၊ ဟယ်ရီနဲ့ ဂရစ်ဖင်းဒေါ်အသင်း တခြားဘောသမားတွေ ခန်းမကြီးထဲ ဝင်လာတဲ့အခါမှာ၊ လိုက်လှဲတဲ့ လက်ခုပ်သံတွေ ခန်းမကြီးကို လွှမ်းသွားတယ်။ ရေဗင်ခလောနဲ့ ဟာ့ဖ်ဖတ်စားပွဲက လူတွေလည်း သူတို့ကို လက်ခုပ် သြဘာပေးနေတာ တွေ့လို့ ဝမ်းသာစွာ ရယ်မိတယ်။ သူတို့ စလေးသရင်းဟောက်စ်ကျောင်းစားပွဲကို ဖြတ်သွားတော့ စားပွဲက လူတွေ ဝိုင်းရှူးကြတယ်။ မော်ဖိုင်မျက်နှာအရောင်ဟာ ခါတိုင်းထက် ဖြူနေတာ ဟယ်ရီ သတိပြုမိတယ်။

ဝုဒ်ဟာ နံနက်စောစောစာ စားတဲ့အချိန်မှာ အားလုံးကို များများစားဖို့ လှုံ့ဆော်တယ်။ မိမိကတော့ တစ်လုတ်မှ မစားဘူး။ ဒီနောက် ကျန်လူတွေ စားမပြီးသေးတဲ့ အခြေအနေမှာ ဘောသမားတွေကို ကွင်းထဲ မောင်းခေါ်သွားတယ်။ သူတို့ကို ကွင်းအကြောင်း သိအောင်လုပ်တယ်။ အသင်းသားတွေ ခန်းမကြီးထဲက ထွက်တော့ အားလုံး လက်ခုပ်တီး သြဘာပေးပြန်တယ်။

"ကံကောင်းပါစေ၊ ဟယ်ရီ" ချို-ချမ်းက အော်ပြောတယ်။ ဟယ်ရီက မိမိမျက်နှာ နီသွားတယ်လို့ ခံစားရတယ်။

"ကောင်းတယ်......... လေကသိပ်မတိုက်ဘူး....... ပြောစရာမလိုဘူး ..........နေက နည်းနည်း လင်းလွန်းတယ်။ ဒါက မင်းမြင်နိုင်အားအတွက် အကျိုးရှိတယ်။ နေသိပ်ပူမှာ သတိထား...... မြေပြင်က သိပ်မာတယ်။ ကောင်းပြီ၊ ငါတို့ အလျင်အမြန် ဘောစပေးလို့ရတယ်........."

ဝုဒ်ဟာ ဘောကွင်းထဲ တစ်လှမ်းချင်း လျှောက်ရင်း ဘေးပတ်လည်ကို ကြည့်တယ်။ ဘောသင်းက သူ့နောက်က လိုက်တယ်။ နောက်ဆုံးမှာ ရဲတိုက် တံခါးမကြီး ပွင့်သွားပြီး ကျန်ကျောင်းသားတွေ မြက်ခင်းဆီ လာတာ တွေ့ရတယ်။

"အဝတ်လဲခန်း" ဝုဒ်က တိုရှင်းပဲ ပြောတယ်။

ဘောသမားတွေ ကြက်သွေးရောင် ဝတ်စုံလဲပြီးနောက်၊ ဘယ်သူမှ စကားမပြောဘူး။ ကျန်သူတွေလည်း မိမိလိုပဲ ခံစားရသလား မသိဘူး-လို့ စိတ်ထဲတွေးတယ်။ နံနက်စာမှာ သိပ်တွန့်လိမ်တဲ့အရာ စားမိလို့လား။ ဝုဒ်ကပဲ သူတို့ကို ချက်ချင်း "ကောင်းပြီ၊ အချိန်ရောက်ပြီ၊ သွားကြစို့..........."လို့ ပြောတော့မလိုလို။

သူတို့ဟာ အဝတ်လဲခန်းက ထွက်ပြီး ဘောကွင်းထဲ ရောက်လာတယ်။ ကွင်းထဲမှာ ဆူညံနေတယ်။ လူ လေးပုံသုံးပုံဟာ ကြက်သွေးရောင် နှင်းဆီပန်းတွေ ရင်မှာ ထိုးထားတယ်။ ဂရစ်ဖင်းဒေါ် ခြင်္သေ့ရုပ်ပါတဲ့

ကြက်သွေးရောင် အလံကို ယမ်းနေတယ်။ ဒါမှမဟုတ်ရင် "ဂရစ်ဖင်းဒေါ အောင်မြင်ပါစေ"နဲ့ "ခြင်္သေ့ဒိုင်းဆု ရပါစေ"စတဲ့ ဆောင်ပုဒ်တွေ ရေးထားတဲ့ အလံလေးတွေကို လှုပ်ယမ်းနေတယ်။ တစ်ဖက်မှာလည်း စလေးသရင်းအသင်းရဲ့ ဂိုးတိုင်နောက်မှာ လူနှစ်ရာလောက်ဟာ အစိမ်းရောင် ဝတ်ဆင်ထားတယ်။ စလေးသရင်း ငွေရောင်မြွေဟာ ၎င်းတို့ အလံပေါ်မှာ လက်နေတယ်။ ပါမောက္ခ စနိတ်ပ်ဟာ ရှေ့ဆုံးတန်းမှာ ထိုင်နေတယ်။ တခြားလူတွေလိုပဲ အစိမ်းရောင် ဝတ်ထားတယ်။ မျက်နှာပေါ်မှာ ခက်ထန်တဲ့ အပြုံးနဲ့။

"ဂရစ်ဖင်းဒေါ အသင်း ဝင်လာပြီ" လီ-ဂျော်ဒန်က တအား အော်တယ်။ သူဟာ ခါတိုင်းလိုပဲ ကြေညာသူ လုပ်တယ်။ "ပေါ်တာ၊ ဘဲ၊ ဂျွန်ဆင်၊ စပင်းနက်၊ ဝယ်စလီ၊ ဝယ်စလီနဲ့ ဝုဒ်။ ဒါဟာ နှစ်ပေါင်းများစွာ အတွင်း ဟော့ဂ်ဝပ်ရဲ့ အကောင်းဆုံး ဘောသင်းလို့ အသိအမှတ် ပြုကြတယ် -------"

လီရဲ့ ပြောကြားချက်ဟာ စလေးသရင်းတွေဆီက လာတဲ့ ရှူးသံထဲမှာ နစ်မြုပ်သွားတယ်။

"စလေးသရင်းအသင်း ဝင်လာပါပြီ။ အသင်းခေါင်းဆောင် ဖလင့် ဦးဆောင်လာတယ်။ သူဟာ အသင်းနေရာ ချထားပုံကို နည်းနည်း ပြောင်းထားတယ်။ အတတ်ပညာနဲ့ မဟုတ်ဘဲ ကိုယ်ခန္ဓာ အရွယ်အစားနဲ့ အနိုင်ယူမယ့်ပုံပဲ --"

စလေးသရင်းတို့ဆီက ရှူးသံ ပိုကျယ်လာတယ်။ သို့ပေမယ့် ဟယ်ရီကတော့ လီပြောတာ အကျိုးအကြောင်း ရှိတယ်လို့ ထင်တယ်။ မော်ဖိုင်ဟာ စလေးသရင်း အသင်းမှာ အရပ်အနိမ့်ဆုံးလို့ ပြောရမယ်။ ကျန်ဘောသမားတွေဟာ အားလုံး ထွားထွားကျိုင်းကျိုင်းကြီးတွေ။

"အသင်းခေါင်းဆောင်တွေ လက်ဆွဲနှုတ်ဆက်" မဒမ်ဟူးချ်က ပြောတယ်။

ဖလင့်နဲ့ ဝုဒ် မျက်နှာချင်းဆိုင် လျှောက်လာတယ်။ အပြန်အလှန် အားနဲ့ လက်ဆွဲ နှုတ်ဆက်တယ်။ အပြန်အလှန် လက်ကို ကျိုးအောင် ညှစ်နေသလိုပဲ။

"မိုးပျံ တံမြက်စည်းပေါ်တက်" မဒမ်ဟူးချ်က ပြောတယ်။ "သုံး ---- နှစ် ------- တစ် --------"

တံမြက်စည်း ဆယ့်လေးစင်း ပျံတက်သွားတယ်။ ဟူးချ်ရဲ့ ဝီစီသံဟာ လူအုပ်ရဲ့ အော်သံထဲ နစ်မြုပ်သွားတယ်။ ဟယ်ရီဟာ မိမိဆံပင် နဖူးဆီကနေ နောက်စေ့ထိ လွင့်သွားတယ်လို့ ခံစားရတယ်။ ပျံသန်းတဲ့ ပျော်ရွှင်မှုခံစားချက် ရလာတဲ့အတွက် စိတ်ပူပင်မှု ပျောက်သွားတယ်။ သူဟာ အရပ်လေးမျက်နှာကို ကြည့်တယ်။ မော်ဖိုင် တံမြက်စည်းစီးပြီး ရွှေဘောလုံးပျံလေးကို မြန်မြန် လိုက်ရှာနေတာ သူ တွေ့ရတယ်။

"အခု၊ ခွပ်ဖော် ဂရစ်ဖင်းဒေါ ဘက်မှာ။ ဂရစ်ဖင်းဒေါ အသင်းက အလစ်စီယာ-စပင်းနက်ဟာ ဘောယူပြီး စလေးသရင်း ဂိုးတိုင်ဆီ တိုးဝင်သွားတယ်။ မဆိုးဘူး၊ အလစ်စီယာ။ အား၊ ဟင့်အင်း --- ခွပ်ဖော်ကို ဝါရင်တန်က ဖြတ်ယူသွားတယ်။ စလေးသရင်းက ဝါရင်တန်ဟာ ကွင်းထဲမှာ အလျင်အမြန် ရှေ့သို့ သွားနေတယ် ----ဝိုး။ လှပတဲ့ ဘလဒ်ဂါ တစ်ချက်။ အဲဒါ ဂျော့-ဝယ်စလီ ပစ်တာ။ ဝါရင်တန် ခွပ်ဖော် လွတ်သွားတယ်။ ဂျွန်ဆင်--- ရသွားတယ်။ ခွပ်ဖော်ဟာ ဂရစ်ဖင်းဒေါဘက်မှာ ရောက်နေပြီ။ မြန်မြန်၊ အင်ဂလီယာ --- ဟာ မွန်ထပ် ဘေးက လှပစွာ ကွေ့လိုက်ပြီး---- အောက်သို့ ထိုးဆင်းတယ်။ အင်ဂလီယာ၊ ဒါဘလဒ်ဂါ။ ---- သူမ အမှတ်ရပြီ။ တစ်ဆယ်နဲ့ သုည။ ဂရစ်ဖင်းဒေါ ရှေ့ရောက်နေတယ်"

အင်ဂလီယာဟာ ဘောကွင်းတစ်ဖက်စွန်းမှာ ပတ်ပျံနေတယ်။ လက်သီးဆုပ်ပြီး ယမ်းပြနေတယ်။ အောက်က ကြက်သွေးရောင် ပင်လယ်ဟာ ဝမ်းသာလို့ အော်ဟစ်နေတယ်။

"အမလေး"

မာခူးစ်–ဖလင့်ဟာ အင်ဂလီယာဆီ ထိုးဝင်လာတယ်။ အင်ဂလီယာ ပြုတ်ကျဖို့ နည်းနည်းလိုတယ်။

"ဝမ်းနည်းပါတယ်" ဖလင့်က ပြောတယ်။ အောက်က လူအုပ်ဆီက ရှူးသံတွေ ထွက်လာတယ်။ "ဝမ်းနည်းပါတယ်၊ သူမကို မမြင်ဘူးလား"

ခဏနေတော့၊ ဖရက်–ဝယ်စလီဟာ မိမိဘောရိုက်တံနဲ့ ဖလင့် နောက်စေ့ကို အသာ ရိုက်လိုက်တယ်။ ဖလင့်နှာခေါင်း တံမြက်စည်းနဲ့ ဆောင့်မိပြီး သွေးစထွက်လာတယ်။

"တော်တော့" မဒမ်ဟူးချ်က အော်တယ်။ မတ်မတ်ကြီး သူတို့ ကြားတက်လာတယ်။ "ဂရစ်ဖင်းဒေါ အသင်းသား အကြောင်းမဲ့ ဘောလိုက်သမားကို တိုက်ခိုက်လို့ ဖောင်းပေးရမယ်။ စလေးသရင်းအသင်းက ဘောလိုက်သမားကို တမင် တိုက်တဲ့အတွက် ဖောင်းပေးရမယ်"

"မလုပ်ပါနဲ့၊ မဒမ်" ဖရက်က အော်တယ်။ ဒါပေမယ့် မဒမ်ဟူးချ် ဝီစီမှုတ်လိုက်ပြီ။ အလစ်စီယာ ရှေ့ဘက်ပျံသန်းသွားပြီး ဖောင်းဘောသွင်းဖို့ လုပ်တယ်။

"ကောင်းကောင်းလုပ်၊ အလစ်စီယာ" လီက လူအုပ်ငြိမ်နေတဲ့ ခဏမှာ အော်တယ်။ "ဟုတ်တယ်။ သူမ ဂိုးစောင့်ကို ကျော်သွားပြီ။ နှစ်ဆယ်နဲ့ သုည၊ ဂရစ်ဖင်းဒေါ အသင်း ရှေ့က ပြေးနေတယ်"

ဟယ်ရီဟာ မီးသတ္တိကို ဇတ်ခနဲ လှည့်လိုက်တယ်။ နှာခေါင်း သွေးထွက်နေတဲ့ ဖလင့် လေးသရင်းအတွက် ဖောင်းဘောသွင်းဖို့ ရှေ့ဘက်ကို ပျံလာတာ မြင်ရတယ်။ ဝုဒ်ဟာ ဂရစ်ဖင်းဒေါ ဂိုးတိုင်ရှေ့မှာ ဝဲနေတယ်၊ အံ့ကြိတ်ထားတယ်။

"ဝုဒ်ဟာ သိပ်တော်တဲ့ ဂိုးစောင့်ဆိုတာ အမှန်ပဲ" လီ–ဂျော်ဒန်က လူအုပ်ကို ပြောပြတယ်။ ဒီအချိန်မှာ ဖလင့်ဟာ မဒမ်ဟူးချ် ဝီစီမှုတ်မှာကို စောင့်နေတယ်။ "သိပ်တော်တာပဲ။ ဖြတ်ကျော်ဖို့ ခက်တယ် –––မှန်တယ်။ မယုံနိုင်စရာပဲ။ သူက ခွပ်ဖော်ကို ဖမ်းထားနိုင်ပြီ"

ဟယ်ရီ သက်သာရာ ရသွားတယ်။ အထက်သို့ တက်သွားပြီး ရွှေဘောလုံးပျံလေးကို လိုက်ရှာတယ်။ ဒါပေမယ့် လီ–ဂျော်ဒန် ကြေညာတဲ့ စကားအားလုံးကို ဂရုစိုက် နားထောင်တယ်။ သူ မော်ဖိုင် ရွှေဘောလုံးပျံလေးနား မကပ်နိုင်အောင် လုပ်ရမယ်။ ဂရစ်ဖင်းဒေါအသင်း အမှတ် ၅၀–ကျော် အသာရမှ .....

"ခွပ်ဖော် ဂရစ်ဖင်းဒေါ အသင်းဘက်မှာ၊ ဟင့်အင်း၊ စလေးသရင်း ဘက်မှာ ––– မဟုတ်ဘူး ––– ဘောလုံးဟာ ဂရစ်ဖင်းဒေါ အသင်းဘက် ရောက်သွားပြန်ပြီ။ အဲဒါ ခက်ထီ–ဘဲ၊ ဂရစ်ဖင်းဒေါက ခက်ထီ–ဘဲ ခွပ်ဖော် ရသွားတယ်။ သူမဟာ ကွင်းထဲမှာ တအားပြေးနေတယ် ––– အဲဒါ တမင်လုပ်တာ"

စလေးသရင်းက ဘောလိုက်သမား မွန်ထပ်ဟာ ခက်ထီရှေ့ ရောက်လာတယ်။ ခွပ်ဖော်ကို သွားမဖမ်းဘဲ ခက်ထီရဲ့ ခေါင်းကို သွားဖမ်းတယ်။ ခက်ထီဟာ မိုးပေါ်မှာ တအား ကျွမ်းထိုးနေတယ်။ တံမြက်စည်းပေါ်မှာ ခိုင်ခိုင်ပဲ စီးထားတုန်းပဲ။ ဒါပေမယ့် ဘောလုံး ပြုတ်ကျသွားတယ်။

မဒမ်ဟူးချ်ရဲ့ ဝီစီသံ ပေါ်ထွက်လာပြန်တယ်။ သူမက မွန်ထပ်ဆီ တက်လာတယ်။ သူ့ကို အော်ဟစ်နေတယ်။ တစ်မိနစ်ကြာတော့ ခက်ထီဟာ စလေးသရင်း ဂိုးစောင့်ကိုကျော်ပြီး ဖောင်းဘော ဝင်သွားတယ်။

"သုံးဆယ်နဲ့ သုည။ ခံဦးဟဲ့၊ မင်းတို့လို ညစ်ပတ်တဲ့၊ လူလိမ် ----"

"ဂျော်ဒန်၊ မင်း တရားမျှတစွာ မကြေညာနိုင်ဘူးဆိုရင် ---"

"ကျွန်တော် တရားမျှတစွာ ကြေညာနေတာပဲ၊ ပါမောက္ခ"

ဟယ်ရီဟာ သိပ်ဝမ်းသာသွားတယ်။ သူ ရွှေဘောလုံးပျံလေးကို တွေ့ပြီ ---- ၎င်းဟာ ဂရစ်ဖင်းဒေါဘက်က ဂိုးတိုင်တစ်တိုင်နားမှာ လက်နေတယ် ---- ဒါပေမယ့် သူအခု သွားဖမ်းလို့ မရသေးဘူး။ တကယ်လို့ မော်ဖိုင် မြင်သွားရင် ........

ဟယ်ရီဟာ ရုတ်တရက် အာရုံ စုစည်းတဲ့ ပုံဖမ်းပြီး မီးသတ္တိကို စလေးသရင်းဘက်သို့ လှည့်ပြီး အလျင်အမြန် ပျံသန်းသွားတယ်။ ဒီအကြံ အောင်မြင်သွားတယ်။ မော်ဖိုင်က သူ့နောက်ကို ကပ်လိုက်လာတယ်။ ဟယ်ရီ ရွှေဘောလုံးပျံလေး တွေ့တယ် ထင်နေတယ်။

ဟူး။ ဘလဒ်ဂါတစ်လုံး ဟယ်ရီ့နားရွက်ဘေးက လုစ်ခနဲ ဖြတ်သွားတယ်။ စလေးသရင်းအသင်း ထွားကျိုင်းတဲ့ ဘောရိုက်သမား ဒါရစ်က ရိုက်လိုက်တာ။ ဒီနောက် ----

ဟူး။

နောက် ဘလဒ်ဂါတစ်လုံး ဟယ်ရီ့ တံတောင်ဆစ်နဲ့ ပွတ်သွားတယ်။ တခြားဘောရိုက်သမား ဘိုး အနားရောက်လာတယ်။

ဟယ်ရီဟာ လှစ်ခနဲ ကြည့်လိုက်တာနဲ့ ဒါရစ်နဲ့ ဘိုးတို့ သူရှိရာသို့ မြင့်တက်လာနေတာ တွေ့ရတယ်။ နှစ်ယောက်စလုံး တုတ်ကို မြှောက်ထားတယ် ....

သူဟာ နောက်ဆုံး စက္ကန့်မှာ မီးသတ္တိကို စီးပြီး အထက်သို့ တက်သွားတယ်။ ဘိုးနဲ့ ဒါရစ်ဟာ အချင်းချင်း ရက်ရက်စက်စက် ဝင်ဆောင့်ကြတယ်။

"ဟား ဟား" လီ-ဂျော်ဒန်က အော်တယ်။ ဒီအချိန်မှာ စလေးသရင်းက အဲဒီ ဘောသမားနှစ်ယောက်ဟာ ကိုယ့်ခေါင်းကိုယ်ပိုက်ပြီး ခွဲခွာလိုက်ကြတယ်။ "သိပ်ဆိုးတယ်။ ကလေးတို့။ မီးသတ္တိကို အနိုင်ရချင်ရင်၊ မင်းတို့ ပိုစောစောထမှပေါ့။ အခု ခွပ်ဖော်ဟာ ဂရစ်ဖင်းဒေါဘက် ရောက်သွားပြီ။ ဂွန်ဆင် ဘောရထားတယ် ---- ဖရင့်က သူမ ဘေးမှာ --- သူ့မျက်လုံးကိုထိုး၊ အင်ဂလီယာ။ --- စတာပါ၊ ပါမောက္ခ။ ဒါ ကျီစားတာပါ --- အော၊ ဟင့်အင်း --- ဖလင့် ဘောရသွားပြီ။ ဖလင့်ဟာ ဂရစ်ဖင်းဒေါ ဂိုးတိုင်ဆီ ပျံသွားတယ်။ လာလေ၊ ဝုဒ်၊ ဘောကို ကယ်ထုတ် ----"

ဒါပေမယ့် ဖလင့် အမှတ်ရသွားတယ်။ စလေးသရင်း တွေဆီက အော်သံ၊ အားပေးသံတွေ ထွက်လာတယ်။ လီ-ဂျော်ဒန်က ထဆဲတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါဟာ ဂျော်ဒန့်လက်ထဲက မိုက်ခွက်ကို လုယူချင်တယ်။

"ဝမ်းနည်းပါတယ်၊ ပါမောက္ခ၊ ဝမ်းနည်းပါတယ်။ နောက်ထပ် ဒီလို မဖြစ်စေရပါဘူး။ ဒီလိုဆိုတော့၊ ဂရစ်ဖင်းဒေါအသင်း ရှေ့က ပြေးနေတယ်။ သုံးဆယ်နဲ့ ဆယ်မှတ်။ ဘောက ဂရစ်ဖင်းဒေါ အသင်းဘက်မှာ ...."

ဒီပြိုင်ပွဲဟာ ဟယ်ရီ ကြုံတွေ့ခဲ့ရဖူးတဲ့ အညစ်ပတ်ဆုံး ပြိုင်ပွဲတစ်ပွဲ ဖြစ်သွားတယ်။ စလေးသရင် အသင်းဟာ ဂရစ်ဖင်းဒေါ အသင်း စကတည်းက ရှေ့ ပြေးနေတာကြောင့် အရမ်း ဒေါပွနေတယ်။ ဒါကြောင့် ဘယ်နည်းနဲ့မဆို

ဘောဝင်လုကြတယ်။ ဘိုးက တုတ်နဲ့ အလစ်စီယာကို ရိုက်တယ်။ သူမကို ဘလဒ်ဂါထင်လို့–လို့ ပြောချင်သေးတယ်။ ဂျော့–ဝယ်စလီက ဘိုးမျက်နှာကို တတောင်နဲ့ တွက်ပြီး ကလဲ့စားချေတယ်။ မဒမ်ဟူးချ်က အသင်းနှစ်သင်းစလုံးကို ဖောင်းဘောပေးလိုက်တယ်။ ဝုဒ်ဟာ ဘောမဝင်အောင် နောက်ထပ် ကယ်နိုင်လိုက်တယ်။ ဒီတော့ အမှတ်က လေးဆယ်နဲ့ ဆယ်မှတ် ဖြစ်သွားတယ်။ ဂရစ်ဖင်းဒေါပဲ ရှေ့က ပြေးနေတယ်။

ရွှေဘောလုံးပျံလေး မမြင်ရပြန်ဘူး။ ဟယ်ရီဟာ အမြင့်ကို တက်သွားပြီး ရွှေဘောလုံးပျံလေးကို လိုက်ရှာတယ်။ မော်ဖိုင်ဟာ သူ့နောက်က ကပ်လိုက်နေတုန်းပဲ ......... ဂရစ်ဖင်းဒေါအသင်း အမှတ်ငါးဆယ် သာခဲ့ရင် ...

ခက်ထီ အမှတ်ရပြီ။ ငါးဆယ်–တစ်ဆယ်။ ဖရက်နဲ့ ဂျော့–ဝယ်စလီဟာ သူမနားမှာ လှည့်နေတယ်။ တုတ်ကို မြှောက်ထားတယ်။ စလေးသရင်း အသင်းက လာကလဲ့စားချေမှာကို ကာကွယ်နေတယ်။ ဘိုးနဲ့ ဒါရစ်ဟာ ဖရက်နဲ့ ဂျော့ မရှိတဲ့အခိုက်မှာ နှစ်ယောက်စလုံး တုတ်ကို ဝုဒ်ဘက် လှည့်လိုက်တယ်။ သူတို့ နှစ်ယောက်စလုံး ဝုဒ်ရဲ့ ဗိုက်ကို ရိုက်ထည့်လိုက်တယ်။ ဝုဒ်ဟာ တံမြက်စည်းကို ပိုက်ပြီး မိုးပေါ်မှာ ကျွမ်းပြန်နေတယ်။ လူလည်း ကွေးနေတယ်။

မဒမ်ဟူးချ်ဟာ စိတ်ဆိုးလို့ ပေါက်ကွဲနေပြီ။

"ခွပ်ဖော် အမှတ်ရနယ်မြေမှာရှိမှ၊ နို့မို့ရင် ဂိုးစောင့်ကို မရိုက်ရဘူး" သူမက ဘိုးနဲ့ ဒါရစ်ကို စူးစူးအော်ပြောတယ်။ "ဂရစ်ဖင်းဒေါ ဖောင်းဘောသွင်းရမယ်"

အင်ဂလီနာ အမှတ်ရပြီ။ ခြောက်ဆယ်–တစ်ဆယ်။ သိပ်မကြာဘူး။ ဖရက်–ဝယ်စလီဟာ ဘလဒ်ဂါကို ဝါရင်တန်ဆီ ရိုက်လွှတ်လိုက်တယ်။ ဝါရင်တန်လက်ထဲက ခွပ်ဖော် လွတ်ထွက်သွားတယ်။ အလစ်စီယာက ဘောကို ဖမ်းပြီး စလေးသရင်းဂိုးထဲ သွင်းလိုက်တယ်။ ခုနစ်ဆယ်–တစ်ဆယ်။

အောက်ဘက်ရှိ ဂရစ်ဖင်းဒေါပရိသတ်ဟာ အော်ရလွန်းလို့ အသံတောင် ဝင်ကုန်ပြီ ––– ဂရစ်ဖင်းဒေါ အမှတ် ၆၀ သာနေတယ်။ တကယ်လို့ ခုချိန်မှာ ဟယ်ရီ ရွှေဘောလုံးပျံလေးကို ဖမ်းမိရင်၊ ဒိုင်းကို ဂရစ်ဖင်းဒေါ ပိုင်ပြီ။ ဟယ်ရီဟာ မျက်လုံးအစုံပေါင်း ရာချီပြီး မိမိပျံသန်းနေတာကို ကြည့်နေတယ်လို့ ခံစားရတယ်။ အခု သူ ကျန်လူတွေထက် မြင့်မြင့် ပျံနေတယ်။ မော်ဖိုင်က သူ့ နောက်ကို အရှိန်မြှင့် လိုက်နေတယ်။

ဒိနောက်၊ သူဟာ ရွှေဘောလုံးပျံလေး သူ့အထက် ပေနှစ်ဆယ်–ခန့်မှာ လက်နေတာ မြင်ရတယ်။

ဟယ်ရီက အရှိန်အများကြီး မြှင့်လိုက်တယ်။ လေဟာ သူ့နားရွက်ဘေးမှာ အော်နေတယ်။ သူ လက်လှမ်းလိုက်တယ်။ ဒါပေမယ့် မီးသတ္တိဟာ ရုတ်တရက် အရှိန်လျော့သွားတယ် ....

သူ လန့်သွားတယ်။ ဘေးဘီ ကြည့်လိုက်တယ်။ မော်ဖိုင်ဟာ ကိုယ်ကို ရှေ့သို့ကိုင်းပြီး မီးသတ္တိရဲ့ အမြီးပိုင်းကို နောက်သို့ ဆွဲနေတယ်။

"မင်း ––––"

ဟယ်ရီဟာ ဒေါသထွက်လို့ မော်ဖိုင်ကို ရိုက်ချင်တယ်။ ဒါပေမယ့် မမီဘူး။ မော်ဖိုင်ဟာ မီးသတ္တိကို တအားဆွဲထားရလို့ မောဟိုက်နေတယ်။ ဒါပေမယ့် မျက်စိထဲမှာ စိတ်ယုတ်အရောင် တောက်နေတယ်။ သူ့အကြံ အောင်သွားပြီ ––– ရွှေဘောလုံးပျံလေး မတွေ့ရတော့ဘူး။

"ဖောင်း။ ဂရစ်ဖင်းဒေါ်အသင်း ဖောင်းသွင်းရမယ်။ ဒီလို နည်းဗျူဟာမျိုး တစ်ခါမှ မတွေ့ဖူးဘူး" မဒမ်ဟူးချ်ဟာ အော်ပြီး အထက်တည့်တည့် မော်ဖိုင်ဆီ ပျံတက်သွားတယ်။ မော်ဖိုင်ဟာ မိမိရဲ့ အလင်းစကြာ ၂၀၀၁ ဆီ ပြန်လျှောဆင်းလာတယ်။

"အောက်တန်းကျတဲ့ လူလိမ်" လီ–ဂျော်ဒန်က မိုက်ခွက်ဆီ ကုန်းအော်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် လက်လှမ်းမမီတဲ့ နေရာကို ခုန်ထွက်သွားတယ်။ "ယုတ်မာတဲ့၊ လူလိမ်အမျိုး ----"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဒုက္ခခံပြီး သူ့ကို တားမနေတော့ဘူး။ သူမဟာ မော်ဖိုင်ဆီလှမ်းပြီး လက်သီးပြနေတယ်။ သူမ ဦးထုပ် ပြုတ်ကျသွားပြီ။ သူမဟာလည်း ဒေါသထွက်လို့ အော်နေတယ်။

အလစ်စီယာဟာ ဂရစ်ဖင်းဒေါ်အတွက် ဖောင်းသွင်းမယ်။ ဒါပေမယ့် သူမ သိပ်ဒေါသဖြစ်နေလို့ ဘောလုံးကို ဂိုးတိုင်နဲ့ ၄–၅ပေ အကွာရောက်သွားစေတယ်။ ဂရစ်ဖင်းဒေါ်အသင်း အာရုံ ထွေပြားသွားတယ်။ စလေးသရင်း အသင်းဟာ မော်ဖိုင်က ဟယ်ရီ့ကို အကောက်ကြံလို့ ဝမ်းသာနေတယ်။ တစ်သင်းလုံး ပို မြင့်မြင့် ပျံနေတယ်။

"စလေးသရင်း အသင်း ခွပ်ဖော်ကို ရသွားပြီ။ စလေးသရင် အသင်း တိုက်စစ်ဆင်ပြီ --- မွန်ထပ် အမှတ်ရပြီ ----" လီဟာ ညည်းညူပြောတယ်။ "၇၀–၂၀၊ ဂရစ်ဖင်းဒေါ် ရှေ့က ပြေးနေတယ် ...."

အခု ဟယ်ရီက မော်ဖိုင်ကို တအား ကပ်ထားတယ်။ သူတို့ နှစ်ယောက် ဒူးတွေ ခဏ ခဏ တိုက်မိနေတယ်။ ဟယ်ရီက မော်ဖိုင်ကို ဘယ်ဘက်ကမှ ရွှေဘောလုံးပျံလေးနဲ့ အကပ်မခံဘူး......

"ဖယ်စမ်း၊ ပေါ်တာ" မော်ဖိုင်က မတတ်နိုင်ဘဲ အော်တယ်။ သူ ကွေ့ချိုးချင်တာကို ဟယ်ရီက ကာထားလို့။

"အင်ဂလီနာ–ဂျွန်ဆင်ဟာ ဂရစ်ဖင်းဒေါ် အသင်းအတွက် ဘောလုံးရထားတယ်။ ကြိုးစား၊ အင်ဂလီနာ၊ ကြိုးစား"

ဟယ်ရီ အရပ်လေးမျက်နှာကို ကြည့်တယ်။ မော်ဖိုင်ကလွဲပြီး စလေးသရင်းအသင်းက ဘောသမားအားလုံး၊ ဂိုးစောင့်မကျန် အားလုံး အင်ဂလီနာဆီ တိုးဝင်သွားနေတယ် --- သူတို့က သူမကို ပိတ်ဆို့ထားချင်တယ် .....

ဟယ်ရီက မီးသတ္တိကို ဦးလှည့်လိုက်တယ်။ ကိုယ်ကို နိမ့်နိမ့်လေး နှိမ့်ထားတယ်။ မိုးပျံ တံမြက်စည်းပေါ် ပြားနေအောင် ဝပ်ထားတယ်။ သူဟာ ခြေထောက်နဲ့ တံမြက်စည်းကို ကန်ပြီး ရှေ့တိုးသွားတယ်။ သူဟာ ကျည်ဆံတစ်တောင့်လို စလေးသရင်း အသင်းဆီ တိုးဝင်သွားတယ်။

"အ အ အ ---- အမလေး"

မီးသတ္တိဟာ ၎င်းတို့ဘက် အလျင်အမြန် တိုးဝင်သွားတဲ့အတွက်၊ စလေးသရင်းတွေ ကျဲကွဲသွားတယ်။ အင်ဂလီနာ လမ်းရှင်းသွားတယ်။

"သူမ အမှတ်ရပြီ။ သူမ အမှတ်ရပြီ။ ဂရစ်ဖင်းဒေါ်အသင်း ၈၀–၂၀ ရှေ့က ပြေးနေတယ်"

ခုနက ဟယ်ရီဟာ ပွဲကြည့်စင်နဲ့ ဝင်ဆောင့်ဖို့ နည်းနည်းလိုတယ်။ မိုးပေါ်မှာ လျှောစီးပြီး ရပ်လိုက်တယ်။ ဦးလှည့်ပြီး မတ်မတ် မြင့်တက်သွားကာ ကွင်းလယ်ကို ပြန်ရောက်သွားတယ်။

ဒိနောက် မိမိကို နလုံးခုန်ရပ်စေတဲ့အရာကို သူမြင်ရပြီ။ မော်ဖိုင်က အောက်ကို ထိုးဆင်းနေတယ်။ သူ့မျက်နှာပေါ်မှာ အောင်မြင်တဲ့ အရိပ်အယောင်နဲ့ --- မြက်ခင်းနဲ့ ပေအနည်းငယ် အကွာမှာ ရွှေရောင် အလင်းစက်ကလေးရှိတယ်။

ဟယ်ရီဟာ မီးသတ္တကို အောက်ဖက်သို့ မောင်းတယ်။ ဒါပေမယ့် မော်ဖိုင်က သူ့ထက် အများကြီး ရှေ့ရောက်နေတယ်။

"မြန်မြန်၊ မြန်မြန်၊ မြန်မြန်" ဟယ်ရီက မီးသတ္တကို မောင်းတယ်။ သူ မော်ဖိုင်ကို မီလာပြီ ... ဘိုးက သူ့ဆီကို ဘလဒ်ဂါ ရိုက်ပို့တယ်။ ဟယ်ရီက မိုးပျံတံမြက်စည်းပေါ် ဝပ်ပြီး ရှောင်လိုက်တယ် .... သူဟာ မော်ဖိုင့်ခြေမျက်စိနား ရောက်လာပြီ ......... သူနဲ့ မျဉ်းပြိုင်ဖြစ်နေပြီ........

ဟယ်ရီ့ တစ်ကိုယ်လုံး ရှေ့သို့ ခုန်အုပ်တယ်။ လက်နှစ်ဖက်စလုံး တံမြက်စည်းက လွှတ်သွားပြီ။ သူက မော်ဖိုင့်လက်မောင်းကို တွန်းပစ်လိုက်တယ်။ ဒီလိုနဲ့ -------

"ဟုတ်ပြီ"

သူ အောက်သို့ ထိုးဆင်းရာက ရပ်လိုက်တယ်။ လက်ကို မြှောက်ထားတယ်။ ပွဲကြည့်စင် ပေါက်ကွဲသွားပြီ။ ဟယ်ရီဟာ လူအုပ်အထက်မှာ ပျံသန်းနေတယ်။ နားထဲမှာ ထူးခြားတဲ့ အသံတစ်ခုရှိတယ်။ သူဟာ ဟိုရွှေဘောလုံးပျံလေးကို တင်းတင်း ဆုပ်ကိုင်ထားတယ်။ အဲဒီ ဘောလုံးလေးဟာ သူ့လက်ချောင်းကြားမှာ မျှော်လင့်ချက် ကင်းမဲ့စွာ တောင်ပံနှစ်ခုကို ရိုက်ခတ်နေတယ်။

ဒိနောက် ဝုဒ်ဟာ သူ့ဆီ တအား ပြေးလာတယ်။ မျက်ရည်ကြောင့် သူ ဘာမှ မမြင်ရဘူး။ သူ ဟယ်ရီ့လည်ပင်းကို ဖမ်းဆွဲတယ်။ သူ့ ပခုံးပေါ် မျက်နှာအပ်ပြီး ငိုချင်တိုင်း ငိုနေတယ်။ ဖရက်နဲ့ ဂျော့ ဟယ်ရီကို ဝင်တိုက်တယ်။ ဟယ်ရီက အတုံးကြီးနှစ်တုံး ဖိချလာတယ်လို့ ထင်တယ်။ ဒိနောက် အင်ဂလီနာ၊ အလစ်စီယာနဲ့ ခက်ထီတို့အသံ။ "ငါတို့ ဒိုင်းကြီးရပြီ။ ငါတို့ ဒိုင်းကြီးရပြီ" ဂရစ်ဖင်းဒေါအသင်း တစ်သင်းလုံး ဖက်ထားပြီး အောက်ဆင်းလာတယ်။ အော်ရတာ အသံတွေတောင် ဝင်ကုန်ပြီ။ ဒီလိုနဲ့ မြေပြင်ကို ပြန်ရောက်လာတယ်။

သူတို့ကို ထောက်ခံတဲ့ ကြက်သွေးရောင် လူအုပ်ဟာ ဘောကွင်းထဲကို လှိုင်းတက်သလို ဆင်းလာတယ်။ လက်ပေါင်းများစွာဟာ မိုးပေါက်တွေလို သူတို့ ပခုံးပေါ်ကျလာတယ်။ ဟက်ဂရစ် ကြက်သွေးရောင် ပန်းကုံးကို ယမ်းပြနေတာ သူ မြင်ရတယ် "မင်း သူတို့ကို အနိုင်ရပြီ၊ ဟယ်ရီ။ မင်း သူတို့ကို အနိုင်ရပြီ။ နေဦး၊ ကျုပ် ဘတ်ခ်ဘိခ်ကို ပြောပြလိုက်ဦးမယ်" ဖတ်စီလည်း အဲဒီမှာ ရှိတယ်။ ခုန်တက်လိုက်၊ ခုန်ဆင်းလိုက်နဲ့ အရူးလိုပဲ။ သိက္ခာအားလုံး မေ့နေပြီ။ ပါမောက္ခ မက်ဂေါ်နာဂေါဟာ ဝုဒ်ဝိုတာထက် ပိုဆိုးတယ်။ ဂရစ်ဖင်းဒေါ အလံအကြီးကြီးနဲ့ မျက်ရည်သုတ်နေတယ်။ သူ့ ရှေ့ကို အတင်းတိုးလာနေတာကတော့ ရွန်နဲ့ ဟာမီး။ သူတို့ဟာ စိတ်လှုပ်ရှားလွန်းလို့ စကားတောင် မပြောနိုင်ဘူး။ မျက်နှာပေါ်မှာ အပြုံးပန်းတွေ ဝေနေတာပဲ ရှိတယ်။ ဒီအချိန်မှာ ဟယ်ရီက ပွဲကြည့်စင်ဆီ လျှောက်သွားတယ်။ ဒမ်ဘလီဒိုးဟာ အဲဒီမှာ ရပ်စောင့်နေတယ်။ သူ့လက်ထဲမှာ ကြီးမားတဲ့ ခွေဒစ်ဒိုင်းကြီးနဲ့။

ခုနတုန်းက ဝိညာဥ်စုပ်ကောင်ရှိရင် ........ ဟယ်ရီက ဝုဒ်ရှိုက်ငိုရင်း ကမ်းပေးတဲ့ ဒိုင်းကြီးကို ယူပြီး ခေါင်းပေါ်သို့ မြှောက်ထားစဉ်၊ မိမိဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး အစောင့်အရှောက်ကို ပစ်ထုတ်နိုင်မယ်လို့ ထင်နေတယ်။

• • • • • • •

## ၁၆။ ပါမောက္ခ ထရီလောနီရဲ့ ကြိုဟောချက်

ခွေဒစ်ဒိုင်းဆုကြီးရလိုက်လို့ ဟယ်ရီ ပျော်နေတယ်။ ဒီလို ပျော်တာ အနည်းဆုံး တစ်ပတ်ကြာတယ်။ ရာသီဥတုကတောင် အောင်ပွဲကို ဂုဏ်ပြုနေတယ်။ ဇွန်လပိုင်း ရောက်လာတာနဲ့အတူ နေ့ပိုင်းမှာ ပူအိုက်ပြီး၊ တိမ်တောင်မရှိ သာယာတယ်။ အားလုံး အပြင်ထွက် လမ်းလျှောက်ချင်ကြတယ်။ ရေခဲစိမ် ရွှေဖရုံသီးရည် လေးငါးပိုင့်လောက်ယူပြီး မြက်ခင်းပေါ် ပစ်လှဲအိပ်လိုက်။ ဖယ်ပစ်တမ်းကစားချင်ရင် ကစား ဒါမှမဟုတ် ဧရာမ ပြည်ကြီး ငါးကြီးတွေ ကန်ရေပြင်မှာ အိပ်မက်လို ချီတက်တာကို ကြည့်နေချင်တယ်။

ဒါပေမယ့် သူတို့ ဒီလိုလုပ်လို့ မရဘူး။ စာမေးပွဲ နီးလာပြီ။ ကျောင်းသားတွေဟာ အပြင်ထွက်ပြီး ပျင်းရိရိ အချိန်ဖြုန်းဖို့ မဆိုထားနဲ့၊ ရဲတိုက်ထဲမှာ နေပြီး ပြတင်းအပြင်က တိုက်ခတ်လာတဲ့ နွေရက်လေရဲ့ ဆွဲဆောင်မှုကို ခုခံရင်း မိမိဦးနှောက်ကို ကြိုးစား အလုပ်လုပ်ခိုင်းနေရတယ်။ ဖရက်နဲ့ ဂျော့တောင် ကြိုးစားနေတယ်။ သူတို့ဟာ O.W.Ls(သာမန် မှော်ဆရာအဆင့်) စာမေးပွဲ ဝင်ဖြေရတော့မယ်။ ဖတ်စီဟာ N.E.W.Ts (အဆုံးစွန် မှော်ဆရာ စာမေးပွဲ) အောင်ဖို့ ပြင်ဆင်နေတယ်။ ဒါဟာ ဟော့ဂ်ဝပ်က ပေးနိုင်တဲ့ အမြင့်ဆုံး အဆင့်ဖြစ်တယ်။ ဖတ်စီဟာ မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ်ချင်တယ်။ ဒါကြောင့် သူဟာ အမြင့်ဆုံး ပညာရေးနဲ့ ပြည့်စုံဖို့ လိုတယ်။ သူဟာ ကြာလေ စိတ်တို စိတ်ဆိုးလွယ်လေပဲ။ ညဘက် အများနားနေခန်းရဲ့ ငြိမ်သက်မှုကို ဖျက်ဆီးတဲ့ လူဆိုရင် သူက ပြင်းပြင်းထန်ထန် အပြစ်ပေးတယ်။ စင်စစ်မှာ ဖတ်စီထက် ပိုစိတ်ပူနေတဲ့သူ တစ်ယောက်ပဲ ရှိတယ်။ အဲဒါ ဟာမီး။

ဟယ်ရီနဲ့ ရွန်ဟာ သူမကို ဘယ်လိုလုပ်ပြီး တစ်ချိန်ထဲမှာ ဘာသာရပ် အချို့ တက်နိုင်တာလဲလို့ မမေးတော့ဘူး။ ဒါပေမယ့်၊ သူတို့ဟာ ဟာမီးက မိမိအတွက် စာမေးပွဲ အချိန်ဇယား ပြုလုပ်တာ မြင်ရတဲ့အခါမှာတော့ မအောင့်နိုင်ဘဲ မေးမိတယ်။ အဲဒီ ဇယားရဲ့ ပထမအကွက်မှာ ဒီလို ရေးထားတယ်။

တနင်္လာနေ့
၉နာရီ၊ သင်္ချာဗေဒင်

၉နာရီ၊ ရုပ်ပြောင်း
နေ့လယ်စာ

၁နာရီ၊ မှော်ဂါထာ
၁နာရီ၊ ရှေးမှော်စာပေ

"ဟာမီး" ရွန်က သတိထား မေးတယ်။ အကြောင်းက ဒီရက်တွေမှာ သူမဟာ အနှောင့်အယှက်ခံရရင် ဒေါသထွက်တတ်လို့။ "အော --- နင် ဒီအချိန်ဇယား အကူးမမှားပါဘူးနော်'

"ဘာလဲ" ဟာမီးက ဟောက်တယ်။ အဲဒီ အချိန်ဇယားကို ယူပြီး သေချာ စစ်ဆေးကြည့်တယ်။ "မှန်တယ်၊ အကူးမမှားပါဘူး"

"နင် ဘယ်လိုလုပ်ပြီး တစ်ချိန်တည်း စာမေးပွဲခန်း နှစ်ခန်းထဲမှာ ထိုင်နိုင်မှာလဲ။ ဒီလို မေးကြည့်တာ အဓိပ္ပာယ်မရှိတာတော့ မဟုတ်ပါဘူးနော်" ဟယ်ရီက ပြောတယ်။

"မဟုတ်ပါဘူး" ဟာမီးက တိုတိုဖြေတယ်။ "နင်တို့ နှစ်ယောက် ငါ့ "ကိန်းဂဏန်းနဲ့ သဒ္ဒါ" ကို တွေ့လား"

"အော၊ ဟုတ်ပြီ၊ ငါ ငှားပြီး ကုတင်ပေါ်လှဲနေရင်း နည်းနည်း ဖတ်တာ" ရွန်က ပြောတယ်။ ဒါပေမယ့် အေးအေးပဲ ပြောတယ်။ ဟာမီးဟာ သူမ စားပွဲပေါ်က သိုးရေစက္ကူပုံကြီးကို လှန်လှောပြီး အဲဒီ စာအုပ်ကို ရှာတယ်။ အဲဒီအချိန်မှာပဲ ပြတင်းနားမှာ အသံ ကြားရတယ်။ ဟက်ဒဝစ်ဟာ စာရွက် တစ်ရွက်ချီပြီး ပျံဝင်လာတယ်။

"ဟက်ဂရစ်ဆီက လာတာ" ဟယ်ရီက ပြောရင်း စာရွက်ကို ဖြန့်လိုက်တယ်။ "ဘတ်ခ်ဘိခ် ဖြေရက်နေ့မှာ အယူခံဝင်ရမယ်"

"အဲဒါ ငါတို့ စာမေးပွဲပြီးတဲ့နေ့ပဲ" ဟာမီးက ပြောတယ်။ မိမိရဲ့ သင်္ချာဗေဒင်စာအုပ်ကို ရှာနေတုန်းပဲ။

"သူတို့ ဒီကိုလာပြီး အယူခံဝင်တာ ကြားနာမှာ" ဟယ်ရီက ပြောတယ်။ ဟိုစာရွက်ကို ဆက်ဖတ်နေတယ်။ "မှော်ဝန်ကြီးဌာနက ဘယ်သူဆိုလားနဲ့ ---- ပါးကွက်သားတစ်ယောက်"

ဟာမီး ခေါင်းမော့ကြည့်ပြီး တုန်လှုပ်သွားတယ်။

"သူတို့က ပါးကွက်သား ခေါ်လာပြီး အယူခံ လျှောက်လဲတာ ကြားနာမယ်လား။ ကြည့်ရတာ သူတို့ ဆုံးဖြတ်ပြီးလို့ပဲ"

"ဟုတ်တယ်၊ ဒီလိုပဲ ဖြစ်မယ်" ဟယ်ရီက ဖြည်းဖြည်း ပြောတယ်။

"သူတို့ ဒီလို လုပ်လို့ မဖြစ်ဘူး" ရွန်က အော်တယ်။ "ငါ အချိန်တွေ အများကြီး အကုန်ခံပြီး သူ့အတွက် အချက်အလက် ဖတ်တယ်။ သူတို့ ဒါတွေကို လျစ်လျူရှုလို့ မဖြစ်ဘူး"

ဒါပေမယ့် ဟယ်ရီ့မှာ ကြောက်စရာ ခံစားချက် ရှိနေတယ်။ အဲဒါက မစ္စတာ မော်ဖိုင်ဟာ အန္တရာယ်ရှိ သတ္တဝါများ ကော်မတီအစား ဆုံးဖြတ်ချက် ချထားပြီးတာပဲ။ မော်ဖိုင်ဟာ ခွေဒစ်ပြိုင်ပွဲမှာ ဂရစ်ဖင်းဒေါ အနိုင်ရသွားပြီးကတည်းက အတော် ဝပ်သွားတယ်။ ဒါပေမယ့် ဒီရက်တွေအတွင်းမှာ ၎င်းရဲ့ ကိုယ်ကိုကိုယ် အထင်ကြီး မော်ကြွားမှုတွေ နည်းနည်း ပြန်ပေါ်လာတယ်။ ဟယ်ရီ ခိုးနားထောင်မိတဲ့ သရော်တော်တော် ဝေဖန်ချက်တွေအရ၊ မော်ဖိုင်ဟာ ဘတ်ခ်ဘိခ်သေမှာ သေချာတယ်။ ပြီးတော့ မိမိကြောင့် ဒီလိုဖြစ်တာကို သိပ်ဝမ်းသာမဆုံး ဖြစ်နေတယ်။ ဟယ်ရီ လုပ်နိုင်တာကတော့ ဟာမီးက ဒီလို အခြေအနေမျိုးမှာ မော်ဖိုင့်ပါးရိုက်တာမျိုး မလုပ်မိအောင် နေတာပဲ ရှိတယ်။ ဒီကိစ္စမှာ အဆိုးဆုံးကတော့ သူတို့ဟာ ဟက်ဂရစ်ကို သွားတွေ့ဖို့ အချိန်မရှိတာရယ်၊ အခွင့်အရေးမရှိတာရယ်ပဲ။ အကြောင်းက တင်းကြပ်တဲ့ လုံခြုံရေး စည်းကမ်းချက်အသစ်တွေကို မရုပ်သိမ်းသေးလို့။ ဟယ်ရီကလည်း မျက်လုံး တစ်လုံးမှော်ဆရာမ ရုပ်ထုအောက်ကနေ မိမိကိုယ်ပျောက်ခြုံထည်ကို ပြန်မယူဝံ့ဘူး။

စာမေးပွဲဖြေတဲ့ အပတ်စပါပြီ။ ရဲတိုက်ထဲမှာ ခါတိုင်းနဲ့မတူအောင် ငြိမ်သက်နေတယ်။ တတိယနှစ်ကျောင်းသားတွေ တနင်္လာနေ့ နေ့လယ်စာစားချိန်မှာ ရုပ်ပြောင်းကျောင်းခန်းက ထွက်လာတာ၊ လူတိုင်း နဖူးကွဲ၊ ဒူးပြဲ ဖြစ်နေတယ်။ လမ်းလျှောက်တာလည်း စိတ်မပါကြဘူး။ အားလုံးဖြေတာတွေ ယှဉ်ကြည့်ပြီး သူတို့ကို

မေးတာ သိပ်ခက်လွန်းတယ်လို့ ညည်းကြတယ်။ သူတို့ကို လက်ဖက်ရည်ခရားကို လိပ်ဖြစ်အောင် လုပ်ခိုင်းတယ်။ ဟာမီးက အံ့သြသလိုလိုနဲ့ ပြောတယ်။ သူမ ရုပ်ပြောင်းလိုက်တဲ့ ကုန်းလိပ်က ရေလိပ်နဲ့ တူနေလို့တဲ့။ တခြားလူတွေကတော့ ဒီလောက်ရရင်ကို အလွန် ကျေနပ်နေပြီ။ ဒါကြောင့် သူမ ညည်းညူတာကို သူများတွေက စိတ်ဆိုးကြတယ်။

"ငါ ပြောင်းလိုက်တဲ့ လိပ်ရဲ့ အမြီးက လက်ဖက်ရည်ခရား နှုတ်သီးပဲ ရှိသေးတယ်။ ဒါ ခက်တာပဲ ...."

"လူတွေက လိပ် ရေငွေ့ရှူတယ် မှတ်နေလား မသိဘူး"

"ငါ့ လိပ်ခွံမှာ မိုးမခရွက် အရေးအကြောင်း ပေါ်နေတယ်။ အဲဒါ ငါ့ကို အမှတ်လျှော့မလား"

ဒီနောက် အားလုံး နေ့လယ်စာ အမြန်စားပြီး အပေါ်ထပ်ကို တိုက်ရိုက်တက်ကာ မှော်ဂါထာစာမေးပွဲ ဖြေကြတယ်။ ဟာမီး ပြောခဲ့တာ မှန်တယ်။ ပါမောက္ခ ဖလစ်ဝစ်က သူတို့ကို ပျော်ရွှင်ခြင်းဂါထာ မေးတယ်။ ဟယ်ရီဟာ စိတ်လှုပ်ရှားမှု တင်းကြပ်မှုကို ဖြေဖျောက်တဲ့ဘက်မှာ လုပ်တာ နည်းနည်း လွန်သွားတယ်။ သူနဲ့ တွဲရတဲ့ ရွန်ဟာ နောက်ဆုံး အရူးအမူး ရယ်နေလို့ သူ့ကို ငြိမ်သက်တဲ့ အခန်းထဲမှာ တစ်နာရီလောက် ထားရတယ်။ သူ့ဘာသာ ပျော်ရွှင်ခြင်းဂါထာ ရွတ်နိုင်မှ ပြီးတော့တယ်။ ညစာစားပြီးနောက်၊ ကျောင်းသားတွေ အများနားနေခန်းဆီ ပြေးကြတယ်။ အနားယူဖို့ မဟုတ်ဘူး။ ထူးဆန်း သတ္တဝါ စောင့်ရှောက်တဲ့ အတတ်၊ မှော်ဆေးပညာနဲ့ နက္ခတ္တဗေဒကို ကျက်ဖို့ ဖြစ်တယ်။

နောက်နေ့မနက်မှာ ဟက်ဂရစ်က ထူးဆန်းသတ္တဝါ စောင့်ရှောက်တဲ့ အတတ်ကို တာဝန်ယူ စစ်ဆေးတယ်။ ဒါပေမယ့် စိတ်သောက ရောက်နေတဲ့ပုံ ပေါ်နေတယ်။ စာမေးပွဲစစ်တဲ့ဆီမှာ လုံးဝ စိတ်မရောက်ဘူး။ သူဟာ ကျောင်းသားတွေကို လတ်ဆတ်တဲ့ ဖလိုဘာခူကောင် တစ်ပုံးပေးပြီး ပြောတယ်။ စာမေးပွဲ အောင်ချင်ရင်၊ ၎င်းတို့ရဲ့ ဖလိုဘာခူကောင်တွေဟာ တစ်နာရီ ကြာပြီးနောက် အသက်ရှင်နေရမယ်တဲ့။ ဖလိုဘာခူကောင်ကို ပစ်ထားရင် ၎င်းတို့ဟာ အလျင်အမြန် ပွားများလာတယ်။ ဒါကြောင့် ဒီစာမေးပွဲဟာ အလွယ်ဆုံး စာမေးပွဲ ဖြစ်တယ်။ ဒါက ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို ဟက်ဂရစ်နဲ့ စကားပြောဖို့ အခွင့်အရေး အများကြီး ရစေတယ်။

"ဘိခ်ဟာ နည်းနည်း စိတ်ဓာတ်ကျနေတယ်" ဟက်ဂရစ်က သူတို့ကို ပြောပြတယ်။ ဟယ်ရီ့ခူကောင် အသက်ရှင်နေသေးလားလို့ စစ်ဟန်ဆောင်တယ်။ ကိုယ်ကို နိမ့်နိမ့် ကုန်းထားပြီး "ပိတ်ထားတာ သိပ်ကြာပြီ။ ဒါပေမယ့်လဲ .......... သန်ဘက်ခါဆို သိရပြီ ---- နိုင်မလား ရှုံးမလား"

အဲဒီနေ့ ညနေပိုင်းမှာ သူတို့ မှော်ဆေးပညာ စစ်တယ်။ အဲဒါ ဘေးဆိုးကြီး တစ်ခုပဲ။ ဟယ်ရီဟာ အတတ်နိုင်ဆုံး ကြိုးစားပေမယ့် မိမိရဲ့ ရှုပ်ထွေးဆေးရည်ဟာ သိပ်ပျစ်နေဆဲပဲ။ စနိတ်ပ်က ဘေးက ရပ်ကြည့်နေတယ်။ သူများ ဒုက္ခရောက်တာ ပျော်နေတဲ့ပုံပဲ။ ထွက်ခွာခါနီးမှာ ဟယ်ရီ့စာအုပ်ပေါ် စာရေးခဲ့တယ်။ ကြည့်ရတာ သုညနဲ့ တူတယ်။

ညဉ့်လယ်အချိန်မှာ နက္ခတ္တဗေဒ စစ်တယ်။ အားလုံး အမြင့်ဆုံး အထပ်ကို သွားကြတယ်။ မှော်အတတ်ပညာသမိုင်းကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းမှာ စစ်တယ်။ ဟယ်ရီဟာ အဖြေလွှာပေါ်မှာ ဖလောရင် သူ့ကို ပြောပြဖူးတဲ့ အလယ်ခေတ်စုခေတ် မှော်ဆရာမတွေကို လိုက်ဖမ်းတဲ့ အခြေအနေ အားလုံးကို ရေးရင်း ဒီလို ပျင်းစရာ ကျောင်းခန်းထဲမှာ ဖလောရင်ရဲ့ ချော့ကလက်နဲ့ သီးဆံရေခဲမုန့် တစ်ပွဲ ရရင် ကောင်းမယ်လို့ တွေးတယ်။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းမှာ မှော်ဆေးပညာ စစ်တယ်။ အဲဒါ ခြစ်ခြစ်တောက် ပူတဲ့နေအောက်မှာ အနွေးခန်းမှာ နေရမှာ။ အများနားနေခန်း ပြန်ရောက်တော့ အားလုံး ကုပ်တွေ နေပူလောင်ကုန်ပြီ။ စိတ်ထဲမှာ နောက်နေ့ကို ရောက်ပါစေလို့ ဆုတောင်းတယ်။ ဒါမှ စာမေးပွဲ ပြီးမှာ။

ကြာသပတေးနေ့ မနက်ပိုင်းမှာ မှော်နက်ပညာ ကာကွယ်တဲ့အတတ် စစ်တယ်။ ဒါက ၎င်းတို့ရဲ့ နောက်ဆုံး ဒုတိယစာမေးပွဲ။ ပါမောက္ခလူပင်မေးတဲ့ မေးခွန်းက အားလုံး မဖြေဖူးတာတွေ။ ရိုးရိုး သာမန်မဟုတ်ဘူး။ အပြင်မှာ၊ နေရောင်အောက်မှာ ပြုလုပ်ရတဲ့ အခက်အခဲ ပြေးပွဲနဲ့ တူတဲ့ စာမေးပွဲ။ ကျောင်းသားတွေဟာ ရေထဲဆင်းပြီး ဂရင်းဒီ ရှိတဲ့ ရေကန်ကို ဖြတ်ကျော်ရတယ်။ ဦးထုပ်နီတွေရှိတဲ့ ချိုင့်တွေကို ဖြတ်ရတယ်။ ဗွပ်ဗွပ်နဲ့ နွံတွေကို ဖြတ်ရတယ်။ ဟင်ခီဖန့်စ်က ပေးတဲ့ မှားယွင်းတဲ့ ညွှန်ကြားချက်ကို ဂရုမစိုက်ရဘူး။ ဒီနောက် သေတ္တာဟောင်းတစ်ခုထဲ ဝင်ပြီး ဘော့ဂတ်အသစ်နဲ့ တိုက်ရတယ်။

"သိပ်ကောင်းတာပဲ၊ ဟယ်ရီ" လူပင်က ပြောတယ်။ ဒီအချိန်မှာ ဟယ်ရီက ရယ်ပြီး သေတ္တာထဲက တွားထွက်လာနေတယ်။ "အမှတ်ပြည့်"

ဟယ်ရီက ဝမ်းသာလွန်းလို့ မျက်နှာနီနေတယ်။ ရွန်နဲ့ ဟာမီးတို့ အမှတ်ကို ကြည့်ဖို့ စောင့်နေတယ်။ ရွန်ဟာ ဟင်ခီဖန့်စ်ရဲ့ မှားယွင်းတဲ့ ညွှန်ကြားချက်ကြောင့် သူဟာ ခါးထိနက်တဲ့ နွံထဲ နစ်သွားတယ်။ ဟာမီးဟာ ဘော့ဂတ် သေတ္တာမတိုင်မီမှာ ဘာမှ ပြောစရာမရှိဘူး။ သေတ္တာထဲမှာ တစ်မိနစ်လောက်နေပြီးနောက် အော်ပြီး ထွက်ပြေးလာတယ်။

"ဟာမီး" လူပင်က ပြောတယ်။ လန့်လည်းသွားတယ်။ "ဘယ်လို ဖြစ်တာလဲ"

"ပါမောက္ခ မက်---မက်ဂေါ်နာဂေါ" ဟာမီးက အသက်ပြင်းပြင်း ရှူရင်း ပြောတယ်။ ဟိုသေတ္တာကို လက်ညှိုးထိုးပြနေတယ်။ "သူမ --- သူမက ကျွန်မ စာမေးပွဲ အားလုံးကျတယ်လို့ ပြောတယ်"

ဟာမီးကို ပြန်လည်တည်ငြိမ်လာဖို့ အချိန်နည်းနည်း ယူရတယ်။ နောက်ဆုံး သူမဟာ မိမိကိုယ်မိမိ ချုပ်ထိန်းနိုင်လာပြီ။ သူမ၊ ဟယ်ရီနဲ့ ရွန်တို့ ရဲတိုက်ကို ပြန်ခဲ့တယ်။ ရွန်က ဟာမီးရဲ့ ဘော့ဂတ်ကို ပြက်ရယ်ပြုချင်သေးတယ်။ ဒါပေမယ့် လှေခါးထိပ်မှာ မြင်ရတဲ့ မြင်ကွင်းက သူတို့ အငြင်းပွားမှုကို ရှောင်ရှားစေတယ်။

ကွန်နယ်လစ်-ဖဒ်ဂ်ဟာ ၎င်းရဲ့ အစင်းစိပ်စိပ် ခြုံထည်ကိုခြုံပြီး ချွေးလည်း နည်းနည်းထွက်နေတယ်။ အပြင်ကကွင်းကို စိုက်ကြည့်နေတယ်။ ဟယ်ရီ့ကို မြင်တော့လည်း မျက်တောင်မခတ်ဘူး။

"ဟယ်ရီ၊ မင်္ဂလာပါ" သူက ပြောတယ်။ "ခုတင် စာမေးပွဲ ပြီးတာလား။ စာမေးပွဲ စစ်ပြီးတော့မယ် ထင်တယ်"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ ဟာမီးနဲ့ ရွန်တို့ မှော်ဝန်ကြီးနဲ့ စကားမပြောဖူးဘူး။ မနေတတ် မထိုင်တတ် ဖြစ်ပြီး သူတို့ နောက်မှာ ဟိုဒီလျှောက်နေတယ်။

"ရာသီဥတု သိပ်ကောင်းတာပဲ" ဖဒ်ဂ်က ပြောတယ်။ အကြည့်ဟာ ကန်ရေပြင်ပေါ် ကျရောက်သွားတယ်။ "နှမြောစရာ ........နှမြောစရာ.........."

သူက သက်ပြင်းရှည်ကြီးချပြီး ဟယ်ရီ့ကို အောက်ငုံ့ကြည့်တယ်။

"ကျုပ် ဒီကိုလာပြီး မပျော်ရွှင်စရာ တာဝန်ကို ထမ်းဆောင်ရတာ၊ ဟယ်ရီ။ အန္တရာယ်ရှိ သတ္တဝါများ အရေးယူဖြေရှင်းတဲ့ ကော်မတီက ရူးနေတဲ့ ဟစ်ပိုဂရစ်ဖ်ကို သေဒဏ်ပေးတဲ့အခါမှာ သက်သေတစ်ယောက် ရှိနေဖို့ တောင်းဆိုတယ်။ ကျုပ်ကလဲ ဘလက်ကိစ္စနဲ့ ဟော့ဂ်ဝပ်ကို လာစရာရှိတာနဲ့ သူတို့က ကျုပ်ကို ပါဝင်ဖို့ ဖိတ်ခေါ်တယ်"

"ဒါဆို အယူခံ လျှောက်လဲချက်ကို ကြားနာပြီးပြီပေါ့" ရွန်က ရှေ့တိုးလာပြီး ဝင်ပြောတယ်။

"ဟင့်အင်း၊ ဟင့်အင်း။ အယူခံဝင်တာ ဒီနေ့ညနေမှာ လုပ်ဖို့ သတ်မှတ်ထားတယ်" ဖဒ်ဂ်က ပြောတယ်။ ရွန့်ကို အံ့သြစွာ ကြည့်နေတယ်။

"ဒါဆို သင် သေဒဏ်ဆောင်ရွက်တဲ့ သက်သေ မဖြစ်နိုင်တော့ဘူး" ရွန်က သတ္တိရှိရှိ ပြောတယ်။ "အဲဒီ ဟစ်ပိုဂရစ်ဖ်ဟာ လွတ်လိမ့်မယ်"

ဖဒ်ဂ် ပြန်မဖြေရသေးခင်မှာ၊ မော်ဆရာနှစ်ယောက် သူ့ကျောဘက်က ရဲတိုက်တံခါးမကြီးထဲကနေ ထွက်လာတယ်။ တစ်ယောက်က အလွန်အိုမင်းနေပြီ။ သူတို့ရှေ့မှာတင် နည်းနည်း နည်းနည်းနဲ့ ညှိုးရော်သွားသလိုပဲ။ နောက်တစ်ယောက်က ထွားကျိုင်းပြေပြစ်ပြီး နှုတ်ခမ်းမွေးကျဲကျဲနဲ့။ သူတို့ဟာ အန္တရာယ်ရှိ သတ္တဝါ အရေးယူဖြေရှင်းရေး ကော်မတီက ဖြစ်မယ်လို့ ဟယ်ရီက ထင်တယ်။ အကြောင်းက အဲဒီ အလွန်အိုမင်းတဲ့ မော်ဆရာဟာ မျက်စိမှေးပြီး ဟက်ဂရစ်ရဲ့ အိမ်ကလေးကို ကြည့်နေတယ်။ အားပျော့တဲ့ အသံနဲ့ ပြောသေးတယ်။ "အမလေး၊ အမလေး၊ ကျုပ် သိပ်အိုနေပြီ။ ဒီလိုအလုပ်မျိုး လုပ်လို့မဖြစ်တော့ဘူး ....... နှစ်နာရီ၊ ဟုတ်လား၊ ဖဒ်ဂ်"

နှာခေါင်းမွေးရှည်ရှည် ရှိတဲ့လူဟာ ၎င်းရဲ့ ခါးပတ်အတွင်းဘက်ကို လက်နဲ့ တစ်ခုခုကို စမ်းနေတယ်။ ဟယ်ရီက ကြည့်လိုက်တယ်။ အဲဒီလူဟာ လက်မကြီးနဲ့ လက်နေတဲ့ ရဲဒင်းရဲ့ အသွားကို စမ်းနေတာ တွေ့ရတယ်။ ရွန်က စကားပြောမယ် လုပ်တယ်။ ဒါပေမယ့် ဟာမီးက သူ့နံဘေးကို လက်ညှိုးနဲ့ တအားထိုးတယ်။ သူ့ခေါင်းကို ရှေ့ခန်းဘက် လှည့်ပေးလိုက်သေးတယ်။

"နင် ဘာဖြစ်လို့ ငါ့ကို စကားမပြောခိုင်းတာလဲ" ရွန်က စိတ်ဆိုးပြီး မေးတယ်။ ဒီအချိန်မှာ သူတို့ ထမင်းစားခန်းထဲ ဝင်လာပြီ။ "နင် သူတို့ကို မမြင်ဘူးလား။ သူတို့က ရဲဒင်းတောင် ပြင်ဆင်ထားပြီ။ ဒါ မတရားဘူး"

"ရွန်၊ နင့်အဖေ မော်ဝန်ကြီးဌာနမှာ အလုပ်လုပ်တယ်။ နင်က သူ့အထက်အရာရှိကို ဒီစကားမျိုး ပြောလို့ မဖြစ်ဘူး" ဟာမီးက ပြောတယ်။ ဒါပေမယ့် သူမလည်း အတော် စိတ်ပျက်နေတယ်။ "ဒီတစ်ကြိမ် ဟက်ဂရစ်သာ ခေါင်းအေးအေးထားမယ်ဆိုရင်၊ ဒီအမှုအတွက် လျှောက်လဲချက် သင့်တော်မယ်ဆိုရင်၊ သူတို့ ဘတ်ခ်ဘိခ် အသတ်ခံရမှာ မဟုတ်ဘူး ...."

ဒါပေမယ့်၊ ဟယ်ရီဟာ ဟာမီးတောင် မိမိစကားကို တကယ် ယုံကြည်တာ မဟုတ်ဘူးဆိုတာ သိတယ်။ သူတို့ ပတ်ဝန်းကျင်မှာ အားလုံး ထမင်းစားရင်း တက်ကြွစွာ စကားပြောနေကြတယ်။ ထိုနေ့ညနေပိုင်း စာမေးပွဲရလဒ်ကို ပျော်ရွှင်စွာ ခန့်မှန်းနေကြတယ်။

ဒါပေမယ့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဟာ ဘတ်ခ်ဘိခ်ရဲ့ ကံကြမ္မာကို ပူပင်နေလို့ ဒီစကားဝိုင်းထဲ မဝင်ကြဘူး။

ဟယ်ရီနဲ့ ရွန်ရဲ့ နောက်ဆုံးစာမေးပွဲက ဗေဒင်။ ဟာမီးက မတ်ဂေါ် သုတေသန။ သူတို့ အတူတကွ မာဘယ်ကျောက်လှေခါးကို တက်ခဲ့တယ်။ ဟာမီးဟာ ဒုတိယလွှာမှာ သူတို့နဲ့ ခွဲခွာသွားတယ်။ ဟယ်ရီနဲ့ ရွန်ဟာ ရှစ်လွှာထိ တက်ခဲ့တယ်။ ကျောင်းသား အတော်များများဟာ ပါမောက္ခ ထရီလောနီ ကျောင်းခန်းဆီသွားတဲ့ ကြောင်လိမ်လှေခါးပေါ် ထိုင်ပြီး နောက်ဆုံး အချိန်ပိုင်းလေးမှာ နည်းနည်း ပိုပြီး ကျက်မှတ်နေတယ်။

"သူမဟာ ငါတို့ကို ခွဲခြားတွေ့မှာ" နီဗီးက သူတို့ သူ့နား ဝင်ထိုင်စဉ် ပြောပြတယ်။ သူ့ပေါင်ပေါ်မှာ "တိမ်တောင်ကို ဖယ်ရှား အနာဂတ်ကိုကြည့်" ရှိတယ်။ ခရစ်ဆယ်ဘောလုံးအခန်းကို လှန်ထားတယ်။ "မင်းတို့နှစ်ယောက် ခရစ်ဆယ်ဘောလုံးထဲမှာ တစ်ခုခု မြင်ဖူးတဲ့လူရှိလား" သူက မပျော်မရွှင် ပြောတယ်။

"မရှိဘူး" ရွန်က ပြောတယ်။ အသံက သိပ်မလေးနက်ဘူး။ သူဟာ နာရီကိုချည်း ကြည့်နေတယ်။ သူ အချိန်ကို နောက်က ပြန်တွက်နေတယ်။ ဘတ်ခ်ဘိခ် အယူခံ လျှောက်လဲတာ စမယ့်အချိန်ကို တွက်နေတယ်ဆိုတာ ဟယ်ရီ သိတယ်။

ကျောင်းခန်းရှေ့က တန်းစီတာ ရှေ့တိုးသွားတာ အလွန်နှေးတယ်။ ငွေရောင်လှေခါးက ဆင်းလာသူရှိတာနဲ့ ကျန်ကျောင်းသားတွေက "သူမ ဘာမေးလဲ၊ အောင်လား" လို့ မေးကြတယ်။

ဒါပေမယ့် သူတို့က ပြန်ဖြေဖို့ ငြင်းဆန်တယ်။

"သူမက ပြောတယ်။ တကယ်လို့ ငါ နင်တို့ကို ပြောပြရင်၊ ကြောက်မက်ဖွယ် ကိစ္စနဲ့ တိုးလိမ့်မယ်လို့ ခရစ်ဆယ်ဘောလုံးက သူမကို ပြောတယ်လို့ ပြောတယ်" နီဗီးက စူးစူးရှရှ ပြောတယ်။ ဒီအချိန်မှာ သူမဟာ လှေခါးပေါ်က ဆင်းလာ ....... ဟယ်ရီနဲ့ ရွန့်ဆီ ရောက်လာတယ်။ အဲဒီ နှစ်ယောက်ဟာ အခု လှေခါးခြေရင်း ရောက်နေပြီ။

"ဒါဆို ဟုတ်ပြီ" ရွန်က အထင်သေးစွာ ပြောတယ်။ "မင်း သိလား၊ ငါ အခု ဟာမီး သူမကို ပြောတာ မှန်တယ်လို့ ထင်လာပြီ (သူ့လက်မနဲ့ ခေါင်းပေါ်က ကြမ်းဖုံးတံခါးကို ညွှန်လိုက်တယ်)။ သူမဟာ လူလိမ်ကြီး"

"မှန်တယ်" ဟယ်ရီက ပြောတယ်။ သူ့လက်ပတ်နာရီကို ကြည့်လိုက်တယ်။ အခု နှစ်နာရီ ထိုးပြီ။ "သူမ မြန်မြန် .........."

ပါဗာထီ လှေခါးက ဆင်းလာတယ်။ ကျေနပ်မှု အပြည့်နဲ့။

"သူမက ငါဟာ တကယ့် ကြိုဟောဆရာ ဖြစ်နိုင်တဲ့ အရည်အသွေး အားလုံးနဲ့ ပြည့်စုံတယ်လို့ ပြောတယ်" သူမက ဟယ်ရီနဲ့ ရွန့်ကို ပြောပြတယ်။ "ငါ အများကြီး မြင်တယ် ......... ကောင်းပြီ။ နင်တို့ ကံကောင်းပါစေ"

သူမဟာ ကြောင်လိမ်လှေခါးက မြန်မြန် ဆင်းသွားပြီး လာဗင်ဒါကို သွားရှာတယ်။

"ရွန်-ဝယ်စလီ" သူ့ခေါင်းပေါ်က ရင်းနှီးပြီးသား မသဲမကွဲ အသံက ခေါ်တယ်။ ရွန်က ဟယ်ရီ့ကို ပြောင်ပြပြီး ငွေရောင်လှေခါးပေါ် တက်သွားပြီး ပျောက်သွားတယ်။ အခု ဟယ်ရီဟာ စာမေးပွဲ ဖြေဖို့ စောင့်နေတဲ့ တစ်ယောက်တည်းသောသူ ဖြစ်တယ်။ သူဟာ ကြမ်းပေါ် ထိုင်နေတယ်။ နံရံကို မှီထားတယ်။ နေရောင်ထိုးနေတဲ့ မှန်ပေါ်မှာ ယင်ကောင်တစ်ကောင် တစ်အုန်းအုန်း မြည်နေတာ နားထောင်နေတယ်။ သူ့စိတ်ဟာ ကွင်းကိုဖြတ်ပြီး ဟက်ဂရစ်ဆီ ရောက်သွားတယ်။

နောက်ဆုံး မိနစ်နှစ်ဆယ်လောက်ကြာတော့၊ ရွန့်ခြေထောက်ကြီးဟာ လှေခါးပေါ် ပေါ်လာတယ်။

"ဖြေနိုင်လား" ဟယ်ရီက မေးရင်း မတ်တတ်ရပ်လိုက်တယ်။

"အလကားပဲ" ရွန်က ပြောတယ်။ "ဘာမှ မမြင်ရဘူး။ ဒါကြောင့် ငါ လုပ်ကြံပြောတယ်။ ငါ ထင်တယ်၊ သူမ မယုံပါဘူး။ ဒါပေမယ့် ........."

"အများနားနေခန်းမှာ ဆုံမယ်" ဟယ်ရီက တိုးတိုးပြောတယ်။ ဒီအချိန်မှာ ပါမောက္ခ ထရီလောနီအသံက ခေါ်တယ်။

"ဟယ်ရီ–ပေါ်တာ"

ဒီအိမ်ချွန်အခန်းဟာ ခါတိုင်းထက် ပိုပြီး ပူနေတယ်။ လိုက်ကာတွေ ချထားတယ်။ မီးလင်းဖိုထဲမှာ မီးမွေးထားတယ်။ ခါတိုင်းလို အန့်ချင်စရာ အနံ့ကြောင့် ဟယ်ရီ ချောင်းဆိုးလာတယ်။ ဒီအချိန်မှာ သူက စားပွဲကုလားထိုင်တွေကြားကနေ ပါမောက္ခ ထရီလောနီဆီ သွားတယ်။ သူမဟာ အဲဒီမှာ သူ့ကို ထိုင်စောင့်နေတယ်။ သူမရှေ့မှာ ကြီးမားတဲ့ ခရစ်ဆယ်ဘောလုံးရှိတယ်။

"မင်္ဂလာပါ၊ အချစ်လေး" သူမက သိမ်မွေ့စွာ ပြောတယ်။ "ဒီခရစ်ဆယ်ဘောလုံးကို ကြည့်ပါ ......... အခု မင်းကို အချိန် စတွက်မယ် ........ ဒိနောက် အထဲမှာ ဘာတွေ့တယ်ဆိုတာ ကိုယ့်ကို ပြောပြ ........"

ဟယ်ရီက ကုန်းပြီး အဲဒီ ခရစ်ဆယ်ဘောလုံးကို ကြည့်တယ်။ တတ်နိုင်သလောက် ကြိုးစားကြည့်တယ်။ လည်ပတ်နေတဲ့ နှင်းဖြူဖြူတွေအပြင် အခြားတစ်ခုခု တွေ့အောင်ပြပါလို့ ဆုတောင်းတယ်။ ဒါပေမယ့် ဘာမှ မမြင်ရဘူး။

"ဟင်" ပါမောက္ခ ထရီလောနီဟာ အချိန်မှန် ကြင်နာစွာ မေးတယ်။ "မင်း ဘာမြင်လဲ"

အခန်းထဲမှာ အပူလှိုင်းက လူကို မြိုက်နေသလိုပဲ။ မီးထဲက ထွက်လာတဲ့ အမွှေးနံ့ပါတဲ့ မီးခိုးတွေကြောင့် ဟယ်ရီ နှာခေါင်း စူးနေတယ်။ ဟန်ဆောင်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။

"အော ----" ဟယ်ရီက ပြောတယ်။ "အမည်းရောင် အတုံးကြီး ----- ဟင်--------"

"အဲဒီအရာက ဘာသဏ္ဍာန်လဲ" ပါမောက္ခ ထရီလောနီက တိုးတိုးမေးတယ်။ "အခု၊ စဉ်းစားလိုက် ......."

ဟယ်ရီ တွေးမိပြီ။ ချက်ချင်း ဘတ်ခ်ဘိခ်ကို တွေးမိတယ်။

"ဟစ်ပိုဂရစ်ဖ်ပါ" သူက ပြတ်သားစွာ ပြောတယ်။

"ဟုတ်လား" ပါမောက္ခ ထရီလောနီက တိုးတိုး ပြောတယ်။ သူမပေါင်ပေါ်ရှိ သိုးရေစက္ကူပေါ်မှာ တစ်ခုခု အလျင်အမြန် ရေးလိုက်တယ်။ "ကိုယ့်ကလေး၊ မင်းဟာ သနားစရာ ဟက်ဂရစ်နဲ့ မှော်ဝန်ကြီးဌာနကြားက အရှုပ်အရှင်းရဲ့ ရလဒ်ကို မြင်တွေ့နေရတယ် ထင်တယ်။ သေချာ ကြည့်လိုက်ဦး ....... အဲဒီ ဟစ်ပိုဂရစ်ဖ်မှာ ..... ခေါင်း ရှိလား"

"ရှိတယ်" ဟယ်ရီက ခိုင်မာစွာ ပြောတယ်။

"သေွးမရှိဘူးလား၊ ငိုနေတဲ့ ဟက်ဂရစ် မရှိဘူးလား"

"မရှိဘူး" ဟယ်ရီက ပြောပြန်တယ်။ ဘယ်တုန်းကထက်မဆို ဒီကျောင်းခန်းနဲ့ ဒီက လှောင်ပိတ်ပူအိုက်မှုက ထွက်ခွာချင်နေတယ်။ "ငင်းကို ကြည့်ရတာ ကောင်းပါတယ်။ ငင်း ------ ပျံသွားပြီ........"

ပါမောက္ခ ထရီလောနီဟာ သက်ပြင်းချလိုက်တယ်။ "ကောင်းပြီ၊ အချစ်လေး။ ဒီတွင် တော်ပြီ ......... နည်းနည်းတော့ စိတ်ပျက်စရာပဲ ......... ဒါပေမယ့် မင်း ကြိုးစားထားပြီဆိုတာ အသိအမှတ်ပြုပါတယ်"

ဟယ်ရီ သက်ပြင်းချနိုင်ပြီ။ မတ်တတ် ရပ်လိုက်တယ်။ လွယ်အိတ်ကို ယူပြီး သွားဖို့ လှည့်လိုက်တယ်။ ဒါပေမယ့် အသံကျယ်ကျယ် အက်အက်က သူ့ကျောဘက်မှာ ပေါ်ထွက်လာတယ် --------

"ဒီကိစ္စ ဒီညမှာ ဖြစ်လိမ့်မယ်"

ဟယ်ရီက အလျင်အမြန် လှည့်ကြည့်တယ်။ ပါမောက္ခ ထရီလောနီဟာ လက်ရန်းပါ ထိုင်ခုံထဲမှာ ငြိမ်နေတယ်။ အကြည့်က စုစည်းမှု မရှိဘူး။ မေးစေ့ပြုတ်ကျနေတယ်။

"ဝမ်း --- ဝမ်းနည်းပါတယ်" ဟယ်ရီက ပြောတယ်။

ဒါပေမယ့် ပါမောက္ခ ထရီလောနီဟာ ကြားပုံမပေါ်ဘူး။ သူမ မျက်စိ စတင် လည်လာတယ်။ ဟယ်ရီက လန့်ပြီး ရပ်နေတယ်။ သူမ ကြည့်ရတာ ရောဂါတစ်ခုခု ထနေသလိုပဲ။ ဟယ်ရီ တွေဝေသွားတယ်။ ကျောင်းဆေးရုံကို ပြေးပြောရမလားလို့ တွေးတယ် ...... ဒီအချိန်မှာ ပါမောက္ခ ထရီလောနီ စကားပြောပြန်တယ်။ ခုနကလိုပဲ အသံအက်အက်၊ သူမအသံနဲ့ အတော်ကွာတယ်။

"မှော်နက်ဆရာကြီး တစ်ယောက်ထဲ လှဲနေတယ်။ မိတ်ဆွေ မရှိဘူး။ အဖော်တွေက စွန့်ပစ်ထားတယ်။ ဒီဆယ့်နှစ်နှစ်အတွင်းမှာ သူ့ကျွန်ဟာ အကျဉ်းချခံထားရတယ်။ ဒီည၊ ညဉ့်လယ်ယံမတိုင်မီ၊ အဲဒီကျွန်ဟာ အချုပ်အနှောင်က ရုန်းထွက်ပြီး မိမိသခင်ကို စတင်ရှာဖွေမယ်။ မှော်နက်ဆရာကြီးဟာ သူ့ကျွန်ရဲ့ အကူအညီနဲ့ အသစ်တစ်ဖန် ပြန်ထူထောင်လာမယ်။ အရင်ကထက် အများကြီး အားကောင်းမယ်။ ဒီည ----- ညဉ့်လယ်ယံ မတိုင်မီ ---- အဲဒီကျွန် --- စပြီး -------- သူ့သခင်ကို ---- ပြန်လည် ရှာတွေ့လိမ့်မယ် -------"

ပါမောက္ခ ထရီလောနီရဲ့ ခေါင်းဟာ ရင်ဘတ်ပေါ် တွဲကျနေတယ်။ သူမ ဟင်းသံ ထွက်လာတယ်။ ဒီနောက်၊ ရုတ်တရက်ကြီး သူမ ခေါင်းထောင်လာပြန်တယ်။

"ဝမ်းနည်းပါတယ်၊ အချစ်လေး" သူမဟာ အိပ်မက်မက်သလို ပြောတယ်။ "နေ့အချိန် သိပ်ပူတယ်၊ မင်းသိပါတယ် --- ကိုယ်ခဏ အိပ်ပျော်သွားတယ် ........."

ဟယ်ရီဟာ နေရာတွင် ရပ်နေပြီး၊ ကြောင်နေတယ်။

"ဘာများ အဆင်မပြေတာ ရှိလဲ၊ အချစ်လေး"

"သင် ---- သင် ခုနက ကျွန်တော့်ကို ပြောပြတယ် ----- ဟို မှော်နက်ဆရာကြီး ပြန်ထူထောင်လာတယ် ---- သူ့ကျွန်ဟာ သူ့အနား ပြန်ရောက်လာတော့မယ် လို့ ပြောတယ် --------"

ပါမောက္ခ ထရီလောနီဟာ လုံးဝ ထိတ်လန့်ပုံ ပေါ်နေတယ်။

"မှော်နက်ဆရာကြီးလား၊ အဲဟို နာမည်တောင် မခေါ်ဝံ့တဲ့လူလား၊ ကိုယ့်အချစ်ကလေး။ ဒါ ရယ်စရာ မဟုတ်ဘူး --- ပြန်ထူထောင်လာမယ်၊ တကယ် ........"

"ဒါပေမယ့် သင်ခုနက ပြောတယ်လေ၊ သင်က မှော်နက်ဆရာကြီး ........"

"ကိုယ် ထင်တာ မင်းလဲ ခဏ အိပ်ပျော်သွားတယ် ထင်တယ်၊ အချစ်လေး" ပါမောက္ခ ထရီလောနီက ပြောတယ်။ "ဒီလောက် ဝေးလံတဲ့ ကိစ္စကို ကိုယ် ကြိုမဟောမိဘူးလို့ ပြောနိုင်တယ်"

ဟယ်ရီ လေ့ခါးက ဆင်းခဲ့တယ်။ စိတ်ထဲမှာ တွေးတယ် ......... သူဟာ ခုနက ပါမောက္ခ ထရီလောနီရဲ့ တကယ့် ကြိုဟောချက်ကို ကြားရသလား မသိဘူး။ နို့မို့ရင် သူမ ဒီလို လုပ်တာဟာ စာမေးပွဲကို နက်ရှိုင်းစွာ မှတ်မိအောင် အဆုံးသတ်တာပဲ ဖြစ်မလား။

ငါးမိနစ်ကြာတော့၊ သူဟာ လူပုလေး လှံခြံရေးရှေ့က ဖြတ်ပြေးပြီး ဂရစ်ဖင်းဒေါ် အိမ်ချွန် အဝင်ဝရှေ့ ရောက်လာတယ်။ ပါမောက္ခ ထရီလောနီရဲ့ စကားဟာ သူ့နားထဲမှာ ကြားနေတုန်းပဲ။ လူတွေဟာ သူ့ရှေ့က ခြေလှမ်းကျဲကျဲ ဖြတ်သွားတယ်။ သူနဲ့ ဆန့်ကျင်ဖက်ကို သွားနေတာ။ တစ်လမ်းလုံး ရယ်ရယ်မောမော ပြောဆိုကာ အပြင်ဘက်ကို ထွက်သွားတယ်။ မိမိတို့ မျှော်လင့်ခဲ့ရတဲ့ လွတ်လပ်မှုဆီ လျှောက်သွားတယ်။ သူ အရုပ်ကား အပေါက်ဝကနေ အများနားနေခန်းထဲ ဝင်သွားတော့ အဲဒီနေရာမှာ လူမရှိတော့ဘူး။ သို့ပေမယ့် ထောင့်တစ်ခုမှာ ရွန်နဲ့ ဟာမီး ထိုင်နေတယ်။

"ပါမောက္ခ ထရီလောနီ" ဟယ်ရီက မောမောနဲ့ ပြောတယ်။ "ခုနက ငါ့ကို ပြောတယ် ......."

ဒါပေမယ့် သူတို့ မျက်နှာကို မြင်ရတော့ တွန့်သွားတယ်။

"ဘတ်ခ်ဘိခ် ရှုံးသွားပြီ" ရွန်က မှိုင်မှိုင်နဲ့ ပြောတယ်။ "ဟက်ဂရစ်က ခုတွင်ပဲ ဒါ လာပို့သွားတယ်"

ဟက်ဂရစ် စာတိုလေးဟာ အခုတစ်ခါ ခြောက်နေတယ်။ မျက်ရည်တွေ စိုမနေဘူး။ ဒါပေမယ့် သူ့လက် သိပ်တုန်နေတယ် ထင်တယ်။ ဒါကြောင့် စာရွက်ပေါ်က စာတွေ ဖတ်လို့မရဘူး။

ရှုံးသွားပြီ။ နေဝင်တဲ့အခါမှာ သေဒဏ်ပေးလိမ့်မယ်။ မင်းတို့ဘာမှ မကူညီနိုင်ဘူး။ မလာနဲ့။ မင်းတို့ သေဒဏ်ပေးတာ မမြင်စေချင်ဘူး။

**ဟက်ဂရစ်**

"ငါတို့ သွားကို သွားရမယ်" ဟယ်ရီက ချက်ချင်း ပြောတယ်။ "သူ့ဘာသာ ထိုင်ပြီး ပါးကွက်သားကို စောင့်နေစေလို့ မဖြစ်ဘူး"

"ဒါပေမယ့် နေဝင်ရင်" ရွန်က ပြောတယ်။ သူက ပြတင်းအပြင်ကို ကြည့်နေတယ်။ "ဘယ်လိုမှ တို့ကို အပြင်ထွက်ခွင့် ပေးမှာ မဟုတ်ဘူး ......... အထူးသဖြင့် မင်း၊ ဟယ်ရီ ......."

ဟယ်ရီက ခေါင်းပေါ် လက်ပိုက်ပြီး စဉ်းစားတယ်။

"ငါတို့မှာ ကိုယ်ပျောက်ဝတ်ရုံ ရှိရင် .........."

"ကိုယ်ပျောက် ဝတ်ရုံ ဘယ်မှာလဲ" ဟာမီးက မေးတယ်။

ဟယ်ရီက သူမကို အရင်တစ်ခါ ကိုယ်ပျောက်ဝတ်ရုံကို မျက်လုံးတစ်လုံး မှော်ဆရာမရုပ်ထုအောက်က လိုဏ်ခေါင်းထဲမှာ ထားခဲ့တဲ့ အကြောင်း ပြောပြတယ်။

"........... စနိတ်ပ် ငါ့ကို အဲဒီနားမှာ နောက်ထပ်တွေ့သွားရင်၊ ပြဿနာကြီးလိမ့်မယ်" သူက နောက်ဆုံးမှာ ပြောလိုက်တယ်။

"မှန်တယ်" ဟာမီးက သဘောတူတယ်။ မတ်တတ်ရပ်လိုက်တယ်။ "တကယ်လို့ သူ နင့်ကို မြင်ရင် ...... နင် ဘယ်လို လုပ်ပြီး မော်ဆရာမ ကျောကုန်းကို ဖွင့်မလဲ"

"နင် .......... အသားလေး ပုတ်ပြီးပြော၊ 'ဝဲယာခွဲသွား' " "ဒါပေမယ့် ............"

ဟာမီးဟာ သူပြောတာ မဆုံးခင်မှာပဲ အခန်းကို ခြေလှမ်းကျဲကျဲ ဖြတ်သွားပြီး မိန်းမဝဝ အရုပ်ကားကို တွန်းဖွင့်ကာ ပျောက်သွားတယ်။

"သူ ကိုယ်ပျောက်ဝတ်ရုံ သွားယူတာ မဟုတ်ပါဘူးနော်" ရွန်က သူမ ထွက်သွားတဲ့ဘက်ကို ကြည့်ပြီး ပြောတယ်။

ဟာမီးက အဲဒီကို သွားတာ။ ၁၅မိနစ်ကြာတော့ သူမ ပြန်လာတယ်။ ကိုယ်ပျောက်ဝတ်ရုံကို သေချာခေါက်ပြီး သူမ ဝတ်ရုံအောက် ဝှက်ထားတယ်။

"ဟာမီး၊ နင် ခုတလော ဘာဖြစ်နေတာလဲ" ရွန်က အံ့ဩစွာ ပြောတယ်။ "နင် မော်ဖိုင်ကို ရိုက်တယ်။ ဒီနောက် ပါမောက္ခ ထရီလောနီ ကျောင်းခန်းက ထွက်သွားတယ် ........"

ဟာမီး ကြည့်ရတာ သူ ဒီလိုပြောတာ သိပ်ကြိုက်သလိုပဲ။

သူတို့ဟာ တခြားလူတွေနဲ့အတူ အောက်ဆင်း ညစာစားတယ်။ ဒါပေမယ့် ညစာစားပြီး ဂရစ်ဖင်းဒေါ အိမ်ချွန်ကို မပြန်ဘူး။ ဟယ်ရီဟာ ကိုယ်ပျောက်ဝတ်ရုံကို ဝတ်ရုံရှည်ရဲ့ ရင်ဘတ်အောက်မှာ ဝှက်ထားတယ်။ ဝတ်ရုံအောက်ဖုနေတဲ့ နေရာကို ဖုံးထားဖို့ သူဟာ လက်ကို ပိုက်ထားရတယ်။ သူတို့ဟာ ရှေ့ခန်းအနီးက အခန်းလွတ်တစ်ခုထဲကို ခိုးချောင်ခိုးဝှက် ဝင်သွားပြီး ခဏ နားစွင့်နေတယ်။ သူတို့အနီးမှာ လူမရှိတာ သေချာတဲ့အထိ စောင့်နေတယ်။ နောက်ဆုံး လူနှစ်ယောက် ခန်းမကြီးကို ခပ်လောလော ဖြတ်ပြီးသွားတာ ကြားရတယ်။ တံခါးတစ်ချပ် ပိတ်သွားတာလည်း ကြားရတယ်။ ဟာမီးက တံခါးအပြင်ကို ခေါင်းပြူကြည့်တယ်။

"ဘာမှမဖြစ်ဘူး" သူမက တိုးတိုး ပြောတယ်။ "အဲဒီမှာ လူမရှိဘူး --- ကိုယ်ပျောက်ဝတ်ရုံဝတ် ----"

သုံးယောက်သား ပူးကပ်သွားနေတယ်။ လူတွေ့မှာ စိုးကြတယ်။ သူတို့ဟာ ကိုယ်ပျောက်ဝတ်ရုံအောက်မှာ ခြေဖျားထောက်ပြီး ခန်းမကြီးကို ဖြတ်ခဲ့တယ်။ ဒီနောက် တံခါးမကြီးရှေ့က ကျောက်လှေခါးထစ်က ဆင်းတယ်။ နေဟာ တားမြစ်သစ်တောနောက်ကို ကျသွားပြီ။ ဝင်လုနေရောင်ဟာ သစ်ပင်ထိပ်ဖျားကို ထိုးနေတယ်။

သူတို့ဟာ ဟက်ဂရစ်အိမ်လေးရှေ့ ရောက်လာတယ်။ တံခါးခေါက်လိုက်တယ်။ ဟက်ဂရစ်က တစ်မိနစ်ကြာမှ တံခါးလာဖွင့်တယ်။ တံခါးဖွင့်ပြီး လူမတွေ့တော့ သူ့မျက်နှာ သွေးဆုတ်ပြီး လူလည်း တုန်လာတယ်။

"ကျွန်တော်တို့ပါ" ဟယ်ရီက တိုးတိုး ပြောတယ်။ "ကျွန်တော်တို့ ကိုယ်ပျောက်ဝတ်ရုံ ဝတ်ထားတယ်"

"မင်းတို့ မလာသင့်ဘူး" ဟက်ဂရစ်က တိုးတိုး ပြောတယ်။ ဒါပေမယ့် သူ နောက်တစ်လှမ်း ဆုတ်ပေးတယ်။ သူတို့ အတွင်း ဝင်လိုက်တယ်။ ဟက်ဂရစ်က တံခါးကို အမြန် ပိတ်လိုက်တယ်။ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ဆွဲချလိုက်တယ်။

ဟက်ဂရစ် မငိုဘူး။ သူတို့ကို ပြေးဖက်ပြီး လည်ပင်းဆွဲမထားဘူး။ သူ့ ကြည့်ရတာ မိမိကိုယ်မိမိ ဘယ်ရောက်နေတယ်၊ ဘာလုပ်ရမယ်ဆိုတာ မသိတဲ့ လူလိုပဲ။ ဒီလို ခိုကိုးရာမဲ့တဲ့ အခြေအနေကို မြင်ရတာ ငိုတာ မြင်ရတာထက် ဆိုးတယ်။

"လက်ဖက်ရည် သောက်မလား" သူက ပြောရင်း လက်ဖက်ရည်ခရား သွားယူတယ်။ လက်နှစ်ဖက် တအား တုန်နေတယ်။

"ဘတ်ခ်ဘိခ်ရော၊ ဟက်ဂရစ်" ဟာမီးက တွန့်ဆုတ်စွာ မေးတယ်။

"ကျုပ် .... ကျုပ် ခုနက ၎င်းကို အပြင်ဘက် ခေါ်သွားတယ်" ဟက်ဂရစ်က ပြောတယ်။ နွားနို့ကို ခွက်ထဲ ထည့်တဲ့အခါမှာ စားပွဲပေါ် ဖိတ်ကုန်တယ်။ "ဖရုံသီးခင်းထဲမှာ ကြိုးနဲ့ ချည်ထားတယ်။ ၎င်း သစ်ပင်တွေ ကြည့်သင့်တယ် ... လေကောင်းလေသန့် ရှူရှိုက်သင့်တယ် ထင်လို့ ....၎င်း မသွား ..........."

ဟက်ဂရစ် လက်တွေ သိပ်တုန်လို့ နွားနို့အိုးဟာ လက်ထဲက ကြမ်းပေါ် ပြုတ်ကျသွားပြီး ကြေမွကုန်တယ်။

"ကျွန်မ လာပြီ၊ ဟက်ဂရစ်" ဟာမီးက အမြန်ပြောပြီး သွားသိမ်းဆည်းတယ်။

"ကြောင်အိမ်ထဲမှာ တစ်အိုးရှိသေးတယ်" ဟက်ဂရစ်က ပြောရင်း ထိုင်လိုက်တယ်။ အင်္ကျီလက်နဲ့ နဖူးကို သုတ်နေတယ်။ ဟယ်ရီက ရွန့်ကို ကြည့်တယ်။ ရွန်က မတတ်နိုင်ဘူ ဟယ်ရီကို ပြန်ကြည့်နေတယ်။

"ဘယ်သူ နည်းနာရှိသလဲ၊ ဟက်ဂရစ်" ဟယ်ရီက ဒေါသနဲ့ မေးရင်း သူ့နားဝင်ထိုင်တယ်။ "ဒမ်ဘယ်လီဒိုး ----- "

"သူ ကြိုးစားပြီးပြီ" ဟက်ဂရစ်က ပြောတယ်။"သူ့မှာ ကော်မတီကို ချုပ်ကိုင်တဲ့ အင်အား မရှိဘူး။ သူက သူတို့ကို ဘတ်ခ်ဘိခ် အန္တရာယ်မရှိဘူးလို့ ပြောပြတယ်။ ဒါပေမယ့် သူတို့က ကြောက်တယ် ...... မင်းတို့ လူးရှပ်စ်-မော်ဖိုင် ဘယ်လိုဆိုတာ သိပါတယ် ........... သူက သူတို့ကို ခြိမ်းခြောက်တယ်။ ကျုပ်ထင်တယ်......... ဟို ပါးကွက်သား မက်ခ်နေအာ၊ သူက မော်ဖိုင်ရဲ့ အပေါင်းအသင်းဟောင်းကြီး ........... ဒါပေမယ့် ကွပ်မျက်ခြင်းသာ လျင်မြန်ပြတ်သားမှာပါ .... ပြီးတော့ ကျုပ် သူ့ဘေးမှာ .........."

ဟက်ဂရစ်က တံတွေးမျိုချလိုက်တယ်။ သူ့မျက်စိဟာ အိမ်ကလေးထဲမှာ ဟိုဒီ ကြည့်နေတယ်။ မျှော်လင့်ချက်နဲ့ နှစ်သိမ့်မှု တစ်စွန်းတစ်စ လိုက်ရှာနေသလိုဘဲ။

"ဟို ---- အဲဒီ ကိစ္စ အကောင်အထည် ဖော်မယ့်အခါမှာ ဒမ်ဘယ်လီဒိုး မုချလာမှာပါ။ ဒီမနက် စာရေးပြောတာက သူ ---- ကျုပ်နဲ့အတူ ရှိနေမယ်တဲ့။ လူကောင်း ဒမ်ဘယ်လီဒိုး ........"

ဟာမီးဟာ ဟက်ဂရစ် ကြောင်အိမ်ထဲမှာ ကျန်နွားနို့ အိုးတစ်အိုးကို ရှာနေတယ်။ ဒီအချိန်မှာ တိုးတိုး ရှိုက်လိုက်တယ်။ ချက်ချင်း ထိန်းထားလိုက်တယ်။ သူက နို့အိုးအသစ် ယူပြီး ခါးဆန့်လိုက်တယ်။ မျက်ရည်ကို အောင့်ထားတယ်။

"ကျွန်မတို့လဲ ခင်ဗျားနဲ့ အတူ ရှိတယ်၊ ဟက်ဂရစ်" သူမက စ ပြောတယ်။ ဒါပေမယ့် ဟက်ဂရစ်က သူ့ငှက်သိုက်ခေါင်းကြီးကို ခါတယ်။

"မင်းတို့ ရဲတိုက်ပြန်သင့်တယ်။ မင်းတို့ကို ပြောပြမယ်။ ကျုပ် မင်းတို့ ကွပ်မျက်တာ မမြင်စေချင်ဘူး။ ပြီးတော့ ဘာပဲဖြစ်ဖြစ်၊ မင်းတို့ ဒီမှာ မရှိသင့်ဘူး ......... ဖဒ်ဂ်နဲ့ ဒမ်ဘယ်လီဒိုး မင်းတို့ဘာသာ ရဲတိုက်က ထွက်ခွာလာတာနဲ့တိုးရင်၊ ဟယ်ရီ၊ မင်း ပြဿနာ ရှုပ်ဦးမှာ"

အခု ဟာမီးဟာ အသံမထွက်ဘဲ မျက်ရည်ကျနေတယ်။ ဒါပေမယ့် ဟက်ဂရစ်မမြင်အောင် သူမဟာ လက်ဖက်ရည်ဖျော်တာနဲ့ အလုပ်ရှုပ်နေတယ်။ ဒိနောက် သူမ နွားနို့ပုလင်းကိုင်ပြီး နို့အိုးထဲ လောင်းထည့်မယ် လုပ်တုန်းမှာ စူးရှစွာ ထအော်တယ်။

“ရွန်၊ ငါ --- ငါ မယုံနိုင်ဘူး --- အဲဒါ အစက်အပြောက်လေး”

ရွန်က မျက်လုံးပြူးပြီး သူမကို ကြောင်ကြည့်နေတယ်။

“နင် ဘာပြောတာလဲ”

ဟာမီးက နို့အိုးကို စားပွဲပေါ် တင်လိုက်တယ်။ အိုးကို မှောက်ချလိုက်တယ်။ အစက်အပြောက်လေးဟာ ကြောက်လန့်စွာ အော်ပြီး နို့အိုးထဲ ပြန်ဝင်ဖို့ရုန်းရင်း စားပွဲပေါ် လျှောကျသွားတယ်။

“အစက်အပြောက်လေး” ရွန်က နဝေတိမ်တောင် ခေါ်တယ်။ “အစက်အပြောက်လေး၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ”

သူက အတင်းရုန်းနေတဲ့ ကြွက်ကို ဖမ်းပြီး လင်းတဲ့နေရာမှာ မြှောက်ကြည့်တယ်။ အစက်အပြောက်လေး ပုံပန်းက ပျက်နေပြီ။ အရင်ကထက် ပိုပိန်တယ်။ အမွေးတွေ အများကြီး ကျွတ်ကုန်ပြီ။ အရေပြားပြောင်ပြောင်ပဲ ကျန်တော့တယ်။ ၎င်းဟာ ရွန့်လက်ထဲမှာ တွန့်လိမ်နေတယ်။ လွတ်လပ်ခွင့် တအား ရချင်နေသလိုပဲ။

“ဘာမှ မဖြစ်ဘူး၊ အစက်အပြောက်လေး” ရွန်က ပြောတယ်။ “ကြောင် မရှိဘူး။ ဒီမှာ မင်းကို ဒုက္ခပေးမယ့်သူ မရှိဘူး”

ဟက်ဂရစ် ရုတ်တရက် မတ်တတ်ရပ်လိုက်တယ်။ မျက်လုံးက ပြတင်းအပြင်ဘက်ကို ကြည့်နေတယ်။ အစက သူ့မျက်နှာ နီမြန်းတယ်။ အခုတော့ သိုးရေစက္ကူအရောင် ဖြစ်နေတယ်။

“သူတို့ လာပြီ....”

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ အလျင်အမြန် လှည့်ကြည့်တယ်။ အဝေးမှာ၊ ယောကျ်ားတစ်အုပ် ရဲတိုက်ကျောက်လှေခါးက ဆင်းလာနေတယ်။ ရှေ့ဆုံးက လာသူဟာ ဒမ်ဘလီဒိုး။ ၎င်းရဲ့ ငွေရောင်မုတ်ဆိတ်ဟာ ညနေ နေရောင်အောက်မှာ လက်နေတယ်။ သူ့ဘေးမှာက ကွန်နယ်လစ်-ဖဒ်ဂ်။ ဒီနောက်မှာ အိုမင်းနုံးနဲ့တဲ့ ကော်မတီဝင်နဲ့ ပါးကွက်သား မက်ခ်နေအာ။

“မင်းတို့ သွားမှ ဖြစ်မယ်” ဟက်ဂရစ်က ပြောတယ်။ ခေါင်းဆုံးခြေဆုံး နေရာတိုင်း တုန်နေတယ်။ “သူတို့ အတွေ့ လုံးဝခံလို့ မဖြစ်ဘူး ....... သွားကြ၊ အခု........”

ရွန်က အစက်အပြောက်လေးကို အိတ်ကပ်ထဲ ထည့်လိုက်တယ်။ ဟာမီးက ကိုယ်ပျောက်ခြုံထည်ကို ယူလိုက်တယ်။

“ကျုပ် မင်းတို့ကို နောက်ဖက်က လိုက်ပို့မယ်” ဟက်ဂရစ်က ပြောတယ်။

သူတို့ဟာ သူ့နောက်ကလိုက်ပြီး နောက်ဖေး ပန်းခြံဆီပေါက်တဲ့ တံခါးရှေ့ ရောက်လာတယ်။ ဟယ်ရီဟာ အိပ်မက်မက်နေတယ်လို့ ထင်တယ်။ ကိုက်အချို့မှာ ရှိတဲ့ ဘတ်ခ်ဘိခ်ကို မြင်တော့ ဒီလို ခံစားချက်က ပိုပြင်းထန်လာတယ်။ ဘတ်ခ်ဘိခ်ဟာ ဟက်ဂရစ် ဖရုံခင်းထဲက အပင်တစ်ပင်နောက်မှာ ချည်ထားတယ်။ ဘတ်ခ်ဘိခ်ဟာ တစ်ခုခုဖြစ်မယ် ဆိုတာ သိသလိုပဲ။ ၎င်းဟာ ခေါင်းကို ဟိုလှည့်ဒီလှည့် လုပ်နေတယ်။ လက်သည်းနဲ့လည်း မြေကြီးကို ကုတ်နေတယ်။

“ကိစ္စမရှိဘူး၊ ဘိခ်” ဟက်ဂရစ်က နွေးထွေးစွာ ပြောတယ်။ “ကိစ္စ မရှိဘူး .........” သူက ဟယ်ရီ၊ ရွန်နဲ့ ဟာမီးဘက် လှည့်လိုက်တယ်။ “သွားတော့” သူက ပြောတယ်။ “မြန်မြန်သွား”

ဒါပေမယ့် သူတို့ မလှုပ်ဘူး။

“ဟက်ဂရစ်၊ ကျွန်တော်တို့ မ–––”

“ကျွန်တော်တို့ သူတို့ကို အဖြစ်မှန် ပြောပြမယ်”

“သူတို့ ၄င်းကို သတ်လို့ မဖြစ်ဘူး”

“သွား” ဟက်ဂရစ် တအား ဒေါသထွက်ပြီး ပြောတယ်။ “မင်းတို့ ပြဿနာပေါ်ရင် ပိုဆိုးသွားမယ်”

သူတို့ ရွေးချယ်စရာ မရှိတော့ဘူး။ ဟာမီးက ကိုယ်ပျောက်ဝတ်ရုံကို ဟယ်ရီနဲ့ ရွန့်ခေါင်းပေါ် ခြုံလိုက်တယ်။ ဒီအချိန်မှာ အိမ်ကလေး တံခါးရှေ့မှာ လူသံကြားရပြီ။ ဟက်ဂရစ်က သူတို့ ခုတင် ပျောက်သွားတဲ့နေရာကို ကြည့်နေတယ်။

“မြန်မြန်သွား” သူက အသံအက်အက်နဲ့ ပြောတယ်။ “နားမထောင်နဲ့ ....”

သူဟာ အိမ်ကလေးဆီ ဖြည်းဖြည်း ပြန်သွားတယ်။ သူ့တံခါးကို ခေါက်နေကြပြီ။

ကြောက်လန့်ဖွယ် စိတ်အလျဉ်နဲ့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ဟက်ဂရစ်အိမ်လေးကို တိတ်တိတ်လေး ပတ်ပြီး ဖြည်းဖြည်းသွားနေတယ်။ သူတို့ဟာ အိမ်ကလေးတစ်ဖက်ကို ရောက်သွားတော့ ရှေ့တံခါး ဒိုင်းခနဲ ပိတ်သွားတယ်။

“ကျေးဇူးပြုပြီး တို့ မြန်မြန် သွားရအောင်” ဟာမီးက ပြောတယ်။ “ငါ မခံနိုင်တော့ဘူး၊ ငါ အောင့်မခံနိုင်တော့ဘူး ...........”

သူတို့ဟာ ကုန်းလျှောမြက်ခင်းကို တက်ပြီး ရဲတိုက်ဆီ ချီတက်ကြတယ်။ အခု နေကျတာ အလွန်မြန်တယ်။ ကောင်းကင်ဟာ ကြည်လင်နေတယ်။ မီးခိုးရောင် နောက်ခံမှာ ခရမ်းရောင် သမ်းနေတယ်။ ဒါပေမယ့် အနောက်ဖက်မှာ အနည်းငယ် နီရဲနေသေးတယ်။

ရွန် ရပ်နေတယ်။ မလှုပ်ဘူး။

“အော၊ လုပ်ပါ၊ ရွန်” ဟာမီးက စပြောတယ်။

“အစက်အပြောက်လေး –––– ၄င်း မ–––––– မနေဘူး ––––”

ရွန်က ခါးကုန်းပြီး အစက်အပြောက်လေးကို အင်္ကျီအိတ်ထဲမှာ နေအောင်လုပ်တယ်။ ဒါပေမယ့် ကြွက်က တအား ဆိုးလာတယ်။ အရူးအမူး အော်နေတယ်။ တွန့်လိမ်ရုန်းကန်နေတယ်။ ရွန့်လက်ကို ကိုက်ချင်နေတယ်။

“အစက်အပြောက်လေး၊ ငါပါဟ။ အရူး၊ ရွန်ပါ” ရွန်က တိုးတိုးပြောတယ်။

သူတို့ ကျောဘက်က တံခါးရွက်ဖွင့်သံ ကြားတယ်။ ယောကျ်ားစကားပြောသံ ကြားရတယ်။

“အော၊ ရွန်၊ တို့သွားရအောင်၊ သူတို့ ကွပ်မျက်တော့မယ်” ဟာမီးက ပြောတယ်။

“ကောင်းပြီ ––– အစက်အပြောက်လေး ကောင်းကောင်းနေ ––––”

သူတို့ ရှေ့သို့ ဆက်သွားတယ်။ ဟယ်ရီဟာ ဟာမီးလိုပဲ ကျောဘက်ကလူတွေ စကားပြောတာကို နားမထောင်မိအောင် နေတယ်။ ရွန်က ရပ်သွားပြန်တယ်။

“ငါ ၎င်းကို ဖမ်းထားလို့ မရဘူး --အစက်အပြောက်လေး၊ ပါးစပ်ပိတ်ထား၊ သူများ ကြားသွားတော့မယ် -”

အဲဒီ ကြွက်ဟာ အရူးအမူး အော်ဆူနေတယ်။ ဒါပေမယ့် ဟက်ဂရစ် ပန်းခြံဆီက လာတဲ့ အသံကိုတော့ လွှမ်းမသွားသေးဘူး။ ဆူဆူညံညံ ယောကျ်ားသံတွေ၊ ခဏတာ ငြိမ်သွားတယ်။ ဒီနောက် သတိပေးခြင်းမရှိဘဲ ရဲဒင်းလွှဲတဲ့အသံနဲ့ ဒုတ်ဆိုတဲ့အသံ။

ဟာမီးဟာ နေရာတွင် လှုပ်ယိုင်သွားတယ်။

“သူတို့ စ လုပ်ပြီ” သူမက ဟယ်ရီ့နားနား ကပ်ပြောတယ်။ “ငါ မ --- မယုံဘူး --- သူတို့ လုပ်ပြီ...........”

• • • • • • •

ဟယ်ရီဟာ တုန်လှုပ်လွန်းလို့ ခေါင်းထဲ ဘာမှ မရှိတော့ဘူး။ သူတို့ သုံးယောက် ကိုယ်ပျောက်ဝတ်ရုံအောက်မှာ လန့်ပြီး ငိုင်နေကြတယ်။ ညနေစောင်း နေရောင်ဟာ အရိပ်ရှည်ရှည်ကြီးရှိတဲ့ ကွင်းပေါ်မှာ အနီရောင် ပက်ဖျန်းပေးတယ်။ ဒိနောက် ကျောဘက်က ကြမ်းရိုင်းတဲ့ အော်ငိုသံ ကြားရတယ်။

"ဟက်ဂရစ်" ဟယ်ရီက ရေရွတ်တယ်။ သူဟာ တွေးမနေဘဲ ပြန်သွားမယ် လုပ်တယ်။ ဒါပေမယ့် ရွန်နဲ့ ဟာမီးက သူ့လက်မောင်းကို ဆွဲထားတယ်။

"ငါတို့ ဒီလို လုပ်လို့ မရဘူး" ရွန်က ပြောတယ်။ မျက်နှာဟာ စက္ကူလို ဖြူနေတယ်။ "တကယ်လို့ သူတို့က ငါတို့ သူ့ကို သွားတွေ့တာ သိရင်၊ သူ ပို ပြဿနာတက်လိမ့်မယ် ....."

ဟာမီး အသက်ရှူ မှားနေပြီ။

"သူတို့ ---- ဘယ့်နှယ် ---- ဒီလိုလုပ်ရလဲ" သူမ က ရှိုက်နေတယ်။ "သူတို့ ဘယ့်နှယ်လုပ်တာလဲ"

"သွားစို့" ရွန်က ပြောတယ်။ သွားချင်း ရိုက်နေသလိုပဲ။

သူတို့ဟာ ရဲတိုက်ဆီ ပြန်လှည့်သွားတယ်။ ဖြည်းဖြည်းချင်း လျှောက်သွားတယ်။ ဒါမှ သုံးယောက်စလုံး ကိုယ်ပျောက်ဝတ်ရုံ ဖုံးမိမယ်။ အခု အလင်းရောင် အလျင်အမြန် လျော့သွားပြီ။ သူတို့ကွင်းကျယ်ထဲ ရောက်တော့ အမှောင်ဟာ ကျိန်စာလို သူတို့ ဘေးပတ်လည်ကို ရောက်ရှိလာတယ်။

"အစက်အပြောက်လေး မလှုပ်နဲ့" ရွန်က တိုးတိုးပြောရင်း လက်နဲ့ ရင်ဘတ်ကို ဖိထားတယ်။ အဲဒီ ကြွက်ဟာ အရူးအမူး ရုန်းကန်နေတယ်။ ရွန်ဟာ ရုတ်တရက် ရပ်လိုက်တယ်။ အစက်အပြောက်လေးကို အိတ်ကပ်ထဲ ပိုနက်နက်မှာ နေအောင် လုပ်တယ်။ "ကြွက်အ၊ မင်း ဘာဖြစ်နေတာလဲ။ မလှုပ်နဲ့ --- အမလေး၊ ငါ့ကို ကိုက်တယ်"

"ရွန် ၊ အသံမထွက်နဲ့" ဟာမီးက အမြန်နားနားကပ် ပြောတယ်။ "ဖဒ်ဂ် ချက်ချင်း ဒီနားရောက်လာတော့မှာ "

"သူ မလာဘူး ---- ငြိမ်ငြိမ်နေ ----- မလှုပ်နဲ့ -----"

အစက်အပြောက်လေးဟာ သိပ်လန့်နေပုံပေါ်တယ်။ ၎င်းဟာ အားကုန်ထုတ် ရုန်းကန်နေတယ်။ ရွန့်လက်ထဲက ရုန်းထွက်ချင်နေတယ်။

"၎င်း ဘာဖြစ်နေတာလဲ"

ဒါပေမယ့် ဟယ်ရီ ခုတွင် မြင်ရတာကတော့ ---- ခရွတ်ရှန်ဟာ ခိုးကြောင်ခိုးဝှက် သူတို့ဆီ လျှောက်လာတာပဲ။ ကိုယ်ကို မြေကြီးပေါ် ပြားဝပ်ထားတယ်။ မျက်လုံးဝါဝါဟာ အမှောင်ထဲမှာ ထူးဆန်းစွာ အရောင်တောက်နေတယ်။ ၎င်း သူတို့ကို မြင်ရတယ်။ ဒါမှမဟုတ် အစက်အပြောက်လေး အသံကြားလို့ လိုက်လာတာ ဖြစ်နိုင်တယ်။ ဘာကြောင့်ဆိုတာ ဟယ်ရီ မရှင်းဘူး။

"ခရွတ်ရှန်" ဟာမီးက ဝမ်းနည်းစွာ သက်ပြင်းချတယ်။ "မလာနဲ့၊ သွား။ ခရွတ်ရှန်၊ သွား"

ဒါပေမယ့် အဲဒီကြောင် ပိုကပ်လာတယ်။

"အစက်အပြောက်လေး --- မလုပ်နဲ့"

သိပ်နောက်ကျသွားပြီ--- အဲဒီကြွက်ဟာ ရွန့်လက်ချောင်းကြားက လျှောထွက်လာပြီး မြေပေါ်ကျကာ ထွက်ပြေးသွားပြီ။ ခရွတ်ရှန် ခုန်လိုက်သွားတယ်။ ဟယ်ရီနဲ့ ဟာမီးတို့ တားဖို့ အချိန်တောင် မရလိုက်ဘူး။ ရွန်ဟာ ကိုယ်ပျောက်ဝတ်ရုံကို တစ်ဖက်ပစ်ထားပြီး အမှောင်ထဲ ပြေးလိုက်သွားတယ်။

"ရွန်" ဟာမီးက ဝမ်းနည်းစွာ အော်တယ်။

သူမနဲ့ ဟယ်ရီ အပြန်အလှန် ကြည့်လိုက်ပြီး အလျင်အမြန် ပြေးလိုက်သွားတယ်။ ကိုယ်ပျောက်ဝတ်ရုံခြုံပြီး ပြေးလို့ မရဘူး။ ဒါကြောင့် သူတို့ဟာ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲချလိုက်တယ်။ ဝတ်ရုံဟာ သူတို့ ကျောဘက်မှာ လွင့်ပျံနေတယ်။ အလံတစ်လက်လိုပဲ။ သူတို့ ရွန့်ကို လိုက်တယ်။ ရွန့်ခြေသံလေးကို ကြားရတယ်။ သူ ခရွတ်ရှန်ကို တအား အော်တာလည်း ကြားရတယ်။

"လွှတ်လိုက် --- လွှတ်---အစက်အပြောက်လေး ဒီကိုလာ ----"

ဒုတ်ခနဲ မြည်သွားတယ်။

"မိပြီ၊ လွှတ်၊ ကြောင်စုတ် ----"

ဟယ်ရီနဲ့ ဟာမီးဟာ ရွန့်ကိုယ်ပေါ် လဲကျဖို့ နည်းနည်းသာ လိုတော့တယ်။ သူတို့ ခြေချော်သွားတယ်။ ရွန့်ရှေ့ရောက်မှ ရပ်သွားတယ်။ သူဟာ ပက်လက်လန်လဲနေတယ်။ အစက်အပြောက်လေးဟာ သူ့အိတ်ကပ်ထဲ ပြန်ရောက်သွားပြီ။ သူ့လက်နှစ်ဖက်က အဲဒီ တုန်ပြီးရင်းတုန်နေတဲ့ အရာကို ဖိထားတယ်။

"ရွန် ---- လာ ----ကိုယ်ပျောက်ဝတ်ရုံ အောက်ကိုလာ ----" ဟာမီးက မောမောနဲ့ ပြောတယ်။ "ဒမ်ဘလီဒိုး ---- ဟိုဝန်ကြီး --- သူတို့ ထွက်လာတော့မယ် ---"

ဒါပေမယ့် သူတို့ ပုန်းခွင့်မရခင်မှာပဲ၊ အသက်တောင် ကောင်းကောင်း မရှူရသေးခင်မှာပဲ၊ ကြီးမားတဲ့ ခြေသည်းနဲ့ မြေပြင်ကို အသာနင်းတဲ့ အသံ ကြားရတယ်။ အမှောင်ထဲက တစ်ခုခု သူတို့ဆီ လျှောက်လာနေတယ် --- မျက်လုံး အရောင်ဖျော့ဖျော့၊ အမွေးနက်နက် ခွေးကြီးတစ်ကောင်။

ဟယ်ရီက မှော်ကြိမ်လုံး နှိုက်တယ်။ ဒါပေမယ့် သိပ်နောက်ကျသွားပြီ --- အဲဒီခွေးဟာ ခုန်အုပ်လိုက်တာ ရှေ့ခြေက သူ့ရင်ဘတ်ပေါ် ကျလာတယ်။ သူဟာ ချက်ချင်း နောက်သို့ လန်ကျသွားတယ်။ ၎င်းရဲ့ ပူနွေးတဲ့ အနံ့အသက်ကို သူ ခံစားရတယ်။ တစ်လက်မရှည်တဲ့ သွားတွေကို မြင်ရတယ် .....

ဒါပေမယ့် အဲဒီခွေး ခုန်အုပ်တာ သိပ်အားများသွားလို့ သူ့ကိုယ်ပေါ်က လိမ့်ထွက်သွားတယ်။ ဟယ်ရီ မျက်စိပြာသွားတယ်။ သူ့နံရိုး ကျိုးသွားပြီလို့ ထင်တယ်။ သူက ထရပ်ဖို့ လုပ်တယ်။ ခွေးဟာ နေရာတွင် လည်ပတ်ပြီး ဟောင်နေတယ်။ နောက်ထပ် တိုက်ခိုက်ဖို့ ပြင်နေတာ သူကြားရတယ်။

ရွန် မတ်တတ်ရပ်လိုက်တယ်။ ခွေးက သူတို့ဆီ ခုန်အုပ်ပြန်တယ်။ ရွန်က ဟယ်ရီ့ကို ဘေးတွန်းပစ်တယ်။ အဲဒီခွေးက ရွန်ဆန့်ထုတ်တဲ့လက်ကို ကိုက်လိုက်တယ်။ ဟယ်ရီက ပြေးဝင်သွားတယ်။ ခွေးမွေးတစ်စု ဖမ်းမိတယ်။ ဒါပေမယ့် အဲဒီခွေးဟာ ဘာမှ အပန်းမကြီးဘဲ ရွန့်ကို ဆွဲသွားတယ်။ ရွန်ဟာ အဝတ်ရုပ်လေးလိုပဲ။

ဒီနောက်၊ ဘယ်ကလာတဲ့ အရာလဲ မသိဘူး။ ဟယ်ရီ့မျက်နှာကို ရိုက်မိတယ်။ တအားရိုက်တာ။ ဟယ်ရီဟာ နောက်ထပ် လိမ့်ကျတယ်။ ဟာမီးနာလို့ အော်နေတာ သူကြားရတယ်။ သူမလဲ မြေပေါ် လဲကျနေတယ်။

ဟယ်ရီက မှော်ကြိမ်လုံးကို စမ်းတယ်။ မျက်စိထဲက သွေးကိုလည်း မျက်တောင်ခတ်ထုတ်ပစ်တယ် ...........

"မီးရောင်ထွက်စေ" သူက တိုးတိုးပြောတယ်။

မှော်ကြိမ်လုံးက အလင်းရောင်ကြောင့် တုတ်ခိုင်တဲ့သစ်ပင်ကို သူ မြင်ရတယ်။ သူတို့ အစကအပြောက်လေးကို လိုက်တာ လူရိုက်မိုးမခပင် အရိပ်ထဲ ရောက်လာတယ်။ အဲဒီ သစ်ပင်ရဲ့ အကိုင်းအခက်တွေဟာ လှုပ်နေတယ်။ လေပြင်းတိုက်ခံနေရသလိုပဲ။ သစ်ကိုင်းတွေ ရှေ့နောက် လှုပ်ခါပြီး သူတို့ကို ရှေ့ဆက် သွားခွင့်မပေးဘူး

ဟိုမှာ၊ သစ်မြစ်ဘေးမှာက ဟိုခွေး။ ၎င်းဟာ ရွန့်ကို ဆွဲပြီး သစ်မြစ်အနားက အပေါက်ကြီးထဲ ဆုတ်သွားတယ်။ ရွန်က ဒေါသနဲ့ တအား ရိုက်ပုတ်နေတယ်။ ဒါပေမယ့် သူ့ခေါင်းနဲ့ ကိုယ်ကို မမြင်ရတော့ဘူး .........

"ရွန်" ဟယ်ရီက အော်တယ်။ လိုက်ဝင်သွားချင်တယ်။ ဒါပေမယ့် သစ်ကိုင်းကြီးတစ်ကိုင်း တအား ရိုက်ချလာလို့ ဟယ်ရီ မတတ်သာဘဲ နောက်ဆုတ်လိုက်ရတယ်။

အခု သူတို့ဟာ ရွန့်ခြေချောင်းနှစ်ချောင်းကိုပဲ မြင်ရတော့တယ်။ အဲဒီခြေနှစ်ချောင်းဟာ သစ်မြစ်တစ်ခုကို ချိတ်ထားပြီး မလွှတ်ဘူး။ ဟိုခွေး သူ့ကို မြေအောက်သို့ ဆက်ဆွဲခေါ်သွားမှာကို တားဆီးချင်သလိုပဲ။ ဒီနောက် ကြောက်စရာ အသံကြီး၊ သေနတ်ပစ်သလို အသံပေါ်ထွက်လာတယ်။ ရွန့်ခြေထောက်ကျိုးသွားတယ်။ လျှပ်တပြက်အတွင်းမှာ သူ့ခြေထောက် မမြင်ရတော့ဘူး။

"ဟယ်ရီ ... ငါတို့ အကူအညီ သွားတောင်းမှ ထင်တယ် ...." ဟာမီးက ငိုတယ်။ သူမလည်း သွေးထွက်နေတယ်။ လူရိုက်မိုးမခက သူ့ပခုံးကို ဖြတ်ထားတယ်။

"မဖြစ်ဘူး၊ အဲဒီအကောင်ဟာ သူ့ကို စားပစ်နိုင်လောက်အောင် ကြီးတယ်။ ငါတို့ အချိန်မရှိတော့ဘူး"

"ကူညီတဲ့လူမရှိရင် တို့နိုင်မှာ မဟုတ်ဘူး"

တစ်ခြားသစ်ကိုင်းတစ်ကိုင်းက သူတို့ကို လာရိုက်ပြန်တယ်။ အခက်လေးတွေ အချင်းချင်း ကျစ်ထားတဲ့ လက်သီးလိုပဲ။

"ဟိုခွေးဝင်နိုင်ရင် ငါတို့လဲ ဝင်နိုင်တယ်" ဟယ်ရီက ဟောဟဲဟောဟဲနဲ့ ပြောတယ်။ ဟိုပြေး ဒီပြေး ပြေးနေတယ်။ စိတ်ယုတ်နဲ့ ရိုက်ခတ်တဲ့ အကိုင်းအခက်ကြားမှာ လမ်းတစ်ခု ရချင်တယ်။ ဒါပေမယ့် အကိုင်းအခက်တွေ ရိုက်တာ မခံရဘဲ ဟိုသစ်ပင်ရဲ့ အမြစ်နား ကပ်လို့မရဘူး။

"အော၊ ကယ်ကြပါဦး၊ ကယ်ကြပါဦး" ဟာမီးက အရူးလို တိုးတိုးအော်နေတယ်။ ကယိမ်းကယိုင် ခုန်ပေါက်နေတယ်။ "ကူပါ .........."

ခရွတ်ရှန်ဟာ ရှေ့ကို ပြေးသွားတယ်။ ၎င်းက အကိုင်းအခက်တွေကြားက ပုန်းလျှိုးကွယ်လျှိုး ဖြတ်သွားတယ်။ မြွေတစ်ကောင်လိုပဲ။ ဒီနောက် ၎င်းက ရှေ့ခြေသည်းကို သစ်ပင်ပင်စည်ရှိ အမာရွတ်ပေါ် တင်လိုက်တယ်။

ရုတ်တရက်ကြီး အဲဒီသစ်ပင်ဟာ မာဘယ်ကျောက် ဖြစ်သွားတယ်။ မလှုပ်ရှားတော့ဘူး။ ရှိသမျှ သစ်ပင်တွေ ငြိမ်သက်ပြီး မလှုပ်ရှားတော့ဘူး။

"ခရွတ်ရှန်" ဟာမီးက တိုးတိုးခေါ်တယ်။ ဘာလုပ်ရမှန်း မသိဘူး။ အခု သူဟာ ဟယ်ရီ့လက်မောင်းကို တင်းတင်းကြီး ဆုပ်ထားတယ်။ တအားနာအောင် ဆုပ်ထားတယ်။ "၎င်း ဘယ်လိုလုပ် သိတာလဲ"

"ငှင်းနဲ့ ဟိုခွေးက မိတ်ဆွေတွေ" ဟယ်ရီက စိတ်မကောင်းစွာ ပြောတယ်။ "သူတို့ အတူတကွ ရှိနေတာ ငါမြင်ခဲ့ဖူးတယ်။ လာ၊ မှော်ကြိမ်လုံး ကိုင်ထား၊ မလှုပ်နဲ့"

စက္ကန့်အနည်းငယ်အတွင်းမှာ သူတို့ ပင်စည်းနား ရောက်လာတယ်။ ဒါပေမယ့် သူတို့ ကျင်းဝမရောက်ခင်မှာ ခရွတ်ရှန်ဟာ ငှင်းရဲ့ ပုလင်းဆေးတံနဲ့ တူတဲ့ အမြီးကို ခါလိုက်ပြီး အရင်ဝင်သွားတယ်။ ဟယ်ရီ လိုက်ဝင်သွားတယ်။ သူဟာ ခေါင်းရှေ့ထားပြီး တွားဝင်သွားတယ်။ မြေကြီး ကုန်းလျှောအတိုင်း အောက်ကို လျှောဆင်းတယ်။ အောက်ရောက်တော့ အလွန်နိမ့်တဲ့ လိုဏ်ခေါင်းလမ်း ဖြစ်နေတယ်။ ခရွတ်ရှန်ဟာ ရှေ့ဘက် မဝေးတဲ့နေရာမှာ ရှိတယ်။ ငှင်းမျက်စိဟာ ဟယ်ရီ့မှော်ကြိမ်လုံးက ထွက်တဲ့အလင်းရောင်မှာ လက်နေတယ်။ စက္ကန့် အနည်းငယ်ကြာတော့ ဟာမီးဟာလည်း ကယိမ်းကယိုင်နဲ့ ဟယ်ရီ့ဘေး လျှောကျလာတယ်။

"ရွန် ဘယ်မှာလဲ" သူမက ကြောက်ရွံ့စွာ မေးတယ်။

"ဒီကလာ" ဟယ်ရီက ပြောတယ်။ သူဟာ ခါးကုန်းပြီး ခရွတ်ရှန်နောက်က လိုက်သွားတယ်။

"ဒီလိုဏ်ခေါင်းလမ်းရဲ့ ထွက်ပေါက်က ဘယ်မှာလဲ" ဟာမီးဟာ ဟယ်ရီ့နောက်က အသက်ရှူမမှန်ဘဲ မေးတယ်။

"မသိဘူး ..... ဓားပြမြေပုံထဲမှာ ဒီလမ်းကို ပြတယ်။ ဒါပေမယ့် ဖရက်နဲ့ ဂျော့က ပြောတယ်။ ဘယ်သူမှ မလျှောက်ဖူးဘူးတဲ့။ ဒီလမ်းဟာ မြေပုံအစွန်းမှာ ပျောက်သွားတယ်။ ဒါပေမယ့် ကြည့်ရတာ ဟော့ဂ်မော့ဒ်မှာ ဆုံးပုံရတယ် .........'

သူတို့ဟာ အမြန်ဆုံး ချီတက်ကြတယ်။ ခါးလည်း ကုန်းနိုင်သလောက် ကုန်းထားတယ်။ ခရွတ်ရှန်ဟာ သူတို့ရှေ့ဘက်မှာ၊ အမြီးက အထက်အောက် ခုန်နေတယ်။ ပျောက်လိုက် ပေါ်လိုက်ပဲ။ ဒီလမ်းဟာ မဆုံးနိုင်တော့ဘူး။ ခံစားချက်အရ ပျားရည်အမတ်ကြီးဆီ ပေါက်တဲ့လမ်းနဲ့ အရှည်အတူတူလိုပဲ။ ဟယ်ရီ ဒီအချိန်မှာ ရွန့်ကိုပဲ တွေးနေတယ်။ ပြီးတော့ ဟိုခွေးကြီးက ရွန့်ကို ဘာလုပ်မလဲ .... သူ အသက်ရှူမြန်ပြီး ရင်ဝအောင့်နေတယ်။ သူ ခေါင်းငုံ့ ခါးကိုင်းပြီး ရှေ့သို့ ပြေးနေရလို့ ............

ဒီနောက် လိုဏ်ခေါင်းလမ်း အထက်သို့ တက်သွားတယ်။ ရှေ့သို့ နောက်ထပ် နည်းနည်း သွားလိုက်တော့ လမ်းက ကွေ့ကွေ့ကောက်ကောက် ဖြစ်လာတယ်။ ခရွတ်ရှန်လည်း ပျောက်သွားပြီ။ ဒါပေမယ့် ပွင့်နေတဲ့ နေရာကလေး တစ်ခုကနေ ဝေဝါးတဲ့ အလင်းရောင်ကို ဟယ်ရီ မြင်ရပြီ။

ဟယ်ရီနဲ့ ဟာမီး ရပ်လိုက်တယ်။ အမောဖြေတယ်။ ဘေးဘက်ကနေ ရှေ့သို့ တိုးသွားတယ်။ နှစ်ယောက်စလုံး မှော်ကြိမ်လုံး မြှောက်ပြီး ရှေ့မှာ ဘာရှိလဲလို့ ကြည့်သွားတယ်။

အဲဒါဟာ အိမ်တစ်လုံး။ ရှုပ်ပွေပြီး ဖုန်တွေ ပြည့်နေတဲ့ အိမ်။ နံရံကပ်စက္ကူတွေဟာ ကွာကျနေပြီ။ ကြမ်းပေါ်မှာ နေရာတကာ ညစ်ပေနေတယ်။ ပရိဘောဂ အားလုံး စုတ်ပြတ်နေပြီ။ လူက တမင်း ရိုက်လို့ ပျက်သွားသလိုပဲ။ ပြတင်းပေါက်အားလုံး သစ်သားနဲ့ ရိုက်ထားတယ်။

ဟယ်ရီက ဟာမီးကို ကြည့်လိုက်တယ်။ သူမဟာ အလွန် နွမ်းနယ်ပုံ ပေါ်နေတယ်။ ဒါပေမယ့် သူမက ခေါင်းညိတ်ပြတယ်။

ဟယ်ရီက ကျင်းထဲက အတင်းတိုးထွက်ပြီး ဘေးဘီကို ကြည့်တယ်။ အိမ်ခန်းထဲမှာ လူမရှိဘူး။ ဒါပေမယ့် ညာဘက်က တံခါးတစ်ရွက် ပွင့်နေတယ်။ မှောင်မည်းတဲ့ လူသွားလမ်းတစ်ခုကို ပေါက်တယ်။ ဟာမီးဟာ ရုတ်တရက်

ဟယ်ရီ့လက်မောင်းကို ဆွဲထားပြန်တယ်။ သူမရဲ့ မျက်လုံးကြီးဟာ သစ်သားနဲ့ ရိုက်ထားတဲ့ ပြတင်းတွေကို လိုက်ကြည့်နေတယ်။

“ဟယ်ရီ” သူမက အသံနိမ့်ပြောတယ်။ “ငါတို့ဟာ အော်ဟစ်တဲအိမ်ထဲမှာလို့ ငါ ထင်တယ်”

ဟယ်ရီက ဘေးဘီကို ကြည့်လိုက်တယ်။ သူ့အကြည့်က အနီးရှိ ထိုင်ခုံတစ်လုံးပေါ် ရောက်သွားတယ်။ ထိုင်ခုံပေါ်က သစ်သားတစ်ချပ် ဖြုတ်ထားပြီး ခြေတစ်ချောင်းလည်း မရှိတော့ဘူး။

“သရဲက ဒါမျိုးမလုပ်ဘူး” သူက ဖြည်းဖြည်း ပြောတယ်။

ဒီအချိန်မှာ ခေါင်းပေါ်ကနေ အသံပေါ်လာတယ်။ အပေါ်ထပ်မှာ တစ်ခုခု လှုပ်နေတယ်။ နှစ်ယောက်စလုံး မျက်နှာကြက်ကို မော့်ကြည့်တယ်။ ဟာမီးက ဟယ်ရီ့လက်မောင်းကို ဆုပ်ကိုင်ထားတာ တင်းလွန်းလို့ ဟယ်ရီ့လက်ချောင်းတွေတောင် ထုံနေပြီ။ သူက သူမကို မျက်ခုံး ပင့်ပြတယ်။ သူမက ခေါင်းညိတ်ပြပြီး လက်လွှတ်လိုက်တယ်။

သူတို့ဟာ အတတ်နိုင်ဆုံး တိတ်တိတ်လေး တံခါးဝင်ခန်းဆီ တွားတက်ခဲ့တယ်။ ပြိုလုဆဲဆဲ လှေခါးကို တက်ခဲ့ပြန်တယ်။ ရှိသမျှ ပစ္စည်းတွေ အားလုံးဖုန်တွေ ဖုံးနေတယ်။ ဒါပေမယ့် ကြမ်းပေါ်မှာတော့ ဒီလိုမဟုတ်ဘူး။ တစ်ခုခု ဒရွတ်တိုက်ဆွဲသွားတဲ့ ကျယ်ပြီး လက်နေတဲ့ ခြေရာလက်ရာတွေ တွေ့ရတယ်။

သူတို့ဟာ မှောင်မည်းတဲ့ လှေခါးခြေရင်း ရောက်လာတယ်။

“နော့ခ်စ်” နှစ်ယောက်သား ရေရွတ်လိုက်တယ်။ ဒီတော့ မှော်ကြိမ်လုံးနှစ်ခုက အလင်းရောင် ပျောက်သွားတယ်။ တံခါးတစ်ချပ်ထဲ ဖွင့်ထားတယ်။ သူတို့ ငုပ်လျှိုးသွားတယ်။ တံခါးနောက်မှာ အသံကြားတယ်။ တိုးတိုးလေး ညည်းညူသံ။ ဒိနောက် ကြောင်အော်သံ လေးလေးကျယ်ကျယ်။ သူတို့ဟာ နောက်ဆုံး အပြန်အလှန် ကြည့်တယ်။ ခေါင်းညိတ်ပြတယ်။

ဟယ်ရီဟာ မှော်ကြိမ်လုံးကို တင်းတင်းဆုပ်ပြီး တံခါးကို ကန်ဖွင့်လိုက်တယ်။

ခမ်းနားတဲ့ ကုတင်တိုင်ပါ ကုတင်ကြီး။ ကုတင်ဘေးက လိုက်ကာတွေမှာ ဖုန်တွေတက်နေတယ်။ ခရွတ်ရှန်ဟာ ကုတင်ပေါ်ဝပ်နေတယ်။ သူတို့ကို မြင်တာနဲ့ မြောင်းမြောင်းနဲ့ ကျယ်လောင်စွာ အော်နေတယ်။ ကျေနပ်ကြောင်း ဖော်ပြတယ်။ ခရွတ်ရှန်ဘေးက ကြမ်းပေါ်မှာ ရွန်ဟာ မိမိ ခြေတစ်ချောင်းကို ကိုင်ထားတယ်။ ခြေထောက်ဆန့်ထားတာ သဘာဝမကျဘူး။

ဟယ်ရီနဲ့ ဟာမီးဟာ သူ့ဆီကို ပြေးသွားတယ်။

“ရွန် နင် ---- ကောင်းရဲ့လား”

“ဟိုခွေး ဘယ်ရောက်သွားလဲ”

“ခွေး မဟုတ်ဘူး” ရွန်က ညည်းရင်း ပြောတယ်။ နာလွန်းလို့ အံကြိတ်ထားတယ်။ “ဟယ်ရီ၊ ဒါ ထောင်ခြောက် ..........”

“ဘာ ---------”

“သူက ဟိုခွေး ------ သူက အာနီမာဂတ်စ်”

ရွှန်က ဟယ်ရီ့ပခုံး ကြည့်တယ်။ ဟယ်ရီ အလျင်အမြန် ကိုယ်ကို လှည့်လိုက်တယ်။ ဘတ်ခဲနဲ အမှောင်ထဲကလူဟာ ၎င်းကျောဘက်က တံခါးကို ပိတ်လိုက်တယ်။

ညစ်ပတ်ရှုပ်ပွနေတဲ့ ဆံပင်ဟာ တံတောင်ဆစ်ထိ ကျနေတယ်။ တကယ်လို့ နက်ပြီး မှောင်နေတဲ့ မျက်အိမ်ထဲက မျက်စိအရောင် မရှိခဲ့ရင်၊ ၎င်းဟာ အလောင်းကောင် တစ်ကောင် ဖြစ်နိုင်တယ်။ ဖယောင်းနဲ့တူတဲ့ အရေပြားဟာ မျက်နှာအရိုးပေါ်မှာ ကပ်နေတယ်။ ကြည့်ရတာ အရိုးစုလိုပဲ။ ၎င်းက သွားဝါဝါတွေ ဖြဲပြီး ရယ်နေတယ်၊ အဲဒါ ဆီးရီးအက်စ် ကြယ်ဘလက်။

"လက်နက်ပြုတ်စေ" သူက အသံအက်အက်နဲ့ ပြောရင်း ရွှန့်မှော်ကြိမ်လုံးနဲ့ သူတို့ကို ချိန်ထားတယ်။

ဟယ်ရီနဲ့ ဟာမီးတို့ မှော်ကြိမ်လုံးတွေ လက်ထဲက လွတ်ထွက်သွားပြီး မိုးပေါ် ပျံသွားတယ်။ ဘလက်က ဖမ်းယူလိုက်တယ်။ ဒီနောက် သူက ရှေ့တစ်လှမ်းတိုးပြီး ဟယ်ရီကို ကြည့်နေတယ်။

"မင်းတို့ မိတ်ဆွေကို လာကူမယ်လို့ ထင်တယ်" သူက အသံအက်အက်နဲ့ ပြောတယ်။ သူ့အသံဟာ စကားမပြောတာ ကြာလှပြီလိုပဲ။ "မင်းအဖေလဲ ငါ့အတွက် ဒီလိုပဲ လုပ်မှာ။ မင်းတို့ သိပ်သတ္တိရှိတယ်။ ဆရာတွေ သွားမခေါ်ဘူး။ ကျုပ် ကျေးဇူးတင်တယ် ..... ဒီလိုဆိုတော့ ကိစ္စက လွယ်သွားတာပေါ့ ..............."

ဟယ်ရီ့နားထဲမှာ ၎င်းက မိမိအဖေကို သရော်တဲ့အသံ ကြားနေရတယ်။ ခုနက ဘလက် အကျယ်ကြီး အော်ပြောနေတယ်လို့ ထင်ရတယ်။ ဟယ်ရီ့ရင်ထဲမှာ ရန်ငြိုးတွေ ဆူပွက်နေတယ်။ ဒါကြောင့် ကြောက်စိတ်ကို နေရာမပေးဘူး။ သူ့ဘဝမှာ ဒီအချိန်လောက် မှော်ကြိမ်လုံး လက်ထဲ ပြန်ရောက်ချင်တာ မရှိခဲ့ဘူး။ မိမိကိုယ်မိမိ ကာကွယ်ဖို့ မဟုတ်ဘူး၊ တိုက်ခိုက်ဖို့ ........... လူသတ်ဖို့။ သူက ရှေ့ကို ပြေးဝင်သွားတယ်။ မိမိ ဘာလုပ်မယ်ဆိုတာလဲ မသိဘူး။ ဒါပေမယ့် သူ့ဘေးနှစ်ဖက်က ရုတ်တရက် လှုပ်ရှားလာတယ်။ လက်နှစ်စုံဟာ သူ့ကို ဆွဲထားတယ်။ သူ့ကို ပြန်ဆွဲခေါ်လိုက်တယ်။ "ဟင့်အင်း၊ ဟယ်ရီ" ဟာမီးက ကြောက်ရွံ့စွာ သူ့ကို နားနားကပ် ပြောတယ်။ ရွှန်ကတော့ ဘလက်ကို စကား စ ပြောတယ်။

"ခင်ဗျား ဟယ်ရီ့ကို သတ်မယ်ဆိုရင်၊ ကျွန်တော်တို့ကိုလဲ သတ်ပစ်" သူ ပေါက်ကွဲနေတယ်။ အားနဲ့ ထရပ်လိုက်လို့ သူ့မျက်နှာ ဖြူရော်လာတယ်။ သူစကားပြောတော့လဲ နည်းနည်း ယိမ်းယိုင်နေတယ်။

ဘလက်ရဲ့ မျက်လုံးနက်နက်ထဲမှာ တစ်ခုခု လက်နေတယ်။

"လှဲနေ" သူက ရွှန့်ကို အေးဆေးစွာ ပြောတယ်။ "မင်း ခြေထောက် ပိုဆိုးသွားလိမ့်မယ်"

"ငါ့စကား ကြားပြီလား" ရွှန်က အားနဲ့စွာ ပြောတယ်။ ဒီအချိန်မှာ သူဟာ ဟယ်ရီ့ကို ကိုင်ထားမှ မတ်တတ်ရပ်လို့ ရပေမယ့် သူက "ခင်ဗျား ကျုပ်တို့ သုံးယောက်စလုံး သတ်ရမယ်"

"ဒီည ဒီမှာ လူသတ်မှု တစ်ခုထဲ ရှိတယ်" ဘလက်က ပြောတယ်။ သူ့မျက်နှာပေါ်မှာ အပြုံး ပိုလာတယ်။

"ဒါ ဘာဖြစ်တာလဲ" ဟယ်ရီက တံတွေး ထွေးလိုက်တယ်။ ရွှန်နဲ့ ဟာမီးဆီက ရုန်းထွက်နေတယ်။ "အရင်တစ်ခါကတော့ ဘာမှ ဂရုမစိုက်ဘူးပေါ့၊ ဟုတ်လား။ ကြယ်ပုလေး ပီတာကို ရဖို့ မတ်ဂေါ်တွေ အများကြီးကို သတ်တာ အရေးမထားဘူး ........ အက်ဇခါဘန်မှာ ရှုံးတာ ဘာများ အရေးကြီးလို့လဲ"

"ဟယ်ရီ" ဟာမီးက ငိုပြောတယ်။ "တိတ်တိတ်နေ"

"သူက ငါ့အဖေနဲ့ အမေကို သတ်တယ်" ဟယ်ရီက အော်တယ်။ ဆောင့်ရုန်းလိုက်တာ ရွန်နဲ့ ဟာမီးလက်က လွတ်သွားပြီး ရှေ့သို့ တိုးဝင်သွားတယ်။

သူဟာ မှော်ပညာကို မေ့နေတယ်။ မိမိဟာ ပုလည်းပု၊ ပိန်လည်းပိန်ပြီး ၁၃နှစ်ပဲ ရှိတာ။ ဘလက်ကတော့ အရပ်မြင့်တဲ့ လူကြီးဆိုတာလည်း မေ့နေတယ်။ ဟယ်ရီ့စိတ်ထဲမှာ တတ်နိုင်သလောက် ဘလက်ကို နစ်နာအောင် လုပ်ရမယ် ဆိုတာပဲ သိတယ်။ ဒီအတွက် မိမိဘယ်လောက် နစ်နာမယ်ဆိုတာ ဂရုမစိုက်ဘူး .........

ဟယ်ရီ ဒီလို အဆင်ခြင်မဲ့ လုပ်လိုက်လို့ တုန်လှုပ်သွားတယ်နဲ့ တူတယ်။ ဘလက်ဟာ အချိန်မီ မှော်ကြိမ်လုံးကို မမြှောက်လိုက်ဘူး။ ဟယ်ရီ့ လက်တစ်ဖက်ဟာ ဘလက်မှော်ကြိမ်လုံး ကိုင်ထားတဲ့လက် ဖမ်းမိလို့ မှော်ကြိမ်လုံးဖျားဟာ ဦးတည်ချက် ပြောင်းသွားတယ်။ ဟယ်ရီ့ ကျန်လက်တစ်ဖက်ဟာ ဘလက် ခေါင်းတစ်ဖက်ကို တိုက်မိပြီး နှစ်ယောက်စလုံး လန်ကျသွားပြီး နံရံနဲ့ ဝင်ဆောင့်တယ် ..........

ဟာမီးက တအား အော်တယ်။ ရွန်က အရူးအမူး အော်တယ်။ ဘလက် လက်ထဲက မှော်ကြိမ်လုံးဟာ မိုးပေါ်ကို မီးပန်းထွက်သွားတယ်။ ဟယ်ရီ့ မျက်နှာနဲ့ လက်မအနည်းငယ်ပဲ လိုတော့တယ်။ သူ့လက်အောက်က တွန့်ရှုံ့နေတဲ့ လက်မောင်းမှာ တွန့်လိမ်နေတယ်လို့ ဟယ်ရီ ခံစားရတယ်။ ဒါပေမယ့် သူဟာ မလွှတ်တမ်း ဖမ်းထားတယ်။ သူဟာ ကျန်လက်တစ်ဖက်နဲ့ ဘလက်ကိုယ်ပေါ်ကို မီသမျှ လျှောက်ရိုက်တယ်။

ဒါပေမယ့် ဘလက်ရဲ့ အားနေတဲ့ လက်တစ်ဖက်ဟာ ဟယ်ရီ့လည်မျိုကို ရှာတွေ့သွားတယ်။

"ဟင့်အင်း" သူက ညည်းတယ်။ "ငါ စောင့်ခဲ့တာ သိပ်ကြာနေပြီ .........."

လက်ချောင်းတွေ တင်းလာတယ်။ ဟယ်ရီ အသက်ရှူကြပ်လာတယ်။ မျက်မှန်က တစ်ဖက် စောင်းသွားတယ်။

ဒီနောက် ဟာမီးခြေထောက်ဟာ ဘယ်က ကန်လိုက်မှန်းမသိ ကန်လိုက်တာ သူ မြင်ရတယ်။ ဘလက်ဟာ နာလို့ အော်လိုက်ပြီး ဟယ်ရီ့ကို လွှတ်လိုက်တယ်။ ရွန်က ဘလက် မှော်ကြိမ်လုံးကိုင်တဲ့ လက်ပေါ် ဝင်အုပ်တယ်။ အသာလေး တိုက်ခိုက်သွားတဲ့ အသံ ဟယ်ရီ ကြားရတယ် .........

သူဟာ လုံးထွေးနေတဲ့ လူ့ခန္ဓာကို ခွာလိုက်တယ်။ မိမိမှော်ကြိမ်လုံး ကြမ်းပေါ်ကျနေတာ မြင်ရတယ်။ သူက ဝင်အုပ်လိုက်တယ်။ ဒါပေမယ့် ------

"အား"

ခရွတ်ရှန်လည်း တိုက်ပွဲထဲ ဝင်လာတယ်။ ရှေ့ခြေနှစ်ချောင်း လက်သည်းတွေဟာ ဟယ်ရီ့လက်မောင်းထဲ စိုက်သွားတယ်။ ဟယ်ရီက ၎င်းကို ယမ်းပစ်လိုက်တယ်။ ဒါပေမယ့် ခရွတ်ရှန်ဟာ အခု ဟယ်ရီ့မှော်ကြိမ်လုံးဆီ ပြေးသွားတယ် --------

"မလုပ်နဲ့၊ မင်း မလုပ်နဲ့" ဟယ်ရီက အော်တယ်။ သူဟာ ခရွတ်ရှန်ကို ခြေနဲ့ လှမ်းကန်တယ်။ ၎င်းက ဘေးခုန်သွားပြီး အသက် ပြင်းပြင်းရှူနေတယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို ကောက်ပြီး လှည့်လိုက်တယ် -----

"ဖယ်စမ်း" သူက ဟာမီးနဲ့ ရွန့်ကို အော်တယ်။

သူတို့ဟာ နောက်တစ်ကြိမ် ပြောစရာမလို။ ဟာမီးဟာ အသက် ပြင်းပြင်း ရှူနေတယ်။ ပါးစပ်က သွေးစီးကျနေတယ်။ တစ်ဖက်ကို တွားသွားပြီး သူမနဲ့ ရွန့် မှော်ကြိမ်လုံးကို ကောက်ယူလိုက်တယ်။ ရွန်က ဟိုကုတင်ဆီ

တွားသွားတယ်။ ဒီနောက် ကုတင်ပေါ် လဲကျသွားတယ်။ ဟောဟဲဟောဟဲ ဖြစ်နေတယ်။ ဖြူဖပ်ဖြူရော် မျက်နှာဟာ အခု ခရမ်းရောင်ပါနေတယ်။ လက်နှစ်ဖက်နဲ့ ကျိုးတဲ့ခြေကို ကိုင်ထားတယ်။

ဘလက်ဟာ ပက်လက်ကြီး နံရံဘေး လဲနေတယ်။ ရင်ဘတ်ပိန်ပိန်ဟာ အလျင်အမြန် နိမ့်ချည်မြင့်ချည် ဖြစ်နေတယ်။ ဟယ်ရီ ဖြည်းဖြည်း နီးလာတာ ကြည့်နေတယ်။ ဟယ်ရီရဲ့ မှော်ကြိမ်လုံးဟာ ဘလက်နှလုံးဆီ ချိန်ထားတယ်။

“ငါ့ကို သတ်မလို့လား၊ ဟယ်ရီ” သူက တိုးတိုးပြောတယ်။

ဟယ်ရီက သူ့ရှေ့ ရပ်နေတယ်။ မှော်ကြိမ်လုံးက သူ့ရင်ဘတ်ကို ချိန်ထားဆဲ။ သူ့ကို ငုံ့ကြည့်နေတယ်။ အညိုအမည်းတစ်ခု ဘလက် ဝဲဘက် မျက်စိတဝိုက်မှာ ပေါ်ထွက်လာတယ်။ သူ့နှာခေါင်း သွေးထွက်နေတယ်။

“ခင်ဗျား ကျွန်တော့်မိဘကို သတ်တယ်” ဟယ်ရီက ပြောတယ်။ အသံက နည်းနည်း တုန်နေတယ်။ ဒါပေမယ့် မှော်ကြိမ်လုံးကို ကိုင်ထားတဲ့ လက်ကတော့ ခိုင်မာတယ်။

ဘလက်ဟာ ၎င်းရဲ့ ချိုင့်ဝင်နေတဲ့ မျက်စိနဲ့ ဟယ်ရီ့ကို စိုက်ကြည့်နေတယ်။

“ဒါကို ကျုပ် မငြင်းပါဘူး” သူက အလွန် တည်ငြိမ်စွာ ပြောတယ်။ “အတွင်းကြောင်း အားလုံးကို မင်း သိရင်တော့ -------”

“အတွင်းကြောင်းအားလုံး၊ ဟုတ်လား” ဟယ်ရီက လိုက်ပြောရင်း နားထဲမှာ ပြင်းထန်တဲ့ တိုက်ခတ်သံ ကြားနေရတယ်။ “ခင်ဗျားက သူတို့ကို ဗိုလ်ဒီမွန့်ဆီ ရောင်းစားတယ်။ ကျွန်တော် သိသင့်တဲ့ အတွင်းသဘော အားလုံးက ဒါပဲ”

“ကျုပ်ပြောတာ မင်း နားထောင်ပါ” ဘလက်က ပြောတယ်။ အခု သူ့ အသံထဲမှာ အလောတကြီး ဖြစ်တဲ့အသံ ပါနေတယ်။ “တကယ်လို့ မင်း နား ---- နားမလည်ဘူး ဆိုရင် ---- မင်း နောင်တရလိမ့်မယ် ”

“ကျွန်တော် နားလည်တာ ခင်ဗျား တွေးထင်တာထက် အများကြီး များတယ်” ဟယ်ရီက ပြောတယ်။ အသံက တအားတုန်နေတယ်။ “ခင်ဗျား သူမအော်သံကို ဘယ်တုန်းကမှ မကြားခဲ့ဖူးဘူး၊ ဟုတ်လား။ ကျွန်တော့် မေမေ --- ကျွန်တော့်ကို ဗိုလ်ဒီမွန့် မသတ်အောင် ကာကွယ်တယ် .......... ခင်ဗျား ကတော့ ဟိုအလုပ်ကို လုပ်တယ် --- ခင်ဗျားက .........”

သူတို့နှစ်ယောက် ဘာမှ ထပ်မပြောရသေးခင်မှာ၊ ဝါခြောက်ခြောက် အရာတစ်ခု ဟယ်ရီ့ရှေ့က လှစ်ခနဲ ပြေးသွားတယ်။ ခရွတ်ရှန်က ဘလက် ရင်ဘတ်ပေါ် ခုန်တက်ပြီး အဲဒီနေရာမှာ ထိုင်နေတယ်။ ဘလက်ရဲ့ နှလုံးနေရာမှာ ထိုင်နေတယ်။ ဘလက်က မျက်တောင်ခတ်လိုက်ပြီး အဲဒီကြောင်ကို ကြည့်နေတယ်။

“ဖယ်စမ်း” သူက ပြောတယ်။ ခရွတ်ရှန်ကို တွန်းပစ်ဖို့ လုပ်တယ်။

ဒါပေမယ့် ခရွတ်ရှန်ဟာ လက်သည်းကို ဘလက်ဝတ်ရုံထဲ စိုက်ထားတယ်။ မလှုပ်ဘူး။ ၎င်းဟာ ၎င်းရဲ့ အရုပ်ဆိုးတဲ့ မျက်နှာကို ဟယ်ရီ့ဘက် လှည့်လိုက်ပြီး အဝါရောင် မျက်လုံးကြီးနဲ့ သူ့ကို ကြည့်နေတယ်။ သူ့ဝဲဘက်မှာ ဟာမီးက ရှိုက်လိုက်တယ်။

ဟယ်ရီက ဘလက်နဲ့ ခရွတ်ရှန်ကို ကြည့်နေပြီး မှော်ကြိမ်လုံးကို ပိုတင်းတင်း ဆုပ်ထားတယ်။ အဲဒီကြောင်ကိုပါ သတ်လိုက်ရင်ကော ဘာဖြစ်သေးသလဲ။ အဲဒီကြောင်နဲ့ ဘလက်က တစ်ဖွဲ့တည်း ........ တကယ်လို့

ငှင်းက ဘလက်ကို ကာကွယ်ဖို့အတွက် သေရမှာ မကြောက်ဘူးဆိုရင်၊ သူနဲ့ မဆိုင်ဘူး .... ဘလက်ကို ငှင်းကို ကယ်မယ်ဆိုရင်၊ ခရွတ်ရှန်ကို ဟယ်ရီ့ မိဘထက် ပိုအရေးထားတယ်ဆိုတာ ရှင်းနေတာပဲ ......

ဟယ်ရီက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ခုချိန်ဟာ အခွင့်ကောင်းပဲ။ ခုချိန်ဟာ သူ့အမေနဲ့ အဖေအတွက် ကလဲစားချေရမယ့် အခွင့်ကောင်းပဲ။ သူ ဘလက်ကို သတ်မယ်။ သူ ဘလက်ကို သတ်မှ ဖြစ်မယ်။ ဒါ သူ့အခွင့်အရေး .......

အဲဒီ စက္ကန့် အနည်းငယ်ဟာ သိပ်ကြာတယ်။ ဟယ်ရီဟာ နေရာတွင် ရပ်ပြီး မလှုပ်ဘူး။ မှော်ကြိမ်လုံးကို မြှောက်ထားတယ်။ ဘလက်က ဟယ်ရီ့ကို မော့်ကြည့်နေတယ်။ ခရွတ်ရှန်က သူ့ ရင်ဘတ်ပေါ်မှာ။ ရွှန်နဲ့ နားစူးစေတဲ့ အသက်ရှူသံဟာ ကုတင်ဆီက ရောက်လာတယ်။ ဟာမီးက ငြိမ်ငြိမ်လေးရယ်။

ဒီနောက် အသံ အသစ် ပေါ်လာတယ် -------

ကြမ်းပေါ်မှာ ခြေသံအုပ်အုပ် ကြားရတယ် ----- လှေခါးအောက်မှာ လူလာနေတယ်။

"ကျွန်မတို့ ဒီမှာ" ဟာမီးက ရုတ်တရက် အော်တယ်။ "ကျွန်မတို့ ဒီမှာ ---- ဆီးရီးအက်စ် ကြယ်ဘလက် ---- မြန်မြန်"

ဘလက်က လန့်သွားတယ်။ ကိုယ်လှုပ်လိုက်တာနဲ့ ခရွတ်ရှန် လျှောကျမလို ဖြစ်သွားတယ်။ ဟယ်ရီက အကြောဆွဲသလို မှော်ကြိမ်လုံးကို ကိုင်ထားတယ် --- အခုပဲ လုပ်။ သူ့ခေါင်းထဲက အသံတစ်ခုက ပြောတယ် ---- ဒါပေမယ့် မိုးကြိုးသံလို ခြေလှမ်း တက်လာတယ်။ ဟယ်ရီကတော့ ဘာမှ မလုပ်သေးဘူး။

အခန်းတံခါးဟာ မီးပွားတွေ ပန်းထုတ်လိုက်တာနဲ့ ပွင့်သွားတယ်။ ဟယ်ရီက ဇတ်ခနဲ လှည့်ကြည့်တယ်။ ဒီအချိန်မှာ ပါမောက္ခလူပင် တိုးဝင်လာတယ်။ မျက်နှာပေါ်မှာ သွေးရောင် မရှိဘူး။ မှော်ကြိမ်လုံး မြှောက်ထားတယ်။ အသင့် ပြင်ဆင်ထားတယ်။ သူ့မျက်လုံးဟာ လက်ပြီး ကြမ်းပေါ်လဲနေတဲ့ ရွှန်၊ ဟာမီးကို ကျော်သွားတယ်။ ဒီနောက် တုန်ယင်စွာ အခန်းတံခါးကို ကျော်၊ ဟယ်ရီ့ကို ကျော်သွားတယ်။ ဟယ်ရီဟာ နေရာတွင် ရပ်ပြီး မှော်ကြိမ်လုံးနဲ့ ဘလက်ကို ချိန်ထားတုန်းပဲ။ ဒီနောက် ဘလက်ကိုယ်ပေါ် ကျရောက်သွားတယ်။ ဒီအချိန်မှာ ဘလက်ဟာ ဟယ်ရီ့ ခြေထောက်အောက်မှာ ပြိုလဲနေပြီ။ သွေးလဲ ထွက်နေတယ်။

"လက်နက် ပြုတ်စေ" လူပင်က တအား အော်တယ်။

ဟယ်ရီ့ မှော်ကြိမ်လုံးဟာ သူ့လက်က နောက်တစ်ကြိမ် လွတ်သွားတယ်။ ဟာမီး ကိုင်ထားတဲ့ မှော်ကြိမ်လုံး နှစ်ချောင်းလည်း ဒီတိုင်းပဲ။ လူပင်က ကျင်လည်စွာ မှော်ကြိမ်လုံး သုံးချောင်းကို ဖမ်းယူထားလိုက်တယ်။ ဒီနောက် အခန်းထဲ ဝင်လာပြီး ဘလက်ကို စိုက်ကြည့်နေတယ်။ ခရွတ်ရှန်ဟာ ငှင်းရင်ဘတ်ပေါ်မှာ ထိုင်ပြီး အကာအကွယ် ပေးနေတုန်းပဲ။

ဟယ်ရီက နေရာတွင် ရပ်နေတယ်။ ရုတ်တရက် စိတ်ထဲ အလွန် ဟာသွားတယ်။ သူ ဟိုကိစ္စကို မအောင်မြင်လိုက်ဘူး။ သူ သိပ်စိတ်လှုပ်ရှားလို့ မလုပ်ဖြစ်လိုက်ဘူး။ ဘလက်ကို ဝိညာဉ်စုပ်ကောင် အပ်လိမ့်မယ်။

ဒီနောက် လူပင်က စကားပြောတယ်။ အသံက တစ်မျိုးကြီးပဲ။ စိတ်ဆန္ဒကို ဖိနှိပ်ထားတဲ့ အသံမျိုး။ "သူ ဘယ်မှာလဲ။ ဆီးရီးအက်စ်ကြယ်"

ဟယ်ရီက လူပင်ကို အမြန် ကြည့်နေတယ်။ လူပင် ဘာဆိုလိုတယ်ဆိုတာ သူ မသိဘူး။ လူပင်က ဘယ်သူ့ကို ပြောတာလဲ။ သူဟာ ဘလက်ကို လှည့်ကြည့်ပြန်တယ်။

ဘလက် မျက်နှာပေါ်မှာ အမူအရာ မရှိဘူး။ စက္ကန့် အနည်းငယ်ကြာတဲ့ထိ မလှုပ်ဘူး။ ဒီနောက်၊ သူဟာ အလွန်နေးကွေးစွာနဲ့ လွတ်နေတဲ့ လက်ကို မြှောက်ပြီး ရွန့်ကို လက်ညှိုးထိုးပြတယ်။ ဟယ်ရီ ဘာမှန်းမသိဘူး။ ဒါကြောင့် ရွန့်ကို ကြည့်နေတယ်။ ရွန်က ဘာမှန်း မသိတဲ့ ပုံစံနဲ့။

"ဒါပေမယ့် .... " လူပင်က ရေရွတ်တယ်။ ဘလက်ကို သေသေချာချာ ကြည့်တယ်။ သူ့စိတ်ကို ဖတ်နေသလိုပဲ။ "ဘာဖြစ်လို့ သူ အရင်က အဖြစ်မှန် မပေါ်တာလဲ။ တစ်ခုတော့ ----" လူပင်ရဲ့ မျက်လုံးဟာ ရုတ်တရက် ပြူးလာတယ်။ ဘလက်အပြင် ဘာကြည့်နေမှန်း မသိဘူး။ ကျန်လူတွေကတော့ ဘာမှ မမြင်ဘူး။ "တစ်ခုတော့ ရှိတယ်။ သူက ဟို .... မင်း ငါ့ကို မပြောဘဲ ---- ပြောင်းပစ်ခဲ့ရင်ပေါ့"

ဘလက်ဟာ လူပင့်မျက်နှာကို ငေးကြည့်နေတယ်။ အလွန် ဖြည်းနှေးစွာ ခေါင်းညိတ်ပြတယ်။

"ပါမောက္ခ လူပင်" ဟယ်ရီက ကျယ်ကျယ် ဖြတ်ပြောတယ်။ "ဘယ်လို ဖြစ်တာလဲ .........."

ဒါပေမယ့် သူ ဒီမေးခွန်းကို ဘယ်တော့မှ ဆုံးအောင် မေးနိုင်မှာ မဟုတ်တော့ဘူး။ သူ မြင်ရတဲ့ မြင်ကွင်းက သူ့ကို အသံထွက်လို့ မရအောင် ဖြစ်စေတယ်။ လူပင်က မှော်ကြိမ်လုံးကို ချလိုက်တယ်။ ဘလက်အနား သွားပြီး သူ့လက်ကို ကိုင်ကာ ဆွဲထူတယ်။ ဒါကြောင့် ခရွတ်ရှန်ဟာ ကြမ်းပေါ်ကျသွားတယ်။ လူပင်က ဘလက်ကို ပွေ့ဖက်ထားတာ ညီအစ်ကို အရင်း နှစ်ယောက်လိုပဲ။

ဟယ်ရီဟာ ဗိုက်ထဲ မြောင်းဆန်သွားတယ်လို့ ခံစားရတယ်။

"ကျွန်မ မယုံဘူး" ဟာမီးက အော်တယ်။

လူပင်က ဘလက်ကို လွှတ်ပြီး သူမဘက် လှည့်လိုက်တယ်။ သူမဟာ ကြမ်းပေါ်က မတ်တတ် ရပ်လိုက်ပြီ။ လူပင်ကို လက်ညှိုးထိုးပြီး မျက်စိကြီး ပြူးနေတယ်။

"သင် --- သင် ----"

"ဟာမီး ----"

"---- သင်နဲ့ သူ"

"ဟာမီး၊ တည်ငြိမ်ပါ"

"ကျွန်မ ဘယ်သူ့မှ မပြောဘူး" ဟာမီးက အော်တယ်။ "ကျွန်မ သင့်ကို ဖုံးပေးနေတာ ----"

"ဟာမီး၊ ကျုပ်ပြောတာ နားထောင်ပါ" လူပင်က အော်တယ်။ "ကျုပ် ရှင်းပြနိုင်တယ် ---"

ဟယ်ရီဟာ မိမိတုန်နေ တယ်လို့ ခံစားရတယ်။ ကြောက်လို့ မဟုတ်ဘူး။ ဒေါသ အသစ်တစ်ခု ပေါက်ကွဲလာလို့။

"ကျွန်တော်က ခင်ဗျားကို ယုံတယ်" သူက လူပင်ကို အော်ပြောတယ်။ သူ့အသံဟာ တုန်လွန်းလို့ ချုပ်ထိန်းလို့ မရဘူး။ "ခင်ဗျားကတော့ သူ့မိတ်ဆွေ ဖြစ်နေတယ်"

"မင်းတို့ မှားနေပြီ" လူပင်က ပြောတယ်။ "ဆယ့်နှစ်နှစ် အတွင်းမှာ၊ ကျုပ် ဘလက် မိတ်ဆွေ မဟုတ်ဘူး။ ဒါပေမယ့် ကျုပ် အခုတော့ ဟုတ်တယ် ......... ကျုပ် ရှင်းပြပါရစေ ........"

"ဟင့်အင်း" ဟာမီးက အော်တယ်။ "ဟယ်ရီ၊ သူ့ကို မယုံနဲ့။ သူက ဘလက်ကို ရဲတိုက်ထဲ ဝင်ဖို့ တလျှောက်လုံး ကူညီနေတယ်။ သူကလဲ နင့်ကို သေစေချင်တယ် -------- သူက ဝံပုလွေ လူသား"

ခဏတာ ငြိမ်သက်သွားတယ်။ အခု အားလုံး လူပင်ကို ကြည့်နေတယ်။ လူပင်ဟာ အတော် ညှိုးယော်နေပေမယ့် အလွန် တည်ငြိမ်တယ်။

"ဒါ မင်း ခါတိုင်းရှိတဲ့ ရေချိန်နဲ့ မအပ်စပ်ဘူး၊ ဟာမီး" သူက ပြောတယ်။ "ခါတိုင်းရဲ့ သုံးပုံတစ်ပုံပဲ ရှိတယ်။ ကျုပ် ဘလက်ကို ရဲတိုက်ထဲဝင်ဖို့ တလျှောက်လုံး မကူညီခဲ့ဘူး။ ကျုပ်က ဟယ်ရီ သေမှာကို မလိုလားဘူး ....... " သူ့ မျက်နှာဟာ ထူးဆန်းစွာ တုန်သွားတယ်။ "ဒါပေမယ့် ကျုပ်ဟာ ဝံပုလွေ လူသားဆိုတာ မငြင်းပါဘူး"

ရွန်က နောက်ထပ် မတ်တတ်ရပ်ချင်တယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ နာလွန်းလို့ ညည်းပြီး ပြန်လဲကျသွားတယ်။ လူပင်က သူ့ဆီ လျှောက်သွားတယ်။ အလွန် ဂရုစိုက်ပုံပေါ်တယ်။ ဒါပေမယ့် ရွန်က ဒေါသနဲ့ ပြောတယ်။ "ထွက်သွားစမ်း၊ ဝံပုလွေလူသား"

လူပင် ရပ်နေတယ်။ နည်းနည်းမှ မလှုပ်ဘူး။ ဒီနောက်၊ သူဟာ စိတ်တင်းပြီး ဟာမီးဘက် လှည့်ပြောတယ်။ "မင်း သိတာ ဘယ်လောက် ကြာပြီလဲ"

"ကြာလှပြီ" ဟာမီးက တိုးတိုးပြောတယ်။ "ကျွန်မ ပါမောက္ခ စနိတ်ပ် ရေးခိုင်းတဲ့ စာတမ်း ရေးပြီးနောက် .........."

"သူ ဝမ်းသာမှာပါ" လူပင်က အေးစက်စက် ပြောတယ်။ "သူ အဲဒီ စာတမ်း ရေးခိုင်းတာဟာ၊ မင်းတို့ထဲက တစ်ယောက်ယောက်က ကျုပ်ရောဂါက ဘာအဓိပ္ပာယ် ဖော်ပြလဲဆိုတာ သိစေချင်လို့။ မင်းက လကွယ်၊ လပြည့် ဇယားကြည့်ပြီး ကျုပ် လပြည့်နေ့တိုင်း ရောဂါထတာကြောင့် သိတာလား။ နို့မို့ရင် ဘော့ဂတ်က ကျုပ်ကို မြင်တာနဲ့ ငွေဘောလုံး ---- လ ဖြစ်သွားတာ မြင်လို့လား"

"နှစ်မျိုးစလုံး ဟုတ်တယ်" ဟာမီးက တည်ငြိမ်စွာ ပြောတယ်။

လူပင်က အားတင်း ရယ်လိုက်တယ်။

"ကျုပ် သိရသလောက်၊ မင်းဟာ မင်းအရွယ်ထဲမှာ ဉာဏ်အကောင်းဆုံး မှော်ဆရာမပဲ၊ ဟာမီး"

"ကျွန်မ မဟုတ်ပါဘူး" ဟာမီးက တိုးတိုးပြောတယ်။ "တကယ်လို့ ကျွန်မ နည်းနည်း ဉာဏ်ရှိရင်၊ လူတိုင်းကို သင်ဟာ ဝံပုလွေလူသားလို့ အစောကြီးကတည်းက ပြောပြီးပြီ"

"ဒါပေမယ့် သူတို့ သိနေပြီ" လူပင်က ပြောတယ်။ "အနည်းဆုံးတော့ ဆရာတွေ သိတယ်"

"ဒမ်ဘလီဒိုးက ခင်ဗျား ဝံပုလွေလူသားမှန်း သိရဲ့နဲ့ ခင်ဗျားကို ခန့်တယ်လား" ရွန်က မောမောနဲ့ ပြောတယ်။ "သူ ရူးနေသလား"

"ဆရာ တချို့က ဒီလိုပဲ တွေးတယ်" လူပင်က ပြောတယ်။ "သူဟာ ဆရာတချို့ကို အများကြီး နားချတယ်။ သူတို့ကို ကျုပ်ဟာ စိတ်ချရတယ်လို့ ယူဆလာစေတယ် ---"

"ဒါပေမယ့် သူမှားသွားပြီ" ရွန်က အော်တယ်။ "ခင်ဗျား သူ့ကို ရဲတိုက်ထဲ ဝင်ဖို့ ကူညီနေတာ" သူက ဘလက်ကို လက်ညှိုးထိုးပြတယ်။ ဘလက်ဟာ ကုတင်နားသွားပြီး ကုတင်ပေါ် လဲကျသွားတယ်။ တုန်နေတဲ့လက်နဲ့

မျက်နှာကို အုပ်ထားတယ်။ ခရွတ်ရှန်က သူ့ဘေးခုန်သွားပြီး သူ့ပေါင်ပေါ်တက်ထိုင်ကာ ကျေနပ်စွာ တမြောင်းမြောင်း အော်နေတယ်။ ရွန်က ဒဏ်ရာရတဲ့ ခြေထောက်ကို ဒရွတ်ဆွဲပြီး သူတို့နဲ့ ခွဲခွာလိုက်တယ်။

"ကျုပ် ဆီးရီးအက်စ်ကြယ်ကို မကူညီခဲ့ပါဘူး" လူပင်က ပြောတယ်။ "မင်းတို့ ကျုပ်ကို အခွင့်အရေးပေးရင်၊ ကျုပ် ရှင်းပြပါမယ် ----"

သူဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ မှော်ကြိမ်လုံးကို ခွဲပြီး ၎င်းတို့ ပိုင်ရှင်ဆီ တစ်ခုချင်း ပစ်ပေးလိုက်တယ်။ ဟယ်ရီက မိမိဟာကို ဖမ်းယူပြီး အလွန် အံ့သြနေတယ်။

"ကောင်းပြီ" လူပင်က ပြောတယ်။ မိမိမှော်ကြိမ်လုံးကို ခါးပတ်ထဲ ပြန်ထိုးထားလိုက်တယ်။ "မင်းတို့မှာ လက်နက်ရှိတယ်။ ကျုပ်မှာ မရှိဘူး။ အခု ကျုပ်ပြောတာ နားထောင်နိုင်ပြီလား"

ဟယ်ရီဟာ ဒီကိစ္စကို ဘယ်လို သဘောထားရမှန်း မသိဘူး။ ဒါ လှည့်စားနေတာလား။

"တကယ်လို့ ခင်ဗျား သူ့ကို ကူညီနေတာ မဟုတ်ဘူးဆိုရင်" သူကပြောတယ်။ ဒေါသနဲ့ ဘလက်ကို ကြည့်လိုက်တယ်။ "သူ ဒီမှာ ရှိတာ ခင်ဗျား ဘယ်လိုလုပ် သိတာလဲ"

"မြေပုံလေ" လူပင်က ပြောတယ်။ "ဟိုဓားပြ မြေပုံ။ ကျုပ် ခုနက ရုံးခန်းထဲမှာ ကြည့်နေတာ ----"

"ဘယ်လို အသုံးပြုရမှန်း သိလို့လား" ဟယ်ရီက သံသယနဲ့ မေးတယ်။

"သုံးတတ်တာပေါ့" လူပင်က ပြောတယ်။ စိတ်မရှည်ဘဲ လက်ခါပြတယ်။ "ကျုပ် ကူပြီး ရေးဆွဲထားတာ၊ ကျုပ်က လမျက်နှာပဲ ---- ဒါ ကျောင်းနေတုန်းက မိတ်ဆွေတွေ ပေးတဲ့နာမည်"

"ခင်ဗျားဆွဲတာ ---- ဟုတ်လား"

"အရေးကြီးတာက၊ ဒီည ကျုပ် ဒီမြေပုံကို သေချာ ကြည့်နေတာ။ ကျုပ်က မင်း၊ ရွန်နဲ့ ဟာမီးတို့ ရဲတိုက်က ခိုးထွက်ပြီး ဟက်ဂရစ်ရဲ့ ဟစ်ပိုဂရစ်ဖ် သေဒဏ်မစီရင်ခင်မှာ သွားတွေ့မယ်လို့ ထင်တယ်။ ကျုပ် ပြောတာမှန်တယ် မဟုတ်လား"

သူဟာ ဟိုဒီလျှောက်ပြီး သူတို့ကို ကြည့်နေတယ်။ သူ့ ခြေထောက်ဘေးမှာ ဖုန်တွေ ထနေတယ်။

"မင်းက မင်းအဖေရဲ့ ကိုယ်ပျောက်ဝတ်ရုံ ခြုံထားတယ် ထင်တယ်၊ ဟယ်ရီ"

"ကျွန်တော့်မှာ ဟို ကိုယ်ပျောက်ဝတ်ရုံ ရှိတယ်လို့ ခင်ဗျား ဘယ်လိုသိလဲ"

"အကြိမ်အတော်များများ ဂျိမ်း အဲဒီ အင်္ကျီအောက်မှာ ပျောက်သွားတာ ကျုပ်မြင်ခဲ့ရဖူးတယ် ........." လူပင်က ပြောတယ်။ စိတ်မရှည်စွာ လက်ပြလိုက်ပြန်တယ်။ "ပြဿနာက ကိုယ်ပျောက်ဝတ်ရုံ ဝတ်ထားရင်လဲ မြေပုံက ဖော်ပြတာပါပဲ။ မင်းတို့ ကွင်းကိုဖြတ်ပြီး ဟက်ဂရစ်အိမ်လေးထဲ ဝင်သွားတာ မြင်ရတယ်။ ဆယ်မိနစ်ကြာတော့ မင်းတို့ ဟက်ဂရစ်ကို ခွဲခွာပြီး ရဲတိုက်ဆီပြန်လာတယ်။ ဒါပေမယ့် မင်းတို့မှာ တခြား အဖော်တွေ ရှိလာတယ်"

"ဘာ" ဟယ်ရီက ပြောတယ်။ "ဟင့်အင်း၊ ကျွန်တော်တို့မှာ မရှိဘူး"

"ကျုပ်က ကျုပ်မျက်စိကိုတောင် မယုံဘူး" လူပင်က ပြောတယ်။ ဟိုဒီ လမ်းလျှောက်နေတယ်။ ဟယ်ရီ ဖြတ်ပြောတာကို အရေးမလုပ်ဘူး။ "ကျုပ်က မြေပုံ အသုံးမကျတော့ဘူး ထင်တာ။ သူ ဘယ့်နှယ် မင်းတို့နဲ့ အတူ ရှိနေတာလဲ"

"ဘယ်သူမှ ကျွန်တော်တို့နဲ့ အတူ မရှိဘူး" ဟယ်ရီက ပြောတယ်။

"ဒီနောက် တခြား အစက်လေး မင်းတို့ဆီ အလျင်အမြန် လှုပ်ရှားသွားတာ တွေ့ရတယ်။ အဲဒီ အစက်ကလေးက ဆီးရီးအက်စ် ကြယ်ဘလက် ......... သူနဲ့ မင်းတို့ တွေ့ကြတယ်။ သူက မင်းတို့ထဲက နှစ်ယောက်ကို လှုရိုက် မိုးမခထဲ ဆွဲသွင်းသွားတယ် -------"

"ကျွန်တော်တို့ထဲက တစ်ယောက်" ရွန်က စိတ်ဆိုးဆိုးနဲ့ ပြောတယ်။

"မဟုတ်ဘူး၊ ရွန်" လူပင်က ပြောတယ်။ "နှစ်ယောက်"

သူဟာ မလျှောက်ဘဲ ရပ်နေတယ်။ ရွန့်ကို ကြည့်နေတယ်။

"ကျုပ် မင်း ကြွက်ကို ကြည့်လို့ရမလား" သူက ရိုးရိုးပဲ ပြောလိုက်တယ်။

"ဘာလဲ" ရွန်က ပြောတယ်။ "အစက်အပြောက်လေးနဲ့ ဒီကိစ္စ ဘာများ ဆိုင်လို့လဲ"

"ဘာမဆို ဆိုင်တယ်" လူပင်က ပြောတယ်။ "ကျုပ် အဲဒီကြွက်ကို ကြည့်လို့ ရမလား"

ရွန် တွေဝေနေတယ်။ ဝတ်ရုံထဲ လက်နှိုက်လိုက်တယ်။ အစက်အပြောက်လေး ပေါ်လာပြီ။ မျှော်လင့်ချက်မရှိ တအား လှုပ်ခါနေတယ်။ ရွန်ဟာ ၎င်း ထွက်မပြေးအောင် မတတ်သာဘဲ အမွေးမရှိ အမြီးရှည်ရှည်ကို ဆွဲထားရတယ်။ ခရွတ်ရှန်ဟာ ဘလက် ပေါင်ပေါ်က ရပ်လိုက်တယ်။ တိုးတိုး အော်နေတယ်။

လူပင်က ရွန့်ဆီ နည်းနည်း တိုးသွားတယ်။ သူက အစက်အပြောက်လေးကို သေချာ ကြည့်တယ်။ အသက်တောင် မရှူဘူး။

"ဘာလဲ" ရွန်က ပြောပြန်တယ်။ အစက်အပြောက်လေးကို မိမိနဲ့ ပိုနီးအောင် ကိုင်ထားတယ်။ ကြည့်ရတာ ကြောက်နေသလိုပဲ။ "ကျွန်တော့် ကြွက်ဟာ ဘာနဲ့များ ပတ်သက်နိုင်လို့လဲ"

"အဲဒါ ကြွက်မဟုတ်ဘူး" ဘလက်က အသံအက်အက်နဲ့ ရုတ်တရက်ပြောတယ်။

"ခင်ဗျား ဒါ ဘာအဓိပ္ပာယ်လဲ။ ၎င်းက ကြွက်ပဲဟာ ------"

"မဟုတ်ဘူး၊ ၎င်း ကြွက်မဟုတ်ဘူး" လူပင်က အေးဆေးစွာ ပြောတယ်။ "၎င်းက မှော်ဆရာ"

"အာနီမာဂတ်စ် ဖြစ်တယ်" ဘလက်က ပြောတယ်။ "သူ့နာမည်က ကြယ်ပုလေး ပီတာ'

• •• • •• •

## ၁၈။ လမျက်နှာ၊ ပိုးကောင်အမြီး၊ ခြေပြားကြီးနဲ့ ခက်ရင်းခွချွန်

စက္ကန့်အနည်းငယ်ကြာတော့မှ ဒီစကားဟာ ကြံကြီးစည်ရာ စကားလို့ နားလည်ကြတယ်။ ဒီနောက် ရွန်က ဟယ်ရီ ပြောလိုတဲ့ စကားကို ပြောလိုက်တယ်။

“ခင်ဗျားတို့ နှစ်ယောက်စလုံး စိတ်ရောဂါ ရှိတယ်”

“ရယ်စရာ” ဟာမီးက အသံပျော့ပျော့ ပြောတယ်။

"ကြယ်ပုလေး ပီတာ သေသွားပြီ" ဟယ်ရီက ပြောတယ်။ "လွန်ခဲ့တဲ့ ၁၂နှစ်က သူ သူ့ကို သတ်ပစ်လိုက်ပြီ"

သူက ဘလက်ကို လက်ညှိုးထိုးပြတယ်။ ဘလက်မျက်နှာဟာ အကြောဆွဲသလို တွန့်လိမ်သွားတယ်။

"ကျုပ် သူ့ကို သတ်ချင်တာ" သူက အော်ဟောက်တယ်။ ပါးစပ်ထဲက သွားဝါဝါတွေ ပေါ်လာတယ်။ "ဒါပေမယ့် ပီတာလေးက အသာစီး ရသွားတယ် ..... ဒါပေမယ့် ဒီတစ်ခါတော့ မရတော့ဘူး"

ဘလက်ဟာ အစက်အပြောက်လေးဆီ တအား ထိုးဝင်သွားတယ်။ ခရွတ်ရှန်ဟာ ကြမ်းပေါ်ကျသွားတယ်။ ဘလက်ရဲ့ ကိုယ်ဟာ ရွန့်ကျိုးနေတဲ့ ခြေပေါ် ကျသွားလို့ ရွန် နာလွန်းလို့ ထအော်တယ်။

"ဆီးရီးအက်စ်ကြယ်၊ မလုပ်နဲ့" လူပင်က အော်ပြီး သူလည်း ဝင်အုပ်တယ်။ ဘလက်ကို ရွန့်ဆီက ဆွဲပစ်တယ်။ "နေဦး။ မင်း ဒီလို လုပ်လို့ မဖြစ်ဘူး ----- သူတို့ နားလည်ဖို့ လိုတယ် ---- ငါတို့ ရှင်းကို ပြရမယ်........."

"ငါတို့ ကိစ္စပြီးမှ ရှင်းလို့ရတယ်" ဘလက်က အော်ဟစ်တယ်။ လူပင်လက်ကို တအား တွန်းပစ်တယ်။ လက်တစ်ဖက်ဟာ မိုးပေါ်မှာ လှမ်းဆွဲနေတုန်းပဲ။ အစက်အပြောက်လေးကို ဖမ်းချင်နေတယ်။ အစက်အပြောက်လေးဟာ ဝက်ကလေးလို အရှည်ကြီး အော်တယ်။ ရွန့်မျက်နှာတို့၊ လည်ပင်းတို့ကို ကုတ်တယ်။ ထွက်ပြေးချင်နေတယ်။

"သူတို့ ....... ကိစ္စအားလုံးကို ....... သိခွင့် .......... ရှိတယ်" လူပင်က မောမောနဲ့ ပြောတယ်။ ဘလက်ကို ဖမ်းထားချင်နေတယ်။ "ရွန်က ၎င်းကို အချစ်တော်အဖြစ် မွေးထားတယ်။ ၎င်းအကြောင်း တချို့ ကျုပ်လဲ နားမလည်ဘူး။ ဟယ်ရီ ရှိသေးတယ် ....... မင်း ဟယ်ရီ့ကို အဖြစ်မှန်အားလုံး ပြောပြရမယ်၊ ဆီးရီးအက်စ်ကြယ်"

ဘလက်က မရုန်းတော့ဘူး။ ဒါပေမယ့် ၎င်းရဲ့ ချိုင့်နေတဲ့ မျက်လုံးဟာ အစက်အပြောက်လေးကိုပဲ ကြည့်နေတယ်။ အစက်အပြောက်လေးဟာ အကိုက်အကုတ် ခံရလို့ သွေးထွက်နေတဲ့ ရွန့်လက်အောက်မှာ ကပ်နေတယ်။

"ဒါဆို ကောင်းပြီ" ဘလက်က ပြောတယ်။ မျက်လုံးကတော့ ကြွက်ကို စိုက်ကြည့်နေတုန်းပဲ။ "သူတို့ကို ပြောပြချင်တာ ပြောပြလိုက်။ ဒါပေမယ့် မြန်မြန်လုပ်။ လူတွေဟာ ကျုပ်ကို လူသတ်မှုနဲ့ အကျဉ်းချထားခဲ့တယ်။ အခု အဲဒီ လူသတ်မှုကို ကျုပ် ကျူးလွန်မယ်"

"ခင်ဗျားတို့ ရူးနေပြီ။ ခင်ဗျားတို့ နှစ်ယောက်စလုံး" ရွန်က သိပ်မခိုင်မာဘဲ ပြောတယ်။ ဟယ်ရီနဲ့ ဟာမီးကို လှည့်ကြည့်လိုက်တယ်။ သူတို့ ထောက်ခံမှုကို လိုချင်တယ်။ "ကျွန်တော်တို့ နားထောင်ရတာ များပြီ။ ကျွန်တော်တို့ သွားမယ်"

သူဟာ ကောင်းတဲ့ ခြေတစ်ချောင်းနဲ့ ထရပ်ဖို့ လုပ်တယ်။ ဒါပေမယ့် လူပင်က မှော်ကြိမ်လုံးနဲ့ အစက်အပြောက်လေးကို ချိန်လိုက်ပြန်တယ်။

"မင်း ကျုပ်ပြောတာ ပြီးအောင် နားထောင်၊ ရွန်" သူက အေးဆေးစွာ ပြောတယ်။ "မင်း နားထောင်တဲ့အခါမှာ ပီတာကို ထွက်မပြေးအောင် သေချာကိုင်ထား"

"၎င်းက ပီတာ မဟုတ်ဘူး။ ၎င်းက အစက်အပြောက်လေး" ရွန်က အော်တယ်။ အဲဒီ ကြွက်ကို သူ့အိတ်ကပ်ထဲ ပြန်ဝင်အောင် လုပ်တယ်။ ဒါပေမယ့် အစက်အပြောက်လေးဟာ တအား ရုန်းကန်တဲ့အတွက် ရွန် ယိုင်သွားပြီး ဟန်ချက် မထိန်းနိုင် ဖြစ်သွားတယ်။ ဟယ်ရီဟာ ရွန့်ကို ဖေးမလိုက်ပြီး သူ့ကို ကုတင်ပေါ် ပြန်တွန်းပို့လိုက်တယ်။ ဒီနောက် ဟယ်ရီက ဘလက်ကို ဂရုမစိုက်ဘဲ လူပင်ဘက် လှည့်လိုက်တယ်။

"ကြယ်ပုလေး ပီတာ သေတာ မျက်မြင်သက်သေ ရှိတယ်" သူက ပြောတယ်။ "လမ်းတစ်လမ်းလုံးက သက်သေတွေ"

"သူတို့ မြင်တယ်ထင်တဲ့အရာကို သူတို့ မမြင်ဘူး" ဘလက်က ဒေါသနဲ့ ပြောတယ်။ ရွန့်လက်ထဲမှာ တအား ရုန်းကန်နေတဲ့ အစက်အပြောက်လေးကို ကြည့်နေတယ်။

"အားလုံးက ဆီးရီးအက်စ်ကြယ်က ပီတာကို သတ်တယ်လို့ ထင်တယ်" လူပင်က ခေါင်းညိတ်ရင်း ပြောတယ်။ "ကျုပ် ကိုယ်တိုင်လဲ ဒီအတိုင်း ယုံကြည်ခဲ့တယ်။ ဒီည ကျုပ် ဟိုမြေပုံကို ကြည့်တဲ့အထိပဲ။ စားပြမြေပုံက ဘယ်တော့မှ လိမ်မပြောလို့ဘဲ .......... ပီတာ အသက်ရှင်နေသေးတယ်။ ရွန်က ၎င်းကို ဖမ်းထားတယ်၊ ဟယ်ရီ"

ဟယ်ရီက ရွန့်ကို ကြည့်တယ်။ အကြည့်ချင်း ဆုံမိတယ်။ သူတို့ စိတ်ထဲမှာ တူညီတဲ့ အတွေး ပေါ်လာတယ်။ ဘလက်နဲ့ လူပင်တို့ နှစ်ယောက်စလုံး သိပ်မမှန်တော့ဘူး။ သူတို့ ပြောတဲ့စကားဟာ ဘာအဓိပ္ပာယ်မှ မရှိဘူး။ အစက်အပြောက်လေးဟာ ဘယ်လိုလုပ်ပြီး ကြယ်ပုလေးပီတာ ဖြစ်မလဲ။ အက်ဇ်ခါဘန်ဟာ ဘလက် အာရုံကို လုံးဝ ဖြိုခွဲပစ်လိုက်ပြီ ........ ဒါပေမယ့် လူပင်က ဘာကြောင့် သူနဲ့ ပူးပေါင်း ဆောင်ရွက်တာလဲ။

ဆက်လက်ပြီး ဟာမီး စကားပြောတယ်။ တုန်နေတဲ့ မူလကတော့ တည်ငြိမ်တဲ့ အသံမျိုး။ ပါမောက္ခလူပင်ကို အသိရှိရှိ စကားပြောချင်တဲ့ သဘောနဲ့။

"ဒါပေမယ့် ပါမောက္ခလူပင် .......... အစက်အပြောက်လေးဟာ ကြယ်ပုလေး ပီတာ မဖြစ်နိုင်ဘူး ......... ဒါ မဖြစ်နိုင်တာပဲ ........... ဒါ မဖြစ်နိုင်ဘူးဆိုတာ သင်သိပါတယ် ........"

"ဘာဖြစ်လို့ အမှန် မဖြစ်နိုင်ရမှာလဲ" လူပင်က တည်ငြိမ်စွာ ပြောတယ်။ သူတို့ စာသင်ခန်းထဲမှာလို ပြောတယ်။ ဟာမီးလဲ ဂရင်းဒီ စမ်းသပ်တဲ့ ဖြစ်စဉ်ထဲမှာ ပြဿနာတစ်ခု တွေ့သလိုပဲ။

"အကြောင်းက ........ အကြောင်းက တကယ်လို့ ကြယ်ပုလေး ပီတာဟာ အာနီမာဂတ်စ် ဖြစ်ခဲ့တယ်ဆိုရင် လူတွေသိကြမှာပါ။ ကျွန်မတို့ ပါမောက္ခ မက်ဂေါ်နာဂေါ်သင်တဲ့ အာနီမာဂတ်စ် တက်ဖူးတယ်။ ကျွန်မ အိမ်စာလုပ်ပြီးတော့ ဒါနဲ့ ပတ်သက်တာ ရှာဖတ်တယ်၊ မှော်ဝန်ကြီးဌာနက တိရစ္ဆာန်ဖြစ်နိုင်တဲ့ မှော်ဆရာ၊ ဆရာမတွေကို စောင့်ကြည့်တယ်။ သူတို့ ဘာအကောင် ဖြစ်နိုင်တယ်ဆိုတာ မှတ်တမ်းတင်တယ်။ ပြီးတော့ ၎င်းတို့ရဲ့ အမှတ်အသားနဲ့ အရာဝတ္ထု ........... ကျွန်မ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ မှတ်တမ်းကို စစ်ကြည့်ပြီးပြီ။ ဒီရာစုနှစ်မှာ အာနီမာဂတ်စ် ခုနစ်ယောက်ပဲ ရှိတယ်။ ကြယ်ပုလေး ပီတာ နာမည် မှတ်တမ်းမှာ မပါဘူး..........."

ဟယ်ရီဟာ ဟာမီး အိမ်စာဘက်က ကြိုးစားမှုကို တိတ်တိတ် ချီးကျူးမိတယ်။ ဒါပေမယ့် အဲဒီ ခံစားမှုဟာ လူပင် အော်ရယ်လိုက်လို့ ပြတ်သွားတယ်။

"မင်း မှန်ပြန်ပြီ၊ ဟာမီး" သူက ပြောတယ်။ "ဒါပေမယ့် မှော်ဝန်ကြီးဌာနဟာ ဘယ်တုန်းကမှ ဟော့ဂ်ဝပ်မှာ မှတ်တမ်းမတင်ရသေးတဲ့ အာနီမာဂတ်စ် သုံးယောက် ရှိတယ်ဆိုတာ မသိဘူး"

"မင်း သူတို့ကို ပြောပြစရာ ရှိရင် မြန်မြန်လုပ်။ လူပင်" ဘလက်က ဟောက်တယ်။ သူဟာ အစက်အပြောက်လေး အသားကုန် ရုန်းကန်နေတာကို ကြည့်နေဆဲ ဖြစ်တယ်။ "ကျုပ် ၁၂-နှစ်တောင် စောင့်ခဲ့ရပြီ။ ကျုပ် အကြာကြီး ထပ်မစောင့်ချင်တော့ဘူး"

"ကောင်းပြီ ......... ဒါပေမယ့် မင်း ငါ့ကို ကူညီရမယ်၊ ဆီးရီးအက်စ်ကြယ်" လူပင်က ပြောတယ်။ "ငါက အစသာ သိတာ ........."

လူပင်က ရပ်နေတယ်။ သူ့ကျောဘက်က ကျယ်လောင်စွာ ကွဲအက်သံ ပေါ်လာတယ်။ အိပ်ခန်းတံခါး အလိုအလျောက် ပွင့်သွားတယ်။ ငါးယောက်စလုံး တံခါးဆီ ကြည့်နေတယ်။ လူပင်က လျှောက်သွားပြီး လှေခါးဆီကို ကြည့်တယ်။

BURMESE CLASSIC .com

“လူမရှိဘူး .........”

“ဒီနေရာ သရဲချောက်တယ်” ရွန်က ပြောတယ်။

“မဟုတ်ဘူး” လူပင်က ပြောတယ်။ အဲဒီတံခါးကို နားမလည်စွာ ကြည့်နေတယ်။ “ဒီ အော်ဟစ်တဲအိမ်ဟာ ဘယ်တုန်းကမှ သရဲမချောက်ဘူး ........ ရွာသားတွေ အမြဲကြားရတဲ့ အော်သံ၊ အူသံဟာ ကျုပ်ဆီက ထွက်တဲ့အသံ”

သူဟာ မျက်စိပေါ်က မီးခိုးရောင်ဆံပင်ကို ဖယ်ပစ်လိုက်တယ်။ ခဏ စဉ်းစားနေပြီး ပြောတယ်။ “ဒီနေရာဟာ ကိစ္စအားလုံးရဲ့ စတင်တဲ့ နေရာပဲ ---- ကျုပ် ဝံပုလွေလူသား ဖြစ်ပြီးနောက်။ ကျုပ်သာ အကိုက်မခံရရင်၊ ဒီကိစ္စတွေ အစကတည်းက ဖြစ်မှာ မဟုတ်ဘူး ....... ကျုပ် ဒီလောက် မဆင်မခြင် မလုပ်ခဲ့ရင် .........”

သူဟာ နိုးကြားပြီး ပင်ပန်းပုံ ရနေတယ်။ ရွန်က ဖြတ်ပြောချင်တယ်။ ဒါပေမယ့် ဟာမီးက ပြောတယ်။ “ရှူး” သူမက လူပင်ကို အာရုံစိုက်ကြည့်နေတယ်။

“ကျုပ် အကိုက်ခံရတုန်းက ငယ်ငယ်လေး ရှိသေးတယ်။ ကျုပ်မိဘဟာ နည်းအမျိုးမျိုးနဲ့ ကုတယ်။ ဒါပေမယ့် ထိုစဉ်က ဆေးမရှိဘူး။ ပါမောက္ခ စနိတ်ပ် ကျုပ်ကို ဖော်စပ်ပေးတဲ့ ဆေးဟာ ခုတလောမှ တွေ့ရှိတာ။ ဒီဆေးမျိုးဟာ ကျုပ်ကို လုံခြုံစေတယ်ဆိုတာ မင်းတို့ သိရမယ်။ လမပြည့်ခင် တစ်ပတ်မှာ ဒီဆေးမျိုးသောက်လိုက်ရင်၊ ကျုပ် ရုပ်ပြောင်းသွားတဲ့အခါမှာ အသိရှိနေတယ် .... ကျုပ် ရုံးခန်းထဲ ဝပ်နေပြီး လူသားကို ဒုက္ခမပေးတဲ့ ဝံပုလွေလုပ်နေပြီး လပြည့်ရက်ကျော်သွားတဲ့ထိ စောင့်နိုင်တယ်။

“သို့ပေမယ့်ဝံပုလွေ အဆိပ်ဆေးရည် မတွေ့ရှိခင်က၊ ကျုပ်ဟာ လစဉ် ဝံပုလွေစစ်စစ် တစ်ကောင် ဖြစ်သွားတယ်။ အစက ကျုပ် ဟော့ဂ်ဝပ်ကို လာစရာ အကြောင်း မရှိဘူး။ ကျန်မိဘတွေဟာ မိမိကလေးနဲ့ ကျုပ် ထိတွေ့တာ ကြိုက်မှာ မဟုတ်ဘူး။

“ဒါပေမယ့် နောင်မှာ ဒမ်ဘလီဒိုး ကျောင်းအုပ်ကြီး ဖြစ်လာတယ်။ သူ့မှာ စာနာစိတ် သိပ်ရှိတယ်။ သူက ကြိုတင်ကာကွယ်မှု ကောင်းကောင်းလုပ်ရင် ကျုပ်ကို ကျောင်းနေခွင့်မပေးဖို့ အကြောင်းမရှိဘူးလို့ ပြောတယ် .......” လူပင်က သက်ပြင်းချလိုက်တယ်။ ဟယ်ရီ့ဘက် လှည့်လိုက်တယ်။ “လွန်ခဲ့တဲ့ လအနည်းငယ်က၊ အဲဟို လူရိုက်တဲ့ မိုးမခပင်ဟာ ကျုပ် ဟော့ဂ်ဝပ်ရောက်တဲ့နှစ်မှာ စိုက်တာလို့ မင်းကို ကျုပ်ပြောပြဖူးတယ်။ စင်စစ်မှာ ကျုပ် ဟော့ဂ်ဝပ်မှာ လာနေလို့ စိုက်တာ။ ဒီအိမ် ......” လူပင်က ဝမ်းနည်းစွာ ဘေးပတ်လည်ကို ကြည့်လိုက်တယ်။ “ဒီကိုလာတဲ့ လိုဏ်ခေါင်းလမ်း ... ကျုပ် သုံးဖို့ ဖောက်ထားတာ။ တစ်လတစ်ကြိမ်၊ ကျုပ်ကို တိတ်တိတ်လေး ရဲတိုက်က အပြင်ပို့တယ်။ ဒီမှာလာပြီး ရုပ်ပြောင်းစေတယ်။ မြေအောက်ဝင်ပေါက်မှာ အဲဒီသစ်ပင် စိုက်ထားတာဟာ ကျုပ် လူကို အန္တရာယ်ပြုနိုင်တဲ့အခါမှာ လူတွေ ကျုပ်နဲ့ မတွေ့အောင် စိုက်တာ”

လူပင် ဒါကို ပြောတာ ဘာအဓိပ္ပာယ်လဲဆိုတာ ဟယ်ရီ နားမလည်ဘူး။ ဒါပေမယ့် သူဟာ စိတ်ဝင်စားလာတယ်။ လူပင့်အသံကလွဲပြီး အစက်အပြောက်လေးက ကြောက်လို့ထွက်တဲ့ အသံပဲ ရှိတယ်။

“အဲဒီနေ့ရက်တွေမှာ ကျုပ်ရုပ်ပြောင်းရတာ...... ကြောက်စရာပဲ။ ဝံပုလွေလူသားဖြစ်ရတာ သိပ်နာကျင်ပါတယ်။ ကျုပ် လူကို ကိုက်ချင်တဲ့အခါမှာကျတော့၊ လူအုပ်နဲ့ ဝေးဝေးနေရတယ်။ ဒါကြောင့် ကျုပ်က ကိုယ့်ကို ကိုယ်ကိုက်တယ်၊ ကုတ်တယ်။ ရွာသားတွေ ဆူညံသံနဲ့ အော်သံကြားတော့ သူတို့ကြားတာဟာ

အထူးဆိုးရွားတဲ့ သရဲတစ္ဆေရဲ့အသံလို့ ထင်တယ်။ ဒမ်ဘလီဒိုးက ဒီလို ကောလာဟလကို အားပေးတယ် ........ မင်းအဖေလဲ ပါတာပေါ့။ ဟယ်ရီ-------- ဂျိမ်း ပေါ်တာ။

"ဒီတော့ ကျုပ် သူငယ်ချင်းသုံးယောက်ဟာ ကျုပ် လစဉ် ပျောက်ပျောက်သွားတာကို သတိမပြုမိတာ မဖြစ်နိုင်ဘူး။ ကျုပ်က အကြောင်းပြချက် အမျိုးမျိုး လုပ်ကြံပြောတယ်။ ကျုပ်က သူတို့ကို ကျုပ်အမေ ရောဂါဖြစ်နေတယ်၊ အိမ်ပြန်ကြည့်မှ ဖြစ်မယ်လို့ ပြောတယ် ....... ဝံပုလွေလူသားမှန်း သိသွားရင် ကျုပ်ကို ပစ်ပယ်မှာ အထူး စိုးရိမ်တယ်။ ဒါပေမယ့် အမှန်မှာ၊ ဟာမီး၊ သူတို့ဟာ မင်းလိုပဲ အဖြစ်မှန်ကို သိနားလည်သွားကြတယ် ....

"သူတို့ကလဲ ကျုပ်ကို လုံးဝ မပစ်ပယ်ဘူး။ သူတို့ဟာ ကျုပ်အတွက် ကူညီကြတယ်။ ကျုပ်ကို ရုပ်ပြောင်းရာမှာ ဒုက္ခခံနိုင်ရည်ရှိပြီး၊ ရုပ်ပြောင်းတဲ့အချိန်မှာ ကျုပ်အပျော်ဆုံး ဖြစ်အောင် လုပ်ပေးကြတယ်။ သူတို့ဟာ အာနီမာဂတ်စ် တတ်မြောက်လာတယ်"

"ကျွန်တော့် အဖေရောလား" ဟယ်ရီ့ အံ့သြစွာ မေးတယ်။

"ဟုတ်တယ်၊ ဒီအတိုင်းပဲ" လူပင်က ပြောတယ်။ "သူတို့ဟာ သုံးနှစ်နီးနီး ကြိုးစားမှ ဒီအတတ်ကို ရလာတာ။ မင်းအဖေက ဒီက ဆီးရီးအက်စ်ကြယ် ဘလက်ဟာ ကျောင်းမှာ ဉာဏ်အကောင်းဆုံး ကျောင်းသားတွေ။ သူတို့ ကံကောင်းပါတယ်။ အကြောင်းက အာနီမာဂတ်စ် ရုပ်ပြောင်းပညာဟာ ချော်ထွက်ပြီး အမှားကြီး မှားတတ်တယ် ---- ဒါကြောင့် မှော်ဝန်ကြီးဌာနက ဒီလို လုပ်ချင်တဲ့ လူတွေကို တင်းကြပ်စွာ စောင့်ကြည့်နေတာ။ ပီတာဟာ ဆီးရီးအက်စ်နဲ့ ဂျိမ်းရဲ့ အကူအညီ အများကြီး လိုတယ်။ နောက်ဆုံး၊ ကျုပ်တို့ ပဥ္စမနှစ်မှာ သူတို့ ရုပ်ပြောင်းတတ်သွားတယ်။ သူတို့ဟာ ကြိုက်သလို မတူတဲ့ တိရစ္ဆာန်အဖြစ် လူတိုင်း ပြောင်းတတ်သွားတယ်"

"ဒီအခြေအနေက သင့်ကို ဘာအကူအညီရလဲ" ဟာမီးက မေးတယ်။ နားမလည်နိုင်သလို ဖြစ်နေတယ်။

"သူတို့ဟာ လူသဏ္ဍာန်နဲ့ ကျုပ်ကို အဖော်လုပ်လို့ မရဘူး။ ဒီတော့၊ သူတို့ဟာ တိရစ္ဆာန်သဏ္ဍာန်နဲ့ အဖော်လာလုပ်တယ်" လူပင်က ပြောတယ်။ "ဝံပုလွေလူသားဟာ လူကိုသာ အန္တရာယ်ရှိတာ။ သူတို့ဟာ လစဉ် ဂျိမ်းရဲ့ ကိုယ်ပျောက်ဝတ်ရုံကိုခြုံပြီး ရဲတိုက်က ခိုးထွက်တယ်။ သူတို့ ရုပ်ပြောင်းတယ် .....ပီတာက အငယ်ဆုံး တိရစ္ဆာန် ဖြစ်တယ်။ ဒါကြောင့် လူရိုက်မိုးမခရဲ့ လူရိုက် အကိုင်းအခက်ကြား ဖြတ်ပြီး ဒီသစ်ပင်ကို ရပ်သွားတဲ့ အဖုကို ဖိတယ်။ ဒီနောက် သူတို့ဟာ မြေအောက်လိုဏ်ခေါင်းလမ်းကို ဆင်းပြီး ကျုပ် ဆီလာတယ်။ သူတို့ကြောင့် ကျုပ် သိပ်အန္တရာယ် မရှိတော့ဘူး။ ကျုပ် ကိုယ်ခန္ဓာက ဝံပုလွေ။ ဒါပေမယ့် သူတို့နဲ့အတူ ရှိနေတဲ့အခါမှာ ကျုပ်စိတ်အသိက ဝံပုလွေနဲ့ သိပ်မတူတော့ဘူး"

"လူပင် မြန်မြန်လုပ်" ဘလက်က ဟောက်တယ်။ သူဟာ အစက်အပြောက်လေးကို စောင့်ကြည့်နေဆဲ။ မျက်နှာပေါ်မှာ ကြောက်စရာ ငတ်မွတ်မှုကို မြင်တွေ့ရတယ်။

"ရောက်တော့မယ်၊ ဆီးရီးအက်စ်ကြယ်၊ ပြောမယ့်နေရာ ရောက်တော့မယ် .... ကျုပ်တို့အားလုံး ရုပ်ပြောင်းနိုင်တယ်ဆိုတော့ ကျုပ်တို့ ရှေ့မှာ စိတ်တက်ကြွစရာ အလားအလာတွေ ရှိနေတာပေါ့။ ကျုပ်တို့ဟာ မကြာခင်မှာပဲ အော်ဟစ်တဲ့အိမ်က ထွက်ပြီး ညအချိန်မှာ ကျောင်းဝန်းထဲနဲ့ ရွာထဲ လျှောက်သွားတယ်။ ဆီးရီးအက်စ်ကြယ်နဲ့ ဂျိမ်းတို့က အကောင်ကြီးတဲ့ တိရစ္ဆာန်၊ ဝံပုလွေလူသားကို ချုပ်ကိုင်နိုင်တယ်။ ဟော့ဂ်ဝပ်မှာ ကျုပ်တို့လောက် ဟော့ဂ်ဝပ်ရဲ့ နေရာတွေနဲ့ ဟော့ဂ်မော့ဒ်ကို သိတဲ့လူ မရှိတော့ဘူး လို့ ကျုပ် ထင်တယ် .... ဒါကြောင့် ကျုပ်တို့က အဲဒီ ဓားပြမြေပုံကို ရေးဆွဲတာ။ ကျုပ်တို့ရဲ့ နာမည်ပြောင်ကိုလဲ ရေးထိုးထားတယ်။ ဆီးရီးအက်စ်က ခြေပြားကြီး၊ ပီတာက ပိုးကောင်အမြီး၊ ဂျိမ်းက ခက်ရင်းခွချွန်"

"ဘာအကောင်လဲ ----" ဟယ်ရီက မေးတယ်။ ဒါပေမယ့် ဟာမီးက သူ့ကို ဖြတ်ပြောတယ်။

“ဒါလဲ အလွန် အန္တရာယ်ရှိတယ်။ ညကြီးမင်းကြီးမှာ ဝံပုလွေ လူသားတစ်ယောက်နဲ့ လျှောက်သွားတာ။ တကယ်လို့များ သတိလစ်ပြီး တစ်ယောက်ယောက်ကို ကိုက်မိရင် ဘယ်လိုလုပ်မလဲ”

“ဒီလိုတွေးတာ ကျုပ်ကို ခုထိ စိတ်မအေးရဘူး” လူပင်က လေးပင်စွာ ပြောတယ်။ “ပြီးတော့လဲ လူကို ကိုက်မိဖို့ နည်းနည်း လိုတော့တာလဲ အကြိမ်မနည်း ဖြစ်ဖူးတယ်။ ပြီးရင် တို့က ဒါမျိုးကို ရယ်စရာ လုပ်ပြောတယ်။ ထိုစဉ်က ကျုပ်တို့ ငယ်တယ်၊ နားလည်မှု မရှိဘူး။ မိမိဉာဏ်ထက်တယ်ဆိုပြီး ဝမ်းသာတာပဲ ရှိတယ်။

“တစ်ခုတစ်လေလဲ စိတ်ထဲ မကောင်းဘူး၊ ဒမ်ဘလီဒိုး ယုံကြည်မှုကို စော်ကားတယ်လို့ ထင်တယ် ... တခြားကျောင်းအုပ်တွေ ကျုပ်ကို ဘယ်သူမှ လက်မခံတဲ့အခါမှာ သူက လက်ခံလိုက်တယ်။ ပြီးတော့ သူဟာ ကျုပ် စည်းကမ်း ချိုးဖောက်တယ် ဆိုတာလဲ နည်းနည်းမှ မသိဘူး။ ဒီလိုက်နာရန် စည်းကမ်းက သူက ကျုပ်နဲ့ ကျန်လူတွေရဲ့ လုံခြုံရေးအတွက် ချမှတ်ထားတာ။ သူဟာ ကျုပ်က သူငယ်ချင်းသုံးယောက်ကို ခေါ်ပြီး အာနီမာဂတ်စ်အတတ် တတ်မြောက်သွားစေတာ မသိဘူး။ လာမယ့်လအတွက် စွန့်စားခန်းကို ထိုင်ပြီး စီမံကိန်း ရေးဆွဲကြတဲ့အခါတိုင်း ကျုပ်ဟာ ဒီလိုအပြစ်ကျူးလွန်တဲ့ ခံစားချက်ကို ကြိုးစားမေ့ပစ်ရတယ်။ ပြီးတော့ ကျုပ် မပြောင်း....”

လူပင် မျက်နှာကြီး တင်းသွားတယ်။ မိမိကိုယ်မိမိ ရွံမုန်းသံ ပါနေတယ်။ “အဲဒီနှစ်မှာ ကျုပ် ချီတုံချတုံ ဖြစ်နေတယ်။ ဒမ်ဘလီဒိုးကို ပြောရမလား ဆိုတာ မဆုံးဖြတ်နိုင်ဘူး။ ဆီးရီးအက်စ်ကြယ်ဟာ အာနီမာဂတ်စ် ဖြစ်တယ်လို့။ ဒါပေမယ့် ကျုပ် မပြောဘူး။ ဘာဖြစ်လို့လဲ။ ကျုပ် သိပ်ပျော့ညံ့လို့။ သူ့ကို ပြောပြရင်၊ ကျုပ် ကျောင်းသားဘဝမှာ သူ့ ယုံကြည်မှုကို စော်ကားခဲ့တယ်လို့ အခိပ္ပာယ်ရတယ်။ တခြားသူတွေပါ ခေါ်ပြီး .... ကျုပ်အဖို့ ပြောရရင်၊ ဒမ်ဘလီဒိုးရဲ့ ယုံကြည်မှုဟာ အလွန့်ကို အရေးကြီးပါတယ်။ ကျုပ်ကလေးတုန်းကတည်းက သူဟာ ကျောင်းနေဖို့ လက်ခံခဲ့တယ်။ လူကြီးဖြစ်လာတော့လဲ နေရာတိုင်းမှာ နှာခေါင်းကျည်ပွေ့ တွေ့ခဲ့ရတယ်။ ကျုပ်က ဝံပုလွေလူသားဆိုတော့ အခကြေးငွေရတဲ့ အလုပ် မရနိုင်ဘူး။ သူကတော့ ကျုပ်ကို အလုပ်ပေးတယ်။ ဒီတော့ ဆီးရီးအက်စ်ကြယ်ဟာ ဗိုလ်ဒီမွန့်ဆီကရတဲ့ အောက်လမ်းအတတ်နဲ့ ကျောင်းထဲကို ဝင်လာတယ်။ သူ အာနီမာဂတ်စ်ဖြစ်တာ ဒါနဲ့ ဘာမှ မဆိုင်ဘူးလို့ ကိုယ့်ကိုကိုယ်ယုံ .... ဒါကြောင့်၊ အခိပ္ပာယ်တစ်မျိုး အရ ပြောရရင်၊ စနိတ်ပ် ကျုပ်အပေါ်ထားတဲ့ အမြင်ဟာ မှန်တယ်”

“စနိတ်ပ်လား” ဘလက်က အသံအက်အက်နဲ့ ပြောတယ်။ မိနစ်အချို့အတွင်းမှာ ပထမဆုံးအကြိမ်အားဖြင့် အစက်အပြောက်လေးကို မကြည့်ဘဲ လူပင်ကို ကြည့်တယ်။ “စနိတ်ပ်နဲ့ ဒီကိစ္စ ဘာဆိုင်သလဲ”

“သူ ဒီမှာ ရှိတယ်။ ဆီးရီးအက်စ်ကြယ်” လူပင်က ရင်လေးစွာ ပြောတယ်။ “သူလဲ ဒီမှာ စာသင်နေတယ်” သူက ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို မော့ကြည့်လိုက်တယ်။

“ပါမောက္ခစနိတ်ပ်ဟာ ကျောင်းမှာ ကျုပ်တို့နဲ့ အတူရှိတယ်။ သူက ကျုပ်ကို မှော်နက်ပညာကာကွယ်တဲ့ အတတ်ဆရာခန့်တာ အလွန် ဆန့်ကျင်ခဲ့တယ်။ သူက ဒမ်ဘလီဒိုးကို ကျုပ် မယုံရဘူးလို့ ပြော ပြောနေတယ်။ သူ့မှာ သူ့အကြောင်းပြချက် ရှိတယ် .... ကြည့်ပါ၊ ဆီးရီးအက်စ်ကြယ်က သူ့ကို ကျီစားဖူးတယ်။ သူ အသက်ပျောက်ဖို့ နည်းနည်းလိုတယ်။ အဲဒီ ကျီစားတာ ကျုပ်နဲ့လဲ ပတ်သက်တယ် ......”

ဘလက်ဆီက ကဲ့ရဲ့တဲ့အသံ ထွက်လာတယ်။

“သူ့ထိုက်နဲ့ သူ” သူက အေးစက်စက်ရယ်တယ်။ “ခိုးကြောင်ခိုးဝှက်နဲ့ နေရာတကာ လိုက်ကြည့်တယ်။ ကျုပ်တို့ ဘာလုပ်တယ်ဆိုတာ သိချင်လို့ ...... သူက ကျုပ်တို့ကို ကျောင်းထုတ်ပစ်စေချင်လို့ ........”

“ဆီးဗရတ်စ်ဟာ ကျုပ် လစဉ် ဘယ်သွားတယ်ဆိုတာ သိပ်စိတ်ဝင်စားတယ်” လူပင်က ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို ပြောတယ်။ “ကျုပ်တို့က တစ်တန်းထဲ။ သင်သိတယ်၊ ကျုပ်တို့ ---- အော ---- တစ်ယောက်ကို

တစ်ယောက် မနှစ်သက်ဘူး။ သူက ဂျိမ်းကို အထူး မနှစ်သက်ဘူး။ မနာလိုဘူး။ ကျုပ် ထင်တယ်။ သူက ဂျိမ်း ခွေဒစ်ပြိုင်ပွဲမှာ ဖော်ပြတဲ့ အစွမ်းကို မနာလိုဘူး ..... ဘာပဲဖြစ်ဖြစ်၊ စနိတ်ပ်ဟာ တစ်ရက်မှာ ကျုပ်နဲ့ မဒမ်ဖွမ်ဖရေတို့ ကွင်းကို ဖြတ်ပြီး သူမဟာ ကျုပ်ကို လူရိုက်မိုးမခဆီ ရပ်ပြောင်းဖို့ ခေါ်သွားတာ တွေ့တယ်။ ဆီးရီးအက်စ်က ဆီးဗရတ်စ်ကို ပြောတယ်။ တုတ်ရှည်ရှည်နဲ့ ပင်စည်ပေါ်က အဖုကို ထိလိုက်ရင် ကျုပ်တို့နဲ့အတူ သစ်ခေါင်းထဲ ဝင်လို့ရတယ်လို့ ပြောပြတယ်။ ဆီးရီးအက်စ်ကြယ်က ဒီလိုလုပ်တာ --- အော--- သိပ်ပျော်စရာ ကောင်းတယ်လို့ ထင်တယ်။ အင်း၊ စနိတ်ပ်က ဒီအတိုင်း လုပ်တာပေါ့ ---- တကယ်လို့ သူ အိမ်ထဲ ရောက်ခဲ့ရင်၊ သူဟာ ဝံပုလွေလူသားစစ်စစ်နဲ့ တိုးမယ် --- ဒါပေမယ့် မင်းအဖေ၊ သူ ဆီးရီးအက်စ်ကြယ် လုပ်တာ ကြားပြီးနောက်၊ စနိတ်ပ်နောက်က လိုက်လာတယ်။ သူ့ကို ပြန်ဆွဲခေါ်သွားတယ်။ သူ ကိုယ်နှိုက်ကလဲ အသက်အန္တရာယ်နဲ့ လုပ်ရတာ .... ဒါပေမယ့် စနိတ်ပ်က ကျုပ်ကို မြေအောက်လမ်းရဲ့ အဆုံးမှာ မြင်သွားတယ်။ ဒမ်ဘလီဒိုးက သူ့ကို သူများ မပြောဖို့ တားထားတယ်။ အဲဒီအချိန်ကစပြီး ကျုပ် ဘာလဲဆိုတာ သူ သိသွားရော ........"

"ဒါကြောင့် စနိတ်ပ်က ခင်ဗျားကို မကြိုက်တာကိုး" ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ "သူက ခင်ဗျားလဲ ကျီစားတဲ့အထဲ ပါတယ်ထင်တာ"

"ဟုတ်တယ်" လူပင်ကျောဘက် နံရံဘေးက ခက်ထန်တဲ့ အသံတစ်သံက ပြောတယ်။

ဆီးဗရတ်စ်–စနိတ်ပ်ဟာ ကိုယ်ပျောက်ဝတ်ရုံကို ဆွဲချလိုက်တယ်။ သူ့ မှော်ကြိမ်လုံးဟာ လူပင်ကို ချိန်ထားတယ်။

## ၁၉။ ဗိုလဒီမွန့်ရဲ့ ကျွန်

ဟာမီးက စူးရှစွာ အော်တယ်။ ဘလက်က ခုန်ရပ်လိုက်တယ်။ ဟယ်ရီဟာ လျှပ်စစ်နဲ့တို့လိုက်သလို ခုန်လိုက်တယ်။

"ကျုပ် လူရိုက်မိုးမခ အမြစ်ခြေရင်းမှာ တွေ့တာ" စနိတ်ပ်က ပြောတယ်။ ကိုယ်ပျောက်ဝတ်ရုံကို တစ်ဖက်ပစ်လိုက်တယ်။ တစ်ချိန်တည်းမှာ မိမိမှော်ကြိမ်လုံးကို လူပင့်ရင်ဘတ်နဲ့ မလွဲအောင် ချိန်ထားတယ်။ "သိပ် အသုံးကျတာပဲ၊ ပေါ်တာ။ ကျုပ် ကျေးဇူးတင်တယ် ...."

စနိတ်ပ်ဟာ နည်းနည်း အသက်ရှူမမှန်ဘူး။ ဒါပေမယ့်၊ မျက်နှာပေါ်မှာတော့ ဖုံးမရဘဲ အောင်မြင်မှုရတဲ့ ခံစားချက် ပေါ်နေတယ်။ "မင်းက မင်း ဒီမှာ ရှိတာ ငါ ဘယ်လိုသိလဲဆိုတာ နားလည်မှာ မဟုတ်ဘူး" သူက ပြောတယ်။ မျက်လုံးက အရောက်လက်နေတယ်။ "ငါ ခုတင်ပဲ မင်း ရုံးခန်းသွားတယ်၊ လူပင်။ မင်း ဒီည ဆေးသောက်ဖို့ မေ့နေတယ်။ ဒါကြောင့် ငါ တစ်ခွက်ကြီး ယူသွားပေးတာ။ ငါ ဒီလို လုပ်လို့သာပေါ့ ..... ငါ့

အခိပ္ပာယ်က၊ ငါ ကံကောင်းသွားတယ်။ မင်း စားပွဲပေါ်မှာ မြေပုံတစ်ခု ရှိတယ်။ ကြည့်လိုက်တာနဲ့ ငါ နားလည်ချင်တာ အားလုံး နားလည်သွားတယ်။ မင်း ဒီလမ်းက သွားတာ မြင်ရတယ်။ ဒီနောက် ပျောက်သွားတယ်"

"ဆီးဗရတ်စ်၊ မင်း မှားနေပြီ" လူပင်က လောလောပြောတယ်။ "မင်း အားလုံးကို မကြားရသေးဘူး .... ငါ ရှင်းပြနိုင်တယ်။ ဆီးရီးအက်စ် ဒီလာတာ ဟယ်ရီ့ကို သတ်ဖို့မဟုတ်ဘူး ........"

"ဒီည အက်ဇခါဘန်ကို သွားရမယ့် လူနှစ်ယောက် ပိုလာပြီ" စနိတ်ပ်က ပြောတယ်။ ဒီအချိန်မှာ သူ့မျက်လုံးတွေဟာ အရူးအမူး လင်းလက်နေတယ်။ "ဒမ်ဘယ်ဒိုး ဒါတွေကြားပြီး ဘယ်လိုနေမယ်ဆိုတာ ငါကြည့်ချင်တယ် .......... သူက မင်းကို အန္တရာယ်မရှိဘူးလို့ ယုံကြည်တယ်။ မင်း သိပါတယ်၊ လူပင် ........ ယဉ်သွားတဲ့ ဝံပုလွေလူသား .........."

"မင်းက ငတုံးပဲ" လူပင်က သိမ်မွေ့စွာ ပြောတယ်။ "ကျောင်းသား ရေချိန်ရှိတဲ့ တိုင်ကြားချက်နဲ့ အပြစ်မရှိတဲ့လူကို အက်ဇခါဘန် ပို့ရမလား"

ဒိုင်း။ စနိတ်ပ် မှော်ကြိမ်လုံး အဖျားကနေ မြွေလို ကြိုးတွေ ထွက်လာတယ်။ ပြီးတော့ လူပင်ရဲ့ ပါးစပ်၊ လက်နဲ့ခြေကို အလိုအလျောက် တုပ်ချည်တယ်။ လူပင် ယိုင်သွားပြီး ကြမ်းပေါ်လဲကျကာ မလှုပ်နိုင်တော့ဘူး။ ဘလက်က ဒေါသနဲ့ အော်ဟစ်ပြီး စနိတ်ပ်ကို ဝင်အုပ်တယ်။ ဒါပေမယ့် စနိတ်ပ် မှော်ကြိမ်လုံးဟာ ဘလက် မျက်လုံးနှစ်ခုကြား ချိန်ထားလိုက်တယ်။

"အကျိုးအကြောင်းပြော" သူက တိုးတိုး ပြောတယ်။ "ဒီလို လုပ်တဲ့ အကျိုးအကြောင်းပြော၊ ကျုပ် လုပ်မယ်လို့ ကျိန်ဝံ့တယ်"

ဘလက်ဟာ နည်းနည်းမှ မလှုပ်ဘူး။ ဒီအချိန်မှာ ဘယ်သူ့မျက်နှာပေါ်က ရန်ငြိုးက ပိုကြီးတယ်ဆိုတာ မခန့်မှန်းနိုင်တော့ဘူး။

ဟယ်ရီဟာ နေရာတွင် ရပ်နေပြီး ဘာလုပ်ရမှန်း မသိတော့ဘူး ဖြစ်နေတယ်။ ဘယ်သူ့ကို ယုံရမှန်းလဲ မသိဘူး။ သူက ရွန်နဲ့ ဟာမီးကို ကြည့်တယ်။ ရွန်ကလည်း သူ့လိုပဲ ဘာမှန်းမသိဘူး။ အဆက်မပြတ် ရုန်းကန်နေတဲ့ အစက်အပြောက်လေးကိုပဲ ကြိုးစားဆွဲထားရတယ်။ ဒါပေမယ့် ဟာမီးကတော့ ချီတုံချတုံနဲ့ စနိတ်ပ်ဆီ တစ်လှမ်းတိုးလိုက်တယ်။ အသက်ရှူမမှန်ဘဲ ပြောတယ်။ "ပါမောက္ခ စနိတ်ပ် ..... နားထောင်...... သူတို့ ပြောချင်နေတဲ့ စကားကို နားထောင်ပါ။ ဒါ ဘာမှ မဖြစ်ပါဘူး။ ဟုတ်တယ် မဟုတ်လား"

"မစ် ဂရန်ဂျာ၊ မင်းဟာ ယာယီကျောင်းနေခွင့် ရပ်ဆိုင်းမယ့် အန္တရာယ်နဲ့ ကြုံတွေ့နေရပြီ" စနိတ်ပ်က တံတွေးတစ်ချက် ထွေးလိုက်တယ်။ "မင်း ပေါ်တာနဲ့ ရွန် သိပ်ကို လွန်နေပြီ။ အပြစ်ရှိတာ သက်သေခံရှိနေတဲ့ လူသတ်သမားနဲ့ .... ပြီးတော့ ဝံပုလွေလူသားနဲ့ အတူ အုပ်ဖွဲ့နေတယ်။ တိတ်တိတ်နေပါ။ မင်း တစ်သက်မှာ တစ်ခါပဲ ဖြစ်ဖြစ်"

"ဒါပေမယ့် .... အရင်က အရင်က ---- အမှားရှိခဲ့ပြီး ..........."

"ပါးစပ်ပိတ်၊ အသုံးမကျတဲ့ ကောင်မလေး" စနိတ်ပ်က အော်တယ်။ ရုတ်တရက် အရူးအမူး ဖြစ်လာတယ်။ "မင်း နားမလည်တဲ့ အကြောင်းကို ဝင်မဝေဖန်နဲ့" သူ့ မှော်ကြိမ်လုံးအဖျားက မီးပန်း အနည်းငယ် ထွက်လာတယ်။ မှော်ကြိမ်လုံးဟာ ဘလက်မျက်နှာကို ချိန်ထားတုန်းပဲ။ ဟာမီး စကားမပြောဘူး။

"ကလဲ့စားချေတဲ့ အရသာဟာ သိပ်ချိုမြိန်တယ်" စနိတ်ပ်က ဘလက်ကို ပြောတယ်။ "မင်းကို ဖမ်းမိတဲ့လူဟာ ငါ ဖြစ်ပါစေ-လို့ သိပ်တောင့်တတာ ....."

"ဟို ကျီစားမှုဟာ မင်းကို အကျိုးသက်ရောက်ပြန်ပြီ၊ ဆီးဗရတ်စ်" ဘလက်က ဟောက်တယ်။ "အဲဒီ ကောင်လေးဟာ အစက်အပြောက်လေးကို ရဲတိုက် ပြန်ခေါ်သွားရင်" သူ့ခေါင်းက ရွှန့်ဘက်ပြတယ်။ "ငါ မင်းနဲ့ အေးအေး လိုက်ခဲ့မယ်........"

"ရဲတိုက်သွားမယ်၊ ဟုတ်လား" စနိတ်ပ်က မျက်နှာလို မျက်နှာရ ပြောတယ်။ "ငါတို့ ဒီလောက် ဝေးဝေးသွားစရာ မလိုဘူး ထင်တယ်။ ငါ လုပ်ရမှာက ဟို မိုးမခပင်က ထွက်တာနဲ့ ဝိဇ္ဇာဥ်စုပ်ကောင်တွေ ခေါ်လိုက်ရုံပဲ။ ၎င်းတို့ မင်းကို မြင်ရင် သိပ်ဝမ်းသာမှာ၊ ဘလက် ...... ဝမ်းသာလွန်းလို့ မင်းကို အနမ်းလေး ပေးလိမ့်မယ် လို့ ငါ ပြောဝံ့တယ် .........."

ဘလက်မျက်နှာပေါ်မှာ ကျန်နေတဲ့ သွေးရောင် နည်းနည်းလေးဟာ အခု လုံးဝ ပျောက်သွားပြီ။

"မင်း ---- မင်း ငါပြောတာ ပြီးအောင် နားထောင်ပါ" သူက အသံအက်အက်နဲ့ ပြောတယ်။ "ဟို ကြွက် ---- ဟိုကြွက်ကို ကြည့် .............."

ဒါပေမယ့် စနိတ်ပ်မျက်လုံးထဲမှာ အရူးအမူး အရောင်ထွက်နေတယ်။ ဟယ်ရီ အရင်က မမြင်ဖူးခဲ့ဘူး။ စနိတ်ပ်ဟာ အသိဉာဏ်ပျောက်သွားသလိုပဲ။

"လာ၊ မင်းတို့ အားလုံး" သူက ပြောတယ်။ သူက လက်ဖျစ်တီးလိုက်တာနဲ့ လူပင်ကိုချည်ထားတဲ့ ကြိုးစဟာ သူ့လက်တဲ ပျံလာတယ်။ "ကျုပ်က ဒီဝံပုလွေလူသားကို ဆွဲမယ်။ ဝိဇ္ဇာဥ်စုပ်ကောင်က သူ့ကို နမ်းချင်နမ်းမှာ .........."

ဟယ်ရီဟာ တွေးမနေဘဲ ခြေလှမ်းသုံးလှမ်းထဲနဲ့ အခန်းကို ဖြတ်သွားပြီး တံခါးမှာ ပိတ်နေလိုက်တယ်။

"ရပ်စမ်း၊ ပေါ်တာ။ မင်း ပြဿနာ သိပ်များနေပြီ" စနိတ်ပ်က အော်ဟောက်တယ်။ "ကျုပ် ဒီမှာ မင်းကို မကယ်ရင် .........."

"ပါမောက္ခ လူပင်ဟာ ဒီနှစ်အတွင်း ကျွန်တော့်ကို သတ်ဖို့ အခွင့်အရေး အကြိမ်တစ်ရာ ရှိတယ်" ဟယ်ရီက ပြောတယ်။ "ကျွန်တော် သူနဲ့ အကြိမ်အများကြီး နှစ်ယောက်တည်းနေတယ်။ သူ့ဆီက ဝိဇ္ဇာဥ်စုပ်ကောင် ခုခံတဲ့နည်း သင်တယ်။ သူသာ ဘလက်နဲ့ တစ်ဖွဲ့တည်းဆိုရင်၊ ထိုစဉ်တွင် သူ ဘာဖြစ်လို့ ကျွန်တော့်ကို အဆုံးမစီရင်တာလဲ"

"ကျုပ်ကို ဝံပုလွေလူသားရဲ့ စိတ်နေစိတ်ထား လာမမေးနဲ့" စနိတ်ပ် အသံက စူးရှစွာ ပြောတယ်။ "ဖယ်စမ်း၊ ပေါ်တာ"

"ခင်ဗျား သိပ်သနားဖို့ ကောင်းတယ်" ဟယ်ရီက အော်တယ်။ "ကျောင်းသားဘဝတုန်းက ခင်ဗျားကို ကျီစားဖူးတယ်။ ခင်ဗျားက သူတို့ စကား ပြောတာတောင် ........."

"ပါးစပ်ပိတ်ထား၊ ငါ့ကို ဒီလို မပြောနဲ့" စနိတ်ပ်က စူးရှစွာ အော်တယ်။ ပိုပြီး အရူးအမူး ဖြစ်နေပုံပေါ်တယ်။ "အဖေ့သားလို့ မပြောရဘူး၊ ပေါ်တာ။ ကျုပ် မင်းအသက်ကို ခုတင်ပဲ ကယ်လိုက်တယ်။ မင်းက ငါ့ကို ထိုင်ကန်တော့ရမှာ။ တကယ်လို့ သူ မင်းကို သတ်လိုက်ရင်၊ မင်းထိုက်နဲ့ မင်းကံပဲ။ မင်းဟာလဲ မင်းအဖေလို သေသွားချေ။ သိပ်မာနကြီး၊ ဟုတ်လှပြီ ထင်တယ်။ ကိုယ့်ဘာသာ ဘလက်ကို သေချာ မကြည့်တာ ---- အခု၊ ဖယ်စမ်း၊ မဖယ်ရင် အတင်းအကြပ် ဖယ်ခိုင်းရမယ်။ ဖယ်၊ ပေါ်တာ"

အချိန်ပိုင်းအတွင်းမှာပဲ ဟယ်ရီက စိတ်ဆုံးဖြတ်ချက် ချလိုက်တယ်။ စနိတ်ပ်ဟာ သူ့ဆီကို လှမ်းမလာခင်မှာပဲ သူက မှော်ကြိမ်လုံးကို မြှောက်လိုက်ပြီ။

"လက်နက်ပြုတ်စေ" သူက အော်တယ်။ ဒီလိုအော်တာ သူတစ်ယောက်တည်းတော့ မဟုတ်ဘူး။ ပေါက်ကွဲသံနဲ့ အတူ ဟိုတံခါးဟာ ပတ္တာတောင် လှုပ်ယိုင်သွားတယ်။ စနိတ်ပ်ဟာ မြေပြင်ကကြွသွားပြီး နံရံနဲ့ဝင်တိုက်တယ်။ ဒီနောက် ကြမ်းပေါ် ပြုတ်ကျတယ်။ ဆံပင်အောက်ကနေ သွေးစီးကျလာတယ်။ သူ မေ့သွားပြီ။

ဟယ်ရီက ဘေးဘီကို ကြည့်တယ်။ ဟာမီးနဲ့ ရွန်ဟာ တစ်ချိန်တည်းမှာပဲ စနိတ်ပ်ကို လက်နက်ဖြုတ်ပစ်လိုက်တယ်။ စနိတ်ပ် မော်ကြိမ်လုံးဟာ အမြင့်ကြီး ပျံပြီး ခရွတ်ရှန်ဘေး ကုတင်ပေါ် ကျသွားတယ်။

"မင်းတို့ ဒီလို မလုပ်သင့်ဘူး" ဘလက်က ဟယ်ရီကိုကြည့်ပြီး ပြောတယ်။ "မင်းတို့က သူ့ကို ငါ့အတွက် ထားမှပေါ့ ........."

ဟယ်ရီက ဘလက် မျက်စိကို ရှောင်တယ်။ ခုချိန်ထိ သူလုပ်တာ မှန်၊မမှန် သူမသိဘူး။

"ငါတို့ ဆရာကို တိုက်ခိုက်တယ် ......... ငါတို့ ဆရာကို တိုက်ခိုက်တယ် ..........." ဟာမီးက ငိုရှိုက်ရင်းပြောတယ်။ ကြောက်ရွံ့စွာနဲ့ တုတ်တုတ်မှ မလှုပ်တဲ့ စနိတ်ပ်ကို ကြည့်နေတယ်။ "အော၊ တို့ ပြဿနာကြီးပြီ ........."

လူပင်က အချုပ်အနှောင်က ရုန်းထွက်နေတယ်။ ဘလက်က အမြန်ကုန်းပြီး သူ့ကို ဖြေပေးတယ်။ လူပင်က ခြေလက် ဆန့်လိုက်တယ်။ လက်မောင်းပေါ်က ကြိုးရာကို ပွတ်နေတယ်။

"ကျေးဇူးတင်ပါတယ်၊ ဟယ်ရီ" သူက ပြောတယ်။

"ခင်ဗျားကို ယုံတယ်လို့ ကျွန်တော် မပြောသေးဘူး" ဟယ်ရီက ပြန်ပြောတယ်။

"ဒါဖြင့်ရင် အခု မင်းကို သက်သေပြရမယ့် အချိန်ရောက်ပြီ" ဘလက်က ပြောတယ်။ "မင်း၊ ကလေး၊ ပီတာကို ငါ့ပေး။ အခု"

ရွန်က အစက်အပြောက်လေးကို ရင်ဘတ်နဲ့ ပိုနီးနီး ဖမ်းကိုင်ထားတယ်။

"ငင်းကို မထိနဲ့" သူက အားပျော့စွာ ပြောတယ်။ "ခင်ဗျား အက်ဇခါဘန်က ထွက်ပြေးလာတာ အစက်အပြောက်လေးကို သတ်ဖို့ပဲလို့ ပြောချင်တာလား။ ကျွန်တော်ဆိုလိုတာက ......." သူက ဟယ်ရီနဲ့ ဟာမီးကို ကြည့်တယ်။ သူတို့ ထောက်ခံတာ လိုချင်တယ်။ "ကောင်းပြီ၊ ကြွက်ပုလေးပီတာ ကြွက်ဖြစ်နိုင်တယ် ထားဦး ---- ကမ္ဘာပေါ်က ကြွက်အထောင်အသောင်း ---- သူ အက်ဇခါဘန်မှာ ထောင်ကျနေတာ ဘယ်လိုလုပ်ပြီး အဲဒီကြွက်ဟာ သူရှာနေတဲ့ ကြွက်လို့ သိမှာလဲ"

"မင်း သိရမှာက၊ ဆီးရီးအက်စ်၊ ဒီမေးခွန်းက သိပ်တရားတယ်" လူပင်က ပြောတယ်။ ဘလက်ဖက် လှည့်လိုက်တယ်။ မျက်မှောင် နည်းနည်း ကြုတ်ထားတယ်။ "မင်း သူ့ကို အဲဒီမှာ ရှိတာ ဘယ်လိုသိတာလဲ"

ဘလက်ဟာ ငှက်ခြေသည်းနဲ့ တူတဲ့ လက်ကို ဝတ်ရုံထဲ နှိုက်လိုက်တယ်။ စက္ကူတွန့်တွန့်တစ်ရွက် ဆွဲထုတ်လိုက်တယ်။ ပြန့်အောင်သပ်ပြီး အားလုံးကို ပြတယ်။

အဲဒါ ရွန်တို့ မိသားစု ဓာတ်ပုံ၊ မနှစ်တုန်းက နွေမှာ "ကြိုဟောသူများ နေ့စဉ်" မှာ ပါလာတာ။ ရွန့်ပခုံးပေါ်မှာ ထိုင်နေတာ အစက်အပြောက်လေးပဲ။

"မင်း ဒီသတင်းစာကို ဘယ်လိုရတာလဲ" လူပင်က ဘလက်ကို မေးတယ်။ လန့်သွားတယ်။

"ဖဒ်ဂ်" ဘလက်က ပြောတယ်။ "မနှစ်က သူ အက်ဇ်ကါဘန်ကို လာကြည့်ရှုတုန်းက ငါ့ကို ပေးသွားတာ။ အဲဒါ ပီတာပဲ။ သတင်းစာ မျက်နှာဖုံးမှာ .... ဟိုကောင်လေး ပခုံးပေါ်မှာ .... ငါ ချက်ချင်း မှတ်မိတယ် ....... သူ ရုပ်ပြောင်းတာ မြင်ရတာ ငါ ဘယ်နှစ်ကြိမ်ရှိပြီလဲ၊ ဓာတ်ပုံအောက်က စာမှာ ဒီကောင်လေး ဟော့ဂ်ဝပ်မှာ ကျောင်းတက်တယ်တဲ့ ........ ဟယ်ရီ ရှိတဲ့နေရာမှာ ..."

"ဘုရား၊ ဘုရား" လူပင်က သိမ်မွေ့စွာ ပြောတယ်။ အစက်အပြောက်လေးကို ကြည့်နေတယ်။ သတင်းစာကို ကြည့်လိုက်၊ အစက်အပြောက်လေးကို ကြည့်လိုက်ပြန်တယ်။ "၎င်းရဲ့ ရှေ့ခြေ ....."

"ဒါကကော ဘာဖြစ်လို့လဲ" ရွန်က ဘာမှ မမှုဘဲ ပြောတယ်။

"၎င်းမှာ ခြေချောင်းတစ်ချောင်း လျော့နေတယ်" ဘလက်က ပြောတယ်။

"ဒါပေါ့" လူပင်က တိုးတိုး ပြောတယ်။ "ဒီလောက် လွယ်လွယ်လေး .... ဒီလောက် ဉာဏ်ကောင်းတယ် .... သူ့ဘာသာ ချိုးပစ်တာလား"

"သူ ရုပ်မပြောင်းခင်မှာ" ဘလက်က ပြောတယ်။ "ငါက သူ့ကို ပြေးစရာမရှိအောင် ဖိထားတော့ သူက တစ်လမ်းလုံး ကြားအောင် အော်တယ်။ သူက ငါဟာ ဂျိမ်းနဲ့ လီလီကို သစ္စာဖောက်တယ်လို့ ပြောတယ်။ ဒီနောက် ငါ သူ့ကို ကျိန်စာမချရသေးခင်မှာပဲ ကျောဘက်ဝှက်ထားတဲ့ မှော်ကြိမ်လုံးနဲ့ တစ်လမ်းလုံးကို ဖောက်ခွဲပစ်လိုက်တယ်။ သူ့ပတ်လည် ပေ၂၀အတွင်းရှိ လူအားလုံးကို သတ်ပစ်တယ်။ ဒီနောက် တခြား ကြွက်တွေနဲ့ အတူ မြောင်းထဲ ထွက်ပြေးသွားတယ် ......."

"ကြားလား၊ ရွန်" လူပင်က ပြောတယ်။ "လူတွေ ရှာတွေ့တဲ့ ပီတာရဲ့ အကြီးဆုံး ခန္ဓာအစိတ်အပိုင်းဟာ သူ့လက်ချောင်းပဲ"

"ဒါ၊ အစက်အပြောက်လေးက တခြားကြွက် ဒါမှမဟုတ် တစ်ခုခုနဲ့ ရန်ဖြစ်တာလဲ ဖြစ်နိုင်တာပဲ။ သူ ကျွန်တော်တို့အိမ်မှာ နှစ်အတော်ကြာပြီ ........"

"၁၂နှစ်ရှိပြီ၊ ဟုတ်လား" လူပင်က ပြောတယ်။ "မင်း ၎င်း ဘာလို့ ဒီလောက် အသက်ရှည်တယ်ဆိုတာ မတွေးမိဘူးလား"

"ကျွန်တော်တို့ .... ကျွန်တော်တို့ သူ့ကို ဂရုစိုက်ပြုစုခဲ့တယ်" ရွန်က ပြောတယ်။

"ဒါပေမယ့် သူ့ကို အခု ကြည့်ရတာ သိပ်နေမကောင်းဘူးနော်။ ဟုတ်လား" လူပင်က ပြောတယ်။ "ဘလက် ထွက်ပြေးလာပြီဆိုတာ ကြားကတည်းက ကိုယ်အလေးချိန် တအား လျော့ကျလာတယ်လို့ ကျုပ် ထင်တယ် ........"

"၎င်းက ဟိုကြောင်ရူးကို ကြောက်လို့" ရွန်က ပြောတယ်။ ခရွတ်ရှန်ကို ခေါင်းညိတ်ပြတယ်။ ခရွတ်ရှန်ဟာ ကုတင်ပေါ်မှာ ကျေနပ်လို့ တမြောင်းမြောင်း အော်နေတယ်။

ဒါပေမယ့် ဒါ မဟုတ်ဘူး။ ဟယ်ရီက ရုတ်တရက် တွေးမိတယ် ........ အစက်အပြောက်လေးဟာ ခရွတ်ရှန်နဲ့ မတွေ့ခင်ကတည်းက နာနေတာ ......... ရွန်တို့ တအိမ်သားလုံး အီဂျစ်က ပြန်လာကတည်းက ....... ဘလက် ထွက်ပြေးကတည်းက ..........

"ဒီကြောင် မရူးပါဘူး" ဘလက်က အသံဝင်ဝင်နဲ့ ပြောတယ်။ ပိန်ချုံးတဲ့လက်နဲ့ ခရွတ်ရှန်ရဲ့ အမွေးပွပွ ခေါင်းကို ပွတ်တယ်။ "၎င်းဟာ ကျုပ်တွေ့ဖူးတဲ့ ဉာဏ်အကောင်းဆုံးကြောင်။ ၎င်းဟာ ပီတာဟာ ဘာလဲဆိုတာ ချက်ချင်း သိသွားတယ်။ ၎င်း ကျုပ်နဲ့တွေ့ကတည်းက ကျုပ် ခွေးမဟုတ်ဘူးဆိုတာ သိတယ်။ တော်တော်ကြာမှ ၎င်းက

ကျုပ်ကို ယုံတာ။ နောက်ဆုံး သူနဲ့ နားလည်မှုရအောင် လုပ်ပြီး ကျုပ် ဘာလုပ်ချင်တယ်ဆိုတာ ပြောပြတယ်။ ဒါကြောင့် သူက ကျုပ်ကို ကူညီနေတာ ...........”

“ရှင် ဒါ ဘာအဓိပ္ပာယ်လဲ” ဟာမီးက အသံနိမ့် မေးတယ်။

“ငင်းက ပီတာကို ကြံဖန်ပြီး ကျုပ်ဆီ ပို့ရမှာ။ ဒါပေမယ့် မရခဲ့ဘူး ..... ဒါကြောင့် ငင်းက ကျုပ်ကို ဂရစ်ဖင်းဒေါအိမ်ချွန်ကို ဝင်တဲ့ စကားဝှက် ခိုးပေးတယ် ........ ကျုပ် သိရသလောက် ကျောင်းသားလေးတစ်ယောက်ရဲ့ ကုတင်ဘေး ဗီရိုပေါ်က ခိုးလာတာ ..........”

ဟယ်ရီ ဒါတွေ ကြားရပြီးနောက် သူ့ခေါင်းဟာ ဝန်ပိ လာသလိုပဲ။ သိပ်ကို အဓိပ္ပာယ်မရှိဘူး .......... ဒါပေမယ့် ........

“ဒါပေမယ့် ပီတာ သတင်းကြားတယ်။ အခြေအနေ ဖြစ်ပေါ်တိုးပွားမှုကို သိတယ်။ ဒါနဲ့ ထွက်ပြေးတယ် ........ ဒီကြောင် ------ ခရွတ်ရှန်၊ မင်းတို့ ဒီလို ခေါ်တယ် မဟုတ်လား။ ကျုပ်ကို ပီတာဟာ အိပ်ရာခင်းပေါ်မှာ သွေးရာထားခဲ့တယ်လို့ ပြောပြတယ် ........ ကျုပ် ထင်တယ်။ သူက ကိုယ့်ဘာသာ ကိုက်ပြီး ......... အင်း၊ မိမိသေပြီလို့ ဟန်ဆောင်တယ်။ ဒီလိုလုပ်တာ တစ်ခါ အောင်မြင်ခဲ့ပြီ ...........”

ဒီစကားတွေက ဟယ်ရီ့ကို ခေါင်းရှင်းလာစေတယ်။

“သူ ဘာဖြစ်လို့ သေချင်ဟန်ဆောင်ရတာလဲ” သူက ဒေါသထွက်တယ်။ “အကြောင်းက သူက ခင်ဗျား သူ့ကို သတ်မယ်ဆိုတာ သိလို့။ ထိုနှစ်က ခင်ဗျား ကျွန်တော့်မိဘကို သတ်ပစ်သလိုပဲ”

“မဟုတ်ဘူး” လူပင်က ပြောတယ်။ “ဟယ်ရီ -------”

“ခင်ဗျား အခုလာတာ သူ့ကို အဆုံးစီရင်ဖို့လား”

“ဟုတ်တယ်၊ ကျုပ်က ဒီအတိုင်းလုပ်ဖို့ပဲ” ဘလက်က ပြောရင်း အစက်အပြောက်လေးကို မုန်းမုန်းနဲ့ ကြည့်နေတယ်။

“ဒါဆို ကျွန်တော် စနိတ်ပ်ကို ခင်ဗျား ဖမ်းခိုင်းသင့်တယ် ” ဟယ်ရီက အော်တယ်။

“ဟယ်ရီ” လူပင်က အမြန်ပြောတယ်။ “မင်း နားမလည်သေးဖူးလား။ ကျုပ်တို့က ဘလက်ဟာ မင်းမိဘကို သစ္စာဖောက်တယ် ထင်ခဲ့တာ၊ ပီတာက ဘလက်ကို လိုက်သတ်တယ်ထင်တာ ------ ဒါပေမယ့် လက်တွေ့ အခြေအနေက ဒါနဲ့ ဆန့်ကျင်တယ်။ မင်း သိရဲ့လား၊ ပီတာက မင်းအမေနဲ့ အဖေကို သစ္စာဖောက်တာ၊ ဆီးရီးအက်စ်ကြယ်က ပီတာကို လိုက်နေတာ ----”

“အဲဒါ အမှန် မဟုတ်ဘူး” ဟယ်ရီက အော်တယ်။ “သူက သူတို့ရဲ့ လျှို့ဝှက်ရေး ထိန်းသိမ်းသူ။ ခင်ဗျားမလာခင်က သူ ဒီလို ပြောတယ်။ သူက သူတို့ကို သတ်တယ်လို့ ပြောတယ်”

သူက ဘလက်ကို လက်ညှိုးထိုးတယ်။ ဘလက်က ဖြည်းဖြည်းချင်း ခေါင်းခါတယ်။ ချိုင့်နေတဲ့ မျက်လုံးဟာ ရုတ်တရက် လက်လာတယ်။

“ဟယ်ရီ .... ကျုပ် သူတို့ကို သတ်တာနဲ့ တူနေတယ်” သူက အသံအက်အက်နဲ့ ပြောတယ်။ “ကျုပ်က လီလီနဲ့ ဂျိမ်းကို နောက်ဆုံးအချိန်မှာ ပီတာနဲ့ လဲဖို့ နားချခဲ့တယ်........... ကျုပ်ကို အပြစ်တင်သင့်တယ်။ ကျုပ် သိတယ် ..... သူတို့ သေသွားတဲ့ညမှာ ကျုပ် ပီတာကို သွားကြည့်တယ်။ သူ အန္တရာယ်ရှိမရှိ သိချင်တယ်။ ဒါပေမယ့် ကျုပ်

သူပုန်းနေတဲ့ နေရာရောက်တော့ သူ ထွက်သွားပြီ။ ဒါပေမယ့် အဲဒီမှာ သတ်ပုတ်တဲ့ ခြေရာ လက်ရာ မရှိဘူး။ ကျုပ်က ဒါတော့ မဟုတ်တော့ဘူးလို့ ထင်တယ်။ ကျုပ် စိုးရိမ်လာတယ်။ မင်း မိဘရှိတဲ့ နေရာကို တိုက်ရိုက် သွားလိုက်တယ်။ သူတို့ နေအိမ်ကို မြင်ရတော့ အိမ်က ဖျက်ဆီးခံထားရပြီ။ သူတို့ အလောင်းကိုလဲ မြင်ရတယ် --- ပီတာ မဟုတ်တာတော့ လုပ်ပြီဆိုတာ ကျုပ် သိတယ်။ ကျုပ် အမှားကြီး မှားခဲ့ပြီ ဆိုတာ သိတယ်"

သူ ဆက်ပြောလို့ မရတော့ဘူး။ ကိုယ်ကို လှည့်လိုက်တယ်။

"ဒါတွေ ထပ်မပြောနဲ့တော့" လူပင်က ပြောတယ်။ လူပင်ရဲ့ အသံဟာ သံမဏိလို ခိုင်မာတယ်။ ဟယ်ရီဟာ အရင်က သူ ဒီလို စကားပြောတာ မကြားခဲ့ရဖူးဘူး။ "အရင်က ဘာတွေ တကယ် ဖြစ်ခဲ့သလဲဆိုတာ သိရအောင် နည်းတစ်နည်း ရှိတယ်။ ရွန်၊ အဲဒီကြွက်ကို ကျုပ်ပေး"

"ကျွန်တော် ပေးလိုက်ရင်၊ သင် သူ့ကို ဘယ်လိုလုပ်မလဲ" ရွန်က စိုးရိမ်စွာနဲ့ လူပင်ကို မေးတယ်။

"ငင်းကို နဂိုရုပ်ပေါက်အောင် လုပ်မယ်" လူပင်က ပြောတယ်။ "ငင်းဟာ ကြွက်အစစ်ဆိုရင် ဘာမှ ထိခိုက်မှာ မဟုတ်ဘူး"

ရွန် တွေဝေနေတယ်။ ဒီနောက် အစက်အပြောက်လေးကို ပေးလိုက်တယ်။ လူပင်က ဆွဲယူလိုက်တယ်။ အစက်အပြောက်လေးဟာ မနားတမ်း အော်ဟစ်နေတယ်။ တွန့်လိမ်ရုန်းကန်နေတယ်။ မျက်လုံးနက် သေးသေးလေးဟာ ပြူးထွက်နေတယ်။

"အသင့် ဖြစ်ပြီလား၊ ဆီးရီးအက်စ်ကြယ်" လူပင်က ပြောတယ်။

ဘလက်ဟာ ကုတင်ပေါ်ကနေ စနိတ်ပ်ရဲ့ မှော်ကြိမ်လုံးကို ယူလိုက်တယ်။ သူဟာ လူပင်နဲ့ အတင်းရုန်းနေတဲ့ ကြွက်နား ကပ်သွားတယ်။ ငင်းရဲ့ မျက်လုံးစိုစိုဟာ ရုတ်တရက် မီးထတောက်လာသလိုပဲ။

"အတူတူလား" သူက အေးဆေးစွာ မေးတယ်။

"ဟုတ်တယ် ထင်တယ်" လူပင်က ပြောတယ်။ လက်တစ်ဖက်က အစက်အပြောက်လေးကို ကိုင်ပြီး ကျန်လက်တစ်ဖက်က မှော်ကြိမ်လုံးကို ကိုင်ထားတယ်။ "သုံးထိရေမယ်။ တစ် ------ နှစ် -------သုံး"

မှော်ကြိမ်လုံး နှစ်ချောင်းစလုံးကနေ ဖြူပြာပြာအလင်းရောင် ထွက်လာတယ်။ ခဏတာအတွင်းမှာ အစက်အပြောက်လေးဟာ မိုးပေါ်မှာ ပေါ်နေတယ်။ ငင်းရဲ့ အနက်ရောင် ကိုယ်ခန္ဓာလေးဟာ အရူးအမူး တွန့်လိမ်နေတယ် ---- ရွန်က ထအော်တယ် ---- အဲဒီ ကြွက် အောက်ကျလာတယ်။ ကြမ်းပေါ်ကျသွားတယ်။ တစ်ခါ မျက်စိစူးအောင် အရောင်လက်ပြီးနောက် ----

သစ်ပင်တွေ ကြီးပြင်းလာတာကို ကြည့်ရှုတဲ့ အရှိန်မြန် ရုပ်ရှင်ကြည့်ရသလိုပဲ။ ကြမ်းပေါ်မှာ ခေါင်းတစ်လုံး ပေါ်လာတယ်။ ခြေလက်တွေလည်း ထွက်လာပြီ။ ခဏနေတော့၊ ယောကျ်ားတစ်ယောက်ဟာ ခုနက အစက်အပြောက်လေး ရှိတဲ့နေရာမှာ ရပ်နေတယ်။ ကြောက်ကြောက်နဲ့ လက်လက်ချင်း လိမ်နေတယ်။ ခရွတ်ရှန်ဟာ ကုတင်ပေါ်ကနေ တိုးတိုးဟီနေတယ်။ ကျောပေါ်က အမွေးတွေ ထောင်ထနေတယ်။

ဒီလူဟာ အလွန်ပုတယ်။ ဟယ်ရီနဲ့ ဟာမီးထက် ဘယ်လောက်မှ မမြင့်ဘူး။ ငင်းရဲ့ အရောင်ဖျော့ဖျော့ ပါးလျားတဲ့ ဆံပင်ဟာ ရှုပ်ပွနေတယ်။ ခေါင်းထိပ်မှာ တစ်ကွက်ကြီး ပြောင်နေတယ်။ သူ့ရုပ်သွင်ဟာ လူဝဝကြီး တစ်ယောက် အချိန်တိုအတွင်းမှာ ရုတ်တရက် ကိုယ်အလေးချိန် အများကြီး လျော့ကျသွားတဲ့ပုံပဲ။ ငင်းအရေပြားဟာ အလွန် ညစ်ပတ်တယ်။ အစက်အပြောက်လေးရဲ့ အမွေးနဲ့ သိပ်မကွာဘူး။ ငင်းရဲ့ နှာခေါင်းချွန်ချွန်နဲ့ အရည်လည်နေတဲ့

မျက်လုံးဟာ ကြွက်ရဲ့ထူးခြားချက် ပါနေသေးတယ်။ ၎င်းက အားလုံးကို ကြည့်နေတယ်။ အသက်ရှူ မြန်လာတယ်။ ၎င်းမျက်လုံးဟာ တံခါးဆီ လှစ်ခနဲ ကြည့်လိုက်ပြီး ပြန်သိမ်းလိုက်တာ ဟယ်ရီ မြင်ရတယ်။

"အော၊ မင်္ဂလာပါ၊ ပီတာ" လူပင်က ပျော်ရွှင်စွာ ပြောတယ်။ သူ့အနားမှာ ကြွက်ကနေ သူငယ်ချင်းဟောင်း ဖြစ်လာတာ ရိုးနေသလိုပဲ။ "မတွေ့ရတာ ကြာပြီနော်"

"ဆီး ---- ဆီးရီးအက်စ်ကြယ် ..... လူ ------လူပင် ...." ကြယ်ပုလေး ပီတာရဲ့ အသံဟာလည်း စူးစူးပဲ။ သူ့မျက်လုံးဟာ တံခါးဘက်ဆီ အလျင်အမြန် ကြည့်လိုက်ပြန်တယ်။ "ငါ့ သူငယ်ချင်းတွေ --- ငါ့ သူငယ်ချင်းဟောင်းတွေ ----"

ဘလက်ရဲ့ မှော်ကြိမ်လုံးကိုင်ထားတဲ့လက် မြှောက်လိုက်တယ်။ ဒါပေမယ့် လူပင်က သူ့တံတောင်ဆစ်ကို ဆွဲထားပြီး သတိပေးသလို သူ့ကို ကြည့်လိုက်တယ်။ ဒီနောက် လူပင်က ကြယ်ပုလေးဘက် လှည့်လိုက်တယ်။ လူပင် စကားပြောတဲ့ အသံဟာ ပေါ့ပါးပြီး လွတ်လပ်တယ်။

"ငါတို့ ခုနက စကားစမြည် ပြောနေတယ်၊ ပီတာ။ ပြောတာက လီလီနဲ့ ဂျိမ်း သေဆုံးတဲ့နေ့မှာ ဘာတွေဖြစ်သလဲ ဆိုတဲ့ကိစ္စ။ မင်း ခုနက ကုတင်ပေါ်မှာ တအားအော်နေလို့ အသေးစိတ် ကြားမှာ မဟုတ်ဘူး ----"

"လူပင်" ကြယ်ပုလေး ပီတာက အသက်လုရှူရင်း ပြောတယ်။ ကြယ်ပုလေး ပီတာရဲ့ ဖြူဖပ်ဖြူရော် မျက်နှာပေါ်မှာ ချွေးသီးတွေ ထွက်လာတာ ဟယ်ရီ မြင်တွေ့ရတယ်။ "မင်း သူ့ကို မယုံဘူး မဟုတ်လား ..... ထိုစဉ်က သူ ငါ့ကို သတ်မလို့၊ လူပင် ......"

"ငါတို့ ကြားပြီးပြီ" လူပင်က ပြောတယ်။ အသံက အေးစက်သွားတယ်။ "ငါ မင်းကို ကိစ္စလေး တစ်ခုနှစ်ခု ရှင်းချင်လို့။ ပီတာ၊ မင်း လုပ်မယ်ဆိုရင် ---"

"သူ ဒီကိုလာပြီး ငါ့ကို သတ်ချင်ပြန်တယ်" ကြယ်ပုလေးပီတာဟာ ရုတ်တရက် ဘလက်ကို လက်ညှိုးထိုးပြီး စူးစူးဝါးဝါး အော်ပြောတယ်။ သူ သုံးတာက လက်ခလယ်၊ သူ့လက်ညှိုးက ပြတ်နေတာ ဟယ်ရီ မြင်ရတယ်။ "သူက လီလီနဲ့ ဂျိမ်းကို သတ်တယ်၊ အခု သူ ငါ့ကိုလဲ သတ်မလို့ .... မင်း ငါ့ကို ကူညီနော်၊ လူပင် ....."

ဘလက်ရဲ့ အတိမ်အနက် မသိရတဲ့ မျက်လုံးဟာ ကြယ်ပုလေးပီတာကို စိုက်ကြည့်နေတယ်။ သူ့မျက်နှာဟာ ပိုပြီး အရိုးစုနဲ့ တူနေတယ်။

"ငါတို့ ကိစ္စတချို့ မရှင်းရသေးခင်မှာ မင်းကို ဘယ်သူမှ မသတ်ဘူး" လူပင်က ပြောတယ်။

"ကိစ္စကို ရှင်းအောင်လုပ်မယ် ဟုတ်လား" ကြယ်ပုလေးပီတာက အော်တယ်။ တစ်ခါ ဟိုဒီ ကြည့်ပြန်တယ်။ သူ့မျက်လုံးက ပျဉ်နဲ့ ရိုက်ပိတ်ထားတဲ့ ပြတင်းပေါက်တွေကို သတိထားမိတယ်။ တစ်ခါ တစ်ခုတည်းသော တံခါးပေါက်ကို ကြည့်ပြန်တယ်။ "သူ ငါ့ကို လိုက်နေတာ သိတယ်။ သူ ငါ့ကို ပြန်လာရှာတာ သိတယ်။ ငါ ဒီကိစ္စကို စောင့်နေတာ ဆယ့်နှစ်နှစ် ရှိပြီ"

"ဆီးရီးအက်စ်ကြယ် အက်ဇခါဘန်က ထွက်ပြေးတာ မင်း သိလား" လူပင်က မျက်မှောင်ကြုတ်ပြီး ပြောတယ်။ "အရင်က ဘယ်သူမှ ပြေးမထွက်ဖူးဘူး မဟုတ်လား"

"သူ့မှာ ငါတို့ တခြားသူတွေ အိပ်မက်ပဲ မက်ရတဲ့ အောက်လမ်းပညာတွေ ရှိတယ်" ကြယ်ပုလေး ပီတာက စူးစူးအော်ပြောတယ်။ "နို့မို့ရင် သူ ဘယ်လို လုပ်ပြီး အဲဒီနေရာက ထွက်ပြေးလို့ ရမှာလဲ။ ငါ ထင်တာက ဟိုနာမည်တောင် မခေါ်ဝံ့တဲ့လူက သူ့ကို ပဉ္စလက်တချို့ သင်ပေးထားတယ် ထင်တယ်"

ဘလက်က အော်ရယ်လိုက်တယ်။ ကြောက်စရာ၊ ပျော်ရွှင်မှုမပါတဲ့ ရယ်သံကြီးဟာ အခန်းထဲ ပြည့်နေတယ်။

"ဗိုလ်ဒီမွန့်က ငါ့ကို ပဋ္ဌလက် သင်ပေးတယ် ဟုတ်လား"

ကြယ်ပုလေး ပီတာဟာနည်းနည်း ကြုံ့သွားတယ်။ ဘလက်က သူ့ကို ကြာပွတ်နဲ့ ရိုက်လိုက်သလိုပဲ။

"ဘာလဲ၊ မင်း သခင်ဟောင်းရဲ့ နာမည် ကြားရတာ ကြောက်သလား" ဘလက်က ပြောတယ်။ "မင်းကို အပြစ်မတင်ပါဘူး၊ ပီတာ။ သူ့လက်အောက်က လူတွေကတော့ မင်းကို သိပ်မနှစ်သက်ကြဘူးနော်၊ ဟုတ်လား"

"မသိဘူး --- မင်း ဘာပြောနေလဲ --- ဆီးရီးအက်စ်ကြယ်" ကြယ်ပုလေး ပီတာက ပွစိပွစိ ပြောတယ်။ ချွေးထွက်တာ ပိုမြန်လာတယ်။ အခု မျက်နှာတစ်ခုလုံး ချွေးစီးတွေနဲ့။

"၁၂နှစ်အတွင်းမှာ မင်း ငါ့ကို ရှောင်ပုန်းနေတာ မဟုတ်ဘူး" ဘလက် ပြောတယ်။ "မင်းက ဗိုလ်ဒီမွန့်ရဲ့ အရင်က ထောက်ခံသူတွေကို ပုန်းတာ။ ငါ အက်ဇခါဘန်မှာ တချို့ ကြားပြီးပြီ။ ပီတာ .... သူတို့က မင်းသေသွားပြီ ထင်တာ။ နို့မို့ရင် မင်း သူတို့ကို ရှင်းပြရမယ် .... သူတို့ အိပ်မက်မက်ပြီး အော်ပြောတာ ကြားဖူးတယ်။ ကိစ္စအမျိုးမျိုး ပြောထုတ်တယ်။ သူတို့ဟာ လူလိမ် အလိမ်ခံရတာလို့ ထင်တယ်။ ဗိုလ်ဒီမွန့်ဟာ မင်းသတင်းပေးလို့ ပေါ်တာ့အိမ်သွားတာ .... ဗိုလ်ဒီမွန့်ဟာ ဟိုမှာ ကျဆုံးသွားရတယ်။ ဗိုလ်ဒီမွန့်ကို ထောက်ခံသူတွေဟာ အက်ဇခါဘန်ကို အကုန်ရောက်တာ မဟုတ်ဘူး။ ဒီမှာ အများကြီး ရှိသေးတယ်။ အခါအခွင့် စောင့်နေတယ်။ သူတို့ မိမိအမှားကို သိမြင်ဟန်ဆောင်နေတယ်....... သူတို့ မင်း အသက်ရှင်နေမှန်း သိရင်၊ ပီတာ ........."

"မသိဘူး .... မင်း ဘာပြောနေတာလဲ ...." ကြယ်ပုလေး ပီတာက ပြောပြန်တယ်။ အသံက အရင်ကထက် ပိုစူးလာတယ်။ သူက အင်္ကျီလက်မောင်းနဲ့ မျက်နှာသုတ်တယ်။ လူပင်ကို မော့်ကြည့်တယ်။ "မင်း မယုံဘူးနော် ......... ဒီ အရူးကို၊ လူပင် ........."

"ငါ ဝန်ခံရမှာ ရှိတယ် ပီတာ။ ငါ နားမလည်နိုင်တာက အပြစ်မရှိတဲ့ လူတစ်ယောက်ဟာ ဘာကြောင့် ၁၂နှစ် အချိန်ကုန်ခံပြီး ကြွက်လုပ်နေတာလဲ" လူပင်က ပေါ့ပေါ့လေး ပြောလိုက်တယ်။

"အပြစ်မရှိဘူး။ ဒါပေမယ့် သိပ်ကြောက်လို့" ကြယ်ပုလေး ပီတာက အော်ပြောတယ်။ "တကယ်လို့ ဗိုလ်ဒီမွန့်ကို ထောက်ခံသူတွေက ငါ့ကို လိုက်တယ် ဆိုရင်၊ ငါက သူတို့ထဲက အတော်ဆုံးလူကို အက်ဇခါဘန် ပို့လိုက်လို့ --- အဲဒီ သူလျှို ဆီးရီးအက်စ်ကြယ် ဘလက်"

ဘလက်ရဲ့ မျက်နှာဟာ တွန့်သွားတယ်။

"မင်းက ဒီလို ပြောဝံ့သေးတယ်" သူက အော်ဟစ်တယ်။ ဝက်ဝံလောက်ကြီးတဲ့ ခွေးကြီး ဟိန်းနေသလိုပဲ။ သူ အရင်က ဒီလိုခွေးမျိုးအဖြစ် ရုပ်ပြောင်းတယ်။ "ငါ ဗိုလ်ဒီမွန့်ရဲ့ သူလျှို ဟုတ်လား ငါ ဘယ်တုန်းကမှ ကိုယ့်ထက် ခွန်အားကြီးပြီး ကိုယ့်ထက် ဩဇာကြီးတဲ့ လူအနားမှာ တိတ်တိတ်လေး ကပ်နေဖူးလို့လဲ။ ဒါပေမယ့် မင်း၊ ပီတာ ---- ငါ စစချင်းကတည်းက မင်းကို သူလျှိုဆိုတာ ဘာကြောင့် မသိတာလဲ မသိဘူး။ မင်းဟာ မင်းထက် အားကောင်းတဲ့ မိတ်ဆွေကို နှစ်သက်ခဲ့တယ်။ ဒါမှ ၎င်းတို့က မင်းကို စောင့်ရှောက်မှာ၊ ဟုတ်လား။ အရင်က ငါတို့ ..... ငါနဲ့ လူပင် ......... ဂျိမ်းလဲ ရှိသေးတယ် ......."

ကြယ်ပုလေး ပီတာဟာ မျက်နှာပေါ်က ချွေးကို သုတ်လိုက်တယ်။ သူ အသက်ရှူတာ မြန်ပြီး မမှန်တော့ဘူး။

"ငါ၊ သူလျှို ........ မင်း ရူးနေပြီ .......... ဘယ်တုန်းကမှ ....... မင်း ဒီလို ပြောလိမ့်မယ်လို့ ........ နားမလည်ဘူး ..........."

“ငါက အကြံပေးလို့ လီလီနဲ့ ဂျိမ်းက မင်းကို သူတို့ရဲ့ လျှို့ဝှက်ရေး ထိန်းသိမ်းသူ လုပ်ခိုင်းတယ်” ဘလက်က အံကြိတ်ပြောတယ်။ ပြောတာ ပြင်းထန်လွန်းလို့ ကြွက်ပုလေး ပီတာဟာ နောက်တစ်လှမ်း ဆုတ်သွားတယ်။ “ငါက အဲဒါ အပြည့်စုံဆုံး စီမံကိန်းလို့ ထင်တာ .... အကြံကောင်းလို့ ထင်တာ ....... ဗိုလ်ဒီမော့က ငါ့ကိုလိုက်မှာ သေချာတယ်။ မင်းလို ပျော့ညံ့ အသုံးမကျတဲ့အကောင်ကို အသုံးပြုမယ်လို့ မထင်ဘူး ..... ပေါ်တာ ဇနီးမောင်နှံကို အပ်မယ်လို့ မင်းက ဗိုလ်ဒီမော့ကို ပြောတယ်။ အဲဒီအချိန်ဟာ မင်းရဲ့ သနားစရာဘဝမှာ အကျေနပ်ဆုံး အချိန်ပဲ ဖြစ်မယ်”

ကြွက်ပုလေးပီတာဟာ စိတ်ထွေပြားစွာ တတွတ်တွတ် ပြောနေတယ်။ ဟယ်ရီကြားရတာက “အလကား” နဲ့ “အရူးအမူး”။ ဒါပေမယ့် သူဟာ ကြွက်ပုလေးပီတာကို ပိုပြီး ဂရုစိုက်လာတယ်။ အခု ၎င်းဟာ မျက်နှာကြီး မည်းနေပြီး မျက်လုံးကလည်း ပြူတင်းပေါက်နဲ့ တံခါးဆီ ရောက်ရောက်နေတယ်။

“ပါမောက္ခလူပင်” ဟာမီးက ကြောက်ကြောက်နဲ့ မေးတယ်။ “ကျွန်မ စကား ---- စကားနည်းနည်း ပြောလို့ ရမလား”

“ရတာပေါ့၊ ဟာမီး” လူပင်က ယဉ်ကျေးစွာ ပြောတယ်။

“အင်း .... အစက်အပြောက်လေး ..... ကျွန်မ ပြောလိုတာက --- ဒီလူ ---- သူဟာ ဟယ်ရီ့အိပ်ခန်းမှာ သုံးနှစ်တောင် အိပ်ခဲ့တယ်။ တကယ်လို့ သူဟာ ဟိုလူ့အတွက် အလုပ်လုပ်တယ်ဆိုရင်၊ သူ အရင်က ဘာဖြစ်လို့ ဟယ်ရီကို ဒုက္ခပေးဖို့ မလုပ်တာလဲ”

“မှန်တယ်” ကြွက်ပုလေးပီတာက အော်တယ်။ မပြည့်စုံတဲ့ လက်နဲ့ ဟာမီးကို ညွှန်ပြတယ်။ “ကျေးဇူးတင်ပါတယ်။ နားလည်ပြီလား၊ လူပင်။ ငါ ဘယ်တုန်းကမှ ဟယ်ရီ့ ဆံပင်မွေးညင်းတစ်ပင်တောင် မထိဘူး။ ငါ ဘာဖြစ်လို့ သူ့ကို ဒုက္ခပေးရမှာလဲ”

“ဒါ ဘာကြောင့်လဲဆိုတာ ငါ ပြောပြမယ်” ဘလက်က ပြောတယ်။ “အကြောင်းက၊ မင်းဟာ မင်းအတွက် အကျိုးမရှိဘူးလို့ ထင်ရင် မင်းဟာ ဘယ်သူ့အတွက်မှ လုပ်ပေးမှာ မဟုတ်ဘူး။ ဗိုလ်ဒီမော့ ပုန်းနေတာ ဆယ့်နှစ်နှစ် ရှိပြီ။ သူဟာ မသေမရှင် ဖြစ်နေပြီလို့ ကြားတယ်။ မင်းဟာ ဒမ်ဘယ်လီဒိုး နှာခေါင်းအောက်မှာနေပြီး တန်ခိုး အကုန်ပျောက်သွားပြီး ကျန်းမာရေး အလွန်ညံ့တဲ့ မှော်ဆရာအတွက် လူသတ်မှာ မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား။ နို့မို့ရင် မင်း ဘာကြောင့် မှော်အိမ်ထောင်တစ်ခုကို ရွေးပြီး နေရတာလဲ။ ဒါမှ မင်းဟာ အခြေအနေသစ်တွေကို အမြဲ ကြားသိရမှာ။ ဟုတ်တယ် မဟုတ်လား၊ ပီတာ။ မင်းက မင်းရဲ့ အတိတ်က ကာကွယ်ပေးသူ ခွန်အားရှိလာပြီ၊ သူ့ဆီ ပြန်သွားရင် လုံခြုံပြီဆိုတာ ဖြစ်လာခဲ့ရင် မင်း သိခွင့်ရချင်တယ် .......”

ကြွက်ပုလေး ပီတာဟာ ပါးစပ်ဟပြီး ပြန်ပိတ်သွားတယ်။ ဒီလိုဖြစ်တာ အကြိမ်အချို့ပဲ။ သူဟာ စကားပြောနိုင်စွမ်း မရှိတော့သလိုပဲ။

“အော ......... မစ္စတာ ဘလက် ........ ဆီးရီးအက်စ်ကြွယ်လား” ဟာမီးက ကြောက်ကြောက်နဲ့ .......

ဘလက်ဟာ သူ့ကို ဒီလိုခေါ်တာကြားတော့ တကယ်ပဲ လန့်သွားတယ်။ သူက ဟာမီးကို စိုက်ကြည့်နေတယ်။ သူများက ဒီလို ယဉ်ကျေးစွာ သူနဲ့ စကားပြောတာကို သူမေ့နေခဲ့တာ ကြာပြီ။

“ကျွန်မမေးတာကို လက်ခံမယ်ဆိုရင်၊ ရှင် .......... ဘယ်လိုလုပ်ပြီး အက်ဇခါဘန်က ထွက်ပြေးလာတာလဲ။ ရှင် မှော်နက်ပညာ မသုံးဘဲနဲ့ ဆိုရင်”

"ကျေးဇူးတင်တယ်" ကြယ်ပုလေးပီတာက အသက်ပြင်းပြင်း ရှူရင်းပြောတယ်။ ဟာမီးက ခေါင်းညိတ်ပြတယ်။ "အဲဒါ၊ အဲဒါ ကျုပ် မေးမယ့် မေးခွန်းပဲ ........"

ဒါပေမယ့် လူပင်က သူ့ကို ကြည့်လိုက်တာနဲ့ ငြိမ်သွားတယ်။ ဘလက်က ဟာမီးကို နည်းနည်း မျက်မှောင်ကြုတ်လိုက်တယ်။ ဒါပေမယ့် ကြည့်ရတာ စိတ်တော့ မဆိုးဘူး။ ဘယ်လို ပြန်ဖြေမလဲလို့ စဉ်းစားနေသလိုပဲ။

"ကျုပ် ဘယ်လိုလုပ်နိုင်တာလဲ ဆိုတာ မသိဘူး" သူက ဖြည်းဖြည်းပြောတယ်။ "ကျုပ် ထင်တယ်၊ ကျုပ် အသိပျောက်မသွားတဲ့ အဓိက အကြောင်းရင်းဟာ ကျုပ်ဟာ အပြစ်မရှိဘူးဆိုတာ သိလို့ပဲ။ ဒါဟာ ပျော်စရာအတွေးတော့ မဟုတ်ဘူး။ ဒါကြောင့် အဲဒီ ဝိညာဉ်စုပ်ကောင်တွေဟာ ဒါကို ကျုပ်ခေါင်းထဲက စုပ်မယူဘူး....... ဒီတော့ ကျုပ်ဟာ အသိရှိနေဖို့ ဖြစ်နိုင်နေတယ်။ ပြီးတော့ မိမိ ဘယ်သူလဲ ဆိုတာလဲ သိတယ် .... ဒါက ကျုပ် တန်ခိုးကို ထိန်းသိမ်းဖို့ အထောက်အကူ ရတယ် ......... ဒါကြောင့်၊ ပတ်ဝန်းကျင် အခြေအနေက မခံနိုင်အောင် ဖြစ်လာရင် .......... သိပ်ကို အခံရခက်ပါတယ် .......... ကျုပ်ဟာ အခန်းကျဉ်းထဲမှာ ရုပ်ပြောင်းလို့ ရတယ် .......... ခွေးတစ်ကောင် ဖြစ်သွားတယ်။ ဝိညာဉ်စုပ်ကောင်က မမြင်ဘူး။ မင်းတို့ သိပါတယ် ........." သူက တံတွေး မျိုချလိုက်တယ်။ "၎င်းတို့ဟာ လူ့စိတ်ကို ခံစားနိုင်တယ်။ ဒါကြောင့် လူ့အနားကို ဘယ်လိုကပ်ရမယ်ဆိုတာ ခံစားရတယ်........... ၎င်းတို့ဟာ ကျုပ်စိတ်ဟာ လူ့ .......... လူ့စိတ်နဲ့ သိပ်မတူဘူးလို့ ခွဲခြားနိုင်တယ်။ ဒီလောက် မရှုပ်ထွေးဘူး။ ကျုပ် ခွေးဖြစ်တဲ့အခါမှာ ဒီအတိုင်းပဲ ......... ဒါပေမယ့်၊ အမှန်ပဲ ၎င်းတို့ဟာ ကျုပ်ကို အဲဒီက တခြားလူတွေလိုပဲ အသိပျောက်သွားနေတယ်လို့ ထင်တာ။ ဒါကြောင့် သိပ် မစိုးရိမ်ကြဘူး။ ဒါပေမယ့် ကျုပ် အားနည်းတယ်၊ မှော်ကြိမ်လုံး မရှိဘူး၊ ကျုပ်ဟာ ၎င်းတို့ကို မောင်းပစ်နိုင်စွမ်း မရှိဘူး ......... "

"ဒါပေမယ့် ထိုအချိန်မှာ ကျုပ်ဟာ သတင်းစာပေါ်ပါတဲ့ ဓာတ်ပုံကနေ ပီတာကို တွေ့တယ် ............ သူ ဟော့ဂ်ဝပ်မှာလို့ ကြားတယ်။ ဟယ်ရီနဲ့ အတူ ရှိတယ် .......... တကယ်လို့ သူ သတင်းအစအန ရတယ်၊ မှော်နက်အင်အားဟာ စုစည်းနေတယ်ဆိုတာ သိရင်၊ အဲဒီနေရာကနေစပြီး လှုပ်ရှားတာဟာ အသင့်တော်ဆုံးပဲ ..............."

ကြယ်ပုလေး ပီတာက ခေါင်းခါတယ်။ ပါးစပ်က အသံမထွက်ဘဲ လှုပ်နေတယ်။ ဒါပေမယ့် ဘလက်ကိုပဲ စိုက်ကြည့်နေတယ်။ အိပ်မွေ့ချ ခံထားရသလိုပဲ။

"............. သူ့မှာ မဟာမိတ်ရှိတာ သေချာလာတာနဲ့ သူ လုပ်မှာပဲ ........ ပေါ်တာတို့ မိသားစုက နောက်ဆုံး လူကို သူတို့လက် အပ်မှာ။ သူက ဟယ်ရီ့ကို သူတို့လက် အပ်ခဲ့ရင် သူ ဗိုလ်ဒီမွန့်ကို သစ္စာဖောက်တယ်လို့ ဘယ်သူပြောဝံ့တော့မှာလဲ။ သူ ဂုဏ်နဲ့ ဒြပ်နဲ့ ဖြစ်သွားမှာပေါ့ ............"

"ဒါကြောင့် မင်းတို့ နားလည်လား၊ ကျုပ် ထလုပ်မှ ဖြစ်မယ်။ ကျုပ်ဟာ ပီတာ အသက်ရှင်လျက် ရှိနေသေးတယ်ဆိုတာ သိတဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ် ..........."

ဟယ်ရီဟာ မစ္စတာ ဝယ်စလီက မစ္စစ် ဝယ်စလီကို ပြောတဲ့ စကားကို သတိရလိုက်တယ်။ "အစောင့်က ပြောတယ်၊ သူ အိပ်မက်ထဲမှာ --------- 'သူ ဟော့ဂ်ဝပ်မှာ ရှိတယ်' လို့ ပြောတယ်တဲ့"

"ကျုပ် ခေါင်းထဲမှာ မီးထွန်းပေးထားသလို ဖြစ်နေတယ်။ ဝိညာဉ်စုပ်ကောင်က ဒီမီးကို ငြိမ်းသတ်လို့ မရဘူး .......... ဒါဟာ လူကို ပျော်စေတဲ့ ခံစားချက် မဟုတ်ဘူး ............ ဒါဟာ စွဲလမ်းမှုတစ်ခု .......... ဒါပေမယ့် ဒီအတွေးက ကျုပ်ကို အင်အား ဖြစ်စေတယ်။ ကျုပ် ခေါင်းထဲ ရှင်းလင်းလာတယ်။ ဒီလိုနဲ့ ညတစ်ညမှာ သူတို့က ကျုပ်အခန်းတံခါးကို ဖွင့်ပြီး အစာ လာပို့တယ်။ ကျုပ်ဟာ ခွေးတစ်ကောင်မို့ သူတို့ဘေးက ဖြတ်ထွက်သွားတယ် ......... တိရစ္ဆာန်ရဲ့ စိတ်ကို ခံစားဖို့ သူတို့မှာ အခက်အခဲ ရှိတယ်။ တိရစ္ဆာန်ရဲ့ စိတ်ဟာ ရှုပ်ထွေးတယ်........ ထိုစဉ်က ကျုပ် သိပ်ပိန်တယ်။ အလွန့်ကို ပိန်တယ် ......... ပိန်တာမှ သံတိုင်ကြားက ထွက်သွားနိုင်တယ်......... ခွေးတစ်ကောင်အနေနဲ့

ရေကူးပြီး ကုန်းပေါ် ပြန်တက်ခဲ့တယ်........... ကျုပ် မြောက်ဘက်ကို သွားတယ်။ ခွေးတစ်ကောင်အနေနဲ့ ကျုပ် ဟော့ဂ်ဝပ်ကို လာခဲ့တယ် ........... ကျုပ် ဟော့ဂ်ဝပ်ရောက်ကတည်းက တားမြစ်သစ်တောထဲမှာ နေတယ် ......... ခွေဒစ်ပြိုင်ပွဲ သွားကြည့်တဲ့အချိန် အပြင်ပေါ့ ........... မင်း ပျံသန်းတာ မင်းအဖေလိုပဲ ကောင်းတယ်၊ ဟယ်ရီ ..............."

သူက ဟယ်ရီ့ကို ကြည့်တယ်။ ဟယ်ရီက အကြည့်ကို မရှောင်ဘူး။

"ကျုပ်ကို ယုံပါ" ဘလက်က အသံအက်အက်နဲ့ ပြောတယ်။ "ကျုပ်ကို ယုံ၊ ကျုပ် ဘယ်တုန်းကမှ ဂျိမ်းနဲ့ လီလီကို သစ္စာမဖောက်ဘူး။ ကျုပ် သေချင် သေပေ့စေ၊ သူတို့ကို သစ္စာမဖောက်ဘူး"

ဟယ်ရီဟာ နောက်ဆုံးမှာ သူ့ကို ယုံသွားတယ်။ ဟယ်ရီ လည်ချောင်းက ဆို့နင့်နေတယ်။ စကားမပြောနိုင်ဘူး။ ခေါင်းညိတ်ပြလိုက်တယ်။

"မဟုတ်ဘူး"

ကြယ်ပုလေးပီတာဟာ ကြမ်းပေါ် ဒူးထောက်နေတယ်။ ဟယ်ရီ ခေါင်းညိတ်လိုက်တာဟာ သူ့ကို သေဒဏ်ပေးလိုက်သလိုပဲ။ သူဟာ ဒူးနဲ့ ရှေ့ကို ဝပ်တွားလာတယ်။ လက်အုပ်ချီထားပြီး ဆုတောင်းနေသလိုပဲ။

"ဆီးရီးအက်စ်ကြယ် ........... ငါပါ ............ပီတာပါ ......... မင်း သူငယ်ချင်းပါ ........... မင်း မ........"

ဘလက်က ခြေနဲ့လှမ်းကန်လိုက်တယ်။ ကြယ်ပုလေးပီတာဟာ နောက်သို့ တွန့်ဆုတ်သွားတယ်။

"မင်း လာထိစရာ မလိုဘူး။ ငါ့ ဝတ်ရုံက ညစ်ပတ်လုပြီ" ဘလက်က ပြောတယ်။

"လူပင်" ကြယ်ပုလေး ပီတာက အော်ခေါ်တယ်။ လူပင်ဘက်ကို လှည့်တယ်။ လူပင်ရှေ့မှာ ကိုယ်ကို တွန့်လိမ်ပြီး တောင်းပန်တယ်။ "မင်း ဒါတွေ မယုံဘူး ......... ဆီးရီးအက်စ်ကြယ်က မင်းကို သူတို့ စီမံကိန်း ပြောင်းသွားပြီလို့ မပြောဘူးလား"

"သူက ငါ့ကို သူလျှိုလို့ ထင်ရင်၊ သူ ဘယ်ပြောမလဲ၊ ပီတာ" လူပင်က ပြောတယ်။ "ငါ ထင်တယ်၊ အဲဒါဟာ မင်း ငါ့ကို ပြောမပြတဲ့ အကြောင်းရင်းပဲ၊ ဟုတ်လား။ ဆီးရီးအက်စ်ကြယ်" သူဟာ ကြယ်ပုလေး ပီတာ ခေါင်းပေါ်ကနေ ဘလက်ကို မထင်မှတ်ဘဲ မေးလိုက်တယ်။

"ခွင့်လွှတ်ပါ၊ လူပင်" ဘလက်က ပြောတယ်။

"ကိစ္စမရှိဘူး၊ ခြေပြားကြီး၊ သူငယ်ချင်းကြီး" လူပင်က ပြောရင်း အင်္ကျီလက်မောင်းကို ပင့်လိုက်တယ်။ "အပြန်အလှန်အားဖြင့် ငါလဲ မင်းကို သူလျှိုလို့ ထင်ခဲ့တယ်။ မင်းလဲ ငါ့ကို ခွင့်လွှတ်၊ မကောင်းဘူးလား"

"ဒါပေါ့" ဘလက်က ပြောတယ်။ ၎င်းရဲ့ ပိန်ချုန်းတဲ့ မျက်နှာပေါ်မှာ အပြုံးရေးရေး ပေါ်လာတယ်။ သူလည်း အင်္ကျီလက်မောင်းပင့်နေပြီ။

"ငါတို့ သူ့ကို အတူ သတ်ရအောင်"

"ဟုတ်တယ်၊ ငါလဲ ဒီလိုပဲ တွေးတယ်" လူပင်က တင်းမာစွာ ပြောတယ်။

"မင်းတို့မလုပ်......... မင်းတို့ မလုပ်ပါဘူး .........." ကြယ်ပုလေးပီတာက ရှိုက်ပြောတယ်။ သူဟာ ရွှန့်အနားမှာ တွားသွားနေတယ်။

"ရွန် ............ ကျုပ်ဟာ တစ်လျှောက်လုံး မင်း မိတ်ဆွေကောင်း ............ အချစ်တော်အကောင် မဟုတ်လား။ မင်း ငါ့ကို အသတ်မခံဘူး မဟုတ်လား ........... မင်း ငါ့ဘက်မှာ ရှိတယ် မဟုတ်လား"

ဒါပေမယ့် ရွန်ဟာ အလွန်ရွံရှာစွာ ကြယ်ပုလေးပီတာကို ကြည့်နေတယ်။

"သူဟာ ကျွန်တော့်ကုတင်ပေါ်မှာ အိပ်ခဲ့ဖူးတယ်" ရွန်က ပြောတယ်။

"စိတ်စေတနာရှိတဲ့ ကလေး ......... စေတနာရှိတဲ့ သခင်..............." ကြယ်ပုလေးပီတာက ရွန့်ဆီ တိုးသွားတယ်။ "မင်း သူတို့ သတ်တာမခံပါဘူး ............ ငါက မင်းကြွက် ......... ငါက အချစ်တော် အကောင် ............."

"မင်း ကြွက်လုပ်တာ လူထက်သာတယ် ထားဦး၊ ဒါဘာမှ ကြွားစရာမလိုဘူး၊ ပီတာ" ဘလက်က အသံအက်အက်နဲ့ ပြောတယ်။ ရွန်က သူ့ခြေထောက်ကို ဖက်ပြီး ရှောင်တယ်။ ကြယ်ပုလေးပီတာ အထိမခံဘူး။ ဒါကြောင့် ခြေထောက်က နာလို့ သူ့မျက်နှာ ညိုးရော်လာတယ်။ ကြယ်ပုလေး ပီတာဟာ ဒူးထောက်ပြီး လှည့်လိုက်တယ်။ ကယိမ်းကယိုင်နဲ့ ရှေ့တိုးသွားပြီး ဟာမီးဝတ်ရုံအစကို ဆွဲထားတယ်။

"ကောင်းတဲ့ ကလေးမ .......... ဉာဏ်ကောင်းတဲ့ ကလေးမ ............. မင်း ............... မင်းက သူတို့ကို ................. ကျုပ်ကို ကူညီပါ ................"

ဟာမီးဟာ ကြယ်ပုလေးပီတာ တအားဆွဲထားတဲ့ အင်္ကျီစကို ဆွဲယူတယ်။ နံရံနားသို့ ဆုတ်သွားတယ်။ သိပ်ကြောက်လန့်နေသလိုပဲ။

ကြယ်ပုလေးပီတာဟာ ဒူးထောက်ထားရင်း တစ်ကိုယ်လုံး ချုပ်တည်းမရအောင် တုန်နေတယ်။ ခေါင်းကို ဟယ်ရီဘက် ဖြည်းဖြည်း လှည့်တယ်။

"ဟယ်ရီ ......... ဟယ်ရီ ............... မင်းဟာ မင်းအဖေနဲ့ သိပ်တူတာပဲ .......... သူနဲ့တူ ..............."

"မင်းကများ ဟယ်ရီ့ကို စကားသွားပြောဝံ့တယ်၊ ဟုတ်လား" ဘလက်က ဟောက်တယ်။ "မင်းက သူ့ကို မျက်နှာပြရဲသေးတယ်၊ ဟုတ်လား။ မင်းက သူ့ရှေ့မှာ ဂျိမ်းအကြောင်း ပြောရဲသေးလား"

"ဟယ်ရီ" ကြယ်ပုလေးပီတာက တိုးတိုးပြောတယ်။ ခြေထောက်ဒရွတ်ဆွဲပြီး သူ့ဆီသွားတယ်။ လက်နှစ်ဖက် ဖြန့်ထားတယ်။ "ဟယ်ရီ၊ ဂျိမ်းက ငါ့ကို အသတ်ခံမှာ မဟုတ်ဘူး.......... ဂျိမ်းက နားလည်မှာပါ။ ဟယ်ရီ .......... သူ ငါ့ကို သက်ညှာမှာပါ ............"

ဘလက်နဲ့ လူပင် ရှေ့တိုးသွားတယ်။ ကြယ်ပုလေးပီတာရဲ့ ပခုံးကို ဆွဲပြီး ကြမ်းပေါ် ပစ်ချလိုက်တယ်။ ၎င်းဟာ နေရာတွင်ထိုင်ပြီး သူတို့ကို မော့်ကြည့်နေတယ်။

"မင်းက လီလီနဲ့ ဂျိမ်းကို ဗိုလ်ဒီမွန့် ရောင်းစားတယ်" ဘလက်က ပြောတယ်။ သူလည်း တုန်နေတယ်။ "မင်း ငြင်းချင်သေးလား"

ကြယ်ပုလေးပီတာ တအား ငိုလာတယ်။ သူ့ပုံပန်းက သိပ်ကြောက်စရာပဲ။ သူ့ကြည့်ရတာ အလွန်ကြီးတဲ့ ထိပ်ပြောင် ကလေးငယ်လေးလိုပဲ။ ကြမ်းပေါ်မှာ တုန်နေတယ်။

"ဆီးရီးအက်စ်ကြယ်၊ ဆီးရီးအက်စ်ကြယ်၊ ငါ ဘာများ လုပ်နိုင်မှာမို့လဲ၊ အဲဒီ မှော်နက်ဆရာကြီးဟာ .......... မင်း သိပါတယ် ........... သူ့ လက်နက်ဟာ မင်းတွေးထင်လို့တောင် မရဘူး ........ ငါ အဲဒီတုန်းက ကြောက်လို့။

ဆီးရီးအက်စ်ကြယ်၊ ငါ့မှာ မင်း၊ လူပင် ပြီးတော့ ဂျိမ်းတို့လို သတ္တိမရှိဘူး။ ငါ တမင် ဒီလိုလုပ်တာ မဟုတ်ပါဘူး .......... ဟို နာမည်တောင် မခေါ်ဝံ့တဲ့လူက ငါ့ကို အတင်း ............"

"လိမ်မပြောနဲ့" ဘလက်က ဟောက်တယ်။ "လီလီနဲ့ ဂျိမ်း မသေခင်ကတည်းက မင်းဟာ သူ့ကို သတင်းပေးနေတာ တစ်နှစ်ရှိပြီ။ မင်းက သူ့ သူလျှို"

"သူ ........... သူ နေရာတိုင်းမှာ ပါတယ်" ကြယ်ပုလေးပီတာက ပြောတယ်။ "သူ့ကို ငြင်းဆန်ရင်၊ ဘာ ........... ဘာကောင်းကျိုးမှ မရှိဘူး"

"သမိုင်းမှာ အဆိုးရွားဆုံး ဘီလူးနဲ့ တိုက်တာ ဘာအကျိုးရှိလဲ၊ ဟုတ်လား" ဘလက်က ပြောတယ်။ မျက်နှာပေါ်မှာ ကြောက်စရာ ဒေါသရိပ် ပေါ်နေတယ်။ "အပြစ်မဲ့တဲ့ အသက်ကို ကယ်ဖို့ပဲ။ ပီတာ"

"မင်း နားမလည်ဘူး" ကြယ်ပုလေး ပီတာက ငိုပြောတယ်။ "သူ ငါ့ကို သတ်ပစ်မှာ၊ ဆီးရီးအက်စ်ကြယ်"

"ဒါဆို မင်း သေသင့်တယ်" ဘလက်က အော်ပြောတယ်။ "သေတာက မိတ်ဆွေကို သစ္စာဖောက်တာထက် သာတယ်။ ငါတို့လဲ မင်းအတွက် ဒီအတိုင်းလုပ်မှာ"

ဘလက်နဲ့ လူပင် ယှဉ်ရပ်ပြီး မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

"မင်း နားလည်ရမှာက" လူပင်က တည်ငြိမ်စွာ ပြောတယ်။ "တကယ်လို့ ဗိုလဒီမွန့်က မင်းကို မသတ်ရင်၊ ငါတို့ မင်းကို သတ်ပစ်မှာ။ နှုတ်ဆက်လိုက်တယ်၊ ပီတာ"

ဟာမီးက မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး နံရံဘက် လှည့်လိုက်တယ်။

"မလုပ်နဲ့" ဟယ်ရီက အော်တယ်။ သူ ရှေ့ကို ပြေးသွားတယ်။ ကြယ်ပုလေးပီတာရှေ့က ကွယ်ထားတယ်။ မှော်ကြိမ်လုံးနှစ်ခုကို ရင်ဆိုင်ထားတယ်။ "သင်တို့ သူ့ကို မသတ်ရဘူး" သူက ပြောတယ်။ အသက်တောင် ကောင်းကောင်း မရှူနိုင်ဘူး။ "သင်တို့ မလုပ်နဲ့"

ဘလက်နဲ့ လူပင်တို့ အလွန် ထိတ်လန့်သွားတယ်။

"ဟယ်ရီ၊ ဒီလူဆိုးကြောင့် မင်းမိဘ ကွယ်လွန်ရတာ" ဘလက်က အော်ဟောက်တယ်။ "ဒီလို ယုတ်မာဒူးထောက်တဲ့ ညစ်ပတ်တဲ့အကောင်ဟာ မင်းသေတာတွေ့ရင် ဘာမှ ဖြစ်မှာမဟုတ်ဘူး။ သူ ခုနက ပြောတာ မင်းကြားပြီးပြီ။ သူ စုတ်ပဲ့တဲ့ ကိုယ်ခန္ဓာက မင်းတို့ မိသားစုတစ်စုလုံးထက် အရေးကြီးနေတယ်"

"ကျွန်တော် သိတယ်" ဟယ်ရီက မောရှိုက်စွာ ပြောတယ်။ "ကျွန်တော်တို့ သူ့ကို ရဲတိုက် ခေါ်သွားမယ်။ သူ့ကို ဝိညာဉ်စုပ်ကောင် အပ်လိုက်မယ်။ သူ အက်ဇ်ကဘန် သွားလို့ရတယ် .......... သူ့ကိုတော့ မသတ်ပါနဲ့"

"ဟယ်ရီ" ကြယ်ပုလေးပီတာက အသက်ရှူမမှန်ဘဲ ပြောတယ်။ လက်နဲ့ ဟယ်ရီ့ခြေထောက်ကို ဖက်တယ်။ "မင်း ------ ကျေးဇူးတင်တယ် .......... ဒါ ကျုပ်ကို ကျေးဇူးပြုတာပဲ ........... ကျေးဇူးတင်တယ် ..............."

"လွှတ်စမ်း" ဟယ်ရီက ရွံရှာစွာ ပြောတယ်။ ကြယ်ပုလေးပီတာ့လက်ကို ရွံရှာစွာ ခါပစ်လိုက်တယ်။ "ကျွန်တော် ဒီလိုလုပ်တာ ခင်ဗျားအတွက် မဟုတ်ဘူး။ ကျွန်တော် ဒီလိုလုပ်ရတဲ့ အကြောင်းက ကျွန်တော့်အဖေဟာ သူ့ချစ်သူငယ်ချင်းတွေ လူသတ်မှာ မကြိုက်ဘူးလို့ ထင်လို့ ------- အထူးသဖြင့် ခင်ဗျားလို့ လူမျိုးကို သတ်တာ"

ကြယ်ပုလေးပီတာက လွဲပြီး ဘယ်သူမှ မလှုပ်ဘူး။ ဘယ်သူမှလည်း အသံမထွက်ဘူး။ ကြယ်ပုလေး ပီတာဟာ မိမိရင်ဘတ်ကို ဆုပ်ပြီး မောဟိုက်နေတယ်။ ဘလက်နဲ့ လူပင် အပြန်အလှန် ကြည့်နေတယ်။ ခဏနေတော့ သူတို့ မျက်ကြိမ်လုံး နိမ့်ကျသွားတယ်။

"မင်းဟာ ဆုံးဖြတ်ချက်ချနိုင်တဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ်၊ ဟယ်ရီ" ဘလက်က ပြောတယ်။ "ဒါပေမယ့် တွေးကြည့်ဦး .......... သူ ဘာတွေ လုပ်ခဲ့တယ်ဆိုတာ တွေးကြည့်ဦး ........."

"သူ အက်ဇ်ခါဘန်ကို သွားလို့ရတယ်" ဟယ်ရီက ပြောတယ်။"အဲဒီကို ပို့ဖို့ အသင့်တော်ဆုံးက သူပဲ .........."

ကြယ်ပုလေးပီတာဟာ သူ့ကျောဘက်မှာ ဟောဟဲ ဟောဟဲ ဖြစ်နေတုန်းပဲ။

"သိပ်ကောင်းတယ်" လူပင်က ပြောတယ်။ "ဖယ်စမ်း၊ ဟယ်ရီ"

ဟယ်ရီ တွေဝေနေတယ်။

"ကျုပ် သူ့ကို ကြိုးနဲ့တုပ်မလို့" လူပင်က ပြောတယ်။ "တခြား အဓိပ္ပာယ် မဟုတ်ဘူး၊ ကျုပ် ကတိပြုပါတယ်"

ဟယ်ရီ ဖယ်ပေးတယ်။ ဒီတစ်ကြိမ်မှာ လူပင်ရဲ့ မျက်ကြိမ်လုံးက ကြိုးပန်းထွက်လာတယ်။ မကြာလိုက်ဘူး၊ ကြယ်ပုလေးပီတာကို တုပ်ချည့်ပြီး သွားပြီ။ ပါးစပ်ထဲလည်း ဆို့ထားပြီးပြီ။ ကြမ်းပေါ်မှာ တွန့်လိမ်နေတယ်။

"မင်း ရုပ်ပြောင်းခဲ့ရင်တော့၊ ပီတာ" ဘလက်က ဟောက်ပြောတယ်။ သူ့မျက်ကြိမ်လုံးနဲ့ ကြယ်ပုလေးပီတာကို ချိန်ထားတယ်။ "ငါတို့မင်းကို သတ်ပစ်မယ်။ သဘောတူတယ် မဟုတ်လား၊ ဟယ်ရီ"

ဟယ်ရီဟာ ကြမ်းပေါ်က သနားစရာ အကောင်ကို ကြည့်ပြီး ခေါင်းညိတ်ပြတယ်။ ကြယ်ပုလေး ပီတာလည်း မြင်ရအောင် လုပ်တယ်။

"ကောင်းပြီ" လူပင်က ပြောတယ်။ ရုတ်တရက် ပြဿနာ ဆွေးနွေးတဲ့ ပုံစံနဲ့ "ရွန်၊ ကျုပ် အရိုးဆက်တာ မဒမ်ဖွမ်ဖရေလောက် မကောင်းဘူး။ ဒါကြောင့် ကျုပ် စဉ်းစားတယ်။ အကောင်းဆုံးက မင်းခြေထောက်ကို ပတ်တီးစည်းပေးမယ်။ ပြီးတော့ ကျောင်းဆေးရုံပို့မယ်"

သူဟာ ရွန့်ဆီ အမြန်သွားပြီး ကုန်းကာ မျက်ကြိမ်လုံးနဲ့ ရွန့်ခြေထောက်ကို တို့တယ်။ "ဖီရူလာ"လို့ ရွတ်ဆိုတယ်။ ပတ်တီးဟာ ရွန့်ခြေထောက်ပေါ် ခုန်တက်ပြီး ခြေထောက်ကို ပတ်ပေးတယ်။ သစ်သားပြားလေးနဲ့ တွဲချည်ပေးတယ်။ လူပင်က ဖေးမ ထူလိုက်တယ်။ ရွန်ဟာ သတိထားပြီး ကိုယ်အလေးချိန်ကို ခြေတစ်ချောင်းပေါ် ထားလိုက်တယ်။ မတွန့်ဆုတ်ဘူး။

"ဒါ အတော်ကောင်းတယ်" သူက ပြောတယ်။ "ကျေးဇူးတင်တယ်"

"ပါမောက္ခစနိတ်ပ်ကို ဘယ်လို လုပ်မလဲ" ဟာမီးက တိုးတိုးမေးတယ်။ စနိတ်ပ်မှောက်နေတာကို ငုံ့ကြည့်တယ်။

"သူ ဘာမှ သိပ်မစိုးရိမ်ရပါဘူး" လူပင်က ပြောတယ်။ ကုန်းပြီး စနိတ်ပ်ကို သွေးစမ်းတယ်။ "သူက နည်းနည်း ထိခိုက်တာပဲ ရှိပါတယ်။ သူ မေ့နေသေးတယ်။ အော......... အကောင်းဆုံးကတော့ ကျုပ်တို့ ရဲတိုက်ကို ကောင်းမွန်စွာ ရောက်တော့မှ သူ့ကို နိုးအောင် လုပ်တာပဲ။ ကျုပ်တို့ ဒီတိုင်း သူ့ကို ခေါ်သွားမယ် ........"

သူက ရွတ်ဆိုလိုက်တယ်။ "မိုဘိုင်လစ်ကော်ဖတ်စ်" မမြင်ရတဲ့ ကြိုးက စနိတ်ပ် လက်ကောက်ဝတ်၊ လည်ပင်းနဲ့ ဒူးကို ချည်လိုက်သလိုပဲ။ သူဟာ မတ်တတ် အနေအထား ဖြစ်သွားတယ်။ မြင်သူ စိတ်ပျက်အောင် ခေါင်းငိုက်စိုက် ကျနေဆဲပဲ။ ထူးဆန်းတဲ့ ရုပ်သေးရုပ်လိုပဲ။ သူ့ခြေနှစ်ဖက်ဟာ ကြမ်းနဲ့ လက်မ အနည်းငယ် ကွာတယ်။ ခြေထောက်က ပျော့ပြီး တွဲကျနေတယ်။ လူပင်က ကိုယ်ပျောက်ဝတ်ရုံကို ကောက်ပြီး မိမိအကျီအိတ်ထဲ ကောင်းမွန်စွာ ထည့်ထားလိုက်တယ်။

"ငါတို့ထဲက နှစ်ယောက်ကို ဒီအကောင်နဲ့ တွဲချည်ထားမှ" ဘလက်က ပြောတယ်။ ခြေမကြီးနဲ့ ကြယ်ပုလေး ပီတာကို ထိလိုက်တယ်။ "မတော်လို့ မဖြစ်အောင်"

"ငါ လာမယ်" လူပင်က ပြောတယ်။

"ကျွန်တော်လဲ လာမယ်" ရွန်က ဒေါသနဲ့ ပြောတယ်။ ထော့နဲ့ ထော့နဲ့ ရှေ့တိုးသွားတယ်။

ဘလက်ဟာ ပါးလျားတဲ့ လေထုထဲကနေ လေးပင်တဲ့ လက်ထိတ်ကို ခေါ်ယူလိုက်တယ်။ ကြယ်ပုလေးပီတာ ချက်ချင်း မတ်မတ်ရပ်သွားပြီး ဘယ်လက်ကို လူပင်ရဲ့ ညာလက်မှာ ခတ်ထားတယ်။ ညာလက်က ရွန့်ဘယ်လက်နဲ့ ခတ်ထားတယ်။ ရွန့်မျက်နှာက တင်းထားတယ်။ သူဟာ အစက်အပြောက်လေးရဲ့ အစစ်အမှန် ဖြစ်ရပ်က သူ့ကို စော်ကားတယ်လို့ ထင်နေပုံရတယ်။ ခရွတ်ရှန်ဟာ ကုတင်ပေါ်က အသာလေး ခုန်ချလိုက်တယ်။ ရှေ့က ဦးဆောင်ပြီး အခန်းထဲက ထွက်လာတယ်။ ပုလင်းဆေးတံနဲ့ တူတဲ့ အမြီးဟာ အားရ ကျေနပ်စွာ အမြင့်ကြီး ထောင်ထားတယ်

## ၂၀။ ဝိညာဉ်စုပ်ကောင်ရဲ့ အနမ်း

ဟယ်ရီဟာ ဘယ်တုန်းကမှ အခုလို ထူးဆန်းတဲ့ လူတွေနဲ့အတူ မရှိခဲ့ဖူးဘူး။ ခရွတ်ရှန်ဟာ ဦးဆောင်ပြီး လှေခါးက ဆင်းတယ်။ လူပင်၊ ကြယ်ပုလေးပီတာနဲ့ ရွန်က ၎င်းနောက်မှာ။ ခြေခြောက်ချောင်း အပြေးပြိုင်ပွဲ ဝင်တဲ့ လူတွေလိုပဲ။ သူတို့နောက်က ပါမောက္ခ စနိတ်ပ်၊ မိမိ မှော်ကြိမ်လုံးက ထောက်ကူထားတယ်။ မှော်ကြိမ်လုံးက ဆီးရီးအက်စ်ကြယ် လက်ထဲမှာ သူ့ကို ချိန်ထားတယ်။ သူ့ကို ကြက်သီးထစရာ လေထဲမှာ ပေါလောပေါ်လာသလို သွားနေစေတယ်။ လှေခါးက ဆင်းတဲ့အခါမှာ ခြေချောင်းတွေဟာ လှေခါးထစ်တိုင်းနဲ့ တိုက်သွားတယ်။ ဟယ်ရီနဲ့ ဟာမီးက နောက်ကလိုက်တယ်။

မြေအောက်လိုဏ်ခေါင်းလမ်းထဲ ရောက်တော့ သိပ်ခက်သွားတယ်။ လူပင်၊ ကြယ်ပုလေးပီတာနဲ့ ရွန်တို့ဟာ ကိုယ်ကို ဘေးစောင်းသွားရတယ်။ လူပင်က မှော်ကြိမ်လုံးနဲ့ ကြယ်ပုလေးပီတာကို ချိန်ထားတုန်းပဲ။ သူတို့ဟာ လိုဏ်ခေါင်းလမ်းအတိုင်း တစ်ယောက်ချင်း တန်းစီပြီး ရှေ့တိုးသွားနေတယ်။ ခရွတ်ရှန်ဟာ ရှေ့က ဦးဆောင်သွားတုန်းပဲ။ ဟယ်ရီက ဘလက်နောက်က ကပ်လိုက်တယ်။ ဘလက်ဟာ စနိတ်ပ်ကို သူတို့ရှေ့မှာ ပေါလောပေါ်နေစေတယ်။ စနိတ်ပ်ရဲ့ လှုပ်ယမ်းနေတဲ့ ခေါင်းဟာ မြေအောက် လိုဏ်ခေါင်းလမ်းရဲ့ အထက်ဘက်ကို မကြာခဏ ဆောင့်နေတယ်။ ဘလက်က တမင် လွှတ်ထားတာလို့ ဟယ်ရီ ထင်တယ်။

"ဒါ ဘာအဓိပ္ပာယ်လဲ ဆိုတာ သိလား" ဘလက်က ရုတ်တရက် ဟယ်ရီ့ကို မေးတယ်။ ဒီအချိန်မှာ သူတို့ဟာ လိုဏ်ခေါင်းလမ်းအတွင်း ဖြည်းဖြည်း ချီတက်နေတယ်။ "ကြယ်ပုလေးပီတာကို အထဲပို့လိုက်ရင်"

"သင် လွတ်လပ်သွားတာပေါ့" ဟယ်ရီက ပြောတယ်။

"မှန်တယ် ..........." ဆီးရီးအက်စ်ကြယ်က ပြောတယ်။ "ဒါပေမယ့် ကျုပ်လဲ -------- မင်းကို ပြောပြတဲ့လူ ရှိလားဆိုတာ ကျုပ်မသိဘူး ---- ကျုပ်က မင်းရဲ့ ဂေါ့ဖာသာ"

"ဟုတ်တယ်၊ ကျွန်တော် သိတယ်" ဟယ်ရီက ပြောတယ်။

"ဟင် ............ မင်းမိဘက ကျုပ်ကို မင်းရဲ့ အုပ်ထိန်းသူ လုပ်ခိုင်းတယ်" ဘလက်က တုံးတိတိ ပြောတယ်။ "သူတို့ အန္တရာယ်နဲ့ ကြုံခဲ့ရင် ........."

ဟယ်ရီက သူဆက်ပြောတာ စောင့်နေတယ်။ ဘလက် အဓိပ္ပာယ်က သူ့စိတ်ထဲ ခန့်မှန်းတဲ့ အဓိပ္ပာယ်ပဲလား။

"ဒါပေါ့လေ၊ မင်းဟာ မင်းရဲ့ အဒေါ်တို့၊ ဦးလေးတို့နဲ့ အတူနေသွားမယ်ဆိုရင်လဲ၊ ကျုပ် နားလည်မှာပါ" ဘလက်က ပြောတယ်။ "ဒါပေမယ့် ........... အင်း .......... စဉ်းစားပါဦး။ နာမည်ကောင်း ပြန်ရလာရင် .......... မင်း တခြား အိမ်ထောင်တစ်ခု လိုချင်ရင် ..........."

ဟယ်ရီ့ ဗိုက်ထဲမှာ တစ်မျိုးကြီး ပေါက်ကွဲသွားသလိုပဲ။

"ဘာ -------- သင်နဲ့အတူ နေရမှာလား" သူက ပြောတယ်။ မထင်မှတ်ပဲ လိုဏ်ခေါင်းအပေါ်ဘက်က ချွန်ထက်နေတဲ့ ကျောက်တုံးနဲ့ ဝင်ဆောင့်မိတယ်။ "ဒါစလီတို့အိမ်ကို ခွဲခွာရမှာလား"

"ဟုတ်တယ်၊ မင်း ဒီလို လုပ်ချင်မှာ မဟုတ်ဘူးလို့ ကျုပ် ထင်တယ်" ဘလက်က အလျင်အမြန်ပြောတယ်။ "ကျုပ် နားလည်ပါတယ်။ ကျုပ်က ကျုပ် ........"

"သင် ရူးနေလား" ဟယ်ရီက ပြောတယ်။ အသံက အသွားတယ်။ ဘလက် အသံလိုပဲ။ "ကျွန်တော် ဒါစလီတို့အိမ်ကို စွန့်ခွာချင်တာပေါ့။ သင့်မှာ အိမ်ရှိလို့လား။ ကျွန်တော် ဘယ်တော့ ပြောင်းနေရမှာလဲ"

ဘလက်က သူ့ကို လှည့်ကြည့်တယ်။ စနိတ်ပ် ခေါင်းဟာ လိုဏ်ခေါင်းအပေါ်နဲ့ ပွတ်သွားနေတယ်။ ဘလက်ကတော့ အရေးမလုပ်ဘူး။

"မင်း သဘောတူလား" သူက မေးတယ်။ "မင်း တကယ်ပြောတာလား"

"ဟုတ်တယ်၊ ကျွန်တော် တကယ်ပြောတာ" ဟယ်ရီက ပြောတယ်။ ဘလက်ရဲ့ မျက်နှာ ပိန်ချွန်ချွန်မှာ ပထမအကြိမ်အားဖြင့် တကယ့် အပြုံး ပေါ်လာတယ်။ အရင်က သူ ဒီလိုရယ်တာ ဟယ်ရီ မမြင်ဖူးဘူး။ အပြုံးက ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှု အမျိုးမျိုးဟာ အံ့သြဘနန်းပါပဲ။ သူ့ထက် အသက်ဆယ်နှစ်ငယ်တဲ့လူဟာ အဲဒီ ငတ်မွတ်တဲ့ မျက်နှာဖုံးကို ထိုးဖောက်ပြီး သူ့ကို ဝမ်းသာကြောင်း ပြနေသလိုပဲ။ အဲဒီအချိန်ပိုင်းလေးမှာ သူ့မျက်နှာပေါ်ကနေ ဟယ်ရီ့မိဘ မင်္ဂလာဆောင်တုန်းက တအား ရယ်နေတဲ့လူကို ပြန်တွေ့လာရတယ်။

လိုဏ်ခေါင်းလမ်း မဆုံးခင်အထိ သူတို့ စကား ထပ်မပြောတော့ဘူး။ ခရွတ်ရှန်ဟာ ပထမဆုံး အပေါ်သို့ ထိုးတက်သွားတယ်။ ၎င်းက ခြေထောက်နဲ့ ဟိုသစ်ပင်ရဲ့ အဖုကို ဖိလိုက်တယ် ထင်တယ်။ အကြောင်းက လူပင်၊ ကြယ်ပုလေးပီတာနဲ့ ရွန်တို့ အပေါ်သို့ တွားတက်တဲ့ အချိန်မှာ သစ်ကိုင်း အရူးအမူး လှုပ်တဲ့အသံကို မကြားရဘူး။

ဘလက်ဟာ စနိတ်ပ်ကို ကျင်းဝက ဖြတ်နိုင်အောင် လုပ်ပေးတယ်။ ဒီနောက် ဟယ်ရီနဲ့ ဟာမီးကို ဖြတ်သွားဖို့ လမ်းဖယ်ပေးတယ်။ နောက်ဆုံး အားလုံး ထွက်လာကြပြီ။

အခု မြေပြင်ပေါ်မှာ အလွန် မည်းမှောင်နေပြီ။ အလင်းရောင် တစ်ခုတည်း ရှိတာက အဝေးဆီက ရဲတိုက် ပြတင်းပေါက်က မီးရောင်ပဲ။ သူတို့ဟာ စကားတစ်ခွန်းမှ မပြောဘဲ ဆက်ထွက်လာခဲ့ကြတယ်။ ကြယ်ပုလေးပီတာဟာ အသက်ပြင်းပြင်း ရှူနေတုန်းပဲ။ တစ်ခါတစ်လေ ငိုသံလေး ထွက်လာတယ်။ ဟယ်ရီ့ခေါင်းထဲမှာ တအုန်းအုန်း မြည်နေတယ်။ သူ ဒါစလီတို့အိမ်က ခွဲခွာရတော့မယ်။ သူဟာ မိဘနဲ့ အရင်းနှီးဆုံး မိတ်ဆွေ ဘလက်နဲ့အတူ နေရမယ် ......... သူ ခေါင်းမူးလာတယ် .......... ဒါစလီ မိသားစုကို သူဟာ သူတို့ ရုပ်မြင်သံကြားပေါ်မှာ မြင်ရတဲ့ ဝရမ်းပြေးနဲ့ အတူနေမယ်လို့ ပြောပြရင် ဘာများ ဖြစ်လာမလဲ။

"တစ်လမ်းမှားတာနဲ့၊ ပီတာ" လူပင်က ရှေ့မှာ ခြိမ်းခြောက် ပြောဆိုတယ်။ သူ့မှော်ကြိမ်လုံးဟာ ဘေးကနေ ကြယ်ပုလေးပီတာ့ ရင်ဘတ်ကို ချိန်ထားတယ်။

သူတို့ဟာ ကွင်းကို တိတ်တိတ် ဖြတ်ကြတယ်။ ရဲတိုက်ထဲက ထွက်လာတဲ့ မီးရောင်ဟာ တဖြည်းဖြည်း လင်းလာတယ်။ စနိတ်ပ်ဟာ ဘလက်ရှေ့မှာ ထူးဆန်းစွာ လေထဲလွင့်ပြီး တိုးသွားနေတယ်။ သူ့မေးစေ့ဟာ ရင်ဘတ်နဲ့တိုက်နေတယ်။ ဒီနောက် ............

တိမ်တစ်စု လွင့်ပျံသွားတယ်။ မြေပြင်မှာ မှုန်ဝါးဝါး အရိပ်တွေ ပေါ်လာတယ်။ ဒီလူအုပ်ဟာ လရောင်အောက် ကျရောက်နေတယ်။

လူပင်၊ ကြယ်ပုလေးပီတာနဲ့ ရွန်ဟာ ရုတ်တရက် ရပ်သွားတာကြောင့် စနိတ်ပ်နဲ့ တိုက်မိသွားတယ်။ ဘလက်က လက်ပြပြီး ဟယ်ရီနဲ့ ဟာမီးကို ဆက်မလျှောက်ဖို့ ပြောလိုက်တယ်။

ဟယ်ရီဟာ လူပင်ရဲ့ ဘေးဘက်အရိပ်ကို မြင်ရတယ်။ သူဟာ မာတောင့်နေသလိုပဲ။ ဒီနောက် သူ့ခြေလက်တွေ တုန်လာတယ်။

"အော၊ ဘုရား၊ ဘုရား ---------" ဟာမီးက အသက်ပြင်းပြင်း ရှူရင်း "သူ ဒီည ဆေးမသောက်ဘူး။ သူ မလုံခြုံတော့ဘူး"

"မြန်မြန်ပြေး" ဘလက်က အသံနိမ့် ပြောတယ်။ "မြန်မြန်ပြေး၊ ချက်ချင်း"

ဒါပေမယ့် ဟယ်ရီ ပြေးလို့မရဘူး။ ရွန်နဲ့ ကြယ်ပုလေးပီတာ ပြီးတော့ လူပင် တွဲခတ်ထားတာ။ သူက ရှေ့ကို ခုန်တယ်။ ဒါပေမယ့် ဘလက်က သူ့ရင်ဘတ်ကို ပြန်တွန်းပစ်လိုက်တယ်။

"ကျုပ် ဖြေရှင်းမယ် ---- မြန်မြန်ပြေး"

ကြောက်စရာ အူသံ ထွက်လာတယ်။ လူပင်ရဲ့ ခေါင်းရှည်လာတယ်။ သူ့ကိုယ်ခန္ဓာလည်း ဒီအတိုင်းပဲ။ သူ့ပခုံး ဖုထလာတယ်။ သူ့မျက်နှာပေါ်၊ လက်ပေါ်မှာ အမွေးတွေ ပေါ်လာတယ်။ သေချာမြင်ရတယ်။ လက်ဟာ လက်သည်းအဖြစ် ကွေးသွားတယ်။ ခရွတ်ရှန်ရဲ့ အမွေးတွေ ထောင်လာတယ်။ ၎င်း နောက်ဆုတ်သွားတယ်...............

အဲဒီ ဝံပုလွေ လူသားဟာလည်း နောက်ဆုတ်နေတယ်။ ၎င်းရဲ့ မေးရှည်ရှည်ကို ပိတ်လိုက်ဖွင့်လိုက် လုပ်နေတယ်။ ဆီးရီးအက်စ်ကြယ်ဟာ ဟယ်ရီ့ဘေးက ပျောက်သွားတယ်။ သူ ရုပ်ပြောင်းသွားပြီ။ ဝက်ဝံကြီးလောက် ကြီးမားတဲ့ ခွေးကြီး ခုန်ထွက်သွားတယ်။ ခွေးက ဝံပုလွေလူသား လည်မျိုကို ဖမ်းပြီး နောက်သို့ ဆွဲတယ်။ ရွန်နဲ့ ကြယ်ပုလေးပီတာနဲ့ ဝေးရာကို ခေါ်သွားတယ်။ ဝံပုလွေလူသားနဲ့ ခွေး ထွေးလုံးရစ်ပတ် ဖြစ်နေတယ်။ မေးမေးချင်း ထိပြီး အပြန်အလှန် ဆုတ်ဖြဲနေကြတယ်.............

ဟယ်ရီဟာ ရပ်နေပြီး ဒီမြင်ကွင်းကြောင့် ကြက်သေ သေနေတယ်။ သူဟာ သူတို့ တိုက်ခိုက်နေတာကို စိတ်ဝင်တစား ကြည့်နေတယ်။ တခြားကို ဂရုမစိုက်နိုင်ဘူး။ ဟာမီးရဲ့ အော်သံဟာ ဟယ်ရီ့ကို လန့်နိုးသွားစေတယ်။

ကြယ်ပုလေး ပီတာဟာ လူပင် ပစ်ချထားတဲ့ မှော်ကြိမ်လုံးကို ကောက်ယူလိုက်တယ်။ ရွန်ဟာ ပတ်တီးစည်းထားတဲ့ ခြေထောက်ကြောင့် သေချာမရပ်နိုင်ဘဲ လဲကျသွားတယ်။

ဘန်းဆိုတဲ့ အသံနဲ့အတူ အလင်းရောင် ထွက်လာတယ် ---------- ရွန်ဟာ မလှုပ်မယှက် မြေပေါ်လဲနေတယ်။ တစ်ခါ ဘန်းဆိုတဲ့အသံ ထွက်လာတယ်။ ခရွတ်ရှန်ဟာ မိုးပေါ်ပျံတက်သွားပြီး မြေပေါ်မှာ ပုံလျက်သားကျလာတယ်။

"လက်နက်ပြုတ်စေ" ဟယ်ရီက အော်တယ်။ မိမိမှော်ကြိမ်လုံးနဲ့ ကြယ်ပုလေးပီတာကို ချိန်ထားတယ်။ လူပင့်မှော်ကြိမ်လုံးဟာ အမြင့်ကြီး ပျံတက်သွားပြီး ပျောက်သွားတယ်။ "မလှုပ်နဲ့ ရပ်နေ" ဟယ်ရီက အော်ပြီး ရှေ့သို့

ပြေးသွားတယ်။

သိပ်နောက်ကျသွားပြီ။ ကြယ်ပုလေးပီတာ ရုပ်ပြောင်းသွားပြီ။ ဟယ်ရီဟာ ၎င်းရဲ့ အမွေးမရှိတဲ့ အမြီး ရွန့်လက်ကို ရိုက်မိသွားတာ မြင်ရတယ်။ မြက်တောထဲမှာ အပြင်းပြေးတာ ကြားလိုက်ရတယ်။

အူသံကြီးနဲ့ ဟိန်းသံ။ ဟယ်ရီလှည့်ကြည့်တော့ ဝံပုလွေလူသား ထွက်ပြေးတာ မြင်ရတယ်။ ၎င်းဟာ တားမြစ်သစ်တောထဲ ပြေးသွားတယ်.............

"ဆီးရီးအက်စ်ကြယ် သူပြေးပြီ။ ကြယ်ပုလေးပီတာ ရုပ်ပြောင်းသွားပြီ" ဟယ်ရီက အော်ပြောတယ်။

ခွေးကြီးဟာ သွေးထွက်နေတယ်။ ၎င်းရဲ့ ပါးစပ်၊ နှာခေါင်းနဲ့ ကျောတို့မှာ ဒဏ်ရာတွေ ရှိတယ်။ ဒါပေမယ့် ဟယ်ရီ့အသံကြားတာနဲ့ ထလာပြန်တယ်။ လျှပ်တစ်ပြက်အတွင်းမှာ ၎င်းလည်း ပြေးသွားတယ်။ ခြေသည်း မြေပေါ်ကျတဲ့အသံ မကြာခင် ပျောက်သွားတယ်။

ဟယ်ရီနဲ့ ဟာမီး ရွန့်ဆီ ပြေးသွားတယ်။

"သူက သူ့ကို ဘာလုပ်လိုက်လဲ" ဟာမီးက တိုးတိုး ပြောတယ်။ ရွန့်မျက်လုံးဟာ မှိတ်တစ်ဝက်နဲ့။ သူ့ပါးစပ် ဟနေတယ်။ သူ အသက်ရှင်နေသေးတယ်။ သူ အသက်ရှူနေတာ သူတို့ ကြားရတယ်။ ဒါပေမယ့် သူဟာ သူတို့ကို မသိသလိုပဲ။

"ငါ မသိဘူး"

ဟယ်ရီက မျှော်လင့်ချက်မဲ့စွာ ဘေးဘီကို ကြည့်တယ်။ ဘလက်နဲ့ လူပင်တို့ သွားကြပြီ.......... သူတို့အနားမှာ စနိတ်ပ်ပဲ ရှိတယ်။ စနိတ်ပ်ဟာ မြေပြင်နဲ့ခွာပြီး လေထဲပေါ်နေတယ်။ အသိမရှိဘူး။

"ငါတို့ သူတို့ကို ရဲတိုက်ခေါ်သွားတာ ကောင်းမယ်။ ပြီးမှ တစ်ယောက်ယောက် ပြောပြမယ်" ဟယ်ရီက ပြောတယ်။ ဆံပင်ကို မျက်စိပေါ်က သပ်ပစ်လိုက်တယ်။ ကိစ္စကို ရှင်းအောင် ကြိုးစားပြောတယ်။ "လာ -------"

ဒီအချိန်မှာပဲ အမှောင်ထဲက ဟောင်သံတစ်သံနဲ့ ရှိုက်ငိုသံ ကြားရတယ်။ ခွေးတစ်ကောင်ဟာ နာလို့ ဟောင်နေတယ် ..........

"ဆီးရီးအက်စ်ကြယ်" ဟယ်ရီက တဖွဖွပြောရင်း အမှောင်ထဲကို ကြည့်တယ်။

သူဟာ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဒါပေမယ့် အခု သူတို့ ရွန့်ကို ဘာမှ လုပ်ပေးလို့မရဘူး။ အသံကို နားထောင်ရတာ ဘလက် ဒုက္ခနဲ့ တွေ့နေပြီ ............

ဟယ်ရီက တအား ပြေးတယ်။ ဟာမီးက နောက်က လိုက်တယ်။ ဟောင်သံဟာ ကန်ဘက်ဆီက လာသလိုပဲ။ သူတို့ဟာ အဲဒီဘက်ကို တအားပြေးသွားတယ်။ ဟယ်ရီဟာ အတတ်နိုင်ဆုံး မြန်မြန်ပြေးတယ်။ သူ အေးတယ်လို့ ခံစားရတယ်။ အေးတယ်လို့ ခံစားရတာ ဘာကြောင့်ဆိုတာ မတွေးမိဘူး ------------

အူသံ ဟောင်သံ ရုတ်တရက် ရပ်သွားတယ်။ သူတို့ ကန်နားရောက်မှ ဒါ ဘာကြောင့်ဆိုတာ သိရတယ်။ ဆီးရီးအက်စ်ကြယ် လူဖြစ်နေပြီ။ သူဆောင့်ကြောင့်ထိုင်ပြီး လက်နှစ်ဖက်ကို ခေါင်းပေါ် မြှောက်ထားတယ်။

"မလုပ်နဲ့၊ မလုပ်နဲ့" သူက ညည်းညူတယ်။ "မလုပ်နဲ့၊ မလုပ်နဲ့ ............. မလုပ်ပါနဲ့ ..................."

ဒီနောက် ဟယ်ရီ ၎င်းတို့ကို မြင်ရပြီ။ ဝိညာဉ်စုပ်ကောင်၊ အနည်းဆုံး တစ်ရာလောက်ရှိတယ်။ မည်းနေတာပဲ။ ကန်ပတ်လည်ကနေ သူတို့ဆီကို လျှောစီးလာသလိုပဲ။ သူဟာ အလျင်အမြန် လှည့်လိုက်တယ်။ သူ ရင်းနှီးပြီးသား အေးစက်တဲ့ ခံစားချက်ဟာ သူ့အသည်းနှလုံး ကလီဇာအားလုံးကို စိမ့်ဝင်လာတယ်။ နှင်းခာတ်ဟာ သူ့အကြည့်ကို ဝေဝါးစေတယ်။ ဒီအကောင်တွေဟာ အရပ်လေးမျက်နှာ အမှောင်ထဲကနေ ဝိုင်းလာတယ်။ သူတို့က .............

"ဟာမီး ဝမ်းသာစရာ စဉ်းစား" ဟယ်ရီက အော်ပြီး မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။ ဒေါသနဲ့ မျက်တောင်ခတ်ပြီး ရှင်းအောင်ကြည့်တယ်။ ခေါင်းခါပြီး ခေါင်းထဲ စပေါ်လာတဲ့ အော်သံသေးသေးကို ရှုန်းထွက်နေတယ်။

ငါ ဂေါ့ဖားသားနဲ့ အတူ နေရတော့မယ်။ ငါ ဒါစလီတို့အိမ်က ထွက်ရတော့မယ်။

သူက မိမိကိုယ်မိမိ ဆီးရီးအက်စ်ကြယ်ကို စဉ်းစားခိုင်းတယ်။ ဆီးရီးအက်စ်ကြယ်ပဲ စဉ်းစားတယ်။ ဒီနောက် စတင် ရွတ်ဆိုတယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်။ အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

ဘလက် ခါသွားတယ်။ လိမ့်သွားပြီး မြေကြီးပေါ်မှာ မလှုပ်မယှက် လဲနေတယ်။ သေနေသလို ဖြူရော်နေတယ်။

သူ ကောင်းလာမှာပါ။ ငါ သူနဲ့ အတူ သွားနေမှာ။

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်။ ဟာမီး၊ ငါ့ကိုကူ။ အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

"အစောင့် -----" ဟာမီးက တိုးတိုးပြောတယ်။ "အစောင့်အရှောက် ----- အစောင့် -----"

ဒါပေမယ့် သူမ ကောင်းကောင်း မပြောတတ်ဘူး။ ဝိညာဉ်စုပ်ကောင် နီးကပ်လာပြီ။ သူတို့နဲ့ ဆယ်ပေလောက်သာ ရှိတော့တယ်။ ၎င်းတို့ဟာ ဟယ်ရီနဲ့ ဟာမီးတို့ ပတ်လည်မှာ နံရံထူထူကြီး ဖြစ်လာပြီး ကြာလေ နီးကပ်လာလေပဲ .............

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" ဟယ်ရီက တအားအော်တယ်။ နားထဲက အော်သံကို ကြိုးစား တားဆီးတယ်။ "အစောင့်အရှောက်ကို တိုင်တည်ပါတယ်"

သူ့မှော်ကြိမ်လုံးက ငွေရောင် အလင်းရောင်တစ်ခု ထွက်လာတယ်။ နှင်းလို သူ့ရှေ့မှာ လှုပ်ယမ်းနေတယ်။ ဒါနဲ့ တစ်ချိန်ထဲမှာ ဟာမီး သူ့အနားမှာ လဲကျသွားတာ ဟယ်ရီ သိလိုက်တယ်။ သူ တစ်ယောက်တည်း ရှိတယ် .......... လုံးဝ တစ်ယောက်တည်းသာ ရှိတော့တယ် ...............

"အစောင့်အရှောက်ကို တိုင်တည်ပါတယ် ---------"

ဟယ်ရီဟာ ဒူးနဲ့ မြက်အေးအေး ထိတာ သိတယ်။ နှင်းခာတ်ကြောင့် သူ မသဲမကွဲ ဖြစ်နေတယ်။ သူဟာ ကြိုးစားပြီး ------- ဆီးရီးအက်စ်ကြယ် အပြစ်မရှိဘူး ---- အပြစ်မရှိဘူး ---- ငါတို့ ဘာမှ မဖြစ်နိုင်ဘူး ----- ငါ သူနဲ့အတူ နေမှာ - လို့ စဉ်းစားတယ်။

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" သူက မောရှိုက်ရင်း ပြောတယ်။

သူ ထုတ်လွှတ်လိုက်တဲ့ ပုံမကျတဲ့ အစောင့်အရှောက်ရဲ့ အလင်းအနည်းငယ်မှာ ဝိညာဉ်စုပ်ကောင် တစ်ကောင် ရပ်သွားတာ သူတွေ့ရတယ်။ သူနဲ့ အလွန် နီးကပ်တယ်။ ၎င်းဟာ ဟယ်ရီ ထုတ်လွှတ်တဲ့

ငွေရောင်နှင်းမှုန်ကို မဖြတ်နိုင်ဘူး။ ခြုံထည်အောက်က ပိန်သေးသေး လူသေလက် ထွက်လာတယ်။ အဲဒီလက်က လက်ဟန်တစ်ခု ပြလိုက်တယ်။ အစောင့်အရှောက်ကို ဖယ်ပစ်ချင်သလိုပဲ။

"ဟင့်အင်း ---- ဟင့်အင်း ----" ဟယ်ရီက မောရှိုက်စွာ ပြောတယ်။ "သူ အပြစ်မရှိဘူး ......... အစောင့်အရှောက်ကို တိုင်တည်ပါတယ် ---------"

၎င်းတို့ သူတို့ကို ကြည့်နေတာ သိတယ်။ သူတို့ရဲ့ ရတ်ရတ်နဲ့ အသက်ရှူသံ ကြားတယ်။ ဒီအသံဟာ အန္တရာယ်ရှိတဲ့ စွန်လွှတ်သလို သူတို့ အနားမှာ တိုက်ခတ်နေတယ်။ သူနဲ့ အလွန်နီးတဲ့ အကောင်ဟာ သူ့ကို စစ်ဆေးကြည့်ရှုနေသလိုပဲ။ ဒိနောက် ပုပ်နေတဲ့ လက်နှစ်ဖက်ကို မြှောက်ပြီး ---- ၎င်းရဲ့ ခေါင်းပေါင်းကို ဆွဲချလိုက်တယ်။

၎င်းမှာ မျက်စိရှိရမယ့်နေရာမှာ အမာရွတ်လို မီးခိုးရောင် အရေပြားပါးပါးပဲ ရှိတယ်။ မျက်တွင်းအလွတ်ပေါ်မှာ ဒီတိုင်းကြီး အုပ်ထားတယ်။ ဒါပေမယ့် ၎င်းမှာ ပါးစပ်ရှိတယ်......... ပုံသဏ္ဍာန် မရေရာတဲ့ အပေါက်။ သေခါနီး အာလုတ်သံနဲ့ လေကို စုပ်နေတယ်။

ဟယ်ရီ သိပ်ကြောက်နေတယ်။ မလှုပ်နိုင်သလို ဖြစ်နေတယ်။ လှုပ်လည်း မလှုပ်နိုင်၊ စကားလည်း မပြောနိုင်ဘူး။ သူ့အစောင့်အရှောက်ဟာ လက်ပြီး ငြိမ်းသေသွားတယ်။

အဖြူရောင် နှင်းတွေဟာ သူ့ကို မမြင်ရဖြစ်စေတယ်။ သူ တိုက်ပွဲ ဝင်ရမယ် ....... အစောင့်အရှောက်ကို တိုင်တည်ပါတယ် ........... သူ မမြင်ရဘူး........... ဟိုး အဝေးမှာ ............ သူ ရင်းနှီးတဲ့ စူးရှတဲ့ အော်သံ ကြားရတယ် ......... အစောင့်အရှောက်ကို တိုင်တည်ပါတယ် ............. သူဟာ နှင်းဖြူကြားမှာ ဆီးရီးအက်စ်ကြယ်ကို လိုက်စမ်းတယ် ........... သူ့ လက်ကို တွေ့ပြီ .......... ၎င်းတို့ သူ့ကို ခေါ်သွားလို့ မဖြစ်ဘူး............

ဒါပေမယ့် တောင့်တင်းပြီး အေးစက်စိုစွတ်တဲ့ လက်ဟာ ဟယ်ရီ့လည်ပင်းကို ရုတ်တရက် လာညှစ်တယ်။ ၎င်းက သူ့ကို အတင်း ခေါင်းမော့ခိုင်တယ် ............... ၎င်း အသက်ရှူနေတာ သူ ခံစားရတယ်............ ၎င်းက ဟယ်ရီ့ကို အရင်ဆုံး ဖြေရှင်းမယ် .......... သူဟာ ၎င်းရဲ့ ပုပ်သိုးတဲ့ ထွက်သက်၊ ဝင်သက်ကို သိနေတယ် .......... သူ့အမေဟာ နားထဲမှာ စူးရှစွာ အော်နေတယ် ............... သူ့မအသံဟာ သူ နောက်ဆုံး ကြားရတဲ့အသံပဲ ဖြစ်မယ် .............

နှင်းခာတ်ဟာ သူ့ကို ဖုံးလွှမ်းနေတယ်။ သူ ငွေရောင်အလင်းကို မြင်တယ်လို့ ထင်တယ်။ ကြာလေ လင်းလေပဲ ...... သူ ရှေ့ဘက် မြက်ခင်းပေါ် လဲကျသွားတယ်လို့ သိတယ် .............

ဟယ်ရီဟာ မှောက်လျက်သား အားနည်းလွန်းလို့ မလှုပ်နိုင်ဘူး။ တစ်ကိုယ်လုံး တုန်နေတယ်။ မျက်လုံး ဖွင့်လိုက်တယ်။ မျက်စိပြာစေတဲ့ အလင်းရောင်ဟာ သူ့ ပတ်ဝန်းကျင် မြက်ခင်းကို လင်းနေစေတယ် .... စူးရှစွာ အော်သံ ရပ်သွားပြီ။ အေးစက်တဲ့ ခံစားချက် ပြယ်လာနေတယ် ...........

ဘာက အဲဒီအကောင်တွေကို မောင်းပစ်လိုက်တာလဲ .......... အဲဒီအရာဟာ သူနဲ့ ဆီးရီးအက်စ်ကြယ်၊ ပြီးတော့ ဟာမီးကို ဝန်းပတ်ထားတယ် .......... အဲဟို အကောင်တွေရဲ့ ရတ် ရတ် မြည်တဲ့ အသက်ရှူသံလည်း တဖြည်းဖြည်း ဝေးသွားပြီ။ ၎င်းတို့ ထွက်ခွာသွားနေတယ်.......... လေထုဟာ နွေးထွေးလာပြန်တယ် ...........

ဟယ်ရီဟာ တစ်ကိုယ်လုံးရှိ အင်အားကို စုစည်းပြီး ခေါင်းကို လက်မအနည်းငယ် မလိုက်တယ်။ အလင်းရောင်ထဲမှာ တိရစ္ဆာန်တစ်ကောင်ကို မြင်ရတယ်။ ၎င်းဟာ ကန်ရေပြင်ကို ဖြတ်ပြီး တအား ပြေးနေတယ်။ ဟယ်ရီဟာ အဲဒါ ဘာလဲဆိုတာ သေချာကြည့်တယ်။ ဒါပေမယ့် ချွေးက သူ့မြင်ကွင်းကို ဝေဝါးစေတယ် ...............

ၵင်းဟာ အလွန်လင်းလက်တယ်။ ကိုယ်က မြင်းနဲ့တူတဲ့ ဂျိုတစ်ဂျို သတ္တဝါလိုပဲ။ ဟယ်ရီက ခေါင်းကို ရှင်းရှင်းထားပြီး ၵင်း ဖြည်းဖြည်း ပြေးသွားပြီး ကန်ဟိုဘက်မှာ ရပ်နေတာကို ကြည့်တယ်။ ၵင်းရဲ့ အလင်းရောင်နဲ့ ၵင်းကို ကြိုဆိုနေတဲ့ လူရှိတာ ဟယ်ရီ မြင်ရတယ် ................ အဲဒီလူက လက်မြှောက်ပြီး ၵင်းကို ပုတ်တယ် ............ အဲဒီလူကို ကြည့်ရတာ သိပ်ရင်းနှီးသလိုပဲ ......... ဒါပေမယ့် ဒါ မဖြစ်နိုင်ဘူး။

ဟယ်ရီ နားမလည်ဘူး။ သူ ဆက်တွေးလို့ မဖြစ်ဘူး။ သူ့မှာရှိတဲ့ နောက်ဆုံး ခွန်အား ပျောက်သွားတယ်လို့ ခံစားရပြီး၊ သူ ခေါင်း မြေပေါ်ကျကာ မေ့မြောသွားတယ်။

• • • • • •

## ၂၁။ ဟာမီးရဲ့ လျှို့ဝှက်ချက်

“တုန်လှုပ်အံ့သြစရာပဲ ......... တုန်လှုပ်အံ့သြစရာပဲ .............. သူတို့ ဘယ်သူမှ မသေဘူး။ ထူးဆန်းဖြစ်ရပ်ပဲ ....... ဘယ်တုန်းကမှ ဒါမျိုး မကြားဖူးဘူး .............. တကယ်။ မင်း အဲဒီမှာ ရှိနေလို့။ စနိတ်ပ် .........”

“ကျေးဇူးတင်တယ်၊ ဝန်ကြီး”

“မာလင်ဆုတံဆိပ်၊ ဒုတိယအဆင့်။ ပြဿနာ မရှိဘူး။ ပထမအဆင့် ကျုပ် ကြိုးစားပေးရင်တော့”

“တကယ့်ကို ကျေးဇူးတင်တယ်၊ ဝန်ကြီး”

“မင်း ဒဏ်ရာက တယ်ဆိုးပါလား .............. ဘလက် လုပ်တာ၊ ဟုတ်လား”

“အမှန်ပြောရရင်၊ ပေါ်တာ၊ ဝယ်စလီနဲ့ ဂရန်ဂျာပါ၊ ဝန်ကြီး ...........”

“မဟုတ်ဘူး”

“ဘလက်က သူတို့ကို အတင်းခိုင်းလို့။ ကျုပ် ချက်ချင်း သိတယ်။ သူတို့ အပြုအမူအရ ပြောရရင်၊ စိတ်ညှို့စိတ်ပြောင်း ကျိန်စာ။ သူတို့က ဘလက်မှာ အပြစ်မရှိဘူးလို့ ထင်နိုင်တယ်။ သူတို့ဟာ သူတို့လုပ်ရပ်ကို တာဝန်မယူနိုင်ဘူး။ တခြားတစ်ဖက်ကပြောရင် သူတို့ ဝင်ပါတာကြောင့် ဘလက်ထွက်ပြေးနိုင်တာ ......... သူတို့ဟာ သူတို့ချည်း ဘလက်ကို ဖမ်းနိုင်မယ် ထင်တာ။ ဒီအရင်က သူတို့လုပ်တာ အများကြီး။ ဘယ်သူမှ ဂရုမစိုက်ဘူး.......... ဒါကြောင့် သူတို့ဟာ သူတို့ကိုယ်သူတို့ သိပ်တွက်မှာ ကျုပ် စိုးရိမ်တယ်........... ဒါပေါ့လေ၊ ကျောင်းအုပ်ကြီးက ပေါ်တာကို အထူး အခွင့်အရေး ပေးထားတာ ..........”

“အား၊ ကောင်းပြီ၊ စနိတ်ပ် .......... ဟယ်ရီ–ပေါ်တာ၊ မင်း သိတယ် .......... သူနဲ့ ပတ်သက်တဲ့ ကိစ္စမှာ ကျုပ်တို့ အားလုံး မမြင်တာတွေ ရှိနေတယ်”

“ဒါပေမယ့် ........... သူ့ကို အခွင့်ထူး အများကြီး ပေးထားတာ သူ့အဖို့ ကောင်းမတဲ့လား။ ကျွန်တော်ကတော့ တခြားကျောင်းသားတွေကို ဆက်ဆံသလို သူ့ကို ဆက်ဆံတယ်။ မိတ်ဆွေတွေကို ခေါ်ပြီး အန္တရာယ်နဲ့တွေ့အောင် လုပ်တာ ကျန်ကျောင်းသားတွေဆိုလဲ ယာယီကျောင်းရပ်ဆိုင်းတဲ့ အပြစ်တော့ ပေးရမှာပဲ။ အနည်းဆုံး ဒီလို အပြစ်ပေးရမယ်။ စဉ်းစားပါဦး၊ ဝန်ကြီး။ ကျောင်းက သတ်မှတ်ချက်အားလုံးကို ကျူးလွန်တာ .......... သူ့ လုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှု ဟူသမျှ လုပ်ထားပြီးနောက်မှာ .............. ဘောင်ကို မရှိတော့ဘူး။ ညအချိန်မှာ၊ ဝံပုလွေလူသားနဲ့ ပြီးတော့ လူသတ်သမားနဲ့ အဖော်ပြုနေတယ် ......... ပြီးတော့ ကျွန်တော် ယုံကြည်ခွင့်ရှိတာက၊ သူဟာ ဟော့ဂ်မော့ဒ်ကို တရားမဝင် သွားခဲ့ဖူးတယ် ..........”

“ကောင်းပြီ၊ ကောင်းပြီ......... ကျုပ်တို့ တိုင်ပင်မှာပါ။ စနိတ်ပ်၊ ကျုပ်တို့ တိုင်ပင်မှာပါ ............ ဒီကလေးဟာ နည်းနည်းတော့ အတယ်နဲ့ တူတယ် ...........”

ဟယ်ရီဟာ လှဲလျောင်းနေပြီး မျက်စိမှိတ်ထားတယ်။ ဒါတွေ အားလုံးကို နားထောင်နေတယ်။ သူဟာ ခေါင်းတွေ မူးနေတယ်လို့ ထင်တယ်။ သူနားထောင်နေတဲ့ စကားဟာ သူ့နားကနေ ဦးနှောက်ထဲ ဝင်သွားတာ အလွန်နှေးတဲ့ ခရီးစဉ်တစ်ခုကို ဖြတ်သန်းရသလိုပဲ။ ဒါကြောင့် သူ သိပ်နားမလည်ဘူး။ သူ့ခြေလက်တွေဟာ ခဲဆွဲထားသလိုပဲ။ မျက်ခွံဟာလည်း လေးလွန်းလို့ ဖွင့်မရဘူး .......... အဲဒီမှာပဲ လှဲနေချင်တယ်။ ဖိမ်ရှိတဲ့ ကုတင်ပေါ်မှာ ထာဝရ လှဲနေချင်တယ် ...........

"ကျုပ် သိပ်အံ့အားသင့်ရတာက ဟို ဝိညာဉ်စုပ်ကောင်တွေရဲ့ အပြုအမူ........ ၎င်းတို့ကို ဘာက နောက်ဆုတ်စေတာလဲ ဆိုတာ ခင်ဗျား တကယ် မသိဘူးလား၊ စနိတ်ပ်"

"မသိဘူး၊ ဝန်ကြီး။ ကျွန်တော်နိုးလာတော့ ၎င်းတို့ဟာ အဝင်ဝ အသီးသီးက ၎င်းတို့နေရာကို ပြန်သွားကြပြီ ............."

"ပုံမမှန်ဘူး။ ဒါပေမယ့် ဘလက်၊ ဟယ်ရီ၊ ပြီးတော့ ဟိုကျောင်းသူ ..........."

"ကျွန်တော် သူတို့ရှေ့ရောက်တော့ သူတို့ အားလုံး သတိလစ်နေတယ်။ ကျွန်တော်က ဘလက်ကို ကြိုးနဲ့ တုပ်တာပေါ့။ သူ့ပါးစပ်ကို ဆို့ထားလိုက်တယ်။ ထမ်းစင်ခေါ်ပြီး သူတို့ကို ရဲတိုက်ထဲ တန်းခေါ်လာတာ"

စကားပြော ခဏ ရပ်သွားတယ်။ ဟယ်ရီ့ဦးနှောက်ဟာ လှုပ်ရှားတာ နည်းနည်းမြန်လာသလိုပဲ။ ဒီအချိန်မှာ သူ့ဗိုက်ထဲမှာ သွားနဲ့ကိုက်သလို ခံစားရတယ် ..........

သူက မျက်လုံးဖွင့်လိုက်တယ်။

အရာအားလုံး နည်းနည်း မှုန်မွှားနေတယ်။ သူ့မျက်မှန် ဖြုတ်ပေးထားတယ် ထင်တယ်။ သူဟာ မှောင်မည်းတဲ့ ကျောင်းဆေးရုံမှာ အိပ်နေတာ။မဒမ်ဖွမ်ဖရေ လူနာခန်းရဲ့ တစ်ဖက်မှာ ရှိတာ မြင်ရတယ်။ သူ့ကို ကျောပေးထားတယ်။ ကုတင်တစ်လုံးပေါ် ကုန်းနေတယ်။ ဟယ်ရီက မျက်စိမှေးပြီး ကြည့်တယ်။ ရွန့်ရဲ့ ဆံပင်နီနီဟာ မဒမ်ဖွမ်ဖရေ့ လက်မောင်းကြားမှာ ပေါ်နေတယ်။

ဟယ်ရီဟာ ခေါင်းအုံးပေါ်မှာ ခေါင်းကို လှုပ်လိုက်တယ်။ သူ့ယာဘက် ကုတင်ပေါ်မှာ ဟာမီး လှဲလျောင်းနေတယ်။ လရောင်ဟာ သူမ ကုတင်ပေါ် ကျရောက်နေတယ်။ သူမလည်း မျက်စိဖွင့်ထားတယ်။ သူမဟာ သိပ်လန့်သွားသလိုပဲ။ ဟယ်ရီနိုးလာတာမြင်တော့ လက်တစ်ချောင်းကို ပါးစပ်ပေါ် အပ်ပြတယ်။ ဒိနောက် ကျောင်းဆေးရုံရဲ့ ဘေးတံခါးကို ညွှန်ပြတယ်။ ကွန်နယ်လစ်-ဖဒ်ဂ်နဲ့ စနိတ်ပ် အသံဟာ အပြင်ဘက်စင်္ကြံကနေ ဒီတံခါးက တစ်ဆင့် ရောက်လာတာ။

အခု မဒမ်ဖွမ်ဖရေဟာ မှောင်မည်းတဲ့ လူနာခန်း ဟိုတစ်ဖက်ကနေ ဟယ်ရီ့ဆီ လျှောက်လာတယ်။ သူဟာ ကိုယ်ကို လှည့်လိုက်ပြီး သူမကို ကြည့်နေတယ်။ သူမဟာ ဟယ်ရီ့ဘဝမှာ မမြင်ဖူးတဲ့ အကြီးဆုံး ချော့ကလက်တုံးကို ယူလာတယ်။ အဲဒီချော့ကလက်ဟာ ကျောက်ခဲတုံး ဝိုင်းဝိုင်းလေးနဲ့ တူတယ်။

"အား၊ မင်း နိုးလာပြီ" သူမက သွက်လက်စွာ ပြောတယ်။ ချော့ကလက်ကို ဟယ်ရီ့ခေါင်းရင်း ဗီရိုလေးပေါ် တင်ထားလိုက်ပြီး တူလေးနဲ့ ကွဲအောင် ထုတယ်။

"ရွန် ဘယ့်နှယ့်နေလဲ" ဟယ်ရီနဲ့ ဟာမီးတို့ တစ်ပြိုင်နက် မေးတယ်။

"သူ အသက်ရှင်မှာပါ" မဒမ်ဖွမ်ဖရေက ခက်ထန်စွာ ပြောတယ်။ "မင်းတို့နှစ်ယောက်ကတော့ ............. မင်းတို့ ဒီမှာ နေရမယ်။ ငါ ကျေနပ်တဲ့ အချိန်အထိ ------- ပေါ်တာ၊ မင်းက မင်းဘာလုပ်နေတယ် ထင်လို့လဲ"

ဟယ်ရီ ထထိုင်တယ်။ မျက်မှန်တပ်ပြီး မှော်ကြိမ်လုံး ကိုင်လိုက်တယ်။

"ကျွန်တော် ကျောင်းအုပ်နဲ့ တွေ့မှ ဖြစ်မယ်" သူက ပြောတယ်။

"ပေါ်တာ" မဒမ်ဖွမ်ဖရေက နှစ်သိမ့်တယ်။ "ဘာမှ မဖြစ်ဘူး။ သူတို့ ဘလက်ကို ဖမ်းထားပြီ။ သူ့ကို အပေါ်ထပ်မှာ ပိတ်ထားတယ်။ အခု ဝိညာဉ်စုပ်ကောင်က သူ့ကို အချိန်မရွေး အနမ်းပေးနိုင်တယ်..............."

"ဘာ'

ဟယ်ရီ ကုတင်ပေါ်က ခုန်ချတယ်၊ ဟာမီးလည်း ခုန်ချတယ်။ ဒါပေမယ့် သူအော်တဲ့အသံဟာ စင်္ကြံဆီ ရောက်သွားတယ်။ ကွန်နယ်လစ်နဲ့ စနိတ်ပ်တို့ ချက်ချင်း လူနာခန်းထဲ ဝင်လာတယ်။

"ဟယ်ရီ၊ ဟယ်ရီ၊ ဘာဖြစ်တာလဲ" ဖဒ်ဂ်က သိပ်စိတ်ပူသလို မေးတယ်။ "မင်း ကုတင်ပေါ် လှဲနေသင့်တယ် -------- သူ ချော့ကလက် စားပြီးပြီလား" သူက မဒမ်ဖွမ်ဖရေကို စိတ်ပူစွာ မေးတယ်။

"ဝန်ကြီး၊ နားထောင်ပါဦး" ဟယ်ရီက ပြောတယ်။ "ဘလက်ဟာ အပြစ်မရှိဘူး။ ကြယ်ပုလေးပီတာဟာ မိမိသေတယ်လို့ လိမ်တယ်။ ဒီည ကျွန်တော်တို့ သူ့ကို မြင်ရတယ်။ ဘလက်ကို ဝိညာဉ်စုပ်ကောင် ဟိုလို လုပ်ခွင့်မပေးပါနဲ့။ သူက ............."

ဒါပေမယ့် ဖဒ်ဂ်က ခေါင်းခါတယ်။ မျက်နှာပေါ်မှာ အပြုံးနည်းနည်း ရှိတယ်။

"ဟယ်ရီ၊ ဟယ်ရီ၊ မင်းခေါင်းတွေ ရှုပ်နေတယ်။ မင်း ခုတင် ကြောက်စရာ ဘေးဒုက္ခနဲ့ ကြုံတွေ့ခဲ့ရတယ်။ ပြန်လှဲနေ၊ အခု။ ကိစ္စအားလုံး တို့ ချုပ်ကိုင်ထားပြီ ............"

"မဟုတ်ဘူး" ဟယ်ရီက အော်တယ်။ "သင်တို့ လူဖမ်းမှားနေပြီ"

"ဝန်ကြီး၊ ကျွန်မပြောတာ နားထောင်ပါ" ဟာမီးက ပြောတယ်။ သူမဟာ ဟယ်ရီ့ဘေး ပြေးလာတယ်။ စူးစမ်းတဲ့အကြည့်နဲ့ ဖဒ်ဂ်မျက်နှာကို ကြည့်နေတယ်။ "ကျွန်မလဲ သူ့ကို မြင်တယ်။ အဲဒါ ရွန်ရဲ့ ကြွက်။ သူဟာ အာနီမာဂတ်စ်၊ ကြယ်ပုလေးပီတာ။ ကျွန်မပြောလိုတာက၊ ပြီးတော့ ........."

"တွေ့ပြီလား၊ ဝန်ကြီး" စနိတ်ပ်က ပြောတယ်။ "ဦးနှောက် ချောင်နေပြီ။ နှစ်ယောက်စလုံး အတူတူပဲ .......... ဘလက်က သူတို့ကို အလွန် ကောင်းကောင်း ပြုစားထားပြီ .............."

"ကျွန်တော်တို့ ဦးနှောက်မချောင်ဘူး" ဟယ်ရီက အော်တယ်။

"ဝန်ကြီး၊ ပါမောက္ခ" မဒမ်ဖွမ်ဖရေက စိတ်ဆိုးစွာ ပြောတယ်။ "သင်တို့ ထွက်သွားဖို့ ကျွန်မပြောပါရစေ။ ပေါ်တာဟာ ကျွန်မလူနာ၊ သူ့ကို စိတ်မဆင်းရဲစေချင်ဘူး"

"ကျွန်တော် စိတ်မဆင်းရဲဘူး။ ကျွန်တော် သူတို့ကို ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောပြချင်တယ်" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "သူတို့ ကျွန်တော် ပြောတာ နားထောင် ..........."

ဒါပေမယ့် မဒမ်ဖွမ်ဖရေဟာ ချော့ကလက်တစ်တုံးကို ဟယ်ရီ့ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ သူ နင်သွားတယ်။ သူမက ဒီအခွင့်အရေးကို ယူပြီး သူ့ကို ကုတင်ပေါ် အတင်း ပြန်ပို့လိုက်တယ်။

"ကောင်းပြီ၊ ဝန်ကြီး၊ သွားပါတော့။ ဒီကလေးတွေကို ပြုစုဖို့ လိုတယ်။ သွားကြပါ"

တံခါးပွင့်သွားပြန်တယ်။ ဝင်လာသူက ဒမ်ဘလီဒိုး။ ဟယ်ရီက ချော့ကလက်ကို အတင်းမျိုချပြီး မတ်တတ် ရပ်လိုက်ပြန်တယ်။

"ပါမောက္ခ ဒမ်ဘလီဒိုး၊ ဘလက် ............"

"ဘုရားသခင် ကျေးဇူးတော်" မဒမ်ဖွမ်ဖရေက စိတ်ကုန်စွာ အော်ပြောတယ်။ "ဒီမှာ ကျောင်းဆေးရုံမှ ဟုတ်ရဲ့လား၊ ကျောင်းအုပ်ကြီး။ ကျွန်မ စည်းကမ်း ........."

"ကျုပ် တောင်းပန်တယ်၊ ဖော့ဗီ။ ဒါပေမယ့် ကျုပ် မစ္စတာပေါ်တာနဲ့ မစ်ဂရန်ဂျာတို့နဲ့ စကားတစ်ခွန်းလောက် ပြောရမယ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ "ခုတင်ပဲ ဘလက်နဲ့ စကားပြောခဲ့တယ်"

"သူ ခင်ဗျားကို ပြောပြတာက သူ ဟယ်ရီ့ခေါင်းထဲ ထည့်ထားတဲ့ ဒဏ္ဍာရီပဲ မဟုတ်လား" စနိတ်ပ်က အထင်သေးစွာ ပြောတယ်။ "ကြွက်တစ်ကောင်ဆိုလား။ ကြယ်ပုလေးပီတာ အသက်ရှင်လျက် ရှိတယ်ဆိုလား.........."

"ဟုတ်တယ်၊ ဘလက်က ဒီအတိုင်း ပြောတယ်" ဒမ်ဘလီဒိုးက ပြောရင်း ၎င်းရဲ့ လခြမ်းသဏ္ဍာန် မျက်မှန်ကတစ်ဆင့် စနိတ်ပ်ကို သေချာ ကြည့်နေတယ်။

"ဒါဆို ကျွန်တော့် သက်သေက အလကားပဲပေါ့" စနိတ်ပ်က အော်ဟစ်တယ်။ "ကြယ်ပုလေးပီတာ အော်ဟစ်တဲ့အိမ်ထဲမှာ မရှိဘူး။ တားမြစ်သစ်တောထဲမှာလဲ သူ့ အရိပ်အယောင် မတွေ့ဘူး"

"အဲဒါ ခင်ဗျား မေ့မြောနေလို့၊ ပါမောက္ခ" ဟာမီးက စိတ်ရင်းနဲ့ ပြောတယ်။ "သင် ရောက်လာတုန်းက မကြားဘူးလား .........."

"မစ်ဂရန်ဂျာ ပါးစပ်ပိတ်ထားပါ"

"ကောင်းပြီ၊ စနိတ်ပ်" ဖဒ်ဂ်က လန့်သွားပြီး ပြောတယ်။ "ဒီငယ်ရွယ်တဲ့ မိန်းကလေးဟာ ခေါင်းရှုပ်ထွေးနေတယ် မဟုတ်လား။ ကျုပ်တို့ သူ့ကို ခွင့်လွှတ်ရမှာပေါ့ ..........."

"ကျုပ် ဟယ်ရီနဲ့ ဟာမီးတို့နဲ့ သပ်သပ် စကားပြောချင်တယ်" ဒမ်ဘလီဒိုးက ရုတ်တရက်ပြောတယ်။ "ကွန်နယ်လစ်၊ ဆီးဗရတ်စ်၊ ဖော့ဗီ ------- ကျုပ်တို့ကို ခွဲခွာသွားပါ"

"ကျောင်းအုပ်ကြီး" မဒမ်ဖွမ်ဖရေက မကျေမနပ် စိတ်ဆိုးစွာ ပြောတယ်။ "သူတို့ ဆေးကုသဖို့ လိုတယ်။ သူတို့ နားဖို့ လိုတယ်"

"ဒီကိစ္စက စောင့်လို့မရဘူး" ဒမ်ဘလီဒိုးက ပြောတယ်။ "ကျုပ် ပြောမှ ဖြစ်မယ်"

မဒမ်ဖွမ်ဖရေက နှုတ်ခမ်းစူပြီး လူနာခန်းအစွန်ရှိ သူမရုံးခန်းထဲ ဝင်သွားတယ်။ တံခါးကို တအား ပြန်ပိတ်လိုက်တယ်။ ဖဒ်ဂ်က ၎င်း လက်ပြတ် အင်္ကျီပေါ်မှာ ချိတ်ဆွဲထားတဲ့ ရွှေနာရီကို ကြည့်လိုက်တယ်။

"ဝိညာဉ်စုပ်ကောင် အခု ရောက်သင့်ပြီ"သူက ပြောတယ်။ "ကျုပ် ၎င်းတို့ကို သွားကြိုမယ်။ ဒမ်ဘလီဒိုး အပြန်မှ အပေါ်ထပ်မှာ တွေ့မယ်"

သူဟာ တံခါးဆီသွားပြီး တံခါးကို အမြန်ဖွင့်လိုက်တယ်။ စနိတ်ပ် ထွက်အလာကို စောင့်နေတယ်။ ဒါပေမယ့် စနိတ်ပ်က မလှုပ်ဘူး။

"သင် ဘလက်ပြောတဲ့ ပုံပြင်ကို တစ်လုံးမှ မယုံပါဘူးနော်၊ ဟုတ်လား"စနိတ်ပ်က တိုးတိုးမေးတယ်။ မျက်လုံးက ဒမ်ဘလီဒိုး မျက်နှာကို ကြည့်နေတယ်။

"ကျုပ် ဟယ်ရီ၊ ဟာမီးတို့နဲ့ သပ်သပ် စကားပြောချင်တယ်" ဒမ်ဘလီဒိုးက ထပ်ပြောတယ်။

စနိတ်ပ်က ဒမ်ဘလီဒိုးနား တစ်လှမ်း တိုးသွားတယ်။

"ဆီးရီးအက်စ်ကြယ်ဘလက်ဟာ အသက် ၁၆နှစ်ကတည်းက သူ လူသတ်သမား လုပ်နိုင်တာ ဖော်ပြတယ်" သူက တိုးတိုးပြောတယ်။ "သင် ဒီအကြောင်းကို မမေ့သေးပါဘူးနော်၊ ကျောင်းအုပ်ကြီး။ သူဟာ ကျွန်တော့်ကို တစ်ခါ သတ်ဖို့လုပ်တာ သင်မမေ့ပါဘူးနော်"

"ကျုပ် မှတ်ဉာဏ်ဟာ အရင်ကလိုပဲ ကောင်းတယ်။ ဆီးဗရတ်စ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။

စနိတ်ပ်ဟာ လှည့်ပြီး ဖဒ်ဂ်ဖွင့်ပေးထားတဲ့ တံခါးက ထွက်သွားတယ်။ သူတို့ ထွက်သွားပြီး တံခါး ပြန်ပိတ်သွားတယ်။ ဒမ်ဘလီဒိုးက ဟယ်ရီနဲ့ ဟာမီးဘက် လှည့်လိုက်တယ်။ သူတို့နှစ်ယောက်ဟာ တစ်ပြိုင်နက် လောလောနဲ့ စကားစပြောကြတယ်။

"ပါမောက္ခ၊ ဘလက်ပြောတာ အမှန်။ ကျွန်တော်တို့ ကြယ်ပုလေးပီတာကို မြင်ရတယ် ..........."

"------- ပါမောက္ခလူပင် ဝံပုလွေလူသား ဖြစ်သွားတဲ့အခါ သူထွက်ပြေးသွားတယ် ........."

"--------- သူက ကြွက်........."

"ကြယ်ပုလေးပီတာရဲ့ ရှေ့ခြေလက်သည်း။ ဆိုလိုတာက၊ လက်ချောင်း၊ သူက လက်ချောင်းကို ဖြတ်ပစ်တာ "

"---- ကြယ်ပုလေးပီတာက ရွန့်ကို တိုက်တာ။ ဆီးရီးအက်စ်ကြယ် မဟုတ်ဘူး ..........."

ဒါပေမယ့် ဒမ်ဘလီဒိုးဟာ အဲဒီဆက်တိုက်လာတဲ့ ရှင်းပြချက်ကို လက်မြှောက်ပြီး တားလိုက်တယ်။

"အခု မင်းတို့ နားထောင်ရမယ့် အလှည့်ရောက်ပြီ။ ကျုပ်ကို ဖြတ်မပြောဖို့ တောင်းပန်ပါတယ်။ အချိန်က သိပ်ကိုနည်းနေလို့" သူက တည်ငြိမ်စွာ ပြောတယ်။ "ဘလက်ပုံပြင်ကို ဘာအထောက်အထားမှ ပြစရာမရှိဘူး။ မင်းတို့ပြောပြတာ အပြင်ပေါ့------- အသက်၁၃နှစ် မှော်ဆရာလေးတွေရဲ့ စကားဟာ ဘယ်သူကမှ ယုံမှာမဟုတ်ဘူး။ လမ်းတစ်လမ်းလုံးရှိ မျက်မြင်သက်သေတွေက ဆီးရီးအက်စ်ကြယ် ဘလက်က ကြယ်ပုလေးပီတာကို သတ်ပစ်တာ မြင်တယ်လို့ ကျိန်ပြောခဲ့တာ။ ကျုပ်က မှော်ဝန်ကြီးဌာနကို သက်သေပြဖူးတယ်။ ဆီးရီးအက်စ်ကြယ်ဟာ ပေါ်တာ ဇနီးမောင်နှံရဲ့ လျှို့ဝှက်ရေး ထိန်းသိမ်းသူလို့ ပြောခဲ့တာ"

"ပါမောက္ခလူပင်က သင့်ကို ပြောပြနိုင်တယ် ............." ဟယ်ရီက ပြောတယ်။ မိမိကိုယ်မိမိ မထိန်းနိုင်ဘူး။

"အခု ပါမောက္ခလူပင်ဟာ တားမြစ်သစ်တော တောနက်ထဲမှာ။ ဘယ်သူ့ကိုမှ ဘာမှပြောပြလို့ မရဘူး။ သူ လူပြန်ဖြစ်လာတဲ့ အချိန်မှာတော့ သိပ်ကို နောက်ကျသွားပြီ။ ဆီးရီးအက်စ်ကြယ်ရဲ့ ကံကြမ္မာဟာ သေတာထက်ဆိုးမယ်။ ကျုပ် ထပ်ပြောလို့ရမှာက၊ ကျုပ်တို့ ဒီလူတွေဟာ အများစုက ဝံပုလွေလူသားကို မယုံကြဘူး။ ဒါကြောင့် သူပြောပြတာဟာ သိပ်တော့ အရေးပါမှာ မဟုတ်ဘူး ---- သူနဲ့ ဆီးရီးအက်စ်ကြယ်ဟာလဲ သူငယ်ချင်းဟောင်းတွေ ဖြစ်နေသေးတယ် -----------"

"ဒါပေမယ့်---------"

"ကျုပ်ပြောတာ နားထောင်၊ ဟယ်ရီ၏ သိပ်နောက်ကျနေပြီ။ မင်း နားလည်လား။ မင်း နားလည်ရမှာက၊ ပါမောက္ခ စနိတ်ပ်စကား မင်းတို့ ပြောတာထက် အများကြီး တာသွားတယ်"

"သူက ဆီးရီးအက်စ်ကြယ်ကို မုန်းတယ်" ဟာမီးက မျှော်လင့်ချက်မဲ့စွာ ပြောတယ်။ "ဆီးရီးအက်စ်ကြယ်က သူ့ကို အဓိပ္ပာယ်မရှိ ကျီစားဖူးလို့ ............"

"ဆီးရီးအက်စ်ကြယ်ဟာလဲ အပြစ်မရှိတဲ့လူလို မနေထိုင်ဘူး။ မိန်းမ၀၀ကြီးကို တိုက်တာ။ ဂရစ်ဖင်းဒေါ အိမ်ချွန်ကို ဒါးနဲ့၀င်တာ ............. ကြယ်ပုလေးပီတာ မရှိရင်။ အသေဖြစ်ဖြစ် အရှင်ဖြစ်ဖြစ်ပေါ့။ ကျုပ်တို့ဟာ ဆီးရီးအက်စ်ကြယ်ကို ချမှတ်တဲ့ စီရင်ချက်ကို တွန်းလှန်လို့ မရဘူး"

"ဒါပေမယ့် သင်က ကျွန်တော်တို့ကို ယုံတယ်"

"မှန်တယ်။ ကျုပ်က မင်းတို့ကို ယုံတယ်" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ "ဒါပေမယ့် ကျုပ်မှာ အာဏာမရှိဘူး။ တခြားသူတွေကို အမှန်မြင်အောင် အမိန့်ပေးလို့ မရဘူး။ ဒါမှမဟုတ် မော်ဝန်ကြီးကို တွန်းလှန် ................."

ဟယ်ရီဟာ အဲဒီတည်ကြည်တဲ့ မျက်နှာကို စိုက်ကြည့်နေတယ်။ မိမိခြေထောက်အောက်က မြေပြင် ပြိုကွဲကျသွားပြီလို့ ထင်တယ်။ သူဟာ ဒမ်ဘလီဒိုးက ဘာမဆို ဖြေရှင်းနိုင်တယ်လို့တွက်တာ အကျင့်ပါနေပြီ။ သူဟာ ဒမ်ဘလီဒိုးက ဘာမှ အားမကိုးဘဲ ဖြေရှင်းနိုင်ဖို့ မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် မရဘူး ......... နောက်ဆုံး မျှော်လင့်ချက် ပြိုကွဲသွားပြီ။

"ကျုပ်တို့ အခု လိုအပ်တာက" ဒမ်ဘလီဒိုးက ဖြည်းဖြည်းပြောတယ်။ ၎င်းရဲ့ အ၀ါဖျော့ဖျော့ မျက်စိဟာ ဟယ်ရီကနေ ဟာမီးဆီ ကြည့်သွားတယ်။ "ပိုများတဲ့ အချိန်လိုတယ်"

"ဒါပေမယ့် ............" ဟာမီးက စပြောတယ်။ ဒီနောက် သူမ မျက်လုံးကြီး ပြူးနေတယ်။ "အော"

"အခု၊ သတိထားတော့" ဒမ်ဘလီဒိုးက ပြောတယ်။ အသံက တိုးတိုးနဲ့ ရှင်းတယ်။ "ဆီးရီးအက်စ်ကြယ်ကို ရှစ်လွှာရှိ ပါမောက္ခ ဖလစ်၀စ် အခန်းမှာ ပိတ်ထားတယ်။ အနောက်ဘက် အိမ်ချွန်ကနေ ရေရင် ဆယ့်သုံးခုမြောက် ပြတင်းပေါက်ပဲ။ အားလုံး အဆင်ပြေမယ်ဆိုရင် မင်းတို့ ဒီညမှာ အပြစ်မဲ့တဲ့ အသက်တစ်ချောင်းမက ကယ်တင်နိုင်တယ်။ ဒါပေမယ့် ဒီအချက်ကို မှတ်ထား။ မင်းတို့ နှစ်ယောက်စလုံး မှတ်ထား။ လူတွေ့မခံနဲ့။ မစ်ဂရန်ဂျာ၊ မင်း တရားဥပဒေ နားလည်တယ်နော်။ ဘယ်ဟာက အန္တရာယ်ရှိတယ်ဆိုတာ သိတယ်နော် ............. လုံး၀ ---- လူတွေ့ -----------မခံနဲ့"

ဟယ်ရီဟာ ဘယ်လို ဖြစ်နေလဲ ဆိုတာ မသိရသေးခင်မှာပဲ ဒမ်ဘလီဒိုးက လှည့်ပြီး တံခါးပေါက်ဆီ သွားကာ တစ်ခါ ပြန်လှည့်ပြီး၊

"ကျုပ် မင်းတို့ကို ဒီမှာ သော့ခတ်ထားမယ်။ ခုက ----" သူက နာရီကို ကြည့်လိုက်တယ်။ "ညလယ် ဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ် လိုသေးတယ်။ မစ်ဂရန်ဂျာ၊ သုံးကြိမ်လှည့်ရင် ရပြီ။ မင်းတို့ ကံကောင်းပါစေ"

"ကံကောင်းမယ်" ဟယ်ရီက ထပ်ပြောတယ်။ ဒီအချိန်မှာ ဒမ်ဘလီဒိုး ကျောဘက်က တံခါးပိတ်သွားပြီ။ "သုံးကြိမ်လှည့် ဟုတ်လား၊ သူ ဘာတွေ ပြောနေတာလဲ။ ငါတို့ ဘာလုပ်ရမလဲ"

ဒါပေမယ့် ဟာမီးဟာ မိမိဝတ်ရုံရှည်လည်ပင်းပေါက်နားမှာ စမ်းနေတယ်။ ဝတ်ရုံထဲကနေ အလွန်ရှည်၊ အလွန်သေးသွယ်တဲ့ ရွှေချိန်းကြိုးတစ်ခု ဆွဲထုတ်လိုက်တယ်။

"ဟယ်ရီ၊ ဒီကိုလာ" သူမက လောလော ပြောတယ်။ "မြန်မြန်"

ဟယ်ရီက သူမဆီ သွားတယ်။ ဘာမှန်း မသိတော့ဘူး။ သူမဟာ အဲဒီ ရွှေချိန်းကြိုးကို အားလုံး ဆွဲထုတ်လိုက်တယ်။ ရွှေချိန်းကြိုးအောက်မှာ လက်နေတဲ့ ရွှေအချိန်မှတ် ကြိယာသေးသေးလေးကို သူ မြင်ရတယ်။

"ဒီမှာ ---------"

သူမဟာ ရွှေချိန်းကြိုးကို သူ့လည်ပင်းမှာ ဝတ်တယ်။

"ငါတို့ ဘာလုပ်မလို့လဲ" ဟယ်ရီက ပြောတယ်။ နဝေတိမ်တောင် ဖြစ်နေတယ်။

ဟာမီးဟာ အချိန်မှတ်ကြိယာကို သုံးကြိမ် လှည့်လိုက်တယ်။

မှောင်မည်းတဲ့ လှူနာခန်း မတွေ့ရတော့ဘူး။ ဟယ်ရီဟာ မိမိ ပျံနေတယ်လို့ ထင်တယ်။ အလွန် မြန်တယ်။ နောက်ကို ပျံနေတာ။ မျက်စိရှေ့မှာ မသဲမကွဲ တိမ်တိုက်ပုံ သဏ္ဍာန်မျိုးစုံ ပျံသန်းသွားတယ်။ နားထဲမှာ တစ်ခုခုက တအား ခေါက်နေတယ်။ သူ တအား အော်ချင်တယ်။ ဒါပေမယ့် မိမိအသံကို မကြားရဘူး ..............

ဒီနောက် ခြေအောက်မှာ အမာကို နင်းမိတယ်လို့ ခံစားရပြီး ရှိသမျှကိုလည်း အမြင် ကြည်လင်လာတယ် ..............

သူဟာ ဟာမီးဘေး၊ လူမရှိတဲ့ ရှေ့ခန်းထဲမှာ ရပ်နေတယ်။ ရွှေရောင်နေခြည်ဟာ ပွင့်နေတဲ့ ရှေ့တံခါးကနေ ကြမ်းပေါ် ကျရောက်နေတယ်။ သူက ဟာမီးကို အမြန်ကြည့်တယ်။ အချိန်မှတ် ကြိယာရဲ့ ကြိုးဟာ သူ့လည်ပင်းကို တင်းနေစေတယ်။

"ဟာမီး၊ ဘာလဲ ----"

"ဒီကိုလာ" ဟာမီးက ဟယ်ရီ့လက်ကို ဖမ်းကိုင်ထားပြီး သူ့ကို ရှေ့ခန်းထဲ ဖြတ်ခေါ်လာတယ်။ တံမြက်စည်းထားတဲ့ ဗီရိုခန်းရှေ့ ရောက်လာတယ်။ သူမက ဗီရိုခန်းတံခါးကို ဆွဲဖွင့်ပြီး သူ့ကို အထဲတွန်းထည့်တယ်။ ရေပုံး၊ ကြမ်းတိုက်အဝတ်တွေနဲ့အတူ နေစေတယ်။ သူမကိုယ်တိုင်လည်း ဝင်လာပြီး တံခါး ပြန်ပိတ်လိုက်တယ်။

"ဘာလဲ ---- ဘယ်လိုလဲ --- ဟာမီး၊ ဘာတွေ ဖြစ်နေလဲ"

"ငါတို့ အချိန်အားဖြင့် နောက်ပြန်ဆုတ်သွားတယ်" ဟာမီးက တိုးတိုးပြောတယ်။ အမှောင်ထဲမှာ ဟယ်ရီ့လည်ပင်းပေါ်က ရွှေချိန်းကြိုးကို ယူလိုက်တယ်။ "နောက်ကို သုံးနာရီ ဆုတ်သွားတယ် ............"

ဟယ်ရီက မိမိခြေထောက်ကို စမ်းပြီး လိမ်ဆွဲလိုက်တယ်။ သိပ်နာတယ်။ ဒါက သူ ရှားပါးတဲ့ အိပ်မက် မက်နေတာ မဟုတ်ဘူးဆိုတာ ပြတယ်။

"ဒါပေမယ့် -----"

"ရှူး။ နားထောင်။ လူလာနေတယ်။ ငါထင်တယ် ------- ငါထင်တယ်၊ အဲဒါ ငါတို့ပဲ"

ဟာမီးက နားကို တံခါးမှာ ကပ်လိုက်တယ်။

"အပြင်မှာ ခြေသံကြားတယ် ........... ဟုတ်တယ်။ အဲဒါ ငါတို့ ဟက်ဂရစ်ဆီ သွားတာ ထင်တယ်"

"နင်က ငါ့ကို ပြောနေတာက "ဟယ်ရီက နားနားကပ် ပြောတယ်။ "ငါတို့က ဒီဗီရိုထဲမှာ ရှိနေပြီး၊ တစ်ခါ ငါတို့ အပြင်မှာလဲ ရှိတယ်၊ ဟုတ်လား"

"ဟုတ်တယ်" ဟာမီးက ပြောတယ်။ နားကို တံခါးပေါ် ကပ်ထားတုန်းပဲ။ "အဲဒါ ငါတို့ပဲလို့ ပြောနိုင်တယ် ............. ကြားရတာ သုံးယောက်ထဲလိုပဲ ............ ငါတို့ လျှောက်တာ သိပ်နှေးတယ်။ ငါတို့ ဟို ကိုယ်ပျောက်ဝတ်ရုံ ခေါင်းပေါ် ခြုံထားလို့ -----------"

သူမ မပြောတော့ဘူး။ အာရုံစိုက်ပြီး နားထောင်နေတယ်။

"ငါတို့ ကျောက်လှေခါးက ဆင်းသွားပြီ .........."

ဟာမီးဟာ မှောက်ထားတဲ့ ရေပုံးပေါ်ထိုင်နေပြီး သိပ် စိတ်လောနေသလိုပဲ။ ဟယ်ရီဟာ သူ့ဆီက အဖြေလိုချင်တဲ့ မေးခွန်းတချို့ ရှိတယ်။

"နင် ဒီအချိန်မှတ် ကိရိယာကို ဘယ်ကရလဲ"

"ဒါကို အချိန်ပြောင်းလဲ ကိရိယာလို့ ခေါ်တယ်" ဟာမီးက တိုးတိုးပြောတယ်။ "ငါတို့ ပြန်လာတဲ့ ပထမနေ့မှာပဲ ငါ ပါမောက္ခ မက်ဂေါ်နာဂေါ်ဆီက ရတာ။ ငါ တစ်နှစ်လုံး ၎င်းကို အသုံးပြုနေတာ၊ ဒါမှ ရှိသမျှ အတန်းကို တက်လို့ရမှာ။ ပါမောက္ခ မက်ဂေါ်နာဂေါက ငါ့ကို ဘယ်သူ့မှ မပြောဖို့ ကျိန်ခိုင်းတယ်။ သူမဟာ မှော်ဝန်ကြီးဌာနကို စာအမျိုးမျိုး ရေးရတယ်။ ဒီတော့မှ ငါ အချိန်ပြောင်းလဲ ကိရိယာကို ရတာ။ သူမက သူတို့ကို ငါက စံပြကျောင်းသူ။ ပြီးတော့ ၎င်းကို ဘယ်တော့မှ ပညာသင်ကြားရေးအပြင် တခြားမှာ မသုံးပါဘူးလို့ ............ ငါဟာ ၎င်းကို တစ်နာရီ၊ တစ်နာရီ နောက်ပြန်လှည့်တယ်။ ဒါက ငါ တစ်ချိန်တည်းမှာ ဘာသာအချို့ တက်နိုင်တဲ့ အကြောင်းရင်းပဲ။ နားလည်ပြီလား။ ဒါပေမယ့် ............

"ဟယ်ရီ၊ ဒမ်ဘလီဒိုးက ငါတို့ကို ဘာလုပ်စေချင်လဲဆိုတာ ငါ မသိဘူး။ သူ ဘာဖြစ်လို့ ငါတို့ကို သုံးနာရီ နောက်ဆုတ်ခိုင်းတာလဲ။ ဒီလိုလုပ်တာ ဆီးရီးအက်စ်ကြယ်ကို ဘာအကူအညီရလဲ"

ဟယ်ရီက သူမရဲ့ အမှောင်ထဲက မျက်နှာကို စိုက်ကြည့်နေတယ်။

"သူ ငါတို့ကို ပြောင်းလဲစေချင်တဲ့ ကိစ္စတစ်ခုခု ဖြစ်လာလိမ့်မယ်"သူက ဖြည်းဖြည်း ပြောတယ်။ "ငါတို့ ခုတင်ပဲ ငါတို့ ထွက်ခွာတာ ကြားရတယ် ............"

ဟယ်ရီက မျက်မှောက်ကြုတ်တယ်။ သူဟာ ဦးနှောက်ကြီးတစ်ခုလုံး စုစည်းပြီး တွေးနေတယ်လို့ ထင်တယ်။

"ဒမ်ဘလီဒိုး ခုနက ပြောတယ် --------- ခုနက ပြောတယ်၊ ငါတို့ အသက် တစ်ချောင်းထက်မက ကယ်နိုင်မယ်လို့ .........." ဒီနောက် သူ အကြံပေါ်လာတယ်။

"ဟာမီး၊ ငါတို့ ဘတ်ခ်ဘိခ်ကို မြင်ရတော့မယ်"

"ဒါပေမယ့် -------- ဒီဟာက ဆီးရီးအက်စ်ကြယ်ကို ဘယ်လို ကူညီနိုင်မလဲ"

"ဒမ်ဘလီဒိုးက ပြောတယ် ----- သူ ခုနက တို့ကို ပြောပြတဲ့ ပြတင်းပေါက် ဘယ်မှာလဲ ------ ပါမောက္ခ ဖလစ်ဝစ်ရဲ့ ရုံးခန်း။ သူတို့က ဆီးရီးအက်စ်ကြယ်ကို အဲဒီမှာ ပိတ်ထားတယ်။ ငါတို့က ဘတ်ခ်ဘိခ်ကို အဲဒီ

ပြတင်းပေါက်ပျံခိုင်းပြီး ဆီးရီးအက်စ်ကြယ်ကို ကယ်ရမယ်။ ဆီးရီးအက်စ်ကြယ်ဟာ ဘတ်ခ်ဘိခ် ကျောပေါ်စီးပြီး ---------- သူတို့ အတူတကွ ထွက်ပြေးလို့ ရတယ်"

ဟယ်ရီဟာ ဟာမီးမျက်နှာကို မြင်ရတယ်။ သူမ သိပ်ကို လန့်နေတယ်။

"ငါတို့ ဒီလို လုပ်နိုင်ပြီး သူများ မမြင်ဘူးဆိုရင်။ ထူးဆန်းတဲ့ ဖြစ်ရပ်ပဲ"

"ကောင်းပြီ၊ ငါတို့ စမ်းကြည့်မှ ဖြစ်မယ်။ မဟုတ်ဘူးလား" ဟယ်ရီက ပြောတယ်။ သူ မတ်တတ် ရပ်လိုက်တယ်။ မိမိ နားရွက်ကိုလည်း တံခါးပေါ် အပ်လိုက်တယ်။

"ဟိုမှာ လူမရှိတော့ဘူး ထင်တယ် .......... လာ၊ ငါတို့ သွားမယ် ..........."

ဟယ်ရီက ဗီရိုခန်းတံခါးကို တွန်းဖွင့်တယ်။ ရှေ့ခန်းထဲမှာ လူမရှိဘူး။ သူတို့ဟာ တတ်နိုင်သလောက် ခြေဖော့ လက်ဖော့နဲ့ ထွက်လာပြီး လှေခါးထစ်ကို ဆင်းခဲ့တယ်။ အရိပ်ဟာ အရှည်ကြီး ဖြစ်နေပြီ။ တားမြစ်သစ်တော သစ်ပင်ထိပ်ဖျားမှာ ရွှေရောင်လွှမ်းနေပြန်ပြီ။

"ပြတင်းအပြင်ကို ကြည့်တဲ့လူရှိရင် ---------" ဟာမီးက အော်ပြောတယ်။ ကျောဘက်က ရဲတိုက်ကို မော့်ကြည့်တယ်။

"ငါတို့ ပြေးသွားမယ်" ဟယ်ရီက ပြတ်သားစွာ ပြောတယ်။ "ဟို သစ်တောဆီပြေး၊ ကောင်းလား။ ငါတို့ သစ်ပင်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် တစ်ခုခုနောက်မှာ ပုန်းနေပြီးမှ အပြင်ကို ကြည့်လို့ရမယ်"

"ကောင်းပြီ၊ ဒါပေမယ့် ငါတို့ ဟို အနွေးခန်းကို ကွေ့ပတ်သွားရမယ်" ဟာမီးက မောဟိုက်စွာ ပြောတယ်။ "ငါတို့ ဟက်ဂရစ် ရှေ့တံခါးကို ရှောင်ရမယ်။ နို့မို့ရင် ငါတို့က ငါတို့ကို မြင်ရလိမ့်မယ်။ အခု ငါတို့ ဟက်ဂရစ် အိမ်ကလေးနား ရောက်တာ သေချာတယ်"

ဒီစကား ဘာအဓိပ္ပာယ်လဲဆိုတာ ဟယ်ရီတွေးနေတုန်း ရှိသေးတယ်။ သူ ခုန်ထွက်ပြီး ရှေ့ကို သွားတယ်။ ဟာမီးက သူ့နောက်က လိုက်တယ်။ သူတို့ဟာ ဟင်းသီးဟင်းရွက် စိုက်ခင်းကို ပြေးဖြတ်ပြီး အနွေးခန်းကို ရောက်လာတယ်။ အဲဒီမှာ ခဏရပ်နေပြီး ဆက်ထွက်တယ်။ လူရိုက်သစ်ပင်ကို အမြန်ဆုံး ပြေးဖြတ်ပြီး တားမြစ်သစ်တောရဲ့ အရိပ်ဆီ တအား ပြေးကြတယ် ..........

ဟယ်ရီဟာ သစ်ပင်အရိပ်ထဲ ရောက်တာနဲ့ လှည့်ကြည့်တယ်။ စက္ကန့် အနည်းငယ်ကြာတော့ ဟာမီးလည်း ဟောဟဲ ဟောဟဲနဲ့ ရောက်လာတယ်။

"ဟုတ်တယ်" သူမက မောမောနဲ့ ပြောတယ်။ "ငါတို့ ဟက်ဂရစ်ဆီ တိတ်တိတ်လေး သွားမှ။ သူများ မမြင်စေနဲ့ ဟယ်ရီ .........."

သူတို့ဟာ သစ်ပင်တွေကြားမှာ တိတ်တိတ်လေး ဖြတ်သွားနေတယ်။ သစ်တောအစပ် ရောက်တဲ့ထိပဲ။ ဒီနောက်၊ ဟက်ဂရစ် အိမ်လေးကို မြင်ရတယ်။ တံခါးခေါက်သံ ကြားရတယ်။ သူတို့ဟာ ပင်စည်ကြီးမားတဲ့ ဝက်သစ်ချပင်ကြီးနောက် သွားပုန်းနေတယ်။ ဘေးနှစ်ဖက်ကနေ အပြင်ကို ကြည့်တယ်။ ဟက်ဂရစ် တံခါးဝမှာ ပေါ်လာတယ်။ တစ်ကိုယ်လုံး တုန်နေတယ်။ မျက်နှာဖြူရော်နေတယ်။ သူဟာ ဟိုဒီ ကြည့်တယ်။ တံခါးခေါက်တဲ့လူကို ရှာတယ်။ ဟယ်ရီက ကိုယ့်အသံကို ကြားရတယ်။

"ကျွန်တော်တို့ပါ။ ကျွန်တော်တို့ ကိုယ်ပျောက်ဝတ်ရုံ ဝတ်ထားပါတယ်။ ကျွန်တော်တို့ အထဲဝင်မယ်၊ ဒါဆို ကိုယ်ပျောက်ဝတ်ရုံ ချွတ်ပစ်လို့ ရပြီ"

"မင်းတို့ မလာသင့်ဘူး" ဟက်ဂရစ်က တိုးတိုးပြောတယ်။ သူက ဖယ်ပေးတယ်။ ဒီနောက် အလျင်အမြန် တံခါးကို ပိတ်လိုက်တယ်။

"ဒါဟာ ငါတို့ လုပ်ခဲ့တဲ့ အံ့သြစရာ အကောင်းဆုံး ကိစ္စ" ဟယ်ရီက လှိုက်လှဲစွာ ပြောတယ်။

"ငါတို့ အသာလေး နေရာရွှေ့ရအောင်" ဟာမီးက တိုးတိုးပြောတယ်။ "ငါတို့ ဘတ်ခ်ဘိခ်နဲ့ နီးနီးနေမှ"

သူတို့ဟာ သစ်ပင်တွေကြားမှာ တွားသွားတယ်။ စိတ်လှုပ်ရှား မတည်မငြိမ် ဖြစ်နေတဲ့ ဟစ်ပိုဂရစ်ဖ်ကိုတွေ့မှ ရပ်ကြတယ်။ ၎င်းကို ဟက်ဂရစ် ရွှေဖယုံခင်းထဲက ခြံစည်းရိုးမှာ ချည်ထားတယ်။

"အခု" ဟယ်ရီက တိုးတိုးပြောတယ်။

"ဟင့်အင်း" ဟာမီးက ပြောတယ်။ "တကယ်လို့ အခုတင် ၎င်းကို ခိုးသွားမယ်ဆိုရင်၊ ကော်မတီက လူတွေဟာ ဟက်ဂရစ်က ၎င်းကို လွှတ်လိုက်တယ်ထင်မှာ၊ သူတို့ ၎င်းကို အပြင်မှာ ချည်ထားတာ မြင်ကြပြီးတဲ့အထိ စောင့်ရမယ်"

"ဒါဆို ငါတို့မှာ တစ်မိနစ်လောက် အချိန်ရှိတယ်" ဟယ်ရီက ပြောတယ်။ ဒီကိစ္စဟာ မဖြစ်နိုင်သလို ဖြစ်လာတယ်။

ဒီအချိန်မှာ ဟက်ဂရစ် အိမ်လေးထဲက ကြွေထည်ကွဲသံ ပေါ်လာတယ်။

"အဲဒါ ဟက်ဂရစ် နွားနို့အိုး ကွဲတာ" ဟာမီးက တိုးတိုးပြောတယ်။ "ငါ ခုတင် အစက်အပြောက်လေးကို မြင်ရတော့မယ် ..........."

ပြောတဲ့အတိုင်းပဲ၊ မိနစ်အနည်းငယ်ကြာတော့ သူတို့ဟာ ဟာမီး လန့်အော်သံ ကြားရတယ်။

"ဟာမီး" ဟယ်ရီက ရုတ်တရက်ပြောတယ်။ "ငါတို့ ------ ငါတို့ ပြေးဝင်သွားပြီး ကြယ်ပုလေး ပီတာကို ဖမ်းလိုက်ရင် ............."

"မရဘူး" ဟာမီး အလွန်လန့်သွားတယ်။ တိုးတိုးပြောတယ်။ "နင် နားမလည်ဘူးလား။ ငါတို့ဟာ မှော်လောကရဲ့ အရေးကြီးဆုံး တရားဥပဒေတစ်ခုကို ဖျက်ဆီးနေတာ။ ဘယ်သူမှ အချိန်ကို မပြောင်းလဲသင့်ဘူး။ ဘယ်သူမှ။ ဒမ်ဘလီဒိုးပြောတာ နင်ကြားတယ် မဟုတ်လား။ တကယ်လို့ ငါတို့ကို သူများတွေ့သွားရင် --------"

"ငါတို့ဟာ ဟက်ဂရစ်နဲ့ ငါတို့ ကိုယ်တိုင်ကပဲ တွေ့မှာ"

"ဟယ်ရီ၊ တကယ်လို့ နင်ဟာ ကိုယ့်ကိုယ်ကို ဝင်သွားတာ တွေ့ရင်၊ နင် စဉ်းစားကြည့်စမ်း၊ နင် ဘယ်လို တုံ့ပြန်မလဲ" ဟာမီးက ပြောတယ်။

"ငါ ----- ငါက ငါရူးနေပြီ ထင်မှာ" ဟယ်ရီက ပြောတယ်။ "ဒါမှ မဟုတ်ရင် ငါ မကောင်းဆိုးဝါး တွေ့တယ်ထင်မှာ"

"ဟုတ်တယ်။ နင် နားလည်နိုင်မှာ မဟုတ်ဘူး။ နင့်ကိုယ် နင်တောင် ပြန်တိုက်နိုင်တယ်။ နင် နားမလည်ဘူးလား။ ပါမောက္ခ မက်ဂေါ်နာဂေါက ငါ့ ပြောပြဖူးတယ်။ မှော်ဆရာတွေဟာ အချိန်ဘက်မှာ ရှုပ်ထွေးသွားပြီးနောက် ဘယ်လို ကြောက်စရာကိစ္စတွေ ဖြစ်ခဲ့တယ်ဆိုတာ .......... သူတို့ထဲက လူအများဟာ အတိတ်ကမိမိ သို့မဟုတ် အနာဂတ် မိမိကိုယ်မိမိ သတ်တာ ဖြစ်ခဲ့တယ်"

"ကောင်းပြီ" ဟယ်ရီက ပြောတယ်။ "ဒါအတွေးမျှသာ ရှိပါတယ်။ ငါ ခုနက စဉ်းစားတယ် ..........."

ဒါပေမယ့် ဟာမီးက သူ့ကို တံတောင်နဲ့ တွက်လိုက်တယ်။ ရဲတိုက်ဆီ လက်ညှိုးထိုးပြတယ်။ ဟယ်ရီဟာ ခေါင်းကို လက်မ အနည်းငယ် ရွှေ့လိုက်တယ်။ ဒါမှ အဝေးရှိ ရှေ့တံခါးကို မြင်ရမယ်။ ဒမ်ဘလီဒိုး၊ ဖဒ်ဂ်၊ ကော်မတီလူအိုကြီးနဲ့ ပါးကွက်သား မက်နေအာတို့ဟာ ကျောက်လှေခါးက ဆင်းလာနေတယ်။

"ငါတို့ ထွက်လာတော့မယ်" ဟာမီးက တိုးတိုးပြောတယ်။

တကယ်ပဲ၊ မကြာဘူး။ ဟက်ဂရစ်နောက်ဖေးတံခါး ပွင့်လာတယ်။ ဟယ်ရီက မိမိကိုယ်မိမိ မြင်ရတယ်။ ရွန်၊ ဟာမီးနဲ့ ဟက်ဂရစ်တို့ နောက်ကထွက်လာတယ်။ ဒါဟာ သူ့ဘဝမှာ အထူးဆန်းဆုံး ခံစားချက်ပဲ။ သစ်ပင်နောက်မှာ ရပ်နေပြီး၊ မိမိကိုယ်မိမိ ရွှေဖရုံခင်းထဲ ရောက်နေတာ မြင်ရတယ်။

"ဘာမှ မဖြစ်ဘူး၊ ဘိခ်၊ ဘာမှမဖြစ်ဘူး ........" ဟက်ဂရစ်က ဘတ်ခ်ဘိခ်ကို ပြောတယ်။ ဒီနောက် သူဟာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးကို လှည့်ပြောတယ်။ "သွားတော့၊ မြန်မြန်သွား"

"ဟက်ဂရစ်၊ ကျွန်တော်တို့ မသွား .........."

"ကျွန်တော် သူတို့ကို အဖြစ်မှန် ပြောပြမယ်"

"သူတို့ ၎င်းကို သတ်လို့မဖြစ်ဘူး"

"သွား။ မင်းတို့ ပြဿနာ ပေါ်ရင်၊ ပိုဆိုးသွားမယ်"

ဟယ်ရီဟာ ရွှေဖရုံသီးခင်းထဲမှာ ဟာမီးက ကိုယ်ပျောက်ဝတ်ရုံကို သူနဲ့ ရွန့်ခေါင်းပေါ် ခြုံတာ မြင်ရတယ်။

"မြန်မြန်သွား၊ နားမထောင်နဲ့တော့ .........."

ဟက်ဂရစ် ရှေ့တံခါးကို ခေါက်သံကြားရတယ်။ စီရင်မယ့် အဖွဲ့ရောက်လာပြီ။ ဟက်ဂရစ်ဟာ မိမိအိမ်ကလေးထဲ လှည့်ဝင်သွားတယ်။ နောက်ဖေးတံခါး ပိတ်မထားခဲ့ဘူး။ ဟယ်ရီဟာ အိမ်ကလေး ဘေးပတ်လည်က မြက်တွေ တစ်ကွက်ပြီးတစ်ကွက် ဖိခံရတာ မြင်ရတယ်။ ခြေထောက်သုံးစုံ ဝေးသွားတယ်။ သူ၊ ရွန်နဲ့ ဟာမီးတို့ သွားကြပြီ .......... အခု သစ်အုပ်ထဲ ပုန်းနေတဲ့ ဟယ်ရီနဲ့ ဟာမီးဟာ အခု နောက်ဖေးတံခါးကနေ အိမ်ကလေးထဲမှာ ဖြစ်သွားတာကို ကြားရတယ်။

"အဲဒီ တိရစ္ဆာန် ဘယ်ရောက်သွားလဲ" မက်နေအာက ခက်ထန်စွာ မေးတယ်။

"အ .... အပြင်မှာ" ဟက်ဂရစ်က အသံအက်အက်နဲ့ ပြောတယ်။

ဟက်ဂရစ် ပြတင်းပေါက်ကနေ မက်နေအာရဲ့မျက်နှာ ပေါ်လာတယ်။ သူဟာ အပြင်ဘက်က ဘတ်ခ်ဘိခ်ကို ကြည့်နေတယ်။ ဟယ်ရီက ခေါင်းကို ငုံ့ထားလိုက်တယ်။ ဒီနောက် သူတို့ ဖဒ်ဂ်အသံကို ကြားရတယ်။

"ကျုပ်တို့ .......... အော........... ခင်ဗျားကို တရားဝင် သေဒဏ်အကြောင်းကြားချက်ကို ဖတ်ကြားရမယ်၊ ဟက်ဂရစ်။ ကျုပ် မြန်မြန် ဖတ်မှာပါ။ ပြီးတော့ ခင်ဗျားနဲ့ မက်နေအာတို့ လက်မှတ်ထိုးရမယ်။ မက်နေအာ၊ ခင်ဗျားလဲ နားထောင်သင့်တယ်။ ဒါက လုပ်ထုံးပဲ"

မက်နေအာရဲ့မျက်နှာ ပြတင်းပေါက်က ပျောက်သွားတယ်။ လုပ်မယ်ဆိုရင် အခုလုပ်။ မလုပ်ရင် ဘယ်တော့မှ လုပ်လို့ရမှာ မဟုတ်ဘူး။

"ဒီမှာ စောင့်နေ" ဟယ်ရီက ဟာမီးနားနား ကပ်ပြောတယ်။ "ငါ လုပ်မယ်"

ဖဒ်ဂ်အသံ ပေါ်လာပြန်တယ်။ ဟယ်ရီက သစ်ပင်နောက်ကနေ အပြင်း ပြေးထွက်သွားတယ်။ ခြံစည်းရိုးကို ပတ်ပြီး ရွှေဖရုံခင်းထဲ ဝင်တယ်။ ဘတ်ခ်ဘိခ်နား ကပ်သွားတယ်။

အန္တရာယ်ရှိ သတ္တဝါ အရေးယူစီရင်ရေး ကော်မတီက ဆုံးဖြတ်တယ်။ ဟစ်ပိုဂရစ်ဖ်၊ (အောက်တွင် အပြစ်ချမှတ်ပြီးသူလို့ ခေါ်မယ်၊) ကို ဇွန်လ ၆ရက်နေ့ နေဝင်ချိန်တွင် သေဒဏ်စီရင်ရမည် ..............

ဟယ်ရီဟာ ဘတ်ခ်ဘိခ်ရဲ့ ကြောက်စရာ လိမ်မော်ရောင် မျက်စိကို နောက်ထပ် စိုက်ကြည့်နေတယ်။ မျက်တောင်မခတ်ဖို့ ကြိုးစားတယ်။ ပြီးတော့ ၎င်းကို ဦးညွှတ်တယ်။ ဘတ်ခ်ဘိခ်ဟာ အကြေးခွံပါတဲ့ဒူးကို ကွေးညွှတ်ပြတယ်။ တစ်ခါ မတ်မတ်ရပ်လိုက်ပြန်တယ်။ ဟယ်ရီဟာ ဘတ်ခ်ဘိခ်ကို ခြံစည်းရိုးမှာ ချည်ထားတဲ့ ကြိုးကို စမ်းပြီးဖြုတ်တယ်။

........... ခေါင်းဖြတ်ဖို့ အမိန့်ချတယ်။ ကော်မတီက သတ်မှတ်တဲ့ ပါးကွက်သား ဝေါဒင်-မက်နေအာ ...........

"လာ၊ ဘတ်ခ်ဘိခ်" ဟယ်ရီက ရွတ်ဆိုတယ်။ "လာ၊ ငါတို့ မင်းကို ကူညီမှာ။ တိတ်တိတ်လေး ............ တိတ်တိတ်လေး .............."

............. အောက်တွင် သက်သေအနေနဲ့၊ ဟက်ဂရစ်၊ ခင်ဗျား ဒီမှာ လက်မှတ်ထိုး ...........

ဟယ်ရီဟာ တစ်ကိုယ်လုံး အားကို ကြိုးဆွဲတဲ့နေရာမှာ စုလိုက်တယ်။ ဒါပေမယ့် ဘတ်ခ်ဘိခ်ဟာ ရှေ့ခြေနဲ့ ခိုင်ခိုင်မာမာ ရပ်နေပြီ။

"ကောင်းပြီ၊ ဒီကိစ္စကို အပြီးသတ်လိုက်မယ်" ဟက်ဂရစ်အိမ်လေးထဲက ကော်မတီဝင်ရဲ့ အသံချွန်ချွန် ထွက်လာတယ်။ "ဟက်ဂရစ် ခင်ဗျား အိမ်ထဲမှာနေ၊ ထွက်မလာနဲ့။ ဒါဆို နည်းနည်း သက်သာလိမ့်မယ် .........."

"ဟင့်အင်း၊ ကျုပ် ........... ကျုပ် ၎င်းနဲ့ အတူရှိမှ ............. သူ အထီးထီးနဲ့ ..........."

အိမ်ကလေးထဲမှာ ခြေသံတွေ ထွက်ပေါ်လာတယ်။

"ဘတ်ခ်ဘိခ်၊ မြန်မြန်သွား" ဟယ်ရီက အာလုတ်နဲ့ ပြောတယ်။

ဟယ်ရီဟာ ဘတ်ခ်ဘိခ်လည်ပင်းက ကြိုးကို ပိုပြီး အားထုတ်ဆွဲတယ်။ တိရစ္ဆာန်ဆန်းဟာ စတင် ခြေလှမ်းပြီ။ ဒေါသနဲ့ တောင်ပံနှစ်ဖက်ကို ရိုက်ခတ်နေသေးတယ်။ သူတို့ဟာ တားမြစ်သစ်တောနဲ့ ဆယ်ပေလောက် လိုသေးတယ်။ ဟက်ဂရစ်အိမ်လေးရဲ့ နောက်ဖေးတံခါးကို မြင်ရသေးတယ်။

"ခဏနေဦး၊ မက်နေအာ" ဒမ်ဘလီဒိုးအသံ ကြားရတယ်။ "ခင်ဗျားလဲ လက်မှတ်ထိုးရမယ်" ခြေသံရပ်သွားတယ်။ ဟယ်ရီက ကြိုးကို တအားဆွဲတယ်။ ဘတ်ခ်ဘိခ်ရဲ့ နှုတ်သီးက ဖျတ်ခနဲ မြည်ပြီး သွက်သွက် စလျှောက်တယ်။

ဟာမီးရဲ့ ဖြူဖပ်ဖြူရော် မျက်နှာဟာ သစ်ပင်နောက်က ပေါ်လာတယ်။

"ဟယ်ရီ၊ မြန်မြန်" သူက မရှင်းမလင်း ပြောတယ်။

ဟယ်ရီဟာ ဒမ်ဘလီဒိုး အိမ်ကလေးထဲမှာ စကားပြောနေတာ ကြားရသေးတယ်။ သူဟာ ကြိုးကို တအား ဆွဲလိုက်ပြန်တယ်။ ဘတ်ခ်ဘိခ်ဟာ မပြေးချင်ဘဲ အပြေးလေး ပြေးလာတယ်။ သူတို့ သစ်တောဆီ ရောက်လာပြီ။

"မြန်မြန်၊ မြန်မြန်" ဟာမီးက ညည်းတယ်။ သူမဟာ သစ်ပင်နောက်က အလျင်အမြန် ပြေးထွက်လာတယ်။ ဟိုကြိုးကို ဆွဲတယ်။ သူမ အလေးချိန်ပါ ဖိဆွဲတယ်။ ဘတ်ခ်ဘိခ် မြန်လာတယ်။ ဟယ်ရီ ပြန်လှည့်ကြည့်လိုက်တယ်။ အခု လူတွေ သူတို့ကို မမြင်ရတော့ဘူး။ သူတို့လည်း ဟက်ဂရစ်အိမ်လေးကို လုံးဝ မမြင်ရတော့ဘူး။

"ရပ်" သူက ဟာမီးကို တိုးတိုးပြောတယ်။ "သူတို့ ငါတို့ကို ကြားနိုင်တယ်..........."

ဟက်ဂရစ် နောက်ဖေးတံခါး ဒိုင်းဆို ပွင့်သွားတယ်။ ဟယ်ရီ၊ ဟာမီးနဲ့ ဘတ်ခ်ဘိခ်တို့ ရပ်ပြီး နားထောင်တယ်။ အဲဒီ ဟစ်ပိုဂရစ်ဖ်ကတောင် စိတ်လှုပ်ရှားစွာ နားထောင်နေတယ်။

ငြိမ်သက်နေတယ် ............. ဒီနောက် --------

"ဌင်း ဘယ်ရောက်သွားလဲ" ဒါက ကော်မတီဝင်ရဲ့ အသံစူးစူး။ "အဲဒီ တိရစ္ဆာန် ဘယ်ရောက်သွားလဲ"

"အစက ဒီမှာ ချည်ထားတာ" ဟို ပါးကွက်သားက တအား ဒေါသထွက်ပြီး ပြောတယ်။ "ကျုပ် ခုနက မြင်သေးတယ်။ ဒီမှာပဲ"

"သိပ်အံ့သြစရာပဲ" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့အသံမှာ စိတ်ဝင်စားတဲ့ အဓိပ္ပာယ် ပါတယ်။

တရှပ်ရှပ်သံ ကြားရပြီး ရဲဒင်းခုတ်သံ။ ပါးကွက်သားဟာ ရဲဒင်းနဲ့ ခြံစည်းရိုးကို ပေါက်ပြီး ဒေါသကို ဖွင့်ထုတ်ပုံရတယ်။ ဒီနောက် ကုန်းအော်သံ ကြားရတယ်။ ဒီတစ်ခါမှာ ဟက်ဂရစ် ငိုရှိုက်ရင်း ပြောတဲ့စကားကို ကြားရတယ်။

"သွားပြီ။ သွားပြီ။ ဘုရားသခင် ဌင်းကို မစပါစေ။ ဌင်းသွားပြီ။ သူ့ဘာသာ ရုန်းထွက်သွားတာ ဖြစ်မယ်။ ဘိခ်၊ မင်း သိပ်ဉာဏ်ရှိတာပဲ"

ဘတ်ခ်ဘိခ်ဟာ ကြိုးက ရုန်းထွက်ဖို့ လုပ်တယ်။ ဟက်ဂရစ်ဆီ ပြန်သွားချင်တယ်။ ဟယ်ရီနဲ့ ဟာမီးဟာ ပိုပြီး တင်းတင်းဆွဲထားတယ်။ ခြေဖနောင့်နဲ့ ခိုင်ခိုင်ကန်ထားတယ်။ ဘတ်ခ်ဘိခ်ကို ငြိမ်အောင် ဆွဲထားတယ်။

"ကြိုးဖြတ်ပေးတဲ့လူ ရှိတယ်" ပါးကွက်သားက ဟိန်းဟောက်တယ်။ "ကျုပ်တို့ ကွင်းကို ရှာဖွေရမယ်။ ပြီးတော့ ဟို သစ်တော ..........."

"မက်နေအာ၊ ဘတ်ခ်ဘိခ်ကို ခိုးသွားတာ တကယ်မှန်ရင်၊ သူခိုးက ခြေလျင်ခိုးသွားမယ်လို့ မင်းထင်သလား" ဒမ်ဘလီဒိုးက ပြောတယ်။ သူ့အသံက စိတ်ဝင်စားနေတဲ့ အသံပါနေတယ်။ "မိုးပေါ်ကို ရှာပါ။ ခင်ဗျား ကျေနပ်မယ်ဆိုရင် ........... ဟက်ဂရစ်။ ကျုပ် လက်ဖက်ရည် သောက်ချင်တယ်။ ဘရန်ဒီတစ်ခွက်ကြီး ပေးရင်လဲ ရတယ်"

"ဟုတ် ------- ဟုတ်ကဲ့၊ ပါမောက္ခ" ဟက်ဂရစ်က ပြောတယ်။ သူ့အသံဟာ ဝမ်းသာပြီး အားနည်းနေတယ်။ "ဝင်ခဲ့ပါ။ ဝင်ခဲ့ပါ ............."

ဟယ်ရီနဲ့ ဟာမီးတို့ သေချာ နားထောင်နေတယ်။ သူတို့ ခြေသံကြားတယ်။ ပါးကွက်သားရဲ့ ကျိန်ဆဲသံသဲ့သဲ့ ထွက်လာတယ်။ တံခါးသံ ဘတ်ခနဲ ထွက်လာပြီး ငြိမ်သက်သွားတယ်။

"အခု ဘယ်လိုလုပ်မလဲ" ဟယ်ရီက တိုးတိုး ပြောပြီး ဘေးဘီကို ကြည့်နေတယ်။

"ငါတို့ ဒီမှာ ပုန်းနေမှ" ဟာမီးက ပြောတယ်။

သူမဟာ သိပ်လန့်နေသလိုပဲ။ "သူတို့ ရဲတိုက်ကို ပြန်ရောက်တဲ့ထိ စောင့်ရမယ်။ ဒီနောက် လုံခြုံတဲ့အချိန်ကျမှ ဘတ်ခ်ဘိခ်ကို ဆီးရီးအက်စ်ကြယ် ဘလက်ရှိတဲ့ ဟိုပြတင်းပေါက်ဆီ ပျံခိုင်းရမယ်။ သူ နောက်ထပ် နှစ်နာရီကြာမှ အဲဒီမှာ ရှိမှာ .......... အော၊ ဒါ သိပ်ခက်ပါတယ် ..........."

သူမဟာ မတည်မငြိမ်နဲ့ သစ်တော နက်ရှိုင်းရာကို လှည့်ကြည့်တယ်။ အခု နေဝင်တော့မယ်။

"ငါတို့ သွားမှ ဖြစ်မယ်" ဟယ်ရီက လေးလေးနက်နက် စဉ်းစားပြီး ပြောတယ်။ "ငါတို့ ဟိုလူရိုက်မိုးမခကို မြင်ရမှ ဖြစ်မယ်။ နို့မို့ရင် ဘယ်လိုဖြစ်သွားမယ် မသိဘူး"

"ကောင်းပြီ" ဟာမီးက ပြောတယ်။ ဘတ်ခ်ဘိခ်ကြိုးကို ပိုတင်းတင်း ဆုပ်ထားတယ်။ "ဒါပေမယ့် ငါတို့ အမြင်မခံရဘူးနော်၊ ဟယ်ရီ၊ မှတ်ထား ........"

သူတို့ဟာ သစ်တောတစ်လျှောက် ရွေ့လျားသွားတယ်။ ညအမှောင်ပိုကဲလာတယ်။ နောက်ဆုံး သူတို့ဟာ ချုံပုတ်တစ်ခုနောက် ပုန်းနေလိုက်တယ်။ အဲဒီကနေ ဟို မိုးမခပင်ကို မြင်ရတယ်။

"အဲဒါ ရွန်" ဟယ်ရီက ရုတ်တရက် ပြောတယ်။

အနက်ရောင် အရိပ်တစ်ခု မြက်ခင်းပေါ် ခုန်ချတယ်။ အော်သံကြီးဟာ ငြိမ်သက်တဲ့ ညမှာ ပဲ့တင်ထပ်သွားတယ်။

"ငင်းကို လွှတ်လိုက် ----- လွှတ် ----- အစက်အပြောက်လေး၊ ဒီကိုလာ"

ဒီနောက် လူနှစ်ယောက် ဘယ်ကထွက်လာမှန်းမသိ ပေါ်လာတယ်။ ဟယ်ရီဟာ မိမိနဲ့ ဟာမီးတို့ ရွန့်နောက် ပြေးလိုက်တာ မြင်ရတယ်။ ဒီနောက် ရွန်ကုန်းလိုက်တာ မြင်ရတယ်။

"မင်းကို မိပြီ။ လွှတ်၊ ကြောင်စုတ်"

"ဟိုဟာက ဆီးရီးအက်စ်ကြယ်" ဟယ်ရီက ပြောတယ်။ အဲဒီခွေးကြီးရဲ့ ဇရာမအရိပ်ဟာ ဟို မိုးမခပင်အမြစ်နားက ခုန်ထွက်လာတယ်။ သူတို့ဟာ ခွေးက ဟယ်ရီ့ကို မြေကြီးပေါ်တိုက်ချတာ မြင်ရတယ်။ ဒီနောက် ရွန့်ကိုဖမ်းလိုက်တယ် ..........

"ဒီကနေ ကြည့်ရတာ ပိုဆိုးသေးတယ်၊ ဟုတ်လား" ဟယ်ရီက ပြောတယ်။ ခွေးကြီး ရွန့်ကို သစ်ပင်အောက်ဆွဲသွားတာ ကြည့်နေတယ်။ "ဝိုး ----- ကြည့်၊ ငါ ခုတင်ပဲ ဟိုသစ်ပင်လျှောက်ရိုက်တာ ခံရတယ် ----- နင်လဲ ဒီလိုပဲ -------- ဒါ သိပ်ကို ထူးဆန်းတယ် ..............."

လူရိုက်မိုးမခဟာ တကျွီကျွီ မြည်နေတယ်။ ငင်းရဲ့ အောက်ပိုင်း အကိုင်း အခက်တွေနဲ့ ရိုက်ပုတ်နေတယ်။ သူတို့ဟာ သူတို့ကိုယ်တိုင် အသွားအပြန် လျှောက်ပြေးနေတာ မြင်ရတယ်။ သစ်ပင်ရဲ့ပင်စည်ကို တတ်နိုင်သလောက် ကပ်ဖို့ ကြိုးစားနေတာ မြင်ရတယ်။ ဒီနောက် အဲဒီသစ်ပင် မလှုပ်တော့ဘူး။

"အဲဒါ ခရွတ်ရှန်က အဖုကို သွားထိလို့" ဟာမီးက ပြောတယ်။

"ငါတို့ ဟိုကိုသွားနေတယ် ..........." ဟယ်ရီက ပြောတယ်။ "ငါတို့ ဝင်သွားပြီ"

သူတို့ ပျောက်သွားတာနဲ့၊ ဟိုသစ်ပင်ဟာ လှုပ်လာပြန်တယ်။ စက္ကန့်အနည်းငယ်ကြာတော့ အဝေးက ခြေသံကို သူတို့ ကြားလာရတယ်။ ဒမ်ဘလီဒိုး၊ မက်နေအာ၊ ဖဒ်ဂ်နဲ့ ကော်မတီဝင်လူအိုကြီးတို့ ရဲတိုက်ဆီ သွားနေတယ်။

"ငါတို့ လိုဏ်ခေါင်းလမ်းထဲ ဝင်တာနဲ့ သူတို့ ထွက်လာတာ" ဟာမီးက ပြောတယ်။ "ဒမ်ဘလီဒိုး ငါတို့နဲ့ အတူလာရင် သိပ်ကောင်းမှာ ..........."

"ဒါဆို မက်နေအာနဲ့ ဖဒ်ဂ်လဲ အတူလိုက်လာမှာ" ဟယ်ရီက နာကျင်စွာ ပြောတယ်။ "ငါ ဘာနဲ့မဆို နင်နဲ့ လောင်းဝံ့တယ်။ ဖဒ်ဂ်က မက်နေအာကို ချက်ချင်း ဆီးရီးအက်စ်ကြယ်ကို သတ်ပစ်ခိုင်းမှာ ..........."

သူတို့ဟာ အဲဒီလူလေးယောက် ရဲတိုက်ကျောက်လှေကားထစ်ကို တက်သွားတာ ကြည့်နေတယ်။ မမြင်ရတော့ဘူး။ မိနစ်အချို့အတွင်းမှာ ဘေးဘီမှာ လူတစ်ယောက်မှ မရှိဘူး။ ဒီနောက် --------

"လူပင် လာပြီ" ဟယ်ရီက ပြောတယ်။ ဒီအချိန်မှာ သူတို့ လူရိပ်တစ်ခု လှေခါးကနေ့ချတာ မြင်ရတယ်။ လူရိုက်မိုးမခဆီ လျှောက်လာတယ်။ ဟယ်ရီက မိုးပေါ်မော့ကြည့်တယ်။ တိမ်တိုက်တွေဟာ လကို လုံးဝ ကွယ်ထားလိုက်တယ်။

သူတို့ဟာ လူပင် မြေကြီးပေါ်က သစ်ကိုင်းတစ်ကိုင်းကောက်ပြီး သစ်ဖုပေါ် ထိုးလိုက်တာ တွေ့ရတယ်။ သစ်ပင်ငြိမ်သွားပြီ။ လူပင်လည်း သစ်ပင်အောက်က ကျင်းထဲ ပျောက်သွားပြီ။

"သူ ဟို ကိုယ်ပျောက်ဝတ်ရုံကို ကောက်ယူမယ်ဆိုရင်" ဟယ်ရီက ပြောတယ်။ "ကိုယ်ပျောက်ဝတ်ရုံက အဲဒီနားမှာရှိတယ် ..........."

သူက ဟာမီးဘက်လှည့်တယ်။

"ငါ အခုပြေးသွားပြီး ကိုယ်ပျောက်ဝတ်ရုံကို ယူလာရင်၊ စနိတ်ပ် ဘယ်တော့မှ မရတော့ဘူး။ ပြီးတော့ ............."

"ဟယ်ရီ၊ ငါတို့ လူတွေ့ခံလို့ မရဘူး"

"နင် ဘယ်လိုလုပ် အောင့်ထားလို့ ရတာလဲ" သူက လှိုက်လှဲစွာ သိလို၍ ဟာမီးကို မေးတယ်။ "ဒီမှာရပ်ပြီး ဖြစ်ပျက်နေတာ ကြည့်နေတယ် ဟုတ်လား" သူ တွေဝေနေတယ်။ "ငါ ကိုယ်ပျောက်ဝတ်ရုံကို သွားယူမယ်"

"ဟယ်ရီ၊ မလုပ်နဲ့"

ဟာမီးဟာ ဟယ်ရီ့ဝတ်ရုံ ကျောဘက်ကို ဆွဲတယ်။ မဆွဲမိဘူး။ ဒီအချိန်မှာပဲ သူတို့ သီချင်းသံကြားရတယ်။ အဲဒါ ဟက်ဂရစ်။ သူ ရဲတိုက်ဆီလျှောက်သွားတယ်။ အသံကျယ်နိုင်သလောက် ကျယ်ကျယ်သီဆိုနေတယ်။ လမ်းလျှောက်တဲ့အခါမှာ ကိုယ်က နည်းနည်း ယိုင်နေတယ်။ သူ လက်နှစ်ဖက်နဲ့ ကိုင်ထားတဲ့ ပုလင်းလည်း လှုပ်နေတယ်။

"မြင်ပြီလား" ဟာမီးက တိုးတိုးပြောတယ်။ "ဘာဖြစ်မယ်ဆိုတာ သိပြီလား။ ငါတို့ လူတွေ့ခံလို့ ဖြစ်ကို မဖြစ်ဘူး။ မလုပ်နဲ့၊ ဘတ်ခ်ဘိခ်"

အဲဒီ ဟစ်ပိုဂရစ်ဖ်ဟာ အရမ်းရုန်းနေတယ်။ ဟက်ဂရစ်ဆီ ပြန်သွားချင်နေတယ်။ ဟယ်ရီလည်း ကြိုးကို တင်းတင်းဆွဲထားတယ်။ ဘတ်ခ်ဘိခ်ကို ကြိုးစားဆွဲခေါ်ထားတယ်။ သူတို့ဟာ ဟက်ဂရစ် ကယိမ်းကယိုင်နဲ့ ရဲတိုက်ဆီသွားတာ ကြည့်နေတယ်။ သူ သွားပြီ။ ဘတ်ခ်ဘိခ်လည်း မရုန်းတော့ဘူး။ ၎င်းရဲ့ခေါင်းဟာ ဝမ်းနည်းစွာ ကျိုးကျနေတယ်။

နှစ်မိနစ်တောင် မကြာဘူး။ ရဲတိုက်တံခါး ပွင့်လာပြန်တယ်။ စနိတ်ပ် ထွက်လာပြီ။ လူရိုက်မိုးမခဆီ ပြေးလာတယ်။

သူတို့ဟာ စနိတ်ပ် သစ်ပင်အောမှာ ရပ်သွားတာ တွေ့ရတယ်။ အရပ်လေးမျက်နှာကို ကြည့်လိုက်ပြီး ဟိုကိုယ်ပျောက်ဝတ်ရုံကို ကောက်ယူကာ မြှောက်လိုက်တယ်။ ဒီအချိန်မှာ ဟယ်ရီ လက်သီး တင်းတင်းဆုပ်ထားတယ်။

"မင်း ညစ်ပတ်တဲ့လက်နဲ့ မထိနဲ့" ဟယ်ရီက တိုးတိုးဟောက်တယ်။

"ရှူး"

စနိတ်ပ်ဟာ လူပင်သုံးခဲ့တဲ့ သစ်ကိုင်းကိုယူပြီး သစ်ဖုကို တို့လိုက်တယ်။ ကိုယ်ပျောက်ဝတ်ရုံ ဝတ်လိုက်တော့ မမြင်ရတော့ဘူး။

"ဒီလိုကိုး" ဟာမီးက တည်ငြိမ်စွာ ပြောတယ်။ "ငါတို့ အောက်ထဲမှာ .......... အခု ငါတို့ စောင့်ဖို့ပဲ ရှိတယ်။ ငါတို့ ပြန်တက်လာတာကို စောင့်ရမယ် ............"

သူမဟာ ဘတ်ခ်ဘိခ်ရဲ့ ကြိုးစကို ကိုင်ပြီး အနီးရှိ သစ်ပင်ပေါ်မှာ ခိုင်ခိုင်ချည်ထားလိုက်တယ်။ ဒိနောက် ခြောက်သွေ့တဲ့ မြေကြီးပေါ်ထိုင်ပြီး လက်နဲ့ ဒူးကို ပိုက်ထားတယ်။

"ဟယ်ရီ၊ ကိစ္စတချို့ ငါနားမလည်ဘူး ............. ဝိညာဉ်စုပ်ကောင်က ဘာဖြစ်လို့ ဆီးရီးအက်စ်ကြယ်ကို ဖမ်းလို့မရတာလဲ။ ၎င်းတို့လာတာ ငါမှတ်မိတယ်။ ဒိနောက် ငါမေ့သွားတယ်ထင်တယ် ............ ၎င်းတို့က အများကြီးပဲ ............"

ဟယ်ရီလည်း ထိုင်လိုက်တယ်။ သူက သူမကို သူမြင်ရတာ ပြောပြတယ်။ အနီးဆုံး ဝိညာဉ်စုပ်ကောင်ဟာ ၎င်းမျက်နှာကို ဟယ်ရီ့မျက်နှာနဲ့ အပ်တော့မယ့်အချိန်မှာပဲ၊ ကြီးမားတဲ့ ငွေရောင်အရာတစ်ခုဟာ ကန်ရေပြင်ကနေ အပြင်းပြေးလာပြီး ဝိညာဉ်စုပ်ကောင်ကို နောက်ဆုတ်အောင် လုပ်လိုက်တယ်။

ဟယ်ရီ ပြောပြီးတဲ့အခါမှာ၊ ဟာမီး ပါးစပ် နည်းနည်း ဟနေတယ်။

"ဒါဆို အဲဒါ ဘာများလဲ"

"ဝိညာဉ်စုပ်ကောင် ထွက်သွားအောင် လုပ်နိုင်တာ တစ်ခုပဲရှိတယ်" ဟယ်ရီက ပြောတယ်။ "အဲဒါက အစောင့်အရှောက် အစစ်။ အားကောင်းတဲ့ အစောင့်အရှောက်"

"ဒါဆို ဘယ်သူက ခေါ်ယူတာလဲ"

ဟယ်ရီ ဘာမှမပြောဘူး။ သူမြင်ခဲ့ရတဲ့ ကန်ရဲ့တစ်ဖက်က လူကို သူ ပြန်တွေးနေတယ်။ သူ ဘယ်သူလို့ ထင်တယ်ဆိုတာ သူသိတယ် .......... ဒါပေမယ့် ဘယ်ဖြစ်နိုင်မလဲ .........

"သူ့ပုံပန်းကို နင်မြင်ရလား" ဟာမီးက သိလိုဇောနဲ့ မေးတယ်။ "ဆရာ တစ်ယောက်ယောက်လား"

"မဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ "သူ ဆရာမဟုတ်ဘူး"

"ဒါဆို အဲဒါ တကယ့်ကို တန်ခိုးရှိတဲ့ မှော်ဆရာပဲ။ ဒီလောက်များတဲ့ ဝိညာဉ်စုပ်ကောင်ကို မောင်းပစ်နိုင်တယ်ဆိုတော့ .......... အဲဒီ အစောင့်အရှောက်ဟာ ဒီလောက်လင်းတဲ့အရောင်ထုတ်လွှတ်နိုင်ရင်၊ မိမိကိုယ်မိမိကော လင်းမနေဘူးလား။ နင်မမြင် .........."

"ဟုတ်တယ်လေ၊ ငါ သူ့ကို မြင်ရတယ်" ဟယ်ရီက ဖြည်းဖြည်းပြောတယ်။ "ဒါပေမယ့် ............... ဒါ ငါတွေးတာလဲ ဖြစ်မယ် .............. ထိုစဉ်က ငါ ခေါင်းသိပ်မရှင်းဘူး .............. အဲဒီနောက်မှာ ငါမေ့မြောသွားတယ် ............"

"နင် ဘယ်သူလို့ ထင်သလဲ"

"ငါထင်တယ် ------- " ဟယ်ရီက တံတွေးမျိုချလိုက်တယ်။ ဒါကြားရင် သိပ်ထူးဆန်းလိမ့်မယ်လို့ သိတယ်။ "ငါထင်တယ်၊ အဲဒါ ငါ့အဖေ"

ဟယ်ရီက ဟာမီးကို ကြည့်လိုက်တယ်။ သူမပါးစပ်ဟာ လုံးဝဟနေပြီး ပြန်မပိတ်တော့တာ တွေ့ရတယ်။ သူမက သူ့ကို ကြည့်နေတယ်။ အမူအရာက တုန်လည်းတုန်လှုပ်တယ်၊ သနားလည်းသနားတဲ့ပုံ။

"ဟယ်ရီ၊ နင့်အဖေမရှိတာ..... အင်း............ သေပြီလေ" သူမက တည်ငြိမ်စွာ ပြောတယ်။

"ငါသိတယ်" ဟယ်ရီက အမြန်ပြောတယ်။

"နင် သူ့ဝိညာဉ်ကို မြင်ရတယ် ထင်လား"

"ငါမသိဘူး ............ ဟင့်အင်း .......... သူ့ကြည့်ရတာ တကယ်လိုပဲ ..........."

"ဒါဆို --------"

"ငါ ထင်ယောင်ထင်မှား မြင်တာလဲ ဖြစ်နိုင်တယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် .................... ငါ မြင်ရသလောက် .............. သူနဲ့တူတယ် ......... ငါ့မှာ သူ့ဓာတ်ပုံရှိတယ် ........."

ဟာမီးဟာ သူ့ကို ကြည့်နေတုန်းပဲ။ သူ ခေါင်းမရှင်းဖြစ်နေမှာ စိုးရိမ်နေသလိုပဲ။

"ဒါကို ကြားရင် အရူးစကားလို့ ထင်နိုင်တယ်ဆိုတာ ငါသိတယ်" ဟယ်ရီက ပေါ့ပေါ့ပဲ ပြောတယ်။ သူဟာ ဘတ်ခ်ဘိခ်ကို လှည့်ကြည့်တယ်။ ၎င်းဟာ နှုတ်သီးကို မြေပေါ်ချပြီး ပိုးကောင်ရှာနေပုံရတယ်။ ဒါပေမယ့် ဟယ်ရီဟာ ဘတ်ခ်ဘိခ်ကို ကြည့်နေတာတော့ မဟုတ်ဘူး။

သူဟာ သူ့အဖေကို တွေးနေတယ်။ သူ့အဖေရဲ့ သူငယ်ချင်းဟောင်း သုံးယောက်ကို တွေးတယ် .......... လမျက်နှာ၊ ပိုးကောင်အမြီး၊ ခြေပြားကြီးနဲ့ ခက်ရင်းခွချွန် .............. ဒီည သူတို့ လေးယောက်စလုံး ကွင်းထဲမှာ ရှိသလား။ သူ ကန်ရေပြင်မှာ မြင်ရတာ ထင်ယောင်တာပဲလား။ သူမြင်ရတဲ့လူဟာ သိပ်ဝေးနေတော့ မရှင်းဘူး ............ ဒါပေမယ့် သူ အတော်ကြာကြာ ဒါကို သေချာစွာ ပြောနိုင်တယ်။ အဲဒါက သူ မေ့မြောမသွားခင်မှာ ..........

ခေါင်းပေါ်က သစ်ရွက်တွေ လေပြေတိုက်လို့ လှုပ်ခါနေတယ်။ လဟာ တိမ်တိုက်တွေကြားမှာ မြုပ်လိုက်ပေါ်လိုက် ဖြစ်နေတယ်။ ဟာမီးဟာ ထိုင်နေပြီး လူရိုက်မိုးမခကို မျက်နှာမူကာ စောင့်နေဆဲ။

ဒီနောက်၊ တစ်နာရီကျော်ကျော်ကြာတော့ သူတို့ နောက်ဆုံးမှာ .........

"ငါတို့ လာပြီ" ဟာမီးက အသံနိမ့်နိမ့်ပြောတယ်။

သူမရော၊ ဟယ်ရီပါ မတ်တတ်ထရပ်လိုက်ကြတယ်။ ဘတ်ခ်ဘိခ်ဟာ ခေါင်းထောင်လာတယ်။ သူတို့ဟာ လူပင်၊ ရွှန်နဲ့ ကြယ်ပုလေးပီတာတို့ မိုးမခအောက်က ကျင်းထဲကနေ ခက်ခဲစွာ တိုးထွက်လာတာ မြင်ရတယ်။ ဒီနောက်

ဟာမီးထွက်လာတယ် ................. ဒီနောက် သတိလစ်နေတဲ့ စနိတ်ပ်၊ ထူးဆန်းစွာ အပေါ်မှာလွင့်နေတယ်။ ဒီနောက်မှာတော့ ဟယ်ရီနဲ့ ဘလက်။ သူတို့ အားလုံး ရဲတိုက်ဆီ သွားကြတယ်။

ဟယ်ရီ့ရင်တွေ တအား ခုန်လာတယ်။ သူ မိုးပေါ်ကို ကြည့်လိုက်တယ်။ အခု အချိန်မရွေး တိမ်တွေ တစ်ဖက်ကို ရောက်သွားပြီး လမင်းကြီး ပေါ်လာနိုင်တယ် ..........

"ဟယ်ရီ" ဟာမီးဟာ သူဘာတွေ တွေးနေတယ်ဆိုတာကို အလွန် နားလည်သလို အသာလေးပြောတယ်။ "ငါတို့ နေရာတွင်နေမှ။ သူများအမြင်ခံလို့ မရဘူး။ ငါတို့ အခု ဘာမှ လုပ်လို့မရဘူး ............."

"ဒါဆို ငါတို့ ကြယ်ပုလေးဖိတာ ထွက်ပြေးတာ ကြည့်နေရမှာပေါ့ ........." ဟယ်ရီက တည်ငြိမ်စွာ ပြောတယ်။

"ငါတို့ အမှောင်ထဲမှာ ဘယ်လိုလုပ်ပြီး ကြွက်တစ်ကောင်ကို ရှာလို့တွေ့မှာလဲ" ဟာမီးက မာမာပြောတယ်။ "ငါတို့ ဘာမှ လုပ်လို့မရဘူး။ ငါတို့ ဒီပြန်လာတာ ဆီးရီးအက်စ်ကြယ်ကို ကူညီဖို့။ ငါတို့ တခြားဘာမှ မလုပ်သင့်ဘူး"

"ကောင်းပြီ"

လမင်းဟာ တိမ်တောင်ကြားက ပေါ်ထွက်လာတယ်။ ကွင်းကိုဖြတ်သွားတဲ့ လူရိပ်ရေးရေးလေးတွေ ရပ်သွားတာ သူတို့ မြင်ရတယ်။ ဒီနောက် လှုပ်ရှားမှုကို မြင်ရတယ် ...............

"အဲဒါ လူပင်" ဟာမီးက တိုးတိုးပြောတယ်။ "သူ ပြောင်းနေတယ်"

"ဟာမီး" ဟယ်ရီက ရုတ်တရက်ပြောတယ်။ "ငါတို့ လှုပ်ရှားမှ ဖြစ်မယ်"

"မဖြစ်ဘူး။ ငါ နင့်ကို တစ်ချိန်လုံး ပြောနေတယ်................"

"ငါ့ကို ဖြတ်မပြောနဲ့။ လူပင် သစ်တောထဲ ပြေးသွားပြီ။ ငါတို့ဘက် ပြေးလာတယ်"

ဟာမီး အသက်ရှူ အင်မတန် ပြင်းတယ်။

"မြန်မြန်" သူမက ညည်းတယ်။ ဘတ်ခ်ဘိခ် ကြိုးကို အမြန်ပြေးဖြုတ်တယ်။ "မြန်မြန်။ ငါတို့ ဘယ်သွားမလဲ။ ငါတို့ ဘယ်သွားပုန်းနေမလဲ။ ဝိညာဉ်စုပ်ကောင် လာတော့မယ်"

"ဟက်ဂရစ်အိမ်ကို ပြန်သွား" ဟယ်ရီက ပြောတယ်။

"အခု အဲဒီမှာ လူမရှိဘူး ------ လာ"

သူတို့ ပြေးတယ်။ အတတ်နိုင်ဆုံး ပြေးကြတယ်။ ဘတ်ခ်ဘိခ်ဟာ သူတို့နောက်က အပြေးလေးလိုက်လာတယ်။ ဝံပုလွေလူသား အူနေတာ သူတို့ ကြားရတယ် .......................

အိမ်ကလေးကို လှမ်းမြင်ရပြီ။ ဟယ်ရီဟာ အိမ်လေးရှေ့မှာ ရပ်လိုက်တယ်။ တံခါးကို လှည့်ဖွင့်လိုက်တယ်။ ဟာမီးနဲ့ ဘတ်ခ်ဘိခ်တို့ သူ့ဘေးက လှစ်ခနဲ ဝင်သွားတယ်။ ဟယ်ရီက သူတို့နောက်က တိုးဝင်ပြီး တံခါးချက်ချလိုက်တယ်။ တောလိုက်ခွေးအစွယ်ကြီးဟာ အသံကျယ်ကျယ် ဟောင်လိုက်တယ်။

"ရှူး၊ အစွယ်ကြီး၊ ငါတို့ပါ" ဟာမီးက ပြောတယ်။ ပြေးသွားပြီး ၎င်းရဲ့ နားရွက်ကို သပ်တယ်။ ၎င်းကို ငြိမ်သက်သွားစေတယ်။ "တကယ့်ကို နည်းနည်းပဲ လိုတယ်" သူမက ဟယ်ရီ့ကို ပြောတယ်။

"ဟုတ်တယ် ............"

ဟယ်ရီက ပြတင်းအပြင်ကို ကြည့်နေတယ်။ ဒီနေရာကနေ အပြင်မှာ ဖြစ်ပျက်တာကို ကြည့်ဖို့ အလွန်ခက်တယ်။ ဘတ်ခ်ဘိခ်ဟာ မိမိ ဟက်ဂရစ်အိမ်လေးထဲ ပြန်ရောက်လာတာကို သိပ်ဝမ်းသာသလိုပဲ။ ၎င်းဟာ မီးလင်းဖိုရှေ့မှာ လှဲလိုက်တယ်။ ကျေနပ်စွာ တောင်ပံနှစ်ဖက်ကို ချထားပြီး တရေးတမော အိပ်လိုက်ချင်သလိုပဲ။

"ငါတို့ အပြင်ပြန်သွားတာ ကောင်းမယ်ထင်တယ်၊ နင် သိပါတယ်"ဟယ်ရီက ဖြည်းဖြည်း ပြောတယ်။ "ငါတို့ အပြင်မှာ ဖြစ်တာ၊ မမြင်ရရင် အချိန်ရောက်တာတောင် သိမှာ မဟုတ်ဘူး"

ဟာမီးက သူ့ကို မော့်ကြည့်တယ်။ သူမ အမူအရာက သံသယပါတယ်။

"ငါ နောက်ထပ် ဝင်မပါတော့ပါဘူး" ဟယ်ရီက အမြန်ပြောတယ်။ "ဒါပေမယ့် တကယ်လို့ ငါတို့ အပြင်ကဖြစ်တာ မမြင်ရရင် ဘယ်အချိန်မှာ ဆီးရီးအက်စ်ကြယ်ကို သွားကယ်ရမယ်ဆိုတာ ဘယ်လိုလုပ်သိမှာလဲ"

"ဟင် ....... ကောင်းပြီ၊ ဒါဆို ......... ငါနဲ့ ဘတ်ခ်ဘိခ် ဒီမှာနေမယ်။ဒါပေမယ့် ဟယ်ရီ၊ သတိထားသွားနော် ........ အပြင်မှာ ဝံပုလေးလူသားရှိတယ်။ ပြီးတော့ ဟို ဝိညာဉ်စုပ်ကောင်တွေလဲ ရှိတယ်..........."

ဟယ်ရီဟာ အပြင်ဘက်ရောက်လာတယ်။ သူဟာ အိမ်ကလေးဘေး ကပ်သွားတယ်။ အဝေးကအော်သံကို သူကြားရတယ်။ ဒါက ဝိညာဉ်စုပ်ကောင်တွေ ဆီးရီးအက်စ်ကြယ်နား ကပ်သွားနေတယ်ဆိုတာ ဖော်ပြတယ် ............. သူနဲ့ ဟာမီးဟာ အချိန်မရွေး သူ့ဆီ ပြေးသွားနိုင်တယ် ..............

ဟယ်ရီက ကန်ရေပြင်ကို ကြည့်တယ်။ နှလုံးဟာ ရင်ထဲမှာ ဗုံထုသလို ခုန်နေတယ်။ ဟို အစောင့်အရှောက်ကို လွှတ်လိုက်တဲ့လူဟာ၊ ဘယ်သူပဲဖြစ်ဖြစ်၊ အခု အချိန်မရွေး ပေါ်လာနိုင်တယ်။

သူရပ်နေတာ တစ်မိနစ်တောင် မကြာသေးဘူး၊ ဟက်ဂရစ်တံခါးရှေ့မှာ သူ ချီတုံချတုံ ဖြစ်နေတယ်။ ဘယ်လိုမှ လူတွေ့ခံလို့ မဖြစ်ဘူး။ သူလည်း လူတွေ့မခံချင်ပါဘူး။ သူ မျှော်ကြည့်မယ် ............ သူသိဖို့လိုတယ်..........

ဟယ်ရီ စပြေးတယ်။ ခေါင်းထဲမှာ သူ့အဖေကိုပဲ တွေးနေတယ် .............. အဲဒီလူ သူသာဖြစ်ခဲ့ရင် ............... သူ သိဖို့လိုတယ်။ မြင်ဖို့လိုတယ် .....................ကန်နဲ့ နီးနီးလာပြီ။ ဒါပေမယ့် အဲဒီမှာ ဘယ်သူမှ မရှိဘူး။ ကန်ဟိုဘက်မှာ ငွေရောင် အနည်းငယ်လက်နေတယ်............... အဲဒါ သူ့ဘာသာ တွေးထင်တဲ့ အစောင့်အရှောက် ...........

ရေဘေးမှာ ချုံပုတ်တစ်ခု ရှိတယ်။ ဟယ်ရီက ချုံပုတ်ဘေး ပုန်းနေတယ်။ သစ်ရွက်ကြားကနေ အပြင်ကို ချောင်းကြည့်နေတယ်။ ကန်ဟိုဘက်က ငွေရောင် လက်လက်ဟာ ရုတ်တရက် ငြိမ်းသွားတယ်။ သူ့တစ်ကိုယ်လုံး ကြောက်လန့်ပြီး တုန်နေတယ် ............. အခု အချိန်မရွေး ————————

"လာပါတော့" သူက ရေရွတ်တယ်။ အရပ်လေးမျက်နှာကို ကြည့်တယ်။ "သင် ဘယ်မှာလဲ အဖေ၊ လာပါတော့ ————————"

ဒါပေမယ့် ဘယ်သူမှ မလာဘူး။ ဟယ်ရီက ကန်ဘေးရှိ ဝိညာဉ်စုပ်ကောင်အုပ်ကို မော့်ကြည့်တယ်။ ၎င်းတို့ အနက် တစ်ကောင်ဟာ ၎င်းရဲ့ ခေါင်းပေါင်းကို ဆွဲချနေတယ်။ ကယ်တင်မယ့်လူ ဒီအချိန်မှာ ရောက်ရမှာ ———————— ဒါပေမယ့် ဒီတစ်ခါ ဘယ်သူမှ လာမကူညီဘူး............

ဒီနောက် သူ့ကို အသိပေးလိုက်သလိုပဲ ------- သူ နားလည်သွားပြီ။ သူ သူ့အဖေကို မမြင်ရဘူး -------- သူမြင်တာက မိမိကိုယ်မိမိ ဖြစ်တယ်။

ဟယ်ရီက ချုံပုတ်နောက်က ခုန်ထွက်လာပြီး မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

"အစောင့်အရှောက်ကို တိုင်တည်ပါတယ်" သူက အော်တယ်။

သူ့မှော်ကြိမ်လုံး ထိပ်ဖျားက ထွက်လာတာက ပုံမလာတဲ့ နှင်းလုံးအရာတွေ မဟုတ်ဘဲ လူကို မျက်စိပြာသွားစေတဲ့ ငွေရောင် တိရစ္ဆာန်တစ်ကောင်။ သူက မျက်စိမှေးပြီး အဲဒါ ဘာလဲဆိုတာ သေချာကြည့်တယ်။ မြင်းနဲ့တူတယ်။ ၎င်းက သူ့ကို ခွဲခွာပြီး အနက်ရောင် ကန်ရေပြင်ဖြတ်ပြီး အပြင်းနှင်သွားတယ်။ ၎င်းဟာ ဦးနှိမ့်ပြီး ဟို ဝိညာဉ်စုပ်ကောင်အုပ်ကြီးဆီ ထိုးဝင်သွားတယ်........... အခု ၎င်းဟာ မြေပြင်ရှိ မည်းမည်းရုပ်သဏ္ဍာန်တွေကို ပတ်ပတ်ပြီး ပြေးနေတယ်။ ဝိညာဉ်စုပ်ကောင် နောက်ဆုတ်သွားတယ်။ ပြိုကွဲပြီး အမှောင်ထဲ ပျောက်သွားတယ် ........... ၎င်းတို့ သွားကြပြီ။

အဲဒီ အစောင့်အရှောက်ဟာ လှည့်လိုက်တယ်။ ၎င်းဟာ ငြိမ်သက်တဲ့ ကန်ရေပြင်ကိုဖြတ်ပြီး ဟယ်ရီ့ဆီကို ဖြည်းဖြည်း ပြေးလာတယ်။ ၎င်းဟာ မြင်းမဟုတ်ဘူး။ ဂျိုတစ်ဂျို တိရစ္ဆာန်လည်း မဟုတ်ဘူး။ ၎င်းဟာ သမင်ဖို ဖြစ်တယ်။ ၎င်းတစ်ကိုယ်လုံး လင်းလက်နေတယ်။ မိုးပေါ်က လမင်းလိုပဲ ....... ၎င်းဟာ သူ့ဆီကို ပြေးလာနေတယ် ...........

၎င်းဟာ ကမ်းစပ်မှာ ရပ်သွားတယ်။ မြေပျော့ပျော့ပေါ်မှာ ၎င်းခြေရာ မကျန်ရစ်ဘူး။ ၎င်းရဲ့ ငွေရောင်မျက်လုံးကြီးဟာ ဟယ်ရီ့ကို ကြည့်နေတယ်။ ၎င်းဟာ သမင်ဂျိုပါတဲ့ ခေါင်းကို ဖြည်းဖြည်း ငုံ့ချလိုက်တယ်။ ဒါနဲ့ ဟယ်ရီ နားလည်သွားပြီ ...........

ဒါပေမယ့် သူဟာ ၎င်းဆီ တုန်ယင်နေတဲ့လက် ကမ်းပေးတဲ့အခါမှာ ၎င်းပျောက်သွားရော။

ဟယ်ရီဟာ နေရာတွင် ရပ်ပြီး လက်ကို ဆန့်ထုတ်ထားတုန်းပဲ။ ဒီနောက် နှလုံးက ရုတ်တရက် ခုန်သွားတယ်။ သူ့နောက်ဖက်မှာ ခွာသံကြားရတယ် ......... သူ လှည့်ကြည့်လိုက်တယ်။ ဟာမီးက ဘတ်ခ်ဘိခ်ကို ဆွဲပြီး သူ့ဆီပြေးလာတာ မြင်ရတယ်။

"နင်ဘာတွေ လုပ်လဲ" သူမက တအား ဒေါပွနေတယ်။ "နင်အပြင် ထွက်ကြည့်ရုံလေးဆို"

"ငါ ခုတင်ပဲ ငါတို့အားလုံးရဲ့ အသက်ကို ကယ်လိုက်တယ် .........."ဟယ်ရီက ပြောတယ်။ "ဒီနောက်ကိုလာ။ ဒီချုံပုတ်နောက်ကို လာ၊ ငါ ရှင်းပြမယ်"

ဟာမီးဟာ ခုနက ဖြစ်ပွားတဲ့အကြောင်းကို ကြားပြီးနောက်၊ ပါးစပ်မစေ့နိုင်အောင် ဖြစ်သွားပြန်တယ်။

"နင့်ကို လူတွေ့သွားလား"

"မြင်တယ်၊ နင် နားထောင်နေတာပဲဟာ။ ငါက ငါ့ကိုမြင်တယ်။ ဒါပေမယ့် ငါက ငါ့အဖေလို့ ထင်တာ။ ဘာမှ မဖြစ်ပါဘူး"

"ဟယ်ရီ၊ ငါမယုံနိုင်ဘူး ---- နင်က ဝိညာဉ်စုပ်ကောင်အားလုံးကို မောင်းပစ်နိုင်တဲ့ အစောင့်အရှောက်ကို ခေါ်နိုင်တယ်ဆိုတာ။ ဒါဟာ အလွန့်အလွန် အဆင့်မြင့်တဲ့ မှော်ပညာ ..........."

"ဒီတစ်ကြိမ် ငါလုပ်နိုင်ပြီဆိုတာ ငါသိတယ်" ဟယ်ရီက ပြောတယ်။ "ငါလုပ်ပြီးလို့ပဲ .......... ဒီလိုပြောတာ အကျိုးအကြောင်း ဆီလျော်လား"

"ငါမသိဘူး -------- ဟယ်ရီ၊ စနိတ်ပ်ကို ကြည့်'

သူတို့ဟာ ချုံပုတ်ကနေ ကန်ဟိုဘက်ကို အတူတကွ လှမ်းကြည့်ကြတယ်။ စနိတ်ပ် သတိရလာပြီ။ သူက ထမ်းစင်ခေါ်နေတယ်။ ဟယ်ရီ၊ ဟာမီးနဲ့ ဘလက်တို့ရဲ့ မလှုပ်မယှက် ခန္ဓာကိုယ်ကို ထမ်းစင်ပေါ် တင်နေတယ်။ စတုတ္ထထမ်းစင်ပေါ်ကဟာ ရွန်ဖြစ်တယ်။ ၎င်းဟာ စနိတ်ပ်ဘေးမှာ လွင့်နေတယ်။ ဒီနောက် သူဟာ မှော်ကြိမ်လုံးကို မျက်နှာရှေ့မြှောက်လိုက်ပြီး ဒီလူသိုက်ကို ရဲတိုက်ထဲ ရွှေ့သွားတယ်။

"ဟုတ်ပြီ၊ အချိန်သိပ်မလိုတော့ဘူး" ဟာမီးက နာရီကြည့်ရင်း စိတ်လှုပ်ရှားစွာ ပြောတယ်။ "ကျောင်းဆေးရုံ လူနာခန်းကို ဒမ်ဘလီဒိုး သော့မခတ်ခင်၊ ငါတို့မှာ ၄၅မိနစ် ရှိသေးတယ်။ ငါတို့ဟာ ငါတို့ပျောက်သွားတာ လူတွေ မတွေ့ခင် မှာ ဆီးရီးအက်စ်ကြယ်ကို ကယ်ထုတ်ပြီး လူနာခန်းပြန်ရောက်နေရမယ် ............"

သူတို့ စောင့်နေကြတယ်။ ကန်ထဲမှာ အရိပ်ပေါ်နေတဲ့ တိမ်တိုက်တွေကို ကြည့်နေတယ်။ ဒီအချိန်မှာ သူတို့ဘေးက ချုံပုတ်လေးဟာ လေပြေမှာတိုးတိုး စကားပြောနေတယ်။ ဘတ်ခ်ဘိခ်ဟာ ပျင်းလာပြီး ပိုးကောင် ရှာနေပြန်တယ်။

"သူ ဟိုရောက်သွားပြီလို့ နင်ခန့်မှန်းလား" ဟယ်ရီက ပြောတယ်။ မိမိနာရီကို ကြည့်တယ်။ ဒီနောက် ရဲတိုက်ကို မော့်ကြည့်တယ်။ အနောက်အိမ်ချွန်ညာဘက်က ပြတင်းကို စတင်ရေတွက်တယ်။

"ကြည့်" ဟာမီးက တိုးတိုးပြောတယ်။ "အဲဒါ ဘယ်သူလဲ။ ရဲတိုက်ထဲက လူထွက်လာတယ်"

ဟယ်ရီဟာ အမှောင်ကို ဖြတ်ပြီး ကြည့်နေတယ်။ အဲဒီလူဟာ ကွင်းကို မြန်မြန်ဖြတ်ပြီး ဝင်ပေါက်တစ်ခုဆီ သွားတယ်။ သူ့ခါးမှာ တစ်ခုခုလက်နေတယ်။

"မက်နေအာ" ဟယ်ရီက ပြောတယ်။ "ဟို ပါးကွက်သား။ သူ ဟိုဝိညာဉ်စုပ်ကောင်တွေဆီ သွားတာ။ ဒီလို၊ ဟာမီး............"

ဟာမီးဟာ လက်နှစ်ဖက်ကို ဘတ်ခ်ဘိခ်ကိုယ်ပေါ် တင်လိုက်တယ်။ ဟယ်ရီက သူမကို ခြေတစ်ဖက်အပေါ်ရောက်အောင် ကူညီတယ်။ ဒီနောက် သူဟာ ခြေတစ်ချောင်းကို ချုံပုတ်ရဲ့ အကိုင်းနိမ့်ပေါ် နင်းပြီး တက်သွားတယ်။ သူမရှေ့မှာ ထိုင်လိုက်တယ်။ သူဟာ ဘတ်ခ်ဘိခ်ကြိုးကိုဆွဲပြီး မိမိလည်ပင်းပေါ် တင်လိုက်တယ်။ ဒီနောက် မိမိကော်လာရဲ့ တခြားတစ်ဖက်မှာ ချည်ထားတယ်။ ဇက်ကြိုးလိုပဲ။

"ရပြီလား" သူက ဟာမီးကို တိုးတိုးမေးတယ်။ "နင် ငါ့ကို ကိုင်ထားရင် ကောင်းမယ်"

သူဟာ ခြေဖနောင့်နဲ့ ဘတ်ခ်ဘိခ်နံဘေးကို ထိလိုက်တယ်။ ဘတ်ခ်ဘိခ်ဟာ ညမိုးကောင်းကင်ထဲ ပျံတက်သွားတယ်။ ဟယ်ရီက ဒူးနှစ်ဖက်နဲ့ ဘတ်ခ်ဘိခ်ကို ညှပ်ထားတယ်။ တောင်ပံကြီးနှစ်ခုဟာ အောက်ဖက်မှာ အားရှိစွာ ရိုက်ခတ်နေတာ ခံစားရတယ်။ ဟာမီးက ဟယ်ရီ့ခါးကို တအားဖက်ထားတယ်။ သူက သူမ တစ်တွတ်တွတ် ဘာသာ ပြောနေတာ ကြားတယ်။ "အော၊ ဟင့်အင်း .............. ငါ ဒါမျိုး မနှစ်သက်ဘူး ........ အော၊ ငါတကယ့်ကို ဒီလိုမျိုး မကြိုက်ဘူး................"

ဟယ်ရီက ဘတ်ခ်ဘိခ်ကို ရှေ့ပြန်သွားဖို့ တွန်းဆော်တယ်။ သူတို့ဟာ တိတ်တိတ်လေး ရဲတိုက်အပေါ်ဘက်သို့ ဝဲပျံသွားတယ်............. ဟယ်ရီက ဘယ်ဘက်ကကြိုးကို အတင်းဆွဲတယ်။ ဘတ်ခ်ဘိခ် ကွေ့သွားတယ်။ ဟယ်ရီက သူ့ဘေးမှာ ဖြတ်သွားနေတဲ့ ပြတင်းပေါက်တွေကို ကြိုးစားရေတွက်တယ် ...........

"ဟော" သူက ပြောပြီး နောက်ကို အတင်းဆွဲတယ်။

ဘတ်ခ်ဘိခ်ဟာ အရှိန်နှေးလိုက်တယ်။ သူတို့ရပ်သွားတာ သိလိုက်တယ်။ ဒါပေမယ့် မိုးပေါ်မှာပဲ နိမ့်ချည်မြင့်ချည် လုပ်နေတယ် ............ ဒီလိုမလုပ်ရင် ဘတ်ခ်ဘိခ် မိုးပေါ်မှာ ရပ်လို့မရဘူး။

"သူ ဘယ်မှာလဲ" ဟယ်ရီက ပြောတယ်။ သူတို့ အဲဒီ ပြတင်းဘေး မြင့်တက်လာတော့ ဘလက်ကို တွေ့ရတယ်။ သူဟာ လက်လှမ်းပြီး ဘတ်ခ်ဘိခ် အောက်နိမ့်ဆင်းတဲ့အခါမှာ ပြတင်းကိုခေါက်တယ်။

ဘလက်ဟာ မော့ကြည့်လိုက်တော့ သူတို့ကို တွေ့တယ်။ သူ့မေးမှာ ဒဏ်ရာရတာ ဟယ်ရီမြင်တယ်။ သူဟာ ကုလားထိုင်ပေါ်က ခုန်ထပြီး ပြတင်းရှေ့ပြေးလာတယ်။ ပြတင်းကို ဖွင့်ဖို့လုပ်တယ်။ ဒါပေမယ့် ပြတင်းကို သော့ခတ်ထားတယ်။

"နောက်ဆုတ်" ဟာမီးက ဟယ်ရီကို အော်တယ်။ သူမဟာ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ လက်တစ်ဖက်က ဟယ်ရီ့ ဝတ်ရုံကျောဘက်ကို ဆွဲထားတယ်။

BURMESE CLASSIC .com

"အာလိုဟိုမိုရာ"

ပြတင်းဟာ ရုတ်တရက် ပွင့်သွားတယ်။

"ဘယ်လိုလဲ .......... ဘယ်လိုလဲ ........." ဘလက်က အားနည်းစွာ ပြောတယ်။ ဟစ်ပိုဂရစ်ဖ်ကို ကြည့်နေတယ်။

"တက်ခဲ့ --------- အချိန်သိပ်မရှိတော့ဘူး" ဟယ်ရီက ပြောတယ်။ ဘတ်ခ်ဘိခ်ရဲ့ လည်ပင်းသွယ်သွယ် ဘေးနှစ်ဖက်ကို ဖမ်းထားပြီး တည်ငြိမ်အောင် လုပ်တယ်။ "သင် ဒီကထွက်သွားမှ ဖြစ်မယ် ------- ဝိညာဉ်စုပ်ကောင် လာတော့မယ်။ မက်နေအာ ၄င်းတို့ကို သွားခေါ်နေပြီ"

ဘလက်ဟာ လက်နှစ်ဖက်နဲ့ ပြတင်းဘောင်ကို ကိုင်ပြီး ခေါင်းနဲ့ ပခုံးကို အပြင်ထုတ်လိုက်တယ်။ သူသိပ်ပိန်လွန်းလို့ တော်သေးတယ်။ စက္ကန့်အနည်းငယ်အတွင်းမှာ သူဟာ ခြေတစ်ချောင်းကို ဘတ်ခ်ဘိခ် ကျောပေါ် ချပြီး ဟစ်ပိုဂရစ်ဖ်ကျောပေါ် တက်လိုက်တယ်။ ဟာမီးနောက်မှာ ထိုင်လိုက်တယ်။

"ကောင်းပြီ၊ ဘတ်ခ်ဘိခ်၊ အထက်ကိုပျံ" ဟယ်ရီက ကြိုးကို လှုပ်ပြီးပြောတယ်။ "အိမ်ချွန်ပေါ်ပျံ။ လာ"

အဲဒီ ဟစ်ပိုဂရစ်ဖ်ဟာ တောင်ပံဖြန့်ပြီး အထက်သို့ ပျံသွားတယ်။ အနောက်အိမ်ချွန်ထိပ်နဲ့ ညီတဲ့အထိ ပျံတက်တယ်။ ဘတ်ခ်ဘိခ်ဟာ ဒတ်ခနဲ သူရဲခို တံတိုင်းပေါ် ဆင်းလိုက်တယ်။ ဟယ်ရီနဲ့ ဟာမီးဟာ ချက်ချင်း ၄င်းကျောပေါ်က လျှောဆင်းလိုက်တယ်။

"ဆီရီးအက်စ်ကြယ်၊ မြန်မြန်သွားရင် ကောင်းမယ်" ဟယ်ရီက မောမောနဲ့ပြောတယ်။ "သူတို့ အချိန်မရွေး ဖလစ်ဝစ် ရုံးခန်းသွားနိုင်တယ်။ သင်ထွက်ပြေးတာ သူတို့ တွေ့သွားလိမ့်မယ်"

ဘတ်ခ်ဘိခ်ဟာ ခြေသည်းနဲ့ မြေကြီးကိုကုတ်ပြီး ၄င်းရဲ့ ခေါင်းချွန်ချွန်ကို မော့လိုက်တယ်။

"ဟိုကောင်လေး ဘယ်နှယ့်နေလဲ။ ရှုန်လား" ဘလက်က ပူပန်စွာ မေးတယ်။

"သူ ဘာမှ မဖြစ်နိုင်ပါဘူး ------- သူ သိပ်နေမကောင်းသေးဘူး။ ဒါပေမယ့် မဒမ်ဖွမ်ဖရေက သူမ သူ့ကို ပိုကောင်းလာအောင် လုပ်နိုင်တယ်တဲ့။ မြန်မြန် ------ သွားတော့ "

ဒါပေမယ့် ဘလက်က ဟယ်ရီ့ကို ကြည့်နေတုန်းပဲ။

"ကျုပ်မင်းတို့ကို ဘယ်လို ကျေးဇူးဆပ်ရမလဲ"

"သွားတော့" ဟယ်ရီနဲ့ ဟာမီး ပြိုင်တူအော်တယ်။ ဘလက်ဟာ ဘတ်ခ်ဘိခ်ကို ဦးလှည့်စေပြီး မိုးပေါ်သို့ တည့်တည့်ပျံတက်သွားတယ်။

"ကျုပ်တို့ ပြန်တွေ့ဦးမှာ" သူက ပြောတယ်။ "မင်းဟာ ---- မင်းဟာ မင်းအဖေရဲ့ သားကောင်း အစစ်ပဲ၊ ဟယ်ရီ"

သူဟာ ခြေဖနောင့်နဲ့ ဘတ်ခ်ဘိခ်နံဘေးကို ထိညှပ်လိုက်တယ်။ ဧရာမအတောင်ကြီးဟာ ပြန့်ကားလာပြန်တယ်။ ဟယ်ရီနဲ့ ဟာမီးဟာ နောက်သို့ အမြန်ခုန်ထွက်လိုက်တယ် ..... အဲဒီ ဟစ်ပိုဂရစ်ဖ်ဟာ မိုးပေါ်ပျံတက်သွားတယ် ......... ဟယ်ရီက ၎င်းတို့ကို မျက်စိနဲ့ လိုက်ကြည့်တယ်။ ၎င်းနဲ့ ၎င်းကို စီးတဲ့လူ ကြာလေ သေးလေ .......... ဒိနောက် တိမ်တစ်စုက လကို ကွယ်သွားတယ် .......... သူတို့ သွားကြပြီ။

• • • • • • •

## ၂၂။ ဗီးကွက် စာပို့ပြန်ပြီ

"ဟယ်ရီ"

ဟာမီးက သူ့အင်္ကျီလက်ကို ဆွဲတယ်။ တစ်ဖက်က သူမ နာရီကို ကြည့်တယ်။ "ငါတို့ အတော်ပဲ၊ ဆယ်မိနစ် ကျန်သေးတယ်။ ငါတို့ လူနာခန်းပြန်ရမယ်။ ဘယ်သူမှ တို့ကို မတွေ့စေနဲ့၊ ဒမ်ဘလီဒိုး ငါတို့ကို သော့ခတ်မထားခင်မှာ ............"

"ပြဿနာ မရှိဘူး" ဟယ်ရီက ပြောတယ်။ အကြည့်ကို မိုးပေါ်က ပြန်ရုပ်လိုက်တယ်။ "သွားကြစို့......"

သူတို့ဟာ ကျောဘက်က တံခါးရှေ့လမ်းကို လစ်ထွက်ခဲ့ပြီး အလွန်မတ်တဲ့ ကျောက်ကြောင်လိမ်လှေခါးက ဆင်းခဲ့ကြတယ်။ သူတို့လှေခါးခြေရင်းရောက်တော့ စကားပြောသံကြားတယ်။ သူတို့ဟာ နံရံကပ်နေပြီး နားထောင်တယ်။ ဖဒ်ဂ်နဲ့ စနိတ်ပ်လိုပဲ။ သူတို့ဟာ ဒီလှေခါးအောက်ခြေက စင်္ကြံအတိုင်း အလျင်အမြန် လျှောက်လာတယ်။

"................... ဟို ဝိညာဉ်စုပ်ကောင်တွေ ပြဿနာမရှုပ်ဖို့ပဲ မျှော်လင့်တယ်" စနိတ်ပ်က ပြောနေတယ်။ "ချက်ချင်း သူ့ကို ဟို အနမ်းပေးမှာလား"

"မက်နေအာ ဟိုအကောင်ကို ခေါ်လာရင်ရပြီ။ ဒီဘလက် အရေးအခင်းတစ်ခုလုံးဟာ တော်တော် အလုပ်ရှုပ်ခက်တယ်။ ကျုပ်ဟာ ကြိုပြောသူများ နေ့စဉ်ကို ကျုပ်တို့ သူ့ကို ဖမ်းမိပြီလို့ ဘယ်လောက် ပြောချင်တယ်ဆိုတာ ခင်ဗျားကိုတောင် ပြောဖို့ခက်တယ် ........... သူတို့က ခင်ဗျားကို လာဗျူးမှာ သေချာတယ်။ စနိတ်ပ် .......... ပြီးတော့၊ ဟယ်ရီလေး ဦးနှောက် ပုံမှန်ပြန်ဖြစ်လာရင်၊ သူက ကြိုပြောသူများ နေ့စဉ်ကို ခင်ဗျား သူ့ကို ဘယ်လိုကယ်ခဲ့တယ်ဆိုတာ ပြောလိမ့်မယ်လို့ ကျွန်တော် ထင်တယ် ......."

ဟယ်ရီက အံအကြိတ်ကြိတ် ဖြစ်နေတယ်။ စနိတ်ပ်နဲ့ ဖဒ်ဂ်ဟာ ဟယ်ရီနဲ့ ဟာမီး ပုန်းနေတဲ့နေရာက ဖြတ်သွားတယ်။ ဟယ်ရီက စနိတ်ပ် မျက်နှာပေါ်က လှုပ်ရှယ်သံကို မြင်လိုက်သေးတယ်။ သူတို့ ခြေသံ ပျောက်သွားတယ်။ ဟယ်ရီနဲ့ ဟာမီးဟာ ခဏစောင့်နေလိုက်သေးတယ်။ သူတို့ တကယ် သွားမှန်းသိမှ ဆန့်ကျင်ဘက်သို့ ပြေးသွားတယ်။ လှေခါးတစ်ခုကို ဆင်း၊ နောက်ထပ်လှေခါးတစ်ခု ဆင်းပြီး မသွားဖူးတဲ့ စင်္ကြံတစ်ခုကနေ ........ ဒီနောက် ရှေ့ဘက်ကနေ တခစ်ခစ် ရယ်သံကြားရတယ်။

"သရဲ ဖီးဗိစ်" ဟယ်ရီက ဟာမီးလက်ကို ဆွဲပြီး ပြောတယ်။ "ဒီမှာ"

သူတို့ဟာ ဘယ်ဘက်က ကျောင်းခန်းအလွတ်ထဲ အချိန်မီ ဝင်ပုန်းနေလိုက်တယ်။ သရဲဖီးဗိစ်ဟာ သိပ်တက်ကြွနေသလိုပဲ။ တစ်လမ်းလုံး ခုန်ပေါက်နေတယ်။ အပျော်ကြီး ပျော်နေတယ်။

"အော၊ ၄င်း သိပ်ကြောက်ဖို့ကောင်းတယ်" ဟာမီးက နားနားကပ်ပြောတယ်။ တံခါးပေါ် နားအပ်လိုက်တယ်။ "ငါ ပြောရဲတယ်။ ၄င်း ဒီလောက် ပျော်နေတာဟာ ဝိညာဉ်စုပ်ကောင်တွေ ဆီးရီးအက်စ်ကြယ်ကို လာစီရင်မှာမို့ ........." သူမဟာ နာရီကို ကြည့်လိုက်တယ်။ "သုံးမိနစ်၊ ဟယ်ရီ"

သူတို့ စောင့်နေတယ်။ နောက်ဆုံး သရဲဖီးဗိစ်ရဲ့ သူများ ဒုက္ခရောက်မှာ ပျော်တဲ့အသံ အဝေးမှာ ပျောက်သွားတော့မှ ကျောင်းခန်းက လစ်ထွက်ပြီး တအားပြေးပါလေရော။

"ဟာမီး ---- တကယ်လို့ ငါတို့ ------ ဒမ်ဘလီဒိုး တံခါး ---- တံခါးမပိတ်ခင် ---- ပြန်မရောက်ရင် --- ဘာဖြစ်မလဲ " ဟယ်ရီက ဟောဟဲ ဟောဟဲနဲ့ မေးတယ်။

"ငါ ဒါမစဉ်းစားချင်ဘူး" ဟာမီးက ပြတ်ပြတ်ပြောတယ်။ နာရီကြည့်ပြန်တယ်။ "တစ်မိနစ်"

သူတို့ဟာ စင်္ကြံအဆုံး ကျောင်းဆေးရုံအဝင်ဝကို ရောက်လာပြီ။ "ကောင်းပြီ ---- ဒမ်ဘလီဒိုး စကားပြောတာ ကြားရပြီ" ဟာမီးက ပူပင်စွာ ပြောတယ်။ "ကြိုးစား၊ ဟယ်ရီ"

သူတို့ဟာ ကိုယ်ကို ကုန်းပြီး စင်္ကြံအတိုင်း ရှေ့တိုးသွားတယ်။ တံခါးပွင့်သွားတယ်။ ဒမ်ဘလီဒိုး ကျောဘက်က ပေါ်လာတယ်။

"ကျုပ် မင်းတို့ကို ဒီမှာ သော့ခတ်ထားမယ်" သူပြောတာ သူတို့ ကြားရတယ်။ "အခုအချိန်က ည ၁၂နာရီထိုးဖို့ ငါးမိနစ်လိုသေးတယ်။ မစ်ဂရန်ဂျာ၊ သုံးကြိမ်လှည့်လိုက်ရင် ရပြီ။ ကံကောင်းပါစေ"

ဒမ်ဘလီဒိုးက အခန်းထဲက ထွက်ပြီး တံခါးကို ပိတ်တယ်။ မှော်ကြိမ်လုံးဆွဲထုတ်ပြီး မှော်ပညာနဲ့ သော့ခတ်ထားတယ်။ ဟယ်ရီနဲ့ ဟာမီးတို့ဟာ တုန်လှုပ်စွာ ရှေ့ကို ပြေးလာတယ်။ ဒမ်ဘလီဒိုးက မော့်ကြည့်ပြီး နှာခေါင်းမွေး ရှည်ရှည်အောက်က အပြုံးပေါ်လာတယ်။ "ဟင်" သူက တည်ငြိမ်စွာ ပြောတယ်။

"ကျွန်တော်တို့ အောင်မြင်ပြီ" ဟယ်ရီက အသက်မှန်မှန် မရှူနိုင်ဘဲ ပြောတယ်။ "ဆီးရီးအက်စ်ကြယ် သွားပြီ။ ဘတ်ခ်ဘိခ်ကို စီးသွားတယ် .........."

ဒမ်ဘလီဒိုးဟာ သူတို့ကို ပြုံးပြုံးကြီး ကြည့်နေတယ်

"မင်းတို့တော်တယ်။ ငါထင်တယ်------" သူက ကျောင်းဆေးရုံထဲမှ ဘာသံရှိလဲလို့ စိုးရိမ်စွာ နားထောင်တယ်။ "ကောင်းပြီ၊ ကျုပ်က မင်းတို့လဲ သွားပြီထင်တာ။ ဝင်ကြ ------ ကျုပ် မင်းတို့ကို သော့ခတ်ထားမယ်"

ဟယ်ရီနဲ့ ဟာမီးဟာ လူနာခန်းထဲ လစ်ဝင်သွားတယ်။ အဲဒီမှာ လူမရှိဘူး။ ရွန်ပဲ ရှိတယ်။ ရွန်ဟာ မေ့နေပြီး ကုတင်ပေါ်အိပ်လျက်။ တံခါးသော့ဟာ သူတို့နောက်မှာ အသာလေး အသံထွက်လာတယ်။ ဟယ်ရီနဲ့ ဟာမီးတို့ မိမိတို့ကုတင်ပေါ် တက်လိုက်ကြတယ်။ ဟာမီးက အချိန်မှတ်ကြိယာကို ဝတ်ရုံထဲပြန်ထည့်လိုက်တယ်။ မဒမ်ဖွမ်ဖရေဟာ သူမရုံးခန်းကနေ ပြန်လာနေပြီ။

"ကျောင်းအုပ်သွားတာ ကြားတယ်၊ ဟုတ်လား။ ငါ့ လူနာတွေကို ပြုစုလို့ ရပလား"

သူမဟာ စိတ်သိပ်ပျော်ပုံမရဘူး။ ဟယ်ရီနဲ့ ဟာမီးဟာ အကောင်းဆုံး ငြိမ်ငြိမ်လေး သူမပေးတဲ့ ချော့ကလက်ကို ယူတာကောင်းမယ်လို့ ထင်တယ်။ မဒမ်ဖွမ်ဖရေက သူတို့ကုတင်ရှေ့ရပ်ပြီး သူတို့ ချော့ကလက်စားပစ်တာ ကြည့်နေတယ်။ ဒါပေမယ့် ဟယ်ရီက မျိုချလို့မရဘူး။ သူနဲ့ ဟာမီးဟာ စောင့်နေတယ်။ နားစွင့်နေတယ်။ စိတ်ထဲမှာ နေရခက်နေတယ်............ သူတို့နှစ်ယောက်စလုံး မဒမ်ဖွမ်ဖရေ လက်ထဲက စတုတ္ထချော့ကလက်ခဲကို ယူလိုက်တဲ့အခါမှာ၊ အပေါ်ဘက်တစ်နေရာက ဒေါသနဲ့ အော်ဟစ်သံကို သူတို့ကြားရတယ် ............

"ဘယ်လိုဖြစ်တာလဲ" မဒမ်ဖွမ်ဖရေက ထိတ်လန့်စွာ မေးတယ်။

အခု ဒေါသနဲ့ ပြောဆိုတဲ့အသံကို သူတို့ကြားရပြီ။ ကြာလေကျယ်လေပဲ။ မဒမ်ဖွမ်ဖရေက တံခါးကို စိုက်ကြည့်နေတယ်။

"တကယ်ပဲ ----- သူတို့ကြောင့် ရှိသမျှလူတွေ နိုးကုန်လိမ့်မယ်။ သူတို့ ဘာလုပ်နေတယ်များ ထင်နေလဲ"

ဒီအသံတွေ ဘာပြောနေတယ်ဆိုတာ ဟယ်ရီကြားချင်တယ်။ သူတို့ နီးလာပြီ .........

"သူ ရုပ်ပြောင်းပြီး ထွက်သွားတာ ဖြစ်မယ်၊ ဆီးဗရတ်စ်။ ကျုပ်တို့ အခန်းထဲမှာ အစောင့်ထားရမှာ။ ဒီလိုထွက်ပြေးတာ .........."

"သူ ရုပ်မပြောင်းဘူး" စနိတ်ပ်က အော်တယ်။ အသံ အလွန်နီးလာတယ်။ "ရဲတိုက်ထဲမှာ ဘယ်သူမှ ရုပ်ပြောင်းလို့ မရဘူး၊ ဒါမှမဟုတ် မူလရုပ်ပြန်ဖော်လို့လဲ မရဘူး။ ဒီကိစ္စ ---- ပေါ်တာ ----- နဲ့ ---- ပတ်သက်တယ်"

"ဆီးဗရတ်စ် ----- အကျိုးနဲ့အကြောင်းနဲ့ ပြောပါ -------- ဟယ်ရီ့ကို သော့ခတ်ထားတယ် -----"

ဒိုင်း။

ကျောင်းဆေးရုံတံခါး ဆောင့်ဖွင့်ခံရတယ်။

ဖဒ်ဂ်၊ စနိတ်ပ်နဲ့ ဒမ်ဘလီဒိုး ခြေလှမ်းကျဲကျဲ ဝင်လာတယ်။ ဒမ်ဘလီဒိုး တစ်ယောက်ပဲ တည်တည်ငြိမ်ငြိမ် ရှိတယ်။ တကယ်ပဲ၊ သူ့ကြည့်ရတာ အတော်ပေါ့ပါးပြီး ဝမ်းသာနေသလိုပဲ။ ဖဒ်ဂ်က စိတ်ဆိုးနေတယ်။ စနိတ်ပ်က ဒေါသထွက်လို့ ဖြစ်ချင်တိုင်း ဖြစ်နေတယ်။

“ပြောထုတ်စမ်း၊ ပေါ်တာ” သူက အော်ဟောက်တယ်။ “မင်း ……… မင်း ဘာတွေ လုပ်ခဲ့သလဲ”

“ပါမောက္ခ စနိတ်ပ်” မဒမ်ဖွမ်ဖရေက စူးရှစွာ အော်ပြောတယ်။ “ကိုယ့်ကို ကိုယ် ချုပ်ထိန်းပါဦး”

“ဒီမှာ ကြည့်ပါ။ စနိတ်ပ်၊ အကျိုးအကြောင်းရှိမှပေါ့” ဖဒ်ဂ်က ပြောတယ်။ “တံခါးက သော့ခတ်ထားတာ။ ကျုပ်တို့ ခုနက မြင်ရပြီ ………”

“သူတို့က သူ့ကို ထွက်ပြေးဖို့ ကူညီတယ်။ ကျုပ်သိတယ်” စနိတ်ပ်က အော်တယ်။ ဟယ်ရီနဲ့ ဟာမီးကို လက်ညှိုးထိုးထားတယ်။ သူ့မျက်နှာ လိမ်တွန့်နေတယ်။ တံတွေးတွေ လွင့်ပျံနေတယ်။

“တည်ငြိမ်စမ်းပါ၊ မိတ်ဆွေ” ဖဒ်ဂ်က အကျယ်ကြီး အော်ပြောတယ်။ “ခင်ဗျား အလကား လျှောက်ပြောနေတယ်”

“ခင်ဗျား ပေါ်တာကို နားမလည်ဘူး” စနိတ်ပ်က စူးစူးရှရှ အော်ပြောတယ်။ “သူလုပ်တာ။ သူလုပ်တယ်ဆိုတာ ကျွန်တော်သိတယ်”

“တော်ပြီ၊ ဆီးဗရတ်စ်” ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ “ခင်ဗျား ဘာတွေပြောတယ်ဆိုတာ စဉ်းစားပါဦး။ လွန်ခဲ့တဲ့ ဆယ်မိနစ်က ကျုပ် လူနာခန်းက ထွက်သွားတော့ တံခါးကို သော့ခတ်ထားပြီ။ မဒမ်ဖွမ်ဖရေ၊ ဒီကျောင်းသားတွေ တခြားသွားသေးလား”

“မသွားပါဘူး” မဒမ်ဖွမ်ဖရေက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ “ရှင်တို့ ထွက်သွားပြီးနောက် ကျွန်မ သူတို့အနားမှာ ရှိနေတယ်”

“ကောင်းပြီ။ နားထောင်၊ ဆီးဗရတ်စ်” ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ “ခင်ဗျားသဘောက ဟယ်ရီနဲ့ ဟာမီးဟာ တစ်ချိန်ထဲ နှစ်နေရာမှာ ထွက်ပေါ်လာနိုင်မှ၊ နို့မို့ရင် သူတို့ကို နောက်ထပ် နှောင့်ယှက်နေတာ အဓိပ္ပာယ်မရှိတော့ဘူး”

စနိတ်ပ်ဟာ ရပ်နေပြီး ဖဒ်ဂ်ကို ကြည့်လိုက်၊ ဒမ်ဘလီဒိုးကို ကြည့်လိုက် လုပ်နေတယ်။ ဖဒ်ဂ်ဟာ စနိတ်ပ်ပြောဆိုပြုမူတာကို အံ့သြမဆုံး ဖြစ်နေတယ်။ ဒမ်ဘလီဒိုးမျက်လုံးဟာ မျက်မှန်နောက်မှာ လှုပ်နေတယ်။ စနိတ်ပ်ဟာ အလျင်အမြန် ကိုယ်ကိုလှည့်လိုက်တယ်။ ဝတ်ရုံရှည်အောက်နားဟာ လှုပ်ရှားလို့ တရှပ်ရှပ် မြည်နေတယ်။ သူဟာ ဒိုင်းဒိုင်းဒိုင်းနဲ့ အခန်းထဲက ထွက်သွားတယ်။

“ဒီလူကြည့်ရတာ ခေါင်းသိပ်မကောင်းဘူး ထင်တယ်” ဖဒ်ဂ်က ပြောတယ်။ သူသွားတာကို ကြည့်နေတယ်။ “ကျုပ် သူ့ကို သတိထားကြည့်နေမယ်။ ကျုပ်သာ ခင်ဗျားဆိုရင်တော့၊ ဒမ်ဘလီဒိုး”

“အော၊ သူက ခေါင်းသိပ်မကောင်းတာ မဟုတ်ဘူး” ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ “အလွန့်အလွန် စိတ်ပျက်သွားတာပါ”

“သူ တစ်ယောက်ထဲ မဟုတ်ဘူး” ဖဒ်ဂ်က သက်ပြင်းချ ပြောတယ်။ “ကြိုဟောဆရာများ နေ့စဉ်ကလဲ သရော်ချင်သလို သရော်ဖို့ အခွင့်အရေး ရသွားပြီ။ ကျုပ်တို့က ဘလက်ကို လမ်းဆုံးထိ ခေါ်လာပြီးမှ လက်ကြားက လွတ်ပြေးပြန်ပြီ။ အခု အဲဒီ သတင်းစာက ဟို ဟစ်ပိုဂရစ်ဖ် ထွက်ပြေးတဲ့ကိစ္စကို ဖွင့်ချဖို့ပဲ လိုတယ်။ ဒါဆို ကျုပ်လဲ တရားခံဖြစ်တော့မယ်။ ကောင်းပြီ ……… ကျုပ် ဒီက ထွက်ခွာပြီး ဝန်ကြီးဌာန ပြန်အကြောင်းကြားလိုက်ဦးမယ် ………”

“ဟို ဝိညာဉ်စုပ်ကောင် တွေကကော” ဒမ်ဘလီဒိုးက မေးတယ်။ “သူတို့ကျောင်းက ရုပ်သိမ်းသွားသင့်ပြီ ထင်တယ်”

"အော၊ ဟုတ်တယ်။ သူတို့သွားမှ ဖြစ်မယ်" ဖဒ်ဂ်က ပြောရင်း စိတ်မပါ့တပါနဲ့ ဆံပင်ကို သပ်နေတယ်။ "အပြစ်မရှိတဲ့ ကောင်လေးကို သွားနမ်းမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး ......... လုံးဝ ချုပ်ထိန်းလို့ မရတော့ဘူး......... ကောင်းပြီ၊ ကျုပ် ဒီညပဲ သူတို့ကို အားလုံးသိမ်းဆည်းပြီး အက်ဇခါဘန်ကို ပြန်ခိုင်းမယ်။ ကျောင်းအဝင်ဝတွေမှာ နဂါးနဲ့ အစောင့်ချဖို့ စဉ်းစားရမယ် ထင်တယ် ..........."

"ဟက်ဂရစ် ဝမ်းသာလိမ့်မယ်" ဒမ်ဘလီဒိုးက ပြောတယ်။ ဟယ်ရီနဲ့ ဟာမီးကို လှစ်ခနဲ ရယ်ပြလိုက်တယ်။ သူနဲ့ ဖဒ်ဂ်တို့ လူနာခန်းက ထွက်သွားတော့ မဒမ်ဖွမ်ဖရေဟာ တံခါးနား အမြန်သွားပြီး တံခါးကို သော့ခတ်လိုက်တယ်။ သူမဟာ ဒေါသနဲ့ တတွတ်တွတ်ပြောပြီး သူမရုံးခန်းထဲ ပြန်ဝင်သွားရော။

လူနာခန်းတစ်ဖက်ဆီက ညည်းညူသံ သဲ့သဲ့ကြားရတယ်။ ရွန် နိုးလာပြီ။ သူတို့ဟာ သူထထိုင်တာ တွေ့ရတယ်။ မျက်စိပွတ်ပြီး ဟိုဒီကြည့်နေတယ်။

"ဘယ်လိုလဲ ---- ဘာတွေဖြစ်လဲ" သူက ပွစိပွစိ ပြောတယ်။ "ဟယ်ရီလား၊ ငါတို့ ဘာဖြစ်လို့ ဒီကိုရောက်နေတာလဲ။ ဆီးရီးအက်စ်ကြယ် ဘယ်ရောက်သွားလဲ။ လူပင်ကော၊ ဘယ်လိုတွေ ဖြစ်ကုန်လဲ"

ဟယ်ရီနဲ့ ဟာမီးတို့ ငိုင်ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်နေတယ်။

"နင် ရှင်းပြလိုက်" ဟယ်ရီက ပြောတယ်။ ချော့ကလက် နည်းနည်း ထပ်စားလိုက်တယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ နောက်နေ့ နေ့လယ်မှာ ဆေးရုံက ဆင်းခဲ့ကြတယ်။ ရဲတိုက်ထဲမှာ လူမရှိသလောက် ရှင်းနေတာ တွေ့ရတယ်။ အပူပြင်းတဲ့ဥတု ကုန်ဆုံးပြီး အတန်းတင်စာမေးပွဲလည်း ပြီးပြီ။ ဒီအကြောင်းနှစ်ခုက အားလုံး အချိန်ကို အပြည့်အဝ အသုံးချပြီး ဟော့ဂ်မော့ဒ်ကို သွားလည်ကြပြီဆိုတာ ပြောပြနေတယ်။ ဒါပေမယ့် ဟာမီးနဲ့ ရွန်တို့ မသွားချင်ကြဘူး။ ဒါ့ကြောင့် သူတို့ဟာ ဟယ်ရီနဲ့ ကွင်းထဲမှာ လျှောက်သွားနေတယ်။ တမြန်မနေ့က ဖြစ်ပွားတဲ့ သာမန်မဟုတ်တဲ့ ကိစ္စကို ပြောနေကြတယ်။ ဆီးရီးအက်စ်ကြယ်နဲ့ ဘတ်ခ်ဘိခ်တို့ အခု ဘယ်ရောက်နေလဲဆိုတာ ခန့်မှန်းကြည့်နေတယ်။ သူတို့ ကန်ဘေးထိုင်ပြီး ဧရာမပြည်ကြီးငါးကြီးဟာ ပျင်းပျင်းနဲ့ ၎င်းရဲ့ လက်တံများကို လှုပ်ရှားနေတာ ကြည့်နေတယ်။ ဟယ်ရီက ကန်ဟိုဘက်ကမ်းကို ကြည့်နေတယ်။ သူတို့ ပြောနေတာ ဘယ်ရောက်နေမှန်း မသိဘူး။ မနေ့ညကပဲ အဲဒီ သမင်ဖိုဟာ သူ့ဆီ ပြေးလာသေးတယ် ..............

အရိပ်တစ်ခု သူတို့ပေါ် ကျလာတယ်။ သူတို့ မော့ကြည့်လိုက်တော့ မျက်ရည်တွေ ဝေနေတဲ့ ဟက်ဂရစ် ဖြစ်နေတယ်။ သူဟာ စားပွဲခင်းလောက်ကြီးတဲ့ လက်ကိုင်ပဝါနဲ့ ချွေးစိုတဲ့မျက်နှာကို သုတ်နေတယ်။ ပြုံးပြီး သူတို့ကို ကြည့်နေတယ်။

"မနေ့ညက ကိစ္စဖြစ်ပြီးနောက်မှာ ကျုပ် ဝမ်းမသာသင့်ဘူးဆိုတာ သိပါတယ်" သူက ပြောတယ်။ "ကျုပ်ပြောချင်တာက ဘလက် ထွက်ပြေးပြန်ပြီ။ ကိစ္စတွေလဲ အများကြီး ရှိသေးတယ် -------- ဒါပေမယ့် မင်းတို့ဘာလဲ ဆိုတာ မှန်းကြည့်စမ်း"

"ဘာလဲ" သူတို့က ပြောတယ်။ အလွန် အံ့ဩယောင်ဆောင်ကြတယ်။

"ဘိခ်လေ၊ ၎င်း ထွက်ပြေးပြီ။ ၎င်း လွတ်လပ်သွားပြီ။ ကျုပ် တစ်ညလုံး အောင်ပွဲခံနေတယ်"

"ဒါဆို သိပ်ကောင်းတာပေါ့" ဟာမီးက ပြောတယ်။ ရွန့်ကို တင်းတင်း ကြည့်လိုက်တယ်။ ရွန်က အော်ရယ်မယ့်ပုံ ပေါ်နေလို့။

“ဟုတ်တယ်လေ .......... ၎င်းကို ကောင်းကောင်း ချည်မထားလို့ ဖြစ်မယ်” ဟက်ဂရစ်က ပြောရင်း ဝမ်းသာစွာနဲ့ ကွင်းဟိုဘက်ဆီကို ကြည့်တယ်။

“ဒီနေ့မနက် ကျုပ်က ............. ၎င်းကွင်းထဲမှာ ပါမောက္ခလူပင်နဲ့ တွေ့မှာ စိုးမိသေးတယ်။ ဒါပေမယ့် လူပင်က ပြောတယ်။ သူ ညက ဘာမှ မစားဘူးတဲ့ ..........”

“ဘာ” ဟယ်ရီက အမြန်မေးတယ်။

“အမလေး၊ မင်းတို့ မကြားဘူးလား” ဟက်ဂရစ်က ပြောပြီး၊ အပြုံးတွေ လျော့သွားတယ်။ ဘေးမှာ လူမရှိပေမယ့် သူက အသံနှိမ့်ပြီး ပြောတယ်။ “အော ------ ဒီနံနက် စနိတ်ပ်က စလေးသရင်းဟောက်စ်က ကျောင်းသားအားလုံးကို ပြောပြတယ်......... ကျုပ်က အားလုံးသိနေပြီ ထင်တာ .......... ပါမောက္ခလူပင်ဟာ ဝံပုလွေလူသားတဲ့၊ နားလည်ပြီလား။ ပြီးတော့ သူ ညက ကွင်းထဲသွားနေတာ။ အခု သူ အထုပ်အပိုး ပြင်နေပြီ။ ဒါ ဒီလိုပဲ ဖြစ်မှာပေါ့”

“သူ အထုပ်အပိုး ပြင်နေလား” ဟယ်ရီက တုန်လှုပ်စွာ မေးတယ်။ “ဘာဖြစ်လို့လဲ”

“သွားဖို့လေ။ မဟုတ်ဘူးလား” ဟက်ဂရစ်က ပြောတယ်။ ဟယ်ရီ ဒီလိုမေးတာ အံ့သြနေတယ်။ “သူ ဒီနေ့မနက် အိပ်ရာထကတည်းက ပထမလုပ်တာ နှုတ်ထွက်တာပဲ။ သူ ဒါမျိုး နောက်ထပ်ဖြစ်မှာ စိုးလို့တဲ့။ မစွန့်စားဝံ့တော့ဘူးတဲ့”

ဟယ်ရီက အမြန်ရပ်လိုက်တယ်။

BURMESE
CLASSIC
.com

“ငါ သူ့သွားကြည့်မယ်” သူက ရွန်နဲ့ ဟာမီးကို ပြောတယ်။

“ဒါပေမယ့် သူ နှုတ်ထွက်ပြီးပြီ ဆိုရင် ............”

“ငါတို့ ဘာမှ ကူညီနိုင်မှာ မဟုတ်သလိုပဲ ............”

“ငါ ဂရုမစိုက်ဘူး။ ငါ သူ့ကို တွေ့ချင်တယ်။ အပြန်မှာ ငါ ဒီကို မင်းတို့နဲ့ လာတွေ့မယ်”

လူပင်ရုံးခန်း တံခါးပွင့်နေတယ်။ သူဟာ ပစ္စည်းအများစုကို သိမ်းဆည်းပြီးနေပြီ။ ဂရင်းဒီထည့်တဲ့ ရေပုံးလွတ်ဟာ သူ့သေတ္တာဘေးထောင်ထားတယ်။ သေတ္တာကပွင့်နေတယ်။ ပြည့်ခါနီးနေပြီ။ လူပင်က သူ့စားပွဲပေါ်က တစ်ခုခုကို ကုန်းကြည့်နေတယ်။ ဟယ်ရီ တံခါးခေါက်တဲ့အခါမှာ သူက မျက်လုံး ပင့်ကြည့်ရုံသာ ကြည့်တယ်။

“မင်းလာတာ ကျုပ်တွေ့တယ်” လူပင်က ပြုံးပြီး ပြောတယ်။ သူကြည့်နေတဲ့ သိုးရေစက္ကူကို ညွှန်ပြတယ်။ အဲဒါ စားပြမြေပုံ။

“ကျွန်တော် ခုတင်ပဲ ဟက်ဂရစ်နဲ့တွေ့တယ်” ဟယ်ရီက ပြောတယ်။ “သူက သင် အလုပ်က နုတ်ထွက်ပြီလို့ ပြောတယ်။ သူပြောတာ မမှန်ပါဘူးနော်”

“မှန်မယ်ထင်တယ်” လူပင်က ပြောတယ်။ သူဟာ စားပွဲအံဆွဲကို ဆွဲဖွင့်တယ်။ အထဲက ပစ္စည်းတွေ ယူထုတ်တယ်။

“ဘာဖြစ်လို့လဲ” ဟယ်ရီက မေးတယ်။ “မှော်ဝန်ကြီးဌာနက သင် ဆီးရီးအက်စ်ကြယ်ကို ကူညီတယ်လို့ ဘယ်သူမှ မထင်ဘူး။ ဟုတ်တယ် မဟုတ်လား”

လူပင် တံခါးနားသွားပြီး ဟယ်ရီ့ကျောဘက်က တံခါးကို ပိတ်လိုက်တယ်။

"မထင်ဘူး။ ပါမောက္ခဒမ်ဘလီဒိုးက ဖဒ်ဂ်ကို ကြိုးစားနားချတယ်။ ကျုပ်က မင်းတို့အသက်ကို ကယ်ဖို့ လုပ်တာလို့ ပြောတယ်" သူက သက်ပြင်းချတယ်။ "ဆီးဗရတ်စ်အဖို့ ပြောရရင်၊ ဒါဟာ နောက်ဆုံး ကောက်ရိုးမျှင်ပဲ။ သူ အခု မာလင်ဆုတံဆိပ် မရတော့ဘူး ထင်တယ်။ ဒါဟာ သူ့အဖို့ ထိုးနှက်ချက်ကြီးပဲ။ ဒါကြောင့် သူ ............ အော ............ ဒီနေ့ နံနက်စောစောစာ စားတော့ သူက မထင်မှတ်ပဲ ကျုပ်ဟာ ဝံပုလွေလူသားလို့ ပြောချလိုက်တယ်"

"ဒီအတွက်နဲ့ ကျွန်တော်တို့ကို ခွဲခွာမသွားသင့်ဘူး" ဟယ်ရီက ပြောတယ်။

လူပင်က မဲ့ပြုံး ပြုံးတယ်။

"မနက်ဖန် ဒီအချိန်မှာ၊ ဇီးကွက်တွေဟာ မိဘ အုပ်ထိန်းသူတွေဆီက ပျံလာမယ် ------------ ၎င်းတို့ဟာ ၎င်းတို့ သားသမီးတွေကို ဝံပုလွေလူသား သင်ကြားတာ မကြိုက်ဘူး၊ ဟယ်ရီ။ မနေ့ညက အဖြစ်အပျက်ဖြစ်ပြီးတော့လဲ၊ သူတို့မှန်တယ်လို့ ကျုပ်ထင်တယ်။ ကျုပ်ဟာ မင်းတို့ထဲက ဘယ်သူမဆို ကိုက်လိုက်နိုင်တယ် .......... ဒီလို အဖြစ်မျိုး နောက်ထပ် အဖြစ်မခံနိုင်ဘူး"

"သင်ဟာ ကျွန်တော်တို့ကို သင်ကြားခဲ့တဲ့ မှော်နက်ပညာ ကာကွယ်တဲ့ အတတ်သင်တဲ့ အကောင်းဆုံးဆရာပဲ" ဟယ်ရီက ပြောတယ်။ "မသွားပါနဲ့"

လူပင်က ခေါင်းခါပြတယ်။ စကားမပြောဘူး။ သူဟာ အံဆွဲကို ဆက်သိမ်းဆည်းတယ်။ ဒီနောက်၊ ဟယ်ရီက သူ့ကိုမသွားဖို့ အကျိုးအကြောင်း စဉ်းစားနေတဲ့အခါမှာ လူပင်က ပြောတယ်။ "ဒီနေ့မနက် ကျောင်းအုပ်ကြီး ကျုပ်ကို ပြောတာထောက်ရင်၊ မနေ့ညက မင်း လူတော်တော် များများ အသက်ကို ကယ်ခဲ့တယ်၊ ဟယ်ရီ။ ကျုပ် ဂုဏ်ယူစရာ ရှိတယ်ဆိုရင်၊ အဲဒါ မင်း အများကြီး တတ်နားလည်သွားတာပဲ။ မင်း အစောင့်အရှောက်အကြောင်း ကျုပ်ကို ပြောပြစမ်းပါ"

"သင် ဘယ်လိုလုပ် သိလဲ" ဟယ်ရီက စိတ်ရှုပ်ထွေးစွာ မေးတယ်။

"ဝိညာဉ်စုပ်ကောင်ကို ဘာကများ မောင်းထုတ်နိုင်မှာမို့လဲ"

ဟယ်ရီက လူပင်ကို ဖြစ်ပျက်ခဲ့သမျှ ပြောပြတယ်။ သူ ပြောလို့ဆုံးတော့ လူပင်က ပြုံးနေပြန်တယ်။

"ဟုတ်တယ်။ မင်းအဖေ ရုပ်ပြောင်းတဲ့အခါမှာ သမင်ဖိုပဲ ဖြစ်တာ" သူက ပြောတယ်။ "မင်း ခန့်မှန်းတာ မှန်တယ် .......... ဒါကြောင့် တို့က သူ့ကို ခက်ရင်းခွချွန်လို့ ခေါ်တာ"

လူပင်ဟာ နောက်ဆုံးစာအုပ်တချို့ကို သေတ္တာထဲ ပစ်ထည့်လိုက်တယ်။ အံဆွဲကို ပိတ်ပြီး ဟယ်ရီ့ကို လှည့်ကြည့်တယ်။

"ရော့ ----- ကျုပ် မနေ့ညက အော်ဟစ်တဲ့အိမ်က ပြန်ယူလာတာ" သူက ပြောပြီး ဟယ်ရီ့ကို ကိုယ်ပျောက်ဝတ်ရုံ ပြန်ပေးလိုက်တယ်။ "ပြီးတော့ ..........." သူက ခဏလောက် တွေဝေနေပြီးမှ၊ ဟိုဓားပြမြေပုံကိုလည်း ယူထုတ်လိုက်တယ်။ "ကျုပ် မင်းဆရာ မဟုတ်တော့ဘူး။ ဒါကြောင့် ဒါကို မင်းပြန်ပေးလဲ ဘာမှ မဖြစ်တော့ဘူး။ ဒီမြေပုံ အသုံးချဖို့ နေရာတွေ့လိမ်မယ်လို့ ကျုပ် ပြောဝံ့တယ်။

ဟယ်ရီက မြေပုံကို ယူလိုက်ပြီး ရယ်တယ်။

"သင် ကျွန်တော့်ကို လမျက်နှာ၊ ပိုးကောင်အမြီး၊ ခြေပြားကြီးနဲ့ ခက်ရင်းခွချွန်တို့က ကျွန်တော့်ကို ကျောင်းက ခွဲခွာအောင် ဆွဲဆောင်လိမ့်မယ်လို့ ပြောဖူးတယ်........... ဒီလိုလုပ်တာ သိပ်ပျော်စရာ ကောင်းတယ်လို့ သူတို့ ထင်တယ်ဆိုတာ သင်ပြောဖူးတယ်"

"ကျုပ်တို့ အစကတော့ ဒီလို လုပ်တတ်တယ်" လူပင်က ပြောတယ်။ သေတ္တာကို ပိတ်လိုက်တယ်။ "ကျုပ် ပြောနိုင်တာကတော့၊ တကယ်လို့ ဂျိမ်းရဲ့သားဟာ ရဲတိုက်အပြင်ဘက်က လျှို့ဝှက်လမ်းတွေကို မတွေ့ရှိဘူးဆိုရင်၊ ဂျိမ်းက သိပ်စိတ်ပျက်မှာ"

တံခါးခေါက်တယ်။ ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံနဲ့ ဓားပြမြေပုံကို အိတ်ထဲ အမြန်ထည့်လိုက်တယ်။

ပါမောက္ခ ဒမ်ဘလီဒိုး ခေါက်တာ။ သူဟာ ဟယ်ရီ့ကို ဒီမှာ တွေ့ရတာ မအံ့သြဘူး။

"ခင်ဗျားလှည်း တံခါးမကြီးရှေ့မှာ စောင့်နေတယ်၊ လူပင်" သူက ပြောတယ်။

"ကျေးဇူးတင်ပါတယ်၊ ကျောင်းအုပ်ကြီး"

လူပင်က ၎င်းရဲ့ သေတ္တာဟောင်းနဲ့ ရေပုံးကို ဆွဲယူလိုက်တယ်။

"ကဲ၊ နှုတ်ဆက်လိုက်တယ်၊ ဟယ်ရီ" သူက ပြုံးပြီး ပြောတယ်။ "မင်းကို သင်ရတာ ပျော်စရာကိစ္စပဲ။ ကျုပ်တို့ ပြန်တွေ့လိမ့်မယ် ထင်တယ်။ ကျောင်းအုပ်ကြီး၊ ကျွန်တော့်ကို အဝထိ လိုက်မပို့နဲ့တော့။ ကျွန်တော့်ဘာသာ သွားနိုင်ပါတယ် ................"

လူပင် အမြန်ဆုံး သွားချင်နေတယ်လို့ ဟယ်ရီ ခံစားရတယ်။

"ဒါဆို နောက်မှတွေ့မယ်၊ လူပင်" ဒမ်ဘလီဒိုးက အကန့်အသတ်ရှိစွာ ပြောတယ်။ လူပင်က ဒမ်ဘလီဒိုးနဲ့ လက်ဆွဲနှုတ်ဆက်နိုင်အောင် ရေပုံးအလွတ်ကို နည်းနည်းစောင်းလိုက်တယ်။ ပြီးနောက် လူပင်က ဟယ်ရီ့ကို နောက်ဆုံးခေါင်းညိတ်ပြီး ရယ်ပြကာ ရုံးခန်းက ထွက်ခွာသွားတယ်။

ဟယ်ရီဟာ လူပင်ရဲ့ ထိုင်ခုံအလွတ်ပေါ် ထိုင်ပြီး ကြမ်းကို ခပ်မှိုင်မှိုင် ကြည့်နေတယ်။ တံခါးပိတ်သံကြားရတာနဲ့ မော့ကြည့်တော့ ဒမ်ဘလီဒိုး နေရာမှာ ရှိနေသေးတယ်။

"ဘာဖြစ်လို့ မပျော်မရွှင် ဖြစ်နေတာလဲ၊ ဟယ်ရီ" သူဟာ တည်ငြိမ်စွာ ပြောတယ်။ "မနေ့ညနောက်ပိုင်းမှာ မင်းဟာ မင်းအတွက် ဂုဏ်ယူသင့်တယ်"

"ဘာမှမထူးဘူး" ဟယ်ရီက နာကျင်စွာ ပြောတယ်။ "ကြွက်ပုလေး ပီတာ ထွက်ပြေးသွားပြီ"

"ဘာမှ မထူးဘူးလား" ဒမ်ဘလီဒိုးက အေးအေး ပြောတယ်။ "ဒါ သိပ်ကို ထူးတာနော်၊ ဟယ်ရီ။ မင်းက အမှန်ကို တွေ့ရှိအောင် ကူညီလုပ်ဆောင်ခဲ့တာ။ မင်းဟာ အပြစ်မရှိတဲ့ လူတစ်ယောက်ကို ကယ်ခဲ့တယ်။ ကြောက်စရာ ကံကြမ္မာနဲ့ မကြုံအောင် ရှောင်ရှားနိုင်သွားတယ်"

ကြောက်စရာ။ ဟယ်ရီ့ခေါင်းထဲမှာ တစ်ခုခုကို တွေးမိသလိုပဲ။ အရင်ကထက် ပိုကြီးတယ်။ ပိုကြောက်စရာ ကောင်းတယ် .................. ပါမောက္ခထရီလောနီရဲ့ ကြိုဟောချက် .........

"ပါမောက္ခ ဒမ်ဘလီဒိုး၊ မနေ့က ကျွန်တော် ဗေဒင်ဘာသာ ဖြေတုန်းက ပါမောက္ခထရီလောနီဟာ သိပ် ....... သိပ် တစ်မျိုးကြီး ဖြစ်နေတယ်"

"ဟုတ်လား" ပါမောက္ခ ဒမ်ဘလီဒိုးက မေးတယ်။ "အော ………… ခါတိုင်းထက် တစ်မျိုးကြီးလား၊ မင်း ဒါပြောချင်တာလား"

"ဟုတ်တယ်လေ ………… သူမအသံက လေးလေးကြီး။ မျက်လုံးကလဲ အဆက်မပြတ် လည်နေတယ်။ သူမက ပြောတယ် ……… ဗိုလ်ဒီမွန့်ရဲ့ ကျွန်ဟာ ညသန်းခေါင်ယံမတိုင်ခင် သူ့အနား ပြန်ရောက်သွားလိမ့်မယ်တဲ့ …………… သူမက ပြောတယ်။ အဲဒီကျွန်ဟာ သူ့သခင်ကို အာဏာပြန်ရအောင် ကူညီလိမ့်မယ်တဲ့" ဟယ်ရီက ဒမ်ဘလီဒိုးကို စိုက်ကြည့်နေတယ်။ "ဒီနောက်၊ သူမဟာ ပုံမှန်အနေအထား ပြန်ရောက်လာသလိုပဲ။ သူမဟာ ခုနက ပြောခဲ့တာမှန်သမျှ သတိမရတော့ဘူး။ သူမဟာ တကယ့်ကြိုဟောချက် ထုတ်တာ ဟုတ် ………… ဟုတ်လား"

ဒမ်ဘလီဒိုးဟာ နည်းနည်းလေး အံ့သြနေသလိုပဲ။

"အင်း၊ ဟယ်ရီ၊ ဟုတ်ချင်လဲ ဟုတ်လိမ့်မယ် ထင်တယ်" သူက လေးနက်စွာ တွေးရင်း ပြောတယ်။ "ဘယ်သူက ဒီကိစ္စကို စဉ်းစားမိမှာလဲ။ ဒါက သူမ ကြိုဟောနိုင်တဲ့အဆင့်ကို ဒုတိယအဆင့်သို့ မြင့်တက်သွားစေတယ်။ ကျုပ် သူမကို လခတိုးပေးသင့်တယ် …………"

"ဒါပေမယ့် ကျွန်တော်က ဆီးရီးအက်စ်ကြယ်နဲ့ ပါမောက္ခလူပင်ကို ကြယ်ပုလေးပီတာကို မသတ်အောင် တားလိုက်တယ်။ တကယ်လို့ ဗိုလ်ဒီမွန့် အာဏာပြန်ရခဲ့ရင်၊ အဲဒါ ကျွန်တော့်အမှားပဲပေါ့"

"မဟုတ်ပါဘူး" ဒမ်ဘလီဒိုးက တည်ငြိမ်စွာ ပြောတယ်။ "အချိန်မှတ် ကိရိယာ သုံးတဲ့အချိန်မှာ၊ မင်း အတွေ့အကြုံက မင်းကို ဘာမှ သင်မပေးဘူးလား၊ ဟယ်ရီ။ ကျုပ်တို့ လုပ်ရှားတာရဲ့ အကျိုးဆက်ဟာ သိပ်ကို ရှုပ်ထွေးပါတယ်။ သိပ်ကို ကွဲကွဲပါတယ်။ ဒါကြောင့်၊ အနာဂတ်ကို ကြိုဟောတာဟာ သိပ်ခက်ခဲတဲ့ အလုပ်ပါ ……………… ပါမောက္ခထရီလောနီ၊ သူမကို ဘုရားသခင် မစပါစေ။ ဒါ လက်တွေ့ ဥပမာတစ်ခုပဲ။ မင်းက ကြယ်ပုလေးပီတာ့အသက်ကို ကယ်တယ်။ အဲဒါ အလွန်မြင့်မြတ်တဲ့အလုပ် လုပ်လိုက်တာပဲ"

"ဒါပေမယ့် သူက ဗိုလ်ဒီမွန့်ကို အာဏာပြန်ရအောင် လုပ်ခဲ့ရင်ကော …………"

"ကြယ်ပုလေးပီတာ့အသက်က မင်း ကယ်ခဲ့တာ။ မင်းက ဗိုလ်ဒီမွန့်ကို မင်းကျေးဇူးရှိတဲ့ လက်ထောက်ပေးလိုက်တယ်။ မှော်ဆရာတစ်ယောက်က ကျန်မှော်ဆရာတစ်ယောက် အသက်ကို ကယ်ခဲ့ရင်၊ ၎င်းတို့ကြားမှာ ဆက်သွယ်မှု တစ်မျိုး ရှိနေတယ် ………… တကယ်လို့ ဗိုလ်ဒီမွန့်က သူ့ကျွန် ဟယ်ရီ့ကျေးဇူးတင်နေတာ ကျေနပ်ရင်၊ ဒါဆို ကျုပ် အမှားကြီး မှားပြီပေါ့"

"ကျွန်တော် ကြယ်ပုလေးပီတာနဲ့ ဘာမှ မပတ်သက်ချင်ဘူး" ဟယ်ရီက ပြောတယ်။ "သူ ကျွန်တော့်မိဘကို သစ္စာ ဖောက်တယ်'

"ဒါဟာ မှော်တရားရဲ့ အမြင့်ဆုံးလဲဖြစ်၊ ထိုးဖောက်လို့မရတဲ့ နယ်ပယ်၊ ဟယ်ရီ။ ဒါပေမယ့် ကျုပ်ကို ယုံကြည်ပါ ……… တစ်နေ့နေ့မှာ မင်းဟာ ကြယ်ပုလေးပီတာကို ကယ်ခဲ့တဲ့အတွက် အလွန် ဝမ်းသာလိမ့်မယ်"

ဟယ်ရီဟာ အဲဒီနေ့ရှိလိမ့်မယ်လို့ မမျှော်မှန်းနိုင်ဘူး။ ဒမ်ဘလီဒိုးက ဟယ်ရီ ဘာတွေးနေတယ်ဆိုတာ သိသလိုပဲ။

"မင်းအဖေကို ကျုပ် သိကျွမ်းတယ်။ ဟော့ဂ်ဝပ်မှာတုန်းကနဲ့ သူ ကျောင်းအောင်ပြီးနောက်မှာ သူ့ကို အလွန်နားလည်တယ်၊ ဟယ်ရီ"သူက နွေးထွေးစွာ ပြောတယ်။ "သူလဲ ကြယ်ပုလေးပီတာ့အသက်ကို ကယ်မယ်ဆိုတာ ကျုပ်ပြောဝံ့တယ်"

ဟယ်ရီက သူ့ကို မော့ကြည့်တယ်။ ဒမ်ဘလီဒိုးက သူ့ကို ကဲ့ရဲ့မှာ မဟုတ်ဘူး .......... သူ ဒမ်ဘလီဒိုးကို ပြောပြလို့ ရတယ် ...........

"မနေ့ညက............. ကျွန်တော့်ကို အစောင့်အရှောက် ခေါ်ပေးတာ ကျွန်တော့်အဖေလို့ ထင်တယ်။ ကျွန်တော် ပြောလိုတာက၊ ကျွန်တော်၊ ကျွန်တော့်ကို ကျွန်တော် ကန်ဟိုဘက်မှာ မြင်ရတော့ .......... ကျွန်တော်က သူ့ကို မြင်တယ် ထင်တာ"

"မှားလွယ်ပါတယ်" ဒမ်ဘလီဒိုးက သိမ်မွေ့စွာ ပြောတယ်။ "မင်း နားငြီးနေရော့မယ်။ ဒါပေမယ့် မင်းဟာ ဂျိမ်းနဲ့ သိပ်ကိုတူတာ။ မျက်လုံးကလွဲလို့ ............. မင်းမျက်လုံးက မင်းအမေနဲ့ တူတယ်"

ဟယ်ရီက ခေါင်းခါတယ်။

"သူလို့ ထင်တာ သိပ်အတာ" သူက ပြောတယ်။ "ကျွန်တော်ဆိုလိုတာက၊ သူသေပြီဆိုတာ ကျွန်တော် သိတယ်"

"ကျုပ်တို့ ချစ်ခဲ့ဖူးတဲ့ သေသူဟာ ကျုပ်တို့ကို တကယ်ပဲ ခွဲခွာသွားပြီလို့ မင်းထင်လား။ ဒုက္ခရောက်တဲ့အခါမှာ ကျုပ်တို့က အရင်ကထက် ပိုပြီး ရှင်းရှင်းလင်းလင်း သူတို့ကို ပြန်လည် သတိမရဘူးလို့ ထင်သလား။ မင်းအဖေဟာ မင်းကိုယ်ပေါ်မှာ အသက်ရှင်နေတယ်၊ ဟယ်ရီ။ မင်းသူ့ကို လိုအပ်တဲ့အခါမှာ၊ သူဟာ မင်းကိုယ်ပေါ်မှာ ထင်ထင်ရှားရှား ဖော်ပြမှာ။ နို့မို့ရင် မင်း ဘယ်လိုလုပ်ပြီး ဒီလောက်ထူးခြားတဲ့ အစောင့်အရှောက် ပေါ်လာနိုင်မှာလဲ။ ခက်ရင်းခွချွန်ဟာ မနေ့ညက မင်းကို အကြောင်းပြုပြီး ပေါ်လာတာ"

ဟယ်ရီဟာ ခဏနေမှ ဒမ်ဘလီဒိုးပြောတဲ့ အဓိပ္ပာယ်ကို နားလည်တော့တယ်။

"မနေ့ညက ဆီးရီးအက်စ်ကြယ်ဟာ သူတို့ ဘယ်လို အာနီမာဂတ်စ် ဖြစ်တဲ့အကြောင်း ပြောပြတယ်" ဒမ်ဘလီဒိုးက ပြုံးပြီး ပြောတယ်။ "ထူးခြားတဲ့ အောင်မြင်မှုတစ်ရပ် ---------- ကျုပ်မသိအောင် လုပ်တာ။ ဒီလိုလုပ်နိုင်တာကိုက မလွယ်ပါဘူး။ ဟိုတစ်ခါ မင်းရဲ့ အစောင့်အရှောက် ပေါ်လာတဲ့ သာမန်မဟုတ်တဲ့ သဏ္ဌာန်ကို ကျုပ်မှတ်မိတယ်။ အဲဒါ မင်းတို့နဲ့ ရေဗင်ခလောအသင်း ခွေဒစ်ပြိုင်ပွဲမှာ။ မင်းရဲ့ အစောင့်အရှောက်က မော်ဖိုင်ဆီ ထိုးဝင်သွားတဲ့အခါမှာ။ ဒါကြောင့်၊ မင်း မနေ့ညက မင်းအဖေကို တကယ်ပဲ မြင်ရတယ်၊ ဟယ်ရီ ........ မင်းဟာ မင်းကိုယ်ခန္ဓာထဲမှာ သူ့ကို မြင်တာ"

ဒမ်ဘလီဒိုး ထွက်သွားပြီ။ ဟယ်ရီ တစ်ယောက်တည်း မိမိရှုပ်ထွေးတဲ့ အတွေးတွေနဲ့ ကျန်ရစ်ခဲ့တယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီး၊ ပြီးတော့ ပါမောက္ခ ဒမ်ဘလီဒိုးအပြင်၊ ဟော့ဂ်ဝပ်ကလူတွေဟာ ဟိုနေ့ညက ဆီးရီးအက်စ်ကြယ်၊ ဘတ်ခ်ဘိခ်နဲ့ ကြယ်ပုလေးပီတာတို့ ပျောက်သွားတာ မသိကြဘူး။ ကျောင်းပတ်ကုန်ဆုံးတော့မယ်။ ဟယ်ရီဟာ ဖြစ်ပျက်ခဲ့တာနဲ့ ပတ်သက်တဲ့ အပြောအဆို အမျိုးမျိုးကြားရတယ်။ ဒါပေမယ့် တစ်ခွန်းမှ အဖြစ်မှန်နဲ့ မနီးစပ်ဘူး။

မော်ဖိုင်ဟာ ဘတ်ခ်ဘိခ်ကိစ္စမှာ ဒေါသထွက်လို့ ဖင်ဆောင့်နေတယ်။ သူဟာ ဟက်ဂရစ် နည်းတစ်မျိုးရှာပြီး ဘတ်ခ်ဘိခ်ကို လုံခြုံတဲ့နေရာ ပို့ထားတယ်လို့ ယုံကြည်နေတယ်။ တောလိုက်ကွင်း အစောင့်တစ်ယောက်က သူတို့ သားအဖကို ဉာဏ်နဲ့ အနိုင်ရသွားကောင်းလား ဆိုပြီး ဒေါသမီး တောက်လောင်နေတယ်။ ဒါနဲ့ တစ်ချိန်တည်းမှာ၊ ဖတ်စီ–ဝယ်စလီဟာ ဆီးရီးအက်စ်ကြယ် လွတ်ပြေးသွားတဲ့ကိစ္စမှာ ပြောစရာစကား အများကြီး ရှိနေတယ်။

"ငါ့သာ မှော်ဝန်ကြီးဌာနကို ဝင်ရရင်၊ မှော်တရားဥပဒေ လုပ်ဆောင်တဲ့ဘက်မှာ အကြံတွေ အများကြီးပေးမယ်" သူက သူ့စကားကို နားထောင်ချင်တဲ့ တစ်ဦးတည်းသောသူ ----- သူ့ရည်းစား ဖန်နယ်လော့ကို ပြောတယ်။

ရာသီဥတု သိပ်ကောင်းပေမယ့်၊ လေထုကလည်း အလွန်ပျော်ရွှင်စရာ ကောင်းပေမယ့်၊ ဆီးရီးအက်စ်ကြယ် လွတ်လပ်သွားအောင် ကူညီတဲ့ဘက်မှာ သူတို့ဟာ မဖြစ်နိုင်သလောက်ရှိတာကို ဖြစ်အောင်လုပ်ခဲ့ပေမယ့်၊ ဟယ်ရီဟာ တစ်နှစ်တာ ကျောင်းပတ် ကုန်ဆုံးတဲ့အခါမှာ စိတ်ဓာတ်ကတော့ ကျနေဆဲပဲ။

သူဟာ ပါမောက္ခလူပင် ထွက်သွားတာနဲ့ ပတ်သက်ပြီး နှမြောတသတဲ့ တစ်ဦးတည်းသောသူ မဟုတ်ဘူးဆိုတာ သိတယ်။ ဟယ်ရီနဲ့အတူ မှော်နက်ပညာ ကာကွယ်တဲ့အတတ် တက်ကြတဲ့ ကျောင်းသား အားလုံးဟာ စိတ်မကောင်း ဖြစ်ကြတယ်။

"လာမယ့် ကျောင်းပတ်မှာ ဘယ်သူ လာသင်မလဲ မသိဘူး" စီးမတ်စ်-ဖင်နစ်ဂင်က မပျော်မရွှင် ပြောတယ်။

"သွေးစုပ်ကောင် တစ်ကောင် လာနိုင်တယ်" ဒင်း-သောမတ်စ်က မျှော်လင့်ချက်နဲ့ ပြောတယ်။

ဟယ်ရီ့ကို စိတ်လေးစေတာက လူပင် ထွက်သွားတဲ့ကိစ္စ တစ်ခုတည်း မဟုတ်ဘူး။ သူဟာ မအောင့်နိုင်ဘဲ ပါမောက္ခ ထရီလောနီစကားကို အကြာကြီး စဉ်းစားတယ်။ ကြယ်ပုလေး ပီတာ အခု ဘယ်ရောက်သွားတယ် ဆိုတာ ဟယ်ရီ မသိဘူး။ ဗိုလ်ဒီမွန့်ဆီမှာ ခိုကိုးရာရသွားပြီလား။ ဒါပေမယ့် ဟယ်ရီ သိပ်ကို မပျော်တာက ကျောင်းပိတ်ရက်မှာ ဒါစလီတို့အိမ် ပြန်ပြီးနေရမယ့်ကိစ္စပဲ။ သူ့မှာ နာရီဝက်အချိန်လောက် ရှိခဲ့ဖူးတယ်။ အဲဒီ ထွန်းပြောင်တဲ့ နာရီဝက်အချိန်တွင်းမှာ ဟယ်ရီဟာ အဲဒီကစပြီး ဆီးရီးအက်စ်ကြယ်နဲ့ အတူနေရတော့မယ် ထင်တာ ………… သူ့မိဘရဲ့ အကောင်းဆုံး သူငယ်ချင်း ………… ဒါဟာ မိမိအဖေအရင်း ပြန်လာတာ ပြီးရင် အကောင်းဆုံး ကိစ္စပဲ။ ဆီးရီးအက်စ်ကြယ်နဲ့ ပတ်သက်ရင် သတင်းမရှိတာ ကောင်းတဲ့သတင်းပဲ။ ဒါက သူ အောင်မြင်စွာ ပုန်းနေနိုင်တယ်လို့ အဓိပ္ပာယ်ရတယ်။ ဒါပေမယ့် ဟယ်ရီဟာ မိမိမှုလက ရရှိတော့မယ့် အိမ်ထောင်ကို တွေးမိပြီး ဝမ်းနည်းနေမိတယ်။ ဒီလို အိမ်ထောင်ရဖို့ အခုတော့ မဖြစ်နိုင်တော့ဘူး။

ကျောင်းပတ်ကုန် နောက်ဆုံးနေ့မှာ အောင်စာရင်း ကြေညာတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ ဘာသာတိုင်း အောင်ကြတယ်။ ဟယ်ရီဟာ သူမှော်ဆေးပညာ ဘာသာရပ် အောင်မြင်မယ်လို့ မထင်မိဘူး။ ဒမ်ဘလီဒိုးက ကန့်ကွက်လို့၊ စနိတ်ပ်ကို ဟယ်ရီ့ကို တမင် ဒုက္ခမပေးဖို့ ပြောလို့လို့ ဟယ်ရီက ထင်တယ်။ နောက်ဆုံး အပတ်အတွင်းမှာ စနိတ်ပ်ဟာ ဟယ်ရီ့ကို ဆက်ဆံတာ ကြောက်စရာ သိပ်ကောင်းတယ်။ စနိတ်ပ် သူ့အပေါ်မှာ ရှုံ့မှုန်းမှုဟာ ပိုဆိုးလာတာ ဟယ်ရီ မထင်မိဘူး။ ဒါပေမယ့် အဖြစ်က ဒီအတိုင်းပဲ။ စနိတ်ပ်ဟာ ဟယ်ရီ့ကို မြင်တိုင်း သူ့နှုတ်ခမ်းပါးပါးလေးဘေးက ကြွက်သားတစ်ခုဟာ စိတ်ပျက်စရာ တွန့်လိမ်လာတယ်။ လက်ချောင်းတွေကိုလည်း အဆက်မပြတ် ခေါက်နေတယ်။ ဟယ်ရီ့ လည်မျိုကို ညှစ်ထားချင်သလိုပဲ။

ဖတ်စီဟာ အဆင့်အမြင့်ဆုံး N, B, W. Ts စာမေးပွဲ အောင်သွားတယ်။ ဖရက်နဲ့ ဂျော့တို့ဟာ O.W.Ls လက်မှတ်တွေ လက်အပြည့် ကြံကြံဖန်ဖန် ယူလာတယ်။

တစ်ချိန်တည်းမှာ၊ ဂရစ်ဖင်းဒေါ်ဟောက်စ်ဟာ အဓိကအားဖြင့် ခွေဒစ်ပြိုင်ပွဲမှာ ထူးခြားတဲ့ ဖော်ပြချက်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဟောက်စ်ကျောင်း ပထမဆုကို သုံးနှစ်ဆက်တိုက် ထိန်းသိမ်းထားနိုင်ခဲ့တယ်။ ဒါကြောင့် အပတ်ကုန် ညစာစားပွဲကြီးမှာ ကြက်သွေးရောင်နဲ့ ရွှေရောင် ဆင်မြန်းလိမ့်မယ်။ ဂရစ်ဖင်းဒေါ် စားပွဲဟာလည်း အလွန့်ကို စည်ကားလိမ့်မယ်။ လူတိုင်းက ဂုဏ်ပြုနေလို့ပဲ။ ဟယ်ရီတောင် စားသောက်၊ စကားတွေပြော၊ အများနဲ့အတူ တဟားဟား ရယ်ကြတဲ့အခါမှာ နောက်နေ့မှာ ဒါစလီတို့အိမ်ပြန်ရမှာကို မေ့နေတယ်။

ဟော့ဂ်ဝပ် အထူးအမြန်ရထား ဒုတိယနေ့မှာ ဘူတာက ထွက်ခွာတဲ့အခါမှာ ဟာမီးက ဟယ်ရီနဲ့ ရွန့်ကို အံ့သြဖွယ် သတင်းတချို့ ပေးလိုက်တယ်။

"ဒီနေ့မနက် ငါ ပါမောက္ခ မက်ဂေါ်နာဂေါကို သွားတွေ့တယ်။ နံနက်စာစောစော မစားခင်မှာ။ ငါ မတ်ဂေါ် သုတေသန ဘာသာရပ် မတက်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဒါပေမယ့် နင့်အမှတ်က ရာခိုင်နှုန်း သုံးရာ့နှစ်ဆယ်လေ" ရွန်က ပြောတယ်။

"ငါ သိတယ်" ဟာမီးက သက်ပြင်းချ ပြောတယ်။ "ဒါပေမယ့် လာမယ့်နှစ်မှာ ဒီနှစ်လိုလုပ်ရင် ငါ ခံနိုင်မှာ မဟုတ်တော့ဘူး။ ဟိုအချိန်မှတ် ကိရိယာကြောင့် ငါ ရူးတော့မယ်။ ငါ ပြန်အပ်လိုက်ပြီ။ မတ်ဂေါ်သုတေသနနဲ့ ဗေဒင် မတက်တော့ဘူး။ ဒါဆို ငါ့မှာ ပုံမှန်အချိန်ဇယားတစ်ခု ရှိပြန်တော့မယ်"

"နင်က ငါတို့ကို အချိန်မှတ်ကိရိယာရှိတာ မပြောပြဘဲနေတယ်။ ငါခုလဲ မယုံနိုင်ဘူး" ရွန်က အပြစ်တင်တယ်။ "ငါတို့ဟာ သူငယ်ချင်းတွေ မဟုတ်ဘူးလား"

"ငါ ဘယ်သူ့မှ မပြောဘူးလို့ ကတိပေးထားတယ်" ဟာမီးက ခပ်တည်တည် ပြောတယ်။ သူက ဟယ်ရီ့ကို လှည့်ကြည့်တယ်။ ဟယ်ရီဟာ ဟော့ဂ်ဝပ်ကို တောင်ကွယ်သွားတာ ကြည့်နေတယ်။ နောက်ထပ် ဟော့ဂ်ဝပ်ကို မြင်ရဖို့ဆိုရင် နှစ်လကြီးများတောင် စောင့်ရဦးမယ်။

"အော၊ ပျော်ပျော်နေ၊ ဟယ်ရီ" ဟာမီးက ဝမ်းနည်းစွာ ပြောတယ်။

"ငါ ဘာမှ မဖြစ်ပါဘူး" ဟယ်ရီက အမြန်ပြောလိုက်တယ်။ "ကျောင်းပိတ်ရက်ကိစ္စ တွေးမိလို့ပါ"

"ဟုတ်တယ်၊ ငါလဲ ဒါပဲ တွေးနေတယ်" ရွန်က ပြောတယ်။ "ဟယ်ရီ၊ မင်း ငါတို့နဲ့အတူ လာနေရမယ်နော်။ ငါ အဖေတို့ အမေတို့နဲ့ ပြောထားမယ်။ ပြီးတော့ ငါ မင်းကို ခေါ်မယ်။ ငါ ဖယ်ရီဖုန်း ဘယ်လိုသုံးရတယ်ဆိုတာ သိတယ် ......................."

"တယ်လီဖုန်း၊ ရွန်" ဟာမီးက ပြောတယ်။ "အမှန်ပြောရရင်၊ နင်လာမယ့်နှစ်မှာ မတ်ဂေါ်သုတေသန ယူသင့်တယ် ..............."

ရွန်က မကြားချင်ယောင် ဆောင်နေတယ်။

"ဒီနှစ်နွေမှာ ခွေဒစ်ကမ္ဘာ့ဖလားရှိတယ်။ ဘယ်လိုလဲ၊ ဟယ်ရီ ငါတို့အိမ် လာနေ။ ငါတို့အတူ သွားကြည့်မယ်။ အဖေ ဌာနက လက်မှတ်ရမှာပါ"

ဒီအကြံပေးမှုဟာ ဟယ်ရီ့ကို ပျော်လာစေတယ်။

"ဟုတ်တယ် .......... ဒါစလီတို့က ငါ သွားတာ ကျေနပ်မှာဆိုတာ ငါ လောင်းဝံ့တယ်.......... ငါ အရီးမာဂျီကို ဟိုလို လုပ်လိုက်ပြီးနောက် ........"

ဟယ်ရီ ပျော်လာတယ်။ ဒါနဲ့ ရွန်၊ ဟာမီးတို့နဲ့ ကစားတယ်။ လှည်းတွန်းလာတဲ့ မှော်ဆရာမ ရောက်လာတော့ သူဟာ မိမိစားဖို့ နေ့လယ်စာ အများကြီး ဝယ်လိုက်တယ်။ ချော့ကလက်တော့ မပါဘူးပေါ့။

ဒါပေမယ့် သူ့ကို တကယ်ပျော်သွားစေတဲ့ကိစ္စ ညနေပိုင်း နည်းနည်း နောက်ကျတဲ့အချိန်မှာ ဖြစ်လာတာ...........

"ဟယ်ရီ" ဟာမီးက နောက်ဖက်ကြည့်ပြီး ပြောတယ်။ "နင့်ပြတင်း အပြင်ဘက်ကဟာ ဘာလဲ"

ဟယ်ရီက အပြင်ကို လှည့်ကြည့်တယ်။ ပြတင်းမှန်ပေါ်မှာ မီးခိုးရောင်အရာ သေးသေးလေးတစ်ခု ခုန်ခုန်ပြီး ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတယ်။ သူက ပိုရှင်းရှင်းမြင်ရအောင် မတ်တတ်ရပ်လိုက်တယ်။ အဲဒါ ဇီးကွက်ကလေးတစ်ကောင်။ ၎င်းအဖို့ အလွန်ကြီးတဲ့ စာတစ်စောင် ယူလာတယ်။ ဒီဇီးကွက်ကလေးဟာ သိပ်ကိုငယ်တော့ မိုးပေါ်မှာ ကျွမ်းပြန်နေတယ်။ မီးရထားက နောက်သို့တိုက်တဲ့ လေထဲမှာ အဆက်မပြတ် ဟိုဒီ တိုက်နေတယ်။ ဟယ်ရီက အလျင်အမြန် ပြတင်းတံခါးကို ဆွဲချပြီး အဲဒီ ဇီးကွက်ကို လှမ်းဆွဲတယ်။ ဖောင်းဖောင်းပွပွဖြစ်နေတဲ့ ရွှေဘောလုံးပျံလေးကို ဖမ်းမိသလိုပဲ။ အဲဒီဇီးကွက်လေးဟာ စာကို ဟယ်ရီ့ထိုင်ခုံပေါ် ချလိုက်တယ်။ ဒိနောက် တွဲထဲမှာ မတ်မတ်ကြီး အထက်ကို ပျံတက်တယ်။ တာဝန်ကျေပွန်သွားတာကို သိပ်ကျေနပ်နေပုံပဲ။ ဟက်ဒဝစ်ဟာ ခမ်းနားစွာ နှုတ်သီးကို လှုပ်လိုက်တယ်။ မကြိုက်ကြောင်း ဖော်ပြတယ်။ ခရွတ်ရှန်ဟာ ထိုင်ခုံပေါ်မှာ ထထိုင်လိုက်တယ်။ မျက်လုံးဝါဝါကြီးဟာ ဇီးကွက်ကလေးနဲ့ လိုက်ပြီး လည်ပတ်နေတယ်။ ရွှန်က ဒါကို သတိပြုမိလို့ ဇီးကွက်ကလေးကို ဇတ်ခနဲ ဖမ်းယူလိုက်တယ်။ သူ့ကို မထိခိုက်စေချင်ဘူး။

ဟယ်ရီက စာကို ကောက်ယူတယ်။ သူ့ကို ပေးတဲ့စာ။ သူက စာကို ဖောက်တယ်။ တအား ထအော်တယ်။ "ဆီးရီးအက်စ်ကြယ်ဆီက စာ"

"ဘာလဲ" ရွှန်နဲ့ ဟာမီး တက်ကြွလာတယ်။

"ကျယ်ကျယ်ဖတ်"

**ချစ်လှစွာသော ဟယ်ရီ။**

ဒီစာကို မင်း အဒေါ်နဲ့ ဦးလေးတို့အိမ် မရောက်ခင် ရစေချင်တယ်။ သူတို့ ဇီးကွက်နဲ့ စာပို့တာ အကျင့်ရ မရ ကျုပ်မသိဘူး။

ကျုပ်နဲ့ ဘတ်ခ်ဘိခ်တို့ ပုန်းနေတယ်။ မင်းကို ဘယ်မှာ ပုန်းနေတယ်ဆိုတာ မပြောဘူး။ ဒီစာ တခြားမှားရောက်သွားမှာ စိုးလို့။ ဇီးကွက်ကို စိတ်သိပ်မချဘူး။ ဒါပေမယ့် ၎င်းဟာ ကျုပ်တို့ ရနိုင်တဲ့ အကောင်းဆုံး စာပို့ပဲ။ ၎င်းကို ကြည့်ရတာလဲ ဒီအလုပ်ကို သိပ်လုပ်ချင်နေသလိုပဲ။

ဟို ဝိညာဉ်စုပ်ကောင်တွေ ကျုပ်ကို ရှာနေတုန်းပဲလို့ ယုံတယ်။ ဒါပေမယ့် ကျုပ်ကို ထပ်တွေ့ဖို့ သူတို့ မျှော်လင့်လို့ မရတော့ဘူး။ မကြာခင် မတ်ဂေါ်တချို့ ကျုပ်ကို မြင်သွားအောင် လုပ်ဖို့ ဆုံးဖြတ်ထားတယ်။ ဟော့ဂ်ဝပ်နဲ့ အဝေးကြီး တစ်နေရာမှာ။ ဒါမှ ရဲတိုက်ရဲ့ လုံခြုံရေး အစီအစဉ်တွေ ဖျက်လိုက်လို့ရမယ်။

ကျုပ်တို့ တိုတောင်းတဲ့ တွေ့ဆုံခြင်းမှာ၊ တစ်ခုကို ပြောဖို့ အခွင့်အရေး မရခဲ့ဘူး။ အဲဒါကတော့ မီးသတ္တဲကို လက်ဆောင်ပေးတာ ကျုပ်ပဲ။

"ဟား" ဟာမီးက အောင်မြင်စွာ ပြောတယ်။ "ကြည့်၊ သူပေးတာလို့ ငါ နင့်ကို ပြောဖူးတယ်"

"မှန်တယ်။ ဒါပေမယ့် သူ အဲဒါကို ဘာမှ မကောင်းတာ လုပ်မထားဘူး။ ဟုတ်တယ် မဟုတ်လား" ရွှန်က ပြောတယ်။

"အမလေး"

အဲဒီ ဇီးကွက်ကလေးဟာ သူ့လက်ထဲမှာ ပျော်ရွှင်စွာ အော်နေတယ်။ သူ့လက်ချောင်းလေးတစ်ချောင်းကို ဆိတ်ပြီးနေပြီ။ ဒါကို ချစ်ခင်တဲ့ လုပ်ရပ်လို့ ထင်ပုံရတယ်။

ခရွတ်ရှန်ဟာ ကျုပ်အစား စာတိုက်မှာ ဒီဇီးကွက်ကို မှာဝယ်ခဲ့တာ။ ကျုပ် မင်းနာမည် သုံးလိုက်တယ်။ ဒါပေမယ့် ၎င်းတို့ကို ဂရင်းဂေါ့စ် အမှတ် ၇၁၁ ကျုပ်ရဲ့ ဘဏ်ခန်းမှာ ငွေသွားထုတ်ဖို့ ပြောလိုက်တယ်။ ဒါကို မင်း ဂေါ့ ဖာသာက မင်း အသက် ၁၃နှစ် မွေးနေ့လက်ဆောင်အဖြစ် ပေးတာလို့ မှတ်ယူစေလိုပါတယ်။

ကျုပ်ကြောင့် မင်းလန့်ခဲ့ရတယ် ထင်တယ်။ အဲဒါ မနှစ်က မင်းဦးလေး အိမ်က ထွက်လာတဲ့ညမှာ။ ဒါအတွက် ကျုပ် တောင်းပန်ပါတယ်။ ကျုပ်ဟာ မြောက်ဘက်ကို မသွားခင် မင်းကို မြင်ချင်တာပါပဲ။ ဒါပေမယ့် ထိုစဉ်က မင်း ကျုပ်ကိုမြင်တော့ သိပ်လန့်သွားတယ် ထင်တယ်။ စာထဲမှာ ပစ္စည်းတချို့ ထည့်ပေးလိုက်တယ်။ ဒါကြောင့် မင်း နောင်နှစ် ဟော့ဂ်ဝပ်မှာ ပိုပြီး ပျော်ပျော်နေနိုင်လိမ့်မယ်။

ကျုပ်ကို လိုအပ်ရင် စာပို့ပါ။ မင်း ဇီးကွက်က ကျုပ်ကို ရှာတွေ့မှာပါ။ မကြာခင် မင်းဆီ စာရေးပါဦးမယ်။

**ဆီးရီးအက်စ်ကြယ်**

ဟယ်ရီဟာ စာအိတ်ထဲမှာ လောလော ရှာတယ်။ စာအိတ်ထဲမှာ သိုးရေစက္ကူတစ်ရွက် ရှိတယ်။ သူက အလျင်အမြန် တစ်ခေါက်ဖတ်လိုက်တယ်။ ရုတ်တရက် တစ်ကိုယ်လုံး နွေးသွားသလိုပဲ။ စိတ်ထဲ ကျေနပ်သွားတယ်။ တစ်ခါထဲ ထောပတ်ဘီယာ တစ်ပုလင်း သောက်ချလိုက်သလိုပဲ။

**ကျွန်တော်၊ ဆီးရီးအက်စ်ကြယ် ဘလက်ဟာ၊ ဟယ်ရီ–ပေါ်တာရဲ့ ဂေါ့ဖာသာ ဖြစ်ပါတယ်။ ဒါကြောင့်၊ သူ့ကို ဟော့ဂ်မော့ဒ်ရွာသို့ သွားရန် သဘောတူကြောင်း ဖော်ပြအပ်ပါတယ်။**

"ဒမ်ဘလီဒိုးအဖို့ ပြောရရင်၊ ဒါ လုံလောက်ပါပြီ" ဟယ်ရီက ပျော်ရွှင်စွာ ပြောတယ်။ သူက ဆီးရီးအက်စ်ကြယ်ရဲ့ စာကို ဖတ်ပြန်တယ်။

"နေဦး၊ မှာတဲ့စကား ရှိသေးတယ် ........."

**မင်းသူငယ်ချင်း ရွန် ဒီဇီးကွက်ကို မွေးချင်ရင် မွေးချင်လိမ့်မယ်လို့ ကျုပ် ထင်တယ်။ ကျုပ်အမှားကြောင့် သူ ဟို ကြွက်ဆုံးရှုံးခဲ့ရတယ်။**

ရွန် မျက်စိပြူးလာတယ်။ ဟို ဇီးကွက်ကလေးဟာ ဝမ်းသာစွာ အော်နေတုန်းပဲ။

"ငှင်းကို မွေးရမယ်၊ ဟုတ်လား" သူက မသေချာသေးဘဲ ပြောတယ်။ သူက ဟို ဒီးကွက်ကို သေချာကြည့်တယ်။ ခဏကြည့်နေပြီးနောက်၊ ဟယ်ရီနဲ့ ဟာမီးကို အလွန် အံ့သြသွားစေတာက၊ သူဟာ ငှင်းကို ခရွတ်ရှန်ကို နမ်းခိုင်းတယ်။

"မင်း ဘယ်လိုထင်လဲ" ရွန်က ဟိုကြောင်ကို မေးတယ်။ "ဒါ ဒီးကွက်ဆိုတာ သေချာပါတယ်နော်"

ခရွတ်ရှန်က ကျေနပ်စွာ တမြောင်မြောင် အော်နေတယ်။

"ဒါ ငါ့အဖို့ သိပ်ကောင်းနေပါပြီ" ရွန်က ပျော်ရွှင်စွာ ပြောတယ်။ "ငှင်းကို ငါပိုင်ပြီ"

မင်းကြက်ခြေဘူတာ မရောင်ခင်၊ ဟယ်ရီက ဆီးရီးအက်စ်ကြယ်ရဲ့စာကို ဖတ်ပြီးရင်း ဖတ်နေတယ်။ သူ၊ ရွန်နဲ့ ဟာမီးတို့ ပလက်ဖောင်းပေါ်ဆင်းတဲ့အချိန်မှာ ဒီစာကို သူ့လက်ထဲ တင်းတင်း ဆုပ်ထားတုန်းပဲ။ ဟယ်ရီဟာ ဦးလေးဗားနွံကို ချက်ချင်းမြင်ရတယ်။ ဦးလေး ဗားနွံရပ်နေတဲ့ နေရာဟာ မစ္စတာ ဝယ်စလီ၊ မစ္စစ်ဝယ်စလီတို့နဲ့ အတော်ဝေးတယ်။ သူတို့ကို မစ္စတာ ဒါစလီက သံသယနဲ့ ကြည့်နေသေးတယ်။ မစ္စစ်ဝယ်စလီက ဟယ်ရီ့ကို ပွေ့ဖက်ပြီး ကြိုဆိုတဲ့အခါမှာ သူသံသယတွေ သက်သေရလိုက်သလို ဖြစ်သွားတယ်။

"ကမ္ဘာ့ဖလားပွဲကိစ္စ ငါ ဖုန်းဆက်ပေးမယ်" ရွန်က ဟယ်ရီ့ကျောဘက်က အော်ပြောတယ်။ ဟယ်ရီဟာ သူနဲ့ ဟာမီးကို နှုတ်ဆက်ပြီး သေတ္တာနဲ့ ဟက်ဒဝစ်လှောင်အိမ် ထည့်ထားတဲ့ လှည်းကို တွန်းကာ ဦးလေးဗားနွံဆီ လျှောက်သွားတယ်။ ဦးလေးဗားနွံက ထုံးစံအတိုင်း သူ့ကို ကြိုဆိုတယ်။

"အဲဒါ ဘာလဲ" သူက အော်ဟစ်တယ်။ ဟယ်ရီလက်ထဲ ဆုပ်ထားတဲ့ စာအိတ်ကို ကြည့်နေတယ်။ "အဲဒါ ငါ့ကို လက်မှတ်ထိုးခိုင်းဖို့ ဖယားဆိုရင်၊ မင်း ............"

"ဖယား မဟုတ်ဘူး" ဟယ်ရီက ဝမ်းသာစွာ ပြောတယ်။ "ဒါ ကျွန်တော့် ဂေါ့ဖာသာပေးတဲ့စာ"

"ဂေါ့ဖာသာ၊ ဟုတ်လား" ဦးလေး ဗားနွံက သွားရည်တွေ ပျံ့နေအောင် ပြောတယ်။ "မင်းမှာ ဘာဂေါ့ဖာသာမှ မရှိဘူး"

"မဟုတ်ဘူး၊ ရှိတယ်" ဟယ်ရီက ပျော်ရွှင်စွာ ပြောတယ်။ "သူက ကျွန်တော့်အမေနဲ့ အဖေရဲ့ အကောင်းဆုံးမိတ်ဆွေ။ သူက လူသတ်မှုနဲ့ အပြစ်ချမှတ်ထားသူ။ ဒါပေမယ့် သူ မှော်ထောင်က ထွက်ပြေးသွားပြီ။ အခု ထွက်ပြေးနေတုန်းပဲ။ သူက ကျွန်တော်နဲ့ အမြဲ ဆက်သွယ်မှာ၊ .......... တစ်ဆင့် .......... ကျွန်တော့်အခြေအနေကို တစ်လျှောက်လုံး သိနေတယ် .......... ကျွန်တော် ပျော်လား၊ မပျော်ဘူးလားဆိုတာ ကြည့်နေတယ် ........"

ဟယ်ရီဟာ ဦးလေး ဗားနွံရဲ့ ကြောက်လန့်တဲ့ မျက်နှာကို ကြည့်ပြီး ပျော်ရွှင်စွာ ရယ်နေတယ်။ သူဟာ အထုပ်လှည်းကို တွန်းပြီး ဘူတာထွက်ပေါက်ဆီသွားတယ်။ ဟက်ဒဝစ်က ရှေ့ကနေ ပေါ့ပါးစွာ ပျံနေတယ်။ သူနဲ့အတူ မနှစ်ကထက် အများကြီးသာမယ့် နွေကျောင်းပိတ်ရက်ဘဝဆီ သွားကြတယ်။

ကြည်ကြည်မာ
၁၇.၁၂.၂၀၀